www.dhammaransi.com

# [illegible]

(ပထမတွဲ)

www.dhammaransi.com

အရှင်ဇနကာဘိဝံသ

၏

အညွှန်း ကျမ်းစာ

# ရူပသိဒ္ဓိဘာသာဋီကာ

ပဉ္စ ရူပသိဒ္ဓိကို နိဿယအစပ်ပါသင် စုံလင်စွာ တန်ဆာ
ဆင်ထားသဖြင့် ဆိုင်ရာ စာမေးပွဲများအတွက်
တာဝန်ယူပါ၍ ပုံနှိပ်မည်၊

ဆရာလုံး-နံပါတ်-၁၀၄-ပိရုံ-ဈျ-ချို

မန္တလေး

[illegible]

၁၃၁၇ ခု၊

[illegible]

www.dhammaransi.com



# နိဒါန်း အချီ

**ဂုရဝေါ သိဒ္ဓရူပါ မေ, သိဒ္ဓိပ္ပတ္တာ သာသနေ၊**
**နမိတွာ တေ ကရိဿာမိ, ဗျာချာနံ ရူပသိဒ္ဓိယာ။**

သိဒ္ဓိပ္ပတ္တာ – ပါရမီတော်စု, ပေါင်းကာပြည့်၍, သဗ္ဗညုဉာဏ်, ရောင်လျှံ ကဲမောက်, သိဒ္ဓိပေါက်တော်မူပြီးသော မြတ်ဘုရား၏ သာသနေ-ဂန္ဓဝိပဿနာ, သင့်ရာဝန်ထမ်း, ရဟန်းတို့သည်, နေသင့်ရာသည့်, သိက္ခာ ၃ရပ်, သာသနာတော်မြတ်၌၊ မေ ဂုရဝေါ-ငါ၏ စိတ်တွင်, ကျေးဇူးရှင်သူ, အစဉ်ထင်ရှား, ဆရာတော် ဘုရားတို့သည်၊ သိဒ္ဓရူပါ- ရွှင်ရွှင် ခွဲခွဲ, ကြိုးအားသွန်သဖြင့်, တာဝန်သီးသီး, ပြီးစီးသော သဘော ရှိကြပေကုန်၏၊ တေ– ထို မြတ်ဘုရားနှင့်, တရားသံဃာ, မြတ်ဆရာတို့ကို၊ [သိဒ္ဓိပတ္တ-အရ ဘုရားကို ယူသဖြင့် တရား သံဃာကိုလည်း အဝိနာဘာဝ နည်းဖြင့် ယူပြီး ဖြစ်သည်။] နမိတွာ – ကုမ်းပြီး လွယ်ကြောင်း, ဆုမွန်ကောင်းကို, တောင်းကာရည်မှန်း, ရှိခိုးဦးချ၍၊ ရူပသိဒ္ဓိယာ-ရူပသိဒ္ဓိ, မည်ရှိထင်ရှား, အများခေတ်သုံး, ဗျာကရုဏ်း၏၊ ဗျာချာနံ–နိဿယည်းအဓိပ္ပါယ်, ခပ်လွယ်လွယ်ဖြင့်, အကျယ်ဆိုရာ, ဘာသာဋီကာကို၊ ကရိဿာမိ – ဆရာသီးသီး, နည်းစုံမှီး၍, အပြီး တည်ထွင်, စီရင်ပေအံ့ သတည်း။

ရူပသိဒ္ဓိ ။ ။ ကစ္စည်းကျမ်းကို ဖွင့်ကြသော ဋီကာတို့တွင် ဤရူပသိဒ္ဓိ ကျမ်းသည် ယခုခေတ်၌ အများဆုံး အသုံးခံရသော ကျမ်းစာ ဖြစ်၏၊ များစွာသော ပုဒ်ပါဠိတို့၏ ရုပ်ဓာတ်အသီးအသီးကို ပြီးလွယ်စေနိုင်သောကြောင့် "ပဒရူပသိဒ္ဓိ"ဟူသော နာမည်နှင့် လိုက်လျောပေရကား ထိုသို့အများဆုံး အသုံးခံနိုင် လောက်သော ဂုဏ်နှင့်လည်း ပြည့်စုံပါပေသည်၊ မိမိကား ဤကျမ်းကို ၁၄ နှစ်သား အရွယ်ကပင် လေ့လာခဲ့၍ အထက်တန်း ပါဠိတော် အဋ္ဌကထာ များကို လေ့လာသည့်အခါ ဤကျမ်းစာနှင့် ဓာတွတ္ထသင်္ဂဟကို မကြာမကြာ ကြည့်ရှု၍ သဒ္ဒါဆိုင်ရာ ပုဒ်ပါဠိအတွက် အဖေါ်ပြုခဲ့ရသည့်ပြင် အကြိမ်ပေါင်း များစွာ ပို့ချအပ်ပြီးသော ကျမ်းစာလည်း ဖြစ်ပါသည်။

ကျမ်းပြုပုဂ္ဂိုလ် ။ ။ ဤ ရူပသိဒ္ဓိကျမ်းကို စီရင်သော ပုဂ္ဂိုလ်သည် နိဂုံး၌ လာသော "ဒီပင်္ကရာချဗ္ဗိမိလဝသုမတီ ဒီပလဒ္ဓပ္ပကာသော" စသည်ကို ထောက်၍ ဒမိဠ တောင်ပိုင်း ဇာတိ ဖြစ်သည်ဟုရင်း ဤကျမ်းကို ပြုခိုက်၌ကား သီဟိုဠ်ကျွန်း ဗာလာဒိစ္စကျောင်းတိုက် စူဠာမဏိကမ္မကျောင်းတိုက် ၂ ရပ်ကို အုပ်စိုးလျက် အရှင် "ဗုဒ္ဓပ္ပိယ"ဟု ထင်ရှားသော ကျမ်းတတ် ဆရာတော် တပါး ဖြစ်သည် ဟုရင်း ခန့်မှန်းနိုင်ပေသည်၊ သီဟိုဠ်ကျွန်း၌ ထင်ရှားသော အရှင်အာနန္ဒာ၏တပည့် ဟု ဆိုသဖြင့်လည်း အရှင်ဗုဒ္ဓပ္ပိယ၏ ဆရာသည် မူလဋီကာ ကျမ်းပြုဆရာ အရှင်အာနန္ဒာ ဖြစ်တန်ရာ၏၊ ထို အရှင်အာနန္ဒာကား အရှင် မဟာဗုဒ္ဓဃောသ၏ နောက် အလွန်မကြာသော ကာလ၌ ထင်ရှားသော ဆရာတော် ဖြစ်ပေသည့်၊ သို့ဖြင့်လျှင် အရှင် ဗုဒ္ဓပ္ပိယလည်း သာသနာသက္ကရာဇ် ၉၀၀ ကျော်ကျော် ကပင် ကျမ်းပြုပုဂ္ဂိုလ်အများ ထင်ရှားသော ကာလ၌ ဖြစ်ပေါ်သော ဆရာတော်တပါးဟု မှန်းဆဘွယ် ရှိသည်။

www.dhammaransi.com



# အချို့နိဒါန်း

**ဘာသာဋီကာ ။** ။ မည်သည့် ကာလ မည်သည့် ပုဂ္ဂိုလ် ဗီရင်သည်ဖြစ်စေ ယခုခေတ်၌ ထင်ရှားနေသော ကျမ်းစာတစောင်ကို ယခုခေတ်ပုဂ္ဂိုလ်တို့ လက်ခံနိုင်လောက်သော အဖွင့်ဗျာချာ ဘာသာဋီကာဖြင့် တန်ဆာဆင်ပေးဘို့ တခန်မှာ မိမိဘာဝန်လည်း ဖြစ်ခဲ့ရကား သိုရူပသိဒ္ဓိကျမ်းစာကို နိဿယအဓိပ္ပါယ် စုံလင်စွာတန်ဆာဆင်၍ "ရူပသိဒ္ဓိ ဘာသာဋီကာ" ဟူသော အမည်ဖြင့် ဖွင့်ပြခဲ့ပအံ့။

**ရေးသားပုံ အစီအစဉ် ။** ။ ယခုကာလ၌ ပါဠိ တချက် မြန်မာ တချက် တွဲဘက်ထားသည်ကို "နိဿယ" ဟု ခေါ်ဆိုကြ၏၊ သို့သော် "နိဿယ" ဟူသည်မှာ ဆိုင်ရာကျမ်း၏ အနက်အဓိပ္ပါယ်ကို နားလည်လောက်ရုံ အမှီပြုရသောကျမ်းစာမျိုးသာဖြစ်သိုက်၏၊ ထို့ကြောင့် ဤဘာသာဋီကာဝယ် နိဿယအခန်း၌ သုတ်အနက်ကို လုံးဝ ပြလိမ့်မည် မဟုတ်၊ ထိုသုတ်နက်ကို အခြေပြုသဒ္ဒါ၌ ပြထားပြီး ဖြစ်၏၊ ဝုတ္တိ၌လည်း လွယ်ကူသော ပုဒ်များ-ကစ္စည်းဝုတ္တိနှင့် ထပ်တူကျသော ပုဒ်များကို အနက်မပေးဘဲ ချန်လှပ်၍ ကစ္စည်းနိဿယ၏ တာဝန် ဟု သဘောထားရတော့မည်၊ အဓိပ္ပါယ်ခန်း၌ ရူပသိဒ္ဓိနှင့် တိုက်ရိုက်သက်ဆိုင်သော အဓိပ္ပါယ်များကို ထင်ရှားအောင်ဖွင့်ပြ၍ ဗဟုသုတအဖြစ်ဖြင့် မှတ်သားရမည့် အချို့အဓိပ္ပါယ်များနှင့် ကစ္စည်းကျမ်း၌ တိုက်ရိုက်ပါဝင်သော အဓိပ္ပါယ်များကိုမူ ကစ္စည်းဘာသာဋီကာ၏ တာဝန် ဟု သဘောထား၍ ရှောင်ရှား သွားရပေလိမ့်မည်၊ ဤသို့လျှင် ကျယ်ဝန်းစွာသော ရူပသိဒ္ဓိကို နိဿယ အဓိပ္ပါယ် စုံအောင် ခင်း၍ ကျမ်းရင်းစာသား၏ အဓိပ္ပါယ်များ မကြွင်းစေဘဲ ကျဉ်းကျဉ်းနှင့် ပြီးစီးအောင် ကြိုးလေးစွာ သတိဆောင်၍ စီစဉ်ထားပါသည်။ [ ဤရူပသိဒ္ဓိ ဘာသာဋီကာ မရိုက်ရသေးမီပင် ကစ္စည်းဘာသာဋီကာကို စီစဉ်ပြီးပါပြီ။ ]

**ရူပသိဒ္ဓိလေ့လာသင့်သူ ။** ။ ဤရူပသိဒ္ဓိကို ပို့ချမည်ဟု ကြံလျှင် တပည့်ဖြစ်သူမှာ ရှေးဦးစွာ သုတ်စဉ် သုတ်နက် သုတ်၏အဓိပ္ပါယ် တသုတ်လျှင် တရုပ်တွက်နှင့် နာမ်ဂိုဏ်း အာချာတ် ဂိုဏ်းများကို နှုတ်တက်ရပြီးသူ ဖြစ်အောင် ကြိုးစား စေသင့်သေး၏၊ ရှင်းပြပါဦးအံ့။

ရူပသိဒ္ဓိ၌ လိုက်ပုဒ်များကို ပြထား၏၊ သုတ်စဉ် မရသေးလျှင် မည်သည့် သုတ်မှ မည်သည့်ပုဒ် လိုက်လာသည် ဟု မသိ, တမင်သာ ပြောရလျှင်လည်း အချိန် ကျန့်ကြာသလောက် အဓိပ္ပါယ်အသားမပေါ်၊ ထို့ကြောင့် အလိုသိုနားလည်ပြီးဖြစ်အောင် သုတ်စဉ်ကို ရစေရမည်။

ထို့ပြင်—သုတ်နက်လောက်မျှ မရသေးလျှင် သုတ်–သုတ်အဖွင့် (ဝုတ္တိ) ကို အနက်ချပေးနေရသဖြင့် အချိန်ကြာသလောက် ခရီးမရောက်၊ သုတ်နက် ရပြီးလျှင်ကား ထိုအားလုံးကို အနက်မချရတော့သဖြင့် အချိန်ကုန်သက်သာသည်။

သုတ်အဓိပ္ပါယ်မျှ သိပြီးသူမှာလည်း အဓိပ္ပါယ် မခက်ခဲ၌ အထူး မပြောရတော့ဘဲ ဘာပည့်ရော ဆရာပါ လွန်စွာ သက်သာ၍ လျင်မြန်စွာ ပေါက်ရောက်ပါလိမ့်မည်။

www.dhammaransi.com



တသုတ်လျှင် တချီကျပြီးနေသူကား ရှပသိဒ္ဓိ၌ ကျယ်ဝန်းစွာပြထားသော ရှာမျှားကို နည်းပြရုံမျှဖြင့် အကုန်ပြီးနိုင်ပါလိမ့်မည်။

နာမ်ဂိုဏ်း အာချာတ်ဂိုဏ်း များကို ရခဲ့သူမှာ ကျယ်ဝန်းစွာသော နာမ် အာချာတ် ၂ ခဏ်းကို လျင်မြန်စွာလွန်မြောက်၍ ရှပသိဒ္ဓိတကျမ်းလုံးကို လ အနည်းငယ်ဖြင့် ပေါက်နိုင်ပါသည်။.... ထို့ကြောင့် သုတ်စဉ် စသည်ကို မရသေးသူအား ရှပသိဒ္ဓိကို ချပါလျှင် "ဗိုးသားကုန် မောင်ပုံ စောင်းမတတ်" ဖြစ်လိမ့်မည်ကို ကြိုတင်၍ သတိပြုပါကုန်။

ဤဋီကာ၏ မှီရာ။ ။ဤရှပသိဒ္ဓိကို ၁၄ နှစ်သားက တက်ခဲ့၍ အကြိမ်များစွာ ပို့ချပြီး ဖြစ်သော်လည်း ကျမ်းစာတစောင်ဖြစ်အောင် ဖွင့်ပြရာ၌ကား တာဝန် မခံရဲလှသေးပါ၊ ချာသကိုင်ရင်း ပါဠိခေတ် အဋ္ဌကထာ ဋီကာများကိုင်း မုဂ္ဂလာန — ကာသဝ (ကာတန္တ)၊ ဟူသော သက္ကတသဒ္ဒါများနှင့် သောမနိမိ အဘိဓါန်ကိုင်း အထူးအားဖြင့် မောဂ္ဂလ္လာန် စာကိုယ်နှင့် နိဿယသစ်ကိုင်း များစွာကြည့်ရှုမှီငြမ်းပြု၍ ရေးသားရပါသည်၊ သက္ကတကို မလေ့လာရသေးလျှင်ရင်း မောဂ္ဂလ္လာန်နိဿယသစ် မထွက်ပေါ် သေးလျှင်ရင်း ပါဠိ ဗဟုသုတ မျှဖြင့် ဤရှပသိဒ္ဓိကို မဖွင့်ဝံ့ပါ၊ ထို့ကြောင့်ပင် ပါဠိ ဗဟုသုတဖြင့် ဖြစ်နိုင်လောက်သော သဒ္ဒါ ဘာသာဋီကာ စသည်ကို ဥးစွာ ရေးသား၍ ယခုအချိန်ကျမှ ဤသဒ္ဒါဆိုင်ရာ ဘာသာဋီကာကို ရေးသားရခြင်းဖြစ်ပါသည်၊ ဤသို့ သာသနာဝင်ကျမ်းစာ တစောင် ဖြစ်အောင် အထူးဂရုစိုက်ကာ စီစဉ်ထားပါသော်လည်း မိမိညာဏ်၏ မနှံ့စပ်မှု သတိကင်းမှုများကြောင့် ချို့ယွင်းချက်များ မကင်းတန်ရာသေးပါ၊ ထို ချို့ယွင်းချက်များ ကိုကား ပညာရှိတို့ ပြင်ဆင်၍ ရှုစားကြပါကုန်။

ယဒိ ဥတ္တံ အယုတ္တေတ္ထ, ပမာဒေန ဘမေန ဝါ၊
ဝစော မယာ ဒယာဝန္တော, သန္တော သံသောဓယန္တု တံ။

တွေ့—ဤဘာသာဋီကာ, အမည်သာသည့်, မှီရာသိပ်သည်း, နိဿယည်း၌၊ ပမာဒေန— သတိကင်းပေါ့, မေ့လျော့ခြင်းကြောင့်သော်ရင်း၊ ဘမေန ဝါ- စိတ်စက်ချော်ချား, လွှင့်ပါး ခြင်းကြောင့်သော်ရင်း၊ အယုတ္တံ — ဖေါက်ပြန်ချို့ယွင်း, ယုတ္တိကင်းသော၊ ယံ ဝစော — အကြင်စကားကို၊ မယာ—ငါသည်၊ ယဒိ ဥတ္တံ — အကယ်ရေးသား, ဆိုမှားအပ်မိအံ့၊ တံ ဝစော-ထိုသို့မှားလတ်, စကားရပ်ကို၊ ဒယာဝန္တော-ကရုဏာမှု, မေတ္တာပြု၍, ရှုလေ့ရှုထ, ရှိတော်မူကြကုန်သော၊ သန္တော—အဘိဇ္ဈာကင်း, ငြိမ်းသာရှင်း၍, ဝမ်းတွင်းစိတ်ကောင်း သူတော်အပေါင်းတို့သည်၊ သံသောဓယန္တု—မိမိစီရင်, ကျမ်းအသွင်သို့, ပြင်ဆင်ပြု ကာ ရှုနိုင်ကြပါစေသတည်း။

၁၃၀၅-ခု၊
ပြာသိုလ

အရှင် ဇနကာဘိဝံသ

www.dhammaransi.com

# ရူပသိဒ္ဓိ ဘာသာဋီကာ

ဂန္ထာရမ္ဘ = ကျမ်းဂန်စတည်ခြင်း။

(က) အဟံ - ငါသည်၊ ဝိသုဒ္ဓသဒ္ဓမ္မ သဟာဿဒီဓိတိံ - အထူးသဖြင့် စင်ကြယ်သော ပရိယတ္တိ သဒ္ဓမ္မတည်း ဟူသော အထောင် မကသော ရောင်ခြည်ရှိ်းတော်မူထသော၊ သုဗုဒ္ဓသမ္ဗောဓိယုဂန္ဓရောဒိတံ-ကောင်းစွာ သိအပ် ရအပ်သော သဗ္ဗညုတဉာဏ် တည်းဟူသော ယုဂန္ဓိုရ်တောင် ထက်၌ ပေါ်ထွက်တော်မူလာပေထသော၊ တိဗုဒ္ဓခေတ္တေက ဒိဝါကရံ- သုံးပါးသောဗုဒ္ဓခေတ်၌ တဆူထည်းသော နေမင်းဖြစ်တော်မူပေထသော၊ သမ္ဗုဒ္ဓသံဃံ-တရားသံဃာနှင့်တကွဖြစ်တော်မူသော၊ဇိနံ-မြတ်စွာဘုရားကို၊ သိရသာ-ဦးခေါင်းဖြင့်၊ အဘိဝန္ဒိယ - အထူးအားဖြင့် ရှိခိုးပြီး၍ငင်း၊

**အနုသန္ဓေ** ။ ။ ကျမ်းဦးအစ၌ ပဏာမမင်္ဂလာ ရှေးသွားရှိသော သညာစသည်ကို ပြုတော်မူလိုသော အရှင်ဗုဒ္ဓပ္ပိယ ဆရာတော်သည် "ဝိသုဒ္ဓ သဒ္ဓမ္မ သဟဿဒီဓိတိံ" အစရှိသော ဂါထာနှစ်ရပ်ကို မိန့်တော်မူအပ်၏၊ ၎င်းတို့၏ အဓိပ္ပါယ်ကား — " ဝိသုဒ္ဓ သဒ္ဓမ္မ သဟဿဒီဓိတိံ—စသော ဂုဏ်နှင့် ပြည့်စုံတော်မူသော တရားသံဃာနှင့် တကွ ဖြစ်သော ဘုရားရှင်ကို၎င်း အရှင်ကစ္စည်းထေရ်ကို၎င်း ရှိခို ပြီး၍ ပဒရူပသိဒ္ဓိကျမ်းကို စီရင်ပေအံ့ " ဟူလို၊ ဤဂါထာ၌ "ဇိနံ အဘိဝန္ဒိယ—ဘုရားကို ရှိခိုးပြီး၍" စသော ၂ ပုဒ် ၃ ပုဒ် ပေါင်း၍ သိအပ်သော သမုဒါယတ္ထ ( အပေါင်းအနက် ), တပုဒ်စီ ခွဲ၍ သိအပ်သော အဝယဝတ္ထ (အစိတ်အစိတ်အနက်) ဟု အနက် ၂ မျိုးရှိရာ ပါဠိဋီကာတို့၌ သမုဒါယတ္ထကို ရှေးဦးစွာ ဖွင့်လေ့ ရှိသော်လည်း မြန်မာလူမျိုးတို့ အတွက်မှာ တပုဒ် တပုဒ်၏ အနက်ကို သိဘို့က သာ၍ အရေးကြီးသောကြောင့် ဤဘာသာဋီကာ၌ အဝယဝတ္ထကိုသာ ရှေးဦးစွာ ဖွင့်ပြပေအံ့၊ [ ဤအဝယဝတ္ထ၌ ဝိဂ္ဂြိုဟ်နက်ခေါ် သဒ္ဒါနက်နှင့် အဓိပ္ပါယ်နက်များ ပါဝင်သည်၊ ယခုကာလ နိဿယနက်များလည်း အဝယဝတ္ထချည်းသာ၊ သညာနိမိတ်စသော အနက်များကား သမုဒါယတ္ထတည်း။]

**အလင်္ကာရဂုဏ်** ။ ။ "ဝိသုဒ္ဓသဒ္ဓမ္မ" စသော ဤဂါထာသည် အလင်္ကာရဂုဏ် တော်တော်စုံအောင် ဖွဲ့စီထားသော ဂါထာဖြစ်၏၊ အလင်္ကာရ ကျမ်းအလို အားဖြင့်

www.dhammaransi.com



(ခ) ကစ္စာယနံ - ကစ္စာယန မည်တော်မူသော၊ အာစရိယံစ - ဆရာကိုလည်း၊ နမိတွာ-ရှိခိုးပြီး၍၄င်း၊ ကစ္စာယန ဝဏ္ဏနာဒိံ - ကစ္စည်းကျမ်း, ကစ္စည်းကျမ်း၏ အဖွင့်ဖြစ်သော ဉာသအစရှိသောကျမ်းကို၊ နိဿာယ-မှီ၍၊ ဗာလပ္ပဗောဓနတ္ထံ - စာသင်ငယ်တို့ သိလွယ်ဘို့ အကျိုး၄ါ၊ ဥဇုံ-

သမာသ်ပုဒ်ရှည်လျား များပြားစွာ ပါလျှင် ဩဇာဂုဏ် ရှိ၏၊ ထို့ကြောင့် ဤဂါထာ၌ သမာသ်ပုဒ်များစွာ ပါဝင်အောင် စီထား၏၊ ဥပမာပြု၍ ပြရာဝယ် ဥဇာခါနှင့် ဥပမေယျကို မခွဲခြားဘဲ တသားထည်း ထင်ရလောက်အောင် ရုပ်ပုံသဏ္ဍာန် အတုလုပ်၍ ဖြခြင်းကို ရူပကအလင်္ကာ ဟု ခေါ်၏၊ ဤဂါထာ၌လည်း ဘုရားရှင် စသည်ကို နေမင်းပုံသဏ္ဍာန် စသည်ဖြင့် ပြထားသည်၊ ထင်ရှားစေအံ့ — ဘုရားရှင်သည် နေမင်းနှင့် တူ၏, ပရိယတ္တိတရားတော်ကား နေရောင်နှင့်တူ၏, သဗ္ဗညုတဉာဏ်တော်မှာယုဂန္ဓိုရ်တောင်နှင့် တူ၏၊ ဗုဒ္ဓခေတ် သုံးပါးကား " ၃ ကျွန်းလင်းခိုက်, တကျွန်းမိုက် " နှင့် အညီ နေရောင်လင်းရာ ၃ ကျွန်းနှင့် တူပေသည်၊ ဤသို့ ဥပမာန ဥပမေယျ ခွဲခြား၍ ရကောင်းပါသော်လည်း မခွဲခြားဘဲ ဘုရားရှင်ကို နေမင်း, တရားတော်ကိုနေရောင်, သဗ္ဗညုတဉာဏ်တော်ကို ယုဂန္ဓိုရ်တောင်, ဗုဒ္ဓခေတ် ၃ ပါးကို ၃ ကျွန်း ဟု ရုပ်ပုံပြု၍ ပြထားပေသည်။

**ဝိသုဒ္ဓသဒ္ဓမ္မသဟဿဒီဓိတိံ** — သဟဿသဒ္ဒါသည် ဤနေရာ၌ တထောင်တိတိကို မဟော, တထောင်မက (အများ) ဟူသော အနက်ကို ဟောသော အနေကသင်္ချာတည်း၊ ဒီဓိတိသဒ္ဒါလည်း " အရောင် " အနက်ဟောတည်း၊ နေဟော ပရိယာယ်တွင် ပါသော "သဟဿရံသိ"နှင့် "သဟဿဒီဓိတိ " မှာ သဘောတူပင်၊ ဘုရားရှင်၏ ပရိယတ်တရားတော်များသည် ကိလေသာ အညစ်အကြေး ကင်းသဖြင့် အထူး သန့်ရှင်းရကား ဝိသုဒ္ဓဂုဏ်ရှိ၏၊ ကေဝဋ္ဋနည်း-နာနတ္တနည်း စသော, နီတတ္ထနည်း- နေယျတ္ထနည်း စသော နည်းအမျိုးမျိုးဖြင့် ဆန်းကျယ်များပြားသောကြောင့် အထောင်မက များလည်းများ၏၊ အဝိဇ္ဇာမှောင်ကို ပယ်ဖျောက်နိုင်သောကြောင့် အရောင်နှင့်လည်း တူ၏၊ ထို့ကြောင့် ဘုရားတည်းဟူသော နေမင်းကို"ဝိသုဒ္ဓသဒ္ဓမ္မသဟဿဒီဓိတိ"ဟု ချီးကျူးတော်မူပေသည်။

**သုဗုဒ္ဓသမ္ဗောဓိယုဂန္ဓရောဒိတံ**— [ " ယုဂန္ဓရ+ဥဒိတံ"–ထွက်ပေါ်လာသည်။]| သမ္ဗောဓိအရ အရဟတ္တ မဂ်ဉာဏ်ကို ကောက်သောနည်း , သဗ္ဗညုတ ဉာဏ်တော်ကို ကောက်သောနည်းဟု ပါဠိဋီကာ၌ နှစ်နည်းရှိ၏၊ ဤ၌ သဗ္ဗညုတဉာဏ်ကိုသာ ပြတော့မည်၊ အရဟတ္တမဂ်ဉာဏ် ရသည်နှင့် တပြိုင်နက် သဗ္ဗညုတဉာဏ်ကိုလည်း ရပြီး ပိုင်ပြီးဖြစ်သောကြောင့် "သုဗုဒ္ဓ–ကောင်းစွာ သိအပ် ရအပ်" ဟု အနက်ပေးသည်၊ ထို သဗ္ဗညုတဉာဏ်သည်ပင် အခြားဉာဏ်တို့ထက် ထူးကဲ သာလွန်ရကား တောင်စဉ် ၇ ထပ်တွင် အမြင့်ဆုံး ယုဂန္ဓိုရ်တောင်အလား မားမားစွင့်စွင့်မြင့်သကဲ့သို့ ရှိပေ၏၊ ထိုသဗ္ဗညုတဉာဏ်ယုဂန္ဓိုရ်တောင်ထိပ်သို့ ရောက်သည့်အခါ ကမ္ဘာလောက၌ သဗ္ဗညုဗုဒ္ဓအဖြစ်ဖြင့် နေမင်းနှင့်တူစွာ ပေါ်ထွက်တော် မူလာ၏၊ ထို့ကြောင့်"သုဗုဒ္ဓသမ္ဗောဓိ ယုဂန္ဓရောဒိတံ"ဟု ချီးကျူးရပြန်ပေသည်။

www.dhammaransi.com



ဖြောင့်မတ်သော၊ (ဝါ-မူလသုတ်စဉ်၊ တမျိုးပြင်၍၊ ရုပ်မြင်စရာ၊ သုတ်စဉ်ပြသဖြင့်၊ ဖြောင့်မတ်မှန်ကန်စွာသော၊)ဗျဉ္ဇနဲ့-ထင်ရှားပေါ်လွင်သော၊ (ဝါ-ရုပ်တည်၍ထား၊ ပြီးပုံများဖြင့်၊ ထင်ရှားပေါ်လွင်သော ) သုဘဏ္ဍ-ကောင်းသော အခဏ်းရှိသော၊ ( ဝါ-သန္ဓိ-လိင်၊ စသည်ဆူဆူ ၊ တူရာပေါင်းစပ်၊ ကောင်းမြတ်သော အခဏ်းရှိသော၊)ပဒရူပသိဒ္ဓိံ-ပဒရူပသိဒ္ဓိ မည်သော ကျမ်းကို၊ (ဝါ-နာမ်အာချာတ်၊ နိပါတ် ဥပသာ၊ ၄ ဖြာသော ပုဒ်ကြီးတို့၏ ရုပ်ပြီးရာ ပြီးကြောင်း၏ အဖြစ်ကြောင့် ပဒရူပသိဒ္ဓိ မည်သော ကျမ်းကို၊ ) ကရိဿံ-ပြုပေအံ့။ [ ဤ “ ကရိဿံ ” ကြိယာကို ကြည့်၍ “ အဟံ ” ဟု ထည့်ခဲ့သည်။ ]

**တိဗုဒ္ဓခေတ္တေကဒီပါကရံ** — တိ+ဗုဒ္ဓခေတ္တ=၃ ပါး+ဗုဒ္ဓခေတ်၊ (ဇာတိခေတ်-အာဏာခေတ် - ဝိသယခေတ် ၃ ပါးကို ဆိုလိုသည်၊ ) ဧကဒီပါကရ-တဆူထည်းသော နေမင်း၊ ဤ တောင်ကျွန်း၌ မွန်းတိချိန်ဝယ် အရှေ့ကျွန်း၌ ညနေပိုင်းအချိန် အနောက်ကျွန်း၌ နံနက်ချိန် ဖြစ်သောကြောင့် ပကတိ နေရောင်သည် ၃ ကျွန်းသုံး၌ တပြိုင်နက် ထွန်းလင်းစေနိုင်သကဲ့သို့ ဗုဒ္ဓနေမင်း၏ တံခိုးအာဏာ ဉာဏ်တော်အရှိန်အဝါလည်း ခေတ် ၃ ဖြာ၌ တပြိုင်နက် ပျံ့နှံ့နိုင်သည်၊ ဘုရားအလောင်း ဘွားတော်မူလျှင်ပင် ဇာတိခေတ်ခေါ် စကြာဝဠာတသောင်း တုန်လှုပ်ရခြင်းဖြင့် ဇာတိခေတ်၌ တံခိုးတော်ပျံ့နှံ့ပုံ၊ ရတနသုတ် စသော အမိန့် အာဏာတော်၏ စကြာဝဠာ ကုဋေတသိန်း ဟူသော အာဏာခေတ်၌ ပျံ့နှံ့တော်မူပုံ ၊ သဗ္ဗညုတဉာဏ်တော်၏ အနန္တ စကြာဝဠာ ဟူသော ဝိသယခေတ် ( အာရုံပြုနိုင်ရာနယ် ) ပျံ့နှံ့နိုင်ပုံများဖြင့် ခေတ် ၃ ပါးလုံး၌ ပျံ့နှံ့နိုင်ပုံကို သိလေ၊ ထို့ကြောင့် “တိဗုဒ္ဓခေတ္တေကဒီပါကရံ” ဟု ချီးကျူးတော်မူပြန်သည်။ [ “တိဗုဒ္ဓခေတ္တ-၌၊ ဧကဒီပါကရံ-သော” ဟု ၂ ပုဒ် ခွဲနိုင်သော်လည်း သမာသ်ပုဒ် ရှည်လျားမှ ဩဇာဂုဏ် ရသောကြောင့် တသမာသ်ထည်း ပေးလိုက်သည်။ ]

**ဇိနံ သဓမ္မသံဃံ** — [ဇိနံ အရမာရ်ငါးပါးအောင်ပုံကို ကစ္စည်းဒီကာ-ဇိနဝစနယုတ္တံဟိ သုတ်အဖွင့်၌ ပြထားသည်၊ သ=တကွ+ဓမ္မသံဃ=တရားသံဃာ ] “ တရားသံဃာနှင့် တကွဖြစ်သော ဘုရားကို ရှိခိုးပြီး၍ ” ဟု ဆိုသဖြင့် “ ကျမ်းဆရာသည် တရားနှင့် သံဃာကိုလည်း ရှိခိုး၏ ” ဟု သိသာပြီ၊ [ “အဘိဝန္ဒိယ-ရှိခိုးပြီး၍” ဟု အတိတ်ရှိခိုးမှုကို ပြသဖြင့် ပစ္စုပ္ပန် ရှိခိုးဆဲကိုလည်း မှန်းဆ၍ သိနိုင်ကြောင်း - “အဘိဝန္ဒာမိ-ရှိခိုး ၏ ” ဟု ပစ္စုပ္ပန် ရှိခိုးဆဲ ကြိယာကို ထည့်လိုက ထည့်နိုင်ကြောင်းကို သဂြိုဟ်ဘာသာဋီကာ၌ ပဏာမဂါထာ အဖွင့်၌ ပြခဲ့ပြီ။ ]

**ကစ္စာယနဉ္စာစရိယံ နမိတွာ** — ဤ ရူပသိဒ္ဓိကျမ်းသည် ကစ္စည်းကျမ်း (သဒ္ဒါကြီး) ကို မှီ၍ စီရင်အပ်သော ကျမ်းဖြစ်၏၊ ထို့ကြောင့် မိမိမှီရာကစ္စည်းကျမ်းကို ပြုစီရင်သော အရှင်ကစ္စည်း ဆရာတော်ကိုလည်း ရှိခိုးလိုသေးကြောင့် “ ကစ္စာယနဉ္စ စရိယံ နမိတွာ ” ဟု မိန့်တော်မူသည်၊ ဤ၌ “နမိတွာ” ဟု လာပြန်သောကြောင့် “အဘိဝန္ဒိယ-ရှိခိုးပြီး၍ငင်း” ဟု

www.dhammaransi.com



သမုစ္စည်းအနက် "ငှင်း" ဟု ထည့်စွက်ခဲ့သည်၊ ဤ"ကစ္စာယနာစရိယံ"အရ ပါဠိဋီကာ၌ "ဘုရားလက်ထက်တော်က တေဒဂ်ရ မဟာသာဝကတွင် အပါအဝင် ဖြစ်သော အရှင်မဟာကစ္စည်းထေရ်" ဟု ဖွင့်ပြထား၏၊ သို့သော် ဤကျမ်းက မဟာသာဝက အရှင်မဟာကစ္စည်း မဟုတ်နိုင်ကြောင်း နာမည်တူ အခြား ကစ္စာယနထေရ်သာ ဖြစ်ထိုက်ကြောင်းကို ကစ္စည်းဘာသာဋီကာ နိဒါန်း၌ ပြထားသည်။]

**နိဿာယ ကစ္စာယနဝဏ္ဏနာဒိံ**—ကစ္စာယန=ကစ္စည်းကျမ်း+ဝဏ္ဏနာ=ကစ္စည်းကျမ်း၏ အဖွင့်ဖြစ်သော ချာသကျမ်း၊ အာဒိဖြင့် သန္ဓိနိရုတ္တိကျမ်း စသည်ကို ယူရမည် ဟု ဆိုကြ၏၊ ထိုကျမ်းကား ယခုအခါ မတွေ့အပ်တော့ချေ၊ ဤ "နိဿာယ ကစ္စာယန ဝဏ္ဏနာဒိံ"ပါဌ်ဖြင့် ရူပသိဒ္ဓိကျမ်း၏ မှီရာနိဿယကိုငှင်း၊ အတ္တနောမတိဖြင့် မိမိထင်ရာကို စီစဉ်မည် မဟုတ်, ရှေးပညာရှိတို့၏ ကျမ်းဟောင်းများကို နည်းမှီး၍ စီစဉ်မည် ဖြစ်ကြောင်းကိုငှင်း ပြ၏၊ ထိုကဲ့သို့ ပြသဖြင့် မိမိပညာရှိကြီး ဖြစ်ကြောင်း, မိမိဉာဏ်ဖြင့် ကျမ်းဂန်စီရင်နိုင်ကြောင်း စသည်ဖြင့် ဝါကြွားမှု , ကိုယ့်ကိုယ်ကို မြှောက်ပင့်မှု ဟူသော အတ္တုက္ကံသနအပြစ်ဒေါသကို ကင်းပစေသည်။

**ဗာလပ္ပဗောဓနတ္ထံ**—ဗာလသဒ္ဒါသည် ဤနေရာ၌ ငယ်ရွယ်သူကို ဟော၏၊ "ငယ်ရွယ်" ဟူရာ၌လည်း သဒ္ဒအရာဝယ် အသိဉာဏ် မကြီးကျယ်သေးလျှင် "အငယ်" ပင်တည်း၊ ထိုငယ်ရွယ်သူများ၏ တတ်သိလွယ်ဘို့ရာ ရူပသိဒ္ဓိကျမ်းကို ပြုမည်—ဟူလို။

**ဥဇုံ**— ကစ္စည်းသုတ်များ စဉ်ပုံသည် ရုပ်ပြီးလွယ်ဘို့ကို ပဓာနထား၍ စဉ်ခြင်း မဟုတ်၊ တသုတ်နှင့် တသုယ် လိုက်သင့်သောပုဒ်များ လိုက်၍ လွယ်အောင် စဉ်ထားခြင်း ဖြစ်၏၊ ဤ ရူပသိဒ္ဓိ၌ကား ထို အစဉ်အတိုင်း မဟုတ်ဘဲ ရုပ်ပြီးလွယ်အောင် သုတ်များကို တမျိုးပြင်၍ စဉ်ထားသည်၊ ဥပမာ—"လောကဂ္ဂ ပုဂ္ဂလော" ရုပ်ပြီးအောင် "၁-ပုဗ္ဗမဓောဋ္ဌိတ, ၂-သရာ သရေ လောပံ, ၃-နယေ ပရံ ယုတ္တေ" ဟု သုတ်များကို တမျိုးစဉ်ထားခြင်းတည်း၊ ဤသို့ ရုပ်မြင်လွယ်အောင် သုတ်တွေကို တမျိုးစဉ်ထားခြင်းကြောင့် "ဥဇု-ဖြောင့်မတ်သော ကျမ်းဖြစ်သည်" ဟူလို။

**ဗျတ္တံ သုကဏ္ဍံ**—"လောက+အဂ္ဂပုဂ္ဂလော"ဟု ရှေးဦးစွာ ရုပ်တည်ပြ၏၊ ထို့နောက် ဆိုင်ရာသုတ်များကို စဉ်ပြပြီးလျှင် "လောကဂ္ဂ ပုဂ္ဂလော" ဟု ရုပ်ပြီးပုံကိုပြ၏၊ ထိုသို့ ပြထားသဖြင့် ငယ်ရွယ်သူများပင် နားလည်လောက်အောင် ( ရုပ်တွက်တတ်လောက်အောင် ) "ဗျတ္တ=ထင်ရှားပေါ်လွင်သော ကျမ်း" ဖြစ်သည်၊ ထို့ပြင်-သန္ဓိတခဏ်း, လိင်(နာမ်) တခဏ်း=ကာရက တခဏ်း စသည်ဖြင့်ငှင်း, ထို အခဏ်းကြီးများတွင်လည်း သညာခဏ်း သရသန္ဓိခဏ်း ပဋိသေဓ သန္ဓိခဏ်း စသည်ဖြင့်ငှင်း , သဘောတူရာ စကားရပ်များကို ပေါင်းစပ်ပြထားခြင်းကြောင့် "သုကဏ္ဍ = ကောင်းသော အပိုင်းအခဏ်း ရှိသောကျမ်းလည်း"ဖြစ်သည်။

**ကျမ်းပြုပုံ အစီအစဉ်** ။ ။ ဤ ဥဇုံ ဗျတ္တံ သုကဏ္ဍံ ပုဒ်တို့ကား "ကရဏပ္ပကာရ" ဟု ခေါ်သော ကျမ်းပြုပုံ အပြားကို ( ကျမ်းပြုပုံ အစီအစဉ်ကို ) ပြသော ပုဒ်တို့တည်း၊ [ကရဏ=ကျမ်းပြုပုံ၏+ပကာရ=အပြား၊]ထို့ကြောင့် ဥဇုံစသည်ကို "ဖြောင့်မတ်သော" ဟု ဝိသေသန အနက် မပေးဘဲ "ဥဇုံ - ဖြောင့်မတ်အောင်ငှင်း, ဗျတ္တံ-ထင်ရှား ပေါ်လွင်

www.dhammaransi.com



အောင်ငင်း, သုကတ္တာ – ကောင်းသော အခါဏ်းရှိအောင် ငင်း" ဟု ကြိယာ ဝိသေသန အနက်ပေး၍ ကရိယံ့၌လည်း စပ်နိုင်၏၊ ရူပသိဒ္ဓိကျမ်းကို စီစဉ်ရာ၀ယ် ဖြောင့်မတ်အောင် ထင်ရှားအောင် ကောင်းသောအခါဏ်းရှိအောင် စီစဉ်မည်-ဟူလို။

**ပဒရူပသိဒ္ဓိံ**။ ။[ရူပ=ရုပ်+သိဒ္ဓိ=ပြီးစီးရာ ပြီးစီးကြောင်း ကျမ်း။] စာအုပ်တို့၌ တွေ့မြင်ရသော "လောကဂ္ဂ ပုဂ္ဂလော" စသော ပြယုဂ်တို့သည် နူတ်ဖြင့် ရွတ်အပ်သော အစစ် သဒ္ဒါသံ၏ အတု အရုပ်များသာ ဖြစ်ကြ၏၊ "ပုရိသော" စသည်ဖြင့် ရေးသား အပ်သော အက္ခရာ များလည်း အရုပ်များပင်တည်း၊ ထို အရုပ်ဖြစ်သော ပြယုဂ်များကို ဝိဘတျန္တ(ဝိဘတ်ဆုံးသော)ပုဒ်အဖြစ်ဖြင့် ပြီးစီးအောင် ပြထားသော ကျမ်းဖြစ်၍ "ရူပ+ သိဒ္ဓိ"ဟု ခေါ်၏၊ "ရူပ-အရုပ်"ဟူသည့်ကိုပင် ယခုကာလ၌ "ရုပ်"ဟု ခေါ်ကြ၏၊ ထိုသို့ အရုပ် ပြီးအောင် စီရင်ပြရမည့် အရာကား နာမ်-အာချာတ်-ဥပသာရ-နိပါတ်အားဖြင့် ပုဒ် လေးပါးပင်တည်း၊ ထို့ကြောင့်"ပဒ"ဟု ထည့်ရပြန်သည်၊ ဆက်ဦးအံ့–ဥပသာရနှင့် နိပါတ်ကို သိကြပြီ၊ အာချာတ်ကား အာချာတ်ကျမ်း၌လာ ဂစ္ဆတိ စသည် တို့တည်း၊ ထို ဥပသာရ နိပါတ်နှင့် အာချာတ်တို့မှ ကြွင်းသမျှအားလုံးသည် သမာသ်နာမ် တဒ္ဓိတ်နာမ် ကိတ်နာမ် စသည်ဖြင့် နာမ်အမည်ရသော နာမ်ပုဒ်များ ချည်းတည်း၊ ကာရကလည်း နာမ်ဝိဘတ်၏ သတ္တိနက်တွေကို ပြသဖြင့် နာမ်ပုဒ်ကိုပြသည်မည်၏ သန္ဓိလည်း နာမ်ပုဒ် စသည်ကို စပ်ပြသဖြင့် ထို ပုဒ်များကို ပြသောအခါဏ်းပင် ဖြစ်၏၊ ထို့ကြောင့် "ရူပသိဒ္ဓိ တကျမ်းလုံးသည် နာမ်စသော ပုဒ်ကြီးလေးပါးကို ပြသော ကျမ်းဖြစ်သည်" ဟု မှတ်၊ ဤကား အာယဝတ္တတည်း၊ ယခုအခါ "သညာ"စသော သမုဒါယတ္ထကို ပြပေအံ့။

> သညာ နိမိတ္တံ ကတ္တာစ, ပရိမာဏံ ပယောဇနံ၊
> သဗ္ဗာဂမသ္သ ပုဗ္ဗေဝ, ဝတ္တဗ္ဗံ ဝတ္တုမိစ္ဆတာ။

သညာ-ကျမ်း၏အမည်ကိုငင်း၊ နိမိတ္တံ-ကျမ်းပြုခြင်း၏အကြောင်းကိုငင်း၊ ကတ္တာစ-ကျမ်းပြု ပုဂ္ဂိုလ်ကိုငင်း၊ ပရိမာဏံ-ကျမ်း၏ အတိုင်းအရှည်ကိုငင်း၊ ပယောဇနံ-ကျမ်း၏ အကျိုးကိုငင်း၊ ဝတ္တုံ-ဆိုခြင်းငှါ၊ ဣစ္ဆတာ – လိုလားသော ကျမ် ပြု ဆရာသည်၊ သဗ္ဗာ ဂမဿ-အလုံးစုံသော ကျမ်းဂန်၏၊ ပုဗ္ဗေဝ-ရှေးဦး အစ၌ပင်၊ ဝတ္တဗ္ဗံ–ဆိုသိုက်၏။

**သညာ**။ ။နာမည်ကိုမျှ မသိလျှင် "မည်သည့်ကျမ်းကို သင်နေသည်-ပို့ချနေသည်" ဟု ပြောပြဖို့ပင် ခဲယဉ်း၏၊ "ဘာကျမ်းစာကို သင်နေသနည်း" ဟု မေးလျှင် "အဌါ ကျမ်းစာကို သင်နေသည်" ဟု ဖြေလို့မဖြစ်နိုင်၊ ထို့ကြောင့် နာမည် ခေါ်လွယ်ဖို့ရာ ကျမ်းရင်း စာသားကိုမဆိုခင် သညာကို ပြခွင့်ရှိ၏၊ ထိုသညာကို "ပဒရူပသိဒ္ဓိံ" ပါဌ်ဖြင့် ပြသည်၊ ဤကျမ်းစာ၏ နာမည်ကား "ပဒရူပသိဒ္ဓိ"တဲ့ ဟူလို၊ ယခုကာသ၌ ပဒကိုဖြုတ်၍ "ရူပသိဒ္ဓိ" ဟု နာမည်ခေါ်သည်။

**နိမိတ်**။ ။ကျမ်းပြုခြင်း အကြောင်းသည် နိမိတ်မည်၏၊ အကြောင်းရင်းကောင်းမှ အကျိုးကျမ်းစာလည်း ကောင်းနိုင်သောကြောင့် အကြောင်း နိမိတ်ကိုလည်း ပြခွင့်ရှိ၏၊ ထိုအကြောင်းသည် အဇ္ဈတ္တအကြောင်း ဗဟိဒ္ဓအကြောင်းဟု ၂ မျိုးရှိ၏၊ ထိုတွင် ကရုဏာ သည် အဇ္ဈတ္တ အကြောင်း, သောတု အပေါင်းကား ဗဟိဒ္ဓ အကြောင်းတည်း၊ အရှင် ဗုဒ္ဓပ္ပိယ ဆရာသည် ကျမ်းပြုဖို့ မကြံရွယ်မီ ရှေး၌ ပုဒ်အသီးသီး၀ယ် ရုပ် မပြီးနိုင်ကြသော

www.dhammaransi.com



သောတုအပေါင်းကို အပြင်ပ၌ မြင်ရပေမည်၊ ထိုသို့ မြင်ရသည့်အခါ အဘွင်းသန္တာန်၌ သနားကျင်နာ ကရုဏာဖြစ်၍ ထိုသောတုတို့ ရပ်ငြိမ်းနိုင်လောက်သော ကျမ်းကို စီရင်ရန် စိတ်ဆန္ဒ ဖြစ်ပေါ်လာပေလိမ့်မည်၊ ထို့ကြောင့် ကျမ်းပြုရခြင်း၏ အကြောင်းနိမိတ်သည် ကရုဏာဟူသော အဇ္ဈတ္တနိမိတ်, သောတုအပေါင်းဟူသော ဗဟိဒ္ဓနိမိတ်အားဖြင့် ၂ ပါး ရှိသည်၊ ထိုနိမိတ် ၂ ပါးကို "ဗာလပ္ပဗောဓတ္ထံ" ၌ "ဗာလ" ဟူသော ပုဒ်တစ်ပုဒ်ဖြင့် ပြ၏၊ မှန်၏· ဗာလ အရ "စာသင်သားကလေးများ" ဟူသော ဗဟိဒ္ဓနိမိတ်ကို တိုက်ရိုက်ပြသဖြင့် ထိုစာသင်သား ကလေးများကို အာရုံပြုသော ကရုဏာဟူသော အဇ္ဈတ္တနိမိတ်ကိုလည်း ကာရဏူပစာရအားဖြင့် ပြနိုင်သည်။

**ကတ္တား။** ။ကျမ်းဆရာ၏ ဂုဏ်များ တိမ်မြုပ် ကွယ်ပျောက်လောက်ရာ နေ့ခံနေ့ အခါ၌ ကျမ်းစာ၏ ထိုခေတ်နှင့် သင့်တော်လျှင် ထိုကျမ်းစာကို အသုံးပြုသူ ပေါ်များ၍ မသင့်တော်လျှင် အသုံးပြုသူ နည်းပါးမည် ဖြစ်သော်လည်း ကျမ်းစာထွက်စ ပဌမ အချိန်၌မူ ကျမ်းပြုပုဂ္ဂိုလ်က ဂုဏ်ရှိသင်ရှား အကြည်ညို များလျှင် ပုဂ္ဂိုလ်ခင်၍ တရားမင်သူ–ပုဂ္ဂိုလ်မခင်သော်လည်း ထင်ရှားသဖြင့် သူ၏တရားကို ရှုစားလိုသူတို့ ပေါ်များတတ်လေ ရကား ကျမ်းပြုပုဂ္ဂိုလ် ဟူသော ကတ္တာကိုလည်း ပြခွင့်ရှိ၏၊ ထိုကတ္တားကို "ကရိဿံ" ဟူသော အမှယောဂ ကြိယာဖြင့် ပြ၏–ဟု ပြောဆိုကြသည်၊ သို့ရာတွင် ထိုကြိယာဖြင့် ကျမ်းပြုပုဂ္ဂိုလ်၏နာမည် မထင်ရှားသေးရကား ဝဏ္ဏဗွံ ဝတ္တုမိစ္ဆတာ" နှင့်အညီ, သညာ စသော ၅ ပါးလုံးကို ဆိုလိုမှ ဆိုနိုင်, မဆိုလိုလျှင် မဆိုဘဲလည်း နေနိုင်သောကြောင့် မိမိကိုယ်ကို မပေါ်ထင်စေလိုသော အရှင် ဗုဒ္ဓပ္ပိယ ဆရာသည် မိမိနာမည်ကို ကျမ်းအစ၌ မထုတ်ပြဘဲ ကျမ်း၏အဆုံး နိဂုံးကျမှ ထုတ်ပြလိမ့်မည်။ [ဤ ကတ္တားကိုပင် " ပဏာမ သမုဋ္ဌာန်=ရှိခိုးမှု စေတနာ၏ ဖြစ်ပေါ်ရာ ပုဂ္ဂိုလ် " ဟုလည်း ဆိုကြသေး၏။ ]

**ပရိမာဏ။** ။ကျမ်း၏ ကျဉ်းသောအတိုင်းအရှည် ကျယ်သောအတိုင်းအရှည်သည် ပရိမာဏ မည်၏၊ အကျဉ်းကျမ်း ဖြစ်လျှင် အကျဉ်းကြိုက်သူတို့ နှစ်သက်၍ အကျယ်ကျမ်း ဖြစ်လျှင် အကျယ်ကြိုက်သူတို့ နှစ်သက်မည် ဖြစ်သောကြောင့် မိမိတို့ နှစ်သက်လောက်သောကျမ်း ဟုတ် မဟုတ်ကို သိနိုင်ဘို့ရာ ပရိမာဏကိုလည်း ရှေးဦးစွာ ပြခွင့်ရှိ၏၊ ထိုပရိမာဏကို "သုကဏ္ဍံ" ပါဌ်ဖြင့် ပြသည်ဟု ကြံသင့်၏၊ ဘာ့ကြောင့်နည်း— "ကောင်းသော အခဏ်း ရှိသည် " ဟု ဆိုလျှင် သန္ဓိဘခဏ်း နာမ်တခဏ်း စသည်ဖြင့် အခဏ်းဖွဲ့ကာ ကျဉ် ကျဉ်းနှင့် ရှင် ရှင်း စီရင်အပ်သော ကျမ်းဟု သိသာသောကြောင့် တည်း။

**ပယောဇဉ်။** ။ကျမ်း၏အကျိုးကို "ပယောဇဉ်" ဟု ခေါ်၏၊ အကျိုးကိုသိရမှသည်း ထိုကျမ်းနှင့် သက်ဆိုင်သူတို့ အားတက်သရော သင်ယူလိုစိတ် ရှိကြပေမည်၊ ထို့ကြောင့် ပယောဇဉ်ကိုလည်း ကျမ်း၏ရှေးအဘို့က ပြသင့်၏၊ ထိုပယောဇဉ်သည် မုချပယောဇဉ် (တိုက်ရိုက်ရသောအကျိုး) အနုသိင်္ဂိကပယောဇဉ် ( ဆက်သွယ်၍ရသောအကျိုး) ဟု နှစ်မျိုး ရှိ၏၊ [အနု=အစဉ်တစိုက် လိုက်၍+သိင်္ဂိက=ငြိကပ် ဆက်စပ်သောအကျိုး။ ] ထိုနှစ်မျိုးတွင် ရူပသိဒ္ဓိကို သင်ခြင်းကြောင့် သဒ္ဒါဆိုင်ရာကို သိမြင်ခြင်းသည် မုချ အကျိုး တည်း၊ ထိုသို့ သဒ္ဒါဆိုင်ရာ သိခြင်းကြောင့် ပါဠိအဋ္ဌကထာ ဋီကာတို့၏ အနက်အဓိပ္ပါယ်ကို သိရခြင်း, သိသည့်အတိုင်း ကျင့်ခြင်း, ကျင့်၍ နတ်ရွာသုဂတိနှင့် နိဗ္ဗာန်အထိ ရရှိနိုင်ခြင်း

တို့ကား ဆက်သွယ်၍ရသော အကျိုးတည်း၊ ထိုအကျိုးကို "ဗာလိပ္ပမောဒွေဝံ" ဝယ် "ပမောဒ"ဟူသော ပုဒ်တစိတ်ဖြင့်ပြသည်၊ [ယခုကာလ၌ စာမေးပွဲအောင်ခြင်း နာမည်ကြီးခြင်း,လာဘ်လာဘ ပေါများခြင်းတို့လည်း အနုသ်ဂိက အကျိုး၌ ပါဝင် ထိုက်၏၊ သို့ရာဝယ်ထို အကျိုးများကား စာသင်ရာ၌ ရည်ရွယ်ထိုက် သောကြောင့် ပယောဇန အရတွင် သွင်း၍ မပြတော့ချေ။]

**အဘိဓာန်, အဘိဓေယျ, ပဋိညာဉ်။** ။ပဒရူပသိဒ္ဓိပါဌ်ဖြင့် သညာက်ပြကြောင်း ဆိုခဲ့ပြီ၊ ဤသညာကိုပင် တချို့အရာ၌ "အဘိဓာန" ဟုလည်း ခေါ်သေး၏၊ အဘိဓာန ဟူသည်လည်း အမည် သညာ ပင်တည်း၊ ဤ"ပဒရူပသိဒ္ဓိ"ပါဌ်တွင် "ပဒ" ဟူသော ပုဒ်တစိတ်ဖြင့် အဘိဓေယျကိုလည်းပြ၏၊ အဘိဓေယျဟူသည် တကျမ်းလုံး၏ အနက်တည်း၊ စာသွားတွေ ကုယ်ဝန်း များပြား နေသော်လည်း တကျမ်းလုံး၏ ပြလိုင်း အနက်မှာ နာမ်ပုဒ်စသော ပုဒ်ကြီး ၄ပါးပင် ဖြစ်သည်-ဟူလို၊ အဘိဓေယျတော-တကျမ်းလုံးဖြင့် ဟောအပ်၏၊ (သိစေအပ်၏၊) ဣတိ,အဘိဓေယျာ-မည်၏၊ "ကရိဿံ-ပြုပေအံ့, စီရင်ပေအံ့, စီရင်မည်"ဟု ဆိုသောကြောင့် ဤကရိဿံ ပါဌ်သည် ပဋိညာဉ်ကို ပြသောစကားတည်း၊ ပဋိညာဉ် ဟူသည်မှာ တောင်းပန်သူ ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ မိမိပြုမည့်အလုပ်ကို ညွှန်ပြခြင်းပင်တည်း၊ ထိုညွှန်ပြခြင်းကို "ဝန်ခံခြင်း=ရောက်လာသောတာဝန်ကို ခံယူခြင်း" ဟု ခေါ်သည်။

အချုပ်မှာ-ဤဝိသုဒ္ဓသဒ္ဒမ္မ စသော ၂ ဂါထာဖြင့် ပဏာမ-သညာ(အဘိဓာန)နိမိတ်-ကတ္တား-ပရိမာဏ-ပယောဇဉ်-အဘိဓေယျ-ကရဏပ္ပကာရ-ပဋိညာဉ်တို့ကို ရှင်း,ပဏာမနှင့်စပ်၍ ပဏာမိတဗ္ဗ (ရှိခိုးထိုက်သော ရတနာသုံးပါးနှင့် ဆရာ)-ပဏာမဟေတု (ရှိခိုးခြင်း၏ အကြောင်းဖြစ်သော ဝိသုဒ္ဓသဒ္ဒမ္မ သဟာဿဒိမိတိ စသော ဂုဏ်) များ ကိုရှင်း, ရှိခိုးခြင်းကြောင့် ရနိုင်သော အန္တရာယ်ကင်း ကျမ်းပြီးခြင်းဟူသော ပဏာမ ပယောဇဉ်ကို ရှင်း,ပဋိညာဉ်နှင့်စပ်၍ ပဋိညာတဗ္ဗ(ဝန်ခံအပ်သော ရူပသိဒ္ဓိ) ကျမ်း ကို ရှင်း, "ကရိဿံ-ပြုပေအံ့" ဟု ဝန်ခံလိုက်သဖြင့် "သင်တို့နားထောင်ကြ" ဟူသော တိုက်တွန်းမှု ဥယျောဇဉ် ကိုရှင်း, (တိုက်တွန်းခြင်း၏ အကြောင်းဂုဏ်ကို "ဥယျောဇနဟေတု" ဟု ခေါ်၏၊) ဗာလပ္ပမောဒွေဝံဝယ် "ပမောဒ" ပုဒ်တစိတ်ဖြင့် သိလွယ်သောဂုဏ် ဟူသော ဥယျောဇနဟေတု ကိုရှင်း ပြသည် ဟု မှတ်။

[ဆောင်] ဂန္ထာရမ္ဘ,ထိုင်ပြည့်,ဂါထာ့ ဂါထာ,အရာရာဝယ်,ဆရာကောက်ရိုး, ဥဒ္ဒါန်းထိုးပိမ့်၊ ရှိခိုးမှုပြ,ပဏာမတည်း[၁]၊ ပဏာမိတဗ်, ရှိခို အပ်သူ[၂]၊ ဟေတုမှုပေါင်း, ရှိခိုးကြောင်းဂုဏ်[၃]၊ တဖုံကျိုးအင်, ပယောဇဉ်သာ[၄]၊ သညာက်ပြ,ဘိဓာနနှင့်[၅]၊ အဇ္ဈဗာပတိ, နိမိတ်ဒွိဟူ[၆]၊ ကျမ်းပြုသူထုတ်, ပဏာမ သမုဋ္ဌာန်, တဖန်ကတ္တား, ခေါ်မှတ်သားလျက်[၇]၊ဟောနက် ဘိဓေယ[၈]၊ ပိုင်းခြားပြလျှင်, ပရိမာဏတွင်၏[၉]၊ ပယောဇဉ်တမျိုး, ကျမ်းအကျိုးတည်း[၁၀]၊ ကျမ်း ပြုနည်းပြ, ကရဏပကာ[၁၁]၊ ဝန်ခံပါလျှင်, ပဋိညာဉ်မှတ်[၁၂]၊ ဝန်ခံအပ်ကို, ပဋိညာတဗ်ဆိုဘိ[၁၃]၊ ထိုသည့် ဂန္ထ, သင်ယူကြဟု, တိုက်တွန်းမှုပင်, ဥယျောဇဉ် သာ[၁၄]၊ တွန်းရာ တွန်းကြောင်း,ဂုဏ်ပေါင်းအစု, ဟေတုဥယျော-ဇနဟေသည်[၁၅]၊ မှတ်လော တဆဲ့ငါးနက်တည်း။

www.dhammaransi.com



## အဘိဓေယျပယောဇန အဖွင့်

(၁) တတ္ထ - ထိုပဒရူပသိဒ္ဓိကျမ်း၌၊ ဇိနသာသနာဒိဂမသ - ဘုရား သာသနာတော်ကို သိရခြင်း၏၊ အက္ခရကောသလ္လ မူလတ္တာ-အက္ခရ ကောသလ္လဉာဏ် အရင်းခံ ရှိသည်၏ အဖြစ်ကြောင့်၊ တံ - ထို အက္ခရ ကောသလ္လဉာဏ်ကို၊ သမ္ပာဒေတုံ - ပြည့်စုံစေခြင်းငှါ၊ ဝါ-ပြည့်စုံစေပါ ဥုံးလော၊ ဣတိ - ဤအနက်ကို၊ ဒဿေတုံ - ပြခြင်းငှါ၊ ဤဒံ အဘိဓေယျ ပယောဇနဝါကျံ-ဤ ကျမ်းအနက်၏ အကျိုးပြ "အတ္ထော အက္ခရသညာတော" ဟူသော ဝါကျကို၊ ဥစ္စတေ-ဆိုအပ်၏။

(၁) တတ္ထ ၊ ပေ ၊ ဥစ္စတေ — ပဏာမ စသည်နှင့်တကွ ပဋိညာဉ်ကို ပြီး၍ ယခု အခါ၌ ပတ်ညာတ ပကရဏကို ပြတော်မူလိုသော အရှင်ဗုဒ္ဓပ္ပိယ ဆရာသည် "တတ္ထ" စသော ပါဌ်ကို မိန့်၊ [ပတိညာတ=ဝန်ခံအပ်သော+ပကရဏ=ကျမ်း။ ] တတ္ထကို ဥစ္စ တေ၌စပ်၊ အတ္ထော အက္ခရသညာတော ဝါကျကို ကစ္စည်းကျမ်း၌ ဆိုခဲ့သော်လည်း ဤ ကျမ်းသည် ကစ္စည်းကျမ်းကို မှီ၍ စီရင်အပ်သော ကျမ်းဖြစ်ရကား ထိုကစ္စည် ကျမ်း စကား ကိုပင် ဤရူပသိဒ္ဓိ၌ ထင်၍ ပြသောကြောင့် "တတ္ထ ဣဒံ ဥစ္စတေ=ထိုရူပသိဒ္ဓိ၌ ဤအတ္ထော အက္ခရသညာတော ဝါကျကို ဆိုအပ်၏" ဟု မိန့်သည်။

**အဘိဓေယျပယောဇနဝါကျ။** ၊အတ္ထောအက္ခရသညာတော ဝါကျကို တချို့က "ပရိဘာသာသုတ်" ဟု ဆိုကြသော်လည်း ရူပသိဒ္ဓိကျမ်းကမူ "သုတ်မဟုတ်သေး, အဘိ ဓေယျ ပယောဇနဝါကျသာ" ဟုဆိုလိုသည်၊ သုတ်အားလုံး၏ရှေ့၌ထားအပ်သော ဝါကျ ဖြစ်သောကြောင့် "ပုဗ္ဗဝါကျ" ဟု ဆိုသောဝါဒနှင့် သဘောတူပင်တည်း၊ [အဘိဓေယျ= ကျမ်း၏ ဟောနက်ဖြစ်သော အက္ခရာ (ပုဒ်) ၏+ပယောဇန=အကျိုး။] ဆက်ဦးအံ့- ကျမ်း၏ ဟောနက်ဖြစ်သော "အဘိဓေယျ" ဟူသည် အက္ခရာပုဒ်တို့တည်း၊ ထိုအက္ခရာ ပုဒ်တို့၏ အကျိုးကား ပိဋကတော်လာ သဒ္ဒါအရပ်ရင်၏ အနက် အဓိပ္ပါယ်ကို သိရခြင်း တည်း၊ ဤအတ္ထော အက္ခရသညာတော ဝါကျကလည်း "အနက် အဓိပ္ပါယ်ကို အက္ခရာ တို့ဖြင့်သာ သိနိုင်သည်, အက္ခရာသည် အနက် အဓိပ္ပါယ်ကို သိကြောင်းဖြစ်သည်" ဟု ဆိုသဖြင့် အဘိဓေယျ ခေါ်သော အက္ခရာ ပုဒ်တို့၏ အကျိုးကို ထုတ်ဖော် ပြောပြသော ဝါကျဖြစ်ကြောင်း ထင်ရှားသည်။

ဇိနသာသနာ ၊ ပေ ၊ ဒဿေတုံ— "ဤ အတ္ထော အက္ခရ သညာတော ဝါကျကို အဘယ်အကျိုး ငှါ ဆိုအပ်သနည်း" ဟု မေးဘွယ် ရှိသောကြောင့် "ဇိနသာသနာ ၊ပေ၊ ဒဿေတုံ" ကို မိန့်၊ ဘုရားရှင်၏ သာသနာတော် ၃ ရပ်ကို သိခြင်း၏ အရင်းခံသည် အက္ခရကောသလ္လဉာဏ်တည်း၊ အက္ခရာပုဒ်တို့ကို နားလည်သော (အက္ခရကောသလ္လ) ဉာဏ်ရှိလျှင် ပရိယတ္တိသာသနာ ဟူသော ပိဋကတော်၏ အနက် အဓိပ္ပါယ်ကို သိနိုင်၏၊ ပရိယတ္တိ သာသနာတော်ကို သိလျှင် ပဋိပတ် သာသနာ ဟူသော သီလ သမာဓိ ပညာ

www.dhammaransi.com



အတ္ထော အက္ခရသညာတော ။ ။ [ " အတ္ထော အက္ခရသညာတော " ဟူသော ဤဝါကျ၏ အနက်ကို မိမိတို့ ရဘူးသော အနက်အတိုင်း ပေးပါ၊ နောက်၌လည်း သုတ်များကို အနက်ပေးမည် မဟုတ်၊ ပို့ချသော ဆရာတို့ကမူ နှစ်သက်ရာ သုတ်နက်ကို ထည့်၍ ချကြပါလေ။ ] လောကိယံ လောကုတ္တရာဒိဘေဒေါ-လောကီလောကုတ္တရာ အစရှိသော အပြား ရှိသော၊ ယောကေ စိ ဝစနတ္ထော - အကြင် အမှတ်မရှိ အလုံးစုံသော သဒ္ဒါနက်သည်၊ ( အတ္ထိ - ရှိ၏၊ ) သောသဗ္ဗော-ထို အလုံးစုံသော

သိက္ခာ ၃ ပါးကိုလည်း သိနိုင် ကျင့်နိုင်၏၊ ပတိပတ်ကို ကျင့်လျှင် ပတိဝေဓ သာသနာ ဟူသော လောကုတ္တရာ တရား ၉ ပါးကိုလည်း ရနိုင်၏၊ ဤသို့လျှင် " သာသနာတော် ၃ ရပ်ကို သိလိုသော အမျိုးသားသမီးများသည် အခြေခံ ဖြစ်သော အက္ခရ ကောသလ္လ ဉာဏ်ကို မိမိသန္တာန်၌ ဖြစ်အောင် ကြိုးစားကြပါဦး " ဟု ပြခြင်း (တိုက်တွန်းခြင်း) ငှါ ဤ အတ္ထော အက္ခရသညာတော ဝါကျကို မိန့်တော်မူသည်။

ဆက်ဦးအံ့— ဝါကျတခုက အနက် အဓိပ္ပါယ်ကို ပြရာ၌ တိုက်ရိုက်ပြခြင်း – သွယ်ဝိုက်၍ ပြခြင်း ဟု ၂ မျိုးရှိ၏၊ ဥပမာ– " ဒါနတော ဘောဂဝါ " ဝါကျသည် "ဒါနသည် စည်းစိမ်ဥစ္စာ အကျိုးကို ပေး၏ " ဟူသော အနက်ကို တိုက်ရိုက် ပြ၏၊ " စည်းစိမ်ရှင် ဖြစ်လိုသူသည် ဒါန ပြုပါ " ဟူသော တိုက်တွန်းခြင်း ကိုကား သွယ်ဝိုက်၍ ပြသည်၊ ထို့အတူ အတ္ထော အက္ခရသညာတော ဝါကျလည်း "အနက် အဓိပ္ပါယ်ကို အက္ခရာတို့ဖြင့်သာ သိနိုင်၏ " ဟူသော အနက်ကို တိုက်ရိုက် ပြ၏၊ " သာသနာတော် ၃ ပါးကို သိလိုသူသည် အရင်းခံဖြစ်သော အက္ခရာ၀ယ် နားလည်သော ဉာဏ်ကို မိမိသန္တာန်၌ ဖြစ်စေပါဦး " ဟူသော တိုက်တွန်းမှု ကိုကား သွယ်ဝိုက်၍ ပြသည်၊ [ သမ္မာဖဒတပ္ပံ၌ တဗ္ဗပစ္စည်းကို ပေသာတိသဂ္ဂ စသော သုတ်အရ တိုက်တွန်းခြင်း အနက်ဟော ဟု မှတ်၊ ဤ သမ္မာဒေတပ္ပံ၏ ကတ္တားကိုလည်း နောက်၌ " သမ္မာဒေယျ ဟိတတ္ထိကော " ကို ကြည့်၍ "ဟိတတ္ထိကေန" ဟု ထည့်ပါ။ ]

လောကိယ ၊ ပေ ၊ ဝစနတ္ထော— " အရိယတေ ဉာယတေ – သိအပ်၏၊ ဇာတိ အတ္ထော – မည်၏ " နှင့် အညီ သဒ္ဒါတခုကို မြင်ရ ကြားရ၍ သိအပ်သော အရာ ဟူသမျှသည် အတ္ထ (အနက်) မည်၏၊ ထို အတ္ထသည် လောကီစိတ် စေတသိက် ရုပ် ဟူသော လောကိယတ္ထ, မဂ် ဖိုလ် နိဗ္ဗာန် ဟူသော လောကုတ္တရတ္ထ, ထို အတ္ထ ၂ မျိုးမှ အလွတ်ဖြစ်သော လူ နတ် ပြဟ္မာ ယောကျ်ား မိန်းမ – စသော အများ ခေါ်ဝေါ်အပ်သော ဝေါဟာရတ္ထ (ပညတ္တိ အတ္ထ) ဟု ၃ မျိုးရှိ၏၊ လောကိယ လောကုတ္တရာဒိ၌ အာဒိဖြင့် ဤ ဝေါဟာရတ္ထကို ယူပါ၊ မှန်၏ – မုချတ္ထ ဥပစာရတ္ထ, နီတတ္ထ နေယျတ္ထ, သဒ္ဒတ္ထ အဓိပ္ပါယတ္ထစသည်ဖြင့် အတ္ထ တွေ များသော်လည်း ဤလောကိယတ္ထ လောကုတ္တရတ္ထ ဝေါဟာရတ္ထ ၃ မျိုး၌ အားလုံး ပါဝင်ကြ တော့သည်။ [ ပညတ္တိအတ္ထနှင့် ဝေါဟာရတ္ထသည် သဘောတူ၏။ ]

www.dhammaransi.com



သဒ္ဒါနက်ကို၊ အက္ခရေပဟာဝ - အက္ခရာ တို့ဖြင့်သာ၊ သညာယတေ- ကောင်းစွာ သိအပ်၏။

ဟိ - မှန်၏၊ သိထိလ ဓနိတာဒိ အက္ခရဝိပတ္တိယံ - သိထိလ၏ ဓနိတ ဖြစ်ခြင်း , ဓနိတ၏ သိထိလ ဖြစ်ခြင်း အစရှိသော အက္ခရာ ပျက်ခြင်း သည်၊ ( သတိ - ဖြစ်လတ်သော်၊ ) အတ္ထသာ-အနက်၏၊ ဝါ - အနက်ကို၊ ဒုန္နယတာ-မသိအပ်သည်၏ အဖြစ်သည်၊ ဝါ-မှားမှားယွင်းယွင်း သိအပ်, ခဲယဉ်းစွာ သိအပ်သည်၏ အဖြစ်သည်၊ ဟောတိ - ဖြစ်၏၊ တသ္မာ - ထို့ ကြောင့်၊ အက္ခရကောသလ္လံ- အက္ခရကောသလ္လဉာဏ်သည်၊ ဗုဒ္ဓဝစနေ သု-ဘုရား့ပါဠိတော်တို့၌၊ ဗဟူပကာရံ-များသော ကျေးဇူးရှိ၏။

ဝစနတ္ထ ။ ။ ဤပြခဲ့လော လောကိယတ္ထ စသည်သည် " ဝစနသ - သဒ္ဒါ၏+ အတ္ထော-အနက်တည်း"ဟူသော ဝိဂ္ဂဟ်အရ "ဝစနတ္ထ" မည်၏၊ ချဲ့ဦးအံ့ — " ပထဝီ အာပေါ တေဇော ဝါယော"ဟူသော သဒ္ဒါသည် ပါဠိဝစနတည်း၊ " မြေ-ရေ-မီး- လေ " ဟူသော သဒ္ဒါသည် မြန်မာ ဝစနတည်း၊ ခက်မာခြင်း သဘော , ယိုစီးခြင်း သဘော, အငွေ့ဖြစ်သော သဘော,ထောက်ခံခြင်း သဘောတို့ကား ထိုဝစနတို့၏ အနက် ဖြစ်သော လောကိယဝစနတ္ထများ ဖြစ်သည်၊ ဤသို့ စသည်ဖြင့် လောကုတ္တရ ဝစနနှင့် လောကုတ္တရဝစနတ္ထကိုရင်း,ပုရိသောသည် ပါဠိဝစန,ယောကျ်ားဟူသော စကားသည် မြန်မာဝစန , ယောကျ်ားဖြစ်သည် ပညတ္တိ ဝစနတ္ထ ဟုရင်း သိလေ၊ ထို အလုံးစုံသော ဝစနတ္ထကို ရွတ်ဆိုအပ် ရေးသားအပ်သော အက္ခရာ ပုဒ်တို့ဖြင့်သာ ကောင်းစွာ သိရ မှတ်သားရသည်။ [ ယောကောစိ ပုဒ်၏ "အလုံးစုံ" အနက် ဟောနိုင်ကြောင်းကို နာမ် ကိ သဒ္ဒါ ရုပ်စဉ်ခဏ်း၌ တွေ့ရလတ့်။ ]

**သိထိလ ဓနိတာဒိ အက္ခရဝိပတ္တိယံ ဟိ** — ဤ ဝါကျ၌ ဟိနိပါတ်ကို ဒဋ္ဌီဇောတက ကြံ၍ " ဟိ-မှန်၏ " ဟု အနက်ပေးသည်၊ " ယောကောစိ ၊ ပေ ၊ သညာယတေ " ဟု ဆိုခဲ့သော စကားသည် အမှန်ပင်ဖြစ်၏ , မှန်ကြောင်းကို " အက္ခရဝိပတ္တိယံ " စသော ဝါကျက ထောက်ခံသည်- ဟူလို၊ ချဲ့ဦးအံ့ — သိထိလ ဖြစ်သော ဂ အက္ခရာဖြင့် ရွတ်ဆိုရ ရေးသားရမည့် အရာဝယ် ဓနိတဖြစ်သော ဃ အက္ခရာဖြင့် ရေးသား ရွတ်ဆိုခြင်းသည် အက္ခရာ မှားယွင်း ပျက်စီးခြင်း မည်၏၊ ဥပမာ - " အယံနာဂေါ " ဟု ရွတ်ဆိုရမည့် အရာ၌ " အယံ နာဃော " ဟု ရွတ်ဆိုခြင်း မျိုးတည်း၊ ဓနိတဖြင့် ရွတ်ရမည့် အရာဝယ် သိထိလဖြင့် ရွတ်ခြင်းလည်း အက္ခရဝိပတ္တိတည်း၊ ဥပမာ - " သံဃော " ဟု ရွတ်ရမည့် အရာ၌ " သံဂေါ " ဟု ရွတ်ဆိုခြင်းမျိုးတည်း၊ သိထိလ ဓနိတချင်းသာ မှားယွင်းတတ် သည် မဟုတ်သေး,ဒီဃနှင့် ရဿ , ဂရုနှင့် လဟု , နိဂ္ဂဟိတ်နှင့် ဝိမုတ္တ စသည့်တို့လည်း မှားယွင်း တတ်သေး၏၊ " နမော တဿ ဘဂဝတော အရဟတော " ၌ " အယဟ တော " ဟု ရွတ်ဆိုခြင်း စသည်ဖြင့် အက္ခရာ တလုံးနှင့် တလုံး လွဲမှားခြင်း များလည်း ဝိပတ္တိပင်၊ ထို့ကြောင့် သိထိလ ဓနိတာဒိ၌ အာဒိဖြင့် ဒီဃ ရဿချင်း စသော ဝိပတ္တိ

www.dhammaransi.com



ဧတ္တ - ဤ အဏ္ဏော အက္ခရသညာတော ဝါကျ၌၊ ပဒါနိပိ - ပုဒ်တို့ကိုလည်း၊ အက္ခရ သန္နိပါတရူပတ္တာ - အက္ခရာတို့ ပေါင်းစုရာ ရုပ်ဘို့၏ အဖြစ်ကြောင့်၊ ဝါ - အက္ခရာအပေါင်း၏ အထည် ကိုယ် ဖြစ်ခြင်းကြောင့်၊ အက္ခရေသွေဝ - အက္ခရာတို့၌ပင်၊ သင်္ဂဟေတွာ - သွင်းယူ အပ်ကုန်၏။

တသ္မာ - ထို့ကြောင့်၊ ဟိတတ္ထိကော - မိမိစီးပွားကို အလိုရှိသော အမျိုးသားသည်၊ ဥဋ္ဌာနာဒိဟိ-ဥဋ္ဌာနအစရှိကုန်သော၊ ပဉ္စဟိ - ငါးပါး

များကို ယူ၊ အချုပ်မှာ – အက္ခရ ဝိပတ္တိ ဟူသည် ရွတ်ဆိုရာ ရေးသားရာတို့၌ အက္ခရာ လွဲမှားနေခြင်းပင်တည်း၊ [အတ္ထသ ဒုန္နယတာ-တသ္မာ အက္ခရကောသလ္လံ စသည်ဘို့၏ အဓိပ္ပါယ်ကို ကစ္စည်းဘာသာဋီကာမှာ ရှု။]

ဧတ္ထ၊ပေ၊သင်္ဂယှန္တိ— အက္ခရသမူဟော ပဒံ, ပဒသမူဟော ဝါကျံ, ဝါကျသမူဟော ဂန္ထော=အက္ခရာအပေါင်းသည် ပုဒ်, ပုဒ်အပေါင်းသည် ဝါကျ, ဝါကျအပေါင်းသည် ကျမ်းဂန်" ဟူသည်နှင့်အညီ, ပုဒ်ဟူသည် အက္ခရာတို့ ပေါင်းစုနေသော ရုပ်တမျိုး ဖြစ်၏၊ ဝါ-အက္ခရာတွေ ပေါင်းစုထားသော"အထည်ကိုယ်"ဖြစ်၏၊ "ဗုဒ်"ဟူသော"ဓ"ဟူသော "ဩ"ဟူသော အက္ခရာတို့ ပေါင်းမိလျှင် "ဗုဒ္ဓေါ"ဟု ရုပ်သွင်တမျိုး အထည်ကိုယ်တမျိုး ပေါ်လာ၏၊ ဥပမာ–လက် ခြေ နား နှာ စသော အင်္ဂါတွေ ပေါင်းလိုက်လျှင် "လူ" ဟု ခေါ်ရသော အထည်ကိုယ် ဖြစ်လာသကဲ့သို့တည်း၊ ထို့ကြောင့် "အဏ္ဏော အက္ခရသညာတော" ဝါကျ၌ "အက္ခရ" ဟူသော စကားတွင် အပေါင်းဖြစ်သော ပုဒ်များကိုလည်း အရှင်ကစ္စည်းဆရာ သွင်းယူထားသည်-ဟူလို၊ [အက္ခရသန္နိပါတ=အက္ခရာတို့ ပေါင်းစုရာဖြစ်သော+ရူပ=ရုပ်၊ ဝါ-အထည်ကိုယ်။] ဤပြခဲ့သော စကားအစဉ်အရ ပုဒ်တို့ဖြင့် အနက်ကို သိရသောကြောင့် "အဏ္ဏော ပဒသညာတော" ဟု ဆိုသင့်သည် မဟုတ်ပါလော, အဘယ့်ကြောင့် "အဏ္ဏော အက္ခရသညာတော"ဟု ဆိုပါသနည်း၊ဟု မေးလျှင်, ပုဒ်ဟူသည် အက္ခရာအပေါင်း ဖြစ်ရကား အစိတ် အစိတ် အက္ခရာကို ဆိုလျှင် အပေါင်း ဖြစ်သော ပုဒ်တို့လည်း ပါဝင် နိုင်သောကြောင့် အဏ္ဏော ပဒသညာတော ဟု မဆိုဘဲ "အဏ္ဏော အက္ခရသညာတော"ဟုသာ မိန့်တော်မူသည် ဟု ဖြေ။

[ဆောင်] ပုဒ်ဟူသည်မှာ, အက္ခရာပေါင်းကြိတ်, ဖြစ်သည့် ဟိတ်ကြောင့်,
အစိတ် အက္ခရ, ဆိုလိုက်ကလျှင်, ပုဒ်ပါဝင်သဖြင့်,အရှင် ကစ္စာန,
မိန့်ဝါကျဝယ်, ပဒသညာတော-ဟု မဟောဘဲ, အဏ္ဏော အက္ခရ,
အဆက်ပြသည့်, မြွက်ဟ သညာတောကို တည်း။

တသ္မာ အက္ခရကောသလ္လံ၊ပေ၊ပဉ္စဟိ — ဤ ဂါထာကား စာသင်သားတို့ကို တိုက်တွန်းသော ဥယျောဇဉ် တည်း၊ တသ္မာ အရ "အက္ခရကောသလ္လံ ဗဟူပကာရံ ဗုဒ္ဓဝစနေသု"ကို ပြန်စွဲ၊ အက္ခရ ကောသလ္လညာဏ်၏ ဗုဒ္ဓဝစနတို့၌ ကျေးဇူးများခြင်း ဟူသော ထိုအကြောင်းကြောင့် မိမိစီးပွားကို လိုလားသော အမျိုးသားသည်(ပဓာနနည်းအားဖြင့် ယောကျ်ားကို ဆိုသည်၊ အမျိုးသမီးများလည်း ပါဝင်၏၊ ) ဥဋ္ဌာန စသော တပည့်ဝတ်

www.dhammaransi.com



သော တပည့်ဝတ်ဘို့ဖြင့်၊ ဂရုံ-ဆရာကို၊ သမ္မာ – ကောင်းစွာ၊ ဥပဋ္ဌဟံ–လုပ်ကျွေးလျက်၊ အက္ခရကောသလ္လံ-ကို၊ သမ္ဘာဒေယျ – ပြည့်စုံစေရာ၏၊ ဝါ-ပြည့်စုံစေပါလော။

(၂) တတ္ထ – ထို ပဒရူပသိဒ္ဓိ ကျမ်း၌၊ အာဒေါ – အစဖြစ်သော သန္ဓိ အရာ၌၊ တာဝ – ရှေးဦးစွာ၊ သဒ္ဒလက္ခဏော – ကစ္စည်း သဒ္ဒါကျမ်း၏ သုတ်၌၊ ဝေါဟာရဝိညာပနတ္ထံ – ခေါ်ဝေါ် သုံးစွဲပုံကို နားလည်စေခြင်း အကျိုးငှါ၊ သညာဝိဓာနံ – နာမည် စီရင်ခဏ်းကို၊ အာရဘီယတေ – အားထုတ်အပ်၏။

၅ ပါးဖြင့် ဆရာကို လုပ်ကျွေးလျက် အက္ခရ ကောသလ္လဉာဏ်ကို မိမိသန္တာန်၌ ပြည့်စုံစေပါလော. ပြည့်စုံအောင် ကျိုးစားပါလော၊ "တပည့်ဝတ် ကြေလျှင် ဆရာက သဘောကျ၍ အက္ခရကောသလ္လဉာဏ် (အခြေခံ) ရအောင် သင်ပြပါလိမ့်မည်" ဟူလို၊ [သမ္ဘာဒေယျကို "နိပ္ဖာဒေယျ-ဖြစ်စေပါလော" ဟု ဖွင့်၏၊ ထို့ကြောင့် "ပြည့်စုံစေခြင်း" ဟူသည် "မိမိ သန္တာန်၌ အက္ခရ ကောသလ္လဉာဏ်ကို ဖြစ်စေခြင်း ပင်တည်း" ဟု မှတ်၊ ယေ၊ ဝိဘတ်လည်း အဇ္ဈိဋ္ဌ (တိုက်တွန်းခြင်း) အနက်ဟော၏၊ ဤဂါထာနှင့် ရှေ့၌ ပြခဲ့သော "ဇိနသာသနာစိရမယ၊ပေ၊သမ္ဘာဒေတဗ္ဗံ" စကားသည် အဓိပ္ပါယ်တူပင်၊] "ဥဋ္ဌာနာ ဒီဟိ" ၌ အာဒိအရ ဥပဋ္ဌာနစသော ၄ ပါးကို ယူ။

ဥဋ္ဌာနာ ဥပဋ္ဌာနာစ, သုဿူသာ ပါရိစရိယာ၊
သက္ကစ္စံ သိပ္ပပဋိဂ္ဂဟဏာ, ဂရုံ အာရာဓယေ ဗုဓော။

ဥဋ္ဌာနာ-ဆရာလာသည်ကို မြင်လျှင် နေရာမှ ထခြင်းအားဖြင့်၎င်း၊ ဥပဋ္ဌာနာစ-အနီး မပြတ် ချည်းကပ်တည်နေခြင်း အားဖြင့်၎င်း၊ (ဆရာ့ထံ မပြတ်သွား၍ ပြောစရာမေးစရာ ခိုင်းစရာရှိလျှင် ပြောဆို မေးမြန်း စေခိုင်းဘို့ရန် အနီးအပါး၌ နေခြင်း ဆည်းကပ်ခြင်း)၊ သုဿူသာ-ယုံယုံ ကြည်ကြည် နာယူခြင်း အားဖြင့်၎င်း၊ (အဆုံးအမကို ယုံကြည်စွာ နာယူခြင်း၊)ပါရိစရိယာ–ပြုစု လုပ်ကျွေးခြင်းအားဖြင့်၎င်း၊ (ဆရာက မခိုင်းသော်သည်း အလိုက်သိစွာ မျက်နှာသစ်ရေ တည်ခြင်း ဒန်ပူကပ်ခြင်း စသည်ဖြင့် လုပ်ကျွေးခြင်း၊) သက္ကစ္စံ သိပ္ပပဋိဂ္ဂဟဏာ–ရိုသေစွာ အတတ်သင်ခြင်း အားဖြင့်၎င်း၊ (စာသင်သည့်အခါ တတ်လိုသော စိတ်ထားဖြင့် မှတ်မှတ် သားသား သင်ယူခြင်း၊) ဗုဓော – လိမ္မာသော တပည့်သည်၊ ဂရုံ-ဆရာကို၊ အာရာဓယေ-နှစ်သက်စေရာ၏။ [သိင်္ဂါလောဝါဒသုတ်၌ လာသော တပည့်ဝတ် ၅ ပါးပင်တည်း။]

(၂) တတ္ထ ၊ ပေ ၊ အာရဘီယတေ — [သညာ = နာမည်ကို+ဝိဓာန=စီရင်ရာအခဏ်း] "နာမည်စီရင်ခြင်း" ဟူသည် နာမည် မှည့်ခြင်းတည်း၊ တတ္ထကို အာရဘီယတေ၌ စပ်၊ "ထို ရူပသိဒ္ဓိကျမ်း၌ သညာဝိဓာန ခဏ်းကို အားထုတ်အပ်၏" ဟူလို၊ တကျမ်းလုံး၏အစဖြစ်သော သန္ဓိပိုင်းကို "အာဒေါ" ဟုဆို၍ သန္ဓိကျမ်း၌ သညာဝိဓာန

www.dhammaransi.com



အခဏ်း သရသန္ဓိ အခဏ်း စသည်ဖြင့် အခဏ်း ၅ ခဏ်းရှိရာ သရသန္ဓိခဏ်း စသော နောက် ၄ ခဏ်းတို့၏ ရှေးဦးစွာကို "တာဝ" ဟု ဆိုသည်။

**သဒ္ဒလက္ခဏေ**—သဒ္ဒအရ ကစ္စည်းသဒ္ဒါကျမ်းကိုယူ၊ လက္ခဏဟူသည် သုတ်တည်း၊ လက္ချဟူသည်ကား ပြယုဂ်တည်း၊ မှန်၏ " အာရမ္မော ဝစနံ ပတ္တိ , လက္ခဏံ ယောဂ လက္ခဏီ၊သတ္တံ ဝါကျဋ္ဌ ယတ္ထာဒိ,သုတ္တာသ အဘိဓာယကာ"နှင့်အညီ အာရမ္ဘစသော သဒ္ဒါတို့သည် သုတ္တသဒ္ဒါ၏ ပရိယာယ်တို့ချည်းတည်း၊ လက္ခီယတေ အနေနာတိ လက္ခဏံ၊ အံနေန-ဤသုတ်ဖြင့်၊ လက္ခီယတေ-(ပ်ဋ္ဌကပြယုဂ်ကို မည်ကဲ့သို့ ပြုလုပ်စီရင်ထား သည်-ဟု) မှတ်သားအပ်၏၊ ဣတိ-ဤသို့ မှတ်သားကြောင်း၏ အဖြစ်ကြောင့်၊ တံ-ထို သုတ်သည်၊ လက္ခဏံ-လက္ခဏ မည်၏၊ လက္ခီယတေ-သုတ်ဖြင့်မှတ်သားအပ်၏၊ ဣတိ-ထို့ကြောင့်၊ လက္ချ-လက္ချမည်၏၊ ဤလက္ချကိုပင် ဥဒါဟရဏ် - ပြယုဂ်ခေါ်ကြောင်း အခြေပြု၍ ပြခဲ့ပြီ။

**ဝေါဟာရဝိညာပနတ္ထံ**— "ဝေါဟာရ" ဟူသည့် ခေါ်ဝေါ်ခြင်းတည်း၊ "အ" ကို အက္ခရာ ဟုလည်း ခေါ်၏, သရဟုလည်း ခေါ်၏, ရဿ ဟုလည်း ခေါ်၏၊ သရာ သရေ လေးပံသုတ်၌ သရဟူသော နာမည်သည် ဤ "အ" စသည်တို့ကို ခေါ်ရသော နာမည် တည်း၊ ဤသို့စသည်ဖြင့် ထိုထိုသုတ်၌ ခေါ်ဝေါ်ပုံကို စာသင်သားတို့ နားလည်စေနိုင် ဘို့ရာ ရှေးဦးစွာ သညာဝိဓာန အခဏ်းကို အားထုတ်မည်-ဟူလို။ [သညာ-ဟူသည် နာမတည်း၊ ဝေါဟာရ ဟူသည်ကား ထိုနာမည်ကို ထိုထိုသုတ်၌ ခေါ်ဝေါ်ခြင်း သုံးစွဲခြင်းတည်း။]

**သံဝဏ္ဏနာ ၆ ပါး။** ။သမ္ဗန္ဓောစ ပဒဉ္စေဝ, ပဒတ္ထော ပဒဝိဂ္ဂဟော၊
စောဒနာ ပရိဟာရောစ, ဆဗ္ဗိဓာ သုတ္တဝဏ္ဏနာ။

ဟူသည်နှင့်အညီ သုတ်တသုတ်၏ အနက် အဓိပ္ပါယ် ဖွင့်ပြမှုကို သုတ္တဝဏ္ဏနာ (သုတ်ကို ဖွင့်ပြခြင်း)" ဟု ခေါ်၏၊ ထို သုတ္တဝဏ္ဏနာသည် သမ္ဗန္ဓသံဝဏ္ဏနာ စသောအားဖြင့် ၆ ပါးရှိ၏၊ ထိုတွင် သမ္ဗန္ဓသဒ္ဒါသည် "အစပ်အဆက်"ဟု အနက်ထွက်၏၊ ထို့ကြောင့် ယခုကာလ စာစပ်ခြင်းကဲ့သို့ သုတ်၌ပါသော ရှေ့ပုဒ် နောက်ပုဒ်တို့ကို စာစပ်ခြင်းသည် ၎င်း, ယခုကာလ အနုသန္ဓေ ကျမ်းတက်ခြင်းကဲ့ကို တသုတ်မှ တသုတ်သို့ ကျမ်းတက်၍ (ဆက်သွယ်၍) ပြခြင်းသည်၎င်း " သမ္ဗန္ဓ သံဝဏ္ဏနာ " မည်၏၊ [အကြောင်းအကျိုး စပ်ရသော "ဟေတုဖလ သမ္ဗန္ဓ သံဝဏ္ဏနာ" လည်း ရှိသေး၏။]

ပဒသံဝဏ္ဏနာသည် ပဒစ္ဆေဒ-ပဒစိန္တာအားဖြင့် ၂မျိုး ရှိ၏၊ ထိုတွင် သုတ်၌ပါသော ပုဒ်များကို ပုဒ်ဖြတ်ပြခြင်း-သမာသ်ပုဒ် တဒ္ဓိတ်ပုဒ် စသည်ကို ခွဲခြားခြင်းသည် ပဒစ္ဆေဒ သံဝဏ္ဏနာမည်၏၊ အက္ခရာတိ သညာနိဒ္ဒေသော (အက္ခရာကား သညာကိုညွှန်ပြသော သဒ္ဒါတည်း၊) အာဒယောတိ သညီနိဒ္ဒေသော ( အာဒယောကား သညီဒြဗ်ကို ညွှန်ပြ သော သဒ္ဒါတည်း၊) အပိတိ ဟေဋ္ဌာပေက္ခာ နိဒ္ဒေသော (အပိကား အောက် အတ္တော အက္ခရသညာတော ဝါကျ၌ လာသော အက္ခရ သဒ္ဒါကို ငဲ့သော သဒ္ဒါတည်း၊) ဤသို့ စသည်ဖြင့် ပုဒ်ကို သိကြောင်း ဖြစ်သော သံဝဏ္ဏနာသည် ပဒစိန္တာ သံဝဏ္ဏနာ မည်၏၊ [ပဒ=ပုဒ်ကို+စိန္တာ=သိကြောင်းနည်း။]

www.dhammaransi.com



အင်္ဂုရာပါဒယော ဧကစတ္တာလီသံ။ ။အင်္ဂုရာအဝိ - အင်္ဂုရာတို့ မည်သည်လည်း၊ အာဒယော - အာ အစရှိကုန်သော၊ ဧကစတ္တာလီသံ- ၄၁လုံးတည်း၊ ဇိနဝစနာနုရူပါ-ဘုရားပါဠိတော်အား လျော်ကုန်သော၊ အကာရာဒယော - အ အင်္ဂုရာ အစရှိကုန်သော၊ နိဂ္ဂဟိတန္တာ- နိဂ္ဂဟိတ် အဆုံးရှိကုန်သော၊ ဧက စတ္တာလီသမတ္တာ - ၄၁ လုံးအတိုင်း အရှည်ရှိကုန်သော၊ တေစ ခေါ ဝဏ္ဏာ-ထိုဝဏ္ဏတို့သည်လည်း၊ ပစ္စေကံ- အသီး အသီး၊ အင်္ဂုရာနာမ-အင်္ဂုရာဘို့ မည်သည်၊ ဟောန္တိ။

ယခုကာလ သုတ်နက်ပေးခြင်း သုတ်အဓိပ္ပါယ် ကို ဖွင့်ပြခြင်းကား ပဒတ္ထသံဝဏ္ဏနာ မည်၏၊ သုတ်၌လာသော ပုဒ်တို့ကို ဝိဂြိုဟ်ပြု၍ ပြခြင် သည် ပဒဝိဂ္ဂဟ သံဝဏ္ဏနာမည်၏၊ "ဤသုတ်ကို ဘာ့ကြောင့် ဆိုရသနည်း၊ ဤသုတ်တွင် မည်သည့်ပုဒ်ကို ဘာ့ကြောင့် ဆိုရသနည်း, ထိုပုဒ်ကဲ့ မဆိုသင့်" စသည်ဖြင့် မေးခြင်း အပြစ်တင်ခြင် သည် စောဒနာ သံဝဏ္ဏနာ မည်၏၊ "မည်သည့် အကျိုးငှါ ဤသုတ်ကို ဆိုရသည်, မည်သည့် အကျိုးငှါ ဤပုဒ်ကို ဆိုရသည်"ဟု သုတ်၏ရင်း သုတ်၌ပါသော ပုဒ်များ၏ရင်း အကျိုး ရှိကြောင်းကို ပြ၍ ဖြေဆိုခြင်းသည် ပရိဟာရ သံဝဏ္ဏနာ မည်၏၊ ဤသို့လျှင် သုတ်ကိုဖွင့်ပြရာ၌ သံဝဏ္ဏနာ ၆ ဆင့်ဖြင့် ထိုက်သလို ဖွင့်ပြလေ့ ရှိသောကြောင့် ထိုထို သုတ်များ၌ ဤ သံဝဏ္ဏနာ အသွားကို သတိထားပါလေ။

**အင်္ဂုရာအဝိ၊ပေ၊ဟောန္တိ** — "အင်္ဂုရာ+အဝိ+အာဒယော+ဧကစတ္တာလီသံ" တို့ကား သုတ်၌ပါသောပုဒ်တို့ကို ခွဲပြသော ပဒစ္ဆေဒသံဝဏ္ဏနာတည်း၊ "တေစခေါ၊ပေ၊ အင်္ဂုရာနာမ ဟောန္တိ " ကား သုတ်၏အနက်ကို ဖွင့်ပြသော ပဒတ္ထ သံဝဏ္ဏနာတည်း၊ ပဒတ္ထ ဆိုသော်လည်း အနက်ထင်ရုံ ဖွင့်ပြသော ပဒတ္ထမဟုတ်, အဓိပ္ပါယ် ပေါ်အောင် ဖွင့်သော ပဒတ္ထတည်း၊ ထို့ကြောင့် သုတ်နက် (နိဿယ) ပေးသည့်အခါ ဤ အဓိပ္ပါယ် စကားတွေကို စုံအောင်သွင်း၍ ပေးနေဘွယ် မလို။

**တေစခေါ ဇိနဝစနာနုရူပါ** — "တေစ"ဟု တသဒ္ဒါဖြင့် ညွှန်းခြင်းမှာ အထွေ့ အင်္ဂုရသညာတော ဝါကျ၌ အင်္ဂုရာကို ပြန်၍ညွှန်းခြင်းတည်း၊ အင်္ဂုရာဝိ၌ အဝိသဒ္ဒါ ကြောင့် ထိုကဲ့သို့ "တေစ"ဟု ညွှန်ပြနိုင်သည်၊ သို့သော် နိဿယ ပေးရာ၌ကား ဝဏ္ဏနှင့် အင်္ဂုရာမှာ သဘောတူပင် ဖြစ်သောကြောင့် "တေစခေါဝဏ္ဏာ"ဟု ပေါင်းပေးသည်၊ "ဇိနဝစနာနုရူပါ"ဖြင့် ဘုရားပါဠိတော်အား မလျော်သော (ပါဠိတော်၌ အသုံးအစွဲ မရှိသော)သက္ကတသဒ္ဒါကျမ်းလာ အချို့အင်္ဂုရာတို့ကို ပယ်သည်၊ ဤ ၄၁လုံးသာ ဘုရား ပါဠိတော်အား လျော်သော (ပါဠိတော်မှာ သုံးစွဲရိုးဖြစ်သော) အင်္ဂုရာများ ဖြစ်သည်၊ သက္ကတ သဒ္ဒါကျမ်းတို့၌ သရ ရှစ်လုံးသာမက ၁၄လုံးရှိ၏၊ ဗျည်းများလည်း သဗျည်းချည်း ၃ မျိုး ပါသဖြင့် အပိုရှိသေး၏၊ ထိုသရအပို ဗျည်းအပိုတို့ကား ဘုရားပါဠိတော်၌ အသုံး မဝင်ကြသဖြင့် ကစ္စည်းကျမ်း၌ မပြတော့ပြီ-ဟူလို။

**ပစ္စေကံ အင်္ဂုရာနာမ**—ဝါကျသည် အစိတ်အစိတ်နှင့်ဆိုင်သောဝါကျ,အပေါင်းနှင့် ဆိုင်သောဝါကျဟု ၂ မျိုးရှိ၏၊ "ယညဒတ္တ ဒေဝဒတ္တ ဝသုဒတ္တာ ဘောဇိယန္တု-ယညဒတ်

www.dhammaransi.com



တံ ယထာ–ထို အက္ခရာတို့ဟူသည် အဘယ်နည်း၊ အ–အရင်း ၊ ပေ ။ ဠ–ဠရင်း၊ အံ – အံရင်းတည်း၊ ဣတိ – ဤ ၄၁ လုံးသော ဝဏ္ဏတို့သည်၊ အက္ခရာနာမ – အက္ခရာတို့ မည်၏၊ နက္ခရန္တိ – မပျက်စီးနိုင်ကုန်၊ ဣတိ– ထို့ကြောင့်၊ အက္ခရာ–အက္ခရာတို့မည်၏၊ ယေသံ–အကြင်အက္ခရာတို့၏၊ အ–အာ ဟူသော၊ အာဒိ–အစ အပိုင်းအခြားသည်၊ ( အတ္ထိ – ရှိ၏၊ ) ဣတိ– ကြောင့်၊ (တေ–ထို အက္ခရာတို့သည်၊)အာဒယော–အာဒိတို့ မည်၏၊ (၂)။

ဒေဝဒတ် ဝသုဒတ် ၃ ယောက်လုံးကို ထမင်းကျွေးအပ်ပါစေကုန်"ဟုရာ၌ ကျွေးခြင်းကြိယာကို ၃ ယောက်လုံး၌ တခုစီ မပြဲသော်လည်း အစိတ် အစိတ် (တယောက်စီ) နှင့် ဆိုင်သော ဝါကျ ဖြစ်ရကား "ဒေဝဒတ်ကိုလည်း၊ ကျွေးအပ်စေ–ယညဒတ်ကိုလည်း ကျွေးအပ်စေ– ဝသုဒတ်ကိုလည်း၊ ကျွေးအပ်စေ " ဟု အစိတ် အစိတ် အနက်ကို သိရ၏၊ "ဂဂ္ဂကုလဿ သတံ ဒဏ္ဍော–ဂဂ္ဂအမျိုးကို ဒဏ်တရာတပ် " ဟူရာ၌ အပေါင်းနှင့် ဆိုင်သော ဝါကျ ဖြစ်ရကား ဂဂ္ဂမျိုးတွင် တယောက်စီကို ဒဏ်တရာစီ တပ်ရမည် မဟုတ်, ဂဂ္ဂ တမျိုးလုံး (လူအပေါင်း)ကိုမှ ဒဏ်တရာတပ်ရမည်၊ ဤသို့ ဝါကျ ၂ မျိုးရှိရာ ဤ"အက္ခရာပါဒယော ဧကစတ္တာလီသံ " ဝါကျလည်း အစိတ် အစိတ်နှင့် ( အ အာ စသည့် ၄၁ လုံးစီနှင့် ) ဆိုင်သော ဝါကျဖြစ်၏၊ ထို့ကြောင့် အ အာ စသော ၄၁ လုံးပေါင်းမိမှ အက္ခရာအမည် ရသည်မဟုတ် , အ ၁လုံး အာ ၁လုံး စသည်ဖြင့် ၁လုံးစီပင် အက္ခရာအမည်ရသည်– ဟု သိစေလိုသောကြောင့်"ပစ္စေကံ"ဟု ထည့်၍ ဖွင့်ပြရသည်။ ["တံ ယထာ,အ အာ" စသည်ကို ကစ္စည်းဘာသာဋီကာ၌ ဖွင့်ထားသည်။]

**နက္ခရန္တိတိ၊ ပေ၊ အာဒယော**–ရင်းတို့ကား ပဒဝိဂ္ဂဟ သံဝဏ္ဏနာတည်း၊ "နက္ခရန္တီတိ အက္ခရာ"ဟူသော ဝိဂ္ဂဟသည် လဟုကနည်း (ပေါ့ပေါ့ဆဆ-ပြီးစလွယ်နည်း) အားဖြင့် ပြုအပ်သော ဝိဂ္ဂဟတည်း၊ " ခရန္တိတိ ခရာ , န+ခရာ = အက္ခရာ " ဟု ဂရုကနည်း (လေးလေးစားစားနည်း) အားဖြင့် သေချာစွာ ပြုရမည်၊ ခရန္တိ၌ ခရ ဓာတ်သည် ခယ (ကုန်ခမ်းခြင်း) နာသ(ပျောက်ပျက်ခြင်း) စသည်ဖြင့် အနက် အမျိုးမျိုးရှိရာ, ပါဠိဋီကာ၌ နာသ အနက်ကို ပြ၏၊ ခရန္တိ-ပျောက်ပျက်တတ်ကုန်၏၊ ဣတိ ခရာ၊ ပျောက်ပျက်တတ်သော ( အနိစ္စဖြစ်သော ) သင်္ခတ ရုပ်နာမ်ကို ရ၏၊ ခရာ–ပျောက်ပျက် တတ်သော သင်္ခတ ရုပ်နာမ်တို့သည်+န– မဟုတ်ကြ၊ အက္ခရာ– ပျောက်ပျက်တတ်သော သင်္ခတ ရုပ်နာမ်တို့ မဟုတ်ကြ၊ ဤ၌ ဝိဂြိုဟ်အရ ( ရုပ်နာမ်တွင် မပါဝင်သော ) ပညတ်သဒ္ဒါများ ရသည်။

**နိစ္စဝါဒီဝါဒ**။ ။ဆက်ဦးအံ့—သဒ္ဒါကျမ်း၌ သုံးစွဲသော သဒ္ဒါဟူသမျှကို "မြဲ၏" ဟု ဆိုလေ့ရှိသော နိစ္စဝါဒီဆရာ, မမြဲဟု ဆိုလေ့ရှိသော အနိစ္စဝါဒီ ဆရာ ဟု ၂ မျိုးရှိ၏၊ ထိုတွင် "အ အာ (ဗုဒ်ဓ) " စသည်ဖြင့် ရွတ်ဆိုခိုက်၌ ကြားရသော သဒ္ဒါသည် ပရမတ္ထ သဒ္ဒရုပ်တည်း၊ ကြားပြီးသည့်နောက် စိတ်ဖြင့်လိုက်၍ မှတ်သားအပ်သော ( ဝီထိစဉ်အားဖြင့် နာမဂ္ဂဟဏဝီထိ၏ အာရုံဖြစ်သော ) အ အာ စသော သဒ္ဒါတို့ကား (အ) ဟူသော နာမည်(အာ) ဟူသော နာမည်ကိုပြသော နာမပညတ် သဒ္ဒါတို့တည်း၊ ယခုအခါ သဒ္ဒါ

www.dhammaransi.com



ကျမ်း၌ သုံးစွဲအပ်သော အ အာ စသော ဗုဒ္ဓစသော သဒ္ဒါတို့သည် ပညတ္တိသဒ္ဒါ၏ အရုပ်မျှသာ ဖြစ်၍ သူတို့လည်း ပညတ္တိ သဒ္ဒါများတွင် ပါဝင်ရ၏၊ ပြခဲ့သော နာမပညတ္တိ သဒ္ဒါတို့သည် ပညတ် ဖြစ်သောကြောင့် နိစ္စတည်း၊ အ – ဟူသော နာမည် ပညတ်သည် ဘယ်ကာလမှ မပျက်စီးနိုင်– ဟူလို၊ ထို့ကြောင့် " ရူပံ ဇီရတိ မစ္စာနံ, နာမဂေါတ္တံ န ဇီရတိ= သတ္တဝါတို့၏ ရုပ်ခန္ဓာ ပရမတ်တရားသာ ဆွေးမြေ့ ပျက်စီး၍ နာမည် အနွယ်ဟူသော ပညတ်ကား မဆွေးမြေ့ မပျက်စီး" ဟု သံယုတ် ပါဠိတော်၌ ဟောတော်မူသည်၊ ဤကား နိစ္စဝါဒီဆရာတို့၏ အလိုတည်း၊ ခရမာတ်၏ နာသအနက်ကို ဖွင့်သော ပါဠိဋီကာ ဆရာလည်း ဤ နိစ္စဝါဒကို နှစ်သက်၏၊ ဤ ဆရာတို့အလို ပညတ် ဖြစ်သောကြောင့် အ အာ (ဗုဒ္ဓ) စသော သဒ္ဒါစုကို ခန္ဓာ အာယတန ဓာတ် သစ္စာ မဖွဲ့ ရတော့ပြီ။

**အနိစ္စဝါဒီဝါဒ။** ။သဒ္ဒါဟူသည် အ အာ စသည်ဖြင့် ရွတ်ဆိုအပ်သော ပရမတ္ထ သဒ္ဒရုပ်သာတည်း၊ ပရမတ္ထသဒ္ဒ ဖြစ်သောကြောင့် ဥပါဒ် ဌီ ဘင် အားဖြင့် ဖြစ်ပျက်နေရ တား အနိစ္စတို့သာတည်း၊ ယခု သဒ္ဒါကျမ်းတို့၌ တွေ့ရသော အ အာ စသည်မှာ ထို ပရမတ္ထသဒ္ဒ၏ အရုပ်မျှသာ ဖြစ်၏၊ ထို့ကြောင့် " အရင်းစစ်လျှင် အမြစ်မြေက " ဆိုတဲ့ အတိုင်း အရင်း အမြစ် ပရမတ္ထ သဒ္ဒအစစ်ကို လိုက်၍ သဒ္ဒါ ဟူသမျှသည် အနိစ္စသာ တည်း ဟု အနိစ္စဝါဒီဆရာတို့ ဆိုကြ၏၊ ထို ဆရာတို့အလို ပရမတ်ဖြစ်သော အ အာ(ဗုဒ္ဓ) စသော သဒ္ဒါများကို ရူပက္ခန္ဓာ သဒ္ဒါယတန သဒ္ဒဓာတ် ဒုက္ခသစ္စာ ဖွဲ့ရသည်၊ န+ခရန္တိ၌ ခရမာတ်ကိုလည်း နာသအနက်ဟော ဟု မယူဘဲ "ခယ–ကုန်ခမ်းခြင်း" အနက်ဟော ဟု ယူရလိမ့်မည်၊ န+ခရန္တိ –မကုန်နိုင်ကုန်၊ ဣတိ အက္ခရာ၊ " အ – ဟူသော သဒ္ဒါသည် ထပ်ကာ ထပ်ကာ ရွတ်ဆို၍ ဖြစ်နိုင်သောကြောင့် မကုန်နိုင် မခမ်းနိုင်ရကား အက္ခရာ မည်၏" ဟူလို၊ အာ-စသည်လည်း နည်းတူ၊ ပုဒ်စစ်၌ကား " ပိဋကတော်၌ အကုသလာ အဗျာကတာ စသည်ဖြင့် အ တလုံးထည်းပင် သုံးစွဲ၍ မကုန်နိုင်ခြင်းကို "န+ခရန္တိ" ဟု ဆိုလေသည်၊ အမှန်မှာ ပိဋကဌ် ဖြစ်စေ ပိဋကပြင်ဘက်၌ ဖြစ်စေ ထပ်ကာထပ်ကာ ရွတ် ဆို၍ ဖြစ်နိုင်သောကြောင့်သာ မကုန်နိုင်ခြင်း ဖြစ်သည် – ဟု မှတ်။ [ " အက္ခရာ " ဟု ဂရုသညာကိုပြုခြင်း၏အကျိုးနှင့် ဂရုသညာ လဟုသညာအကြောင်းကို ကစ္စည်းဘာသာ ဋီကာ ရူပသ္ခာဝဏ္ဏနာစုလသတ်၌ ရှု။]

**အအာဒိ၊ ပေ၊ အာဒယော။** ။အက္ခရပုဒ်၏ ပဒဝိဂ္ဂဟကို ပြပြီး၍ အာဒယော၏ ဝိဂ္ဂဟကို ပြလိုသောကြောင့် "အ+အာဒိ" စသည်ကို မိန့်၊ အာဒိသဒ္ဒါသည် မရိယာဒ (အပိုင်းအခြား) ပကာရ ( အတူ ) သမီပ ( အနီး ) အဝယဝ ( အစိတ်အစိတ် ) ဟု အနက် ၄ မျိုးရှိ၏၊ ဤနေရာ၌ မရိယာဒ အနက်သာ သင့်၏ ဟု ချာသဆိုသည်၊ အက္ခရာ ၄၁ လုံးကို စီတန်း၍ထားလျှင် ရှေ့ဆုံး အပိုင်းအခြားဖြစ်သော အက္ခရာမှာ ( အ ) တည်း၊ ထို့ကြောင့် "အာဒိ–အစ အပိုင်းအခြား" ဟု အနက်ပေးလိုက်သည်၊ "အာဒိ–အစ" ဟု ပေးရိုး အနက်မှာ မလွဲသော်လည်း မရိယာဒ အနက် ထင်မြင်ပလုက် ရှိ၏၊ [ဋီကာဥ်ကား "အာဒိသဒ္ဒေါ ပနေတ္ထ ပကာရတ္ထော " ဟု ဆို၏၊ အာ ဣ ဤ စသည်တို့နှင့် အက္ခရာချင်း တူသည်ကို ဆိုလိုဟန် တူ၏၊ မရိယာဒ အနက်လောက် အဓိပ္ပါယ် မလှချေ။]

မရိယာဒေ ပကာရေစ, သမီပါဝယဝေပိစ၊
စတုဗ္ဗိဓပ္ပကာရေသုံ, အာဒိသဒ္ဒေါ ပဝတ္တတေ။

www.dhammaransi.com



**ဌာန်အကြောင်း** ပန-ဆက်ဦးအံ့၊ အကာရာဒိနံ-အ အက္ခရာ အစရှိသော အက္ခရာတို့၏၊ ဝေသအနုက္ကမော-၏ အစဉ်သည်၊ ဌာနာဒိက္ကမသန္နိသိတော-ဌာန် အစရှိသည်တို့၏ အစဉ်ကို မှီ၏၊ တထာဟိ-ထိုစကားကို ချဲ့ဦးအံ့၊ ဌာန ကရဏ ပယတနေဟိ-ဌာန် ကရိုဏ်း ပယတ်တို့ကြောင့်၊ ဝဏ္ဏာ-ဝဏ္ဏတို့သည်၊ ဇာယန္တေ-ဖြစ်ကုန်၏၊တတ္ထ-ထို ဌာန် ၈ ရိုဏ်း ပယတ်တို့တွင်၊ ဌာနာနိ-ဌာန်တို့သည်၊ ကဏ္ဍ တာလု မုဒ္ဓ ဒန္တ ဩဋ္ဌ နာသိကာဝသေန - ကဏ္ဍဌာန် တာလုဌာန် မုဒ္ဓဌာန် ဒန္တဌာန် ဩဋ္ဌဌာန် နာသိကာဌာန်တို့၏ အပြားအားဖြင့်၊ ဝါ – လည်ချောင်းအရပ် , အာစောက် အရပ် , အာထိပ် အရပ် , သွား အရပ် , နှုတ်ခမ်းအရပ်, နှာခေါင်းအရပ် တို့၏ အပြားအားဖြင့်၊ ဆ-၆ ပါးတို့တည်း။

ဆက်ဦးအံ့ — အာဒယောကို ရုပ်တွက်သည့် အခါ “ အ+အာဒိ+ယ ” ဟု ဗဟုဗ္ဗီဟိသမာသ် ထုံးစံအတိုင်းတည်၊ မလိုရာ ချေ၍ ပကတိပြုသည့် အခါ “အ+အာဒိ”ဟု ပုဒ်ရင်းဖြစ်၏၊ ရှေ့ အကို ချေ၍ (တနည်း “ဝါပရော”ယောဂဝိဘာဂဖြင့် နောက်အာကိုချေ, ရှေ့အ ကို ဒီဃပြု၍ ) “ အာဒိ ” ဟု ပြီး၏၊ ထို့နောက် ယော သက်၍ အဂ္ဂယောကဲ့သို့ ပြီးစေ၊ ဤအာဒယောသည် တဂ္ဂုဏသံဝိညာဏဗဟုဗ္ဗီဟိ သမာသ် ဖြစ်ရကား အာဒယော အရ၌ အစဆုံး (အ ) အက္ခရာလည်း ပါ၏။ [တဂ္ဂုဏ သမာသ်သဘောကို သမာသ်ခဏ်း၌ သိရလတ့ံ။]

**အကာရာဒီန၊ ပေ၊ သန္နိသိတော—** [“အနုက္ကမောပန နေသံ”ဟု စာအုပ်များ၌ တွေ့ရ၏၊ အကာရာဒိနံ ပန ဧသ ယထာဝုတ္တော အနုက္ကမော” ဟူသော ဋီကာနှင့် အညီ “အနုက္ကမော ပနေသ”ဟု ပါဌ်မှန်ရှိစေ။] တစုံတခုကို ရှေ့နောက်စဉ်ရာ၌ “ ပဌမံ ကလလံ ဟောတိ, ကလလာ ဟောတိ အဗ္ဗုဒံ = ပဌမ ကလလ ရေကြည် ဖြစ်, ထို့နောက်မှ အမြှုပ်ဖြစ် ” စသည်ကဲ့သို့ ဖြစ်စဉ် အတိုင်း စဉ်၍ပြသော ဥပ္ပတ္တိက္ကမ , ရူပက္ခန္ဓော ဝေဒနာက္ခန္ဓော - စသည်ကဲ့သို့ ဘုရား ဟောတော်မူစဉ်အတိုင်း စဉ်၍ ပြသော ဒေသနာက္ကမ စသည်ဖြင့် အမျိုးမျိုး ရှိရာ “ အ အာ ဣ ဤ ” စသော အက္ခရာ အစဉ်သည် အဘယ် အစဉ်မျိုးပါနည်း ဟု မေးဘွယ်ရှိ၍ “အကာရာဒိန” စသည်ကို မိန့်သည်၊ အ အာ ဣ ဤ စသည်ဖြင့် ဆိုအပ်ခဲ့သော အက္ခရာ အစဉ်သည် သဒ္ဒါဆရာတို့ မိန့်ဆိုအပ်သော အစဉ် ဖြစ်သောကြောင့် ဒေသနာက္ကမမျိုးပင် ဖြစ်၏၊ ထို သဒ္ဒါဆရာ တို့လည်း အကြောင်းမဲ့ သက်သက် ထင်သလိုစဉ်ကြသည် မဟုတ်, ဌာန်အစဉ်ကိုရင်း နိဿယ နိဿိတ စသော အစဉ်ကိုရင်း မှီ၍ စဉ်ထားကြသည်။

ဆက်ဦးအံ့—ခန္ဓာကိုယ်၌ ချက်မှစ၍ နှုတ်ခမ်း ဦးခေါင်းအထိ လမ်းတလျှောက်သည် ရှိတ်ဆိုသည့်အခါ လေလျှောက်ရာ အရပ်တည်း၊ ထိုလမ်းတလျှောက်၌လည်း လည်ချောင်းမှ စ၍ အဆင့်ဆင့် မြင့်ကာ ဌာန်ခြောက်ပါး တည်နေပုံကို သတိပြုပါ၊ ထိုတွင် ပဌမဆုံး

တတ္ထ- ထိုဋ္ဌာန် ၆ ပါးတို့တွင်၊ အဝဏ္ဏ ကဝဂ္ဂ ဟကာရာ - အဝဏ် ၂ လုံး ကဝဂ် ၅ လုံး ဟအက္ခရာတို့သည်၊ ကဏ္ဌဇာ-ကဏ္ဌဋ္ဌာန်၌ဖြစ်ကုန်၏၊ ဣဝဏ္ဏ စဝဂ္ဂ ယကာရာ-တို့သည်၊ တာလုဇာ-တာလုဋ္ဌာန်၌ ဖြစ်ကုန်၏၊ ဋဝဂ္ဂရကာရဠကာရာ-တို့သည်၊ မုဒ္ဓဇာ-မုဒ္ဓဋ္ဌာန်၌ဖြစ်ကုန်၏၊ တဝဂ္ဂလကာရ သကာရာ-တို့သည်၊ ဒန္တဇာ-ဒန္တဋ္ဌာန်၌ ဖြစ်ကုန်၏၊ ဥဝဏ္ဏ ပဝဂ္ဂါ-တို့သည်၊ ဩဋ္ဌဇာ-နံ၏၊ ဧကာရော-ဧအက္ခရာသည်၊ ကဏ္ဌတာလုဇော-ကဏ္ဌတာလု ၂ဋ္ဌာန်တို့၌ဖြစ်၏၊ ဩကာရော-သည်၊ ကဏ္ဌောဋ္ဌဇော-ကဏ္ဌ ဩဋ္ဌ ၂ ဋ္ဌာန်တို့၌ ဖြစ်၏၊ ဝကာရော-သည်၊ ဒန္တောဋ္ဌဇော- ဒန္တ

ဋ္ဌာန်၌ ဖြစ်သော အက္ခရာကို ပဌမအစဉ်၌ စဉ်၍ ဒုတိယဋ္ဌာန် စသည်၌ ဖြစ်သော အက္ခရာများကို ဒုတိယအစ စသည်၌ စဉ်သည်၊ နိဿယ နိဿိတ ၂ ပါးတွင် နိဿယဖြစ်သော အက္ခရာကို ပဌမစဉ်သည်-စသည်ဖြင့် သိလေ၊ ဌာနာဒိ၌ အာဒိဖြင့် " နိဿယာဒေါ " စသော ဂါထာနှင့်အညီ "နိဿယ, နိဿိတ, ဗဟုတ္တ, လဟု, ဂရု" တို့ကိုယူ၊ [ဌာနာဒိ၌ အာဒိဖြင့် ကရိုဏ်း ပယတ်ကို ယူမှားတတ်၏၊ ကရိုဏ်းစဉ် ပယတ်စဉ် အတိုင်း အက္ခရာများကို မစဉ်ကြောင်း သတိပြုပါ။]

**တတ္ထ ဆဋ္ဌာနာနိ၊ပေ၊ဝသေန**—ဌာန် အနေအထား အစဉ်ကို မှီ၍ အက္ခရာရှေ့နောက် စဉ်ထားသောကြောင့် ထိုအက္ခရာ စဉ်ပုံကို မပြမီ ရှေးဦးစွာ ဌာန်အကြောင်းကို နားလည်သင့်ရကား ဌာန်ကို ( ဌာန်နှင့်စပ်၍ ကရိုဏ်း ပယတ်ကိုပါ ) ပြလိုသော အရှင် ဗုဒ္ဓပ္ပိယ ဆရာသည် "တတ္ထ" စသည်ကို မိန့်၊ ဌိဟန္တိ ဧတ္ထာတိ ဌာနံ=အက္ခရာတို့၏ ဖြစ်တည်ရာ အရပ်သည် ဌာန်မည်၏၊ ထိုဌာန်သည် ကဏ္ဌ စသည်ဖြင့် ၆ ပါးရှိကြောင်း ဤနေရာ၌ သိရပြီ၊ နောင်၌ ဥရဋ္ဌာန် လာဦးလတ္တံ့၊ ထိုတွင် ကဏ္ဌဟူသည် လည်မျို ဇလုပ်၏ အတွင်း ဖြစ်သော လည်ချောင်းအရပ်တည်း၊ တာလု ဟူသည် "အာခေါင်" ဟုရင်း အထက်သို့ မတ်စောင်းသောကြောင့် "အာစောက်" ဟုရင်း ခေါ်ရသော အရပ်တည်း၊ မုဒ္ဓ ဟူသည် သွားရင်း၏ အတွင်းနားတွင် မို့မောက်နေသော အရပ်တည်း၊ ဤအရပ်ကိုပင် "လျှာထိပ်" ဟု ရှေးကဆို၏၊ လျှာအဖျားနှင့် ယှံမှားဘွယ်ရှိသောကြောင့် "အာထိပ်" ဟု ဆရာများ မိန့်ကြသည်၊ ဒန္တ ဩဋ္ဌ နာသိကာ တို့မှာ ထင်ရှားပြီ၊ နာသိကာပုဒ်က ဗုဒ္ဓိလိန်ဖြစ်သောကြောင့် "နာသိကာဋ္ဌာန်" ဟု အာဒီဃဖြင့် ဆိုသည်၊ သရုပ် ရေတွက်ရာ၌ "ဝသေန" ဟု တွေ့လျှင် "အစွမ်း" ဟု မပေးဘဲ "အပြား" ဟုချည်း ပေးပါ၊ "တတ္ထ အဝဏ္ဏ၊ပေ၊နာသိကာ ဋ္ဌာနိကာစ" - ဝါကျတို့၌ စာရှိအတိုင်း "မည်သည့် အက္ခရာသည် မည်သည့် ဌာန်၌ ဖြစ်၏" ဟု မှတ်သားနိုင်လောက်ပြီ။

**ဧကာရော၊ပေ၊နာသိကာ ဋ္ဌာနိကာ**— ဧအက္ခရာသည် ကဏ္ဌဋ္ဌာန် တာလုဋ္ဌာန် ၂ ဋ္ဌာန်တို့၌ တပြိုင်နက်ဖြစ်၏၊ ရွတ်သည့်အခါ လည်ချောင်းနှင့် အာခေါင်၌ လေရိုက်သောကြောင့် လည်ချောင်းသံလည်း ပါ-အာခေါင်သံလည်း ပါ၏၊ တချို့က "တပြိုင်နက် ၂ ဋ္ဌာန်၌ ဖြစ်၏" ဟု မယူဘဲ တဋ္ဌာန်စီ ခွဲ၍ဖြစ်သည် ဟု ယူပြီးလျှင် " သော ဥတ္တိ "

www.dhammaransi.com



ဩဋ္ဌ ၂ ဌာန်တို့၌ ဖြစ်၏၊ နိဂ္ဂဟီတံ - နိဂ္ဂဟိတ်သည်၊ နာသိကာဋ္ဌာနဇံ - နာသိကာဋ္ဌာန်၌ ဖြစ်၏၊ င ဉ ဏ န မာ-င, ဉ, ဏ, န,မတို့သည်၊ သက ဋ္ဌာနိကာ - မိမိဋ္ဌာန်၌လည်း ဖြစ်ကုန်၏၊ နာသိကာ ဋ္ဌာနိကာစ - နာသိကာ ဋ္ဌာန်၌လည်း ဖြစ်ကုန်၏၊ ဣတိ-ဤသို့ မှတ်အပ်၏။

ဧတ္ထ-ဤအက္ခရာတို့တွင်၊ ပဉ္စမေဟိဝ - ငါးလုံးမြောက် င ဉ ဏ န မ တို့နှင့်၎င်း၊ အန္တဋ္ဌာဟိစ - အန္တဋ္ဌာမည်သော ယ ရ လ ဝ ၄ လုံးတို့နှင့်၎င်း၊ သံယုတံ - ယှဉ်သော၊ ဟကာရံ-ဟ အက္ခရာကို၊ ဩရသန္တိ-ဥရဋ္ဌာန်၌ဖြစ်၏ ဟူ၍၊ ဝဒန္တိ-ဆိုကုန်၏၊ တဒသံယုတံ-ထို ပဉ္စမ အက္ခရာ အန္တဋ္ဌာ အက္ခရာတို့နှင့် မယှဉ်သော ဟ သက်သက်ကို၊ ကဏ္ဌဇံ - ကဏ္ဌဋ္ဌာန်၌ ဖြစ်၏ ဟူ၍၊ (ဝဒန္တိ-ဆိုကုန်၏။)

ဟူသော ပါဠိ၌ ဧ အက္ခရာကို တဌာန်သံစီ ပေါ်အောင် အတော်ပြင်၍ ရွတ်ဘတ်ကြသည့်မှာ စဉ်စားဘွယ်သာ၊ ဩ အက္ခရာကို ရွတ်သည့် အခါ လည်ချောင်းသံ ပါ၏၊ နှုတ်ခမ်း ၂ ခုကို ခတ်စုစု ပြင်ပေးရသောကြောင့် နှုတ်ခမ်းသံသည်း ပါ၏၊ ထို့ကြောင့် ကဏ္ဌ ဩဋ္ဌ ၂ ဌာန်တို့၌ တပြိုင်နက် ဖြစ်ကြောင်း ထင်ရှားသည်၊ ဝ အက္ခရာကို မြန်မာတို့ ရွတ်ရာ၌ သွားနှင့် မထိရကား ဒန္တဋ္ဌာန်သံ မပါချေ၊ အထက်သွားဖျားနှင့် အောက်နှုတ်ခမ်းဖျားကို စင်၍ ရွတ်မှသာ ဒန္တနှင့် ဩဋ္ဌ ၂ ဌာန်သံပါသဖြင့် စာအတိုင်းညီမည်၊ "အံ ဣံ ဥံ" ဟု ရွတ်သည့် အခါ နိဂ္ဂဟိတ်အတွက် နှာခေါင်းသံ ထွက်လျက်ရှိ၏၊ နှာခေါင်းပိတ်၍ ရွတ်လျှင် နှာခေါင်းတွင်း၌ လေသံတွေ ပြည့်ကာ နိဂ္ဂဟိတ်သံ မပြီဘဲ ရှိ၏၊ ထို့ကြောင့် "နိဂ္ဂဟိတ်သည် နာသိကာဋ္ဌာန် (နှာခေါင်း အရပ်) ၌ ဖြစ်၏" ဟု သိသာသည်၊ "င-ဉ-ဏ-န-မ" ဟူသော ဝဂ္ဂန္တ ၅ လုံးသည် မိမိဆိုင်ရာ ဌာန်၌လည်း ဖြစ်, နာသိကာဋ္ဌာန်၌လည်း ဖြစ်၏၊ (င) အက္ခရာသည် ကဏ္ဌဋ္ဌာန်နှင့် နာသိကာဋ္ဌာန်တို့၌ တပြိုင်နက် ဖြစ်၏-စသည်ဖြင့် သိလေ။

**ဟကာရံ၊ ပေ၊ တဒသံယုတံ** — င ဉ ဏ န မ ဟူသော ပဉ္စမက္ခရာနှင့် အန္တဋ္ဌာမည်သော ယ ရ လ ဝ, ဤအက္ခရာ ၉ လုံးနှင့် ယှဉ်သော ဟ အက္ခရာကို ဥရဋ္ဌာန်၌ ဖြစ်၏ ဟု ရှေးဆရာတို့ ဆိုကြ၏၊ ထို ၉ လုံးနှင့် မတွဲသော ဟ သက်သက်ကား ကဏ္ဌဇ သာတည်း၊ ထို အက္ခရာ ၉ လုံးကို ဟ နှင့်တွဲလျှင် "ငှ ဉှ ဏှ နှ မှ ယှ ရှ လှ ဝှ" ဟု ဖြစ်၏၊ ရွတ်သည့် အခါ ရင်ခေါင်းသံ ပါ၏၊ ထို ၉ လုံးတွင် "ငှ ရှ" တို့သည် ပါဠိသုံး မရှိ၊ ဉှ စသည်ကား "ပဉှံ, တုဏှီ, နှာနံ, အမှိ, မယှံ, ဝုလှော (ဝုဠှော) ဇိဝှါ" ဟု ပါဠိသုံး ရှိ၏၊ ဠ နှင့်တွဲသော ဟ လည်း ဥရဋ္ဌာန်၌ ဖြစ်၏၊ သို့သော် သဒ္ဒါဘာကရုဏ်း၌ ဠ ကို ဠ သံဖြင့် သုံးသောကြောင့်၎င်း, လနှင့် ဠ မထူး ဟု အယူရှိသောကြောင့်၎င်း, ဠကို ချန်လှပ်ဟန်တူသည်၊ [ "ကောတံ နိန္ဒိတု မရဟတိ" ၌ ရနှင့် ဟကိုတွဲ၍ "မရှတိ" ဟု ဖြစ်သင့်ကြောင်း ကြံ၍ ရဟဆိုးလည်း ပါဠိသုံး ရှိ၏-ဟု ကြံကြသေး၏။]

www.dhammaransi.com



**ကရိယာအကြောင်း** ဗိမ္ဗါမဇ္ဈံ - ဗျာလယ်အရပ်သည်၊ တာလုဇာနံ - တာလုဇ အက္ခရာတို့၏၊ ကရဏံ-ကရိယာတည်း၊ ဗိမ္ဗောပဂ္ဂံ - ဗျာဖျားဏ် အနီးအံရပ်သည်၊ မုဒ္ဓဇာနံ-မုဒ္ဓဇ အက္ခရာတို့၏၊ (ကရဏံ-တည်း၊)ဗိမ္ဗဂ္ဂံ-ဗျာဖျား အရပ်သည်၊ ဒန္တဇာနံ-ဒန္တဇ အက္ခရာတို့၏၊ ( ကရဏံ - တည်း၊ ) သေသာ - ကြွင်းသော အက္ခရာတို့သည်၊ သကဋ္ဌာန ကရဏာ-မိမိဌာန်ဟူသော ကရိယာရှိကုန်၏။

**အန္တဋ္ဌာ။** ။ "အန္တဋ္ဌာ ယ ရ လ ဝါ" ဟု ကလာပ်သုတ် ရှိ၏၊ ဝဂ်အက္ခရာ ၂၅ လုံးသည် ဖုဋ္ဌအက္ခရာ ( ဖုဋ္ဌပယတ်ရှိသော အက္ခရာ ) မည်၏၊ တာလုဇသ , မုဒ္ဓဇသ, ဒန္တဇသ, ဤ ၃ လုံးနှင့် ဟသည် ဥသ္မအက္ခရာမည်၏၊ ထို ဖုဋ္ဌ အက္ခရာ ဥသ္မ အက္ခရာတို့၏ အလယ်၌ တည်သောကြောင့် " အန္တေ-အလယ်၌၊ တိဋ္ဌတိ-တည်တတ်၏ " ဟူသော ဝိဂ္ဂြိုဟ်အရ ယ ရ လ ဝ ၄ လုံးသည် အန္တဋ္ဌာ မည်၏၊ ဟောနက် (အဘိဓေယျ) သည် ဝဏ္ဏကို ရသောကြောင့် ပုလ္လိင်ဖြင့် "အန္တဋ္ဌော"ဟု ရှိသင့်သော်လည်း ရှေးဆရာတို့ သတ်မှတ်ချက်အတိုင်း " အန္တဋ္ဌာ " ဟု ဣတ္ထိလိင်သာ ရှိရသည်၊ ထို့ကြောင့် ဂါထာ၌လည်း "အန္တဋ္ဌာဟိ" ဟု ဣတ္ထိလိင်ရှိသည်။ [ " ဝဏ္ဏဝိသယောပိ အန္တဋ္ဌာသဒ္ဒေါ ဣတ္ထိလိင်ေါ ဧဝ"—မောဂ္ဂလ္လာန် ပဉ္စိကာ။]

**ကရိယာ ၄ ပါး ။** ။ ဌာန်ကိုပြပြီး၍ ကရိယာကို ပြလိုသောကြောင့် " ဇိဝှါမဇ္ဈံ " စသည်ကို မိန့်၊ "ဧတေန-ဤ ဗျာသယ်စသော အရပ်ဖြင့်၊ ကရိယတေ (ဥစ္စာရီယတေ)- ရွတ်ဆိုအပ်ကုန်၏၊ ဣတိ-သို့ကြောင့်၊ ကရဏံ-ကရိယာမည်၏၊ အက္ခရာတို့ကို ရွတ်ဆိုကြောင်း ဖြစ်သော ထို ကရိယာသည် ဇိဝှါမဇ္ဈ ဇိဝှောပဂ္ဂ ဇိဝှဂ္ဂ သကဋ္ဌာန အားဖြင့် ၄ ပါး ရှိ၏၊ " ဣ ဤ စ ဆ ဇ ဈ ဉ ယ " ဤ တာလုဇ ရှစ်လုံးတို့ကို ရွတ်ဆိုသည့် အခါ အာစောက်နှင့် ဗျာလယ် ၂ ခုစပ်၍ ရွတ်ဆိုရ၏၊ ထိုတွင် အာစောက်အရပ်သည် ဌာန်, ဗျာလယ်ကား ( သူပါမှ ရွဲ၍ ဖြစ်သောကြောင့် ရွဲဆိုကြောင်း ) ကရိယာတည်း၊ ဇိဝှောပဂ္ဂကို " ဇိဝှါ+ဥပဂ္ဂ " ဟု ခွဲ၊ ဥပဂ္ဂ="ဥပ+အဂ္ဂ၊ အဂ္ဂ=အဖြား၏+ဥပ=အနီး၊ ဇိဝှါယ+ဥပဂ္ဂံ , ဇိဝှောပဂ္ဂံ၊ ဗျာ၏ အဖျားဆုံး မဟုတ်ဘဲ အဖျားကပ်နေသော အစိတ်အပိုင်းကို ( "ဇိဝှါ+ဥပဂ္ဂ " မှ ဥကို ဩ ပြု၍ ) ဇိဝှောပဂ္ဂ ဟု ခေါ်၏၊ ဋ ဌ စသော မုဒ္ဓဇ အက္ခရာများကို ရွဲသည့် အခါ အာထိပ်နှင့် ဗျာဖျားအနီးကို စပ်၍ ရွတ်ရ၏၊ ထိုတွင် အာထိပ်သည် ဌာန်, ဗျာဖျား၏ အနီးကား ဇိဝှောပဂ္ဂ ကရိယာတည်း။ [ဇိဝှဂ္ဂ=ဇိဝှါ+အဂ္ဂ=ဗျာ၏+အဖျား၊ ] တ ထ စသော ဒန္တဇ အက္ခရာတို့ကို ရွတ်သည့် အခါ သွားအရင်းကို ဗျာဖျားနှင့် တို့၍ ရွတ်ရ၏၊ ထိုတွင် သွားရင်းသည် ဒန္တဌာန် , ဗျာဖျားကား ဇိဝှဂ္ဂ ကရိယာတည်း။

**သကဋ္ဌာန ကရဏာ ။** ။ သကဋ္ဌာနံ+ကရဏံ ယေသံတိ သကဋ္ဌာန ကရဏာ၊ "ယေသံ-အကြင် အက္ခရာတို့၏၊ သကဋ္ဌာနံ-မိမိဌာန် ဟူသော၊ ကရဏံ - ကရိယာသည်၊ အတ္ထိ – ရှိ၏ " ဟု ပေး၊ တာလုဇ မုဒ္ဓဇ ဒန္တဇမှ ကြွင်းသော ကဏ္ဌဇ ဩဋ္ဌဇ နိဂ္ဂဟိတ်

www.dhammaransi.com



**ပယတ်အကြောင်း** သံဝုဋ္ဌာဒိကရဏာ ပိသေသော - ဌာန် ကရိဏ်းတို့ကို ပိတ်ခြင်း အစရှိသော အပြုအမူ အထူးသည်၊ ပယတနံ - ပယတ် မည်၏၊ သံဝုဋတ္တံ - ဌာန် ကရိဏ်းတို့ ပိတ်အပ် ကုန်သည်၏ အဖြစ်သည်၊ ဝါ - ဌာန် ကရိဏ်းတို့ကို ပိတ်ခြင်းသည်၊ အကာရဿ - အ အက္ခရာ၏၊ ( ပယတနံ - ပယတ်တည်း ၊) ဝိဝဋံ - ဌာန် ကရိဏ်းတို့ကို ဖွင့်ခြင်းသည်၊ သေသသရာနံ - ကြွင်းသော သရတို့၏ငင်း၊ သကာရ ဟ ကာရာနဉ္စ - သအက္ခရာ ဟအက္ခရာတို့၏ငင်း၊(ပယတနံ - တည်း၊)သမ္ဗုန္ဓိ -

အက္ခရာတို့ကို ရွတ်ရာ၌ ဌာန်မှ တပါး အခြား ကရိဏ်း မရှိ , မိမိ တည်းဟူသော ဌာန် သည်ပင် ကရိဏ်းလည်း ဖြစ်တော့၏၊ ပွဲကရာ၌ လူ တယောက်ထည်းက မင်းသား မင်းသမီး ၂ ကိစ္စကို ရွက်ဆောင်ရ၍ " မင်းသမီးလဲ ငါပငါပ, မင်းသားလဲ ငါပငါပ " ဟု ဆိုသကဲ့သို့ , လည်ချောင်းနှင့် နှုတ်ခမ်း နှာခေါင်း အရပ်တို့သည် သူတို့သည်ပင် ဌာန် သူတို့သည့်ပင် ကရိဏ်းဖြစ်ကြ၍ "ဌာန်လည်း ငါပငါပ, ကရိဏ်းလည်း ငါပငါပ" တည်း၊ က အက္ခရာကို ရွတ်ဆိုသည့် အခါ လည်ချောင်းသည် အက္ခရာဖြစ်ရာ ဌာန်လည်း ဟုတ် ရွတ်၍ ဖြစ်ကြောင်း ကရိဏ်းလည်း ဟုတ်၏ ဤသို့ စသည်ဖြင့် သိလေ။ [ အချို့ကား လည်ချောင်းကို ရှေ့ဘက် နောက်ဘက်, သို့မဟုတ် ဘေးတဘက်စီ ခွဲ၍ တဘက်ကို ဌာန် ယူလျှင် အခြားတဘက်ကို ကရိဏ်းယူရမည် - ဟု ပြောကြ၏၊ ထိုဝါဒမှာ " သကဋ္ဌာန ကရဏာ" ဟူသော ပါဠိနှင့် မလျော်၊ ထိုပါဠိအဓိပ္ပါယ်မှာ ဌာန်နှင့် ကရိဏ်းကို တဘက်စီ မခွဲခြားဘဲ "မိမိ တည်းဟူသော ဌာန်သည်ပင် ကရိဏ်းလည်း ဖြစ်၏" ဟု ဆိုလိုသည်၊ သြဋ္ဌ နာသိကာတို့၌လည်း ဤနည်းပင်။ ]

**ပယတနံ သံဝုဋ္ဌာဒိ ကရဏာ ပိသေသော**—ကရိဏ်းကို ပြပြီး၍ ပယတ်ကို ပြလိုသော ကြောင့် "ပယတနံ" စသည်ကို မိန့်၊ [ သံဝုဋ္ဌာဒိ၌ အာဒိဖြင့် ဝိဝဋ - သံဖုဋ္ဌ - ဤသံဖုဋ္ဌ တို့ကို ယူ၊ ] ပယတန၌ ပပုဗ္ဗ ယတီဓာတ်သည် အာထုတ်ခြင်း အနက်ဟော၏၊ ဌာန် ကရိဏ်း တို့ကို ပိတ်ခြင်း, ဖွင့်ခြင်း, ဌာန်ကရိဏ်းတို့၏ စေ့စေ့ စပ်စပ် ထိခြင်း, ဇဉ္စုငယ် ထိခြင်းသည် ရွတ်ဆိုသူ၏ အားထုတ်မှု အမူအရာတည်း၊ ထို အမူအရာ အထူးကို "ပယတန" ဟု ခေါ် သည်၊ စည်သံမြည်ဘို့ အရေး၌ စည်, စည်ရိုက်ဒုတ်, လူတယောက်၏ အားစိုက်၍ ရိုက်မှု ( အမူအရာ ), ဤ ၃ ပါးစုံမှ စည်သံ ပေါ်လာသကဲ့သို့, ထို့အတူ အသံဖြစ်ရာ၌ ဌာန်, ရွတ်ဆိုကြောင်း ကရိဏ်း, ထိုဌာန်နှင့် ကရိဏ်းကို ပိတ်ခြင်းစသော အားထုတ်မှုပယတ်, ဤ ၃ ပါးစုံမှ အက္ခရာသံ ဖြစ်ပေါ်လာ၏၊ စည်နှင့်ဌာန်, စည်ရိုက်ဒုတ်နှင့် ကရိဏ်း, အားစိုက်၍ ရိုက်မှုနှင့် ပယတ်တို့ တူကြသည်၊

**သံဝုဋတ္တံ ၊ ပေ ၊ ဟကာရာနံ**— ဣ ပစ္စည်း၏ ဘာဝအနက် ပေါ်အောင် ပိတ်အပ် ကုန်သည်၏ အဖြစ်" ဟု အနက်ပေးသည်၊ ပိတ်အပ်ကုန်သည့်၏ အဖြစ်" ဟူသည် ပိတ် ခြင်း ကြိယာပင်တည်း၊ (အ) ကို ရွတ်သည့်အခါ အ၏ ဖြစ်ရာ ကဏ္ဌဌာန်နှင့် သကဋ္ဌာန ကရိဏ်း ဟူသော လည်ချောင်းကို ပိတ်၍ ရွတ်ရ၏၊ ထို ဌာန်နှင့် ကရိဏ်း ပိတ်ခြင်း အမူ

www.dhammaransi.com



ဌာန် ကရိုဏ်းတို့၏ ကောင်းစွာ ထိခြင်း ( စေ့စပ်စွာ ထိခြင်း)သည်၊ ပဉ္စဝဂ္ဂါနံ-၅ ဝဂ်တို့၏၊ (ပဿတနံ-တည်း၊ ) ဤ သမ္ဖုဋ္ဌ- ဌာန်ကရိုဏ်း တို့၏ စဉ့်ငယ် ထိခြင်းသည်၊ ယ ရ လ ဝါနံ-ယ, ရ, လ, ဝ တို့၏ ( ပယာဘနံ-တည်း၊)ရှာဘ်-ဤသို့ ဌာန်ကရိုဏ်း ပယတ်တို့ကြောင့် ဝဏ္ဏာဘို့ ဖြစ်ကုန်၏။ [ " ဌာန ကရဏ ပယာဘနေဟိ ဝဏ္ဏာ ဓာယန္တေ " ဟု စချိခဲ့သော စကားကို ရှာဘ်ဖြင့် ပြန်၍အုပ်သည်။]

အရာသည် သံဝုဋပယတ်ဘည်း၊ အ – မှ ကြွင်းသော အာ စသော သရနှင့် သ အက္ခရာ ဟ အက္ခရာတို့ကို ရွှာဘ်သည့်အခါ ကဏ္ဍစသော ဌာန်နှင့် ဆိုင်ရာကရိုဏ်းကို ဖွင့်၍ ရွှာဘ်ရ၏၊ ဤသို့ ဆိုင်ရာ ဌာန်နှင့် ကရိုဏ်းကို ဖွင့်၍ ရွှာဘ်ခြင်း အမူအရာသည် ဝိဝဋပယတ် မည်၏။ [ဝိဝဋပယတ်နှင့် ဆိုင်သော အက္ခရာ ၉ လုံးတွင် "သ" ကို မြန်မာရွှာဘ်နည်းအတိုင်း ဒန္တဌာန်နှင့် ဇိဝှဂ္ဂ ကရိုဏ်းကို ဖွင့်၍ ရွှာဘ်လို့မဖြစ်၊ ဟိန္ဒူ အင်္ဂလိပ် သီဟိုဠ်တို့ကား မြန်မာများ ရွှတ်သလို"သ"ဟု မရွှတ်ကြ၊ (စ) သံလိုလို ရွှာဘ်ကြ၏၊ ထို အသံအတိုင်း ရွှာဘ်မှသာ ဒန္တဌာန်နှင့် ဇိဝှဂ္ဂ ကရိုဏ်းတို့ မထိသဖြင့် ဝိဝဋပယတ်ဆိုသော စကားနှင့် ညီမည်။]

**သံဖုဋ္ဌံ ပဉ္စဝဂ္ဂါနံ** — [နောက်ပယတ်ကို " ဤသံဖုဋ္ဌ=ဇဉ့်ငယ်ထိခြင်း " ဟု ဆိုသောကြောင့် ဤ ပယတ်ကို သမ္ဖုဋ္ဌ (သံ=ကောင်းစွာ, စေ့စပ်စွာ+ဖုဋ္ဌ=ထိခြင်း) ဟု ဆို၏၊ ]] ဝဂ် ၅ ပါးတို့တွင် ကဝဂ် ပဝဂ်၌ အထူးဆိုဘွယ် မရှိ၊ "စ ဆ ဇ ဈ"တို့သည် ယခု မြန်မာ ရွှာဘ်ပုံအားဖြင့် တာလုဌာန်နှင့် ဇိဝှါမဇ္ဈ ကရိုဏ်းတို့ စေ့စပ်စွာ မထိနိုင်ကြ၍ သံဖုဋ္ဌပယတ် မဖြစ်နိုင်၊ ဟိန္ဒူ သီဟိုဠ် အသံထွက် အတိုင်း "ကျ ချ ဂျ ဈျ"ဟု ရွှာဘ်မှ သံဖုဋ္ဌ ဖြစ်သည်၊ ထို့ပြင်-တာလုဇဋဝဂ်နှင့် ဒန္တဇဘဝဂ်တို့လည်း မြန်မာရွှာဘ်သံ၌ ကွဲကွဲပြားပြားမသိသာရုံမက, ဒန္တဇ(တ)ဝဂ်တို့၌လည်း ဒန္တဌာန် (သွားရင်းသံ) မပါချေ၊ သီဟိုဠ်အသံ အတိုင်း ဋ သံနှင့် သ သံတို့ အကြား၌ အသံထွက်အောင် ရွှာဘ်မှ ဒန္တဌာန်သံ ထင်ရှားပေမည်။

**ဤသံဖုဋ္ဌံ ယရလဝါနံ** — ယကို ရွှာဘ်သည့်အခါ ယ၏ဖြစ်ရာ တာလုဌာန်(အာခေါင်) နှင့် ဇိဝှါမဇ္ဈ ကရိုဏ်းကို မထိ တသိ ရွှတ်ရ၏၊ ဤသို့ ဇဉ့်ငယ်ထိ (မထိ တထိ) ရွှာဘ်ခြင်း အမူအရာကို "ဤသံဖုဋ္ဌ"ပယတ် ဟု ခေါ်၏၊ ရဝတို့ ရွှတ်သည့် အခါလည်း ဆိုင်ရာ ဌာန် ကရိုဏ်းတို့ မထိ တထိပင်၊ လ ကို ရွှာဘ်ရာ၌ကား မြန်မာတို့ ရွှတ်ပုံမှာ ဌာန်နှင့် ကရိုဏ်း စေ့စပ်စွာ ထိနေ၏၊ ဣန္ဒိယသားများ ရွှာဘ်သလို မထိ တထိ ရွှာဘ်မှ ဤသံဖုဋ္ဌ ပယတ်နှင့် လျော်မည်၊ [တချို့က-ရကို ရွှာဘ်သည့်အခါ လျှာကို ခေါက်လိပ်၍ ရွှာဘ်ရမည် ဟု ဩဝါဒ ပေးကြ၏၊ ခေါက်လိပ်၍ ရွှတ်လျှင် စေ့စပ်စွာ ထိနေသောကြောင့်၎င်း နဂိုရ်လျှာအလိုက် ရွှတ်ဖြစ်ပါလျက် ခေါက်လိပ်နေ၍၎င်းဖြင့် အကျိုးမထူးသောကြောင့်၎င်း ထို ဩဝါဒကို စဉ်းစားထိုက်သည်။]

**သံဝုဋနှင့် သံဖုဋ္ဌအထူး။** ။သံဝုဋသဒ္ဒါသည်"ပိတ်ထားခြင်း"အနက်ကို ဟော၏၊ ဖုဋ္ဌသဒ္ဒါကား ပိတ်ခြင်း၊ အနက်ကို မဟော, ထိခြင်း အနက်ကိုသာ ဟော၏၊ ထို့ကြောင့် သံဝုဋ ပယတ်၌ ရွှာဘ်ဆဲ ကာလနှင့် ရွှာဘ်ပြီးစ ကာလဝယ် ဌာန်နှင့် ကရိုဏ်းတို့ ပိတ်လျက်

www.dhammaransi.com



အက္ခရာ ရှေ့နောက်စဉ်ပုံ ဧဝံ-ဤသို့၊ ဝါ-ဤဆိုအပ်ပြီးသည့်အတိုင်း၊ ဌာန ကရဏ ပယတန သုတိ ကာလ ဘိန္နေသု - ဌာန်, ကရိုဏ်း, ပယတ်, သုတိ, ကာလ အားဖြင့် ပြားကုန်သော၊ အက္ခရေသု- အက္ခရာတို့တွင်၊ သရာ-သရတို့သည်၊ နိဿယာ-မှီရာတို့တည်း၊ ဧတရေ-သရမှ အခြားသော ဗျည်းတို့သည်၊ နိဿိတာ-မှီတတ်သော အက္ခရာတို့တည်း၊ တဒ္ဒွ-ထို နိဿယ နိဿိတ ၂ မျိုးတို့တွင်၊....

နိဿယာ-မှီရာဖြစ်ကုန်သော၊ သရာ-တို့ကို၊ (နိဿယာ-မှီရာတို့၏ အဖြစ်ကြောင့်၊) အာဒေါ-ဗျည်းတို့၏ အစ၌၊ ဝုတ္တာ-ဆိုအပ်ကုန်ပြီ၊ နိဿိ

ရှိ၏၊ အ အက္ခရာကို ရွတ်ကြည့်ပါ၊ သံဖုဋ္ဌ ပယတ်၌ကား ရွတ်ဆိုသည့်အခါ ဌာန်နှင့် ကရိုဏ်းကို သေချာစွာ ထိထားပြီးလျှင် ရွတ်၍မပြီးခင် ထိုအထိကို ဖွင့်လိုက်ရ၏၊ ပ ကို ရွတ်ကြည့်ပါ၊ ဤသို့ သံဝုဋ္ဌ၏ ရွတ်ဆဲ,ရွယ်ပြီးစဉ် ပိတ်ထားရခြင်း – သံဖုဋ္ဌ၏ မရွတ်ခင် ထိပြီးလျှင် ရွတ်သည်နှင့်တပြိုင်နက် ဖွင့်လိုက်ရခြင်းသည် ပယတ် ၂ ပါး၏ ထူးခြားချက်တည်း။ [ အက္ခရာ ရွတ်နည်းများငယ် မြန်မာသံ၌ ပြုပြင်ရန် အတော်များစွာ ရှိသေးရကား သရဏဂုံ ကမ္မဝါစာတို့၌ ကျနသည်ထက် ကျနဘို့ရာ ဆရာသမားတို့ထံ ရွတ်နည်း ဖတ်နည်းကို ဌာန်ကရိုဏ်း ပယတ် ညီညွတ်အောင် လေ့သင့်ကြသည်။ ]

**ဧဝံ ဌာန၊ပေ၊ ကာလဘိန္နေသု** — ဌာန် ကရိုဏ်း ပယတ်တို့ကို ပြပြီး၍ အက္ခရာရှေ့နောက်စဉ်ပုံကို ပြလိုသောကြောင့် "ဧဝံ" စသည်ကို မိန့်၊ ဧဝံသည် ဆိုအပ်ပြီးသော ဌာန် ကရိုဏ်း ပယတ်တို့ကို ညွှန်ပြသော (နိဒဿနတ္ထ) နိပါတ်တည်း၊ ဘိန္နေသုကို ရှေးရှေးပုဒ်တို့၌လည်း စပ်၍ ဌာနဘိန္န–ကရဏဘိန္န–ပယတနဘိန္န–သုတိဘိန္န ဟု မှတ်၊ ထိုတွင် အက္ခရာတို့၏ (ကဝဂ်နှင့် စဝဂ် စသည်တို့) ဌာန်အားဖြင့် ကွဲပြားပုံ (မတူပုံ) သည် ဌာနဘိန္နမည်၏၊ (ကဝဂ်၏ ကရိုဏ်းသည် သကဋ္ဌာနကရိုဏ်း, စဝဂ်၏ ကရိုဏ်းကား ဇိဝှါမဇ္ဈကရိုဏ်း) ဤသို့ ကရိုဏ်းအားဖြင့် ကွဲပြားပုံသည် ကရဏဘိန္နမည်၏၊ အ ၏ ပယတ်သည် သံဝုဋ္ဌ, အာ၏ပယတ်ကား ဝိဝဋ္ဋ, ဤသို့ အ နှင့် အာ ၏ ပယတ်အားဖြင့် ကွဲပြားပုံသည် ပယတနဘိန္နမည်၏၊ ဤသို့စသည်ဖြင့် ပြခဲ့သည့်အတိုင်း သိနိုင်လောက်ပြီ၊ "သူယတေတိ သုတိ" နှင့်အညီ နား၌ကြားအပ်သော အသံသည် သုတိမည်၏၊ က နှင့် ခ သည် အဃောသဖြစ်၍ နား၌ မထန်မပြင်း ကြားရ၏၊ ဂ ဃ င တို့သည် ဃောသဖြစ်၍ ထန်ထန်ပြင်းပြင်း ကြားရ၏၊ ဤသို့ စသည်ဖြင့် အက္ခရာ တို့၏ ကြားရသော အသံအားဖြင့် ကွဲပြား ခြားနားမှုသည် သုတိဘိန္နမည်၏၊ ရွတ်ဆိုရာ အချိန်အခါကို ကာလ ဟု ခေါ်၏၊ ရဿသရတို့ကို ရွတ်သည့်အခါ တစ်မတြာသာ ကြာ၍ ဒီဃသရတို့ကို ရွတ်သည့်အခါ ၂ မတြာကြာ၏၊ ဤသို့ ရွတ်ရာကာလအားဖြင့် ကွဲပြားမှုသည် ကာလဘိန္န မည်၏။

**သရာ နိဿယာ၊ ပေ၊ နိဿိတာ** — ဤသို့ ဌာန်စသည်အားဖြင့် ကွဲပြားကုန်သော အက္ခရာတို့တွင် သရတို့သည် ဗျည်းတို့၏ မှီရာ နိဿယ များသာတည်း၊ ဗျည်းတို့ကား သရတို့ကိုမှီရမှ အသံပြီးသောကြောင့် နိဿိတတို့တည်း၊ ကျောင်းဆောက်ရာ၌ မှီရာ

www.dhammaransi.com



တာ-မှီတတ်ကုန်သော၊ ဗျဉ္ဇနာ - တို့ကို၊ (နိဿိတာ-မှီတတ်ကုန်သည်၏ အဖြစ်ကြောင့်၊) တတော - ထို သရမှ နောက်၌၊ ဂုတ္တာ - ကုန်ပြီ၊ ဝဂ္ဂါ- ဝဂ်တို့ကိုဎင်း၊ ဧကဇာ-ဧကဇသရ, ဧကဇဝဂ်, ဧကဇ အဝဂ်တို့ကိုဎင်း၊ ဗဟုတ္တာ-များကုန်သည်၏ အဖြစ်ကြောင့်၊ အာဒေါ - အစ၌၊ ဂုတ္တာ - ၏၊ တတော - ထို့ပြင်၊ ဌာန လဟုက္ကမာ - ဌာန်အစဉ်, လဟု ဂရု အစဉ်တို့သည်၊ ပေါ်ဍ္ဍ္ဍိ - ဖြစ်ကုန်၏၊ [ "ဌာနာ လဟုက္ကမာ" ဟု တချို့ရှိ၍ "ဌာနာ- ဌာန်အစဉ်အားဖြင့်ဎင်း၊ လဟုက္ကမာ-လဟု ဂရု အစဉ်အားဖြင့်ဎင်း၊ ဂုတ္တာ - ကုန်ပြီ" ဟု အနက်ပေးကြ၏၊ သိဟိုဠ် ရူပသိဒ္ဓိ၌ "ဌာန လဟုက္ကမာ "ဟုသာ ရှိ၏၊ "ဌာနာ လဟုက္ကမော" ရှိသည်ကား လုံးလုံး မကောင်း။ ]

မြေသည် ပဌမတည်ရှိ၍ ထို့နောက်မှ မြေကိုမှီသော ကျောင်းပေါ်လာရခြင်းသည် ထုံးစံ ဖြစ်သကဲ့သို့, ထို့အတူ မှီရာသရကို ပဌမပြ၍ မှီတတ်သောဗျည်းကို နောက်မှပြခြင်းသည် လောကထုံးစံ လျော်ကန်သင့်မြတ်ပေသည်၊ [ဂါထာ၌"နိဿယာ, နိဿိတာ"ပုဒ်ဘို့ကို ဝိသေသနလည်း ဖြစ်-ဟိတ် အနက်လည်း ဖြစ်သော ဟေတုမန္တ ဝိသေသန ဟု ကြံ၍ အနက် ၂ ထပ် ပေးလိုက်သည်၊ မှီရာ သရတို့ကို မှီရာဖြစ်သောကြောင့်ပင် အစ၌ ဆိုထား၍, မှီတတ်သောဗျည်းတို့ကို မှီတတ်သောကြောင့်ပင် သရနောက်မှ ဆိုထားသည်၊ "သရနှင့် ဗျည်းတို့ကို ရှေ့နောက် စဉ်ရာ၌ အကြောင်းတပါး ရှာဘွယ်မလို, နိဿယ ဖြစ်ခြင်း နိဿိတ ဖြစ်ခြင်းသည်ပင် အကြောင်းတည်း" ဟူလို။]

ဝဂ္ဂေကဇာ ဗဟုတ္တာဒေါ— "ဝဂ္ဂါဗဟုတ္တာ အာဒေါ"ဟု စပ်၊ ဝဂ်နှင့် အဝဂ်တို့တွင် ဝဂ်က ၂၅ လုံးရှိ၍ အဝဂ်က ရှစ်လုံးသာရှိ၏၊ "အပ္ပက ဗဟုကေသု ဗဟုကာဝ ပဌမံ ဝတ္တဗ္ဗာ=အနည်းအများတို့တွင် အများကို ပဌမဆိုထိုက်သည်"ဟု ပရိဘာသာ ရှိသောကြောင့် များသောဝဂ်တို့ကို နည်းသောအဝဂ်သို့၏ ရှေ့ကထားသည်၊ "ဧကဇာဗဟုတ္တာ အာဒေါ" ဟု စပ်၊ ဧကဇ ဟူရာ၌ သရ ဧကဇ-ဝဂ် ဧကဇ-အဝဂ် ဧကဇ ဟု ၃ မျိုးရှိ၏၊ တဌာန်ထည်း၌ဖြစ်သော အက္ခရာကို ဧကဇ (ဧက=တဌာန်၌+ဇ=ဖြစ်သောအက္ခရာ) ဟု ခေါ်၏၊ နှစ်ဌာန်၌ ဖြစ်သော အက္ခရာကို ဒွိဇ ဟု ခေါ်၏၊ သရတို့တွင် အ အာ (ကဏ္ဌဌာန်၌) ဣ ဤ (တာလုဌာန်၌) ဥ ဦ (ဩဋ္ဌဌာန်၌) ဖြစ်ရကား ဤ ၆ လုံးသည် ဧကဇ သရများတည်း၊ ဧ (ကဏ္ဌတာလုဇ) ဩ (ကဏ္ဌဩဋ္ဌဇ) တို့သည် ၂ ဌာန်စီ၌ ဖြစ်သော ဒွိဇ သရများတည်း၊ ထိုတွင် ဧကဇ သရသည် ၆ လုံးရှိ၍ ဒွိဇ သရထက် များသောကြောင့် ဧကဇ သရတို့ကို ရှေ့၌ ထားသည်၊ ဝဂ်တခုတွင်လည်း ရှေ့ ၄ လုံးသည် ဧကဇ, နောက်ဆုံး င ဉ ဏ န မ တို့ကား မိမိဌာန်နှင့် နာသိကာဌာန်၌ ဖြစ်သော ဒွိဇ ဖြစ်ရကား ဧကဇဝဂ်က များသောကြောင့် ဒွိဇဝဂ်၏ ရှေ့၌ထားသည်၊ အဝဂ်တို့တွင်လည်း ယ ရ လ ၃ လုံးသည် ဧကဇ, ဝ အက္ခရာကား ဒွိဇတည်း၊ ဤသို့ ဧကဇ အဝဂ် ၃လုံးဖြစ်၍

www.dhammaransi.com



စ– သာဓက ကား၊ ပဥ္စန္နံ ပန ဌာနာနံ ၊ ပေ၊ မနုက္ကမောတိ–ပဥ္စန္နံ ပန ဌာနာနံ ၊ ပေ၊ မနုက္ကမော ဟူ၍၊ ဝုတ္တံ–ဆိုအပ်ပြီ။ [ ပဥ္စန္နံ–ငါးပါးကုန်သော၊ ဌာနာနံ–ဌာန်တို့၏၊ ငတ်ပါတိ ဝသာပိစ–အစဉ်၏ အစွမ်းဖြင့်ရင်း၊ နိဿယာဒိပ္ပဘေဒေဟိ – နိဿယ အစရှိသော အပြားတို့ဖြင့်ရင်း၊ တေသံ–ထို အက္ခရာတို့၏၊ အနုက္ကမော – အစဉ်ကို၊ ဝုတ္တော–ဆိုအပ်ပြီ။]

များသောကြောင့် ဒွိဇ အဝဂ်(ဝအက္ခရာ)၏ ရှေ့က ထားသည်။ [သ ဟ ဠ အံ အတွက် အကြောင်းတမျိုး ပြဉ်းလတံ့။]

တတော ဌာနလဟုက္ကမာ—[ဌာနက္ကမ, လဟုက္ကမ ဟု ခွဲ။] သရအစဉ် ဝဂ်အက္ခရာ အစဉ်နှင့် ယ ရ လ ဝ အစဉ်များကို ဌာန်စဉ်ရှိတိုင်း စဉ်ထားသည်၊ [ စဉ်ပုံကို ဌာနာဒိက္ကမ သန္နိဿိတော၌ ပြခဲ့ပြီ၊] လဟုက္ကမ၌ လဟုဖြင့် ဂရုပါယူ၊ ရဿတို့ကို တိုသော ရွတ်ရာကာလ ရှိသောကြောင့်, အဃောသတို့ကို မပြင်းထန် သောကြောင့် လဟု ဟု ယူ၍, ဒီဃနှင့်ဃောသတို့ကို "ဂရု"ဟု ယူပြီးလျှင် " ဂရုကလဟုကေသု လဟုကာဝ ပဌမံ ဝတ္တဗ္ဗာ"ဟူသော ပရိဘာသာနှင့် အညီ အ နှင့် အာ တွင် အ ကို လဟု ဖြစ်၍ အာ ၏ ရှေ့က ထားသည်၊ ဣ နှင့် ဤ ဥ နှင့် ဦ တို့လည်း နည်းတူ၊ ဧ နှင့် ဩ တွင် ဧ သည် ကဏ္ဌ တာလုဇ, ဩ ကား ကဏ္ဌ ဩဋ္ဌဇ ဖြစ်၍ တာလုအတွက် ဌာန်အားဖြင့် ရှေ့ကျသော ကြောင့် ဧ ကို ရှေ့က ထားသည်။

က ဝဂ်တွင် က ခ သည် အဃောသဖြစ်၍ လဟုတည်း, ဂ ဃ ကား ဃောသ ဖြစ်၍ ဂရုတည်း၊ ထို့ကြောင့် က ခ ကို ရှေ့ထားသည်၊ က ခ တွင်လည်း ကသည် သိထိလဖြစ်၍ လဟု ဖြစ်သောကြောင့် ဓနိတ ဂရု ဖြစ်သော ခ ၏ ရှေ့က ထားသည်၊ ဂ နှင့် ဃလည်း နည်းတူ၊ နောက် ဝဂ်များ၌လည်း ဤနည်းပင်၊ အဝဂ်တွင် ယ ရ လ ဝ တို့သည် ဃောသ ဂရု ဖြစ်သော်လည်း များသောကြောင့် ရှေ့ကထား၍ သ အက္ခရာကိုကား အဃောသ တလုံးထည်းဖြစ်၍ နည်းသောကြောင့် နောက်၌ထားသည်၊ ဟကိုကား ကဏ္ဌလည်းဖြစ် ဃောသလည်း ဖြစ်၍ အဝဂ်တွင် ပဌမဆုံး ပြသင့်စေကာမူ အစဉ်မဟုတ်သော အားဖြင့်လည်း အက္ခရာဖြစ်ပုံ ရှိသေး၏"ဟု သိစေခြင်း အကျိုးငှါ သ၏ နောက်၌ ဆိုထားသည်၊ ဠ အက္ခရာကို "ဂရုဠ=ဂရုဍ" စသည်ဖြင့် ဍ အက္ခရာနှင့် လဲလှယ်၍ ရွတ်လေ့ ရှိကြ၏၊ ဤသို့ ဍ ၏အလဲအလှယ် ဖြစ်၍ မသေချာ သောကြောင့် ဟ ၏ နောက်၌ ပို့ထားသည်၊ နိဂ္ဂဟိတ်မှာ သရလည်း မဟုတ် ဝဂ်လည်း မဟုတ်၍ အဝဂ်တွင် သွင်းပြီးလျှင် အဝဂ်တွင်လည်း ဃောသ အဃောသမှ အလွတ်ဖြစ်သောကြောင့် နောက်ဆုံး၌ ထားသည်။

ဝုတ္တဥ္စ။ ။ဤပြခဲ့သော အက္ခရာစဉ်ပုံသည် မိမိအလိုအတိုင်း စဉ်ခြင်းမဟုတ်, ဆရာသကျမ်း၌လာသော အစဉ်ဖြစ်သောကြောင့် ထိုဆရာ ဂါထာကို သာဓကအဖြစ်ဖြင့် ပြခြင်းငှါ "ဝုတ္တဥ္စ–ပဥ္စန္နံ ပန ဌာနာနံ" စသည်ကို မိန့်သည်၊ ဤဂါထာ၌ အဓိပ္ပါယ် အထူးမရှိ၊ ပဥ္စန္နံ ပန ဌာနာနံ, ပဋိပါဋိဝသာပိစ"သည် ရှေ့ဂါထာလာ "ဌာန လဟုက္ကမာ" တွင် ဌာနက္ကမ၏ သာဓကတည်း၊ " နိဿယာဒိပ္ပဘေဒေဟိ " ကား "နိဿယာ ဒေါ သရာ ဝုတ္တာ " စသော စကားအားလုံး၏ သာဓကတည်း။

www.dhammaransi.com



ကေန-တ လုံးဖြင့်၊ အဓိကာ-ပိုလွန်သော၊ စတ္တာလီသံ-၄၀ တည်း၊ ကေစတ္တာလီသံ - တလုံးဖြင့် ပိုလွန်သော ၄၀၊ ဝါ - ၄၁ လုံး၊ ဂဏန ပရိစ္ဆေဒေန - ဂဏန်းကို ပိုင်းခြားကြောင်းဖြစ်သော၊ တေန - ၎င်း ကေစတ္တာလီသံပုဒ်ဖြင့်၊.... ဣတော ကေတာလီသတော - ၎င်း ၄၁ လုံးထက်၊ အဓိကက္ခရဝန္တာနိ- ပိုလွန်သောအက္ခရာရှိသော စကားတို့သည်၊ နဗုဒ္ဓဝစနာနိ-ဘုရား စကားတော် မဟုတ်ကုန်၊ ဣတိ-၎င်း အနက်ကို၊ အာစရိယာသဘော - အရှင်ကစ္စည်း ဆရာမြတ်သည်၊ ဒီပေတိ - ပြ၏။

အပိဂ္ဂဟဏံ - အပိသဒ္ဒါသည်၊ ဟေဋ္ဌာ-အောက် အလွှော အက္ခရသညာတောသုတ်၌၊ ဂုတ္တာနံ-ဆိုအပ်ပြီးသော အက္ခရာဘို့ကို၊ အပေက္ခာကရဏတ္ထံ-ငဲ့ခြင်းကို ပြုခြင်း အနက်ရှိ၏။

**ကေန ၊ ပေ ၊ ဂဏန ပရိစ္ဆေဒေန** — အက္ခရာ , အာဒယော တို့၏ ပဒဝိဂ္ဂဟ သံဝဏ္ဏနာကို ပြရာဝယ် အက္ခရာ ရှေ့နောက်စဉ်ပုံကိုပါ ဆက်လက် ပြပြီး၍ ယခုအခါ၌ ကေစတ္တာလီသံ ပုဒ်၏ ပဒဝိဂ္ဂဟ သံဝဏ္ဏနာကို ပြလိုသောကြောင့် "ကေန" စသည် မိန့်၊ ၎င်း ဝိဂ္ဂဟသည် "အဓိက" အလယ်ပုဒ်ကြေသော မဇ္ဈေလောပီ တပ္ပုရိသ ဝိဂ္ဂဟတည်း၊ "ကေဝာစ စတ္တာလီသံစ ကေစတ္တာလီသံ" ဟု ဒွန်သမာသ်လည်း ပြုကြသေး၏၊ ၎င်း သင်္ချာပုဒ်မျိုးကို "ဂဏပရိစ္ဆေဒ" ဟု ချည်း ဖွင့်၏၊ [ဂဏန=ဂဏန်းသင်္ချာကို+ပရိစ္ဆေဒ=ပိုင်းခြားကြောင်း စကား။] "၄၁" ဟု ဆိုလိုက်လျှင် '၄၁ အောက်လည်း မယုတ်, ၄၁ အထက်လည်း မပို, ၄၁ အတိပင်" ဟု ပိုင် ခြား ကန့်သတ်သော စကားဖြစ်သည်-ဟူလို၊ ၎င်း "တေန" ပါဌ်ကို ဂါထာတွင်းနှုပါသော "ဒီပေတိ" ကြိယာမှာ စပ်။

**အဓိကက္ခရ ၊ ပေ ၊ သဘော**—၄၁ လုံးထက် ပိုမိုသော အက္ခရာရှိသော (၄၁ လုံးထက် ပို၍သုံးစွဲထားသော) သက္ကတစကား သက္ကတကျမ်းစာများ ရှိသေး၏၊ ထိုသက္ကတဆိုင်ရာ ကျမ်းစာ စကားတို့သည် ဘုရားဟော ပါဠိတော်များ မဟုတ်ကြ – ဟု အရှင်ကစ္စည်း ဆရာမြတ်က ကေစတ္တာလီသံ ပါဌ်ဖြင့် ပြသည်။ [ "အာစရိယာ သဘော" ၌ အာသဘ သဒ္ဒါကား "အမြတ်" အနက်ဟောတည်း။]

**အပိဂ္ဂဟဏံ ၊ ပေ ၊ အပေက္ခာကရဏတ္ထံ** — အက္ခရာ+အာဒယော+ကေစတ္တာလီသံ တို့၏ ပဒဝိဂ္ဂဟ သံဝဏ္ဏနာကို ပြရာဝယ် နိပါတ်ဖြစ်၍ ဝိဂ္ဂဟ မပြုကောင်းသောကြောင့် အပိသဒ္ဒါကို မပြခဲ့သေးဘဲ ယခုမှ အပိသဒ္ဒါ၏ ပဒတ္ထ သက်သက်ကို ပြလိုသောကြောင့် "အပိဂ္ဂဟဏံ" စသည်ကိုမိန့်၊ [ဇုတ္တိလိန်ဖြစ်၍အာကာရန္တဖြင့် "အပေက္ခာ" ဟု သီဟိုဠ်မူအတိုင်း ရှိစေ။] အပိသဒ္ဒါ၏ သမုစ္စည်း စသော အနက် များစွာတို့တွင် ၎င်းသုတ်၌ အပေက္ခာအနက်ကို ဟော၏၊ အပေက္ခာဟူသည် ရှေ့၌ ဆိုခဲ့ပြီးကို ပြန်၍ ငဲ့ခြင်း အနက်တည်း၊ ခွဲခြားအံ့ — "အက္ခရာ အာဒယော ကေစတ္တာလီသံ" ဟု အပိ မပါဘဲ ဆိုလျှင် တစ္စောဒန္တာ သုတ်ကဲ့သို့ ရှေ့ကို ငဲ့သံမပါ၊ အပိသဒ္ဒါ ထည့်၍ ဆိုခြင်းကြောင့်

www.dhammaransi.com



(၃) တဗ္ဗော ဒန္တာ သရာ အဋ္ဌ ။ ။ အကာရာဒိသု - ကုန်သော၊ တဗ္ဗ တေသု အက္ခရေသု - ထိုအက္ခရာတို့တွင်၊ ဩကာရန္တာ အဋ္ဌ အက္ခရာ သရာနာမ ဟောန္တိ၊ တံယထာ ၊ ပေ၊ ဣတိ - ဤ ရှစ်လုံးသော အက္ခရာတို့သည်၊ သရာ-သရတို့မည်၏၊ ယေသံ-အကြင် အက္ခရာတို့၏၊ ဩ-ဩဟူသော၊ အန္တော - အဆုံးသည်၊ အတ္ထိ, ဣတိ တေ-ထို အက္ခရာတို့သည်၊ ဩဒန္တာ - ဩဒန္တတို့မည်၏၊ [ ဒကာရော-ဒ အက္ခရာ သည်၊ သန္ဓိဇော-သန္ဓိ၌ ဖြစ်၏၊ ] သရန္တိ ( ဂစ္ဆန္တိ )-သူတပါးကို မမှီဘဲ ဖြစ်နိုင်ကုန်၏၊ ဣတိ သရာ၊ ဗျဉ္ဇနေ - ဗျည်းတို့ကို၊ သာရေန္တိ - ဖြစ်စေတတ်ကုန်၏၊ ဣတိပိ-ထို့ကြောင့်လည်း၊ သရာ-သရတို့ မည်၏၊ (၃)။

ကား "အက္ခရာ အပိ-အဗ္ဗော အက္ခရသညာတော ဝါကျ၌ ဆိုအပ်ခဲ့သော အက္ခရာတို့ဟူသည်လည်း"ဟု အဗ္ဗော အက္ခရသညာတော ဝါကျက အက္ခရာကို ( လက်ညှိုးညွှန်ပြသကဲ့သို့ ) ပြန်၍ ရှုငဲ့သံပါသည်၊ ထို အပိသဒ္ဒါဖြင့် ဆိုလိုရင်းမှာ — ယခုသုတ်၌ ပြမည့် အ အာ စသော အက္ခရာများသည် အဗ္ဗော အက္ခရသညာတော ဝါကျ၌ "အက္ခရ" အရ ပြခဲ့သော အက္ခရာများပင်တည်း—ဟု ဆိုလိုသည်၊ [ အပိသဒ္ဒါ၏ အနက်များစွာကို နာမ် ဥပသာရပုဒ်၌ တွေ့ရလတ္တံ့၊ သမုစ္စည်းနှင့် အပေက္ခာ အနက်တို့ ထူးခြားပုံကိုလည်း ထို အဖွင့်ကျမှ ပြမည်။ ]

၃။ တဗ္ဗ ၊ ပေ ၊ သာရေန္တီတိပိ သရာ—သုတ်ဖွင့်ပုံကိုရင်း သုတ္တဝုတ္တိစသော ဝုတ္တိ ၃ မျိုးကိုရင်း ကစ္စည်းဘာသာဋီကာ၌ ပြထား၏၊ "ဩ+အန္တော" စသည်ကား ပဒဝိဂ္ဂဟ သံဗန္ဓနာတည်း၊ ဩဒန္တာ၏နောက်၌ "ဒကာရော သန္ဓိဇော "ဟု ရှေးပါဌ် ရှိသေးဟန်တူသည်၊ ဘာ့ကြောင့်နည်း... "ဒကာရော သန္ဓိဇောတိ - သိလိဋ္ဌနိဒ္ဒေသတ္ထံ ( ပြေပြစ်အောင် ညွှန်ပြခြင်း အကျိုးငှါ ) သန္ဓိဝသေန-( အာဂမသန္ဓိ၏ အစွမ်းဖြင့်, ဒ အက္ခရာလာသဖြင့် ) ဝုတ္တော " ဟု ဋီကာဖွင့်သောကြောင့်တည်း၊ "သရန္တိ ဂစ္ဆန္တိ"ဟု ဝိဂ္ဂဟပြုရာ၌"သရ-ဂတိစိန္တာယံ"ဟူသော ၂ နက်တွင် စိန္တာ အနက်ကို မယူဘဲ ဂတိ အနက်ယူစေလို၍ သရန္တိကို ဂစ္ဆန္တိ ဟု ဖွင့်သည်၊ "သရန္တိတိ သရာ"ဟူသော ပြုစေလိုရင်းတည်း။

ထို ဂတိအနက်လည်း"ယေ ဂတျတ္ထာ တေ ဗုဒ္ဓျတ္ထာ,ပဝတ္တိ ပါပုဏတ္ထကာ"နှင့် အညီ ဤ နေရာ၌ ပဝတ္တိအနက်ကို ယူပါ၊ " ဖြစ် " ဟူသည်လည်း ဗျည်းများကဲ့သို့ သူတပါးကို မမှီရဘဲ "အ, အာ" စသည်ဖြင့် မိမိဘာသာတည်နိုင်, မိမိဘာသာ အသံပြီးစွာ ဖြစ်နိုင်ခြင်းတည်း၊ " ဗျဉ္ဇနေ သာရေန္တိ " အရ ဗျည်းတို့ကို ဖြစ်စေခြင်း ဟူသည်( သရနှင့် မတွဲရလျှင် ) ဗျည်းသက်သက် အသံ မထင်ရှားသောကြောင့် သရတို့က ဗျည်းတို့ကို အသံပြီးစွာ ဖြစ်စေနိုင်ခြင်းတည်း၊ [ သရန္တိသည် သရ၏ သုဒ္ဓကတ္တုသာဓနဝိဂ္ဂဟ,သရဓာတ်ကတ္တားဟော အ ပစ္စည်း၊ သာရေန္တိ ကား ဟေတု ကတ္တုသာဓန ဝိဂ္ဂဟ သရဓာတ် ကာရိတ်ဏေ ပစ္စည်းနှင့် အပစ္စည်းတည်း၊ ကာရိတ်ဏေ ပစ္စည်းကို ချေထားသည်။ ]

www.dhammaransi.com



(၃) တဏ္ဍာတိ-တဏ္ဍ ပုဒ်သည်၊ ဝဏ္ဏတေ-ဤသုတ်၌ ဖြစ်၏၊ ဝါ-ဤ သုတ်သို့ လိုက်လာ၏။

လဟုမတ္တာ တယော ရသာ။ ။အဋ္ဌသု တဏ္ဍ သရေသု လဟုမတ္တာ တယော သရာ ရသာနာမ ဟောန္တိ၊ ထံ သထာ၊ ပေ၊ ဣတိ-ဤ ၃ လုံး သော သရတို့သည်၊ ရဿာ - ရဿတို့တည်း၊ ယေသံ - အကြင် သရ တို့၏၊ လဟု - လျင်မြန်သော၊ မတ္တံ (ပမာဏံ) - အတိုင်းအရှည်သည်၊ အတ္ထိ၊ ဣတိ တေ လဟုမတ္တာ-လဟုမတ္တတို့ မည်၏၊ ( )။

စ-ဆက်ဥုးအံ့၊ ထွေ - ဤ လဟုမတ္တာပုဒ်၌၊ မတ္တာသဒ္ဒေါ - မတ္တာသဒ္ဒါ သည်၊ အစ္ဆရာသဃာတ အက္ခိနိမ္မိလနသင်္ခါတံ - လက်ဖျောက်တီးချိန် မျက်စိမှိတ်ချိန် ဟု ဆိုအပ်သော၊ ကာလံ - အခါကို၊ ဝဒတိ - ဟော၏၊

တဏ္ဍာတိ ဝဏ္ဏတေ — တဏ္ဍောဒန္တာ သရာ အဋ္ဌသုတ်မှ တဏ္ဍပုဒ်သည် ဤ သုတ်၌ လည်း ဖြစ်၏၊ "ဖြစ်"ဆိုသည်ကား ဤ လဟုမတ္တာ သုတ်သို့ လိုက်လာသည် ဟု ဆိုလို၏၊ မှန်၏—သုတ်အင်္ဂါ ၆ ပါးတွင် " အပ္ပကဗ္ဗရ " အင်္ဂါ ပါ၏၊ ထို အင်္ဂါနှင့် ညီညွတ်အောင် ရှေ့သုတ်မှဖြစ်စေ နောက်သုတ်မှ ဖြစ်စေ လိုက်သင့်သမျှပုဒ်ကို အလိုက်ခံ၍ သုတ်တည်ရှိုး ထုံးစံရှိပေသည်၊ သုတ်အင်္ဂါ ၆ ပါးကို ကစ္စည်းဋီကာမှာ ရှု။

လဟုမတ္တာ၊ ပေ၊ မတ္တာ—စာအုပ်များ၌"လဟု+မတ္တံ"="မတ္တသဒ္ဒေါ"-"တေန မတ္တေန"ဟု နပုလ္လိင် မတ္တသဒ္ဒါကို တွေ့ရ၏၊ ချာသင်္ဂလည်း မတ္တံဟု နပုလ္လိင်နှင့် တွေ့ရ၏၊ ပါဠိ—သက္ကတ အဘိဓာန်တို့၌ကား"ပမာဏိဿရိယေ မတ္တာ,အက္ခရာဝယဝပ္ပကေ" ဟု ဣတ္ထိလိင် မတ္တာသဒ္ဒါသာ ပမာဏအနက် ဣဿရိယအနက် အက္ခရာ ဝယဝ (အက္ခရာ၏ ရှုတ်ရာကာလ မကြာဘူသော အစိတ်အပိုင်း) အနက်ဟော ဟု တွေ့ရ၏၊ နပုလ္လိင် မတ္တ သဒ္ဒါကား " အပ္ပေဝဓာရဏေ မတ္တံ " ဟု အပ္ပ အနက် အဝဓာရဏ အနက်ဟောသာ၊ ထို့ကြောင့်"လဟု+မတ္တာ"—"မတ္တာသဒ္ဒေါ"—"တာယ မတ္တာယ"ဟု ပါဌ်မှန်ရှိသင့်၏၊ နိဿယ၌ကား ပါဌ်ရှိအတိုင်းသာ အနက်ပေးထားသည်။

ပမာဏံကိုစဉ်းစား ။ ။ " လဟု+မတ္တာ ( ပမာဏံ ) " ဟု မတ္တာကို ထပ်၍ ဖွင့်သော(ပမာဏံ)ပုဒ်ကို တွေ့ရသည်မှာလည်း စဉ်းစားစရာပင်၊ ဘာ့ကြောင့်နည်း၊.... "မတ္တာသဒ္ဒေါ၊ ပေ၊ ကာလံ ဝဒတိ"ဟု ဤနေရာ၌ မတ္တာသဒ္ဒါ၏"အက္ခရာဝယဝ"ခေါ် မကြာကာလ အနက်ဟောကြောင်းကို တိုက်ရိုက် ဆိုလတ့် ဖြစ်သောကြောင့်တည်း၊ [နပုလ္လိင်မတ္တ၏ အနက်ကို ပြပြီး၍ ဣတ္ထိလိင် မတ္တာ၏ အနက်ကို " ပရိစ္ဆေဒေ, အပ္ပေ, ပရိမာဏေ,ကဏ္ဏာဘူသာသံ, ဝိတ္တေ,လဟု ဝဏ္ဏောစ္စာရဏကာလေ ဝဏ္ဏာ ဝယဝဘေဒေ ၊ ပေ ၊ ထိ "ဟု ပြသော ထောမနိဓိဝယ် " ဝဏ္ဏ ဥစ္စာရဏကာလ—ဝဏ္ဏာဝယဝဘေဒ ' ဟူသည် ဤ၌ ပြအပ်သော "အစ္ဆရာ သံဃာတ" စသော ကာလပင်တည်း၊ ထို့ကြောင့် "ပမာဏံ " ပုဒ်သည် ( " ပဠွတ္တေဟိ ဘိက္ခုသဘေဟိ " ဟူသော ပါဠိ၏ အဋ္ဌကထာ၌ "မတ္တာ=ပမာဏံ" ဟူသော အဖွင့်ကို ယူ၍ ) နောက်ဆရာတို့ ထည့်ပါဌ် ဖြစ်လေရော့

www.dhammaransi.com



တေန မတ္တေန၊ ထိုမတြာဖြင့်၊ ဧကမတ္တာ–တမတြာ ကာလရှိသော သရတို့သည်၊ ရဿာ – ရဿတို့ မည်၏၊ ဒွိမတ္တာ – ၂ မတြာ ကာလရှိသော သရတို့သည်၊ ဒီဃာ – ဒီဃတို့ မည်၏၊ အဍ္ဎမတ္တာ – မတြာဝက် ကာလရှိသော အက္ခရာတို့သည်၊ ဗျဉ္ဇနာ – ဗျည်းတို့ မည်၏၊ [ စ – ဆက်ဦးအံ့၊ ဧတ္ထ–ဤ လဟုမတ္တာပုဒ်၌၊ ] လဟုဂ္ဂဟဏံ – လဟု သဒ္ဒါသည်၊ ဆန္ဒသိ– ဆန်း အံရာ၌၊ ဒိယဍ္ဎမတ္တဿာပိ – တမတြာခွဲရှိသော အက္ခရာကိုလည်း၊

သလား ဟု စဉ်းစားမိသည်၊ ထိုပါဠိတော်က မတ္တာသဒ္ဒါသည် ပမာဏ အနက်ကို ဟောသော်လည်း ဤမတ္တာကား ပမာဏအနက်ဟော မဖြစ်သင့်။

မတ္တာသဒ္ဒေါစေတ္ထ ၊ ပေ ၊ ဗျဉ္ဇနာ— မတ္တာသဒ္ဒါ၏ အနက်တို့တွင် ဤနေရာ၌ အချိန်ကာလ အနက်ဟော ဟု ပြလို၍ " မတ္တာသဒ္ဒေါ ၊ ပေ ၊ ကာလံဒတ် 'ဟုမိန်၊ မတ္တာသဒ္ဒါသည် လက်ဖျောက်တီးချိန် မျက်စိမှိတ်ချိန် ကာလကို ဟောသည်–ဟူလို၊ [ အစ္ဆရာ= လက်ဖျော်(လက်ဖြစ်)+သဃာတ=ပြင်းစွာ ထိခိုက်ရာ အခါ,ဝါ–တီးခါရာ (ဖြစ်ညှစ်ရာ) အခါ၊ အက္ခိ = မျက်စိ = နိမ္မိလန=မှိတ်ရာအခါ၊ ] လက်ဖျောက် တချက်တီးခန့် မျက်စိတမှိတ်ခန့် ကာလသည် တမတြာမည်၏၊ ရဿကို ရွတ်ရာကာလသည် တမတြာရှိ၏၊ ဒီဃကို ရွတ်ရာကာလသည် ၂မတြာရှိ၏၊ ဗျည်းကို ရွတ်ရာကာလသည် တမတြာ၏ တဝက်သာ ကြာ၏၊ ထို့ကြောင့် ဗျည်းကို ရွတ်ဆိုသည့် အခါ အသံပြီးသစွာ မကြားရဘဲ မတြာဝက်သံ(လေသံ)လောက်သာ ကြားရတော့သည်၊ [ အက် ( မ် ) ဟု ရွတ်ရာ၌ (မ်)သည် သရမဖက် ဗျည်းသက်သက်သံ ဖြစ်၏, ရွတ်တတ်သူများကို အရွတ်ခိုင်းကြည့်ပါလေ၊ ထို့ပြင်–"ပ္လုတသံ"ဟု ရှိသေး၏၊ ကစ္စည်းဋီကာမှာ ရှု။ ]

လဟုဂ္ဂဟဏံ ၊ ပေ ၊ ဂဟဏတ္ထံ — ရွတ်ရာကာလ တမတြာရှိသော သရတို့ ရဿ အမည်ရကြလျှင် " ဧကမတ္တာ တယော ရဿာ " ဟု သုတ်တည် သင့်သည် မဟုတ်ပါလော, အဘယ်အကျိုးငှါ "လဟုမတ္တာ တယော ရဿာ"ဟု လဟုသဒ္ဒါကို ဆိုသနည်း– ဟု မေးဘွယ်ရှိသောကြောင့်"လဟုဂ္ဂဟဏံ ၊ပေ၊ ဂဟဏတ္ထံ"ဟု မိန့်သည်၊ ဗျည်းနှင့်တွဲ၍ တမတြာခွဲ ရှိသော"က-ကိ-ကု"စသည်တို့ကိုလည်း လဟုအရ၌ သွင်းယူရခြင်း အကျိုးငှါ (သွင်းယူလိုသောကြောင့်) " လဟုမတ္တာ " ဟု လဟုသဒ္ဒါကို ဆိုရပေသည်၊ ချဲဦးအံ့– "ဧကမတ္တာ"ဟု ဆိုလျှင် တမတြာတိတိရှိသော အ ဣ ဥ တို့ကိုသာ ယူနိုင်၏၊ "လဟု= လျင်မြန်သော ဟု ဆိုခြင်းကြောင့်ကား ဗျည်းနှင့် တွဲ၍ တမတြာခွဲရှိသော " က ကိ ကု " တို့သည်း ရွတ်ဆိုရာ၌ အလျင်အမြန် ပြီးရသောကြောင့် " လဟု " အရတွင် ပါဝင်ကြရသည်၊ က ကိ ကု စသည်ကို လဟုအရ၌ သွင်းယူနိုင်လျှင် လဟုမတ္တာနှင့် ရဿတို့အရ တူသောကြောင့် ရဿ အရ၌လည်း က ကိ ကု စသည်ကို သွင်းယူနိုင်သည်– ဟု မှတ်။ [ ဒိယဍ္ဎ မတ္တဿာပိ၌ , အပိ သဒ္ဒါဖြင့် အရင်းခံဖြစ်သော အ ဣ ဥ တို့ကို ပေါင်းသည်၊ တမတြာတိတိ ရှိသော အ ဣ ဥ တို့ကိုသာ လဟု အရ၌ ယူရသည် မဟုတ်သေး, ဗျည်းနှင့် တွဲ၍ တမတြာခွဲရှိသော က ကိ ကု စသည်ကိုလည်း လဟု အရ၌ ယူရသည်–ဟူလို။ ]

www.dhammaransi.com



ဂဟာဏာတ္ထံ-ယူရခြင်း အကျိုးရှိ၏၊ ရဿကာလယောဂတော – တိုးသော ရွတ်ရာကာလနှင့် ယှဉ်ခြင်းကြောင့်၊ ရဿာ - ရဿဟု မည်၏၊ ဝါ- တနည်း၊ ရဿကာလဝန္တော - တိုသော ရွတ်ရာကာလရှိသော သရတို့သည်၊ (ရဿာ-ရဿဟု မည်၏။)

(၅) သရ ရဿဂ္ဂဟဏာနိစ-သရသဒ္ဒါ, ရဿသဒ္ဒါတို့သည်သည်း၊ ဝဏ္ဏေ-၌သုတ်၌ ဖြစ်ကုန်၏၊ ဝါ-လိုက်ဘုန်၏။

အညေဒိဏ္ဏာ။ ။ အဋ္ဌသု တဏ္ဏ သရေသု-ထို သရတို့တွင်၊ ရဿေ ဟိ အညေ , ဒွိမတ္တာ - ၂ မတြာ ရှိကုန်သော၊ ပဋ္ဌ သရာ ဒိဏ္ဏာနာမ

စေတ္တနှင့် ဆန္ဒသိ။ ။ "လဟုဂ္ဂဟဏံ" နောက်၌"စေတ္တ"ဟု မြန်မာမူရှိ၏၊ သီဟိုဠ်မူ၌ မရှိ၊ "မတ္တာသဒ္ဒေါ စေတ္တ"ဟု တွေ့ပါခဲ့ပြီး ဖြစ်သောကြောင့်ရင်း,စကားတဆက်သည်းဝယ်"တွေ-၌လဟု မတ္တာပုဒ်၌" ဟု ၂ ခါ မစွဲသင့်သောကြောင့်ရင်း,စေတ္တ-မပါသော သီဟိုဠ်မူသာ ကောင်း၏၊ ထို့ပြင်– "ဆန္ဒသိ"ဟူသော ပါဠ်သည်း ချာသ၌ မရှိ၊ က ကိ ကု စသည်ဘို့ကို လဟု၌ သွင်းယူရသော အစဉ်အလာသည် ဆန်ကျမ်း၌ ထင်ရှားသော ကြောင့် "ဆန္ဒသိ" ဟု ရှုပသိဒ္ဓိဆရာ ထည့်ထားဟန် တူသည်၊ သို့သော် "က ကိ ကု" စသည်ကို ဆန်းကျမ်း၌သာ လဟု ဟု ယူရသည် မဟုတ်သေး၊ ပရိဝါကမ္မဝဂ္ဂ အဋ္ဌကထာ၌လည်း က ကိ ကု စသည်ကို လ ဟု, ကာ ကီ စသည်ကို ဂရု ဟု ယူသည်၊ ထို့ကြောင့် "ဆန္ဒသိ" မပါသော ချာသ အတိုင်းသာ ရှင်းသည်၊ အညေဒိဏ္ဏာ သုတ်ဖွင့်၌လည်း ၌"ဆန္ဒသိ"ပုဒ် ပါလိမ့်မည် မဟုတ်။

ရဿကာလ ၊ ပေ ၊ ရဿာ— ရဿကာလဖြင့်"ရဿအရ တိုသောကာလကို ယူ" ဟု သိစေလိုသည်၊ "တိုသောကာလ" ဟူသည် "တိုသော ရွတ်ရာကာလ = ရွတ်၍ မြန်မြန် ပြီးရာကာလ"တည်း၊ ယောဂတောဖြင့်"ရဿဟူသော အမည်သည် အတိုဂုဏ်၏ အမည်ရင်းတည်း၊ ဤ နေရာ၌ အတိုဂုဏ်၏ ရဿ အမည်ကို ဂုဏီဖြစ်သော အ ဣ ဥ ဒြဗ်၌ တင်စားထားသော ဂုဏူပစာ နာမည်တည်း" ဟု ပြ၏၊ ဥပမာ — "နီလ ဌေဏ္ဏ ယောဂတော နီလံ" ၌ ဂုဏူပစာ ဖြစ်သကဲ့သို့တည်း၊ တနည်း – ယောဂတောဖြင့် "ရဿေ–တိုသော ရွတ်ရာကာလ၌+နိယုတ္တာ– ယှဉ်သော သရတို့သည်၊ ရဿာ-တို မည်၏ " ဟု နိယုတ္တတဒ္ဓိတ် ဝိဂ္ဂြဟ်ကို ပြသည်၊ ရဿကာလ ဝန္တော၌ ဝန္တုသဒ္ဒါဖြင့် "ရဿော တေသံ အတ္ထီတိ ရဿာ"ဟု အဿတ္ထိတဒ္ဓိတ် ဝိဂ္ဂြဟ်ကို ပြ၏၊ [တေသံ- ၌ သရတို့၏၊ ရဿော-တိုသော ရွတ်ရာ ကာလသည်၊ အတ္ထိ–ရှိ၏, ဟု ဆို၊ ဋီကာ၌ "ရဿော ဌေဏ္ဏ"ဟု ရှိသည်မှာ ချာသနှင့်လည်း မညီ, ကောင်းလည်း မကောင်း။]

(၅) သရ ရဿဂ္ဂဟဏာနိစ — ဤစသဒ္ဒါဖြင့် တဏ္ဏကို ပေါင်းသည်၊ ရှေ့သုတ်၌ လိုက်ခဲ့ပြီ သော တဏ္ဏလည်း ဤသုတ်သို့ လိုက်၏–ဟူလို၊ ထို တွင် တဏ္ဏနှင့် သရတို့သည် "တတ္ထောဒန္တာ သရာ အဋ္ဌ"သုတ်မှ လိုက်ခဲ့၏, ရဿသဒ္ဒါကား "လဟုမတ္တာ တယော

www.dhammaransi.com



ပောဿန္တိ၊ တံ ယထာ၊ ပေ၊ ဣတိ-ဤ ၅ လုံးသော သရတို့သည်၊ ဒီဃာ-ဒီဃတို့ တည်း၊ အညဂ္ဂဟဏံ - အညသဒ္ဒါသည်၊ ဝိယဉ္ဇနမတ္တိကာနံပိ-၂ မြော်ခွဲ ရှိသော ကာ ကိ ကူ စသည်တို့ကိုလည်း၊ သင်္ဂဟဏတ္ထံ-သွင်းယူရခြင်း အကျိုးရှိ၏၊ ဒီဃကာလေ - ရှည်သော ရွတ်ရာကာလ၌၊ နိယုတ္တာ - ယှဉ်ကုန်၏၊ (ဣတိ) ဒီဃာ၊ ဝါ - တနည်း၊ တဗ္ဗန္တော - ထို ရှည်သော ရွတ်ရာကာလရှိသော သရတို့သည်၊ ဒီဃာ-တို့မည်၏၊ (၅)။

ရဿာ" သုတ်မှ လိုက်ခဲ့သည်၊ ထိုသို့ လိုက်ကြရာ၌ ရေးရာသုတ်နှင့် လျော်အောင် ဝိဘတ်ပြင်၍ လိုက်ရိုးထုံးစံရှိသောကြောင့် သရာကို "သရေသု" ဟုရင်း, ရဿာကို "ရဿေဟိ" ဟုရင်း ဝိဘတ်ပြင်၍ ဖွင့်သည်၊ နောက်နောက် သုတ်များ၌လည်း ဤနည်းပင်။

**အညဂ္ဂဟဏံ၊ ပေ၊ သင်္ဂဟဏတ္ထံ**— ["ဝိယဉ္ဇနမတ္တိကာနံပိ" နေရာဝယ် "အဒုတိယမတ္တိကာနံပိ" ဟုလည်း ပါဌ်ရှိ၏၊ အနက်အဓိပ္ပါယ် အတူပင်၊ "ဒိယဍ္ဎမတ္တိကာနံပိ" ဟု ရှိသေသည်ကား ကြံကြံဘန်ဘန် ယူလျှင် "ဒိ=၂ခု+အဍ္ဎ=အခွဲ၊ ဒိယဍ္ဎ=၂ မြော်ခွဲ" ဟု အဓိပ္ပါယ်မှန် ထွက်သော်လည်း အခြားနေရာ၌ ထိုအနက်မျိုးကို သုံးစွဲရိုးမရှိသည့်ပြင် လဟုမတ္တာ သုတ်လာ ဒိယဍ္ဎမတ္တဿာပိနှင့် ထပ်တူဖြစ်ခြင်းကြောင့် ပါဌ်ပျက်သာ ဖြစ်သည်။] ဤ စကားစဉ်အရ–၂ မြော်ရှိသော သရကို ဒီဃဟု ခံလျှင် "ဒွိမတ္တာဒီဃာ" ဟု သုတ်တည်သင့်သည် မဟုတ်ပါလော, အဘယ်အကျိုးငှါ "အညေ ဒီဃာ" ဟု တည်ပါသနည်း–ဟု မေး၍, ဒီဃနှင့် ဖုည်းတွဲလျက် ၂မြော်ခွဲ ရှိသော "ကာ ကီ ကူ ကေ ကော" စသည်တို့ကိုပါ ယူခြင်းအကျိုးငှါ "ဒွိမတ္တာ ဒီဃာ" ဟု မတည်ဘဲ "အညေ ဒီဃာ" ဟု အည သဒ္ဒါဖြင့် တည်ရသည်–ဟု ဖြေ၊ မှန်၏–"ဒွိမတ္တာ ဒီဃာ=၂မြော် တိတိရှိသော သရတို့ကိုသာ ဒီဃ" ဟု ဆိုလျှင် ၂ မြော်ခွဲ ရှိသော ကာ ကီ ကူ ကေ ကော စသည်တို့ မပါနိုင်၊ "အညေ" ဟု ဆိုခြင်းကြောင့်ကား ထို ကာ ကီ ကူ စသည်တို့လည်း ရဿမှ တခြားတို့ပင် ဖြစ်သောကြောင့် "အည" အရ၌ ပါဝင်နိုင်ကြ၏၊ အညအရ၌ ပါဝင်လျှင် အညေနှင့် ဒီဃာသည် အရတူသောကြောင့် ဒီဃ အရ၌လည်း ပါဝင်နိုင်သည်ဟု မှတ်။

**•ဒီဃကာလေ၊ ပေ၊ ဒီဃာ**—ဒီဃကာလေဖြင့် ဒီဃအရ ရှည်သောကာလကို ယူပါ–ဟု သိစေသည်၊ ရှည်သောကာလ ဟူသည်လည်း ရွတ်ဆိုရာ ကာလပင်တည်း၊ နိယုတ္တာ ပါဌ်ဖြင့် ရဿကာလယောဂတော ကဲ့သို့ အရှည်ဂုဏ်၏ ဒီဃအမည်ကို အာ စသည်၌ တင်စားသော ဂုဏူပစာ ဟုရင်း "ဒီဃေ – ရှည်သော ရွတ်ရာကာလ၌+နိယုတ္တာ–ယှဉ်သော သရတို့သည်၊ ဒီဃာ–တို့မည်၏" ဟု နိယုတ္တတဒ္ဓိတ်ကိုရင်း ပြ၏၊ [တဗ္ဗန္တော ကို "တဝန္တော" ဟုတည်, ဝဒ္ဓေဘော်သာ ဝ ၂လုံးကို ဗ ၂လုံးပြု၊] ဤတဗ္ဗန္တော၌ တ သဒ္ဒါဖြင့် ဒီဃကာလကို ညွှန်ပြ၏၊ ရဿကာလဝန္တောကဲ့သို့ "ဒီဃကာလဝန္တော" ဟု ဆိုလိုသည်၊ ထို့ကြောင့် "ဒီဃော ဧတေသံ အတ္ထီတိ ဒီဃာ" ဟု အဿတ္ထိဝိဂ္ဂြိုဟ် တနည်းပြု၊ အနက်ကို "ရဿော ဧတေသံ" အတိုင်းပေး။ [နိယုတ္တ–အဿတ္ထိ ဝိဂ္ဂဟ ပြုရာ၌ ကာ ပစ္စည်းဖြင့် ရုပ်ပြီးစေသည်။]

www.dhammaransi.com



ဧ ဩ ကို ရဿကဲ့သို့ရွတ်ရပုံ

ကွစိ – အချို့သော ဧကပဒအရာ၌၊ သံယောဂပုဗ္ဗာ– သံယုဂ်မှ ရှေ့ဖြစ်ကုန်သော၊ [ " သံယောဂတော ပုဗ္ဗာ " ဟုလည်း အချို့ပါဌ် ရှိ၏၊ ] ဧကာရောကာရာ – ဧ အက္ခရာ ဩ အက္ခရာတို့ကို၊ ရဿာဝ – ရဿတို့ကိုကဲ့သို့၊ ဝုစ္စန္တေ – ရွတ်ဆိုအပ်ကုန်၏၊ ယထာ–ဥဒါဟရုဏ်ကား၊ ဧတ္ထ, သေယျော, ဩဋ္ဌော, သောတ္ထိ– ဧတ္ထ,သေယျော,ဩဋ္ဌော,သောတ္ထိ ဟူသတည်း၊ ကွစီတိ–ကွစိပုဒ်သည်၊ ကိံ–အဘယ်အကျိုးရှိသနည်း၊ မံ စေ တွံ နိက္ခဏံ ဝနေ, ပုတ္တော တျာဟံ မဟာရာဇ–မံ စေ တွံ ၊ ပေ ၊ မဟာရာဇ ဟူသော နာနာပဒ ပြယုဂ်တို့၌ ရဿကဲ့သို့ မရွတ်ရခြင်း အကျိုးရှိ၏၊ [ ဧတ္ထ – ဤ၌၊ သေယျော–မြတ်သူ၊ ဩဋ္ဌော–နှုတ်ခမ်း၊ ဝါ–ကုလားအုပ်၊ သောတ္ထိ(သု+ဣတ္ထိ)–ကောင်းသော မိန်းမ၊ မံ–ငါ့ကို၊ တွံ–သင်သည်၊ ဝနေ–တော၌၊ စေ နိက္ခဏံ–အကယ်၍ မြှုပ်သတ်အံ့၊ မဟာရာဇ – မင်းမြတ်၊ အဟံ – ကျွန်တော်သည်၊ တေ– အရှင်မင်းမြတ်၏၊ ပုတ္တော–သားပါတည်း။]

**ကွစိ သံယောဂ ၊ ပေ ၊ ဝုစ္စန္တေ**—၂ လုံး ၃ လုံး ယှဉ်တွဲနေသည့်ကို "သံယောဂ= သံယုဂ်" ဟု ခေါ်၏၊ ဧတ္ထ စသည်၌ "တ္ထ–ယျ–ဋ္ဌ (ဋ္ဌနှင့် ဌတွဲ)-တ္ထိ" တို့သည် သံယုဂ် များတည်း၊ ထိုသံယုဂ်များ၏ ရှေ့ဖြစ်သော ဧ ဩ တို့သည် နဂိုရ်မူလက ဒီဃပင်ဖြစ်သော်လည်း ရွတ်သည့်အခါ ဒီဃ ထုံးစံအတိုင်း ၂ မတြာ မရှည်စေဘဲ ရဿကဲ့သို့ တမတြာ ကာလကြာရုံသာ ရွတ်ဆိုကြရမည်၊ ရွတ်ဆိုရာ၌ " ဧတ္ထ, သေယော=သစ်ယော= သည်သော, သဉ်သော, အွဋ္ဌော, သွတ်တိ" ဟု ရွတ်ကြ၏၊ ထိုရွတ်နည်းအားလုံးပင် စည်းကမ်းကျလှပြီဟု မထင်ပေ၊ အမှန်မှာ–"ဧတ္ထ"၌ ဧနှင့် တ်ကို တထပ်ထည်းကျအောင် ရွတ်ရမည်ဖြစ်၍ ဧ သရသက်သက်ကဲ့သို့ ဒီဃသံမရွတ်ဘဲ ရဿသံဖြစ်အောင် ရွတ်ရမည်- ဟု ဆိုလိုသည်၊ သေနှင့် ယ်ကိုရင်း, ဩနှင့် ဋ်ကို ရင်း, သောနှင့် တ်ကိုရင်း တထပ်ထည်း ကျအောင် ရွတ်ရမည်ကိုလည်း သိလေ၊ ရွတ်ပုံ အမှန်ကို ရနိုင်သမျှ ရအောင် ဟိန္ဒူတို့ ရွတ်သံကို နားထောင် ကြည့်သင့်ပေသည်၊ [ ဧတ္ထ–ဩဋ္ဌော တို့၌ ဧ ဩ တို့သည် သရ သက်သက်ကို ပြသောပုံစံတို့တည်း၊ သေယျော, သောတ္ထိတို့၌ ဧ ဩ တို့သည် ဗျည်းနှင့် တွဲနေသော ပုံစံတို့တည်း။] မောဂ္ဂလ္လာန်ကား "ရဿဒီဃ ဟူသော အခွဲသည် အက္ခရာ ရေးပုံကို ကြည့်၍ ခွဲရသည်မဟုတ်, အသံလိုက်၍ ခွဲရသည်၊ ရဿကဲ့သို့ ရွတ်ရလျှင် ရဿ အစစ်ပင် ဖြစ်သင့်သည်" ဟု သဘောပိုက်၍ ဧ–ဩ တို့ကိုလည်း ရဿ ဧ ဩ, ဒီဃ ဧ ဩ ဟု ၂ မျိုးပြလျက် သရ ၁၀ လုံး ရှိသည် ဟု မိန့်သည်။

**ကွစီတိ ကိံ ၊ ပေ ၊ မဟာရာဇ**—"ကွစိ သံယောဂ ပုဗ္ဗာ" ဟု ကွစိသဒ္ဒါကို ဆို၏၊ "ထို ကွစိသဒ္ဒါသည် ဘာအကျိုးရှိသနည်း" ဟု မေး၊ "မံစေတွံ" စသော နာနာပဒပြယုဂ် တို့၌ ရဿကဲ့ကို မရွတ်ရ ဟု သိစေခြင်း အကျိုးရှိသည်–ဟု ဖြေ၊ ချုပ်ဦးအံ့–သံယုဂ်သည်

www.dhammaransi.com



(၆) ဒုမ္ဘိ ဂရု။ ။ဒွိန္နံ-၂လုံးတို့၏၊သမူဟော-အပေါင်းတည်း၊ဒု-၂လုံးတို့၏ အပေါင်း၊ တသ္မိံ ဒုမ္ဘိ-ထို ၂ လုံးသော အက္ခရာ အပေါင်းကြောင့်၊ ပရေ-နှောင်းသော၊ သံယောဂဘူတေ-သံယုဂ်ဖြစ်၍ဖြစ်သော၊ အက္ခရေ-အက္ခရာကြောင့် ပုဗ္ဗော-ရှေ့ဖြစ်သော၊ ယော ရဿက္ခရော-အကြင် ရဿ အက္ခရာသည်၊ (အတ္ထိ-ရှိ၏၊) သော-ထို ရဿ အက္ခရာသည်၊ ဂရုသညော-ဂရုအမည်ရှိသည်၊ ဟောတိ-၏၊ ယထာ- ဥဒါဟရဏ်ကား၊ ဒတွာ, ဟိတွာ, ဘုတွာ-ဒတွာ, ဟိတွာ, ဘုတွာ ဟူသည်တည်း။ [ရဿ သရ ၃ လုံး အစဉ်အတိုင်း မှုံစံထုတ်သည်။] (၆၀၂)။

တပုဒ်ထည်းဖြစ်သော ဧကပဒသံယုဂ်, တဝိဘတ်ထည်း မဟုတ်၍ ၂ပုဒ်ကွဲလျက် ရှိသော နာနာပဒသံယုဂ်ဟု ၂ မျိုးရှိ၏၊ ဧဗ္ဗစသည်၌ကား ဧနှင့် ဗ္ဗတို့ ဝိဘတ်မကွဲ တပုဒ်ထည်း ဖြစ်၏၊ ထိုဧကပဒသံယုဂ်ရှေ့၌ ဧပြဲတို့ကိုသာ ရဿကဲ့သို့ ရွတ်ရမည်၊ "မံ စေ တံ" ၌ စေနှင့် တံကား (စေတပုဒ်, တံတပုဒ်) ၂ ပုဒ်ကွဲလျက်ရှိသော နာနာပဒတည်း၊ "ပုတ္တော တျာဟံ" ဝယ် ပုတ္တောနှင့် တျာဟံလည်း နာနာပဒပင်၊ ထို့ကြောင့် တံသံယုဂ် တျာသံယုဂ်တို့၏ ရှေ့၌ရှိသော စေနှင့် တ္တောတို့ဝယ် ဧပြဲတို့ကို ရဿကဲ့သို့ မရွတ်ရ၊ အချုပ်မှာ "ဧကပဒသံယုဂ်၏ ရှေ့၌ရှိသော ဧပြဲတို့ကိုသာ ရဿကဲ့သို့ရွတ်၍ နာနာပဒသံယုဂ်၏ ရှေ့၌ရှိသော ဧပြဲတို့ကို ရဿကဲ့သို့ မရွတ်ရ" ဟု မှတ်။

နိရုတ္တိအဆိုကို ဆင်ခြင်။ ။ဧကပဒ၌ သံယုဂ်နှောင်းသော်လည်း ထိုသံယုဂ်သည် ဝဂ္ဂန္တသံယုဂ် ဖြစ်လျှင်၎င်း, ယ ရ လ ဝ သံယုဂ်ဖြစ်လျှင်၎င်း ရဿကဲ့သို့ မရွတ်ရ၊ "ဧန္တိ သေန္တိ မေဏ္ဍော သောဏ္ဍော ဘာသေယျ" စသည်တည်း၊ ဤကား နိရုတ္တိ အဆို ဖြစ်သတတ်၊ ထိုအဆိုကို စဉ်းစားသင့်၏၊ ဧန္တိ၌ ဧကို ဒီဃသံရွတ်ရိုး မရှိ၊ နောက် (န်) သံနှင့် တွဲ၍ ဧ အတွက် ရဿသံပင် ရွတ်ဆိုရိုး ရှိသည်၊ သောဏ္ဍော၌ ဩဒီဃလည်း နည်းတူ၊ ဘာသေယျ၌ သေကိုကား ဒီဃ အသံဖြင့် မြန်မာတို့ ရွတ်ဆိုရိုး ရှိသော်လည်း နောက်က (ယ်) သံနှင့် တွဲ၍ ရွတ်မှသာ အမှန်ကျသည်၊ ထိုသို့ (ယ်) သံနှင့် တွဲလျှင် သေ၌ သေည့် ဒီဃသံမထွက်, ရဿသံပင် ထွက်လိမ့်မည်၊ ထို့ကြောင့် နိရုတ္တိအဆိုကို စဉ်းစားသင့်သည်၊ [" သံယောဂပုဗ္ဗာ ဧကာရောကာရာ " ဟုသာ ဆို၍ အာဒီဃကို မဆိုသောကြောင့် "အာချာတံ" ၌ ချသံယုဂ်၏ ရှေ့ဖြစ်သော အာကို၎င်း, "ပညာဝါဿ" ၌ ဿသံယုဂ်၏ ရှေ့ဖြစ်သော အာ ကို၎င်း ရဿကဲ့သို့ "အက်ချာတံ - ပညာဝသ်သ" ဟု မရွတ်ရ, ဒီဃသံ အတိုင်းပင် ရွတ်ရသည်၊ သံယုဂ်၏ ရှေ့၌ ဤ ဥ၊ ဒီဃ တွေ့လျှင်လည်း ဒီဃသံပင် ရွတ်သင့်သည်။]

(၆) ဒွိန္နံ၊ ပေ၊ တသ္မိံ ဒုမ္ဘိ — "ဒွိန္နံ+သမူဟော" ကား ဒု၏ သမူဟတဒ္ဓိတ် ဝိဂ္ဂြိုဟ်ကိုပြသောဝါကျတည်း၊ ဒုကို "ဒွိန္နံ+သမူဟော" တည်, သမူဟတ္ထေ ကဏ်အားဖြင့် ဏပစ္စည်းသက်, တဒ္ဓိတ် ထုံးစံအတိုင်း ချေပြီးသည့်အခါ "ဒွိ+အ" ကျန်၏၊ ရူပသိဒ္ဓိ ဋီကာအလိုအားဖြင့် "ဒုမ္ဘိ ဂရု" ဟူသော နိပါတနဖြင့် ဒွိကို ဒုပြု၊ နျာသအလိုအားဖြင့်

www.dhammaransi.com



(၇) ဒီဃောစ။ ။ ဒီဃော - ဒီဃ ဖြစ်သော၊ သရောစ — သရ သည်လည်း၊ ဂရုသညော ဟောတိ-၏၊ ယထာ- ကား၊ နာဝါ, နဒီ, ဝရူ, ဓေနု, တယော-နာဝါ၊ ပေ၊ တယော, စသည်တည်း၊ [ ဒီဃ ၅ လုံးအစဉ် အတိုင်း ပုံစံထုတ်သည်၊ ] ဂရုကတော-ဂရုမှ၊ အညော-တခြားအက္ခရာ ကို၊ လဟုကောတိ-လဟု ဟူ၍၊ ဝေဒိတဗ္ဗော-သိသိုက်၏၊ (၆၀၃)။

(၈) သေသာ ဗျဉ္ဇနာ။ ။ အဋ္ဌ သရေ ထပေတွာ သေသာ - ကြွင်းကုန်သော၊ အဇ္ဈမတ္တာ-မတြာဝက်ရှိကုန်သော၊ ကကာရာဒယော- က အက္ခရာ အစရှိကုန်သော၊ နိဂ္ဂဟိတန္တာ - ကုန်သော၊ တေတ္တိံသ- ၃၃ လုံးသော၊ အက္ခရာ - တို့သည်၊ ဗျဉ္ဇနာနာမ ဟောန္တိ၊ ၄တွေ့ဟိ—

" ဝိသတိဒသေသု ဗာ ဗ္ဗိသ တု " ၌ တုသဒ္ဒါ – တနည်း " ယောသု ဗ္ဗိန္နံ ဒွေစ "သုတ်၌ စသဒ္ဒါဖြင့် ဗ္ဗိကို ဒု ပြု, ဝါပရေဖြင့် (အ) ကိုချေ, နာမ်ငဲ့, သိမ်သက်, မှံပြု၍ "ဒုမ္ဘိ" ဟု ပြီး၏၊ [ "ဗ္ဗိန္နံ သမူဟော ဒု"ကား ဒန္တဒွေဒန-ပဒါဝတ္ထိကန္တနည်း, "တသိမ် ဒုမ္ဘိ"ကား ဒန္တသောဓန-ဝါကျာဝတ္ထိကန္တနည်း၊ ဆိုင်ရာ နည်းလေးဆယ်မှာ ရှု။ ]

**သံယောဂ၊ ပေ၊ ဂရုသညော** — " သံယောဂဘူတေ အက္ခရေ ပရေ " တို့ကား ဒုမ္ဘိကို ထပ်၍ ဖွင့်သော သုတ္တပုဒ္ဓိများတည်း၊ ဒတွာ စသည်၌ တွာသည် " တနှင့် ဝ " တွဲစပ်ထားသော အက္ခရာ ၂ လုံး အပေါင်းသံယုဂ်တည်း၊ ထိုသံယုဂ်နှောင်းလျှင် ဒ-ဟိ- ဘု" ကဲ့သို့သော ရဿ အက္ခရာ များကို " ဂရု " နာမည်ပေးသော သညာသုတ် ဟု (ရူပသိဒ္ဓိအလို) မှတ်၊ ဤသုတ်အဆိုအရ တွာ ၏ ရှေ့၌ရှိသော " ဒ–ဟိ–ဘု " တို့ကို နဂိုရ်က ရဿ ဖြစ်သော်လည်း "ဒတ်-ဟိတ်-ဘုတ်" ဟု ဂရုသံ ထွက်အောင် ထက်ထက် မြက်မြက် ရွတ်ရမည်၊ ကမ္ဗဝါစာဝယ် သံဃဿ၌ ဃဿ်, ပတ္တ၌ ပတ်, ကလ္လံ၌ ကလ်, စသည်တို့လည်း ဤနည်းပင်၊ [ ဂရု ဟု ဆိုသောကြောင့် "ဖိနှိပ်လိုက်သလို လေးလေး ပင်ပင် ရွတ်ရမည်, ဒီဃသံ ပေါက်အောင် ရှည်ရှည် မရွတ်ရ "ဟု မှတ်။ ]

(၇) **ဒီဃော၊ ပေ၊ ဝေဒိတဗ္ဗော**—နာဝါဝယ် ဝါ၌ အာ, နဒီ၌ ဤ, စသော ဒီဃ ၅ လုံးကို ဂရု ဟု ခေါ်၏၊ ဤ ဂရုများကိုကား ဒီဃသံ ပေါက်အောင် ရှည်ရှည် ရွတ်ရမည်၊ ဒတွာ စသော သံယောဂါဒိ ဂရု, နာဝါ စသော ဒီဃ ဂရု ဟု ဂရု ၂ မျိုးသာ ဤ၌ ပြသော်လည်း ဆန်းကျမ်း၌မူ နိဂ္ဂဟီတပရ ဂရု ( ကံ ကိံ ကုံ–တို့၌ အမှန်အတိုင်း ရေးလျှင် နိဂ္ဂဟိတ်တွေ အထက်က မနေရ—နောက်က နေရသောကြောင့် နောက်၌ နိဂ္ဂ ဟိတ်ရှိသော ဂရု) ကိုလည်း ပြသေး၏၊ ထို ဂရု ၃ မျိုးမှ တပါးသော "အ-ဣ-ဥ" ရဿ များကိုရင်း ဒုမ္ဘိ ဂရု၏ ပြောင်းပြန်ဖြစ်သော သံယုဂ် မနှောင်းသော က ကိ ကု စသော ရဿများကိုရင်း လဟု ဟု မှတ်။ [ ဧတ္ထ ဩဋ္ဌော တို့၌ ဧ ဩ တို့သည် ရဿကဲ့သို့ ရွတ် ရသော်လည်း ဆန်း–ဂရု လဟုအခွဲတွင် ဂရု၌ ပါဝင်ကြသည်၊ ] " ဥဇုံ ဗျတ္တံ သုကဏ္ဌံ ကရိဿာမိ " ဟူသော ပဋိညာဉ်၌ "သုကဏ္ဌံ" ဟု ဆိုခဲ့သည့်အတိုင်း ရဿ ဒီဃနှင့် လဟု ဂရုတို့ သဘောတူသောကြောင့် "ဒုမ္ဘိ ဂရု, ဒီဃောစ" ၂ သုတ်ကို ဤနေရာ၌ပြသည်။

www.dhammaransi.com



ဆိုအပ်ပြီးသော သရတို့မှ၊ အညော-အခြား အက္ခရာတို့သည်၊ သေသာ-သေသတို့ မည်၏၊ ဧတေဟိ- ဤ အက္ခရာတို့ သည်၊ အတ္ထော-အနက်ကို။ ဗျဥ္ဇိယတိ - ပြအပ်၏၊ ဣတိ - ထို့ကြောင့်၊ ( ထိုသို့ အနက်ကို ပြတတ်ကုန်သည်၏ အဖြစ်ကြောင့်၊ ) ဗျဥ္ဇနာ-တို့ မည်၏၊ တံယထာ ၊ ပေ၊ ဣတိ ဗျဥ္ဇနာ၊ ကကာရာဒီသု - က အက္ခရာ အစရှိသည်တို့၌၊ အကာရော - အအက္ခရာသည်၊ ဥစ္စာရဏတ္ထော-ရွတ်ဆိုရခြင်း အကျိုးရှိ၏။ (၆)။

(၉) ဗျဥ္ဇနာဘိ-ဗျဥ္ဇနာပုဒ်သည်၊ ဝတ္တတေ-သိုက်၏။

ဝဂ္ဂါ ပဉ္စပဉ္စသော မန္တာ॥ ။ တေသံခေါ ဗျဥ္ဇနာနံ-တို့တွင်၊ ကကာရာဒယော မကာရန္တာ ပဉ္စဝီသတိ - ၂၅ လုံးသော၊ ဗျဥ္ဇနာ - တို့ သည်၊ ပဉ္စ ပဉ္စ ဝိဘာဂေန - ၅ လုံး ၅ လုံး တပုအားဖြင့်၊ ဝဂ္ဂါနာမ ဟောန္တိ၊ တံယထာ ၊ပေ၊ ဣတိ ဝဂ္ဂါ၊ ပနဲ-ဆက်ဦး၊အံ့၊ ဘော-ထို ဝဂ်တို့ သည်၊ ပဌမက္ခရဝသေန-ပဌမ အက္ခရာ၏ အစွမ်းဖြင့်၊ ဝါ-ပဌမ အက္ခရာနှင့် စပ်သဖြင့်၊ ကဝဂ္ဂ စဝဂ္ဂါဒိ ဝေါဟာရံ - ကဝဂ် စဝဂ် အစရှိသော ဝေါဟာရသို့၊

(၈) ဝုစ္စေဟိ သေသာ ဗျဥ္ဇနာ— "ဝုစ္စေဟိ" သည် သေသာ၏ အပါဒါန်ကို ပြသော စကားတည်း၊ "ဗျဥ္ဇိယတိ အတ္ထော ဧတေဟိ" ကား ဗျဥ္ဇနာပုဒ်၏ ပဒဝိဂ္ဂဟ သံဝဏ္ဏနာတည်း၊ ထို ဝိဂ္ဂြိုဟ်၌ ဧတေဟိသည် အဝုတ္တကတ္တား , အတ္ထောကား ဝုတ္တကတည်း၊ "ဗျဥ္ဇနာ" ဟု ကိဘ်ပြီးသည့် အခါ ပြအပ်သော ကံ အနက် မရ , ပြတတ်သော ကတ္တား အနက်ကို ရသောကြောင့် "ဗျဥ္ဇနာ"ကို အဝုတ္တ ကတ္တုသာဓန ( အဝုတ္တကတ္တား အနက်ကို ရသော သာဓန)ဟု ခေါ်သည်၊ "အတ္ထံ အနက်ကို၊ဗျဥ္ဇယန္တိ-ထင်ရှားပြတတ်ကုန်၏၊ ဣတိ ဗျဥ္ဇနာ"ဟု ဝုတ္တကတ္တုသာဓနလည်း ပြုနိုင်သည်သာ။ [အနက်ကို ထင်ရှား ပြပုံကို ကစ္စည်းဘာသာဋီကာ၌ ဆိုထားသည်။]

**ကကာရာဒီသု ၊ ပေ ၊ ဥစ္စာရဏတ္ထော** — ဗျည်းတို့သည် တခြား၏ ထက်ဝက်မျှ ရွတ်ရိုးကာလ ရှိသောကြောင့် သူ့ချည်း သက်သက် အသံပြီသစွာ ရွတ်ဆို၍ မဖြစ်နိုင်၊ အ အာ ဣ ဤ စသော သရတို့နှင့် တွဲရမှ "က ကာ ကိ ကီ" စသည်ဖြင့် အသံပြီသစွာ ရွတ်ဖြစ်သည်၊ ထို့ကြောင့် "က ခ ဂ ဃ င" စသည်ဖြင့် ဗျည်း ၃၃ လုံးကို သရုပ် ပြရာ၌ က စသည့်ဝယ် အသရလည်း ပါနေ၏၊ ထိုအသရသည် ဗျည်း၏ အစိတ်အပိုင်း မဟုတ်, ရွတ်ဖြစ်ခြင်းငှါ အပိုထည့်အပ်သော အက္ခရာဖြစ်သည် – ဟုလို၊ တချို့ကား "ဥစ္စာရဏတ္ထော – ရွတ်လွယ်ခြင်း အကျိုးရှိ၏" ဟု အနက် အဓိပ္ပါယ် ပြောကြ၏၊ "သုခုစ္စာရဏ" ဓေါ်သော ရွတ်လွယ်ခြင်းမျိုး မဟုတ်သောကြောင့် ထို အနက် အဓိပ္ပါယ်ကို ဆင်ခြင်။

(၉) **တေ ပန၊ ပေ၊ ဝဂ္ဂေါတိ သမ္ဗူဟော**—နာမည်သည် အာဒိလဒ္ဓနာမ (အစ၌ တည်သော တစုံတခုဖြင့် ရအပ်သော နာမည် ), သဗ္ဗလဒ္ဓနာမ ( အားလုံး အတွက် ရအပ်သော နာမည်), စသည်ဖြင့် အမျိုးမျိုးရှိ၏၊ ဤ၌ ကဝဂ် စဝဂ် စသော နာမည်သည်

www.dhammaransi.com



ဂတာ– ရောက်ကုန်၏၊ ဝဂ္ဂေါတိ–ဝဂ္ဂေါဟူသည်၊ သမူဟော–အပေါင်းတည်း၊ တတ္ထ-ထို သုတ်၌၊ ပဉ္စ ပဉ္စ ဝိဘာဂေန–၅လုံး ၅လုံးတစုအားဖြင့်၊ ဉာတိ ဝါ–အနက်ကြောင့်ရင်း၊ ဧတေသံ– ဤ ဗျဉ်းတို့၏၊ ပဉ္စ ပဉ္စ – ၅ လုံး ၅ လုံးတို့သည်၊ အတ္ထိ–ရှိကုန်၏၊ ဉာတိ ဂါ – ဤ အနက်ကြောင့်ရင်း၊ ပဉ္စ ပဉ္စသော – ပဉ္စ ပဉ္စသော မည်၏၊ ယေသံ – အကြင် ဗျဉ်းတို့၏၊ မော-မ ဟူသော၊ အန္တော–အဆုံးသည်၊ အတ္ထိ ဉာတိ တေ မန္တာ၊ (၇)။

(၁၀) အံ ဉ္စတိ နိဂ္ဂဟီတံ ၊ ။ [ ဒ္ဓကာရော ဥစ္စာရဏာ‌ဏ္ထာ (အနက်ပေးခဲ့ပြီ၊ ) ဉ္စတိ သဒ္ဒေါပန–ဉ္စတိ သဒ္ဒါသည်ကား၊ အနုန္တရဇ္ဇ နိဒ္ဒေသနတ္ထော-အ၏ အခြားမဲ့၌ ဆိုအပ်သော ဗိန္ဒုပျောက်ကို ညွှန်ပြခြင်း အနက်ရှိ၏၊ ] အံ ဉ္စတိ- အံဟူ၍၊ အကာရတော–မှ၊ ပရံ-နောက်၌၊ ဝုတ္တံ-

တဝဂ် တဝဂ်တွင် အစဆုံး အက္ခရာနှင့် စပ်၍ ရအပ်သော အာဒိသဒ္ဒ နာမည်တည်း–ဟု သိစေလို၍ "တေ ပန ၊ ပေ ၊ ဂတာ" ဟု မိန့်သည်၊ ဝဂ္ဂ ပဉ္စ ပဉ္စသော စသောသုတ်၌ ဝဂ္ဂ သဒ္ဒါသည် အဘယ် အနက်ကို ဟောပါသနည်း ဟု မေးဘွယ်ရှိသောကြောင့် "ဝဂ္ဂေါတိ သမူဟော" ဟု မိန့်ရပြန်သည်၊ ထို အဖွင့်အရ ဝဂ္ဂသဒ္ဒါသည် " အပေါင်း " အနက်ကို ဟောသော အနိပ္ဖန္န ပါဋိပဒိက ပုဒ်တည်း– ဟု မှတ်၊ က စသည်ကို ၅ လုံးစီ ပေါင်းစု၍ တဝဂ်စီ ပြုရခြင်းမှာလည်း ဌာန်တူမှုကို အကြောင်းပြု၍ ပြုရခြင်းတည်း၊ မှန်၏–"က ခ ဂ ဃ င"တို့သည် ကဏ္ဌဌာန်၌ ဖြစ်ချင်းတူကြ၏၊ ထို့ကြောင့် တစုပြု၍"ကဝဂ်"ဟု ခေါ်၏၊ စဝဂ်စသည် ခေါ်ရာ၌လည်း နည်းတူ၊ ယ ရ လ – စသည်တို့ကား ထိုကဲ့သို့ ဌာန်ချင်းမတူကြ၍ စုမရသောကြောင့်"အဝဂ်=အစု မဟုတ်သော အက္ခရာများ"ဟု ခေါ်သည်။

တတ္ထ ပဉ္စ ၊ ပေ ၊ မန္တာ—တို့ကား ပဉ္စ ပဉ္စသောနှင့် မန္တာတို့၏ ပဒဝိဂ္ဂဟသံဝဏ္ဏနာ တည်း၊ " ပဉ္စ ပဉ္စဝိဘာဂေန " ဖြင့် ဝိဘာဂေဓာစ သုတ်၌ စ သဒ္ဒါဖြင့် ဝိဘာဂအနက်၌ "သော"ပစ္စည်းသက်၍ ထို့နောက် နာဝိဘတ်ကြေသည်-ဟု ပြ၏၊ " ဝိဘာဂ အနက် " ဟူသည် ဝေဘန်အပ် (တခုစီ ခွဲအပ်သော) အစု–ဟူသော အနက်တည်း၊ ထို့ကြောင့် "ပဉ္စ ပဉ္စသော–၅ လုံးတစု ၅ လုံး တစုအားဖြင့်"ဟု အနက်ပေး၊ "ပဉ္စ ပဉ္စ ဧတေသမတ္ထိ" ဖြင့် အဿတ္ထိအနက်၌ "တဒဿတ္ထီတိ ဝီစ" သုတ်ဝယ် စသဒ္ဒါဖြင့် သော ပစ္စည်းသက်, ထို့နောက် ယောဝိဘတ် ကြေသည်–ဟု ပြသည်၊ ထို့ကြောင့် " ပဉ္စ ပဉ္စသော–၅ လုံး ၅ လုံးစီ ရှိကုန်သော၊ မန္တာ ဗျဉ္ဇနာ ဝဂ္ဂါ"ဟု တနည်း အနက်ပေးနိုင်သည်၊ [ ဤနေရာ၌ "သော " ပစ္စည်း ဟု ဆိုထားသော်လည်း အဿတ္ထိ အနက်၌ " သော " ပစ္စည်း မဟုတ် ကြောင်းကို ထို သုတ်၌ ဖွင့်ပြအံ့။ ]

(၁၀) အကာရော ၊ ပေ ၊ နိဒ္ဒေသနတ္ထော—အံ၌ ပါသော (အ) အက္ခရာသည် က ခ စသည်၌ ပါသော (အ) ကဲ့သို့ ရွတ်ဆိုရ၍ဖြစ်ခြင်း အကျိုးရှိ၏၊ နိဂ္ဂဟိတ်ကား(အ) အက္ခရာမဘက် ဗိန္ဒုပျောက် သက်သက်သာတည်း၊ " အံ ဉ္စတိ"ဟု ဆိုအပ်သော ဉ္စတိ

www.dhammaransi.com



ဆိုအပ်သော၊ ယံမိန္ဒ္ဒု-အကြင်မိန္ဒုသည်၊ (အတ္တ-ရှိ၏၊) တံ-ထိုမိန္ဒုသည်၊ နိဂ္ဂဟိတံနာမ ဟောတိ၊ ရဿ သရံ - ရဿ သရကို၊ နိဿယ - မှီ၍၊ ဂယှတိ - ရွတ်ဆိုအပ်၏၊ ဣတိဝါ - ထို့ကြောင့်ပင်း၊ ကရဏံ - ဌာန်ကရိုဏ်းကို၊ နိဂ္ဂဟေတွာ-နှိပ်၍၊ ဂယှတိ ဣတိဝါ နိဂ္ဂဟိတံ-မည်၏။

သဒ္ဒါကလည်း အ သရ၏ နောက်၌ရှိသော ထိုမိန္ဒုပျောက်ကိုပင် ညွှန်ပြသည်၊ ချဲ့ဉုးအံ့- ဣတိ မပါဘဲ "အံ နိဂ္ဂဟိတံ"ဟုသော သုတ်တည်လျှင် အံ-အံ့သည့်၊ နိဂ္ဂဟိတံ-နိဂ္ဂဟိတ် မည်၏"ဟု သုတ်နက်ပေး၍"အံ တခုလုံး အ သရရော မိန္ဒုပျောက်ပါ) နိဂ္ဂဟိတ်မည်၏" ဟု အဓိပ္ပါယ်ယူရာ၏၊ ဣတိသဒ္ဒါထည့်၍ "အံ ဣတိ နိဂ္ဂဟိတံ"ဟု သုတ်တည်ရာ၌ကား ဣတိသဒ္ဒါသည် ညွှန်ပြခြင်း နိဒဿနအနက် ရှိသောကြောင့် အသရ၏နောံ-မိမိ ဘူသော ဣဘိ၏ ရှေ့နား၌ ကပ်လျက်ရှိသော မိန္ဒုပျောက်ကိုသာ လက်ညှိုးဖြင့် ထောက်ပြသကဲ့သို့ ဣတိသဒ္ဒါက "ဤမိန္ဒုပျောက်" ဟု ညွှန်ပြလေသည်။

[ဆောင်] အံ နိဂ္ဂဟိတံသာ, မဆိုပါဘိ, ထည့်သည့်အချက်, ဣတိတွက်ကား, မဘက်အသရ, မိန္ဒုမျှ, ညွှန်ပြ-ကျိုးရှိသည်။

**ရဿသရံ၊ ပေ၊ နိဂ္ဂဟိတံ** — ကား ပဒဝိဂ္ဂဟသံဝဏ္ဏနာတည်း၊ [နိဂ္ဂဟိတံ၌ နိပုဗ္ဗ ဂဟဓာတ်, တပစ္စည်း, ဣအာဂုံပင် ဖြစ်သော်လည်း သက္ကတ၌ ဤဒီဃနှင့် ရှိသောကြောင့် ဒီဃပြု။] ပဌမဝိဂ္ဂဟ၌ နိကို "နိဿယ"ဟု ဖွင့်၍ ဂဟိတံကို "ဂယှဘိ" ဟု ဖွင့်၏၊ ဤ၌ ဂဟဓာတ်သည် "ယူခြင်း" အနက်ကို ဟော၏၊ "ယူခြင်း" ဟူသည်လည်း၊ လက်ဖြင့် ယူခြင်းမဟုတ်, နူတ်ဖြင့် ယူခြင်း ဖြစ်ရကား "ရွတ်ဆိုအပ်"ဟု အဓိပ္ပါယ်နက် ပေးရသည်၊ တနည်း – "ဓာတူနံ အနေကတ္ထတ္တာ" ပရိဘာသာအရ ဂဟဓာတ်သည်ပင် ဥစ္စာရဏ (ရွတ်ခြင်း) အနက်ကို ဟော၏ ဟုကြံ၊ "အံ ဣ ဉ" ဟု ရဿသရကို မှီရမှ ရွတ်ဆို၍ ဖြစ်သောကြောင့် "ရဿ သရံ နိဿာယ"ဟု မိန့်သည်၊ ဒုတိယ ဝိဂ္ဂဟ၌ နိကို "နိဂ္ဂဟေတွာ"ဟု ဖွင့်၏၊ ကရဏံအရလည်း ကရိုဏ်းချည်းမယူဘဲ ဌာန်ရော ကရိုဏ်းပါ ယူရမည်၊ ["ကရဏာနိတိ-ကဏ္ဌာဒီနိ"—ပရိဝါ, ကမ္မဝဂ်, တေရသကဏ်။] ဌာန် ကရိုဏ်းကို နှိပ်ခြင်း" ဟူရာ၌လည်း သစ်ကိုင်းပေါ် နားနေသော ငှက်သည် အထက်သို့ ပျံတက် လိုက်သည့်အခါ သစ်ကိုင်းကို ဖိနှိပ်သလို ဖြစ်သွားသကဲ့သို့, ထို့အတူ နိဂ္ဂဟိတ် သံသည် အထက် နှာခေါင်းပေါက်သို့ ဆန်တက်ရမည့် ဖြစ်သောကြောင့် "ကံ-စံ-ဋံ-တံ-ပံ-" စသည်ဖြင့် ရွတ်ဆိုလိုက်သည့်အခါ က စ ဋ တ ပ တို့၏ ဌာန်ကရိုဏ်းကို ဖိနှိပ်ထားခဲ့သလို ဖြစ်သည်–ဟု ဆိုလိုသည်။

**တနည်းကြံ ဘွယ်။** ။ပရိဝါ ကမ္မဝဂ္ဂဋ္ဌကထာ၌ နိဂ္ဂဟေတွာကို "အဝိဿဇ္ဇေတွာ-ဌာန် ကရိုဏ်းတို့ကို မလွတ်လိုက်မူ၍"ဟု ထပ်၍ဖွင့်သောကြောင့် "ကရဏံ-ဌာန် ကရိုဏ်းကို၊ နိဂ္ဂဟေတွာ-မလွတ်လိုက်ဘဲ မြဲစွာယူ၍" ဟု တနည်းကြံသင့်၏၊ အဓိပ္ပါယ်ကား– နိဂ္ဂဟိတ်သံနှင့် ဝိမုတ်သံသည် ဖြောင့်ဖြောင့် ဆန့်ကျင်ဘက် ဖြစ်၏၊ "ဝိမုတ္တ"ဟူသော သဒ္ဒါသွား အလိုက် ဝိမုတ်အက္ခရာကို ရွတ်သည့်အခါ ဌာန် ကရိုဏ်းများကို ဟာလာ

www.dhammaransi.com



ကရဏံ-ကို၊ နိဂ္ဂဟောတွာန-၍၊ အဝိဝဋေန-မဖွင့်အပ်သော၊ မုခေန-ခံတွင်းဖြင့်၊ ယံ-အကြင် ဗိန္ဒုကို၊ ဝုစ္စတေ - ရွတ်ဆိုအပ်၏၊ သရာနုဂံ-ရဿ သရသို့ အစဉ်လိုက်သော၊ တံဗိန္ဒု-ကို၊ နိဂ္ဂဟီဘန္တိ - နိဂ္ဂဟိတ်ဟူ၍၊ ဝုတ္တံ-ဆိုအပ်၏၊ (၈)။

ဟင်းလင်း ရှင်းရှင်းလွှတ်လွှတ် လွှတ်၍ ရွတ်ဆိုရ၏၊ နိဂ္ဂဟိတ်ကိုကား ထိုကဲ့သို့ ဌာန်နှင့်ကရိုဏ်းကို မလွှတ်လိုက်ဘဲ မြဲစွာ ယူထားမှသာ နိဂ္ဂဟိတ်၏ နာသိကာဌာန် နှာခေါင်းသံ ပြီးသ၏၊ ဖွံ့ကို ရွတ်ရာ၌ ဒန္တဌာန်နှင့် ကရိုဏ်းကို လွှတ်ပစ်လိုက်သည့်အခါ ပါးစပ်ပေါက်မှ လေသံ ထွက်သဖြင့် နိဂ္ဂဟီတ်သံပျက်၍ ဝိမုတ်သံ ဖြစ်နေလိမ့်မည်၊ ထို့ကြောင့် အဝိဿဇ္ဇေတွာ ဟူသော အဖွင့်အရ ပြခဲ့သောအဓိပ္ပါယ်နှင့် ညီမျှအောင် "နိဂ္ဂဟေတွာ-မြဲစွာယူ၍" ဟု တနည်းကြံသင့်သည်။

ကရဏံ နိဂ္ဂဟေတွာန၊ ပေ သရာနုဂံ—ဤဂါထာကား ဒုတိယ ဝိဂ္ဂဟာ၏ သာဓက (သက်သေခံ) ဂါထာတည်း၊ ဤဂါထာ၌ "အဝိဝဋေန မုခေန" ဖြင့် ဝိမုတ်ဖြစ်မည့်ကို ကာကွယ်သည်၊ ခံတွင်းကို ဖွင့်ဟထားလျှင် ခံတွင်းမှ လေသံထွက်၍ ဝိမုတ် ဖြစ်လိမ့်မည်၊ သို့ဖြစ်၍ နိဂ္ဂဟိတ်ကို ရွတ်သည့်အခါ မဖွင့်အပ်သော ခံတွင်းဖြင့် ရွတ်ရမည်-ဟုလို၊ "ဝုစ္စတေ"ကား ဂယှတ်၏အနက်ဖွင့်တည်း၊ ထို့ကြောင့်လည်း "ဂယှတိ-ရွတ်ဆိုအပ်၏" ဟု ပေးရသည်၊ ကြွင်းပုဒ်များ၏ အဓိပ္ပါယ်မှာ ဒုတိယဝိဂ္ဂဟာ၏ အဓိပ္ပါယ် အတိုင်းပင်၊ သရာနုဂံအရ "အံ ဣံ ဥံ" ဟု ရဿ သရနောက်သို့ လိုက်ပုံ (ရဿ သရနောက်သို့ လိုက်ရမှ အသံ ပြီးသပုံ) ကို သိပါ။

မှတ်ချက်။ ။ "အဝိဝဋေန မုခေန" ၌ မုခသဒ္ဒါသည် ဩဋ္ဌ၏ အနက်ဖြစ်သော နှုတ်ခမ်းကို မဟော၊ အစာဝင်ရာ "ခံတွင်း" ဟူသော အနက်ကို ဟော၏၊ ထိုခံတွင်းကို ဖွင့်ထားလျှင် နှာခေါင်းသို့ လေ မသွားနိုင်၊ ထို့ကြောင့် နှာခေါင်းသို့ လေ သွားအောင် ခံတွင်းကို ပိတ်၍ ရွတ်ရမည် - ဟု ဆိုလိုသည်၊ မုခ အရ နှုတ်ခမ်းပေါက်ကို ယူပြီးလျှင် "နိဂ္ဂဟီတန္တ ရွတ်ရာ၌ နှုတ်ခမ်းကို ပိတ်၍ ရွတ်ရမည်" ဟူသော ဝါဒသည် ခါးတောင်းကြိုက် တခြား တင်တခြားကဲ့သို့ သဒ္ဒါနေက တခြား အနက်အဓိပ္ပါယ်လည်း တခြားပင်၊ အချုပ်မှာ - "နိဂ္ဂဟီတန္တ ရွတ်ရာ၌ နှုတ်ခမ်းပေါက် ပိတ်-မပိတ်မှာ လိုရင်း မဟုတ်, နှာခေါင်းသို့ လေထွက်အောင် ရွတ်နိုင်ခြင်းသာ လိုရင်းဖြစ်သည်" ဟု မှတ်။

ဗျဉ္ဇနဗုဒ္ဓိ ဆယ်ပါး ။ ။ "အတ္ထံ ဗျဉ္ဇယန္တိ" အရ အနက်ကို ထင်ရှားပြတတ် (သိစေတတ်) သောကြောင့် သရ-ဗျည်း-ပုဒ်တို့ကို "ဗျဉ္ဇန" ဟု ခေါ်ရသေး၏၊ ထိုအက္ခရာ ပုဒ် ပါဠိ တို့ကို ရွတ်ဆိုကြောင်း စိတ်ကို "ဗျဉ္ဇနဗုဒ္ဓိ" ဟု ခေါ်၏၊ [သဒ္ဒါကျမ်း၌ "ဗုဒ္ဓိ" ဟု တွေ့လျှင် ဉာဏ်ကိုချည်း မယူရ၊ တချို့အရာ၌ စိတ်ကို ယူရသည်။ ] ထို ဗျဉ္ဇန တို့ကို ရွတ်ဆိုကြောင်း စိတ်က ဆယ်မျိုး ပြားသောကြောင့် ရွတ်ဆိုအပ်သော ဗျဉ္ဇန လည်း ၁၀ မျိုးပင် ရှိသည်၊ ဗျဉ္ဇန ၁၀ မျိုးကား—

သိထိလံ ဓနိတဉ္စ ဒီဃ ရဿံ, ဂရုကံ လ ဟုကဉ္စေဝ နိဂ္ဂဟီတံ၊
သမ္ဗန္ဓ ဝဝတ္ထိတံ ဝိမုတ္တံ, ဒသဓာ ဗျဉ္ဇနဗုဒ္ဓိယာ ပဘေဒေါ။

www.dhammaransi.com



(၁၁) ဍူရ - ၏ ကစ္စည်းကျမ်း၌၊ အဝုတ္တာနံ- မဆိုအပ်ကုန်သော၊ ဝါ-နာမည် မမှည့်အပ်ကုန်သော၊ ပရသ မညာနံပိ- တပါးသော သဏ္ဍာတကျမ်း၌ အမည်တို့ကိုလည်း၊ ပယောဇနေ - အကျိုးသည်၊ သတိ-သော်၊ ဝပာဿတ္တံ- ယူခြင်းအကျိုး၌၊ ပရိဘာသံ- ပရိဘာသာသုတ်ကို၊ အာဟ- ဆိုပြီ၊ (၉)။

သိထိလံ – လျော့လျော့ ရွတ်အပ်သော သဒ္ဒါ၊ ဓနိတဥ – တင်းတင်းမာမာ ရွတ်အပ်သော သဒ္ဒါ၊ ဒီဃ – ဒီဃ သဒ္ဒါ၊ ရဿံ-ရဿ သဒ္ဒါ၊ ဂရုကံ–လေးလေး ရွတ်အပ်သော သဒ္ဒါ၊ လဟုကဥ္စေဝ – ပေါ့ပေါ့ရွတ်အပ်သော သဒ္ဒါ၊ နိဂ္ဂဟိတံ – နိဂ္ဂဟိတ်၊ သမ္ဗန္ဓ – ( "တုဏှာသ" ကဲ့သို့ ) ပုဒ်စပ်၍ ရွတ်အပ်သော သဒ္ဒါ၊ ဝဝတ္ထိတံ – (တုဏှီ+အာသ" ကဲ့သို့)ပုဒ်ဖြတ်၍ ရွတ်အပ်သော သဒ္ဒါ၊ ဝိမုတ္တံ-ခံတွင်းကို မပိတ်ဘဲလွှတ်၍ ရွတ်အပ်သော သဒ္ဒါ၊ ဍူတိ-ဤသို့၊ ဒသဓာ-ဆယ်ပါး အပြားအားဖြင့်၊ ဗျဉ္ဇနဗုဒ္ဓိယာ-အက္ခရာကို ဖြစ်စေတတ်သော စိတ္တုပ္ပါဒ်၏၊ ပဘေဒေါ-အပြားသည်၊ ဟောတိ-၏။

ထိုတွင် သိထိလ ဓနိတတို့သည် နောက်၌ လာကုန်လတ္တံ့၊ ဒီဃ ရဿ ဂရု လဟုတို့ကို ပြခဲ့ပြီ၊ ခံတွင်းကို ဖွင့်ဟ၍ ရွတ်ရသော ( ချုပ်တည်း ပိတ်ဆို့ မထားဘဲ လွှတ် လွှတ် ကျွတ်ကျွတ် လွှတ်၍ ရွတ်ဆိုအပ်သော)အာ-ကာ စသည်သည် ဝိမုတ္တမည်၏၊ သိထိလနှင့် ဓနိတ , ဒီဃနှင့် ရဿ , ဂရုနှင့် လဟု, သမ္ဗန္ဓနှင့် ဝဝတ္ထိတ, နိဂ္ဂဟိတ်နှင့် ဝိမုတ္တတို့သည် အချင်းချင်း အပြန် အလှန် " နှင့်မဟုတ်,ငါ" ဆိုသလို ဆန့်ကျင်ဘက် မျှားတည်း၊ ထို့ကြောင့် နိဂ္ဂဟိတ်၏ ပြောင်းပြန် ဖြစ်သော ဝိမုတ် အက္ခရာကို"သုဏာတု မေတိ ဝိဝဋ္ဋေန မုခေန ဝတ္တဗ္ဗေ (ဏာ ဟု ဖွင့်အပ်သော ခံတွင်းဖြင့် ရွတ်ဆိုသင့်ရာ၌) သုဏန္တု မေတိဝါ (ဏန်ဟု ၎င်း) သော ဥတ္တိတိ ဝတ္တဗ္ဗေ သံ ဥတ္တိတ်ဝါ အဝိဝဋ္ဋေန မုခေန အနုနာသိကံ ကတွာ ဝစနံ ဝိမုတ္တဿ နိဂ္ဂဟိတဝစနံ နာမ"- ဟု ပရိဝါ–ကမ္မဝဂ္ဂဋ္ဌကထာ ဖွင့်သည်။

အချို့ကား–ဝိဝဋ္ဋပယတ်နှင့်ဆိုင်သော သရ ၇လုံးနှင့် သ-ဟ တို့ကို ဝိမုတ်အက္ခရာ ဟု ဆိုကြ၏၊ ၎င်းဖြစ်လျှင်" ဣံ,ဥံ,သံ,ဟံ"ဟု ရွတ်ရာ၌ (မိန္ဒုအတွက် နိဂ္ဂဟိတ်သံ, ဣ စသည်တို့အတွက် ဝိမုတ်သံ ဖြစ်အောင် ) တပြိုင်နက် ရွတ်ရတော့မည် ဖြစ်သောကြောင့်၎င်း နိဂ္ဂဟိတ်နှင့် ဝိမုတ်တို့လည်း အချင်းချင်း ဆန့်ကျင်ဘက်အဖြစ်ဖြင့် အဋ္ဌကထာ ဖွင့်ပြသောကြောင့်၎င်း ထိုစကားကို စဉ်းစားကြပါလေ၊ သဒ္ဒနီတိဝယ်"ကုသလာ ဓမ္မာ" စသည်ကို ဝိမုတ္တပုံစံ ထုတ်ပြရာ၌လည်း "ဓမ်" ကို လို၍ ထုတ်ပြခြင်း မဟုတ်,လာ–မာ တို့ကို လို၍ ထုတ်ပြခြင်း ဟု မှတ်၊ ဤဗျဉ္ဇနဗုဒ္ဓိ ဆယ်ပါးသည် သရဏဂုံနှင့် ကမ္မဝါစာဝယ် များစွာ အသုံးဝင်၏၊ ဂရုပြု၍ လေ့လာကြပါကုန်။

(၁၁) ဍူစ အဝုတ္တာနံ ၊ ပေ ၊ မာဟ — [ကစ္စည်းကျမ်းကို မှီ၍ ဆိုရသောကြောင့် "ဍူစ"အရ ရူပသိဒ္ဓိကို စွဲဘဲ"ကစ္စည်းကျမ်း၌"ဟု စွဲသည်၊ ] ကစ္စည်းကျမ်း၌ တိုက်ရိုက် နာမည်မှည့် မထားသော်လည်း သဏ္ဍာတကျမ်းလာ ထို နာမည်တို့ကိုလည်း ကစ္စည်း ကျမ်း၌ အကျိုးများမည် ဖြစ်လျှင် ယူနိုင်ဘို့ရာ "ပရသညာ ပယောဂေ" ဟူသော ဤပရိ

www.dhammaransi.com



ပရသမညာ ပယောဂေ။ ။ပရသ္မိံ-တပါးသော၊ သက္ကတဂန္ထေ-သက္ကတကျမ်း၌၊ ဝါ- တနည်း၊ ပရေသံ - တပါးကုန်သော၊ ဝေယျာကရဏာနံ - ဗျာကရုဏ်း ဆရာတို့၏၊ ဃောသာ ဃောသ လောပ သဝဏ္ဏ သံယောဂ လိင်္ဂါဒိကာ - ဃောသ, အဃောသ, လောပ, သဝဏ္ဏ, သံယုဂ်, လိင် အစရှိကုန်သော၊ ယာ သမညာ- အကြင် အမည် တို့သည်၊ (သန္တိ-ရှိကုန်၏၊) တာစ-ထို အမည်တို့ကိုလည်း၊ ပယောဂေ-သုံးစွဲသင့်သည်၊ သတိ - ရှိသော်၊ ဧတ္ထာပိ - ဤ ကစ္စည်းကျမ်း၌လည်း၊ ယုဇ္ဇန္တေ-သုံးစွဲအပ်ကုန်၏။

ဘာသာ သုတ်ကို အရှင် ကစ္စည်းဆရာ မိန့်တော်မူသည်၊ ဤပရိဘာသာ သုတ်သည် နာမည်ကို သိစေသော ( သညာ် ) ပရိဘာသာသုတ်တည်း၊ သညာ် ပရိဘာသာသုတ် ဖြစ်သောကြောင့် " ပရသမညာပယောဂေ " သုတ်ဖြင့် "က"ကို ဃောသ အမည်မှည့်, ပုရိသကို လိင် အမည်မှည့် စသည်ဖြင့် ယခုကာလ၌(ဝိဘတ်သွယ် စသည်မှာ) နာမည် မှည့်ကြ၏၊ သို့သော် ဤသုတ်၏ ဆိုလိုရင်းမှာ နာမည် မှည့်ဘို့ကို ဆိုလိုသည် မဟုတ်၊ ဤ ပရိဘာသာ သုတ်၏ အမိန့်အရ ဃောသ အဃောသ လိင်စသည်ကို ( နာမည် မမှည့် တော့ဘဲ ) သက္ကတမှာ နာမည် မှည့်ပြီးသား အတိုင်း ဤ ကစ္စည်းကျမ်း၌ သုံးစွဲနိုင်ပါ သည် – ဟုသာ ဆိုလိုသည်၊ ပရိဘာသာ ခေါ်ရပုံကို ကစ္စည်းဘာသာဋီကာ နယေ ပရံ ယုတ္တေသုတ်မှာ ရှု။

**ယာစပန ၊ ပေ ၊ လိင်္ဂဒိကာ**—"ပရသ္မိံ သက္ကတဂန္ထေ"ပါဌ်ဖြင့်"ပရသ္မိံ+သမညာ, ပရသမညာ"ဟု ( သတ္တမီတပ္ပုရိသ် ) ဝိဂ္ဂြိုဟ်ပြုစေလို၍"ပရ အရလည်း သက္ကတကျမ်းကို စွဲပါ"ဟု သိစေသည်၊ ဤနည်းအလို "ပရသမညာ-ကစ္စည်းကျမ်းမှ တပါးသော သက္ကတ ကျမ်း၌ အမည်တို့ကဲ့ " ဟု ဆို၍ ပရ၏ အပါဒါန်ကို ကစ္စည်းကျမ်း ခံပါ၊ " ပရေသံ ဝါ ဝေယျာကရဏာနံ သမညာ"ဖြင့် " ပရေသံ+သမညာ "ဟူသော ဆဋ္ဌီတပ္ပုရိသ် ဝိဂ္ဂြိုဟ် ကိုရင်း, ပရ အရ ဗျာကရုဏ်း ကျမ်းဆရာများကိုရင်း ယူစေလိုသည်၊ ဤ အလို – ပရ သမညာ – ကစ္စည်းကျမ်းဆရာမှ တပါး သက္ကတ ဗျာကရုဏ်း ဆရာတို့၏ အမည်တို့ကို" ဟု အနက်ပေး၍ ပရ၏ အပါဒါန်ကို ကစ္စည်းကျမ်းဆရာ ခံပါ၊ "ဃောသာ ဃောသ၊ပေ၊ လိင်္ဂါဒိကာ"ကား ကစ္စည်းကျမ်း၌ အသုံးဝင်သော သက္ကတ နာမည်များတည်း။

**တာ ဧတ္ထာပိ ယုဇ္ဇန္တေ** — ထို နာမည်များကို ဤ ကစ္စည်းကျမ်း၌ သုံးစွဲခွင့် ကြုံလျှင် သုံးစွဲနိုင်သည် – ဟူလို၊ ဃောသ အဃောသ အမည်ကို ဝဂ္ဂေ ဃောသာ ဃောသာနံ သုတ်၌ လောပ အမည်ကို သရာ သရေ လောပံ သုတ်၌, သဝဏ္ဏ အမည် ( အသဝဏ္ဏ အမည် ) ကို ကွစာ သဝဏ္ဏ လုတ္တေ သုတ်၌, သံယောဂ အမည်(ဝိသညောဂ အမည်)ကို ဗျဉ္ဇနော စ ဝိသညောဂေါ သုတ်၌, လိင်အမည်ကို လိင်္ဂဉ္စ နိပစ္စတေ သုတ်၌ ဤသို့ စသည်ဖြင့် ထိုထိုအမည်များကို ထိုထိုသုတ်၌ သုံးစွဲခွင့်ရှိသည်။ [ သက္ကတသုတ်များကို ကစ္စည်းဋီကာ ပရသမညာအဖွင့်၌ ပြထား၏၊ ထို သုတ်များ၌ အသဝဏ္ဏ-ဝိသညောဂ နာမည်မှည့်သုတ်

www.dhammaransi.com



ပရသ္မိံ - တပါးသော ဗျာကရုဏ်းကျမ်း၌၊ ဝါ-တနည်း၊ ပရေသံ- တပါးသော ဗျာကရုဏ်း ဆရာတို့၏၊ သမညာ - အမည်တို့သည်၊ ပရသမညာ – ပရသမညာတို့ မည်၏၊ ဝေယျာကရဏေ – ဗျာကရုဏ်းကျမ်း၌၊ သမညာ-အမည်တို့တည်း၊ ဝါ-တနည်း၊ ( လိုက်ပေး ) ဝေယျာကရဏံ-ဗျာကရုဏ်းကျမ်းကို၊ အဓိတာနံ-ရွတ်ဆိုကုန်သော ဆရာတို့၏၊ သမညာ-တို့တည်း၊ ဧတ္ထ-ဤအရာ-ဤကာ၁းအနက်၊ ပယုဇ္ဇန္တိ- သုံးစွဲခြင်း၊ ပယောဂေါ-သုံးစွဲခြင်း၊ ဝိနိယောဂေါ-ယှဉ်စပ်ခြင်း၊ ဝါ – သုံးစွဲခြင်း။

တတ္ထ - ထို ဃောသ အဃောသ စသည်တို့တွင်၊ ဝဂ္ဂါနံ - ဝဂ်တို့၏၊ ပဌမ ဒုတိယာ-ပဌမ ဒုတိယ အက္ခရာတို့သည်ရင်း၊ သကာရောစ - သ အက္ခရာသည့်ရင်း၊ အဃောသာ-အဃောသတို့မည်၏၊ ဝဂ္ဂါနံ-ဝဂ်တို့၏၊ တတိယ စတုတ္ထ ပဉ္စမာ-တို့ရင်း၊ ယရလဝဟဠာစ-ယရ ပေါင်းတို့ရင်း၊ ဣတိ-သို့၊ ဧကဝီသတိ- ၂၁လုံးသည်၊ ဃောသာနာမ-တို့မည်၏၊ ဧတ္ထစ- ဤ ဃောသ အဃောသ တို့တွင်လည်း၊ ဝဂ္ဂ ဒုတိယ စတုတ္ထာ - ဝဂ်၏

မပါ၊ သဝဏ္ဏ သံယောဂမှည့် သုတ်သာ ပါ၏၊ ဆို့ကြောင့်"လောပ သဝဏ္ဏ သံယောဂ လိင်္ဂါဒိကာ"ဟု ပရသမညာ အတွင်း၌ အသဝဏ္ဏနှင့် ဝိသညောဂ အမည်ကို မထည့်ဘဲ ထားသည်၊ သဝဏ္ဏ သံယောဂမဟုတ်လျှင် အသဝဏ္ဏ ဝိသညောဂ ဟု သိသာရကား သတ္တတ၌လည်း အထူးနာမည် မမှည့်တော့ ဟု မှတ်။ ]

ပရသ္မိံ ၊ ပေ ၊ တျဇ္ဈော ၊ ပေ ၊ ဝိနိယောဂေါ — ပရသ္မိံ စသည်ကား ပဒဝိဂ္ဂဟ သံဏ္ဌာနတည်း၊ " ပရသ္မိံ+သမညာ, ပရသမညာ " ဟုရင်း " ပရေသံ+သမညာ, ပရသမညာ" ဟုရင်း ဝိဂ္ဂြိုဟ်ပြုစေလိုသည်၊ ပရသ္မိံ အရ ကစ္စည်းကျမ်းမှတပါး သတ္တတ ဗျာကရုဏ်းကျမ်းကိုရင်း, ပရေသံ အရ ကစ္စည်း ဆရာမှ တပါး သတ္တတ ဗျာကရုဏ်းကို ရွတ်ဆိုသူ (ဗျာကရုဏ်းဆရာ) တို့ကိုရင်း, ယူရမည် ဟု သိစေလိုသောကြောင့်"ဝေယျာကရဏေ၊ပေ၊တျဇ္ဈော"ဟု မိန့်သည်၊ " ဝေယျာကရဏေ " သည် ပရသ္မိံ၏ အနက်ပြ, " ဝေယျာကရဏာ မဓီတာနံ " ကား ပရေသံ၏ အနက်ပြတည်း၊ " ပယုဇ္ဇန္တိ " သည် သုတ်၌ပါသော "ပယောဂေါ" ပုဒ်၏ ဝိဂ္ဂြိုဟ်တည်း၊ "ဝိနိယောဂေါ"ကား"ပယောဂေါ" အရ " ပြယုဂ်–ဥဒါဟရုဏ်ကို မယူရ, ယှဉ်စပ်ခြင်း အနက်ကို ယူပါ " ဟု သိစေသည်၊ "ယှဉ်စပ်"ဟူသည်လည်း ဆိုင်ရာသုတ်၌ ယှဉ်တွဲ သုံးစွဲခြင်းတည်း၊ ဃောသ အဃောသ အကြောင်းကို ကစ္စည်းဘာသာဋီကာ၌ ပြထားသည်။

ဧတ္ထစ ဝဂ္ဂဒုတိယ၊ပေ၊သိထိလ ာတိ— ဃောသ အဃောသနှင့် စပ်၍ (သဒ္ဒနီတိ-ကမ္မဝါစာ တို့၌ အသုံးကျသော) သိထိလ ဓနိတတို့ကိုလည်း မှတ်ထိုက်သောကြောင့် " ဧတ္ထစ ဝဂ္ဂဒုတိယ " စသည်ကို မိန့်သည်၊ ရိုးရိုးမှန်မှန် အသံထက် တင်း၍ ခတ်ပြင်းပြင်း ရွတ်အပ်သော အက္ခရာသည် ဓနိတအက္ခရာ မည်၏၊ ဓနိတကို ထောက်၍ ထိုသောက်

www.dhammaransi.com



ဒုတိယစတုတ္ထအက္ခရာတို့ကို၊ ဓနိတာတိပိ-ဓနိတတို့ဟူ၍လည်း၊ ဝုစ္စန္တိ-ဆိုအပ်ကုန်၏၊ ဣတရေ - ဒုတိယ စတုတ္ထမှတပါးသော အက္ခရာတို့ကို၊ သိထိလာတိ-သိထိလတို့ဟူ၍၊ (ဝုစ္စန္တိ။)

ပြေင်းရဘဲ လျော့လျော့ မှန်မှန် ရွတ်အပ်သော အက္ခရာသည် သိထိလမည်၏၊ "ဓနိတ= ပြင်းထန်သော အသံ"ဟု ဆိုသောကြောင့် ကမ္မဝါစာ သရဏဂုံ ရွတ်ရာတို့၌ ဦးခေါင်း လှုပ် ယိမ်းသွားလောက်အောင် အလွန် ခက်ထန်စွာ ဒေါပါပါနှင့် ရွတ်ရမည် ဟုဂင်း "သိထိလ=လျော့သောအသံ" ဟု ဆိုသောကြောင့် နှစ်ကိုယ်ကြား စကားပြောသလို တိုးတိုး ရွတ်ရမည် ဟု ဂင်း မမှတ်ရ၊ မှန်၏ – ဗုဒ္ဓရှင်တော် တရားဟောတော် မူရာ၌ "သိထိလ–ဓနိတ" စသော ဗျဉ္ဇနဗုဒ္ဓိ များနှင့်အညီ ဟောတော်မူ၏၊ ထိုအခါ သိထိလ အက္ခရာတိုင်း လေသံပြော့ပြော့နှင့် လျော့လျော့ဟောလိမ့်မည် မဟုတ်သည့်ပြင်, ဓနိတ အက္ခရာ ရောက်ပြန်လျှင်လည်း ဝေါက်သံနှင့် ဟောတော်မူမည် မဟုတ်ပါ။

**သိထိလ ဓနိတ အလွတ်များ ။** ။ "ဝဂ္ဂ ဒုတိယ စတုတ္ထာ ဓနိတာ , ဣတရေ သိထိလာ"ဟု ဓနိတမှ ကျန်သမျှကို သိထိလဟု လုံး၍ဆိုထားသောကြောင့် ဝဂ်၏ဒုတိယ စတုတ္ထ တို့မှ ကျန်သမျှ ဝဂ် အက္ခရာနှင့် အဝဂ်တို့ကိုပါ သိထိလ၌ သွင်းယူရမည်ကဲ့သို့ ထင်ရ၏၊ အမှန်မှာ–ထိုသို့ မယူရ၊ ဝဂ်ထည်း၌ ပဌမနှင့် တတိယ (က-ဂ-စ-ဇ-စသည်) တို့ကိုသာ သိထိလ ဟု ယူရမည်၊ [ "သိထိလံနာမ–ပဉ္စသု ဝဂ္ဂေသု ပဌမ တတိယံ–" ပရိဝါ,ကမ္မဝဂ္ဂဋ္ဌကထာ၊ ]ထို့ကြောင့် ဝဂ်၌ ပဉ္စမက္ခရာများနှင့် အဝဂ်တို့ကို သိထိလဓနိတ တို့မှ အလွတ်အက္ခရာများ ဟု မှတ်။

**ရွတ်ပုံ ရွတ်နည်း။** ။ယခုကာလ မြန်မာရွတ်သံ၌ "ဂ–ဃ"စသော ဝဂ်၏ တတိယ စတုတ္ထ အက္ခရာတို့သည် အသံ တူနေသကဲ့သို့ သီဟိုဠ်ရွတ်သံ၌" က–ခ "စသော ဝဂ်၏ ပဌမ ဒုတိယ အက္ခရာတို့လည်း အသံ တူနေကြ၏၊ ထို့ကြောင့် သီဟိုဠ် ကလေးများ သင်ပုန်းကြီး သင်စဉ် " က-ယန, မာပရာဏ ခ-ယန, ဂ-ယန, မာပရာဏ ဃ-ယန, င-ယန, ဟု စာအံကြသတဲ့၊ [ ယန=အက္ခရာ၊ မာပရာဏ=ပြင်းပြင်း ရွတ်ရသော၊ ] " မာပရာဏ " ဟု ပါလျှင် ဓနိတသံ ရွတ်အံကြ၏၊ ဤ၌ ကနှင့် ခ, ဂ နှင့် ဃတို့ အသံ တူနေသောကြောင့် ရွတ်ရာ၌ အတင်း–အလျော့ ခွဲ မထားလျှင် " သံဃော, နာဂေါ " စသည်၌ မည်သည့်အက္ခရာကို ရွတ်နေသည်ဟု ကြားရသူတို့မကွဲပြားမည်စိုးသောကြောင့် သိထိလ-ဓနိတ ဟု ရွတ်သံ ခွဲခြားထားရသည်၊ (င) စသော ပဉ္စမက္ခရာနှင့် အဝဂ်တို့မှာ အသံတူ မရှိသောကြောင့် သိထိလ – ဓနိတ ဟု ခွဲခြားဘွယ် မလိုရကား ကမ္မဝါစာ ရွတ်ရာ၌ တင်းခြင်း လျော့ခြင်းကြောင့် အပြစ်မရှိ ဟု မှတ်။

**ဃောသနှင့် ဓနိတ ။** ။ ဤ စကားစဉ်အရ – " ဃောသသံသည် နဂိရ်မည်သော ကျယ်သော အသံတည်း၊ ဓနိတ သံကား ရှားနှစ် ဒုတ် ၂ ချောင်း ရိုက်လိုက်သကဲ့သို့ တင်းတင်းမာမာဖြစ်အောင် တမင်ဗျာပါရစိုက်၍ ရွတ်ရသော အသံတည်း"ဟု ခွဲခြားပါ၊ ထို့ကြောင့် (ခ) သည် အဃောသ (နဂိရ်မမည်-မဟိန်း) သော်လည်း ဓနိတ(တင်းတင်း မာမာ အသံ) ထွက်အောင် ဗျာပါရစိုက်၍ ရွတ်ရ၏၊ (ဃ) သံကား ဃောသလည်းဖြစ်-

www.dhammaransi.com



ဝိနာသော-ကြေပျက်ခြင်းသည်၊ လောပေါ – လောပမည်၏၊ ရဿ သရာ – ရဿ သရတို့သည်၊ သကာဒိဃောသိ-မိမိဒီဃတို့ဖြင့်၊ အညမညံ- အချင်းချင်း၊ သဝဏ္ဏာနာမ၊ သဝဏ္ဏာတို့ မည်၏၊ တေ – ထို သဝဏ္ဏတို့ကို၊ (ယေ-ရှိလျှင်"ယေ-ယင်းသဝဏ္ဏတို့ကို"ဟု ဆို၊) သရူပါတိပိ-သရူပတို့ ဟူ၍လည်း၊ ဝုစ္စန္တိ – ဆိုအပ်ကုန်၏၊ သရာနန္တရိကာနိ – သရ အခြား

ခနိတလည်း ဖြစ်၍ မြည်မြည် ဟိန်းဟိန်းနှင့် တင်းတင်း မာမာ ရွတ်ရသည်၊ ဃောသ သံသည် သဘာဝသိဒ္ဓသံ (ပင်ကိုယ်သဘောအတိုင်း ပြီးသော=နဂိုရ်အတိုင်း ကျယ်သော မြည်သော ဟိန်းသော အသံ) တည်း၊ ခနိတသံကား ပယောဂသိဒ္ဓသံ ( ပယောဂစိုက်၍ ပြီးသော တင်းမာသော အသံ) တည်း–ဟု ဆိုလိုသည်။

[ဆောင်] အသံဃောသ, သဘာဝဖြင့်, သိဒ္ဓပြီးသည်, ဟိန်းကျယ်မြည်၏၊
ခနိတမူ, မှတ်ယူ ပယောဂ – သိဒ္ဓ ခေါ်ရန်, တင်းမာ သံ ဟု,
အသံ ၂ ပါး, ခွဲ၍ထားသည်, မှတ်သားသူတို့ အထူးတည်း။

အမှာ ။ ။ " ဌောတိ သိထိလ ခနိတာဒိ ဒသဝိဓဗျဉ္ဇနေ ဝိနယကမ္မ ဝိသယေ အာဂတေ"ဟူသော ဋီကာဖွင့်ကို ထောက်လျှင် " ဋ္ဌော ဒိနည်းကံ အရာဝယ် လာသော သိထိလ ခနိတ အစရှိသော ၁၀ ဗျဉ္ဇနဗုဒ္ဓိ ဆယ်မျိုးတွင် " ဟု အနက် ပေးရလိမ့်မည်၊ "ဝဝတ္ထိတန္တိ-အသက်ရတော၌တံ၊ နိဂ္ဂဟီတန္တိ-သာနုနာသိကံ၊ ဝိမုတ္တန္တိ-နာနုနာသိကံ" ဟူသော ဋီကာဖွင့်ကို ထောက်ပြန်လျှင် သိထိလ ခနိတ အပြီးတွင် သမ္ဗန္ဓ ဝဝတ္ထိတစသော ဗျဉ္ဇနဗုဒ္ဓိဆယ်ပါး အပြည့်အစုံ ရှေးရှုပသိဒ္ဓိစာအုပ်များ၌ ပါရှိသေးဟန် တူ၏၊ ယခုစာအုပ် များ၌ကား ထို အားလုံးကို မတွေ့ရတော့သဖြင့် ဋ္ဌောကိုလည်း သင့်တော်သလို အနက် ပေးလိုက်ရတော့သည်။

ဝိနာသော၊ ပေ၊ ဝိဘတျန္တံပဒံ — သုတ်အဖွင့်၌"ဃောသာဃောသလောပ သဝဏ္ဏ သံယောဂ လိင်္ဂဒိကာ"ဟု ခေါင်းစဉ်၍ ပြခဲ့သော ပရသမညာတွင် ဃောသ အဃောသ တို့ကိုရင်း, ဃောသ အဃောသနှင့် အဆက်အသွယ် ဖြစ်သော သိထိလ ခနိတတို့ကိုရင်း အကျယ်ပြပြီး၍ လောပစသည်ကို အစဉ်အတိုင်း အကျယ်ပြလိုသောကြောင့် ဝိနာသော" စသည်ကို မိန့်၊ " ဝိဘတျန္တံပဒံ " ကား လိင်္ဂဒိကာ၌ အာဒိအရ ပိုံစံ ဘည်း၊ ထိုတွင် သရ ဖြစ်စေ ဗျည်းဖြစ်စေ ထင်ရှားသော အနေမှ ကြေပျောက်ပျက်စီးခြင်းသည် လောပ မည်၏။

သဝဏ္ဏ ။ ။ သဏ္ဌာတ၌ အ အာ စသည်ကို " ဝဏ္ဏ " နာမည်ဖြင့် သုံးစွဲထား၏၊ သဝဏ္ဏ ဟူသောနာမည်လည်း ထိုသဏ္ဌာတမှ လာသော နာမည်တည်း၊ ထို့ကြောင့် "သာမညံ—တူသည်၏ အဖြစ်ဟူသည်၊ ဧကဋ္ဌာနတ္တံ-တခုထည်းသော ဌာန် ရှိသည်၏ အဖြစ်တည်း"ဟူသော မုဒ္ဓ ဗောဓနှင့် အညီ ဌာန်အားဖြင့် တူသော ဝဏ္ဏ (သရ)တို့သည် အချင်းချင်း သဝဏ္ဏတို့ မည်၏၊ အ သည် အာနှင့် ၎င်း, ဣ သည် ဤနှင့် ၎င်း, ဥ သည် ဦနှင့် ၎င်း, အပြန်အလှန် သဝဏ္ဏမည်သည်– ဟူ၍၊ ဤ စကားအရ ရှေ့ သရ ၆ လုံးကို သဝဏ္ဏ သရ ဟု မှတ်၊ ထို့ကြောင့် "ရဿ သရာ ၊ ပေ ၊ သဝဏ္ဏာနာမ" ဟု မိန့်သည်၊

www.dhammaransi.com



အကွယ် မရှိကုန်သော၊ ဗျဥ္ဇနာနိ-ဗျည်းတို့သည်၊ သံယောဂေါ-သံယုဂ်မည်၏၊ ဓာတု ပစ္စယ ဝိဘတ္တိ ဝဇ္ဇိတံ - ဓာတ်, ပစ္စည်း, ဝိဘတ်တို့သည် ကြဉ်အပ်သော၊ ဝါ-ဓာတ်, ပစ္စည်း ဝိဘတ် မဟုတ်သော၊ အတ္တဝံ-အနက်ရှိသော သဒ္ဒါသည်၊ လိင်္ဂံ-လိင်မည်၏၊ ဝိဘတျန္တံ-ဝိဘတ် အဆုံးရှိသော သဒ္ဒါသည်၊ ပဒံ- ပုဒ်မည်၏၊ ဣစ္စေဝမာဒိ - ဤသို့ အစရှိသည့်တည်း၊ [ ဣတိ-ဤကား၊ သညာဝိဓာန်-နာမည် စီရင်ခဏ်းတည်း။]

"သမာနာ-ဌာန်အားဖြင့် တူကုန်သော၊ ဝဏ္ဏာ-အက္ခရာတို့သည်၊ သဝဏ္ဏာ-သဝဏ္ဏတို့မည်၏"ဟု ဝိဂ္ဂြိဟ်ပြု။

သရူပ။ ။ထို သဝဏ္ဏ သရတို့ကိုပင် " သရူပ " ဟုလည်း ခေါ်ရသည်၊ သဒ္ဒနီတိ၌ ရှုတ်ဆိုအပ်သော အသံ (သဒ္ဒ) ဖြစ်၍ ရုပ်သွင်သဏ္ဍာန် မရကောင်း၊ ထို့ကြောင့်"ရူပ ယတိ-အနက်ကို ထင်ရှားပြတတ်၏၊ ဣတိ, ရူပံ-မည်၏"နှင့်အညီ အနက်ကို ထင်ရှား ပြတတ်သော သုတိကို " ရူပ " မည်၏ – ဟု ဆိုသည်၊ သုတိ ဟူသည်လည်း နား၌ ကြားအပ်သော အသံတည်း၊ အ နှင့် အာသည် နား၌ ကြားအပ်သော သုတိအားဖြင့် တူ၏၊ ရဿ ဒီဃ ဖြစ်၍ အသံတို အသံရှည် မျှသာ ထူး၏၊ ဣနှင့် ဤ ဥနှင့် ဦတို့လည်း သုတိ တူကြ၏၊ ထို့ကြောင့် " သမာနံ ရူပံ ယေသန္တိ သရူပါ=တူသော သုတိရှိသော သရတို့"ဟု ဝိဂ္ဂြိဟ်ပြု၍ ရှေ့သရ ၆လုံးကို အချင်းချင်း သရူပ ဟု မှတ်၊ ဤသို့လျှင် သဝဏ္ဏနှင့် သရူပအရ ရှေ့သရ ၆ လုံးချည်း ရသောကြောင့်"တေ သရူပါတိပိ ဝုစ္စန္တိ"ဟု မိန့်သည်။

သံယုဂ်။ ။သံယောဂသဒ္ဒါသည် ယှဉ်စပ်ခြင်း(ပူးတွဲနေခြင်း) အနက်ကို ဟော၏၊ ထိုသို့ ပူးတွဲရာ၌ မြန်မာတို့က သ သံယုဂ်မှတပါး အခြားအက္ခရာတို့ အတွက် " က္ခ-ဍ္ဎ- ဋ္ဌ-တ္ထ-"စသည်ဖြင့် အထက်အောက် ဆင့်လျက် ရေးသားကြသော်လည်း အခြားလူမျိုး တို့ကား ရှေ့နောက် ဆက်လျက် ရေးသားကြ၏၊ " က္ခ " ဟု ရေးသားရာဝယ် အဆုံး အ သရကို ခ အက္ခရာမှီ၍ ထို ခ အက္ခရာကို က အက္ခရာ မှီသည်၊ ကနှင့် ခ ကြား၌ သရမရှိ၊ ထို့ကြောင့်"သရာနန္တရိကာနိ"ဟု ဆိုသည်၊ ["သရာနန္တရိတာနိ"ဟု ရှိလျှင် "သရသည် ခြားကွာအောင် မပြုအပ်ကုန်သော"ဟု ပေး။]

လိင်္ဂ ။ ။ ကလာပ်၌ " ဓာတု ဝိဘတ္တိ ဝိဇ္ဇိတ မတ္တဝံ " ဟု ပစ္စယ မပါဘဲ ဆို၏၊ ပါဏိနိ၌"အတ္တဝံ အ ဓာတုရပစ္စယော ပါတိပဒိကံ"ဟု ဝိဘတ္တိမပါဘဲ ဆို၏၊ ဤ ရူပ်ကား ထို ၂ မျိုးလုံးစုံအောင်"ဓာတုပစ္စယ ဝိဘတ္တိ ဇ္ဇိတ မတ္တဝံ လိင်္ဂံ"ဟု ဆိုသည်၊ [ပါဏိနိ၌ ပစ္စယ သဒ္ဒါဖြင့် ဝိဘတ်ကိုပါ သွင်းယူနိုင်၏၊ " ဓာတု လိင်္ဂေဟိ ပရာ ပစ္စယာ " ကစ္စည်း သုတ်၌လည်း ပစ္စယဖြင့် ဝိဘတ်ကိုပါ ယူသွားသည်၊ ] ထို ပါဌ်၌ ဝဇ္ဇိတ ပုဒ်ကို အသီး အသီး ယှဉ်စပ်၍ "ဓာတုဝဇ္ဇိတ ပစ္စယဝဇ္ဇိတ ဝိဘတ္တိဝဇ္ဇိတ" ဟု မှတ်။

ဓာတုဝဇ္ဇိတ။ ။ "အတ္တဝံ- အနက်ရှိသော သဒ္ဒါ " ဟူရာ၌ ဘူဓာတ် ကရဓာတ် စသော ဓာတ်များလည်း ထင်ရှားရှိခြင်း(သတ္တာ)အနက်-ပြုခြင်း အနက်စသော ဆိုင်ရာ အနက်ရှိသောကြောင့် ထို ဓာတ်များလည်း ပါဝင်နေမည်စိုး၍ ထို ဓာတ်တို့ကို တားမြစ်

www.dhammaransi.com



ခြင်းငှါ “ ဓာတုဝဇ္ဇိတံ ” ဟု ဝိသေသန ကူခရသည်၊ “ ဓာတုဝဇ္ဇိတံ – ဓာတ်သည် ကြဉ်အပ်သော၊ ဝါ–ဓာတ် မဟုတ်သော , အနက်ရှိသဒ္ဒါ ” ဟူလို။ [“တဿာသတိ ဓာတာဝတိဖျဇ္ဇိ, တန္နိဝါရဏတ္ထံ ဓာတုဝဇ္ဇိတ မိတိ=ထိုသို့ဖြစ်လျှင် ဓာတ်တို့၌ လွန်၍ ပျံ့နှံ့ခြင်း ဖြစ်ရာ၏၊ ထို ဓာတ်တို့ကို (လိင်္ဂအဖြစ်မှ) တားမြစ်ခြင်းငှါ ဓာတုဝဇ္ဇိတံ”ဟု ဆိုရသည်၊—သာရတ္ထဝိနီကာ။]

ပစ္စယဝဇ္ဇိတ။ ။“ဓာတုဝဇ္ဇိတံ အတ္ထဝံ” လောက်မျှ ဆိုထားလျှင် တဒ္ဓိတ်ပစ္စည်း ကိတ်ပစ္စည်းနှင့် ထို ပစ္စည်းများဆုံးသော ဝါသိဋ္ဌ – ကာရက စသော သဒ္ဒါတို့လည်း လိင်္ဂမည်ပြန်ရာသောကြောင့် ထိုသဒ္ဒါစုကို တားမြစ်ခြင်းငှါ “ပစ္စယဝဇ္ဇိတံ–ပစ္စည်းသည် ကြဉ်အပ်သော၊ ဝါ–ပစ္စယန္တ မဟုတ်သော သဒ္ဒါ ” ဟု ဝိသေသန ကူမရပြန်သည်။

ဝိဘတ္တိဝဇ္ဇိတ။ ။“ဓာတုပစ္စယ ဝဇ္ဇိတံ အတ္ထဝံ လိင်္ဂံ” ဟု ဝိဘတ္တိဝဇ္ဇိတ မပါဘဲ ဆိုပြန်လျှင်(ပစ္စယ အရ၌ ဝိဘတ်ပါ သွင်းယူထားကြောင်းကို နားမလည်သူတို့အတွက်) သိ–တိ စသော ဝိဘတ်များနှင့် ပုရိသော စသော ဝိဘတျန္တ သဒ္ဒါများသည် လိင်္ဂမည်၏–ဟု ယူမှားဘွယ် ရှိပြန်သောကြောင့် “ဝိဘတ္တိဝဇ္ဇိတံ=ဝိဘတ်သည် ကြဉ်အပ်သော၊ ဝါ–ဝိဘတ်မပါသော သဒ္ဒါ”ဟု ဝိသေသန ကူခရပြန်သည်၊ ဤဝိသေသနဖြင့် ဝိဘတ်မသက် ရသေးသော “ ပုရိသ ” စသည်ကိုသာ လိင်္ဂခေါ်သည် ဟု ပြသည်၊ [ သဒ္ဒရူပံ နာမေ တျွေ့သဒ္ဒရုပ်သည် နာမ်မည်၏ ဟု ဆိုအပ်သော်၊ ပဒဿာပိ နာမသညာ သိယာတိ တန္နိဝါရဏတ္ထံ အဝိဘတ္တိကံ (ဝိဘတ်မပါသော) ဣတိ၊–သာရတ္ထဝိနီကာ။]

အတ္ထဝံ။ ။သို့ဖြစ်လျှင်“ဓာတုပစ္စယ ဝိဘတ္တိ ဝဇ္ဇိတံ လိင်္ဂံ”ဟုသာ ဆိုပါတော့လော, ဘာ့ကြောင့် “အတ္ထဝံ အနက်ရှိသော သဒ္ဒါ” ဟု ထည့်ရသေးသနည်း ဟု မေးဘွယ်ရှိ၏၊ အဖြေကား–“ပုရိသ” ဟူရာ၌ “ပု ချည်း, ရိ ချည်း, သ ချည်း” ဖြစ်လျှင် ယောကျ်ားဖြစ် ဟူသော အနက်မရှိ,“ ပုရိသ ” ဟု ပေါင်းမိမှသာ ယောကျ်ား ဟူသော အနက်ကို ဟောနိုင်၍ “ အနက်ရှိ ” ဟု ဆိုရသည်။ [“ဗြိက္ခ–သစ်ပင်” ဟူရာ၌လည်း “ဝ် ချည်း, ရိ ချည်း, က် ချည်း” နေလျှင် “သစ်ပင်” ဟူသော အနက်မရှိ။] ထိုသို့ အနက်မရှိသော တလုံးစီလည်း “လိင်္ဂမမည်”ဟု သိစေခြင်းငှါ“အတ္ထဝံ”ဟု မိန့်ရပြန်သည်၊ [အတ္ထဝံ ဣတိ ကိံ–ဗြိက္ခ ဣတိ–ဟူရာ၌၊ ဝ် ရိ က် သာမ်–ဝ်+ရိ+က်+သ+တို့၏၊ ကေကသော– တလုံးစီ၊ မာဘုတ်–လိင်္ဂ မဖြစ်ခစေရ ” ဟု သိစေခြင်း အကျိုးရှိ၏၊ (ကလာပ်ဝုတ္တိ) ] ဤစကားအရ “ ဘူ စသော ဓာတ်, ဘဝတိစသော ဝိဘတ် အဆုံးရှိသော ဓာတ်ရုပ်, တဒ္ဓိတ် ကိတ်ပစ္စည်းနှင့် ထို ပစ္စည် ဆုံးသော နာမ် မငဲ့ရသေးသော ဝါသိဋ္ဌ ကာရက စသော သဒ္ဒါ, နာမ် ဝိဘတ်များနှင့် ပုရိသောစသော နာမ်ဝိဘတ်ဆုံးနေသော သဒ္ဒါ ” ဤအားလုံး“လိင်္ဂ”အမည်မရဘဲ “ပုရိသ”ကဲ့သို့ နာမ်လည်း ငဲ့ပြီး ဝိဘတ်လည်း မသက် ရသေးသော သဒ္ဒါတို့သာ “လိင်္ဂ” အမည်ရသည်–ဟု မှတ်။

ပဒ။ ။“ ပုရိသော ပုရိသာ ” စသည်ဖြင့် ဝိဘတ် သက်ပြီးသည့်အခါ “ ပဒ ” ဟု ခေါ်သည်၊ ထို့ကြောင့် “ဝိဘတျန္တံပဒံ” ဟု မိန့်သည်၊ ဝိဘတ် မသက်ခင် “လိင်္ဂ” ဟု ခေါ်ဝေါ်ရကြောင်းကား “ တတောစ ဝိဘတ္တိယော–ထို လိင်္ဂနောင် ဝိဘတ်သက် ” ဟု ဆိုလတ့ံ ကစ္စည်းသုတ်ဖြင့်လည်း ထင်ရှား၏၊ မုဒ္ဓဗောဓဗျာကရုဏ်း၌လည်း “ဓာတုန္တာနေ့

www.dhammaransi.com



## သရသန္ဓိအခန်း

(၁၂) အထ - သညာဝိဓာနတ္တ အခြားမဲ့၌၊ သရသန္ဓိ - သရသန္ဓိကို၊ ဝုစ္စတေ- ဆိုအပ်၏၊ လောက + အဂ္ဂပုဂ္ဂလော ၊ ပေ ၊ အသန္တော+ဧတ္ထ နဒိဿန္တိ ဣတိ-လောက+အဂ္ဂပုဂ္ဂလော၊ပေ၊အသန္တော+ဧတ္ထ နဒိဿန္တိ ဟူကုန်သော၊ ဣဓ - ဤပြယုဂ်တို့၌၊ သရာဒိ သညာယံ-သရ အစရှိသော အမည်ကို၊ ( ကတာယံ - ပြုအပ်ပြီးသော်၊ ) သဗ္ဗ သန္ဓိ ကရဏာ ဌာနေ - အလုံးစုံသော သန္ဓိပြုရာ ဌာန၌၊ ဗျဥ္ဇနဝိယောဇနတ္ထံ - ဗျည်းကို ခွင်းခြင်း. အကျိုးငှါ၊ ပရိဘာသံ-ပရိဘာသာသုတ်ကို၊ အာဟ-မိန့်ပြီ။

(ဝိဘတျန္တာညေ)-ဝိဘတ်အဆုံးရှိသော သဒ္ဒါ, (ဝိဘတ်အဆုံးရှိသော သဒ္ဒါမှတပါး) ဝိဘတ် မဆုံးသော သဒ္ဒါတို့သည်၊ ဒလီ ( ပဒလိင်္ဂါ ) – အစဉ်အတိုင်း ပဒ လိင်္ဂတို့ မည်၏” ဟု သုတ်တည်သည်။

[ဆောင်] သဏ္ဍတ နှင့်, ကစ္စာန ဆို, ကျမ်းအလိုမှာ, ထိုထိုဝိဘတ်, မသက် အပ်မို့ ,လိန်ခေါ်မည်၏၊ထို ဤ ဝိဘတ်,သက်ပြီးလတ်က,ပဒခေါ်မြဲ, နှစ်မျိုးကွဲသည်, မှတ်စွဲ လိန်နှင့် ပုဒ်အထူးတည်း။

[ဝိဘတျန္တံ ပဒံ၏ နောက်၌ “ဇုစ္စေဝမာဒိ” ဟု ရှိ၏၊ အာဒိဖြင့် နဒိမှာစ သုတ်လာ “နဒိ”အမည်,“ဂဟာသု ပဓဲသဝေါ”သုတ်လာ “ဥပဓာ” အမည်စသော ပရသမညာ များကို ယူ၊ ဌာန် ကရိုဏ်း ပယတ်တို့ကိုလည်း “ပရသမညာ” အဖြစ်ဖြင့် ပြကြသေး၏၊ သဏ္ဍတ၌ ဌာန် စသည့်ကို အမည် မှည့်သောသုတ် မရှိသည့်ပြင်, ကစ္စည်းကျမ်း၌လည်း ထိုဌာန် စသည်ကို တိုက်ရိုက် အသုံးပြုခွင့် မရှိရကား ထိုသွင်းပြမှုကို စဉ်းစားပါလေ။]

---

(၁၂) အထ သရသန္ဓိ — အက္ခရာ ၄၁ လုံးကို စဉ်ပြရာ၌ သရတို့ကို ရှေးဦးစွာ စဉ်ပြခဲ့သည်အား လျော်စွာ သညာဝိဓာန၏ အခြားမဲ့၌ သရသန္ဓိကို အရှင် ကစ္စည်း ဆရာ ပြခဲ့သောကြောင့် ရူပသိဒ္ဓိဆရာလည်း သရသန္ဓိကိုပင် ရှေးဦးစွာ ပြတော်မူသို ရကား “ အထ သရသန္ဓိ ” စသော ဝါကျကို မိန့်၊ ဤဝါကျကို သရသန္ဓိခဏ်းအတွက် အစချီသော အခြေခံ စကားဖြစ်၍ “ ပါဒ ဂဝါကျ=အချီစကား ( စကားပျိုး ) ” ဟု ခေါ်၏၊ ဤဝါကျ၌ အထ သဒ္ဒါသည် အနန္တရတ္ထ ( အခြားမဲ့ အနက်ဟော ) နိပါတ် ပုဒ်တည်း၊ [ သရာနံ–သရတို့၏+သန္ဓိ–သန္ဓိသည်၊ သရသန္ဓိ–မည်၏၊ “ယဿ+ ဣန္ဒြိယာနိ”ကဲ့သို့ ရှေ့နောက်သရ ၂လုံး တို့၏ စပ်ခြင်းမျိုးတည်း၊ တနည်း – “သရေသု– သရတို့ကြောင့်၊ သန္ဓိ–စပ်ခြင်းသည်၊ သရသန္ဓိ–မည်၏၊ ကေမိဒ+အဟံ”ကဲ့သို့ နောက် သရကြောင့် ရှေ့ဗျည်းကို စီရင်သော သန္ဓိ မျိုးတည်း။ ]

လောက + အဂ္ဂပုဂ္ဂလော ၊ ပေ ၊ ဣတိစ — “ လောက+အဂ္ဂပုဂ္ဂလော ၊ ပေ ၊ အသန္တော ဧတ္ထ နဒိဿန္တိ” တို့သည် ရှေးဦးစွာ ရပ်တည်ထားပုံ (ပုဒ်ဖြတ်ထားပုံ) ကို

www.dhammaransi.com



ပုဗ္ဗမဓော ၊ ပေ ၊ ဝိယောဇယေ ။ ။ [ သရေနာတိ – သရေနဲ့ နာဝိဘတ်သည်၊ နိသက္ကေ – အပါဒါန် အနက်၌၊ ကရဏဝစနံ – ကရိုဏ်းဝိဘတ်တည်း၊ ဝါ–တနည်း၊ သဟာဒိယောဂေ-သဟာဒိယောဂ အနက်၌၊ ကရဏဝစနံ-တည်း၊ ] သန္ဓိကပ္ပေ – သန္ဓိကျမ်း၌၊ ဝါ – သန္ဓိကို ပြုရာ၌၊ [ " သန္ဓိတဗ္ဗေ – သန္ဓိ စပ်သင့်ရာ၌ " ဟု သိဟိုဠ်မူမှာ ရှိ၏ , သဒ္ဒါနေပုံ မကောင်းဟု၊ ] သရသဟိတံ–သရနှင့် တကွဖြစ်သော၊ ပုဗ္ဗဗျဉ္ဇနံ – ကို၊ အနတိက္ကမန္တော - အစဉ်ကို မရန်ကျော်ဘဲ၊ အဓောဋ္ဌိတံ-ကိုဋ္ဌင်း၊ အသရဥ္စ-ကိုဋ္ဌင်း၊ ကတွာ-၍၊ သရတော–မှ၊ ဝိယောဇယေ–ခွင်းရာ၏၊ ဣတိ–ဤပရိဘာသာသုတ်ကြောင့်၊ သရတော–မှ၊ ဗျဉ္ဇနံ–ကို၊ ဝိယောဇေတဗ္ဗံ–

ပြသော စကားတည်း၊ " လောကဂ္ဂပုဂ္ဂလော – ၌ ရှေ့ အသရ ကြေသောပုံစံ, ပညိန္ဒြိယံ– ရှေ့ အာ သရ ကြေသောပုံစံ " ဤသို့ စသည်ဖြင့် အ အာ ဣ ဤ ဥ ဦ ဧ ဩ ကြေသောပုံစံ များကို အစဉ်အတိုင်း ပြထားသည်၊ အချို့သရများ၌ "တီဏိ+ဣမာနိ, နောဟိ+ဧတံ" ကဲ့သို့ ပုံစံ ၂ ခုစီ ပါသည်ကိုလည်း သတိပြု။ [ ဤ သန္ဓိပိုင်း၌ ပုဒ်ဖြတ်တတ် ပုဒ်စပ်တတ် ဘို့သာ လိုရင်းဖြစ်၏၊ ပုံစံများ၌ အနက်ထင်ဘို့မှာ လိုရင်းမဟုတ်၊ ကျမ်းဆရာကိုယ်တိုင် ကလည်း သန္ဓိပုံစံများကို အနက်မပေးစေလိုကြောင်းမှာ တချို့အရာဝယ် အနက်ပေး၍ မဖြစ်နိုင်အောင် တပိုင်းတစ ပုံစံထုတ်ထားသဖြင့် သိသင့်၏၊ ယို့ကြောင့် သန္ဓိပုံစံများကို အနက်ပေးတော့မည် မဟုတ်၊ ]

သရာဒိသညာယံ ၊ ပေ ၊ ပရိဘာသ မာဟ — ပြခဲ့သော သညာ သုတ်များကို အသုံးချဘို့ရာ သရနာမည် စသည် မှည့်ရဦးမည်၊ ထင်ရှားစေအံ့ – " လောက+အဂ္ဂ ပုဂ္ဂလော " ဟု ပုဒ်ဖြတ်၊ ဤသို့ ၂ ပုဒ် ခွဲပြီးသည့် အခါ ရှေ့ပုဒ်၌ ပါသော က ၏ အကို တဇ္ဈော ဒန္တာ သရာ အဋ္ဌ သုတ်ဖြင့် သရ အမည်မှည့်, (က်) ကို သေသာ ဗျဉ္ဇနာသုတ်ဖြင့် ဗျည်း အမည်မှည့်၊ ဤသို့ သန္ဓိ အစီအရင် ပြုမည့် အက္ခရာ၌ သရ စသည့် မှည်ခြင်းကို "သရာဒိ သညာယံ" ဟု ဆိုသည်၊ [ "သရာဒိ သညာယံတိ ဧတ္ထ လောက အဂ္ဂ ပုဂ္ဂလော တျာဒီသု ပုရိမပဒေ အကာရာဒီနံ တန္တိသယက ကာရာဒီနဉ္စ တတ္ထောဒန္တာသရာအဋ္ဌာ တိ–သရသညာယ သေသာ ဗျဉ္ဇနာတိ ဗျဉ္ဇနသညာယစ ကတာယ သတီတိ အတ္ထော"– ဋီကာ ။ ] နောက်နောက်ရပ်များ၌လည်း ဤသို့ နာမည်မှည့်ရကြောင်းကို သိပါ၊ ထိုသို့ နာမည်မှည့်ပြီးနောက် သန္ဓိစင်ရာဌာန၌ ဗျည်းကို သရမှ ခွင်းလိုသည့် အခါ " ပုဗ္ဗမဓော ၊ ပေ၊ ဝိယောဇယေ " ဟု ပရိဘာသာလာသောကြောင့်-ဟု ဆို၍ရင်း,ဤပရိဘာသာသုတ်ကို မဆိုဘဲရင်း "အ သရမှ (က်) ဗျည်းကို ခွင်း" ဟု ဆိုနိုင်သည်။

သရေနာတိ ၊ ပေ ၊ သဟယောဂေဝါ— ဤ စကားသည် သုတ်ကို အစဉ်အတိုင်း ဖွင့်သောစကား မဟုတ်၊ သရေန အတွက် အထူးမှတ်ဘွယ်ရှိသောကြောင့် ကြားညှပ်၍ ပြအပ်သော အမှာစကားချပ်သာ၊ "သုမုတ္တာ မယံ တေန မဟာသမဏေန=ငါတို့သည် ထို ရဟန်းကြီးမှ+လွတ်ကြရကုန်ပြီ" ဟူရာ၌ နာဝိဘတ်သည် ကတ္တုရိစသုတ်၌ စသဒ္ဒါဖြင့်

www.dhammaransi.com



ခွင်းရာ၏၊ စ - ဆက်ဉုးအံ့၊ ဧတ္တ - ဤဂုတ္တိ၌၊ အသရဂ္ဂဟဏာသာမတ္ထိယေန-အသရံသဒ္ဒါ၏ အစွမ်းကြောင့်၊ ဗျဥ္ဇနံ္တိ-ဗျဉ္ဇနံ ဟူသော အဖွင့်ကို၊ လဒ္ဓံ-ရအပ်၏၊ (၁၀)။

အပါဒါန် အနက်၌ သက်ရသကဲ့သို့ ထို့အတူ " သရေန ဝိယောဇယေ " ၌ နာလည်း အပါဒါန် အနက်၌ သက်ရကြောင်း ပြလို၍ " နိဿက္ကေ ကရဏာဝစနံ " ဟု မိန့်သည်၊ ဤအလို"သရေန–သရမှ၊ ဝိယောဇယေ–ခွင်းရာ၏"ဟု ပေး။

တနည်း — "သဗ္ဗေဟိ ပိယေဟိ မနာပေဟိ နာနာဘာဝေါ=အားလုံး ချစ်မြတ်နိုးအပ်သူတို့နှင့် + အသီးအခြား ဖြစ်ရခြင်း " ဟူရာ၌ နာဝိဘတ်သည် သဟာဒိယောဂေ စသုတ်ဖြင့် သဟာဒိယောဂ အနက်၌ သက်ရသကဲ့သို့ ထို့အတူ ဤသရေန၌ နာလည်း သက်ရသည် ဟု ပြလို၍"သဟယောဂေ ဝါ"ဟု တနည်းပြပြန်သည်၊ ဤအလို"သရေန–သရနှင့်၊ ဝိယောဇယေ – မယှဉ်စေရ၊ ဝါ – ခွဲရာ၏ " ဟု ပေး၊ ဝိယောဇယေ၌ ဝိပုဗ္ဗ ယုဇဓာတ် ကာရိတ်ဏေပစ္စည်းကြေ, ယေျဝိဘတ်ကို ပြေ၊ ဝိသဒ္ဒါသည်"ဥဂ္ဃာဋိပ္ပဋိယုတ္တံ-ဉာဏ်နှင့် မယှဉ်သော " ဟူရာ၌ကဲ့သို့ ပဋိသေဓ ( ယှဉ်မှုကို တားမြစ်ခြင်း ) အနက်ဟောတည်း၊ ထို့ကြောင့်"မယှဉ်စေရ"ဟူသော သဒ္ဒါနက်နှင့်ကား"သရေန-သရနှင့်"ဟု ပေးရသော သဟာဒိယောဂနက်က သာ၍ လိုက်ဘက်ပေသည်။

**မှတ်ချက်** ။ ။ သဟယောဂ , သဟာဒိယောဂ , သဟတ္ထ ဟု ၃ မျိုး ခွဲပြရာ၌ "သဟာပိ ဂင်္ဂေန"–သဟယောဂ၊ " သဒ္ဓိံ ဘိက္ခုသံဃေန " စသည်–သဟာဒိယောဂ၊ " ဒေဝဒတ္တော ကောကာလိကေန " – သဟတ္ထ၊ ဤသို့ ပုံစံ ၃ မျိုး ကွဲရကား " သရေန ဝိယောဇယေ"သည် သဟာဒိယောဂ ပုံစံသာ ဖြစ်ထိုက်၏၊ သို့သော် ရူပသိဒ္ဓိဆရာကား သဟာဒိယောဂေ စ သုတ်၌လည်း ထိုသို့ ၃မျိုးခွဲ၍ မပြသောကြောင့် သဟာဒိယောဂကိုပင် "သဟယောဂေ ဝါ"ဟု ဆိုထားဟန် တူသည်။

**သန္ဓိကပ္ပေ၊ ပေ၊ ဝိယောဇယေ တဗ္ဗံ**— ဤကား သုတ်၏အနက်ကို ဖွင့်သော ဝုတ္တိတည်း၊ သုတ္တဝုတ္တိ စသည်ကို ခွဲကြည့်ပါ၊ " သန္ဓိကပ္ပေ သရသဟိတံ ပုဗ္ဗဗျဉ္ဇနံ သရတော ဝိယောဇယေ " ဟု ပုဒ်ချင်းဆက်၍ " သန္ဓိကို ပြုစီရင်ရာ ဌာန၌ ( က ) ကဲ့သို့ သရနှင့် တကွ ဖြစ်နေသော ရှေ့ဗျည်းကို ( သရတခြား ဗျည်းတခြား ဖြစ်အောင် ) သရမှ ခွဲလိုက် ခွင်းလိုက်ပါ"ဟူလို၊ " အနတိက္ကမန္တော အမေ္ဘဒိတံ အသရံ စ ကတွာ ဝိယောဇယေ" ဟု ပုဒ်ချင်း ဆက်ထားပြီးလျှင် လေ့ကဂ္ဂ၌ ကဗျည်းကို သရမှ ခွင်းသည့် အခါ"အနတိက္ကမန္တော"အရ အစဉ်ကို မခုန်ကျော်ဘဲ (က် ဗျည်းကို လော၏ ရှေ့သို့ ကျော်မသွားစေဘဲ) ခွင်းပါ"ဟုလည်း"အမေ္ဘဒိတံ ကတွာ"အရ " ရှေ့ ဟူသော အောက်၌ ထား၍ ခွင်းပါ" ဟုလည်း " အသရံ ကတွာ " အရ "သရ မပါစေဘဲ ဗျည်းချည်းသက်သက် ခွင်းပါ"ဟုလည်း အဓိပ္ပါယ်မှတ်၊ အကျယ်ကို ဂန္ထည်းဒီပနီမှာ ရှု။

**ဧတ္တ၊ ပေ၊ လဒ္ဓံ**—သုတ်၌ ဗျဉ္ဇနံသဒ္ဒါ မပါဘဲ "ပုဗ္ဗံ" ဟုသာ ဆိုပါလျက် ဝုတ္တိ၌ "ပုဗ္ဗဗျဉ္ဇနံ"ဟု ဗျဉ္ဇနံသဒ္ဒါကို ထည့်၍ ဖွင့်ထားရာဝယ် ဗျဉ္ဇနံကို အဘယ်မှ ရအပ်သနည်း- ဟု မေးဘွယ် ရှိသောကြောင့် " ဧတ္တ၊ ပေ၊ လဒ္ဓံ " ဟု မိန့်၊ သုတ်၌ ဗျဉ္ဇနံ ဟု မပါ

www.dhammaransi.com



(၁၂) သရော သရေ လောပံ။ ။ပရေ-နေခံ၌၊ ဠိတေ-တည်သော၊ သရေ-သရကြောင့်၊ သဗ္ဗေဝိ-အလုံးစုံလည်း ဖြစ်ကုန်သော၊ သရောခေါ-သရတို့သည်၊ လောပံ ပပ္ပေါန္တိ၊ [ လောပေါတိ - လောပေါဟူသည်၊ အဒဿနံ-မမြင်ရခြင်းငှင်း၊ အနုစ္စာရဏံ-မရွတ်ဆိုရခြင်းငှင်းတည်း၊ ဧတ္ထ-ဤသုတ်၌၊ သရောတိ - သရောဟူသည်၊ ကာရိယီနိဒ္ဒေသော - ကာရိယီကို ညွှန်ပြသော သဒ္ဒါတည်း၊ ပန - ဆက်ဦးအံ့၊ ဧတ္ထ - ဤ သရောဟူသော ပုဒ်၌၊ ဗဟုဝစနံ - ဗဟုဝုစ်ဝိဘတ်သည်၊ ဧကေကသ္မိံ-တလုံးတလုံးသော၊

သော်လည်း " မဓေဒ္ဒိတ မသဿရံ" ၌ အဿရံ သဒ္ဒါ၏ အစွမ်းကြောင့် ဗျဉ္ဇနံ ဟု ရအပ်ပါသည်-ဟူလို၊ ခွဲဦးအံ့-သဒ္ဒါတို့၌ တိုက်ရိုက်ပြအပ်သော အနက်, သာမတ္ထိယ အားဖြင့် ရအပ်သော အနက် ဟု ၂ မျိုးရှိ၏၊ [ သမတ္ထသ - ပြစွမ်းနိုင်သော သဒ္ဒါ၏+ဘာဝေါ-ဖြစ်ကြောင်းသတ္တိသည်၊ သာမတ္ထိယံ - မည်၏၊ ] " နင်-မဟုတ် " ဟူသော စကား၌ "နင်-မဟုတ်ခြင်း"အနက်သည် တိုက်ရိုက်ပြအပ်သော အနက်တည်း၊ "နင်-မဟုတ်လျှင် ငါ"ဖြစ်ရကား "ငါ"ဟူသော အနက်သည် သာမတ္ထိယအားဖြင့် သိရသော အနက်တည်း၊ ဤ သုတ်၌ကား " အဿရံ - သရ မရှိ " ဟူသော အနက်သည် တိုက်ရိုက်ပြအပ်သော အနက်တည်း၊ "သရမရှိသော အရာ"ဟူသည် ဗျည်းသာ ဖြစ်သင့်ရကား"ဗျည်း"ဟူသော အနက်မှာ အဿရံသဒ္ဒါ၏ သာမတ္ထိယအားဖြင့် သိရသော အနက်တည်း၊ ထို အဿရံ သဒ္ဒါ၏ သာမတ္ထိယကြောင့် သုတ်၌ပါသော ပုဗ္ဗံပုဒ်ကို ဗျဉ္ဇနံဟု အပိုထည့်၍ ဖွင့်နိုင်သည်-ဟူလို။ [ဤ သာမတ္ထိယကို ဋီကာ၌"အညထာနုပပတ္တိ"ဟု ဖွင့်၏၊ အညထာ-ဗျည်းဟူသော အနက်မှ အခြားသော သရဟူသော အနက်၏+အနုပပတ္တိ-မသင့်ခြင်းသည်၊ အညထာနုပပတ္တိ-မည်၏၊ "အဿရံ-သရ မရှိသော၊ ပုဗ္ဗံ-ရှေ့သရ"ဟု ဆိုလျှင် မသင့်၊ "အဿရံ-သရမရှိသော၊ ပုဗ္ဗံ-ရှေ့ဗျည်း"ဟု ဆိုမှသာ သင့်သည်-ဟူလို။]

(၁၃) လောပေါတိ အဒဿနံ အနုစ္စာရဏံ — ဤစကားကား သရော သရေ လောပံ၌ လောပပုဒ်၏ အဖွင့်တည်း၊ ထိုသို့ ဖွင့်ရာဝယ် လောပေါ၏ သဒ္ဒါနက်ကို ဖွင့်ခြင်း မဟုတ်, အဓိပ္ပါယ် အနက်ကိုသာ ဖွင့်ခြင်းတည်း၊ ထိုတွင် အဒဿနံသည် ရေးထားသော ပြယုဂ်ကို ရည်ရွယ်သော စကားတည်း၊ " လောက+အဂ္ဂ "ဟု ရေးသားထားရာ၌ က၏ အသရကို ဤ သုတ်ဖြင့် ချေလျှင် အသရကို မမြင်ရတော့ပြီ - ဟူလို၊ အနုစ္စာရဏံကား နှုတ်ဖြင့် ရွတ်အပ်သော ပြယုဂ်ကို ရည်ရွယ်သော စကားတည်း၊ ရှေ့ အသရကို ချေလိုက်သည့် အခါ ထို အသရကို မရွတ်ရတော့ပြီ-ဟူလို၊ [သဒ္ဒတ္ထင္ဂကား လောပေါ၏ ပရိယာယ်ကို " အဒဿနံ အနုစ္စာရဏံ " အပြင်"အဿဝနံ-မကြားရခြင်း, အနုပလဒ္ဓိ-မရခြင်း,အဘာဝေါ-မရှိခြင်း,ဝိနာသော-ကြေပျော် ပျက်စီးခြင်း"ဟုလည်း ဆိုသေး၏။]

**သရောတိ ကာရိယီနိဒ္ဒေသော**— ကာရိယ သဒ္ဒါသည်"ပြုဘွယ်=စီရင်ဘွယ်=ပြုစရာ=စီရင်စရာ " ဟူသော အနက်ကို ဟော၏၊ ထို ပြုစရာ စီရင်စရာရှိသော အက္ခရာသည် ကာရိယီ မည်၏၊ [ ကတ္တဗ္ဗန္တိ ကာရိယံ-ပြုဘွယ်၊ ကာရိယံ ယဿ အတ္ထီတိ ကာရိယီ၊ ဤ ကာရိယီကိုပင်"ကာရီ"ဟုလည်း ခေါ်၏၊ " အနိဋ္ဌိတံ ပဒံ ကာရီ " စသည်တည်း၊]

www.dhammaransi.com



သရေ - သရသည်၊ ပရေ - နှောင်းလတ်သော်၊ ဗဟူနံ - များစွာသော သရတို့၏၊ လောပညာပနတ္ထံ - ကြေနိုင်ပုံကို သိရစေခြင်း အကျိုးရှိ၏၊ သရေတိ - သရေ ဟူသည်၊ နိမိတ္တ နိဒ္ဒေသော - နိမိတ်ကို ညွှန်ပြသော သဒ္ဒါတည်း၊ စ - ဆက်ဦးအံ့၊ အယံ - ဤ သတ္တမီ ဝိဘတ်သည်၊ နိမိတ္တ သတ္တမီ - နိမိတ် အနက်၌ သက်သော သတ္တမီ ဝိဘတ်တည်း၊ နိမိတ္တော

လောက + အဂ္ဂ ပုဂ္ဂလော၌ က၏ မှီရာ အသရသည် ချေမှုကို ပြုဘွယ်ရှိရကား ကာရိယ် တည်း၊ သုတ်၌ ပါသော သရကား ထို ကာရိယီကို ညွှန်ပြသော သဒ္ဒါတည်း။

ဗဟုဝစနံ ပနေတ္ထ ၊ပေ၊ ဉာပနတ္ထံ—နိမိတ်တ်ကို ညွှန်ပြရာ၌(သရေ-ဟု)ဧကဝုစ်ဖြင့် ညွှန်ပြသကဲ့သို့ ကာရိယီကို ညွှန်ပြရာ၌ " သရော " ဟု ဧကဝုစ်ဖြင့် မညွှန်ပြဘဲ"သရာ"ဟု ဗဟုဝုစ်ဖြင့် ညွှန်ပြခြင်းသည် အဘယ်အကျိုး ရှိပါသနည်း–ဟု မေးဘွယ်ရှိသောကြောင့် "ဗဟုဝစနံ"စသည်ကို မိန့်၊ သရာ ဟု ဗဟုဝုစ်ဖြင့် ညွှန်ပြခြင်းသည်"နောက်၌ သရတလုံး တလုံး နှောင်းလျှင် ရှေ့၌ သရ အများကို ချေနိုင်၏ " ဟု သိစေခြင်း အကျိုးရှိပါသည်၊ သခတော ဂဿဝါသုတ်၌ "ဂဿ+ဧ" ဟု ဖြစ်၏၊ ထို ဧကို " အ အာ ဣ ဤ ဧ " ဟု ပုဒ်ဖြတ်၍ ဤသုတ်ဖြင့် နောက် ဧ ကြောင့် ရှေ့ အ အာ ဣ ဤ ၄ လုံး (သရ အများ) ကို ချေသည်၊ [ " တ္ထေစ သရေသူတိ အဝတွာ သရေတိဝစနံ ဧကေကသ္မိံယေဝါတိ ဉာပနတ္ထံ = သရေသု ဟု ဗဟုဝုစ်ဖြင့် မဆိုဘဲ သရေ ဟု ဧကဝုစ်ဖြင့် ဆိုခြင်းသည် သရ တလုံး တလုံးနှောင်းလျှင် ရှေ့ သရကို ချေနိုင်၏"ဟု သိစေရခြင်း အကျိုးရှိ၏၊ " ယဒိဧဝံ သရောတိ အဝတွာ ကသ္မာ သရာတိ ဝုတ္တံ၊ ဧက ဒွိ တိ စတုန္နမ္ပိ လောပေါ ဟောတီတိ ဉာပနတ္ထံ=၁ လုံး ၂ လုံး ၃ လုံး ၄ လုံး အထိ သရအများကို ချေနိုင်၏"ဟု သိစေရခြင်း အကျိုးရှိ၏၊–ချာသ။]

> သရာ ယန္တိ သရေ လောပံ, ဧကော ဒွေ စတုရော တယော၊
> နသိ ယန္တိ ဥပေယျာသိ, ဂဿေဝါတိ နိဒဿနံ။

သရေ–နောက် သရ တလုံးကြောင့်၊ ဧကော ဒွေ စတုရော တယော–၁, ၂, ၃, ၄, ဖြစ်ကုန်သော၊ သရာ-တို့သည်၊ လောပံ-သို့၊ ယန္တိ-ရောက်ကုန်၏၊ နသိ, ယန္တိ, ဥပေယျာသိ, ဂဿေဝါတိ-နသိ ၊ပေ၊ ဂဿေဝါတို့ကား၊ နိဒဿနံ - (ရသင့်သလို ယူရမည့်) ဥဒါဟရဏ်တည်း။ [ သဒ္ဒနီတိ၌ ရှေ့ပုံစံ ၃ ခုကိုသာ ပြ၍ အများဆုံး ၃ လုံးချေကိုသာ ဆို၏၊ ချာသ၌ နောက်ဆုံး ပုံစံကို ပြ၍ ၄ လုံးချေအထိ ဆိုသည်၊ ထို့တွင် "နသိ=န+အသိ " န၌ အသရ တလုံးကြေ၊ "ယန္တိ=ယာဓာတ်,အပစ္စည်း,အန္တိ ( ယာ+အ+အန္တိ ) "– ယာ၌ အာနှင့် အ ပစ္စည်း ၂ လုံးကြေ၊ " ဥပေယျာသိ = ဥပ + ဣဓာတ်+အ ပစ္စည်း+ယျာသိ"-ပ၌ အနှင့် ဣ အ သရ ၃ လုံးကြေ၊ ဂဿေဝါ၌ ဝေယ် သရ ၄ လုံးကြေပုံကို ပြခဲ့ပြီ၊ ကြွင်းသော မှတ်ဘွယ်ကို သခတော ဂဿေဝါ သုတ်ကျမှ ပြဦးမည်။]

သရေတိ ၊ပေ၊ နဟောတိ — သရာ၏ အနက်ကို ပြပြီး၍ သရေ၏ အနက်ကို ပြလိုသောကြောင့် "သရေတိ" စသည်ကို မိန့်၊ " လောက+အဂ္ဂ " ၌ နောက် သရသည် ရှေ့

www.dhammaransi.com



ပါဒါနုသာမတ္ထိယတော - နိမိတ်ကို ယူရခြင်း၏ အစွမ်းကြောင့်၊ ဝဏ္ဏကာလ ဗျဝဓာနေ - ဝဏ္ဏခြားရာ ကာလခြားရာ၌၊ သန္ဓိကာရိယံ - သန္ဓိပြုဘွယ်သည်၊ နဟောတိ-မဖြစ်၊ လောပံတိ-လောပံ ဟူသည့်၊ ကာရိယသရကို ချေရခြင်း၏ အကြောင်းတည်း၊ ထိုအကြောင်းကို ပါဠိ၌လို "နိမိတ္တ" ဟု ခေါ်၏၊ သရေသည် ထိုနိမိတ်ကို ညွှန်ပြသော သဒ္ဒါတည်း၊ [ "ကမ္မကရဏနိမိတ္တတ္ထေသု သတ္တမီ" သုတ်ဖြင့် နိမိတ်အနက်၌ သက်စေ၍ " သရေ-သရကြောင့် " ဟု အနက်ပေးသည်၊ ]

ဆက်ဦးအံ့ — နိမိတ်ဟူသည် အကြောင်းတည်း၊ လောပံ အရ ကြေခြင်းကား အကျိုးတည်း၊ အကြောင်းနှင့် အကျိုးဟူသည် တစုံတခု အကွယ်အကာ မရှိသိုက်၊ အကာအကွယ် ရှိနေသေးလျှင်လည်း အကြောင်းအကျိုး အစစ် မဖြစ်နိုင်၊ သို့ဖြစ်၍ သရေ ဟူသော သတ္တမီ နိမိတ်၏ သာမတ္ထိယ ( အစွမ်း ) ကြောင့် ဝဏ္ဏဖြစ်စေ ကာသဖြစ်စေ ကွယ်ကာနေလျှင် အကျိုးဖြစ်သော သန္ဓိ ဆိုင်ရာကိစ္စ မဖြစ်နိုင်၊ [ ဆရာတို့ကား-သတ္တမီ နိမိတ်အတွက် အမိပ္ပါယ်တမျိုး ပြောကြသေး၏။ ]

**ဝဏ္ဏခြား၍ သန္ဓိ မဖြစ်ပုံ။** ။အက္ခရာ ခြားနေလျှင် ထိုအက္ခရာ၏ ရှေ့+နောက်၌ ရှိသော အက္ခရာ သရများ သန္ဓိစပ်လို့ မဖြစ်၊ ပုံစံကား — "သကိံ ဧဝ" တည်း၊ ဤ၌ ကိဝယ် ( ဣ ) သရနှင့် ဧသရတို့၏ အကြား၌ နိဂ္ဂဟိတ်တည်း ဟူသော ဝဏ္ဏခြားနေ၏၊ သို့ဖြစ်၍ နောက် ဧ ကြောင့် ရှေ့ ဣ ကို ချေခြင်းဟူသော သန္ဓိ ကိစ္စ မဖြစ်နိုင်၊ ထိုသို့ မချေနိုင်လျှင် ကကို ဧ သို့ကပ်၍ " သကေဝ " ဟု မဖြစ်နိုင်မှုမှာ ဆိုဘွယ်ရာ မရှိပြီ၊ ထို့ပြင်—ဣဝဏ္ဏောယံနဝါဖြင့် ဣ ကို ယ ပြုခြင်းဟူသော သန္ဓိကိစ္စလည်း မဖြစ်နိုင်သဖြင့် ယ ကို ဧ သို့ ကပ်၍ "သကျေဝ" ဟု မဖြစ်နိုင်မှုမှာလည်း ဆိုဘွယ်ရာ မရှိပြီ၊ နိဂ္ဂဟိတ်ကို ကွယ်လောပံ သုတ်ဖြင့် ချေပစ်သည့် အခါ၌ကား၊ ဝဏ္ဏ မခြားတော့ သဖြင့် အလို ရှိသလို "သကေဝ, သကျေဝ"ဟု ဖြစ်နိုင်ပေသည်။

**ကာလခြား၍ သန္ဓိ မဖြစ်ပုံ။** ။ကာလ – ဟူသည် ရွတ်ဆိုသည့်အခါ ရပ်တန့်ချိန်တည်း၊ "အချို့က ရွတ်ရာကာလ"ဟု ပြောကြ၏၊ အမှန်မှာ — ရွတ်ရာကာလမဟုတ်, ရွတ်ဆိုစဉ် ရပ်တန့်ချိန်ကာလသာတည်း၊ ချဲ့ဦးအံ့—ဂါထာရွတ်ရာ၌ ၄ ပါဒ ရှိသည့်တွင် ရှေ့ ၂ ပါဒကို ရွတ်ပြီးလျှင် ထုံးစံရှိသလောက် ရပ်တန့်ရမည်၊ တဆက်ထည်း ( ထောက်လျှောက် ) ရွတ်မသွားရ၊ ထိုသို့ ရပ်တန့်ရမည့် နေရာဝယ် သန္ဓိစပ်ထားလျှင် ( အစပ်ဖြစ်၍ ရပ်တန့်ခွင့် မရ ) တဆက်ထည်း ရွတ်ရတော့မည့် ဖြစ်သောကြောင့် အလင်္ကာကျမ်းလာ "ယတိဟီန" ခေါ် အပြစ်ဒေါသ ရောက်၏၊ ထို့ကြောင့် ဂါထာတို့ဝယ် ဒုတိယ ပါဒ အဆုံးနှင့် တတိယပါဒ၏ အစ၌ ရပ်တန့်ရာ ကာလ ခြားသောကြောင့် သန္ဓိကိစ္စမဖြစ်၊

ပုံစံကား— သဗ္ဗေ သင်္ခါရာ အနိစ္စာ, ယဒါ ပညာယ ပဿတိ၊
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ, ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

ဤ ဂါထာ၌ ပဿတိဝယ် အနည်းငယ် ရပ်နားပြီးမှ အထ နိဗ္ဗိန္ဒတိ စသည်ကို ဆက်၍ ရွတ်ရမည် ဖြစ်သောကြောင့် ရပ်တန့်ရာကာလ ခြားကွာနေသည့်အတွက် တိ ၌ ဣ ကို

www.dhammaransi.com



နိဒ္ဒေသော - ကာရိယကို ညွှန်ပြသော သဒ္ဒါတည်း၊ ပန - ဆက်ဦးအံ့၊ ဥပရိ-အထက် (ဝါ ပရော အသရူပါ) သုတ်၌၊ ပရလောပ ဝိဓာနတော - နောက်သရကြေခြင်းကို စီရင်ခြင်းကြောင့်၊ ဣဒံ သုတ္တံ-ဤ (သရာ သရေ လောပံ) သုတ်ကို၊ ပုဗ္ဗလောပ ဝိဓာနံ ဘိ-ရှေ့သရကြေခြင်းကို စီရင်သော သုတ်ဟူ၍၊ ဒဋ္ဌဗ္ဗံ - မှတ်ထိုက်၏၊ ဧဝံ - ဤသို့လျှင်၊ သဗ္ဗတ္ထ - အလုံးစုံ

ဣဝဏ္ဏော ယံ နဝါသုတ်ဖြင့် ယ ပြုခြင်းဟူသော သန္ဓိကိစ္စ မဖြစ်နိုင်၊ ပဉ္စမ သန္ဓိကိစ္စ မဖြစ်နိုင်လျှင် ယ ကို အသရသို့ ကပ်၍ "ပဃာတျထ" ဟူသော ဒုတိယ သန္ဓိကိစ္စမှာ ဆိုဘွယ်ရာ မရှိပြီ၊ [မှတ်ချက်—ဤ "ပဃာတိ+အထ" တို့၌ သရာ သရေလောပံသုတ် အစီအရင် မပါ၊ ဣဝဏ္ဏော ယံ နဝါ သုတ်၌ လိုက်လာသော သရေ နိမိတ်၏ သာမတ္ထိယ ကြောင့် ဣ ကို ယ ပြုခြင်း မဖြစ်ကြောင်းကို ပြသော ပုံစံတည်း၊သို့ဖြစ်၍ သတ္တမီနိမိတ်နှင့် ပြသမျှ သုတ်တိုင်းဝယ် ဝဏ္ဏဖြစ်စေ ကာလဖြစ်စေ ခြားကွယ်နေရာ၌ ချေမှုသန္ဓိသာ မက, အခြား သန္ဓိကိစ္စများလည်း မဖြစ်နိုင်ဟုချည်း မှတ်။]

**မောဂ္ဂလ္လာန် ပဉ္စိကာ**။ ။"သရော လောပေါ သရေ" သုတ်၏ ပဉ္စိကာ၌ကား "သရေတိ-ဩပသိလေသိကာဓာရေ သတ္တမီ" ဟု ဆို၍ ဤရုပသိဒ္ဓိ၏ "နိမိတ္တသတ္တမီ" ဆိုသော စကားကို ပယ်ရှားလေ၏၊ ပဉ္စိကာအလို "သရေ-သရနှောင်းရာ၌" ဟုအာဓာရ အနက်ပေး၊ အာဓာရ ၄ မျိုးတွင်လည်း "ဥက္ခလိယံ အာစာမေ တိဋ္ဌတိ=ထမင်းအိုး၌ ထမင်းရည် တည်၏" ဟူရာဝယ် အာဓာရဖြစ်သော ထမင်းအိုးသည် အာဓေယ ထမင်း ရည်၏ ကပ်ငြိတည်ရာ ဖြစ်သကဲ့သို့ ထို့အတူ သရေအရ နောက်သရလည်း သရောအရ ရှေ့သရ၏ (အကြားမလပ် ငြိကပ်ဘည်နေရာ) ဩပသိလေသိကာဓာရသာ ဖြစ်ထိုက်၏၊ ဤဩပသိလေသိကာဓာရ၏ သတ္တိကြောင့် ဝဏ္ဏခြားရာ ကာလခြားရာတို့၌ အကြား အလပ် ရှိနေရကား သန္ဓိအစီအရင် ဟူသမျှ မဖြစ်-ဟု ဆိုလိုသည်၊ ထိုတွင် ကာလခြားရာ ပုံစံ၌ ဂါထာအရာသာ မက "ကတမာစာနန္ဒ + အနိစ္စသညာ" ကဲ့သို့သော စုဏ္ဏိယ ပုံစံ၌လည်း "ကတမာစာနန္ဒ" ဟု ရွတ်ပြီးလျှင် တန့်ရပ် နားနေရဦးမည် ဖြစ်၍ ကာလ ခြားလျက် ရှိသောကြောင့် "နန္ဒာနိစ္စာ" ဟု နေ့ပုဒ်နှင့် သန္ဓိကိစ္စမဖြစ်-ဟု မိန့်သေးသည်။

[ဆောင်] ဩပသိလေ, တဲထွနိမိတ္တ, သတ္တမျကြောင့်, ဝဏ္ဏအကြာရာ,
ခြားလေရာနှင့်, ဂါထာစုဏ္ဏိယ, ဟူသမျှပင်, ရွတ်ဆိုစဉ်ဝယ်,
ရပ်တန့်ဘွယ်နား, ကာလခြားမူ, မှတ်သားသန္ဓိ မဖြစ်တည်း။

**လောပန္တိ ကာရိယနိဒ္ဒေသော** — သရာသရေ ပုဒ်တို့၏ အနက်ကို ပြပြီး၍ လောပံ ပုဒ်၏ အနက်ကို ပြလိုသောကြောင့် လောပန္တိ စသည်ကို မိန့်၊ "ချေခြင်း" ဟူသော အစီအရင်သည် "ချေမှုကို ပြုလုပ်ခြင်း" ဟူသော ကာရိယတည်း၊ ထို့ကြောင့် လောပံ ပုဒ်သည် ကာရိယ (အပြုအစီအရင်) ကို ညွှန်ပြသော သဒ္ဒါဖြစ်သည်၊ ["အနိဋ္ဌိတံ ပဒံ ကာရီ" စသော ဂါထာကို ကစ္စည်းဋီကာမှာ ရှု။]

**ဣဒံ ၊ ပေ ၊ ဝေဒိတဗ္ဗံ**— ကျမ်းဂန်တို့၌ ရက္ခာရုက္ခ ( သစ်ပင်တက်ပုံနည်း) အားဖြင့် မရောက်သေးသော အဘို့ကို "ဥပရိ" ဟု ဆို၍ ရောက်ပြီးအဘို့ကို "ဟေဋ္ဌာ" ဟု ဆို၏၊

www.dhammaransi.com



သော၊ သတ္တမိ နိဒ္ဒေသေ - သတ္တမိ ဝိဘတ်ဖြင့် ညွှန်ပြရာ၌၊ ပုဗ္ဗသေဝ-ရှေ့ အက္ခရာ၏ သာလျှင်၊ ဝိဓိ - အစီအရင်တည်း၊ ပရဿ - နောက် အက္ခရာ၏၊ ဝိဓာနံ - အစီအရင်သည်၊ န - မဟုတ်၊ ဣတိ-သို့၊ ဝေဒိတဗ္ဗံ-သိထိုက်၏၊ (၁၂)။

(၁၄)-အသာရံဘိ-အသာရံပုဒ်သည်ပင်း၊ အဓောဌိတ နိုစ-သည်ပင်း၊ ဝတ္တတေ - ၏၊ သိလိဋ္ဌကထနေ - ပြေပြစ်သောပုဒ်ကို ဆိုလိုလတ်သော်၊ ပရိဘာသ မာဟ။

နယေ ပရံ ယုတ္တေ ။ ။ ယုတ္တေ - ဆောင်ကပ်သင့်သော၊ ဌာနေ - ဌာန၌၊ သရ ရဟိတံ-သရကင်းသော၊ အဓောဌိတံ-အောက်၌ တည်သော၊ ဗျဉ္ဇနံ- ကို၊ ပရက္ခရံ နယေ၊ ဣတိ-ပရိဘာသာသုတ်ကြောင့်၊ ပရ နယနံ-နောက်အက္ခရာသို့ ဆောင်ကပ်ခြင်းကို၊ ကာတဗ္ဗံ - ပြုရာ၏၊ ဝါ- ပြုလေ၊ ဧတ္ထ - ဤသုတ်၌၊ ယုတ္တဂ္ဂဟဏံ - ယုတ္တ သဒ္ဒါသည်၊ နိဂ္ဂဟိတ နိသေဓနတ္ထံ - နိဂ္ဂဟိတ်ကို တားမြစ်ရခြင်း အကျိုးရှိ၏၊ တေန - ထို့ကြောင့်၊ အက္ကောသ္တိမံ အဝဓိမံ တျာဒိသု - အက္ကောသ္တိမံ အဝဓိမံ အစရှိသော ပြယုဂ်တို့၌၊ ပရံနယနသဒ္ဒေဟော - နောက်သရသို့ ကပ်ခြင်း၌ ယုံမှား

ထို့ကြောင့် ဥပရိဖြင့် ဝါပရောသုတ်ကို ပြသည် ဟု မှတ်၊ ဝါပရောသုတ်က နောက်သရကို စီရင်ဘို့ရာ " ပရော " ဟု တိုက်ရိုက်ဆိုထားသောကြောင့် ဤ သုတ်၌ "ပုဗ္ဗ" ဟု မပါသော်လည်း ရှေ့သရကို စီရင်သောသုတ် ဟု သိထိုက်သည်-ဟူလို။ [ "ဝေဒိတဗ္ဗံ, ဒဋ္ဌဗ္ဗံ"ဟု တဗ္ဗပစ္စည်းဖြင့် ပြသမျှ၌"အပ်"ဟု မပေးဘဲ"ထိုက်"ဟု ပေးသင့်သောအရာသာ များ၏၊ ဘာ့ကြောင့်နည်း .... စာသင်သားတို့၏ သိခြင်း မှတ်ခြင်း ကြိုသာသည် အပ်၍ ကပ်၍ မနေသေးဘဲ , သိသင့် သိထိုက်ရုံမျှသာ ဖြစ်သောကြောင့် တည်း၊ ထို့ကြောင့် "ဝေဒိတဗ္ဗံ-သိထိုက်၏"ဟု ပေးထားကြောင်းကို အရာရာ၌ သတိပြုပါ။ ]

(၁၃) သိလိဋ္ဌကထနေ ပရိဘာသမာဟ — သန္ဓိ စပ်ထားအပ်သော ပုဒ်သည်ကို ရွတ်ဆိုရာ၌ ချောမော၏၊ ထိုသို့ ပြေပြစ် ညက်ညောချောမောစွာ ရွတ်ဆိုလိုသည့် အရာဝယ် ရှေ့ဗျည်းကို နောက် အက္ခရာသို့ ကပ်၍ သန္ဓိစပ်ဘို့ရာ ဤ " နယေ ပရံ ယုတ္တေ " သုတ်ကို မိန့်တော်မူသည်၊ သရာ သရေ လောပံ သုတ်ဖြင့် သရကို ချေပြီးသည့် အခါ ဗျည်း၌ သရ မရှိတော့ပြီ၊ ထိုကဲ့သို့ သရကင်း၍ အောက်၌ တည်နေသောဗျည်းကို နောက် အက္ခရာသို့ ကပ်သင့်ရာ ဌာန၌ ဤ သုတ်အရ ကပ်ပါ-ဟူလို၊ [သုတ်၌ပါသော ပရံပုဒ်ကို"ပရသရံ"ဟု မဖွင့်ဘဲ"ပရက္ခရံ"ဟု ဖွင့်ရခြင်း၏ အကြောင်းကို ကစ္စည်းဋီကာမှာ ရှု။ ]

ဧတ္ထ ယုတ္တဂ္ဂဟဏံ ၊ ပေ ၊ နဟောတိ—"နယေ ပရံ"ဟုသာ မဘည့်ဘဲ ယုတ္တသဒ္ဒါ ထည့်ခြင်းသည် အဘယ်အကျိုး ရှိပါသနည်း - ဟူသော မေးဘွယ်ကို ကိုယ်တိုင် ဖြေလို

www.dhammaransi.com



ဘွယ်သည်၊ နဟောတိ - မရှိ၊ လောကဂ္ဂပုဂ္ဂလော ၊ ပေ ၊ အသန္တေဿ နဒိသန္တိ-လောကဂ္ဂပုဂ္ဂလော ၊ပေ၊ အသန္တေဿ နဒိသန္တိ ပြီး၏။(၁၁)။

(၁၄) ယဿ+ဣဒါနိ ၊ ပေ ၊ ပါတော+ဧဝ,ဣတိ - ယဿ+ဣဒါနိ ၊ ပေ၊ ပါတော+ဧဝ, ဟူကုန်သော၊ ဣမေ - ဤ ပြယုဂ်တို့၌၊ ပုဗ္ဗလောပေ- ရှေ့သရ ကြေခြင်းသည်၊ သမ္ဘဝတ္တေ - ရောက်သလတ်သော်၊ သရေဘိ- သရေ ဟူသော သဒ္ဒါသည်၊ အဓိကာရော - လိုက်သော သဒ္ဒါတည်း၊ ပန - ဆက်ဦးအံ့၊ ဣမေ - ဤသုတ်၌၊ အဏ္ဏဝသာ - အနက်၏ အစွမ်းဖြင့်၊

သောကြောင့် " ဧဿ ယုတ္တ ၊ ပေ ၊ နိသေဓနတ္ထံ " ဟု မိန့်သည်၊ ချဲဦးအံ့-နိဂ္ဂဟိတ်သည် ရှေ့သရကိုသာ မှီလေ့ရှိသော ပုဗ္ဗာသယမျည်းတည်း၊ "အက္ကောစ္ဆိမံ + အဝဓိ " ဝယ် မံ၌ နိဂ္ဂဟိတ်ကို နောက် ( အ ) သရသို့ ကပ်လျှင် နိဂ္ဂဟိတ်က ရှေ့ , သရက နောက် နေသောကြောင့် ရှဘ်ဘတ်၍ မဖြစ်တော့ပြီ၊ ဤသို့လျှင် နိဂ္ဂဟိတ်နှင့် နောက်သရသည် သန္ဓိစပ်သင့်သော " ယုတ္တဋ္ဌာန " မဟုတ် ဟု ယုတ္တေသဒ္ဒါဖြင့် နိဂ္ဂဟိတ်ကို တားမြစ်၏၊ ထို့ကြောင့် " ယုတ္တဂ္ဂဟဏံ နိဂ္ဂဟိတ နိသေဓနတ္ထံ " ဟု မိန်သည်၊ ထိုသို့ ယုတ္တသဒ္ဒါက နိဂ္ဂဟိတ်ကို တားမြစ်ထားသောကြောင့် "အက္ကောစ္ဆိမံ+အဝဓိ " ဝယ် မံ၌ နိဂ္ဂဟိတ်ကို နောက် အသရသို့ ကပ်ရမှာလေလော၊ ဟု ယုံမှားခွင့်လည်း မရှိတော့ပြီ-ဟူလို၊ ဤကား ရူပသိဒ္ဓိအလိုကျ ဖွင့်ပြသော အဓိပ္ပါယ်တည်း၊ [ ရူပသိဒ္ဓိသည်၊ " ယုတ္တေတိ ကသ္မာ- အကောစ္ဆိမံ" စသော ကစ္စည်းဝုတ္တိကို ကြည့်၍ ဖွင့်သောကြောင့် ကစ္စည်းဝုတ္တိ၏ နောက် လိုက်သာ ဖြစ်၏၊ ထို ကစ္စည်းဝုတ္တိသည်ပင် သုတ်တည်သော အရှင်ကစ္စည်း ထေရ်၏ အဘော် မကျကြောင်းနှင့် တကွ ဗလာဝတာရ ဋီကာဟောင်း ဆိုပုံကို ကစ္စည်း ဘာသာဋီကာမှာ ရှု။]

**လောကဂ္ဂပုဂ္ဂလော ၊ ပေ ၊ နဒိသန္တိ** — တို့ကား သရကင်းသောမျည်းကို နောက် အက္ခရာသို့ ကပ်လိုက်သည့် အခါ"လောကဂ္ဂပုဂ္ဂလော"စသည်ဖြင့် ရုပ်ပြီးသည်-ဟု ရုပ်ပြီး ပုံစံများကို ပြသောစကားတည်း၊ ထို့ကြောင့် အနက် အထူးမပေးဘဲ " ပြီး၏ " ဟူသော အနက် ပေးလိုက်သည်။ [ မှာထားချက် — ဤ ရူပသိဒ္ဓိကို လေ့လာကြသူတို့သည် ပုဒ်စပ် ပုဒ်ဖြတ်၌ မလျင်မြန်သေး သူဖြစ်လျှင် ဤနေရာ၌ ရပ်တန့်၍ ဆရာ့ကိုယ်တိုင်(သို့မဟုတ်လျှင် တပည့်ကြီး ကယောင်ယောင်က) ရုပ်တခုကို ပုဒ်ဖြတ်၍ ရွတ်လျှင် တပည့်များက ပုဒ်စပ်ကို (စာအုပ် မကြည့်ဘဲ) သံပြိုင်လိုက်ပါစေ၊ ဆရာက ပုဒ်စပ်ကို ရွတ်လျှင်လည်း ပုဒ်ဖြတ်ကို သံပြိုင်လိုက်ပါစေ၊ အစဉ်အတိုင်း မဟုတ်ဘဲ ဟိုကျော် သည်ကျော်နှင့် ဆရာက တိုင်- တပည့်များက လိုက်နှင့် လေ့လာကြပါစေ။]

(၁၅) ယဿ+ဣဒါနိ ၊ ပေ ၊ ပါတော+ဧဝ—"အသရနောင် ကြေပုံ, အာ သရနောင်ကြေပုံ " စသည်ဖြင့် ရှေ့သရတို့ကို အစဉ်အတိုင်း ပြသော ပြယုဂ်များတည်း၊ ထို့ကြောင့်"ကထာ+ဧဝကာ"ပြယုဂ်သည် "ဆာယာ+ဣဝ" နောက်၌ တဆက်ထည်း၊

www.dhammaransi.com



ဝါ – အနက်နှင့် စပ်သဖြင့်၊ ဝိဘတ္တိ ဝိပရိဏာမေ – ဝိဘတ် ပြောင်းလွဲခြင်းကို၊ ( ကာတဗ္ဗော–ပြုလိုက်၏၊ ) ဣတိ ကတွာ–ဤသို့ ပရိဘာသာပြု၍၊ သရောတိစ – သရောဟူ၍၎င်း၊ သရမှာတိစ–သရမှာဟူ၍၎င်း၊ လောပ နိ့စ–လောပံ ဟူ၍၎င်း၊ ဝတ္တမာနေ–လိုက်လတ်သော်….

ဝါပရော အသရူပါ။ ။အသမာန ရူပမှာ–တူသောရုပ်သွင် ရှိသည် မဟုတ်သော၊ သ ရမှာ – မှ၊ ပရော သရော–သည်၊ ဝါ – ပါဠိတော်မြတ် သင်္ကေတ်မှတ်အပ်ပြီး အတိုင်း၊ လောပံ ပပ္ပေါတိ၊ အသ–ထို သရ၏၊ သမာနံ–

ရှိရမည်၊ ယခု စာအုပ်များ၌ "မောဂ္ဂလ္လာနော+အာသိ ဗီဇကော" နောက်၌ ရှိသည်မှာ အစဉ်မတွဲ၊ ထို့ပြင် "တေ+အသိ, မောဂ္ဂလ္လာနော+အသိ" ဟု စာပျက်နေ၏၊ "တေ+အပိ, မောဂ္ဂလ္လာနော+အာသိ" ဟု ရှိရမည်၊ ထိုသို့ ရှိသင့်ပုံကို ပါဠိ အခြေပြေးသူတိုင်း သိနိုင်ပါသည်။

ပုဗ္ဗလောပေ သမ္ဘဝေ — "ဝါပရော အသရူပါ" သုတ်မရှိလျှင် " သရာ သရေ လောပံ"သုတ်က ရှေ့သရတို့ကို ချေလိမ့်မည်၊ ဘာ့ကြောင့်နည်း….အခြား အစီအရင် မရှိလျှင် ရှိပြီးသုတ်က စီရင်ခွင့် ရှိသောကြောင့်တည်း၊ ဤသို့ သရာ သရေ လောပံသုတ်က ချေခွင့်ရှိသည်ကို "ပုဗ္ဗလောပေ သမ္ဘဝေ" ဟု ဆိုသည်၊ "သမ္ဘဝေ"ဟု ဆိုသောကြောင့် "ရောက်ပြီးပြီ"ဟု မမှတ်ရ၊ "ရှေ့သရ၏ ကြေခြင်းသည်+ရောက်ရတော့မလို, ရောက်လု ရောက်လု ဖြစ်နေသည်"ဟု ဆိုလိုသည်၊ ထို့ကြောင့် " သမ္ဘဝေ-ရောက်လုလတ်သော် " ဟု ရှေးဆရာတို့ အနက်ပေးကြသည်။

သရေတိ အဓိကာရော— "အဓိကာရော" ဟု ဆို၍ လိုက်ရာ၌ နေခံတသုတ်ထည်း သို့သာ လိုက်သည် မဟုတ်၊ သူ၏ နယ်ပယ်ကုန်အောင် လိုက်ရိုးတည်း၊ ထို့ကြောင့် ရှေ့ "သရာ သရေ" သုတ်မှ သရေသဒ္ဒါသည် ( ကစ္စည်းကျမ်းလာ ) ဒုတိယ တခဏ်းလုံး ကုန်အောင် လိုက်လိမ့်မည်၊ နောက်နောက် သုတ်များ၌"သရေ"သဒ္ဒါ လိုက်ကြောင်းကို အထူး မဆိုသော်လည်း လိုက်မြဲ လိုက်လာသည် ဟု မှတ်၊ ဆက်ဦးအံ့ – သရာ သရေ လောပံသုတ်မှ သရေ တပုဒ်သာ လိုက်သည် မဟုတ်သေး , သရာ + လောပံ တို့လည်း လိုက်လာ၏၊ ထိုသို့ လိုက်ရာ၌"အတ္ထဝသာ ဝိဘတ္တိ ဝိပရိဏာမော ကာတဗ္ဗော=ရေခံရာ သုတ်၏ အနက်နှင့် လျော်အောင် ဝိဘတ်ကို ပြောင်းလွဲနိုင်သည် " ဟု ပရိဘာသာ ဆိုသောကြောင့်"အ သရူပါ"ဟူသော ပဉ္စမီ ဝိဘတ်နှင့် သင့်တင့်အောင် " သရမှာ " ဟု ပဉ္စမီဝိဘတ် ပြောင်းလွဲ၍၎င်း "သရာ" ဗဟုဝုစ်လည်း ဤ " ပရော "နှင့် သင့်တင့်အောင် "သရော"ဟု ဝိဘတ်ပြောင်း၍၎င်း လိုက်သည်၊ [ "ပုဗ္ဗလောပေ သမ္ဘဝေ" မှ သမ္ဘဝေ ပုဒ်နှင့် ဝတ္တမာနေ ပုဒ်တို့ စပ်ဘို့ရာ တိုက်ရိုက်မရှိ၊ သမ္ဘဝေ၏ စပ်ဘို့ရာ"သမ္ဘဝေ-သော်၊ တံ–ထို ရှေ့သရ ကြေခြင်းကို၊ နိဝါရေတွာ– တားမြစ်၍" ဟု၎င်း ဝတ္တမာနေ၏ စပ်ဘို့ရာ သုတ်အဖွင့် အဆုံး၌ " ပပ္ပေါတိ–၏၊ ဣတိအတ္ထော–ဤ အနက်သည်၊ ဟောတိ-ဖြစ်၏" ဟု၎င်း ထည့်၍ စပ်သင့်၏၊ နိဿယ၌ကား ရှုပ်နေမည်စိုး၍ မထည့်ဘဲ ထားသည်။]

www.dhammaransi.com



တူသော၊ ရုပ်-ရုပ်သွင်သည်၊ (အတ္ထိ၊) ဣတိ သရူပေါ-မည်၏၊ သရူပေါ-တူသော ရုပ်သွင်ရှိသော သရသည်၊ န-မဟုတ်၊ အသရူပေါ- တူသော ရုပ်သွင်ရှိသော သရမဟုတ်၊ အသဝဏ္ဏော-အသဝဏ္ဏသရတည်း၊(၁၃)။

ပန-ဆက်ဦးအံ့ - ယသ္မာ- အကြင်ကြောင့်၊ မရိယာဒါယံ-မရိယာဒါ အနက်၌ ၎င်း၊ အဘိဝိဓိမှိစ - အဘိဝိဓိ အနက်၌ ၎င်း၊ ဝတ္တမာနော - ဖြစ်သော၊ အာ ဥပသဂ္ဂေါ ဝိယ - အာ ဥပသာရပုဒ်ကဲ့သို့၊ ဝါသဒ္ဒေါ-ဝါ သဒ္ဒါသည်၊ ဒွိဓာ - ၂ ပါးပြားသော အနက်၌၊ ဝတ္တတေ-ဖြစ်၏ ကတ္ထစိ-အချို့သုတ်၌၊ ဝိကပ္ပေ-ဝိကပ် အနက်၌၎င်း၊ ကတ္ထစိ-အချို့သုတ်၌၊ ယထာ ဝဝတ္ထိတ ရူပပရိဂ္ဂဟော-အကြင်အကြင့် သတ်မှတ်အင်ပြီးသော ရုပ်တို့ကို သိမ်းယူခြင်း အနက်၌၎င်း၊ (ဝတ္တတေ - ဖြစ်၏၊) ဣဓပန-ဤသုတ်၌ကား၊

သမာနံ ၊ ပေ ၊ အသဝဏ္ဏော—[သုတ်အဖွင့်မှာ ထင်ရှားပြီ။ ] ဤ "သမာနံ ရူပံ" သည်ကား သုတ်၌ပါသော အသရူပါပုဒ်၏ ဝိဂ္ဂဟ သံဝဏ္ဏနာတည်း၊ ဤ ဝိဂြိုဟ်အရ သရူပ၌ သသည် သမာနပုဒ်ကို တေသုဝုဋ်ဖြင့် သပြု၍ ပြီးသော "အတူ"အနက်ဟော ဟု သိသာ၏။ ရူပ အတွက်ကား မည်သည့်အနက် ဟု မသိသာသေး၊ သဒ္ဒနီတိ၌ "သုတိ= အသံ"ကို ရူပသဒ္ဒါ၏အနက် ဟု ဆို၏၊ ထို အဆိုကို ပရသမညာသုတ်၌ ပြခဲ့ပြီ၊ ဤ၌ကား "ရူပသဒ္ဒါသည် ရုပ်သွင်သဏ္ဌာန် အနက်ဟောတည်း" ဟု ယူ၍ "သရူပ – တူသော ရုပ်သွင်သဏ္ဌာန် ရှိသော သရ၊ အ သရူပ – တူသော ရုပ်သွင်သဏ္ဌာန် ရှိသော သရမှ တပါးသော သရ (တူသော ရုပ်သွင်ရှိသည် မဟုတ်သော သရ ) "ဟု အနက်မှတ်ပါ၊ "န+သရူပေါ=အသရူပေါ"၏ နေခံ၌ "အသဝဏ္ဏော"ကား အသရူပေါ၏ အဘိဓေယျ (ဟောနက်ပြ)စကားတည်း၊ [ "ဗုဒ္ဓေါတိ ဗုဒ္ဓေါ-ဇိနော " ဟူရာ၌ ဇိနောသည် ဗုဒ္ဓေါ သဒ္ဒါ၏ အဘိဓေယျ ဖြစ်သကဲ့သို့တည်း။]

ဆက်ဦးအံ့—ပရ သမညာသုတ်၌"ရဿသရာ ၊ ပေ ၊ သဝဏ္ဏာနာမ,တေ သရူပါတိပိ ဝုစ္စန္တိ"ဟု သဝဏ္ဏနှင့် သရူပကို သဘောတူ(ပရိယာယ်)ပုဒ်ဟု ဆိုခဲ့သည်အားလျော်စွာ ဤသုတ်၌လည်း "အသဝဏ္ဏနှင့် အသရူပကို သဘောတူ ပရိယာယ်ပုဒ်"ဟု ဆိုလိုသည်၊ သို့ဖြစ်လျှင် ဤ၌ပါသော အသဝဏ္ဏနှင့် ကွစာ သဝဏ္ဏံ လုတ္တေ၌ပါသော အသဝဏ္ဏတို့ အနက် အရချင်း မတူ ဟု မှတ်ရ၏၊ ထင်ရှားစေအံ့ – အသရူပကို အသဝဏ္ဏ ဟု ဆိုသောကြောင့် အ အာ ကို ထောက်၍ ဣ ဤ စသော သရ ၆ လုံးသည် အသရူပ လည်းမည် , အသဝဏ္ဏလည်း မည်၏၊ ကွစာ သဝဏ္ဏံ လုတ္တေသုတ်၌ကား ဧ-ဩ သရ ၂ လုံးသာ အသဝဏ္ဏ မည်၏၊ ထို့ကြောင့် ဤ၌ပါသော အသဝဏ္ဏကို "န+သဝဏ္ဏော= အသဝဏ္ဏော"ဟု ဝိဂြိုဟ်ပြု၍ "သဝဏ္ဏော–ဌာန်အားဖြင့် တူသော ဝဏ္ဏ (သရ) သည်၊ န-မဟုတ်၊ အသဝဏ္ဏော-ဌာန်တူသရမဟုတ်" ဟု အနက်ပေး၊ ကွစာ သဝဏ္ဏံ သုတ်လာ အသဝဏ္ဏံ ပုဒ်၏ ဝစနတ္ထကို ထိုသုတ်ကျမှ တမျိုး တွေ့ရလိမ့်မည်။

www.dhammaransi.com



ပန္တိမေ-နေသံဖြစ်သော ယထာဝဝတ္ထိတရူပပရိဂ္ဂဟာ အနက်၌၊ (ဝတ္တတော၊) တတော - ထို့ကြောင့်၊ နိစ္စံ-မြဲသော၊ ဝိဓိစ-အစီအရင်ကိုဂုင်း၊ အနိစ္စံ-မမြဲသော၊ ဝိဓိစ-ကိုဂုင်း၊ အသန္တံ-မရှိသော၊ ဝိဓိစ - ကိုဂုင်း၊ ဧတ္တ-ဤသုတ်၌၊ ဝါသဒ္ဒေါ - ဝါ သဒ္ဒါသည်၊ ဒီပေတိ-ပြ၏။

ယည္ဟာ၊ ပေ၊ ဤ၀ ပန ပန္တိမေ—အာ ဥပသာရပုဒ်သည် မရိယာဒါအနက် အဘိဝိဓိ အနက် ၌ ၂ နက်ကို ဟောသကဲ့သို့ ဝါ သဒ္ဒါ (ဝါ နိပါတ်ပုဒ်) လည်း အချို့သုတ်၌ ဝိကပ်အနက် တချို့သုတ်ဝယ် ယထာဝဝတ္ထိတရူပပရိဂ္ဂဟာအနက်ကို ဟောသောကြောင့် ၂ နက်ကိုပင် ဟောနိုင်သည်၊ [၂ နက် ဟောချင်း တူနေ၍ အာ ဥပသာရပုဒ်ကို ဥပမာ ပြသည်၊ အာဥပသာရ၏ မရိယာဒါ အဘိဝိဓိ အနက်သည် "ကာရက-ဓာတုနာမာန" စသော သုတ်၌ လာလတ္တံ့။] ဝါ သဒ္ဒါ၏ ဟောရိုး ၂ နက်တွင် ဤသုတ်၌ ဝါသဒ္ဒါသည် နောက်ဖြစ်သော ယထာဝဝတ္ထိတရူပ ပရိဂ္ဂဟာ အနက်ကို ဟော၏၊ [ဝိကပ်အဓိပ္ပါယ်ကို နောက်မှ ပြမည်။]

ယထာဝဝတ္ထိတရူပပရိဂ္ဂဟာ။ ။ပါဠိတော်အဋ္ဌကထာတို့၌ ပိုင်းခြားသတ်မှတ်အပ်ပြီးသော ရုပ်များကို "ယထာဝဝတ္ထိတရူပ" ခေါ်၏၊ ယံ ယံ+ဝဝတ္ထိတံ,ယထာဝဝတ္ထိတံ၊ အကြင် အကြင် ဗိဋကတ်၌ သတ်မှတ်အပ်ပြီးသောရုပ်၊ ယထာဝဝတ္ထိတံစ+တံ+ရူပဉ္စာတိ,ယထာဝဝတ္ထိတရူပံ၊ ယထာဝဝတ္ထိတရူပဿ-ကို၊ ပရိဂ္ဂဟော-ပိုင်းခြား၍ယူခြင်းသည်၊ ယထာ ဝဝတ္ထိတရူပ ပရိဂ္ဂဟော -မည်၏၊ ["ယထာ ယထာ လက္ခိယရူပံ (ဥဒါဟရဏ် ရုပ်ကို) ဝဝတ္ထိတံ-ပါဠိ၌ သတ်မှတ်အပ်ပြီ၊ တထာတထာ ပဝတ္တနတော ယထာဝဝတ္ထိတရူပ ပရိဂ္ဂဟော" — မောဂ္ဂလ္လာန် ပဒသာဓနဋီကာ။] ပိဋကတ်၌ "ယဿ+ဣဒါနိ=ယဿဒါနိ" ဟု ၂မျိုးရှိ၏၊ ဧက္ကုန္ဒြိယံကား တမျိုးတည်းသာ ရှိ၏၊ "စက္ခု+ဣန္ဒြိယံ=စက္ခုန္ဒြိယံ" ဟု ၂ မျိုး မရှိ၊ ပဉ္စိန္ဒြိယာနိ၌ကား "ပဉ္စ+ဣန္ဒြိယာနိ" ဟု ပုဒ်ဖြတ်၍ အ သရူပ သရ ဖြစ်သော်လည်း နောက် ဣ ကို မချေဘဲ ရှေ့သ ရ ကိုသာ ချေရ၏၊ ဤသို့အားဖြင့် ပိဋကတ်၌ ရှိသည့်အတိုင်း ရုပ် များကို သိမ်းယူနိုင်ခြင်း အနက်သည် ယထာဝဝတ္ထိတရူပ ပရိဂ္ဂဟာ အနက်မည်၏၊ [ဝတ္ထိတဝိဘာသာနှင့် သဘောတူပင်၊ဝတ္ထိတဝိဘာသာ၏အဓိပ္ပါယ်ကို "ဟောဉ်" သုတ်ကျမှ ပြအံ့။]

တတော၊ပေ၊ဒီပေတိ — ဤသုတ်၌ ဝါသည် ယထာဝဝတ္ထိတရူပပရိဂ္ဂဟာ အနက် ရှိရကား၊ စက္ခုန္ဒြိယံ၌ အမြဲစီရင်ခြင်း (နိစ္စဝိဓိ) ကိုဂုင်း, ယဿဒါနိ စသည်၌ မမြဲသော စီရင်ရခြင်း (အနိစ္စဝိဓိ) ကိုဂုင်း, ပဉ္စိန္ဒြိယာနိစသည်၌ မစီရင်ရခြင်း (အသန္တဝိဓိ) ကိုဂုင်း ပြသည်၊ ဤသို့ နိစ္စ-အနိစ္စ-အသန္တ ဝိဓိ ၃ မျိုးကို ပြခြင်းမှာလည်း ပိဋကတော်၌ ပိုင်းခြား သတ်မှတ် ပြီးသော ရုပ်က ၃ မျိုး ရှိသောကြောင့်သာ တည်း၊ အကယ်၍ ပိဋကတော်၌ သတ်မှတ်အပ်ပြီးရုပ်က အနိစ္စ-အသန္တဝိဓိပြဘို့ရာ ၂ မျိုးသာရှိလျှင်ဂုင်း, နိစ္စ တမျိုးသာ ရှိလျှင်ဂုင်း ထို ရှိသမျှကို ပြလိမ့်မည်၊ [အနိစ္စချည်း ရှိရာ၌မူ ဝတ္ထိတဝိဘာသာ မဟုတ် ဝိကပ္ပနတ္ထသာ ဖြစ်သည်။]

www.dhammaransi.com



နယေ ပရံ ယုတ္တေတိ – သုတ်ဖြင့်၊ ပရံ – သို့၊ နေတဗ္ဗံ- ဆောင်ကပ်ရာ၏၊ ယသဿဒါနိ - ယသဿဒါနိ ပြီး၏၊ ယသဿ+ဣဒါနိ - ယသဿ+ဣဒါနိ ဟုလည်း ရှိသေး၏၊ (ဤနည်းအတိုင်းပေး၊) စက္ခုန္ဒြိယံဣတိ- စက္ခုန္ဒြိယံ ပြယုဂ်ကား၊ နိစ္စံ – မြဲ၏၊ အကတညုသိ – အကတညုသိ ပြီး၏၊ အကတညု+အသိ - အကတညု+အသိ ဟုလည်း ရှိသေး၏၊ [ဤနည်းအတိုင်း "ပါတော+ဧဝ" တိုင်အောင်သွား၊ "ကထာဝကာ=ဂါထာ+ဧဝကာ" ကို "ဆာယာ+ဣဝ" နောက်၌ရှိစေ။] ဣမ - ဤဆိုအပ်လတ္တံ့သော ပြယုဂ်တို့၌၊ န ဘဝတိ- ဤသုတ်အစီအရင်မဖြစ်၊ ပဋိန္ဒြိယာနိ ၊ ပေ၊ တံ ကုတေတ္ထ လဗ္ဘာ ဣစ္စာဒိ – ပဋိန္ဒြိယာနိ ၊ ပေ၊ တံ ကုတေတ္ထ လဗ္ဘာ, အစရှိသည်တည်း၊ ဤနေရာ၌ "ပဋိန္ဒြိယာနိ=ပဋိ+ဣန္ဒြိယာနိ" စသည်ဖြင့် ပုဒ်ဖြတ်ပုံကိုလည်း ဆိုပါစေ၊ ဆရာက ချပေးပါ၊ ပုဒ်ဖြတ်ပုံကို အမိပ္ပါယ်၌ ပြထားသည်။]

**ယသဿဒါနိ ၊ ပေ ၊ ပါတောဧဝ** — စက္ခုန္ဒြိယံ ကို ချန်၍ "ယသဿဒါနိ" အစ "ပါတော+ဧဝ" အဆုံးရှိသော ပုံစံများ၌ အမြဲမစီရင်သောကြောင့် စီရင်သည့်အခါ "ယသဿဒါနိ"ဟုရင်း မစီရင်သည့်အခါ "ယသဿ+ဣဒါနိ" ဟုရင်း ပိဋကတော်၌ ရုပ် ၂ မျိုးပင် ရှိနိုင်သည်၊ [ရူပီကာ၌ "ယသဿ+ဣဒါနိ, သညာ+ဣတိ" စသော ဤသုတ် မစီရင်ရာ ပုံစံများ၌ (ဤသုတ်လာ ဝါသဒ္ဒါမြစ်သောကြောင့် နောက်သရကို မချေရ-ဟု ဆိုပြီးလျှင်, သရာ သရေ သုတ်က ထပ်၍ မစီရင်နိုင်အောင်) သရေ ကွစိ သုတ်ဖြင့် ရှေ့သရကို ပကတိ ပြုရဦးမည်–ဟု ဆိုသည်။]

**စက္ခုန္ဒြိယံ။** ။(စက္ခု+ဣန္ဒြိယံ-တည်၍ နောက်ဣသရကို ဝါပရောသုတ်က အမြဲ ချေသောကြောင့်) "စက္ခုန္ဒြိယံ"ဟုချည်း ပိဋကတော်၌ အမြဲရှိရသော နိစ္စဝိဓိပုံစံတည်း၊ ထိုသို့ နိစ္စဝိဓိ ဖြစ်သော်လည်း (အ-နောင် ချေပုံ စသည်ဖြင့်) ရှေ့သရ အစဉ်အတိုင်း ပုံစံပြလိုသောကြောင့် အနိစ္စဝိဓိရုပ်များ၏ အလယ်မှာ ရောက်နေသည်၊ ["စက္ခု, ဣန္ဒြိယံတိ-အာမန္တော"ကိုထောက်၍ စက္ခုန္ဒြိယံလည်း နိစ္စဝိဓိရုပ် မဟုတ်ဟု ဆိုကြသေး၏၊သို့သော် "စက္ခု-စက္ခုမည်၏၊ ဣန္ဒြိယံ- ဣန္ဒြေမည်သလော" ဤသို့ အနက်ပေးရသော ၂ ဝါကျ ဖြစ်၍ ရွတ်ရာကာလ ခြားသောကြောင့် "စက္ခု, ဣန္ဒြိယံ"သည် သန္ဓိစပ်သင့်ရာ ယုတ္တဋ္ဌာန မဟုတ်ရကား ထို ယမိုက်ပါဠိကို (အနိစ္စဝိဓိ အဖြစ်၌) သာဓက မပြုထိုက်။]

**ဣမေ န ဘဝတိ၊ ပေ၊ ဣစ္စာဒိ။** ။"ပဋိန္ဒြိယာနိ"မှ စ၍ "ကုတေတ္ထ"တိုင်အောင်ကား အသန္တဝိဓိ၏ ပုံစံများတည်း၊ "ပဋိ+ဣန္ဒြိယာနိ" ၌ ဝါပရောသုတ်ဖြင့် နောက်ဣကို ချေ၍ "ပဋိန္ဒြိယာနိ"ဟု ပါဠိတော်၌ မရှိရကား ဝါပရောသုတ်ဖြင့် နောက် ဣသရချေမှု အစီအရင်မရှိ၊ ထို့အတူ "သဒ္ဒါ+ဣန္ဒြိယံ, သတ္တ+ဥတ္တမော, ကေ+ဥဿုဝိသတိ,

www.dhammaransi.com



**စ** – ဆက်ဦးအံ့၊ ( သင်္ဂဟဂါထာ – သင်္ဂဟဂါထာသည်၊ ဘဝတိ–ဖြစ်၏၊)....ဝဝတ္ထိတဝိဘာသာယ- ဝဝတ္ထိတဝိဘာသာ ဝါသဒ္ဒါကြောင့်၊ **အဝဏ္ဏတော-အဝဏ်မှ**၊ (ပရော-နောက်ဖြစ်သော) သရော-သရသည်၊ ဣဒါနီတိဝေဝါဒိ (ဣဒါနိ+ဣဘိ+ဣဝ+ဧဝါဒိ)-ဣဒါနိ, ဣတိ, ဣဝ, ဧဝ အစရှိသည်ကို၊ ဝိနာ – ကြဉ်၍၊ နလုပ္ပတေ-မကြေ၊ အညတော-အဝဏ်မှ တပါးသော ဣဝဏ် အစရှိသည်မှ၊ ပရော – နောက်ဖြစ်သော၊ အာသေဝါဒိ ဝိဝဇ္ဇိတော – **အာသိ** ဧဝ အစရှိသည်သည် ကြဉ်အပ်သော၊ ဒီဃော–ဒီဃ သရသည်၊ န လုပ္ပတေ-မကြေ။

ယဿ+ဧတေ , သုဂတ+ဩဝါဒေါ , ဒိဋ္ဌ+အာသဝေါ , ဒိဋ္ဌ+ဩဃော , စက္ခု+အာယတနံ, ကုတော + ဧတ္တ ( တံ လဗ္ဘာတို့ကား ပါဠိရှင်း၌ တွဲဘက်ရှိနေ၍ ပါသည်, လိုရင်း မဟုတ်။) ”ဤပြယုဂ်တို့၌ နောက်သရကို မချေရ,သရာသရေသုတ်ဖြင့် ရှေ့သရကို ချေ၍ နောက်သရသို့ ကပ်ရသာ –[ ပုံစံတချို့မှာ သရအစဉ် မကျသော်လည်း သဘောတူရာ ပေါင်း၍ သရအစဉ် ကျနိုင်သမျှ ကျအောင် စဉ်းထားဟန် တူသည်။]

**ဘဝတိစ၊ပေ၊ဝိဘာသာယ**— “အဝဏ္ဏတော”စသော ဂါထာသည် ဤသုတ်လာ ဝါသဒ္ဒါ၏ ပြပုံတမျိုးကို အကျဉ်းချုပ်သော ဂါထာတည်း၊ မှန်၏–ထို ဂါထာ၌ နိစ္စ အနိစ္စ အသန္တဝိဓိများကို ခွဲခြား၍ မပါဘဲ “အဝဏ်နောင် ဣဒါနိမှ ဣသရကို ချေ” စသည်ဖြင့် တမျိုး ပြထားသည်၊ ထို့ကြောင့် ဝဝတ္ထိတဝိဘာသာ အနက်ရှိသော ဝါသဒ္ဒါသည် နိစ္စဝိဓိစသော ၃ မျိုးအပြင် “မည်ကဲ့သို့သော အရာ၌သာ စီရင်ရမည်” ဟု ပါဠိတော်အား လျော်အောင် သတ်မှတ်၍ ပြနိုင်သေး၏–ဟု မှတ်၊ ထိုသို့ သတ်မှတ်ပြပုံကို “ ဧ ဟေ ဥ ” စသော သုတ်တို့၌ တွေ့ရပါလိမ့်မည်။

**အဝဏ္ဏတော၊ပေ၊နလုပ္ပတေ**–ဝဝတ္ထိတ ဝါသဒ္ဒါကြောင့် အဝဏ်(အ အာ ၂ လုံး) နောင် အသရူပ ဖြစ်သော ဣဝဏ် ဥဝဏ် ဧ ဩ တို့တွင် ဣဒါနိ ဣတိ ဣဝတို့မှ ဣ သရနှင့် ဧဝမှ ဧ သရတို့သာ ကြေနိုင်၍ ဣဒါနိစသည်မှ တပါးသော သရများ မကြေနိုင်ကြ၊ “ ယဿဒါနိ , သညာတိ , ဆာယာဝ ” ပုံစံတို့ကို ကြည့်ပါ၊ ဤ ဂါထာ ဆိုပုံ အစဉ်ကို ကြည့်၍လည်း ဣဝမှ ဣ ကြေပုံကိုပြသော “ဆာယာဝ”နောက်၌ ဧဝမှ ဧကြေပုံကိုပြသော “ကထာဝ”ပုံစံ ရှိထိုက်ကြောင်း သိသာပြန်သည်၊ ] “အညတော ၊ ပေ ၊ ဝိဝဇ္ဇိတော”၌ အညတောအရ ဆိုခဲ့ပြီးသော အဝဏ်မှ တပါးသော ဣဝဏ် ဥဝဏ် ဧ ဩ တို့ကို ယူ၊ ထို သရများနောင် မော္ဂလ္လာနော + အာသိ၌ အာဒီဃနှင့် ပါတော + ဧဝ၌ ဧဒီဃ စသည်သာ ကြေ၍ , အခြားဒီဃများ မကြေ၊ ရဿသရ ကြေရာ ဌာနကိုကား အထူး သတ်မှတ်၍ မရသောကြောင့် “ ဣတိ+အပိ = ဣဘိပိ , အဿ မဏီ+အသိ = အဿ မဏီသိ”စသည်ဖြင့် သင့်သလို ကြေကြသည်–ဟု မှတ်။ [ ဝါပရော ယောဂဝိဘာဂဖြင့် ပြီးရသော ပုံစံများကို ကစ္စည်းဘာသာဋီကာမှာ ရှု။]

www.dhammaransi.com



(၁၆) ဗန္ဓုဿ+ဣဝ ၊ ပေ ၊ ယထာ+ဥဒကေ ဣတိ- ဗန္ဓုဿ+ဣဝ ၊ ပေ ၊ ယထာ+ဥဒကေ , ဟူကုန်သော၊ ဣမ- ဤ ပြယုဂ်ဘို့၌၊ ပုဗ္ဗာဝဏ္ဏသရာနံ - ရှေ့ အဝဏ်သရဘို့၏၊ လောပေ-ကြေခြင်းကို၊ ကတေ-ပြုအပ်ပြီးသော်၊ ပရောတိစ - ပရော ဟူသောပုဒ်သည့်ရင်း၊ အသရူပေတိစ - အသရူပေ ပုဒ်သည့်ရင်း၊ ဝတ္တတေ၊ တထာ-ထိုမှ တပါး၊ ဣဝဏ္ဏော ယံ နဝါတိ ဣတော - ဣဝဏ္ဏော ယံ နဝါ ဟူသော ဤသုတ်မှ၊ ဣဝဏ္ဏဂ္ဂဟဏဉ္စ – ဣဝဏ္ဏသဒ္ဒါကိုရင်း၊ ဝမောဒုဒန္တာနံတိဣတော-မှ၊ ဥဂ္ဂဟဏဉ္စ- ဥသဒ္ဒါကိုရင်း၊ သီဟဂတိယာ - သီဟဂတိက အဓိကာရနည်းဖြင့်၊ ဣမ- ဤသုတ်သို့၊ အနုဝတ္တေတဗ္ဗံ-လိုက်စေရာ၏။

(၁၆) **ပုဗ္ဗာဝဏ္ဏသရာနံ လောပေ**— "လုတ္တေ–ရှေ့သရကြေပြီးသော်"ဟူရာ၌ ရူပသိဒ္ဓိဆရာသည် ရှေ့အဝဏ် ၂ လုံး ကြေးခြင်းကိုသာ အလိုရှိ၏၊ ထို့ကြောင့်"ပုဗ္ဗာဝဏ္ဏသရာနံ " ဟု မိန့်သည်၊ ထို စကားသည် မပြည့်စုံ၊ ဘာ့ကြောင့်နည်း၊ – ဝိ+ဥဒကံ= ဝေါဒကံ"၌ ရှေ့ ဣသရကြေ၍ " ဘာဂီရထိ+ဥဒကံ=ဘာဂီရထောဒကံ " ၌ ရှေ့(ဤ) သရ ကြေခြင်းကို တွေ့ရသောကြောင့်တည်း၊ ထို့ကြောင့် " လုတ္တေ " အရ မည်သည့် သရမဆို ရှေ့သရကြေခြင်း သာမညကိုသာ ယူသင့်သည်။

**ပရော အသရူပေတိစ**—သီဟိုဠ်မူ၌ ဤအတိုင်းရှိ၏၊ မြန်မာမူ၌"သရော, အသရူပေါ တိစ"ဟု ရှိသည်၊ သရာ သရေသုတ်မှ ဝါ ပရောသုတ်သို့ "သရော" ဟု လိုက်ခဲ့ပြီးဖြစ်၍ ထို သရော အလိုက်ကို ဇာ်စ၌ စဖြင့် ပေါင်းယူနိုင်ရကား"သရော"ဟု ရှိခြင်းထက် ဝါပရော သုတ်မှ အသစ်လိုက်လာသော " ပရော " ဟု ရှိခြင်းသည့်ရင်း , ဝုတ္တိ၌"အသရူပေ"ဟု ဖွင့်လတ့်အတိုင်း ရှိခြင်းသည့်ရင်း ( ရှု ) ဆရာ၏ အလိုကျ ပေမည်၊ သို့သော်"ယထာဝိ ရမ္မကော မာသော, အတေဝသောဟိ သောဘတိ" (တိ'သ, သမ္ဘဝဇာတ်)၌ အတေဝကို အတိဝိယ ဟု ဖွင့်သောကြောင့်"အတေဝ=အတိ+ဣဝ"ဟု ပုဒ်ဖြတ်၊ အတိ၌ ဣကို ချေ၊ နောက် ဣကို ဧပြု၊ ဤ၌ သရူပဖြစ်သော ဣ သရပင် ကြေရကား " အသရူပေ " ဟူသော အလိုက်လည်း အပိုပင်၊ ချာသ၌လည်း အသရူပေ အလိုက်မပါ။

**တထာ ၊ ပေ၊ အနုဝတ္တေတဗ္ဗံ**—"ဣဝဏ္ဏော ယံ နဝါသုတ်မှ ဣဝဏ္ဏသဒ္ဒါနှင့် ဝမောဒု ဒန္တာနံ သုတ်မှ ဥ သဒ္ဒါကို သီဟဂတိက အဓိကာရ နည်းအားဖြင့် ဤ ကစ္စာ သဏ္ဌော့ သုတ်သို့ လိုက်စေထိုက်၏"ဟု ဆို၍"ဣဝဏ္ဏဘူတော ဥကာရ ဘူတောစ ပရော သရော" ဟု သုတ်နက်ဖွင့်လေသည်၊ ထို စကားရပ်၌"ဥကိုသာ ဩ အသဝဏ်ပြု"ဟု ဆိုခြင်းလည်း မပြည့်စုံ၊ ဘာ့ကြောင့်နည်း – " ထူသော၁ရူ = ထူသ+ဥရူ , ဝါမောရူ = ဝါမ+ဥရူ, ဧကောနသတံ = ဧက+ဥနသတံ " စသည်ဖြင့် ဥကို ဩ အသဝဏ်ပြုရာ ပုံစံများ ရှိခြင်းကြောင့်တည်း၊ သို့ဖြစ်လျှင်"ဝမောဒု ဒန္တာနံ"သုတ်မှ ဥ အက္ခရာကို အရှင်ကစ္စည်းထေရ် ကိုယ်တိုင်က လိုက်စေလိုမည် မဟုတ်၊ ထိုအတိုင်းဖြစ်လျှင် ဣဝဏ္ဏသဒ္ဒါလည်း ဣဝဏ္ဏော ယံ နဝါ သုတ်မှ လိုက်သောသဒ္ဒါ မဟုတ်တော့ရာ။

www.dhammaransi.com



ကစ္စာ သဝဏ္ဏော လုတ္တေ။ ။ အသရူပေ – တူသောရုပ်သွင် ရှိသည် မဟုတ်သော၊ ပုဗ္ဗသရေ-သည်၊ လုတ္တေ-ကြေပြီးသော်၊ ဣဝဏ္ဏဘူတော-ဣဝဏ် ဖြစ်၍လည်း ဖြစ်သော၊ ဥကာရဘူတောစ – ဥ အက္ခရာ ဖြစ်၍လည်း ဖြစ်သော၊ ပရော သရော ကွစိ အသဝဏ္ဏံ ပပ္ပေါတိ၊ ဧတေသံ-၍ သရတို့၏၊ သဝဏ္ဏော-သဝဏ္ဏသရသည်၊ နတ္ထိ-မရှိ၊ ဣတိ-ကြောင့်၊ အသဝဏ္ဏာ – တို့မည်၏၊ ဧကာရောကာရာ – ဧ အက္ခရာ ဩ အက္ခရာ တို့တည်း။ တတ္ထ-ထို အသဝဏ်ပြုရာ၌၊ ဌာနာသန္နဝသေန-ဌာန် အားဖြင့် နီးစပ်သည်၏ အစွမ်းဖြင့်၊ ဧကာရောကာရာနံ – ဣဝဏ် ဥ အက္ခရာတို့၏၊

ဣဝဏ္ဏ ဥဝဏ္ဏတို့ ရနိုင်ပုံ။ ။ထို ၂ သုတ်မှ လိုက်လာသော ပုဒ်များ မဟုတ် ဟု ယူဆလျှင် ဣဝဏ္ဏ ဥဝဏ္ဏတို့ကို အဘယ်နည်းဖြင့် ရနိုင်မည်နည်း – ဟု မေးဘွယ် ရှိ၏၊ အဖြေကား အယုဝဏ္ဏာနဉ္စာ ယောဝုဒ္ဓိ” ဟု ပရိဘာသာ သုတ်အရ ဣဝဏ္ဏ ဥဝဏ္ဏတို့ကို ရနိုင်သည်၊ ချဲ့အံ့–ဧ ဩ အသဝဏ် ပြုခြင်းသည် ထို ပရိဘာသာသုတ်လာ ဝုဒ္ဓိ ပြုခြင်းနှင့် သဘောတူပင်တည်း၊ ၍·သုတ်၌ “ဣဝဏ်+ဥဝဏ်ကိုကို အစဉ်အတိုင်း ဧ ဝုဒ္ဓိ+ဩ ဝုဒ္ဓိ ပြုရမည်” ဟု ဆို၏၊ ထို ပရိဘာသာအရ ဧပြုရာဌာနသည် ဣဝဏ် , ဩ ပြုရာဌာနသည် ဥဝဏ် ဖြစ်ရကား “ ဣဝဏ္ဏ ဥဝဏ္ဏ ” ပုဒ်တို့ကို ရနိုင်သေသည်၊ ထိုသို့ ရနိုင်သောကြောင့် “ဣဝဏ္ဏဘူတော ဥဝဏ္ဏ ဘူတောစ”ဟု ပက္ခိပန ဝုတ္တိလည်း ဖွင့်နိုင်တော့သည်–ဟူလို။

နတ္ထိ ဧတေသံ၊ ပေ၊ ဧကာရောကာရာ—[“ဧတေသံ သဝဏ္ဏော=သဝဏ္ဏော”ဟု မူကွဲရှိ၏၊ သရတလုံး၌ သဝဏ္ဏ သရ တလုံးစီသာ ရှိနိုင်သောကြောင့် “သဝဏ္ဏော” ဟု ဧကဝုစ်ပါဌ်ကိုသာ အသိအမှတ် ပြုကြသည်၊] “ဧကာရောကာရာ” သည် အသဝဏ္ဏ အရကို ပြသော အဘိဓေယျတည်း၊ မှန်၏–အ သည် အာ တည်းဟူသော ဌာန်တူသရ ရှိ၏၊ အာ လည်း အ တည်းဟူသော ဌာန်တူသရ ရှိ၏၊ ဣ နှင့် ဤ – ဥ နှင့် ဦတို့သည်း ထို့အတူပင်၊ ထို့ကြောင့် ရှေ့သရ ၆ လုံးသည် ( ဤနည်း အရ ) သဝဏ္ဏသာ မည်၍ အသဝဏ္ဏ အမည် မရနိုင်၊ ဧ နှင့် ဩ တို့မှာ ထိုကဲ့သို့ ဌာန်တူ သရ မရှိသောကြောင့် အမြဲ အသဝဏ္ဏ အမည် ရကြသည်၊

မှတ်ချက် ။ ။ ဝါပရော သုတ်အဖွင့်၌ “ အသရူပ အမည်ရသော သရ တို့သည် အသဝဏ္ဏမည်၏”ဟု ဆိုခဲ့ရာ, ပြယုဂ်တွင်းဝယ် (ယဿ+ဣဒါနိ၌ “အ+ဣ” ကဲ့သို့) ရှေ့သရနှင့် နောက် သရတို့ ဌာန်မတူကြသဖြင့် အသဝဏ္ဏ ဟု ဆိုခဲ့ရသည်၊ ဤ သုတ်၌ကား ထိုကဲ့သို့ ပြယုဂ်တွင်း၌ ဌာန်မတူရုံကို မဆိုလို, အမြဲ ဌာန်တူသရ မရှိမှသာ အသဝဏ္ဏ ဟု ဆိုလိုသည်၊ ဝါပရောသုတ်၌ “န+သဝဏ္ဏော=အသဝဏ္ဏော” ဟု ပြု၍ နောက်သရ နှင့် ဌာန် မတူသော ရှေ့ သရ ၆ လုံး–၇ လုံးကို အသဝဏ္ဏ အရ ယူရသည်၊ ဤသုတ်၌ကား “နတ္ထိ သဝဏ္ဏော ဧတေသံတိ အသဝဏ္ဏာ” ဟု ဝိဂ္ဂြိုဟ်ပြု၍ အမြဲဌာန်တူ မရှိသော ဧ ဩ ၂ လုံးကိုသာ အသဝဏ္ဏ အရ ယူရသည်–ဟူလို။

www.dhammaransi.com



ဧကာရောကာရာ-ဧအက္ခရာ ဩအက္ခရာတို့သည်၊ ဟောန္တိ၊ ဗန္ဓုဿေဝ၊ ပေ၊ ယထောဒကေ-ဗန္ဓုဿေဝ ၊ ပေ၊ ယထောဒကေ ပြီး၏။ (၁၄)။

တတ္ထ ၊ ပေ ၊ ဧကာရောကာရာ—ဣ ဝဏ်နှင့် ဥ အက္ခရာတို့တွင် အဘယ်အက္ခရာကို အဘယ် အသဝဏ် ပြုရမည်နည်း''ဟု မေးဘွယ် ရှိသောကြောင့် "တတ္ထ ဣဝဏ္ဏုကာရာန မေကာရောကာရာ " ဟု မိန့်၊ ဣ ဝဏ်ကို ဧ, ဥ (ဥဝဏ်) ကို ဩ အသဝဏ်ပြုပါ-ဟုလို၊ အဘယ်၏ အစွမ်းဖြင့် (အဘယ့်ကြောင့်) ဣ ဝဏ်ကို ဧ, ဥ ဝဏ်ကို ဩ အသဝဏ် ပြုရပါသနည်း-ဟု မေးဘွယ်ရှိသောကြောင့် "ဌာနာသန္နဝသေန" ဟု မိန့်ရပြန်သည်၊ ဌာန် အားဖြင့် နီးစပ်သောကြောင့် ဣ ဝဏ်ကို ဧ, ဥ ဝဏ်ကို ဩ ပြုရမည် – ဟူလို၊ ချဲဦးအံ့– ဌာနေန–ဌာန်အားဖြင့်+အာသန္နာ - နီးစပ်သော သရတို့သည် ( အက္ခရာတို့သည် )၊ ဌာနာသန္နာ–တို့ မည်၏၊ ဌာနာသန္နာနံ–ဌာန်အားဖြင့် နီးစပ်အောသ သရတို့၏၊ ဝသော– အစွမ်းသည်၊ ဌာနာသန္နဝသော– မည်၏၊ ဣ ဝဏ်သည် တာလုဇသရ, ဧ သည် ကဏ္ဌ တာလုဇသရ ဖြစ်၍ တာလုဌာန်အားဖြင့် ဣဝဏ်နှင့် ဧ သရတို့ နီးစပ်ကြ၏၊ ဥ ဝဏ်သည် ဩဋ္ဌဇ သရ, ဩ သည် ကဏ္ဌ ဩဋ္ဌဇ သရဖြစ်၍ ဩဋ္ဌ ဌာန်အားဖြင့် ဥ ဝဏ်နှင့် ဩသရ တို့လည်း နီးစပ်ကြသည်။ [အချို့က "ဌာနာသန္န-ဌာန်တူ"ဟု ပေးကြ၏၊ အာသန္နသဒ္ဒါ သည်"အတူ"အနက်ကို မဟောသောကြောင့် ထို အနက်ကို စဉ်းစားပါ။]

ဆက်ဦးအံ့ — ဣ ဝဏ်နှင့် ဧသရတို့ ဌာန်အားဖြင့် တူနေသောကြောင့် " ဌာန်တူသည်"ဟု ဆိုသင့်လျက် အဘယ့်ကြောင့် "ဌာနာသန္န=ဌာန်အားဖြင့် နီးစပ်" သည် ဟု ဆိုသနည်း၊ – ဟု မေးဘွယ်ရှိ၏၊ အဖြေကား– ဣ ဝဏ်နှင့် ဧ သရတို့သည် ဌာန် အပိုင်း အားဖြင့် တူသည်ကား မှန်၏၊ ဌာန်အားဖြင့် တူသော်သည်း ရွတ်ဆိုသံအားဖြင့် တသပ် ထည်၊ မတူကြ၊ ဣ ၏ ကို ရွတ်သံနှင့် ဧ ကို ရွတ်သံသည် နီးစပ်ရုံသာ ရှိ၏၊ အက္ခရာ ဟူသည့်လည်း အရင်းအမြစ်အားဖြင့် ရွတ်ဆိုသံ (သဒ္ဒ) ပင်တည်း၊ ထို့ကြောင့် ဣ ဝဏ်နှင့် ဧ ကို "ဌာနာသန္န-ဌာန်အားဖြင့် နီးစပ်သည်" ဟု ဆိုရသည်၊ ဥ ဝဏ်နှင့် ဩ တို့လည်း နည်းတူ။

နီးစပ်၍ ပြောင်းလွဲပုံ ။ ။ ဘာသာခြားလူတို့နှင့် နီးနီးစပ်စပ် နေလေ့ရှိသော ဗုဒ္ဓ ဘာသာဝင်သည် ဘာသာခြားသို့ ပြောင်းလွဲဘို့ လွယ်ကူသကဲ့သို့, ထို့အတူ ဌာန်ချင်း နီးစပ်နေသော အက္ခရာ ၂ လုံးသည် တလုံးမှ တလုံးသို့ အသံ ( အက္ခရာ ) ပြောင်းလွဲဘို့ လွယ်ကူ၏၊ ဤသို့လျှင် " ဌာန်အားဖြင့် နီးစပ်ခြင်းသည် အကြောင်း, အက္ခရာ တလုံးမှ တလုံးသို့ ပြောင်းလွဲဘို့ လွယ်ကူခြင်းကား အကျိုး " ဟု မှတ်၊ ထို့ကြောင့် ဌာနာသန္န အားဖြင့် ဣ ဝဏ်မှ ဧ , ဥ ဝဏ်မှ ဩ အဖြစ်သို့ ပြောင်းလွဲ၍ အသဝဏ် ပြုရလေသည်။ [ ဤ ဌာနာသန္နကိုပင် မောဂ္ဂလ္လာန်၌"ပစ္စာသတ္တိ–နီးကပ်ခြင်း၊ ဝါ–ပစ္စာသတ္တိနည်း၊"ဟု ဆိုသည်။]

[ဆောင်] ဌာနာသန္န, ပစ္စာသတ္တိ, နည်းကိုကြည့်၍, ဣဝဏ်ကို ဧ,
ဥ ဝဏ်ဒွေး, ဩရေး အသဝဏ်ပြု။

www.dhammaransi.com



ကစ္စိတိ-ကစ္စိပုဒ်သည်၊ ကိံ-အဘယ်အကျိုး ရှိသနည်း၊ တတြိမ၊ပေ၊ လောကုတ္တရော - တတြိမေ၊ ပေ၊ လောကုတ္တရော အစရှိသော ပြယုဂ်တို့၌ တားမြစ်ရခြင်း အကျိုးရှိ၏၊ [ အဓိပ္ပါယ်ကို ကြည့်၍ " တတြိမေ= တတြ+ဣမေ"စသည်ဖြင့် ပုဒ်ဖြတ်ပုံကိုထည့်၍ ဆိုပါစေ၊]လုတ္တေတိကိံ၊ သဆ ဣမေဓမ္မာ၊ ပေ၊ ကုသလာသ ဥပသမ္ပဒါ - သဆ၊ ပေ၊ ဥပသမ္ပဒါတို့၌ တားမြစ်ရခြင်း အကျိုးရှိ၏၊ [ ဆ , ထာ , သတို့၌ ရှေ့သရ မကြေသောကြောင့် နောက် ဣ ဥ တို့ကို အသဝဏ် မပြုရဟု တားမြစ်သည်-ဟူလို ] အသရူပေတိ ကိံ၊ စတ္တာရိမာနိ, မာတုပဋ္ဌာနံ-စတ္တာရိမာနိ, မာတုပဋ္ဌာနံ တို့၌ တားမြစ်ရခြင်း အကျိုးရှိ၏၊ [ ပုဒ်ဖြတ် ဆိုပါ။ ]

၈ — ဆက်ဦးအံ့၊ ဟေဋ္ဌာ - အောက် ဝါ့ပရော အသရူပါ သုတ်၌၊ ဝါဂ္ဂဟဏေ - ဝါသဒ္ဒါသည်၊ သတိပိ-ရှိပါလျက်လည်း၊ ဣတ္ထ-ဤသုတ်၌၊

ကစ္စိတိကိံ—"ကစ္စာသဏ္ဏေ လုတ္တေ"ဟု ကစ္စိ သဒ္ဒါထည့်၍ သုတ်တည့်ရခြင်းသည် အဘယ် အကျိုးရှိသနည်း—ဟု ကိုယ်တိုင် ပုစ္ဆာထုတ်လိုသောကြောင့် "ကစ္စိတိ ကိံ" ဟု မိန့်ပြီးလျှင်, ထို အမေးကို"တတြိမေ ၊ ပေ ၊ လောကုတ္တရော"ပုံစံတို့၌ အသဝဏ် အပြုကို တားမြစ်ခြင်း အကျိုးငှါ ကစ္စိသဒ္ဒါကို ထည့်ရသည် — ဟု ကိုယ်တိုင်ပင် ဖြေပြလေသည်၊ ဆက်ဦးအံ့-ဤသုတ်၌ " ရှေ့သရ ကြေခြင်း, နောက်၌ ဣ ဝဏ် ဥ ဝဏ် သရ ရှိခြင်း " ဟု အင်္ဂါ ၂ ပါးရှိ၏၊ ထို အင်္ဂါ ၂ ပါးပြည့်စုံလျှင် အသဝဏ်ပြု—ဟု ဆိုထားရကား တတြိမေ၌ "တတြ+ဣမေ"ဟု ပုဒ်ဖြတ်၍ "ရှေ့အသရ ကြေခြင်း, နောက်၌ ဣဝဏ်ရှိခြင်း" အင်္ဂါ ၂ ပါးနှင့် ပြည့်စုံသောကြောင့် အသဝဏ် ပြုခွင့် ရောက်နေ၏၊ ထိုသို့ ရောက်နေရာဝယ် ကစ္စိသဒ္ဒါက " တချို့ အရာ၌သာ အသဝဏ်ပြု " ဟု ဆိုသဖြင့် " တတြိမေ " စသော များစွာသော အရာတို့၌ သုတ်အင်္ဂါ ပြည့်စုံသော်လည်း အသဝဏ် မပြုနှင့် ဟု တားမြစ်ရာလည်း ရောက်သောကြောင့် ဣမေ၌ ဣကို အသဝဏ် မပြုရတော့ပြီ၊ ယသ်န္ဒြိယာနိ စသော ပုံစံများ၌လည်း နည်းတူ၊ " လုတ္တေတိ ကိံ " စသည်ဖြင့် ပုစ္ဆာထုတ်ပြအပ်သော ကိံရှင်များ၌လည်း ဤ အဓိပ္ပါယ်အတိုင်း မှတ်ပါ။

အသရူပေတိ ကိံ—"ရှေ့သုတ်မှ လိုက်လာသော အသရူပေ သဒ္ဒါသည် ဘာအကျိုး ရှိသနည်း " ဟု မေး၊ ရှေ့က အသရူပ သရ ကြေရာ၌သာ နောက်သရကို အသဝဏ် ပြုရမည်၊ "စတ္တာရိ+ဣမာနိ"၌ ရှေ့ဣသရသည် နောက် ဣသရနှင့် သရူပတည်း၊ ထိုသို့ သရူပဖြစ်သော ရှေ့သရ ကြေရာ၌ နောက်သရကို အသဝဏ် မပြုရ — ဟု တားမြစ်ခြင်း အကျိုးရှိ၏ — ဟု ဖြေ။ [ မာတု+ဥပဋ္ဌာနံ၌လည်း ဥ ၂ ခုတို့ အသရူပ ဖြစ်သောကြောင့် နောက် ဥကို အသဝဏ် မပြုရ၊ ] "အတေဝ=အတိ+ဣဝ" ပုံစံ၌ အသရူပသရကြေလျက် အသဝဏ် ပြုသောကြောင့် " အသရူပေတိ ကိံ " စသော ဤ စကားလည်း အပိုပင်၊ ကစ္စိသဒ္ဒါ မြစ်သောကြောင့်သာ "စတ္တာရိ မာနိ"စသည်၌ အသဝဏ် မပြုရ ဟု မှတ်။

www.dhammaransi.com



ကွစိ ( ဥဟာတာ ) ကရဏာတော - ကွစိသဒ္ဒါကို ပြုခြင်းကြောင့်၊ အဝဏ္ဏော ဧဝ - အင်္ဂါသည် သာလျှင်၊ လုဇ္ဇော - ကြေပြီးသော်၊ ( အဝဏ္ဏော ဧဝ လုဇ္ဇော-အင်္ဂါကြေရာ တချိုတလေ၌ သာလျှင်-ဟူလို၊) ဣမ-ဤသုတ်၌၊ ဝုတ္တ ဝိဓိ-ဆိုအပ်သော အစီအရင်သည်၊ ဟောတိ ရှုတိ ဒဋ္ဌဗ္ဗံ၊ တတော-ထိုကြောင့်၊ ဣမ - ဤဆိုအပ်လတ့်သော ပြယုဂ်တို့၌၊ နဘဝတိ- ဤသုတ် အစီအရင် မဖြစ်၊ ဒိဋ္ဌုပါဒါနံ ၊ ပေ ၊ ယောမိသရောတိ-ဒိဋ္ဌုပါဒါနံ ၊ ပေ ၊ ယော မိသရော ဟူသည်တည်း၊ ( ယော မိသရောကား ပါဌ်ပျက်၊ ) [ ပုဒ်ဖြတ်ကို ဆိုပါစေ၊ နောက်၌လည်း အဓိပ္ပါယ်ကြည့်၍ ကာံပုံစံများ၏ ပုဒ်ဖြတ်ကို ထည့်ဆိုကြပါလေ။]

**ဧတ္ထ စ ၊ ပေ ၊ ဒဋ္ဌဗ္ဗံ** — " အောက် ဝါပရော သုတ်၌ ဝါသဒ္ဒါ ရှိသောကြောင့် ထို ဝါသဒ္ဒါကို လိုက်စေသင့်သည် မဟုတ်ပါလော, ထို ဝါကို မလိုက်စေဘဲ ကွစိ သဒ္ဒါကို ထင်၍ ပြုခြင်း အတွက် အဘယ် အနက်အဓိပ္ပါယ်ကို မှတ်ရပါသနည်း " ဟု မေးဘွယ် ရှိသောကြောင့် "ဧတ္ထ စ ၊ ပေ ၊ ဒဋ္ဌဗ္ဗံ" ဟု မိန့်သည်၊ အောက်သုတ်၌ ဝါသဒ္ဒါ ရှိပါလျက် ( ထို ဝါကို အလိုက်မခံဘဲ ) ကွစိသဒ္ဒါကို ပြုခြင်းကြောင့် " အဝဏ္ဏ သရ ၂ လုံးကြေရာ တချို့တလေ၌သာ ဤ သုတ်၌ ဆိုအပ်သော အသင်္ဂါ အစီအရင် ဖြစ်၏ " ဟူသော အနက် အဓိပ္ပါယ်ကို မှတ်ပါ-ဟူလို၊ ချဲ့ဦးအံ့-ဝါသဒ္ဒါသည် ဝိကပ် အနက်နှင့် ဝဝတ္ထိတ ဝိဘာသာ အနက်ကိုသာ ပြနိုင်၏၊ ဤသုတ်၌ " ဗန္ဓုဿ+ဣဝ " ဟုရင်း "ဗန္ဓုဿေဝ" ဟုရင်း ရုပ် ၂ မျိုး မရှိသောကြောင့် ဝိကပ် အနက်လည်း မဖြစ်သင့်၊ နိစ္စဝိဓိ စသည်ကို ပြဲတို့ရာ ဝဝတ္ထိတဝိဘာသာအနက်လည်း မဖြစ်သင့်၊ ဤသုတ်ဖြင့် အသဝဏ်ပြုရ ပုံစံတို့မှာ ပိဋကတ်တော်၌ အနည်းငယ်သာ ရှိသောကြောင့် ကွစတ္ထ ( ကွစိသဒ္ဒါ၏ အနက်သာ ) ဖြစ်သင့်၏၊ ထို့ကြောင့် ရှေ့သုတ်မှ ဝါသဒ္ဒါကို မလိုက်စေဘဲ ကွစိ သဒ္ဒါကို ထည့်၍ သုတ်တည်ရသည်။ [ဤ၌ "အဝဏ္ဏော ဧဝ လုဇ္ဇော" ဟူသော စကား၏ မပြည့်စုံကြောင်းကို "ပုဗ္ဗာဝဏ္ဏ သရနံ" ၌ ရှင်းပြခဲ့ပြီ။]

**တတော ၊ ပေ ၊ ယောမိသရော** — တတောဖြင့် ရှေ့ဝါကျကို ပြန်၍ ညွှန်ပြသည်၊ " တတော—ထိုသို့ အောက်သုတ်ငယ် ဝါသဒ္ဒါရှိလျက် အလိုက်မခံဘဲ ကွစိသဒ္ဒါ ပြုသည့် အတွက် အင်္ဂါကြေရာ အနည်းငယ်၌သာ ဤ သုတ်အစီအရင် ဖြစ်သည့် ဟု မှတ်ထိုက် ခြင်းကြောင့် " ဒိဋ္ဌုပါဒါနံ စသော ဆိုလတ့် ပုံစံများ၌ အင်္ဂါ မကြေရကား ဤ သုတ် အစီအင်( အသင်္ဂါ) မဖြစ်-ဟူလို၊ ဤစကား ရှု အလိုတည်း၊ ဤ ဘာသာဋီကာ အလို အားဖြင့် " အင်္ဂါ မကြေသောကြောင့် နောက် ဥကို ဩ မပြုရသည် မဟုတ် , ကွစိဖြစ် သောကြောင့်သာ မပြုရခြင်း ဖြစ်သည် " ဟု မှတ်၊ [ ပဋ္ဌဟိ+ဥပါလိ, မုဒု+ဣန္ဒြိယံ, ယောမေ+ဣသရော ဟု ပုဒ်ဖြတ်၊ ဝိရူရဇာတ် အဋ္ဌကထာ၌ " ယောမံ + ဣသရော" ဟု ရှိသည်မှာ ပါဌ်ပျက်ဖြစ်တန်ရာ၏၊ ဘာ့ကြောင့်နည်း- "သာမိသရာမိပတိ" စသော သုတ်အရ ဣသရ ယှဉ်ရာဝယ် "မေ-ငါ၏" ဟု သမ္ဗန်အနက်သာ ဖြစ်ထိုက်သောကြောင့်

www.dhammaransi.com



(၁၇) တတြ+အယံ, ဗုဒ္ဓ+အနုဿတိ ၊ ပေ ၊ ဝိ+ဥပသမော ဣတိ- ဟူကုန်သော၊ ဒုတြ - ၌ ပြယုဂ်တို့၌၊ [" ဣစ္စတြ = ဣတိ+အတြ " ပုဒ်ဖြတ်၊ ] ဗုဒ္ဓသရာနံ - တို့၏၊ လောပေ ကတော ( သရာ သရေ လောပံ သုတ်ဖြင့် ချေပြီးသည်ရှိသော်-ဟူလို၊)ကွစိတိ- ကွစိဟူသောသဒ္ဒါသည်၊ အဓိကာ္ဂရော-လိုက်သောသဒ္ဒါတည်း၊ ပရောတိစ-ဎင်း၊ လုတ္တေတိစ-ဎင်း၊ ဝတ္တတေ၊ [ သမာသ်ရုပ်ထွက်၍ ပကတိပြုသည့် အခါ"ဗုဒ္ဓ+အနုဿတိ" ဟု ဖြစ်သောကြောင့် ထိုပကတိအတိုင်း"ဗုဒ္ဓ"ဟု ပါဌ်မှန် ရှိစေ။]

ဒီဃံ ။ ။ ဗုဒ္ဓသရေ - သည်၊ လုတ္တေ - သော်၊ ပရော သရော ကွစိ ဒီဃာဘာဝံ ပပ္ပေါတိ ( ပပ္ပေါတိဟု သံဟိုင်ပြုရှိ၏၊ ) ဣတိ- ၌သုတ်ဖြင့်၊ ဌာနာသန္နဝသေန-ဌာန်အားဖြင့် နီးစပ်သည်၏ အစွမ်းဖြင့်၊ ရဿသရာနံ- ရဿသရတို့၏၊ သဝဏ္ဏဒီဃော-သဝဏ္ဏဖြစ်သောဒီဃသည်၊(ဟောတိ)၊ တတြာယံ ၊ ပေ၊ ဝူပသမော-ပြီး၏။

ကွစိတိ ကိံ၊ အစိရံဝတ ယံကာယော ၊ပေ၊ နတ္တညာ-စသော ပြယုဂ် တို့၌ ဒီဃမပြုရ ဟု တားမြစ်ရခြင်း အကျိုးရှိ၏၊ [ပုဒ်ဖြတ်ပုံကိုပါ ဆိုစေ၊] လုတ္တေတိ ကိံ၊ ယထာ+အယံ ၊ပေ၊ သု+ဥပဓာရိတံ-ဟူသော ပြယုဂ်တို့၌ ဒီဃ မပြုရ ဟု တားမြစ်ခြင်း အကျိုးရှိ၏၊ (၁၅)။

ဎင်း , သရေ ကွစိသုတ်၏ ပဒန္တဒီဃ ပုံစံတွင်လည်း ဤ ပုံစံ ပါရှိရကား " မေ " ဟု ရှိမှ ပဒန္တဒီဃ ဖြစ်နိုင်သောကြောင့်ဎင်း, သဒ္ဒနီတိ—၌ သေရ ကြေပုံကို ပြရာ၌လည်း ဤ ပုံစံ ပါသောကြောင့်ဎင်း တည်း။ ]

(၁၇) ကွစိတိ ၊ ပေ ၊ ဝတ္တတေ—ကွစိ သဒ္ဒါသည် ဒီဃံသုတ်မှ စ၍ သဗ္ဗောစံတိ သုတ်ထိုင်အောင် လိုက်၏၊ (ဋီကာ၌ ဗုဝဏ္ဏော ယံ နဝါတိုင်အောင်—ဟု ဆို၏၊) ထိုသို့ ကွစိ၏ လိုက်ရာနယ်ပယ်သည် အတော်များစွာ ကျယ်သောကြောင့် " အဓိကာရော " ဟု ဆို၏၊ ပရော နှင့် လုတ္တေတို့ကား ထိုသို့ များစွာ ဆက်၍ မလိုက်သောကြောင့်"ဝတ္တတေ" ဟု ဆိုသည်၊ [မြန်မာမူ၌ " သရေ လုတ္တေတိစ " ဟု ရှိ၏၊ သရေ သဒ္ဒါသည် ဝါ ပရော သုတ်တုန်းကပင် အဓိကာရ သဘောအားဖြင့် လိုက်ခဲ့ပြီး ဖြစ်၍ အသစ်လိုက်ဘွယ် မလို၊ ဝါ ပရောသုတ်မှ ပရောသာ လိုက်ဘွယ်လိုရကား" ပရော လုတ္တေတိစ "ဟု ရှိသော သံဟိုင်မူသာ ကောင်းသည်၊ ] " ဌာနာသန္န ၊ ပေ ၊ သဝဏ္ဏဒီဃော " ၌ ဌာနာသန္န အဓိပ္ပါယ်ကို ရေးခဲ့ပြီ၊ "သဝဏ္ဏဒီဃော-တူသော ဌာန်ရှိသော ဒီဃပြုရမည် " ဟူရာ၌ အ ကို အာဒီဃ, ဣ ကို ဤ ဒီဃ, ဥ ကို ဦ ဒီဃပြု-ဟု ဆိုလိုသည်။

ကွစိတိ ကိံ—ဤ ကိံ ပုံစံများကို " အစိရံဝတ+အယံ ကာယော, ကိမ္ဘိ+ဣမာယ တိဏ္ဏံ+ဣမာနိ , ပဉ္စသု+ဥပါဒါနက္ခန္ဓေသု, တဿ+အတ္တော, (တနည်း—တဿာ+

www.dhammaransi.com



(၁၈) လောကဿ+ဣတိ ၊ ပေ၊ သာခ+ဣတိ, ဣတိ-လောကဿ ၊ပေ၊သာခ+ဣတိ ဟူ ကုန်သော၊ ဣမ-ဤပြယုဂ်တို့၌၊ ပရသရာန်-နောက် သရတို့၏၊ လောပေ ကတေ-သော်၊ လုတ္တေတိစ ဒီဃ န္တိစ ဝတ္တဗ္ဗော။

ပုဗ္ဗာစ ။ ။ပရသရေ လုတ္တေ ပုဗ္ဗာသရော ကွစိ ဒီဃံ ပပ္ပေါတိ၊ စဂ္ဂဟဏံ - စသဒ္ဒါသည်၊ လုတ္တ ဒီဃဂ္ဂဟဏာ နုကဍ္ဍနတ္ထံ - လုတ္တ သဒ္ဒါ ဒီဃသဒ္ဒါတို့ကို ငင်ခြင်း အနက်ရှိ၏၊ တံ - ထို ငင်ခြင်းသည်၊ ( ဉာပနတ္ထံ-၌စပ်၊)စာနုကဍ္ဍိတံ - စသဒ္ဒါ ငင်အပ်သောပုဒ်သည်၊ ဥတ္တရတြ - နောက် သုတ်သို့၊ နာနုဝတ္တတေ - မလိုက်တော့၊ ဣတိ - ဤသို့၊ ဉာပနတ္ထံ- သိစေ ရခြင်း အကျိုးရှိ၏။

အဝ္တော,) ပဉ္စ+အင်္ဂိကာ, မုနိ+ဣန္ဒော, သတိ+ဣန္ဒြိယံ, လဟု+ဥဋ္ဌာနံ, ဂစ္ဆာမိ+ အဟံ , တတြ+ဣဒံ , ပဉ္စဟိ+ဥပါလိ , နတ္ထိ+အညံ " ဟု ပုဒ်ဖြတ်၍ ရှေ့သရကို ချေ၊ ထိုသို့ ကြေသော်လည်း ကွစိသဒ္ဒါ မြစ်သောကြောင့် နောက် သရများကို ဒီဃ မပြုရ , ကပ်လိုက်ရုံသာ၊ "လုတ္တေတိ ကိံ"ဟု လာသော ကိံ ရုပ်များ၌ကား ပုဒ်ဖြတ်ဘွယ် မလို၊ " ယထာ-နိမိ-ကိကီ-သု " တို့၌ ရှေ့ သရ မကြေသောကြောင့် နောက် သရများကို ဒီဃ မပြုရတော့ပြီ။

(၁၈) ပုဗ္ဗာ သရော — ယခု စာအုပ်များ၌ " ပုဗ္ဗာစသရော " ဟု ပါနေ၏၊ စ သဒ္ဒါ ပိ သဒ္ဒါတို့အတွက် သီးခြား ဖွင့်ဘွယ်ရှိလျှင် သုတ်နက် ဖွင့်ရာ၌ ထို စ-ပိသဒ္ဒါကို ထည့်လေ့ မရှိ၊ ဤသုတ်၌လည်း "စဂ္ဂဟဏံ ၊ ပေ ၊ နတ္ထံ"ဟု စ အတွက် သီးခြားဖွင့်မည် ဖြစ်သောကြောင့်"ပုဗ္ဗာ သရော"ဟု စ မပါဘဲသာ သုတ်နက်ဖွင့်သင့်၏၊ ချာသ၌လည်း စ မပါဘဲပင် ဖွင့်သည်၊ အတိဿစန္တဿ စသော နောက် သုတ်များ ဖွင့်ပုံကို သတိပြုပါ။

စဂ္ဂဟဏံ ၊ ပေ၊ ဉာပနတ္ထံ—အနုကဍ္ဍန သမ္ဗန္ဓနစသော စ သဒ္ဒါ၏ အနက်တို့တွင် ဤသုတ်၌ စသည် အဘယ် အနက်ရှိပါသနည်း-ဟု မေးဘွယ်ရှိသောကြောင့် " စဂ္ဂဟဏံ လုတ္တ ဒီဃဂ္ဂဟဏာ နုကဍ္ဍနတ္ထံ " ဟု မိန့်၊ စ သဒ္ဒါသည် ရှေ့ ၂ သုတ်မှ လုတ္တေနှင့် ဒီဃံ ပုဒ်တို့ကို ဆွဲငင်ယူခြင်း အနုကဍ္ဍန အနက်ရှိသည် - ဟူလို၊ အနုဝတ္တန သဘောအားဖြင့် လုတ္တေနှင့် ဒီဃံ ပုဒ်တို့ လိုက်လာကြသည် မဟုတ်လော , ထိုသို့ လိုက်လာနေပါလျက် တမင်လာ ဆွဲငင်ယူခြင်းသည် အဘယ်အကျိုးရှိသနည်း-ဟု မေးဘွယ်ရှိပြန်သောကြောင့် "တံ၊ပေ၊ဉာပနတ္ထံ"ဟု မိန့်ရပြန်သည်၊ ထိုသို့ တမင်လာ ငင်ရခြင်းကား "စ ဖြင့် ငင်အပ် သော ပုဒ်သည် နောက်သုတ်သို့ မလိုက်တော့ " ဟု သိစေရခြင်း အကျိုးရှိသည်-ဟူလို၊ ထို့ကြောင့်ပင် လုတ္တေနှင့် ဒီဃံပုဒ်တို့ နောက် ယမေ ဒန္တဿသုတ်သို့ မလိုက်ဘဲ နေလိမ့် မည်။ [တံ စာနုကဍ္ဍိတံ၌ " အနုကဍ္ဍိတံ-ငင်အပ်သော၊ တံစ — ထို လုတ္တေ ဒီဃံပုဒ်သည် လည်း "ဟု အနက်ပေးကြသည်ကား ကျမ်းဆရာ၏ အာဘော်မကျချေ။]

ရှင်းပြဥုးအံ့—"အမိကာရ ( အနုဝတ္တန ) သဘောအားဖြင့် လိုက်လာသော ပုဒ် သည် နောက်နောက်သုတ်သို့ မလိုက်ရ"ဟု ဥပဒေသ မရှိ, လိုက်သင့်သမျှ ဆက်၍ လိုက်

www.dhammaransi.com



ထို့ကြောင့် ထိုရုပ်များကို အခြားသော အဖွင့်တို့မှ ယူ၍ ကစ္စည်းဘာသာဋီကာ ဆိုင်ရာ သုတ်များ၌သာ ပြမည်၊ ဤရူပသိဒ္ဓိ ဘာသာဋီကာမှာ ပေါ့ပါးနိုင်သမျှ ပေါ့ပါးအောင် ကျမ်းရင်းအဓိပ္ပါယ်နှင့် သက်ဆိုင်ရာလောက်ကိုသာ ဖွင့်ပြရပေလိမ့်မည်။

သညာဝိဓာနံ--ကား နိဂုံးချုပ်ပြသော ( ဥပသံဟာရမည်သော ) ဂါထာတည်း၊ သညာဝိဓာနံ စသည်ဖြင့် ရှေ၌ ပြခဲ့သော အခဏ်း ၅ ခဏ်းကို အစဉ်အတိုင်း ပြသည်၊ "ပကတိပြု" ဆိုလျှင် အခြား အစီအရင်ကို တားမြစ်ရာ ရောက်သောကြောင့် ပကတိသန္ဓိကိုပင် "နိသေဓနံ" ဟု ဆိုသည်၊ "သောဟိ" ၌ "သောပိ" ဟု ရှိမှ ဋီကာဖွင့်နှင့်ညီမည်၊ အရှင် ကစ္စည်းထေရ်သည် ကစ္စည်းကျမ်း၌ သန္ဓိ ၅မျိုးကို ဆိုသားပြီ၊ သောပိ-ထို၅မျိုးလုံးကိုလည်း၊ အဆုံး အဖြတ် ကောင်းမွန်စွာ ဤရူပသိဒ္ဓိ၌ ငါ ဆိုအပ်ပြီ-ဟူလို။

ဤကား သန္ဓိရူပသိဒ္ဓိ ဘာသာဋီကာ။

www.dhammaransi.com



## နာမရူပသိဒ္ဓိ ဘာသာဋီကာ

အသ-သန္ဓိကဏ္ဍ၏ အခြားမဲ့၌၊ နာမိက ဝိဘတျဝတာရော - နာမ်နှင့် ယှဉ်သော ဝိဘတ်တို့၏ သက်ပုံကို၊ ဝုစ္စတေ-ဆိုအပ်၏၊ ဝါ-ဆိုဦးအံ့၊ (၆၀) အတ္ထာဘိမုခံ-အနက်သို့ ရှေးရှု၊ နမနတော-ညွတ်တတ်သည်၏ အဖြစ်ကြောင့်ဝုင်း၊ (နာမံ-ရှိသည်ကား အပို၊) အတ္တနိ-မိမိသို့၊ အတ္ထသ-အနက်ကို၊ နာမနတော စ-ညွတ်စေတတ်သည် အဖြစ်ကြောင့်ဝုင်း၊ နာမံ-နာမ်မည်၏၊ ဒဗ္ဗာဘိဓာနံ - ဒြဗ်ဟောပုဒ်ဘည်း၊ ပန - ဆက်ဦးအံ့၊ တံ-

နာမိက၊ပေ၊ဝတာရော ဝုစ္စတေ—သန္ဓိကပ္ပကို ဖွင့်ပြပြီး၍ နာမကပ္ပကို ဖွင့်ပြတော်မူလိုသော အရှင်ဗုဒ္ဓပ္ပိယ ဆရာသည် "အထ နာမိက၊ပေ၊ဝုစ္စတေ" ကို မိန့်၊ [နာမ-နာမ်တို့နှင့်+ဣက-ယှဉ်ကုန်သော(နာမ်နှင့်တွဲယှဉ်ရကုန်သော)+ဝိဘတ္တိ-ဝိဘတ်တို့၏၊ အဝတာရ (သြဘာရ)-သက်ပုံ, (နာမ်၏ နောက်၌ သက်ရောက်ကြပုံ)၊ ဤ "အဝတာရ" ပါဠိသုံး လိုက်၍ "ဝိဘတ်သက်"ဟု မြန်မာ အသုံးလည်း ဖြစ်ပေါ်လာရသည်။]

(၆၀) အတ္ထာဘိမုခံ၊ပေ၊ဒဗ္ဗာ ဘိဓာနံ—ကား နာမ သဒ္ဒါ၏ ဝိဂ္ဂြိုဟ်နှင့် သရုပ်ပြစကားတည်း၊ ချဲ့ဦးအံ့-"အတ္ထာဘိမုခံ နမနတော"ဖြင့် "အတ္ထံ နမတီတိ နာမံ"ဟူသော သုဒ္ဓကတ္တုသာဓနကို ပြ၏၊ "အတ္တနိ အတ္ထသ နာမနတော"၌ "နာမန"ဝယ် နမုဓာတ်-ကာရိတ်ဏေပစ္စည်း-ယုပစ္စည်းတည်း၊ ထိုပါဠိဖြင့် "အတ္တနိ အတ္ထံ နာမေတီတိ (မိမိသို့ အနက်ကို ညွတ်စေတတ်သည်၏အဖြစ်ကြောင့်)နာမံ"ဟု ဟေတုကတ္တုသာဓနဝိဂ္ဂြိုဟ်ကို ပြ၏၊ "ဒဗ္ဗာဘိဓာနံ ကား" နာမ၏ အရ အဘိဓေယျတည်း၊ "ဗုဒ္ဓ-ဘုရားဒြဗ်၊ နီလ-အညိုဂုဏ်ဒြဗ်၊ ပစနံ-ချက်ခြင်းကြိယာဒြဗ်၊ တိဿ-တိဿ ဟူသော နာမည်ဒြဗ်၊ ဂေါ-နွားမျိုးဒြဗ်" ဤသို့စသည်ဖြင့် ဒြဗ်ဟော သဒ္ဒါဟူသမျှကို "နာမ"အရ ကောက်ယူပါ-ဟူလို၊ ဤ "ဒဗ္ဗာဘိဓာနံ" ပါဠိဖြင့် ကြိယာကို ဟောသော အာချာတ်ကို နစ်စေ၏၊ မှန်၏-"အတ္ထံ နမတိ"အရ အာချာတ်တို့လည်း ဆိုင်ရာအနက်သို့ ညွတ်တတ်ကြ၏၊ သို့သော် "နာမ" ဟူသော အမည်ကား ဒြဗ်ဟော သဒ္ဒါတို့၌သာ ထင်ရှားသော (အထင်ရူဠ္ဌိ) အမည်ဖြစ်သောကြောင့် ကြိယာဟော အာချာတ်တို့ "နာမ" အမည်ကို မရကြ-ဟူလို။

အနက်သို့ ညွတ်ပုံ, ညွတ်စေပုံ ။ ။ သဒ္ဒါ ဟူသည် အနက်နှင့် မကင်းစကောင်း၊ အနက်ရှိမှသာ သဒ္ဒါဖြစ်နိုင်၏၊ ပြောဆိုဘို့ စကားလုံး(သဒ္ဒါ)တွေ မပေါ်မီ ကမ္ဘာဦးက အနက်တွေ ရှေးဦးစွာ ပေါ်နှင့်၏၊ ထိုအခါ ကမ္ဘာဦးလူဘို့ ထိုအနက်တွေကို ဟောပြနိုင်မည့်သဒ္ဒါ(စကားလုံး)များကို စထွင်လိုက်ကြသည်၊ ထိုသို့စထွင်လိုက်သည့် အခါမှစ၍ သဒ္ဒါ (စကားလုံး) ဟူသမျှတို့သည် မိမိဟောပြအပ်သော အနက်ကို အမြဲ ညွတ်လျက်ရှိကြ၏၊ ထို့ကြောင့်"အတ္ထံနမတီတိ နာမံ"ဟု ဆိုသည်၊ လူ၏နောက်သို့ အရိပ်လိုက်ပါသကဲ့သို့ သဒ္ဒါဟူသမျှသို့သည်း ဆိုင်ရာ အနက်များ လိုက်ပါကြ၏၊ ထို့ကြောင့် သဒ္ဒါဟူသမျှတို့က ဆိုင်ရာအနက်ကို မိမိသို့ ညွတ်လာစေတတ် (ညွတ်လာအောင်လုပ်တတ်) သည့် မည်ရကား"နာမေတီတိ နာမံ"ဟု တနည်း ဆိုရပြန်သည်၊ "ပုရိသော"ပုံစံထုတ်၍

www.dhammaransi.com



ထိုနာမ်သည်၊ အန္ဝတ္ထရုဠှီဝသေန – အန္ဝတ္ထနာမ်, ရုဠှီနာမ်တို့၏ အပြားအားဖြင့်၊ ဒုဝိဓံ၊ ပမိတ္ထိနပုံသကလိင်္ဂဝသေန – ပုလ္လိင်, ဣတ္ထိလိင်, နပုံလိင်တို့၏ အပြားအားဖြင့်၊ တိဝိဓံ၊ ယထာ–ကား၊ ရုက္ခော, မာလာ, ဓနံ–တည်း၊ သာမည ဂုဏ ကြိယာ ယဒိစ္ဆာနာမဝသေန – သာမညနာမ်, ဂုဏနာမ်, ကြိယာနာမ်, ယဒိစ္ဆာနာမ်တို့၏ အပြားအားဖြင့်၊ စတုဗ္ဗိဓံ၊ ယထာ–ကား၊ ရုက္ခော, နီလော , ပါစကော , သိရိဝဍ္ဎော, ဣတျာဒိ-ရုက္ခော ၊ ပေ ၊ သိရိ

ယောကျ်ားဖြစ်ဘူးသော အနက်သို့ ပုရိသသဒ္ဒါက ညွတ်ပုံ, အနက်ကို မိမိ (ပုရိသသဒ္ဒါ) သို့ ညွတ်စေပုံကို ပြောပြပါ၊ ဤကား ရူပသိဒ္ဓိဋီကာ ဖွင့်ပုံအတိုင်း အဓိပ္ပါယ်တည်း၊ [ဤနှင့်စပ်၍ ပုဒ်စစ် စသည်ဝယ် အဓိပ္ပါယ်တမျိုး ရှိသေး၏၊ သင့်မည် ဟု မထင်၍ မရေးပြီ။]

တံ ပန ဒုဝိဓံ — အတ္ထံ+အနုဂတံ, အန္ဝတ္ထံ = အနက်သို့ အစဉ်လိုက်သော နာမ်၊ ပုရိသော ဟူသော နာမ်သည် " မာတာ ပိတူနံ ဟဒယံ ပူရေတိ – မိဘတို့ စိတ်နှလုံးကို ရွှင်ပြုံး ပြည့်ဝစေတတ်၏" ဟူသော အနက်မှန်သို့ အစဉ်လိုက်သောကြောင့် အန္ဝတ္ထနာမ် မည်၏၊ ဝိဂ္ဂြိုဟ်လုပ်၍ ရကောင်းသော ထို ဝိဂ္ဂြိုဟ်၏ အနက်နှင့်လည်း လိုက်လျောသော နာမ် ဟူသမျှ အန္ဝတ္ထနာမ်ချည်း တည်း၊ ဝိဂ္ဂြိုဟ်ဝါကျ လုပ်၍ မရသော နာမ်သည်၎င်း – ဝိဂ္ဂြိုဟ်လုပ်၍ ရသော်လည်း ထို ဝိဂ္ဂြိုဟ်အနက်နှင့် မလိုက်ရောသော (ဝိဂ္ဂြိုဟ်အနက်အတိုင်း မမှန်သော) နာမ်သည်၎င်း ရုဠှီနာမ် မည်၏၊ "တိဿော–တိဿ မည်သူ, သိရိဝဍ္ဎော–အသရေကို တိုးပွားစေတတ်သူ" ဟူရာ၌ "တိဿော သည်" ဝိဂ္ဂြိုဟ်လုပ်၍ မရ–ဆိုင်ရာ လူတို့က မှည့်ခေါ်ထားသဖြင့် တိဿ မည်သူ လူတယောက် အပေါ်၌ တက်ရောက် ထင်ရှားနေသော အထင်ရုဠှီနာမ်တည်း၊ "သိရိဝဍ္ဎော" ကား ကျွန်၏ နာမည် ဖြစ်သည်၊ ထို ကျွန်ခံနေရသော လူသည် (သူ၏တွက်တာ ဆိုလျှင်) အဘယ်မှာ အသရေကို တိုးပွားစေနိုင်ပါတော့အံ့နည်း၊ သို့သော် "သိရိ–ကြက်သရေကို၊ ဝဍ္ဎေတိ–တိုးပွားစေတတ်၏၊ ဣတိ သိရိဝဍ္ဎော – မည်၏" ဟု ဝိဂ္ဂြိုဟ်ပြုလုပ်၍ ကား ရကောင်း၏၊ ဤသို့ ဝိဂ္ဂြိုဟ်လုပ်၍ ဖြစ်နိုင်သော်လည်း ဝိဂ္ဂြိုဟ်နက်နှင့် မလိုက်လျောဘဲ ကျွန်၌ အပေါ်၌ တက်ရောက်ထင်ရှားနေသောကြောင့် သိရိဝဍ္ဎောလည်း အထင်ရုဠှီ နာမ်ပင်ဖြစ်သည်၊ "ရုဟတိ-(အနက်တခု အပေါ်၌) တက်ရောက် ထင်ရှားတတ်၏၊ ဣတိ–ကြောင့်၊ ရုဠှီ–မည်၏"၊ [ယခုကာလ လူနာမည် ရဟန်းဘွဲ့ တို့လည်း အနက်နှင့် မတန်လျှင် ရုဠှီနာမ် ချည်းတည်း၊ လိင် အကြောင်းကား "ဣတ္ထိပုမ္ဘနပုံသကဝိနိမ္မုတ္တ" သုတ် အဆက်၌ လာလတ္တံ့။]

စတုဗ္ဗိဓံ ၊ ပေ ၊ ဝသေန — သမာန၁နံ–တူသော အရာတို့၏၊ ဘာဝေါ-ဖြစ်ကြောင်း ဖြစ်ရာ တူညီပုံ အခြင်းအရာသည်၊ သာမညံ – သာမည မည်၏၊ သစ်ပင်တို့သည် မြေ၌ ပေါက်၍ ပင်လုံး အခက် အလက် အရွက် ရှိချင်းအားဖြင့် တပင်နှင့် တပင် တူညီကြ၏၊ ထို့ကြောင့် "ရုက္ခော" ဟူသော နာမ်သည် သစ်ပင် အားလုံး တူညီပုံအခြင်းအရာကို စွဲ၍ ဖြစ်ပေါ်လာသော နာမ်ဖြစ်ရကား သာမညနာမ်တည်း၊ ဤသို့လျှင် အများနှင့် ဆက်ဆံသော (ဂုဏစသည်လည်း မဟုတ်သော) နာမ်ကို သာမညနာမ်–ဟု ခေါ်သည်၊ ယခု

www.dhammaransi.com



ဝဇ္ဇောအာဒိရှိသည်တည်း၊ အဝဏ္ဏိ ဝဏ္ဏု ဝဏ္ဏော ကာရနိဂ္ဂဟိတန္တပကတိ ဘေဒေန-အဝဏ္ဏန္တ ပကတိရှိသော နာမ်, ဣဝဏ္ဏန္တပကတိရှိသောနာမ်, ဥဝဏ္ဏန္တပကတိရှိသော နာမ်, ဩကာရန္တပကတိရှိသော နာမ်, နိဂ္ဂဟိတန္တ ပကတိ ရှိသော နာမ်တို့၏ အပြားအားဖြင့်၊ အဋ္ဌဝိဓံ၊ တတ္ထ - ထို ရှစ်ပါးတွင်၊ ပဌမံ-ရွာ၊ အကာရန္တမှာ - အ အက္ခရာ အဆုံးရှိသော၊ ပုလ္လိင်္ဂါ - ပုလ္လိင်ရှိသော၊ ဓာတုနိမိတ္တာ - ဓာတ်ဟူသော နိမိတ်ရှိသော၊ ပုရိသသဒ္ဒါ - ပုရိသသဒ္ဒါမှ၊ ပရော - နောင်းကုန်သည် (ဟုတွာ-ဖြစ်၍)၊ သျာဒိဝိဘတ္တိယော-သိ အစရှိသော ဝိဘတ်တို့ကို၊ ယောဇိယန္တေ-ယှဉ် စေအပ်ကုန်၏။

ကာလ၌ ကောင်းသော ဂုဏ်ကျေးဇူးကိုသာ "ဂုဏ်" ခေါ်သည် ဟု နားလည် နေကြသော်လည်း ကျမ်းဂန်တို့၌ ကောင်းသည်ဖြစ်စေ ဆိုးသည်ဖြစ်စေ ဒြဗ်ကို အထူးပြုပေးသော အရာသည် "ဂုဏ်" ပင်တည်း၊ ထို့ကြောင့် အဝတ် ဒြဗ်ကို အဖြူ အနီစသည်တို့မှ အထူးပြုပေးသော "နီလ" ဟူသော နာမ်သည် အညိုဂုဏ် တမျိုးတည်း၊ ထိုဂုဏ်ကို စွဲ၍ ဖြစ်လာသောကြောင့် "နီလော" သည် ဂုဏနာမ်မည်၏၊ ချက်ခြင်းကြိယာကို စွဲ၍ ဖြစ်သောကြောင့် (စဖိုသည် ထမင်းချက်သည်ကို ဟောသော) ပါစက ဟူသော နာမ်သည် ကြိယာနာမ်မည်၏၊ "သိရိဝဍ္ဍက" ဟူသော နာမ်ကား ထိုကဲ့သို့ အကြောင်းတစုံတရာ ရှာ၍ မရ, မှည့်လို၍ မှည့်ခေါ်အပ်သော နာမည် ဖြစ်သောကြောင့် "ယဒိစ္ဆာနာမ်" မည်၏။ [ယာယာ+ဣစ္ဆာ, ယဒိစ္ဆာ=အကြင်အကြင်အလို "အလိုရှိတိုင်း, မှည့်ခေါ်လိုတိုင်း၊" ယဒိစ္ဆာယ-မှည့်ခေါ်လိုတိုင်းအားဖြင့်၊ ပဝတ္တံ-ဖြစ်သော၊ နာမံ-နာမ်သည်၊ ယဒိစ္ဆာနာမံ-ယဒိစ္ဆာနာမ်မည်၏၊ "ယဒိစ္ဆကနာမ်" ဟုလည်း ခေါ်၏၊] ဘာအကြောင်းမှမရှိဘဲ ခေါ်ချင်လို့ ခေါ်အပ်သော နာမည်ဟူသမျှကို ယဒိစ္ဆာနာမ် ဟု ချည်းမှတ်။

**အဋ္ဌဝိဓံ၊ပေ၊ ဝသေန**—ရုပ်တည်သည့် အခါ အဝဏ်(အ-အာ)ဆုံးလျှင် အဝဏ္ဏန္တ နာမ်မည်၏၊ ဣဝဏ္ဏန္တ စသည်လည်းနည်းတူ၊ ဤသို့လျှင် "အကာရန္တ, အာကာရန္တ, ဣကာရန္တ, ဤကာရန္တ, ဥကာရန္တ, ဦကာရန္တ, ဩကာရန္တ, နိဂ္ဂဟိတန္တ" ဟု ရှစ်မျိုးပြား၏၊ ပုရိသသဒ္ဒ - အကာရန္တ ၊ပေ၊ ကိံ ဣမံဒံတို့သည် နိဂ္ဂဟိတန္တ စသည်ဖြင့် အကျယ် လာလတ္တံ့။ [ဝိဘတ် မသက်ခင် နာမ်, ဝိဘတ်သက်ပြီးလျှင် ပုဒ်ဟု ခေါ်၏၊ ထို့ကြောင့် နာမ်ရှစ်မျိုး ခွဲရာ၌ ဝိဘတ် မသက်ခင် ရုပ်တည်သည့် အနိုက်အတန့်၌ ခွဲရသည်။]

**တတ္ထ၊ပေ၊ ယောဇိယန္တေ**— "ပုရိသ" ဟု အ အက္ခရာ အဆုံး ရှိသောကြောင့် "အကာရန္တော" ဟု ဆို၏၊ လိင်အားဖြင့် ပုလ္လိင် ရှိသောကြောင့် "ပုလ္လိင်္ဂါ" ဟု ဆို၏၊ ယောကျ်ားဇာတ်ကို အကြောင်း (နိမိတ်) ပြု၍ ဖြစ်လာသောကြောင့် "ဇာတိနိမိတ္တာ" ဟု ဆို၏၊ ချဲ့ဦးအံ့-သဒ္ဒါဖြစ်ပေါ်လာခြင်း၏ အကြောင်းကို "နိမိတ်" ဟုရင်း "ပဝတ္တိနိမိတ်" ဟုရင်း ခေါ်၏၊ ယောကျ်ားအရင်းချင်းပုံသဏ္ဌာန် စသည်ဖြင့် တူမျှသောဖြစ်ပုံကို "ဇာတိ"

www.dhammaransi.com



ဇိနဝစနယုတ္တံဟိ။ ၅၂ ။ အယံ- ဤသုတ်သည်၊ အဓိကာရော-နောက် နောက်သုတ်၌ ယှဉ်စပ်ထိုက်သော သုတ်တည်း၊ ဝါ-လိုက်သုတ်တည်း၊ တတ္ထ - ထို သုတ်၌၊ (ဝစနတ္ထော - ဝစနတ္ထကို၊ ဧဝံ-ဤသို့၊ ဝေဒိတဗ္ဗော- သိထိုက်၏၊ ) ပဉ္စမာရေ-ငါးပါးသော မာရ်တို့ကို ဇိတဝါ-အောင်တော် မူပြီ၊ ဣတိ-ထို့ကြောင့်၊ ဇိနော-ဇိန မည်တော်မူ၏၊ ဗုဒ္ဓေါ-ဘုရားတည်း၊ ဇိနဿ – ဘုရားရှင်၏၊ ဝစနံ-စကားတော်တည်း၊ ဇိနဝစနံ-ဘုရားစကား တော်၊ တဿ ဇိနဝစနဿ-ထိုဘုရားစကားတော်အား၊ ယုတ္တံ-သင့်လျော် သည်တည်း၊ ဇိနဝစနယုတ္တံ – ဘုရားစကားတော်အား သင့်လျော်သည်၊ တေပိဋကဿ - ပိဋကတ် ၃ ပုံဟူသော၊ ဗုဒ္ဓဝစနဿ - ဘုရားစကား တော်အား၊ (မာဂဓိကဿ-မဂဓတိုင်းသားတို့၏ ဥစ္စာဖြစ်သော၊ သဘာဝ နိရုတ္တိယာ – အမြဲထင်ရှားရှိသော ဘာသာအား၊) ယုတ္တံ (အနုရူပမေဝ)- သင့်လျော်သည်ချည်းတည်း၊ ဣတိ - ဤကား အနက်၊ ဣဒံ-ဤသုတ်ကို၊ အဓိကာရဋ္ဌံ-အဓိကာရ အကျိုးရှိ၏ ဟူ၍၊ ဝေဒိတဗ္ဗံ-သိထိုက်၏။

ဟု ခေါ်၏၊ ထို တယောက်နှင့် တယောက် တူပုံ အခြင်းအရာကို စွဲ၍ “ပုရိသဇာတ်-ယောက်ျားမျိုး” ဟု တသီးတခြား ထင်ရှားရကား ပုရိသ သဒ္ဒါလည်း ဤဇာတ်ကို စွဲ၍ ဖြစ်ပေါ်လာသော သဒ္ဒါဖြစ်ရလေသည်။

**အဓိကာရောယံ**— “အဓိကာရော-လိုက်သော” ဟု အနက်ပေးခဲ့လျှပြီ၊ ထိုပေးခဲ့သော အနက်သည် သဒ္ဒါနက်မဟုတ်, အဓိပ္ပါယ်နက်သာ၊ “ဥပရိသုတ္တေသု-အထက်လာလတံ့ သုတ်တို့၌၊ တဒုပကာရတ္တာယ-ထို သဒ္ဒါ၏ ကျေးဇူးများသည့် အတွက်၊ အာစရိယေဟိ-ဆရာတို့သည်၊ နိယောဇီယတိ-ယှဉ်စပ်သုံးစွဲအပ်၏” ဟူသော ရူပသိဒ္ဓိဋီကာနှင့် အညီ, “အဓိကရီယတိ-အထက် သုတ်တို့၌ (တချို့အရာဝယ် ရှေးသုတ်၌လည်း) ယှဉ်စပ် သုံးစွဲ အပ်၏၊ ဣတိ-ထို့ကြောင့်၊ အဓိကာရော-မည်၏” ဟု ဝိဂ္ဂဟပြု၊ “အဓိကာရ” တွေ့သမျှ၌ ဤ နည်းအတိုင်း အနက်ဆို။

**ဇိနဿ ၊ ပေ ၊ ဝေဒိတဗ္ဗံ**— “ပဉ္စမာရေ ဇိတဝါ” မှ စ၍ “အနုရူပမေဝ” တိုင်အောင် ဇိနဝစနယုတ္တံဟိ၏ ဝိဂ္ဂဟကိုရင်း, အရကောက်ကိုရင်း, ပြသော သံဝဏ္ဏနာများတည်း။ ထိုတွင် ဇိနဝစန အရ “ပိဋကတ်သုံးပုံကို ယူပါ” ဟု သိစေလို၍ “တေပိဋကဿ” ဟု ဖွင့်၏, ထို ပိဋကတ်သုံးပုံ ဟူသော ဇိနဝစနဟူသည် မာဂဓဘာသာ (ပါဠိဘာသာ) တည်း ဟု သိစေလို၍ “မာဂဓိကဿ” ဟု ထပ်ရပြန်သည်၊ ထို မာဂဓဘာသာသည် တချို့ဒေသ၌ ကွယ်ပစေကာမူ ကမ္ဘာလောက၌ (လုံးလုံးပျောက်ကွယ် မသွားဘဲ) အမြဲ တည်ရှိသော ဘာသာတည်း- ဟု သိစေလို၍ “သဘာဝနိရုတ္တိယာ” ဟု တဖန် ထပ်ဆင့်ရပြန်သည်၊ [သဘာဝနိရုတ္တိကို “အဝိပရီတနိရုတ္တိ (မဖေါက်ပြန် မပျောက်ကွယ်နိုင်သော စကား)” ဟု ပဋိသမ္ဘိဒါဝိဘင်း မူလဋီကာ ဖွင့်သည်၊ မပျောက်ကွယ်နိုင်ပုံကို ပြဟွာနေသာ အရ၌

www.dhammaransi.com



[“ယာယာဒိ=ယာယ+အာဒိ”ဟု ပုဒ်ခွဲ၊]ယာယ-အကြင်ဘာသာဖြင့်၊ အာဒိကပ္ပိကာ-ကမ္ဘာဦး၌ ဖြစ်ကုန်သော၊ နရာ-လူတို့သည်၎င်း၊ဗြဟ္မာနော စ - နတ်ဗြဟ္မာ တို့သည်၎င်း၊ အသုတာလာပါ- မကြားအပ်သော စကားပြောသံရှိသော ကလေး လူရိုင်းတို့သည် ၎င်း၊ ဝါ - သူတပါး၏

ဖွင့်ပြအံ့၊] ဓိနဝစနယုတ္တံ၌ ယုတ္တအရ“ယှဉ်ခြင်းကို မယူရ, သင့်လျော်ခြင်းကို ယူ၊” ဟု သိစေလို၍“အနုရူပမေဝ”ဟု ဖွင့်၏။ ဝေကို ယုတ္တံဟိ၌“ဟိ”အဖွင့် ဟု ယူကြသေး၏။

သာမာဂဓိ ၊ ပေ ၊ ဘာသရေ— ဤ ဂါထာကြား-မာဂဓဘာသာ၏ မူလဘာသာ ဖြစ်ကြောင်းကို၎င်း·“ဗုဒ္ဓဝစနဿ မာဂဓိကာယ”ဟု ဆိုသည့် အတိုင်း ဗုဒ္ဓဝစနနှင့် မာဂဓ ဘာသာသည် သဘောတူ ( အတူတူ ) ဖြစ်ကြောင်းကို၎င်း – “မာဂဓိကာယ သဘာဝ နိရုတ္တိယာ”ဟု ဆိုခဲ့သည့်အတိုင်း မာဂဓဘာသာ၏ သဘာဝနိရုတ္တိ ဖြစ်ကြောင်းကို၎င်း ထင်ရှားပြသော ဂါထာတည်း၊ မဂဓေ-မဂဓတိုင်း၌၊ ဇာတာ-ဖြစ်သူ မွေးဖွားသူတို့သည်၊ မာဂဓာ-တို့မည်၏၊ မာဂဓာနံ-မဂဓတိုင်းသားတို့၏၊ သော-ဥစ္စာသည်၊ မာဂဓိ-မည်၏၊ “ဘာသိတဗ္ဗာ – ပြောဆိုထိုက်၏၊ ဣတိ– ထို့ကြောင့်၊ ဘာသာ–ဘာသာမည်၏”နှင့် အညီ ဘာသာဟူသည် လူမျိုးတမျိုး၏ ပြောဆိုရိုး စကားတည်း၊ မြန်မာဘာသာသည် မြန်မာ လူမျိုးတို့၏ ဥစ္စာ ဖြစ်သကဲ့သို့ မာဂဓ ဘာသာလည်း မဂဓ တိုင်းသားတို့၏ ဥစ္စာ ဖြစ်သည်၊ [ ထို မဂဓတိုင်းဟူသည် ယခုအခါ ဣန္ဒိယအလယ်ပိုင်း “ဗိဟာရ်နယ်”တည်း၊ အသောကမင်း၏ ဝိဟာရများ တည်ရှိရာ ဖြစ်သောကြောင့် အသောက လက်ထက်မှ နောက်၌“ဗိဟာရ်”ဟု နာမည်ဖြစ်လာသတတ်။]

အာဒိကပ္ပိကာ ။ ။ အာဒိကပ္ပေ – ကမ္ဘာအစ၌ (ကမ္ဘာဦး၌)၊ ဇာတာ–ဖြစ်သူ တို့သည်၊ အာဒိကပ္ပိကာ– တို့မည်၏၊ ကမ္ဘာဦး၌ ကံကုန်၍ ဖြစ်စေ အသက်တမ်းစေ့၍ ဖြစ်စေ ဗြဟ္မာ့ပြည်မှ အချို့ဗြဟ္မာတို့ စုတေ၍ လူ့ပြည် နတ်ပြည်၌ ဥပပတ် ပဋိသန္ဓေ တည်နေလာကြ၏၊ ထို ကမ္ဘာဦးလူတို့သည် မာဂဓဘာသာဖြင့် စကားပြောကြသည်၊ [ဗြဟ္မာ့ပြည်၌ မာဂဓဘာသာသည် ဗြဟ္မာသုံးဘာသာ ဖြစ်ရိုးမှန်လျှင် ဗြဟ္မာ့ပြည်မှ စုတေ၍ လူ့ပြည်၌ ဖြစ်ကြသော ကမ္ဘာဦးလူတို့၌ မာဂဓဘာသာ အလိုလို နှုတ်တက် လာမည်မှာ အံ့သြဘွယ် မဟုတ်ချေ၊ ] ဤ“အာဒိကပ္ပိကာ” ဖြင့် မာဂဓဘာသာ၏ မူလ ဘာသာ (အရင်းအစ ပဌမပေါ်သော ဘာသာ) ဖြစ်ကြောင်းကို ပြသည်၊ ထိုသို့ မာဂဓ ဘာသာဖြင့် ပြောဆိုနေကြရာမှ ကာလကြာ၍ လူဦးရေ တိုးပွားတိုင်း ထိုထို ဒေသသို့ ရွှေ့ပြောင်း နေထိုင်ကြသည့်အခါ ဒေသအလိုက် ဥတုရေမြေအလိုက် စကားသံ ကွဲပြား၍ ဘာသာစကားအမျိုးမျိုး ခြားနားလာလေသည်၊ “ ဘာသာစကား အားလုံးပင် မာဂဓ ဘာသာမှ ပေါက်ဖွားလာခဲ့ကြရသည်”ဟူလို။]

ဗြဟ္မာနော ။ ။ “ ဗြဟ္မာနော ” အရ ဗြဟ္မာ့ပြည်၌ မာဂဓဘာသာဖြင့် စကား ပြောကြကြောင်းကို ထော်၍ ဤ မာဂဓဘာသာသည် ကမ္ဘာပျက်သော်လည်း ပျောက် ကွယ်နိုင်ကြောင်း သိရ၏၊ ချုံးအံ့ – အခြားဘာသာတို့သည် ထို ဘာသာပြောသူ လူမျိုးတို့ ပျက်စီးခြင်းကြောင့် ဖြစ်စေ– တစုံတခုသော အကြောင်းကြောင့် ဖြစ်စေ ကမ္ဘာ

www.dhammaransi.com



စကားသံကိုမကြားဘူးသေးသောကလေး လူရိုင်းတို့သည်ဖြင်း၊ သမ္ဗုဒ္ဓါ စာပိ-သုရားရှင်ဘို့သည်ဖြင်း၊ ဘာသရေ-ပြောဟောကြကုန်၏၊ မာဂဓိ-မဂဓတိုင်းသား တို့၏ ဥစ္စာဖြစ်သော၊ သာ - ထို ဘာသာသည်၊ မူလ ဘာသာ-အရင်းခံ ဘာသာပေတည်း။

မပျက်သော်လည်း ပျောက်ကွယ်တတ်ကြ၏၊ ကမ္ဘာပျက်လျှင်ကား အမွေအဆက်မကျန် ကောန် ပျောက်ကွယ်ကြရ တော့သည်သာ၊ ဤ မာဂဓ ဘာသာကား လူ့လောကဝယ် အချို့အခါ၌ ပျောက်ကွယ်နေသော်လည်း ကမ္ဘာပျက်ပြီး နောက်မှာပင် ဗြဟ္မာ့ပြည်၌ ဆက်လက် တည်ရှိသောကြောင့် ကမ္ဘာလောကကြီးမှ တခါထည်း ပျောက်ကွယ်၍ မသွားနိုင်၊ သဘာဝနိရုတ္တိ ဘာသာပီပီ အမြဲထင်ရှား တည်ရှိနိုင်သည် – ဟူလို၊ ဤ စကားဖြင့် မာဂဓဘာသာ၏ သဘာဝနိရုတ္တိ ဖြစ်ကြောင်းကို ပြသည်။

အဿုတာ လာပါ။ ။ [အဿုတ-မကြားအပ်သေးသော+အာလာပ-စကား ပြောသံရှိသူ၊] သူတပါးတို့ စကားပြောသံကို မကြားရသေးသော ကလေးနှင့် တောကြို တောင်ကြား၌ (စကားပြောဘက်မရှိ) ဖြစ်နေရသူ လူရိုင်းတည်း၊ ချဲ့ဦးအံ့ — ကလေး မွေးစ၌"အမ္မ,အမ္မ"ဟု ခေါ်၏၊မြန်မာမိခင်က"အမ=အမ,အမေ=အမေ"ဟုကြား၍ "အမ္မ" ဟူသော ပါဠိဘာသာမှ "အမေ, အမ" ဟူသော မြန်မာဘာသာ ပြောင်းရွေ့ လာခဲ့သည်၊ ကလေးသည် မိခင် ဘခင်တို့၏ စကားပြောသံ မကြားရသေးသမျှ မာဂဓ ဘာသာကိုသာ ပြော၏၊ မိဘတို့ စကားပြောသံကို ကြားရဘန် များ၍သာ မိဘတို့ ဘာသာကို တတ်သိရလေသည်၊ တယောက်ထည်းဖြစ်ရသော တောသား လူရိုင်းလည်း ဤ အတိုင်းပင်တည်း။

သမ္ဗုဒ္ဓါစာပိ။ ။ဘုရားရှင်၏ ဘုရားဖြစ်ရာ တရားဦးဟောတော်မူရာ အရပ်သည် မဂဓနယ် တည်း၊ ထို့ကြောင့်သည်း ဘုရားရှင်တို့ မာဂဓဘာသာဖြင့် တရားဟောတော် မူကြ၏၊ ထို့ပြင် နိရုတ္တိပဋိသမ္ဘိဒါဉာဏ် ရသော ပုဂ္ဂိုလ်သည် မာဂဓဘာသာဖြစ်သော ပိဋကဘော်ကို မသင်ရဘဲ အလိုလိုဘတ်၏၊ သက္ကတ ဘာသာ စသည့်ကိုကား ပဋိသမ္ဘိဒါ ဉာဏ်ရသော်သည်း တခါလာ သင်မှ တတ်ကြသည်၊ ထို့ပြင်-မာဂဓဘာသာ၌ အလေ့ အလာရှိသူ–မာဂဓ ဘာသာ ဖြစ်သော ပရိယတ်ကို သင်ယူ သူသည် နိရုတ္တိပဋိသမ္ဘိဒါ ဉာဏ်ကို ရဘို့ရာ အထောက်အပံ့သည်း ဖြစ်၏၊ ဤသို့လျှင် နိရုတ္တိသမ္ဘိဒါ ဉာဏ်၏ အာရုံဖြစ်ခြင်း–နိရုတ္တိပဋိသမ္ဘိဒါဉာဏ် ကို ရဘို့ရန်အထောက်အပံ့ ဖြစ်ခြင်းကြောင့်လည်း ဘုရားရှင်တို့ မာဂဓဘာသာဖြင့် ဟောပြတော်မူကြသည်၊ ထို့ပြင်-မာဂဓဘာသာသည် အခြားဘာသာကဲ့သို့ လုံးဝ ပျောက်ကွယ်၍ မသွားနိုင်၊ ထို့ကြောင့်လည်း မာဂဓ ဘာသာဖြင့် ဟောတော်မူကြသည်၊ ဤစကားဖြင့် "မာဂဓဘာသာနှင့် ဇိနဝစန (ဘုရား ပါဠိတော်) သည် ဘာသာအားဖြင့် သဘောတူကြောင်း" ကို ပြ၏။

ပါဠိဘာသာ။ ။ဤမာဂဓ ဘာသာကိုပင် ပိဋကတော်အဘွက် "ပါဠိ ဘာသာ" ဟူလည်း ခေါ်သေး၏၊ [ပါဠိ ကို "ပ+အာဠိ" ဟု ပုဒ်ခွဲ၊ ပသည် ပကဋ္ဌ အနက်ဟော

www.dhammaransi.com



ပန - ဆက်ဥုးအံ့၊ **အဓိကာရော** - အဓိကာရသည်၊ သိဟဂတိက မဏ္ဍူကဂတိက ယထာနုပုဗ္ဗိက ဝသေန - သိဟဂတိက, မဏ္ဍူက ဂတိက, ယထာနုပုဗ္ဗိကဘို့၏ အပြားအားဖြင့်၊ တိဝိဓော-၃ ပါး အပြား

တည်း၊ ] ပကဋ္ဌာနံ-မြတ်သော စကားတော်တို့၏+အာဠိ-အစဉ်သည်၊ ပါဠိ-မည်၏၊ ဘုရား့စကားတော်သည် "သီလ သမာဓိ ပညာ"စသော မြတ်သော အနက်အဓိပ္ပါယ်ကို ပြ၏၊ ထိုသို့ အနက်အဓိပ္ပါယ်တို့က မွန်မြတ်လျှင် ထိုအနက်အဓိပ္ပါယ်ကို ပြသောစကား အစဉ်သည်း "စကားကောင်း, စကားမြတ်, စကား့ အဘိုးတန်" ဖြစ်တော့၏၊ ထိုသို့ မွန်မြတ်သော စကားတို့၏ အစဉ် ဖြစ်သောကြောင့် ပိဋက ပါဠိ အဋ္ဌကထာ ဋီကာတို့၌ ရှိသော မာဂဓ ဘာသာကို "ပါဠိဘာသာ" ဟုလည်း ခေါ်ရပြန်သည်၊ ဤစကားဖြင့် မာဂဓ ဘာသာတိုင်းကို "ပါဠိဘာသာ"ဟု မခေါ်၊ ဇိနဝစနနှင့် သက်ဆိုင်သော မာဂဓ ဘာသာတချို့ကိုသာ "ပါဠိဘာသာ" ခေါ်သည် ဟု မှတ်။

**သတ္တိယ ဒေသိယ ဘာသာ။** ။[သတ္ထ=ကျမ်းဂန်၌+ဇာယ=ဖြစ်သော(ကျမ်းဂန်သုံး စာပေသုံး) ဘာသာ၊ ဒေသ = အရပ်ထည်း၌+ဇာယ = ဖြစ်သော ( စကားပြောရာ၌ သုံးစွဲအပ်သော ) ဘာသာ၊ ] မြန်မာ စကားသည် စာပေ ရေးသားရာ၌ အသုံးတမျိုး, စကားပြောရာ၌ အသုံးတမျိုးဟု ၂မျိုးကွဲပြား၏၊ ဥပမာ-"မြတ်စွာဘုရားသည် သာဝတ္ထိ ပြည်ဝယ် ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးတော်မူသောအခါ ဤ မင်္ဂလ သုတ်ကို ဟောတော် မူ၏"၊ ဤကား သတ္တိယ ( စာပေသုံး ) စကားတည်း၊ "မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန် ကျောင်းမှာ နေတော်မူတဲ့ အခါ ဒီ မင်္ဂလသုတ် ဟောတော် မူတယ်" ဤကား ဒေသိယ (အရပ်သုံး) စကားတည်း၊ ဤနည်း အတူ ဘာသာစကား တိုင်း၌ သတ္တိယဘာသာ-ဒေသိယဘာသာ ဟု ကွဲပြားနိုင်သည့်အား လျော်စွာ မာဂဓ ဘာသာလည်း ကျမ်းစာတို့၌ တွေ့ရသော ဘာသာသည် စာပေသုံး သတ္တိယဘာသာ ဖြစ်၍, ထိုစဉ်က မဂဓတိုင်းဖွား အရပ်သားတို့ ပြောသော ဘာသာသည် ဒေသိယဘာသာ ဖြစ်ပေလိမ့်မည်၊ ထို့ကြောင့် အာဒိကပ္ပိက စသည်တို့ ပြောသော မာဂဓဘာသာလည်း ဒေသိယမာဂဓပင် ဖြစ်ရာ၏၊ [ဤထက် ပိုမိုသော ဘာသာရပ် မှတ်ဘွယ်ကို ကျေးဇူးရှင် အဘယာရာမ ဆရာတော်၏ မောဂ္ဂလ္လာနနိဿယ နိဒါန်းမှာ ရှု။]

**အဓိကာရော ပန တိဝိဓော**—သီဟဿ-ခြင်္သေ့၏၊ ဂတိ-သွားပုံသည်၊ သီဟဂတိ-မည်၏၊ ခြင်္သေ့သည် သားကောင်ကိုဖမ်းဘို့ရာ အဟုန်ဖြင့် ရှေ့သို့ခုန်စဉ် ရန်သူကိုမြင်လျှင် ထိုအဟုန်မပျက်ဘဲ တဆက်ထည်း နောက်သို့ တုန့်လှည့်နိုင်သကဲ့သို့, ထို့အတူ လာလတ္တံ့ နောက်သုတ်များသို့ရင်း ဆိုခဲ့ပြီးသော ရှေ့သုတ်များသို့ရင်း လိုက်နိုင်သော (တသုတ် ထည်းဖြင့် ရှေ့နောက် ၂ဘက်လုံးသို့ လိုက်နိုင်သော) သုတ်သည်ရင်း, သုတ်၌ ပါသော ပုဒ်သည်ရင်း,သီဟဂတိဝိယ- ခြင်္သေ့သွားပုံနှင့် တူ၏၊ ဣတိ-ကြောင့်၊ သီဟဂတိကော-သီဟဂတိက အဓိကာရသုတ် မည်၏၊ [မဏ္ဍူက ဂတိကကို ပြခဲ့ပြီ။] ရှေ့နောက် ၂ဘက် သို့လည်း မလိုက်နိုင်, ခုန်ကျော်လည်း မလိုက်ဘဲ လာလတ္တံ့သုတ်များသို့ လိုက်နိုင်သမျှ တသုတ် ၂သုတ် ၃သုတ် စသည်ဖြင့် အစဉ်အတိုင်းလိုက်သော သုတ် (ထိုသုတ်၌ပါသော

www.dhammaransi.com



ရှိ၏၊ အယံပန - ဤ သုတ်ကား၊ ပုဗ္ဗာပရဝိလောကနတော - ရှေ့ နောက် ကြည့်ခြင်းကြောင့်၊ သီဟဂတိကော - သီဟဂတိက အဓိကာရ သုတ် တည်း၊ ဝါ-တနည်း၊ ယထာနုပုဗ္ဗိကောယေဝ-ယထာနုပုဗ္ဗိက အဓိကာရ သုတ်သာတည်း။

(၆၁) သဏ္ဌတဝိသဒိသံ - သဏ္ဌာဘနှင့်မတူသည်ကို၊ ကတွာ - ပြု၍၊ ဇိနဝစနာနုရူပသေန - ဘုရားပါဠိတော်အား လျော်သည်၏ အစွမ်းဖြင့်၊ ပကတိဋ္ဌပနတ္ထံ - ပကတိရုပ်ကို တည်ထားခြင်း အကျိုးငှါ ဝါ-ရုပ်တည် ခြင်းငှါ၊ ပရိဘာသံ-ပရိဘာသာသုတ်ကို၊ အာဟ-မိန့်ပြီ။

ပုဒ်) သည် "ယထာနုပုဗ္ဗံ-အစဉ်အတိုင်း+အဓိကာရော-ယှဉ်စပ်အပ်သော သုတ်တည်း၊ ဝါ-ပုဒ်တည်း၊ ဣတိ-ကြောင့်၊ ယထာနုပုဗ္ဗိကော-မည်၏"၊ [ဤ ၃ မျိုးတွင် သီဟဂတိကကို "သီဟဝိလောကန (ခြင်္သေ့ကြည့်ပုံနှင့် တူသော) အဓိကာရ" ဟုငင်း, ယထာနုပုဗ္ဗိကကို "နဒီသောတ (မြစ်ရေစီးပုံနှင့် တူသော) အဓိကာရ" ဟုငင်း ခေါ်သေး၏။]

**အယံ ပန၊ပေ၊ ဝိလောကနတော**—ဤ ဇိနဝစန ယုတ္တံဟိ သုတ်သည် ရှေ့နောက် ၂ ဘက်လုံးကိုကြည့်သော (လိုက်သော) ကြောင့် သီဟဂတိက အဓိကာရသုတ်တည်း၊ ရှေ့သို့လိုက်ပုံကား— "အက္ခရာပါဒယော ဧကစတ္တာလီသံ" အက္ခရာ အပိ—အက္ခရာတို့ မည်သည်လည်း၊ ဇိနဝစနယုတ္တာ- ဘုရားပါဠိတော်အား သင့်လျော် ညီညွတ်ကုန်သော၊ အာဒယော-အ အစရှိကုန်သော၊ ဧကစတ္တာလီသံ-၄၁ လုံးတည်း၊ နောက်သုတ်များသို့ လိုက်ပုံကား— "လိင်္ဂဉ္စ နိပစ္စတေ" ဇိနဝစနယုတ္တံဟိ- ဘုရားပါဠိတော်အား သင့်လျော် ညီညွတ်စွာသာလျှင်၊ လိင်္ဂဉ္စ-လိန်ကိုလည်း၊ နိပစ္စတေ-ပြီးစေအပ် (အပြီးအစီး တည်ထားအပ်)၏၊ ဤသို့စသည်ဖြင့် ရှေ့ နောက်သုတ်များသို့ လိုက်နိုင်သည်။

**ယထာနုပုဗ္ဗိကော ယေဝ ဝါ**—တနည်း, သန္ဓိပိုင်းလာ သုတ်များသို့ ဤ ဇိနဝစန ယုတ္တံဟိသုတ်လိုက်ဘွယ်မလို၊ ထင်ရှားစေအံ့— "အက္ခရာပါဒယော ဧကစတ္တာလီသံ" ၌ "၄၁ လုံးသာ အက္ခရာ မည်သည်" ဟု ဆိုထားသဖြင့် ထို ၄၁ လုံးသည် ဇိနဝစန နှင့် လျော်သော ၄၁ လုံးသာဖြစ်ရကား "ဇိနဝစနယုတ္တံဟိ" ဟု အထူးပြုနေဘွယ် မလို၊ "သရာ သရေ လောပံ" စသော ဝိဓိသုတ်များလည်း ဘုရားပါဠိတော်အတိုင်း ရှိပြီးပုဒ်များကို ပုဒ်စပ်ရုံ စပ်ပေးသော သုတ်များသာ ဖြစ်၍ "ဇိနဝစနယုတ္တံဟိ" ဟု အထူးပြုနေဘွယ် မလို၊ နောက်လာမည့်သုတ်များ၌သာ (အချို့အရာ၌ ရုပ်တည်ပုံကစ၍ သဏ္ဌာဘနှင့်မတူ ရကား) "ဇိနဝစနယုတ္တံဟိ" ဟု အထူးပြုဘွယ် လို၏၊ ထို့ကြောင့် "ဤ သုတ်သည် နောက်နောက် သုတ်များသို့သာ အစဉ်အတိုက် လိုက်သွားမည့် ယထာနုပုဗ္ဗိက အဓိကာရ သုတ်တည်း" ဟု ဆိုလိုသည်။

(၆၁) **သဏ္ဌတဝိသဒိသံ၊ပေ၊မာဟ** — သဏ္ဌာဘကျမ်းဘို့၌ "ဗုဒ္ဓ" ကဲ့သို့ "ရာမ" ဟု သရအဆုံးရှိသော ရုပ်ဘည်နည်း 'လိင်္ဂ' စသည်ဖြင့် ဗျည်းဆုံးသော ရုပ်တည်နည်း

www.dhammaransi.com



လိင်္ဂ နိပစ္စတေ၊ ၅၃၊ လိင် - လိန် ဟူသည်၊ ပါဋိပဒိကံ - ပါဋိပဒိကတည်း၊ ဝါ-ပုဒ်တိုင်း ပါဝင်နိုင်သော ပကတိသဒ္ဒါတည်း၊ ယထာယထာ - အကြင်အကြင် အပြားအားဖြင့် (ပြီးစေအပ်သည်ရှိသော်)၊ ဇိနဝစနယုတ္တံဟိ - သုဂတ ပါဠိတော်အား လျော်သည်သာလျှင် ဖြစ်သော၊ လိင်-လိန်သည်၊ (ဟောတိ-၏၊) တထာတထာ - ထိုထို အပြားအားဖြင့်၊ ဣဓ-ဤ ကစ္စည်းသုတ်၌၊ လိင် - လိန်ကို၊ နိပစ္စတေ - ပြီးစီးစေအပ်၏၊

ရှိ၏၊ ဗျာကရုဏ်ရူပတည်နည်းမှာ ဇိနဝစနနှင့် မလျော်သောကြောင့် “ လိဟ် ” စသော ရုပ်တည်ပုံမျိုးနှင့် မဘုစေဘဲ ဇိနဝစနနှင့် လျော်စွာသာ “ ပုရိသ-သဗ္ဗ ”စသည်ဖြင့် ရုပ်တည်ဘိုရန် ဤ “လိင်္ဂ နိပစ္စတေ” ဟူသော ပရိဘာသာသုတ်ကို မိန့်တော်မူသည်။

လိင်္ဂံ ပါဋိပဒိကံ — “ပါဋိပဒိကံ”ကား လိင်၏အဖွင့်တည်း၊ ပဒံပဒံ+ပတိ,ပဋိပဒံ၊ ပဋိပဒမေဝ ပါဋိပဒိကံ၊ ပဒံ၊ ပဒံ-ပုဒ်တိုင်း ပုဒ်တိုင်းကို+ပတိ - စွဲမှီသည်တည်း၊ ပဋိပဒံ-ပုဒ်တိုင်း ပုဒ်တိုင်းကို စွဲမှီသည်၊ (ပုဒ်တိုင်း ပုဒ်တိုင်း၌ ပါဝင်သည်၊) ပဋိပဒမေဝ-ပုဒ်တိုင်း ပုဒ်တိုင်း၌ပါဝင်သော သဒ္ဒါသည်ပင်၊ (ဏိက ပစ္စည်းအနက်သီးခြားမရှိ၍) ပါဋိပဒိကံ-ပါဋိပဒိကလည်းမည်၏၊ ပုဒ်တိုင်းပုဒ်တိုင်း၌ ပါဝင်နိုင်ပုံကား–“ပုရိသ” ဟူသော ပကတိသဒ္ဒါသည် ပုရိသော ပုဒ်၌လည်း ပါဝင်၏၊ “ပုရိသာ ပုရိသံ၊ ပေ၊ ပုရိသေသု”တို့၌လည်း ပါဝင်၏၊ ဤသို့ပါဝင်ရကား “ပုရိသ” ဟူသော လိင်သည် ပါဋိပဒိကလည်းမည်၏၊ နာမလည်း လိင်နှင့်အရတူပင်၊ [“လိင်္ဂံ ပါဋိပဒိကန္တိ နာမသေဿ ပရိယာယော”–ဋီကာ။]

ယထာယထာ၊ ပေ၊ ဌပီယတေ — နိပစ္စတေသည် နိပါတန ပုဒ်နှင့် (နိပုဗ္ဗ+ပတ) ခတ်ချင်းလည်းတူ, အဓိပ္ပါယ်ချင်းလည်းတူ၏၊ “ ပြီးစေအပ် ” ဟူရာ၌ ရုပ်ပြီးစေသော “အပြီး”မဟုတ်၊ “လိင်အဖြစ်ဖြင့် အပြီးအစီးရှိစေရ- တည်ထားရမည်”ဟု ဆိုလိုသည်၊ ထို့ကြောင့် နိပစ္စတေကိုပင် “ဌပီယတေ” ဟု ဖွင့်သည်၊ ပုရိသောကို ရှာ်တွက်သည့်အခါ “ပုရခေတ်,ဣသပစ္စည်း”ဟုအရင်းအမြစ်လိုက်၍ မတွက်ဘဲ “ပုရိသ”ဟု လိင်အဖြစ်မှာ အပြီးအစီးရုပ်တည်ပါ-ဟု ဆိုလိုသည်၊ ထိုသို့ရုပ်တည်ရာ၌“ပုရိသ, သဗ္ဗ, ရာဇ, ယ, တ” စသော အကြင်ကြင် အပြားအားဖြင့် တည်ထားလျှင် ဇိနဝစနနှင့် လျော်၏၊ ထိုထို (ဇိနဝစနနှင့် သင့်လျော်အောင်သော) အပြားအားဖြင့် ရုပ်တည်ပါ, “လိဟ်”စသည်ကဲ့သို့ ဇိနဝစနနှင့်မလျော်သောအပြားအားဖြင့် မတည်ပါနှင့်–ဟုပြလို၍“ယထာ ယထာ ဇိနဝစနယုတ္တံဟိ လိင်, တထာတထာ” ဟု မိန့်သည်။

ရူပသိဒ္ဓိဋီကာ။ ။“ယထာယထာ ယေနယေန ပကာရေန-အကြင်အကြင်သို့သော (ပုရိသ-ရုက္ခ အစရှိသော) အပြား အားဖြင့်၊ ဝုတ္တံ-သော၊ လိင်-သည်၊ ဇိနဝစနာ ဝိရုဒ္ဓံ-ဘုရားပ ဠိတော်နှင့် မဆန့်ကျင်သော၊ နာမံ-နာမ်သည်၊ ဘဝတိ-၏၊ တထာတထာ တေနတေန ပကာရေနေဝ-သာလျှင်၊ ပုရိသ,ရုက္ခ,သဗ္ဗ, ဘိက္ခု, ရာဇ, ဗြဟ္မ, အတ္တ, သဗ္ဗ, ယ, တ, တေ, အမှ, တုမှဣတိ ဝေမာဒိနာ နယေန-ပုရိသ (ပေ) တုမှ ဤသို့ အစရှိသော နည်းဟူသော၊ ဇိနဝစနဿ–

www.dhammaransi.com



ဌပိယတေ-တည်ထားအပ်၏၊ စသဒ္ဒေန-စသဒ္ဒါဖြင့်၊ ဓာတုဝေါစ-ဓာတ်တို့ကိုလည်း။ ( နိပ္ဖန္နေ-ပြီးစီးစေအပ်ကုန်၏၊ ) [ စသဒ္ဒေန-ဟု သီးခြားဖွင့်သောကြောင့် ရှေ့၌ စ မပါဘဲ "လိင်္ဂံ" ဟု ရှိစေ။]

ဣတိ-ဤ ငရိဘာသာကြောင့်၊ ဖိနဝစနာနုရူပတော - သေးအားဖြင့်၊ ပုရိသဣတိ - ပုရိသ ဟူ၍၊ လိင်္ဂေ-ကို၊ ထပိတေ-တည်ထားအပ်ပြီးသော်၊ တတော-ထိုမှ နောက်၌၊ ဧတေ ငွယဗိဘတ္တိဝဇ္ဇိတသ-ဓာတ်, ပစ္စည်း, ဝိဘတ်သည် ကြဉ်အပ်သော၊ အတ္ထဝတော - အနက်ရှိသော၊ တသသဒ္ဒသ-ထို ပုရိသသဒ္ဒါ၏၊ ပရသမညာပယောဂေတိ ပရိဘာသတော-ကြောင့်၊ လိင်္ဂသညာယံ-လိင်အမည်ကို၊ ( ကတာယံ- ပြုအပ်ပြီးသော် )၊ [ဝိဘတ္တိယော ပေါဟတ္တိ-သို့ လှမ်းစပ်။]

ဣတော- ဤ လိင်္ဂဋ္ဌနိပ္ဖန္နတေသုတ်မှ၊ ပရံ-နောက်၌၊ ဝိဘတ္တိပစ္စယာဒိဝိဓာနေ- ဝိဘတ်ပစ္စည်း အစရှိသည်ကို စီရင်ရာဖြစ်သော၊ သဗ္ဗတ္ထ-အလုံးစုံသော သုတ်၌၊ လိင်္ဂဂ္ဂဟဏံ-လိင်္ဂသဒ္ဒါသည်၊ အနုဝတ္တတေ-လိုက်၏။

> အား၊ အနန္တရူပ အက္ခရအန္တ ဝိငဇ္ဇိတာကာရေနေဝ-မလျော်သော အက္ခရာအဆုံးရှိသည့်(လိဟ်)အစရှိသည်ကို ရှောင်ကြဉ်သော အခြင်းအရာအားဖြင့်သာလျှင်၊ ဣမဂေ ဇ္စာယန လက္ခဏေ-ဤကစ္စည်းသုတ်၌၊ လိင်္ဂံနာမ-လိင်မည်သော၊ ပဒပကတိရူပံ-ပုဒ်၏ ပကတိရုပ်ကို၊ နိပ္ဖန္နတေ သိဒ္ဓံ ကတွာ ဌပိယတိ-အပြီးအစီးပြု၍ တည်ထားအပ်၏။

စသဒ္ဒေန ဓာတုဝေါစ ၊ ပေ ၊ လိင်္ဂသညာယံ -— လိင်္ဂဋ္ဌ စသဒ္ဒါသည် ဓာတ်ကိုဆည်း၏၊ အာချာတ် ကိတ်အပိုင်းတို့၌ ဓာတ်ရုပ်တွက်သည့်အခါ ဓာတ်ကိုလည်း ဖိနဝစနနှင့်လျော်အောင်"ဘူ, ဂမု"စသည်ဖြင့် တည်ပါ-ဟု ဆိုလိုသည်၊ စသဒ္ဒါ၏ အနက် ၅မျိုးတွင် တိုက်ရိုက်မဆိုအပ်သော အနက်ကို ဆည်းသော အဝုတ္တသမုစ္စည်း အနက်- ဟု မှတ်၊ [လိင်္ဂနှင့်စင်၍ နိပ္ဖန္နလိင် အနိပ္ဖန္နလိင် ၂ မျိုးကိုင်း, စသဒ္ဒါနှင့် စပ်၍ ကာရကသမုစ္စည်း-ကြိယာ သမုစ္စည်း-ဝါကျ သမုစ္စည်း ၃ မျိုးကိုင်း ပြောရိုး ပြုကြသည်၊ ၎င်းတို့ကို ကစ္စည်းဘာသာဋီကာမှာ ရှု၊ " ဓာတုပစ္စယဝိဘတ္တိဝဇ္ဇိတသ-အတ္ထဝတော" တို့၏ အဓိပ္ပါယ်ကို ပရသမညာပယောဂေသုတ်၌ ပြခဲ့ပြီ၊ ]ဤနေရာငယ် ရုပ်တွက်ရာ၌ ဆိုးရိုးအစဉ်ကို သိရာ၏၊-ပုရိသောကို " လိင်္ဂဋ္ဌ နိပ္ဖန္နတေ " ဟု ပရိဘာသာလာသောကြောင့် ဘုရားပါဠိတော်အား လျော်ပတ်စွာ "ပုရိသ"ဟု တည်၊ ထို ပုရိသကို "ပရသမညာပယောဂေ"ဟု ပရိဘာသာလာသောကြောင့် လိင်အမည် မှည့်။ .... [ ဤစကားအစဉ်ဖြင့် "ပုရိသ ဟု ရုပ်တည် ပြီး-လိင်အမည် မှည့်ပြီး " လောက်ကိုသာ သိရသေးသည်, "ပုရိသော " ဟု ရုပ်ပြီးအောင် မတွက်ရသေး-ဟု မှတ်။]

www.dhammaransi.com



(၆၂) တတော၀ ဝိဘတ္တိယော။ ၅၄၊ ဖိနဝစနယုတ္တေဟိ-နှင့်သော၊ တတောလိင်ေဟိ- ထို လိင်တို့မှ၊ ပရာ - နှောင်းကုန်သည်(ဖြစ်ကုန်သော-၍)၊ ဝိဘတ္တိယော ဟောန္တိ၊ စသဒ္ဒဂ္ဂဟဏေန - စသဒ္ဒါကိုယူသဖြင့်၊ တဝေ တုနာဒိ ပစ္စယန္တ နိပါတတော၀ိ - တဝေ တုန အစရှိသော ပစ္စည်းအဆုံးရှိသော နိပါတ်တို့မှလည်း၊ ( ပရာ ဝိဘတ္တိယော ဟောန္တိ )၊ ကမ္မာဒိဝသေန- ကံ အစရှိသည်တို့၏ အပြားအားဖြင့်ရင်း၊ ဧကတ္တာဒိဝသေနစ- တစ်ခု၏ အဖြစ် အစရှိသည်တို့၏ အပြားအားဖြင့်ရင်း၊ လိင်္ဂတ္ထံ - လိင်၏ အနက်ကို၊ ဝိဘဇန္တိ - ဝေဘန်တတ်ကုန်၏၊ ဣတိ - ထို့ကြောင့်၊ ဝိဘတ္တိယော-ဝိဘတ်တို့ မည်၏။

ဧတော၊ ပေ၊ မနုဝတ္တတေ—လိင်သဒ္ဒါသည် ဤ"လိင်္ဂနိဒ္ဒေသ"သုတ်မှနောက် ဝိဘတ်ပစ္စည်း စသည်ကို စီရင်ရာ သုတ်တိုင်း၌လိုက်၏၊ ထိုတွင် ဝိဘတ်ကို စီရင်ရာသုတ်ကား "သော"စသော သုတ်များတည်း၊ ပစ္စည်းကို စီရင်ရာသုတ်ကား "ဏုတ္တိယမတော အာပစ္စယော"စသော သုတ်များတည်း၊ ဝိဘတ်ပစ္စည်းကို မစီရင်ဘဲ လိင်၏ အဆုံး သရစသည်ကို စီရင်သော "အကာရ ပိတာဒျန္တာနမာ" စသော သုတ်များလည်း ရှိသေး၏၊ ထိုသုတ်များကို ပစ္စယာဒိ၌ အာဒိဖြင့် ယူ၊ ဤသို့လျှင် လိင် သဒ္ဒါလိုက်မှ ပြီးမည့်သုတ်ဟူသမျှသို့ လိုက်သည်။

(၆၂) စသဒ္ဒေန၊ ပေ၊ နိပါတတော၀ိ—ဤသုတ်သည် ဝိဘတ္တိဝိဓိသုတ်တည်း၊ အကျယ်ကို ကစ္စည်းဋီကာမှာ ရှု၊ တတော၀၌ စဖြင့် တဝေတုန ပစ္စည်းစသည် ဆုံးလျက်ရှိသော ကာတဝေ ကာတုန ကတွာ ကတွာန စသော နိပါတ်များကို ယူ၊ [ နိပါတ်ပုဒ်ခဏ်း၌ " ကာတဝေ " စသည်တို့ကို တွေ့ရလတ္တံ့၊ ] ထို့ကြောင့် ပစ္စယန္တနိပါတတော၌ ပစ္စယန္တအရ တခြား, နိပါတအရ တခြား ၂ မျိုးခွဲခြား၍ မယူအပ်၊ စ-ဝါ စသော နိပါတ်များမှာ နဂိုရ်ကပင် လိင် အမည်ရပြီး ဖြစ်၏၊ ( ကာရက—လိင်္ဂေ ပဉ္စမာသုတ်ကို လှမ်းကြည့်ပါ၊ ) ဆက်ဦးအံ့— " တဒ္ဓိတသမာသ ၊ ပေ ၊ နာမံဝါ တဝေ တုနာဒီသုစ"သုတ်က နာမ်ငဲ့ရာ၌ တဝေတုနာဒိပစ္စယန္တ သဒ္ဒါစုကို နာမ်မငဲ့ဘို့ရန် တားမြစ်ထားသည်၊ ထိုသို့ တားမြစ်ထားသည့် အတွက် နာမ်မဟုတ်လျှင် ( နာမ်နှင့်လိင်မှာ သဘောတူ ဖြစ်သောကြောင့် ) လိင်လည်းမဟုတ်, လိင်မဟုတ်လျှင် "တတော၀ဝိဘတ္တိယော=ထို လိင်မှနောင် ဝိဘတ်သက်"ဟူသော သုတ်ရင်း အဆိုအတိုင်း ဝိဘတ် မသက်နိုင်၊ ထို့ကြောင့်-တတော၀၌ စ သဒ္ဒါဖြင့် သက်ရသည်။

ကမ္မာဒိ၊ ပေ၊ ဝိဘတ္တိယော—ဤကား သုတ်၌ပါသော"ဝိဘတ္တိယော"ပုဒ်၏ ပဒဝိဂ္ဂဟ သံဝဏ္ဏနာတည်း၊ ဝိဘတ္တိယော၌ ဝိပုဗ္ဗ ဘဇဓာတ်သည် ဝေဘန်ခြင်း အနက်ကို ဟော၏၊ "ဝေဘန်"ဟူသည် ( " အမွေဝေဘန် " ဟူသကဲ့သို့ ) ခွဲခြမ်းခြင်းပင်တည်း၊ ချဲ့ဦးအံ့ – " ပုရိသ " ဟူသော လိင်၌ ဝိဘတ်မသက်ရသေးမီက "ယောကျာ်း" ဟူသော

www.dhammaransi.com



(၆၃) တာယော - ထို ဝိဘတ်တို့ဟူသည်၊ ကာစပန - အဘယ်တို့နည်း၊.... ဝိဘတ္တိယောတိ - ဟူသော သဒ္ဒါသည်၊ အဓိကာရော- တည်း၊ [ဝိဘတ်ဆိုင်ရာ သုတ်တိုင်းသို့ လိုက်ရမည် ဖြစ်၍ " အဓိကာရော " ဟု မိန့်သည်။]

သိ ယော အံ ယော ၊ ပေ၊ သ္မိံ သု ။ ၅၅ ။ သျာဒယော - သိ အစရှိကုန်သော၊ ဒွိသတ္တ-ခုနစ်သွယ် ၂ လီတို့သည်၊ဝိဘတ္တိယောနာမ ဟောန္တိ၊ တတ္ထ - ထို ဝိဘတ်တို့တွင်၊ ဒွိ သိ ယော ဣတိ - သိ, ယော ၂ လုံးတို့သည်၊ ပဌမာ(ဝိဘတ္တိ)-ပဌမာဝိဘတ်မည်၏၊ပေ၊ သ္မိံ, သု ဣတိ-သ္မိံ, သု ၂ လုံးတို့သည်၊ သတ္တမီ ( ဝိဘတ္တိ ) - သတ္တမီဝိဘတ်မည်၏၊ ဣဒံ ပန - ဤသုတ်ကိုကား၊ သညာဓိကာရ ပရိဘာသာ ဝိဓိသုတ္တေသု - တို့တွင်၊ သညာသုတ္တံ - သညာသုတ်ဟူ၍၊ ဒဋ္ဌဗ္ဗံ - မှတ်ထိုက်၏၊ ဟိ- မှန်၏၊ ဝုတ္တံ- ကစ္စည်းဝုတ္တိ၌၊ ဝိဘတ္တိ ဣစ္စနေန ကွစ္ဆော , အမှာသ မပံ သဝိဘတ္တိဿ သေတိ - ဝိဘတ္တိ ၊ ပေ ၊ သေဟူ၍၊ ဝုတ္တံ - ဆိုအပ်ပြီ၊ ဣတရထာ - ဤသို့

အနက်သာရှိ၏၊ အံဝိဘတ်သက်၍ ပုရိသံ ဟု ဖြစ်သည့်အခါ ယောကျ်ားအနက်နှင့် ကမ္မသတ္တိအနက် တွဲဘက်၍"ယောကျ်ားကို"ဟု အနက်တမျိုး ဖြစ်၏၊ နာသက်၍ ပုရိသေန ဟု ဖြစ်သည့်အခါ ယောကျ်ားအနက်နှင့် ကရိုဏ်းသတ္တိနက် တွဲဘက်၍ " ယောကျ်ားဖြင့် " ဟု အနက်တခုကွဲလာပြန်၏၊ ဤသို့ ဝိဘတ်သက်၍ အနက်တခုစီတခုစီ ကွဲပြားသွားပုံကို သိပါ၊ ဤကဲ့သို့ ကွဲပြားပြီးသော အနက်များကိုပင် ဧကဝုစ် ဝိဘတ်သက်၍ တခုထည်းအနက်စု , ဗဟုဝုစ်ဝိဘတ်သက်၍ အများအနက်စု ဟု ကွဲပြားရပြန်၏၊ ထိုသို့ ကွဲပြားမှုတွေသည် " အံ-ယော " စသော သဒ္ဒါတို့ကြောင့် ဖြစ်ရကား ထို သဒ္ဒါများကို "လိင်္ဂတ္ထံ ဝိဘဇန္တိ"ဟူသော ဝိဂ္ဂြိုဟ်အရ " ဝိဘတ္တိ " ဟု ခေါ်ရသည်၊ ကမ္မာဒိဝသေန္တ အာဒိဖြင့် ကရိုဏ်း သမ္ပဒါန်စသော ဝိဘတ်နက်ကို ယူ၍, ဧကတ္တာဒိ၌ အာဒိဖြင့် ဗဟုတ္တ (အများ၏ အဖြစ်)ကို ယူပါ။

သျာဒယော ၊ ပေ ၊ သတ္တမီ ဝိဘတ္တိ — " သျာဒယော ဒွိသတ္တ"၌" ၇ လုံး ၂ လီ" ဟူသည် သိ စသော ဝိဘတ် ၁၄ လုံး ပင်တည်း၊ ဤ သုတ်သည် " သိ စသည်ကို ဝိဘတ်အမည်မှည့်သော သညာသုတ်တည်း " ဟု ထင်ရှားစေလို၍ " ဝိဘတ္တိယောနာမ " ဟု နာမသဒ္ဒါထည့်၍ ဖွင့်သည်၊ "သိယော ဣတိ ပဌမာ"စသည့်ကား သိနှင့် ယော ၂ လုံးကို ပဌမာဝိဘတ်မည်၏-စသည်ဖြင့် ပဌမာဝိဘတ် ဒုတိယာဝိဘတ်စသော အမည်ကိုပြသော စကားတည်း၊ [ သီဟိုဠ်မူ၌ " ပဌမာဝိဘတ္တိ ၊ ပေ ၊ သတ္တမီဝိဘတ္တိ " ဟု ဝိဘတ္တိသဒ္ဒါ တိုက်ရိုက် ပါ၏၊ ဤရူပသိဒ္ဓိဆရာသည် ဤသုတ်ကို ဝိဘတ်အမည်မှည့်သော သုတ်ဟု ဆိုလိုသောကြောင့် ဝိဘတ္တိသဒ္ဒါ တိုက်ရိုက်ပါခြင်းသည် သာ၍ ကောင်း၏၊ " သိယော ဣတိ ဧဝံ ပဌိတာ ဒွေပိ ပဌမာဝိဘတ္တိနာမ"ဟူသော ဋီကာနှင့်လည်း ညီပေသည်။]

www.dhammaransi.com



မဟုတ်လျှင်၊ ပုရိမသုတ္တေန - ရှေ့သုတ်နှင့်၊ ကေယောဂေါ - တသုတ်ထည်းကို၊ ကတ္တဗ္ဗော-ပြုထိုက်၏၊ ဣတိ-ဤသို့ မှတ်အပ်၏။

စ-ဆက်ဦးအံ့၊ ဧတ္ထ - ဤ ဝိဘတ်တို့၌၊ ပဌမာဒိဝေါဟာရော-ပဌမာ အစရှိသော အခေါ်အဝေါ် သည်လည်းကောင်း၊ ကေဝစနာဒိ ဝေါဟာရောစ - ကေဝုစ် အစရှိသော အခေါ်အဝေါ် သည်လည်းကောင်း၊ အနွတ္ထဝသေန-အနွတ္ထ၏ အစွမ်းဖြင့်လည်းကောင်း၊ ပရသမညာဝသေန ဝါ - ပရသမညာ၏ အစွမ်းဖြင့်လည်းကောင်း၊ သိဒ္ဓေါ-ပြီး၏၊ ဣတိ ဝေဒိတဗ္ဗော၊ ကေဃ- တခုသော အနက်ကို၊ ဝစနံ-ဟောသောဝိဘတ်သည်၊ ကေဝစနံ - ကေဝုစ်မည်၏၊ ဗဟူနံ-များသော အနက်တို့ကို၊ ဝစနံ - သည်၊ ဗဟုဝစနံ - မည်၏၊ ဒွိန္နံ - ၂ သွယ်တို့၏၊ ပုရဏီ - ပြည့်ကြောင်းဝိဘတ်သည်၊ ဒုတိယာ - ဒုတိယာမည်၏၊ ဣတိ အာဒိ - ဤသို့ အစရှိသည်တည်း၊ ဣတရထာ - ဤသို့ မဟုတ်ဘဲ၊ ပုရိမ

ဣဒံ ပန ၊ ပေ ၊ ကေယောဂေါ ကတ္တဗ္ဗောတိ — ဤ စကားကား ချာသကို စောင်းသော စကားတည်း၊ ထင်ရှားစေအံ့ - ချာသ၌ ဤသုတ်ကို သညာသုတ် ဟု မဆိုလို၊ တတောစဝိဘတ္တိယောသုတ်၌ ပြခဲ့သော ဝိဘတ်ဟူသည် ဤ " သိ " စသည်တို့ပင်တည်း ဟု ဝိဘတ်သရုပ်ကိုပြသောသုတ် ဟု ဆိုလိုသည်၊ ["တတောစဝိဘတ္တိယောတိ ပုဗ္ဗေ ဝိဘတ္တိသညံ့ အထပေတ္တာ ဝုတ္တတ္တာ တာပနိမာတိ ဥာပနတ္ထံ တဒနန္တရံ ဝုတ္တံ " ချာသ၊ ] ရူပသိဒ္ဓိကား ဤသုတ်သည့် သညာသုတ်ပင်တည်း၊ ဘာထောက်၍ သိနိုင်သနည်း – ဟူမူ,.... ကစ္စည်းကျမ်း၌ သညာသုတ် မှန်လျှင် " တေန ကွစ္စော, ဣစ္စနေန ကွစ္စော=ဤ အမည်ကို မှည့်သဖြင့် အဘယ်သုတ်၌ အကျိုးရှိသနည်း"ဟု ဝုတ္တိ ဖွင့်လေ့ရှိ၏၊ ဤသုတ်၏ ဝုတ္တိ၌လည်း " ဝိဘတ္တိ ဣစ္စနေန ကွစ္စော, အမှသ ၊ ပေ ၊ သေ " ဟု ဖွင့်ထားသည်၊ ဤ ဖွင့်ပုံကို ထောက်၍ သညာသုတ် ဟု သိနိုင်သည်၊ ဤ"သိယော ၊ ပေ ၊ သွိံသု " သုတ်သည် ချာသ အဆိုအတိုင်း " ဝိဘတ်သရုပ်ပြသော သုတ် " ဖြစ်လျှင် ရှေ့သုတ်နှင့် တသုတ်ထည်းပေါင်း၍"တတောစ ဝိဘတ္တိယော–သိယော ၊ပေ၊ သွိံသု"ဟု သုတ်တည်သင့်ရာ၏၊ ယခုမှာ ထိုကဲ့သို့ မပေါင်းဘဲ "တတောစ ဝိဘတ္တိယော" တသုတ် "သိယော ၊ ပေ ၊ သွိံသု " တသုတ် ဟု ၂ သုတ်ခွဲထားရကား"ဝိဘတ် သရုပ်ပြ မဟုတ်, ဝိဘတ် အမည်မှည့်သော သညာသုတ်သာ ဖြစ်သည်"ဟုလို။

ကေဿ၊ပေ၊ ဗျာဒိ—ကား အနွတ္ထနာမည်ဖြစ်ပုံကို အကျဉ်းပြသော စကားတည်း၊ ဝိဘတ် ၇ စုံတွင် ရှေ့ ၇လုံးသည် တယောက် တခု တစု အနက်ကို ဟောသောကြောင့် " ကေဿ+ဝစနံ " အရ ကေဝုစ် မည်၏၊ နောက် ၇ လုံးကား ၂ မှ စ၍ အများကို ဟောသောကြောင့် " ဗဟူနံ + ဝစနံ " အရ ဗဟုဝုစ် မည်၏၊ ထို့တွင်လည်း သိယော ၂ လုံးသည် " ပဌမေ+ဘဝါ–ပဌမာ " အရ ပဌမဆုံး ဖြစ်သောကြောင့် ပဌမာ ဝိဘတ် မည်၏၊ အံယော ၂လုံးသည်"ဒွိန္နံ+ပူရဏီ"အရ ဒုတိယာဝိဘတ် မည်၏၊ ဣတိ အာဒိ၌ အာဒိဖြင့်"တိဏ္ဏံ+ပူရဏီ–တတိယာ ၊ ပေ ၊ သတ္တန္နံ+ပူရဏီ–သတ္တမီ"ဟု သိလေ။

www.dhammaransi.com



သုတ္တေ-ဤသုတ်၌၊ စသဒ္ဒေန-ဖြင့်၊ သညာကရဏော-နာမည်ပြုခြင်းသည်၊ (သတိ-ရှိလတ်သော်) အပ္ပကတ နိရတ္ထကာ ဝိဓိပ္ပသင်္ဂေါ - အရာမဟုတ်သည်၌ စီရင်ခြင်း, အကျိုးမရှိသော စီရင်ခြင်း၏ ကပ်ငြိဘွယ်သည်၊ သိယာ-ဖြစ်ရာ၏။

(၆၄) ဇိနဝစနယုတ္တံဟိတိ - ဇိန ၊ ပေ ၊ ဟိ သုတ်သည်ရင်း၊ လိင်္ဂနိပစ္စတေတိစ - သုတ်သည်ရင်း၊ ဝတ္တဘော၊ ဣမ - ဤ ကစ္စည်းကျမ်း၌၊ ပဒနိပ္ဖါဒနံပိ - ပုဒ်ကိုပြီးစေခြင်းသည်လည်း၊ ဇိနဝစနဿ-အား၊ အပိရောခေန-မဆန့်ကျင်သဖြင့်၊ (ဟောတိ)၊ ဣတိ -သို့၊ ဥာပေတုံ-သိစေခြင်းငှါ၊ ပရိဘာသန္တရံ-ပရိဘာသာတမျိုးကို၊ အာဟ-မိန့်တော်မူပြီ။

တဒနု ပရောခေန ။ ။ ယထာ ယထာ - အကြင် အကြင် သို့သော အပြားအားဖြင့် ( ငြိးစေအပ်သော် )၊ တေသံဇိနဝစနာနံ - တို့အား၊ ဥပ

ဣတရထာ၊ပေ၊ပသင်္ဂေါ သိယာ— " ဧတ္တစမှစ၍ ပသင်္ဂေါသိယာ " တိုင်အောင် ဤစကားလည်း ချဲ့သကို စောင်းသော စကားပင်တည်း၊ မှန်၏ — " တတောစ ဝိဘတ္တိယော " သုတ်အဖွင့် ချာသ၌ တတောစဝယ် စသဒ္ဒါဖြင့် ဧကဝစန ဗဟုဝစန ပဌမာ ဒုတိယာ စသော နာမည်များကို မှည့်လေ့သည်၊ ထိုသို့ မှည့်ရာ၌ကား အရာဌာန မဟုတ်ရာဝယ် စီရင်ခြင်း တည်းဟူသော အပြစ်, အကျိုးမရှိ စီရင်ခြင်း တည်းဟူသော အပြစ်များ ရောက်သည်-ဟူလို၊ မှန်၏— "တတောစဝိဘတ္တိယော " ဟု သုတ်ရင်းက ဝိဘတ်ကို စီရင် ပါလျက် စ သဒ္ဒါဖြင့် သညာကို စီရင် သောကြောင့် အရာ ဌာနနှင့် မတော်သော (မဆိမဆိုင်) အစီအရင်ကို စီရင်ရာရောက်၏၊ ထို့ပြင်—အန္ဝတ္ထသညာ ဖြင့်ရင်း ပရသမညာ ဖြင့်ရင်း ပဌမာ စသော ဧကဝစန စသော နာမည်များ ပြီးစီးပြီး ဖြစ်ပါလျက် စ သဒ္ဒါဖြင့် ထပ်၍ နာမည် မှည့်ခြင်းလည်း ဘုန်းကြီး များကို ရှေ့ထား၍ သွားနေပါလျက် " ဟေ့....ဘုန်းကြီး ရှေ့ကထား " ဟူသော အစီအရင်ကဲ့သို့ အကျိုး မရှိသော အစီအရင်ကို စီရင်ရာ ရောက်သည်-ဟု ဆိုလိုသည်။ [ ဤ၌ အပ္ပကတသည် "အပ္ပကရဏ"နှင့် အနက်တူတည်း၊ ပကတ=ပကရဏ-အရာ။]

(၆၄) ဇိန ၊ ပေ ၊ ပရိဘာသန္တရ မာဟ — " ပုရိသော ပုရိသာ " စသည်ဖြင့် ရုပ်ပြီးစေခြင်းကို " ပဒနိပ္ဖါဒန " ဟု ခေါ်၏၊ ထို ရုပ်ပြီးစေခြင်းသည်သည်း ဘုရားပါဠိ တော်နှင့် မဆန့်ကျင်စေရ-ဟု သိစေလို၍ " တဒနုပရောခေန " ဟူသော ပရိဘာသာ သုတ်တမျိုးကို မိန့်ပြန်သည်၊ ["လိင်္ဂနိပစ္စတေ"ဟု ပရိဘာသာသုတ် ရှိခဲ့ပြီး ဖြစ်သော ကြောင့် ဤသုတ်ကို "ပရိဘာသန္တရ=ပရိဘာသာတမျိုး"ဟု ဆိုသည်၊ သုတ်စစ်၌ကား ဤသုတ်ကို "ဥပပရိဘာသာသုတ်" ဟု ဆို၏၊ "လိင်္ဂနိပစ္စတေ" သုတ်က ရုပ်တည်ဘို့ရာ ပရိဘာသာ ပြုခြင်း - ဤသုတ်က ရုပ်ပြီး ဘို့ရာ ပရိဘာသာ ပြုခြင်းသည် ပရိဘာသာ ၂ သုတ်၏ ခြားနားချက်တည်း။]

www.dhammaransi.com



ရောစေ-ဆန့်ကျင်ခြင်းသည်၊ န ဟောတိ-မဖြစ်၊ တထာ တထာ-ထိုထို အပြားအားဖြင့်၊ ဣဓ-ဤကစ္စည်းကျမ်း၌၊ လိင်္ဂ-လိန်ကိုငင်း၊ စသဒ္ဒေန-စ သဒ္ဒါဖြင့်၊ အာချာတဉ္စ - အာချာတ်ကို ငင်း၊ နိပ္ဖဇ္ဇတေ - ပြီးစေအပ်၏၊ နိပ္ဖါဒိယတိ-ပြီးစေအပ်၏၊ ဣတိအတ္ထော-ဤကား အနက်။

တေနေဝ - ထို့ကြောင့်ပင်လျှင်၊ ဣဓေဝ-ဤနာမ်၌ငင်း၊ အာချာတေစ-အာချာတ်၌ငင်း၊ ဒွိဝစနာဂ္ဂဟဏဉ္စ - ဒွိဝုစ်ကိုမယူခြင်းကိုငင်း၊ သက္ကတ ဝိသဒိသတော - သက္ကတနှင့် မတူသောအားဖြင့်၊ ဝိဘတ္တိပစ္စယာဒိဝိဓာနဉ္စ-ဝိဘတ် ပစ္စည်း အစရှိသည်ကို စီရင်ခြင်းကိုငင်း၊ ကတံ - ပြုအပ်ပြီ၊ ဣတိ-ဤသို့၊ ဒဋ္ဌဗ္ဗံ-မှတ်သိုက်၏။

(၆၅) တတ္ထ - ထိုဝိဘတ်ကို စီရင်ရာ၌၊ အဝိသေသေန -'မည်သည့် ဝိဘတ်ဟု အထူးမမှတ်ခြင်းကြောင့်၊ သဗ္ဗသျာဒိဝိဘတ္တိပ္ပသင်္ဂေ-အလုံးစုံ သိ အစရှိသော ဝိဘတ်တို့၏ ကပ်ငြိဘွယ်သည်၊ (သတိ - သော်၊)..... သဒ္ဒပ္ပဝတ္တိ-သဒ္ဒါ၏ဖြစ်ခြင်းသည်၊ ဝတ္တိစ္ဆာနုပုဗ္ဗိကာ - ဝဒန္တုပုဂ္ဂိုလ်၏

ယထာ ယထာ၊ ပေ၊ နိပ္ဖါဒိယတိ—အကြင်အကြင် "ပုရိသော, သတ္တာ, ရာဇာ, သော, သော" စသည်ဖြင့် ပြီးစေအပ်သည် ရှိသော် ဇိနဝစနနှင့် မဆန့်ကျင်၊ ထိုထို "ပုရိသော" စသော အပြားအားဖြင့် လိန်ကို ပြီးစေရမည်၊ လိင်္ဂဉ္စ နိပစ္စတေမှ လိုက်ပါ လာသော စ သဒ္ဒါဖြင့် "အာချာတ် ရုပ်ကိုလည်း ဇိနဝစနနှင့် မဆန့်ကျင်အောင်ပြီးစေ ရမည်"ဟု ဆည်းသည်၊ "လိင်္ဂဉ္စ နိပစ္စတေ"သုတ်၌ ရုပ်တည်မှုနှင့် သက်ဆိုင်သောကြောင့် စ သဒ္ဒါဖြင့် "ဓာတု" ကို ဆည်းခဲ့ရသည်၊ မှန်၏-အာချာတ်ရုပ် ကိတ်ရုပ် ၂ မျိုးလုံးပင် ရုပ်တည်သည့်အခါ"ဂမု ပစ"စသည်ဖြင့် တည်သည်၊ ဤ တဒနုပရောစေန သုတ်ကား ရုပ်ပြီးမှုနှင့်ဆိုင်သောကြောင့် စသဒ္ဒါဖြင့် ဓာတ်ကို မဆည်းတော့ဘဲ "ဂစ္ဆတိ" စသော အာချာတ်ကိုသာ ဆည်းရတော့သည်၊ ကိတ်ရုပ် ပြီးပုံကား နာမ်ဝိဘတ်သက်၍ ကိတ်နာမ် အဖြစ်ဖြင့် ပြီးရသောကြောင့် လိင်္ဂ အရ၌ ပါဝင်လေပြီ၊ နိပစ္စတေအရလည်း "ရုပ်ပြီးသော အပြီးတည်း" ဟု သိစေလို၍ "နိပ္ဖါဒိယတိ" ဟု ဖွင့်သည်။

တေနေဝ၊ ပေ၊ ကတံ—ဤ "တဒနုပရောစေန" သုတ်က ဇိနဝစနနှင့် မဆန့်ကျင် အောင် ရုပ်ပြီးစေရမည်—ဟု ပရိဘာသာပြုသောကြောင့် ဤနာမ်ပိုင်းနှင့် အာချာတ်ပိုင်း ၂ဌာနလုံးပင် သက္ကတ ဗျာကရုဏ်းတို့၌ လာသော ဒွိဝုစ်ကို မယူရုံမက, ဝိဘတ်ပစ္စည်း စသည်ကိုလည်း သက္ကတ စီရင်ပုံနှင့် မတူအောင် စီရင်ထားသည်၊ အကျယ်ကို ကစ္စည်း ဘာသာဋီကာမှာ ရှု၊ အချုပ်မှာ-ဤသုတ်သည် ဒွိဝုစ်ကိုတားမြစ်၍ ဇိနဝစနနှင့် လျော်စွာ ရုပ်ပြီးစေရပုံကို ပြသောသုတ် တည်း၊ [အချို့ကား "ဒွိဝုစ်ကို တားမြစ်သော သုတ်" ဟုသာ ဆိုကြ၏၊ ထိုအဆိုမှာ "သက္ကတ ဝိသဒိသတော ဝိဘတ္တိပစ္စယာဒိ ဝိဓာနဉ္စ" ကို ထောက်၍ မလုံလောက်သော စကား ဟု မှတ်။]

www.dhammaransi.com



အလိုသာလျှင် အစဉ်ရှိ၏၊ ဣတိ – ထို့ကြောင့်၊ ဝတ္တိစ္ဆာဝသာ – ဝဒန္တ ပုဂ္ဂိုလ်အလို၏ အစွမ်းဖြင့်၊....(ပဉ္စမာ-၅ ၈၀၊)

လိင်္ဂတ္ထေ ပဉ္စမာ။ ၂၀၄ ။လိင်္ဂတ္ထာဘိဓာနမတ္တေ – လိင်္ဂ အနက်ကို ဟောသော သာမညသဒ္ဒါသည်၊ (သတိ-ဖြစ်လတ်သော်)၊ ပဉ္စမာဝိဘတ္တိ၊ ဟောတိ၊ ဣတိ-ဤသုတ်ဖြင့်၊ ပဉ္စမာ – ပဉ္စမာဝိဘတ်သက်၊.... တဏ္ဍာဝိ-ထို ပဉ္စမာဝိဘတ်တွင်သည်း၊ အနိယမေန-ဧကဝုစ် ဗဟုဝုစ် ဟု မသတ်မှတ်ခြင်းကြောင့်၊ ဧကဝစန ဗဟုဝစနပ္ပသင်္ဂေ – ဧကဝုစ် ဗဟုဝုစ် ၂ ရပ်လုံး၏ ကပ်ငြိဘွယ်သည်၊ (သတိ) "ဧကမှိ-တခုကို၊ ဝတ္တဗ္ဗေ- ဆိုထိုက်သော်၊ ဧကဝစနံ-ဧကဝုစ်ဝိဘတ်သက်၊" ဣတိ-ဤသို့၊ ပရိဘာသတော-ပရိဘာသာလာခြင်းကြောင့်၊ လိင်္ဂတ္ထဿ – လိင်အနက်၏၊ ဧကတ္တဝစနိစ္ဆာယံ-တခုအဖြစ်ကိုဆိုလိုလတ်သော်၊ ပဉ္စမေကဝစနံ – ပဉ္စမာ ဧကဝုစ် ဖြစ်သော၊ သိ-သိဝိဘတ်သက်။

(၆၅) တဏ္ဍ၊ပေ၊ဝတ္တိစ္ဆာဝသာ—ယခုအခါ ပုရိသလိင်နောင် ဝိဘတ်သက်ခွင့် ကြုံလာ၏၊ သို့သော် "တတောစ ဝိဘတ္တိယော" သုတ်က "ထို လိင်နောင် ဝိဘတ်သက်" ဟုသာ ဆို၏, "မည်သည့်ဝိဘတ်သက်" ဟူ၍ကား အထူးသတ်မှတ်၍ မပြခဲ့ချေ၊ ထို့ကြောင့် ထိုသုတ်လာ "ဝိဘတ္တိယော" အရတွင် သိ အစရှိသော ဝိဘတ်အားလုံး ကပ်ငြိ (ပါဝင်) လျက်ရှိသည်၊ သို့သော် "ဝတ္တိစ္ဆာနုပုဗ္ဗိကာ သဒ္ဒပဝတ္တိ=သဒ္ဒါ၏ ရှေ့နောက်ဖြစ်ပုံ(ရှေ့နောက် စီစဉ်ပုံ) သည် ဝဒန္တပုဂ္ဂိုလ်၏ အလိုသာလျှင် အစဉ်ရှိ၏(ဝဒန္တအလိုအတိုင်း စဉ်နိုင်၏)" ဟု အဆို ရှိသောကြောင့် ဝဒန္တပုဂ္ဂိုလ်က ဤနေရာ၌ လိင်အနက်ကို ဆိုလိုရကား လိင်အနက်မျှကို ထွန်းပြနိုင်သော ပဉ္စမာ ဝိဘတ်သာ သက်ရတော့သည်၊ [ဝတ္တု၊နော – ရွတ်ဆိုသော ပုဂ္ဂိုလ်၏၊ ဣစ္ဆာ-အလိုဆန္ဒသည်၊ ဝတ္တိစ္ဆာ-မည်၏၊ စာချပုဂ္ဂိုလ် စာသင် ပုဂ္ဂိုလ် ပါဠိစကားပြောသော ပုဂ္ဂိုလ်အားလုံးကို "ဝတ္တု(ဝဒန္တ)" ဟု ခေါ်၏၊ ထိုဝဒန္တ ပုဂ္ဂိုလ်၏ ဆန္ဒသည် "ဝတ္တိစ္ဆာ" မည်၏၊ [ယဿာ–အကြင် သဒ္ဒပဝတ္တိ၏၊ ဝတ္တိစ္ဆာ– ဝဒန္တပုဂ္ဂိုလ်၏ အလိုဟူသော+အနုပုဗ္ဗ-အစဉ်သည်၊ အတ္ထိ, ဣတိ ဝတ္တိစ္ဆာနုပုဗ္ဗိကာ-မည်၏၊]] ဝဒန္တ ပုဂ္ဂိုလ်က လိင်္ဂတ္ထမျှ ကို ဆိုလိုလျှင် ပဉ္စမာဝိဘတ် သက်ရ၏၊ ကံ အနက် စသည်ကို ဆိုလိုပြန်လျှင် ဒုတိယာစသည်သက်ရ၏၊ ["လိင်္ဂတ္ထာဘိဓာနမတ္တေ" အဖွင့်ကို ကစ္စည်းဘာသာဋီကာ၌ ပြထားသည်။]

တဏ္ဍာပိ၊ပေ၊ပဉ္စမေကဝစနံ သိ—"လိင်္ဂတ္ထေ ပဉ္စမာ" ဖြင့် ပဉ္စမာ ဝိဘတ်သက်-ဟု ဆိုရာ၌ ပဉ္စမာဧကဝုစ် ပဉ္စမာဗဟုဝုစ် ၂မျိုးလုံးပင် ကပ်ငြိ(ပါဝင်)လျက်ရှိပြန်၏၊သို့သော် "ဧကမှိ ဝတ္တဗ္ဗေ ဧကဝစနံ" ဟူသော ပရိဘာသာကြောင့် ဤနေရာ၌ ဝဒန္တ ပုဂ္ဂိုလ်က လိင်အနက်၏ တခုထည်း အဖြစ်ကို ( ယောကျ်ားတယောက်ထည်းကို ) ဆိုလိုရကား ပဉ္စမာဧကဝုစ် သိဝိဘတ်သာ သက်ရတော့၏၊ [ဧကမှိ–အနက်တခုကို၊ ဝတ္တဗ္ဗေ–ဝဒန္တ ပုဂ္ဂိုလ်က ဆိုထိုက်သော် (ဆိုလိုသော်)၊ ဧကဝစနံ–ဧကဝုစ် ဝိဘတ်သက်။]

www.dhammaransi.com



(၆၄) အဒေတာ နေနာဘိဏ္ဍတော-အဒေဘာနေနဟူသော ဤသုတ်မှ၊ အဒေတာဘိ - အဒေဘာပုဒ်သည်၊ ဝတ္တတေ - ၏၊ လိဂ်ဂဟဏာဠ္ဌ - လိဂ် သဒ္ဒါသည်လည်း၊ ဝတ္တတေ၊ [ လိဂ်သဒ္ဒါကား လိဂ်ဠ္ဌ နိပစ္စတေသုတ်မှ လိုက်လာသည်။]

သော။ ၁၀၄ ။ သိ - သိတပုဒ်၊ ဩ - ဩဘပုဒ်၊ ဣဘိ - ဤသို့ ဣဒံ- ဤသုတ်သည်၊ ဒွိပဒံ - ၂ ပုဒ်ရှိ၏၊ လိဂ်ဿ - လိန်၏၊ အကာရတော-အ အက္ခရာမှ၊ ပရဿ သိဝစနဿ ဩကာရော ဟောဘိ၊ ဟိ – မှန်၏၊ သုတ္တေသု-သုတ်တို့၌၊ ပဌမာနိဒ္ဒိဋ္ဌဿ-ပဌမာဝိဘတ်ဖြင့် ညွှန်ပြအပ်သော၊ ကာရိယိနော - ကာရိယီ၏၊ ဆဋ္ဌီဝိပရိဏာမေန-ဆဋ္ဌီဝိဘတ် ပြောင်းလွဲ သဖြင့်၊ ဝိဝရဏံ - ဝုတ္တိဖွင့်ခြင်းကို၊ အာဒေသာပေက္ခံတိ - အာဒေသကို ငဲ့၏ဟူ၍၊ ဒဋ္ဌဗ္ဗံ-၏။

စ-ဆက်ဦးအံ့၊ ဧတ္ထ-ဤသုတ်၌၊ သိဘိ-သိ ဟူသောပုဒ်ဖြင့်၊ ဝိဘတ္တိ- သိဝိဘတ်ကို၊ ဂယှတေ - ယူအပ်၏၊ (ကသ္မာ - အဘယ့်ကြောင့်နည်း)၊

(၆၆) သိ+ဩ တိ ဒွိပဒမိဒံ — ဤကား ချာသကိုစောင်းသော စကားတည်း၊ ချာသ၌ " သိဿ-သိ၏၊ ဩ-ဩတည်း၊ သော-သိ၏ဩ " ဟု ဝိဂ္ဂဟ်ပြု၍ " သော " ကို သမာသ်ပုဒ် တပုဒ်ထည်း-ဟု ကြံလေသည်၊ ထိုချာသကြံသည့်အတိုင်း သမာသ်ပုဒ် တပုဒ် ထည်းမဟုတ်, သိနှင့် ဩ ၂ ပုဒ်ကို သန္ဓိစပ်ထားသဖြင့် "သော" ဟု ဖြစ်ရသည်၊ [ယံ ပန ဉာသေ "သိဿ+ဩ" တိ သမာသံ ကတွာ ဝုတ္တံ၊ တံ သမ္ဗန္ဓိနော ဩကာရဿ အဘာဝ တော ( သိ၏+ဩ ) ဟု ဆိုခိုက်၌ (သိ) သာ ရှိ၍ (ဩ) မရှိသေးသောကြောင့်ရင်း၊ ကာရိယမာန ဩကာရဿစ သာပေက္ခတာယ သမာသာနုပပတ္တိတောစ ( ပြုအပ်လတ့ံ ဩကသည်း ဟောတိ ကြိယာကို ငဲ့သည့်အတွက် သမာသ် မစပ်သင့်သောကြောင့်ရင်း၊) အယုတ္တမေဝါတိ ဒဋ္ဌဗ္ဗံ။—ဋီကာ။]

သုတ္တေသု ဟိ ၊ ပေ ၊ အာဒေသာပေက္ခံ—သိနောင် သိသက်ချေ၍ "သိ" ဟု ပြီးသော ပဌမန္တကာရိပုဒ်ဖြစ်လျှင် " သိဝစနဿ " ဟု ဖွင့်ခြင်းသည် သင့်နိုင်ပါမည်လော-ဟု မေး ဘွယ်ရှိသောကြောင့် "သုတ္တေသု ဟိ" စသည်ကိုမိန့်၊ သုတ်တို့၌ ပဌမာဝိဘတျန္တကာရိပုဒ် များကို ဆဋ္ဌီ ဝိဘတ် ပြောင်းလွဲ၍ ဖွင့်ခြင်းသည် အာဒေသကိုငဲ့၍ ဖွင့်ခြင်းဖြစ်၍ သင့်မြတ် ပါ၏-ဟူလို၊ ထင်ရှားစေအံ့—" ဩကာရော-ဩအပြု " ဟူရာ၌ " ဘာ၏အပြုလဲ " ဟု သမ္ဗန်ကို ငဲ့လျက်ရှိ၏၊ ထို့ကြောင့် "သိဝိဘတ်၏+အပြု" ဟု အာဒေသကို ငဲ့ကာ သမ္ဗန် အနက်ကို ပြသော ဆဋ္ဌီဝိဘတ်ဖြင့် ဖွင့်ပြရလေသည်၊ ဥပမာ – "အံမေဝ နိဂ္ဂဟီတံ ဗျာလျာ ပေဟိ" သုတ်၌ အံမေဝ ဟူသော ပဌမန္တကာရိကို " အံဝစနဿ မကာရဿစ " ဟု ဆဋ္ဌီ ဝိဘတ်ဖြင့် ဖွင့်သကဲ့သို့တည်း။ [အဒေဘာအဘိသုတ်၌လည်း ဤအဓိပ္ပါယ် ပါခဲ့ပြီ။]

www.dhammaransi.com



ဝိဘတ္တိကာရိယ ဝိမိပ္ပကရဏတော - ဝိဘတ်၏ ကာရိယကို စီရင်သော သုတ်လျှင် အရာရှိသည်၏ အဖြစ်ကြောင့်တည်း၊ ဝါ-တနည်း၊ တတောဝ ဝိဘတ္တိယောဘိ ဏ္ဏတော- တတောဝ ဝိဘတ္တိယော ဟူသော ဤသုတ်မှ၊ ဝိဘတ္တိဂ္ဂဟဏာ နုဝတ္တနတော - ဝိဘတ္တိ သဒ္ဒါ လိုက်လားခြင်းကြောင့်တည်း၊.... ဇဝံ - ဤသို့၊ သဗ္ဗတ္ထ - အလုံးစုံသော၊ သျာဒိနံ-သိ အစရှိသည့်တို့၏၊ ကာရိယဝိဓာနေ - ကာရိယကို စီရင်ရာ၌၊ ဝိဘတ္တိနမေဝ- ဝိဘတ်တို့ကိုသာ၊ (ဂဟဏံ-ယူရခြင်းသည်၊ ဟောတိ-၏၊) ဉတိ-သို့၊ ဒဋ္ဌဗ္ဗံ-၏။

၆၇။ ဝါ ပရော အသရူပါတိ - သုတ်ဖြင့်၊ ပရလောပေ- နောက်သရ ကြေခြင်းသည်၊ သမ္ပတ္တေ - သော်၊ တဒပဝါဒေန-ထို နောက်သရ ကြေခြင်းကို တားမြစ်သဖြင့်၊ ပုဗ္ဗလောပံ-ရှေ့သရကြေခြင်းကို၊ အာဟ-ပြီ။

သရလောပေါ မာဒေသ ၊ပေ၊ ပကတိ။ ၈၃ ။ပရေ-သော၊ အံဝစနေ-အံဝိဘတ်လည်းဖြစ်သော၊ အာဒေသပစ္စယာဒိဘူတေစ-အာဒေသ,ပစ္စည်း အစရှိသည် ဖြစ်၍လည်း ဖြစ်သော၊ သရေ - သရကြောင့်၊ ပုဗ္ဗသရဿ လောပေါ ဟောတိ၊ သရလောပေ-သရကြေခြင်းကို၊[ လောပေ-ဟုသာ တချို့စာရှိ၏၊ သုတ်မှာပင် " သရလောပေ " ဟု သရပါခဲ့သောကြောင့် " သရလောပေ " ဟု သိမ္ဘူဇ‌တိုင်း ရှိသင့်၏၊ ] ကတေတု - ပြုအပ်ပြီး သော်ကား၊ ပရသရဿ - ၏၊ ပကတိဘာဝေါ- ပကတိ အဖြစ်သည်၊

ဧတ္ထစ သီတိ ၊ ပေ ၊ နုဝတ္တနတော ဝါ ၊ ပေ ၊ ဒဋ္ဌဗ္ဗံ — သုတ်၌ "သိ" ဟု သာမည ဆိုထားသော်လည်း သိဝိဘတ်ကိုသာ ယူရမည်၊ ဝိဘတ်မဟုတ်သော "အသိ-သန်လျက်" စသည်၌ပါသော သိသဒ္ဒါမျိုးကို မယူပါနှင့်၊ အဘယ့်ကြောင့်နည်း — ဝိဘတ်ကို စီရင်သော အရာဌာနဝယ် "သိ" ဟူသော ဤစကားကို ဆိုထားသောကြောင့်တည်း၊ ချဲ့ပါဦးအံ့— "အတောနေန" သုတ်သည် နာဝိဘတ်၏ နေ အပြုဟူသော ကာရိယကိုစီရင်သော သုတ်တည်း၊ " သော " သုတ်ကား "အတောနေန" သုတ်၏ အရာဝယ် ဆက်၍ ဆိုအပ်သော သုတ်တည်း၊ ထို့ကြောင့် ဤ "သော" သုတ်၌ပါသော သိလည်း အရာဌာနကို ထောက်၍ ဝိဘတ် (သိ) သာ ဖြစ်သင့်သည်၊ [ဤသို့ ပကရဏကို ထောက်၍ အနက်မှန် ယူသင့်ပုံကို အတိဿစန္တဿသုတ်၌လည်း ဖွင့်ပြခဲ့ပြီ၊ ] တနည်း — တတောဝ ဝိဘတ္တိယောသုတ်မှ ဝိဘတ္တိသဒ္ဒါသည် ဤသုတ်သို့ လိုက်လာ၏၊ ထို့ကြောင့် အရာ ဌာန ( ပကရဏ ) ကို မထောက်ဘဲလည်း "သိ" အရ သိဝိဘတ်ကို ယူနိုင်သည်၊ ပဌမနည်းအလို "သိ-သိဝိဘတ်သည် " ဟု ပေး၊ ဒုတိယနည်းအလို ဝိဘတ္တိသဒ္ဒါ လိုက်လာသောကြောင့် " သိဝိဘတ္တိ-သိ ဝိဘတ်သည် " ဟု အနက်ပေးပါ၊ ဝိဘတ်တို့၏ ကာရိယကို စီရင်ရာ သုတ်ဟူသမျှ၌ ဤနည်းအတိုင်း မှတ်။

www.dhammaransi.com



ဟောတိ၊ စ – ဆက်ဦးအံ့၊ ဧတ္ထ – ဤသုတ်၌၊ သရလောပေတိ – သရလောပေ ဟူ၍၊ ပုနဂ္ဂဟဏံ –'တဘန်ယူခြင်းသည်၊ ဍမိနာဝ – ဤသုတ်ဖြင့်သာ၊ ကတသရလောပ နိမိတ္တေယေဝ– ပြုအပ်ပြီးသော သရချေခြင်းဟူသော အကြောင်းကြောင့်သာ၊ ပရဿ – နောက်သရ၏၊ ဝိကာရေ– ဖောက်ပြန်ခြင်းဟူသော ... တမျိုးပြုဘွယ်သည်၊ သမ္ဘဝေ – သော်၊ ပကတိဘာဝတ္ထံ – ပကတိဖြစ်ရခြင်း အကျိုးရှိ၏၊ ပရသရဿ–၏၊ ပကတိဘာဝ ဝိဓာနနဲ့ သာမတ္ထိယတော – ပကတိ အဖြစ်ကို စီရင်ခြင်း၏ အစွမ်းသတ္တိကြောင့်၊ အာဒေသပစ္စယာဒိဘူတေ သရေ ပရေ တိပိ – အာဒေသပစ္စယာဒိဘူတေ သရေ ပရေ ဟူသော အနက်သည်လည်း၊ သိဒ္ဓ-ပြီး၏။

(၆၇) ပုဗ္ဗသရဿ၊ ပေ၊ ပကတိ ဘာဝေါ — ဤစကားရပ်ကား သုတ်၏ အဖွင့်တည်း၊ အမာဒေသ၌ အံ အရ အံ့ ဝိဘတ်ကို ယူ ဟု သိစေလို၍ "အံ့ ဝစနေ" ဟု ဖွင့်သည်၊ " ပုရိသ + အံ " ဟု ရှိရာ၌ အံဝယ် သရပါ၏၊ အာဒေသ ဟူသည် သိကို ဩ ပြုခြင်းစသည့်တည်း၊ ဤ အာဒေသ၌လည်း သရပါ၏၊ ပစ္စည်းဟူသည်လည်း ဏ အစ ရှိသော ပစ္စည်းများတည်း၊ ၎င်း အနုဗန်ကို ချေလိုက်သည့် အခါ အသရ ကျန်ရစ်၏၊ ဤသို့လျှင် အံ စသော အားလုံးမှာ သရပါသည်ချည်း ဖြစ်သောကြောင့်"သရေ ပရေ"ဟု ဖွင့်သည်၊ [ အားလုံး သရပါကြောင်းကို နောက်၌ ထင်ရှားစေဦး လတ့်၊ ] ချာသ၌မူ ပစ္စယ အရ၌"ထ"သော ဗျည်းပစ္စည်းများကိုလည်း ယူသေးသည်၊ [အကျယ်ကို ကစ္စည်းဋီကာမှာ ရှု၊] ရှေ့သရကို ချေပြီးသည့် အခါ နောက်၌ ( ပကတိ မပြုခဲ့သော် ) ဆက်၍ စီရင်ရမည့် သုတ်ကား ကွစာသဝဏ္ဏုသုတ်နှင့် ဒီဃံသုတ်တို့ သာ တည်း၊ ထို့ကြောင့် ထိုသုတ်တို့၏ အစီအရင်ကို တားမြစ်ခြင်းငှါ "ပရသရဿ ပကတိဘာဝေါ" ဟု ပရသရဿထည့်၍ ဖွင့်နိုင်သည်။

ဧတ္ထစ၊ ပေ၊ ပကတိဘာဝတ္ထံ—"သရလောပေါ မာဒေသ ပစ္စယာဒိမှိ, တု ပကတိ" ဟု ဆိုလျှင် ပြီးနိုင်သည်မဟုတ်ပါလော, အဘယ်အကျိုးငှါ "သရလောပေတု ပကတိ"ဟု သရလောပသဒ္ဒါကိုထပ်၍ ပြသနည်း–ဟု မေးဘွယ်ရှိသောကြောင့် " ဧတ္ထစ " စသည်ကို မိန့်၊ မြန်မာစကား၌ စကားတခွန်းကို ၂ ထပ်ပြောရသော အရာရှိ၏၊ ဥပမာ – "ထမင်းစားလော့, ထမင်းစားပြီးလျှင် လာခဲ့ " ဟု ရာ၌ ဒုတိယထမင်းစားသည် ပဌမထမင်းစားကို ထင်စေပြောသော စကားတည်း၊ ဤသို့ ထပ်ပြောသဖြင့် သူညွှန်ပြတဲ့ထမင်းကို စားပြီးနောက် လာခဲ့ဘို့ရန် တိုက်တွန်းသည်, အခြားအခါ၌ အခြား ထမင်းကို စားပြီးနေ၍ လာခဲ့ဘို့ရန် တိုက်တွန်းခြင်း မဟုတ် – ဟု သိသာသကဲ့သို့, ထို့အတူ"သရလောပေါ–ရှေ့သရကို ချေ၊ သရလောပေ – ရှေ့သရ ချေပြီးလျှင်၊ ပကတိ – နောက်သရကို ပကတိပြု " ဟု ဒုတိယ "သရလောပ"ကို ထပ်၍ ပြသောကြောင့် ဤသုတ်ဖြင့် ချေပြီးသည့် အခါ၌သာ ပကတိပြု–ဟု သိသာသည်၊ [ဍမိနာဝ၌ ဧဖြင့် သရာသရေလောပံ သုတ်ကို ကန့်၊ သရာသရေဖြင့် ချေရာ၌ကား ပကတိပြုဘို့ မလို,နောက်သရကို တစုံတခု စီရင်ခွင့်ကြုံလျှင် စီရင်လိမ့်မည်။]

www.dhammaransi.com



စ-ဆက်ဥုးအံ့၊ ဧတ္တ- ဤသုတ်၌၊ တျာဒိဝိဘတ္တိယော-တိ အစရှိသော အာချာတ် ဝိဘတ်တို့ကို၊ ပစ္စယတ္တေန - ပစ္စည်း၏ အဖြစ်ဖြင့်၊ ဝါ - ပစ္စယ သဒ္ဒါဖြင့်၊ ဂယှရေ - သွင်းယူအပ်ကုန်၏၊ ဣဒံ အာဒိဂ္ဂဟဏံ - ဤ အာဒိ သဒ္ဒါသည်၊ အာချာတကိတကေသု - အာချာတ် ကိတ်တို့၌၊ အာဂမတ္ထံ- အာဂုံကို ယူရခြင်း အ-ကျိုးရှိ၏၊ ပစ္စယာသာဟစရိယာ - ပစ္စယသဒ္ဒါနှင့် တကွဖြစ်သည့်၏ အဖြစ်ကြောင့်၊ အာဒေသော၀ - အာဒေသ ဟူသည်

ပရသရဿ ၊ ပေ ၊ သရေ ပရေတိပိ သိဒ္ဓံ— "(နောက်သရကို တစုံတခု မပြု မစီရင်ရ) ပကတိ အတိုင်း နေပေစေ" ဟု နောက်သရ၏ ပကတိ အပြုကို စီရင်ခြင်း၏ အစွမ်းသတ္တိကြောင့် (နောက်သရ၏ ပကတိ ဖြစ်ပုံကို ကောက်ချက်ချလိုက်လျှင်) နောက်က နှောင်းသော အာဒေသပစ္စည်း စသည်တို့သည် အစ၌ သရပါသော အာဒေသပစ္စည်းများ ဖြစ်ကြောင်း ထင်ရှား၏၊ ထို့ကြောင့် သုတ်ကိုဖွင့်ရာ၌ "အာဒေသ ပစ္စယာဒိဘူတေ သရေ ပရေ" ဟု "သရေ" သဒ္ဒါကို ထည့်စွက်၍ ဖွင့်နိုင်သည်-ဟူလို၊ အံ ဝိဘတ်အတွက်မှာ သရ ဖြစ်ကြောင်း ထင်ရှား၍ အထူးမဆိုတော့၊ ထို့ကြောင့် " အာဒေသစ္စယာဒိဘူတေ သရေ ပရေ" ဟု ပါ၌မှန်ရှိစေ။

သိဒ္ဓံစသည်ထားပုံ ။ ။ ကောက်ချက်ချ၍ အဓိပ္ပါယ် တခုခု ကျရောက် ပေါ်ထွက်လာသည်ကို "စကားကျ" ဟု ခေါ်၏၊ ထိုသို့ အဓိပ္ပါယ်စကားကျရာ၌ "သိဒ္ဓံ" ဟု ထားလေ့ရှိ၍, သန္နိဋ္ဌာန်ကျ ဆုံးဖြတ်ချက်ချရမည့် (ယုံမှားသံသယ မရှိ-အသေအချာ မှတ်ရမည့်) အရာဝယ် "ဒဋ္ဌဗ္ဗံ" ဟု ထားလေ့ရှိ၏၊ "ဝေဒိတဗ္ဗံ" ဟု ထားရာ၌မူ "မသေမချာ ရှိသော အရာ" ဟု ပြောစမှတ်ပြု၍ " ဒဋ္ဌဗ္ဗံကား သန္နိဋ္ဌာန်၊ ဝေဒိတဗ္ဗံကား သံသယ၊ သိဒ္ဓံရှိက စကားကျ" ဟု ဆိုရိုးပြုကြ၏၊ သို့သော် တချို့ဝေဒိတဗ္ဗံ၌မူ မုချသိရမည့် အရာလည်းရှိ၏၊ သိဒ္ဓံကား စကားကျပင် များပေသည်။

တျာဒိဝိဘတ္တိယော ၊ ပေ ၊ ဂယှရေ — သုတ်၌ "အမာဒေသပစ္စယာဒိမှိ" ဟုသာ ဆို၏၊ ပစ္စတ်, အပစ္စည်း, အန္တိဝိဘတ်ရှိရာဝယ် ဤ သရလောပေါသုတ်ဖြင့် ရှေ့သရကို ချေရမည်မဟုတ်ပါလော, ထိုအာချာတ်ဝိဘတ်များကို အဘယ်သဒ္ဒါဖြင့်ယူရမည်နည်း-ဟု မေးဘွယ်ရှိသောကြောင့် " တျာဒိဝိဘတ္တိယော " စသည်ကို မိန့်၊ တိ စသော အာချာတ် ဝိဘတ်များကို ပစ္စယာဒိမှိဝယ် ပစ္စယသဒ္ဒါဖြင့် ယူရမည်၊ "ပစ္စယ" အရ၌ တဒ္ဓိတ် ကိတ် ပစ္စည်းတို့သာမက, အာချာတ်ဝိဘတ်များလည်း ပါဝင်ကြသည်-ဟူလို၊ ထိုစကားသင့်၏- ပစ္စည်းနှင့်ဝိဘတ်တို့သည် လိန်ခတ်နောင် သက်ရချင်း တူသောကြောင့် အချို့အရာဝယ် ဝိဘတ်များကို သီးခြားမဆိုဘဲ ပစ္စယအရ၌ သွင်းယူလေ့ ရှိသည်၊ " ဓာတုလိင်္ဂေဟိ ပရာ ပစ္စယာ"၌ ပစ္စယအရတွင် ဝိဘတ်များ ပါဝင်ပုံမျိုးတည်း။

အာဒိဂ္ဂဟဏ ၊ ပေ ၊ အာဂမတ္ထံ— [ " ကိတကာဒိသွာဂမတ္ထံ " ဟုလည်း "ကိတကေသွာဂမတ္ထံ" ဟုလည်း ပါ၌ ၂ ထွေရှိရာ အာဒိဖြင့် ယူဘွယ်ရာ မရှိသောကြောင့် နောက် ပါ၌သာ ကောင်း၏၊ ] ပစ္စယ အရတွင် အာချာတ်ဝိဘတ်များကို ယူပြီးဖြစ်သောကြောင့်

www.dhammaransi.com



လည်း၊ ပကတိပ္ပရော-ပကတိ(လိန်ခတ် )မှ နောက်ဖြစ်သော အာဒေသ တည်း၊ တေန-ထို့ကြောင့်၊ အတ္တာဟာဒိကေ-အတ္တအပြု,အာဟာအပြု အစရှိသော အာဒေသသည်၊ ပရေ-နှောင်းလတ်သော်၊ ပဒန္တသရလောပေါ-ပုဒ်အဆုံး သရ၏ ကြေခြင်းသည်၊ န-မဖြစ်။

တုဂ္ဂဟာဏံ- တုသဒ္ဒါသည်၊ ဘိက္ခုနီ အာဒိသု - ဘိက္ခုနီ အစရှိသော ပြယုဂ်တို့၌၊ သရလောပနိဝတ္တနတ္ထံ - ရှေ့သရကြေခြင်းကို တားမြစ်ခြင်း

ပစ္စယာဒိမှ၌ အာဒိဖြင့် အာချာတ် ကိတ်တို့၌ အာဂုံသရကို ယူရမည်၊ အာချာတ်၌ အာဂုံကား "ဣကာရာဂမော အသဗ္ဗဓာတုကမှိ" သုတ်ဖြင့်လာသော ဣသရတည်း၊ ကိတ်၌ အာဂုံကား "ယထာဂမမိကာရော" သုတ်ဖြင့် လာသော ဣသရတည်း၊ ထိုအာဂုံသရများ နှောင်းရှ်၌လည်း ဤသုတ်ဖြင့် ရှေ့သရကို ချေနိုင်သည်-ဟူလို၊ "သုဏိဿတိ,သုဏိဘဗ္ဗံ" စသည်ကား ပုံစံ။

ပစ္စယာသာဟစရိယာ၊ပေ၊ပကတိပ္ပရော—ကျမ်းဂန်တို့ဝယ် အဓိပ္ပါယ်ကို ယူရာ၌ "အတ္ထပ္ပကရဏ" စသည်ကို ချိန်ဆ၍ ယူရသကဲ့သို့ "သာဟစရိယ "ကို ချိန်ဆ၍သည်း ဆိုလိုရင်း အဓိပ္ပါယ်ကို နားလည် ရသည်၊ ဥပမာ - သာရိပုတြာသည် "ဟတ္ထက သာရိပုတြာ, အရှင်သာရိပုတြာ " ဟု ရှိ၏၊ ထိုတွင် " သာရိပုတ္တ မောဂ္ဂလ္လာနာ " ဟု ဆိုလိုက်လျှင် သာရိပုတ္တအရ ဟတ္ထက သာရိပုတြာ မဟုတ်, အရှင် မောဂ္ဂလ္လာန်နှင့် တကွ ဖြစ်ဘက် အရှင်သာရိပုတြာ ဖြစ်ကြောင်းကို သာဟစရိယ နည်းအားဖြင့် သိရသကဲ့သို့, ထိုအတူ အာဒေသသည် ပကတိ ( လိန်ခတ် )နောက်၌ ပြုရသော "သိ၏ ဩ အပြု, ယော့ဝိဘတ်၏ ဧ အပြု" သော ဝိဘတ်ပစ္စည်းတို့၏ အာဒေသ, ပကတိ ( လိန်ခတ် ) ကိုပင် ပြုရသော"အဘိကို အဗ္ဘ, မြူဓာတ်ကို အာဟ " စသော အာဒေသ စသည်ဖြင့် အမျိုးမျိုးရှိ၏၊ ထိုတွင် လိန်ခတ်နောင် သက်သော ပစ္စယသဒ္ဒါနှင့် တွဲဘက်၍"အာဒေသ ပစ္စယာဒိမှိ " ဟု ဆိုထားသောကြောင့် ပကတိ ( လိန်ခတ် )နောင် ပြုရသော အာဒေသ များကိုသာ ယူရမည်၊ [ သဟစရဿ-အတူသွားဘက် အတူနေဘက် အတူဖြစ်ဘက်၏၊ ဘာဝေါ–ဖြစ်ကြောင်း ဖြစ်ရာ ( အတူတကွ သွားခြင်း နေခြင်း ဖြစ်ခြင်း ) ကြိယာသည်၊ သာဟစရိယံ-မည်၏၊ ဤ၌ကား အတူတကွ ဆုံခြင်းကိုပင်"သာဟစရိယ"ဟု မှတ်။]

ပဒန္တသရလောပေါန၊ပေ၊ပရေ—ဤသို့လျှင် အာဒေသအရ "လိန်ခတ်နောင် ဝိဘတ်ပစ္စည်း၏ အပြုဖြစ်သော အာဒေသကိုသာ ယူရမည် ဖြစ်သောကြောင့် "ကိတ္တိ သဒ္ဒေါ+အဗ္ဘုဂ္ဂတော"စသည်၌ အဘိကို အဗ္ဘပြုသော အာဒေသ နှောင်းသော်လည်း သဒ္ဒေါပုဒ်၏ အဆုံး ဩကို ဤသုတ်ဖြင့် မချေနိုင်၊ "သတ္တာ+အာဟ " ၌ မြူဓာတ်ကို ပြုသော "အာဟ" အာဒေသနှောင်းသော်လည်း သတ္တာပုဒ်၏ အဆုံးအာကို ဤသုတ်ဖြင့် မချေနိုင်၊ [ အတ္တာဟာဒိကေ၌ အာဒိဖြင့် "ဂါထာဟိ+အဇ္ဈဘာသိ, ဘိက္ခူ+အာဟံသု" စသည်ကို ယူ။ ]

တုဂ္ဂဟဏံ၊ပေ၊ နိဝတ္တနတ္ထံ— " ဘိက္ခု+ဣနီ " ဟု ဖြစ်ပြီးသည့်အခါ နောက်၌ ဣနီပစ္စည်း နှောင်းလျက်ရှိ၏၊ ပစ္စည်းနှောင်းလျှင် သရလောပေါ မာဒေသပစ္စယာဒိမှိ၌

www.dhammaransi.com



အနက်ရှိ၏၊....နယေ ပရံ ယုတ္တေတိ-သုတ်ဖြင့်၊ ပရံ – နောက်အက္ခရာသို့၊ နေတဗ္ဗံ-ဆောင်ကပ်ရာ၏၊....ပုရိသော-သည်၊ တိဋ္ဌတိ-တည်၏။

(၆၈) ပုရိသောစ – ယောက်ျားလည်း၊ ပုရိသောစ-လည်း၊ ဣတိ-ထို့ကြောင့်၊ ပုရိသ ပုရိသ ဣတိ – ပုရိသ ပုရိသ ဟူ၍၊ ဝတ္တဗ္ဗေ – ဆိုထိုက်သော်။

သရူပါနုမေကသေသွသကိံ။ ၁၇၈ ။အသကိံ-၌၊ သရူပါနံ=သမာနရူပ်နံ-တူသောသုတိရှိကုန်သော၊ ပဒဗျဉ္ဇနာနံ-တို့၏၊ မဇ္ဈေ - အလယ်၌၊ ဧကောဝ-တခုသာလျှင်၊ သိဿတေ-ကြွင်း၏၊ အညေ – အခြား ပုဒ်ဗျည်းတို့သည်၊ လောပံ အာပဇ္ဇန္တေ၊ ဣတိ – ဤသုတ်ဖြင့်၊ ဧကသေသော – ဧကသေသ်ပြု၊ စ-ဆက်၊ ဋ္ဌ-ဤသုတ်၌၊ သရူပါနန္တိ – သရူပါနံ ဟူ၍၊

ပစ္စယ အရ ဤသုတ်ဖြင့် ကျွန်ုပ်ဒသရကို ချေရတော့မည်ကဲ့သို့ ဖြစ်၏၊ သို့သော် ဤကဲ့သို့ အရာ၌ တားမြစ်ခြင်းအကျိုးငှါပင် တု သဒ္ဒါကို မိန့်ဆိုထားသည်-ဟူလို၊ [ကစ္စည်းဒုတ္တိလာ " တုဂ္ဂဟဏံ အဝဓာရဏတ္ထံ " ဟူရာ၌လည်း ဤ အဓိပ္ပါယ်ပင်၊ ဘိက္ခုနီ အာဒိသုန္ဒ အာဒိဖြင့် "ဂဟပတာနီ" စသည်ကို ယူ။]

(၆၈) ပုရိသောစ၊ပေ၊ဝတ္တဗ္ဗေ—ယောက်ျား ၂ ယောက် စသည်ကို ပြောဆိုလိုရာ၌ "ပုရိသော" ဟု ရုပ်ဒြပ်စ်သာပုံကို အရင်းမှစ၍ ပြလိုသောကြောင့် "ပုရိသောစ" စသည်ကိုမိန့်၊ "ပုရိသောစ ပုရိသောစ" ဟု ဝိဂ္ဂဟပြု, (သမာသ်ထုံးစံ အတိုင်း ဝိဘတ်နှင့် စနိပါတ်တို့ကို ချေပြီးသည့်အခါ) "ပုရိသ ပုရိသ" ၂ ခုကျန်၏၊ ၃ ယောက် ဆိုလိုရာ၌ "ပုရိသော" ၃ ခု ဝိဂ္ဂဟပြုပုံ စသည်ကို သိလေ [ထို့နောက် သရူပါနမေကသေသွသကိံ သုတ်ဖြင့် တပုဒ်ကို ချန်၍ ကျန်အားလုံးကို ချေလိုက်သည့်အခါ "ပုရိသာ" ဟု ဖြစ်လတ္တံ့။]

**မှတ်ချက်** ။ ။ ဆရာအချို့ကား — " ယောက်ျားအများကို ဆိုလိုရာ၌လည်း "ပုရိသောစ ပုရိသောစ" ဟု ၂ ပုဒ်သာ ဝါကျပြုရမည်၊ ဘာ့ကြောင့်နည်း – ဇာတိသဒ္ဒါ ဖြစ်သောကြောင့်တည်း " ဟု ဆိုကြသေး၏၊ ထိုအဆိုကို "အညေ လောပမာပဇ္ဇန္တေ= အခြားပုဒ်တို့ကိုချေ" ဟူရာ၌ ချေစရာပုဒ်တွေက ၂ ပုဒ် ၃ ပုဒ် စသည်များသောကြောင့် "အညေ" ဟု ဗဟုဝုစ် ဆိုပုံကိုပြသော ရူပသိဒ္ဓိစာကိုယ်ဖြင့်၎င်း, အသကိံကို အနေက ဝါရံ" ဟု (၂ကြိမ်မက အကြိမ်များစွာ ဟု) ဖွင့်သော ဋီကာစကားဖြင့်၎င်း "ဒသ ဒသကံ သတံ" စသောသုတ်၌ သင်္ချာဇာတ်ကိုဟောသော ဒသသဒ္ဒါ ဆယ်ခုကို ဧကသေသ်ပြုပုံ စသည်ကို ပြသောစကားဖြင့်၎င်း စဉ်းစားကြပါလေ။

ဖွင့်ပုံ။ ။သုတ်၌ သရူပါနံကို "သမာနရူပါနံ" ဟု ပဌမဖွင့်၍ "ပဒဗျဉ္ဇနာနံ" ဟု ဒုတိယဖွင့်၏၊ ထိုတွင် "သမာန" ဖြင့် သရူပါနံ၌ "သ" သည် သမာန အနက်ရှိ၏-ဟု သိစေ၏၊ "ပဒဗျဉ္ဇနာနံ" ဖြင့် " တူသောသုတိရှိသော အရာ " ဟူရာ၌ ဝိဘတ် ပစ္စည်း စသည် မယူရ, ပုဒ်ဗျည်းများကို ယူပါ-ဟု သိစေ၏၊ [ "ပဒ+ဗျဉ္ဇန " ဟု တွဲ၍ဆိုသောကြောင့်

www.dhammaransi.com



ဝုတ္တတ္တာဝ - ဆိုအပ်သည့်၏ အဖြစ်ကြောင့်ပင်၊ အသကိံ ပယောဂေ - တကြိမ်မကသော ပြယုဂ်သည့်၊ သိဒ္ဓေ - ပြီးပါလျက်။ ပုန - တဘန်၊ အသကိံ ဂဟဏံ-အသကိံ သဒ္ဒါသည်၊ (ဒသနတ္တံဒ္ဓ စပ်)၊ ဧက ဝိဘတ္တိ ဝိသယာနမေဝ - တခုသော ဝိဘတ်၏ သက်ရာ ပုဒ်တို့၏သာ၊ အသကိံ ပယောဂေဧဝ-တကြိမ်မကသော ပြယုဂ်၌သာ၊ အယံ - ဤ ဧကသေသ် သည်၊ (ဟောတိ)၊ ဣဘိ–ဤသို့၊ ဒသနတ္တံ -ပြရခြင်းအကျိုးရှိ၏။

ဗျဥ္ဇနအရ ဗျည်းတလုံးထည်းကို မယူရ-အက္ခရာအပေါင်းဖြစ်သော ပုဒ်ကိုသာ ယူရမည်၊ ထိုပုဒ်သည်လည်း နဂ်ရိက ဝိဘတ်ဆုံးသောကြောင့်သာ ပုဒ်အမည်ရသည့်, ဧကဧသ် ပြုရာအခါ၌မူ ဝိဘတ် မရှိတော့ချေ၊ ချာသဠ်ကား ·ဗျဥ္ဇန အရာယ် "တကာယ့်ကိုယ် ဗျည်းတလုံးထည်း ယူနိုင်ကြောင်း (အတိသ စန္ဒသသုတ်၌) ဖွင့်သေး၏၊ ] မဇ္ဈေကား သရှုပါနံ၌ နံဝိဘတ်သည် နိဒ္ဓါရဏအနက်ရှိ၏-ဟု သိစေသော အဖွင့်တည်း၊ ထိုစကား မှန်၏-နံဝိဘတ်၏ နိဒ္ဓါရဏအနက် ဖြစ်သင့်ရာ၌ "မဇ္ဈေ-အန္တရေ" ထည့်၍ ဖွင့်တတ်၏၊ ထို့ကြောင့် "ဗျဥ္ဇနောစ ဝိသညောဂေ" သုတ်၏ စ အနက်ကို ပြရာ၌ ကစ္စည်းဝုတ္တိဝယ် "တိဏ္ဏံဗျဥ္ဇနာနံ အန္တရေ=ဗျည်း သုံးလုံးတို့၏ အလယ်၌" ဟု ဖွင့်၍ ရူပသိဒ္ဓိ၌ တိဏ္ဏံ ဗျဥ္ဇနာနံ-ဗျည်း သုံးလုံးတို့တွင်" ဟု ဖွင့်သည်၊ "ဧကောဝ သိဿတေ" ကား ဧကသေသ၏ အဖွင့်တည်း၊ "အညေလောပမာပဇ္ဇန္တေ" ကား ဧကသေသော၏ သာမတ္ထိယတ္ထ (ပြစွမ်း နိုင်သောအနက်) တည်း၊ "ဧကသေ သော-တခုသာကျန်သည်" ဟု ဆိုသဖြင့် အခြားပုဒ် များကို ချေစ်ရမည်-ဟူသော အနက်ကို ပြစွမ်းနိုင်သည်–ဟူလို၊ ဤစကားအရ ဤသုတ် သည် လောပဝိမိသုတ်တည်း–ဟု မှတ်။

ဧတ္ထစ၊ ပေ၊ ဒသနတ္တံ —သုတ်၌ သရူပါနံ–သုတိတူပုဒ်" ဟု ဆိုသဖြင့် တပုဒ်ထည်း မက, အနည်းဆုံး ၂ ပုဒ်ရှိမှ "သုဘိတူ" ဖြစ်နိုင်ချည်၊ ( ဥပမာ–လူတယောက်ထည်းကို "တူသော လူ" ဟု မဆိုနိုင်, တူသူ အခြားတယောက်ရှိမှသာ "တူသောလူ" ဟု ဆိုနိုင်သကဲ့ သို့တည်း၊) ဤသို့လျှင် "သရူပါနံ" ဟူသော စကားဖြင့်ပင် တကြိမ်မက, ၂ ကြိမ်စသည် ဖြစ်ကြောင်း ပြီးပြီးသား (သေချာပြီးသား) ဖြစ်၏၊ သို့ပါလျက် "အသကိံ" သဒ္ဒါကို အဘယ် အကျိုးငှါ ထပ်၍ ဆိုပါသနည်း – ဟု မေးဘွယ် ရှိသောကြောင့် "ဧတ္ထစ" စသည်ကိုမိန့်၊ "သရူပါနံ" ဟူသော စကားဖြင့် တကြိမ်မက ၂ ကြိမ်စသည် ဖြစ်ကြောင်း ပြီးပြီးပါသော်လည်း "အသကိံ" သဒ္ဒါကို ထပ်၍ ဆိုခြင်းသည် "ဝိဘတ်တမျိုးထည်း ပြယုဂ်တို့၏ တကြိမ်မက အကြိမ်ကြိမ် ဆိုရာ၌သာ ဤဧကသေသ်ဖြစ်သည်" ဟု ပြရခြင်း အကျိုးရှိသည်၊ [ ဧကဝိဘတ္တိ ဝိသယာနမေဝ၌ ဧဝသည် အမျိုးမျိုးသော ဝိဘတ်တို့၏ သက်ရာကို ကန့်သော နိဝတ္တာပနာဝ ဓာရဏတည်း၊ အသကိံ ပယောဂေဧဝ၌ ဧဝကာ တကြိမ်ထည်းကို ကန့်သော နိဝတ္တာပနာဝဓာရဏတည်း။ ]

ထင်ရှားစေအံ့ — ကိုရင်ကလေး ဗုံလောင်းကို ၂ ခါခံ၍ "ဒီကိုရင်ဟာ တကြိမ် မကဘူး" ဟု ဆိုလိုက်ရာ၌ ဒီဆွမ်းကို ခံရာ၌သာ တကြိမ်မကကြောင်း ထင်ရှားသကဲ့သို့,

www.dhammaransi.com



ဝိစ္ဆာပယောဂေ - ဝိစ္ဆာပြယုဂ်၌၊ အတိပ္ပသင်္ဂါစ - အလွန် ကပ်ငြိဘွယ်လည်း၊ န-မရှိ၊ (ကဘ္ဗာ-နည်း၊) ဝဂ္ဂါ ပဉ္စ ပဉ္စသော မန္တာတိဧတ္ထ- ဝဂ္ဂါ ပဉ္စ ပဉ္စသော မန္တာဟူသော ဤသုတ်၌၊ ပဉ္စ ပဉ္စသောတိ နိဒ္ဒေသေနေဝ - ပဉ္စ ပဉ္စသော ဟု ညွှန်ပြခြင်းဖြင့်ပင် ဝိစ္ဆာပယောဂသိဒ္ဓိယာ - ဝိစ္ဆာပြယုဂ် ပြီးခြင်း၏၊ ဝါ - ကို၊ ဉာပိတတ္တာ - သိစေအပ်ပြီး၏ အဖြစ်ကြောင့်တည်း၊ အထဝါ - တနည်း၊ သဟာဝစနိစ္ဆာယံ-တကွဆိုလိုရာ၌၊ အယံဧကသေသော - ဤ ဧကသေသ်သည်၊ ( ဟောတိ - ၏၊ ) စ-

(၂၇၈) ဒါတိ ဝတ္တတေ၊.... တမှာ ဒါနိစ။ ၂၅၈ ။ ကာလေ သတ္တမျန္တေ တဣတိ တေသ္မာ သဗ္ဗနာမတော , ဒါနိ ဒါပစ္စယာ ဟောန္တိ၊ တသ္မိံ ကာလေ-ထို အခါ၌၊ တဒါနိ, တဒါ-ထို အခါ၌။ (၂၇၉) ဣမသ္မာ ရဟိဓုနာစ။ ၂၅၉။ [ လွယ်ပြီ။ ]…. (၂၈၀) သဗ္ဗသ္မာဘိ ဣမသ္မာဘိစ ဝတ္တတေ။....တေ ရဟိမှိ ။ ၂၃၆ ။ [ "တေ ရဟိမှိစ" ဟု တချို့စာဝယ် စ-ပါသည်ကား ဒုပို။ ] ပရေ , ရဟိမှိပစ္စယေ-ကြောင့်၊ ပေ၊ ဣမသ္မိံ၊ ကာလေ-ဤ အခါ၌၊ ဧတရဟိ-ဤ အခါ၌၊

(၂၈၁) အ ဓုနာမှိစ ။ ၂၃၅ ။ [ ဤ စ သဒ္ဒါကို ကား ဣမသိ ထံဒါနိ သုတ်ဖြင့် ဣ အပြုကိုငဲ့ခြင်း အပေက္ခာ အနက်ရှိ၏-ဟု ဋီကာဖွင့်၏။ ]ပရေ, ဓုနာပစ္စယေ၊ ပေ၊ အဓုနာ- ဤ အခါ၌၊ ဣမသဒ္ဒဿ-ဣမသဒ္ဒါ၏၊ ဣကာရော-ဣပြု၊ ဣမသ္မိံ ကာလေ-ဤအခါ၌၊ ဣဒါနိ-၌၊....ဝိဘတ္တိပစ္စယဝိဓာန်-ဝိဘတ် ပစ္စည်းတို့ကို စီရင်ရာအခ ဏ်းသည်၊ နိဋ္ဌိတံ။

က ယ ကုဟိ ဒါဒါစနံသုတ်၌"ကုဟိ"ဟူသော နိပါတနဖြင့် ကိံကို ကုပြု၊ ဤသို့ကုပြုဘို့ရန် ၂ နည်းရှိရကား ", ကုဟိတိ နိပါတနေနဝါ " ဟု မိန့်သည်၊ [ရုပ်မပြီးနိုင်သော တာဝန် တခုကို ဝန်ကျ သွားစေနိုင်သော သုတ်ကိုဖြစ်စေ - သုတ်၌ ပါသော စကားကို ဖြစ်စေ နိပါတန–ဟု ခေါ်၏၊ ထို့ကြောင့် ကိံ သမ္ဗန္ဓေ စသော သုတ်လာ " ကုဟိ " ကိုလည်း နိပါတန ခေါ်ရသည်၊ ဆိုလိုရင်းကား—"ကုဟိ"ဟူသော စကား၌ ကုသဒ္ဒါကို ရှင်မဟာ ကစ္စည်းဆရာ ကိုယ်တိုင် မိန့်တော်မူ၏၊ ထိုဆရာ၏ စကားသည်ပင် ( ပါဠိတော် စကား ကဲ့သို့) သဒ္ဒါအရာ၌ ရုပ်ပြီးစေနိုင်သော စကားတရပ်ဖြစ်၏–ဟု ဆိုလိုသည်၊ "ကုဟိတိ" အရာဝယ် " ကု ဣတိ " ဟုလည်း ပါ၍ရှိ၏။ ]

(၂၇၈) တမှာ ဒါနိစ — စသဒ္ဒါသည် ရှေ့သုတ်မှ ဒါပစ္စည်းကို ငင်သော အနုကဍ္ဍန အနက်ရှိ၏-ဟု ဋီကာဖွင့်၏၊ "ဒါတိ ဝတ္တတေ"ဟုလည်း အဓိကာရသဘောအားဖြင့် လိုက်ခဲ့ပြီ၊ ထို့ကြောင့် အဓိကာရသဘောအားဖြင့် လိုက်သော်လည်း နောက်နောက် သုတ်များသို့ ဆက်၍ မလိုက်စေလိုလျှင် စသဒ္ဒါဖြင့် ထပ်၍ ငင်တတ်သည်- ဟု မှတ်ချက်တခု ရပြန်သည်။

(၂၇၉) ဣမသ္မာ ရဟိ ဓုနာ ဒါနိစ — ဟု ယခု စာများ ရှိ၏၊ ဋီကာ၌ကား "စသဒ္ဒေါ-စသဒ္ဒါသည်၊ ဒါနိပစ္စယသမ္ပိဏ္ဍနတ္ထော-ရှေ့ သုတ်မှ ဒါနိပစ္စည်းကိုပေါင်းခြင်း အနက်ရှိ၏"ဟု ဖွင့်၏၊ ထို့ကြောင့် ဋီကာ့အလို "ဣမသ္မာ ရဟိဓုနာစ " ဟုသာ ရှိရမည်၊ ကစ္စည်းသီဟိုဠ်မူ၌လည်း"ဣမသ္မာ ရဟိဓုနာစ"ဟုပင် ရှိသည်။

www.dhammaransi.com



အထ-ဝိဘတ္တိပစ္စယဝိဓာနဖြဲ့ အခြားမဲ့၌၊ အလိင်္ဂ သချ်ာဝိဘတ္တိဘေဒါ-လိန်, သချ်ာ , ဝိဘတ်ဘို့၏ ကွဲပြားခြင်း မရှိကုန်သော၊ ဥပသဂ္ဂနိပါတာ-ဥပသာရနိပါတ်ဘို့ကို၊ ဝုစ္စန္တေ-ဆိုအပ်ကုန်၏၊ ပ-ပရင်း၊ ပရာ-ပရာရင်း၊ ပေ၊ ဥပ-ဥပရင်း၊ ဣတိ-ဤသို့၊ ဥပသဂ္ဂါ-ဥပသာရတို့သည်၊ ဝီသတိ-၂၀-တည်း၊ တတ္ထ-ထို ဥပသာရတို့တွင်၊ ( က ) ပသဒ္ဒေါ-ပသဒ္ဒါသည်၊ (ပဏ္ဏနာဒိသု - ကျမှ တဝိဘတ်ဆုံးသော နွှန်ပုဒ်ဖြစ်သော်သည်း အနက်၊ ထင်ရှားအောင်ဘာခုစိခွဲ၍အနက်ပေးရမည်၊)ပကာရ-အပြား၊ အာဒိကမ္မ-အစအဦး၊ ပဓာန-ပြဓာန်း၊ ဣဿရိယ-အစိုးရသူ၏အဖြစ်၊အန္တောဘာဝ-အတွင်းဖြစ်ခြင်း၊ ဝိယောဂ-ကွေကွင်းခြင်း၊ တပ္ပရ-ထိုမှတပါး၊ ဘုသတ္ထ-အလွန်ဟူသော အနက်၊ သမ္ဘဝ - စ၍ ဖြစ်ရာ၊ တိတ္တိ - တင်းတိမ်ခြင်း၊ အနာဝိလ - မနောက်ကြုခြင်း၊ ပဏ္ဏနာဒိသု - တောင့်တခြင်း အစရှိသော အနက်တို့၌၊ ( ဝတ္တတိ - ဖြစ်၏၊ ) ပဿတိ - ပဟုသော၊ အယံဥပသဂ္ဂေါ-ဤ ဥပသာရပုဒ်သည်၊ ပကာရာဒိသု-ပကာရ အစရှိကုန်သော၊ ဧတေသု အတ္ထေသု-ဤ အနက်တို့၌၊ ပဏ္ဍတိ-၏။

အထာလိင်္ဂ၊ပေ၊ဝုစ္စန္တေ—ဥပသာရနိပါတ်တို့သည် ဣတ္ထိလိန် ပုံလိန် နပုံလိန်အားဖြင့် ကွဲပြားခြားနားခြင်း မရှိကြ၍ အလိင်္ဂတို့တည်း၊ထို့ကြောင့်"ပညာ,ပါစရိယော,ပဏီတံ" ဟု(အစဉ်အတိုင်း ) ဣတ္ထိလိန် ပုံလိန် နပုံလိန်တို့နှင့် တွဲယှဉ်ရသော်လည်း ဥပသာရမှာ ရုပ်နေ မပြောင်း၊ ဧကဝုစ် ဗဟုဝုစ် သချ်ာ အားဖြင့်လည်း ရုပ်နေ မကွဲပြား၍ အသချ်ာတို့တည်း၊ ထို့ကြောင့်"ပဘာတိ-ပဘဝန္တိ" ဟု ဧကဝုစ် ဗဟုဝုစ်ကြိယာများနှင့် တွဲနေရသော်လည်း "ပ"မှာ ရုပ်နေ မပြောင်း၊ ပဌမာ ဒုတိယာစသော ဝိဘတ် အားဖြင့်လည်း ရုပ်နေ မခြားနား သဖြင့် အဝိဘတ္တိ တို့တည်း၊ ထို့ကြောင့် "ပညာ, ပညံ, ပညာယ" စသည်ဖြင့် ဝိဘတ် အမျိုးမျိုးဆုံးသော ပုဒ်နှင့် တွဲရသော်သည်း"ပ"မှာ ရုပ်နေ မထူးခြား၊ အခြားသော ဥပသာရနိပါတ်ပုဒ်များလည်း ဤနည်းပင်တည်း၊ ထိုသို့ လိန်သချ်ာ ဝိဘတ် တို့၏ ကွဲပြားခြင်း မရှိသော ဥပသာရ နိပါတ်တို့ကို ယခု ဆိုတော့မည်—ဟူလို။

တတ္ထ ပသဒ္ဒေါ၊ပေ၊အတ္ထေသု၊ပေ၊ပဏီဟိတံ—"ပသဒ္ဒေါ၊ပေ၊ပဏ္ဏနာဒိသု"ကား သုတ်နှင့် တူ၏၊ "ပဿတိ အယံ၊ပေ၊ဝတ္တတိ" ကား သုတ်ကိုဖွင့်သော သုတ်နက်နှင့်တူ၏၊ ယထာ၊ပေ၊ ပဏီဟိတံ တို့ကား ဥဒါဟရုဏ် များတည်း၊ ထို ဥဒါဟရုဏ်များကို အနက် ပေးရာ၌ သဒ္ဒတ္ထ-သင်္ကေတတ္ထ ဟု ၂ မျိုးရှိ၏၊ ထိုတွင် သဒ္ဒတ္ထဟူသည် သဒ္ဒါရှိတိုင်း ရအပ်သော အနက်တည်း၊ သင်္ကေတတ္ထ ဟူသည် အများမှတ်သားအပ်သော ပေးရိုးပေးစဉ် ဖြစ်နေသော အနက်တည်း၊ ထို သင်္ကေတတ္ထကိုပင် ဝေါဟာရတ္ထ(ပြောရိုး ဆိုစဉ်အနက်) ဟူလည်း ခေါ်၏၊ ထို့ကြောင့် တချို့ပုဒ်များ၌ သဒ္ဒတ္ထဖြင့် အနက်အဓိပ္ပါယ် မပေါ်လျှင် သင်္ကေတတ္ထကို ပေးရလိမ့်မည်။

www.dhammaransi.com



ယကာဝ-ကား၊ ပကာဝရေ-ပကာဝရ အနက်၌၊ ပညာ - အပြားအားဖြင့် သိသောတရား၊ အာဒိကမ္မေ - ၌၊ ( နောက်၌လည်း ဤသို့ အလွယ်ပေး၊ ) ဝိပ္ပကတံ - စ၍ ပြုအပ် အပြီးမသတ်သေးသော အလုပ်၊ ပဓာနေ- ပဓာန အနက်၌၊ ပကိတံ- ပြဋ္ဌာန်းသည်၏ အဖြစ်သို့ ဆောင်အပ်၏၊ ဝါ-မွန်မြတ် ၏၊ ဒ.ထဝါ-တနည်းကား၊ ပဓာနံ - ပြဋ္ဌာန်း၏၊ ပဓာနတ္တံ - ပြဋ္ဌာန်းသူ၏

ပကာဝရေ, ပညာ — ဥာဓာတ်သည် " သိခြင်း " အနက်ရှိ၏၊ ပ-ပကာဝရ အနက် ရှိ၏၊ ထို့ကြောင့် " အပြားအားဖြင့်+သိတတ်သော တရား " ဟု သဒ္ဒါနက် ပေးရသည်၊ ဤ၌ ပဥ္စပသာရသည် သိပုံအမျိုးအပြား ရှိကြောင်းကို ပြသောကြောင့် ဓာတ်နက်ကို အထူးပြုသော တွေ့ထွေဝိသေသက ဥပသာရတည်း၊"အမျိုးအပြား အမျိုးမျိုးအစားစား သိ"ဟူသည် အနိစ္စ ဟုလည်း သိ, ဒုက္ခ ဟုလည်း သိ, ကံ ရှိ၏ ဟုလည်း သိ, ကံ၏အကျိုး ရှိ၏ဟုလည်း သိ, စသည်တည်း၊ ဤနည်းအတိုင်း နောက်ပုဒ်များ၌လည်း စိစစ်ခွင့် ရှိ၏၊ သို့သော် အလွန်ကျယ်မည်စိုး၍ အကျဉ်းမျှသာ ပြတော့မည်။

အာဒိကမ္မေ, ဝိပ္ပကတံ — ဝိ+ပ+ကရဓာတ်၊ ပ-စ၍+ကတံ-ပြုအပ်သော အမှု တည်း၊ ပကတံ-စ၍ပြုအပ်သော အမှု၊ (ပြုခါစအလုပ်)၊ န+ပကတံ=ဝိပ္ပကတံ-ပြုခါစ အလုပ် မဟုတ်၊ ပြု၍ အတော်ကြာသော ပြီးလည်း မပြီးနိုင်သေးသော အလုပ် တည်း၊ ဤကား ပဥ္စသာရ၏ အာဒိကမ္မအနက်ကိုဖွင့်သော ရူပသိဒ္ဓိအလိုတည်း၊[ အဘိဓာန် ဋီကာ ဝိပ္ပကတာ ပဒ်၌ကိုဖွင့်သော သီလက္ခန် ဋီကာသစ်ကား "ပကာဝရေန+ကတော ,ပကတော= အပြားအားဖြင့် ပြုခြင်း "ဟု ပဥ္စသာရ၏ ပကာဝရအနက်ကို ဖွင့်လေသည်။] မည်သို့ပင် ဖွင့်ဖွင့်, စ၍အားထုတ်ပြီးနောက် အပြီးမသတ်သေးသော တဝက်တပျက်အလုပ် (ငုံ့ပြုမှု အလုပ်) ဟူသမျှကို"ဝိပ္ပကတ"ခေါ်သည် ဟု မှတ်။

ဘောဒိဝဏ္ဏ။ ။ယော သာဝယိတု မာရဒ္ဓေါ, နစ နိဋ္ဌမုပါဂတော၊
ဝတ္တမာနေောတိ သော ဝုတ္တော, သောဝ ဝိပ္ပကတောတိစ။

ပဓာနေ,ပကိတံ—"ပဟုဇ္ဇ-နီခာတ်, တ ပစ္စည်း" ပသည် သက္ကတ၌ "ပြ" ဟု ရနှင့် ရှိ၏၊ ထိုရ အတွက် နကိုဏ ပြန်လျှင် "ပဏီတံ" ဟု ဖြစ်ရသည်၊ ပဏီတံကို "ဥတ္တမံ" ဟု ဖွင့်သော အနက်မှာ သင်္ကေတအနက် သာတည်း၊ "ပဓာနံ - ပြဋ္ဌာန်းသည်၏ အဖြစ်သို့၊ နီတံ-ဆောင်အပ်၏၊"ဤသို့ဖွင့်မှ သဒ္ဒါနက်ကျသည့်ပြင်, ပ၏ပဓာနအနက်ထင်ရှားမည်။

အထဝါ, ပဓာနံ—ဤနည်းအလို ပဟုဇ္ဇဓာတ်တည်း၊ ပဥ္စပသာရပုဒ်က ဓာတ်နက်ကို အထူးပြုမှုကြောင့် ဌာဓာတ်သည် ပဋ္ဌာန ( ပြဋ္ဌာန်း ) အနက်ကို ဟောရကား ပလည်း ပဋ္ဌာန အနက်ကိုပင် ဟောသည်- ဟု မှတ်၊ [ သက္ကတ၌ ပြဓာန ( ပရ်ဓာန )ဟု ရှိ၏၊ သက္ကတ၌ ဓသည် ပါဠိ၌ ဌ ဖြစ်၍ ဒွေဘော်လာပြီး "ပဋ္ဌာန"ဟု အရှိများ၏၊ ထို့ကြောင့် "ပဋ္ဌာန"သည် ရှေးရိုး ပါဠိသုံး, "ပဓာန" ဟု ရေးလျှင် သက္ကတ နောက်ယောင်ခံသော ပါဠိသုံး ဟု မှတ်၊ " ပြဓာန်း=ပြဋ္ဌာန်း " ဟူသော မြန်မာ စကားများသည်း ထိုပါဠိနှင့် သက္ကတမှ လာသော စကားများပင်။

www.dhammaransi.com



အဖြစ်သည်၊ ဉာသရိယံ - ဉာသရိယ မည်၏၊ တသ္မိံ - ထို ဉာသရိယ အနက်၌၊ အယံ-ဤမင်းသည်၊ ဒေသဿ-အရပ်၏၊ ပဘူ - အစိုးရသော အရှင်တည်း၊ အန္တောဘာဝေ-အန္တောဘာဝအနက်၌၊ ပက္ခိတ္တံ-ထည့်သွင်း အပ်၏၊ ဝိယောဂေ-၌၊ ပဝါသီ - ကင်း၍ နေခြင်းရှိသူ၊ တပ္ပရေ-၌၊ ပါစရိယော-ဆရာ၏ဆရာကြီး၊ ဘုသတ္ထေ-ဘုသအနက်၌၊ ပဝုဒ္ဓကာယော-အလွန်ကြီးမားသော ကိုယ်ရှိသော နဂါး၊ သမ္ဘဝေ-၌၊ ဂင်္ဂါ - ဂင်္ဂါ မြစ်သည်၊ ဟိမဝတာ-ဟိမဝန္တာတောင်မှ၊ ပဘဝတိ-ပဌမဖြစ်၏၊ ဝါ-ရှေ့ဖြစ်၏၊ ထိတ္တိယံ - အနက်၌၊ ပဘူတံ - ပေါများသော၊ အန္နံ - အစာ၊ အနာဝိလေ-၌၊ ပသန္နံ-ကြည်လင်သော၊ ဥဒကံ-ရေ၊ ပဇ္ဇနေ- အနက်၌၊ ပဏိဟိတံ- ဆုတောင်းအပ်၏။

ပန္နာနတ္တံ ဉာသရိယံ တသ္မိံ, ပဘူ — [ဤနေရာ၌ သီဟိုဠ်မြန်မာ စာမူချင်း မတူ၊ ၂မျိုးလုံးပင် ခတ်ပျက်ပျက် ဖြစ်နေသည် – ဟု ထင်၏၊ ဤ၌ သီဟိုဠ်မူလိုက်၍ အဓိပ္ပါယ် ရေးမည်၊ ] ဉာသရဿ-အစိုးရသူ၏၊ ဘာဝေါ-ဖြစ်ကြောင်းသည်၊ ဉာသရိယံ-မည်၏၊ (ဘာဝတဒ္ဓိတ်၌ လာလတ္တံ့၊) အစိုးရသူ ဟူသည် ပုဂ္ဂိုလ်တည်း၊ ထိုပုဂ္ဂိုလ်ကို သိသော စိတ်နှင့် ဉာသရသဒ္ဒါ၏ဖြစ်ကြောင်းကား ထိုထိုကိစ္စ၌ပဌာနဖြစ်နေခြင်းတည်း၊ ထို့ကြောင့် ဉာသရိယံပုဒ်ကို ပဌာနတ္တံဟု ဖွင့်သည်၊ ပဘူ၌ ပဥပသာရ၏ ဓာတွတ္ထဝိသေသကကြောင့် ဘူဓာတ်သည် အစိုးရခြင်းအနက်ကို ဟောရကား ပလည်း အစိုးရခြင်းအနက်ကိုဟော၏။

အန္တောဘာဝေ,ပက္ခိတ္တံ — ခိတ္တံ၌ ခိပဓာတ်သည်ပစ်(လွှင့်)ခြင်းအနက်ကို ဟော၏၊ ဓာတွတ္ထဝိသေသက ပဥပသာရကြောင့် "အတွင်း၌ ပစ်ခြင်း" အနက်ကို ဟော၏၊ "ပက္ခိတ္တံ-အတွင်း၌ ပစ်အပ်၏" သဒ္ဒါနက်၊ "ထည့်အပ်, သွင်းအပ်၏" သဘောတနက်။

ဝိယောဂေ၊ပေ၊ပဝုဒ္ဓကာယော – "ပ-မိမိအရပ်နှင့်ကွေကွင်း၍+ဝါသီ-နေရခြင်း ရှိသူ" သဒ္ဒါနက်၊ "အရပ်တပါး၌နေသူ" သဘောတနက်၊ "တပ္ပရ=တ-ထိုမှ+ပရော-တခြား" မိမိဆရာ၏ ဆရာဖြစ်သော ဆရာကို "ပါစရိယ (ပ+အာစရိယ)=ဆရာ့ ဆရာကြီး"ဟု ခေါ်သည်၊ ပ=အလွန်+ဝုဒ္ဓ=ကြီးသော+ကာယ=ကိုယ်ရှိသောနဂါး၊ (စတုတ္ထနိပါတ်ဇာတ် အဋ္ဌကထာ၌ "ပဝဍ္ဎကာယော"ဟု ရှိ၏၊) ["ဘုသတ္ထ=အလွန် အကဲ၏အဖြစ်" ဟုလည်း အခြားနေရာ၌ ရှိ၏။]

သမ္ဘဝေ၊ပေ၊ပဘဝတိ—ပဘဝတိကို "ပဌမံဇာယတိ"ဟု ဋီကာဖွင့်၏၊ ထို့ကြောင့် သမ္ဘဝ အနက် ဟူသည် "ရှေ့ ဖြစ်ရာဌာန" ဟူသော အနက် ပင်တည်း၊ "သမ္ဘဝတိ ဧတသ္မာတိ သမ္ဘဝေါ"ဟု သံအနက်အဖွင့်၌ ဋီကာဝိဂြိုဟ်ပြုလတ္တံ့။ [ဧတသ္မာ-ဤအရပ်မှ၊ သမ္ဘဝတိ-ပဌမဖြစ်၏၊] ဂင်္ဂါမြစ်၏ ပဌမပေါ်လာရာ ဒေသမှာ ဟိမဝန္တာတောင်တည်း၊ [ပြခဲ့သော အာဒိကမ္မနှင့် ဤသမ္ဘဝ အနက်သည် ရောယှက်သကဲ့သို့ ရှိ၏၊ ထို့ကြောင့် စတည်အားထုတ်၍ ပြီးခင်အမှုကို "အာဒိကမ္မ"ဟု မှတ်၍, သက်သက် အစဖြစ်ခြင်းကို "သမ္ဘဝ"ဟု ခွဲရာ၏၊ သဒ္ဒနီတိ၌ကား ပဘဝတိ၌ ပကို သန္ဒန(စီးခြင်း)အနက်ဟု ဆို၏။]

(ခ) ပရာ ဣတိ – ပရာ ဥပသာရသည်၊ ပရိဟာနိ – ဆုတ်ယုတ်ခြင်း၊ ပရာဇယ- ရှုံးခြင်း၊ ဂတိ-လည်းလျှောင်းရာ၊ ဝိက္ကမ-အားထုတ်ခြင်း၊ အာမသနာဒိသု-သုံးသပ်ခြင်း အစရှိသော အနက်တို့၌၊ ဝတ္တတိ၊ ယထာ-ကား၊ ပရိဟာနိယံ-ပရိဟာနိ အနက်၌၊ ပရာဘဝေါ-ပျက်စီးခြင်း၊ ပရာဇယေ-၌၊ ပရာဇိတော – ဆုံးရှုံးစေအပ်၏၊ ဂတိယံ – ၌၊ ပရာယနံ ( ပရာ+အယနံ )– လည်လျှောင်းမှီခိုရာ၊ ဝိက္ကမေ–၌၊ ပရက္ကမတိ(ပရာ+ကမတိ)-အားထုတ်၏၊ [“ပရံ+အာ+ကမတိ” ဟုလည်းဖြစ်၏၊ ထိုနည်း၌ ပရာဥပသာရ မဟုတ်၊] အာမသနေ-၌၊ အင်္ဂသ-အင်္ဂါကြီးငယ်ကို၊ ပရာမသနံ-သုံးသပ်ခြင်း။

(ဂ) နိဣတိ - နိဟူသော ဥပသာရသည်၊ နိဿေသ - အကြွင်း မရှိ၊ နိဂ္ဂတ – ထွက်ခြင်း၊ နိဟရဏ – ထုတ်ဆောင်ခြင်း၊ အန္တော ပဝေသန– အတွင်းသွင်းခြင်း၊ အဘာဝ- မရှိခြင်း၊ နိသေဓ – တားမြစ်ခြင်း၊ နိက္ခန္တ– လွတ်မြောက်ခြင်း၊ ပါတုဘာဝ-ထင်ရှားဖြစ်ခြင်း၊ အဝဓာရဏ-ပိုင်းခြား သတ်မှတ်(ဆုံးဖြတ်)ခြင်း၊ ဝိဘဇန-ဝေဘန်ခြင်း၊ ဥပမာ – နှိုင်းယှဉ်ခြင်း၊ ဥပဓာရဏ-ရှုစမ်းဆင်ခြင်ခြင်း၊ အဝသာန- ပြီးဆုံးခြင်း၊ ဆေကာဒိသု- လိမ္မာသူ အစရှိသော အနက်တို့၌၊ (ဝတ္တတိ)။

တိတ္တိယံ၊ ပေ၊ ပသန္နမုဒကံ—ဤနေရာ၌ပဘူတံကို “ပပုဗ္ဗ,ဟူဓာတ်,တပစ္စည်း”ဟုကြံ၊ “ပဘူတံ–ပေါများ၏ ဟူရာ၌“ပြည့်စုံ လုံလောက်သည့်”ဟု အဓိပ္ပါယ်ရ၏၊ ထို့ကြောင့် ပကို “တိတ္တိ” ဟု အနက်ဆိုသည်၊ [တချို့အရာ၌ကား ပဘူတံကို “ပဟ” ဓာတ်လည်း ကြံကြ၏။] မနောက်ကျုခြင်းနှင့် ကြည်လင်ခြင်းမှာ သဘောတူပင်တည်း၊ ထို့ကြောင့် ပသန္နံ၌ ပကို အနာဝိလအနက်ဟု ဆိုသည်၊ [ပသန္နံ၌ ပပုဗ္ဗ သဒဓာတ် တပစ္စည်းတည်း။ ]

ပဏ္ဍနေ,ပဏိဟိတံ— [ပဏိဟိတံ၌ ပ-နိပုဗ္ဗ,ဓာဓာတ်, တပစ္စည်း၊ ပ (ပြ) ဥပသာရ နောင်ဖြစ်၍ ဏပြန်ထားသည်၊ ] ဤပဏိဟိတံသည် “ပဏိဓာနတော ပဋ္ဌာယ တထာ ဂတဿ ဒသပါရမိယော”၌ လာသော ပဏိဓာနနှင့်အနက်တူတည်း၊ ထို့ကြောင့် ပဏ္ဍန (ဆုတောင်းခြင်း) အနက်ဟု ဖွင့်သည်၊ [အချို့အရာ၌ကား “သမ္မာ ပဏိဟိတံ စိတ္တံ, အတ္တသမ္မာပဏိဓိ”စသည်ဖြင့် ပဏိဓိသဒ္ဒါသည် “ထားခြင်း”အနက်ကိုလည်းဟောသေး၏၊ ပဏ္ဍနာဒိသု၌ အာဒိဖြင့် “ပကာသတိ–ထင်ရှား၏”၌ ပကာသန (ထင်ရှားပြခြင်း ၊ အနက်,သပ္ပဒေသဘိက် စသည်၌“ဧကဒေသ=တစိတ်တဒေသတချို့”ဟူသော အနက်ကို လည်း ငှါကားယူသည်။

(ခ) ပရိဟာနိ — ဆုတ်ယုတ်ခြင်း ဟူသည် စည်းစိမ် ဥစ္စာစသည်တို့ ပျက်စီးခြင်း ပင်တည်း၊ ထို့ကြောင့် “ပရာဘဝေါ” ဟု ထုတ်သည်၊ ဤပရာအနက် အားလုံးထင်ရှားပြီ၊ အာမသနာဒိသု၌ အာဒိ အနက်ကို ငှါကားမပြ၊ အဘိဓာန်၌ ပဋိလောမ ( ဆန့်ကျင်ဘက် ) အနက်ပါ၏၊ ထိုအနက်ကို အာဒိဖြင့် ယူ။

www.dhammaransi.com



နိဿေသေ - နိဿေသအနက်၌၊ နိရုတ္တိ ( နိ+ဥတ္တိ )- အကြွင်းမရှိ+ဆိုခြင်း၊ နိရဝသေသံ ( နိ+အဝသေသံ ) - အကြွင်းအကျန်မရှိအောင်၊ ဒေတိ-ပေး၏၊ နိဂ္ဂတေ-၌၊ နိက္ကိလေသော-ထွက်သွားသော ကိလေသာရှိသူ၊ နိယျာတိ - ထွက်မြောက်၏၊ နိဟရဏေ - ၌၊ နိဒ္ဒါရဏံ - ထုတ်ဆောင်ခြင်း အန္တော်ပဝေသနေ-၌၊ နိခါတော-စိုက်အပ်၏၊ အဘာဝေ-၌၊ နိမ္မက္ခိကံ — ပျားကောင်မရှိ၊ နိသေဓေ - ၌၊ နိဝါရေတိ - တားမြစ်၏၊ နိက္ခန္တေ -၌၊ နိဗ္ဗာနော - ဝါနမှ လွတ်မြောက်သူ၊ နိဗ္ဗာနံ - ဝါနမှ လွတ်မြောက်သော နိဗ္ဗာန်၊ ပါတုဘာဝေ - ၌၊ နိမ္မိတံ - ဖန်ဆင်းအပ်၏၊ အဝဓာရဏေ - ၌၊ ဝိနိစ္ဆယော - အဆုံးအဖြတ်၊ ဝိဘဇနေ-၌၊ နိဒ္ဒေသော-အကျယ်ညွှန်ပြခြင်း၊ ဥပမာယံ-၌၊ နိဒဿနံ-ညွှန်ပြအပ်သော ဥဒါဟရုဏ်၊ ဥပဓာရဏော-၌၊ နိသာမနံ - ရှုစမ်းဆင်ခြင်ခြင်း၊ အဝသာနေ-၌၊ နိဋ္ဌိတံ-ပြီးဆုံးပြီ၊ ဆေကေ-၌၊ နိပုဏော-သိမ်မွေ့သူ။

(၈) နိဿေသေ — သဒ္ဒနီတိ၌နိဟရဏ အနက်အတွက် "နိရုတ္တိ-ထုတ်ဖေါ်+ရွတ်ဆိုခြင်း"ဟု ပြသည်၊ စိတ်၌မထားဘဲ နှုတ်ဖြင့် ဖေါ်ထုတ် ရွတ်ဆိုအပ်သော သဒ္ဒါကို "နိရုတ္တိ"ဟု ခေါ်သည်၊ ဤရူပသိဒ္ဓိဆရာလည်း "နိရုတ္တိ"တခုဖြင့် အားမရ၍ "နိရဝသေသံ ဟု ပုံစံတခု ထပ်ပြဟန်တူသည်။

နိဂ္ဂတေ ၊ပေ၊ ဝိဘဇနေ — "နိက္ကိလေသော-ထွက်မြောက်သော ကိလေသာရှိသူ" ဟူသည် ကိလေသာ ကင်းသူပင်တည်း၊ ထို့ကြောင့် ဋီကာ၌ "နိဂ္ဂတာ"ကို "ဝိဂတာ"ဟု ဖွင့်သည်၊ နိယျာတိမှာ ထင်ရှားပြီ၊ "နိခါတော- စိုက်အပ်" ဟူသည် မြေ စသည်တို့၏ အတွင်းသို့ သွင်းထားခြင်း ( အန္တော်ပဝေသန )ပင်တည်း၊ "နိဒ္ဒေသ"ဟူသည် အကျဉ်း စကားကို အကျယ် ဝေဘန်ခြင်းတည်း၊ ထို့ကြောင့် နိကို ဝိဘဇန အနက် ဟု ဆိုသည်။

ဥပမာယံ ဥပဓာရဏေ — "နိဒဿန" ဟူသည် သုတ်အဆိုနှင့် ညီညွတ်အောင် ညွှန်ပြအပ်သော ဥဒါဟရုဏ်တည်း၊ ထိုဥဒါဟရုဏ်ကို "နမူနာ, ပုံစံ" ဟုလည်း ခေါ်၏၊ ထိုနမူနာပုံစံ ဥဒါဟရုဏ်သည် ဥပမာပြ စကားပင်တည်း၊ ထို့ကြောင့် ဥဒါဟရုဏ်ပြလိုသည့်အခါ တချို့နေရာ၌ "ယထာ" ဟု ဥပမာ ဇောတက စကားကို စချီလေ့ ရှိသည်၊ "နိသာမန" အရ ဉာဏ်ဖြင့် ရှုစမ်းဆင်ခြင်ခြင်းကိုရင်း, "ဣဿ ဇာလိ နိသာမေဟိ= တိုက်တွန်းပါ၍ ဇာလီ....ကြည့်စမ်းပါ"၌ မျက်စိဖြင့် ရှုစမ်းခြင်းကိုရင်း ရ၏။

ဆေကေ — "နိပုဏော-သိမ်မွေ့, နူညံ့သူ"ဟူသည် အစစအရာ လိမ္မာသူပင်တည်း၊ ဆေကာဒီသုဒ္ဓ အာဒိဖြင့် "နိက္ခေပေါ- ချထားခြင်း" ဟူရာ၌ နိဓာန-သိုမှီးချထားခြင်း အနက် "နိဗ္ဗုတော-ငြိမ်းအေး"ဟူရာ၌ ဥပသမ-ငြိမ်းခြင်း အနက် "နိဂ္ဂဟော-နှိပ်ခြင်း" ဟူရာ၌ အဘိဘဝ-လွှမ်းမိုးခြင်း အနက် "နိပါတော-ပျံ့ပေပ်ခြင်း"ဟူရာ၌ အဘိဝန္ဒန-ရှိခိုးခြင်းအနက် "နိလယော-နေရာအိမ်"ဟူရာ၌ နိဝါသ-နေရာဟူသော အနက်များကို ဋီကာ ပြသည်၊ [အမိပ္ပါယ်မပြခဲ့သော ပုဒ်များ၌ အနက်အထိုင်း ထင်ရှားပြီ။]

www.dhammaransi.com



(ဃ) နိ ဥပသာ-သည်၊ နိဟရဏ-ပယ်ထုတ်ခြင်း၊ အာဝရဏာဒိသု-တားမြစ်ခြင်း အစရှိသော အနက်တို့၌၊ (ဝတ္တတိ)၊ နိဟရဏေ-နိဟရဏ အနက်၌၊ နိဟရတိ - ပယ်ထုတ်၏၊ အာဝရဏေ- ၌၊ နိဝရဏံ-တားမြစ်တတ်သော တရား။

(င) ဥ ဥပသာ- သည်၊ ဥဂ္ဂတ - တိုးတက်ခြင်း၊ ဥဒ္ဓကမ္မ-အထက်အမှု၊ ပဓာန - ပြဓာန်း၊ ဝိယောဂ - ကွေကွင်း၊ သမ္ဘဝ - ကောင်းစွာဖြစ်ခြင်း၊ အတ္ထလာဘ-သရုပ်ကိုရခြင်း၊ သတ္တိ-စွမ်းနိုင်ခြင်း၊ သရူပကထနာဒိသု-သရုပ်အားဖြင့် ဆိုခြင်းအစရှိသော အနက်တို့၌၊ (ဝတ္တတိ)၊ ဥဂ္ဂတေ-၌၊ ဥဂ္ဂစ္ဆတိ-တိုးတက်၏၊ ဥဒ္ဓကမ္မေ-၌၊ အာသနာ - နေရာမှ၊ ဥဋ္ဌိတော - ထ၏၊ ဥက္ခေပါ- မြှောက်ခြင်း၊ ပဓာနေ- ၌၊ ဥတ္တမော-မြတ်သူ၊ လောကုတ္တရော-လောကထက်မြင့်မြတ်သောတရား၊ ဝိယောဂေ-၌၊ ဥဗ္ဗာသိတော-ကင်း၍နေစေအပ်သူ သမ္ဘဝေ-၌၊ ဥပ္ပန္နံ၊တော-ဖြစ်ပေါ်လာပြီ အတ္ထလာဘေ-၌၊ ဉာဏံ-ဉာဏ်သည်၊ ဥပ္ပန္နံ-ဖြစ်ပြီ၊ သတ္တိယံ-သတ္တိအနက်၌၊ ဂန္တုံ - သွားခြင်းငှါ၊ ဥဿဟတိ - စွမ်းနိုင်၏ သရူပကထနေ -၌၊ သုတ္တံ - ပါဠိကို၊ ဥဒ္ဒိသတိ-သရုပ်အားဖြင့် ရွတ်ဆို၏။

(ဃ) သဒ္ဒနီတိ၌—"မမ သာသနံ နိယျာနိကံ=ငါ့သာသနာသည် ဝဋ်မှထွက်မြောက်ကြောင်းနှင့် ယှဉ်၏" ဟူရာ၌ နိဥပသာရလည်း "နိဂ္ဂမ-ထွက်မြောက်ကြောင်း အနက်" ဟုဆို၏၊ အာဝရဏာဒိသု၌ အာဒိဖြင့် ထို နိဂ္ဂမ အနက်ကို ယူ၊ နိယျာနိကံဟု နိယျာနနှင့် နိပုဗ္ဗ ယာဓာတ်, ယဒွေဘော်သာ၍ နိ၌ ရဿပြုထားသတတ်။

(င) ဥဂ္ဂတ, ဥဒ္ဓကမ္မ — "နေသည် ကောင်းကင်သို့ တက်သွား၏" ဟူရာ၌ တရွေ့ရွေ့ တိုးတက်ခြင်းကို "ဥဂ္ဂတ" ဟု ဆိုသည်၊ "နေရာမှ ထ၏, မြှောက်၏" ဟူရာ၌ ထခြင်း မြှောက်ခြင်းတို့ကား အထက်၌ ပြုအပ်သော အလုပ်တည်း၊ ထို အထက်အမှုကို "ဥဒ္ဓကမ္မ" ဟု ခေါ်သည်။

ပဓာနေ ဝိယောဂေ — "ဥတ္တမော-မြတ်သူ" ဟူသည် ထိုထိုကိစ္စ၌ လိုရင်းပဓာန ဖြစ်သူဘည်း၊ လောကုတ္တရာ တရားလည်း တရားတို့တွင် ပဓာနတရားပင်တည်း၊ ဝိယောဂ အနက်၌ "ဥပဝါသိတော" ဟု ရှိသည်ကား "ဥပ" ရှေ့ရှိသော ဝသဓာတ် တပုဒ်တည်း ဖြစ်သောကြောင့် ဤနေရာနှင့် မဆိုင်၊ "ဥဗ္ဗာသိတော" ဟု ဥပုဗ္ဗဝသဓာတ်, ဝ ၂ လုံးကို ဗ ၂ လုံး ပြုထားသော သီဟိုဠ်မူအတိုင်းသာ ဤနေရာနှင့် သင့်မြတ်သည်။

အတ္ထလာဘေ သရူပကထနေ—"ဉာဏံ ဥပ္ပန္နံ-ဉာဏ် ဖြစ်၏" ဟူရာ၌ မိမိသန္တာန်ဝယ် ဉာဏ်ဟူသော သရုပ်သဘောကို ရခြင်းပင်တည်း၊ ထို့ကြောင့် အတ္ထကို "သရူပ" ဟုဋီကာဖွင့်သည်၊ ပါဠိ ကိုရွတ်ဆိုရာ၌ ပါဠိကို သရုပ်သဘောပေါ်လာအောင် ရွတ်ခြင်းတည်း၊ တနည်း-ပါတိမောက်ပါဠိကဲ့သို့သော ပါဠိ ကို ရွတ်ရာ၌ ပဌမပါရာဇိကသိက္ခာပုဒ်

www.dhammaransi.com



(စ) ဒု ရှာဘိ—သည်၊ အသောဘန-မတင့်တယ်၊ အဘာဝ-မရှိခြင်း၊ ကုစ္ဆိတ-စက်ဆုပ်အပ်၏၊ အသမိဒ္ဓိ-မပြည့်စုံခြင်း၊ ကိစ္ဆ-ဆင်းရဲငြိုငြင်ခြင်း၊ဝိရူပတာဒိသု-ဖေါက်ပြန်သောအဆင်းရှိသူ၏အဖြစ်အစရှိသည်တို့၌၊ (ဝတ္တတိ)၊ အသောဘနေ-၌၊ ဒုဂ္ဂန္ဓော-မတင့်တယ်သောအနံ့၊ အဘာဝေ-၌၊ ဒုဗ္ဘိက္ခံ – ထမင်းမရှိခြင်း၊ ဝါ – ငတ်မွတ်ခေါင်းပါး အစာရှားခြင်း၊ ကုစ္ဆိတေ-၌၊ ဒုက္ကဋံ-စက်ဆုပ်အပ်စွာ ပြုအပ်သောအမှု၊ အသမိဒ္ဓိယံ-၌၊ ဒုဿဿံ- ကောက်ပဲသီးနှံတို့၏ မပြည့်စုံခြင်း၊ ကိစ္ဆေ- ၌၊ ဒုက္ကရံ- ခဲယဉ်းစွာ ပြုအပ်၏၊ ဝိရူပတာယံ - ဝိရူပတာအနက်၌၊ ဒုဗ္ဗဏ္ဏော – ဖေါက်ပြန်သော အဆင်းရှိသူ၊ ( အဆင်းမလှသူ )၊ ဒုမ္မုခေါ – ဖေါက်ပြန်သောမျက်နှာရှိသူ။

(ဆ) သံ ရှာတိ-သည်၊ သမောဓာန – ပေါင်းခြင်း၊ သမ္မာ-အကောင်း၊ သမ-အညီအမျှ၊ သမန္တဘာဝ – ထက်ဝန်းကျင်အဖြစ်၊ သင်္ဂဟ – ပေါင်းဆုံခြင်း၊ သင်္ခေပ – အကျဉ်းချုံးခြင်း၊ ဘုသတ္ထ – အလွန်အကဲ ဟူသော အနက်၊ သဟတ္ထ-တကွဟူသောအနက်၊ အပ္ပတ္ထ – အနည်းငယ်ဟူသော အနက်၊ ပဘဝ – စ၍ဖြစ်ရာ၊ အဘိမုခဘာဝ – ရှေးရှု၏အဖြစ်၊ သင်္ဂဟ- ပေါင်းယူခြင်း၊ ပိဓာန – ပိတ်စဉ်ခြင်း၊ ပုနပ္ပုနကရဏ – အဘန်ဘန်ပြုခြင်း၊ သမိဒ္ဓါဒိသု-ပြည့်စုံခြင်းအစရှိသော အနက်တို့၌၊ (ဝတ္တတိ)။

စသည်ဖြင့် သိက္ခာပုဒ်များ၏ သရုပ်သကောင် ပေါ်လာအောင် ရှက်ခြင်းကိုပင် "သရူပကထန" ဟု ဆိုသည်၊ ကထနာဒိသုဥ္စ အာဒိဖြင့် "သရီရဥဗ္ဗေဓေဟိ-မတ်စောက်သော ကိုယ်တို့ဖြင့်၊ ဥဂ္ဂတော-မြင့်တက်၏" ဟူရာ၌ အရပ်မြင့်ခြင်း ဟူသော ဥဂ္ဂစ္ဆန အနက်, " ဂဇော-ဆင်သည်၊ ဥဒ္ဓါမော-ယုဘ်လျော့သော ခွန်အားရှိ၏ "ဟူရာ၌ ဥဋ္ဌနအနက်, "ဥဒ္ဓဟာရော-နုတ်ခြင်း"ဟူရာ၌ ဥဒ္ဓါရ (ကထိန်နုတ်ခြင်းစသော )နုတ်ခြင်းအနက် ဥက္ကမ္မ-ဖဲ၍" ဟူရာ၌ အပက္ကမ-လမ်းဖယ်ခြင်းအနက်များကို ငှါကာယူသည်။

(စ) အသောဘနေ ဝိရူပတာယံ– "ဒုဂ္ဂန္ဓော-မတင့်တယ်သောအနံ့"ဟု ပေးရာ၌ အသောဘန အနက်တည်း၊ သမာသ်ခဏ်း၌ကား "ကုစ္ဆိတော ဂန္ဓော" ဟု ဒုအတွက် ကုစ္ဆိတအနက် လာဦးသတံ့၊ "စက်ဆုပ်ဘွယ်သော အနံ့ " ဟု ပေး၊ ဒုဋ္ဌုအနက် ကြံ၍ "ဒုဂ္ဂန္ဓော-မကောင်းသော အနံ့"ဟုလည်း ဖွဲ့စ်နိုင်သည့်သာ၊ [ဂံရူပ=ဖေါက်ပြန်သော အဆင်းရှိသူ၏+တာ=အဖြစ်၊] ဤဝိရူပတာ ဟူသည် မလှခြင်း အရုပ်ဆိုးခြင်းတည်း၊ ဝိရူပတာဒိသု၌ အာဒိဖြင့် ဒုမ္မနော-မကောင်းသောစိတ်"စသည်၌လာသော ဒုဋ္ဌုအနက် စသည်ကို ယူသင့်၏။

(ဆ) ပုဒ်၂ပါးတို့၏ ပေါင်းစပ်ခြင်းကို "သန္ဓိ"ဟု ခေါ်၏၊ သံ+ဓ, ဓာခတ် ဣပစ္စည်း၊ သမာမိဥ္စ " သံ– အာ ပုဗ္ဗ ဓာ ဓာတ်, ဣ ပစ္စည်း" ပင်၊ သံသည် သမ္မာ အနက်တည်း၊

www.dhammaransi.com



သမောဓာနေ - သမောဓာန အနက်၌၊ သန္ဓိ-ပေါင်းစပ်ခြင်း၊ သမ္ဗာသမေသ-သမ္ဗာအနက်, သမအနက်တို့၌၊ သမာဓိ - အာရုံ၌ ကောင်းစွာထားတတ်သောတရား၊ သမ္ပယုတ္တော- အညီအမျှ အပြားတို့ဖြင့် ယှဉ်၏၊ သမန္တဘာဝေ - ၌၊ သံကိဏ္ဏော -ထက်ဝန်းကျင် ရောပြွမ်းကုန်၏၊ သမုလ္လပနာ ( သံ + ဥ + လပနာ )-ထက်ဝန်းကျင် မြောက်ပင့် ပြောဆိုခြင်း၊ သင်္ဂဟေ-၌၊ သင်္ဂဟော - ပေါင်းဆုံခြင်း၊ သင်္ခေပေ-၌၊ သမာသော ( သံ+အာသော )- ပုဒ်တို့ကိုချုံးခြင်း၊ တုသတ္ထေ-တုသ အနက်၌၊ သာရတ္တော (သံ + ရတ္တော )- ပြင်းစွာတပ်မက်၏၊ သဘာဂတ္ထေ - သဟ အနက်၌၊ သံဝါသော - အတူနေခြင်း , ပေါင်းသင်းခြင်း၊ အပ္ပတ္ထေ - အပ္ပအနက်၌၊ သမဂ္ဃော(သံ+အဂ္ဃော)-နည်းသောအတိုးရှိ၏၊ ဝါ-အတိုးချို၏၊ ပဘာဝေ-၌၊ သမ္ဘဝေါ - စ၍ ဖြစ်ရာအရပ်၊ အဘိမုခဘာဝေ-၌၊ သမ္မုခံ-မျက်နှာ၏ ရှေ့ရှု၊ ဝါ-မျက်မှောက်၊ သင်္ဂဟော-၌၊ [ ဤနေရာ၌ "သံဝိကာရော" ဟု တချို့စာ၌ရှိ၏၊ သီဟိုဠ်မူ၌ မရှိ , ပါဠိ၌ မရှိသာ၊ ] သင်္ဂဟာ ဘိ - သိမ်းယူ၏၊ (သိမ်းသွင်း၏)၊ [ "သိမ်းယူ- သိမ်းသွင်းခြင်း"ဟူသည် ပေါင်းစု၍ယူခြင်းတည်း၊ ] ပိဓာနေ-၌၊ သံယုတ္တံ-ပေါ်စပ်အပ်၏၊ ပုနပ္ပုနကရဏေ-၌၊ သန္ဓာဝတိ - အဘန်ဘန်ပြေးသွားရ၏၊ သမိဒ္ဓိယံ - သမိဒ္ဓိအနက်၌၊ သမ္ပုဏ္ဏော - ပြည့်ဝ၏။

(၈) ဝိဏ္ဏတိ-သည်၊ ဝိသေသ-အထူး၊ ဝိဝိဓ-အပြား၊ ဝိရုဒ္ဓ-ဆန့်ကျင်ဘက်၊ ဝိဂတ-ကင်းခြင်း၊ ဝိယောဂ-မယှဉ်ခြင်း၊ ဝိရူပတာဒိသု-ဖေါက်ပြန်သော အဆင်းရှိသူ၏အဖြစ်အစရှိသောအနက်တို့၌၊(ဝတ္တတိ)၊ဝိသေသ-

သမ္ပယုတ္တော၌ သံကား သမအနက်တည်း၊ သံယုတ္တံ၌ သံသည် ("သုသံယုတ္တံ-ကောင်းစွာ ပေါ်စပ်အပ်သော၊ ဩသခံ-ဆေး" ဟူရာ၌ ကဲ့သို့) ပေါ်စပ်ခြင်း ဆေး စီရင်ခြင်း အနက်ရှိ၏၊ သဒ္ဒနီတိ၌"ပိဓာန-ပိတ်ခြင်းအနက်" ဟု ဆို၍"သံဝုတံ-ပိတ်ဆို့အပ်၏" ဟု ထုတ်၏၊ ကြွင်းသော အနက်များ ထင်ရှားပြီ။

အာဒိဖြင့် "သံ+ချာ=သင်္ချာ-ရေတွက်ခြင်း"၌ ဂဏနအနက်၊ "သမူဟ=သံ+ဥ+ဟ-ပေါင်းခြင်း"၌ သမူဟအနက်၊ "သဏ္ဌာန်-ပုံသဏ္ဌာန်"၌ အာကတိ-အခြင်းအရာအနက်၊ "မောဓိသမ္ဘာရ=မောဓိ၏ အကြောင်း"၌ အင်္ဂ-အကြောင်းအင်္ဂါ အနက်၊ "သမ္မုတိ-သမုတ် ခေါ်ဝေါ်ခြင်း" ၌ ဝေါဟာရ - အခေါ်အဝေါ် အနက်၊ "သညာဏံ-အမှတ်အသား ၌ အင်္က-အမှတ်အသားအနက်၊ "သင်္ဂဟော-သိမ်းယူခြင်း"၌ ဂဟဏ-ယူခြင်းအနက် (ဤအနက်မှာ " သင်္ဂဟော " ဟု ဆိုခဲ့သော အနက်နှင့် ထပ်သကဲ့သို့ ထင်၏) နှင့် "သံသယော-ယုံမှားခြင်း"၌ ဝိမတိ-တွေးတောခြင်း အနက်များကို ငဲ့ကာယူသည်။

www.dhammaransi.com



ဝိသေသ အနက်၌၊ ဝိမုတ္တိ - အထူးသဖြင့် လွတ်ခြင်း၊ ဝိသိဋ္ဌော - ထူး၏၊ [ မြန်မာမှု၌ "ဝိသုဒ္ဓေါ-အထူးသဖြင့် စင်ကြယ်၏ " ဟု ရှိ၏၊ သီဟိုဠ်မှု၌ "ဝိသိဋ္ဌော"ဟု ရှိ၏၊ သာ၍ ဝိသေသအနက် ထင်ရှားသည်၊ ] ဝိဝိဓေ-၌၊ ဝိမတိ-အမျိုးမျိုး မှတ်ထင်ခြင်း၊ ဝါ-တွေးတောခြင်း၊ ဝိစိတြ-အထူးထူး ဆန်းကြယ်၏၊ ဝိရုဒ္ဓေ - ၌၊ ဝိဝါဒေါ- ဆန့်ကျင်ဘက် ပြောဆိုခြင်း၊ ဝါ- ငြင်းခုန်ခြင်း၊ ဝိဂတေ-၌၊ ဝိမလံ-ကင်းသော အညစ်အကြေးရှိ၏၊ ဝိယောဂေ-၌၊ ဝိပ္ပယုတ္တော-မယှဉ်၊ ဝိရူပတာယံ- ၌၊ ဝိရူပေါ- ဖောက်ပြန်သော အဆင်းရှိ၏။

( ၅ ) အာဝ ဣတိ - အာဝ ဟူသော ဥပသာရသည်၊ အဓောဘာဂ- အောက်အဖို့၊ ဝိယောဂ - ကင်းခြင်း၊ ပရိဘဝ - လွှမ်းမိုးခြင်း၊ ဇာနန- သိခြင်း၊ သုဒ္ဓိ - စင်ကြယ်ခြင်း၊ နိစ္ဆယ - ဆုံးဖြတ်ခြင်း၊ ဒေသ - အရပ်၊ ထေယျာဒိသု-ခိုးခြင်း အစရှိသော အနက်တို့၌၊ (ဝတ္တတိ)၊ အဓောဘာဂေ - ၌၊ အာဝကိုတ္တ စက္ခု-အောက်သို့ချအပ်သော မျက်စေ့ရှိသူ၊ ဝိယောဂေ-၌၊ ဩခုဏ္ဍပါဟနော - ချွတ်အပ်သော ဘိနပ် ရှိသူ၊ ( "ချွတ် " ဟူသည် ဘိနပ်နှင့် မယှဉ်ခြင်းတည်း ) အာဝကောကိလံ - ဥဩဩဖက်သည် စွန့်ပစ် အပ်သော၊ ဝနံ - တော၊ ( " စွန့်ပစ် " ဟူသည်လည်း ကင်းခြင်း မရှိခြင်း ပင်တည်း၊ ) ပရိဘဝေ - ၌၊ အာဝဇာနနံ - အထင်သေးခြင်း၊ အာမညာတိ- အထင်သေး၏၊ ( " အထင်သေး " ဟူသည် ထိုသူ့ကို လွှမ်းမိုးခြင်းပင်

( ၈ ) "ဝိသေသ-အထူး " ဟူသည် အများရိုးရာထက် ပိုမိုထူးခြားခြင်းတည်း၊ " ဝိဝိဓ-အထူးထူး အပြားပြား "ဟူသည်ကား တမျိုးနှင့် တမျိုး မတူ ကွဲလွဲခြင်းတည်း၊ ထို့ကြောင့်"ဟိုသို ထင်-သည်လို ထင် တွေးတော မှတ်ထင်ခြင်းကို "ဝိမတိ"ဟု ခေါ်၏၊ တမျိုးနှင့်တမျိုး (ပုံတခုနှင့် အခြား ပုံတခု, အဆင်တမျိုးနှင့် အခြားအဆင်တမျိုး) မတူ သည်ကို "ဝိစိတြ " ဟု ခေါ်သည်၊ ကြွင်းအနက်များ လွယ်ပြီ၊ ဝိရူပတာဒိသု၌ အာဒိဖြင့် "ဝိရတိ-ရှောင်ခြင်း"၌ နိဝတ္တိ-ဆုတ်နစ်ခြင်း အနက် [ " ရှောင် " ဟူသည် မကောင်းမှုမှ ဆုတ်နစ်ခြင်းပင်တည်း၊ ] "ဝိဟာရော-ကျောင်း"၌ နိဝါသ-နေရာအနက်၊ "ဝိဿသော- အကြွမ်းဝင်ခြင်း"၌ နိဿမ္ဘရ-ချစ်ကျွမ်းခြင်းအနက် "ဝိဝါဟ-ထိမ်းမြားခြင်း"၌ အာဒါန- သိမ်းယူခြင်း အနက် "ဗျာပါဒေါ - စိတ် ဖောက်ပြန်ခြင်းသို့ ရောက်ကြောင်း ဒေါသ " ၌ ဝိကာရ-ဖောက်ပြန်ခြင်း အနက်များကို ဋီကာယူသည်။

( ၅ ) "ယေ ဂတျတ္ထာ, တေ ဗုဒ္ဓျတ္ထာ=အကြင်ဓာတ်တို့ ဂတိ အနက် ရှိကြ၏၊ ထို ဓာတ်တို့ ဗုဒ္ဓိ-သိခြင်းအနက်လည်း ရှိကြသည် "ဟူသည်နှင့်အညီ အာဝဂဏှာတိ၌ ဂဟဓာတ် သည် သိခြင်း အနက်ကို ဟော၏၊ အာဝကာသ ဓာတွတ္ထာနုဝတ္တကသာ၊ ထေယျာဒိသု၌

တည်း)၊ဓာနနေ-၌၊ အဝဂစ္ဆတိ-သိ၏၊ သုဒ္ဓိယံ-၌၊ ဝေါဒါနံ(ဝိ+ဩဒါနံ)-ဖြူစင်ခြင်း၊ နိစ္ဆယေ-၌၊ အဝဓာရဏံ-ပိုင်းခြားသတ်မှတ်ခြင်း၊ ("ဟိုဟာ မဟုတ်, သည်ဟာ" ဟု ပိုင်းခြား သတ်မှတ်မှု ဟူသည့် ဆုံးဖြတ်မှုပင်၊) ဒေသေ-၌၊ အဝကာသော - အရပ်၊ ထေယျေ-၌၊ အဝဟာရော-ခိုးခြင်း။

(၃) အနုဣတိ-သည်၊အနုဂတ-အစဉ်လိုက်ခြင်း၊ အနုပစ္ဆိန္န-မပြတ်စဲခြင်း၊ ပစ္ဆတ္ထ-နောက်ဟူသောအနက်၊ ဘုသတ္ထ-အလွန်ဟူသောအနက်၊ သာဒိသ - တူသည်၏ အဖြစ်၊ ဟီန-အယုတ်၊ တတိယတ္ထ - တတိယာဝိဘတ်၏အနက်၊ လက္ခဏ-အမှတ်အသား၊ ဣတ္ထမ္ဘူတက္ခာန-တရုံတခုအထူးသို့ ရောက်သည်ကို ပြောပြခြင်း၊ ဘာဂ-အဘို့၊ ဝိစ္ဆာဒိသု- ဝိစ္ဆာအစရှိသော အနက်တို့၌၊ (ဝတ္တတိ)။

အနုဂတေ-၌၊ အန္ဝေတိ (အနု+ဧတိ)-အစဉ်လိုက်၏၊ အနုပစ္ဆိန္နေ-၌၊ အနုသယော-အစဉ်မပြတ် ကိန်းဝပ်သော ကိလေသာ၊ ပစ္ဆာသဒ္ဒတ္ထေ-ပစ္ဆာသဒ္ဒါ၏အနက်၌၊ ("နောက်"ဟူသောအနက်၌-ဟူလို၊)အနုရထံ-ရထား၏နောက်၊ ဘုသတ္ထေ-၌၊ အနုရတ္တော-အလွန်တပ်မက်၏၊ သာဒိသေ-၌၊ အနုရူပံ - လျော်၏၊ ("အလျော်" ဟူသည် မဆန့်ကျင်ခြင်း, သဘောတူခြင်းတည်း၊ ထို့ကြောင့်"သာဒိသ"ဟု ဆိုသည်)၊ ဟီနေ-၌၊ ပညဝန္တော - ပညာရှိ ဟူသမျှတို့သည်၊ အနုသာရိပုတ္တံ - အရှင်သာရိပုတြာ၏ အောက်တို့ချည်းတည်း၊ [ "အရှင်သာရိပုတြာလောက် ပညာမရှိကြ၊ အရှင်သာရိပုတြာအောက် ယုတ်လျော့ကြသည်ကို "ဟီန" ဟု ဆိုသည်၊ ယုတ်မာသော "ဟီန" မဟုတ်၊ ] တတိယတ္ထေ-၌၊ သေနာ-စစ်တပ်သည်၊ နဒိံအနု - မြစ်နှင့်တကွ၊ အဝသိတာ - စပ်နေ၏၊ (ဤ၌ "နှင့်တကွ" ဟူသော တတိယာဝိဘတ်၏ အနက်ကို "အနု" သဒ္ဒါက တာဝန်ယူ၍ ဟောသည်)။

အာဒိဖြင့် "အဝဇယတိ-ရှုံး၏" ၌ ပရာဇယအနက်၊ "အဝဋ္ဌိယတိ-တည်ရ၏"၌ ဌိတိအနက်၊ "ဂဗ္ဘာဝေါက္ကန္တိ (ဂဗ္ဘ+အဝက္ကန္တိ)-အမိဝမ်းသို့သက်ခြင်း"၌ ပဝေသအနက်၊ "ဩဝဒတိ(အဝဝဒတိ)-ဆုံးမ၏"၌ ဩဝါဒအနက်၊ "ဩသာနံ(အဝသာနံ)-အဆုံး"၌ ပရိယန္တအနက်များကို ငဲ့ကာယူသည်။

(ည) အနုဂတအနက်မှ တတိယတ္ထအထိ နားလည်လောက်ပြီ၊ လက္ခဏအနက်၌ အဓိပ္ပါယ်ကား- လျှပ်စစ် ပစ်သည်ကို မမြင်လိုက်သူက မြင်လိုက်သူကို မေးရာ၌ "ရုက္ခံ အနု ဝိဇ္ဇောတတေ ဝိဇ္ဇု- သစ်ပင်ပေါ်မှာ လျှပ်စစ်ရောင် တောက်သည်" ဟု မြင်လိုက်

www.dhammaransi.com



လက္ခဏေ-၌၊ ဝိဇ္ဇု - လျှပ်စစ်သည်၊ ရုက္ခံအနု - သစ်ပင်၌၊ ဝိဇ္ဇောတတေ - တောက်ပ၏၊ ဣတ္ထမ္ဘူတက္ခာနေ- ၌၊ ဒေဝဒတ္တော - ဒေဝဒတ်သည်၊ မာတရံအနု - အမိ၌ (အမိအပေါ်၌)၊ သာဓု - အကျင့်ကောင်း၏၊ ဘာဂေ-၌၊ ဒေတု - ဤပစ္စည်းရ၌၊ ယံ- အကြင်ပစ္စည်းကို၊ မံအနု - ငါ့ကို ရည်ရွယ်၍၊ ဝါ-ငါ့တို့၊ သိယာ—ရှိရာ၏၊ [ဋီကာ၌ "ထဝိတံ - ထားအပ်ပြီ" ဟု ရှိ၏၊ ဋီကာအလို "သိယာ"ပါပုံ မရ၊ ] တံ-ထိုငါ့တို့၏ပစ္စည်းကို၊ ဒီယတု - ပေးအပ်စေသတည်း၊ ဝိစ္ဆာယံ - ၌၊ စန္ဒော - လရောင်သည်၊ ရုက္ခံ ရုက္ခံ အနု-သစ်ပင်ဘိုင်း၌၊ ဝိဇ္ဇောတတေ-တောက်ပ၏။

(၄) ပရိသဒ္ဒ - ပရိဥပသာရသည်၊ သမန္တတောဘာဝ - ထက်ဝန်းကျင်ဖြစ်ခြင်း၊ ပရိစ္ဆေဒ-ပိုင်းခြားခြင်း၊ ဝဇ္ဇန-ရှောင်ကြဉ်ခြင်း၊ အာလိင်္ဂန-လည်ဘက်ခြင်း၊ နိဝါသန - ဝတ်ရုံခြင်း၊ ပူဇာ - ပူဇော်ခြင်း၊ ဘောဇန-ကျွေးခြင်း၊ အဝဇာနန-အထင်သေးခြင်း၊ ဒေါသက္ခာန-အပြစ်ပြောခြင်း၊ လက္ခဏာဒိသု-လက္ခဏာအစရှိသော အနက်တို့၌၊ (ဝတ္တတိ)။

သမန္တတောဘာဝေ- ၌၊ ပရိဝုတော - ထက်ဝန်းကျင် စောင့်ရှောက်အပ်၏ (သဒ္ဒါနက်၊ "ဝု=သံဝရဏေ-စောင့်ရှောက်ခြင်း" ဟု ဓာတ်နက်ရှိသည်)၊ ဝါ-ခြံရံအပ်၏ ( သဒ္ဒါတနက် )၊ ပရိစ္ဆေဒေ-၌၊ ပရိညေယျံ-ပိုင်းခြား၍သိအပ်၏၊ ဝဇ္ဇနေ-၌၊ ပရိဟရတိ-ရှောင်လွှဲ၏၊ အာလိင်္ဂနေ- ၌၊

သူက ပြောပြသည်– ဟု ဆိုကြပါစို့၊ သစ်ပင်သည် လျှပ်စစ်ချောင်းတောက်ရာ အရပ်ကို မှတ်ကြောင်းဖြစ်သောကြောင့် လက္ခဏာတ္ထ မည်၏၊ ထို့ကြောင့် ရုက္ခသည် မုချလက္ခဏာ ဖြစ်၏၊ အနုကား ထိုလက္ခဏာအနက်ကို ထင်ရှားအောင်ထွန်းပြ၏၊ ထို့ကြောင့် လက္ခဏာ အနက်သည် အနု၏ အနက်လည်း ဖြစ်တော့၏၊ [ "ရုက္ခံ–သစ်ပင်ကို၊ အနု-အမှတ်ပြု၍" ဟု အနက်ပေးကြသေး၏၊ ] ဣတ္ထမ္ဘူတက္ခာန အနက်ကို နောက်ပုဒ်၌ ရေးမည်။

ဝိစ္ဆာအနက်။ ။ရုက္ခံ ရုက္ခံ ၂ ပုဒ်သည် ဝိစ္ဆာအနက်ကိုဟော၏၊ အနုကား ဝိစ္ဆာ အနက်ဟောပုဒ်နှင့် ယှဉ်တွဲရသောကြောင့် ဝိစ္ဆာ အနက်ဟော ဖြစ်ရတော့သည်၊ ထို အနုသည် ကမ္မပ္ပဝစနီယ အမည်ရသောကြောင့် အနုနှင့်ယှဉ်သော ရုက္ခံ ရုက္ခံ တို့ဝယ် သတ္တမီအနက်ပေးရသော်လည်း ဒုတိယာ ဝိဘတ်သာ သက်ရသည်၊ တချို့အရာ၌ကား ရုက္ခံ ရုက္ခံကဲ့သို့ ၂ ပုဒ်မရှိဘဲ "အန္ဝဒ္ဓမာသံ-အနု+အဒ္ဓမာသံ" ဟု တပုဒ်ထည်းလည်းရှိ၏၊ ထိုအရာမျိုး၌ကား ဝိစ္ဆာ အနက်ကို အနုသဒ္ဒါက ဟောသောကြောင့် အဒ္ဓမာသံ တပုဒ် ထည်းထားသည် ဟု ကြံသင့်သည်။

(၄) "သာဓု ဒေဝဒတ္တော မာတရံ ပရိ" ဟူသော ဣတ္ထမ္ဘူတက္ခာနပုံစံ၌ ဣတ္ထံဟူသည် ထူးခြားသော အချက်တည်း၊ ထို့ကြောင့် ဒေဝဒတ်၏ အကျင့်ကောင်းခြင်း ဂုဏ်ကို

www.dhammaransi.com



ပရိသဇတိ - လည်ဘက်၏၊ နိဝါသနေ - ၌၊ ဝတ္ထုံ - အဝတ်ကို၊ ပရိခသတိ ( သိပတိုင်မူ၌ " ပရိဒဟေသတိ ") ဝတ်ရုံလတ့်၊ ပူဇာယံ - ၌၊ ပါရိစရိယာ - ပြုရလုပ်ကျွေးခြင်း၊ (ပြုရခြင်းနှင့် ပူဇော်ခြင်းဟူသည် သဘောတူပင်တည်း)၊ ဘောဇနေ - ၌၊ ဘိက္ခုံ - ရဟန်းကို၊ ပရိဝိသတိ - ဆွမ်းလုပ်ကျွေး၏၊ အငဇာနနေ - ၌၊ ပရိဘဝတိ - လွှမ်းမိုး၏၊ ( လွှမ်းမိုးခြင်း-ဟူသည်မှာ သူတပါးကို အထင်သေးခြင်းပင်တည်း၊) ဒေါသက္ခာနေ-၌၊ ပရိဘာသတိ - အပြစ်ပြော၏၊ ဝါ - ချိန်းချောက်၏၊ လက္ခဏာဒိသု - လက္ခဏာအစရှိသော အနက်တို့၌၊ [ အာဒိဖြင့် ဣတ္ထမ္ဘူတက္ခာန , ဘာဂ, ဝိစ္ဆာတို့ကို ယူ၊ ] ဝိဇ္ဇုံ - သည်၊ ရုက္ခံပရိ - သစ်ပင်၌၊ ဝိဇ္ဇောတတေ - တောက်ပ၏၊ ဣစ္စာဒိ - ဤသို့ အစရှိသည်တည်း၊ [ ဣစ္စာဒိ၌ အာဒိဖြင့် "သာရ ဒေဝဒတ္တော မာတရံ ပရိ"စသော ပုံစံများကို ယူ။]

(၅) အဓိဣတိ - သည်၊ အဓိက - အလွန်အကဲ၊ ဣသရ - အစိုးရသူ၊ ဥပရိဘာဝ - အထက်၌ ဖြစ်ခြင်း၊ အဓိဘဝန - လွှမ်းမိုးခြင်း၊ အဇ္ဈယန - သရဇ္ဈာယ်ခြင်း၊ အဓိဋ္ဌာန-အဓိဋ္ဌာန်ခြင်း၊ နိစ္ဆယ - ဆုံးဖြတ်ခြင်း၊ ပါပုဏနာဒိသု-ရောက်ခြင်း အစရှိသော အနက်တို့၌၊ (ဝတ္တတိ)။

အဓိကေ-၌၊ အဓိသီလံ-လွန်ကဲသော သီလ၊ (သာ၊ လွန်သော သီလ)၊ ဣသရေ-၌၊ အဓိပတိ-အကြီးအကဲ၊ ပဉ္စာလာ-ပဉ္စာလတိုင်းသားတို့သည်၊

"ဣတ္ထ"ဟူမှာ၊ ထို ဂုဏ်သို့ရောက်သော(ထို ဂုဏ်ရှိသော) ဒေဝဒတ်သည် ဘူတတည်း၊ (ဣတ္ထမ္ဘူတ-လည်း ဟုတ်၏၊) ဒေဝဒတ်၏ အကျင့်ကောင်းခြင်းသည် "မည်သူ့ အပေါ်၌ ကောင်းသည်" ဟု အရာဌာနကို မပြလျှင် အကျင့်ကောင်းပုံ မထင်ရှားနိုင်သေး၊ သို့ဖြစ်၍ အကျင့်ကောင်းပုံ ထင်ရှားဘို့ရန် "မာတရံ" ဟု ထုတ်ပြရသည်၊ "ဒေဝဒတ်သည် အမိ အပေါ်၌ အကျင့်ကောင်းသည်"ဟူလို၊ ထို့ကြောင့်"မာတရံ"သည် ဣတ္ထမ္ဘူတဖြစ်သော ဒေဝဒတ်ကို (ဒေဝဒတ်၏ အကျင့်ကောင်းပုံကိုပါ ထင်ရှားအောင်) ပြတတ်သောကြောင့် ဣတ္ထမ္ဘူတက္ခာန မည်၏၊ [ ဤ၌ " အက္ခာန " ဟူသည် နှုတ်ဖြင့် ပြောပြခြင်း မဟုတ်, ထင်ရှားအောင် ပြခြင်းတည်း၊ ] အနု-ပရိ-ပတိဥပသာရတို့ကား ထို ဣတ္ထမ္ဘူတက္ခာန အနက်ကို မာတရံနှင့် တွဲဘက်၍ ထွန်းပြရုံသာ ထွန်းပြ တတ်သောကြောင့် ဣတ္ထမ္ဘူတ က္ခာန ဇောတက တို့သာတည်း၊ သို့သော် ဓာတွတ္ထာနုဝတ္တက ဥပသာရတို့သည် တွဲဘက်ဖြစ်သော ဓာတ်၏ အနက်ကို ဟောရာ ရောက်သကဲ့သို့ ( ပစ္စည်းရှိသူနှင့် အိမ်ထောင်ပြုရသော ပစ္စည်းမဲ့ မိန်းကလေးသည် ပစ္စည်းရှင် ဖြစ်သကဲ့သို့) ထို့အတူ အနု ပရိ ပတိ တို့သည် ဣတ္ထမ္ဘူတက္ခာန ဖြစ်သော မာတရံနှင့် တွဲရသဖြင့် ဣတ္ထမ္ဘူတက္ခာန အနက်ကို ဟောရာ ရောက်ကြလေသည်။ ["သာဓု ဘာ ဝဂ္ဂဏော ဣတ္ထံ"စသော ဂါထာကို ကမ္မပ္ပဝစနီယခဏ်း၌ ပြအံ့။]

www.dhammaransi.com



ဖြပ္ပဒတ္တေ အဓိ- ဖြပ္ပဒတ်မင်းဟူသော အစိုးရသူရှိကုန်၏၊ [ ဋီကာဖွင့် အတိုင်း ပေးသည်၊ ] ဥပရိဘာဝေ - ၌၊ အဓိရောဟတိ-တက်၏၊ ပထဝိံ- မြေ၏၊ [အချို့စာ၌ "ပထဝိံ" ကျနေသည်၊ သိဟိုဠ်မူနှင့် ဋီကာ၌ ပါ၏၊] အဓိသေသတိ - အပေါ်၌ အိပ်ရလတ့်၊ အဓိဘာဝနေ - ၌၊ အဓိဘာဝတိ - လွှမ်းမိုး၏၊ အဓ္ဈာယနေ - ၌၊ ဗျာကရဏံ-ဗျာကရုဏ်းကျမ်းကို၊ အဓိတေ- ရွတ်အံ၏ , သင်ယူ၏၊ အဓိဋ္ဌာနေ - ၌၊ ဘူမိကမ္ပနံ - မြေလှုပ်ခြင်း အစ ရှိသည်ကို၊ အဓိဋ္ဌာတိ - မိဋ္ဌာန်၏၊ နိစ္ဆယေ- ၌၊ အဓိမောက္ခော-ဆုံးဖြတ် တတ်သော တရား၊ ပါပုဏနေ - ၌၊ ဘောဂက္ခန္ဓံ - စည်းစိမ်စုကို၊ အဓိ ဂစ္ဆတိ-ရ၏။ [ရောက်ခြင်း=ရခြင်း သဘောတူ။]

(၃) အဘိဣတိ-သည်၊ အဘိမုခဘာဝ-ရှေ့ရှုဖြစ်ခြင်း၊ ဝိသိဋ္ဌ-အထူး၊ အဓိက - အလွန်အကဲ၊ ဥဒ္ဓကမ္မ - အထက်အမှု၊ ကုလ - အမျိုးကောင်း၊ သာရုပ္ပ-လျောက်ပတ်သပ္ပါယ်၊ ဝန္ဒန- ရှိခိုးခြင်း၊ လက္ခဏိတ္ထမ္ဘူတက္ခာန ဝိစ္ဆာဒိသု-လက္ခဏ , ဣတ္ထမ္ဘူတက္ခာန, ဝိစ္ဆာ အစရှိသော အနက်တို့၌၊ (ဝတ္တတိ)။

အဘိမုခဘာဝေ-၌၊ အဘိမုခေါ-ရှေးရှု၊ အဘိက္ကမတိ-ရှေးရှုသွား၏၊ ဝိသိဋ္ဌေ-၌၊ အဘိဓမ္မော-သုတ္တန်ပါဠိထက် ထူးကဲသောတရား(သဒ္ဒါနက်)၊ ဝါ-အဘိဓမ္မ(သင်္ကေတနက်)၊ အဓိကေ-၌၊ အဘိဝဍ္ဎတိ-အလွန်ပွား၏၊ ဥဒ္ဓကမ္မေ - ၌၊ အဘိရုဟတိ - တက်၏၊ ကုလေ-၌၊ အဘိဇာတော-မြတ် သော အမျိုး၌ဖြစ်သူ၊ သာရုပ္ပေ - ၌၊ အဘိရူပေါ-လွန်ကဲသော အဆင်း ရှိသူ၊ ဝန္ဒနေ - ၌၊ အဘိဝါဒေတိ - ရှိခိုး၏၊ လက္ခဏာဒိသု - လက္ခဏ အစရှိသော အနက်တို့၌၊ ပုရိမသမံ-ရှေ့နှင့် တူ၏။

(၅) အဇ္ဈာယန၌ "အဓိပုဗ္ဗ ဣဓာတ် ယုပစ္စည်း" ဖြစ်၍ ဣကို အယ—အဓိကို အဇ္ဈ ပြုသဖြင့် ဒီဃဝုဒ္ဓိ ရောက်ခွင့်မရှိ၊ ထို့ကြောင့် "အဇ္ဈာယန" ဟု မရှိရ၊ အဓိဂတ၌ အဓိပုဗ္ဗ ဂမုဓာတ် တေဝိဘတ်တည်း၊ ပါပုဏ နေ၌ ပပုဗ္ဗ အပဓာတ်, အာချာတ် ဥဏာပစ္စည်း သက်ရုံ ဖြင့် ကိတ်ရုပ် မပြီးနိုင်သေး, ယုပစ္စည်း သက်ရဦးမည်၊ ထို့ကြောင့်"ပါပုဏ"ဟု မရှိရ၊ သိဟိုဠ်မူအတိုင်း "ပါပုဏန" ဟု ရှိရမည်၊ ထိုပါပုဏန၏"ရောက်ခြင်း"ဟူသည်လည်း "ရခြင်း"အနက်ပင်တည်း၊ ထို့ကြောင့် ဋီကာ၌ "ပဋိလာဘေ"ဟု ဖွင့်သည်။

(၃) သာရုပ္ပ၌"သုရူပသ-ကောင်းသော အဆင်းရှိသူ၏၊ ဘာဝေါ-အဖြစ်တည်း၊ သာရုပ္ပံ-ကောင်းသော အဆင်းရှိသူ၏ အဖြစ်၊ သာရုပ္ပကို "လျောက်ပတ်, သပ္ပါယ်" ဟု သင်္ကေတနက် ရှိ၏၊ လျောက်ပတ် သပ္ပါယ် ဟူသည် လှခြင်းပင်တည်း၊ [ သိဟိုဠ်မူ၌ "သောရုပ္ပံ"ဟု ရှိ၏၊ သုရူပမှ ဥကို ဩဝုဒ္ဓိ ပြုထားသောကြောင့် သာ၍ ကောင်းသကဲ့သို့

www.dhammaransi.com



(ဗ) ပတိဣတိ - သည်၊ ပတိဂတ - မှီ ခြင်း၊ ပတိလောမ - ဆန့်ကျင်ဘက်၊ ပတိနိဓိ - အတု၊ ပတိဒါန - အစားပေးခြင်း၊ နိသေဓ - တားမြစ်ခြင်း၊ နိဝတ္တန - ပြန်နစ်ခြင်း ( ဆုတ်နစ်ခြင်း )၊ သာဒိဿ - တူ သည်၏ အဖြစ်၊ ပတိကရဏ - ကုစားခြင်း၊ အာဒါန - ယူခြင်း၊ ပတိဗောဓ - ထိုးထွင်းသိခြင်း၊ ပဋိစ္စ - စွဲမှီခြင်း၊ လက္ခဏိတ္ထမ္ဘူတက္ခာနဘာဂဝိစ္ဆာဒိသု - ဘို့၌ (ဝတ္တတိ)။

ပတိဂတေ - ၌၊ ပစ္စက္ခံ - စက္ခုစသော ဣန္ဒြေကို မှီး၍ သာညဏ်(သဒ္ဒတ္ထ)၊ ဝါ - မျက်မှောက် (သင်္ကေတတ္ထ)၊ ပတိလောမေ - ၌၊ ပတိသောတံ - ရေ၏ ဆန့်ကျင်ဘက် ( သဒ္ဒတ္ထ )၊ ဝါ - ရေညာ ( သင်္ကေတတ္ထ )၊ ပတိနိဓိမှ - ၌၊ အာစရိယတောပတိ - ဆရာနှင့်တူသော၊ ဝါ - ဆရာ့ကိုယ်စား ဖြစ်သော၊ သိသော - တပည့်၊ ပတိဒါနေ, တေလဿတ္ထိကဿ(တေလ + အတ္ထိကဿ) - ဆီဖြင့် အလိုရှိသူအား၊ ဃတံ - ထောပတ်ကို၊ ပတိဒဒါတိ - အစားပေး၏၊ ( ဆီ့အစား ထောပတ် ပေးသည် - ဟူလို ၊) နိသေဓေ - ၌၊ ပဋိသေဓနံ - တားမြစ်ခြင်း၊ နိဝတ္တနေ - ၌၊ ပတိက္ကမတိ - နောက်ဆုတ်၏၊ သာဒိဿေ - ၌၊ ပတိရူပကံ - အတု၊ ဝါ - အတု၊ ပတိကရဏေ - ၌၊ ပတိကာရော - ကုစားခြင်း၊ ( ဆေးကုခြင်း )၊ အာဒါနေ - ၌၊ ပတိဂ္ဂဏှာတိ - ခံယူ၏၊ ပတိဗောဓေ - ၌၊ ပတိဝေဓော - ထိုးထွင်းသိခြင်း၊ ပဋိစ္စေ - ၌၊ ပစ္စယော ( ပတိ + အယော ) - စွဲ၍ဖြစ်သည်၊ လက္ခဏာဒိသု - တို့၌၊ ပုရိမသမံ - ရှေးနှင့်တူ၏။

(ဏ) သု ဣတိ - သည်၊ သောဘန - တင့်တယ်၊ သုဋ္ဌု - ကောင်းစွာ၊ သမ္မာ - အသင့်၊ သမိဒ္ဓိ - ပြည့်စုံခြင်း၊ သုခတ္ထာဒိသု - လွယ်ကူခြင်းအနက် အစရှိသည်တို့၌၊ (ဝတ္တတိ)၊ သောဘနေ - ၌၊ သုဂန္ဓော - တင့်တယ်သော

ထင်၏၊ သို့သော် ဂုရုမှ ဉာဏ်ကို အာပြု၍ ဂါရဝံဖြစ်သကဲ့သို့ သာရုပ်ပွဲသည်း အပြစ်မတင်သာ၊ လက္ခဏ စသော အနက်များသ ယ် အနုဋ္ဌ ပြခဲ့သည့် အတိုင်း ပုံစံကို သိနိုင်လောက်ပြီ၊ "အဘိဝိဇ္ဇောတတေ" စသည် ဆိုရုံသာ။]

(ဝ) ပစ္စက္ခံ — "ပတိ + အက္ခ "အက္ခ သဒ္ဒါသည် စက္ခုစသော ဣန္ဒြေ ကို ဟော၏၊ စက္ခုစသော ဣန္ဒြေကို မှီ၍ဖြစ်သော ဉာဏ်ကို ( အသိကို ) ပစ္စက္ခ ဟု ခေါ်၏၊ ယခုအခါ၌ "မျက်မှောက်" ဟု သင်္ကေတနက် ပေးကြသည်၊ မျက်မှောက် ဟူသည်လည်း "မျက်စိ + အောက်" ရောက်နေသကဲ့သို့ စက္ခု သောတ စသည့်ဖြင့် တိုက်ရိုက်မြင် - တိုက်ရိုက်ကြား - တိုက်ရိုက်သိတည်း၊ တဆင့်ကြားခြင်းမဟုတ် - ဟူလို၊ လက္ခဏ စသည့်တို့၌ "ရုက္ခံ ပတိ ဝိဇ္ဇောတတေ စန္ဒော" စသည်ဖြင့် ပုံစံထုတ်ရုံသာ၊ ဤပတိပုံစံများ၌ "ပဋိ" ဟု ရှိရာ၍ "ကွစိ ပဋိ ပတိဿ" သုတ်ဖြင့် ပတိပုဒ်ရင်းကို ပဋိပြုထားသည် - ဟုမှတ်၊ သို့သော် ပဋိမပြုရသော အရာက သာ၍ များသောကြောင့် " ပတိ " ဟုချည်း ရေးသားလိုက်သည်။

www.dhammaransi.com



အနံ့၊ သုမ္ဘု သမ္ဘာ ဒဿေသ - သုမ္ဘု အနက်, သမ္ဘာ အနက်တို့၌၊ သုမ္ဘု-ကောင်းစွာ၊ ဂတော - ကြွတော်မူ၍၊ ဣတိ - ထို့ကြောင့်၊ သုဂတော-သုဂတမည်တော်မူ၏၊ သမ္ဘာ - အသင့်အားဖြင့်၊ ဂတော-ကြွတော်မူ၍၊ ဣတိပိ-ထို့ကြောင့်လည်း၊ သုဂတော-သုဂတမည်တော်မူ၏၊ သမိဒ္ဓိယံ-၌၊ သုဘိက္ခံ-ထမင်း၏ ပြည့်ရုံခြင်း၊ (ဝါ-သာယာ ဝပြော, အစာပေါခြင်း)၊ သုခဿ-သုခအနက်၌၊ သုကရော-လွယ်ကူစွာ ပြုအပ်၏။

(တ) အာဣတိ - သည်၊ အဘိမုခဘာဝ - ရှေးရှု၏ အဖြစ်၊ ဥဒ္ဓကမ္မ-အထက်အမှု၊ မရိယာဒါ - အပိုင်းအခြား အဘိဝိဓိ - ပျံ့နှံ့စေခြင်း၊ ပတ္တ-ရောက်ခြင်း၊ ဣစ္ဆာ-လိုချင်ခြင်း၊ ပရိဿဇန-လည်ဘက်ခြင်း၊ အာဒိကမ္မ-အစအမှု၊ ဂဟဏ - ယူခြင်း၊ နိဝါသ - နေရာ၊ [“နိဝါသန” ဟု အချို့စာရှိ၏၊ နေခံ၌ “ နိဝါသ ” ဟု ရှိလတ့်ဖြစ်၍ “သိပဒိုင္ဂမှု အတိုင်း ကောင်း၏၊] သမီပ-အနီး၊ အဝှါနာဒိသု -ခေါ်ခြင်းအစရှိသော အနက်တို့၌၊ (ဝတ္တတိ)။

အဘိမုခဘာဝေ-၌၊ အာဂစ္ဆတိ-လာ၏၊ [“လာ”ဆိုသည်မှာ လာရာ အရပ်သို့ ရှေးရှုသော သွားခြင်းပင်တည်း၊] ဥဒ္ဓကမ္မေ- ၌၊ အာရောဟတိ-တက်၏၊ မရိယာဒါယံ - ၌၊ အာပဗ္ဗတာ - တောင် တိုင်အောင်၊ ခေတ္တံ-လယ်သည်၊ (တိဋ္ဌတိ-တည်၏) အဘိဝိဓိမှိ-၌၊ ကစ္စာယနဿ - ကစ္စည်းထေရ်၏၊ ယသော - အကျော်အစောသည်၊ အာဗြဟ္မာ - သူငယ်တို့ တိုင်အောင်၊ (ပတ္တတိ - ဖြစ်၏)၊ ပတ္တိယံ - ၌၊ အာပတ္တိံ - အာပတ်သို့၊ အာပန္နော-ရောက်၏၊ ဣစ္ဆာယံ-၌၊ အာကင်္ခါ-လိုလားခြင်း၊ ပရိဿဇနေ-၌၊ အာလိင်္ဂနံ - လည်ဘက်ခြင်း၊ အာဒိကမ္မေ - ၌၊ အာရမ္ဘော - စတည်အားထုတ်ခြင်း၊ ဂဟဏေ-၌ အာဒိယတိ-ယူ၏၊ အာလမ္ဗတိ- ဆွဲကိုင်၏၊ [“အာလိမ္ပတိ”ဟု အချို့စာရှိ၏၊ “အာလမ္ဗတိ” ဟု ရှိသော သိပဒိုင္ဂမှုသာ

(ဏ) ကိလေသာတို့ကို တဘန် မပေါ်စေဘဲ ဉာဏ်ကြွ - ကြွတော်မူခြင်းကြောင့် “သုဋ္ဌုဂတ”အရ “သုဂတ”မည်တော်မူ၏၊ ကာမသုခလ္လိက, အတ္တကိလမထ ဟူသော တရား ၂ ပါးသို့ မကပ်ရောက်စေဘဲ မဇ္ဈိမပဋိပတ်ဖြင့် (လမ်းမှန်ကျအောင်) သင့်မြတ်စွာ ကျင့်တော်မူခြင်းကြောင့် “သမ္မာဂတ”အရ “သုဂတ” မည်တော်မူ၏။

(တ) မရိယာဒ, အဘိဝိဓိ။ ။ လယ်၌ ကန်သင်းသည် လယ်၏ အပိုင်းအခြား ဖြစ်၍ ကန်သင်းပေါ်သို့ လယ်မရောက်သကဲ့သို့ ထို့အတူ မိမိအပေါ်သို့ မရောက်စေဘဲ ပိုင်းခြားခြင်းသည် မရိယာဒါ မည်၏၊ “ အာပဗ္ဗတာ ခေတ္တံ ( တိဋ္ဌတိ) ” ၌ လယ်သည် တောင်ပေါ်သို့ မရောက်, တောင်ခြေ၌သာ တည်၏၊ ထို့ကြောင့် တောင်သည် လယ်၏

www.dhammaransi.com



ကောင်းသည်၊] နိဝါသေ – ၌၊ အာဝသထော – နေရာအိမ်၊ သမီပေ – ၌၊ အာသန္နေ-အနီး၊ အဝှါနေ-၌၊ အာမန္တေတိ- ခေါ်၏၊ [ "အာမန္တေသိ" ဟု အချို့စာ ရှိ၏။]

(ထ) အတိဣတိ – သည်၊ အတိက္ကမနေ - သာလွန် , ကျော်လွန်သော လွန်ခြင်း၊ အတိက္ကန္တေ – မရှိသော လွန်ခြင်း၊ အတိသယေ – ကဲလွန်သော လွန်ခြင်း၊ ဘုသတ္ထာဒိသု-ပြင်းထန်သော အလွန်အနက် အစရှိသည်တို့၌၊ (ဝတ္တတိ)၊ အတိက္ကမနေ-၌၊ အမှေဘိ-ငါတို့ထက်၊ အတိရောစတိ-လွန်၍ တင့်တယ်၏၊ အတီတော– လွန်၍ ဖြစ်၏၊ အတိက္ကန္တေ-၌၊ အစ္စန္တံ-အပိုင်း အခြားကို လွန်၏၊ အတိသယေ–၌၊ အတိကုသလော - အလွန် လိမ္မာ၏၊ ဘုသတ္ထေ-၌၊ အတိက္ကောဓော - လွန်ကဲသော ဒေါသ၊ အတိဝုဒ္ဓိ-အလွန် အမင်း ကြီးခြင်း။

(ဒ) အပိဣတိ- သည်၊ သမ္ဘာဝနာ - ချီးမြှောက်ခြင်း၊ အပေက္ခာ- ငဲ့ခြင်း၊ သမုစ္စယ - ဆည်းခြင်း၊ ဂရဟာ – ကဲ့ရဲ့ခြင်း၊ ပဉှာဒိသု - မေးခြင်း အစရှိသော အနက်တို့၌၊ ( ဝတ္တတိ )၊ သမ္ဘာဝနာယံ – ၌၊ ဒိဗ္ဗေသု- နတ်၌ ဖြစ်ကုန်သော၊ ကာမေသုအပိ – ကာမဘို့၌သော်လည်း၊ မေရုမ္ပိ - မြင့်မိုရ်

အပိုင်းအခြားတည်း၊ ယင်းသို့ဖြစ်၍ ပဗ္ဗတသည် မုချမရိယာဒါဖြစ်၏၊ (အာ) ကား ထိုမရိယာဒါ အနက်ကို ထွန်းပြသဖြင့် မရိယာဒါအနက်ရှိသည်-ဟု ဆိုရသည်၊ မိမိအပေါ်၌ ပျံ့နှံ့စေခြင်းသည် "အဘိဝိဓိ" တည်း၊ "အာကုမာရံ ယသော ကစ္စာယနဿ"၌ အရှင်ကစ္စည်း၏ ဂုဏ်သတင်းကို ကလေးသူငယ်များပင် သိ၏၊ ထို့ကြောင့် ဂုဏ်သတင်းသည် ကလေး သူငယ်တို့အပေါ်၌ ပျံ့နှံ့ နေရကား ကုမာရသဒ္ဒါသည် အဘိဝိဓိ အစ်တည်း၊ အာကား အဘိဝိဓိကို ထွန်းပြသဖြင့် အဘိဝိဓိ အနက်ရှိသည်-ဟု ဆိုရသည်။

(ထ) "အတိက္ကမန" အရ "လွန်ခြင်း" ဟူသည် သူတပါးထက် သာလွန်ခြင်း— လွန်သွားခြင်းတည်း၊ "အတိက္ကန္တ" အရ "လွန်ခြင်း"ကား အပိုင်းအခြား မရှိ၍ အပိုင်း အခြားကို လွန်ခြင်းတည်း၊ "အတိသယ" အရ "လွန်ခြင်း" မှာ အလွန် လိမ္မာသော အားကြီး လိမ္မာသော သိပ် လိမ္မာသော "အလွန်" တည်း၊ "ဘုသ" အရ အလွန်မှာမူ ပြင်းပြသော အလွန်တည်း၊ အာဒိဖြင့် အတိရိတ္တ ( အပိုအလျှံ အကြွင်းအကျန် ) အလွန် ကိုရင်း, အတိဒေဝ ( ထူးလွန်သော နတ် ) ဟူရာ၌ ထူးခြားသော အလွန်ကိုရင်း ငှိကာ ယူသည်။

(ဒ) သမ္ဘာဝနာ— ချီးမြှောက်ခြင်း-မြှင့်ခြင်းကို သမ္ဘာဝနာ"ဟု ခေါ်၏၊ "အပိ ဒိဗ္ဗေသု ကာမေသု" ကား နတ်ကာမဂုဏ်ကို မြှောက်ပင့်သော စကားတည်း၊ လူ့ကာမ ဂုဏ်ထက် အထက်တန်းကျသော နတ်ကာမဂုဏ် ကြီးများ၌ပင် ထိုယောဂီ ရဟန်းမှာ မမွေ့လျော်-ဟူလို၊ "မေရုမ္ပိ"၌ အပိလည်း မြင့်မိုရ်တောင်ကို မြှောက်သော စကားပင်တည်း၊

www.dhammaransi.com



တောင်ကိုသော်လည်း၊ ဝိနိဝိဇ္ဈိဘွာ - ဖေါက်ထွင်း၍၊ ဂန္တွေယျ-သွားနိုင်ရာ၏၊ အနပက္ခာယံ - ၌၊ အသံဝိဇ္ဇမ္ပော - ဤ အာပတ်လည်း၊ အနိယတော-အနိယတတည်း၊ သမုစ္စယေ - ၌၊ ဓာတိပိ - ဤ အကြောင်းကြောင့်လည်း၊ အရဟံ - အရဟံမည်တော်မူ၏၊ အန္တံပိ - အရှုံကိုင်၊ အနူဂုဏံပိ - အရှသိမ်ကိုင်၊ အာဒါယ - ယူ၍၊ ဂရဟေ - ၌၊ အမှာကံ - ငါတို့၏၊ ပဏ္ဍိတက အပိ-စက်ဆုပ်အပ်သော ပညာရှိ၊ ပဌွေ - ၌၊ ဘန္တေ-အရှင်ဘုရား၊ ဘိက္ခုံ-ဆွမ်းကို၊ အပိလဘိဿ-ရပါကုန်၏လော။

သာမန် အရာဝတ္ထုကို မဆိုထားဘိ, အလွန်ကြီးမားသော မြင့်မိုတောင်ကြီးကိုပင် ဖေါက်ခွဲ၍ သွားနိုင်သည်—ဟူလို။

အပေက္ခာ — ဆိုပြီးအနက်ကို ငဲ့သော စကားသည် " အပေက္ခာ " မည်၏၊ ပဌမ အနိယတ သိက္ခာပုဒ်နောက်၌ ဒုတိယ အနိယတ သိက္ခာပုဒ်ကို ပြရာဝယ် " အယမ္ပိ " ဟု ဆိုအပ်သော အပိသဒ္ဒါသည် ပဌမသိက္ခာပုဒ်၌ ပြခဲ့သော အနိယတအာပတ်ကို ငဲ့သော အပိတည်း၊ "ရှေ့အာပတ်သာ အနိယတမဟုတ်,ဤအာပတ်လည်း အနိယတမည်သည်" ဟူလို။

သမုစ္စည်း သမ္ဘာဝနာ အပေက္ခာ ။ ။ သမုစ္စည်း၌ ဆည်းအပ်သော အနက်တမျိုး ရှိ၏၊ ဥပမာ-လိင်္ဂ၌ စဖြင့် ဓာတုကို ဆည်းရာဝယ် " ဓာတ် " ဟူသော အနက်တမျိုး ရှိသကဲ့သို့တည်း၊ သမ္ဘာဝနာအနက်၌လည်း မူလအနက်ပေါ်ဝယ် ပေါင်းအပ်သော အနက်တမျိုး ရှိသေး၏၊ ဥပမာ-ဝေါဒိဿရိသုတ်၌ ရိပ္ပြခြင်း အနက်အပြင် ရသပြုခြင်း အနက်တမျိုး ရှိသေးသကဲ့သို့တည်း၊ အပေက္ခာ အနက်၌ကား ထိုကဲ့သို့ အနက်တမျိုး သီးခြား မရှိ၊ ရှေ့နောက် ၂ ချက်လုံးမှ အနက်တခုသာ ရနိုင်၏၊ ဥပမာ—အတ္တော အက္ခရသညာတော သုတ်လာ အက္ခရာနှင့် အက္ခရာပဒါဒယော သုတ်လာ အက္ခရာသည် တမျိုးထည်းသာ ဖြစ်သကဲ့သို့ရှင်း , အနိယတ သိက္ခာပုဒ် ၂ မျိုးလုံး၌ အနိယတ အမည်တမျိုးထည်းသာ ဖြစ်သကဲ့သို့ရှင်း တည်း။

သမုစ္စည်း—" ဓာတိပိ- ဤအကြောင်းကြောင့်လည်း " ဟူရာ၌ " အခြားအကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏" ဟု အခြား အကြောင်းတမျိုးကို ဆည်းယူသောကြောင့် အပိသဒ္ဒါကို "သမုစ္စည်း" ဟု ခေါ်သည်၊ ဤသမုစ္စည်းကို "အဝုတ္တ သမုစ္စည်း—တိုက်ရိုက် မဆိုအပ်သော အနက်ကို ဆည်းသည် " ဟု ဆို၏၊ အန္တမ္ပိ အနူဂုဏမ္ပိတို့၌ အပိကား အချင်းချင်း အပြန်အလှန် ဆည်းသောကြောင့်"အညမည သမုစ္စည်း"မည်၏။

ဂရဟာ—ပဏ္ဍိတက၌ က ပစ္စည်းကို " ကုစ္ဆိတ အနက်ရှိ၏" ဟု အာလုတဗ္ဗဘုလော သုတ်အဆက်၌ ပြသတုံ၊ ဤ " ပဏ္ဍိတက " ဟု ပြောဆိုခြင်းသည် မိမိမလိုသားသော အကြောင်းအရာကို အပိုအမို ပြောဆိုလာသော တသည့်အား ဆရာက ကဲ့ရဲ့သော အရာ၌ ပြောဆိုခြင်းတည်း၊ "စက်ဆုပ်အပ်သောပညာရှိ,စုပ်ချာသောပညာရှိ"ဟူလို ထို့ကြောင့် အပိသဒ္ဒါလည်း ဂရဟာ အနက်ရှိ၏ – ဟု ဆိုရသည်၊ [ ပဥ္စာ အနက်မှာ ထင်ရှားပြီ။

www.dhammaransi.com



(၈) အပစ္စတိ - သည်၊ အပဂတ - ကင်းခြင်း၊ ဂရဟ - ကဲ့ရဲ့ခြင်း၊ ဝဇ္ဇန - ရှောင်ကြဉ်ခြင်း၊ ပူဇာ - ပူဇော်ခြင်း၊ ပဒုဿနဒိသု - ပြစ်မှားခြင်း အစရှိသော အနက်တို့၌ (ပတ္တတ်)၊ အပဂတော-၌၊ အပေမာနော-ကင်းသော မာနရှိ၏၊ အပေတော(အပ+ဣတော)-ကင်း၏၊ ဂရဟော-၌၊ အပဂဗ္ဘော-ယုတ်ညံ့သော အမိဝမ်းတိုက် ရှိခဲ့သူ၊ ဝဇ္ဇနေ - ၌၊ ဝါဏိဇာ - ကုန်သည်တို့သည်၊ အပ သာလာယ-ကင်းတဲကိုရှောင်လွှဲ၍၊ အာယန္တိ-လာကုန်၏၊ ပူဇာယံ-၌၊ ဝုဍ္ဎါပစာယိ ( ဝုဍ္ဎ+အပ+စာယိ )- ကြီးရင့်သူကို ရိုသေလေ့ ရှိသူ၊ ပဒုဿနေ-၌၊ အပရဇ္ဈတိ-ပြစ်မှား၏။

(၉) ဥပဿဂ္ဂတိ - သည်၊ ဥပဂမန - ချဉ်းကပ်ခြင်း၊ သမီပ-အနီး၊ ဥပ ပတ္တိ - ပဍိုသန္ဓေနေခြင်း၊ ဝါ - အသင့်၊ သာဒိဿ - တူသည်၏ အဖြစ်၊ [သဒိသဿ- တူသည်၏၊ ဘာဝေါ-အဖြစ်တည်း၊ သာဒိဿံ- တူသည်၏ အဖြစ်၊ ဏျပစ္စည်းသက်၍ သျကို သပြု, ဒွေဘော်လာ၊ ] အဓိက-အလွန်၊ ဥပရိဘာဝ-အထက်၌ ဖြစ်ခြင်း၊ အနသန-အစားမစားခြင်း၊ ဒေါသက္ခာန-အပြစ်ပြောခြင်း၊ သညာ - အမည်၊ ပုဗ္ဗကမ္မ - ရှေးဦးစွာပြုခြင်း၊ ပူဇာ - ပူဇော်ခြင်း၊ ဂယှာကာရ - ယူထိုက်သော အခြင်းအရာ၊ ဘုသတ္တာဒိသု-အလွန်အကဲဟူသော အနက် အစရှိသည်တို့၌၊ (ဝတ္တတိ)။

ဥပဂမနေ - ၌၊ နိသိန္နံဝါ - ထိုင်သူကိုမူလည်း၊ ဥပနိသိဒေယျ- ကပ်၍ ထိုင်အံ့၊ သမီပေ-၌၊ ဥပနဂရံ - မြို့၏ အနီး၊ ဥပပတ္တိယံ-၌၊ သဂ္ဂံလောကံ-နတ်ပြည်သို့၊ ဥပပဇ္ဇတိ - ရောက်ရ၏၊ [ နတ်ပြည်၌ ပဋိသန္ဓေနေရ၏- ဟူလို၊ ] အထဝါ - တနည်းကား၊ ဥပပတ္တိ - ဥပပတ္တိဟူသည်၊ ယုတ္တိ- အသင့်တည်း၊ ယထာ-ဥဒါဟရဏ်ကား၊ ဥပပတ္တိတော ( ယုတ္တိတော )- အသင့်အားဖြင့်၊ ဣက္ခတိ - ရှုတတ်၏၊ ဣတိ - ထို့ကြောင့်၊ ဥပေက္ခာ - ဥပေက္ခာ မည်၏၊ [ ဥပေက္ခာ၌ ဥပသည် ယုတ္တိအနက်ရှိ၏ - ဟူလို၊ ]

* အပိဓာယတိ- ပိတ်၏၊ အပိဓာနံ-အပိတ် " စသည်ကဲ့သို့ အာချာတ်ကိတ် ကြိယာ၏ ရှေ့ကနေသော အပိသာလျှင် ဥပသာရတည်း၊ "အပိဒိဗ္ဗေသု, အယံပိဓမ္မော" တို့၌ အပိနှင့် တိ ဋ္ဌတိပိ စသည်၌လာသော ပိသဒ္ဒါများကို နိပါတ်ပုဒ်၌ သဒ္ဒနီတိ သွင်းလိုသည်။ ]

(၈) " အပဂဗ္ဘော " ကား ဝေရဉ္စပုဏ္ဏားက ဘုရားကို ကဲ့ရဲ့သော အရာ၌ သုံးစွဲသော စကားတည်း၊ (အခြားအရာ၌လည်း ဤသို့ ကဲ့ရဲ့ခဏ်း၌ သုံးသည်၊ ) ထို့ကြောင့် အပသဒ္ဒါကို ဂရဟာ အနက်ရှိ၏ - ဟု ဆိုသည်၊ ပဒုဿနဒိသု၌ အာဒိဖြင့် ဗျပဒေသ (ဝိ+အပ+ဒေသ) ငဲ့ညွှန်းခြင်းအနက်, အပဝါဒ- စွပ်စွဲခြင်းအနက်များကို ဋီကာယူ၏။

www.dhammaransi.com



သာဒိသော – ၌၊ ဥပမာနံ , ဥပမာ – နှိုင်းယှဉ်ကြောင်း ဥပမာ၊ [ ဥပမာန ဝတ္ထုနှင့် ဥပမေယျဝတ္ထု ၂ ခုတို့၏ တူသည့်၏ အဖြစ်ကို ဥပမာဟုရင်း သာဒိသ–သဒိသတ္တဟုရင်း ခေါ်သည်။ ]

အဓိကေ – ၌၊ ဥပခါရိယံ – တတ္တိုထက်ပိုသော၊ ဒေါဏော – တစိတ်၊ ဥပရိဘာဝေ ၌ ဥပသမ္ပန္နော–မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်၏၊ အနသနေ–၌၊ ဥပဝါသော–ဥပုသ်စောင့်ခြင်း၊ [ သာသနာပဥပုသ်၌ အစာ မစားဘဲ နေခြင်းကိုပင် "ဥပုသ်စောင့်" ဟု ခေါ်၏၊ ] ဒေါသက္ခာနေ – ၌၊ ပရံ – သူတပါးကို၊ ဥပဃာတိ – စွပ်စွဲ၏၊ [ "စွပ်စွဲ=အပြစ်ပြော" တူ၏၊ ] သညာယံ–၌၊ ဥပဓာ–ဥပဓာအမည်၊ [ဥပဓာဟူသောအမည်ကို "ဂဟာသျ ပဓသောဝါ" သုတ်၌ တွေ့ရလတ့်၊ ] ဥပသဂ္ဂေါ–ဥပသာရပုဒ်၊ [ ဤ 'ဥပ သဂ္ဂ"ဟူသည်လည်း "ပ–ပရာ"စသည်တို့၏ အမည်ပင်ဘည်း၊ သက္ကတ၌ "ဥပသရ်ဂ" ဟု ရှိသောကြောင့် အထက်၌ ရေဖပျောက်၍ ဒွေဘော် လာပြီးလျှင် ပ်ဋ္ဌိ၌ "ဥပသဂ္ဂ" မြန်မာလို သက္ကတ နောက်ယောင်ခံ၍ "ဥပသာရ"ဟု ခေါ်နေကြသည်၊ ] ပုဗ္ဗကမ္မေ–၌ ဥပက္ကမော–လုလ္လပြုခြင်း၊ [ ပါထာဝတီပါတစသည် မဖြစ်တို့ရန် ရှေးအတို့၌ လုလ္လပြုခြင်းဖြစ်၍ ဥပကို ပုဗ္ဗကမ္မအနက်ရှိ၏ – ဟု ဆိုသည်၊ ] ဥပကာရော– ကျေးဇူးပြုခြင်း၊ [ စ၍ ကျေးဇူးပြုသည်ကို "ဥပကာရ" ဟု ခေါ်၏၊ ] ပူဇာယံ–၌၊ ဗုဒ္ဓုပဋ္ဌာကော– ဘုရားကို လုပ်ကျွေးသူ၊ မာတုပဋ္ဌာနံ – မိခင်ကို လုပ်ကျွေးခြင်း၊ ဂယှာ ကာရေ-၌၊ သောစေယျပစ္စုပဋ္ဌာနံ ( ပတိ+ဥပ+ဌာနံ ) – စင်ကြယ်သူ၏ အဖြစ်ဖြင့် ထင်ရှားလာတတ်၏၊ [ စင်ကြယ်သူ၏ အဖြစ်သည် ဉာဏ်၌ ထင်လာလျှင် စင်ကြယ်သူ၏ အဖြစ်သည် ဉာဏ်ဖြင့်ယူအပ်သော အခြင်း အရာတမျိုး ဖြစ်၏၊ ] ဘုသတ္တေ – ၌၊ ဥပါဒါနံ – ပြင်းစွာယူခြင်း၊ ဥပါယာသော – ပြင်းစွာပင်ပန်းခြင်း၊ ဥပနိဿယော – အားကြီးသောမှီရာ၊ ဣတိ– ဤတွင် အပြီးတည်း။

ဣတိ – ဤသို့၊ ဥပသဂ္ဂါ – ဥပသာရတို့သည်၊ အနေကတ္ထာ ဟိ ( အနေ ကတ္ထာဝေ)- များသောအနက် ရှိကုန်သည်သာ၊ ဥပသဂ္ဂနိပါတာဝစ ၊ ပေ ၊

(န) ဥပ အနက်များ၏ ပုံစံများမှာ ထင်ရှားပြီ၊ ဥပနိဿယောတ်၌ ဣတိကား ပရိ သမာပန (အပြီး)အနက်ရှိ၏၊ "ဣတိ အနေက ဟ္တာဟိ ဥပသဂ္ဂါ"ကား နိဂုံးစကားတည်း၊ ဝုတ္တဉ္စ–စသော ဂါထာကား ထိုနိဂုံးကိုပင် သာဓကပြသော ပါထာတည်း၊ ထို ဂါထာ၌ "ဥပသာရ-နိပါတ်-ပစ္စည်း"၏ ၃ မျိုးသာ ပြသော်လည်း " ဓာတူနံ အနေကတ္ထတ္တာ" ဟု

www.dhammaransi.com



ဖြဝုန္တိ-"ဥပသဂ္ဂါ၊ ပေ၊ဖြဝုံ" ဟူ၍၊ ဝုတ္တဥ္စ-ရှေးဆရာတို့လည်း ဆိုအင်ပြီ၊ [ ဥပသဂ္ဂနိပါတာ၁စ - ဥပသာရပုဒ် , နိပါတ်ပုဒ်တို့သည်ဝုင်း၊ ပစ္စယာ-တဒ္ဓိတ် , ကိတ်စသော ပစ္စည်းတို့သည်ဝုင်း၊ ဣမေတယော - ဤ ၃ မျိုးတို့သည်၊ အနေကေ - များလည်း များကုန်၏၊ အနေကတ္ထဝိသယာ-များသော အနက်လျှင် အရာရှိကုန်၏၊ ဣတိ - ဤသို့၊ နေရုတ္တိကာ - သဒ္ဒါကျမ်းတတ်, ဆရာမြတ်တို့သည်၊ အဖြဝုံ - ဆိုကြကုန်ပြီ၊ ]

တတ္ထ - ထိုဥပသာရ နိပါတ်တို့တွင်၊ ဥပသဂ္ဂါနံ - ဥပသာရတို့၏၊ နာမာချာတဝိသေသကတ္တာ - နာမ်ပုဒ် အာချာတ်ပုဒ်တို့ကို အထူးပြုတတ်ကုန်သည်၏အဖြစ်ကြောင့်၊ လိင်္ဂသညာယံ-လိင်အမည်ကို၊ ( ကတာယံ-ပြုအင်ပြီးသော် )၊ အနိယမေန - မည်သည့် ဝိဘတ် ဟု မမှတ်သားခြင်းကြောင့်၊ သျာဒိမှိ-သိအစရှိသောဝိဘတ်အားလုံးသည်၊သမ္ဘဝေ-ရောက်လုလတ်သော်၊ တေသံ - ထိုဥပသာရတို့၏၊ သင်္ချာကမ္မာဒိဘေဒါဘာဝါ-သင်္ချာအပြား ကံ အစရှိသော အပြားတို့၏ မရှိခြင်းကြောင့်၊ ( ကမ္မာဒိဗ္ဗ

များစွာလာသောကြောင့် ခတ်တို့ကိုပါ သွင်းယူသင့်၏၊ထို့ကြောင့်"ဥပသဂ္ဂနိပါတာစ, ပစ္စယာ ခါတဝေါ်စမေ "ဟု ဒုတိယပါဒကို မှတ်ပါ၊ ဥပသာရ စသော ၄ မျိုးတို့သည် အနေကေ-ဥပသာရ ၂၀, နိပါတ်ပစ္စည်းခါတ်တို့ မရေတွက်နိုင်အောင် များလှကုန်၏၊ အနေကတ္ထဝိသယာ-သူတို့ဟောဘို့ရာ အနက်နယ်ပယ်မှာလည်း ပအ်အနက်ပင် ပကာရ-အာဒိကမ္မ စသည်ဖြင့် အလွန်များ၏၊ တိုကဲ့သို့ပင် အခြား ဥပသာရ အနက်များလည်း ကျယ်ဝန်း များပြားကြသည်-ဟူလို။

တတ္ထ၊ပေ၊လိင်္ဂသညာယံ— [ ဂါထာ၌ ဥပသာရ-နိပါတ်-ပစ္စည်း ဟု ၃မျိုးပြထားသော်လည်း နောက်၌ ဥပသာရနိပါတ် ၂ မျိုးသာ ခွဲလတ့်ဖြစ်သောကြောင့် " တတ္ထ-ထိုဥပသာရနိပါတ်တို့တွင် "ဟု ၂ မျိုးသာ ခွဲသည်၊ ] " နာမာချာတဝိသေသကတ္တာ " ဟူသော ဟိတ်ကား လိင်အမည် ရခြင်း၏ အကြောင်းပြ တည်း၊ နာမ် အာချာတ် တို့ကို အထူးပြုတတ်သောကြောင့် ဥပသာရတို့သည် ဆိုင်ရာအနက်ရှိသော "အတ္ထဝန္တ" သဒ္ဒါများတည်း၊ ဥပမာ-" ပညာ "၌ ပသည် " ဉာ " ဟူသော ကိတ်နာမ်ကို အထူးပြုရကား "အပြားအားဖြင့်"ဟူသော အနက်ရှိ၏, စသည်တည်း၊ ဤသို့အနက်ရှိလျှင် "ခါတုပစ္စယ ဝိဘတ္တိဝဇ္ဇိတမတ္ထဝံ လိင်္ဂံ = ခါတ်ပစ္စည်း ဝိဘတ်မှ တပါး အနက်ရှိသော သဒ္ဒါသည် လိင်မည်၏"နှင့်အညီ ဥပသာရတို့ လိင်အမည် ရနိုင်ကြသည်-ဟူလို။

လိင်္ဂသညာယံ၊ပေ၊သမ္ဘဝေ—လိင်အမည်ရပြန်လျှင် " တဗ္ဘာဝ ဝိဘတ္တိယော " သုတ်အရ ဝိဘတ်သက်နိုင်ပြီ၊ ထိုသို့သက်ရာ၌ "မည်သည့်ဝိဘတ်"ဟု မသတ်မှတ်ရသဖြင့် သိအစရှိသော အားလုံးပင် သက်ခွင့် ရောက်နေပြန်သည်။

www.dhammaransi.com



အဒေိဖြင့် ကရိယာစသော အနက်များကိုယူ၊) တေဟိ- ထိုဥပသာရတို့မှ (နေခံ၍)၊ ပဉ္စမေကာဝစနမေဝ-ပဉ္စမီဧကဝုစ်ချည်းသာ၊ ဘဝတိ-၏။

လောပန္တိ-လောပ်ပုဒ်သည်၊ ဝတ္တမာနေ-လိုက်လတ်သော်။

သဗ္ဗာသ၊ ပေ၊ဒီဟိစ။ ။အာဂုသောသဒ္ဒတော - အာဂုသော သဒ္ဒါမှရင်း၊ ဥပသဂ္ဂနိပါတေဟိစ - ဥပသာရနိပါတ်တို့မှရင်း၊ ( ယသံ – ဟု ရှိသည့်ကား အပို၊ သုတ်၌ပါသော"သဗ္ဗာသံ"ဟုသာ ရှိသင့်၏၊)ပရာသံ- နောက်ဖြစ်ကုန်သော၊ သဗ္ဗာသံ - အလုံးစုံကုန်သော၊ ဝိဘတ္တီနံ - တို့၏၊ လောပေါ ဟောတိ၊ အာဒိသဒ္ဒေန-ဖြင့်၊ ကွစိ- ၌၊ သုတ္တပဒါဒီဟိစ—သုတ္တ, ပဒ အစရှိသည်တို့မှ နောက်၌လည်း၊ ( ဝိဘတ္တီနံ လောပေါ ဟောတိ )၊

**တေသံသဒ္ဒါ၊ ပေ၊ပဉ္စမေကဝစနမေဝ**—ထိုသို့ ဝိဘတ်အားလုံး သက်ခွင့်ရောက်နေသော်လည်း အားလုံး မသက်ရ၊ ကမ္မာဒိဘေဒါဘာဝါ (ကမ္မာဒိဘေဒ+အဘာဝါ) ကံ, ကရိယာစသော အကွဲအပြားမရှိ၊ "ပဟာရော – ပုတ်ခတ်ခြင်း" ဟူရာ၌ ပအတွက် ကံကရိယာစသော ဝိဘတ်နက်အထူးမရှိ၊ ထို့ကြောင့် မူလရှိရင်းဖြစ်သော လိန်အနက်ကို ထွန်းပြဘို့ရာ ပဉ္စမာဝိဘတ်သာ သက်ရမည်၊သင်္ချာဘေဒါဘာဝါ-ဧကဝုစ် ဗဟုဝုစ်သင်္ချာ အကွဲအပြားလည်း မရှိ၊ "ပဟာရာ–ပုတ်ခတ်ခြင်းတို့သည်"ဟု ဗဟုဝုစ်အနက် ပေးရစေကာမူ ပအတွက် ဗဟုဝုစ်ပေးရခြင်း မဟုတ်၊ ပ–ကား "ဟာရ"ဟူသော နာမ်ကိုသာ အထူးပြုသည်၊ ထို့ကြောင့် ပဉ္စမာဝိဘတ်လည်း ဧကဝုစ်သာ သက်သည်၊ [ ကမ္မာဒိ ဘေဒါဘာဝါသည် ပဉ္စမာဝိဘတ်သက်ခြင်း၏ အကြောင်းပြ,သင်္ချာဘေဒါဘာဝါကား ဧကဝုစ် သက်ရခြင်း၏ အကြောင်းပြတည်း၊ "သင်္ချာကာလာဒိ" ဟု အချို့စာ ရှိရာ၌ "ကာလ" ကား ပါဌ်ပျက်၊ "သင်္ချာကမ္မာဒိ"ဟုသာ ရှိရမည်၊ ]ဤကား ရူပသိဒ္ဓိဝါဒ တည်း၊ သဒ္ဒနီတိနှင့် ဆရာတို့ဝါဒကို ကစ္စည်းဘာသာဋီကာမှာ ရှု။

**အာဒိသဒ္ဒေန ကွစိ သုတ္တပဒါဒီဟိ**—အဗျယ တဒ္ဓိတ်ခဏ်း (ဝိဘာဂေခေစ သုတ်)၌ "သုတ္တသော, ပဒသော, ဗျဉ္ဇနသော"စသော ပုဒ်များကို ပြလတ့်၊ ထိုသုတ္တသောစသည် တို့သည် နိပါတ်ပုဒ် မဟုတ်, ပဒမာလာ စဉ်၍ရသော ရိုးရိုး တဒ္ဓိတ်မျိုးလည်း မဟုတ်, အဗျယတဒ္ဓိပုဒ်တမျိုး ဖြစ်ရကား "သုတ္တသော"ဟု တဒ္ဓိတ် ပြီးပြီးနေခံ, နာမ်ငဲ့, နာသက်, ဤသုတ်၌ အာဒိသဒ္ဒါဖြင့် နာကို ချေ၊ ဤကား "သုတ္တပဒါဒီဟိ" ဟု ပဒနှင့်တွဲ၍ရင်း, အာဒိဖြင့် ဗျဉ္ဇန စသည်ကို ယူနိုင်သောကြောင့်ရင်း ဖွင့်ပြလိုက်ခြင်း ဖြစ်၏၊ သို့သော် "သုတ္တသော ပဒသောတျာဒီဟိ" ဟု မဆိုသောကြောင့် ဤအဖွင့်ကို တချို့က လက်ခံနိုင်ကြမည် မဟုတ်ပေ၊ သို့သော် စကားဆိုပုံ( သော )မပါ၍ အနည်းငယ် လိုဟန်တူသော်လည်း ကျမ်းဆရာ၏ အဘော်မှာ ဤအတိုင်းပင် ဖြစ်မည်ထင်သည်။

အချို့ကား "သုတ္တပဒါဒီဟိ-သုတ်ပုဒ် အစရှိသည်တို့မှ "ဟု အနက်ပေး၍ "သိ- သော-သျာစ"စသော ကစ္စည်းသုတ်၌ ပါသောပုဒ်ကို "သုတ္တပဒ" ဟု ဆိုလိုသတတ်၊ ¡( "ဣဓ အာဒိသဒ္ဒေန သုတ္တေသွာဂတသဒ္ဒေဟိ ဝိဘတ္တိ လုပျန္တေ" — ဗာလာဝတာရ

www.dhammaransi.com



စ-ဆက်၊ ဧတ္တ-ဤသုတ်၌၊ အာဝုသောဘိက္ခဝေတိ - အာဝုသော ဟူသော ဤနိပါတ်ကို၊ ဝိသုံ-သီးခြား၊ ဂဟေတွာ - ယူခြင်းသည်၊ သာသနေ်ျုတ္တဒိပနတ္ထံ-ကောဝုစ် ဗဟုဝုစ် သရ်ချာရှိသည်၏ အဖြစ်ကို ပြရခြင်း အကျိုးရှိ၏၊ ဣတိ-ဤသို့၊ ဒဋ္ဌဗ္ဗံ-မှတ်သိုက်၏။

ဟိ- ဆက်ဉုးအံ့၊ ဥပစ္စ- နာမ်ပုဒ် အာချာတ်ပုဒ်ဘို့ကို ကပ်၍၊ အတ္ထံ-အနက်ကို၊ သဇ္ဈေန္တိ-ဆင်ပြင်တတ်ကုန်၏၊ ဣတိ-ထို့ကြောင့်၊ ပါဒယော-ပ အစရှိသော ပုဒ်ဘို့သည်၊ ဥပသဂ္ဂါ - ဥပသဂ္ဂတို့မည်၏၊ စာဒိ - စအစ

ဋီကာ။ ) ထိုအတိုင်း မှန်လျှင် သုတ္တပဒါဒိဟိ၌ အာဒိဖြင့် ဘာကို ယူဉုး မည်နည်း ထို့ကြောင့် ထိုဝါဒကိုလည်း စဉ်းစား၍ နှစ်သက်သလို လက်ခံကြပါကုန်။

အာဝုသောတိ ၊ ပေ ၊ သသ်ျတ္တဒီပနတ္ထံ — နိပါတ်ပုဒ်များနောင် ပဉ္စမာ ဒုတိယာ စသော ဝိဘတ် အမျိုးမျိုး သက်ခြင်းကို ခွင့်ပြုကြ သော်သည်း ကောဝုစ် ဝိဘတ် ကိုသာ များစွာသော သဒ္ဒါဆရာတို့ သက်စေလိုကြ သတတ်၊ အာဝုသော နိပါတ် အတွက်ကား "တံ့ပနာဝုသော-ငါ့ရှင်....သင်ကား, တုမှေ ပနာ ဝုသော-ငါ့ရှင်....သင်တို့ကား"ဟု အာလုပ် (ပဌမာ) အနက်၌ ကောဝုစ် ဗဟုဝုစ် ၂ ချက်ပင်ရှိကြောင်းကို ပြခြင်းအကျိုးငှါ အာဝုသောနိပါတ်ကို သီးခြားပြရသေသည်၊ ဤ ကား များစွာသော သဒ္ဒါဆရာတို့အယူ တည်း၊ သဒ္ဒနီတိနှင့် ဆရာတို့ဝါဒကို ကစ္စည်းဘာသာဋီကာမှာ ရှု။

ဥပစ္စတ္ထံ ၊ ပေ ၊ ပါဒယော—ဤစကားအရ ဥပသဂ္ဂ၌ ဥပ+ပုဗ္ဗ+သဇ္ဇ ခါတ် ကတ္တား ဟော ကျ စ္စည်း၊ဥပသည် ဥပစ္စအနက်ဟောတည်း၊ "ဥပေစ္စအတ္ထံ သဇ္ဇေန္တိတိ ဥပသဂ္ဂါ= ဥပစ္စ- ၍၊ အတ္ထံ- ဓာတ်နာမ်တို့၏ အနက်ကို၊ သဇ္ဇေန္တိ - ဆင်ပြင်ဘတ်ကုန်၏"ဟု ဆို၊ ဓာတ်နာမ်တို့၌ နဂိုရှိရင်းအနက်သက်ထူးထွေလှပ (အနက် အမျိုးမျိုးရအောင်)ဥပသာရ တို့က ဆင်ပြင် ပေးကြသည်၊ သွားခြင်း အနက်ဟော ဂမုဓာတ်သည် အာ ဥပသာရ၏ ဆင်ပြင်မှုကြောင့် "အာဂစ္ဆတိ – လာ၏" စသည်ဖြင့် အနက်တမျိုး (အသွင်တမျိုး) ပြောင်းလာရသည်၊ ဓာတွတ္ထနုဝတ္တက ဥပသာရတို့ သည်း မူလ အနက်ကို ပိုမို၍ ထင်ရှား အောင် ဆင်ပြင် ပေးကြသည်ပင်။ [ သဒ္ဒနီတိ၌ "ဥပစ္စ–ကပ်ရောက်၍၊ နာမဉ္စ–နာမ်ကို ၎င်း၊ အာချာတံစ-ကို၎င်း၊ သဇ္ဇန္တိ လဂ္ဂန္တိ–ငြိဘတ်ကုန်၏၊ ဣဘ် ဥပသဂ္ဂါ "ဟု ဝိဂ္ဂြိဟ် ပြုသေး၏။ ]

ဆက်ဉုးအံ့ — ဤ ဥပသာရတို့ကို ဓာတ်နာမ်ဘို့၏ ရှေ့၌သာ သုံးစွဲရမည်-ဟု ရူပသိဒ္ဓိ ဋီကာဖွင့်၏၊ သဒ္ဒနီတိ၌ကား ဥပသာရ ၂၀ တို့တွင် "ပတိ–ပရိ–အနု–အဘိ" ဤ ၄ ပုဒ် တို့သည် နာမ်ပုဒ်တို့၏ အစ၌သည်း နေဘတ်–အဆုံး၌လည်း နေတတ်ကြ၏–ဟု ဆို၏၊ အစ၌ နေသော ပုံစံကား များ၏၊ အဆုံး၌ နေပုံကား "သူရိယုဂ္ဂမနံ ပတိ = နေထွက် သည်နှင့် တပြိုင်နက်၊ ရုက္ခံပရိ ဝိဇ္ဇောတတေ စန္ဒော, သာဝု ဒေဝဒတ္တော မာတရံ အနု. မာတရံ အဘိ " တို့တည်း၊ အာချာတ်ပုဒ် ၌၏ နောက်၌ကား နေရိုးမရှိ၊ ကြွင်းသော ဥပသာရ ၁၆ ပုဒ်တို့သည် ပုဒ်တို့၏ အစ၌သာ နေရိုးရှိကြသည်။ [ သဏ္ဍာဘ ဗျာကရုဏ်း

www.dhammaransi.com



ရှိသော ပုဒ်တို့သည်၊ ပဒ်ါဒိမဇ္ဈန္တေ – ပုဒ်တို့၏ အစအလယ် အဆုံး၌၊ နိပတန္တိ–ကျရောက်တတ်ကုန်၏၊ ဣတိ-ထို့ကြောင့်၊ နိပါတာ– တို့ မည်၏။

ပဟာရဏံ-ပုတ်ခတ်ခြင်း၊ ပဟာရော – ပုတ်ခတ်ခြင်း၊ ဧဝံ-ဤ့အတူ၊ ပရာဘဝေါ-ပျက်စီးခြင်းနှင့်ါသော-နေရာ၊နီဟာရော-ထုတ်ဆောင်ခြင်း၊ ဥဗ္ဗါရော- ထုတ်ဆောင်ခြင်း၊ [ "ဥဟာရော-ထုတ်ဆောင်ခြင်း" လည်း ရှိ၏၊ ] ဒုဟာရော-မကောင်းသော ဆောင်ခြင်း၊ သံဟာရော–ကောင်းစွာ ဆောင်ခြင်း၊ ဝိဟာရော – နေခြင်း၊ ဝါ – နေရာကျောင်း၊ အဝဟာရော– အယုတ်အားဖြင့် ဆောင်ခြင်း၊ အနုဟာရော - လျော်စွာ ဆောင်ခြင်း၊ ပရိ ဟာရော-ထက်ဝန်းကျင် ဆောင်ခြင်း၊ [ ဝါ-ဖြေဆိုခြင်း၊ ] အဓိဟာရော– အလွန် အကဲ ဆောင်ခြင်း၊ အဘိဟာရော – ရှေ့ရှု ဆောင်ခြင်း၊ ပတိ ဟာရော – ရှေ့ရှုဆောင်ခြင်း၊ သုဟာရော-ကောင်းစွာ ဆောင်ခြင်း၊ ဝါ– ကောင်းသော ပုလဲသွယ်၊ အာဟာရော – ဆောင်ခြင်း၊ ဝါ – အားကို ဆောင်တတ်သော အစာ၊ အတိဟာရော – လွန်မိုး၍ ဆောင်ခြင်း၊ အဝိ

တို့ကမူ"သူရိယုဂ္ဂမနံ ပတိ" စသည်၌ ပတိစသည်ကို ဥပသာဝရ ဟု မဆိုလို, ကမ္မပ္ပဝစနီယ ဟူသာ ဆိုလိုကြသည်။ ]

ပတိ ပရိ အန္ဝဘိဘိ-စတုရော ဩပသဂ္ဂိကာ၊
အာဒိမ္ဟိပိ ပဒါနံ ဝေ, အန္တေပိစ ပဝတ္တရေ၊
သေသာ သောဠသ သဗ္ဗေပိ, အာဒိမ္ဟိယေဝ ဝတ္တရေ၊
နေဝ ကဒါစိ တေ အန္တေ, ဣတိ နိတ်ိ မနေ ကရေ။

စာဒီ ပဒါဒိ၊ မေ၊ နိပတန္တိ—ဤပါဠိဖြင့် "ပဒါနံ-ပုဒ်တို့၏၊ အာဒိ မဇ္ဈအန္တေသု– အစအလယ် အဆုံးတို့၌၊ နိပတန္တိ-ကျရောက်တတ်ကုန်၏၊ ဣတိ-ထို့ကြောင့်၊ နိပါတာ- နိပါတ်တို့မည်၏ " ဟူသော ဝိဂ္ဂြိုဟ်ကိုပြ၏၊ " ပုဒ်တို့၏ အစအလယ် အဆုံး၌ ကျရောက်" ဟူသော စကားကိုလည်း နိပါတ်အားလုံးအတွက် ဆိုခြင်းဖြစ်သည်၊ နိပါတ်တခုထည်းပင် အစ အလယ် အဆုံး၌ ကျရောက်နိုင်သည် ဟု မမှတ်ရ၊ ထိုက်သည်အားလျော်စွာ အချို့ နိပါတ်က အစ၌ အချို့က အဆုံး အလယ်၌ ကျရောက်သည်– ဟု ဆိုလိုသည်၊ ထိုတွင် "အ–မာ"နိပါတ်တို့သည် အစ၌သာ ကျရော၏၊ အလယ်အဆုံး၌ မကျရော"အညာတံ– မသိအပ်၊ မာဟောဝံအာနန္ဒ " စသည်တည်း၊ စဝါနိပါတ်တို့ကား အလယ် အဆုံးတို့၌ ကျရောက်၏၊ အစ၌ မကျရောက်၊ " သမဏောစ, သမဏောဝါ၊ သောစ သမဏော သောဝါ သမဏော" စသည့်တည်း၊ ["ဝါပရောအသရူပါ " စသည့်၌ ဝါနိပါတ်ကို ပုဒ်အစ၌ တွေ့ရသည်မှာ သဒ္ဒါကျမ်း သုတ်တည်ပုံ တမျိုးသာတည်း၊ ထို အနေမျိုးကို ပါဠိတော်၌ မရှိရ။] ဤသို့လျှင် ထိုက်သည်အားလျော်စွာ ပုဒ်တို့၏ အစ အလယ် အဆုံး တို့၌ ကျရောက်တတ်သောကြောင့် စဝါစသည်ကို နိပါတ် ဟု ခေါ်ဝေါ်ရသည်။

www.dhammaransi.com



ဟာရော-ဝိတ်၍ဆောင်ခြင်း၊ အပဟာရော-ဖဲဆောင်ခြင်း၊ ဥပဟာရော-ပူဇော်ခြင်း။

ပဟာရတိ - ပုတ်ခတ်၏၊ ပရာဘဝတိ - ပျက်စီး၏၊ နိဝသတိ - နေ၏၊ နီဟရတိ-ဆောင်၏၊ ဥဒ္ဓရတိ-ထုတ်ဆောင်၏၊ ဣစ္စာဒိ-ဤသို့ အစရှိသော ပြယုဂ်ကို၊ ယောဇေတဗ္ဗံ-ယှဉ်စေရာ၏။

ကောစိ - အချို့ ဥပသာရသည်၊ ဓာတွတ္ထံ - ဓာတ်၏ အနက်ကို၊ ဗာဓတေ - တားမြစ်တတ်၏၊ ကောစိ-သည်၊ တံ-ထိုဓာတ်၏ အနက်သို့ အနုဝတ္တတေ-လိုက်၏၊ အညော-အခြားသောဥပသာရသည်၊ တမေဝ-ထိုဓာတ်နက်ကိုပင်၊ ဝိသေသေတိ-အထူးပြု၏၊ ဣတိ-ဤသို့ ဥပသဂ္ဂဂတိ-ဥပသာရ၏ ဖြစ်ပုံသည်၊ တိဓာ - ၃ မျိုး ပြား၏၊.... ဩပသဂ္ဂိကပဒ်-ဥပသာရပုဒ်သည်၊ (နိမ္မိတံ)။

ပဟာရဏံ ပဟာရော ၊ ပေ ၊ ဥပဟာရော—"ပဟာရဏံ"သည် ပဟာရော၏ ဝိဂြိုဟ်တည်း၊ ပဟာရောသာ ပုံစံရင်းတည်း၊ ဧဝံပရာဘဝေါ်၌ ဧဝံဖြင့်"ပရာဘဝနံ-ပျက်စီးခြင်း" စသော ဝိဂြိုဟ်ကို ပြသည်၊ ဥပဟာရောတိုင်အောင် ပပရာနိနီစသော ဥပသာရ ၂၀ အစဉ် အတိုင်း နာမ်နှင့်တွဲစပ်သော ပုံစံများတည်း၊ ထိုပုံစံများ၌"ပ+ဟရဏ"ပပုဒ္ဓ ဟရဓာတ်, ပနောင် သိသက်, ဟရဓာတ်နောင် ယုပစ္စည်း၊ "ပ-သိ+ဟရဏံ"ဟု ဖြစ်ပြီးမှ ပနောင် သိကို သမ္ဗာသမာဝုသောဖြင့် ချေ၊ ပဟာရော စသည်၌လည်း ဤနည်းပင်၊ ပဟာရော စသော ပုဒ်အားလုံးသည် ( ပပုဒ်နှင့် ဟာရပုဒ် စသည်ကို တွဲစပ်ထားသော) သမာသ် ချည်းတည်း။ [ဒုနောက်၌ ဒွေဘော် မလာလျှင်"ဒူ"ဟု ဒီဃပြုရသည်။]

ပဟရတိ၊ပေ၊ယောဇေတဗ္ဗံ– ပဟရတိစသည်ကား အာချာတ်ပုဒ်နှင့် ဥပသာရတို့ တွဲစပ်သောပုံစံများတည်း၊ ထိုတွင် အာချာတ်ပုဒ်နှင့် သမာသ် မဖြစ်သောကြောင့် ပ+ ဟရတိစသည်၌ သမာသ်မဟုတ်ကြ၊ ပနောင် သိသက်,ချေ၊ဟရတိကိုလည်း ဟရဓာတ် တိဝိဘတ်ဖြင့်သီးခြားရုပ်ပြီးစေရမည်၊ ပ-တပုဒ်,ဟရတိလည်း တပုဒ်ပင်ဟု ရူပသိဒ္ဓိဋီကာ မိန့်၏၊ သဒ္ဒနီတိ သုတ္တမာလာ (၂၅၇) သုတ်၌ကား "ပဘဝတိ ပရာဘဝတီတိ အာဒီသု သဗ္ဗေသုပိ ကြိယာပဒေသု သဗ္ဗထာ အဝိဘတ္တိကတ္တံ ( ပ-ပရာတို့ နောက်၌ ဝိဘတ်မရှိ- ဝိဘတ်မသက်ရသည်အဖြစ်ကို) ဣစ္ဆာမ " ဟု မိန့်သည်။ [ သဒ္ဒာသခဏ်း၌ကား " ပဘာ ဝတိ" စသည်ကို သမာသ် ဟု ဆိုသောဝါဒ လာဦးလတ့်။]

ဓာတွတ္ထံ၊ပေ၊ဂတိတိဓာ—ဓာတွတ္ထဗာဓက , ဓာတွတ္ထာနုဝတ္တက, ဓာတွတ္ထဝိသေသက–ဟု ဥပသာရ ၃ မျိုး ရှိ၏၊ ထိုတွင် ဇိဓာတ်သည် အောင်ခြင်း နိုင်ခြင်း အနက်ကို ဟော၏၊ ပရာ ဥပသာရ ရှေ့ရှိရာ၌ကား ဇိဓာတ်၏ အနက်ကို တားမြစ် ကန့်ကွက်လျက် "ပရာဇယတိ-ရှုံး၏"ဟု ပြောင်းပြန်အနက်ကိုဟော၏၊ ဤ၌ ပရာဥပသာရသည် ဓာတွတ္ထ ဗာဓက ဥပသာရတည်း၊ "စရတိ,အာစရတိ–ကျင့်၏"၌ အာ ဥပသာရကဲ့သို့ နဂိုရ်ဓာတ်

www.dhammaransi.com



သမုစ္စယ ဝိကပ္ပန ပဋိသေဓ ပူရဏာဒိအတ္ထံ-သမုစ္စည်းအနက်, ဝိကပ်အနက် , ပဋိသေခ အနက် , ပူရဏ အနက် အစရှိသော အနက်ရှိသော၊ အသတ္တဝါစကံ- ဒြဗ်မဟုတ် သမုစ္စည်း စသည်ကို ဟောသောပုဒ်သည်၊ နေပါတိကံပဒံ- နိပါတ်ပုဒ်တည်း၊ တတြ-ထို နိပါတ်ပုဒ်တို့တွင်၊ စဣတိ-စဟူသော နိပါတ်သည်၊ သမုစ္စယာ၊ ပေ၊ ဝဓာရဏာဒိသု - သမုစ္စည်းအနက် , အန္ဝာစည်းအနက် , ဣတရေတရယောဂအနက် , သမာဟာရအနက်, အဝဓာရဏအနက် အစရှိသည်တို့၌၊ (ဝတ္တတေ-ဖြစ်၏)။

နက်သို့ အစဉ်လိုက်သော ဥပသာရသည် ဓာတွတ္ထာနုဝတ္တက မည်၏၊ "ဘဝတိ-ဖြစ်၏၊ အနုဘဝတိ-ခံစား၏" ၌ အနု ဥပသာရကဲ့သို့ နဂိုရ် ဓာတ်နက်ကို ( ဝိသေသနကူ-မသကဲ့သို့ ) ထူးခြားအောင်ပြုသော ဥပသာရသည် ဓာတွတ္ထဝိသေသက မည်၏။ [ ဤ "ဥပသဂ္ဂ" သည်ပင် အနက်သီးခြား မရှိသော ဏိ ကပစ္စည်းသက်၍ "ဩပသဂ္ဂိက" ဟုလည်း နာမည်ရသေး၏၊ ထို့ကြောင့် နိဂုံးချုပ်စကား၌ "ဩပသဂ္ဂိကံ" ဟု မိန့်သည်။ ]

သမုစ္စယ၊ပေ၊နေပါတိကံ ပဒံ — ဤစကား ကား နိပါတ်ပုဒ်၏လက္ခဏာကိုပြသော စကားတည်း၊ [ ပူရဏာဒိ၌ အာဒိဖြင့် အန္ဝာစယ-ဥပမာနစသော ( လာလတံ့ ) နိပါတ်နက်များကိုယူ၊ ] သမုစ္စည်း, ဝိကပ်စသော အနက်တို့သည် ဒြဗ်မဟုတ်ကြ၊ ထိုဒြဗ်မဟုတ်သောအနက်ကို ဟောသော ပုဒ်သည် နိပါတ်ပုဒ်မည်၏၊ "သမုစ္စည်း စသော အနက်ကို ဟောခြင်း,ဒြဗ်ကိုမဟောနိုင်ခြင်းသည် နိပါတ်ပုဒ်၏ လက္ခဏာဖြစ်သည်" ဟူလို၊ မှန်၏-နာမ်ပုဒ်သည် "ဒဗ္ဗဝါစကံ နာမံ" ဟူသည်နှင့်အညီ ဒြဗ်ကို ဟော၏၊ အာချာတ်ပုဒ်ကား ဒြဗ်ကို မဟောဘဲ ကြိယာကို ဟောသော်လည်း ထို ကြိယာသည် ဒြဗ်၌ တည်သောကြောင့် အပဓာနအားဖြင့် ဒြဗ်ကို ဟောလျက်ပင်ရှိ၏၊ ဥပသာရတို့မှာ နာမ် အာချာတ်ကို အထူးပြုရသဖြင့် နာမ် အာချာတ်တို့ ကဲ့သို့ ဒြဗ်နက်နှင့် ဆက်သွယ်လျက် ရှိသေး၏၊ နိပါတ်တို့ကား ဒြဗ်နှင့်အလွန်ဝေးသော သမုစ္စည်းစသော အနက်ကိုသာ ဟောကြသည်၊ ထို့ကြောင့် ဒြဗ်ကို လုံးဝမဟောခြင်း သမုစ္စည်းစသော အနက်များကို ဟောခြင်းသည် နိပါတ်ပုဒ်ဖြစ်ကြောင်းကို မှတ်တမ်းတင်ဘို့ရာ အမှတ်လက္ခဏာ ဖြစ်သည်။ [ အသတ္တ၌ သတ္တ သဒ္ဒါသည် ဒြဗ်အနက်ကို ဟော၏။ ]

စ ဣတိ ၊ ပေ ၊ အဝဓာရဏာဒိသု — [ ရောဒိ ပေါင်းမိ စည်းမိအောင် ပြုခြင်းကို "ဆည်း" ဟု ခေါ်၏၊ ထို့ကြောင့် စသဒ္ဒါသည် ဆည်း၏၊ စသဒ္ဒါ၏ ဆည်းမှုကြောင့် ပေါင်းစည်းမိ၏၊ အနက်ပေးရာ၌ကား "စသဒ္ဒေါ-သည်၊ သမုစ္စိနောတိ- ဆည်း၏" ဟု ပေးရသည်၊ ] ပေါင်းစည်းခြင်းသည် သမုစ္စည်း မည်၏၊ ပုံစံကား— "အန္နဉ္စ ပါနဉ္စ ဝတ္ထဉ္စ သေနာသနဉ္စ ဒေတိ" တည်း၊ မြန်မာလို တမင်းရော, ဖျော်ရည်ရော, အဝတ်ကျောင်းအိပ်ရာနေရာတွေရော ပေး၏" ဟူရာ၌ "ရော" ဟူသော စကားသည် "ရောနှော ပေါင်းစပ်ခြင်း" ဟူသော အဓိပ္ပါယ်ကို ပြ၏၊ ဤနေရာ၌ သမ္ပိဏ္ဍန အနက်လည်း ဤသမုစ္စည်းနှင့် သဘောတူ၏၊ ထို့ကြောင့် ဋီကာ၌ " သမုစ္စယနံ ( သမ္ပိဏ္ဍနံ ) -ပေါင်းစည်းခြင်းသည်၊

www.dhammaransi.com



သမုစ္စယော-သမုစ္စည်းမည်၏ ”ဟု ဖွင့်၏၊ တတိယချာန်ဖွင့် မဟာဋီကာ စသည်၌လည်း သမ္ပိဏ္ဍနံ သမုစ္စယော ”ဟုပင် ဖွင့်၏၊ ဂဏ္ဍည်းကိုမ်း၌ကား ထို ၂ မျိုး မဘူတတ်ချေ၊ ဝေါဒိသရိပုဗ္ဗောစရသော-သုတ်၏ ကစ္စည်းဘာသာဋီကာမှာ ရှု။

သမုစ္စည်း ၃ မျိုး။　။ထိုသမုစ္စည်းသည် ကိရိယာ သမုစ္စည်း—ကာရက သမုစ္စည်း—ဝါကျသမုစ္စည်းအားဖြင့် ၃ မျိုးပြား၏၊ “တွံ ပစာဟိ စ ဘုဉ္ဇာဟိ စ”ဟူရာဝယ် ပစာဟိစ၌ စသည် ဘုဉ္ဇနကြိယာကို ဆည်း၍ ဘုဉ္ဇာဟိစ၌ စလည်း ပစနကြိယာကို ဆည်းသောကြောင့် ကြိယာသမုစ္စည်း မည်၏၊ “ သာရိပုတ္တော စ မောဂ္ဂလ္လာနော စ ဓမ္မံ ဒေသေတိ ” ဝယ် သာရိပုတ္တော၌ စသည် မောဂ္ဂလ္လာနောဟူသော ကာရကကို-မောဂ္ဂလ္လာနော၌ စလည်း သာရိပုတ္တောဟူသော ကာရကကို ဆည်းသောကြောင့် ကာရကသမုစ္စည်းမည်၏၊ ဤသို့လျှင် တဝါကျထည်း၌ ကံပုဒ်ချင်းချင်း ကရိုဏ်းပုဒ် ချင်းချင်း စသည် ဆည်းလျှင် ကာရက သမုစ္စည်းမည်၏၊ [“လိင်္ဂဉ္စ နိပစ္စတေ, ဓာတုစ” ၌ စသည် (ရုပသိဒ္ဓိအလို) ကာရက သမုစ္စည်းပင်တည်း၊] “သာရိပုတ္တော စ ဓမ္မံ ဒေသေတိ, မောဂ္ဂလ္လာနော စ ဣဒ္ဓိံ ဒဿေတိ” ကား ၂ ဝါကျဖြစ်နေသောကြောင့် ရှေ့ဝါကျ၌ စသည် နောက်ဝါကျ အနက်ကို ဆည်း၍ နောက်ဝါကျ၌ စလည်း ရှေ့ဝါကျအနက်ကို ဆည်းသောကြောင့် ဝါကျသမုစ္စည်း မည်၏၊ ဤသို့လျှင် ကာရကတပါးရှိ၍ ကြိယာအများရှိရာ၌ ကြိယာသမုစ္စည်း— ကြိယာတပါးသာ ရှိ၍ ဝိဘတ်တူ ကာရက အများရှိရာ၌ ကာရက သမုစ္စည်း – ၂ ဝါကျ စသည် ရှိရာ၌ စပါလျှင် ဝါကျသမုစ္စည်း ဟု မှတ်။

အန္ဝာစည်း။　။အနု - နောက်ထပ်+အာစယနံ - ပေါင်းဆည်းခြင်း၊ အန္ဝာစယော—ခြင်း၊ ဤ အန္ဝာစည်း၌ ရုပသိဒ္ဓိဋီကာဝယ် “ယတြ-အကြင်အရာ၌၊ ကိဉ္စိ - တစုံတခုကို၊ ဝိဓာယ-စီရင်ပြီး၍၊ အညေနဝါကျေန-အခြား နောက်တဝါကျဖြင့်၊ အညံ-အခြားအနက်ကို၊ ဥပဒိသတိ-ညွှန်ပြ၏၊ သော-ထို အရာသည်၊ အန္ဝာစယော-မည်၏ ” ဟု ဆို၏၊ “ ဒါနံ ဒေဟိ – အလှူပေးလော၊ သီလဉ္စ ရက္ခာဟိ—စွမ်းနိုင်လျှင် သီလကိုလည်း စောင့်လော” ဤပုံစံ၌ “ ဒါနံ ဒေဟိ ” ဝါကျဖြင့် ဒါနပြုဘို့ရန် တိုက်တွန်းခြင်းဟူသော အနက်ကို ပြ၍, “သီလဉ္စရက္ခာဟိ”ဝါကျဖြင့် သီလစောင့်ဘို့ရန် တိုက်တွန်းခြင်းဟူသော အခြားအနက်ကို ညွှန်ပြ၏၊ ထိုသို့ ညွှန်ပြရာ၌ “ ဒါနံ ဒေဟိ ” အခိုက်တုန်းက သီလစောင့်မှုကို လုံးလုံး မငဲ့သေး၊ ထို့ကြောင့် စသဒ္ဒါ မပါရ၊ “သီလဉ္စရက္ခာဟိ” အခိုက်ကျမှ ရှေ့အလှူပေးမှုကို ငဲ့၍ စသဒ္ဒါပါရသည်၊ ထိုစသဒ္ဒါမျိုးကို အန္ဝာစယတ္ထ စနိပါတ် ဟု ဆိုသည်။

သဒ္ဒနီတိ မောဂ္ဂလ္လာန်တို့ကား— ပဌမ အနက်တခုကို လိုရင်းအနေအားဖြင့် ပြော ဆို၍ နောက်အနက်ကို(ဖြစ်နိုင်လျှင် ဖြစ်ဘို့ရာ)အပဓာန အားဖြင့် ပြောဆိုရာ၌ စသဒ္ဒါကို အန္ဝာစည်း အနက်ရှိ၏ – ဟု ဖွင့်ကြသည်၊ ပုံစံကား— ဘိက္ခံ စရ, ဂါဝေါ စ အာနယ= ဘိက္ခံ-ထမင်းကို၊ စရ-လှည့်လည် တောင်းခံချေ၊ ဂါဝေါစ-နွားတို့ကိုလည်း၊ အာနယ—အဆင်သင့်တွေ့လျှင် ဆောင်ယူခဲ့၊ ဤ၌ ထမင်းခံရမည့် အနက်ကား လိုရင်းပဓာန (ကေန်ပြုရမည့် အနက်)တည်း၊ နွားကို ယူခဲ့ဘို့ရာ ကိစ္စမှာ အသေအချာ မဟုတ်, ယူနိုင်လျှင် ယူခဲ့ရန်ဖြစ်သည်၊ စကားဆိုပုံ ကွဲသော်လည်း ရူဋီကာအဓိပ္ပါယ်နှင့် အတူပင်တည်း၊ ဤ အန္ဝာစည်း ဥဒါဟရဏ်ကိုပြရာ၌ မောဂ္ဂလ္လာန်ဝယ် နောက်ဝါကျ၌သာ စသဒ္ဒါပါသည်၊ သဒ္ဒနီတိ ရုပသိဒ္ဓိဋီကာတို့၌“ဒါနဉ္စ ဒေဟိ, သီလဉ္စ ရက္ခာဟိ”ဟု ၂ ဝါကျလုံး၌ပင် စသဒ္ဒါ

www.dhammaransi.com



ဝါဣတိ-ဝါဟူသော နိပါတ်သည်၊ ဝိကပ္ပနုပမာနသမုစ္စယ ဝဝတ္ထိတ ဝိဘာသသာသု-ဝိကပ်အနက်, ဥပမာန အနက်, သမုစ္စည်း အနက်,ဝဝတ္ထိတ ဝိဘာသာ အနက်ဘို့၌၊ (ဝတ္တတေ)။

ပါလျက်ရှိ၏၊ မှားနေဟန်တူသည်၊ အဘယ့်ကြောင့်နည်း – ဤအန္တာစည်း၌ ပဌမဝါကျ၏ အနက်သည် ဒုတိယ ဝါကျ၏ အနက်ကို လုံးဝ မငဲ့ချေ၊ ဒုတိယ ဝါကျ၏ အနက်ကသာ ပဌမ ဝါကျ၏ အနက်ကို ငဲ့ရသောကြောင့်တည်း၊ အကယ်၍ ၂ ဝါကျလုံး(စ)ပါရမည် ဖြစ်လျှင် အန္တာစယ မဖြစ်, အညမည ဝါကျသမုစ္စည်းသာ ဖြစ်၍ ကေဝလ သမုစ္စည်း သဘောပင်ဖြစ်သည်။

ဣတရေ တရယောဂ။ ။[နောက် ဣကို ဧ အသဝဏ် မပြုဘဲ "ဤ" ပြု၍ "ဣတရီတရ ယောဂ" ဟုလည်း ပါ၍ရှိ၏၊] ဣတရေတရယောဂ ဟူသည် သမုစ္စည်းအနက်မှ ထွက်လာသော အနက်ထူး တမျိုးတည်း၊ နောက် လာမည့် သမာဟာရလည်း သမုစ္စည်း အနက် အထူးပင်တည်း၊ ထို့ကြောင့် "ဣတရေတရယောဂေါ သမာဟာရောစ သမုစ္စယဿေဝ ဘေဒေါ" ဟု မောဂ္ဂလ္လာန် ပဉ္စိကာ မိန့်သည်၊ "ဣတရ ဿ-အခြား အနက်၏၊ ဣတရေန-အခြားအနက်နှင့်၊ ယောဂေါ - ယှဉ်ခြင်းသည်၊ ဣတရေတရယောဂေါ၊" ၏၊ သမဏောစ ဗြာဟ္မဏောစ သမဏဗြာဟ္မဏာ" ဤ၌ ရဟန်းဟူသော အနက်သည် ပုဏ္ဏားဟူသော အနက်နှင့်ယှဉ်ရ၏၊ ပုဏ္ဏားဟူသော အနက်လည်း ရဟန်းဟူသော အနက်နှင့် ယှဉ်ရ၏၊ ကိစ္စတခု၌ ရဟန်းချည်းသာ မပြီး, ပုဏ္ဏားလည်း ယှဉ်စပ် ပါနေရဦးမည်၊ ပုဏ္ဏား ချည်းလည်း မပြီး, ရဟန်းလည်း ယှဉ်စပ်ပါနေရဦးမည်၊ ဤနည်းအားဖြင့် ကိစ္စ တခု၌ ၂ နက်လုံး ပဓာန (အားချင်းတူမျှ) နေရာဝယ် အပြန်အလှန် ဆည်းခြင်းကို ဣတရေတရ ယောဂ သမုစ္စည်းဟု ခေါ်သည်၊ [၂ နက်သာမက, အနက်အများပင် မပါလျှင် မပြီးကြ— အားတူမျှနေလျှင် ဣတရေတရယောဂ ပင်တည်း။]

သမာဟာရ။ ။သံ (သံပိဏ္ဍေတွာ) - ပေါင်း၍+အာဟရဏံ-ဆောင်ခြင်းသည်၊ သမာဟာရော-မည်၏၊ ငွေပေါင်းများစွာကို တတုပ်ထည်း စုစည်းလိုက်သကဲ့သို့ အနက် အများကို ပေါင်းစု၍ တခုထည်း ပြုခြင်းသည် သမာဟာရမည်၏၊ "စက္ခုံစ သောတဉ္စ" စသော သမာဟာရဒွန် ဝါကျလာ စသဒ္ဒါမျိုးတည်း၊ ဤ သမာဟာရ သမုစ္စည်း၌ အသီး အသီး ပဓာန မဖြစ်ကြ၊ အားလုံး ပေါင်းစင်၍ တစုတစည်းထည်း ဖြစ်ကြရသည်၊ အဝဓာရဏ အနက်ဟူသည် ဧသဒ္ဒါ၏ အနက်တည်း၊ "ဗုဒ္ဓုနန္တ ဿ စေ ဝ ဆပစ္စယေသုစ" ၌ အဝဓာရဏ အနက်ကို စသဒ္ဒါက ဟောသည်၊ အဝဓာရဏာဒိသု၌ အာဒိဖြင့် အနက္ခနု အနက် ဝါစာသိလိဋ္ဌ ခေါ် ပဒပူရဏ အနက် စသည်ကို ယူ။

ဝါနိပါတ်။ ။ဝိကပ္ပနကို " ဝိဝိကေပ္ပန-အထူးထူးအထွေထွေ ပြုခြင်း " ဟု ဋီကာ ဖွင့်၏၊ အထူးထူးပြုခြင်းဟူရာ၌ တခုထည်း အသေအချာ မဟုတ်, ဟိုဟာလည်း ဖြစ်သင့်- သည်ဟာလည်း ဖြစ်သင့်ခြင်းတည်း၊ ဤဝိကပ်အနက်ကို မြန်မာပြန်ရာ၌ "သော်လည်း" ဟု ပြန်၏၊ ပုံစံကား – " သမဏောဝါ ဗြာဟ္မဏောဝါ" တည်း၊ သမဏောဝါ=ရဟန်းသည် သော်၎င်း၊ ဗြာဟ္မဏောဝါ-ပုဏ္ဏားသည်သော်၎င်း၊ ဤပုံစံ၌ ရဟန်းပုဏ္ဏား ၂ မျိုးလုံးကို-

www.dhammaransi.com



နှ - နှနိပါတ်၊ နော - နောနိပါတ်၊ (၍ အတိုင်းပေး)၊ မာ-အာ-အလံ-ဟလံ-ဟလံနိပါတ်၊ ဣတိ - ၍သို့၊ ဧဝ-၍ နိပါတ်တို့သည်၊ ပဋိသေဓ

မရ, ရဟန်းအသေအချာ – ပုန်ကားအသေအချာလည်း မရ၊ ရဟန်းသော်လည်း ရ၏, ရဟန်းမရလျှင် ပုန်ကားသော်လည်း ရ၏၊ ၍သို့ မသေမချာဖြစ်၍ တနက်နက် ရခြင်းကို ဝိကပ္ပနှ ဟု ခေါ်၏၊ ဝါသဒ္ဒါက ဝိကပ်အနက်ကို ထွန်းပြသည်၊ [ဥပမာ အနက်ရှိသော ဝါကို သန္ဓိရှေ့ဿံ သုတ်၌"မဓုံဝါ မညတိ ဗာလော" ဟု ထုတ်ပြခဲ့ပြီ။]

**သမုစ္စည်း**။ ၊သမုစ္စည်း အနက်ကား ၂ မျိုး ၃ မျိုး စသည်ပြရာ၌ ထိုပြသမျှ အားလုံးကိုပင် ရ၏၊ ပုံစံကား-"ရာဇတော ဝါ စောရတော ဝါ မနုဿတော ဝါ အာရက္ခံ ဂဏှန္တု" တည်း၊ ၍ပုံစံ၌ မင်း-ခိုးသူ-လူ အစရှိသော အားလုံးအေးရန်ကိုပင် ရ၏၊ ရာဇတော ဝါ၌ ဝါသည် စောရ မနုဿ စသည်ကို ဆည်း၍ စောရတော ဝါ၌ ဝါလည်း ရာဇမနုဿ စသော တွဲဘက် အနက်အားလုံးကို ဆည်းသည်၊ ၍ သမုစ္စည်း အနက်ပေးရာ၌ "သော်" ဟု မပါရ၊ "လည်းကောင်း=ရှင်း" ဟုသာ ပေးရမည်။

[ဆောင်] သော်လည်း ဝိကပ်, သော် မပါလတ်, မှတ်လေ သမုစ္စည်း။

**အနိယမတ္ထ**။ ။ ဝိကပ်လည်း မဟုတ် – သမုစ္စည်းလည်း မဟုတ်ဘဲ အနိယမတ္ထ အနက်ရှိသော ဝါသဒ္ဒါလည်း ရှိသေး၏၊ ဝိကပ်ကဲ့သို့ တနက်နက်သာ ရသည်လည်း မဟုတ်, သမုစ္စည်းကဲ့သို့ တွဲဘက် အနက်အားလုံး ရသည်လည်း မဟုတ်, ၂မျိုး ၃မျိုးအတူ ပြရာဝယ် တရံတခါ တနက်စီသာ ရ၍ တရံတခါ ၂ နက် ၃ နက်လုံး ရနိုင်သော အရာဝယ် အနိယမ (မမှတ်သားအပ်သော) အနက် ဟု ခေါ်သတတ်၊ ဥပမာ–"မမံ ဝါ ဟိ ဘိက္ခဝေ ပရေ အဝဏ္ဏံ ဘာသေယျုံ, ဓမ္မဿ ဝါ, သံဃဿ ဝါ" ၌ တရံတခါ ဘုရား၏ ကျေးဇူးမဲ့ကိုသာ ပြောရာ၏၊ တရံတခါသော် ဘုရား တရား ၂ပါးလုံး၏, တရံတခါ၌မူ ရတနာ ၃ပါးလုံး၏ ကျေးဇူးမဲ့ကို တပြိုင်နက် ပြောရာ၏၊ ၍သို့ အမြဲသတ်မှတ်၍ မရနိုင်သော အရာကို အနိယမတ္ထ ဟု ဆို၍ ထိုအနိယမ အနက်ကို ဝါသဒ္ဒါက ထွန်းပြ၏၊ ထိုအနိယမ အနက်၌ ဝါကို "သော်လည်း" မပေးဘဲ "မူလည်း" ဟု အနက်ပေးရမည်-ဟုလည်း ခွဲခြားကြသည်။ [ "ဝိကပ္ပ သမုစ္စယ ဝိဘာဝနေသုပိယ အဝဓာရဏေ အနိယမေစ ဝါသဒ္ဒေါ ဝတ္တတိ၊ ပေ၊ အနေကန္တိကတ္ထော အနိယမတ္ထော"–မ္ဘသင်္ဂဟ ရူပကလ္လာ အနုဋီကာ။]

[ဆောင်] သော်လည်း ဝိကပ်, အနိယမတ္ထ–မူလည်း၊....သီးသီးခွဲခါ, ပြိုင်ရံခါ, အနိယမတ္ထာ ဆိုသတည်း။

**ပဋိသေဓနနိပါတ်**။ ။နဘုဉ္စာမိ–ငါမစား၊ နော ဟေတံ ဘန္တေ–၍အရာ မသင့်ပါ ဘုရား၊ မာဘာယိ–မကြောက်ပါလင့်၊ အညာတံ–မသိအပ်၊ အလံ–အကျိုးမရှိ၊ ဟလံ ဒါနိ ပကာသိတုံ-ယခုအခါ ထင်ရှားပြခြင်းငှါမသင့်၊ ၍သို့စသော အနက်ကို နှ-စသော နိပါတ်တို့က ဟောကြသည်၊ သဒ္ဒနီတိ၌ကား နှ-နော-အတို့၏(ပဋိသေဓ အပြင်)အခြား အနက်များကိုလည်း ပြသေး၏၊ "နကတံ-မပြုအပ်သကဲ့သို့တည်း" ၍၌ ဥပမာန အနက်ကို ဟော၏၊ "အဘိဇာနာသိနော - သိ၏လော" ၌ ပုစ္ဆာအနက်ကိုရှင်း" နနော (နဧဝ)

www.dhammaransi.com



နဗ္ဗေ - တားမြစ်ခြင်း အနက်၌၊ (ငဗ္ဗန္တော)၊ အလံ - သည်၊ ပရိယတ္တိ ဘူသနေ သုစ- စွမ်းနိုင်ခြင်း အနက်, တန်ဆာဟူသော အနက်တို့၌လည်း၊ (ဝဗ္ဗတော)။

ပူရဏ္ဏတ္ထံ - ပူရဏ အနက်ရှိသော နိပါတ်သည်၊ ဒုဝိဓံ - ၏၊ အတ္ထ ပူရဏံ - အတ္ထပူရဏနိပါတ်၎င်း၊ ပဒပူရဏံစ- ၎င်းတည်း၊ တတ္ထ-တွင်၊ အထ - အထနိပါတ်၊ (ဤအတိုင်းပေး) သေယျထိဒံ· သေယျထိဒံနိပါတ်၊ ဣစ္စေဝမာဒီနိ - ဤသို့ အစရှိသော နိပါတ်တို့သည်၊ ပဒပူရဏာနိ - ပဒ ပူရဏ နိပါတ်တို့တည်း။

အတ္ထိ–မရှိသည်သာ”၌ အဝခါရဏ အနက်ကိုရင်း ဟော၏၊ အသဒ္ဒါကား ဝုဒ္ဓိ တဗ္ဗာဝ စသော များစွာသော အနက်ကိုလည်း ဟောသေး၏၊ ထို အနက်များကို သဒ္ဒနီတိ စတုပဒဝိဘာဂ အခန်းမှာ ရှုလေတော့။

အလံ ပရိယတ္တိဘူသနေသုစ — ဧသဒ္ဒါကား ဆိုအပ်ပြီးသော ပဋိသေဓ အနက်ကို ပြန်၍ဆည်းသော ဝုတ္တသမုစ္စည်း၊ တနည်း “သမ္ပိဏ္ဍန”တည်း၊ အလံသဒ္ဒါသည် ဆိုအပ် ပြီးသော ပဋိသေဓအနက်သာ မက, ပရိယတ္တိဘူသန အနက်တို့၌လည်း ဖြစ်သေးသည်– ဟူလို၊ ထိုတွင် သာမတ္ထိယ (စွမ်းနိုင်သူ၏ အဖြစ်=စွမ်းနိုင်ခြင်း) အနက်သည် ပရိယတ္တိ အနက်တည်း၊ ပုံစံကား– “အလံ မလ္လော မလ္လဿ = လက်ဝှေ့သည် တယောက်သည် လက်ဝှေ့သည် တယောက်အား (ထိုးသတ်မှု၌) စွမ်းနိုင်၏”၊ ဘူသနဟူသည် တန်ဆာ တည်း၊ “အလင်္ကတော–ပြုအပ်သော တန်ဆာရှိသူ၊ ဝါ–ဆင်အပ်သော တန်ဆာရှိသူ၊ အလင်္ကာရော–ပြုအပ်သော တန်ဆာ၊ ဝါ-ဆင်အပ်သော တန်ဆာ”။

ပူရဏ ၂ မျိုး ။ ။ [“ပူရဏတ္ထံ ဒုဝိဓံ” ကား အစ၌ပြခဲ့သော ပဋိသေဓ ပူရဏာဒိ အတ္ထံ၌ ပူရဏ၌ ထွက်လာသော စကားတည်း၊ ဤနေရာ၌ ပူရဏ ၂ မျိုးကိုပြ၍ ထိုပူရဏတ္ထ နိပါတ်များကိုပင် (ဆုံးသည့်တိုင်အောင်) ချဲ့ပြလတံ့၊] အနက်ရှိသော နိပါတ်သည် အတ္ထ ပူရဏမည်၏၊ “အနက်ရှိ” ဟူရာ၌ စနိပါတ်ကဲ့သို့ ထွန်းပြအပ်သော သမုစ္စည်း စသော အနက် ရှိသည် ဖြစ်စေ – အတ္ထိ သက္ကာ လဗ္ဘာတို့ကဲ့သို့ မိမိကိုယ်တိုင် ဟောအပ်သော အနက်ရှိသည် ဖြစ်စေ “အနက်ရှိ”ပင် မည်၏၊ ထို့ကြောင့် စဝါစသော နိပါတ်, အတ္ထိ သက္ကာစသော နိပါတ်များသည် အတ္ထပူရဏနိပါတ်များတည်း၊ အနက်မရှိဘဲ, ရွတ်ဆိုရာ၌ နှေးနှောက် စကားတို့ ချောမော ပြေပြစ်ဘို့ရာ ဝါစာသိလိဋ္ဌ အကျိုးငှါ ထည့်အပ်သော နိပါတ်သည် ပဒပူရဏနိပါတ်မည်၏၊ ထိုပဒပူရဏနိပါတ်ကို ပြလို၍ “တတ္ထ အထ-ခလု၊ ပေ၊ သေယျထိဒံ ဣစ္စေဝမာဒီနိ ပဒပူရဏာနိ”ဟု မိန့်သည်၊ [သီဟိုဠ်မူနှင့် သဒ္ဒနီတိဝယ် “ဝေ”နောက်၌ “ဟေ” ဟုလည်း ဒုတိယ ကရနှင့် နိပါတ်တမျိုးကိုပြသေး၏၊ ဧဝံ နိပါတ်ကို သီဟိုဠ်မူ၌ (ပဒပူရဏ အရာတွင်) မတွေ့ရ၊ သဒ္ဒနီတိ၌လည်း မပါ၊ အဝိဘတ္တိ ယုတ္တနိပါတ်၌ ပြလတံ့ဖြစ်သောကြောင့် မပါမှကောင်းသည်၊ နံကို နိပါတ်ဟု ဤနေရာ၌ ပြထားသော်လည်း မောင်ဠလွှာန်အလို ဝေ့မှ ဖြစ်လာသော ပုဒ် ဟု မှတ်။]

www.dhammaransi.com



တတ္ထ - ထို ပဒပူရဏ နိပါတ်တို့တွင်၊ အထ ဣတိ - အထဟူသော နိပါတ်သည်၊ ပဉှာနန္တရိယာဓိကာရာဒိသုစ - အမေး အနက်, အခြားမဲ့ အနက်, အဓိကာရအနက် အစရှိသည်တို့၌လည်း၊ (ဝတ္တတေ-သေး၏၊) ခလုဣတိ-သည်၊ ပဋိသေဓာဝဓာရဏ ပသိဒ္ဓိသုစ- တားမြစ်ခြင်း အနက်, ပိုင်းခြားသတ်မှတ်ခြင်း အနက်, ပြီးခြင်း အနက်တို့၌လည်း၊ (ဝတ္တတေ)၊ ဝတဣတိ - သည်၊ ဧကံသ ခေဒါနုကမ္ပ သင်္ကပ္ပေသုစ - ဧကံ ဟူသော အနက်,ပင်ပန်းခြင်းအနက်,သနားခြင်းအနက်,ကြံစည်ခြင်းအနက်တို့၌လည်း၊ ဝတ္တတိ၊ အထော ဣတိ - သည်၊ အန္ဝာဒေသေစ- နောက်ထပ် ညွှန်ပြခြင်း အနက်၌လည်း၊ ဝတ္တတိ၊ ဟိ ဣတိ-သည်၊ ဟေတု အဝဓာရဏေသုစ-

အထ ဣတိ ၊ ပေ ၊ ပသိဒ္ဓိသု—အထကား ပဒပူရဏအပြင် ပဥှာစသော အနက်တို့၌လည်း ရှိသေး၏၊ ထိုတွင် "အထ-သို့ဖြစ်လျက်၊ ဝါ-မေးပါရစေ၊ ကေနာဿေန-အဘယ် အကြောင်းကြောင့်၊ ဂန္ဓဒထနောဘိ - နံ့သာခိုးဟူ၍၊ ဝုစ္စတိနု – ဆိုအပ်သနည်း"၌ ပဉှ အနက်တည်း၊ "အထ–သညာဝိဓာနန်၏ အခြားမဲ့၌"စသည်ဖြင့် လာသော အထကား "အနန္တရိယတ္တ=အခြားမရှိသည်၏ အဖြစ်"ဟူသော အနက်ရှိ၏၊ အဓိကာရ ဟူသည် "အရာဟူသော"အနက်တည်း၊ "အထ–ထို အခါ၌" ဟု ပေး၊ "ထိုသို့ နေတော်မူရာ၌၊ ထိုသို့ ပြောဆိုရာ၌"စသည်ဖြင့် ဆိုလိုသည်၊ သဒ္ဒနီတိ၌ "အာဝိစ္ဆန္န-မပြတ်စဲခြင်း" အနက်ကိုလည်း ပြသေး၏၊ အာနန္တရိယ အနက်နှင့် အတူဟု ထင်သည်၊ ကစ္စည်း (အာချာတ် အစ) ဝုတ္တိ၌ အခြားအနက်များ ရှိသေး၏။

ခလု အနက်။ ။ပသိဒ္ဓိသုစ၌ စဖြင့် ဆိုအပ်ပြီးသော ပဒပူရဏအနက်ကိုဆည်းသည်၊ ခလုသဒ္ဒါသည် ပဒပူရဏအနက်ပြင် ပဋိသေဓစသော အနက်လည်း ရှိသေးသည်-ဟူလို၊ [သေယျထိဒံ တိုင်အောင် စသဒ္ဒါ အပိသဒ္ဒါတို့သည် ဆိုအပ်ပြီးသော ပဒပူရဏအနက် ကို ပြန်၍ ပေါင်းကြ ဆည်းကြသည်- ဟု မှတ်၊ ] "ခလုပစ္ဆာဘတ္တိကော – နောက်ထပ် ထမင်း မစားသူ "၌ ခလုသဒ္ဒါသည် ပဋိသေဓအနက်ရှိ၏၊ "သာဓုခလု·ကောင်းသည် သာ "၌ အဝဓာရဏ အနက်ရှိ၏၊ ပသိဒ္ဓအနက်၏ ပုံစံကို ရှာဖွေ၍ ယူ၊ "ခလု·တဆင့် စကား ကြားရသည် ကား "၌ အနုဿဝနတ္ထတည်း။

ဝတ အနက်။ ။ဧကံသ=ဧက+အံသ–တခုသော အဘို့ (၂ မျိုး ၃ မျိုး မဟုတ်ဘဲ) တဘို့သာဖြစ်သည်ကို "ဧကံ"ဟု ခေါ်သည်၊ "ဝတ-စင်စစ်, ဧကံ "ဟုပေး၊ "အယံ လောကော-ဤသတ္တဝါအပေါင်းသည်၊ ကိစ္ဆံ-ဆင်းရဲခြင်းသို့၊ အာပန္နော ဝတ-ရောက်လေစွ တကား "၌ ခေဒအနက်ဟော၊ "အယံ သမဏော- ဤရဟန်းသည် ကပဏော ဝတ- အထီးကျန်လေစွတကား"၌ အနုကမ္ပာအနက်ဟော၊ "အဟော ဝတ·သြော်ကောင်းစွ"၌ သင်္ကပ္ပ အနက်ဟောတည်း။

အထော—အန္ဝာဒေသ = အနု+အာဒေသ၊ ပဌမ စကားတရပ် ပြောပြီးနောက် ထိုစကား၏အနက်ကိုပင် နောက်ထပ်ဆက်၍ စကားသုံးတမျိုးဖြင့် ပြောပြလိုရာ၌ "အထော"

www.dhammaransi.com



အကြောင်းဟူသောအနက်,အဝဓာရဏ အနက်တို့၌လည်း၊ ဝတ္တတိ-ဖြစ်၏၊ [“ဟိ ( ယသ္မာ ) - အကြင့်ကြောင့်၊ ဇိနဝစနယုတ္တံဟိ-ဘုရား ပါဠိတော်နှင့် သင့်တော်သည်သာ” တို့ကား ပုံစံ။ ] တု ဣတိ - သည်၊ ဝိသေသ ဟေတု နိဝတ္တနာဒိသု - အထူးအနက် , အကြောင်းအနက် , နှစ်းစခြင်း အစရှိသော အနက်တို့၌လည်း၊ ဝတ္တတိ၊ ပန ဣတိ - သည်၊ ဝိသေသေ- ဝိသေသ အနက်၌လည်း၊ ဝတ္တတိ-၏၊ ဟာဝေ ဝေ ဣတိ - ဟာဝေ , ဝေ ဟူကုန်သော၊ ဧတေ-ဤနိပါတ်တို့သည်၊ ဧကံသတ္ထေပိ - ဧကန်ဟူသော အနက်၌လည်း၊ ဝတ္တန္တိ၊ [ဟာဝေ - စင်စစ် ဟု ပေး။] ဟံ ဣတိ - သည်၊ ဝိသာဒသမ္ဘမေသုပိ- ပင်ပန်းခြင်း, ကျန်လှုပ်ချောက်ချားခြင်း အနက်တို့၌ လည်း၊ ဝတ္တတိ - ၏၊ [“ သမ္ဘဝေသု ” ဟု ရှိသည်ကား ပါဠ်ပျက်၊ ] သေယျထိဒံ ဣတိ - သေယျထိဒံ ဟူသော နိပါတ်သည်၊ တံ ကတမံ ဣတိ အတ္ထေပိ-တံ ကတမံ ဟူသော အနက်၌လည်း၊ ဝတ္တတိ-၏။

အတ္ထပူရဏံ - အတ္ထပူရဏနိပါတ်သည်၊ ဒုဝိဓံ - ၂ ပါးအပြားရှိ၏၊ ဝိဘတ္တိယုတ္တဉ္စ-ဝိဘတ်အနက်နှင့်ယှဉ်သော နိပါတ်၎င်း၊ အဝိဘတ္တိယုတ္တဉ္စ-ဝိဘတ်အနက်နှင့် မယှဉ်သော နိပါတ်သည်၎င်းတည်း၊ အတ္ထိ - ရှိ၏၊

ဟု သုံးစွဲခြင်းကို“အန္တာဒေသ”ဟုခေါ်၏၊ “သွာဂတံတေ မဟာရာဇ=အရှင်မဟာရာဇာ ကောင်းသောလာခြင်းပါတည်း”ဟု ပဌမ ပြ ပြီးနောက် “အထော တေ အဒုရာဂတံ= ထို့ပြင် အရှင် မဟာရာဇာ ယခုမှ လာခြင်း ဖြစ်ပါသည်=ယခုမှ လာတော့သကိုး”ဟု တမျိုးပြင်၍ ဆက်ပြန်သည်။

တု, ပန, ဟံ—“တု-အထူးကား”ဟူရာ၌ ဝိသေသအနက်, “တု-အကြင့်ကြောင့်” ဟူရာ၌ ဟေတု အနက် , သရလောပေါ သုတ်၌ တု သဒ္ဒါကား နိဝတ္တန အနက်တည်း၊ “ဧကံသတ္ထ”လည်း ရှိသည့်ပြင်၊ “ပန-အထူးကား”ဟု ပေးရာ၌ ဝိသေသအနက်တည်း၊ “အထူးကား”မပေးရသော်လည်း ဝိသေသဝါကျ၌ ပန သဒ္ဒါသည် ဝိသေသ ဇောတက ပင်တည်း၊ ဤနည်းအားဖြင့် ဥပန္ယာသ-ဝါကျရန္တ အနက် စသည်များလည်း ဖြစ်သင့် ကြောင်းကို သိပါ၊ “ဝိသာဒ-ပင်ပန်းခြင်း”အနက်၌“ဟံ-ဟင်း ” ဟု သက်မကြီးချလိုက် သလို ပေး၊“သမ္ဘမ-လှုပ်ရှား ချောက်ချားသံ”ကိုလည်း ပြယုဂ်အားလျော်စွာပေး။

သေယျထိဒံ—“တံ+ကတမံ”သာ မက“တာနိ ကတမာနိ, သော ကတမော,တေ ကတမေ,သာ ကတမာ, တာယော ကတမာယော”ဟု လိင် ၃ ပါး ဝုစ် ၂ ပါးပင်ဖြစ်၏၊ တွဲဘက်အနက်ကို ကြည့်၍ “ ထိုစကားဟူသည်+အဘယ်နည်း ” စသည်ဖြင့် ပေးလေ၊ တချို့အရာ၌ သေယျထာ နိပါတ် ဣဒံနိပါတ် ၂ ခုစပ်ထားသည် ဟုလည်း ဖွင့်ကြ၏၊ [ဤပဒပူရဏ နိပါတ်ရတွင် အချို့ နိပါတ်များ၏ အနက်ထူးကိုသာ ပြထားသည်၊ မပြ အပ်သော နိပါတ်၏ အနက်ထူးကိုလည်း အဋ္ဌကထာ ဋီကာတို့၌ တွေ့ရဦးမည်သာ။]

www.dhammaransi.com



သက္ကာ – တတ်နိုင်၍၊ လဗ္ဘာ – ရအပ်၍၊ ဣတိ-ဤသို့၊ ဧတေ – ဤနိပါတ်တို့သည်၊ ပဌမာယ – ပဌမာဝိဘတ်၏ အနက်၌ (ဝတ္တန္တိ-ဖြစ်ကုန်၏)၊ အာဝုသော – ငါ့ရှင်၊ အမ္ဘော-အမောင်၊ ဟမ္ဘော-အမောင်၊ ရေ, အရေ, ဟရေ – အချင်း၊ ဇေ – ဟဲ့ကျွန်မ၊ ဣစ္စာဒိ ဧတေ, အာမန္တနေ – ခေါ်ခြင်း (အာလုပ်) အနက်၌၊ (ဝတ္တန္တိ)၊ ဒိဝါ, ဘိယျော, နမော ဣစ္စာဒိ – ဒိဝါ, ဘိယျော, နမော ဟူကုန်သော၊ ဧတေ – တို့သည်၊ ပဌမာယံ – ပဌမာဝိဘတ်၏အနက်၌ပင်း ဒုတိယာယဉ္စ-၌ပင်း၊ (ဝတ္တန္တိ)။

သယံ, သာမံ, သံ, သမ္မာ, ကိန္တိ ဣတိ-သယံ ပေ၊ ကိန္တိ ဟူကုန်သော၊ ဧတေ တို့သည်၊ တတိယတ္ထေ-၌ (ဝတ္တန္တိ)၊ သော တော ဓာပစ္စယန္တာစ-

ဝိဘတ္တိယုတ္တံ—နိပါတ်ပုဒ်နောင် ဝိဘတ်သက်ပြီးနောက် များသောအားဖြင့် ချေပစ်ရသည်ချည်းတည်း၊ ထို့ကြောင့်"ဝိဘတ္တိယုတ္တ-ဝိဘတ်နှင့်ယှဉ်"ဟူရာ၌ "ဝိဘတ်မကျေဘဲ ယှဉ်တွဲနေသည်" ဟု မမှတ်ရ "ပဌမာအာလုပ် စသော ဝိဘတ်နက်များနှင့် ယှဉ်သည်, ဝိဘတ်နက်ရှိသည်"ဟု မှတ်ပါ၊ ထို့ကြောင့် ဋီကာ၌"ဧတေ တဒယော နိပါတာ ပဌမာယ ဝိဘတ္တိယာ အတ္ထေန ယုဇ္ဇန္တိ"ဟု ဖွင့်သည်၊ ဝိဘတ္တိယုတ္တံ၌ ဝိဘတ္တိအရ ဝိဘတ်၏အနက်တိုင်အောင် ယူပါ-ဟူလို၊ အဝိဘတ္တိယုတ္တ၌ "လုံးလုံးဝိဘတ်မသက်ရ" ဟု မမှတ်ထိုက်၊ ဝိဘတျန္တပဒံ=ဝိဘတ်ဆုံးမှ နိပါတ်ပုဒ် တပုဒ်အနေဖြင့် ပုဒ်ရာဝင်နိုင်မည်၊ "အသဉ္ဇာတိ သဗ္ဗာသံ"ဟူသော မောဂ္ဂလ္လာန်သုတ် ပုံစံ၌ အဝိဘတ္တိယုတ္တ"စေ"နိပါတ်ကို ထည့်ထားသောကြောင့်ပင်း, ကိတ် – "ပုဗ္ဗကာလေကကတ္တုကာနံ တုနတွာနတွာဝါ" သုတ်၌ "ကာတုန"ဟူသော အဝိဘတ္တိယုတ္တ နိပါတ်နောင် "သိလောပေါ်"ဟု ရူပသိဒ္ဓိ ဖွင့်လတ်ံ ဖြစ်သောကြောင့်ပင်း ဤ အဝိဘတ္တိယုတ္တ နိပါတ်များနောင်လည်း သိဝိဘတ် သက်သင့်ကြောင်းကို သူနိုင်ပေသည်၊ [ ဝိဘတ်သက်သော်လည်း ဝိဘတ်နက် မထင်ရှားသောကြောင့်"အဝိဘတ္တိယုတ္တ"ဟု ခေါ်နိုင်သည်။]

အတ္ထိ၊ ပေ၊ ပဌမာယံ — "အတ္ထိ-ရှိ၏, ရှိကုန်၏"ဟု ဧကဝုစ် ဗဟုဝုစ် သင့်သလို ပေးနိုင်၏၊ "ဓနံ+အတ္ထိ, ပုတ္တာ+အတ္ထိ"တို့၌ အတ္ထိ၏ တွဲဘက်ဖြစ်သော ဓနံ, ပုတ္တာတို့က ပဌမာဝိဘတ် ဖြစ်သောကြောင့် အတ္ထိနောင်လည်း ပဌမာဝိဘတ်သက်၍ ချေပစ်ရမည်၊ သက္ကာ လဗ္ဘာတို့၌လည်း နည်းတူ။

ဒိဝါ၊ ပေ၊ ဒုတိယာယဉ္စ — ပြယုဂ်အားလျော်စွာ ပဌမာ ဒုတိယာ အနက်ရှိကြသည်၊ ရတ္တိဒိဝေ-ညဉ့်သည်ပင်၊ သမာနာ-ဖြစ်ပါလျက်၊ ဒိဝါ-နေ့ဘည်း၊ ဣတိသညာနန္တိ-ဤသို့ မှတ်ထင်ကြကုန်၏၊ ဘိယျော – လွန်ကဲသော၊ သောမနဿံ-ဝမ်းမြောက်ခြင်း၊ ဥပ္ပဇ္ဇတိ – ဖြစ်၏၊ နမော – ရှိခိုးခြင်းသည်၊ အတ္ထု – ဖြစ်စေသတည်း၊ ဤ၌ ပဌမာ အနက်တည်း၊ ဒိဝါဒိဝေ-နေ့ကိုပင်၊ ရတ္တိံ တိ – ညဉ့်ဟူ၍၊ သညာနန္တိ၊ ဘိယျော – အလွန်၊ ပသန္နာမံ-ကျသော အမွေးရှိသူ၏အဖြစ်သို့၊ အာပါဒိ – ရောက်ပြီ၊ နမော – ရှိခိုးခြင်းကို၊ ကရော ဟိ-ပြုလော၊ ဤ၌ ဒုတိယာ အနက်တည်း။

www.dhammaransi.com



သော,တော,ခါပစ္စည်းအဆုံးရှိသော သဒ္ဒါတို့သည်လည်း၊ (တတိယဒွေ ဝတ္တန္တိ)၊ သုတ္တသော-သုတ်အားဖြင့်၊ ပဒသော-ပုဒ်အားဖြင့်၊ အနိစ္စတော-အနိစ္စအားဖြင့်၊ ဒုက္ခတော-ဒုက္ခအားဖြင့်၊ ဧကဓာ-တဘို့ဖြင့်၊ ဒွိခါ-၂ ပါး အပြားအားဖြင့်၊ ဣစ္စာဒိ-ဤသို့ အစရှိသည်တည်း။

တဝေတုံပစ္စယန္တာ - တဝေပစ္စည်း , တုံပစ္စည်း အဆုံးရှိသော သဒ္ဒါတို့သည်၊ စတုတ္ထိယာ-စတုတ္ထီဝိဘတ်၏၊ ( အတ္ထေ ဝတ္တန္တိ)၊ ကာတဝေ-ငှါ၊ ပေ၊ ဒါပေတုံ - ငှါ၊ ဣစ္စာဒိ - တည်း၊ သောတောပစ္စယန္တာ-သော, တောပစ္စည်း အဆုံးရှိသော နိပါတ်တို့သည်၊ ပဉ္စမိယတ္ထေ-၌၊ ( ဝတ္တန္တိ )၊ ဒီဃသော - အလျားမှ ဩရသော - ဤ ဘက်မှ၊ ရာဇတော ဝါ စောရ တောဝါ ဣစ္စာဒိ၊ တော - တောပစ္စည်းသည်၊ သတ္တမျတ္ထေပိ - လည်း၊ (ဝတ္တတိ)၊ တြာဒိပစ္စယန္တာစ တြ အစရှိသော ပစ္စည်းအဆုံးရှိသော နိပါတ်တို့သည်လည်း၊ ( သတ္တမျတ္ထေ ဝတ္တန္တိ )၊ [ ဟိ ဟံစသော သတ္တမျတ္ထ ပစ္စည်းအားလုံးကို ယူဘို့ရာ "တြာဒိပစ္စယန္တာစ" ဟု အာဒိနှင့် ( သိပ္ပိုင်မှုအတိုင်း ) ပါဌ်မှန်ရှိစေ၊ ] ဧကတော-၌၊ ပေ၊ မူလတော - ၌၊ ယတြ-၌၊ ပေ၊ တဟံ-၌၊ [ နိပါတပစ္စယခဏ်း၌ အနက်ပေးခဲ့ပြီ ]ဣစ္စာဒိ-ဤသို့ အစရှိသည်တည်း။

တတိယတ္ထ —သယံကို "အတ္တနာ-ကိုယ်တော်တိုင်" ဟု ဖွင့်သည်၊ သာမံ-ကိုယ်တိုင်၊ သံကို သာမံဟုရင်း,သာမံကိုအတ္တနာဟုရင်း ဖွင့်၏၊ သမ္မာကို "အဝိပရိတတော မဖောက်ပြန်သောအားဖြင့်" ဟု ဖွင့်၏၊ ကိန္တိကို "အဘယ်အကြောင်း အဘယ်နည်းဖြင့်" ဟု ဖွင့်၏၊ ထိုအားလုံးပင် တတိယာ ဝိဘတ်၏ ဝိသေသန အနက်ကို ဟောကြသည်၊ သောပစ္စည်း စသည်ဆုံးသော ပုံစံများ တိုက်ရိုက်ပါရှိပြီ၊ သီမူ၌ "ဒွိခါ" ဟု ရှိသေး၏၊ "သုတ္တသော" စသည် တည်ပြီးနောက် နာမ်ဝိဘတ်သက်၍ ချေရဦးမည်ကို သတိပြု။

တဝေတုံ၊ပေ၊ဒါပေတုံ ဣစ္စာဒိ — ကာတဝေစသော ပုဒ်များလည်း နာမ်ဂိုဏ်းစဉ်၍ မရ၊ "ငှါ" ဟူသော တုမတ္ထသမ္ပဒါန် အနက်၌ စတုတ္ထီကြေလျက် ရုပ်တမျိုးသာ ရှိ၏၊ ထို့ကြောင့် နိပါတ်တွင် ပါဝင်ကြသည်၊ [ အာချာတ်လည်း မဟုတ် , ဥပသာရလည်း မဟုတ်, နာမ်ပဒမာလာလည်း စဉ်၍ မရသော ပုဒ်ဟူသမျှတို့ နိပါတ်တွင်း၌ ပါဝင်ကြရ သည်ချည်းဟုမှတ်၊ ] "ကာတဝေ" စသည်ဖြင့် ပြီးပြီးနောက် "သ-နံ" တခုခု သက်, ချေ၊ "သော တော ပစ္စယန္တာ" မှ စ၍ အနက်အတိုင်း သိသာပြီ၊ ပဉ္စမာ အနက် ဟောရာ၌ ပဉ္စမာ ဝိဘတ်သက်၍ ချေ၊ ဤသို့ စသည်ဖြင့် ဆိုင်ရာ အနက်၌ ဆိုင်ရာ ဝိဘတ်သက်၍ ချေရမည်၊ သို့သော် "တော" စသော နိပါတ်ပစ္စည်းကား သူတို့ကိုယ်တိုင် ဝိဘတ်အမည် ရကြသောကြောင့် ထပ်၍ ဝိဘတ်သက်ဘွယ် မလိုတော့ပြီ။

www.dhammaransi.com



သမန္တာ-အလုံးရ၌၊ သာမန္တာ-ထက်ဝန်းကျင်၌၊ ဝါ-အနီး၌၊ပရိတော-ထက်ဝန်းကျင်၌၊ အဘိတော - ရှေးရှု၌၊ သမန္တတော - ထက်ဝန်းကျင်၌၊ ကေဏ္ဍံ - တရုန်၌၊ [ ကေတြ - ဟု ဖွင့်သည်၊ ] ကောမန္တံ-သင့်လျော်သော အရပ်၌၊ [ “ ကော+အန္တံ ” ဟု ပုဒ်ဖြတ်၊ အန္တသဒ္ဒါ အနက်အထူးမရှိ၊ တနည်း - အန္တသဒ္ဒါကို ဘာဂအနက်ကြံ၍ “ ကောမန္တံ - သင့်လျော်ရာ တရုသော အရပ်အဘို့၌” ဟု ပေးကြ၏၊ ] ဟေဋ္ဌာ-အောက်၌၊ ဥပရိ, ဥဒ္ဓံ-အထက်၌၊ အဓော-အောက်၌၊ တိရိယံ-ဖီလာ၌၊ သမ္မုခါ-မျက်မှောက်၌၊ ပရမ္မုခါ-မျက်ကွယ်၌၊အာဝိ-ထင်ရှားသောအရပ်၌၊ရဟော-ဆိတ်ကွယ်ရာ၌၊ တိရော-တဘက်၌၊ ဥဒ္ဓံ-အမြင့်၌၊ နီစံ- အနိမ့်၌၊ အန္တော-အတွင်း၌၊ အန္တရာ-အကြား၌၊ အဇ္ဈတ္တံ-မိမိသန္တာန်၌၊ ဗဟိဒ္ဓါ, ဗာဟိရာ, ဗာဟိရံ, ဗဟိ - အပ၌၊ ဩရံ - ဤဘက်၌၊ ပါရံ - ထိုဘက်၌၊ အာရာ , အာရကာ-အဝေး၌၊ ပစ္ဆာ - နောက်၌၊ ပုရေ - ရှေ့၌၊ ဟုရံ - တပါးသော အရပ်၌၊ ပေစ္စ-တမလွန်ဘဝ၌၊ ဣတိ-ဤသို့၊ဧတေ-ဤနိပါတ်တို့သည်၊ သတ္တမိယာ-၏၊ (အတ္ထေ-အနက်၌၊ ဝတ္တန္တိ-ဖြစ်ကုန်၏)။

သမ္ပတိ - ယခုအခါ၌၊ အာယတိ - နောင်အခါ၌၊ အဇ္ဇ - ယနေ့၌၊ အပရဇ္ဇု-နက်ဖန်၌၊ [ သိပ္ပိုင်မှု၌ “ အပရဇ္ဇု ” ဟု ရှိသည့်ပြင်, ထို့နောက်၌ “ ပရဇ္ဇု-နက်ဖန်၌ ” ဟုလည်း ရှိသေး၏၊ ] သုဝေ, သွေ- နက်ဖန်၌၊ ပရသုဝေ-သဘက်ခါ၌၊ [သိပ္ပိုင်မှု၌ “ဥတ္တရသုဝေ-သဘက်ခါ၌” ဟု ရှိ၏၊] ဟိယျော-ယမန်နေ့၌(မနေ့၌,မနေ့က) ပရေ-တဘာန်မနေ့၌၊ [“တမြန်နေ့” ဟု တချို့အရပ်၌ခေါ်၏၊ လွန်ခဲ့သော ၃ ရက်မြောက်နေ့တည်း၊] သဇ္ဇု-လက်ငင်း ( ချက်ခြင်း )၊ သာယံ-နေ့ဝင်ချိန်၌၊ [“ညချမ်းအခါ၌” ဟု ပေးကြ၏၊] ပါတော - နံနက်၌၊ ကာလံ - အခါ၌၊ ကလ္လံ - လျောက်ပတ်သော အခါ၌၊ ဒိဝါ-နေ့၌၊ ရတ္တိံ-ညဉ့်၌၊ နိစ္စံ, သတတံ-အမြဲ ( မြဲသောအခါ၌ )၊ အဘိဏှံ , အဘိက္ခဏံ - မပြတ် ( မပြတ်သော အခါ၌ )၊ မုဟုံ - လျင်စွာ၊ မုဟုတ္တံ-တမုဟုတ်မျှ၊ ဘူတပုဗ္ဗံ-ရှေးအခါ၌၊ ပုရာ-ရှေး၌၊ ယဒါ - အကြင် အခါ၌၊ တဒါ - ထို အခါ၌၊ ကဒါ - အဘယ် အခါ၌၊ ဣစ္စာဒယော - ဤသို့ အစရှိသော နိပါတ်တို့သည်၊ ကာလသတ္တမိယာ - ကာလ အနက်ရှိသော

ဘူတပုဗ္ဗံ — ဤ၌ နိပါတ်တွင် သွင်းသော်လည်း “ ပုဗ္ဗ+ဘူတံ-ဘူတပုဗ္ဗံ ( ရှေး၌ ဖြစ်သော ဌာနံ, အကြောင်း)၊ယထာ-ဒိဋ္ဌပုဗ္ဗံ” ဟု ဖွင့်သော သီလက္ခန်(ကုဋဒန္တ)ဋီကာသစ်အလို နိပါတ်မဟုတ်, သမာသ်ပုဒ် ဟု မှတ်။

www.dhammaransi.com



သဏ္ဍမီ ဝိဘတ်၏ ( အတ္ထေ ဝတ္တနွိ )၊ ဣတိ - ဤသည်တို့ကား၊ ဝိဘတ္တိ ယုတ္တာဒိ-ဝိဘတ်၏ အနက်နှင့်ယှဉ်သော နိပါတ်တို့ဘည်း။

အဝိဘတ္တိသုတ္တေသုစ-အဝိဘတ္တိယုတ္တနိပါတ်တို့တွင်လည်း၊ အဒပ္ပဝ-အပ္ပေဝနိပါတ်ရင်း၊ အဒ္ဓဝနာမ- ရင်း၊ နု-ရင်း၊ ဣတိ- ဤသို့၊ ဧတေ- ဤ နိပါတ်တို့သည်၊ သံသယတ္ထေ-ယုံမှားခြင်းအနက်၌၊(ဝတ္တန္တိ-ဖြစ်ကုန်၏)၊ အဒ္ဓါ-အဒ္ဓါနိပါတ်ရင်း၊ ပေ၊ သံသက္ကံ- သံသက္ကံနိပါတ်ရင်း၊ ဣတိ ဧတေ, ဧကံသတ္ထေ- ဧကန် ( ငင်စစ် ) ဟူသော အနက်၌၊ ( ဝတ္တန္တိ )၊ ဝေဣတိ- ဧဝ ဟူသော နိပါတ်သည်၊ အဝဓာရဏေ - ပိုင်းခြား သတ်မှတ်ခြင်း အနက်၌၊ (ဝတ္တတိ-ဖြစ်၏)။

သံသယတ္ထ — “ ယုံမှားခြင်း ” ဟူသည် မဆုံးဖြတ်နိုင်ခြင်းပင်တည်း၊ ထို့ကြောင့် “ အပ္ပေဝနာမ ဥဒသက်မေယျာမ – ချဉ်းကပ်နိုင်ကုန်အံ့လည်း မသိ ” ဟူရာ၌ ချဉ်းကပ်နိုင်မည့် - မချဉ်းကပ်နိုင်မည်ကို မဆုံးဖြတ်နိုင် – ဟု ဆိုလိုရင်းဖြစ်၏၊ အပ္ပေဝ–နုတို့နှင့် တွဲရာ၌လည်း နည်းတူ၊ ဧကံသတ္ထ၌ “ အဒ္ဓါ–မချွတ်, ဧကန် , အမှန်, စင်စစ်၊ တဧ္ဍ– တကယ်”စသည်ဖြင့် သင့်သလို ပေး။

အဝဓာရဏတ္ထ—အဝဓုဗ္ဗ ရေဓာတ် ( စုရာဒိဂဏ ပစ္စည်းခြ ) ယုပစ္စည်း၊ “အဝ ဓာရဏံ – အဝဓာရဏ ဟူသည်၊ အယောဂ အညယောဂ ပဋိယောဂ နိဝတ္တနဝသေန – အယောဂနိဝတ္တန အညယောဂနိဝတ္တန ပဋိယောဂ နိဝတ္တန၏ အစွမ်းဖြင့်၊ သန္နိဋ္ဌာနံ- ဆုံးဖြတ်ခြင်းတည်း”ဟု ဋီကာဖွင့်၏၊ ထိုတွင် “ဇသော–ဂ–ဤအနိစ္စ ဟု ပညာဖြင့် ရှုခြင်း သည်ပင်၊ ဝိသုဒ္ဓိယာ – ကိလေသာ စင်ကြယ်ခြင်း၏၊ မဂ္ဂါ–အကြောင်းတည်း” ဟူရာ၌ အယောဂ-ကိလေသာ စင်ကြယ်ကြောင်းနှင့် မယှဉ်ခြင်း ( ကိလေသာ စင်ကြယ်ကြောင်း ဟုတ်ခြင်း )ကို ဧဝသဒ္ဒါက တားမြစ်သည်၊ “ ဧသောဝ–ဤတရားသည်သာ၊ မဂ္ဂေါ– လမ်းကြောင်း အမှန်တည်း၊ အညော – အခြားသော တရားသည်၊ နတ္ထိ–မရှိ ” ဟူရာ၌ အညယောဂ–အခြားမဂ္ဂတို့နှင့် ယှဉ်ခြင်းကို တားမြစ်သည် ပဋိယောဂနိဝတ္တန ပြယုဂ်ကို ပြရာ၌ ဋီကာ ပင်ပုက်နေဟန်တူ၏၊ ထို့ကြောင့် “ တိသောဝ– တိသသည်သာ၊ ဓနုံ ဓရော–လေး အတတ်ကို တတ်၏ ” ၌ ဧဖြင့် ပဋိယောဂ–တိဿနှင့် တွဲဘက်ဖြစ်သော ဒုတ္တကို တားမြစ်သည်–ဟု ပုံစံတမျိုး ထုတ်ပါ။

ဇောတကဗ္ဗတ္ထစသော ၃ မျိုး။ ။ဝေသဒ္ဒါဖြင့်ဆိုရာ၌ ဇောတကဗ္ဗတ္ထ—နိဝတ္တေတဗ္ဗတ္ထ– အနုညာတတ္ထဟု ၃ နက်ကို အချို့အရာ၌ပြ၏၊ ထိုတွင် ယူအပ်သော အနက်သည် ဇောတ ကဗ္ဗတ္ထမည်၏၊ တားမြစ်အပ်သော အနက်သည် နိဝတ္တေတဗ္ဗတ္ထမည်၏၊ ခွင့်ပြုအပ်သော အနက်ကား အနုညာတတ္ထ မည်၏၊ သန္နိဋ္ဌာနာဝဓာရဏ၌ နိဝတ္တေတဗ္ဗတ္ထကို မငဲ့သော ကြောင့် နိဝတ္တေတဗ္ဗတ္ထ ရသင့်သော်လည်း ပြဘွယ်မလို၊ တားမြစ်ခြင်း မရှိသောကြောင့် ခွင့်ပြုစရာလည်း မလိုတော့ရကား အနုညာတတ္ထလည်း ပြဘွယ် မလို၊ နိဝတ္တာပနာ...

www.dhammaransi.com



ဝဓာရဏဉ္စကား ဂဟေတဗ္ဗတ္တ–နိဝတ္တေတဗ္ဗတ္တ ၂ မျိုးလုံးရ၏၊ အနုညာတတ္တကား ခွင့်ပြု စရာ အနက်ရှိမှသာ ရမည်။

ထင်ရှားစေအံ့ — " ဧကောဝ ခေါ ဘိက္ခဝေ ခဏောစ သမယောစ ဗြဟ္မစရိယ ဝါသာယ=ဘိက္ခုတို့ မဂ္ဂဗြဟ္မစရိယကိုကျင့်သုံးဘို့ရာ (မဂ်ရဘို့ရာ) တခုသော နဝမခဏ ( ဘုရားပွင့်ရာ – မိဒိက တိပိတ်ဥာဏ်ရှိသော လူဖြစ်ရာ ) အခါသာတည်း " ဟုရာဥ္စ ဧကောဝဝယ် ဧဝ ပါရှိ၏၊ ထိုဥ္စ နဝမခဏသည် ဂဟေတဗ္ဗတ္တ ( ဤနေရာ၌ ယူအပ်သော အနက် ) တည်း၊ ရပ်ပြစ်ရှစ်ပါး ဟု ခေါ်စမှတ်ပြုအပ်သော အဋ္ဌက္ခဏသည် နိဝတ္တေ တဗ္ဗတ္တ ( တို ဧဝဖြင့် တားမြစ်အပ်သော အနက် ) တည်း၊ ဤ၌ ခွင့်ပြုဘို့ရာ အနုညာတတ္တ မရတော့ပြီ၊ ဂုဏောဧဝ နေ့ဥ္စလည်း သီလ သမာဓိ ပညာ သဒ္ဓါစသော ဂုဏ်တို့သည် ဂဟေတဗ္ဗတ္တ, ရွှေ ငွေ ဥစ္စာကား နိဝတ္တေတဗ္ဗတ္တ ဟု ကြံသင့်၏၊ [ တနည်း-ရှာ ဆိုသော ဝဒန္တပုဂ္ဂိုလ်က ရွှေ ငွေစသည်ကို တားမြစ်လိုခြင်း မရှိလျှင် " ဂုဏောဧဝ–ဂုဏ်သည်ပင် ဥစ္စာ " ဟု မိမိအနက်ကိုသာ ဆုံးဖြတ်ချက် ချသော သန္နိဋ္ဌာနာဝဓာရဏလည်း ဖြစ်သင့်၏၊ ရွှေငွေကို ဥစ္စာမဟုတ်–ဟု မတားမြစ်လို, သူ့နည်းနှင့် သူ့ဥစ္စာပင်ဖြစ်ပေသည်–ဟုလို။ ]

အနုညာတတ္တ ။ ။ နိဝတ္တေတဗ္ဗတ္တကို ပြရာ၌ ဂုဏ်ချင်း ဒြပ်ချင်း ကြိယာချင်းသာ ပြုရမည်၊ ဂုဏ်ဟော သဒ္ဒါက ဒြပ်ကြိယာကို မကန့်ကွက်နိုင်၊ ထို့အတူ ဒြပ်ဟော ကြိယာ ဟော သဒ္ဒါတို့ကလည်း မိမိတို့ အချင်းချင်းသာ ကန့်ကွက် နိုင်ကြသည်၊ ထို့ကြောင့် ဂုဏ်ဟောသဒ္ဒါနောင် ဧဝထိုင်လျှင် အခြားဂုဏ်ကို နိဝတ္တေတဗ္ဗတ္တ ပြ၍, ဒြပ်ကို အနုညာ တတ္တ ပြုနိုင်သည်၊ ဒြပ်နောင် ထိုင်ရာ၌လည်း ဤနည်းပင်တည်း၊ ပုံစံကား-" တိသောဧဝ မနုဓရော ဟောတိ " တည်း၊ [ မနုဓရော – လေးကိုဆောင်သည်၊ ဝါ– လေးအတတ် တတ်သည်၊ ] ၁-တိဿောဧဝ၌ တိဿဒြပ်နောင် ထိုင်သော ဧဝဖြင့် မိတ္တ – ဒတ္တဒြပ်ကို တားမြစ်၏ , တိဿ၏ ဓနုဓရဂုဏ်မှတပါး ဆင်အတတ် မြင်းအတတ်စသော အတတ်ကို ("မတတ်"ဟု) မကန့်ကွက်၊ တတ်သည် ဟု ခွင့်ပြုလျက် ရှိသည်၊ ၂–ဓနုဓရောနောင် ဧဝ ထိုင်လျှင် ထို ဧဝဖြင့် ဆင် မြင်း အတတ် စသော ဂုဏ်ကို ကန့်ကွက်၏၊ မိတ္တဒြပ်ကိုကား ခွင့်ပြုသည်၊ ၃–ဟောတိနောင် ဧဝထိုင်လျှင် ထိုဧဝဖြင့် မိတ္တဒတ္တတို့ လေးအတတ် တတ် ကြောင်းကိုငှင်း တိဿ၏ ဆင်အတတ် စသည်ကိုငှင်း အနုညာတပြုသည်–ဟု ဆရာ တို့ မိန့်ကြလေသည်။

[ ဆောင် ] ဝေသဒ္ဒါ, ရှိလေရာ, ရံခါ အနုညာတ ထုတ်မြဲ။
နိဝတ္တေတဗ္ဗ,ဒြပ်ပြ, အနုညာတ ဂုဏ်ကို ထုတ်မြဲ။
နိဝတ္တေတဗ္ဗ, ဂုဏ်ဖြစ်က, ဒဗ္ဗ အနုညာတ ထုတ်မြဲ။
နိဝတ္တေတဗ္ဗ, ကြိယာပြ, ဂုဏ်ဒြပ်ကို အနုညာတထုတ်မြဲ။

မှတ်ချက်။ ။ ဒြပ်နောက် ဧဝဖြင့် ဒြပ်ချင်းကန့်၍ ဂုဏ်ကို အနုညာတပြုခြင်း-ဂုဏ်နောင် ဧဝဖြင့် ဂုဏ်ချင်းကန့်၍ ဒြပ်ကို အနုညာတ ပြုခြင်းကား သင့်ဘွယ် ရှိ၏၊ ကြိယာနောင် ထိုင်သော ဧဝဖြင့်ကား အခြားကြိယာကို ဂ နဲ့လိုရိပ် မထင်၊ မိမိအနက်ကိုသာ မြဲစေသော သန္နိဋ္ဌာနာဝဓာရဏ ဟု ထင်သည်၊ ထို့ကြောင့် ထိုဧဝဖြင့် ဒြပ်–ဂုဏ်များကို အနုညာတ ပြုသည်–ဟူသော ဆရာတို့ စကားကို စဉ်းစားထိုက်သည်။

www.dhammaransi.com



ကပ္ပိ – ကပ္ပိနိပါတ်ရင်း၊ ပေ၊ ကိံ – ရင်း၊ ဉာတိ ဧတေ, ပုစ္ဆနတ္ထေ- မေးခြင်းအနက်၌၊ ( ဝတ္တန္တိ )၊ [ ကပ္ပိ – အသို့နည်း၊ ဝါ – ဘယ့်နှယ်လဲ၊ ခမနီယံ–ခန့်ကျန်းပါ၏လော,စသည်တည်း၊] ဧဝံ–ရင်း၊ ဉာတိ, ဉာတ္တံ–ရင်း၊ ဉာတိ – ဤသို့၊ ဧတေ, နိဒဿနေ – ညွှန်ပြခြင်း အနက်၌၊ (ဝတ္တန္တိ) [“ဧဝံ- ဤသို့”စသည်တည်း၊] ဉာတိ–ဉာတိနိပါတ်သည်၊ ဟေတု ဝါကျပရိသမတ္တိ သုစ – အကြောင်းဟူသော အနက်, စကားတရပ် အပြီးသတ် ဟူသော အနက်တို့၌လည်း၊ (ဝတ္တတိ-ဖြစ်သေး၏)၊ ယာဝ–ရင်း၊ ပေ၊ ကီဝ–ရင်း၊ ဉာတိ ဧတေ, ပရိစ္ဆေဒနတ္ထေ-ပိုင်းခြားခြင်း အနက်၌၊ (ဝတ္တန္တိ)၊ ဧဝံ–ရင်း၊ ပေ၊ သာဓု- ရင်း၊ ဉာတိ ဧတေ, သမ္ပဋိစ္ဆနတ္ထေ-ဝန်ခံခြင်း ( လက်ခံခြင်း ) အနက်၌၊ (ဝတ္တန္တိ)၊ ယထာ–ရင်း၊ ပေ၊ တထာစ – တထာစ နိပါတ်ရင်း၊ ဉာတိဧတေ, ပဋိဘာဂတ္ထေ – အတူဟူသော အနက်၌၊ ( ဝတ္တန္တိ )၊ ယထာ

**ဉာတိ၊ ပေ၊ သမတ္တိသု စ။** ။ဤကား ဉာတ်အတွက် အပိုအနက်ပြ စကားတည်း၊ “ဉာတိ- ထို့ကြောင့်, ဤ အကြောင်းကြောင့်” ဟု ပေးရာ၌ ဟေတုအနက်၊ “အဘိနန္ဒုန္တိ (အဘိနန္ဒုံ+ဉာတိ)၊ အဘိနန္ဒုံ–နှစ်သက်ကြကုန်ပြီ+ဉာတိ-ပြီးပြီ” ဟု အနက်ပေးရာ၌ စကား တရပ် ပြီးဆုံးကြောင်းကို ပြသော ဝါကျပရိသမတ္တ အနက်တည်း၊ [ပရိ,သံပုဗ္ဗ အပဓာတ် တိပစ္စည်းဖြင့် ပရိသမတ္တိ, ယုပစ္စည်းဖြင့် ပရိသမာပနံ, တပစ္စည်းဖြင့် “ပရိသမတ္တော”ဟု သုံးနှုန်းပုံကို သိပါ။]

**ပရိစ္ဆေဒနတ္ထ။** ။“ယာဝဇီဝံ-အသက်အပိုင်းအခြား အတိုင်း, အသက်ထက်ဆုံး၊ တာဝ–ထိုမျှလောက်, ယာဝတာယုကံ – အသက်ရှည်သမျှ” စသည်ဖြင့် ယာဝ စသော နိပါတ်တို့ ပရိစ္ဆေဒန အနက်ရှိကြ၏၊ ထိုတွင် ယာဝတာ စသော ၅ ပုဒ်တို့သည် အာဝန္တု၊ တာဝန္တု၊ ပစ္စည်းဖြင့် ယာဝါ တာဝါ ဧတ္တာဝါ ကီဝါ စသော ဂုဏဝါဒီ ဂိုဏ်းဝင်များ ဖြစ်နိုင်ရကား “ယာဝတာ – အကြင်မျှလောက် အတိုင်းအရှည် ရှိသော အနေဖြင့်” ဟု တတိယာ ဝိဘတ် ဆုံးသော နာမ်ပုဒ်များလည်း ဖြစ်နိုင်ကြသည်။

**သမ္ပဋိစ္ဆနတ္ထ။** ။ နိဿယည်းယူရာ စသည်၌ တပည့်က “အာစရိယော မေ ဘန္တေ ဟောဟိ, အာယသ္မတော နိဿာယ ဝစ္ဆာမိ = အရှင်ဘုရား.... တပည့်တော်၏ ဆရာ ဖြစ်တော်မူပါ, အရှင်ဘုရားကို မှီ၍ နေလိုပါသည်” ဟု တောင်းပန်လေလျှင် ဆရာက “ဧဝံ·သင်လျှော်သည့်အတိုင်း ရှိစေ၊ သာဟု, သာဓု–ကောင်းပြီ၊ လဟု-(ဝန်မလေးပါ) ပေါ့ပါးပါ၏၊ ဩပါယိကံ – သင့်တော်ပါ၏၊ ပဋိရူပံ– လျောက်ပတ်ပါ၏၊ အာမ–အင်း (အင်မ်း)”ဟူသော စကားလုံးတို့တွင် တခုခုကို သုံး၍ ဝန်ခံရ- လက်ခံရသည်၊ [ ထိုတွင် လဟု – ဩပါယိကံ – ပဋိရူပံ ၃ ပုဒ်ကား နာမ်ပုဒ် လည်း ရှိ၏၊ ထို့ကြောင့် “ လဟုနိ, လဟာဝေါ ” စသော ပုဒ်, ပဋိရူပေ-စသော ပုဒ်များကို တွေ့ကြရသည်၊ ဩပါယိကံကား “ ဥပါယေ- သင့်တော်သော အကြောင်း၌၊ နိယုတ္တံ– ယှဉ်သည်တည်း” ဟူသော ဝိဂ္ဂြိုဟ် အရ ဏိကပစ္စည်းဖြင့် ပြီးသော တဒ္ဓိတ်နာမ်ပုဒ်တည်း။]

www.dhammaransi.com



ဏ္ဏတိ-ယထာဟူသော ဤနိပါတ်ကား၊ ယောဂ္ဂတာဝိစ္ဆာပဒတ္ထာနတိဝတ္တနိဒဿနေသုစ-သင့်လျော်သည်၏ အဖြစ်ဟူသောအနက်, ဝိစ္ဆာအနက်, ပုဒ်အနက်ကို မလွန်ခြင်းအနက်, ညွှန်ပြခြင်း အနက်တို့၌လည်း၊(ဝတ္တတိ)။

ဧဝံ ဏ္ဏတိ - သည်၊ ဥပဒေသ, ပဉှာဒီသုစ - နည်းလမ်း ညွှန်ပြခြင်း, မေးခြင်း အစရှိသော အနက်တို့၌လည်း၊ ( ဝတ္တတိ )၊ [ ဆိုအပ်ပြီးသော ပဋိဘာဂအနက်အပြင် ဤအနက်များလည်း ဖြစ်သည် - ဟူလို၊ ] ကိဉ္စာပိ ဏ္ဏတိ - သည်၊ အနုဂ္ဂဟဏာ ဋ္ဌ - ချီးမြှောက်ခြင်း အနက်၌ ( ဝတ္တတိ )၊ အပေဟာဏ္ဏတိ-သည်၊ ဂရဟာ ပသံသနပတ္တနေသု-ကဲ့ရဲ့ခြင်း,ချီးမွမ်းခြင်း,

ပဋိဘာဂတ္ထ ။ ။ "အတူ" ဟူသော အနက်ကို ပဋိဘာဂတ္ထ ဟု ခေါ်၏၊ ယထာ တထာ စသော နိပါတ်တို့သည်"ဟောတိယထာ-ဖြစ်သကဲ့သို့, တဘာ-ထို့အတူ၊ ဧဝံ-ဤ့အတူ၊ ဟောတိသေယျထာပိ-ဖြစ်သကဲ့သို့, သေယျထာ ‌နာမ-ဥပမာ မည်သည်" စသည်ဖြင့် ဥပမာနတ္ထနှင့် ဥပမေယျတ္ထတို့ တူမျှကြောင်းကို ထွန်းပြသည်၊ ဧဝမေဝ နောက်၌ "ခေမေဝံ" ဟု နိဂ္ဂဟိဘန္တ နိပါတ်သည်ရင်း သေယျထာပိ နောက်၌"သေယျထာပိနာမ"ဟူသော နိပါတ်သည်ရင်း သံဟိုင်ပမှု၌ တွေ့ရ၏၊ ထိုဘွင် "ယထေ၀-ခေမေဝ-ဧဝေဝံ-ခေမ္ပိ-ယထာပိ-သေယျထာပိ-ယထရိဝ-တထရိဝ-ယထာနာမ-တထာနာမ-ယထာဟိ-တထာဟိ-ယထာစ-တထာစ" တို့သည် "ယထာ+ဧဝ" စသော နိပါတ် ၂ ခုစီ ပေါင်းထားသော နိပါတသမုဒါယ ( နိပါတ်ပုဒ် အပေါင်း ) ဟုသည်း တနည်း ကြံသင့်၏၊ ထို့ကြောင့် "ယထရိဝ" တို့၌ "ယထာ+ဧဝ"ဟု ၂ ပုဒ်ခွဲသောနည်းဖြင့် "ခေါ်ဒိုဿရိ" သုတ်က စီရင်သည်၊ တပုဒ်ထည်း ယူသောနည်း အလိုအားဖြင့်ကား "ယထရိဝ"ကို "ယထာ+ဧဝ"ဟု ပုဒ်ခွဲဘွယ် မလို။

ယထာဏ္ဏတိ,— စသည်ကား ယထာ၏ အပိုအနက်ကို ပြပြန်သော စကားတည်း၊ ထိုတွင် "ယောဂ္ဂတာ"ဟူသည် သင့်လျော်ခြင်း(အနုရူပ) အနက်တည်း၊ "ယထာသရူပံ-သရုပ်အားလျော်စွာ" စသည်တည်း၊ ဝိစ္ဆာအနက်ကား "ယထာဝုမုံ-ကြီးကုန် ကြီးကုန်သူတို့" စသည်တည်း၊ ပဒတ္ထာနတိဝတ္တဟူသည် "ယထာက္ကမံ-အစဉ်ကို မလွန်ဘဲ" စသည်တည်း၊ ဤ၌ ကမပုဒ်၏ အနက်ကို မလွန်ခြင်းသည် "ပဒတ္ထ + အနတိဝတ္တ" မည်၏၊ နိဒဿန ဟူသည် "တံ သထာ"ကဲ့သို့ ဥဒါဟရဏ်ထုတ်ပြသော အရာတည်း။

ဧဝံ၊ ပေ၊ ပဉှာဒီသုစ — "ခတ-သင်သည်၊ ဧဝံ-ဤသို့(သည်လို)၊ အဘိက္ကမိဘဗ္ဗံ-ရှေးရှုသွားရမည်=သည်လိုသွား, သည်လိုလာ"ဟု နည်းလမ်းညွှန်ပြခြင်းကို "ဥပဒေသ" ဟု ခေါ်၏၊ "ဧဝံ ဤသို့ပါလော"ဟူရာ၌ ပဉှာအနက်တည်း၊ ဂရဟာစသော အနက်များကိုလည်း အဋ္ဌကထာတို့၌ တွေ့ရသည်၊ ကိဉ္စာပိသဒ္ဒါ၏ အနုဂ္ဂဟအနက်ကို အဋ္ဌကထာတို့၌ များစွာတွေ့ရလတံ့၊ "ကိဉ္စာပိ သေက္ခော, တထာပိ အာယသ္မတော အာနန္ဒော ဥစ္စိနဘု= အရှင်အာနန္ဒာသည် သေက္ခလောက်သာ ဖြစ်သေးသည်ကား မှန်၏၊ သို့သော် ရွေးချယ်တော်မူပါ"၌ ကိဉ္စာပိကား သေက္ခအဖြစ်ကို နှိပ်ချသော ဂရဟတ္ထတည်း။

www.dhammaransi.com



တောင့်တခြင်းအနက်ဘို့၌၊ (ဝတ္တတိ)၊ [" ပဏ္ဏနေ သုစ "ဟု ရှိသည့်ကား ဆည်းစရာ မရှိ၍ အပို၊ ] နာမဏ္ဍတိ - သည်၊ ဂရဟာ, ပသံသန, သညာ, ပဉှေသု-ပေ၊ အမည်, အမေးအနက်ဘို့၌၊ (ဝတ္တဘိ)၊ သာရဏ္ဍတိ-သည်၊ ပသံသန , ယာစနေ သုစ - ချီးမွမ်းခြင်း , တောင်းပန်ခြင်း တို့၌လည်း၊ (ဝတ္တတိ)၊ [ စ ဖြင့် ဆို အပ်ပြီးသော သမ္ပဋိစ္ဆန အနက်ကို ဆည်းသည်၊ ] ဏ္ဍာယ်, ဟန္ဒဏ္ဍတိ-ဏ္ဍာယ်,ဟန္ဒဟူကုန်သော၊ ဇောဒေ-တို့သည်၊ စောဒနတ္ထေ-တိုက်တွန်းခြင်းအနက်၌၊ ( ဝတ္တန္တိ )။

အဟော —"အရေပဏ္ဍိတက-ဟယ် စုပ်ချာသော်ပညာရှိ၊ အဟောဝတ-အံ့လော် ပါးပေါ့ "တည့် ပညာရှိက အလွဲ လုပ်လာ၍ ဆရာက ကဲ့ရဲ့သော စကား ဖြစ်သည်၊ ထို့ကြောင့် အဟောသဒ္ဒါလည်း ဂရဟတ္ထတည်း၊ " အဟော ဗုဒ္ဓါ-မြော်ဘုရား "၌ ချီးမွမ်းခြင်းအနက်တည်း၊ "ဘဂဝါ-သည်၊ မေ-ငါ့အား၊ ဓမ္မံ-တရားကို၊ ဒေသေယျ-ဟောတော်မူပါမူကား၊ အဟောဝတ-မြော် ကောင်းလေစွ"၌ ပဏ္ဏနာအနက်တည်း။

နာမ — သူမျ ိးအိမ်နံရံခြေရင်း၌ မုယောမုံသိုးကို ဘုဉ်းပေးနေသော သားဖြစ်သူ ရှင်သုဒိန်ကို ဘခင် သေဌေးကြီးမြင်၍ "အတ္ထိနာမ တာတသုဒိန္န=ချစ်သား သုဒိန်...... ငါတို့မှာ အသက်ရှင်လျက်ရှိသေးတယ်မဟုတ်ပါလား,ငါတို့မှာ ဥစ္စာရှိသေးတယ်မဟုတ် ပါလား, လုပ်မှ လုပ်ရက်ပလေ"ဟု အပြစ်တင်သော ဂရဟာ စကားတည်း၊ သို့ဖြစ်၍ နာမကို ဂရဟတ္ထ ဟု ဆိုသည်၊ "ယတြဟိ နာမ သာဝကောပိ ဧဝံ မဟိဒ္ဓိကော ဘဝိဿတိ၊ ယတြဟိ-အကြင့်ကြောင့်၊ သာဝကောပိ-တပည့်သော်မှလည်း၊ ဧဝံ မဟိဒ္ဓိကော-သို့ကလောက် တန်ခိုးကြီးသည်၊ ဘဝိဿတိနာမ-ဖြစ်နိုင်ပါပေ၏"၌ကား ချီးမွမ်းသော စကားတည်း၊ ထို့ကြောင့် နာမသည်ပသံသနတ္ထ၊ နာမ၏သညာအနက်ကား ပေါ်များ၏၊ ဝိဘတ်မထင်ရှားဘဲ "လောဘာသဟဂတစိတ္တာနိနာမ,သရာနာမ"စသည်တို့၌ နာမသည် ဤနိပါတ်"နာမ"ပင်တည်း၊ ထိုနာမနောင် (အဝိဘတ္တိယုတ္တနိပါတ်ဖြစ်၍) သိဝိဘတ်သာ သက်ခွင့်ရှိရကား "သရာ+နာမ=သရတို့+မည်၏"ဟုသာ အနက်မှန်ပေး၊ "သရတို့+ မည်ကုန်၏"ဟု မပေးရ၊ [ "ကိံ နာမံ ယဿတိ ကိံ နာမမာ"၌ လာသော "နာမံ"ကား စိတ္တာဒိဂိုဏ်းနာမ်ပုဒ်တည်း၊ ]ပဉှာအနက်၌ ပြယုဂ်ကိုရှာဘွေကြကုန်၊ "အတ္ထိနာမ တာတ သုဒိန္န = ချစ်သား သုဒိန်၊ အတ္ထိနာမ-သင် စားနေတာမှ ဟုတ်ကဲ့လား, ငါ့မျက်စိများ အထင် မှားနေရော့သလား"ဟု ကြံရာ၌ အတ္ထိနာမကို " အနောကပ္ပန=မယုံကြည်နိုင် ခြင်းအနက်ပေါ"ဟု အဋ္ဌကထာဖွင့်၏၊ ထိုအနက်၌ "သလား"ဟူသော အနက်သည် နာမ၏ ပဉှာအနက်တည်း-ဟုလည်း ကြံသင့်၏။

သာဓု, ဏ္ဍာယ် , ဟန္ဒ— " သာဓု သာဓု သာရိပုတ္တ=သာရိပုတြာ....ကောင်းပေစွ, ကောင်းပေစွ"၌ ပသံသာအနက်၊ "သာဓု, မေ ဘန္တေ ဘဂဝါ ဓမ္မံ ဒေသေတု=တောင်း ပန်ပါ၏ ဘုရား၊ ဘုရားရှင်သည် တပည့်တော်အား တရားဟောတော်မူပါ " ၌ ယာစန အနက်တည်း၊ " ဏ္ဍာယ်-တိုက်တွန်းပါ၏၊ မေ - ငါ့ဘို့၊ ပါနီယံ - သောက်တော်ရေကို၊ အာဟရ-ဆောင်ခဲ့လော၊ ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ=ဘိက္ခုတို့.... တိုက်

www.dhammaransi.com



သာရ , သုဠု , ဝေမေတံဘိ - သာရ , သုဠု , ဝေမေတံ ဟူသော ဤ နိပါတ်တို့သည်၊ အနုမောဒနေ-ဝမ်းမြောက်ခြင်း အနက်၌၊ (ဝတ္တန္တိ)၊ ကိရဏ္ဍတိ-သည်၊ အနုဿဝနအသဒ္ဒေယျေသု - တဆင့်ကြားခြင်း, မယုံကြည်ခြင်း အနက်တို့၌၊ (ဝတ္တတိ)၊ နူနဏ္ဍတိ-သည်၊ အနုမာနာနုဿရဏပရိဝိတက္ကေသု-မှန်းဆခြင်း, အောက်မေ့ခြင်း, ကြံစည်ခြင်း အနက်တို့၌၊..၏။

ကသ္မာတိ-သည်၊ ကာရဏပုစ္ဆနေ- အကြောင်းကို မေးခြင်းအနက်၌ (ဝတ္တတိ)၊ ယသ္မာ, တသ္မာ, တထာဟိ, တေနာတိ- ယသ္မာ ၊ ပေ ၊ တေန

တွန်းတော်မူ၏၊ ယခုသိစေတော်မူမည်” ဤပါဠိများ၌ ရုဉ် -ဟန္ဒတို့ စောဒနတ္ထတည်း၊ ဟန္ဒကို “ဝေသာယတ္ထ=စကား၏ ပြီးဆုံးခြင်း( စကားလက်စသတ်ခြင်း ) အနက်ရှိ၏” ဟုရင်း, ဝဿဂ္ဂ( ဝေါဿဂ္ဂ) - ပြောနေဆဲ စကားကို စွန့်လွှတ်ခြင်း ( စကားဖြတ်ခြင်း ) အနက်ရှိ၏ ဟုရင်း အဖွင့်ရှိသေး၏၊ အဖွင့် ၂ မျိုးလုံး အဓိပ္ပါယ် ဘူပင်တည်း။

သာရ, သုဠု, ဝေမေတံ — သူတပါးက အမျှဝေရာ၌ “သာဓု သာဓု” ဟူသော စကားသည်ရင်း, တေ-သင်သည်၊ သုဋ္ဌု-ကောင်းစွာ၊ ကတံ-ပြုအပ်ပေပြီ (သင်ပြုဘာ ကောင်းပါပေတယ်၊) “ဝေမေတံ မဟာရာဇ=မဟာရာဇာ....ဤစကား ဟုတ်ပါပေသည်” ဟူသော စကားသည်ရင်း အနုမောဒနာစကားတည်း၊ [“ဝေခမတံ ’ကို နိပါတ်ဟု ဆိုသော်လည်း ဝေံနိပါတ်နှင့် ဧတံ နာမ်ပုဒ်ကို တွဲစပ်၍ “ ဧတံ-ဤစကားသည်၊ ဝေံ-ဟုတ်ပါပေ၏ ” ဟု အနက်ပေးရသော ၂ ပုဒ်ဟု ထင်သည်။]

ကိရ — “ဘဂဝါ-မြတ်စွာဘုရားသည်၊ အနုပ္ပတ္တောကိရ-ကြွရောက်တော်မူလာပြီတဲ့” ဤ၌ အနုဿဝနတ္ထ(သူများက တဆင့်ပြော၍ ကြားရသော အရာ၌ သုံးစွဲသော စကား) တည်း၊ “ ကိရ-တဆင့်စကား ကြားရဘူးသည်ကား ” ဟုလည်း အနက်ပေးကြသေး၏၊ “ကေစိ-အချို့တို့က၊ဝဒန္တိ ကိရ- ဆိုကြသတတ်” အသဒ္ဒေယျတ္ထတည်း၊ ဤအသဒ္ဒေယျတ္ထကိုပင် “အရုစိသံသူစန=မနှစ်သက်ကြောင်းကို ထင်ရှားပြခြင်း” ဟုလည်း ဆိုကြ၏၊ တစုံတခုကို အကျယ်ချဲ့လိုရာ၌လည်း “ကိရ” ဟု ထားတတ်သေး၏၊ “ သာဝတ္ထိယံ ကိရ မဟာ သုဝဏ္ဏောနာမ ကုဋုမ္ဗိကော အဟောသိ” တည်း၊ [“တေ ကိရာက် အာဒိ ဘိတ္တ ရဒသုန်၊ ကိရသဒ္ဒေါ ဟောတ္တ ဝိတ္ထာရဇောတကောခယဝ”....မြဟ္မဇာလ သုတ်ဋီကာသစ်။]

နူန — “သောဓမ္မဝိနယော-ထို ဓမ္မဝိနယသည်၊ ဩဠာရိကော-ယုတ်ညံ့သည်၊ နဟိနူန-မဖြစ်တန်ရာ ” အနုမာနတ္ထ၊ “ သာအမ္မာ-ထို မယ်တော်ဘုရားသည်၊ ကပဏာ-ဆင်းရဲ လျက်၊ ရုဋ္ဌတိနူန-ငိုနေရှာပေလိမ့်မယ်နော်” ဟု ဇာလီ မင်းသားကလေးက ပုန်ကားယူ သွားစဉ် မယ်တော်ကို အမှတ်ရ (အောက်မေ့-လွမ်းပုံ) ၌ အနုဿရဏတ္ထ၊ နိရယံ-ငရဲသို့၊ ဂစ္ဆာမိနူန-ရောက်ရတော့မည် ထင်ပါတကား ” ၌ ပရိဝိတက္ကနတ္ထတည်း၊ [ သောဟံ-ထို ငါသည်၊ ဣတော-ဤ ငရဲမှ၊ ဂန္တွာ လူ့ပြည်သို့ သွားရသည်ရှိသော်၊ နူန-စင်စစ်၊ ဝါ-တကယ့်ကို၊ ကာဟာမိ-ပြုတော့အံ့၊ ဤလည်း ငရဲသား၏ ကြံပုံပင်တည်း၊ “နူန-စင်စစ်” ဟု ပေးသော်လည်း ပရိဝိတက္ကနတ္ထပင်၊ (သက္ကတ၌ “နူနမ်” ဟု ဒီဃဖြင့် ရှိ၏။)]

www.dhammaransi.com



ဟူကုန်သော၊ ဧတေ-ဤသည်၊ ကာရဏာဝစ္ဆေဒနတ္ထေ-အကြောင်းကို ပိုင်းဖြတ်ခြင်း အနက်၌၊ (ဝတ္တန္တိ)၊ သဟ,သဒ္ဓိံ,အမာဣတိ-သဟ, သဒ္ဓိံ, အမာဟူသော နိပါတ်တို့သည်၊ သမက္ကိရိယာယံ - ညီမျှသော ကြိယာ အနက်၌၊(ဝတ္တန္တိ)၊ ဝိနာ, ရိတေဣတိ-တို့သည်၊ ဝိပ္ပယောဂေ-မယှဉ်ခြင်း အနက်၌၊ (ဝတ္တန္တိ)။ [“ကင်း၍” ဟု အနက်ပေး နိဿိ၌ “ရဟိတာ” ဟုလည်း ရှိသေး၏၊ ] နာနာ, ပုထု - နာနာ, ပုထု နိပါတ်တို့သည်၊ ဗဟုပ္ပကာရေ-များသော အပြားဟူသော အနက်၌ (ဝတ္တန္တိ)၊ [“နာနာကုလာ-အံထူးထူးအပြားပြား များသောအမျိုးမှ၊ ပုထုကိလေသေ-များစွာသော ကိလေသာတို့ကို” စသည်တည်း၊ ] ပုထု, ဝိသုံ-ပုထုနိပါတ်, ဝိသုံ နိပါတ် တို့သည်၊ အသံယောဂေ - မပေါင်းစပ်ခြင်း အနက်၌လည်း၊ ဝါ- အသီး အခြား ဟူသော အနက်၌လည်း၊ (ဝတ္တန္တိ)၊ [စဖြင့် ပုထု၏ ဗဟုပ္ပကာရ အနက်ကို ပေါင်း၊ “ဣယံဇနော - သည်၊ ပုထု - အရိယာတို့မှ သီးခြား တည်း၊”ဟု ပုံစံထုတ်၊ ပုထနိပါတ်လည်း ရှိ၏၊ “ပုဘူနံ” စသည်ဖြင့် ပုထု နာမ်ပုဒ်လည်း ရှိ၏။]

ကသ္မာ, ယသ္မာ, တသ္မာ—ကသ္မာ အဘယ့်ကြောင့် (အဘယ်အကြောင်းကြောင့်)” ဟု ပေးရသော အနက်ကို ကာရဏာပုစ္ဆနတ္ထ ဟု ဆိုသည်၊ သဒ္ဒနာမ်၌ ပါခဲ့သော “ကသ္မာ, ကမှာ” တို့ကား “အဘယ်သူမှ-အဘယ်သူ့ကြောင့်” စသည်ဖြင့် ဒြဗ်ကို ဟော၏၊ ထို့ကြောင့် ဒြဗ်ကို ဟောရာ၌ ကသ္မာကို နာမ်, ဒြဗ်ကို မဟောဘဲ အမေး အနက်ကိုသာ ဟောလျှင် နိပါတ် ဟု ခွဲပါ၊ နောက် ယသ္မာ တသ္မာ တို့၌လည်း နည်းတူ၊ “ကာရဏာ–အကြောင်းကို၊ အဝစ္ဆေဒန-ပိုင်းဖြတ်ခြင်း” [တချို့စာ၌ “အဝ” ကျသည်၊] “ယသ္မာ ရူပံ အနတ္တာ, တသ္မာ အာဗာဓာယ သံဝတ္တတိ” ဤ၌ “ယသ္မာ-အကြင့်ကြောင့်” ဟု ပေးသော်လည်း “အကြင် အနှစ်သာရမရှိခြင်း အလိုသို့ မလိုက်ခြင်း ဟူသောအကြောင်းကြောင့်” ဟု ဆိုလိုရာအကြောင်းကို ပိုင်းဖြတ် သတ်မှတ်၏၊ “တသ္မာ-ထို့ကြောင့်” ဟူရာ၌လည်း “ထိုအနတ္တဖြစ်ခြင်းကြောင့်” ဟု အခြားအကြောင်းတို့နှင့် မရောနှောရအောင် သတ်မှတ်၏၊ “တထာဟိ-ထို့ကြောင့်ပင်လျှင်၊ တေန-ထို့ကြောင့်” တို့၌လည်း ဤနည်းပင်။

သဟ၊ ပေ၊ သမက္ကိရိယာယံ—“ပုတ္တေန သဟ အာဂတော (သဒ္ဓိံ အာဂတော), ပိတာ=အဘသည် သားနှင့်အတူလာ၏” ဤ၌လာခြင်းကြိယာ၏ သားနှင့် အဘ ၂ ဦး အပေါ်၌ ညီမျှခြင်း ကို “သမက္ကိရိယာ” ဟု ဆိုသည်၊ “သဗ္ဗကိစ္စေသု – ကိစ္စအားလုံးတို့၌၊ အမာ-မင်းနှင့်အတူ၊ ဝတ္တတိ-ဖြစ်တတ်၏၊ ဣတိ-ထို့ကြောင့်၊ အမစ္စာ-အမတ်မည်၏” ဤ၌ အမာသည် ဖြစ်ခြင်းကြိယာအားဖြင့် “မျှသော” အနက်ကို ဟော၏၊ [အချို့စာ၌ “အမာ” မရှိဘဲ “သမံ” ဟု ရှိ၏၊ “သမော-သမာ” စသည်ဖြင့် ရှုပ်စဉ်၍ ရကောင်းသော နာမ်ပုဒ်ဖြစ်ရကား သီဟိုဠ်မူနှင့် သဒ္ဒနီတိတို့၌ “အမာ” ဟု ရှိသောပုဒ်သာ ကောင်း၏။]

www.dhammaransi.com



ဒုဋ္ဌု - ဒုဋ္ဌုနိပါတ်သည်ရင်း၊ ကု - ကုနိပါတ်သည်ရင်း၊ ဇိဂုစ္ဆာယံ- စက်ဆုပ်ခြင်း အနက်၌၊ (ဝတ္တန္တိ)၊ [ "ဒုဋ္ဌု မကောင်းသဖြင့်၊ ဝါ၊ စက်ဆုပ်ဖွယ်စွာ၊ ကတံ - ပြုအပ်သော အမှုသည်၊ ကုကာဘံ - မည်၏" ဟု ပုံစံထုတ်။ ] ပုန - ပုနနိပါတ်သည်၊ အပဌမေ - ပဌမ မဟုတ်သော အနက်၌၊ ဝါ- နောက်ထပ်ဟူသောအနက်၌၊ (ဝတ္တတိ)၊ [သဒ္ဒနီတိ၌ "ပုနော, ပုနံ, ပုနပ္ပုနံ" တို့ကိုလည်း ပြသေး၏၊] ကထဉ္စိ- ကသဉ္စိနိပါတ်သည်၊ ကိစ္ဆေ - ဆင်းရဲငြိုငြင်ခြင်းအနက်၌၊ (ဝတ္တတိ)၊ [အချို့စာ၌ "စ" ပါသေး၏၊ "ကထဥ္စိ"ဟု မြန်မာမှုရှိ၏,မကောင်း။] ဓာ-ဓာပစ္စည်းသည်ရင်း၊ ကွတ္တုံ- ကွတ္တုံသဒ္ဒါသည်ရင်း၊ သကိဥ္စ-သကိံသဒ္ဒါသည်ရင်း၊သင်္ချာဝိဘာဂေ- သင်္ချာကို ဝေဘန်ခြင်းအနက်၌၊(ဝတ္တန္တိ)။

ဤသကံ-ဤသကံနိပါတ်သည်၊ အပ္ပ, မန္ဒေသု - အနည်းငယ်ဟူသော အနက်, နှံ့ညံ့ခြင်းဟူသောအနက်တို့၌၊ (ဝတ္တတိ)၊ [ "ဇဥ္စငယ်, အနည်းငယ်" ဟု အနက်ပေး၊ တချို့စာ၌ "အပ္ပမတ္တေ - အနည်းငယ် အတိုင်းအရှည်ဟူသော အနက်၌"ဟု ရှိ၏၊ ] သဏိကံ - သဏိကံနိပါတ်သည်၊ မန္ဒတ္တေ - နှံ့ညံ့ခြင်းအနက်၌၊ (ဝတ္တတိ)၊ ["ဖြေးဖြေးနှေးနှေး" ဟု ပေး၊] ခိပ္ပံ- ခိပ္ပံနိပါတ်သည်ရင်း၊ အရံ-လဟု- အာသု- တုဏ္ဏံ၊ ပေ၊ အစိရံ-အစိရံနိပါတ်သည်ရင်း၊ သီဃတ္တေ- အလျင်အမြန်ဟူသောအနက်၌၊ (ဝတ္တန္တိ)၊ ["လျင်လျင်, မြန်မြန်" စသည်ပေး၊] စိရံ - စိရံနိပါတ်သည်ရင်း၊ စိရဿံ- သည်ရင်း၊ ဒီဃကာလေ-ရှည်သောကာလဟူသောအနက်၌၊ (ဝတ္တန္တိ)၊ ["ကြာမြင့်စွာ, ကြာမြင့်မှ" စသည် ပေး၊] စေ - စေနိပါတ်သည်ရင်း၊

ဓာ, ကွတ္တုံ, သကိံ—"ဧကဓာ- တဘို့ဖြင့်၊ ဒွိဓာ- ၂ ပါးအပြားတို့ဖြင့်၊ ဧကကွတ္တုံ တကြိမ်၊ဒွိကွတ္တုံ- ၂ ကြိမ်၊သကိံ တကြိမ်" ဤသို့ သင်္ချာကိုခွဲခြားခြင်းအနက်၌ဖြစ်ကြသည်၊ ["ဧကဓာ,တိကွတ္တုံ ယံကိဥ္စိ"ဟု ပါဠိမျက်တတ်၏၊ ဒွိဓာစသည်ရှိသောကြောင့် ဧကဓာလည်း မဟုတ်နိုင်၊ ဧက ကွတ္တုံ စသည်ရှိသောကြောင့် တိကွတ္တုံလည်း မဟုတ်နိုင်၊ ယံကိဥ္စိ သဒ္ဒါသည် သင်္ချာအထူးကို မဟောသောကြောင့်ရင်း, "သကိံ နိမုဂ္ဂေါ- တကြိမ် နစ်မြုပ်သည်"ဟု ဋီကာ ပုံစံ ပြသောကြောင့်ရင်း "ဓာ, ကွတ္တုံ,သကိံ" ဟု သီဟိုဠ်မူ အတိုင်း ကောင်းသည်။ ]

စေ, ယဒိ — "စေဇာနေယျုံ-အကယ်၍သိကုန်အံ့၊ ယဒိကုပ္ပေယျ-အကယ်၍ စိတ်ဆိုးအံ့" ဤသို့ တွေးတောခြင်း ကြံစည်ခြင်း၏ တည်ရာ အနက်ကို စေ- ယဒိတို့က ထွန်းပြသည်၊ သစေနိပါတ်လည်း ဤအနက်ပင်တည်း၊ [ "သက်ာဝဋ္ဌာနေကား သီမူတည်း၊" သက်ာဝဋ္ဌာနေသု"ဟု ဗဟုဝုစ်ရှိရာ၌ သက်ာ တနက်, အဝဋ္ဌာန တနက်ကွဲ၍ ထင်ရ၏၊ ဋီကာ

www.dhammaransi.com



ယဒိ – သည်ရင်း၊ သက်ာဂဗ္ဘာနေ – တွေးတောခြင်း၏ တည်ရာဖြစ်သော အနက်၌၊ (ဝတ္တန္တိ)။

ရဝံ – ရဝံနိပါတ်သည်၊ ထိရာဝဓာရဏေသု – ခိုင်မြဲသော အနက်, အဝဓာရဏအနက်တို့၌၊ (ဝတ္တတိ)၊ ဟာ – ဟာနိပါတ်သည်၊ ဝိသာဒေ– ပင်ပန်းခြင်း အနက်၌၊ (ဝတ္တတိ)၊ [ "ဟာ မတော – ဟင် သေရှာပေါ့" အကတဝိသာဒေ – ဟု အချို့စာ ရှိ၏, မကောင်း၊] တုဏှိ – တုဏှိနိပါတ်သည်၊ အဘာသနေ – စကား မပြောခြင်း၌၊ (ဝတ္တတိ)၊ [ ပါဠိ သဒ္ဒါဘာ ၂ ဌာန၌ပင် "တုဏှိ" ဟု ဒီဃဖြင့် ရှိ၏၊ ဆိတ်ဆိတ်=တိတ်တိတ်"ဟု အနက်ပေး၊] သဏ္ဍိ – သဏ္ဍိနိပါတ်သည်၊ ပစ္စက္ခေ – မျက်မှောက် ဟူသော အနက်၌၊ (ဝတ္တတိ)၊ [ "မျက်မှောက်" ဟု ပေး၊] မုသာ – မုသာနိပါတ် သည်ရင်း၊ မိစ္ဆာ – ရင်း၊ အလိကံ – အလိကံနိပါတ်သည်ရင်း၊ အသစ္စေ– မမှန်ဟူသောအနက်၌၊ (ဝတ္တတိ)၊ [ "မုသာ–အလွဲ၊ မိစ္ဆာ–အမှား၊ အလိ ကံ–ချွတ်ချွတ်ချော်ချော်" စသည်ဖြင့် ပေးလေ၊] သုဝတ္ထိ – သုဝတ္ထိနိပါတ် သည်၊ အာသိဋ္ဌေ – တောင့်တခြင်း အနက်၌၊ (ဝတ္တတိ)၊ ဣစ္စာဒိ-ဤသို့ အစရှိသည်တည်း၊ [ အာသိသနတ္ထေ – ဟု ရှိသည်ကား "အာသိဋ္ဌ= အာသိသနံ" ဟူသော ဋီကာဖွင့်နှင့် မညီ၊]

မျာႏ၌ တနက်သာဖွင့်သည်၊ သဒ္ဒနီတိ၌လည်း"သက်ာဝတ္တနေ"ဟု တနက်သာရှိသည်၊]
"ယညဒေဝ ပရိသံ ဥပသင်္ကမတိ, ယဒိ ခတ္တိယပရိသံ ယဒိဗြဟ္မဏပရိသံ"၌ ယဒိနိပါတ် သည် ဝါသဒ္ဒါ၏ (ဝိကပ်) အနက်ကိုလည်း ဟော၏၊ "ခတ္တိယ ပရိသံ ယဒိ – ခတ္တိယ ပရိသတ်သို့သော်ရင်း"ဟု ပေး၊ "တသ္မာ ယဒိ ပဗ္ဗဇ္ဇာရမဏော ရေဖန္တေသ္မဝ မဏော် ဟောတိ, တဒါ ငွိသန္တိဘဝင်နံပိ ပဗ္ဗဇ္ဇာရမဏတာ လဗ္ဘတိ"၌ကား ယဒိသည် ယဒါ အနက်ရှိ၏၊ (သဒ္ဒနီတိ)။

ရဝံ—"ရဝံဌိတိ-ခိုင်မြဲတည်တန့်ခြင်းသည်၊ နတ္ထိ–မရှိ"၌ ထိရအနက်၊ "ရဝံ–မချွတ်၊ ဗုဒ္ဓေါ– ဘုရားသည်၊ဘဝိဿတိ–ဖြစ်ပါလတ့်"၌"ဘုရားဖြစ်–မဖြစ်"၂မျိုးတွင် ဖြစ်ခြင်း ကို ပိုင်းခြားသတ်မှတ် ဆုံးဖြတ်သောကြောင့် ရဝံသည် "မချွတ်"ဟုပင် ပေးရသော်လည်း အဝဓာရဏတ္ထပင်၊ ["နိစ္စော ရခဝါ (ခိုင်ခံ့၏)သဿတော, ရဝါနိ(ခိုင်မြဲသော ကိုယ်ပိုင် ပစ္စည်းတို့ကို) ပရိစ္စဇ္ဇ–စွန့်၍"တို့၌ကား ရဝကို နာမ်ပုဒ် ဟု ဆိုထိုက်၏။]

သုဝတ္ထိ— "ကောင်းကျိုး ချမ်းသာ မင်္ဂလာသည်၊ ဟောတု–ဖြစ်ပါစေ"ဟု ပေး၊ သောတ္ထိလည်း သုဝတ္ထိနှင့် အနက်တူ နိပါတ် ဟု သဒ္ဒနီတိ ဆို၏၊ "သောတ္ထိ-ချမ်းသာ ခွင့်ကို၊ နပဿာမိ-မြင်တော်မမူ"၌ အံဝိဘတ်, "သောတ္ထိနာ ဂဗ္ဘံ ဝုဋ္ဌာနံ"၌ နာဝိဘတ် မကြေဘဲ ရုပ်ရှိသော်လည်း အခြားဝိဘတ်များဖြင့် ရုပ်ခနေ မကွဲပြားသောကြောင့် "နတ္ထိ ဗုဓ္ဓေါ ခေတ်သံ"ဟူသောဝိဂြိုဟ်အရ"အဗျယ"အမည်ရနိုင်သည်-ဟုသဒ္ဒနီတိ၌ဆိုသည်၊

တုနတွာနုတွာပစ္စယန္တိကာ - တုန, တွာန, တွာပစ္စည်း အဆုံးရှိသော နိပါတ် တို့သည်၊ ဥဿုက္ကနတ္ထေ - နောက် ကြိယာ၌ စပ်ဆိုက် ဘို့ရာ အားထုတ်ခြင်းအနက်၌၊ (ဝတ္တန္တိ)၊ ယထာ-ကား၊ ပဿိတုန၊ ပေ၊ အာဂမ္မ; ဍုစ္စာဒိ-ပဿိတုန၊ ပေ၊ အာဂမ္မ - အစရှိသည်တည်း၊ [ ပဿိတုန၊ ပေ၊ ဒိသွာန - မြင်၍, ဒဿေတွာ-ပြ၍၊ ဒါတုန, ဒတွာန, ဒတွာ - ပေး၍၊ ဥပ၊ ဒါယ - ကပ်ယူ၍၊ ဒါပေတွာ - ပေးစေ၍၊ ဝိညာပေတွာ - သိစေ၍၊ ဝါ- တောင်း၍၊ ဝိစေယျ - စိစစ်၍၊ ဝိနေယျ - ငယ်ဖျောက်၍၊ နိပစ္စ- တုပ်ဝပ်၍၊ [ဝိဟစ္စ-ဟု ရှိရာ၌"ညှဉ်းဆဲ၍"ဟု ပေး၊] သမေစ္စ-ကောင်းစွာရောက်၍၊ အပေစ္စ- ဖဲ၍၊ ဥပေစ္စ-ကပ်၍၊ အာရဗ္ဘ-အာဂမ္မ-လာ၍။]

ဇဝံ-ဤသို့၊ နာမာချာတောပသဂ္ဂဝိနိမုတ္တံ- နာမ်, အာချာတ်, ဥပသာရ တို့မှ လွတ်သော၊ ယံ-အကြင်ပုဒ်သည်၊ အဗျယလက္ခဏံ-(လိင်, ဝိဘတ်, ဝုစ်တို့ ကွဲပြားသော်လည်း ) ရုပ်နေ မပျက်ပြားခြင်း လက္ခဏာ ရှိ၏၊ တံ သဗ္ဗံ - ထို အလုံးစုံသောပုဒ်ကို၊ နိပါတပဒန္တိ - နိပါတ်ပုဒ် ဟူ၍၊ ဝေဒိ တဗ္ဗံ-သိထိုက်၏၊ မုတ္တံ ပဒတ္တယာ၊ ပေ၊ ယံ အဗျယသလက္ခဏန္တိ-မုတ္တံ

[" ဇတေသံ- ဤ သောတ္တိ သုဝတ္တိသဒ္ဒါတို့၏၊ ဗျယော- အံ နာ ဝိဘတ်မှတပါး အခြား ဝိဘတ်များကို စွဲ၍ ရုပ်နေပျက်ပြားခြင်းသည်၊ နတ္ထိ- မရှိ"ဟု ပေး။ ]

တုန တွာန၊ ပေ၊ ဥဿုက္ကနတ္ထေ— "ကော-အဘယ်သူသည်၊ ဒိသွာ- ဖူးမြင်ရ၍၊ ဝါ-ဖူးမြင်ရသော်၊ နပ္ပသီဒေယျ - မကြည်ညိုဘဲ ရှိပါအံ့နည်း" စသည်၌ "ဒိသွာ"ဟူသော တွာပစ္စယန္တ ပုဒ်သည် သူ့ချည်း သက်သက် အဓိပ္ပါယ် မပြီးပြတ်၊ "မြင်ရသော်-ဘာဖြစ် သနည်း"ဟု တဆင့်မေးဘွယ် ရှိနေ၏၊ ထို့ကြောင့် တွာပစ္စယန္တပုဒ်များသည် မိမိနောင်၌ ကြိယာ တခုခုသို့ စပ်ဆိုက်ဘို့ရာ အမြဲငဲ့လျက် ရှိကြသည်၊ ထို့ကြောင့် ဤ တွာပစ္စယန္တ ကြိယာများကို "ဥဿုက္ကကြိယာ=နောက်ကြိယာ၌ စပ်ဘို့ရာ ဗျာပါရရှိသောကြိယာ"ဟု နာမည်တင်ရသည်၊ တတိယ ပါရာဇိက အဋ္ဌကထာ "သဥ္ဆူစ္စ" အဖွင့်၌လည်း သဥ္ဆူစ္စကို ဝေါရောပေယျ၌ ငဲ့သော ဥဿုက္ကကြိယာ ဟု ဖွင့်သည်။ [ဤစကားအရ "အဘိဝါဒိယ ဘာသိဿံ, နတွာ ဝဏ္ဏယိဿံ" စသည်တို့၌"အဘိဝါဒိယ-ရှိခိုးပါ၍"စသော မဏိမဥ္ဇူသာ ဋီကာအဖွင့်လိုက်၍ နောက်ကြိယာကို မငဲ့ဘဲ တဝါကျ အပြီးသတ် အနေအားဖြင့် အနက်ပေးကြခြင်းကို"မသင့်"ဟု ဆရာတို့ မိန့်တော်မူကြသည်၊] ဤတွင် အဝိဘတ္တိယုတ္တ နိပါတ်အဖွင့် ပြီးပြီ။

ဇဝံနာမာ၊ ပေ၊ ဝေဒိတဗ္ဗံ—ဤကား ပြခဲ့ပြီးသော နိပါတ် အားလုံးကို နိဂုံးအုပ် သော စကားတည်း၊ အဗျယငယ် ဗျယ၌ "ဝိ+အယ"ပုဒ်ရင်းတည်း၊ အယ=ဖြစ်ခြင်းမှ+ ဝိ=ကင်း၊ ဖြစ်ခြင်းမှကင်းလျှင် ပျက်ခြင်း"ပင်တည်း၊ ထို့ကြောင့်"ဝိအယ (ဣကို ယပြု, စကို ဗပြု၍)ဗျယ- ပျက်ခြင်း+အ=မရှိ၊အဗျယ=ပျက်ခြင်းမရှိ၊ စနိပါတ်သည် ပုရိသော၏

www.dhammaransi.com



ပေါလက္ခဏံ ဟူ၍၊ ဝုတ္တံ ဥစ္စ-ရှေးဆရာတို့လည်း မိန့်အပ်ပြီ၊ [ ယံ-အကြင်၊ ပုဒ်သည်၊ ပဒတ္တယာ – နာမ်, အာချာတ်, ဥပသာရ ဟူသော ပုဒ် ၃ မျိုး အပေါင်းမှ၊ မုတ္တံ-လွတ်သည်၊ ( ဟုတ္ဝာ-ဖြစ်၍၊ ) အန္တရန္တရာ-အကြား အကြား၌၊ ယသ္မာ – အကြင့်ကြောင့်၊ နိပတတိ – ကျတတ်၏၊ အဗျယ သလက္ခဏံ – ရုပ်နေ မပျက်ခြင်း ဟူသော မိမိလက္ခဏာရှိ၏၊ ( တသ္မာ-ထို့ကြောင့်၊ ) တံ - ထို ပုဒ်ကို၊ နေပါတိကန္တိ – နိပါတ်ပုဒ် ဟူ၍၊ ဝုတ္တံ-ဆိုအပ်၏၊ ]... နေပါတိကပဒံ-နိပါတ်ပုဒ်သည်၊ (နိဋ္ဌိတံ)။

ပုလ္လိင်ံ – ပုလ္လိင်ရှိသော နာမ်ဝုဒ်၊ ဣတ္ထိလိင်စ္စ – ဣတ္ထိလိင် ရှိသော နာမ်ဝုဒ်၊ နပုံသကံ-နပုလ္လိင်ရှိသောနာမ်ဝုဒ်၊ အထာပရံ-ထိုမှတပါးသော၊ တိလိင်စ္စ – ၃ လိင်ရှိသော နာမ်ဝုဒ်၊ အလိင်စ္စ – လိင်အထူး မရှိသော နာမ်ဝုဒ်၊ ( ဣတိ-ဤသို့၊ ) နာမိကံ – နာမ်ဝိဘတ်နှင့် ယှဉ်သောပုဒ်သည်၊ ပဉ္စဓာ-ငါးမျိုးအပြားအားဖြင့်၊ ဌိတံ-တည်၏။

ပဒရူပသိဒ္ဓိယံ–၌၊ ဒုတိယော – ၂ ပိုင်းမြောက်သော၊ နာမကဏ္ဍော–နာမ်ပိုင်းသည်၊ ဣတိ- ပြီးပြီ။

နုတ္တိဉ္စ နပုံသကဉ္စ ဟု လိင် ၃ ပါးကြောင့်လည်း ( စ ) အနေမှ မပျက်၊ ပုရိသံစ ပုရိသေစ ပုရိသေနစ-စသည်ဖြင့် ဝိဘတ် အမျိုးမျိုးကြောင့်ဝုဒ်း ဧကဝုစ် ဗဟုဝုစ် ၂ မျိုးကြောင့်ဝုဒ်း ရုပ်နေမပျက်၊ ဤသို့ လိင် ၃ ပါး ဝိဘတ် ၇ သွယ် ဝုစ် ၂ ပါးတို့ကြောင့် ရုပ်နေမပျက်ပြား ခြင်းသည် အဗျယ မည်၏၊ ထိုသို့ မပျက်ပြားခြင်း ဟူသော အမှတ်အသားကို “ အဗျယ လက္ခဏာ” ဟု ခေါ်၏၊ နာမ်အာချာတ် ဥပသာရတို့မှ အလွတ်ဖြစ်၍ ထို အဗျယလက္ခဏာ ရှိသောပုဒ်သာ နိပါတ် ဟု သိထိုက်သည်။

မုတ္တံ ပဒတ္တယာ ယသ္မာ—ဤဂါထာကား ဆိုအပ်ပြီးသော နိဂုံးစကားကိုပင်သာ၍က ပြသော ဂါထာတည်း၊ “ မုတ္တံ ပဒတ္တယာ ယသ္မာ, နိပတတျန္တရန္တရာ၊ နေပါတိကန္တိ တံ ဝုတ္တံ, ယံ အဗျယသလက္ခဏံ” ဟု သီဟိုဠ်မူအတိုင်း ပါဌ်မှန်ရှိစေ၊ “ အန္တရန္တရာ နိပတတိ” အရ ပုဒ်တို့၏ အကြား၌ ကျရောက်တတ်ပုံကို “ စာဒိ ပဒါဒိ မဇ္ဈန္တေ, နိပါတာ နိပတန္တိ” ၌ ပြခဲ့ပြီ၊ “ အကြား” ဟူသော စကားကို များရာ လိုက်၍ ဆိုသည်-ဟု မှတ်၊ အစ-အဆုံးတို့၌ လည်း ကျရောက်နိုင်သည်သာ၊ [ “ပုလ္လိင်ံ ၊ ပေ ၊ ပဉ္စဓာ ဌိတံ” ကား နာမ်တပိုင်းလုံးကို အကျဉ်းချုပ်ပြသော သင်္ဂဟ ဂါထာတည်း၊ ] ၃ လိင်ရှိသော သဗ္ဗ စသော နာမ်သည် တိလိင်နာမ်မည်၏၊ လိင်အထူးမရှိသော တုမှ အမှစသောနာမ်သည် အလိင်နာမ်မည်၏၊ ဤသို့လျှင် လိင်အနက်အသားအားဖြင့် ခွဲခြားလတ်သော် နာမ် ၅ မျိုး ကွဲပြားသတည်း။

ဤကား နာမ်ရူပသိဒ္ဓိဘာသာဋီကာ။

www.dhammaransi.com



## ကာရကဘာသာဋီကာ

(၂၀၃) အထ - နာမကဏ္ဍ၏ အခြားမဲ့၌၊ ဝိဘတ္တိနံ - တို့၏၊ အတ္ထဘေဒါ - အနက်အပြားတို့ကို၊ ဝုစ္စန္တေ၊ တတ္ထ - ထိုဝါကျ၌၊ ဧကမ္ပိအတ္ထံ - တခုလည်း ဖြစ်သော အနက်ကို၊ ကမ္မာဒိဝသေန ၊ ပေ ၊ [ တတော စ ဝိဘတ္တိယောသုတ်ပြန်ကြည့်၊ ] ဝိဘတ္တိယော၊ သျာဒယော-သိအစသည်တို့တည်း၊ ပန - ဆက်ဦးအံ့၊ တာ-ထိုဝိဘတ်တို့သည်၊ ပဉ္စမာဒိဘေဒေန-ပဉ္စမာ အစရှိသည်တို့၏ အပြားအားဖြင့်၊ သတ္တဝိဓာ - ခုနစ်ပါး အပြားရှိကုန်၏၊ တတ္ထ - ထို ဝိဘတ်တို့တွင်၊ ကသ္မိံအတ္ထေ - အဘယ် အနက်၌၊ ပဉ္စမာ-ပဉ္စမာဝိဘတ် သက်သနည်း။

လိင်္ဂတ္ထေ ပဉ္စမာ။ ၂၀၃။ပေ၊ ဟောတိ၊ လိင်္ဂဿ-၏၊ အတ္ထော-တည်း၊ လိင်္ဂတ္ထော - အနက်၊ စ - ဆက်၊ ဧတ္ထ-ဤ လိင်္ဂတ္ထပုဒ်၌၊ လိနံ-လျှို့ဝှက်သော၊ ဝါ - မထင်ရှားသော၊ အင်္ဂ- အဖိတ်အပိုင်းတည်း၊ ဣတိ, လိင်္ဂံ-မည်၏၊ အပါကဋော-မထင်ရှားသော၊ အဝယဝေါ-အဖိတ်အပိုင်းတည်း၊ ဟိ - ချဲ့ဦးအံ့၊ ပုရိသောတျာဒိနံ - ပုရိသော အစရှိကုန်သော၊ ပကတိ

(၂၃၀) အထ ဝိဘတ္တိနံ မတ္တဘေဒါ—နာမကဏ္ဍကို ဖွင့်ပြပြီး၍ ကာရကကဏ္ဍကို ဖွင့်ပြလိုသော အရှင်ဗုဒ္ဓပ္ပိယ ဆရာသည် "အထ ဝိဘတ္တိနံမတ္ထဘေဒါ" စသည်ကို မိန့်၊ "အတ္ထဘေဒ"အရ ဝိဘတ်တို့၏ အနက်အပြား ဟူသည် ဒုတိယာ ဝိဘတ်၏ ကံအနက်, အစ္စန္တသံယောဂ အနက်စသော အနက်များတည်း၊ [ "ဧကမ္ပိအတ္ထံ ကမ္မာဒိဝသေန" စသည်တို့၏ အဓိပ္ပါယ်ကို တတော စ ဝိဘတ္တိယောသုတ်၌ ပြခဲ့ပြီ။

လိင်္ဂဿ အတ္ထော ၊ ပေ ၊ အဝယဝေါ — "လိင်္ဂဿ+အတ္ထော, လိင်္ဂတ္ထော"ကား သုတ်၌ပါသော လိင်္ဂတ္ထော၏ ပဒဝိဂ္ဂဟ သံဝဏ္ဏနာတည်း၊ "ဧတ္ထ စ လိနံ "စသည်သည်လည်း လိင်္ဂ၏ ပဒဝိဂ္ဂဟ ပဒတ္ထ သံဝဏ္ဏနာတည်း၊ လိင်္ဂံ၌ "လိနံ+အင်္ဂံ, လိင်္ဂံ" ဟု ကမ္မဓာရည်း ဝိဂ္ဂြိုဟ်ပြုပါဟူသို၊ သို့နောက် အပါကဋောသည် လိနံ၏ အနက်ဖွင့် , အဝယဝေါကား အင်္ဂံ၏ အနက်ဖွင့်တည်း၊ ဤ"လိနံ+အင်္ဂံ"ဟူသော ဝိဂ္ဂြိုဟ်အလိုအားဖြင့် "လိနင်္ဂံ"ဟု ဆိုထိုက်လျက် နိရုတ္တိနည်းဖြင့် (သုတ်ကြီးဖြင့်) လိ၌ ရဿ-နကိုလည်းချေ၊ အင်္ဂ၌ အကို ဝါသရော အသရူပါသုတ်ဖြင့် ချေ၍ "လိင်္ဂ" ပြီးရသည်-ဟု မှတ်။

ပုရိသောတျာဒိနံဟိ၊ ပေ၊ လိင်္ဂန္တိ ဝုစ္စတိ—ကား "လိနံ+အင်္ဂံ"ဟူသော ဝိဂ္ဂဟ၏ ဝိတ္ထာရ ဝါကျတည်း၊ ထိုဝါကျ၌ လိုရင်းကား - "ပုရိသောတျာဒိနံ နာမိက ပဒါနံ ပဉ္စမံ ထပေတဗ္ဗံ ပကတိရူပံ လိင်္ဂန္တိ ဝုစ္စတိ"တည်း၊ "ပုရိသော-ပုရိသာ"စသော ရုပ်ပြီးပြီးသော

www.dhammaransi.com



ပစ္စယာဒိဝိဘာဂ ကပ္ပနာယ-ဤကား ပကာတိ,ဤကား ပစ္စည်း,အစရှိသော အပြားကိုပြုစီရင်ခြင်းဖြင့်၊ နိပ္ဖါဒိတာနံ-ရုပ်ပြီးစေအပ်ကုန်သော၊ သဒ္ဒပတိ ရူပကာနံ-အစစ်သဒ္ဒါ၏အတုဖြစ်ကုန်သော၊နာမိကပဒါနံ-နာမ်ဝိဘတ်နှင့် ယှဉ်သော ပုဒ်တို့၏၊ ပဋ္ဌမံ – ရှေးဦးစွာ၊ ထပေတဗ္ဗံ-ရုပ်တည်ထားထိုက် သော၊ ပကတိရူပံ - ပကာတိရုပ်ကို၊ အပါကဋတ္တာ – မထင်ရှားသည်၏ အဖြစ်ကြောင့်ရင်း၊ အဝယဝတ္တာစ – အစိတ်အပိုင်း၏ အဖြစ်ကြောင့်ရင်း၊ လိင်္ဂန္တိ-လိင်္ဂဟူ၍၊ ဝုစ္စတိ-ဆိုအပ်၏။

နာမ်ပုဒ်တို့၏ (ရုပ်မပြီးခင်) ရုပ်တည်ထားခိုက် ဖြစ်သော "ပုရိသ" ဟူသော ပကတိရုပ်ကို "လိင်" ခေါ်သည်-ဟူလို၊ [ပရသမညာပယောဂေသုတ် လိင်္ဂနိပစ္စတေသုတ်၌ ပြခဲ့သော "လိင်"နှင့် အတူပင်။]

**ပကတိပစ္စယာဒိ ၊ ပေ ၊ နိပ္ဖါဒိတာနံ ။** ။ နာမ်ပုဒ်ဖြစ်စေ အာချာတ်ပုဒ်ဖြစ်စေ "ဤကား ပကတိ, ဤကား ပစ္စယ" ဟု ခွဲခြံတည်း၊ ထိုတွင် ရုပ်တည်ခိုက်ဖြစ်သော လိင်-ဓာတ်တို့သည် ပကတိ မည်၏၊ ဝိဘတ်နှင့် တဒ္ဓိတ်ပစ္စည်း ကိတ်ပစ္စည်းတို့သည် ပစ္စယ မည်၏၊ [ဝိဘတ်တို့ ပစ္စယမည်ပုံကို ဓာတုလိင်္ဂေဟိ ပရာပစ္စယာသုတ် ထောက်၊] ပစ္စယာ ဒိ၌ အာဒိဖြင့် သိဝိဘတ်၏ ကာရိယဖြစ်သော ဩ အပြု – ဂမှ၌ မ၏ ကာရိယ ဖြစ်သော (စ္ဆ) အပြုစသော အစီအရင်များကို ယူ၊ ထိုပကတိပစ္စယစသော အကွဲအပြားကို ခွဲခြား စီရင်ခြင်းဖြင့် ရုပ်ပြီးစေအပ်သော "ပုရိသော , ပုရိသာ" စသည်ကို "ပကတိပစ္စယ ၊ ပေ ၊ နိပ္ဖါဒိတ" ဟု ဆိုသည်၊ "နိပ္ဖါဒိတာနံ" ကို နာမိကပဒါနံ၌ စပ်။

**သဒ္ဒပတိရူပကာနံ**—ရွတ်ဆိုအပ်သော အသံ, နားဖြင့် ကြားအပ်သော အသံသာလျှင် သဒ္ဒါအစစ်တည်း၊ ရွတ်ဆိုအပ်သည့်အခါ၌ "ပု-ရိ-သ" ဟု တလုံးချင်းစီတန်း၍ ရွတ်ရ၏၊ ထို အသံများကို နောက်ထပ်လိုက်၍ စိတ်ဖြင့် မှတ်ယူရာ၌ကား "ပုရိသ" ဟု တဆက်ထည်း မှတ်သား ထားလေသည်၊ ဥပမာ- မီးစတခုကို စက်ဝိုင်းဖြစ်အောင် ရမ်းရာ၌ မြင်ရသူမှာ မီးစက်ဝိုင်းကြီး ထင်မှတ်သကဲ့သို့တည်း၊ ထို့ကြောင့် ယခုကာလ မှတ်သားထားသော "ပုရိသော" သည် ရွတ်အပ်ကြားအပ်သော သဒ္ဒါစစ်မဟုတ်, ထို သဒ္ဒါစစ်ကို နောက်ထပ် လိုက်၍ စိတ်ဖြင့် မှတ်သားအပ်သော သဒ္ဒါအတုသာတည်း၊ (အရုပ် လုပ်ပြရာ၌ အရုပ် ပြီးသကဲ့သို့ သဒ္ဒါအရုပ် သဒ္ဒါအတုကို လုပ်ပြရာ၌ သဒ္ဒါအတု သဒ္ဒါရုပ် ပြီးစေအပ်သော) ထို ပုရိသော စသော နာမ်ပုဒ်တို့၏ (ပုရိသ-ဟု ရုပ်တည်ခိုက်) ပကတိရုပ်ကို လိင် ဟု ဆိုအပ်သည်။

**အပါကဋတ္တာ အဝယဝတ္တာ။** ။လိနမည်ခြင်း–အင်္ဂမည်ခြင်း (၂ ခုစပ်၍ လိင် မည်ခြင်း)၏ အကြောင်းကိုပြသော ဟိတ်တည်း၊ "ပုရိသ" ဟု ရုပ်တည်ထားခိုက် သဒ္ဒါ သည် အပါကဋလည်း ဖြစ်၏, အဝယဝလည်း ဖြစ်၏ ချဲ့ဦးအံ့— "ပုရိသော, ပုရိသာ, ပုရိသံ " စသည်ဖြင့် ဝိဘတ်သက်ပြီးမှသာ ပုဒ်ရာဝင်၍ ပေါ်လွင်ထင်ရှားလျက် ပါကဋ ဖြစ်၏၊ ပုရိသ ဟု ရုပ်တည်ခိုက်၌ကား ပုဒ်ရာမဝင်၍ မပေါ်လွင် မထင်ရှားသေး ချေ။

www.dhammaransi.com



အထဝါ - တနည်းကား၊ ဝိသဒါဝိသဒဒေါဘယ ရဟိတာကာရ ဝေါဟာရ သင်္ခါတေန- ဝိသဒါကာရဝေါဟာရ, အဝိသဒါကာရဝေါဟာရ, ဥဘယရဟိတာကာရဝေါဟာရဟု ဆိုအပ်သော၊ တိဝိဓလိင်္ဂေန-၃ ပါး အပြားရှိသော လိင်နှင့်၊ သဟိတတ္ထသ - တကွဖြစ်သော အနက်သည်း ဖြစ်သော၊ တဗ္ဗိနိမုတ္တဿ - ထို အနက်မှ လွတ်သော၊ ဥပသဂ္ဂါဒိနံ -

ငှက်ပျောပင်၏ အတွင်းသားသည် တိမ်မြုပ်ကွယ်ဝှက်ကာ မထင်ရှားသကဲ့သို့ ပုရိသော စသော ပုဒ်တို့၏ အတွင်းသားဖြစ်သော "ပုရိသ"လည်း တိမ်မြုပ်ကွယ်ဝှက်ကာ မထင် မရှားပင် ဖြစ်နေသေးသည်- ဟူလို၊ ယခင် ငှက်ပျောပင်၏ အတွင်းသားသည် ငှက်ပျော တပင်လုံး၏ အစိတ် အပိုင်း ဖြစ်သကဲ့သို့ ပုရိသ ဟု တည်ထားခိုက် ရုပ်လည်း ပုရိသော စသော ရုပ်ပြီးပုဒ်တို့၏ အစိတ်အပိုင်း(အဝယဝ)လည်း ဖြစ်သည်၊ ဤသို့ ပုဒ်ရာမဝင်၍ မထင်ရှားသေးသောကြောင့် လီနလည်း ဟုတ်၏၊ ပုရိသောစသော ရုပ်ပြီးပုဒ်၏ အစိတ် အပိုင်း ဖြစ်သောကြောင့် အင်္ဂလည်း ဟုတ်၏၊ ထိုလီနနှင့် အင်္ဂကို သမာသ်စပ်၍ လိင်္ဂဟု နာမည်တပ်ရသည်။.... [" ယထာ ပန ကဒလိရုက္ခာနံ ဂဗ္ဘပတ္တံ အပါကဋံ အင်္ဂံ၊ ဧဝံ ပုရိသောတိ အာဒီနံပိ နိပ္ဖန္နပဒါနံ ပဌမံ ထပေတဗ္ဗရူပံ အပါကဋတ္တာ အဝယဝတ္တာစ လိင်္ဂန္တိ"—နျာသ။]

အထဝါ၊ပေ၊ဒဿေတုံ-လိင်္ဂ၌"လီန+အင်္ဂ"မှဖြစ်လာသော ကမ္မဓာရည်းသမာသ်ပုဒ် ဖြစ်ကြောင်းကို ပြပြီး၍ ယခုတဖန်(၁)လီန သဒ္ဒူပပဒ ဂမုဓာတ်ဖြင့် လိင်္ဂ ဖြစ်သော နည်းကိုရင်း,(၂)လိင်္ဂဓာတ်ဖြင့် ပြီးသောနည်းကိုရင်း,(၃)ပရသမညာဖြစ်ကြောင်းကို ရင်း,(၄)ဤ လိင်္ဂကိုပင် "ပါဋိပဒိက" ဟု နာမည်တမျိုး ရှိသေးကြောင်းကိုရင်း ပြလို သောကြောင့်"အထဝါ"စသည်ကို မိန့်သည်၊ ထိုဝါကျရှည်၌....(၁)-"ဝိသဒါဝိသဒဒေါဘယ၊ပေ၊လီနဿ ဂမနတော လိင်္ဂန္တိ အန္ဝတ္ထနာမဝသေန လိင်္ဂန္တိ ပါဋိပဒိကာပရနာမဓေယျံ သျာဒိဝိဘတျန္တပဒ ပကတိရူပမေဝ ဝုစ္စတိ"ဟုရင်း,(၂)-"လီနဿ ဂမနတော" နေရာ၌ လိင်္ဂနတောကိုသွင်း၍ "ဝိသဒါဝိသ၊ပေ၊မတ္တဿစ လိင်္ဂနတော လိင်္ဂန္တိ အန္ဝတ္ထနာမဝသေန လိင်္ဂန္တိ ပါဋိပဒိကာပရနာမဓေယျံ သျာဒိဝိဘတျန္တပဒပကတိရူပမေဝ ဝုစ္စတိ"ဟုရင်း,(၃)ဓာတုပစ္စ၊ပေ၊ပရသမညာဝသေန လိင်္ဂန္တိ ပါဋိပဒိကာပရနာမဓေယျံ သျာဒိဝိဘတျန္တပဒပကတိရူပမေဝ ဝုစ္စတိ"ဟုရင်း, ၃ ဝါကျ ခွဲထားရာ၏။

(၁)ဝိသဒါ၊ပေ၊လီနဿဂမနတောလိင်္ဂန္တိ—[ဝိသဒါကာရဝေါဟာရ, အဝိသဒါကာရ ဝေါဟာရ, ဥဘယရဟိတာကာရ ဝေါဟာရ-ဟူသည်(အစဉ်အတိုင်း) ပုလ္လိင်, ဣတ္ထိလိင်, နပုလ္လိင်တည်း၊ ထို့ကြောင့် "ဝေါဟာရ သင်္ခါတေန တိဝိဓလိင်္ဂေန"ဟု မိန့်သည်၊ ထို ဝိသဒါကာရ ဝေါဟာရ စသည်တို့၏ သဒ္ဒါနက်ကို နသိသ္မိမ နပုံသကာန် သုတ်၌ ဖွင့်ပြခဲ့ပြီ၊ထို၌"ဥဘယမုတ္တက"ဟူသောစကားနှင့် ဤ၌"ဥဘယရဟိတ"ဟူသော စကားသည် သဘောတူပင်တည်း၊ ဥဘယရဟိတ-ဝိသဒါကာရ အဝိသဒါကာရ ၂ ပါး စုံမှ ကင်းသော အခြင်းအရာ ဟူသည် "နေဝဝိသဒနာဝိသဒ ကာရ ခေါ် သန့်ရှင်း သည်လည်း မဟုတ်-မသန့်ရှင်းသည်လည်း မဟုတ်သော အခြင်းအရာတည်း။]

www.dhammaransi.com



ဥပသာရအစရှိသည်တို့၏၊ အတ္ထသဿစ-အနက်လည်းဖြစ်သော၊ လီနသသ-လျှို့ဝှက်အပ်သော အနက်ကို၊ ဂမနတော - သိစေတတ်သည်၏ အဖြစ်ကြောင့်၊ ဝါ-တနည်း၊ လိင်္ဂနတော - သိစေတတ်သည်၏ အဖြစ်ကြောင့်၊ လိင်္ဂံ-လိင်မည်၏၊ ဣတိ-ဤသို့၊ အန္ဝတ္ထနာမဝသေနဝါ-အန္ဝတ္ထ နာမည်၏

တိဝိဓလိင်္ဂေန သဟိတဿ။ ။ထို ၃ ပါးသော လိင်နှင့်တကွဖြစ်သော အနက်ဟူသည် ပုလ္လိင်နှင့် တကွဖြစ်သော ယောကျ်ားဒြပ် စသော အနက်, ဣတ္ထိလိင်နှင့်တကွဖြစ်သော သတို့သမီးစသောအနက်, နပုံလိင်နှင့်တကွဖြစ်သော စိတ်စသောအနက်တည်း၊ " တွံ-သင်ယောကျ်ား " ဟူရာ၌ ပုလ္လိင်နှင့် တကွ ဖြစ်သော ယောကျ်ားဒြပ်-စသည်တို့လည်း ပါဝင်သည်။

တဗ္ဗိနိမုတ္တဿုပသဂ္ဂါဒီန မတ္ထဿစ—[ဥပသဂ္ဂါဒိ၌ အာဒိဖြင့် နိပါတ်ပုဒ်ကိုယူ၊] ဥပသာရပုဒ်၏ အာဒိကမ္မစသောအနက်များ နိပါတ်ပုဒ်တို့၏ သမုစ္စည်း စသော အနက်များသည် တိဝိဓလိင်္ဂေန သဟိတဿ အရတွင် မပါဝင်သဖြင့် ထိုအနက်တို့မှ အလွတ်ဖြစ်သော အနက်များတည်း။

လီနဿဂမနတောလိင်္ဂန္တိ။ ။"လီနဿ"အရ၌"တိဝိဓလိင်္ဂေန သဟိတဿ-ဥပသဂ္ဂါဒီနမတ္ထဿ"ဟု ပြခဲ့သောအနက်များကို "လီန"ဟု ခေါ်ရသည်၊....ချဲဦးအံ့—ပိဋကတော် မရှိလျှင် ပိဋကတော်၏ သီလ သမာဓိ စသော အနက်များသည် တိမ်မြုပ်ငုပ်ကွယ်နေသကဲ့သို့ ထို့အတူ "ပုရိသ"စသော သဒ္ဒါမရှိလျှင် " ယောကျ်ားဒြပ် "တည်းဟူသော အနက်သည် တိမ်မြုပ် ငုပ်ကွယ်နေ၏၊ ဤသို့ ဆိုင်ရာသဒ္ဒါ မရှိလျှင် တိမ်မြုပ်နေသောကြောင့် အနက်ကို"လီန"ဟု ခေါ်ရသည်၊ "ပုရိသ"စသော သဒ္ဒါကား ထိုလီနဖြစ်သောအနက်ကို သိစေတတ်သောကြောင့် လိင်မည်၏၊ ဤ"လီနဿ ဂမနတော"ဖြင့် "လီနံ-လျှို့ဝှက် တိမ်မြုပ်နေသောအနက်ကို၊ ဂမယတိ-သိစေတတ်၏၊ ဣတိ-ထို့ကြောင့်၊ လိင်္ဂံ-လိင်မည်၏ " ဟူသော ဝိဂြိုဟ်ကို ပြသည်၊ လီန သဒ္ဒါပုဗ္ဗပဒ ဂမုဓာတ် ကွိ-ပစ္စည်း, ဓာတွန်ချေ,ကွိချေ,(လီနဂ)သုတ်ကြီးဖြင့် လိင်္ဂရဿ, နကို နိဂ္ဂဟိတ်ပြု, နိဂ္ဂဟိတ်ကို ငဝဂ္ဂန္တ "င"ပြု၍ လိင်္ဂ ဟု ပြီးရသည်၊ [ လီနဿ ဂမနတောတိ- ပုရိသာဒိသဒ္ဒဿ အပ္ပယောဂေ (မသုံးစွဲခြင်းဘည်၊ သတိ-ရှိသော် )လီနဿ ( အပါကဋဿ ) ပုရိသာဒိအတ္ထဿ ဂမန တော(ဗောဓနတော)လိင်္ဂံ"....ဋီကာ။]

(၂) ဝိသဒါဝိသ၊ ပေ၊ မတ္ထဿ လိင်္ဂနတော ဝါ လိင်္ဂံ ။ ။ " လိင်္ဂနတော" ပါဌ်ဖြင့် လိင်ဓာတ်(အ)ပစ္စည်း ကြံသည်၊ "အတ္ထံ-ယောကျ်ားစသော အနက်ကို၊ လိင်္ဂေတိ (ဉာပေတိ) –သိစေတတ်၏၊ ဣတိ လိင်္ဂံ-လိင်မည်၏ " မိမိဆိုင်ရာ အနက်ကို သိစေတတ်သောကြောင့်"ပုရိသ"စသည်ကို လိင် ဟု ခေါ်သည်၊ [ဤလိင်္ဂနတောဝါ၌ ဝါကား "လီနဿ ဂမနတော"ဟူသော အနက်တမျိုးကို ဝိကပ်ပြုသော အတ္ထန္တရဝိကပ်တည်း။]

အန္ဝတ္ထနာမဝသေနဝါလိင်္ဂန္တိဝုစ္စတိ။ ။"လီနံ+ဂမယတိ "ဟူသော ဝိဂြိုဟ်အရဖြစ်စေ-"လိင်္ဂေတိ"ဟူသော ဝိဂြိုဟ်အရ ဖြစ်စေ လိင်ဟူသော နာမည်သည် အနက်အား

www.dhammaransi.com



အစွမ်းဖြင့်ရှင်း၊ ဓာတုပစ္စယဝိဘတ္တိ ဝဇ္ဇိတမတ္တံ လိင်္ဂန္တိ- ဓာတု ၊ ပေ ၊ လိင်္ဂံ ဟူ၍၊ ဝစနတော - ဆိုခြင်းကြောင့်၊ ပရသမညာဝသေနဝါ - ပရ သမညာ၏အစွမ်းဖြင့်ရှင်း၊ (လိင်္ဂန္တိကို နောံမှ အနက်ဆို)၊ ဣဓ-ဤသုတ်၌၊ ပါဋိပဒိကာပရနာမဓေယျံ-"ပါဋိပဒိက"ဟု အခြားနာမည် တမျိုးရှိသော၊ သျာဒိဝိဘတျန္တ ပဒပကာတိရူပမေဝ - သျာဒိဝိဘတျန္တပုဒ်တို့၏ ပကတိ ရုပ်ကိုပင်၊ လိင်္ဂန္တိ-လိင်္ဂဟူ၍၊ (ချန်ခဲ့သော "လိင်္ဂန္တိ"ကို ဤ၌ ယူသည်၊) ဝုစ္စတိ-ဆိုအပ်၏၊ ဣတိ ဒဋ္ဌဗ္ဗံ-၏။

["လိင်္ဂသ အတ္တေ္တာနာမ"ကို နောက်မှ အနက်ပေး၊ ]ပဗန္ဓဝိသေသာ ကာရေန - ပေါင်းဖွဲ့ပုံ၏ ထူးသော အခြင်းအရာအားဖြင့်၊ ပဌတ္တမာနေ-

လျော်သောအန္တတ္တနာမည်တည်း၊ဤသို့ အန္တတ္တနာမည်အားဖြင့်လည်း ပုရိသ စသည်ကို လိင်္ဂဟု ဆိုရသည်၊ [ဤ၌ ဝါကား ပရသမညာဝသေနာ၊ကို ဝိဘာဝ်ပြုသည်]

(၃) ဓာတုပစ္စယ ၊ ပေ ၊ ပရသမညာဝသေနဝါလိင်္ဂန္တိ ။ ။ "ဓာတု ပစ္စယ ဝိဘတ္တိဝဇ္ဇိတမတ္တံ လိင်္ဂံ" ပါဌ်၏ အဓိပ္ပါယ်ကို ပရသမညာ ပယောဂ၊သုတ်၌ ပြခဲ့ပြီ၊ "ဓာတ်ပစ္စည်းဝိဘတ်တို့မှ တပါးဖြစ်သော အနက်လည်းရှိသောသဒ္ဒါသည် လိင်္ဂမည်၏" ဟု သက္ကတကျမ်းတို့၌ ဆိုခြင်းကြောင့် ထို ပရသမညာ အားဖြင့်လည်း ပုရိသ စသည်ကို လိင်္ဂ ဟု ခေါ်ဆိုရသည်။

**ပါဋိပဒိကာပရနာမဓေယျံ**—[ပါဋိပဒိက+အပရ-အခြားသော+နာမဓေယျ-ထားအပ်သော နာမည်၊ ] ပါဏိနိခေါ် သက္ကတ သဒ္ဒါကျမ်းကြီး၌ ပုရိသ စသောသဒ္ဒါ များကို"ပါဋိပဒိက"ဟု နာမည်မှည့်၏၊ [ "အတ္တဝံ အဓာတုရပ္ပစ္စယော ပါတိပဒိကံ"-ပါဏိနိသုတ်၊ ] ပါဋိပဒိကသဒ္ဒါ၏ အနက်ကို"လိင်္ဂဋ္ဌ နိပစ္စတေ"သုတ်၌ ပြခဲ့ပြီ။

**သျာဒိဝိဘတျန္တပဒပကတိ ရူပမေဝ** — ဤစကားကား လိင်္ဂ-ပါဋိပဒိက အမည်ရ သောသဒ္ဒါ၏ သရုပ်သကောင်ကို ပြသောစကားတည်း၊ သျာဒိဝိဘတျန္တ ပဒသ - သိ စသော နာမ်ဝိဘတ်ဆုံးလျက်ရှိသော ပုရိသော စသော ပုဒ်၏+ပကတိရူပံ - ပကတိရုပ် သည်၊ ဝါ-ရှုပ်တည်ခိုက်ဖြစ်သော "ပုရိသ" စသောရုပ်သည်၊ သျာဒိဝိဘတျန္တပဒပကတိ ရူပံ-မည်၏၊ ရူပမေဝ၌ ဧဝကား သန္နိဋ္ဌာနာဝဓာရဏတည်း၊ "လိနံ+အင်္ဂံ" ဟု ပဋ္ဌမ ပြခဲ့သော ပကတိရုပ်ကိုပင် လိင်္ဂခေါ်သည် ဟု ထပ်၍ ခိုင်မြဲအောင် ဧဝဖြင့် သန္နိဋ္ဌာန်ကျ ဆုံးဖြတ်ချက်ချသည်။

**လိင်္ဂဿတ္တေ္တာနာမ၊ပေ၊သာမညာကာရောစ**—လိင်္ဂတ္တေ ပဋ္ဌမာသုတ်၌ လာသော လိင်္ဂကို"တ္တေစ လိနံ အင်္ဂန္တိ"စသော စကားဖြင့် ဖွင့်ပြပြီး၍ ယခုအခါ ထို လိင်္ဂ၏ အနက် (လိင်္ဂတ္တ)ကို ဖွင့်ပြလိုသောကြောင့်"လိင်္ဂဿတ္တေ္တာနာမ ၊ ပေ ၊ သာမညာကာရောစ"ဟု မိန့်သည်၊ ထိုဝါကျ၌(၁)"ပဗန္ဓဝိသေသာကာရေန ၊ပေ၊ ဝေါဟာရတ္တော စ"ဖြင့် ပညတ္တိ အတ္ထဖြစ်သော လိင်္ဂတ္တကို ပြ၏၊ ( ၂ ) "ငထဝိဓာတု ၊ ပေ ၊ သာမညာကာရောစ "ဖြင့် ပရမတ္ထ ဖြစ်သော လိင်္ဂတ္တကို ပြ၏။

www.dhammaransi.com



ဖြစ်ကုန်သော၊ ရူပါဒယော - ရုပ်, ဝေဒနာ အစရှိသော သဘောတရား တို့ကို၊ ဥပါဒါယ - စွဲမှီ၍၊ ပညတ္တိယမာနေ - ပညတ်အပ်သော၊ တဒညာ နညာဘာဝေ - ထိုရုပ်စသော သဘောတရားတို့မှ တမျိုးတခြား၏ အဖြစ်, တမျိုးတခြားမဟုတ်သည်၏ အဖြစ်ဖြင့်၊ အနိဗ္ဗစနီယော - မဆိုထိုက်သော၊

ဃဋ ပဋ ၊ပေ၊ ဝေါဟာရဋ္ဌ။ ။ပညတ္တိ လိင်္ဂဋ္ဌ ဟူသည် (အိုးဖြစ်-ပုဆိုးဖြစ် အစ ရှိသော ) လူ အများတို့ ခေါ်ဝေါ် ပြောဆိုအပ်သော အနက် ဖြစ်တည်း၊ ထိုဖြစ်ကို "ဝေါဟာရ – တယောက်နှင့် တယောက် စကားပြောရာ၌ ခေါ်ဝေါ် သုံးစွဲအပ်သော+ အဋ္ဌ–အနက်" ဟုရင်း "ပညတ္တိ–အများ နားလည်အောင် ပညတ်ထားအပ်သော+ အနက်"ဟုရင်း ခေါ်သည်၊ ဝေါဟာရဋ္ဌနှင့် ပညတ္တိအဋ္ဌသည် သဘောတူ၏။

ပဗန္ဓဝိသေသာ ၊ ပေ ၊ ပညပီယမာနော။ ။အိုးဖြစ်၌ ရုပ်ကလာပ်တို့ ပေါင်းစပ် နေပုံသည် ပျားချပ် လုံးဝိုင်းသော ပုံသဏ္ဌာန်ရှိ၏၊ ပုဆိုးဖြစ်၌ ရုပ်ကလာပ်တို့ ပေါင်းစပ် နေပုံမှာ ပျားချင်ချပ် သဏ္ဌာန်သာရှိ၏၊ သက်ရှိ လူ သတ္တဝါ၌ ရုပ်ခန္ဓာတို့ ပေါင်းစပ်နေပုံ ကား အထက်သို့ မြင့်လျက် အတွင်းဘက်၌ ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တို့ အဆက် ဆက် ဖြစ်ပျက်လျက်ရှိ၏၊ ဤသို့ ပေါင်းစပ် စုဝေးပုံအားဖြင့် မတူ ထူးခြားလျက် ဖြစ်လျက် နေသော ရုပ် အစရှိသည်ကို ( ရူပါဒယော၌ အာဒိဖြင့် သက်ရှိ ဝတ္ထုအတွက် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်တို့ကို ယူ ) စွဲ၍ "ဤကဲ့သို့ စုဝေးတည်နေသော ရုပ်အပေါင်းကို ဃဋ (အိုး)"ဟုရင်း "ဤကဲ့သို့ တည်နေသော ရုပ်အပေါင်းကို ပဋ(ပုဆိုး)"ဟုရင်း "သက်ရှိ ဝတ္ထုများကို မနုဿ ( လူ ) "ဟုရင်း ရှေးလူကြီး သူမတို့ ခေါ်ဝေါ် ပညတ် ထားအပ် လေသည်၊ [ "ဥပါဒါယ–စွဲ၍" ဟူရာ၌ အရုပ်ရေးဘို့ရာ ကားပေါ်၌ ကြက်ထားသော အဝတ်ကို အရုပ်၏တည်ရာ မှီရာ ပြုလုပ်သကဲ့သို့ ရုပ်ဝေဒနာ စသည်ကိုလည်း ဃဋ ပဋ စသော နာမည်၏ စွဲရာ မှီရာ တည်ရာ ပြုလုပ်သည်–ဟု ဆိုလိုသည်၊ ပညတ်ခြင်းဟူသည် မှာလည်း ဂ မ္ဘာဦးက ၍ ရှေးရှေးလူကြီး သူမတို့ နာမည်တပ်ထားခြင်းတည်း၊ ပညပီ ယမာနောကို "ဃဋ ပဋာဒိ ဝေါဟာရဋ္ဌော" ၌ စပ်၍ ပညတ်အပ်သော ဃဋ ပဋ စသော ဝေါဟာရဋ္ဌ–ဟု မှတ်။]

တဒညာ နည ဘာဝေန အနိဗ္ဗစနီယော။ ။[တဒည ( တံ+အည ) – ထို ရုပ် စသည်တို့မှ တခြား+အနည(န+အည)-ထိုရုပ်စသည်မှ တခြား မဟုတ်၊ အနိဗ္ဗစနီယ (အ+နိဝစနီယ)-မဆိုထိုက်၊]ထိုရုပ်စသည်တို့ကိုစွဲ၍ ပညတ်အပ်သော အိုး ပုဆိုးစသော အနက်များသည် ရုပ်က တခြား-အိုးက တခြား ( ရုပ်နှင့်အိုးတို့ လုံးဝ မစပ်သွယ် ) ဟု လည်း မဆိုထိုက်၊ အကယ်၍ "အိုးပုဆိုး စသည့်တို့သည် ရုပ်မှ တမျိုးတခြား"ဟု ဆိုလျှင် ရုပ်ကလာပ် များနှင့် လုံးဝ မစပ်သွယ်ဘဲ သီးသန့် ရှိနေရာ၏၊ ယခုမှာ ထိုရုပ် စသည် တို့ကိုပင် ဃဋ ပဋ စသည်ဖြင့် ခေါ်ဝေါ်အပ်သောကြောင့် အိုး–ပုဆိုးတို့ကို ရုပ်ကလာပ် တို့မှ တခြားဟုသည်း မဆိုထိုက်၊ ရုပ်ကလာပ်တို့မှ တခြားမဟုတ်သော်လည်း ရုပ်ကလာပ် နှင့် အိုး–ပုဆိုးတို့ မကွဲမပြား တသားထည်း ဟု လည်း မဆိုထိုက်၊ အကယ်၍ မကွဲမပြား တသားထည်း ဟု ဆိုပြန်လျှင် အိုးတလုံး၌ ရုပ်မှုန် ကလာပ်တွေ အလွန်များပြားစွာ ပါနေ

www.dhammaransi.com



သမူဟသန္တာနာဒိဘေဒေါ-သမူဟပညတ်, သန္တာနပညတ်အစရှိသော အပြားရှိသော၊ ဥပါဒါပညတ္တိသင်္ခါတော - ဥပါဒါပညတ် ဟု ဆိုအပ်သော၊ ဃဋ ပဋာဒိဝေါဟာရဂ္ဂေါစ - ဃဋ , ပဋ အစရှိသော ခေါ်ဝေါ် အပ်သော အနက်သည်၎င်း၊....ကာလဒေသာဒိဘေဒဘိန္နာနံ - ကာလ, ဒေသအစရှိသော အပြားတို့ဖြင့် ပြားကုန်သော၊ ပထဝီဓာတု ဖဿာဒီနံ-

ရကား ရုပ်ကလာပ်များသလောက် ပုဆိုးတွေ အိုးတွေလည်း များပြားလေရာ၏၊ ထိုသို့ အိုးတလုံး ပုဆိုးတထည်ထည်း၌ ရုပ်ကလာပ်များသလော် အိုးပုဆိုးတွေလည်း မများချေ၊ ထို့ကြောင့် ရုပ်ကလာပ်တွေနှင့် အိုး ပုဆိုး စသည်ကို မကွဲမပြား တသားထည်း ဟု လည်း မဆိုထိုက်။

**သမူဟ၊ပေ၊ဥပါဒါပညတ္တိ**— အိုးသည် ရုပ်ကလာပ် အပေါင်းကိုစွဲ၍ ပညတ်အပ်သောကြောင့် သမူဟပညတ် မည်၏၊ ပုဆိုးသည် ချည်ချောင်းတွေ စဉ်တန်း နေသည်ကို စွဲ၍ ပညတ်အပ်သောကြောင့် သန္တာနပညတ် မည်၏၊ [ သန္တာန = အစဉ်သန္တာန်။ ] သန္တာနာဒိ၌ အာဒိဖြင့် သဂြိုဟ် ပစ္စည်းပိုင်းအဆုံး ပညတ်ခဏ်းဝယ် ပြထားသော ဒိသာပညတ်– ကာလပညတ် – စသည်ကို ယူ၊ ဃဋ- ပဋ- ပုရိသ စသောပညတ်များသည် ရုပ်စသည်ကိုစွဲမှီ၍ ပညတ်ရသောကြောင့်“ဥပါဒါပညတ်”မည်၏၊ ဤစကားစဉ်အရ“ဃဋ- ပဋ-ပုရိသ-မနုဿ-ရုက္ခ-အာကာသ စသောသဒ္ဒါတို့သည် လိင်, အိုး-ပုဆိုး-ယောကျ်ား-လူ-သစ်ပင်- ကောင်းကင် ဟု ခေါ်ဝေါ်အပ်သော အနက်များသည် လိင်္ဂတ္ထ”ဟု မှတ်။

**ပထဝီဓာတု၊ပေ၊သာမညာကာရေစ**— “ပထဝီဓာတုအာဒီနံ, ဖဿာဒီနံ”ဟု ၂ မျိုးခွဲ၊ အာဒိဖြင့် အာပေါ တေဇော စသော ရုပ်တရားချားကို ယူ၊ နောက် အာဒိဖြင့် ဝေဒနာ သညာ စသော နာမ်တရား၊ အားလုံးကိုယူ၊ ထို ရုပ် နာမ် အားလုံးသည် (သ= မိမိ၏+ဘာဝ=လက္ခဏာရှိသောကြောင့်) သဘာဝဓမ္မတို့ မည်၏၊ ထိုတွင် ပထဝီသည် ကက္ခဠ (ခက်မာခြင်း)လက္ခဏာရှိ၏၊ ဖဿသည် ဖုသန (တွေ့ထိခြင်း) လက္ခဏာ ရှိ၏၊ ကက္ခဠတ္တာဒိ၌ အာဒိဖြင့် အာပေါ၏ အာဗန္ဓန ( ဖွဲ့စည်းခြင်း ) စသော လက္ခဏာကိုယူ၊ ဖုသနာဒိ၌ အာဒိဖြင့် ဝေဒနာ၏ အနုဘဝန (ခံစားခြင်း) စသော လက္ခဏာကိုယူ၊ ထိုတွင် ကက္ခဠတ္တ လက္ခဏာသည် ပထဝီဓာတ် အားလုံးနှင့် ဆက်ဆံ သောကြောင့်၎င်း ဖုသန လက္ခဏာသည် ဖဿအားလုံးနှင့်ဆက်ဆံသောကြောင့်၎င်း သာမညာကာရ(အများနှင့် ဆက်ဆံသော အခြင်းအရာ )မည်၏၊ ပထဝီသည် လိင်, ( ပထဝီဓာတ် – ဟု မြန်မာပြန်ရာ၌လည်း မြန်မာလို လိင်ပင် ရှိသေး၏ ), ခက်မာခြင်း သဘောသည်သာ လိင်္ဂတ္ထ၊ ဖဿသည် လိင် တွေ့ထိခြင်းသဘောကား လိင်္ဂတ္ထ၊ နိဗ္ဗာနသည် လိင်, ငြိမ်းခြင်း သန္တိသဘောသည် လိင်္ဂတ္ထ၊ ဤသို့စသည်ဖြင့် ပရမတ္ထအတွက် လိင်နှင့် လိင်္ဂတ္ထကို ခွဲခြားပါ။

**ကာလဒေသာဒိဘေဒဘိန္နာနံ**။ ။ [ ဤပုဒ်ကို သဘာဝ ဓမ္မာနံ၌ ပြန်၍စပ်။ ] အတီတ်ကာလ၌ ဖြစ်သော ပထဝီ-အနာဂတ်ကာလ၌ ဖြစ်သော ပထဝီ-ပစ္စုပ္ပန်ကာလ၌ ဖြစ်သော ပထဝီ ဟု ကာလအားဖြင့် ပထဝီပြား၏၊ အပါယ်ဘုံဒေသ၌ ဖြစ်သော ပထဝီ

www.dhammaransi.com



ပထဝီဓာတ်, ဖဿ အစရှိကုန်သော၊ သဘာဝဓမ္မာနံ - သဘောဘာရား တို့၏၊ ဝိဇာတိယ ဝိနိဝဋ္ဋော - မတူသော ဇာတ်ရှိသော တရားတို့မှ ဆုတ်နစ်သော၊ သဇာတိယ သာဓာရဏော - တူသော ဇာတ်ရှိသော တရားတို့နှင့် ဆက်ဆံသော၊ ယထာသင်္ကေတံ-သင်္ကေတအားလျော်စွာ၊ အာရောပသိဒ္ဓေါ - တင်စားခြင်းဖြင့် ပြီးသော၊ တဇ္ဇာပညတ္တိသင်္ခါတော- တဇ္ဇာပညတ်ဟုဆိုအပ်သော၊ ကက္ခဠတ္တဖုသနာဒိ သာမညာကာရောစ - ခက်မာသည်၏အဖြစ်, တွေ့ထိခြင်းအစရှိသော သာမညအခြင်းအရာသည် ၎င်း၊ လိင်္ဂံ-လိင်္ဂ၏၊ အတ္ထော-နာမ-အနက်မည်၏။

လူ့ဘုံဒေသ၌ ဖြစ်သော ပထဝီ-စသည်ဖြင့် ဒေသအားဖြင့်လည်း ပြား၏၊ [ ဒေသာဒိ၌ အာဒိဖြင့် သန္တာန်စသည်ကို ယူ၊ ] အဇ္ဈတ္တ ( မိမိ ) သန္တာန်၌ ဖြစ်သော ပထဝီ-ဗဟိဒ္ဓ (ပြင်ပ) သန္တာန်၌ဖြစ်သော ပထဝီအားဖြင့် လည်း ပြား၏၊ ဖဿစသည်သည်း နည်းတူ ပြား၏၊ ဤကဲ့သို့ ကွဲပြားသော သဘာဝဓမ္မများ ဟူလို။

**ဝိဇာတိယဝိနိဝဋ္ဋော သဇာတိယ သာဓာရဏော။** ။ [၎င်းတို့ကို"ကက္ခဠတ္တ ဖုသနာဒိ သာမညာကာရော" ၌ စပ်၊ ဝိဇာတိယ – မတူသော ဇာတ်ရှိသော တရား၊ သဇာတိယ-တူသောဇာတ်ရှိသော တရား၊ (တချို့စာ၌ ယ မပါဘဲ"ဝိဇာတိ-သဇာတိ" ဟု လည်း ရှိ၏၊ ) ပထဝီဓာတ်၏ ကက္ခဠ လက္ခဏာသည် ပထဝီဓာတ်မှ တပါး တခြား တရားတို့သို့ရောက်လျှင် ဆုတ်နစ်၏၊အခြားတရားများနှင့် မဆက်ဆံ-ဟူလို၊ ဤသို့ ပထဝီ မဟုတ်သော တရားတို့၌ ကက္ခဠ လက္ခဏာ မရှိခြင်းကို "ဝိဇာတိယ ဝိနိဝဋ္ဋော" ဟု ဆိုသည်၊ ထို ပထဝီဓာတ်၏ ကက္ခဠ လက္ခဏာသည် ကာလဒေသ သန္တာန် စသည်ဖြင့် ကွဲပြားလျက် ရှိကြသော ပထဝီဓာတ် ဟူသမျှနှင့်ကား ဆက်ဆံလျက်ရှိ၏၊ အားလုံးပထဝီ ဟူသမျှ၌(မပို-မလိုဘဲ) ကက္ခဠ လက္ခဏာအညီအမျှ ရှိကြသည်ကို"သဇာတိယ သာဓာ ရဏော"ဟု ဆိုလိုသည်။]

**ယထာ သင်္ကေတ မာရောပ သိဒ္ဓေါ။** ။ [သင်္ကေတ–ရှေးကမှတ်သားအပ်သော အမှတ်အသား၊ အာရောပ–တင်စားခြင်း။] ကမ္ဘာဦးက လူတို့သည် မြေကြီး၏ ပြန့်ကျယ် မှုကို ကြည့်၍ ပထဝီ ဟု သင်္ကေတ ပြုခဲ့ကြ၏၊ ထို ပထဝီသည် ခက်မာသကဲ့သို့ ရုပ်တရား တို့တွင် ကက္ခဠတ္တ(ခက်မာခြင်း)သဘောကိုလည်း ပထဝီဟု(ဘုရားရှင်တို့)တင်စားတော်- မူခဲ့ကြ၏၊ တခုနှင့် တခု ထိခိုက်မှုကို " ဖဿ – တွေ့ထိခြင်း" ဟု ရှေးက သင်္ကေတ ပြုခဲ့ ကြ၏၊ ထိုသင်္ကေတအား လျော်စွာ အာရုံနှင့် အာရမဏိကတို့ ဓာတ်ထိမှု ခိုက်မှု ကိုလည်း " ဖဿ " ဟု ဘုရားရှင်တို့ တင်စားတော်မူခဲ့ကြ၏၊ ထို ရှေးသင်္ကေတအား လျော်စွာ အဆက်ဆက် တင်စားအပ်သော နာမည်ဖြင့် ထင်ရှားလျက်ရှိသော ကက္ခဠတ္တ ဖုသန စသော အနက်များ–ဟူလို၊

**တဇ္ဇာ ပညတ္တိ သင်္ခါတော။** ။ပရမတ္ထတရားတို့၏ နာမည် များကို"တဇ္ဇာပညတ်" ဟုချည်း မှတ်၊ " တဿ – ထို သဘောအား+အနုရူပံ-လျော်စွာ+ဇာတာ–ဖြစ်သော

www.dhammaransi.com



ပနဲ ဆက်ဥုးအံ့၊ သော-ထို လိင်္ဂတ္ထသည်၊ ကမ္မာဒိသံသဂ္ဂေ-ကမ္မာဒိသံသဂ္ဂလိင်္ဂတ္ထရင်း၊ သုဒ္ဓေ ဝါ - သုဒ္ဓလိင်္ဂတ္ထရင်း၊ ဣတိ ဒုဝိဓော၊ တတ္ထ-ထို ၂ မျိုးတို့တွင်၊ ကမ္မာဒိသု - ကံအစရှိသော အနက်တို့၌၊ ဒုတိယာဒိနံ-ဒုတိယာအစရှိသော ဝိဘတ်တို့၏၊ ဝိဓိယမာနတ္တာ- စီရင်အပ်ကုန်လတ္တံ့၏ အဖြစ်ကြောင့်၊ ကမ္မာဒိသံသဂ္ဂရဟိတော - ကံ အစရှိသော အနက်တို့နှင့် ရောရှက်ခြင်းမှ ကင်းသော၊ လိင်္ဂသဉ္ဇာပရိမာဏယုတ္တော - လိင်္ဂသဉ္ဇာ

ပညတ်'' တည်း၊ပထဝီဟူသော နာမည်သည် ကက္ခဠတ္တသဘောအားလျော်၍၊ ထို့အတူ တွေ့ထိခြင်းသဘောကို ဖဿဟု ပညတ်မှုလည်း အလွန်သင့်လျော်ပါပေသည်၊ ဤနေရာ၌ကား နာမည်ကို အရ မကောက်ရ, ထို နာမည်၏ တည်ရာဖြစ်သော အနက် သဘော (သဘာဝဓမ္မ)ကို အရကောက်ရမည်ဖြစ်သောကြောင့် "တဇ္ဇာပညတ္တိ"ဖြင့် ထိုပညတ်၏ အနက်ကို (ဥပစာရအားဖြင့်) ယူပါ၊ ထို့ကြောင့် ဋီကာ၌ "ဝိဇ္ဇမာန ပညတ္တိဘူတာ တဇ္ဇာပညတ္တိယာ အတ္ထောတိ သဒ္ဓါတော" ဟု ဖွင့်သည်၊ [ ထင်ရှားရှိသော ပရမတ္ထတရားတို့၏ နာမည် ဟူသမျှကို ဝိဇ္ဇမာနပညတ် ဟု လည်း ခေါ်၏၊ ဝိဇ္ဇမာန ပညတ်နှင့် တဇ္ဇာပညတ် ဟူသည် သဘောတူပင်တည်း၊ ] ဤသို့လျှင် ကာလဒေသ စသော အပြားအားဖြင့် ကွဲပြားကုန်သော ပထဝီဓာတ် ဖဿစသော ရုပ်နာမ် တရားတို့၏ ဇာတ် မတူ တရားတို့မှ ဆုတ်နစ်လျက် ဇာတ်တူ တရားတို့နှင့် ဆက်ဆံသည်လည်း ဖြစ်သော, ရှေးသင်္ကေတအား လျော်စွာ တင်စားခြင်းဖြင့် ပြီးသည်လည်း ဖြစ်သော, တဇ္ဇာပညတ်၏ အနက်လည်း ဖြစ်သော ခက်မာသည်၏ အဖြစ်-တွေ့ထိခြင်း စသော သာမည အခြင်းအရာသည် ပရမတ္ထဖြစ်သော လိင်္ဂတ္ထတည်း။

သော ပနဲ၊ ပေ၊ ဒုဝိဓော။ ။ကံအစရှိသော အနက်နှင့် ရောသော လိင်္ဂတ္ထသည် ကမ္မာဒိသံသဂ္ဂလိင်္ဂတ္ထ မည်၏၊ ကမ္မာဒိ၌ အာဒိ အရ ကရိဏ်း စသော ( ဝိဘတ်အဘွက် ထင်ရှားသော) အနက်အားလုံးကို ယူ၊ ပုံစံကား- "ပုရိသ-ယောကျ်ားကို, တို့ကို, ဖြင့်, တို့ဖြင့်, ကြောင့်, တို့ကြောင့်၊ ပေ၊ ယောကျ်ား၌, ယောကျ်ားတို့၌"ဟူသည်တည်း၊ ဤ၌ "ယောကျ်ားကို"ဟု အနက်ပေးရသော ကံ အနက်နှင့် ရောနေသော ယောကျ်ားဖြစ် သည်ရင်း၊ ပေ၊ ယောကျ်ားတို့၌ ဟု ပေးရသော အဓိကရုဏ အနက်နှင့် ရောနေသော ယောကျ်ားဖြစ် သည်ရင်း ကမ္မာဒိသံသဂ္ဂ လိင်္ဂတ္ထ မည်၏၊ ကံ စသော အနက် မပါဘဲ "ပုရိသ-ယောကျ်ား"ဟုရင်း "ယောကျ်ားသည်"ဟုရင်း အနက်ပေးရသော ယောကျ်ားဖြစ်သည် သုဒ္ဓလိင်္ဂတ္ထမည်၏။

ကမ္မာဒိသု ဒုတိယာဒိနံ ဝိဓိယမာနတ္တာ။ ။ကံအနက်၌ ဒုတိယာ, ကရိဏ်း ဟိတ် စသော အနက်၌ တတိယာ စသည်ဖြင့် ဆိုင်ရာအနက်၌ ဆိုင်ရာဝိဘတ်များကို "ကမ္မေ ဒုတိယာ"စသော သုတ်များက စီရင်လတ္တံ့ဖြစ်၏၊ ထို့ကြောင့် ကမ္မာဒိသံသဂ္ဂလိင်္ဂတ္ထကို ဤ လိင်္ဂတ္ထေ ပဌမာသုတ်ဝယ် လိင်္ဂတ္ထအရ၌ မယူအပ်၊ ကံစသောအနက်များနှင့် မရောရှက်သဖြင့် သက်သက်ဖြစ်သော သုဒ္ဓလိင်္ဂတ္ထကိုသာ ဤသုတ်၌ လိင်္ဂတ္ထအရ ယူရမည်။

www.dhammaransi.com



ပရိမာဏ အနက်တို့နှင့် ယှဉ်သည်လည်းဖြစ်သော၊ တဗ္ဗိနိမုတ္တုပသဂ္ဂါဒိ ပဒတ္ထဘူတောစ – ထို လိင် သချာ ပရိမာဏ အနက်တို့မှ လွတ်သော ဥပသာရ အစရှိသောပုဒ်တို့၏ အနက်ဖြစ်၍လည်းဖြစ်သော၊ သုဒ္ဓေါ- သက်သက်သော၊ သဒ္ဒတ္ထော - သဒ္ဒါ၏အနက်သည်၊ ဣမ-ဤ လိင်္ဂတ္ထေ ပဉ္စမာသုတ်၌၊ လိင်္ဂတ္ထောနာမ-လိင်္ဂတ္ထမည်၏။

ပန-ဆက်၊ အာချာတ ကိတက တဒ္ဓိတ သမာသေဟိ-အာချာတ်, ကိတ်, တဒ္ဓိတ်, သမာသ်ဝါစကတို့သည်၊ ဝုတ္တော - ဟောအပ်သော၊ ကမ္မာဒိသံသဋ္ဌော – ကံ အစရှိသော အနက်တို့နှင့် ရောသော၊ ယော အတ္ထော - အကြင်အနက်သည်၊ (အတ္ထိ - ရှိ၏၊) သောပိ - ထို အနက် သည်လည်း၊ ဒုတိယာဒိနံ – အစရှိသည်တို့၏၊ ပုန - တဖန်၊ ဝါ-ထပ်၍၊ အဘ္ဘာသာ- မိမိသည်၊ ဝတ္တဗ္ဗသ - ဟောထိုက်သော၊ အတ္တဒိသေသသ-

လိင်္ဂသချာ၊ပေ၊ပဒတ္ထဘူတော–ဟိုသုဒ္ဓလိင်္ဂတ္ထသည် လိင်္ဂယုတ္တ (ပုလ္လိင်-ဣတ္ထိလိင်-နပုလ္လိင်နှင့် ယှဉ်သော) သဒ္ဒါနက်, သချာယုတ္တ (တစ် နှစ်စသော သချာနှင့်ယှဉ်သော) သဒ္ဒါနက်, ပရိမာဏယုတ္တ (တပြည်–တစိတ် စသော အတိုင်းအရှည်နှင့် ယှဉ်သော) သဒ္ဒါနက်လည်းရှိ၏၊ ထိုလိင်္ဂယုတ္တ-သချာယုတ္တ-ပရိမာဏယုတ္တ ၃မျိုးမှ အလွတ်ဖြစ်သော ဥပသာရ နိပါတ်ပုဒ်တို့၏ အာဒိ ကမ္မ အနက် သမုစ္စည်းအနက် စသော အနက်များလည်း ရှိ၏၊ ထို့ကြောင့် သုဒ္ဓလိင်္ဂတ္ထသည် လိင်္ဂယုတ္တ–သချာယုတ္တ-ပရိမာဏယုတ္တ–(ထို ၃မျိုးမှ လွတ်သော)ဥပသဂ္ဂါဒိပဒတ္ထ အားဖြင့် ၄ မျိုး ပြား၏–ဟု မှတ်။

ယော ပန၊ပေ၊ကမ္မာဒိသံသဋ္ဌော အတ္ထော–[အာချာတ်,ကိတ်,တဒ္ဓိတ် သမာသ် ဤ ၄ ပါးကို ဝါစကကြီး ၄ ပါးခေါ်ကြောင်း နားလည်နှင့်ရမည်၊ (ဝါစက–ဟောတတ်သောသဒ္ဒါ)၊] ဩဒနော-ထမင်းကို၊ပစ္စတိ–ချက်အပ်၏၊မဂ္ဂေါ-လမ်းကို၊ဂန္တဗ္ဗော–သွားအပ်၏၊ ဝေယျာကရဏိကော–ဗျာကရဏ်းကျမ်းကို သင်သူ၊ အာဂတသမဏော–ရဟန်းတို့ လာရောက်အပ်သော ကျောင်း၊ ဤပြယုဂ်တို့တွင် "ပစ္စတိ ဩဒနော " ၌ ဩဒနအရ ချက်ခြင်းကြိယာဖြင့် ရောက်အပ်သော ကံအနက်နှင့် ထမင်းဒြဗ်တည်းဟူသော အနက်တို့ကိုရ၏၊ ထို့ကြောင့် ထမင်းဒြဗ်တည်းဟူသော လိင်္ဂတ္ထသည် ကံအနက်နှင့် ရောနှော နေသော သံသဋ္ဌလိင်္ဂတ္ထ ဖြစ်၏၊ မဂ္ဂေါအရ လမ်းဒြဗ်တည်းဟူသော လိင်္ဂတ္ထ၌ ကံ အနက် ရောနေပုံ,ဝေယျာကရဏိကောအရ ဗျာကရဏ်းသင်သူ ဟူသော လိင်္ဂတ္ထ၌ "ဗျာကရဏ်းကို" ဟု ကံအနက် ရောနေပုံ, အာဂတသမဏောအရ ကျောင်းတည်းဟူသော လိင်္ဂတ္ထ၌ "လာရောက်အပ်"ဟု ကံအနက် ရောနေပုံများကို သိပါ၊ ကရိုဏ်းအနက် ကတ္တားအနက် စသည် ရောသော လိင်္ဂတ္ထ ပြယုဂ်များကိုလည်း ထုတ်ပြကြပါလေ။

သောပိ၊ပေ၊ပဉ္စမာယေဝ ဝိသယော — "ပစ္စတိ ဩဒနော " ၌ ဩဒန အရတွင် ပါဝင်သော ကံအနက်ကို ပစ္စတိ ဟူသော အာချာတ် ဝါစက သည် ဟောပြီး ဖြစ်၏၊

www.dhammaransi.com



အနက်အထူး၏၊ အဘာဝေန - မရှိတော့သည့် အတွက်၊ အဒိသယတ္တာ- သက်ရာ မဟုတ်သည့်၏ အဖြစ်ကြောင့်ရင်း၊ လိင်္ဂတ္ထမတ္တသ - လိန်အနက် သာမည၏၊ သဗ္ဗာဝတောစ - ထင်ရှားရှိသည့်၏ အဖြစ်ကြောင့်ရင်း၊ ("သဗ္ဗာဝတော" ဟု သိဟိုဠ်မူ၌ရှိ၏)၊ ပဌမာယေဝ-ပဌမာဝိဘတ်၏သာ၊ ဝိသယော-သက်ရာတည်း။

စ-အကျဉ်းချုပ်ကား၊ ဧတ္ထ-ဤအရာ၌၊ ( သင်္ဂဟဂါထာ-အကျဉ်းချုပ် ဂါထာသည်၊ ) ဟောတိ-ဖြစ်၏၊ ဥပသဂ္ဂတ္ထေ-ဥပသာရပုဒ်တို့၏ အနက် ၌ရင်း၊ ကေသဉ္စိ - အချို့ကုန်သော၊ နိပါတ သဒ္ဒါနံ - နိပါတ် သဒ္ဒါတို့၏၊ အတ္ထေ-အနက်၌ရင်း၊ သုဒ္ဓေ-သုဒ္ဓဖြစ်သော၊ လိင်္ဂါဒိကေစ-လိန်, သင်္ချာ, ပရိမာဏနှင့်ယှဉ်သော အနက်၌ရင်း၊ အဘိဟိတေ - အာချာတ်စသော ဝါစကတို့ ဟောအပ်ပြီးသော၊ ကမ္မာဒိအတ္ထေပိ - ကံ အစရှိသည်တို့နှင့် ရောသောအနက်၌ရင်း၊ ပဌမာဝ-ပဌမာဝိဘတ်သည်သာ၊ (ဟောတိ-၏)။

"ထမင်း+ချက်အပ်" ဟူသော မြန်မာပြန်ကို စဉ်းစားကြည့်ပါ, ကံ အနက်ကို ပစ္စတိက ဟောထားကြောင်း ထင်ရှားပါသည်၊ ဂန္တဗ္ဗော+မဂ္ဂေါ=သွားအပ်သော+လမ်း" စသည်တို့၌လည်း ကိတ် တဒ္ဓိတ် သမာသ်ဝါစကတို့သည် ကံအနက်ကို ဟောပြီးဖြစ်၏၊ ထို့ကြောင့် ဒုတိယာ ဝိဘတ်တည်းဟူသော မိခိသည် နောက်ထပ်ဟောဘို့ရာ ကံ အနက် မရှိတော့သည့်အတွက် ဩဒနော မဂ္ဂေါ စသည်တို့၌ ပါသော ကံ အနက်သည် ဒုတိယာ ဝိဘတ်၏ သက်ရာဌာန မဟုတ်ချေ၊ ဩဒန စသည်တို့ အရ၌ ထမင်းဖြစ်-လမ်းဖြစ်-ဗျာက ရုဏ်း အင်သူဖြစ်-ကျောင်းဖြစ်တည်း ဟူသော လိန်အနက် သာမညသာ ရှိတော့ရကား ဤ လိင်္ဂတ္ထေပဌမာသုတ်ဖြင့် ပဌမာဝိဘတ်၏ သက်ရာသာ ဖြစ်လေတော့သည်၊ [ ကာရိုက်း အနက်စသည်တို့နှင့် ရောသော သံသဋ္ဌလိင်္ဂတ္ထများ၌လည်း ဤနည်းပင်တည်း။ ]

သင်္ဂဟဂါထာ ။ ။ [ ဤဂါထာ၌ ယခုတွေ့ရသော မြန်မာမူအတိုင်း ဆန်းစစ်၍ မကောင်း၊ သီဟိုဠ်မူ အတိုင်းကား ပထျာအရိယာ ဂါထာတည်း၊ ထို့ကြောင့် သီဟိုဠ် မူအတိုင်း...."ပထမာ ဝုပသဂ္ဂတ္ထေ, ကေသဉ္စတ္ထေ နိပါတသဒ္ဒါနံ၊ လိင်္ဂါဒိကေစ သုဒ္ဓေ, ဘိဟိတေ ကမ္မာဒိအတ္ထေပိ"ဟုရှိရမည်၊ ] "ဥပသဂ္ဂတ္ထေနှင့် ကေသဉ္စတ္ထေနိပါတ သဒ္ဒါနံ" သည်"တဗ္ဗိနိမုတ္တုပသဂ္ဂါဒိပဒတ္ထာဘူတော သုဒ္ဓေါ"ကို အကျဉ်းချုပ်ပြသော စကားတည်း၊ [ "နမော ကရောဟိ" ၌ နမောနိပါတ်သည် ဒုတိယာဝိဘတ်၏ သက်ရာ ဖြစ်၏၊ ဤသို့ စသော နိပါတ်များကို ကြဉ်ဖယ်လို၍ ကေသဉ္စိသဒ္ဒါဖြင့် "ကေသဉ္စိနိပါတ" ဟု ဆိုသည်။ ]
" လိင်္ဂါဒိကေ သုဒ္ဓေ" ကား " ကမ္မာဒိ သံသဂ္ဂရဟိတော လိင်္ဂသင်္ချာ ပရိမာဏယုတ္တော သုဒ္ဓေါ" ကို အကျဉ်းချုပ်သော စကားတည်း၊ ထို့ကြောင့် လိင်္ဂါဒိ၌ အာဒိအရ သင်္ချာ ပရိမာဏကိုယူ၍, ထိုလိင်္ဂါဒိကေဖြင့် လိင်္ဂယုတ္တ-သင်္ချာသုတ္တ-ပရိမာဏယုတ္တအနက်များကို ယူ၊ "အဘိဟိတေ ကမ္မာဒိအတ္ထေ"ကား "ယောပန ၊ ပေ ၊ ပဌမာယေဝ ဝိသယော"ကို

www.dhammaransi.com



တာဝ - ဧရးဥုးစွာ၊ သလိင်္ဂေ - ပုလ္လိင်, ဣတ္ထိလိင်, နပုလ္လိင်နှင့် တကွဖြစ်သော လိင်္ဂတ္ထ၌၊ ( ဥဒါဟရဏံ - ဥဒါဟရဏ်ကား )၊ ဧသော-ဤသူကား၊ ပုရိသော-ယောကျ်ား၊ ဧတေ-ဤသူတို့ကား၊ ပုရိသာ-ယောကျ်ားတို့၊ ဧသာ - ဤသူမကား၊ ကညာ - သတို့သမီး၊ ဧတာ - ဤ သူမတို့ကား၊ ကညာယော - သတို့သမီးတို့၊ ဧတံ-ဤ တရားကား၊ စိတ္တံ-စိတ်၊ ဧတာနိ-ဤ တရားတို့ကား၊ စိတ္တာနိ-စိတ်တို့၊ သသင်္ချေ-သင်္ချာနှင့် တကွဖြစ်သော လိင်္ဂတ္ထ၌ (ဥဒါဟရဏံ-ကား၊)ဧကော-တယောက်၊ ဒွေ-၂ယောက်တို့၊ သပရိမာဏေ-အတိုင်းအရှည်နှင့်တကွဖြစ်သောလိင်္ဂတ္ထ၌၊(ဥဒါဟရဏံ-

အကျဉ်းချုပ်သော စကားဘည်း၊ ထို့ကြောင့် " ကမ္မာဒိအဇ္ဈေ " ကို " ကံ အစရှိသော အနက်၌"ဟု မပေးဘဲ"ကံ အစရှိသည်နှင့် ရောသော အနက်၌"ဟု ပေးသည်။

သလိင်္ဂေ ၊ ပေ ၊ လက္ခဏာဒိ—သုဒ္ဓလိင်္ဂတ္ထ၌"လိင်္ဂသင်္ချာ ပရိမာဏာယုတ္တော"ဟုရင်း,"တဗ္ဗိနိမုတ္တုပသဂ္ဂါဒိ ပဒတ္ထဘူတော"ဟုရင်း ဆိုခဲ့သည်အားလျော်စွာ လိင်္ဂယုတ္တ-သင်္ချာယုတ္တ - ပရိမာဏယုတ္တ - ဥပသဂ္ဂါဒိပဒတ္ထ၌ အာဒိအရ နိပါတပဒတ္ထတို့ကို အစဉ်အတိုင်း ပုံစံပြသိုရကား " သလိင်္ဂေ " စသည်ကို မိန့်၊ ရှေ့၌ " လိင်္ဂယုတ္တ " ဟူသည်နှင့် ဤ၌ "သလိင်္ဂ"ဟူသည် သဘောတူပင်တည်း၊ သင်္ချာယုတ္တ စသည်နှင့် သသင်္ချ စသည်တို့ သဘောတူကြောင်းကိုလည်း သိပါ။

သလိင်္ဂေ ၊ပေ၊ ဧတာနိ စိတ္တာနိ ---သလိင်္ဂေ၌ လိင်္ဂဟူသည် ပုလ္လိင် ဣတ္ထိလိင် နပုံလိင်တည်း၊ ယောကျ်ားဖြစ်သည် ပုံလိင်နှင့်ဘကွ ဖြစ်၏၊ ထို့ကြောင့် " ဧသော ပုရိသော " ဟုရင်း,ဗဟုဝုစ်ကိုပြသို၍"ဧတေပုရိသာ"ဟုရင်းထုတ်သည်၊ "ဧသော ပုရိသော ဂစ္ဆတိ" ဟု ပုံစံသုတ်လျှင် ဂစ္ဆတိအရ ကတ္တားအနက်ပါရသဖြင့် သံသဋ္ဌလိင်္ဂတ္ထ ဖြစ်သောကြောင့် ဤနေရာ၌ မထုတ်ပြဘဲ သုဒ္ဓလိင်္ဂတ္ထ ပုံစံ သက်သက်ကိုသာ ပြသို၍ ကြိယာ မပါဘဲ ထုတ်သည်၊ "ဧသာ ကညာ, ဧတာ ကညာယော " တို့ ကား ဣတ္ထိလိင်နှင့် တကွဖြစ်သော လိင်္ဂတ္ထ ပုံစံတည်း၊ [ ဤ၌ "ဧသာ ပညာ"ဟု မြန်မာမူ ရှိသည်ကား မကောင်း၊ ဣတ္ထိလိင် အရာဝယ် ကညာသဒ္ဒါသာ အသုံးများ၍ ကညာဒိဂိုဏ်း ဟုပင် ပြခဲ့ရသည်၊ ] "ဧတံ စိတ္တံ, ဧတာနိ စိတ္တာနိ"တို့ကား နပုလ္လိင်နှင့် တကွဖြစ်သော လိင်္ဂတ္ထ ပုံစံတည်း။

သသင်္ချေ,ဧကော ဒွေ—"ဧကော-တယောက်"ဟူရာ၌ "တယောက်"အရ တစ်ဟူသော သင်္ချာ အနက်ကိုရင်း, တယောက် ဟု ပြောဆိုအပ်သူ လူ ဒြဗ်ကိုရင်း ရ၏၊ ထို့ကြောင့် "ဧကော"အရ လိင်္ဂကို "တစ်"သင်္ချာနှင့် တကွဖြစ်သော လိင်္ဂတ္ထ ဟု ဆိုသည်၊ ဒွေကား ဗဟုဝုစ်ဖြစ်၍"၂"သင်္ချာနှင့် တကွဖြစ်သော လိင်္ဂတ္ထတည်း။

သပရိမာဏေ၊ပေ၊အာဠှကံ — "ဒေါဏော"အရ"တစိတ်"ဟူသော အတိုင်းအရှည် ပရိမာဏ အနက်ကိုရင်း , တစိတ်ရှိသော စပါးဒြဗ် စသည်ကိုရင်း ရ၏၊ ထို့ကြောင့် " ဒေါဏော" အရ လိင်္ဂတ္ထကို ပရိမာဏနှင့် တကွဖြစ်သော လိင်္ဂတ္ထ ဟု ဆိုသည်၊ ခါရီ-အာဠှကံတို့လည်း နည်းတူ။

www.dhammaransi.com



ကား၊ ) ဒေါဏော - တစိတ်၊ ခါရီ - တတင်း၊ အာဠှကံ- တပြည်၊ လိင်္ဂတ္ထ ဝိနိမုတ္တေ - လိင်အစရှိသည်မှ လွတ်သော၊ သတ္တာမတ္တေ - သမုစ္စည်း စသောအနက်၏ ထင်ရှားရှိခြင်း မျှ၌၊ (ဥဒါဟရဏံ-ကား၊) စ-လည်း၊ ဝါ-သော်လည်း၊ ဟ-ဟာ၊ ဟံ-ဟင်း၊ အတ္တိ-ရှိ၏၊ သက္ကာ - တတ်ကောင်း၏၊ လဗ္ဘာ-ရအပ်၏၊ ရုက္ခာဒိ-တည်း။

လိင်္ဂတ္ထေပဌမာတိ - သုတ်ကို၊ အဓိကိစ္စ - ၍၊ အာလပနေစာတိ - သုတ်ဖြင့်၊ အာလပနတ္ထေစ - အာလုပ်အနက်၌လည်း၊ [ စသဒ္ဒါဖြင့် လိင်အနက်ကို ပေါင်းသည်။ ] ပဌမာ - ပဌမာဝိဘတ်သက်၊ အဘိမုခံကတွာ-

လိင်္ဂတ္ထ ဝိနိမုတ္တေ သတ္တာ မတ္တေ—စ ဝါ စသော နိပါတ်ပုဒ်၏ အနက်တို့၌ လိင်-သင်္ချာ-ပရိမာဏ အနက်များ မပါသောကြောင့် "လိင်္ဂတ္ထ ဝိနိမုတ္တေ" ဟု မိန့်သည်၊ "သတ္တာ" ဟူရာ၌ သန္တ-ထင်ရှားရှိသည်၏+ဘာဝေါ - အဖြစ်တည်း၊ သတ္တာ-ထင်ရှားရှိသည်၏ အဖြစ်၊ ဤသို့ သဒ္ဒါနက် ထွက်သော်လည်း လိင် သင်္ချာ ပရိမာဏ ဟူသော အနက်ထူး မပါသော သမုစ္စည်းအနက် ဝိကပ်အနက် စသည်တို့ကိုပင် သတ္တာ အနက်ဟု ခေါ်သည်၊ ပုရိသ သဒ္ဒါ၏ လိင်အနက်ဒြဗ်အနက် မပါသေးသော "ယောကျ်ားဇာတ်" ဟူသော သကတ် အနက်လည်း "သတ္တာ" အနက်ပင်တည်း၊ အာချာတ် ကြိယာများ၌ သတ္တာ ကြိယာသည် သာမညကြိယာ ( အများနှင့် ဆက်ဆံသော ကြိယာ ) ဖြစ်သကဲ့သို့ ဤလိင်္ဂတ္ထ အရာ၌ သတ္တာအနက်လည်း သာမညလိင်္ဂတ္ထပင် ဖြစ်သည်၊ မည်သည့် သဒ္ဒါမဆို သာမညဖြစ်သောသတ္တာအနက်ကို ရှေးဦးစွာဟောပြီးမှ ဟောစရာ ရှိသေးလျှင် အခြားအနက်များကို နောက်မှ ဆက်လက်၍ ဟောသတဲ့၊ ဤသို့လျှင် စ-ဝါ-တို့၏ သမုစ္စည်း ဝိကပ် စသော အနက်သည် သာမညအနက် ဖြစ်သောကြောင့် "သတ္တာ မတ္တေ" ဟု မတ္တ သဒ္ဒါဖြင့် မိန့်သည်၊ [အတ္ထ မတ္တေ-ဟု မြန်မာမှုရှိသည်မှာ အခြားကျမ်း အဆိုနှင့်ရင်း "အဒဗ္ဗဘူတ သမုစ္စယနာဒိ သဗ္ဘာဝမတ္တေ" ဝယ် "သဗ္ဘာဝ" ဟူသော ဋီကာအဖွင့်နှင့်ရင်း မညီ၊ ထိုစကားမှန်၏-"အတ္တ ရှိလျှင် သဗ္ဘာဝဟု မဖွင့်ထိုက်! သတ္တာ ရှိသောကြောင့်သာ သတ္တာကို သဗ္ဘာဝ (သန္တ+ဘာဝ) ဟု ဖွင့်သည်။ ]

[ချာသ] သဒ္ဒေါ ပဟိ ပဌမံ သတ္တာဘိဓေယျကော, တတော တံမုခေန တဿ လိင်္ဂေနဝါ ဝစနေနဝါ (ဝုစ်နှင့်ရင်း) ယောဂေါ ဝုတ္တော။

စ ဝါ၊ ပေ၊ လဗ္ဘာ—အနက်ကို နိဿယအတိုင်း သိ၊ ဟ၏နောက်၌ "အဟံ" ဟုရင်း "အဟ" ဟုရင်း မြန်မာမှုနှင့် သီဟိုဠ်မှုရှိ၏၊ ရှေးပါတ်ခဏ်း၌ "အဟံ-အဟ" ၂မျိုးလုံးကို မပြခဲ့၊ "ဟံ" ဟူသာ ပြခဲ့သဖြင့် "ဟံ" ဟု ရှိသင့်သည်၊ [ဤပုံစံများသည် နိပါတ်ပုဒ်ချည်း တည်း၊ ဥပသာရများမှာ သူတို့ချည်းသက်သက် ဝိဘတ်ဆုံးလျက် မနေနိုင်ကြသဖြင့် မပြ ဟန်တူသည်၊ ရုပ်တူကြားရာ၌ "စ" ကို "စ" တည်, သမုစ္စည်းအနက်ဟူသော လိင်္ဂတ္ထမျှ ရှိသောကြောင့် လိင်္ဂတ္ထေပဌမာသုတ်ဖြင့် သိသင့်, သဗ္ဗာသ မာဝုသောစသော သုတ်ဖြင့် ချေ, "ဝါ" စသည်လည်း နည်းတူ။

www.dhammaransi.com



ရှေးရှုပြု၍၊ လပနံ - ပြောဆိုခြင်းသည်၊ အာလပနံ - အာလုပ်မည်၏၊ အာမန္တဏံ- ရှေးရှုပြောဆိုခြင်း၊ အဝှါနံ-ခေါ်ခြင်း၊ ဣတိအတ္ထော - ဤကား အနက်၊ စ - ဆက်ဦးအံ့၊ ဧတ္ထ-ဤ အာမန္တဏံ အဝှါနံဟူသော အဖွင့်၌၊ အာမန္တဏံနာမ - အာမန္တဏ မည်သည်၊ ပဂေဝ - ရှေးဦးကပင်လျှင်၊ လဒ္ဓသရူပဿ-ရအပ်သော သရုပ်သဘောင်ရှိသော ဝတ္ထုကို၊ သဒ္ဒေန-အသံဖြင့်၊ အဘိမုခီကရဏံ-ရှေးရှု ပြုခြင်းတည်း။

သ လိင် စသည်ကို ပုံစံထုတ်ရပုံ ။ ။ လိင်္ဂတ္ထ ပုံစံကို ထုတ်ရာ၌ သလိင်-သသင်္ချာ-သ ပရိမာဏနှင့် တဗ္ဗိနိမုတ္တ သတ္တာမတ္တဟု ဤ ၄ မျိုးကို ဘာ့ကြောင့် ထုတ်ရသနည်း-ဟု မေးဘွယ်ရှိ၏၊ အဖြေကား- "ပါဋိပဒိကတ္ထ လိင်္ဂပရိမာဏ ဝစနမတ္တေ ပဌမာ" ဟူသော သဒ္ဒသတ္ထ (ပါဏိနိ) သုတ်ကို မှီ၍ ထို ၄ မျိုးကို ထုတ်ပြရသည်၊ ထို၌ ပါဋိပဒိကတ္ထ ဟူသည် ဤ၌ သတ္တာမတ္တနှင့် အတူတည်း၊ လိင်္ဂပရိမာဏတို့မှာ ထင်ထင်ရှား တူပြီ၊ ဝစနဟူသည် လည်း ဤ၌ သင်္ချာနှင့် သဘောတူပင် ဖြစ်၏၊ သို့ဖြစ်လျှင် "ထိုသတ္ထ သုတ်၌လည်း ဤသလိင် စသော ၄ မျိုးကို အဘယ့်ကြောင့် ပြရသနည်း" ဟု မေးဘွယ်ရှိ၏၊ ထို ၄ မျိုး ဖြင့်ပင် လိင်္ဂတ္ထအားလုံးကို သိမ်းကြုံးနိုင်သောကြောင့် ထို၄မျိုးကိုသာ ပြသည်၊ ချဲ့ဦးအံ့- "သလိင်" ဖြင့် လိင်နှင့်တကွ ဖြစ်သော ဒြဗ်နက် တည်းဟူသော လိင်္ဂတ္ထ အားလုံးကို သိမ်းကြုံးနိုင်ပြီ၊ သသင်္ချဖြင့် ဧက ဒွိ တိ စသော သင်္ချာသဒ္ဒါတို့၏ အနက်ဖြစ်သော လိင်္ဂတ္ထ အားလုံးကို သိမ်းကြုံးနိုင်ပြီ၊ သပရိမာဏဖြင့် တင်းတောင်းအတိုင်းအရှည်ဆိုင်ရာ လိင်္ဂတ္ထ အားလုံးကို သိမ်းကြုံးနိုင်ပြီ၊ ပါဋိပဒိကတ္ထ ဟု ဆိုအပ်သော သတ္တာမတ္တဖြင့် ဥပသာရ နိပါတ်တို့၏ အနက်ဖြစ်သော လိင်္ဂတ္ထ အားလုံးကို သိမ်းကြုံးနိုင်ပြီ၊ ထို့ကြောင့် ထို ၄မျိုး ကိုသာ ထုတ်ပြရသည်၊ ကစ္စည်းသုတ်၌ကား အချုတ်ကြိယာမှ တပါးသော ပုရိသ စသော သဒ္ဒနာမ်, သဗ္ဗစသော သဗ္ဗနာမ်, ဧက ဒွိ တိ စသော သင်္ချာဝါစကနာမ်- ဒေါဏ စသော ပရိမာဏ ဝါစကနာမ်, သမာသ်နာမ်, တဒ္ဓိတ်နာမ်, ကိတ်နာမ် ဟူသမျှသည် ဝိဘတ်မသက်ခင် ရုပ်တည်တုန်းအခိုက်၌ "လိင်+အင်္ဂ" စသော အနက်အရ လိင်အမည် ရှိကြသည်ချည်းသာ၊ ထိုလိင် ဟူသမျှ၏ ယောကျ်ားဒြဗ် စသော အနက်များလည်း လိင်္ဂတ္ထ မည်သည်ချည်းသာ-ဟု နလုံးပိုက်၍ သတ္ထတ သဒ္ဒါကျမ်းကဲ့သို့ မခွဲခြားတော့ဘဲ အားလုံးကို သိမ်းကြုံး၍ "လိင်္ဂတ္ထေ ပဌမာ" ဟု သုတ်တည်လိုက်တော့ သတည်း။ [ကြွင်းသော မှတ်ဘွယ်ကို ကစ္စည်းဘာသာဋီကာမှာ ရှု။]

[ဆောင်] သတ္ထတရှိ, သုတ်ကိုကြည့်သော်, ပါဋိပဒိက, လိင်-ပရိမာ, ဝစနာမတ္တ, ခွဲခြားပြလည်း, လိင်္ဂတ္ထတွင်း, အားလုံးသွင်း၍, အကျဉ်းမျှပေ, လိင်္ဂတ္ထေဟု- ဆက်လေ ပဌမာ, သုတ်တည် ပါသည်. ဆရာကစ္စည်း ဉာဏ်တော်တည်း။

ဋီကာ၊ပေ၊အဘိမုခီကရဏံ — [ ပဂေဝ=ခေါ်မှီ ရှေးဦးစွာ+လဒ္ဓ=ရအောင်ပြီး သော (ရှိပြီးသော)+သရူပ=သရုပ်သဘောင် (ခေါ်ဘို့ ထူးဘို့ အရာဝတ္ထု)] တကယ် မြစ်စေ-လုပ်ကြံ၍ဖြစ်စေ ရှိနှင့်ပြီးသော ဝတ္ထုကိုသာ ခေါ်၍ဖြစ်၏, မရှိသေးသောဝတ္ထုကို

www.dhammaransi.com



ပန - ဆက်၊ ကတာဘိမုခေါ- ပြုအပ်ပြီးသော ရှေးရှု၏ အဖြစ်ရှိသူကို၊ ဂစ္ဆာတိအာဒိနာ - ဂစ္ဆ အစရှိသော၊ နယေန - နည်းဖြင့်၊ ကိရိယာယ - ကြိယာနှင့်၊ ယောဇီယတိ - ယှဉ်စေအပ်၏၊ ဝါ - ပေါင်းအပ်၏၊ တသ္မာ - ထို့ကြောင့်၊ အာမန္တဏာ သမယေ - ခေါ်ရာ အခါ၌၊ ကြိယာယောဂါဘာဝတော - ကြိယာနှင့် စပ်ခြင်း မရှိသည်၏ အဖြစ်ကြောင့်၊ နှုန်း - ဤ အာလုပ်သည်၊ ကာရကာဝေါဟာရံ-ကာရကဟူသော အခေါ်အဝေါ်ကို၊ နလဘတိ-မရ။

စ- သာဓကကား၊ သဒ္ဒေနာဘိမုခီကာရော ၊ ပေ၊ နတ္ထိ ရာဇာ ဘဝေ တိဒန္တိ-၊ ပေ၊ ဟူ၍၊ ဝုတ္တံ-ရှေးဆရာတို့ မိန့်အပ်ပြီ၊ [ဝိဇ္ဇမာနဿ-ထင်ရှားရှိသော၊ ဝတ္ထုနော - ဝတ္ထုကို၊ သဒ္ဒေန - အသံဖြင့်၊ အဘိမုခီကာရော - ရှေးရှုပြုခြင်းသည်၊ အာမန္တဏံ - အာမန္တဏမည်၏၊ “ရာဇာ-မင်းသည်၊ ဘဝ - ဖြစ်ပါလော၊ ” ဣတိ- ဤသို့၊ ဝိဓေတဗ္ဗေ-စီမံထိုက်သော အရာ၌၊ ဣဒံ-ဤ အာလုပ်သည်၊ နတ္ထိ-မရှိ။]

ဘော ပုရိသ - အိုယောကျ်ား၊ ဧဟိ- လာလော၊ ဘော ပုရိသာဝါ- ဘောပုရိသာ ဟု လည်း ရှိ၏၊ ဘဝန္တော ပုရိသာ - အို ယောကျ်ားတို့၊ ဧထ-လာကြကုန်လော။

ခေါ်၍ မဖြစ်၊ ထို့ကြောင့် မခေါ်မီက ရှိနှင့်ပြီးသော သက်ရှိ သက်မဲ့ ဝတ္ထုတခုခုကို အသံထုတ်၍ ရှေးရှုပြုခြင်းကို “အာမန္တဏ” ဟု ဆိုသည်၊ “သဒ္ဒေန အဘိမုခီကရဏံ” ဟုရာ၌ ခေါ်လိုသည့်အခါ စိတ်ထဲက ခေါ်နေ၍ မဖြစ် , ( လေသံကလေးမျှ ဖြစ်စေ ) အသံထုတ်လိုက်ဦးမှ ခေါ်ခြင်းကိစ္စ အထမြောက်သောကြောင့် “သဒ္ဒေန ” ဟု ဆိုသည်၊ တစုံတခု အကြောင်း အရာကို ပြောဆိုရာ၌ သူတပါးကို ရှေးရှုပြုသော အမှုအရာမပါ၊ ခေါ်သံထူးသံ၌သာ“ရဟန်းတို့, အရှင်ဘုရား”စသည်ဖြင့် တဦးက တဦးကို ရှေးရှုပြုပုံ အမှုအရာပါ၏၊ ထို့ကြောင့်”အဘိမုခီကရဏံ”ဟု ဆိုသည်။

ကတာဘိမုခေါ၊ ပေ၊ နလဘတိ— [“ကြိယံဝါ”ဟု အချို့စာရှိ၏၊ ယုတ္တန ကြိယာ သည် “စိတ္တေန+သမ္ပယုတ္တော” ကဲ့သို့ သဟာဒိယောဂ အနက်နှင့်သော်လည်း တွဲနေတတ်၏၊ “သတ္တသဗ္ဗတ္ထယုဇ္ဇန္တိ”ကဲ့သို့အာဓာရနှင့်သော်လည်း တွဲနေတတ်၏၊ဝါသဒ္ဒါ၏ ဝိကပ်နက် သမုစ္စည်းနက်များလည်း မလို၊ ထို့ကြောင့် “ ကြိယာယ ယောဇီယတိ ” ဟု သီဟိုဠ်မူနှင့် သဒ္ဒနီတိ၌ ရှိသည်၊ ] လူတယောက်ကို ခေါ်ပြီး- ထူးပြီးသည့် အခါကျမှ မိမိ ဆက်လိုရာကြိယာကို ဆက်နိုင်၏၊ ဥပမာ“ ဘောပုရိသ ”ဟု ခေါ်ပြီးမှ“ဂစ္ဆ”ဟု ဖြစ်စေ “ဘုဉ္ဇ”စသည်ဖြစ်စေ ကြိယာတခုခုနှင့် ယှဉ်စပ်နိုင်သည်၊ ခေါ်တုန်းဆဲဆဲမှာ ယှဉ်ပေးဘို့ရာ ကြိယာမရှိသေး၊ ကြိယာ မရှိသေးလျှင် “ကြိယံ ကရောတီတိ ကာရကံ” ဟူသော ဝိဂ္ဂဟနှင့် မညီရကား အာလပနသည် ကာရက အမည်ကို မခံရ၊ “အကာရကသာ”ဟူသို။

www.dhammaransi.com



(၂၈၄) ကသ္မိံအတ္ထေ-၌၊ ဒုတိယာ-ဒုတိယာဝိဘတ်သက်သနည်း။

ကမ္မတ္ထေ ဒုတိယာ ။ ၂၉၇ ။ ကမ္မတ္ထေ ၊ ပေ၊ ဟောတိ၊ အနဘိဟိတေဝ-မဟောအပ်သော အဝုတ္တကံ၌သာ၊ အယံ- ဤ ဒုတိယာဝိဘတ်သည်၊ (ဟောတိ)၊ စ-ဆက်၊ ဧတ္ထ-ဤ အဝုတ္တကံ၌သာ ဒုတိယာသက်ရာ၌၊ ကမ္မနိ ဒုတိယာယံ တ္ဝာ၊ ဝတိ ငစနံ- ကမ္မနိ ဒုတိယာယံ တ္ဝာ ဟူသော စကားသည်၊ ဉာပကံ-သိစေတတ်သော စကားတည်း။

(၂၈၅) ကမ္မံ-ကံဟူသည်၊ ကိံ-အဘယ်နည်း၊ ယေန ဝါကျယိရတေ တံ ကရဏံ တိ ဣတော-သုတ်မှ၊ ဝါတိ ဝတ္တတေ။

ယံ ကရောတိ တံ ကမ္မံ။ ၂၀၀ ။ [ အနက်ကို နာမ်ခဏ်း၌ ဆိုခဲ့ပြီ။ ]

ဣဓ - ဤ ကာရက အရာ၌၊ လိင်္ဂကာလငစနံ - လိင် ကာလ ဝုစ်သည်၊

သဒ္ဒေနာဘိ၊ပေ၊ဘဝေတိဒံ—ဤဂါထာကို မဉ္ဇူသာကျမ်း၌ဆိုသည်-ဟုဋီကာဖွင့်၏၊ ထိုဂါထာ၌"ဝိဇ္ဇမာနဿ ဝတ္ထုနော"သည်"ပဂေဝ လဒ္ဓသရူပဿ"၏ သာဓက၊ "သဒ္ဒေနာဘိမုခီကာရော"သည်"သဒ္ဒေန အဘိမုခီကရဏံ"၏သာဓက၊"ဝိဓာတဗ္ဗ နတ္ထိ ရာဇာ ဘဝေတိဒံ"ကား"ဝိဇ္ဇမာနဿ ဝတ္ထုနော"၏ ဗျတိရေက(ပြောင်းပြန်အနက်)ကို ပြသော စကားတည်း၊ "ထင်ရှား ရှိပြီးသောဝတ္ထုကိုသာ ခေါ်ခြင်းငှါ တတ်ကောင်းသည် , မင်း ဖြစ်ပါလော (ရှင်ဘုရင်လုပ်ပါလော)"ဟု တိုက်တွန်းရာ၌ ရှင်ဘုရင်ဖြစ်ပြီးသူ မရှိသေး-ရှင်ဘုရင်လောင်းသာ ရှိသေး၏၊ ထိုသို့ ရှင်ဘုရင်တည်းဟူသော အရာဝတ္ထု ထင်ရှားမရှိသေးရာ၌ "ဘောရာဇ....တွံ ရာဇာ ဘဝ=အို ရှင်ဘုရင်....သင်သည် ရှင်ဘုရင် ဖြစ်ပါလော"ဟူရာဝယ်"ဘော ရာဇ"ဟူသော ဤ အာလပနပုဒ်(အာလုပ်)ပုဒ်ကို မဆိုနိုင်-ဟူလို။

(၂၈၄) အနဘိဟိတေ ဝေါယံ၊ပေ၊ဉာပကံ—အဘိဟိတနှင့် ဝုတ္တ, အနဘိဟိတနှင့် အဝုတ္တသည် သဘောတူ၏၊ အနဘိဟိတေဝ၌ ဧဝဖြင့် အဘိဟိတ ကံ၌ ဒုတိယာ မသက်ရ-ဟု ကန့်သည်၊"အဝုတ္တကံ၌သာ ဒုတိယာသက်ရမည်, ဝုတ္တကံ၌ဒုတိယာ မသက်ရ"ဟူသော အဓိပ္ပါယ်ကို "ကမ္မနိ ဒုတိယာယံ တ္ဝာ" သုတ်က သိစေသည်၊ အကျယ်ကို ထိုသုတ်လှမ်းကြည့်ပါ။

(၂၈၅) ဣဓလိင်္ဂ၊ပေ၊အတန္တိ— [ယံ ကရောတိဖြင့် ပြုအပ် ဖြစ်စေအပ်သော နိဗ္ဗတ္တိကံကို,ယံဝိကရောတိဖြင့် ဝိကတိကံကို,ယံ ပဿတိဖြင့် ပတ္တိကံကိုပြ၏၊] "ယံ ကရောတိ"၌ ကရောတိသဒ္ဒါသည် ပစ္စုပ္ပန်ကာလကိုဟောသော ကေဝုစ်ကြိယာတည်း၊ ယံသဒ္ဒါလည်း ကေဝုစ်ပင်၊ ကရောတိ ကြိယာ၏ ကတ္တားက "ပုရိသော" ဟု ထည့်လျှင် ပုလ္လိင်သဒ္ဒါတည်း၊ ဤကာရကကိုပြရာအခဏ်း၌ ထိုလိင်-ကာလ-ဝုစ်တို့သည် ပမာဏ မဟုတ်ကြ၊ ထို့ကြောင့်"ယောကရောတိ"...."ယာ ကရောတိ"...."ယံ ကရောတိ"ဟု လိင်အမျိုးမျိုးငြင်း, "ယော အကာသိ"...."ယော ကရိဿတိ"ဟု ကာလ အမျိုးမျိုးငြင်း, "ကရောန္တိ, ကရိံသု, ကရိဿန္တိ" ဟု ဗဟုဝုစ်ငြင်း, သုံးစွဲရာ၌လည်း ဤသုတ်ဖြင့်ပင် "ကမ္မ" အမည် မှည့်နိုင်သည်-ဟု မှတ်။

www.dhammaransi.com



အတ္တနာ-ပဓာန မဟုတ်၊ ကရိယတိ - ပြုအပ်၏၊ ဣတိ, ကမ္မံ - ကံ မည်၏၊ တတ္ထ-ထို"တံ ကာရကံ"ဟူသော စကားရပ်၌၊ ကြိယာနိပ္ဖတ္တိကာရဏံ- ကြိယာပြီးခြင်း၏အကြောင်းကို၊ ကာရကံ-ကာရက ဟူ၍၎င်း၊ သာဓကံ- သာဓက ဟူ၍၎င်း၊ ဥစ္စတေ-ဆိုအပ်၏။

ပန-ဆက်၊ တံ ကာရကံ - သည် ကမ္မံ-ကမ္မကာရကၡင်း၊ ကတ္တာ- ကတ္တုကာရကၡင်း၊ပေ၊ဩကာသော-ဩကာသကာရကၡင်း၊ ဣတိ- သို့၊ ဆဗ္ဗိဓံ-၏၊ တတ္ထ-ထို ကာရကအရာ၌၊ သဘာဝတော၀ါ - ထင်ရှား ရှိသောအားဖြင့် သော်၎င်း၊ ·ပရိကပ္ပတော၀ါ - ကြံဆခြင်း တင်စားခြင်း အားဖြင့်သော်၎င်း၊ ကမ္မာဒိမှ-ကံအစရှိသောအနက်သည်၊ သတိယေ၀- ရှိမှသာ၊ ကြိယာဘာဝတော - ကြိယာ ဖြစ်နိုင်ခြင်းကြောင့်၊ ကမ္မာဒိနံ-ကံ အစရှိကုန်သော၊ ဆန္နံပိ - ၆ ပါးသော အနက်တို့၏သည်း၊ ကာရက ဝေါဟာရော-ကာရကဟူသော အခေါ်အဝေါ်သည်၊ သိဒ္ဓေါ၀-ပြီးတော့ သည်သာလျှင်၊ ဟောတိ-၏။

ကရိယတီတိ ကမ္မံ — "ကရိယတီတိ ကမ္မံ"ဟု ကမ္မသဒ္ဒါဝိဂြိုဟ်ပြုပုံကို ထောက်လျှင် ယံ ကရောတိသုတ်၌ ယံ အရကိုပင် အရကောက်ရမည်-ဟု သိသာ၏၊ ထို့ကြောင့် " ယံ- အကြင်ကာရကကို၊ ကရောတိ-ပြု၏၊ တံ-ထိုပြုအပ်သော ကာရကသည်"ဟု ဝုတ္တကံသံ ပါအောင် "အပ်"ဟုအနက်ပေးပါ၊"ယံကရောတိ"ဝါကျကိုသည်း "နိဿာယနံ ဝသတိ" ကဲ့သို့ အဝုတ္တကမ္မသာဓနကို ပြသော ဝါကျဟု မှတ်။

တတ္ထ ကာရကံ ၊ပေ၊ ကာရကာ မုစ္စတေ — " ကရောတိ ကြိယံ အဘိနိပ္ဖါဒေတီတိ ကာရကံ"နှင့်အညီ ကြိယာကို ပြီးစေတတ်သော အနက်သည် ကာရကမည်၏၊ "ပြီးစေ တတ်"ဆိုလျှင် ပြီးကြောင်း"လည်းဖြစ်နိုင်၏၊ ထို့ကြောင့် "ကြိယာ နိပ္ဖတ္တိကာရဏံ"ဟု မိန့်သည်၊ ထိုကာရဏံကိုထောင်၍ ကတ္တုသာဓနအပြင် "ကရောတိ အနေနာတိ ကာရကံ" ဟု ကရဏသာဓနပြုဘို့ရန်လည်း ခွင့်ပြုကြပြန်၏၊ ကြိယာကို ပြီးစေတတ်သောကြောင့်ပင် "သာဓေတီတိ သာဓကံ"ဟူသော ဝိဂြိုဟ်အရ ကာရကကို သာဓက"ဟုလည်း နာမည် တမျိုးပေးနိုင်သည်။

[ဆောင်] ပြီးစေတတ်က, ပြီးကြောင်းရနှ၏, ကရဏ ကတ္တု,
ကာရကကို ဝိဂြိုဟ်ပြု........ရှေးနိယာမ်။

တတ္ထသဘာဝတော၊ပေ၊သိဒ္ဓေါ၀ — သဘာဝ ဟူသည် အစစ်အမှန် ထင်ရှား ရှိသော(မှချဖြစ်သော) ကာရကတည်း၊ [သ=ထင်ရှား+ဘာဝ=ရှိသည်။] ပရိကပ္ပ ဟူသည် ကြံစီအပ် တင်စားအပ်သော ကာရကတည်း၊ သဘာဝတောဖြင့် ကတ္တုကာရ ကကို ပြ၍ ပရိကပ္ပတောဖြင့် ကံ စသော ၅ ပါးကို ပြသည်၊ ချဲ့ဦးအံ့ — "ပုရိသော မဂ္ဂံ ဂစ္ဆတိ စသည်၌ သွားခြင်းကြိယာကို ယောကျ်ားသည် သတ္တိကသာ ပြီးစေ၏၊ ထို့ကြောင့်

www.dhammaransi.com



ပန-ဆက်၊ တံကမ္မံ – သည်၊ နိဗ္ဗတ္တနီယံ-နိဗ္ဗတ္တနီယကံငင်း၊ ဝိကရဏီယံ – ငင်း၊ ပါပုဏနီယဉ္စ – ပါပုဏနီယ ကံပင်း၊ ဣတိ – သို့၊ တိဝိဓံ-၏၊ ယထာ-ကား၊ မာဘာ ပုတ္တံ ဝိဇာယတိ ၊ ပေ ၊ ပဏ္ဍိတေ ပယိရုပါသတိ-တည်း၊ [အမိသည် သားကို ဖြစ်စေ၏ (ဖွား၏)၊ အာဟာရသည် ချမ်းသာကို ဖြစ်စေ၏၊ ဒေဝဒတ်သည် ဖျာကို ပြု၏၊ ( " ဃဋံ – အိုးကို "ဟုလည်း

ပုရိသော ကတ္တားသည့် ကြိယာကို ပြီးစေဘို့ရန် အစစ်အမှန် သဘာဝတည်း၊ မဂ္ဂ ကား ယောကျ်ားက သွားခြင်းကြိယာကို ပြီးစေရာဝယ် အထောက်အပံ့မျှသာ ဖြစ်၏၊ ထို့ကြောင့် အကျိုးကတ္တား၏ ကာရက အမည်ကို အကြောင်း အထောက်အပံ့ ကံ၌ပါ၌ တင်စားအပ်သော ဖလူပစာရကာရကဖြစ်၍ မဂ္ဂ သည် ပရိကပ္ပကာရကတည်း၊ ဤသို့ သဘာဝ အားဖြင့်ဖြစ်စေ ပရိကပ္ပအားဖြင့်ဖြစ်စေ ကံစသော အနက်များရှိမှသာ ဆိုင်ရာကြိယာတို့ ဖြစ်နိုင်သောကြောင့် ကံစသော အနက် ၆ ပါးလုံးပင် " ကာရက " ဟူသော အခေါ် အဝေါ်များ ပြီးကြရသည်။

မှတ်ချက်။ ။"ကတ္တု ကာရကသည် စင်စစ်ကြိယာကို ပြီးစေတတ်သောကြောင့် မုချအားဖြင့် ကာရကမည်၏၊ ကံ အစရှိသော ၅ ပါးသော ကာရကတို့သည် ကြိယာကို ပြီးစေခြင်း၏ အကြောင်းဖြစ်၍ ဖလူပစာရတ္တ အားဖြင့် ကာရက မည်ကုန်၏" ဟူသော ပုဒ်စစ်စာသွားကို နည်းမှီး၍ ဤ၌ သဘာဝကာရက ပရိကပ္ပကာရက ဟု ခွဲပြလိုက်သည်၊ ဤသို့ ခွဲခြင်းသာ "ကမ္မာဒိနံ ဆန္နံပိ" ၌ ပိနိပါတ် ထားပုံနှင့် သင့်လျော်၏၊ သင့်လျော်ပုံ ကား — "ဆရာ,....ကြိယာကို မုချ ပြီးစေနိုင်သော ကတ္တားအနက် တခုအတွက်သာ ကာရက ဝေါဟာရ ပြီးသင့်သည် မဟုတ်ပါလော" ဟု စောဒနာဘွယ် ရှိသောကြောင့် ဆန္နံပိဟု မိန့်၊ ကတ္တားအနက် တခုအတွက်သာ မက, ၆ပါးလုံးပင် မုချအားဖြင့် ဖြစ်စေ ဖလူပစာပရိကပ္ပအားဖြင့် ဖြစ်စေ ကာရကဝေါဟာရ ပြီးသင့်သည် – ဟူလို၊ နိဒ္ဒေသ၌ လည်း ဤအတိုင်း ခွဲထားသည်ကို တွေ့ရ၏။

ဋီကာ၌ကား "အသန္တံ ဃဋံ ကရောတိ= ထင်ရှား မရှိသော အရာကို အိုးလုပ်၏၊ အဘာဝံ ဝိသယံ ကရောတိ=မရှိခြင်း ( အဘာဝ ပညတ် )ကို အာရုံပြု၏ " စသည်၌ အသန္တံ-အဘာဝံ ဟူသော ကံတို့သည်လောက၌ ထင်ရှားမရှိဘဲ ကြံစီအပ်သောကြောင့် ( တဒ္ဓမ္မူပစာရအားဖြင့် တင်စားအပ်သောကြောင့် ) ပရိကပ္ပ ကာရက တို့တည်း၊ " ရူပံ ပဿတိ-သဒ္ဒံ သုဏာတိ " စသည်၌ ရူပံ သဒ္ဒ စသည်တို့ကား လောက၌ ထင်ရှား ရှိသောကြောင့် သဘာဝကာရက တို့တည်း ဟု ခွဲလေသည်၊ ထို ခွဲပုံသည် သဒ္ဒနီတိ "အသန္တံ သန္တံဝ ကပ္ပိယတိ,တဒ္ဓ"ဟူသော ပရိကပ္ပိတ ကတ္တားကိုပြသော သုတ်နှင့်လည်း တူပေ၏၊ သို့သော် ဆန္နံပိ၌ ပိနိပါတ်ထားပုံဖြင့်ကား စဉ်းစားသင့်သည်။

နိဗ္ဗတ္တနီယကံ။ ။နိဗ္ဗတ္တိယတေ-ဖြစ်စေအပ်၏၊ ဣတိ နိဗ္ဗတ္တနီယံ-မည်၏၊ [နိပုဗ္ဗ, ဝတုဓာတ်၊ "နိဗ္ဗတ္တနီယံ"ဟု တချို့စာရှိ၏၊ နိပုဗ္ဗ, ပဒဓာတ်၊ အနီယပစ္စည်းဖြင့် နိဗ္ဗတ္တဟု ဿ ၂ လုံး မဖြစ်နိုင်သောကြောင့် ပါဌ်ပျက်၊] ၁–မူလအထည်ဝတ္ထု မရှိသေးဘဲ ယခုမှ

www.dhammaransi.com



**ရှိ၏၊ ) ထင်းကို မီးကျီးကို ပြု၏၊ ရွှေကို လက်ကြပ်ကို ပြု၏၊ ( တနည်း- လက်ကောက်ကို ပြု၏၊ ) ကောက်တို့ကို ရိတ်၏၊ အိမ်သို့ ဝင်၏၊ နေကို ကြည့်၏၊ တရားကို နာ၏၊ ပညာရှိတို့ကို ဆည်းကပ်၏။]**

ဖြစ်ပေါ်လာစေအပ်သော ကံသည်ရင်း, ၂-မူလ အထည်ဝတ္ထု (ပကတိဝတ္ထု) ရှိသော်လည်း ထို မူလပကတိကို မပြဘဲ ဖြစ်စေအပ်သော ကံသည်ရင်း နိဗ္ဗတ္တနီယကံ မည်၏၊ "မာတာ ပုတ္တံ၊ ပေ၊ ဒေဝဒတ္တော" တို့ကား ပုံစံများတည်း၊ ထိုတွင် ပုတ္တံအရ သားဖြစ်သည် မူလက မရှိသေး (ဝမ်းတွင်း၌ ရှိသည်မှာလည်း ထင်ရှားသော အရှိမဟုတ်)၊ ထိုသို့ မူလက မရှိသေးဘဲ သရုပ်သဏ္ဌာန် (သားဖြစ်) ပေါ်လာအောင် မိခင်က ဖြစ်စေအပ် (မွေးဖွားအပ်) သောကြောင့် ပုတ္တံဟူသော ကံသည် နိဗ္ဗတ္တနီယ ကံတည်း၊ သုခံဇနယတိ၌ သုခံအရ ချမ်းသာခြင်းသည်း အာဟာရ မစားမီက မရှိသေးဘဲ စားလိုက်မှ အာဟာရသည် ဖြစ်စေအပ်သော ကံတည်း၊ ကဋံ ကရောတိ၌ ကဋံအရ ဖျာကား ဖျာမယက်မီ သင်မြက်အဖြစ်ဖြင့် ရှိ၏၊ သို့သော် ထိုသင်မြက်များကို မဖော်ပြဘဲ ကဋံချည်း ထုတ်ပြသောကြောင့် နိဗ္ဗတ္တနီယ (သင်ဖျာ) အဖြစ်ဖြင့် ဖြစ်ပေါ်လာစေ အပ်သော ကံပင်ဖြစ်သည်။ [အကယ်၍ "ကာသေ-သင်တို့ကို၊ ကဋံ-ဖျာကို၊ ကရောတိ-၏၊" ဟု မူလပကတိ ကံကို ဖော်ပြလျှင်ကား ကဋံသည် ဝိကရဏီယကံသာ ဖြစ်သတံ့၊ "ဃဋံ ကရောတိ" ဟု ရှိရာ၌လည်း "မတ္တိကံ-မြေညက်ကို၊ ဃဋံ အိုးကို" ဟု ပကတိဖြစ်သော မတ္တိကံကို ဖော်ပြလျှင် ဝိကရဏီယကံပင်။]

ဝိကရဏီယကံ။ ။ဝိသဒ္ဒါသည် ပကတိသဘောမှ ( နဂိုရ်အနေမှ ) တမျိုးတဖုံ ပြောင်းလွဲခြင်း ဟူသော ဝိကာရအနက်ရှိ၏၊ ထိုသို့ပြောင်းလွဲအောင် ပြုအပ်သော ကံကို ဝိကရဏီယကံ ဟု ခေါ်၏၊ ထို့ကြောင့် ဋီကာ၌ " သတော - ထင်ရှားရှိပြီး ဝတ္ထု၏၊ အညထတ္တာပါဒနလက္ခဏံ- တမျိုးတဖုံ၏ အဖြစ်သို့ ရောက်စေခြင်း လက္ခဏာရှိသော၊ ကမ္မံ - ကံသည်၊ ဝိကရဏီယံ - မည်၏ " ဟု ဖွင့်သည်၊ ဝိကရီယတေ - ပြောင်းလွဲအောင် ပြုအပ်၏၊ ဣတိ ဝိကရဏီယံ၊ "ကဋ္ဌံ အင်္ဂါရံ၊ ပေ၊ ဝီဟယော လုနာတိ" တို့ကား ပုံစံတည်း၊ ထိုတွင် " ကဋ္ဌံ အင်္ဂါရံ " ၌ ကဋ္ဌအရ ထင်းဖြစ်သည် နဂိုရ်ရှိသော ပကတိ ဝတ္ထုတည်း၊ အင်္ဂါရံ အရ မီးကျီးကား ထင်းမှ ပြောင်းလွဲလာသော ဝိကတိဝတ္ထုတည်း၊ ထို့ကြောင့် အင်္ဂါရံသည် ထင်းမှ တမျိုးတဖုံ ပြောင်းလွဲအောင် ပြုအပ်သော ဝိကရဏီယကံတည်း၊ "သုဝဏ္ဏံ ကေယူရံ, သုဝဏ္ဏံ ကဋကံ" ဟု ၂ မျိုးခွဲ၍ အဓိပ္ပါယ် ထင်ရှားပြီ၊ သုဝဏ္ဏံသည် ပကတိ, ကေယူရံ - ကဋကံတို့သည် ဝိကရဏီယ ( ဝိကတိ ) ကံတို့တည်း၊ [ ဝီဟယော လုနာတိတို့လည်း ဝိကရဏီယကံ ဟုပင် ဋီကာဖွင့်၏၊ "ဝီဟိနံ-ကောက်တို့ကို၊ လဝနဥ္စ- ရိတ်ခြင်းလည်း၊ ဝိကရဏမေဝ-တမျိုးတဖုံ ပြုခြင်းပင်တည်း၊ "ကောက်ပင်တို့ကို ရိတ်ဖြတ်လိုက်သည့် အခါ တမျိုးတဖုံ ပြောင်းသွား သောကြောင့် ဝိကရဏီယကံ" ဟု ဆိုလိုဟန်တူသည်၊ ဤကံ၌ ပကတိကံ သီးခြား မရတော့ပြီ။]

ပါပဏီယကံ။ ။[သီဟိုဠ်မူ၌ "ပါပဏီယ" ဟု ရှိ၏၊ ပပုဗ္ဗအပဓာတ် အနီယပစ္စည်း နကို ဏပြန်၍ ပြီးသည်၊ ပါပုဏီယ ဟု မြန်မာမူ၌ ပပုဗ္ဗ အပဓာတ် ဉဏာပစ္စည်းဖြင့် ပါပုဏ

www.dhammaransi.com



စ-သာခကကား၊ နိဗ္ဗတ္တိ ၊ ပေ ၊ နိဝေသနန္တိ-နိဗ္ဗတ္တိ ၊ ပေ ၊ နိဝေသနံ ဟူ၍၊ ဝုတ္တံ - ဧရှ်ဆရာတို့ ဆိုအပ်ပြီ၊ [ ယံ-အကြင်ကာရကကို၊ ကတ္တု-ကတ္တား၏၊ ကြိယာဘိဂမ္မံ-ကြိယာသည့်ရောက်အပ်၏၊ တံ-ထိုကာရကကို၊ နိဗ္ဗတ္တိ ဝိကာတိ ပတ္တိဘေဒေန - နိဗ္ဗတ္တိကံ ဝိကတိကံ ပတ္တိကံတို့၏ အပြား အားဖြင့်၊ တိဝိဓံ - ၃ ပါး အပြားရှိ၏ ဟူ၍၊ မတံ - သိအပ်၏၊ သုခင်္ဂါရံ နိဝေသနံ-သုခံ, အင်္ဂါရံ , နိဝေသနံတို့ကား ဥဒါဟရဏ်တည်း။]

ဖြစ်ပြီးနောက် "ဤသ" ဖြစ်ဘို ခဲယဉ်း၏၊ အနိယ ပစ္စည်းသက်၍ "ပါပုဏနိယ" ဆိုလျှင် တော်သေး၏၊ ] ပါပုဏီယတေ-ရောက်အပ်၏၊ ဣတိ ပါပဏီယံ၊ ဤ၌ "ရောက်" ဟူရာဝယ် ကိုယ်ဖြင့် တိုက်ရိုက်ရောက်ခြင်း အာရုံပြုသော အားဖြင့် စိတ်ရောက်ခြင်း ၂ မျိုးပင် ပါဝင်၏၊ ထို့ကြောင့်"နိဝေသနံ ပဝိသတိ"၌ ကိုယ်ဖြင့် ရောက်အပ်၏၊ "ပဏ္ဍိတေ ပယိရုပါသတိ"၌ ပဏ္ဍိတေလည်း အနားသို့ ချဉ်းကပ်သောအားဖြင့် ကိုယ်သည် ရောက်အပ်သော ကံပင်၊ အာဒိစ္စံ ဓမ္မံတို့ကား အာရုံပြုသောအားဖြင့် စိတ်ရောက်အပ်သော ကံတည်း။

တနည်း။ ။ထိုသို့ ကိုယ်စိတ်ဖြင့် ရောက်မှုကို ဂရုမစိုက်ဘဲ "ကြိယာသည် ကပ်ရောက်အပ်သောကြောင့် ပါပဏီယကံ မည်၏" ဟုသည်း အဓိပ္ပါယ်တနည်းမှတ်သင့်၏၊ ဤနည်း အလို နိဗ္ဗတ္တနီယ-ဝိကရဏီယတွင် မပါဝင်သောကံဟူသမျှ ကြိယာသည် ကပ်ရောက်အပ် စပ်အပ်သည့် အတွက် ပါပဏီယကံတွင် ( ပတ္တိကံတွင် ) ပါဝင်နိုင်ကြသည်၊ ထို့ကြောင့် ကဋ္ဌံ အင်္ဂါရံ စသည်၌ "ကဋ္ဌံ-သုဏ္ဍံ" ဟူသော ပကတိကံများသည်ရင်း "ကာသေ ကဋ္ဌံ ကရောတိ " ၌ ကာသေ ဟူသော ပကတိကံသည်ရင်း မဂ္ဂံ ဂစ္ဆတိ စသည်၌ မဂ္ဂံ စသော ကံများသည်ရင်း ပတ္တိကံ မည်နိုင်ကြတော့သည်၊ ဤကား " နိဗ္ဗတ္တိ ဝိကာရ ဘိန္နတ္တော - နိဗ္ဗတ္တိကံ ဝိကာရကံအဖြစ်မှ ကွဲပြားသည့်၏ အဖြစ်သည်၊ သတိ - သော်၊ ကြိယာဇည ဖလသာမိတ္တံ-ကြိယာသည် ဖြစ်စေအပ်သော အကျိုးရှိသည်၏ အဖြစ်သည်၊ ပတ္တိတာ-ပတ္တိကံ၏ အဖြစ်မည်၏" ဟူသော သက္ကတဋီကာကို မှီသောနည်းတည်း။

နိဗ္ဗတ္တိ ဝိကတိ ၊ ပေ ၊ နိဝေသနံ—ဂါထာ၌ နိဗ္ဗတ္တိ-ဝိကတိ-ပတ္တိကံတို့သည်(အစဉ်အတိုင်း,)နိဗ္ဗတ္တနီယ-ဝိကရဏီယ-ပါပဏီယ ကံတို့တည်း၊ "နိဗ္ဗတ္တီယတေတိ နိဗ္ဗတ္တိ, ဝိကရီယတေတိ ဝိကတိ, ပါပီယတေ-ရောက်အပ်၏၊ ဣတိ ပတ္တိ"ဟု ဝိဂ္ဂြိုဟ်ပြု၊ နိဗ္ဗတ္တိ ဟု သီဟိုဠ်မူရှိ၏၊ နိပ္ဖတ္တိလည်း အချို့ရှိ၏၊ သူ့နည်းနှင့်သူ ဖြစ်နိုင်သည်သာ၊ သုခံ-အင်္ဂါရံ-နိဝေသနံ ပုံစံများလည်း ရှေးအတိုင်းပင်၊ ကတ္တုက ရကသည် ကြိယာကိုဖြစ်စေနိုင်သော ကြိယာဘိ နိပ္ဖါဒနသတ္တိ ရှိသကဲ့သို့ ကမ္မကာရကလည်း ကြိယာသည် ရောက်အပ် (ကပ်အပ်စပ်အပ်သော) ကြိယာပါပုဏနသတ္တိ ရှိ၏၊ ထိုကြိယာ ပါပုဏနနှင့် ကြိယာဘိဂမ္မသည် သဒ္ဒါကွဲသော်လည်း အနက်အဓိပ္ပါယ် အတူတည်း၊ ထို့ကြောင့် "ကြိယာဘိဂမ္မံ" အရ "ကြိယာ သည် ရောက်အပ်" ဟူရာဝယ် အားလုံး ကံများ၌ ကြိယာနှင့် ဆက်စပ် - ကပ်နေသကဲ့သို့ ဆိုင်ရာကြိယာများ ရောက်လျက်ရှိ၏-ဟု ဆိုလိုသည်၊ ဥပမာ-"မဂ္ဂံ ဂစ္ဆတိ"ဝယ် လမ်းခြင်းပေါ်၌ သွားခြင်းကြိယာ ဆက်ကပ် ရောက်နေခြင်းမျိုးတည်း၊ ထို့ကြောင့် ကံဟူသမျှကို

www.dhammaransi.com



စ- ဆက်၊ ဧတ္ထ - ဤကစ္စည်းကျမ်း၌ (ဝုတ္တတ္တာ - ဟွမ်းစပ်၊ သုတ်က ကစ္စည်းသုတ် ဖြစ်သောကြောင့် ကစ္စည်းကျမ်းကို စွဲသည်၊) ဣစ္ဆိတာ နိစ္ဆိတ ကထိတာဒိဘေဒံ - ဣစ္ဆိတကံ, အနိစ္ဆိတကံ, ကထိတကံ အစ ရှိသောအပြားကို၊ အနပေက္ခိတွာ - မငဲ့မူ၍၊ သဗ္ဗသင်္ဂါဟကဝသေန- ကံအားလုံးကို သိမ်းကြုံးခြင်း၏ အစွမ်းဖြင့်၊ ယံ ကရောတိ တံ ကမ္မန္တိ -

ကြိယာဖြင့် ရောက်အပ်သောကြောင့် "ပါပဏီယ-ပတ္တိ" ကံဟု နာမည်ရနိုင်သည်ဟု မှတ်၊ သို့သော် သုခံ-အင်္ဂါရံ စသည်တို့ကား နိဗ္ဗတ္တနီယ (နိဗ္ဗတ္တိ) ဝိကရဏီယ (ဝိကတိ) ဟု နာမည်ထူး ရပြီး (လဒ္ဓနာမ ဝိသေသံ) ဖြစ်၍ ပတ္တိဟူသော နာမည်ကို မခံကြတော့ချေ။

ပကတိကံ ဝိကတိကံ။ ။ "ကဋ္ဌံ အင်္ဂါရံ ကရောတိ" စသည်၌ ကဋ္ဌ (ထင်း) သည် မီးကျီးမဖြစ်မီ မူလ တည်ရှိသော ပကတိဝတ္ထုတည်း၊ ထို့ကြောင့် "ကဋ္ဌံ-သုဝဏ္ဏံ-ကာသေ" စသောကံများကို ပကတိကံဟု လည်းနာမည်မှည့်ကြသေး၏၊ ထိုပကတိ ဝိကတိ ၂ မျိုးတွင် ပကတိသည် မူလအကြောင်းတည်း, ထင်းကို အကြောင်းပြု၍ မီးကျီးဖြစ်ရသောကြောင့် မီးကျီးစသော ဝတ္ထု (ဝိကတိ) ကား အကျိုးတည်း-ဟု ခွဲပါ။ [ဤသို့ အကြောင်း အကျိုး ခွဲ၍လည်း ရကောင်းသော-မူလ အဖြစ်မှ တမျိုး တဖုံလည်း ပြောင်းလွဲ သွားသော ကံ ကတ္တား တို့၌သာ ပကတိကံ ပကတိကတ္တား ဝိကတိကံ ဝိကတိကတ္တား ဟု ခွဲခြားလေ့ ရှိကြ၏၊ ထိုသို့ တမျိုးတဖုံမပြောင်းလွဲသော "အက္ခရာ သရနာမ ဟောန္တိ, ဘိက္ခု တော် အဝေါစ" စသော ၂ မျိုးစီ ရှိရာတို့၌ ပကတိ ဝိကတိနာမည် မရ၊ အက္ခရာသည် သညီ နာမီကတ္တား, သရကား သညာနာမကတ္တားဟုရင်း-ဘိက္ခုသည် ကထိတ (ဆိုလိုရင်း) ကံ, တော်ကား အကထိတကံဟုရင်း ဤသို့စသည်ဖြင့် အခြား သင့်တော်သော နာမည်သာ ရသင့်သည် ဟု မှတ်။]

[နိယာမ်] ပကတိ ဝိကတိ, ၂ ပါးရှိက, ပကတိမှာ, အကြောင်းသာ,
နောက်လာ ဝိကတိ, အကျိုးရှိ, မှတ်သိလေ အဟုတ်။

ဧတ္ထ စ ဣစ္ဆိတာ၊ ပေ၊ ဣမိနာ ကမ္မသညာ ဟောတိ — ပါဏိနိ သဒ္ဒါကျမ်း၌ ဣစ္ဆိတကံ အမည်မှည့်ဘို့ရာ "ကတ္တု ရိစ္ဆိတတမံ ကမ္မံ" သုတ်ကိုရင်း,အနိစ္ဆိတကံ အမည်မှည့်ဘို့ရာ "တထာ ယုတ္တဉ္စာနိစ္ဆိတံ" သုတ်ကိုရင်း ဤသို့ စသည်ဖြင့် ကံ အမည်မှည့်သော သုတ်ပေါင်း များစွာကို တည်ထား၏၊ ဤကစ္စည်း ကျမ်းဆရာကား အကျယ် မလိုက် အကျဉ်းကြိုက်တော်မူသည်အားလျော်စွာ ဣစ္ဆိတကံ အနိစ္ဆိတကံ ကထိတကံ အကထိတကံ စသော အကွဲအပြားကို မငဲ့ မူ၍ (ကံအမျိုးမျိုး ကွဲပြားသလောက် သုတ်များစွာ မတည်တော့ဘဲ) ဣစ္ဆိတ စသော ကံအားလုံးကို သိမ်းကြုံး နိုင်လောက်အောင် "ယံ ကရောတိ တံ ကမ္မံ" ဟု သုတ်တည်တော်မူသည်၊ ထိုသုတ်၌ "ယံ ကရောတိ" သည် (ရေလဲ အမျိုးမျိုး သုံးနိုင်သော ဆေးကဲ့သို့) ဣစ္ဆိတ စသော ကံအမျိုးမျိုးနှင့် သက်ဆိုင်သော စကားတည်း၊ ယံ-အကြင် ကမ္မလာ စသောအနက်ကို၊ ကရောတိ-လိုလားသမှု ပြု၏၊ တံ-ထို လိုလားအပ်သော ဣစ္ဆိတကမ္မလာသည်၊ ကမ္မံ-ကံမည်၏" ဤသို့ စသည်ဖြင့် "ယံ ကရောတိ" ဖြင့် ကံအားလုံးကို သိမ်းကြုံးနိုင်သည်။

www.dhammaransi.com



"ယံ ကရောတိ တံကမ္မံ"ဟူ၍၊ ဝုတ္တတ္ထာ- ဆိုအပ်သည့်၏ အဖြစ်ကြောင့်ဒင်း၊ အတ္တနာ ရဗိကပ္ပန ဝါမိကာဒ ရတောစ-အနက်တမျိုးကိုငိ ရင်နိုင်သော ဝါသဒ္ဒါ လိုက်လာသည့်၏ ( အဖြစ် ) ကြောင့်ဒင်း၊ သဗ္ဗတ္ထ-ကံအားလုံးတို့၌၊ ဣမိနာဝ- ဤ " ယံ ကရောတိ တံကမ္မံ " သုတ်ဖြင့်ပင်၊ ကမ္မသညာ (သညော- ရှိလျှင် ပါဌ်ပျက်)-ကံအမည်သည်၊ ဟောတိ-၏။

တတ္ထ-ထိုကံတို့တွင်၊ အနိစ္ဆိတကမ္မံ-အနိစ္ဆိတကံဟူသည်၊ ယထာ-နည်း၊ ဇလာဂုကံ မဒ္ဒတိ ၊ ပေ ၊ ဥပဂစ္ဆတိ – ဟူသည်တည်း၊ [ ဆူးကိုနင်းချေ၏၊ အဆိပ်ကို မျို၏၊ ရွာသို့ သွားစဉ် သစ်ပင်အနီးသို့ ကပ်ဝင်၏။]

ဝါမိကာရတော။ ။"ယေနဝါကရိယတေ တံ ကရဏံ" သုတ်မှ လိုက်လာသော ဝါသဒ္ဒါသည် တိုက်ရိုက်ပါသော အနက်မှတပါး အခြား အနက်များကိုလည်း စီရင်နိုင်သော အတ္တနာရဗိကပ္ပန အနက်ရှိ၏၊ (အဝုတ္တ သမုစ္စည်း အနက် ရှိသော စနှင့်တူ၏) ထို ဝါသဒ္ဒါဖြင့်"ယံ ဝါ ကရောတိ, ယံ ဝါ ဝိကရောတိ, ယံ ဝါပါပုဏာတိ, ယံ ဝါ ဂစ္ဆတိ, ယံ ဝါ နဂစ္ဆတိ, ယံ ဝါ ကထိယတိ"သည်ဖြင့် ကံအားလုံးကိုပင်စီရင်နိုင်၏၊ထို့ကြောင့် သဒ္ဒတကျမ်းကဲ့သို့ သုတ် အသီးအသီးဖြင့် ကံ အမည်မှည့်ဘွယ် မလိုတော့ဘဲ ဣစ္ဆိတ အနိစ္ဆိတ စသော ကံ အားလုံးကိုပင် ဤ " ယံ ကရောတိ တံ ကမ္မံ" တသုတ်ထည်းဖြင့် ကံ အမည် မှည့်နိုင်သည်။

တတ္ထ အနိစ္ဆိတကမ္မံ ၊ ပေ ၊ ဥပဂစ္ဆတိ — [ကတ္တားဖြစ်သူ ပုဂ္ဂိုလ်က အလိုရှိအပ်သော ကံသည် ဣစ္ဆိတကံမည်၏၊ အလိုရှိအပ်သည် မဟုတ်သော ကံသည် အနိစ္ဆိတကံမည်၏၊ ထိုတွင် ရွာကို သွားလိုရာ၌ "ဂါမံ ဂစ္ဆတိ" စသောကံ,ထမင်းစားလိုရာ၌ "ဘတ္တံ ဘုဉ္ဇတိ"စသော ကံသည် ဣစ္ဆိတ ကံ မည်၏၊ ဤသို့စသည်ဖြင့် ဣစ္ဆိတ ကံ တို့ ပေါများသောကြောင့် ဣစ္ဆိတကံ၏ ပုံစံကို သီးခြားမပြတော့ဘဲ အနိစ္ဆိတကံ၏ ပုံစံများကိုသာ ထုတ်ပြလေသည်၊ "ကဏ္ဍကံ-ဝိသံ" အရ ဆူးနှင့်အဆိပ်သည် (စိတ်ညစ်နေသူ သေချင်နေသူမှတပါး) ရိုးရိုးသားသား စိတ်ထားရှိသူ လူအများတို့ အလိုမရှိအပ်သောကြောင့် အနိစ္ဆိတ ကံ မည်၏၊ [ စိတ်ညစ်နေ၍ ဆူးကို နင်းရာ , သေချင်၍ အဆိပ်ကို စားရာတို့၌ကား ကဏ္ဍကံ ဝိသံတို့ကို ဣစ္ဆိတ ကံ ဟုလည်း ဆိုကြ၏၊ ] " ဂါမံ ၊ ပေ ၊ ဥပဂစ္ဆတိ " ၌ ရွာသည် သွားလိုအပ်သောအရင်တည်း၊ ထို့ကြောင့် ဂါမံသည် ဣစ္ဆိတကံပင်၊ ဤနေရာ၌ ပုံစံထုတ်လိုရင်းမှာ " ရုက္ခမူလံ " သာတည်း၊ ရွာသို့ သွားလိုသူသည် လမ်းခရီး၌ ပေါက်နေသော သစ်ပင် အောက်သို့ ဝင်လိုစိတ် မရှိသော်လည်း လမ်းကျနေ၍ ဝင်သွားရာ၌ ရုက္ခမူလံသည် အလိုရှိအပ်သော ကံ မဟုတ်သောကြောင့် အနိစ္ဆိတ ကံပင် မည်၏။ [ဣစ္ဆိတစသောအခွဲ၌ "ဣစ္ဆိတ-အနိစ္ဆိတ" ဟု ၂မျိုး ခွဲနည်း, "နေဝိစ္ဆိတ နာနိစ္ဆိတ" ထည့်၍ ၃ မျိုးခွဲနည်းဟု ၂ နည်းရှိ၏၊ ၃ မျိုး ခွဲရာ၌ ရုက္ခမူလံသည် အလိုရှိအပ်သည်လည်း မဟုတ်-ဝိသံကဲ့သို့ အလိုမရှိအပ် ရွံမုန်းအပ်သည်လည်း မဟုတ်သောကြောင့် နေဝိစ္ဆိတ နာနိစ္ဆိတ ကံမည်၏။]

www.dhammaransi.com



အကထိတကမ္မံ - မဆိုလိုအပ်သော ကံဟူသည်၊ ယထာ - နည်း၊ ယညဒတ္တံ ၊ ပေ ၊ ဖြပယ္ဒဘော - တည်း။ [ ပုဏ္ဏားသည် ယညဒတ်ကို ကမ္ဗလာကို တောင်း၏ ] ဟိ - ချဲ့၊ ဧတ္ထ-ဤပြယုဂ်၌၊ ကမ္ဗလန္တိ-ကမ္ဗလံ ဟူသောကံသည်၊ ကထိတကမ္မံ - ကထိတကံတည်း၊ ( ကသ္မာ-နည်း၊ ) ဒွိကမ္မိကာယ-ကံ ၂ခုရှိသော၊ယာစနကြိယာယ-တောင်းခြင်းကြိယာဖြင့်၊ ဝတ္တုံ - ဆိုခြင်းငှါ၊ ဣစ္ဆိတတ္တာ - အလွန်အလိုရှိအပ်သည်၏ အဖြစ်ကြောင့်တည်း၊ ယညဒတ္တန္တိ - ယညဒတ္တံဟူသောကံသည်၊ အဝုစ္စမာနတ္တာ-မပြောအပ်သည်၏ အဖြစ်ကြောင့်၊ အကထိတကမ္မံ-တည်း။

တထာ - ထို့အတူ၊ သမိဒ္ဓံ- ကြွယ်ဝသူကို၊ ဓနံ-ဥစ္စာကို၊ ဘိက္ခူ တော-တောင်း၏ အဇံ - ဆိတ်ကို၊ ဂါမံ- သို့၊ နယတိ-ဆောင်၏၊ ပရာဘဝန္တံ-ပျက်စီးတတ်သော၊ ပုရိသံ - ကို၊ မယံ- ကျွန်ုပ်တို့သည်၊ ဂေါတမံ-အရှင်ဂေါတမကို၊ ပုစ္ဆာမ - မေးလိုပါကုန်၏၊ ဘဂဝါ- သည်၊ ဘိက္ခူ-တို့ကို၊ ဧတံ - ဤစကားကို၊ အဝေါစ-မိန့်တော်မူပြီ၊ ဣစ္စာဒိ-တည်း၊ အဘိဟိတကမ္မေပန - အဘိဟိတကံ၌ကား၊ ( ဒုတိယာ - ဒုတိယာဝိဘတ်သည်၊ ) န ဟောတိ-မဖြစ်၊ ယထာ-ကား၊ ကဋော ကရိယတေ ၊ပေ၊ ဖြပယ္ဒဘောန

အကထိတကမ္မံ၊ပေ၊တေဒဝေါစ ဣစ္စာဒိ— [“အကထိတကမ္မံ ယထာ”ဟု စကားချီသော်လည်း မှတ်၍ ပြသော ဥပလက္ခဏ နည်းသာတည်း၊ ကထိတကံကိုပါ ပုံစံ၌ ပြလတ္တံ့၊ ] ဝဒန္တ ပုဂ္ဂိုလ်က ပဓာန ထား၍ ဆိုလိုအပ်လျှင် ကထိတ , မဆိုလိုအပ်လျှင် အကထိတ ဟု မှတ်၊ “ ယညဒတ္တံ ကမ္ဗလံ ” ၌ ကမ္ဗလာသည် တောင်းခြင်း ကြိယာဖြင့် ဆိုလိုအပ်(တောင်းလိုအပ်)သော ပဓာနကံ ဖြစ်၍ ကထိတကံတည်း၊ ယညဒတ္တံကား တောင်းလိုအပ်သော အရာ မဟုတ်၍ အပဓာနဖြစ်သောကြောင့် အကထိတကံ တည်း၊ [ “ ယာစနကြိယာယ ဝတ္တုံ ” ၌“ပဝတ္တုံ”ဟု ပျက်လျက်ရှိ၏, “ဝတ္တုံ ဣစ္ဆိတ”သည် “ကထိတ”၏ အဖွင့်တည်း၊“ဝတ္တုံ ဣစ္ဆိတ- ဆိုခြင်းငှါ အလိုရှိအပ်၊ ကထိတ=ဆိုလိုအပ်” ဟု အနက်တူပုံကို သတိပြုပါ၊ သီဟိုဠ်မူ၌လည်း“ဝတ္တုံ”ဟုပင် ရှိသည်။]

တထာသမိဒ္ဓံ ၊ ပေ ၊ အဝေါစ— သမိဒ္ဓသည် တောင်းခြင်း ကြိယာဖြင့် မဆိုလိုအပ် ( မတောင်းလိုအပ် )၊ အဇံဂါမံတွင် ဂါမံသည် ဆောင်ခြင်း ကြိယာဖြင့် မဆိုလိုအပ် (မဆောင်လိုအပ်)၊ ပရာဘဝန္တံ ပုရိသံသည် မေးခြင်းကြိယာဖြင့် မဆိုလိုအပ်(အမေးမခံအပ်)ဘိက္ခူဧတံတွင် ဘိက္ခူသည် ဝစနကြိယာဖြင့် မဆိုလိုအပ်၊ ထို့ကြောင့် ထိုကံအားလုံး အပဓာန , အကထိတကံတည်း၊ ဓနံ , အဇံ , ဂေါတမံ, ဧတံဟူသောကား ဆိုင်ရာ ကြိယာဖြင့် ဆိုလိုအပ် ( တောင်းလိုအပ် , ဆောင်လိုအပ် , အမေးခံရ, ပြောလိုအပ် ) သောကြောင့် ပဓာန-ကထိတ ကံများတည်း၊ [ ဣစ္စာဒိဖြင့် ပြသော နျာသ ဥဒါဟရဏ ဒွိကမ္မိက ဓာတ်များကိုရှု။]

www.dhammaransi.com



ဣစ္ဆာဒိ-ကာရော၊ ပေ၊ ဗြာဟ္မဏေန အစရှိသည်တည်း၊ [ဒေဝဒတ်သည် များကို ပြုအပ်၏၊ မြတ်စွာဘုရားသည် တရားကိုဟောအပ်ပြီ၊ ပုဏ္ဏားသည် ယညဒတ်ကို ကမ္ဗလာကို တောင်းအပ်၏။]

(၂၈၉) ဒုတိယာတိ အဓိကာရော။

ဂတိ ဗုဒ္ဓိ၊ ပေ၊ ဝါ။ ၃၀၀။ ဂမု-ဂမုဓာတ်သည်၎င်း၊ သပ္ပ-သည်၎င်း၊ ဂတိမှိ-၌၊ (ဝတ္တတိ-၏၊) ဗုဓ-သည်၊ ဗောဓနေ-သိခြင်း၌၊ ဝါ-တနည်း၊ ဗုဓ-သည်၊ အဝဂမနေ-ထိုးထွင်း၍ သိခြင်း အနက်၌၊ (ဝတ္တတိ-၏၊) [နေကတ်၌ ဤနည်းချည်းပေ၊] ဘုဇ=ပါလန ဗျဝဟရဏေသု-စောင့်ခြင်း, စားခြင်းတို့၌၊ ပဌ=ဗျတ္တဝါယံ-အနက်ကို ထင်စွာပြတတ်သော၊ ဝါစာယံ-၌၊ ဟရ=ဟရဏော၊ ကရ=ကရဏော၊ သိ=သယော၊ ဣစ္စေဝမာဒီနံ-ကုန်သော၊ ဓာတူနံ-တို့၏၊ ပယောဂေ-ယှဉ်ရာ၌၊ ကာရိတေ-ကာရိတ် ပစ္စည်းသည်၊ သတိ-ရှိသော်၊ ပယောဇကတ္တုဘူတေ-ပယောဇကကတ္တား ဖြစ်၍ ဖြစ်သော၊ ကမ္မနိ-ကံ၌၊ လိင်္ဂမှာ ဒုတိယာဝိဘတ္တိ ဝါ ဟောတိ၊

အဘိဟိတေ၊ ပေ၊ ဗြာဟ္မဏော—ဝုတ္တကံကို အဘိဟိတကံဟု ခေါ်သည်၊ ထိုကံကို အာချာတ်ကိတ်ကြိယာတို့က ဟောပြီးဖြစ်၍ ဒုတိယာဝိဘတ်သက်ဘွယ်မလို၊ လိင်္ဂတ္ထမျှကို ထွန်းပြဘို့ရာ ပဌမာဝိဘတ်သာ သက်တော့သည်—ဟူလို၊ ယညဒတ္တော ကမ္ဗလံတွင် ယညဒတ္တောသာ အဘိဟိတကံတည်း၊ ကမ္ဗလံကား အနဘိဟိတ အဝုတ္တကံ ဖြစ်၍ ဒုတိယာ သက်ရသည်၊ ထို့ပြင်—“အဘိဟိတေ ပန နဟောတိ”၌ “ဒုတိယာ” ဟု ကတ္တားပုဒ် ထည့်ပါ၊ ထို့ကြောင့် “ကမ္မေ ကရိယတီတိ ဧတ္ထ၊ ပေ၊ ဒုတိယာ နဟောတိ” ဟု ဋီကာမိန့်သည်။

(၂၈၆) ကာရိတေ၊ ပေ၊ ဒုတိယာဝိဘတ္တိ—“ဂမယတိ-သွား+စေ၏”ဟူရာ၌ “သွားခြင်းကြိယာ, စေ (စေခိုင်း) ခြင်း ကြိယာ”ဟု ၂ မျိုးရှိ၏၊ သွားခြင်းကြိယာကို ပြီးစေသော ကတ္တား, စေခိုင်းခြင်း ကြိယာကို ပြီးစေသော ကတ္တား ဟု ကတ္တားလည်း ၂ ချက် ရှိသင့်၏၊ သို့ဖြစ်၍“သာမိကော ဒါသေန ဂါမံ ဂမယတိ-အရှင်သည် ကျွန်သည် ရွာသို့ သွားစေ၏” ဟူသော ဝါကျ ဖြစ်လာသည်၊ ထိုတွင် သာမိကောသည် “စေ” ဟူသော ကြိယာ၏ ကတ္တားတည်း၊ စေခိုင်းတတ်သောကြောင့် “ပယောဇက ကတ္တား” ဟု၎င်း, ကာရိတ်ဟောပစ္စည်း၏ ကတ္တားဖြစ်၍ “ကာရိတ်ကတ္တား”ဟု၎င်း ခေါ်သည်၊ ဒါသေနကား“သွား”ဟူသော ကြိယာ၏ ကတ္တား(သူ့ကိုယ်တိုင် သွားရသော ကတ္တား) တည်း၊ အရှင်က စေခိုင်းအပ်သောကြောင့် “ပယောဇ္ဇ (စေခိုင်းအပ်သော) ကတ္တား” ဟု၎င်း, ဂမုဓာတ်၏ ကတ္တားဖြစ်၍“ဓာတ်ကတ္တား”ဟု၎င်း ခေါ်သည်၊ [“သာမိကော” သည် “စေ၏” နှင့် စပ်သောကြောင့် တိဝိဘတ် ဟောအပ်သော ဝုတ္တကတ္တားဖြစ်၍ ပဌမာ ဝိဘတ်နှင့် နေရ၏၊ ဒါသေန ကတ္တားကား “သွား” ဟူသော ဂမုဓာတ်နှင့်သာ စပ်ရ၏၊

www.dhammaransi.com



နိစ္စသမ္ဗုတ္တေ - ဒုတိယာဝိဘတ် အမြဲရောက်လုလတ်သော်၊ အယံ – ဤသုတ်သည်၊ ဝိကပ္ပတ္ထော-ဝိကပ်စီရင်ခြင်းအကျိုးရှိ၏၊ တေန-ကြောင့်၊ (ဝါသ- ဝါ၏၊) ပက္ခေ - အဘို့၌၊ တတိယာ - တတိယာဝိဘတ်သည်၊ ဟောတိ-ဖြစ်၏။

ခေတ်မည်သည် ကြိယာ ဟူသော ဘော အနက်ကိုသာ ဟော၏, ကတ္တားကံကို မဟော၊ ထို့ကြောင့် ဂမုဓာတ်၏ ကတ္တား ဖြစ်သော ဒါသေနဝ္ဗ အဝုတ္တကတ္တား ဖြစ်၍ တတိယာနှင့်သာ နေရသည်၊ ဂါမံကား ဂမုဓာတ်၏ ကံဖြစ်၍ ဓာတ်ကံတည်း၊ ဓာတ်ကံဖြစ်သောကြောင့် အဝုတ္တကံ ထုံးစံအတိုင်း ဒုတိယာနှင့် နေရသည်။]

**ပယောဇ္ဇ ကတ္တုဘူတေ ကမ္မနိ—** ဒါသေနကို "ပယောဇ္ဇ ကတ္တား" ဟု ဆိုခဲ့ပြီ၊ ထို ပယောဇ္ဇ ကတ္တားသည်ပင် အရှင်က စေအပ် (စေခိုင်းအပ်) သောကြောင့် ကံသည်း ဖြစ်ပြန်၏၊ ထိုစေခိုင်းအပ်သည်၏ အဖြစ်တည်းဟူသောကမ္မသတ္တိကို တတိယာဝိဘတ်က မဟောသောကြောင့် ကံအနက်၌ (ထုံးစံ အတိုင်း) ဒုတိယာ ဝိဘတ်သက်၍ "ဒါသံ" ဟု ရှိရတော့သည်၊ ထို့ကြောင့် " သာမိကော ဒါသံ ဂါမံ ဂမယတိ= အရှင်သည် ကျွန်ကို ရွာသို့ သွားစေ၏"ဟု ဝါကျတမျိုး ဖြစ်ရပြန်သည်။

**နိစ္စ သမ္ဗုတ္တေ၊ ပေ၊ တတိယာ ဟောတိ—**"ကမ္မတ္ထေ ဒုတိယာ"သုတ်ဖြင့်ပင် ဒုတိယာ ဝိဘတ်သက်ခြင်းကိစ္စ ပြီးနိုင်သည်မဟုတ်လော, အဘယ့်ကြောင့် ဤသုတ်ကို အားထုတ်ရသနည်း-ဟု မေးဘွယ် ရှိသောကြောင့် " နိစ္စ သမ္ဗုတ္တေ " စသည်ကို မိန့်၊ " ကမ္မတ္ထေ ဒုတိယာ " သုတ်သည် ကံအနက်၌ ဒုတိယာ အမြဲ သက်သောကြောင့် ဤ ကာရိတ်ကံ၌လည်း ဒုတိယာ အမြဲသက်ရလေမည်လော-ဟု တွေးတောဘွယ်ရှိ၏၊ ထို့ကြောင့် "ဤသုတ်သည် ကာရိတ်ကံ၌ ဒုတိယာ အမြဲမသက်ရ, ဝိကပ်သာ သက်ရမည်" ဟု သိစေရခြင်း အကျိုးရှိသည်၊ ထို့ကြောင့် ဝါမြစ်သော အဘို့၌ (ဝါမြစ်သောဝါကျ၌) ဒုတိယာ မသက်ရဘဲ ပယောဇ္ဇ ကတ္တားပီပီ ထုံးစံ အတိုင်း တတိယာ သာ သက်ရ တော့သည်။ ["နိစ္စံ သမ္ဗုတ္တေ"ဟုငှင်း"တေန ပက္ခေ" ဟုငှင်း သီဟိုဠ်မူ ရှိ၏၊ မြန်မာမူ၌ "နိစ္စသမ္ဗုတ္တေ" ဟုငှင်း"တေန တဿ ပက္ခေ" ဟုငှင်း တွေ့ရ၏၊ နိစ္စံနှင့် နိစ္စမှာ မထူးလှ၊ "တဿ ပက္ခေ" အရာ၌ "ဝါဿ ပက္ခေ" ဟု မူ့သပါဌ်ရှိခဲ့သည် ထင်သည်၊ ဋီကာ၌မူ " ဒုတိယာပက္ခေ " ဟု ပါဌ်ရှိ၏။]

မှတ်ချက် ။ ။ " နိစ္စသမ္ဗုတ္တေ ဝိကပ္ပတ္ထော ယံ " ဟူသော စကားအရ ဂတိ ဗုဒ္ဓိစသော သုတ်၌ လာသည့် ဓာတ်နက်များ၏ယှဉ်ရာ ကာရိတ် ဝါကျ၌ ကာရိတ်ကံဝယ် ဒုတိယာ အမြဲသက်မည် စိုးသောကြောင့် ဤသုတ်ကို တည်ရသည်-ဟု ဆိုသဖြင့် အခြားဓာတ်များ၏ ယှဉ်ရာ ဝါကျ၌မူ ကာရိတ် ကံဝယ် ဒုတိယာ အမြဲ သက်ပါလေတော့-ဟု ခွင့်ပြုရာ ရောက်နေ၏၊ သို့သော် "ဝေ သမ္ဗုဒ္ဓ ကာရိတေ"—အဖွင့် ဋီကာ၌ လိခဓာတ်ကို (သုတ်၌မပါဘဲ) ပြထားသောကြောင့်ငှင်း, သယာဒိနံ-ဟု သုတ်ရင်းမှာပင် အာဒိသဒ္ဒါပါနေသောကြောင့်ငှင်း ဂတိဗုဒ္ဓိစသော (သုတ်၌ တိုက်ရိုက်ပါသော) ဓာတ်များအပြင် အခြား ဓာတ်တို့၏ ကာရိတ်ကံ၌လည်း ဒုတိယာ မမြဲကြောင်း တတိယာလည်း

www.dhammaransi.com



ယောကောစိ - တစုံတယောက်သော၊ ပုရိသော - သည်၊ ဂါမံ-သို့၊ ဂစ္ဆတိ-သွားစွမ်းနိုင်၏၊ တံ-ထိုယောကျ်ားကို၊ အညော-အခြားသူသည်၊ ပယောဇယတိ - စေခိုင်း၏၊ ပုရိသော - ယောကျ်ားတယောက်သည်၊ ပုရိသံ - ယောကျ်ားတယောက်ကို၊ ဂါမံ - သို့၊ ဂမယတိ - သွားစေ၏၊

သက်နိုင်ကြောင်းကို မှတ်သိုက်သည်၊ မောဂ္ဂလ္လာန် ကစ္စာယနသာရ တို့၌ကား (ဟရ ကရ ဓာတ်မှတပါး) ဂတိ ဗုဒ္ဓိ စသောဓာတ်များ၌ ကမ္မသညာရ၍ ဒုတိယာ အမြဲသက်ရသည်၊ တတိယာ မသက်ရ၊ ဟရ,ကရ,အဘိဝါဒိ ဟူသော နာမဓာတ်,ဒိသ,အဓိ ညြရှေးရှိသော ဟရဓာတ်တို့၌ကား ဒုတိယာချည်း မမြဲ, ဒုတိယာ-တတိယာ ၂ မျိုးလုံးပင်သက်နိုင်သည်၊ ထိုမှတပါး များစွာသော ဓာတ် တို့၌ကား ဒုတိယာ မသက်ရ—ဟု ဆိုရာ ရောက်သဖြင့် တတိယာချည်း အမြဲသက်လေ-ဟု ခွင့်ပြုရာလည်း ကျသည်။

ပါဠိတော်သွား။ ။"ယောပန ဘိက္ခု အညာတိကာယ ဘိက္ခုနိယာ ပုရာဏစီဝရံ ဓောဝါပေယျဝါ ရဇာပေယျဝါ အာကောဋာပေယျဝါ၊ပေ၊ဝိဇဋာပေယျဝါ"...."တန္တဝါယေဟိ စီဝရံ ဝါယာပေယျ"....စသော ပါတိမောက် ပါဠိတော်,...."ဉဋ္ဌတ္ယာပေယျ ဝါတိ တဒေဝ အညေန ဂါဟာပေယျ"စသော အဋ္ဌကထာတို့ဝယ် ကစ္စည်းသုတ်ရင်း၌ သတ်မှတ်ထားအပ်သော ဂတိ ဗုဒ္ဓိ စသော ဓာတ် မဟုတ်ပါဘဲလျက် ပယောဇ္ဇကတ္တား၌ တတိယာ သက်ထား၏၊.... "မနုဿဝိဂ္ဂဟံ ဇီဝိတာ ဝေါရောပေယျ, .... အပ္ပေဝနာမ နံ ဣမမှာ ဗြဟ္မစရိယာ စာဝေယျံ,.... အညာတကံ ဂဟပတိံ ဝါ ဂဟပတာနိံ ဝါ စီဝရံ ဝိညာပေယျ,....သိက္ခာမာနံ ဝုဋ္ဌာပေယျ"....စသော ပါဠိတော်များဝယ် မောဂ္ဂလ္လာန်၌ ကမ္မသညာ ရ၏ ဟု သတ်မှတ် ထားသော ဓာတ် မဟုတ်ပါဘဲလျက် ကမ္မသညာ ရနေ ပြန်သည်။

မှတ်ဘွယ်။ ။သို့သော် မည်ကဲ့သို့ အရာ၌ ဒုတိယာ သက်၍ မည်ကဲ့သို့ အရာ၌ တတိယာ သက်ရမည် - ဟု သတ်မှတ်လိုပြန်လျှင် ပါဠိတော် အဋ္ဌကထာ သွားကိုပင် စဉ်းစားရလိမ့်ဦးမည်၊ သက်နှဲးဟောင်းကို အလျှော်ခိုင်းရာ အဆိုး—အထု ခိုင်းရာတို့၌ အခိုင်းခံရသူ၏ လျှော်မှု - ဆိုးမှု - ထုရိုက်မှု ကြိယာဗျာပါရသည် အတော် အားကြီး၏၊ ထိုကဲ့သို့ အခိုင်းခံရသူ၏ ဗျာပါရ အားကြီးရာ၌ ကတ္တုသတ္တိ ထင်ရှား သောကြောင့် ပယောဇ္ဇကတ္တားအနေဖြင့် တတိယာသာ သက်သင့်၏၊ အညာတကံ ဂဟပတိံ ဝါ ဝိညာပေယျ၌ အတောင်းခံရသော ဂဟပတိ၏ ကတ္တုသတ္တိ မထင်ရှား, တောင်းအပ်သည်၏ အဖြစ်ဟူသော ကမ္မ သတ္တိသာ ထင်ရှား၏၊ ထိုသို့ ကမ္မသတ္တိက ပို၍ ထင်ရှားရာ၌ ကာရိတ်ကံ အနေအားဖြင့် ဒုတိယာသာ သက်သင့်၏ - ဟု ခွဲခြားထိုက်သည်၊ ဤကား ဤကျမ်းအယူသာတည်း၊ သာ၍ သေချာသော အချက်ကိုလည်း ရှာကြပါလေ။

ယောကောစိ၊ ပေ၊ ဂမယတိ— "ယောကောစိ ပုရိသော ဂါမံ ဂစ္ဆတိ" နှင့် "တမညော ပယောဇယတိ" တို့သည် ဤသုတ်၌ ပြလိုရင်း ပုံစံ မဟုတ်ကြသေး၊ ကာရိတ် ဝါကျ ခင်းပြဘို့ရာ အခြေခံစကားမျှ သာ ဖြစ်သည်၊ ထိုတွင် "ယောကောစိ ပုရိသော ဂါမံ

www.dhammaransi.com



ဝါ-တနည်း၊ (ပုရိသော - ယောက်ျားတယောက်သည်၊) ပုရိသေန-ယောက်ျားတယောက်သည်၊ ဂါမံ-သို့၊ ဂမယတိ-၏။

ဇဝံ-တူ၊ အာစရိယော-ဆရာသည်၊ သိဿံ-တပည့်ကို၊ ဓမ္မံ-ပါဠိကို၊ ဗောဓေတိ - သိစေ၏၊ မာတာ ပုတ္တံ ဘောဇနံ ဘောဇယတိ-စားစေ၏၊ ဝါ-ကျေး၏၊ အာစရိယော သိဿံ ဓမ္မံ ပါဌေတိ-ရွတ်ဆိုစေ၏၊ ပုရိသော ပုရိသံ, ဘာရံ-ဝန်ကို၊ ဟာရေတိ-ဆောင်စေ၏၊ တထာ-တူ၊ ပုရိသော ပုရိသံ,ကမ္မံ-အလုပ်ကို၊ ကာရယတိ-လုပ်စေ၏၊ ဝါ-တနည်း၊ (ပုရိသော) ပုရိသေန-သည်၊ ကမ္မံ- အလုပ်ကို၊ ကာရာပယတိ-၏၊ ပုရိသော ပုရိသံ သယာပယတိ - အိပ်စေ၏၊ ဇဝံ - ဤ အတူ၊ သဗ္ဗတ္ထ - အလုံးစုံသော၊ ကာရိတေ - ကာရိတ်ပစ္စည်းနှင့် ယှဉ်ရာ၌၊ ကတ္တု ကမ္မနိ - ပယောဇ္ဇ ကတ္တားဖြစ်သောကံ၌၊ ဒုတိယာ (ဟောတိ)၊ ကာရိတေတိ- ကာရိတေ ပုဒ်သည်၊ ကိံ - နည်း၊ ပုရိသော ဂါမံ ဂစ္ဆတိ - ၏၊ [ကာရိတ် မယှဉ်

ဂစ္ဆတိ"ဖြင့် အခြားသူက ခိုင်းလျှင် သွားခြင်း ကြိယာကို ပြီးစေနိုင်သော (သွားစွမ်းနိုင်သော-ဒူလာ ပါဒရက် စွဲ၍ ပုံလဲနေသူ မဟုတ်သော) ယောက်ျားတယောက်ကို ပြ၏၊ "တ မညော ပယောဇယတိ"ဖြင့် ထိုယောက်ျားကို အခြားသူက ခိုင်းပုံကို ပြ၏၊ ထိုသို့ တယောက်က တယောက်ကို ခိုင်းရာ၌"ပုရိသော ပုရိသံ ဂါမံ ဂမယတိ"ဟု ကာရိတ်ယှဉ်ရာ ဝါကျဖြစ်သည်၊ ဤဝါကျသာ ဤသုတ်၏ ပုံစံပြ ဝါကျတည်း၊ "ပုရိသေန ဝါ ဂါမံ ဂမယတိ"ကား ဝါသဒ္ဒါမြစ်၍ ဤသုတ်ဖြင့် ဒုတိယာ မသက်ရဘဲ တတိယာ သက်ရပုံကို ပြသော-ဝါကျတည်း၊ ဤ တတိယာ ဝိဘတ်ကို ကတ္တရိစ သုတ်ဖြင့် သက်ရမည်၊ ["ပုရိသော ပုရိသံ"ဟု ထားခြင်းမှာ အနက်ဆင်လွယ်အောင် ထားခြင်း ဖြစ်၏၊ ရှေ့ပုရိသော၌ ပဌမာ-နောက် ပုရိသံ၌ ဒုတိယာ ထားရပုံကို"သာမိကော ဒါသံ" ဟု ပြခဲ့သော ဝါကျ အတိုင်း သိပါ။]

**ဇဝံ သိဿံ၊ ပေ၊ သယာပယတိ**—ဤ ပုံစံများကား "ဗုဓိ-ဘုဇ-ပဌ-ဟရ-ကရ-သယာဒီနံ" ဟူသော သုတ်၌ လာသည့် ခေတ်စဉ်အတိုင်း ပုံစံများတည်း၊ ထို ပုံစံများ၌ တတိယာဝိဘတ်ဖြင့် သိဿေန စသည်ကို မပြသော်သည်း "ဇဝံ" ဟု ညွှန်ပြထားသော ကြောင့် "သိဿေန ဓမ္မံ ဗောဓယတိ အာစရိယော, မာတာ ပုတ္တေန ဘောဇနံ ဘောဇယတိ"စသော ဝါကျများလည်း ရှိနိုင်သည် ဟု မှတ်၊ "ပုရိသော ပုရိသံ သယာပယတိ"၌ သီခေတ်ရင်းက ကံမရှိ၍ ခေတ်ကံ မပါနိုင်, ပုရိသံ ဟု ကာရိတ်ကံ တခုသာ ပါသည်။

**ဇဝံ သဗ္ဗတ္ထ ကာရိတေ၊ ပေ၊ ဒုတိယာ**—"သဗ္ဗတ္ထ ကာရိတေ"ဟု ဆိုသောကြောင့် "ပုရိသော ပုရိသံ (ပုရိသေန ဝါ) သေခံ-စာကို၊ လေခယတိ-ရေးစေ၏၊" စသည့်ဖြင့် ကာရိတ်ယှဉ်ရာ အခြားခေတ်များ၏ ပယောဇ္ဇ ကတ္တား ဟု ခေါ်ရသော ကာရိတ်ကံ၌ ဒုတိယာနှင့် ပယောဇ္ဇ ကတ္တား အဖြစ်ကိုငဲ့ရာ၌ တတိယာလည်း သက်နိုင်သည်-ဟု မှတ်။

www.dhammaransi.com



သောကြောင့် " ပုရိသော ပုရိသေန " စသည်ဖြင့် မရှိတော့ပြီ - ဟူလို၊ ]
အဘိပတိတော - အဘိပတိတကဲ၌၊ နဘဝတိ - ဤသုတ် အစီအရင် မဖြစ်၊
ပုရိသေန - သည်၊ ပုရိသော- ကို၊ ဂါမံ-သို့၊ ဂမယိယတေ-သွားစေအပ်
၏၊ (အာစရိယေန-သည်၊) သိသော-ကို၊ ခမ္ဗံ-ကို၊ ဗောဓိယတေ-သိစေ
အပ်၏၊ ဣစ္စာဒိ-တည်း။

ဋီကာ၌ကား " သဗ္ဗတ္ထာတိ-ပုရိသံ လေခံ လေခယတိ, ပုရိသေနဝါ လေခံလေခယတီတိ
ဧဝံ သဗ္ဗတ္ထ (အလုံးစုံသော ကာရိတ်ယှဉ်ရာ၌)အနဘိဟိတေကတ္တရိ ( အဝုတ္တကတ္တား၌)
ပဉ္စမ (ဝါ ဖြစ်သော အဘိုး၌)တတိယာပိ ယောဇေတဗ္ဗာ"ဟု ပါ၌ရှိ၏၊ ဤပါဌ်အလိုသော်
စာကိုယ်၌"ဧဝံ သဗ္ဗတ္ထ ကာရိတေ"ဟုသာ ရှိသင့်၍"ကတ္တုကမ္မနိ ဒုတိယာ"တို့ မပါသင့်
တော့ပြီ။]

ပုရိသေန၌ ကံလော ကတ္တားလော ။ ။ " ပုရိသော ပုရိသေန ဂါမံ ဂမယတိ "
စသည်၌ နာဝိဘတ်သည်"ကတ္တားဟော-ကံဟော"ဟုငြင်းခုံချက်ရှိ၏၊ ယခုမြန်မာနိုင်ငံ၌
ဆရာအများပင် "ကာရိတ်ကံမှာ, ဒုတိယာနှင့်, တတိယာ ဆဋ္ဌီ, သုံးလီဝိဘတ်, သက်တုံ
လတ် ဟု, ကျမ်းမြတ် ဤသို့ မိန့်သတည်း " ဟူသော နိယာမ်အရ တတိယာ ဝိဘတ်သည်
ကံဟော ဟု အပြော များလျက် ရှိ၏၊ ထို အပြောကား"အပရေပန ဣဓ ဝါသဒ္ဒေန ကမ္မ
သညံ နိဝတ္တေတိ၊ တေန ပုရိသေနာတိဧတ္ထ ကတ္တရိ တတိယာတိ ဝဒန္တိ၊ ကာရိတေ ပန
သတိ သပရဗျာပါရေသု ပရဗျာပါရဿ ပဓာနတ္တာ ပရဗျာပါရံ ပဋိစ္စ ကမ္မသညာ ယုဒ္ဓိ
လဒ္ဓတိ , ပုရိသေနာတိ ဧတ္ထာပိ ကတ္တုသညာ ကထံသိယာ ( ကတ္တုသညာ အဘယ်မှာ
ဖြစ်နိုင်တော့အံ့နည်း-မဖြစ်နိုင်-ဟူလို၊ )ဤနိဒ္ဒေသစကားကို ထောက်၍ ပြောခြင်းတည်း။

ကျမ်းစာတို့၌မူ တတိယာ ဝိဘတ်သည် ပယောဇ္ဇကတ္တား အဖြစ်ကို ငဲ့ခိုက် ( ကတ္တု
သတ္တိ နက်၌သာ ) သက်ရသောကြောင့် ကတ္တားဟောသာလျှင် ထင်ရှားလျက် ရှိ၏၊
ရူပသိဒ္ဓိဋီကာ၌ " ကတ္တရိ ပဉ္စမ တတိယာပိ ယောဇေတဗ္ဗာ – ဟု မိန့်၏၊ မောဂ္ဂလ္လာန်
ပဉ္စိကာ၌လည်း"ပစိဿ ပယောဇ္ဇေ ကတ္တရိ တတိယာဝ ဟောတိ"ဟု မိန့်၏၊ ဘေဒစိန္တာ
၌လည်း " အကြောင်း ကြိယာ ဖြစ်သော ( စေ ) ဟူသော အနက်၌ စပ်ခိုက် ကံ ဖြစ်၍
ဒုတိယာ သက် , သွားခြင်း ဟူသော အကျိုး ကြိယာ၌ စပ်ခိုက် ကတ္တား အနက်ဖြစ်၍
တတိယာသက်" ဟုသာ ဆိုသည်၊ ပုရိသေန တပုဒ်ထည်းက အကြောင်း ကြိယာ၌ စပ်
အကျိုး ကြိယာ၌လည်း စပ်၍ ကံလည်း ရ – ကတ္တားလည်း ရ–ဟု ဆိုလိုသည် မဟုတ်၊
ထို့ကြောင့် ပုရိသေန စသော(ကာရိတ် ဝါကျလာ)တတိယာ ဝိဘတ်ဆုံးသော ပုဒ်များ
သည် ကတ္တားဟောသာ ဖြစ်သင့်ပေသည်။

ဆဋ္ဌီသက်ရာ။ ။အချို့ ကာရိတ်ဝါကျများ၌ ပုရိသေန အရာဝယ် " ပုရိသဿ " ဟု
ဆဋ္ဌီဝိဘတ်သက်၍"ပုရိသော ပုရိသဿဝါ ဂါမံ ဂမယတိ "စသော ဝါကျများကို ပြကြ
သေး၏၊ ထိုဆဋ္ဌီဝိဘတ်သည်"ဆဋ္ဌီစ"သုတ်ဖြင့် တတိယာဝိဘတ်၏ အနက်၌ သက်သော
ဆဋ္ဌီတည်း-ဟု ချာသ ( ယော ကာရေတိ သဟေတုသုတ် ) ၌ ဖွင့်၏၊ အကယ်၍ ဆဋ္ဌီ

www.dhammaransi.com



(၂၀၇) ကာလဒ္ဓါနမစ္စန္တသံယောဂေ။ ၂၉၀။ [အစ္စန္တံ (နိရန္တရံ) အဆက်မပြတ်၊ သံယောဂေါ - ယှဉ်ခြင်းသည်၊ အစ္စန္တသံယောဂေါ-မည်၏၊] ကာလဒ္ဓါနံ - တို့၏၊ ဒဗ္ဗဂုဏကြိယာဟိ - ဒြဗ်, ဂုဏ်, ကြိယာတို့နှင့်၊ အစ္စန္တသံယောဂေ-သည်၊ (သတိ - သော်၊) ကာလဒ္ဓဝါစီဟိ-ကာလအဓွန့်ကို ဟောကုန်သော၊ တေဟိလိင်္ဂေဟိ- ထိုလိင်တို့မှ နောင်၌၊ ဒုတိယာဝိဘတ္တိ ဟောတိ၊.... တာဝ - အဓွန့်မှ ရှေးဦးစွာ၊ ကာလေ-အခါ၌ (ဥဒါဟရဏံ-ကား) သတ္တာဟံ - ခုနစ်ရက်ပတ်လုံး၊ ဂဝပါနံ - နွားမှဖြစ်သော သောက်ဘွယ်သည် (ဟောတိ-ဖြစ်၏၊)ပေ၊သဗ္ဗကာလံ-အလုံးစုံသောကာလပတ်လုံး၊ ရမဏီယံ-သော၊ နန္ဒနံ-နန္ဒနဥယျာဉ်၊ ပေ၊ တယောမာသေ- ၃ လတို့ပတ်လုံး၊ အဘိဓမ္မံ- အဘိဓမ္မာကို၊ ဒေသေသိ-ဟောတော်မူပြီ၊ အဒ္ဓါနေ-အဓွန့်၌၊ (ဥဒါဟရဏံ- ကား၊)၊ ပေ၊ အစ္စန္တသံယောဂေတိ ကိံ၊ မာသေ၊ ပေ၊ ပဘိဠာပေသိ- တို့၌ တားမြစ်ရခြင်းအကျိုးရှိ၏၊ [ လတိုင်း လတိုင်း၌ စား၏၊ တယူဇနာ တယူဇနာ၌ ကျောင်းကို တည်စေပြီ၊]

ဝိဘတ်သည် ကံအနက်၌ သက်ရမည်ဖြစ်လျှင်"ဒုတိယာ ပဋ္ဋမိနေဋ္ဌ"သုတ်ဖြင့်သာ သက်ခွင့်ရှိ၏၊ ထိုသုတ်ဖြင့် မသက်ဘဲ ဆဋ္ဌီစ သုတ်ဖြင့် သက်သောကြောင့် တတိယာ ဆဋ္ဌီဝိဘတ်တို့ဖြင့်"ပုရိသေန-ပုရိသဿ"တို့သည် ကာရိတ်ကံ မဟုတ်ကြ, ဓာတ်၌ စပ်ရသော ဓာတ်ကတ္တားများသာဖြစ်၍ "သည်" ဟု အနက်ပေးရမည်-ဟု သိသာပြီ။

အဘိဟိတေ၊ပေ၊ဗောဓိယတေ ဣစ္စာဒိ —ပုရိသေန ပုရိသော၊ပေ၊သိဿော တို့၌ ပုရိသော သိဿော တို့သည် အဘိဟိတ (ဝုတ္တ) ကံများတည်း၊ ထို့ကြောင့် ဒုတိယာ တတိယာ မသက်ရဘဲ ပဌမာသာ သက်ရတော့သည်-ဟုလို၊ ဣစ္စာဒိဖြင့် ဘုဇပဌစသော ဓာတ်စဉ် အတိုင်း " မာတရာ ပုတ္တော ဘောဇနံ ဘောဇီယတေ " စသော ကံဟော ကာရိတ်ဝါကျများကို သိဓာတ်တိုင်ခအောင် သိလေ – ဟု ညွှန်ပြသည်။ [ အကျယ်ကို ဂ စွည်းဘာသာဋီကာ၌ ပြထား၏။]

(၂၀၇) နိရန္တရံ သံယောဂေါ — နိရန္တရံသည် အစ္စန္တံ၏ အဖွင့်၊ သံယောဂေါ အရ "ယှဉ်" ဟူသည် ဆက်သွယ်ခြင်း (ထိုနှင့်မကင်းခြင်း) တည်း၊ ဥပမာ–သတ္တာဟံ ပဝပါနံ၌ ၇ ရက် လုံးလုံး ဂဝပါနနှင့် မကင်းခြင်း ( ဂဝပါန ရှိနေခြင်း ) ကဲ့သို့တည်း၊ [ဂဝ=နွားမှဖြစ်သော+ပါန=သောက်ဘွယ် (နွားနို့, နို့ချဉ်စသည်၊)] ကြွင်းသော မှတ်ဘွယ်ကို အခြေပြနှင့်ပင် ပြခဲ့ပြီ၊ ဤသုတ် ဆိုင်ရာကျိုးကြောင်းကား ကစ္စည်း ဘာသာဋီကာ၌ ပြထားသည်။

အစ္စန္တသံယောဂေတိ ကိံ— " မာသေ မာသေ " သည် ကာလအစ္စန္တ သံယောဂ ဖြစ်ပုံ၊ " ယောဇနေ ယောဇနေ" ကား အဒ္ဓါ အစ္စန္တ သံယောဂ ဖြစ်ပုံတည်း၊ မှန်၏—

www.dhammaransi.com



(၂၈၈) ကမ္မပ္ပဝစနီယ ယုတ္တော။ ၂၉၉ ။ ကမ္မပ္ပဝစနီယေဟိ - ကမ္မပ္ပဝစနီယမည်ကုန်သော၊ နိပါတောပသဂ္ဂေဟိ-နိပါတ်,ဥပသာရပုဒ်တို့နှင့်၊ ယုတ္တေ (ယောဂေ)-ယှဉ်ခြင်းသည်၊ သတိ - သော်၊ လိင်္ဂမှာ ဒုတိယာ ဝိဘတ္တိ ဟောတိ၊ ယေသံ - အကြင် ဥပသာရပုဒ် နိပါတ်ပုဒ်တို့သည်၊ ကမ္မံ - ကြိယာကို၊ ပဝစနီယံ - ဟောအပ်၏၊ ဣတိ - ထိုသို့ ကြိယာကို ဟောတတ်ကုန်သည်၏အဖြစ်ကြောင့်၊ တေ-ထိုဥပသာရပုဒ် နိပါတ်ပုဒ်တို့သည်၊ ကမ္မပ္ပဝစနီယာ-တို့မည်၏၊ ဝါ- တနည်း၊ ပရသမညာဝသေန-တပါးသော သဒ္ဒါတကျမ်းတို့၏ အမည်၏ အစွမ်းဖြင့်၊ အန္တာဒယော-အနုအစရှိသော ဥပသာရတို့သည်၊ ကမ္မပ္ပဝစနီယာ-တို့မည်၏၊ ["ကမ္မပ္ပဝစနီယ သညာ" ဟု မြန်မာမှုရှိသော်လည်း "ပရသမညာဝသေန" ဟု ဝိသေသန ရှိပြီး ဖြစ်သောကြောင့် "သညာ" မပါသော သိဒ္ဓိပ္ပိယ္ပမှုသာ ကောင်းသည်။]

တလမှ တခါ မှန်မှန် စာသွားလျှင် "မာသေ မာသေ ဘုဉ္ဇတိ" ဟု ဆိုနိုင်၏၊ စားခြင်း ကြိယာကား (တလမှ တခါဖြစ်၍) အဆက်ပြတ်သောကြောင့် အစ္စန္တ သံယောဂ မဖြစ်၊ တယူဇနာလျှင် တကျောင်း ဆောက်ရာ၌လည်း တောတန်း (ဝေနရုဇ်) ဆက်နေသလို ကျောင်းခြင်း မဆက်သေးကြောင့် အဒ္ဓါ အစ္စန္တ သံယောဂ မဖြစ်၊ အစ္စန္တ သံယောဂ မဟုတ်၍ ဒုတိယာလည်း မသက်ရ၊ ဝိစ္ဆာပုဒ်များ ဖြစ်၍ ရှေးဦးစွာ "မာသ" တည်, သိ်သက်, ပြေ၍ "မာသေ" တပုဒ်ပြီးမှ သုဝ်ကြီးဖြင့် ဖြစ်စေ, "ဝိစ္ဆာဘိက္ခညေသု ဒွေ" ဟူသော မောဂ္ဂလ္လာန်သုတ်ဖြင့် ဖြစ်စေ "မာသေ မာသေ" ဟု ၂ ပုဒ်ပြု၊ "ယောဇနေ ယောဇနေ" လည်း နည်းတူ။

(၂၈၈) ကမ္မံ+ပဝစနီယံ ယေသံ — သီလက္ခန် ဋီကာသစ် ဥက္ကဋ္ဌ အဇ္ဈာဝသတိ အဖွင့်၌ "ကြိယာသခ်ံ တံ ကမ္မံ" ဟု ရင်း, ကစ္စာယနသာရဋီကာသစ်၌ "ကမ္မံ (ကြိယာ) ပဝစနီယံ (ဝတ္တဗ္ဗံ) " ဟု ရင်း ဖွင့်ကြ၏၊ ထိုသို့ ဖွင့်သော ထိုဆရာတို့သည် ကမ္မံအရ ကြိယာကို ယူလေလိုကြောင်း ပဝစနီယံ၌ ပဥပသာရ အနက်မရှိ, ဝစဓာတ်၏ ဟောခြင်း ဆိုခြင်းအနက်ဟောကြောင်းကို ပြကုန်၏၊ ထိုအတိုင်းပင် ရူပဋီကာလည်း အနုကို "လက္ခဏ ကတ္တာ" ဟု ဖွင့်၍ နေ့ဆရာတို့လည်း "အနု-အမှတ်ပြု၍" ဟု အနုသဒ္ဒါ၏ အမှတ်ပြုခြင်း ကြိယာဟောဖြစ်အောင် အနက်ပေးကြ၏၊ ထိုသို့အနက်ပေးကြ ဖွင့်ကြခြင်းသည် "ကမ္မံ (ကြိယံ)" စသော ဝိဂ္ဂြိုဟ်နှင့်ကား သင့်တင့်ပါပေသည်။

စိစစ်ဘွယ်။ ။သို့သော် ထိုဝိဂ္ဂြိုဟ်နှင့် တကွ အနက်များကို စိစစ်သင့်၏၊ ချဲ့အံ့-ရုက္ခံ အနု ဝိဇ္ဇောတတေ စသည်၌ "အနုဝိဇ္ဇောတတေ-အမှတ်ပြု၍ တောက်ပ၏" ဟု ပေါင်း၍ ပေးပေး, "အနု- အမှတ်ပြု၍=ဝိဇ္ဇောတတေ- ၏" ဟု ခွဲ၍ ပေးပေး, အနု သဒ္ဒါသည် ဝိဇ္ဇောတတေ၌ ဇုတဓာတ်၏ အနက်ကို အထူးပြုသော ဓာတွတ္ထဝိသေသက ဥပသာရ

www.dhammaransi.com



သာ ဖြစ်နေ၏၊ ထိုသို့ ဖြစ်လျှင် ရုက္ခံ၌ ဒုတိယာလည်း ကမ္မတ္တေ ဒုတိယာ သုတ်ဖြင့်ပင် သက်နိုင်တော့၏၊ " ပဗ္ဗဇိတ မနု ပဗ္ဗဇိံသု=ရဟန်းပြုသော ဘုရားအလောင်းကို အတုပြု၍ ရဟန်းပြုကြကုန်၏" ဟု အနက်ပေးရာ၌လည်း ထိုအနက်သည် အမှန်ပင်၊ "အနုပဗ္ဗဇိံသူတိ-အနုပဗ္ဗဇိတာနိ"ဟု ဖွင့်ကြသည်ပင်၊ သို့သော် ထိုအဖွင့်မျိုး၌ အနုကို ကမ္မပ္ပဝစနီယ ဟု မဆိုလို, ဓာတွတ္ထဝိသေသက ရိုးရိုး ဥပသာရ ဟုသာ ဆိုလိုသည်၊ "မဇ္ဈိ၀ါ-ကိုရင်း၊ ပိဋ္ဌိ၀ါ-ကိုရင်း၊ အဘိနိသီဒေယျ-လွှမ်းမိုး၍ (ဖိ၍) ထိုင်အံ့" ဟု ပေးရာ၌လည်း အဘိသည် ဥပသာရသာ၊ ထို့ကြောင့် "အဘိဘဝိတွာ နိသီဒတိ "ဟု အဋ္ဌကထာတို့ ဖွင့်ကြသည်။

**ပရသမညာ ဝသေန ဝါ** — ပြခဲ့သော စိစစ်ချက်အရ " ကမ္မံ+ပဝစနီယံ ယေသံ " ဟူသော ဝိဂ္ဂဟကို အားရ ကျေနပ်ပုံ မရသောကြောင့် " ပရသမညာဝသေန ဝါ " ဟု တနည်းပြဟန် တူသည်၊ ဤနောက်နည်းသာ သင့်ဘွယ်ရှိ၏၊ မှန်၏—ကမ္မပ္ပဝစနီယ အမည်သည် "လက္ခဏိတ္ထမ္ဘူတချာနဘာဂဝိစ္ဆာသု ပတိပရိအနဝေါ" စသော သုတ်တို့ ဖြင့် မှည့်အပ်သော(ပါဏိနိဗျာကရဏ်းစသည်၏) အမည်တည်း၊ ထိုသဒ္ဒတ္ထ၌ "ဗုဒ္ဓသ္မာ ပတိ သာရိပုတ္တော, ဥပနိက္ခေ ကဟာပဏံ" ကဲ့သို့သော ပတိ-ဥပ စသည် ကိုလည်း ကမ္မပ္ပဝစနီယ မှည့်၏၊ သို့သော် ဒုတိယာဝိဘတ်၏ သက်ရာဌာန၌ကား လက္ခဏစသည်ကို ဟောသော ပရိ စသည်ကိုသာ ယူရသည်၊ ဤသို့လျှင် ကမ္မပ္ပဝစနီယ အမည်၏ သဒ္ဒတ္ထ ဗျာကရဏ်းတို့၌ လာသောနာမည်ရင်း ဖြစ်သောကြောင့် ကမ္မပ္ပဝစနီယ၏ ဟောလိုရင်း ငဲ့ကွက်ဟန်နက် အမှန်ကိုလည်း သဒ္ဒတ္ထ ဋီကာများဖြင့်သာ သိထိုက်ပေသည်။

**သဒ္ဒတ္ထဝိဂ္ဂဟ။** ။ကမ္မံ (ကြိယံ)-ကြိယာကို၊ပဝုတ္တဝန္တော-ဟောဘူးကုန်ပြီ၊ဣတိ, ကမ္မပ္ပဝစနီယာ—တို့မည်၏၊ ပဝစနီယံ၌ အနီယပစ္စည်းကို "ပဝုတ္တဝန္တော" ဟု အတိတ်ဟော တဝန္တုပစ္စည်းဖြင့် ဖွင့်ပြထား၏၊ ထို့ကြောင့်"ပရိဂ္ဂဏှာတိ—သိမ်းပိုက်၏၊ ပတိဓာနာတိ-ဝန်ခံ၏၊ အနုဘဝတိ-ခံစား၏" စသည်ဖြင့် ပတိ-ပရိ-အနုတို့သည် ဥပသာရ အဓိက်တုန်းက (ဥပသာရ နာမည် ရစဉ်က) ဓာတ်နှင့်တွဲ၍ ကြိယာအနက်ကို ဟောခဲ့ဘူးကုန်၏၊ ယခုသော် ဓာတ်နှင့် မတွဲရသဖြင့် ဥပသာရအမည်လည်းမရ, "ကမ္မပ္ပဝစနီယ" ဟူသော အမည်သစ်ကို ရနေသောကြောင့် ကြိယာ အနက်ကိုလည်း မဟောတော့, လက္ခဏစသော အနက်ကိုသာ ဟောကြတော့သည် – ဟူလို။ [ အတီတေတိ ဧတေန ဥပသဂ္ဂတာဒသာယံ (ဥပသာရ အမည်ရတုန်းက) အဘျာဒယော ကြိယာဇောတကာ၊ တသ္မာ သမ္ပတိ (ယခု) ကမ္မပ္ပဝစနီယတာဒသာယံ (ကမ္မပ္ပဝစနီယ အမည် ရခိုက်၌) န ကြိယံ ပတိပါဒကန္တိ ပတိပါဒိတံ (သိစေအပ်ပြီ)၊—ကဝိရာဇဋီကာ။ ]

**မှတ်ချက် ။** ။ဤဋီကာကို ကောက်ချက်ချလိုက်သော် "ဥပသာရ အမည်နှင့် ကမ္မပ္ပဝစနီယအမည်သည် တပြိုင်နက် မဖြစ်နိုင်"ဟုရင်း, "ကြိယာကိုအထူးပြုနေလျှင် ဓာတွတ္ထဝိသေသက ဥပသာရတို့သာ ဖြစ်၍, ကြိယာ မဟုတ်သော လက္ခဏ အနက် စသည်ကို ဟောနေမှသာ ကမ္မပ္ပဝစနီယ ဖြစ်၏" ဟုရင်း မှတ်ချက် ရသည်၊ ထို့ကြောင့်လည်း သဒ္ဒတ္ထ၌ ကမ္မပ္ပဝစနီယ ပုံစံများကို ကြိယာနှင့် တွဲစပ်၍ မထုတ်ဘဲ " ရုက္ခမဘိ+ဝိဇ္ဇော တတေ ဝိဇ္ဇု "စသည်ဖြင့် ကမ္မပ္ပဝစနီယ တခြား+ကြိယာတခြားထုတ်၍ အနက်ကိုလည်း

www.dhammaransi.com



တဿ-ထိုသင်္ကတကျမ်း (ပါဠိနီ)၌၊ [ဝုတ္တာ၌ စပ်၊ အနုသန္ဓိသ-အနုသန္ဓါ၏၊ လက္ခဏော - လက္ခဏအနက်၌ငင်း၊ [နောက်၌"လက္ခဏာဒိသု" ဟု ချဲ့လတ့်ဖြစ်၍ "လက္ခဏာဒိသု" ရှိလျှင် သာ၍ကောင်းမည်။ ] သဟစ္ဆေ - သဟ အနက်၌ငင်း၊ ဟီနေစ - ဟီန အနက်၌ငင်း၊ ကမ္မပ္ပဝစနီယသညာ - အမည်ကို၊ ဝုတ္တာ - ဆိုအပ်ပြီ၊ ယထာ - ကား၊ ပဗ္ဗဇိတာ မနုပဗ္ဗဇိံသု ၊ပေ၊ အနု သာရိပုတ္တံ ပညဝါ - ဟူသည်တည်း၊ [ ပဗ္ဗဇိတံ အနု-(ဘုရားအလောင်း) ရဟန်းပြုလတ်သော်၊ ပဗ္ဗဇိံသု- လူအပေါင်းတို့

"ရုက္ခံ အဘိ-သစ်ပင်၌"စသည်ဖြင့် ကြိယာနှင့်မတွဲဘဲ ရှေ့ပုဒ်နှင့်တွဲ၍ ပေးလေ့ရှိကြသည်၊ [ရုက္ခမဘိတိ-လက္ခိယလက္ခဏသမ္ဗန္ဓော ဒုတိယတ္ထော၊သော အဘျာဒိဇောတိယော= သစ်ပင်နှင့် လျှပ်စစ်ရောင် တောက်ခြင်းတို့၏ လက္ချ +လက္ခဏအဖြစ်ဖြင့် စပ်ခြင်း သမ္ဗန္ သည် ရုက္ခံ၌ အံဝိဘတ်၏ အနက်တည်း၊ ထိုအနက်ကို အဘိက ထွန်းပြ အပ်သည်၊ " သစ်ပင်ပေါ်၌ လျှပ်စစ်ရောင် တောက်သည် " ဟု ပြောရာ၌ သစ်ပင်သည် လျှပ်ရောင် တောက်ခြင်းကို မှတ်သားကြောင်း လက္ခဏတည်း၊ ထိုလက္ခဏကို အဘိက ထွန်းပြ၏၊ ထို့ကြောင့် အဘိသည် လက္ခဏအနက်၌ ဖြစ်၏-ဟူလို။]

ကမ္မပ္ပဝစနီယ များနေဘွယ်။ ။ဥပသဂ္ဂပုဒ် ဟူသမျှသည် " ဓာတွတ္ထံ ဗာဓတေ ကောစိ" အရ ဓာတ်နှင့်တွဲလျက် ဓာတ်နက်ကို အထူးပြုကြ - ဆင်ပြင်ပေးကြ၏၊ "မဇ္ဈိ အဘိနိသိဒေယျ, ဥက္ကဍံ့ အဇ္ဈာဝသတိ"စသည်၌ ဓာတ်နက်ကို အထူးပြုနေသောကြောင့် အဘိ အဓိ တို့သည် (သီလက္ခန် ဋီကာသစ်နှင့်တကွ နောက်ဆရာတို့က ကမ္မပ္ပဝစနီယ ဟု ဖွင့်ကြသော်လည်း ကမ္မပ္ပဝစနီယမဟုတ်) ဥပသဂ္ဂပုဒ် ရိုးရိုးတို့သာ တည်း၊ အကယ်၍ ထိုဥပသဂ္ဂ မျိုးလည်း ကမ္မပ္ပဝစနီယ အမည်ရသေးလျှင် ကမ္မပ္ပဝစနီယတွေ မီးခိုးမဆုံး မိုးမဆုံး ဖြစ်နေပေလိမ့်မည်၊ အမှန်မှာ- ကြိယာနှင့်မတွဲဘဲ လက္ခဏ ဣတ္ထမ္ဘူတ စသော သီးခြားအနက်ကိုထွန်းပြသော ပဒ်စသည်ကိုသာ (ဥပသဂ္ဂအမည်ဟောင်းကို ဖျောက်၍) ကမ္မပ္ပဝစနီယအမည် မှည့်ရသည်။ [ ဗုဘုက္ခိတံ နပတိဘာတိ ကဋ္ဌိတိ - ခုဒ္ဒါပိဋ္ဌိတသ ကိဋ္ဌိပိ န ဖုရတီတျတ္ထော၊ ဘာ=ဒိတ္တိယံ(ဘာဓာတ်သည် တောက်ပခြင်းအနက်၌ ဖြစ်၏)၊ ဣဟာတု ဥပသဂ္ဂဗလေန ဖုရဏေ ( ထင်ရှားပြခြင်း၌ ) ဝတ္တတိ၊ တတော လက္ခဏာဒိမှိ အပ္ပဝတ္တိတော (လက္ခဏစသောအနက်၌ ဖြစ်သည်မဖြစ်ခြင်းကြောင့်)ပတိသ န ကမ္မပ္ပဝစနီယတ္တံ ( ကမ္မပ္ပဝစနီယအမည် မရ, ဥပသဂ္ဂသာ မည်သည်-ဟူလို )။ — ဗာလ မနောရမာဋီကာ။ ]

ပဗ္ဗဇိတ မနုပဗ္ဗဇိံသု — " ပဗ္ဗဇိတ မနုပဗ္ဗဇိံသု " သည် လက္ခဏဥပုံစံ၊ အမှတ် အသားကို လက္ခဏ ဟု ခေါ်၏, ကာလဘာဝေသုစ သုတ်၌ လာလတ့်သော လက္ခဏ မျိုးပင်၊ ထို့ကြောင့်"ပဗ္ဗဇိတ မနု- (ဘုရားအလောင်း) ရဟန်းပြုလတ်သော်"ဟု အနက် ပေးသည်၊ ဘုရားအလောင်း ရဟန်းပြုခြင်းသည် ( မှတ်သားကြောင်းဖြစ်၍ ) လက္ခဏ, များစွာသော လူတို့ ရဟန်းပြုခြင်းကား (မှတ်သားအပ်၍) လက္ချ၊ [ ပဗ္ဗဇိတံ သည် လက္ခဏ,

www.dhammaransi.com



ရဟန်းပြုကုန်ပြီ၊ ဗာရာဏသိ - ဗာရာဏသီ မြို့သည်၊ နဒိံ အနု - မြစ်နှင့်တကွ၊ အဝသိတာ - စပ်၏၊ နဒိယာ- မြစ်နှင့်၊ သဟ - တကွ၊ အဝဗဒ္ဓါ- စပ်၏၊ ဉာတိအဖွဲ့ဟ၊ ပညဝါ- ပညာရှိသူ ဟူ သမျှသည်၊ အနု သာရိပုတ္တံ- အရှင်သာရိပုတြာ၏ အောက်ချည်းတည်း။]

ပဗ္ဗဇိံသုကား လက္ခ၊] တည်း၊ အနုကား ထို လက္ခဏာ လက္ခ၊ ၂ ပါးတို့၏ စပ်သွယ်ခြင်းဟူသော သမ္ဗန်အနက်ကို ထွန်းပြ၏၊ ထင်ရှားစေအံ့ - "ပဗ္ဗဇိတံ+ပဗ္ဗဇိံသု" လော်တွင်ဆိုထားက ထို ၂ ပုဒ်၏ လက္ခဏာ လက္ခ၊ အဖြစ်ဖြင့် စပ်ပုံမထင်ရှားသေး၍ "ပဗ္ဗဇိတံ-ရဟန်းပြုလတ်သော်"ဟု လက္ခဏာ အနက်သည်း မပေးနိုင်၊ "ပဗ္ဗဇိတံ အနု" ဟု ဆိုလိုက်မှ ထို ၂ ပုဒ်၏ လက္ခဏာ လက္ခ အဖြစ်ဖြင့် စပ်ပုံထင်ရှား၍ "ပဗ္ဗဇိတံ အနု-ရဟန်းပြုလတ်သော်" ဟု လက္ခဏာအနက် ပေးနိုင်သည်၊ ထို့ကြောင့် အနုသည် လက္ခဏာ လက္ခ၊ဘာဝ သမ္ဗန်ကို ထွန်းပြ၏၊ ဆိုသို့ ထွန်းပြရာ၌ ရှေ့လက္ခဏာပုဒ်နှင့် တွဲဘက်နေမှသာ ထို ၂ ပုဒ်၏ အဆက်အသွယ် ( သမ္ဗန် )ကို ထွန်းပြနိုင်သည်၊ ဥပမာ " လင်နှင့်+မယား, လျှာနှင့်+သွား " ဟူရာ၌ အဆက်အသွယ် သမ္ဗန်ကို ပြသော " နှင့် " ကို ရှေ့ပုဒ်နှင့် တွဲရိုး ရှိသကဲ့သို့ငှင်း, "ရာဇညာ+ပုတ္တော" ဟူရာ၌ မင်းနှင့် သား၏ အစပ်သမ္ဗန်ကို ပြသော ဆဋ္ဌီဝိဘတ်သည် ရှေ့ပုဒ်၌သာ သက်သကဲ့သို့ငှင်း တည်း၊ ဤသို့ လက္ခဏာပုဒ်နှင့် တွဲဘက်လျက် သမ္ဗန်ကို ထွန်းပြသောကြောင့် မိမိတွဲနေရာပုဒ်၏ နာမည်သို့လိုက်၍ "အနုသည် လက္ခဏာ အနက်ကို ထွန်းပြ၏=လက္ခဏာအနက်၌ ဖြစ်၏"ဟု ဆိုရသေသည်။

[ဝါကျ ပဒီယ] ကြိယာ ဇောတကော နာယံ, သမ္ဗန္ဓဿ န ဝါစကော၊
နာပိ ကြိယာန္တရာပေက္ခီ, သမ္ဗန္ဓဿ တုဘေဒကော။

ကြိယံ ဇောတကော နာယံ — အယံ- ဤအဘိစသော သဒ္ဒါသည်၊ န ကြိယာဇောတကော - ကြိယာကို မထွန်းပြတတ်။ [ "သုခံ အနုဘူယတေ"စသည်၌ ကြိယာနှင့်တွဲဘက်လျက် ကြိယာအနက်ကို ထွန်းပြသကဲ့သို့, ပဗ္ဗဇိဘ မနုသည်(သဏ္ဌာဘ သဒ္ဒါကျမ်းအလို ) ဥပသာရ မဟုတ်၍ " အနုပဗ္ဗဇိံသု " ဟု ကြိယာနှင့် မတွဲနိုင်သဖြင့် ကြိယာအနက်ကို မထွန်းပြနိုင်—ဟုလို။]

သမ္ဗန္ဓဿ န ဝါစကော—သမ္ဗန္ဓဿ-သမ္ဗန်ကိုလည်း၊ န ဝါစကော—မဟောတတ်၊ [ "ရညော+ပုတ္တော " စသည်၌ ဆဋ္ဌီ ဝိဘတ်သည် သမ္ဗန်ကို ဟောသကဲ့သို့ ဤ အနုစသော ကမ္မပ္ပဝစနီယသည် သမ္ဗန်ကိုလည်း မဟောတတ်၊ လက္ခဏာ လက္ခ အဖြစ်ဖြင့်စပ်ခြင်း ဟူသော သမ္ဗန်ကိုကား ဒုတိယာဝိဘတ်ကပင် ဟောသေသည်။

နာပိကြိယာန္တရာပေက္ခီ — ကြိယာန္တရ+အပေက္ခီဝိ – ကြိယာတပါးကို ငဲ့သည်လည်း၊ န မဟုတ်၊ ["ပဒေသံ-လက်ညှိုးထွာကို၊ ဝိပရိလိခတိ-(တိုင်း၍) ရေး၏"ဟူရာ၌ လိခတိ၏ အနက်ရင်းမှာ "ရေး၏" ဟုသာ ရှိ၏၊ သို့သော် ဝိပရိ ဥပသာရသည် "မာန=တိုင်းခြင်း" ဟူသော ကြိယာတပါးကို ငဲ့သကဲ့သို့ အဘိစသော ကမ္မပ္ပဝစနီယ များသည် ကြိယာတပါးကိုလည်း မငဲ့ကြ၊ ] " နာပိ ကြိယာပဒက္ခေပီ=ကြိယာပုဒ် တပါးကိုလည်း

[ရှေ့၌ ပြခဲ့ပြီးသော လက္ခဏ (လက္ခဏာဒိသု) အရကိုပင် သတ္တမီ အဆိုဖြင့် ချဲ့ပြလိုကြောင်း "လက္ခဏာဒိသု" စသည်ကိုမိန့်၊] လက္ခဏာ ဒိသု- လက္ခဏ အစရှိသော အနက်တို့၌၊ လက္ခဏိတ္ထမ္ဘူတက္ခာနဘာဂ ဝိစ္ဆာသု ပတိ ပရိ အနဝေါတိ - လက္ခဏိတ္ထမ္ဘူတက္ခာန ဘာဂဝိစ္ဆာသု ပတိပရိအနဝေါ ဟူသော သုတ်ဖြင့်၊ ပတိ ပရိ အနူနံ - ပတိ ပရိ အနုတို့ ၏၊ ကမ္မပ္ပဝစနီယ သညာ - ကမ္မပ္ပဝစနီယ အမည်ကို၊ ဝုတ္တာ - ဆိုအပ်ပြီ၊ လက္ခဏေ-လက္ခဏ အနက်၌၊ (ဥဒါဟရဏံ- ကား၊) သူရိယုဂ္ဂမနံ ၊ပေ၊ ရက္ခံ အနု-သူရိယုဂ္ဂမနံ ၊ ပေ ၊ ရက္ခံအနု ဟူသည်တည်း၊....[သူရိယုဂ္ဂမနံ

မထည့်ရ" ဟု မှတ်ခဲ့ရှိ၏၊ ပဗ္ဗဇိတံ-ရဟန်းပြုသော ဘုရား အလောင်းကို၊ အနု (လက္ခဏံ ကတွာ - အမှတ်ပြု၍) ဟု ကြိယာတပါးကိုလည်း ထည့်ဘွယ် မလို၊ ထိုသို့ ထည့်လျှင် ပဗ္ဗဇိတံကို အနု (လက္ခဏံ ကတွာ)၌ စပ်ရသောကြောင့် ရိုးရိုးကမ္မတ္ထ၌ ကမ္မတွေ့ဒုတိယာ သုတ်ဖြင့် ဒုတိယာ သက်လိမ့်မည်-ဟူလို။

သမ္ဗန္ဓသ တု ဘေဒကော — တု-စင်စစ်ကား၊ သမ္ဗန္ဓဿ-လက္ခဏ လက္ချအဖြစ်ဖြင့် ဆက်သွယ်ခြင်း စသော သမ္ဗန်ကို၊ ဘေဒကော-အထူးပြုတတ်၏၊ [ ဒအတူးပြု" ဟူသည် ထင်ရှားအောင် ပြခြင်း- ထွန်းပြခြင်းတည်း။ ]

သဟတ္ထနှင့်ဟီနတ္ထ ။ ။ "နဒိ မန္ဝဝသိတာ ဗာရာဏသီ" သည် သဟတ္ထပုံစံ, "အနု သာရိပုတ္တံ ပညဝါ" ကား ဟီနတ္ထ ပုံစံ၊ "နဒိံ အနု - မြစ်နှင့်တကွ" ဟူရာ၌ "တကွ" အနက်သည် အနု၏ အနက်တည်း၊ ထို့ကြောင့် "နဒိယာ သဟ အဝဗဒ္ဓါတိ အတ္ထော" ဟု အနက်ဖွင့်သည်၊ ဗာရာဏသီပြည်သည် ဂင်္ဂါမြစ်နှင့် တစပ်ထည်း (တဆက်ထည်း) နေသည်-ဟူလို၊ အနု ဟူသော ကမ္မပ္ပဝစနီယနှင့် ယှဉ်သောကြောင့် နဒိံ၌ ဤသုတ်ဖြင့် ဒုတိယာ သက်၊ အနု သာရိပုတ္တံ၌လည်း အနု သဒ္ဒါသည် ဟီန အနက်ဟော၊ ဟီန-အရ "ယုတ်ညံ့" ဟူသည် အောက်ကျခြင်း-ပညာအားဖြင့် အရှင်သာရိပုတြာကို မမှီခြင်းတည်း၊ [ ဤ၌ ပညဝါ အရ ဘုရားမှ တပါး အခြားပညာရှိသူများကိုသာ ယူ၊ သီဟိုဠ်မူ၌ကား "ပညဝါ ဘိက္ခု" ဟု ရှိ၏, သာ၍ရှင်းသည်၊ ] ဤ၌လည်း "ကမ္မံ ဝစနီယံ ယေသံ" ဟူသော ဝိဂ္ဂဟ်နှင့်ညီအောင် "နဒိံ-ကို၊ အနု-အစဉ်လျှော်၍၊ အဝသိတာ-စပ်၏၊ ပညဝါ-သည်၊ သာရိပုတ္တံ-ကို၊ အနု-ထောက်သော်အောက်ကျ နောက်နေ၏" ဟု အနက်ပေးကြသေး၏၊ အနုကို သဟတ္ထ ဟီနတ္ထ ဟု ဆိုထားလျက် ကြိယာ အနက်ဖြစ်အောင် ဆွဲယူခြင်းမှာ "ကမ္မံ ဝစနီယံ ယေသံ" ဟူသော ဝိဂ္ဂဟ်မျက်နှာကို လိုက်လွှန်းရာ ကျသည်။

လက္ခဏာဒိသု ၊ပေ၊ ဝုတ္တာ — "လက္ခဏိတ္ထမ္ဘူတ ၊ပေ၊ အနဝေါ" ကား ပါဏိနိ၌ လာသော သုတ်တည်း၊ လက္ခဏာဒိသု၌ အာဒိအရ ဤသုတ်၌လာသော ဣတ္ထမ္ဘူတက္ခာန ဘာဂ ဝိစ္ဆာတို့ကို ယူ၊ [ "လက္ခဏိတ္ထမ္ဘူတက္ခာန ဘာဂဝိစ္ဆာသု-လက္ခဏ, ဣတ္ထမ္ဘူတ က္ခာန, ဘာဂ, ဝိစ္ဆာ အနက်တို့၌၊ ပတိ ပရိ အနဝေါ - ပတိ , ပရိ , အနုတို့သည်၊ ကမ္မပ္ပဝစနီယာ-ကမ္မပ္ပဝစနီယတို့ မည်၏" ဟု သုတ်နက်ပေး၊ ] လက္ခဏ ဟူရာ၌ သီဟိုဠ်မူဝယ်

www.dhammaransi.com



ပတိ - နေထွက်သတ်သော်၊ ဒိဗ္ဗာ ဘက္ခာ - နတ် အစာတို့သည်၊ ပါတု ဘဝေယျုံ - ထင်ရှားဖြစ်ကုန် သတည်း၊ ရုက္ခံပတိ - သစ်ပင်၌၊ စန္ဒော ဝိဇ္ဇောတတေ၊ ရုက္ခံပရိ - ၌၊ ( စန္ဒော ဝိဇ္ဇောတတေ )၊ ရုက္ခံ အနု - ၌၊ (စန္ဒော ဝိဇ္ဇောတတေ)၊ ] ဣတ္ထမ္ဘူတက္ခာနေ-ဣတ္ထမ္ဘူတက္ခာနအနက်၌၊ ( ဉဒါဟရဏံ-ကား၊ ) သာဓု ဒေဝဒတ္တော ၊ ပေ၊ မာတရံ အနု-တည်း၊ [ ဒေဝဒတ္တော-သည်၊ မာတရံပတိ- အမိ၌၊ သာဓု- အကျင့်ကောင်း၏၊ ဒေဝဒတ္တော,မာတရံပရိ-၌၊ သာဓု၊ ဒေဝဒတ္တော,မာတရံအနု-၌၊ သာဓု-၏၊ ]

ဉပလက္ခဏေ”ဟု ရှိ၏၊ လက္ခဏအရ “အမှတ်အသား”အနက်ထင်ရှားအောင်ဆိုဟန် တူသည်၊ သူရိယုဂ္ဂမန်အရ နေထွက်ခြင်းသည် နတ်ဩဇာ ဖြစ်ခြင်းကို မှတ်သားကြောင်း ဖြစ်သောကြောင့် လက္ခဏ, ဒိဗ္ဗာ ဘက္ခာ ပါတုဘဝေယျုံ အရ နတ်ဩဇာ ဖြစ်ခြင်းကား ထို နေထွက်ခြင်းဖြင့် မှတ်သားအပ်သောကြောင့် လက္ချ, “ နေထွက်သည့်ရှိသော် ( နေ ထွက်သည်နှင့် တပြိုင်နက် ) နတ်ဩဇာများ ပေါ်လာကြပါစေ ”ဟုလို၊ ( “ဂေါသု ဒုယှ မာနာသု ဂတော ပုရိသော”မျိုးပင်တည်း၊ ) ပတိ ကား ထိုသူရိယုဂ္ဂမန်နှင့် ပါတုဘဝေယျုံ တို့၏ လက္ခဏ လက္ချ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်ကို ထွန်းပြ၏-စသည်ဖြင့် ရှေးနည်းမှီ၍ သိလေ၊ ရုက္ခံပတိဝိဇ္ဇောတတေ စန္ဒော၌ ရုက္ခံ အရ သစ်ပင်သည် လရောင်တောက်ခြင်းကို မှတ်သားကြောင်း လက္ခဏ, ဝိဇ္ဇောတတေသည် လက္ချ စသည်ဖြင့် ခွဲလေ။

ဣတ္ထမ္ဘူတက္ခာနေ ၊ ပေ ၊ မာတရံ အနု — [ “ သာဓု ဒေဝဒတ္တော မာတရံ ပရိ, သာဓု ဒေဝဒတ္တော မာတရံ အနု”ဟု ဆိုလိုလျက် စာကျဉ်းအောင် “မာတရံ ပရိ, မာတရံ အနု”ဟုသာ ဆိုသားသည်၊ ] ဣတ္ထံသည် ဣမသဒ္ဒါနောင် ကိမိမေဟိ ထံ သုတ်ဖြင့် ပကာရ အနက်၌ ထံ ပစ္စည်းသက်၍ ပြီးသော အဗျယတဒ္ဓိတ်ပုဒ်တည်း၊ ပကာရဟူသည် သာမည အနက်ကို ထူးခြားအောင် ပြုတတ်သော ဝိသေသန ( ဂုဏ် )တည်း၊ ထို့ကြောင့် “အယံ ပကာရော-ဤအထူးသည်၊ ဣတ္ထံ-မည်၏၊ [ ရူပီကာ၌ “အနေန ပကာရေန ဣတ္ထံ ဟု ဖွင့်၏၊ များသောအားဖြင့် ထံ ပစ္စည်းသည် တတိယာ အနက်ကို ဟောတတ်၍ “ အနေန ပကာ ရေန”ဟု ဖွင့်ဟန်တူသည်၊ ဝိဘတ် ၇ သွယ်လုံး၏ အနက်၌ပင် ထံ ပစ္စည်း ဖြစ်၏၊ ] ဣတ္ထံ-တစုံတခုသော ထူးခြားချက်သို့၊ ဘူတော – ရောက်သူတည်း၊ ဣတ္ထမ္ဘူတော-တစုံတခု ထူးခြားချက်သို့ ရောက်သူ၊ ဣတ္ထမ္ဘူတဿ-တစုံတခုသော ထူးခြားချက်သို့ ရောက်သူကို၊ အက္ခာနံ-ပြောပြခြင်း ထွန်းပြခြင်းသည်၊ ဣတ္ထမ္ဘူတက္ခာနံ မည်၏၊ [ “အက္ခာန”အရာ၌ “အာချာန—အက္ချာန” ဟုသည်း ရှိ၏, အာပုဗ္ဗ ခါဓာတ် ယုပစ္စည်းချည်း ဖြစ်၍ အနက် တူတည်း၊ ] ဤ၌ အက္ခာနအရ ပြောပြခြင်းဟူသည် နှုတ်ဖြင့် ပြောပြခြင်း မဟုတ်, ထွန်း ပြခြင်း ထင်ရှားအောင် ပြခြင်းတည်း၊ အဓိပ္ပါယ်ကို ဂရိုဂသာရ၌ ပြခဲ့ပြီ၊ ဤ၌ မာတုသည် ကောင်းရာဌာနဖြစ်၍ ( ဝိသယ ) အရာတည်း၊ သာဓုကား ထို အရာဌာန ရှိသောကြောင့် ဝိသယီ တည်း၊ မာတုနှင့် သာဓုတို့၏ ဝိသယ ဝိသယီ အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန္ဓကြောင့်သာ

www.dhammaransi.com



ဘာဂေ-ဘာဂ အနက်၌၊ (ဥဒါဟရဏ်-ကား၊ ) ယဒေတ္တ မံ ပတိ၊ ပေ၊ တံ ဒိယတု-တည်း၊ [ ဧတ္တ - ဤပစ္စည်းပုံ၌၊ ယံ - အကြင်ဝတ္ထုသည်၊ မံ- ငါ၏၊ ပတိ-အဘို့သည် သိယာ၊ တံ-ထိုဝတ္ထုကို၊ ဒိယတု-ပေးအပ်လော၊ (ဧတ္တ ယံ စ သည်လိုက် ) မံ - ငါ၏၊ ပရိ-အဘို့သည် ၊ ပေ ၊ မံ-ငါ၏၊ အနု- အဘို့သည်၊ သိယာ , တံ – ကို၊ ဒိယတု - လော၊ ] ဝိစ္ဆာယောဂေ-ဝိစ္ဆာ

ဒေဝဒတ်၏ ကောင်းသောဂုဏ်များ ထင်ရှားရကား ကို ဝိသယဝိသယီဘာဝ သမ္ဗန်သည် ဇူတ္တမ္ဘူတကွာနမည်၏၊ ပဘိသည် ထိုဝိသယဝိသယီဘာဝသမ္ဗန်ကို ထွန်းပြသောကြောင့် ဇူတ္တမ္ဘူတက္ခာနဇောတက မည်၏, ["သမ္ဗန္ဓသဘာ ဘေဒကော"ဟု ဆိုခဲ့သော ဂါထာနှင့် အညီတည်း၊ [ ထို ပတိနှင့် ယှဉ်သောကြောင့် မာတရံ၌ ( ဝိသယာဓာရ ဖြစ်သော် လည်း သတ္တမီဝိဘတ် မသက်ဘဲ)ဤသုတ်ဖြင့် ဒုတိယာဝိဘတ်သာ သက်ရသည်။

ဝါဒန္တရ။ ။"သာဓု ဒေဝဒတ္တော မာတရ မဘိ"၌"ဇူတ္တမ္ဘူတကွာန"အရ ဝိသယ ဝိသယိဘာဝ သမ္ဗန်ကို မယူဘဲ မာတရံ၌ မာတု၏ အနက်ဖြစ်သော အမိကို ဇူတ္တမ္ဘူတ ကွာန ဟု ယူပြီးလျှင်"ဒေဝဒတ်သည် အခြားသူအပေါ်မှာ မကောင်းသော်လည်း ငါအမိ အပေါ်မှာတော့ အကျင့် ကောင်းရှာပါပေသည် – ဟု အမိက မပြောသော်လည်း ပြော သကဲ့သို့ ဖြစ်သည်"ဟု အဓိပ္ပါယ် ပြောဆိုရေးသားကြသေး၏၊ အဘိကား ထို ဇူတ္တမ္ဘူတ ကွာနကို ထွန်းပြသတဲ့၊ ထိုအယူအတိုင်းဖြစ်လျှင် အဘိသဒ္ဒါက"အမိ"ဟူသော အနက်ကို ထွန်းပြရာ ရောက်နေ၏၊ သို့ဖြစ်လျှင် မာတုပုဒ်ရင်းက"အမိ"ဟူသော အနက်ကို အထင် အရှား ဟောနိုင်ပြီးသား ဖြစ်သောကြောင့် အဘိသဒ္ဒါက ထွန်းပြနေခြင်းသည် ဘာအကျိုး ရှိတော့မည်နည်း၊ [ ဒေဝဒတ် ဟူသည်လည်း ဘုရားကိုပြိုင်သော ဒေဝဒတ်ကို ဆိုလိုသည် မဟုတ် , " ဒေဝဒတ္တ, ယညဒတ္တ " စသည်ဖြင့် ဟိန္ဒူလူမျိုးတို့ မှည့်ခေါ်ရိုး နာမည်ရင်း တည်း၊ ] ထို့ကြောင့် ထို အကောက် အယူ အဓိပ္ပါယ်များနှင့် တကွ ...

"သာဓုဘာဂဇဓော ဇူတ္တံ, ဒတ္တော ဘူတော တဒါပနော၊
မာတရဓတ္တော တဒါချာနံ, အဘျာဒယော တု တဇ္ဇောတာ"

ဟူသော"နိရုတ္တိဘေဒသင်္ဂဟ"လာ သာဓကဂါထာဝယ် တတိယပါဒအဆိုကိုပါ စဉ်းစား သင့်သည်၊ [ သာဓုဘာဂဓော– ကောင်းသူ၏ အဖြစ် ( ကောင်းခြင်း ) ဂုဏ်ထူးသည်၊ ဇူတ္တံ– ဇူတ္တမည်၏၊ တဒါပန္နော– ထို ဂုဏ်ထူးသို့ ရောက်သော၊ ဒတ္တော–ဒေဝဒတ်သည်၊ ဘူတော–ဘူတ္တမ္ဘူတ မည်၏၊ ( "ဘူဘမည်၏" ဟု မပေးလင့်၊ ဘူတချည်း သက်သက် ဂုဏ်ထူးသို့ရောက်သူကို မဟောနိုင်၊)မာတရဓတ္တော-မာတရ်၏ အနက်သည်၊ တဒါချာနံ– ထို အာချာနမည်၏၊ ဝါ-ဇူတ္တမ္ဘူတာချာန မည်၏၊ အဘျာဒယောတု-အဘိ အစရှိသော ကမ္မပ္ပဝစနီယတို့ကား၊ တဇ္ဇောတာ-ထို ဇူတ္တမ္ဘူတာချာနကို ထွန်းပြတတ်ကုန်၏။ ]

**ဘာဂေ၊ ပေ၊ တံ ဒိယတု**— ဇူတ္တမ္ဘူတကွာနကို ပြပြီး၍ ဘာဂကို ပြလိုသောကြောင့် "ဘာဂေ"စသည် မိန့်၊ ဘာဂ ဟူသည် တစုံတယောက်၏ အဘို့-ဥစ္စာတည်း၊ "ငါ့ဘို့- သူ့ဘို့, ငါ့အတွက်-သူ့အတွက်,"ဟူသော အသုံး အနှုန်းမျိုးတည်း၊ ဤ၌"မံ ပတိ, မံ ပရိ,

www.dhammaransi.com



အနက်ရှိသော ပုဒ်တို့နှင့် ယှဉ်ရာ၏၊ (ဥဒ္ဒါဟရဏံ - ကား) အဏ္ဏံ အဏ္ဏံ ပတိ၊ ပေ၊ ရုက္ခံ ရုက္ခံ အနု - တည်း၊ [အဏ္ဏံ အဏ္ဏံ ပတိ- အနက် အနက် တိုင်း၌၊ သဒ္ဒေါ-သဒ္ဒါသည်၊ နိဝိသတိ- ပြန့်နှံ့၏၊ (အနက်တိုင်းမှာ သဒ္ဒါ ရှိသည်-ဟူလို)၊ ရုက္ခံ ရုက္ခံ ပတိ-သစ်ပင် သစ်ပင်တိုင်း၌ စန္ဒော - သည်၊ ဝိဇ္ဇောတတေ-၏၊ ရုက္ခံ ရုက္ခံ ပရိ, ရုက္ခံ ရုက္ခံ အနု-လည်း နည်းတူ။၂

မံ အနု"တို့သာ လိုရင်း၊ "ယဒေတ္ထ, တံဒိယတု " တို့ကို တွဲဘက်ဖြစ်၍ ထည့်ထားသည်၊ "ထိုပစ္စည်းပုံထည်းက ငါ့အဘို့ကို ပေးပါ" ဟု ဆိုလိုသည်၊ ဤဝါကျ၌ ဘာဂ အနက်ကို ဟောသော ပတိကို ပရသမညာ ပယောဂ သုတ်ဖြင့် ကမ္မပ္ပဝစနီယ အမည် မှည့်၍, ထို ပတိနှင့် ယှဉ်သောကြောင့် ("ငါ၏" ဟု အနက်ပေးရသော "မံ" ဝယ် ဆဋ္ဌီ ဝိဘတ် ဖြစ်သင့်လျက် မဖြစ်ဘဲ) ဤသုတ်ဖြင့် ဒုတိယာသာ ဖြစ်သည်။ ["မံ"အရ ဥစ္စာရှင်နှင့် ယံ– တံ တို့အရ ဥစ္စာတို့၏ သာမိ+သံ အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်ကို ပဘာဂ ထွန်းပြ၏၊ ထိုပတိနှင့် ယှဉ်သောကြောင့် မံ၌ ဆဋ္ဌီမသက်ဘဲ ဒုတိယာသာ သက်ရသည်။]

ဋီကာ အဆို။ ။ရူပသိဒ္ဓိဋီကာ၌ "မံ ပတ်" ကို "မံ ဥဒ္ဒိဿ"ဟု ဖွင့်၏, ထိုအဖွင့်မှာ "ကမ္မံ (ကြိယံ) ပဝစနီယံ ယေသံ" ဟူသော ဆိုခဲ့ပြီး ဝိဂ္ဂြိုဟ်အရ ပတိသဒ္ဒါက "ဥဒ္ဒိဿန" ကြိယာကို ဟော၏-ဟု ဆိုလိုဟန် တူသည်၊ ဋီကာ အလို"မံ – ငါ့ကို၊ ပတိ-ရည်ရွယ်၍"ဟု အနက်ပေး၊ သို့သော် ထိုဋီကာ အဖွင့်သည်"အာယသ္မန္တံယေဝ သာရိပုတ္တံ ပတိဘာတုတိ အာယသ္မတော ယေဝ သာရိပုတ္တဿ ဘာဂေါ ဟောတု " ဟူသော မူလပဏ္ဏာသ, မဇ္ဈိမ ဒါယာဒသုတ္တဋ္ဌကထာ.... "ကာမံ ပတိဘာတုတိ ဧတ္ထ ပတိသဒ္ဒါပေက္ခာယ ဥပယောဂ ဝစနံ၊ အတ္ထောပန သာမိဝသေနေဝ ဝေဒိတဗ္ဗောတိ ဒဿေန္တော အာဟ-အာယသ္မတော ယေဝ သာရိပုတ္တဿာတိ" ဟူသော ဋီကာတို့နှင့်မညီ။ [ဤ၌ပတိဘာတုကို "ဘာဂေါ ဟောတု"ဖွင့်သောကြောင့် ပတိသဒ္ဒါသည် ဘာဂ အနက်ဟောတည်း–ဟု သိသာပြီ။]၊

ဝိစ္ဆာယောဂေ၊ ပေ၊ ရုက္ခံ ရုက္ခံ အနု— "အဏ္ဏံ အဏ္ဏံ ပတိ သဒ္ဒေါ နိဝိသတိ" ၌ သဒ္ဒေါနိဝိသတိ အရ သဒ္ဒါ၏ ပြန့်နှံ့ခြင်း ကြိယာသည် သာဓျ (ပြီးစေအပ်သောကြိယာ) တည်း၊ အဏ္ဏအရ အနက်ကား ("၌"ဟု ပေးရသော အာဓာရ ကာရကဖြစ်၍) ကြိယာကို ပြီးစေတတ်သော သာဓန (ကာရက) တည်း၊ ထိုအဏ္ဏနှင့် နိဝိသတိ တို့၏ သာဓန သာဓျ အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်ကို ပတိ သဒ္ဒါသည် ထွန်းပြ၏၊ ထို့ကြောင့် "သမ္ဗန္ဓဿ တု ဇောတကော" ဟု ပြခဲ့သော လက္ခဏာနှင့်အညီ ပတိသဒ္ဒါသည် ကမ္မပ္ပဝစနီယ တည်း၊ ထိုသို့ သမ္ဗန်ကို ထွန်းပြသော်လည်း အဏ္ဏံ အဏ္ဏံ ဟု ဝိစ္ဆာနှင့်တွဲ၍ ထွန်းပြရသောကြောင့် ဝိစ္ဆာအနက် ရှိသည် ဟုပင် ဆိုရ၏၊ ထိုပတိဟူသော ကမ္မပ္ပဝစနီယနှင့် ယှဉ်သောကြောင့် အဏ္ဏံ အဏ္ဏံ ဟူသော ဝိစ္ဆာပုဒ်ဝယ်(၌–ဟု အနက်ပေးရသော်လည်း သတ္တမီမသက်ဘဲ) ဒုတိယာသာ သက်ရသည်။

ဆက်ဦးအံ့–"အဏ္ဏံ အဏ္ဏံ"ဟု ၂ကြိမ်ဖြစ်ခြင်းမှာ ပတိနှင့် ယှဉ်သောကြောင့် မဟုတ်, ဝိစ္ဆာထုံးစံအတိုင်း"ဂါမေ ဂါမေ ဇလံ အတ္ထိ"စသည်ဖြင့် ၂ကြိမ်ရိုးရာ ဖြစ်သောကြောင့်

www.dhammaransi.com



အဘိရဘာဂေတိ – " အဘိရဘာဂေ " သုတ်ဖြင့်၊ အဘိသ – အဘိသဒ္ဒါ၏၊ ဘာဂဝဏ္ဏိတေသု – ဘာဂအနက်သည် ကြည်အပ်ကုန်သော၊ လက္ခဏာဒိသု – လက္ခဏာ အစရှိသော အနက်တို့၌၊ ဝါ – လက္ခဏာ ဣတ္ထမ္ဘူတက္ခာန, ဝိစ္ဆာအနက်တို့၌၊ ကမ္မပ္ပဝစနီယသညာ – ကို၊ ဝုတ္တာ– ပြီ၊ တံ ခေါပန ဘဝန္တံ ဂေါတမံ အဘိ – ထိုအရှင်ဂေါတမ၏၊ ဇဝံ-ဤသို့၊ ကလျာဏော – ကောင်းသော၊ ကိတ္တိသဒ္ဒေါ - ကျော်စောသံသည်၊ ဥဂ္ဂတော – တက်ပြီ၊ သာဓုရ ဒေဝဒတ္တော (မာတရံ အဘိ – အမိ၌၊) ဟု ရှေး

၂ ကြိမ်ဆိုခြင်း ဖြစ်သည်၊ ဤဌ–ပတိနှင့် ယှဉ်သောကြောင့် ဒုတိယာ သက်ရခြင်းသာ ထူးသည်၊ ထို့ကြောင့် " အနွဒ္ဓမာသံ – လခွဲတိုင်း " စသည်ဖြင့် " အဒ္ဓမာသံ " ဟု တပုဒ်ထည်းရှိရာဝယ် အနု+အဒ္ဓမာသံတို့ ဝါကျမဟုတ် ဝိစ္ဆာသမာသ်သာ, ဝါကျတွင်းဌ်ကား "အဒ္ဓမာသံ အဒ္ဓမာသံ+အနု" ဟု ၂ ပုဒ် ရှိရမည်-ဟု မှတ်၊ ရုက္ခံရုက္ခံ ပတိ-ပရိ-အနု တို့၌လည်း ဤနည်းမှီးလေ၊ [ရုက္ခ ရုက္ခမဘိ တ ဋ္ဌတိတ-ဋ္ဌတိယရုက္ခာနံ ဝိစ္ဆိယမာနာနံ ဋ္ဌိတ ပတိသာဓိယသာ မနေလက္ခဏော သမ္ဗန္ဓော အဘိနာ ဇောတိယတေ၊ ဇောတိတံ ယုတ္တော ရုက္ခတ္တော၊ သဘာဝတော ဝိစ္ဆာ ဒွိဗ္ဗစနဇောတိယာ။—ကာသိကာ၊ သည်ကိုကာ။]

လက္ခဏာနှင့် ဝိစ္ဆာကွဲပုံ ။ ။ " ရုက္ခံ ရုက္ခံ ပတိ ဝိဇ္ဇောတတေ စန္ဒော " စသည်၌ လရောင် တောက်ခြင်းကို မှတ်သားကြောင်း ဖြစ်၍ လက္ခဏာ အနက် ဟု ဆိုသင့်၏၊ သို့သော် ၂ ကြိမ် ဆိုသော အရာဖြစ်သောကြောင့် ဝိစ္ဆာဟု ဆိုရသည်၊ လိင်္ဂတ္ထ အနက်ပေါ်တွင် အာလုပ်အနက် အပိုပါဝင်လာသည့်အခါ အာလပနတ္ထ ဆိုရသကဲ့သို့, လက္ခဏာအနက် ပေါ်တွင် ဝိစ္ဆာအနက် အပိုပါဝင်သောကြောင့် " ဝိစ္ဆတ္ထ " ဟု ဆိုရခြင်း ဖြစ်သည်၊ [" ရုက္ခံရုက္ခံ–သစ်ပင် သစ်ပင်တိုင်းကို၊ ပတိ, ပရိ, အနု-ပြန့်နှံ့၍ " ဟု ကြိယာအနက် ပေါ်အောင်ပေးကြသေး၏၊ ထိုအတိုင်းမှန်လျှင် "ပတိဝိဇ္ဇောတတေ–ပြန့်နှံ့၍ တောက်ပ၏" ဟု ကြိယာနှင့် တွဲဘက်ကာ ကြိယာအနက်ကိုထွန်းပြသော ဓာတွတ္ထဝိသေသက ဥပသာရ ဖြစ်၍ ကမ္မပ္ပဝစနီယ အမည် မရနိုင်။]

အဘိရ ဘာဂေ—ကား ပါဏိနီ သုတ်တည်း၊ "အဘိ+အဘာဂေ" ဟု ပုဒ်ဖြတ်၊ သက္ကတ၌ သိဝိဘတ်ကို ဝိသဇ္ဇနီပြု၍ " အဘိး " ဟု ပဌမန္တ ဖြစ်၏၊ ထိုဝိသဇ္ဇနီကို ရေဖ ခေါ် (ရ်) ပြု၍ "အဘိရ ဘာဂေ" ဟု ဖြစ်သည်၊ ["အဘိး-အဘိသဒ္ဒါသည်၊ အဘာဂေ- ဘာဂ အနက်မှ တပါးသော အနက်၌၊ ကမ္မပ္ပဝစနီးယာ–ကမ္မပ္ပဝစနီယ မည်၏ " ဟု သုတ်နက်ပေး၊] " လက္ခဏေတ္ထမ္ဘူတက္ခာန ဘာဂဝိစ္ဆာသု ပတိပရိ အနဝေါ " ဟု သုတ် တည်ပြီးနောက်"အဘိရ ဘာဂေ"သုတ်တည်ရကား လက္ခဏာ စသော အနက် ၄ ပါးတို့တွင် ဘာဂအနက်ချန်၍ ကြွင်း ၃ နက်၌ အဘိသဒ္ဒါသည် ကမ္မပ္ပဝစနီယ အမည်ရ၏ဟု မှတ်၊ ထို့ကြောင့် " ရုက္ခံ အဘိ + ဝိဇ္ဇောတတေ စန္ဒော ( လက္ခဏာ ), ရုက္ခံ ရုက္ခံ အဘိ+ ဝိဇ္ဇောတတေ စန္ဒော (ဝိစ္ဆာ)"ပြယုဂ်များကိုလည်း အဘိနှင့်တွဲ၍ ထုတ်လေ၊ "တံခေါပန ဘဝန္တံ ဂေါတမံ–မာတရံ အဘိ" တို့ကား ဣတ္ထမ္ဘူတက္ခာန ပုံစံတည်း၊ ထိုပုံစံများ၏ အဓိပ္ပါယ်ကို ကစ္စည်း ဘာသာဋီကာ၌ ပြထားပြီ၊ " တံခေါပန ဘဝန္တံ ဂေါတမံ – ထို

www.dhammaransi.com



**အတိုင်းပေး၊ နိပါတေ – နိပါတ်၌၊ ( ဥဒါဟရဏံ-ကား၊ ) ဖြာပဟ္မဏာသ-ရဟန္တာကို၊ ဟန္တာရံ-သတ်တတ်သူကို၊ ဓိ-ကဲ့ရဲ့၏၊ ရူဠေဝမာဒိ-တည်း။**

အရှင်ဂေါတမကို၊ အဘိ-စွဲ၍”ဟု “ ကမ္မံ ကြိယံ ပဝစနီယံ ယေသံ ” ဟူသော ဝိဂြိုဟ်နှင့် ညီအောင် အနက်ပေးကြသေး၏၊ ထို အနက်ကား ပါရာဇိကဏ် စသော အဋ္ဌကထာ – ဋီကာကြီးတို့နှင့်ရင်း သက္ကတ ဗျာကရုဏ်းတို့ အဆိုနှင့်ရင်း မညီ၊ “ ဒေဒေတ္တော– သည်။ မာတရံ-ကို၊ အဘိ-ရှေးရှု ပျပ်ဝပ်၍”ဟု အနက်ပေးကြရာ၌လည်း မညီပင်။

**ဓိ ဗြာဟ္မဏာသ ဟန္တာရံ**—ဗြာဟ္မဏအရ မကောင်းမှုကို အပပြုပြီးသော ရဟန္တာကို ယူ၊ “ဟန္တာရံ–သတ်တတ်သူကို၊ ဓိ–ကဲ့ရဲ့၏” ဟု ဋီကာဖွင့် အတိုင်း အနက်ပေးထား၏၊ ဋီကာလည်း “ ကမ္မံ ပဝစနီယံ ယေသံ ” အရ ဓိ နိပါတ်ပုဒ်က ကဲ့ရဲ့ခြင်း ကိရိယာကို ဟောအောင်ဖွင့်ထားဟန် တူသည်၊ ရူဠှေဝမာဒိ၌ အာဒိဖြင့် ဝိနာ နိပါတ်ကို ယူ၍ “ဝိနာ အာဟာရံ သဖဿေဟိ ဝေဒနာဒိတ္တယံ ဘဝေ ” ဟု ဋီကာပုံစံ ထုတ်၏၊ အာဟာရံ– (အဝိဇ္ဇာ, တဏှာ, ကံ, အာဟာရ, ဖဿ, ဝိညာဉ် – ဟူသော နာမ် ရုပ် ဖြစ်ကြောင်း တရားတို့တွင် ) အာဟာရကို၊ ဝိနာ – ကြဉ်၍၊ သဖဿေဟိ – ဖဿနှင့် တကွသော အကြောင်းတို့ကြောင့်၊ ဝေဒနာဒိတ္တယံ-ဝေဒနာအစရှိသော ခန္ဓာ ၃ ပါး အပေါင်းသည်၊ ဘဝေ – ဖြစ်၏၊ ဤပုံစံ၌ “ အာဟာရံ ” ကား ကံ အနက်ပင်တည်း၊ ဝိနာလည်း ဝဇ္ဇန (ကြဉ်ခြင်း) ကြိယာကို ဟောသဖြင့် ကမ္မပ္ပဝစနီယ မည်သည်–ဟု ဆိုလိုဟန်တူသည်။

**မှတ်ချက်။** ။နိပါတ်တို့ကို ကမ္မပ္ပဝစနီယတွင်း၌ သွင်းခြင်းသည် ပါဏိနိသဒ္ဒါဆရာတို့ အလိုသာ ဖြစ်မည်ထင်၏၊ သက္ကတ၌မူ ဥပသာရအချို့ကိုသာ(ကမ္မပ္ပဝစနီယအမည် မရမီ ရှေးက ဓာတ်နှင့် တွဲဘက်၍ ကြိယာ အနက်ကို ဟောဘူးသောကြောင့် ) ကမ္မပ္ပဝစနီယ အမည်မှည့်၏၊ ပါဏိနိသဒ္ဒါဆရာတို့ကား“ကမ္မံကြိယံ ယေသံ”ဟူသော ဝိဂြိုဟ်အရကြိယာကို ဟောနိုင်လျှင် ဓိ – ဝိနာနိပါတ်တို့လည်း ကမ္မပ္ပဝစနီယ အမည် ရသင့်၏ ယူဆ၍ နိပါတ်တို့ပါ သွင်းပြထားဟန်တူသည်၊ စ-ဝါ စသော နိပါတ်တို့ကား ကြိယာအနက်ကို လုံးဝ မဟောကြသောကြောင့် ပါဏိနိသဒ္ဒါဆရာတို့ကလည်း ကမ္မပ္ပဝစနီယတွင်း၌ မသွင်းလိုကြ၊ ဓိဝိနာတို့ကို ကမ္မပ္ပဝစနီယ၌ သွင်းထားခြင်းမှာလည်း သူတို့ယှဉ်ရာ၌ ဒုတိယာသက်မည့် သုတ်မရှိသောကြောင့်သာ ဟုမှတ်။ [ မောဂ္ဂလ္လာန်၌ “ ဓျာဒိဟိယုတ္တာ ” သုတ်၌ရင်း ကလာပ်၌ “ ဒုတိယေနေန ” သုတ်၌ စသဒ္ဒါဖြင့်ရင်း ဓိ ယှဉ်ရာ၌ ဒုတိယာ သက်သည်၊ ဝိနာကိုမူ ဓျာဒိဟိ၌ အာဒိဖြင့် ယူ။ ]

[ဆောင်] သက္ကတအလို, ရှေးအဟိုက, ထိုထို ဓာတ်နှင့်, တွဲစပ်လင့်၍, အသင့် ကြိယာ,ဟောခဲ့ပါသဖြင့်,ဥပသာရ,တချို့မျှကို, ကမ္မပ္ပ–ဟု မည်သစ် ပြုကာ, ဥပသာနာမ,မခေါ်ရစေ၊ အနက်တွေလည်း, ထွေထွေကြိယ, မဟောကြတည့်၊ ပါဏိနိသဒ္ဒါ , ကျမ်းတို့မှာကား , ကြိယာ အတ္ထ , ဟောနက်ပြလျက် , ဥပသက် – နိပါတ်, ထိုနှစ်ရပ်ကို , ကမ္မပ္ပဝစနီ, ခေါ်တွင်မည်၏၊ အရှည်ကျစ်လစ် အဆီညှစ်၍,အစစ်ကိုသာ, ယူကြရာသည့်, နောင်လာငါတို့ တာဝန်တည်း။

www.dhammaransi.com



(၂၀၉) ကွစ် ဒုတိယာ ဆဒ္ဒန်မဏ္ဍေ ၊ ၃၀၆ ။ ပေ ၊ ယောဒ်၊ အန္တရာ အဘိတော ပရိတော ပတိ ပဋိဘာဒိ ယောဂေဝ – အန္တရာ, အဘိတော, ပရိတော, ပတိ, ပဋိဘာ အစရှိသည်တို့နှင့် ယှဉ်ရာ၌သာ၊ အယံ- ဤ ဒုတိယာ ဝိဘတ်သည်၊ (ယောတိ)၊ [ "ယောဂေဝါယံ" ဟု သီဟိုဠ်မူ ရှိ၏၊ ] ရာဇဂဟံ – ရာဇဂြိုဟ်မြို့၏၊ အန္တရာစ – အကြား၌၎င်း၊ နာဠန္ဒံ-နာဠန္ဒာမြို့၏၊ အန္တရာစ-၎င်း၊ အဒ္ဓါနမဂ္ဂပ္ပဋိပန္နော-အဓွန့်ရှည်သော ခရီးကိုသွား၏၊ ရာဇဂဟာသစ – ၏၎င်း၊ နာဠန္ဒာယစ – ၏၎င်း၊ မဇ္ဈေ – အလယ်၌၊ ဣတိအဏ္ဍော၊ ဂါမံ-၏၊အဘိတော-အံတွင်း၌၊ ဝသတိ-နေ၏၊ ဂါမံ-၏၊ ပရိတော-ထက်ဝန်းကျင်၌၊ ဝသတိ-နေ၏၊ နေရဉ္ဇရံ- နေရဉ္ဇရာ မည်သော၊ နဒိံ – မြစ်၏၊ ပတိ – အနီး၌၊ နေရဉ္ဇရနဒိယာ - နေရဉ္ဇရာ

(၂၀၉) အန္တရာ၊ပေ၊ယောဂေ ဝါယံ—အန္တရာ, အဘိတော, ပရိတော တို့သည် နိပါတ်၊ ပတိကား ဥပသာရ (သဒ္ဒတအလို – ကြိယာနှင့် မတွဲသောကြောင့် ပတိသည် ကမ္မပ္ပဝစနီယ,) ပဋိဘာကား ပတိပုဗ္ဗ ဘာဓာတ်တည်း၊ ထိုနိပါတ် ဥပသာရ ဓာတ်တို့နှင့် ယှဉ်ရာပုဒ်၌သာ ဤသုတ်ဖြင့် ဆဋ္ဌီ အနက်၌ ဒုတိယာသက်၊ ပုံစံကို အစဉ်အတိုင်းပြလတ့်၊ " သမယာနိကသာဟာပတိယောဂေသုစ ဒိဿတိ " ဟူသော ဝါတ္တိက သုတ်၌ ပတိ သဒ္ဒါ၏ ယှဉ်ရာ ပါသော်လည်း ပုံစံကိုကား "ဗုဘုက္ခိတံ န ပတိဘာတိ ကိဉ္စိ" ဟု ပတိဘာ (ပတိပုဗ္ဗ ဘာဓာတ်) ၏ ယှဉ်ရာကိုပင် ထုတ်၏၊ ထို့ကြောင့် ဤရူပသိဒ္ဓိက ပတိသဒ္ဒါ သက်သက်၏ ယှဉ်ရာ၌ ဤသုတ်ဖြင့် ဒုတိယာသက်ခြင်းကို သဒ္ဒတနှင့် မညီဟု မှတ်ခဲ့၏။ ["ဗုဘုက္ခိတံ - ဆာလောင်သူ၏၊ ကိဉ္စိ-ဘာတခုမျှ၊ န ပတိဘာတိ-မထင်ရှား" ဟု ပေး။]

အန္တရာစ ရာဇဂဟံ ၊ ပေ ၊ မဇ္ဈေ တျဏ္ဍော — ရာဇဂဟာသသည် ရာဇဂဟံ၏ အနက်ပြ, နာဠန္ဒာယသည် နာဠန္ဒံ၏ အနက်ပြ, (သီဟိုဠ်မူ၌ ရှိသော) ဝိဂ္ဂဟရာဇာတ မဇ္ဈေသည် အန္တရာ၏ အနက်ပြတည်း၊ [နာဠန္ဒာသဒ္ဒါသည် ဣတ္ထိလိင်တည်း၊ ထို့ကြောင့် "နာဠန္ဒာယ" ဟု သီလက္ခန် အဋ္ဌကထာ၌၎င်း သီဟိုဠ်မူ၌၎င်း ရှိ၏၊] ပါဠိတော် စုဏ္ဏိယ များ၌ "အန္တရာစ ရာဇဂဟံ အန္တရာစ နာဠန္ဒံ" ဟု သို့ အန္တရာနှင့်သူ ယှဉ်ရာဝယ် ဒုတိယာ သက်၏၊ ဂါထာအရာ၌၎င်း သဒ္ဒါကျမ်း အလိုအားဖြင့်၎င်း အန္တရာတခုရှိလျှင်ပင် သူနှင့် စပ်ရာ ၂ ပုဒ်၌ ဖြစ်စေ ထို့ထက် အများ၌ ဖြစ်စေ ဒုတိယာ သက်နိုင်၏၊ ပုံစံကား "အန္တရာ ဝါသဘဂါမံ, ဗာရာဏသိံစ သန္တိကေ" (အဘိဓမ္မာန ပေတဝတ္ထုပါဠိတော်) "အန္တရာ ဂါမဉ္စ နဒိဉ္စ ယာတိ=ရွာ၏အကြား၌၎င်း မြစ်၏ အကြား၌၎င်း သွား၏" သဒ္ဒါကျမ်းပုံစံ။

အဘိတော ဂါမံ—အဘိတောကို "အန္တော" ဟု ဋီကာဖွင့်သောကြောင့် "အတွင်း၌" ဟု ပေးသည်၊ မောဂ္ဂလ္လာန် နိဿယ၌ "အဘိတောသည် သမန္တတော (ထက်ဝန်းကျင်၌) နှင့် အနက်တူ" ဟု မိန့်၏၊ "သုမေဓာယာ ဘိတော သဘန္တိ သုမေဓာယ သဘာယ သမီပေ" (မူလပဏ္ဏာသ မာရတဇ္ဇနီယသုတ်) ကို ထောက်လျှင် "အဘိတော-အနီး၌" ဟု ပေးသင့်သည်။ [ပရိတော ထင်ရှားပြီ။]

www.dhammaransi.com



မြစ်၏၊ သမီပေ-နီး၌၊ ဣတိ အတ္ထော၊ ဗုဒ္ဓ - ဗုဒ္ဓ၊ ဗောဓ္ဓာဂ်ါ - ဗောဓ္ဓာင် တို့သည်၊ တံ - သင်၏၊ ပဋိဘန္တု - ဉာဏ်၏ အာရုံ ဖြစ်စေကုန်သော၊ ဥပမာ - ဥပမာသည်၊ မံ - တပည့်တော်၏၊ ပဋိဘာတိ - ဉာဏ်၏အာရုံ ဖြစ်လာ၏၊ ဥပမာ-သည်၊ မယှံ-၏ (ဉာဏ်၌)၊ ဥပဋ္ဌာတိ - ထင်လာ၏၊ ဣတိ အတ္ထော။

(၂၉၀) ကွစိဘိ ဒုတိယာဘိ အတ္ထေတိစ ဝတ္တတော။

တတိယာ သတ္တမီနဥ။၃၀၇။ပေ၊ဟောတိ၊ တတိယနတ္ထ ·တတိယာ အနက်၌၊ (ဥဒါဟရဏ်-ကား၊)သစေ မံ၊ ပေ၊ အတ္ထသိဒ္ဓ -ဘည်း၊ မံ-ငါနှင့် တကွ၊ သစေ နာလပိဿတိ - အကယ်၍ စကားမပြောအံ့၊ တွဉ္စ- အရှင်

နဒိံ နေရဉ္ဇရံ ပတိ—ငင်းကား သက္ကတကျမ်းအလို "ကမ္ပပ္ပာစနီယ"သာဖြစ်သင့်၏၊ ကမ္ပပ္ပဝစနီယ ဖြစ်လျှင် ကမ္ပပ္ပဝစနီယ ယုတ္တေ သုတ်ဖြင့် ဒုတိယာ သက်သင့်သည်၊ [နဒိံ နေရဥ္စရံ ပတိတိ လက္ခဏံ နိဒ္ဒိသတိ (လက္ခဏာဣတ္ထမ္ဘူတ စသော ၆ ပါးတွင် လက္ခဏာ အနက် ညွှန်ပြသည်-ဟူလို၊) လက္ခဏံ ဟိ ပဓာနပဟိတတ္တတာယ နေရဉ္ဇရာ နဒီ၊ တေနေ ဝေတ္ထ ဥပယောဂဝစနံ၊ အယမ္ပနတ္ထော-"နဒိယာ နေရဉ္ဇရာယာတိ"-သုတ္တနိပါတ် ပဓာန သုတ် အဋ္ဌကထာ။] ဤအလို "နေရဉ္ဇရံ နဒိံ ပတိ=နေရဉ္ဇရာမြစ်၌"ဟုပေး၊ "မြစ်ကမ်း နားသည် လက္ခဏာ, ပဓာနသို့ စိတ်ကို စေလွှတ်ထားခြင်းသည် လက္ချ"စသည်ဖြင့် ကမ္ပပ္ပဝစနီယ ထုံးစံအတိုင်း (ပဗ္ဗဇိတ မနု ပဗ္ဗဇိံ သုနည်း မှီ၍) ခွဲ။

ပဋိဘန္တု၊ပေ၊ဥပဋ္ဌာတီတိ အတ္ထော—ပဋိဘာတိကို ဥပဋ္ဌာတိဖွင့်သဖြင့် ပဋိဘန္တု ကိုလည်း ဥပဋ္ဌဟန္တု" ဟုပင် ဖွင့်လိုဟန်တူ၏၊ သို့သော် ("ပဋိဘန္တု တံ ဗုဒ္ဓ ဗောဇ္ဈင်္ဂါ" ဟူသောသံယုတ်၌ အဋ္ဌကထာ မဖွင့်သော်လည်း အလားတူ အခြားနေရာ၌) "မန္တိ မမ၊ ပဋိဘံသူတိ ပဋိဘာနသင်္ခါတဿ ဉာဏဿ ဂေါစရာ အဟေသုံ=ပဋိဘာန် ဟု ခေါ်ဆို အပ်သော ဉာဏ်၏အာရုံဖြစ်လာကုန်ပြီ"ဟု ဖွင့်သောကြောင့် ထိုအဖွင့်အတိုင်း အနက် ပေးလိုက်သည်၊ "ဥပမာ မံ ပဋိဘာတိ" ကို "ဥပမာ မယှံ ဥပဋ္ဌာတိ" ဟု ဖွင့်ထား၏၊ ထိုအဖွင့်သည် အဖွင့်မှန် ဖြစ်သော်လည်း မယှံ ဟု လာရာ၌ သမ္ပဒါန်အနက်ဟု ဋီကာတို့ ဖွင့်ဖလ့်ရှိသေးကြောင့် ဆဋ္ဌီအနက်ကို ပြနေသော ဤသုတ်နှင့် မလျော်ချေ၊ "ဥပမာ—သည်၊ မံ-ငါ့အား၊ ပဋိဘာတိ-ထင်လာ၏၊ မယှံ-အား၊ ဥပဋ္ဌာတိ-၏"ဟုသာ ထိုအဖွင့် အတိုင်း အနက်ပေးသင့်၏၊ နိဿယ၌ကား ရူပသိဒ္ဓိအလို ကျဲအောင် "မယှံ-ငါ၏" ဟုပင် ပေးရတော့သည်၊ အချုပ်မှာ "ပဋိဘာတိ—ဉာဏ်၏အာရုံ ဖြစ်လာ၏"ဟု ပေးလျှင် "မံ-တံ" တို့ကို "၏" ဟု ပေး၍ ဤသုတ်ဖြင့် ဒုတိယာသက်၊ "ပတိဘာတိ-ထင်လာ၏" ဟု ပေးလျှင် "မံ-တံ"တို့ကို "အား"ဟု ပေး၍ "ကွစိ ဒုတိယာ" ဟူသော ယောဂဝိဘာဂဖြင့် ဒုတိယာသက်။

(၂၉၀) သစေ မံ၊ပေ၊အတ္ထသိဒ္ဓိ — သဂါထာဝဂ္ဂ မာနတ္ထဒ္ဓ ဗြာဟ္မဏသံယုတ် ပါဠိတော်၌"သစေ မံ သမဏော ဂေါတမော အာလပိဿတိ, အ ဟမ္ပိ အာလပိဿာမိ၊

www.dhammaransi.com



မင်းမြတ်ပဲ သည့်လည်း၊ မံ - ကျွန်ုပ်နှင့် အဘူ၊ နာဘိဘာသသိ - စကား ပြောတော်မမူ၊ သဒ္ဓမ္မံ-သူတော်ကောင်း တရားနှင့်၊ ဝိနာ-ကင်း၍၊ သုခံ- ချမ်းသာသည်၊ ကုတော-အဘယ်မှာ ရှိအံ့နည်း၊ ဥပါယံ-နည်းလမ်းနှင့်၊ အန္တရေန-ကင်း၍၊ အတ္ထသိဒ္ဓိ-အကျိုးပြီးခြင်းသည်၊ န-မရှိ။

သတ္တမိယတ္ထေ-သတ္တမီအနက်၌၊ ကာလေ-အခါဟူသောအနက်၌ငင်း၊ ဥပါန္ဝ္ဘာ ဝသဿ- ဥပ, အနု, အဓိ, အာပုဗ္ဗ ဝသဓာတ်၏၊ ပယောဂေ- ယှဉ်ရာ၌ငင်း၊ အဓိသိဋ္ဌာသာနံ-အဓိပုဗ္ဗ သိဓာတ်, ဌာဓာတ်, အာသဓာတ် တို့၏၊ ပယောဂေ - ၌ငင်း၊ တပ္ပါန စာရေစ - ထို၌ သောက်ခြင်း, ထို၌ လှည့်လည်ခြင်း အနက်၌ငင်း၊ ဒုဘိယာ-ဒုတိယာ ဝိဘတ်သက်၊ တာဝ- ရှေးဦးစွာ၊ ကာလေ-အခါ ဟူသော အနက်၌၊ ( ဥဒါဟရဏံ - ကား၊ ) ပုဗ္ဗဏှ သမယံ ၊ ပေ ၊ စတ္တာရော မဟာရာဇာနော-တည်း၊ [နံနက်အခါ၌ သင်းပိုင်ကို ဝတ်ပြီး၍၊ တခုသော အခါ၌ မြတ်စွာဘုရားသည်၊ ဤညဉ့်၌ ၄ ယောက်ကုန်သော နတ်မင်းကြီးတို့သည်။ ]

သစေ သမဏော ဂေါတမော နာသပိဿတိ, အဟမ္ပိ နာလပိဿာမိ ” ဟု ရှိရကား ထိုပါဠိကို မြဲ၍ “သစေ မံ နာလပိဿတိ ” ဟု ပုံစံလုပ်ဟန်တူသည်၊ “ မံ-ငါနှင့်တကွ ” ဟူရာ၌ သဟတ္ထ တတိယာ အနက်၊ နောက်ပုံစံ၌ “ တွဥ္စ မံ နာဘိဘာသသိ ” ဟူသော ဝေဿံဇာတ်ဝယ်“ဣဒံ တဝ မယာ သဒ္ဓိံ အကထနံ ”အဖွင့်ကို မှီ၍ပေးသည်။

ဝိနာ သဒ္ဓမ္မံ, ဥပါယ မန္တရေန — “ သဒ္ဓမ္မံ-ကို ” ဟု အနက်ပေးရလျှင် “ ဝိနာ- ကြဉ်၍” ဟု ပေး၊ “သဒ္ဓမ္မံ-နှင့်”ဟု ပေးလျှင် ဤသုတ်ဖြင့် ဒုတိယာသက်၊ ထို ၂ နက်သည် အဘယ်သို့ထူး၍ ၂ သုတ်မှာ ပါနေသနည်း-ဟု မေးဘွယ်ရှိ၏၊ “သဒ္ဓမ္မံ ကို၊ ဝိနာ-ကြဉ်၍” ဟု ပေးရာ၌ ဝိနာသည်“ဝဇ္ဇေတွာ”ကြိယာအနက်ရှိသောကြောင့်“ကမ္မပ္ပဝစနီယယုတ္တေ” သုတ်၌ဝင်ရသည်၊“သဒ္ဓမ္မံ-နှင့်၊ဝိနာ-ကင်း၍”ဟု ပေးရာ၌ကား“သဒ္ဓမ္မဿ အဘာဝေန- သဒ္ဓမ္မ မရှိသဖြင့်၊ သဒ္ဓမ္မ ရဟိတေန-သဒ္ဓမ္မမှ ကင်းသဖြင့်”ဟု ဆိုလိုသည်၊ ဤသို့ “ဝိနာ” အနက်သည် ကြိယာနက် မဟုတ်သဖြင့် “ ကမ္မပ္ပဝစနီယ ယုတ္တေ ” သုတ်၌ မသွင်းဘဲ ဤသုတ်၌ သွင်းထားသည်- ဟု ( ပါဠိသဒ္ဒါကျမ်းဘို့ အလို ) မှတ်သင့်သည်၊ “ဥပါယ မန္တရေန”၌ အန္တရေနလည်း ဝိနာနှင့် အနက်တူပင်ဖြစ်၍ ဝိနာအတိုင်း အဓိပ္ပါယ်မှတ်၊

သတ္တမိယတ္ထေ ၊ ပေ ၊ တပ္ပါန စာရေစ ဒုတိယာ — သတ္တမိယတ္ထေသည် ဝိဘတ် အနက်တည်း၊ “ကာလေ၊ပေ၊တပ္ပါန စာရေ” တို့ကား ထိုသတ္တမီဝိဘတ်၏ သက်ရာဌာန အမျိုးမျိုးတည်း၊ ထို့ကြောင့် “ သတ္တမိယတ္ထေ – ၌ ” ဟု သတ္တမိယတ္ထ တမျိုးထည်း ဖြစ်သောကြောင့် “ငင်း”ဟု မထည့်ဘဲ, သက်ရာဌာနကား “ကာလတ္ထ ဥပါန္ဝဇ္ဈာ ဝသ ပယောဂ”စသည်ဖြင့် အမျိုးမျိုးရှိသောကြောင့်“ငင်း”ဟု ပေးသည်၊ တပ္ပါန စာရေစ-၌ စသဒ္ဒါသည် “ ကာလေ-ဥပါန္ဝဇ္ဈာဝသဿ ပယောဂေ ” စသည်တို့၌သာ ပြန်၍လိုက်, သတ္တမိယတ္ထေ၌ကား မလိုက်ရ-ဟူလို။

www.dhammaransi.com



ဥပါဒိပုဗ္ဗသာ-ဥပ အစရှိသော ဥပသာရရှေးရှိသော၊ ဝသ ဓာတုသာ-ဝသဓာတ်၏၊ ပယောဂ-၌၊ (ဥဒါဟရဏံ-ကား၊) ဂါမံ ဥပဝသတိ၊ပေ၊ အဂါရံ အဇ္ဈာဝသတိ-တည်း၊ [ဂါမံ-ရွာ၌၊ ဝိဟာရံ-ကျောင်း၌၊ အဂါရံ-အိမ်၌၊ ဥပဝသတိ အနုဝသတိ အဓိဝသတိ အာဝသတိ အဇ္ဈာဝသတိ-နေ၏၊] တထာ-ထိုမှတပါး၊ ပထဝိံ-မြေ၌၊ အဓိသေဿတိ-အိပ်ရလတ္တံ့၊ အဓိတိဋ္ဌတိ- တည်၏၊ အဇ္ဈာဝသတိ- နေ၏၊ တပ္ပါနစာရေသု-ထို၌သောက်ခြင်း,ထို၌ လှည့်လည်ခြင်း အနက်တို့၌၊ (ဥဒါဟရဏံ-ကား၊) နဒိံ ပိဝတိ, ဂါမံ စရတိ-တည်း၊ [မြစ်၌ သောက်၏၊ ရွာ၌ လှည့်လည်၏၊] နုဿာဒိ။

ကာလဋ္ဌ၊ ။ပုဗ္ဗဏှသမယံစသည်၌ ကာလဋ္ဌသတ္တမီအနက်ဖြစ်ကြောင်း ထင်ရှားပြီ၊ အဋ္ဌကထာ တို့၌ကား ပုဗ္ဗဏှ သမယံ-နံနက်တွင် တခုသော အခါပတ်လုံး၊ ဧကံ-များစွာသော အခါတို့တွင် တခုသော၊ သမယံ- တရားဟောတော်မူရာ အခါပတ်လုံး၊ ဣမံ ရတ္တိံ-ဤညဉ့်ပတ်လုံး" ဟု (ကာလဋ္ဌ သတ္တမီအနက် အပြင်) အစ္စန္တသံယောဂ အနက်ကိုလည်း ဖွင့်ကြသေး၏။

ဥပါဒိပုဗ္ဗ ဝသဓာတုသ ပယောဂေ—ဥပါဒိ၌ အာဒိဖြင့်(ဥပါန္ဝဇ္ဈာ-ဟု ပြခဲ့သည့်အတိုင်း)အနု-အဓိ-အာ ဥပသာရတို့ကို ယူ၊ ဥပပုဗ္ဗ,အနုပုဗ္ဗ,အဓိပုဗ္ဗ,အာပုဗ္ဗဝသဓာတ်အစဉ်အတိုင်း ပုံစံထုတ်ထားသည်၊ အဇ္ဈာဝသတိကား အဓိ , အာပုဗ္ဗ ဝသဓာတ်တည်း၊ ဥပ အနု အဓိ အာ ဥပသာရတို့ကို "ဓာတ်နက်သို့ အစဉ်လိုက်သော ဓာတွတ္ထာနုဝတ္တက ဥပသာရသာ, အနက်အထူးမရှိ" ဟု ကြံသောကြောင့်"ဂါမံ-ရွာ၌"စသည်ဖြင့် သတ္တမီအနက်၌ ဒုတိယာ သက်ရသည်၊ ဥပ စသည်ကို " ဓာတွတ္ထဝိသေသက ဥပသာရဖြစ်၍ အနက်ရှိသည်"ဟု ကြံလျှင်"ဂါမံ-ရွာသို့၊ ဥပဝသတိ-ကပ်နေ၏၊ အနုဝသတိ-အလျော်နေ၏၊ အဓိဝသတိ-အုပ်စိုးနေ၏၊ အာဝသတိ - ( အာသဒ္ဒါ မရိယာဒ အနက် ကြံ၍ ) အပိုင်း အခြား အတိုင်း နေ၏၊ အဇ္ဈာဝသတိ-အုပ်စိုး၍အပိုင်း အခြား အတိုင်း နေ၏"ဟု အနက်ပေးရမည်၊ ထို အဖွင့်မျိုးကိုလည်း အဋ္ဌကထာတို့၌ တွေ့ရလတ္တံ့၊ [သီလက္ခန် အမ္ဗဋ္ဌသုတ်၌"ဥက္ကဋ္ဌံ အဇ္ဈာဝသတိ"အဖွင့် စသည်ကို ရှု၊]

တထာ ပထဝိံ၊ပေ၊ အဇ္ဈာဝသတိ—ကား "အဓိ သိဋ္ဌာသာနံ ပယောဂေ"၏ ပုံစံများတည်း၊ အဓိကို ဌာ အာသ တို့၌လည်း စပ်၍ "အဓိပုဗ္ဗ သိဓာတ်, အဓိပုဗ္ဗ ဌာဓာတ် အဓိပုဗ္ဗ အာသဓာတ်"ဟု မှတ်၊ [အစိရံ ဝတ ယံ ကာယော, ပထဝိံ အဓိသေဿတိ"ဟု ဓမ္မပဒ ရှိသောကြောင့် 'အဓိသေဿတိ"ဟု ပါဌ်မှန် ရှိစေ၊] မောဂ္ဂလ္လာန်၌ကား,,ပထဝိံ-မြေကို၊ အဓိသေဿတိ-လွှမ်းမိုး၍ အိပ်ရလတ္တံ့ 'စသည်ဖြင့် ကံ အနက်ပင် ဆို၏။

တပ္ပါန စာရေသု —["တပ္ပါနာ"ဟု ဒီဃဖြင့် ရှိသည်ကား ပါဌ်ပျက်၊ တ=ထို၌+ပါန=သောက်ခြင်း၊ ('တကို လိုက်စေ၍ ) တ=ထို၌+စာရ=လှည့်လည်ခြင်း။] နဒိံ ပိဝတိကား တပ္ပါန၏ ပုံစံ , ဂါမံ စရတိကား တစ္စာရ၏ ပုံစံ၊ တပ္ပါန တစ္စာရ အနက် ဖြစ်သောကြောင့် နဒိံ ဂါမံတို့၌ သတ္တမီအနက်ဝယ် ဒုတိယာသက်ရသည်၊ [မောဂ္ဂလ္လာန်

www.dhammaransi.com



( ၂၉၁ ) ကသ္မိံ အတ္ထေ.... တတိယာ - သက်သနည်း၊ ကရဏအာ တတိယာ ၊ ၂၈၆ ၊ ပေ၊ ဟောတိ၊ ကရဏံ-ကရဏ ကာရက ဟူသည်၊ ကိံ-အဘယ်နည်း။

( ၂၉၂ ) ယေန ဝါ ကယိရတေ , တံ ကရဏံ ၊ ၂၇၉ ၊ ကတ္တာ- ကတ္တားသည်၊ ဥပကရဏ ဘူတေန-အဆောက် အဦးဖြစ်၍ ဖြစ်သော၊ ဝတ္ထုနာ - ဝတ္ထု ဖြစ်သော၊ ယေန ဝါ- အကြင် ကာရကဖြင့် မူလည်း၊ ကြိယံ - ကြိယာကို၊ အဗျဝဓာနေန - မခြား မကွယ်စေဘဲ၊ ကရောတိ- ပြုတတ်၏၊ ယေန ဝါ - အကြင် ကာရကဖြင့် မူသည်း၊ ဝိကရောတိ- ထူးအောင် ပြု၏၊ ယေန ဝါ - ဖြင့် မူလည်း၊ ပါပုဏာတိ - ရောက်၏၊ ထံ

၌ နဒိံ အရ မြစ်၌တည်သော ရေကို ဌာနူပစာရအားဖြင့် ယူ၍ " နဒိံ-မြစ်ကို " ဟုရင်း "ဂါမံ-ရွာကို"ဟုရင်း ကံအနက် ဆို၏၊ ] "ဇုဗ္ဗာဒိ"၌ အာဒိဖြင့် "မဇ္ဈံ-ညောင်စောင်း၌၊ အဘိနိသီဒေယျ ဝါ-ထိုင်မူလည်း ထိုင်အံ့"စသည်ကို ယူ။

(၂၉၃) ယေန ဝါ ကတ္တာ ဥပကရဏ၊ ပေ၊ ကရောတိ—["ယေန ဝါ ကတ္တုနော" ဟု တချို့စာရှိ၏၊ သီဟိုဠ်မူ၌ " ယေန ဝါ ကတ္တာ " ဟု ရှိ၏၊ ကရောတိ ဟူသော ပဓာန ကြိယာနှင့် စပ်ဘို့ရာ"ကတ္တာ"ဟု ရှိခြင်းသာ ကောင်း၏၊ ကတ္တုနော ရှိလျှင် ဥပကရဏ၌ စပ်နိုင်ပါ၏၊ သို့သော် ဥပကရဏသည် ပဓာန မဟုတ်၊ ] " ဟတ္ထေန ကမ္မံ ကရောတိ " ၌ တစုံတရာကို လုပ်ရာဝယ် လက်သည် ကတ္တား၏ အဆောက်အဦး ဖြစ်၏၊ ( သစ်-ဝါး အဆောက်အဦး မရှိလျှင် အိမ်ဆောက်၍ မဖြစ်သကဲ့သို့ လက်တည်း ဟူသော အဆော် အဦးမပါလျှင် အလုပ်လုပ်၍ မဖြစ်၊) "စက္ခုနာ ရူပံ ပဿတိ"၌ ရူပါရုံကို ကြည့်ရာဝယ် မျက်စေ့သည် အဆောက်အဦး ဖြစ်၏၊ ဤသို့လျှင် ကရဏ မည်သင့်သော ဝတ္ထုဟူသမျှ ကတ္တား၏ အဆောက်အဦး ဖြစ်ပုံကို သိပါ။

ကြိယံ အဗျဝဓာနေန။ ။ [ "အဗျဝဓာနေ " ဟု ရှိ၏၊ ဝိသေသနပုဒ် ဖြစ်သော ကြောင့် " အဗျဝဓာနေန " ဟု ရှိရမည်၊ အကယ်၍ ကြိယံနှင့် အချတူစေလိုလျှင်"အဗျဝ ဓာနံ " ဟုသာ ရှိလိမ့်မည်၊ ] ဤ " အဗျဝဓာနေန " ဟူသော ဝိသေသနဖြင့် ကရိဏ်း အနက်နှင့် တတိယာဝိဘတ် သက်ရချင်းတူသော ဟိတ်ကို တားမြစ်၏၊ ထင်ရှားစေအံ့-

အန္နေန ဝသတိ=ထမင်းကြောင့် နေ၏ " ဟူသော ဟိတ်ပုံစံ၌ ထမင်းသည် နေခြင်း ကြိယာနှင့် တစပ်ထည်း မဘုတ်ဘဲ အတော်ကြာမှ ရလတ့ံ ဖြစ်၏၊ နေခြင်း ကြိယာကား ယခုပင် ဖြစ်နေပြီ၊ ဤသို့ ဟိတ်အနက်၌ ကြိယာနှင့် တဆက်ထည်း မရှိ, ခြားကွာလျက် ရှိရသည်၊ ကရိဏ်းကား ကြိယာနှင့် ဆက်စပ်လျက် ဖြစ်၏၊ "ဟတ္ထေန ကမ္မံ ကရောတိ— လက်ဖြင့် အမှုကိုပြု၏ " ဟူရာ၌ ပြုခြင်းကြိယာနှင့် လက်သည် အခြားမရှိ, ပြုခြင်းကြိယာ ဖြစ်တိုင်း လက်ပါရသည်၊ ဤသို့ ကရိဏ်း ဟူသမျှ ကြိယာနှင့် အခြားအကွာ မရှိသော ကြောင့်"ကြိယံ အဗျဝဓာနေန"ဟု ဆိုသည်။

www.dhammaransi.com



ကာရကံ ကရဏသည့် ဟောဝတိ၊ အနေန- ဤသာဓနဖြင့်၊ ကရိယတေ-ပြု အပ်၏၊ ဣတိ - ထိုသို့ ပြုကြောင်း၏အဖြစ်ကြောင့်၊(တံ-ထို သာဓနသည်၊) ကရဏံ-ကရဏ မည်၏။

စ-ဆက်၊ ဧတ္ထ-ဤသုတ်၌၊ သဗ္ဗကာရကာနံ- အလုံးစုံသော ကာရက တို့၏၊ ကြိယာ သာဓကတ္တေ - ကြိယာကို ပြီးစေတတ်ကုန်သည့်၏ အဖြစ် သည်၊ သတိပိ-ဖြစ်ပါလျက်လည်း၊ ယေန ဝါ က ယိရတေတိ- "ယေန ဝါ ကယိရတေ" ဟူ၍၊ ဝိသေသေ တွာ - အထူးပြု၍၊ ဝစနံ - ဆိုခြင်းသည်၊ ကတ္တုပကရဏေသုတေသု ကတ္တား၏ အဆောက်အဦးဖြစ်၍ဖြစ်ကုန်သော ကာရက တို့တွင်၊ (ကာရကေသု - ဟု တချို့စာ၌ ပါ၏၊) - သာဓက

ယေန ဝါ ဝိကရောတိ၊ ပေ၊ ပါပုဏာတိ — ၎င်းတို့ကား ယေဝါ၌ အတ္ထန္တရ ဝိကပ္ပန (အနက်တမျိုးကို ဝီရင်နိုင်သော) ဝါ သဒ္ဒါအတွက် ရအပ်သော အနက်များ တည်း၊ ယေနဝါ ကရောတိ ဖြင့် နိဗ္ဗတ္တိကြိယာ၏ ကရိဏ်းကို ပြ၍, ယေနဝါ ဝိကရောတိ ယေနဝါ ပါပုဏာတိ တို့ဖြင့် ဝိကတိ ကြိယာ ပတ္တိ ကြိယာ တို့၏ ကရိဏ်းကို ပြသည်၊ ကံ ၃ မျိုး ခွဲခဲ့သည်အား လျော်စွာ ထို ကံ ၃ မျိုးနှင့် စပ်သော ကြိယာလည်း ၃ မျိုး ရှိ၍ ကရိဏ်းလည်း ၃ မျိုးပင် ရှိသည် — ဟုလို၊ သို့သော် ထို ကရိဏ်း ၃ မျိုးနှင့် စပ်သော ပုံစံကိုကား ပြလိမ့်မည် မဟုတ်၊ နိဗ္ဗတ္တိကံ စသည်၌ ပြခဲ့သော ပုံစံများ၌ သင့်လျော်ရာ ကရိဏ်းထည့်၍ နိဗ္ဗတ္တိကရိဏ်း စသည်ကို သိရာ၏။

ကရိယတေ အနေနာတိ ကရဏံ — "ကရိယတေ" သည် ကရဓာတ် ယ ပစ္စည်း တေဝိဘတ်ဖြစ်၍ ကံဟော ကြိယာတည်း၊ ထို့ကြောင့်ဋီကာ၌ "ကတ္တာရာ-ကတ္တာသည်" ဟု တတိယာကတ္တားကို ထည့်သည်၊ သုတ်၌ပါသော "ကယိရတေ" ကား ကရဓာတ် ယိရ ပစ္စည်းဖြစ်၍ ကတ္တားဟောတည်း၊ ထို့ကြောင့် ဝုတ္တိ၌ ကယိရတေကို "ကရောတိ" ဟု ဖွင့်သည်၊ သုတ်၌ ပါသည့်အတိုင်း "ကယိရတေ အနေနာတိ ကရဏံ" ဟု ဝိဂြိုဟ် ပြုလျှင်လည်း သင့်သည်သာ၊ "ကယိရတေ-ပြုတတ်၏" ဟုပေး၊ သာဓနနှင့် ကာရက အရ တူ၏၊ ထို့ကြောင့် ဋီကာ၌ "အနေနာတိ သာဓနေန" ဟု ဖွင့်သည်။

ဧတ္ထ စ၊ ပေ၊ ဂဟဏတ္ထံ — ကမ္မကာရကကို ပြရာသုတ်၌ "ယံ ကရောတိ—အကြင် ကာရကကို+ပြု၏" ဟု ဆိုထား၏၊ ထိုစကားဝယ် ကြိယာကိုပြီးစေမှု၌ အရေးကြီးသော စကားလုံး မပါ၊ သမ္ပဒါန် အပါဒါန် စသည်ကို ပြရာ၌လည်း ဤနည်းပင်၊ ဤ ကရဏ ကာရကကို ပြရာသုတ်၌ကား "ယေန ကယိရတေ = အကြင် ကာရကဖြင့်+ကြိယာကို ပြုလုပ်ရ၏" ဟု ဆိုသဖြင့် "အကြင် ကာရက မပါလျှင် ကြိယာကို မပြုလုပ်နိုင် မပြီးစီးနိုင်" ဟု အဓိပ္ပါယ်ရ၏၊ ဤသို့လျှင် ဤကရဏ ကာရကကိုမှ "ယေနဝါ ကယိရတေ" ဟု အထူး တလည် ဆိုခြင်းသည် အဘယ်အကျိုး ရှိသနည်း-ဟု မေးဘွယ်ရှိသောကြောင့် "ဧတ္ထ စ၊ ပေ၊ ဂဟဏတ္ထံ" ကို မိန့်၊ အဓိပ္ပါယ်ကား — ကရဏ ကာရကနှင့်တကွ ကံ သမ္ပဒါန်စသော ကာရက အားလုံးပင် ထိုက်သည် အား လျော်စွာ ကြိယာကို ပြီးစေနိုင် ကြသည်ကား

www.dhammaransi.com



တမသော၀-ကြိယာကို အထူးပြီးစေတတ်သော ကာရကကိုသာ၊ ဝဟာထာတ္တံ - ယူရခြင်း အကျိုးရှိ၏၊ စ- သာဓက ကား၊ ယဿ သဗ္ဗ ၊ ပေ ၊ ကာရကန္တိ- "ယဿ ၊ ပေ ၊ ကာရကံ" ဟူ၍၊ ဝုတ္တံ-ဆိုအပ်ပြီ၊ [ယဿ-အကြင်ကာရက၏၊ သဗ္ဗ ဝိသေသေန-ကံအစရှိသော ကာရကအားလုံးတို့မှ ထူးသောအားဖြင့်၊ ကြိယာသံသိဒ္ဓိ ဟေတုတာ- ကြိယာကို ပြီးစေခြင်း၏ အကြောင်း၏ အဖြစ်ကို၊ သန္တာဝိယတိ - ချီးမွမ်း အပ်၏၊ တံ - ထို ကာရကကို၊ ကရဏံနာမ ကာရကံ - ကရဏ မည်သော ကာရက ဟူ၍၊ ဝုတ္တံ - ဆိုအပ်၏။]

တံ ပန - ထို ကရဏ ကာရက သည်ကား၊ အဇ္ဈတ္တိက ဗာဟိရဝသေန - အဇ္ဈတ္တိက ကရိဏ်း, ဗာဟိရ ကရိဏ်းတို့၏ အပြားအားဖြင့်၊ ဒုဝိဓံ- ၂ပါး အပြားရှိ၏၊ ယထာ- ကား၊ ဟတ္ထေန ၊ ပေ ၊ ဈာပေတိ-တည်း၊ [လက်ဖြင့်အမှုကိုပြု၏၊ မျက်စိဖြင့် ရူပါရုံကိုကြည့်၏၊ စိတ်ဖြင့် ဓမ္မာရုံကို

အမှန်ပင် ဖြစ်၏၊ သို့သော် ကြိယာကို ပြီးစေရာဝယ် ( ကတ္တားကို ချန်၍ ကျန် ကာရက ၅ ပါးတွင်) ကရဏ ကာရကသည် ကံ သမ္ပဒါန် စသော ၄ ပါးထက် ပို၍ ကြိယာကိုပြီးစေစွမ်းနိုင်၏၊ [ပို၍ ပြီးစေနိုင်ပုံကား — "စက္ခုနာ ရူပံ ပဿတိ" ၌ ကြည့်သူ ကတ္တားက ရူပါရုံကို မြင်သော်လည်း မျက်စေ့ မပါလျှင် မြင့်ကိုယ် မမြင်နိုင်, ရူပါရုံ မြင်မှု ကြိယာကို စက္ခုသည် ပို၍ပြီးစေနိုင်၏၊ ဤသို့ စသည်ဖြင့် ကရဏ ကာရက၏ ကြိယာသာဓကတမ သတ္တိရှိပုံကို သိပါ။] ထိုသို့ ကတ္တား၏ အဆောက်အဉုံးဖြစ်သော ကာရက ၅ ပါးတွင် ကြိယာကို အထူးပြီးစေနိုင်သော ကာရကကို ယူရခြင်းအကျိုးငှါ "ယေန ကယိရတေ" ဟု အထူးတလည် မိန့်ရပေသည်-ဟူလို။

**ကတ္တု ၊ ပေ ၊ သာဓကတမသော၀။** ။ကြိယာကို ပြီးစေရာ၌ ကတ္တားသည် ပဓာန, ကတ္တား မပါလျှင် မည်သည့် ကြိယာမှ မပြီးနိုင်၊ ကျန် ကာရက ၅ ပါးကား ကတ္တားက ကြိယာကို ပြီးစေရာဝယ် ထိုက်သင့်သလို အသုံးပြုဘို့ရာ ကတ္တား၏ အဆောက် အဉုံး များသာ ဖြစ်သည်၊ ထို့ကြောင့် "ကရဏ ကာရကကို ကြိယာသာဓကတမ (ကြိယာကို အထူးပြီးစေနိုင်သော ) သတ္တိရှိသည်" ဟု ဆိုသော်လည်း ကတ္တုသတ္တိထက်ပင် ထူး၍ ပြီးစေနိုင်သည်-ဟု မမှတ်ရ, ကတ္တားကို ချန်၍ ကျန်ကာရက ၄ပါးထက် သတ္တိထူးသည်-ဟုသာ မှတ်ရမည်။

**ယဿ၊ ပေ၊ ကာရကန္တိ**-ဤဂါထာကား မဉ္ဇူသာ၌လာသတတ်၊ "သဗ္ဗဝိသေသေန-အလုံးစုသော ကာရကတို့မှ ထူးသော အားဖြင့်" ဟု ဆိုရာ၌ သဗ္ဗအရ ကတ္တုကာရကကို (ဆိုခဲ့သည့် အတိုင်း) ချန်၍ ကျန် ကာရက ၄ ပါးထက် သာလွန်ထူးကဲသည် - ဟု မှတ်ပါ။ ["ကရဏံ ကတ္တုတောညေသ, မေိကန္တိ မုဒိရိတံ = ကရဏကာရကကို ကတ္တားမှ အခြားသော ကာရကတို့ထက် သတ္တိလွန်ကဲ၏ဟု ဆိုအပ်သည်"....ဘေဒစိန္တာ။]

www.dhammaransi.com



ဝိညာယ - သိ၍၊ ( " ဝိညာယတိ " ဟု ရှိသည်ကား ပါဠိပျက်၊ " ဝိညာယတိ - သိအပ်၏ " ဟု ဆိုလိုလျှင်လည်း " ဓမ္မော " ဟု ဝတ္တုကံရှိရလိမ့်မည်၊ သီဟိုဠ်မူ၌ " ဝိညာယ " ဟုသာ ရှိသည်၊ ) တစည်ဖြင့် ကောက်ပင်ဘို့ကို ရိတ်၏၊ မီးဖြင့် ကျောင်းငယ်ကို လောင်စေ၏၊]

(၂၉၃) တတိယာတိ အဓိကာရေ။....ကစ္စာယန၊ ၂၈၈ ။ ပေ၊ စတ္ထ ဟာဏော - ဖြင့်၊ ဣတ္ထမ္ဘူတလက္ခဏေ - ဣတ္ထမ္ဘူတလက္ခဏာ အနက်၌၎င်း၊ ကြိယာပဝဂ္ဂေ - ကြိယာ ပဝဂ္ဂ အနက်၌၎င်း၊ ပုဗ္ဗ ၊ ပေ ၊ ယောဂေ - ပုဗ္ဗ, သဒိသ , သမ , ဥန အနက်ရှိသော သဒ္ဒါ , ကလဟ, နိပုဏ , မိဿက, သခိလ, အတ္ထ အရှိသော သဒ္ဒါတို့နှင့် ယှဉ်ရာ၌၎င်း၊ ကာလဒ္ဓါနေသု - ကာလအဓွန့်တို့၌၎င်း၊ ပဥ္စမတ္ထ ဝ မ္မတ္ထ ပဥ္စမိယတ္ထာ ဒိသု - ပဥ္စမာဝိဘတ်၏ အနက်,ကံအနက်, ပဥ္စမီဝိဘတ်၏ အနက် အစရှိသည်တို့၌၎င်း၊ တတိယာ (ဟောတိ)။

(၂၉၄) ကတ္တာ - ကတ္တားဟူသည်၊ ကော စ - အဘယ်နည်း၊ [ကစ္စာယန သုတ်အရ ကတ္တားအနက် ဟူသည် အဘယ်နည်း - ဟု မေးသည်။]

ယော ကရောတိ, သ ကတ္တာ။ ၂၈၁ ။ယော - အကြင်ကာရကသည်၊ ကြိယံ - ကို၊ အတ္တပ္ပဓာနော - မိမိပြဓာန်းသည်၊ ဟုတွာ - ၍၊ ကရောတိ -

တံ ပန ဒုဝိဓံ ၊ ပေ ၊ ဝသေန — ခန္ဓာကိုယ်ကို အစွဲပြု, ထိုအစွဲပြု၍ ဖြစ်သော ကရိယာကို အစွဲတို့က ကရိယာဟု ခေါ်၏၊ ဟတ္ထေန, စက္ခုနာ, မနသာတို့တည်း၊ ခန္ဓာကိုယ်မှ အပဖြစ်သော ကရိယာကို ဗာဟိရ ကရိယာဟု ခေါ်၏၊ [ဆရာတို့ကား "ဗဟိ + ဇာတ" ဟု ဝိဂ္ဂဟ်ပြု၍ "ဗာဟိယ" ကရိယာဟု ခေါ်၏။] ပုံစံကား-ဒါတ္တေန အင်္ဂနာတို့တည်း။

(၂၉၃) စတ္ထဟဏောန၊ပေ၊တတိယာ — ဤစသဒ္ဒါဖြင့် သက်ရသော ပုံစံများကို " ယော ကာရေတိ သ ဟေတု " သုတ်အဆက်၌ " ဣတ္ထမ္ဘူတ လက္ခဏေ " စသည်ဖြင့် (အတော်ဝေးမှ) ပြလတ္တံ့၊ ဆက်ဦးအံ့ — တတိယာဝိဘတ် သက်နိုင်သော သုတ်များသည် " ကရဏေ တတိယာ " သုတ်မှစ၍ " ဝိသေသနေ စ " တိုင်အောင် ၇ သုတ်, မဏိမဉ္ဇူသာသုတ်နှင့်တကွ ၈ သုတ်ရှိ၏၊ ထိုသုတ်များနှင့် ဆိုင်သော အနက်မှတပါး အခြားအနက်၌ တတိယာ သက်လိုလျှင် ဤ " ကစ္စာယန " သုတ်သာ စသဒ္ဒါဖြင့်ချည်း သက်ရမည်။

[ဆောင်] ကစ္စာယန, သုတ်၌ စဖြင့်, သက်ကြဘို့ရန်. ဣတ္ထမ္ဘူတ—လက္ခဏနှင့်, ကြိယာ ပဝဂ်, နောက်ဆက် ပုဗ္ဗ. သဒိသ ဟူ, သ မူနတ္ထ. ကလဟတည့်, နိပု-မိဿက, သခိလအတ္ထ, ယှဉ်ရစွာနှင့်,အဒ္ဓါကာလ,ပဉ္စမ်ကမ္မတ်, ပဥ္စမျတ် ဟု, သေည်စု, သက်မှု တတိယာ။

www.dhammaransi.com



ပြုတတ်၏၊ သော-သည်၊ ကတ္တုသညော ဟောတိ၊ သော ထိုကတ္တားသည်၊ သုဒ္ဓကတ္တာ-သုဒ္ဓကတ္တားဟု၎င်း၊ ဟေတုကတ္တာ-၎င်း၊ ကမ္မကတ္တာ-၎င်း၊ ဣတိ-သို့၊ တိဝိဓော၊ တတ္တ-ထို ၃ မျိုးတွင်၊ ယော-အကြင်ကတ္တားသည်၊ သယမေဝ- ကိုယ်တိုင်ပင်၊ ကြိယံ-ကို၊ ကရောတိ-၏၊ သော - ထိုကတ္တားသည်၊ သုဒ္ဓကတ္တာ-သုဒ္ဓကတ္တားမည်၏၊ ယော - အကြင်ကတ္တားသည်၊ ကာတုံ - ပြုခြင်းငှါ၊ သမတ္ထံ - စွမ်းနိုင်ပါလျက်၊ အကာရေန္တံ-မပြုဘဲနေသော၊ အညံ-အခြားကတ္တားကို၊ ကမ္မနိ-အလုပ်၌၊ နိယောဇေတိ-စေခိုင်းတတ်၏၊ သော - ထိုကတ္တားသည်၊ ဟေတုကတ္တာ - ဟေတုကတ္တားမည်၏၊ ယထာ-ကား၊ ဒေဝဒတ္တော-သည်၊ ဂန္တုံ-သွားခြင်းငှါ၊

(၂၉၄) ယော ကြိယံ အတ္တပ္ပဓာနော၊ ပေ၊ ဟောတိ—"ယော ကရောတိ" ဟူသော သုတ်စကားကို ထောက်၍ "ကရောတိ ကြိယံ (အဘိနိပ္ဖါဒေတိ) တိ ကတ္တာ"ဟု ဝိဂ္ဂြိုဟ်ပြုရ၏၊ ကာရကကို ဝိဂ္ဂြိုဟ်ပြုရာ၌လည်း "ကရောတိ ကြိယံ အဘိနိပ္ဖါဒေတိ"ဟု ပင်ပြု၏၊ ဤသို့လျှင် ကတ္တုသဒ္ဒါလည်း ကြိယာကို ပြီးစေခြင်းအနက်ရှိ-ကာရကသဒ္ဒါလည်း ကြိယာကို ပြီးစေခြင်း အနက်ရှိရကား ကြိယာကို ပြီးစေမှု၌ ကတ္တုကာရကသည် သတ္တိအသာဆုံးဖြစ်ကြောင်း သိသာနိုင်သည်၊ [ဤအရာမျိုးကို"အတိသယနည်း"ဟုခေါ်၏။]

အတ္တပ္ပဓာနော။ ။"အတ္တပ္ပဓာနော"ဟူသော ဝိသေသနဖြင့် ကရဏကာရကကို တားမြစ်သည်၊ ချဲ့အံ့— "ယေနဝါ ကယိရတေ တံ ကရဏံ" နှင့်အညီ ကရဏကာရကလည်း ကြိယာကို ပြီးစေ၏၊ သို့သော် ပဓာနအဖြစ်ဖြင့် မပြီးစေနိုင်၊ "ကရဏကာရက ကိုယ်တိုင် မလုပ်နိုင်, ကတ္တုကာရက၏ အကူအညီသာ ဖြစ်နိုင်သည်" ဟူလို၊ ကတ္တုကာရကကား ကိုယ်တိုင်ပင် ကြိယာကို ပြီးစေနိုင်သည်၊ ထို့ကြောင့် "အတ္တပ္ပဓာနော" ဟူသော ဝိသေသနဖြင့် (ကြိယာကို ပြီးစေခြင်း၌ ယုံမှားဖွယ်ရှိသော) ကရဏကာရကကို တားမြစ်သည်ဟု မှတ်၊ ထို့ကြောင့် ဋီကာ၌ "အတ္တပ္ပဓာနော ကရဏံဒိယနပရတန္တတော (ကရိုဏ်းကဲ့သို့ သူတပါး ပြန်းသောအားဖြင့် ကြိယာကို ပြီးစေရသည် မဟုတ်ဘဲ)"ဟု ဖွင့်သည်။

ယော သယမေဝ၊ ပေ၊ သုဒ္ဓကတ္တာ— သုဒ္ဓကတ္တား-ဟေတုကတ္တား-ကမ္မကတ္တားဟု ၃မျိုးရှိ၏၊ ထိုတွင် ဟေတုကတ္တားကဲ့သို့ ဟေတုဟူသော ဝိသေသနလည်း မပါ-ကမ္မကတ္တားကဲ့သို့ ကမ္မဟူသော ဝိသေသနလည်း မပါဘဲ သက်သက် (သန့်သန့်) ဖြစ်သော ကတ္တားသည် "သုဒ္ဓကတ္တား" မည်၏၊ သုဒ္ဓေါ-ဟေတု ကမ္မ ဟူသော ဝိသေသနမပါက် သက်သက်သော၊ ကတ္တာ-ကတ္တားသည်၊ သုဒ္ဓကတ္တာ-မည်၏၊ "ပုရိသော မဂ္ဂံ ဂစ္ဆတိ" စသည်၌ ပုရိသော ကတ္တား-"ဇိနေန ဒေသိတော ဓမ္မော" ၌ ဇိနနကတ္တား စသည်ဘည်း။ ["သယမေဝ"ဟူသော ဝိသေသနဖြင့် "ကိုယ်တိုင်မလုပ်ဘဲ သူတပါးကို ခိုင်းတတ်သော ဟေတုကတ္တားကို တားမြစ်သည်။]

www.dhammaransi.com



သမတ္ထော - စွမ်းနိုင်၍၊ တံ- ထို ဒေဝဒတ်ကို၊ အညော-အခြားသူသည်၊ ပယောဇယတိ-စေခိုင်း၏၊ (ဘဏ္ဍ-ထို စေခိုင်းရာ၌ ) ဂမယတိဒေဝဒတ္တံ-"ဂမယတိ ဒေဝဒတ္တံ"ဟု ပြယုဂ်ဖြစ်၏။

ပန-ဆက်၊ တဏ္ဍတဏ္ဍ- ထိုထို ကာရိတ်အရာ၌၊ ဂစ္ဆတိ ဒေဝဒတ္တော, တမညော ပယောဇယတိ, ဂမယတိ ဒေဝဒတ္တံ - ဂစ္ဆတိ ၊ ပေ၊ ဒေဝဒတ္တံ ဟူ၍၊ ယံပဟောတွဏ္ဍနိဒဿနံ - အကြင် အကြောင်းကြိသာအနက်ကို ညွှန်ပြခြင်းသည်၊ ( အတ္ထိ-ရှိ၏၊ ) တမ္ပိ ထို အကြောင်း ကြိသာအနက်ကို ညွှန်ပြခြင်းကိုလည်း၊ သာမတ္ထိယဒဿနာသေန - ပြုစွမ်းနိုင်သူ၏ အဖြစ်ကို ပြခြင်း၏ အစွမ်းဖြင့်၊ ဝုတ္တံ - ဆိုအပ်၏၊ ဣဘိ - ဤသို့၊ ဂဟေတဗ္ဗံ-ယူရာ၏၊ အညထာ - ဤသို့ မဟုတ်ဘဲ၊ သယမေဝ - ကိုယ်တိုင်သာလျှင်၊ ယဒိဂစ္ဆတိ-အကယ်၍ သွားအံ့၊ တဏ္ဍ-ထိုကိုယ်တိုင် သွားရာ၌၊ ပယော

ယောအညံ ၊ ပေ၊ သော ဟေတုကတ္တာ — ယညဒတ်က စေခိုင်းခြင်းကြောင့် ဒေဝဒတ်သည် တစုံတခုကို ပြုလုပ်ရာ၌ ထို ဒေဝဒတ် ပြုလုပ်ခြင်း၏ အကြောင်းကား ယညဒတ်၏ နှိုးဆော်မှုတည်း၊ ထို့ကြောင့် ယညဒတ်၏ လက်ပြခေါ်၍ နှိုးမှု ( သို့မဟုတ် နှုတ်ဖြင့် နှိုးမှု ) ဟူသော ရသည် ဒေဝဒတ် ပြုလုပ်ခြင်း၏ အကြောင်းဖြစ်၍ ဟေတု လည်း မည်၏၊ စေခိုင်းခြင်း ကြိယာကို ပြီးစေတတ်သောကြောင့် ကတ္တားလည်း မည်၏။ ထို့ကြောင့် နှိုးမှုဟူသော ပါရကို ဟေတုကတ္တားဟု ခေါ်သည်။

ယံ ပန တဏ္ဍ တဏ္ဍ ၊ပေ၊ ဟေတွတ္ထနိဒဿနံ—ကာရိတ်နှင့် စပ်ဆိုင်ရာဝယ်"ဂစ္ဆတိ ဒေဝဒတ္တော, တမညော ပယောဇယတိ, ဂမယတိ ဒေဝဒတ္တံ စသည်နှင့် ဟေတု အနက်ကို ပြသော စကားရင်များ ပါရှိ၏၊ ပြပုံကား — ဂစ္ဆတိ ဒေဝဒတ္တော = ဒေဝဒတ်သည် သွားစွမ်းနိုင်သူ ဖြစ်၏၊ (သို့သော် သူ့ဘာသာ သို့လျှင် သွားမည် မဟုတ် )၊ တမညော ပယောဇယတိ - ထိုသို့ သွားစွမ်းနိုင်ပါလျက် မသွားသော ဒေဝဒတ်ကို အခြားသော (ယညဒတ် စသူက) အသွားခိုင်း၏၊ ဤသို့ ခိုင်းရာ၌ "ဂမယတိ ဒေဝဒတ္တံ=ဒေဝဒတ်ကို သွားစေ၏"ဟူသော ခိုင်းစေခြင်း ဟိတ်အနက် ထင်ရှားလာလေသည်။

တမ္ပိ သာမတ္ထိယ ၊ ပေ၊ ဂဟေတဗ္ဗံ — ထိုဟေတွတ္ထ နိဒဿန ဝါကျ၌ " ဂစ္ဆတိ ဒေဝဒတ္တော " ဟူသော သုဒ္ဓကတ္တုဝါကျ ပါနေ၏၊ ထို သုဒ္ဓကတ္တုဝါကျသည် အမှန်အားဖြင့် ဟိတ်အနက်ကို ပြသော စကား မဟုတ် , ဒေဝဒတ်၏ သွားစွမ်းနိုင်ကြောင်းကို (သွားနိုင်သော သတ္တိကို)ပြလိုသော (ဟေတုဝါကျ၏ အခြေခံ) ဝါကျသာ ဖြစ်သည်၊ ထို့ကြောင့် "ဂစ္ဆတိ ဒေဝဒတ္တော, တမညော ပယောဇယတိ, ဂမယတိ ဒေဝဒတ္တံ"ဟု စကားရှည်စွာ ပြထားသော်လည်း ထို စကား အားလုံးကို ဟေတုကတ္တားကို ပြသော ဟေတုဝါကျ ဟု မမှတ်လင့်၊ စေခိုင်းအပ်သူ၏ သွားခြင်း စသော ကြိယာကို ပြုစွမ်းနိုင်ကြောင်း ထင်ရှားစေလိုသောကြောင့် စကားရှည်စွာ ပြနေခြင်း ဟု မှတ်၊ ဟေတု

www.dhammaransi.com



ဇကာ ဗျာပါရေန - စေခိုင်းသူ၏ ဗျာပါရကြိယာဖြင့်၊ ကိံ-အဘယ်အကျိုး ရှိတော့အံ့နည်း၊ အကာရေန္တံ့ ဗလေန ကာရေတိ , ပါသာဏံ ဥဋ္ဌာပယ တိဘိအာဒိကဥ္စ- "အကာရေန္တံ့ ဗလေန ကာရေတိ" ဟူသော ပြယုဂ်, "ပါသာဏံ ဥဋ္ဌာပယတိ" အစရှိသော ပြယုဂ်သည်လည်း၊ နသိဇ္ဈေယျ- မပြီးနိုင်ရာ၊ [ အကာရေန္တံ့ - မပြုဘဲ ပေနေသူကို၊ ဗလေန- အားစွမ်းဖြင့်၊ ကာရေတိ- ပြုစေ၏၊ ပါသာဏံ - ကျောက်ခဲကို၊ ဥဋ္ဌာပယတိ-ထစေ၏၊ ဝါ-ထောင်၏၊ ]

ဝါကျမှာ " ယညဒတ္တော ဒေဝဒတ္တံ မဂ္ဂံ ဂမယတိ=ယညဒတ်သည် ဒေဝဒတ်ကို လမ်းကို သွားစေ၏"စသော ဝါကျမျိုးတည်း၊ ထို ဝါကျ၌ ပါသော"ယညဒတ္တော"သည် ဟေတုကတ္တားတည်း။

အညထာ ယဒိ ၊ ပေ ၊ ဗျာပါရေန — "ဂစ္ဆတိ ဒေဝဒတ္တော"စသော ဝါကျသည် ဟေတွတ္ထ နိဒဿန ( ဟိတ် အနက်ပြ ) ဝါကျ မဟုတ်ဘဲ "ဂစ္ဆတိ ဒေဝဒတ္တော" အရ ဒေဝဒတ်သည် အကယ်၍ သူ့ဘာသာသူ မခိုင်းရဘဲ သွားနေပုံကို ပြသော ဝါကျ– ဟု ဆိုလျှင် ထို မခိုင်းဘဲ သွားနေရာ၌ ခိုင်းမှုဗျာပါရသည် ( ဝါ - ဟေတုကတ္တားသည် ) ဘာအကျိုးရှိတော့အံ့နည်း၊ ဘုန်းကြီးများကို ရှောကထား၍ သွားနေပါလျက် မစိမ်ရသျှင် မကျေနပ်သူ လူကြီးတယောက်က" ဟေ့....ဘုန်းကြီး ရှောကထား"ဟု စေခိုင်းချင်ကဲ့သို့ အကျိုးမရှိတော့သည်သာ။

အကာရေန္တံ ၊ ပေ ၊ ဗျာဒိကဥ္စ နသိဇ္ဈေယျ— "ဂစ္ဆတိ ဒေဝဒတ္တော, တံ မညော ပယောဇယတိ"တို့သည် ဟေတုကတ္တား ( ဟေတု ဝါကျ ) တိုက်ရိုက် စကားမှန်လျှင် လုံးလုံးကိုယ် မပြုဘဲ ပေနေသူကို အားရှိအားမဲ့ပြုလုပ်၍ ( အနိုင် အထက် နှိပ်စက်၍ ) ပြုစေနှ၌ဌာနမျိုး၌ "ကရောတိ ဒေဝဒတ္တော, တံ မညော ပယောဇယတိ–ဒေဝဒတ်သည် ပြု၏, ထို ပြုနေသော ဒေဝဒတ်ကို စေခိုင်း၏ " ဟူသော စကားမျိုး မရနိုင်ရကား"ယညဒတ္တော ဒေဝဒတ္တံ ဗလေန ကာရေတိ=ယညဒတ်သည် မပြုဘဲ နေနေသော ဒေဝဒတ်ကို အားရှိအားမဲ့ လုပ်၍ ပြုစေ၏ " ဟူသော ဝါကျမျိုး မပြီးနိုင်ဘဲ ရှိရာ၏၊ အမှန်မှာသည်း "ကရောတိ ဒေဝဒတ္တော, တံ မညော ပယောဇယတိ " ဟူသော စကားမျိုး မပါစေကာမူ "ယညဒတ္တော ဒေဝဒတ္တံ ဗလေန ကာရေတိ" ဟု ဟေတုဝါကျအား ဖြစ်နိုင်သည်သာ။

ကျောက်ခဲသည် သူ့ဘာသာသူ မထနိုင်သောကြောင့် "ပါသာဏော ဥဋ္ဌဟတိ, တံ မညော ပယောဇယတိ "ဟူသော စကားမျိုးလည်း မဖြစ်နိုင်ရကား"ပုရိသော ပါသာဏံ ဥဋ္ဌာပယတိ"ဟူသော ဟေတုဝါကျလည်း မပြီးနိုင်ရာ၊ အမှန်မှာ "ပါသာဏော ဥဋ္ဌဟတိ, တံ မညော ပယောဇယတိ " ဟူသော အခြေခံ စကားမျိုး မရနိုင်စေကာမူ " ပုရိသော ပါသာဏံ ဥဋ္ဌာပယတိ " ဟူသော ဟေတု ဝါကျအား ပြီးနိုင်သည်သာ၊ ထို့ကြောင့် ကာရိတ်ကိုပြရာ အခါတိုင်း၌"ဂစ္ဆတိ ဒေဝဒတ္တော၊ပေ၊ဂမယတိ ဒေဝဒတ္တံ" ဟူသော စကားမျိုးသည်ရင်း, ခေတ္တပဟိ ဏော ဏာယစသော သုတ်၌ လာလတ့်သော "ယောကော

www.dhammaransi.com



(၂၉၅) ပန-ဆက်၊ ဧတ္ထ-၌ ဟေတုကတ္တားနှင့်၊ ...ကတ္တာဘိ-ကတ္တာ ဟူသောပုဒ်သည်၊ ဝတ္တတေ။

ယောကာရေတိ, သဟေတု ။ ၂၇၂ ။ (ကစ္စည်းဝုတ္တိနှင့်တူ)၊ ပေ၊ ဟော့ဘိ၊ ဣတိ - ၌သုတ်ဖြင့်၊ ဟေတုကတ္တုသညာ - ဟေတုကတ္တား အမည်သည်၊ (ဟောတိ)၊ ပန-အဘ္တိ တပါးကား၊ ယော-အကြင်ကတ္တား သည်၊ ပရဿ - အခြားကတ္တား၏၊ ကြိယံ - ကြိယာကို၊ ပဋိစ္စ-စွဲ၍၊ ကမ္မ ဘူတော-ကံဖြစ်၍ ဖြစ်သည်၊ (သမာနော) ပိ-ဖြစ်ပါသော်လည်း၊ သုကရ တ္တာ-လွယ်ကူစွာပြုအပ်သည့်၏ အဖြစ်ကြောင့်၊ သယမေဝ-အလိုလိုသာ၊ သိဇ္ဈနတ္တာဝိယ - ပြီးသကဲ့သို့၊ ဟောတိ - ၏၊ သော - ထို ကတ္တားသည်၊ ကမ္မကတ္တာနာမ-ကမ္မကတ္တားမည်၏၊ ယသာ- ကား၊ သယံ ကရီယတေ ၊ပေ၊ သြဒနော-တည်း၊ ဣတိ-၌သို့ မှတ်အပ်၏၊ [သင်ဖြူးသည် ကိုယ်တိုင် ပြုတတ်၏၊ ထမင်းသည် ကိုယ်တိုင်ပင် ချက်ဘတ်၏။]

အဝတိ, တမနညာ ဘဝါဟိ ဘာါဟိ"စသော စကားမျိုးသည်ရင်း ဟေတုဝါကျ အစစ် မဟုတ်-ဟိတ်အနက်ကို ထင်ရှားအောင်ပြသော စကားသာဖြစ်သည်, ဟေတုဝါကျကား "ယညဒတ္တော ဒေဝဒတ္တံ ဂါမံ ဂမယတိ"ဟု ပြခဲ့သော ဝါကျမျိုးသာတည်း-ဟု မှတ်၊

(၂၉၅) ဧတ္ထ ပန ၊ ပေ၊ ဟေတု ကတ္တုသညာ—ဧတ္ထကို " ဣတိ ဟေတုကတ္တု သညာ " နှင့် လှမ်းစပ်၊ " ၌ ဟေတုကတ္တားနှင့် ယောကာရေတိ စသောသုတ်ဖြင့် ဟေတု ကတ္တား အမည်မှည့်ပါ"ဟုလို၊ [ "ဟေတုကတ္တုသညော " ဟု တချို့စာရှိ၏၊ "ဟေတု ကတ္တုသညော-ဟေတုကတ္တား အမည်ရှိသည် " ဟု ဆိုလျှင်"ကတ္တုသညော"နှင့် အနရ တူအောင်(ဧတ္ထဟု မထားဘဲ)အယံ ပန ဟု ထားရလိမ့်မည်၊ ဧတ္ထနှင့် လိုက်အောင်ကား "ဟေတုကတ္တုသညာ"ဟု သီဟိုဠ်မူအဘိုင်းရှိမှ သဒ္ဒါသွား ဖြောင့်သည်။

ယော ပန ၊ပေ၊ ကမ္မကတ္တာနာမ— "ကမ္မကတ္တား"ဟူရာ၌ အစစ်အမှန်မှာ ကံပင် တည်း၊ ထင်ရှားစေအံ့ - " ကဋော-သင်ဖြူးကို၊ ကရီယတေ - ယက်အပ်၏ "၌(ပရဿ ကြိယံ ပဋိစ္စ ကမ္မဘူတော ) ယက်တတ်သူ အခြားတယောက်သော်၏ ယက်ခြင်းကြိယာကို စွဲ၍ ယက်တတ်သူ လူသာလျှင် ကတ္တားတည်း၊ ထို အခြားကတ္တား၏ ယက်ခြင်းကြိယာကို စွဲ၍ သင်ဖြူးသည် ယက်အပ်သော ကံသာတည်း၊ (အပိ) သို့သော်(သင် အကြမ်းစားကို ယက်ရသကဲ့သို့ မခက်ခဲဘဲ) ယက်လို့ အလွန်လွယ်ကူ၏၊ (သုကရတ္တာ) ထိုသို့ အလွန် လွယ်ကူသည် အတွက်(သယမေဝ သိဇ္ဈနတ္တာဝိယ)သူ့ဘာသာပင် ပြီးသွားသလို ဖြစ်၏၊ "ယက်သူ လူက အားစိုက်ရလှဘဲ သင်ဖြူးကိုယ်တိုင် ယက်သွားသလို ထင်ရ၏၊" ထိုသို့ ကံ အစစ်ဖြစ်လျက် ကတ္တားသဘော သက်သော ကံကို"ကမ္မကတ္တား"ဟု ခေါ်သည်။

ဆက်ဦးအံ့။ ၊ ဤဝါကျ၌ "ကမ္မဘူတော"ကို ထော်၍ ကံ အစစ်ဖြစ်ကြောင်းကိုရင်း "သယမေဝ သိဇ္ဈနတ္တာဝိယ " ၌ ဝိယကို ထော်၍ ကတ္တားအဖြစ်၌ တင်စားထားကြောင်း

အတ္တပ္ပဋ္ဌာနေ ကြိယံ၊ ပေ၊ ကာဝိယတေ-အတ္တုပ္ပဋ္ဌာနေ ၊ပေ၊ကာဝိယတေဟူ၍၊ ဝုတ္တဋ္ဌ-ရှေးဆရာတို့လည်း ဆိုအပ်ပြီ၊ ယောကာရကော-အကြင်ကာရကသည်၊ အတ္တုပ္ပဋ္ဌာနေ-မိမိပြဋ္ဌာန်းသည်၊ (ဟုတွာ - ၍)၊ ကြိယံ-ကို၊ နိဗ္ဗတ္တေတိ-ဖြစ်စေနိုင်၏၊ အပ္ပယုတ္တောဝါ-မခိုင်းစေအပ်သည့်မှုသည်းဖြစ်စေ၊ ပယုတ္တောဝါ - စေခိုင်းအပ်သည်မှုသည်းဖြစ်စေ၊ သ(သော)-ထိုကာရကကို၊ ကတ္တာတိ - သုဒ္ဓကတ္တားဟူ၍၊ ပဝုစ္စတိ-ဆိုအပ်၏၊ ယော - အကြင်ကာရကသည်၊ ကတ္တုနော - သုဒ္ဓကတ္တားကို၊ ပယော

ကိုရင်း သိသာ၏၊ ထို့ကြောင့်"ကမ္မမေဝ ကတ္တာ, ကမ္မကတ္တာ"ဟု ဝိဂြိုဟ်ပြု၊ ကမ္မမဝ-ကံသည်ပင်၊ ကတ္တာ-( ကတ္တားအဖြစ်၌ တင်စားထားသည့် အတွက် )ကတ္တား တည်း၊ ကမ္မကတ္တာ- ကံသည်ပင်ကတ္တား၊ [“တင်စား”ဟူရာ၌ ပြုလုပ်တတ်သော(တမင်းဖြစ်လျှင် ရှုက်တတ်သော ) ကတ္တုသတ္တိ မရှိဘဲလျက် ကတ္တုသတ္တိ ရှိသကဲ့သို့ ဆိုသောကြောင့် “တဒ္ဓမ္မူပစာ,အတင်ရှင်း”သဒ္ဒါ ဖြစ်၍“တင်စား”ဟု ဆိုသည်၊ ဝိယသဒ္ဒါလည်း ဥပမာနဇောတက မဟုတ်, “ဒေဝ ဝိမာန သိရိံ-နတ်ဗိမာန်၏ အသရေကို၊ အာဟာသန္တံ ဣဝ-ပြက်ရယ်ပြုသကဲ့သို့”၌ ကဲ့သို့ ဥပရိက္ချာဇောတကသာ ဖြစ်သည်၊ ပြက်ရယ်ပြုနိုင်သော သတ္တိ မရှိဘဲ အလွန်အကဲ ဆိုခြင်းကို “ ဥပရိက္ချာ ” ဟု ခေါ်သည်၊ ဥပရိ- အထက်၌၊ ဝါ-အလွန်+ချာ-ဆိုခြင်း။]

သယံ ကရီယတေ၊ပေ၊သြဒနော—သယံ ဟု ထည့်ခြင်းမှာ ကဋ သြဒနတို့၌ ကတ္တုသတ္တိရှိသကဲ့သို့ ထင်ရှားအောင် ထည့်ခြင်းဖြစ်သည်၊ သယံ မပါဘဲလည်း ကမ္မကတ္တားဖြစ်နိုင်သည်သာ၊ [သက္ကတဋီကာများ၌ “ အတြ သယမေဝါတိ – ဝိသေသျခေဗ မနုတ္တံ (ကုသူလော-စသော ဝိသေသျကို သိစေခြင်းငှါသာ) ဝုတ္တံ၊ ပေ၊ နတု ပဒသာဓနော ပယောဂိတ္တဒဿနတ္ထံ (ပုဒ်ပြီးစေရန် ယှဉ်စပ်အပ်သည်၏ အဖြစ်ကိုပြခြင်းငှါ ဆိုအပ်သည် မဟုတ် )၊ ဘာသာကြင့်နည်း .... သယမေဝါတိ ပဒံ ဝိနာပိ “ အာယု ပရံ ဒီယတေ— အသက်သည် အလွန် ကုန်ခမ်းလွယ်၏ ” ဣစ္စာဒိပယောဂဒဿနာ၊ – ကာရိကာဇဋီကာ၊] သယံ ကရီယတေ ကဋော၏ အဓိပ္ပါယ်ကို ပြခဲ့ပြီ၊ သြဒနော ပစ္စတေ ချက်တတ်သူ လူ၏ ချက်ခြင်း ကြိယာကို စွဲ၍ သြဒနာသည် ကံဖြစ်သော်လည်း လွယ်ကူသည့် အတွက် သူ့ဘာသာ ချက်တတ်သကဲ့သို့ ထင်ရသည်။ [ “ပစ္စတေ – ကျက်၏ ” ဟု မပေးနှင့်, “ကျက်၏” ဟု ပေးလျှင် ( ချက်အပ်သည့် အဖြစ်ဟူသော ကမ္မသတ္တိ လုံးလုံး မပါသောကြောင့် ) သုဒ္ဓကတ္တားသာ ဖြစ်သည်၊ “ ကုသူလော ဘိဇ္ဇတေ သယံ ” ပုံစံလည်း— “ကျီသည် အလိုလို ပြိုဘဲ၏”ဟု ဆို၊ “ပျို၏”ဟု ဆိုလျှင် သုဒ္ဓကတ္တားသာ။]

အတ္တုပ္ပဋ္ဌာနေ၊ပေ၊ကထိယတေ— ဤကား ပြခဲ့ပြီးသော ကတ္တား၃မျိုး၏ သာဓကတည်း၊ အတ္တုပ္ပဋ္ဌာနေ ၊ပေ၊ ပဝုစ္စတိ”ဟူသော ပဌမဂါထာဖြင့် သုဒ္ဓကတ္တားကို ပြ၏၊ အပ္ပယုတ္တော ပယုတ္တောဝါ၌ အပ္ပယုတ္တောဖြင့်“ဒေဝဒတ္တော ဂါမံ ဂစ္ဆတိ”ကဲ့သို့ ဟေတုကတ္တားက မခိုင်းရဘဲ ပြုလုပ်တတ်သော သုဒ္ဓကတ္တားကို ပြ၏၊ ပယုတ္တောဝါဖြင့် “ယည

ဇကော - စေခိုင်း တိုက်တွန်းတတ်၏၊ (သော-ထို ကာရကကို၊) ဟေတု ကတ္တုတိ- ဟေတုကတ္တားဟူ၍၊ ကထိတော- ဆိုအပ်၏၊ ကမ္မဘူတော- ကံ ဖြစ်ပါလျက်၊ သုကရော - လွယ်ကူစွာ ပြုအပ်သော ကာရကကို၊ ကမ္မကတ္တာတိ-ကမ္မကတ္တားဟူ၍၊ ကထိယတေ-ဆိုအပ်၏။]

နနုစ - စောဒနာဦးအံ့၊ သံယောဂေါ ဇာယတေ တျာဒိသု - “သံယောဂေါ ဇာယတေ” အစရှိသော ပြယုဂ်တို့၌၊ ပုရေ - မစင်မှီ ရှေး၌၊ အသတော-ထင်ရှား မရှိသေးသော သံယောဂ၏၊ ဇနနကြိယာယ-ဇာယတေယ် ဇနန ကြိယာ၏၊ ကတ္တုဘာဝေါ- ကတ္တား၏ အဖြစ်သည်၊ ကထံ သိယာ – အဘယ့်ကြောင့် ဖြစ်နိုင်ပါအံ့နည်း၊ (မဖြစ်နိုင်သည့် မဟုတ်လော - ဟူလို၊) ဣတိ- ဤကား စောဒနာတည်း၊ ဝုစ္စတေ-အဖြေကို ဆိုအပ်၏၊ ဟိ-ချဲ့၊ သဒ္ဒပ္ပယောဂေါ-သဒ္ဒါပြယုဂ်သည်၊ လောကသင်္ကေတဿိဒ္ဓေါ- လောကအမှတ်အသားအတိုင်း ပြီး၏၊ ဟိ-မှန်၏၊ အဝိဇ္ဇမာနမ္ပိ- ထင်ရှား မရှိသောအရာကိုလည်း၊ လောကော- လူအပေါင်းသည်၊ သဒ္ဒါဘိဓေယျတာယ - သဒ္ဒါ၏ ဟောနက်အဖြစ်ဖြင့်၊ ဝိဇ္ဇမာနံဝိယ - ထင်ရှား

ဒတ္တော ဒေဝဒတ္တေန ဂါမံ ဂမယတိ” ကဲ့သို့သော ဟေတု ဝါကျ၌ ယညဒတ်က စေခိုင်းအပ်သည် ဖြစ်၍ ရွာသို့ သွားရသော “ဒေဝဒတ္တေန” ဟူသော ကတ္တားမျိုးကို ပြ၏၊ [ဤ၌ “ဒေဝဒတ္တေန” လည်း သဒ္ဒါကတ္တားပင်၊ “ဒေဝဒတ်သည်” ဟုပေး။] “ဟေတုကတ္တာတိ ၊ ပေ ၊ ပယောဇကော” ဤ ၂ ပါဒဖြင့် ဟေတုကတ္တားကို ပြ၏၊ “ကမ္မကတ္တာတိ ၊ ပေ ၊ ကထိယတေ” ဤ ၂ ပါဒဖြင့် ကမ္မကတ္တားကို ပြ၏၊ အဓိပ္ပါယ်မှာ ရှေးအကျယ်စကား၌ ပြခဲ့သည့် အတိုင်းပင်တည်း။

နနုစ၊ ပေ၊ သိယာ — [“နနုစ” ကား သူတပါးကို စောဒနာလို၍ စချီသော “စောဒနာအချီ” နိပါတ်တည်း၊ “စောဒနာ ပါဦးမည်, စောဒနာလိုပါသည်, စောဒနာပါရစေ” ဟု ဆိုလိုသည်။] “ယောကာရေတိ, သကတ္တာ” နှင့် အညီ ကြိယာကို ပြုတတ် ပြီးစေတတ်မှ ကတ္တားမည်၏၊ သို့ဖြစ်လျှင် “သံယောဂေါ – ယှဉ်စပ်ခြင်းသည်၊ ဇာယတေ - ဖြစ်၏” ဟူရာ၌ ယှဉ်စပ်ခြင်းသည် ယခုမှဖြစ်၏, သံယောဂ မရှိသေး၊ ဥပမာ – လက် ၂ ချောင်း ပူးကပ်ယှဉ်စပ်ရာ၌ လက် ၂ ချောင်း ပူးမိသည်နှင့် တပြိုင်နက် “သံယောဂေါ ဇာယတေ” ဟု ဆိုနိုင်၏၊ ထိုယှဉ်စပ်မှု သံယောဂသည် မပူးမိ မစပ်မီခင်က မရှိသေး၊ ထိုသို့ မစပ်မီခင်က မရှိသေးသော သံယောဂသည် ဇာယတေ အရ ဇနန ကြိယာကို အဘယ်မှာ ပြီးစေနိုင်ပါမည်နည်း၊ ထိုသို့ ကြိယာကို မပြီးစေနိုင်လျှင် ဇနန ကြိယာ၏ ကတ္တား အဖြစ်ဖြင့် “သံယောဂေါ” ဟု အဘယ်မှာ ဖြစ်နိုင်ပါတော့မည်နည်း၊ [စောဒက ပုဂ္ဂိုလ်သည် “ထင်ရှားရှိသော အနက်ကိုသာ သဒ္ဒါအရာ၌ သုံးစွဲသည်” ဟု ယူဆ၍ စောဒနာသည်။]

www.dhammaransi.com



ရှိသကဲ့သို့၊ ဂဟေတွာ-စိတ်ဖြင့်ယူ၍၊ ဝေါဟရတိ-ပြောဆို၏၊ ဟိ-မှန်၏၊ ဝိကပ္ပဗုဒ္ဓိဂဟိတာကာရေယေဝ - ကြံစီဘတ်သော ဉာဏ်ဖြင့် ယူအပ်သော အခြင်းအရာ ဟူသမျှကိုပင်၊ သဒ္ဒေန-သဒ္ဒါသည်၊ အဘိဓိယတေ-ဟောအပ်၏၊ ဝတ္ထုသဘာဝေါ - ထင်ရှားရှိသော ဝတ္ထုကိုသာ၊ န ထုအဘိဓိယတေ - ဟောအပ်သည်မဟုတ်၊ အညထာ - ဤသို့မဟုတ်လျှင်၊ သုတမယညာဏေနာပိ - သုတမယ ဉာဏ်ဖြင့်လည်း၊ ပစ္စက္ခေနဝိယ -

ဝုစ္စတေ, လောကသင်္ကေတ၊ ပေ၊ ပယောဂေါ—[“ဝုစ္စတေ” ကား ဖြေလိုရာ၌ အချေခံသော “အဖြေ အချီ” ကြိယာပုဒ်တည်း၊ “အဖြေကို ဆိုအပ်၏, အဖြေကို ဆိုအံ့”—ဟူလို၊] (ပထဝီ ဖဿ စသော ပရမတ္ထတရားတို့ကဲ့သို့ ထင်ရှားရှိသည်ဖြစ်စေ, ငါ သူတပါး ယောကျ်ား မိန်းမ “ယုန်ချို လိပ်မွေး ငှက်သွေး ခွေးလှေး တောင်ပန်ဖြူ” ဟူသကဲ့သို့ ထင်ရှားမရှိသည်ဖြစ်စေ) လောက၌ မှတ်သားထားသည့်အတိုင်း သဒ္ဒါပြီးစီးရသည်။

အဝိဇ္ဇမာနမ္ပိ၊ပေ၊ဝေါဟရတိ—[“အဝိဇ္ဇမာနမ္ပိဟိ”မှ၍“သဒ္ဒပ္ပဝတ္တိ ဟောတိ” တိုင်အောင်ကား “လောက သင်္ကေတ သိဒ္ဓေါ ဟိ သဒ္ဒပ္ပယောဂေါ”ကို ထောက်ခံသော ဒဠှီကရဏ ဝါကျ၊ တနည်း-အကျယ်ပြဆော ဝိတ္ထာရ ဝါကျတည်း၊] “ငါ-သူတပါး ယောကျ်ား-မိန်းမ” ဟူသည် ပရမတ္ထအားဖြင့် ထင်ရှား မရှိ, ငါဟူသည့် ရုပ်နှင့်နာမ် ပေါင်းစပ်ထားသော ခန္ဓာဖြစ်တည်း၊ သူ-ယောကျ်ား-မိန်းမဟူသည်လည်း ဤနည်းပင်၊ ယုန်၌ ချိုမရှိ, လိပ်၌ အမွေးမရှိ, ငှက်လုံး၌ သွေးမရှိ, ခွေးလှေးခေါ် ခွေးသန်း၌ အတောင်ဖြူ မရှိ၊ ထိုသို့ ထင်ရှား မရှိသည်ကိုပင် လူတို့က “အဟံ-ငါ, ပရော-သူတပါး, ဣတ္ထီ ပုရိသော သသဝိသာဏံ (ယုန်ချို), ကစ္ဆပလောမံ (လိပ်မွေး), ကက္ကဋ လောဟိတံ (ငှက်သွေး), သုနခဥုကာယ ပလိတပက္ခော (ခွေးသန်း၏ ဖြူသော အတောင်)” စသည်ဖြင့် “အဟံ, ပရော” စသော သဒ္ဒါတို့ ဟောဘို့ရာ အနက်အဖြစ်ဖြင့် ထင်ရှား ရှိသလို စိတ်ဖြင့် ကြံစီ၍ ခေါ်ဝေါ်ကြ ပြောဆို သုံးနှုန်းကြသည်။

ဝိကပ္ပဗုဒ္ဓိ၊ပေ၊နတုဝတ္ထုသဘာဝေါ—ထိုသို့ ကြံစီ၍ စိတ်ဖြင့်ယူအပ်သော အခြင်းအရာကိုပင် (စိတ်ဖြင့် ကြံစီအပ်သော အနက်ကိုင် ရှိရှိ-မရှိရှိ) သဒ္ဒါက လိုက်၍ ဟောရ၏၊ တွေ့ထိခြင်း ဖုသနသဘော, ခံစားခြင်း အနုဘဝနသဘော စသော အစစ်အမှန် ထင်ရှားရှိသော ပရမတ္ထ အထည်ဝတ္ထု သဘောစုကိုသာ ဟောသည်မဟုတ်၊ ပရမတ္ထ အထည်ဝတ္ထု သဘောစုကိုလည်း “ဖဿော, ဝေဒနာ” စသော သဒ္ဒါတို့က ဟောရ၏၊ ငါ-သူ-ယောကျ်ား-မိန်းမစသော ထင်ရှားမရှိသော အနက်တို့ကိုလည်း “အဟံ, ပရော, ပုရိသော, ဣတ္ထီ” စသော သဒ္ဒါတို့က ဟောရသည်—ဟူလို။

ဝိကပ္ပ ဗုဒ္ဓိဂဟိတာကာရေ။ ။“ဝိကပ္ပ-ကြံစီ၍, ဗုဒ္ဓိ-သိသောစိတ်၊ ဂဟိတ-ယူအပ်သော, မှတ်သားအပ်သော + အာကာရ - အခြင်းအရာ” ဟူရာ၌ ပုံသဏ္ဌာန် ရှုကောင်းလျှင် ပုံသဏ္ဌာန်သည်ပင် အာကာရတည်း၊ ပုံသဏ္ဌာန် မရကောင်းလျှင် စိတ်

www.dhammaransi.com



မျက်မှောက်သိသောဉာဏ်ကဲ့သို့၊ ဝတ္ထုသဘာဝ သန္တိကၾ ရဏာပ္ပသင်္ဂေါ-ထင်ရှားရှိသော ဝတ္ထုကို မျက်မှောက် ပြုခြင်း၌ လျဉ်းပါးဘွယ်သည်ရင်း၊ မုသာဝါဒ ကုဒိဋ္ဌိဝါဒါဒိန် - မုသားပြောအပ်သောအရာ, မိစ္ဆာအယူဖြင့် ပြောအပ်သောအရာ အစရှိသည်တို့၏၊ သဘာဝပ္ပသင်္ဂါစ - အစစ်အမှန်အဖြစ်၌ လျဉ်းပါးဘွယ်သည်ရင်း၊ သိယာ - ဖြစ်ရာ၏၊(ဖြစ်ကား မဖြစ်နိုင်-ဟုလို၊)တသ္မာ - ထို့ကြောင့်၊ ဗုဒ္ဓိပရိကပ္ပိတပညတ္တိဝသေန ပိ - ဉာဏ်ဖြင့် ကြံစီအပ်သော ပညတ်၏ အစွမ်းဖြင့်လည်း၊ သဒ္ဒပ္ပဝတ္တိ - သဒ္ဒါဖြစ်ခြင်းသည်၊ ဟောတိ၊ ဣတိ-ထို့ကြောင့်၊ အသတော- ထင်ရှားမရှိသေးသော၊

ထည်း၌ ထင်လာသော အခြင်းအရာသည် အာကာရဘည်း၊ ထို့ကြောင့် ငါဟု ဆိုအပ်သော လူဖြစ်,မိန်းမဟု ဆိုအပ်သော လူဖြစ်-ယုန်ချိုဟု စိတ်ဖြင့် ကြံစီအပ်သော (စိတ်၌ မှန်းထားသော ) အရာ, ဤသို့ အထည်ဖြစ် ရကောင်းသည် ဖြစ်စေ မရကောင်းသည် ဖြစ်စေ ပရမတ္ထသဘောတရားဖြစ်စေ "အာကာရ" ဟု ဆိုအပ်သည်။

အညထာ၊ ပေ၊ ပသင်္ဂေါ— "အမှန်ရှိသော အနက်ကိုသာ သဒ္ဒါက ဟော၏" ဟု ဆိုလျှင် အဘယ်အပြစ် ရောက်ရာသနည်း – ဟု မေးဘွယ်ရှိ၍ အညထာ စသည် မိန့်၊ "အတီတေ မဟာသမ္မတောနာမ ရာဇာ အဟောသိ – ရှေးတုန်းက မဟာသမ္မတမင်း ဖြစ်ခဲ့ဘူးပြီ "ဟု ပြောဆိုအပ်သောအသံ(သဒ္ဒ)ကို ကြားရသည့်အခါ ကြားရသူ၌ မဟာ သမ္မတမင်းကို သိသော သုတမယဉာဏ် ဖြစ်၏၊ "မဟာသမ္မတောနာမ ရာဇာ' ဟူသော သဒ္ဒါ၏ အနက်ဖြစ်သော မဟာသမ္မတမင်းဖြစ်ကား ယခု မရှိတော့ချေ၊ တကယ်ရှိသော အနက်ကိုမှ သဒ္ဒါက ဟောသည် ဟု ဆိုလျှင် " မဟာသမ္မတောနာမ ရာဇာ " ဟူသော သဒ္ဒါ၏ အနက်ဖြစ်သော မင်းသည် ထင်ရှားရှိရလိမ့်မည်၊ သို့ဖြစ်လျှင် အသံကိုကြားရ၍ မဟာသမ္မတမင်းကို သိသော သုတမယ ဉာဏ်သည် တိုက်ရိုက် သိသော အဘိညာဉ် ဉာဏ်ကဲ့သို့ မဟာသမ္မဘမင်းဟူသော အထည်ဝတ္ထုကို မျက်မှောက် ပြုနိုင် ( သေသေ ချာချာ မြင်နိုင်) လေရော့သလားဟု လျဉ်းပါးဘွယ် ရှိရာ၏၊ အမှန်အားဖြင့်လည်း သုတ မယဉာဏ်ဖြင့် တိုက်ရိုက် မသိနိုင်၊ "အနာဂတေ သင်္ခေါနာမ စက္ကဝတ္တိ ဘဝိဿတိ= နောင်ခါ သင်္ခစကြာမင်း ဖြစ်လတံ့"ဟု ကြားရာ၌လည်း ဤနည်းပင်။ [ပစ္စက္ခေနဉ္စ ပစ္စက္ခ ဟူသည် မျက်စိဖြင့်မြင်ရသကဲ့သို့သိသော အဘိညာဉ်ဉာဏ်နှင့် တကွဲကိုယ် မျက်မြင်ဖြစ်၍ သိသောဉာဏ်တည်း၊ ဝတ္ထုသဘာဝဟူသည် အမှန်ရှိသော ဝတ္ထုတည်း။]

မုသာဝါဒ၊ ပေ၊ သဘာဝပ္ပသင်္ဂါစ — [အဘာဝ ဟု ပါဠ်ပျက်ရှိ၏၊ ဋီကာဉ်ရင်း သီဟိုဠ်မူ၌ရင်း "သဘာဝ" ဟု ရှိသည်။] "အမှန်ရှိသော အနက်ကိုမှ သဒ္ဒါက ဟောသည်" ဟု ဆိုလျှင် မုသားပြောသူ၏ သဒ္ဒါ (စကား ပည်း သူတို့ပြောတိုင်း အမှန်ရှိလေရာ၏၊ ရွှေမရှိဘဲလျက် ရွှေရှိသည်ဟု ပြောလျှင် အမှန်ရွှေရှိတော့မလို ဖြစ်နေသည်-ဟုလို၊ [ကု= စက်ဆုပ်အပ်သော+ဒိဋ္ဌိ=အယူရှိသူ (မိစ္ဆာအယူရှိသူ) ]မိစ္ဆာအယူရှိသူတို့က "အတ္တ ရှိ၏" ဟု ဆိုရာ၌လည်း သူတို့စကား (သူတို့သဒ္ဒါ) အတိုင်း အမှန် အတ္တ ရှိလေရာ၏၊

www.dhammaransi.com



သံယောဂါဒိသပိ-ယှဉ်စပ်ခြင်းအစရှိသည်၏လည်း၊ ဓနနာဒိကြိယာယ-ဓာယတေဝယ် ဓနန အစရှိသောကြိယာ၏၊ ကတ္တုကာရကတာ-ကတ္တုကာရက၏ အဖြစ်သည်၊ ဟောတေဝ-ဖြစ်နိုင်သည်သာ။

ယထာဟ - အဘယ်သို့ မိန့်သနည်း၊ .... ဝေါဟာရဝိသယော ၊ ပေ ၊ ဓာတ်ယာတိ-ဝေါဟာရ၊ ပေ၊ ဓာတ်ယာဟူ၍၊ အာဟ-မဉ္ဇူသာ၌ မိန့်ပြီ။ [ သဒ္ဒေါ – သဒ္ဒါသည်၊ ဝေါဟာရဝိသယော – ပညတ်နက် ဟူသော ဟောရာအနက်လည်းရှိ၏၊ ကေဝလံ့ပရမတ္ထိကော – ကေန် ပရမတ်အနက် သာ ရှိသည်၊ န - မဟုတ်၊ ဗုဒ္ဓိသင်္ကပ္ပိတော - အသိဉာဏ်ဖြင့် ကြံစီအပ်သော၊ အတ္ထော - အနက်ကို၊ တဿ-ထိုသဒ္ဒါ၏၊ အတ္ထောဘိ - အနက်

ဤသို့ "အမှန်ရှိသောအနက်ကိုမှ သဒ္ဒါကဟောနိုင်သည်"ဟု ယူလျှင် သုတမယဉာဏ်ဖြင့် သိရာ၌ တိုက်ရိုက် သိရတော့မလို ဖြစ်ခြင်း – မုသား ပြောရာ၌ရင်း မိစ္ဆာအယူ ရှိသူတို့ ပြောဆိုရာ၌ရင်း ပြောတိုင်း ဘောန်ရှိရတော့မလို ဖြစ်ခြင်းဟူသော "ဩဗိတျပဟီနဒေါသ" ခေါ် အသင့်ယုတ္တိမရှိသော သောက၌ မဖြစ်နိုင်သောအပြစ်များရောက်ဘွယ်ရှိသည်-ဟူလို။

တသ္မာ၊ ပေ၊ ကတ္တုကာရကတာ—[ပညတ္တိဝသေနပိ၌ အပိဖြင့် ပရမတ္ထဝသေနပိ ဟု ဆည်းပါ၊] "သဒ္ဒါက အမှန်ရှိသော အနက်ကိုမှ ဟောသည်"ဟု ယူလျှင် ထို ဆိုအပ်သော အပြစ်များ ရောက်လာဘွယ် ရှိသောကြောင့် စိတ်ဖြင့်ကြံဆ၍ယူအပ်သော ထင်ရှား မရှိသော ပညတ်အနက်၏ အစွမ်းဖြင့်လည်း သဒ္ဒါ ဖြစ်ပေါ်လာ၏၊ ထင်ရှား ရှိသော ပရမတ္ထတ္ထအနက်၏ အစွမ်းဖြင့်လည်း ဖသော ဝေဒနာ စသော သဒ္ဒါဖြစ်ပေါ်လာ သည်၊ ထို့ကြောင့် "သံယောဂေါ ဇာယတေ" ဟူသော ပြယုဂ်၌ ထင်ရှား မရှိသေးသော သံယောဂသည် ဇာယတေအရ ဖြစ်ခြင်းကြိယာကို ပြီးစေနိုင်သော ကတ္တုသတ္တိ မရှိ သော်လည်း ကတ္တုသတ္တိ ရှိသကဲ့သို့ စိတ်ဖြင့်ကြံစီ၍ ပြောဆို ထားသောကြောင့် " သံ ယောဂေါ"ဟု ကတ္တုကာရက ဖြစ်နိုင်တော့သည်သာ။

ဝေါဟာရ၊ ပေ၊ ဇာတိယာ—"လောက သင်္ကေတ သိဒ္ဓေါပိ" စသော အကျယ်၏ သာမဂ္ဂ ဂါထာတည်း၊ ဝေါဟာရ ဝိသယော သဒ္ဒေါ၌ ဝေါဟာရဟူသည် " ငါ-သူ-ယောကျ်ား-မိန်းမ "စသည်ဖြင့် လူအများတို့ ခေါ်ဝေါ်အပ်သော ပညတ်အနက်တည်း၊ ဝိသယဟူသည် သဒ္ဒါ၏ဖြစ်ရာဌာနတည်း၊ ငါဟူ၍ရင်း-သူ ဟူ၍ရင်း-ယောကျ်ားဟူ၍ရင်း ဤသို့စသည်ဖြင့် ခေါ်ဝေါ်အပ်သော အထည်ဒြပ် ပညတ်အနက်များရှိ၏၊ ယုန်ချို ဟူ၍ ရင်း လိပ်မွေးဟူ၍ရင်း ဤသို့စသည်ဖြင့် ခေါ်ဝေါ်အပ်သော(လောက၌ မရှိသော)ပညတ် အနက်များလည်း ရှိ၏၊ ထိုအနက်များသည် သဒ္ဒါ၏ဖြစ်ရာဟောရာ ဝိသယချည်းတည်း၊ နေကန္တ ပရမတ္ထိကော–တွေ့ထိခြင်းသဘော ခံစားခြင်းသဘော စသော ပရမတ်အနက် များကိုသာ ဟောသည်မဟုတ်၊ "ပရမတ်နက်ကိုလည်း ဟော–ပညတ်အနက်ကိုလည်း ဟောသည်" ဟူလို။

www.dhammaransi.com



ဟူ၍၊ ပဝုစ္စတိ – ဆိုအပ်၏၊ ဟိ – မှန်၏၊ ဗုဒ္ဓိယာ – အသိဉာဏ်ဖြင့်၊ ဂဟိတတ္တာ – ယူအပ်သည်၏ အဖြစ်ကြောင့်၊ သံယောဂေါ ဇာယတေ ဣတိ– "သံယောဂေါ ဇာယတေ"ဟူသော ပြယုဂ်၌၊ သံယောဂေါ–ယှဉ်စပ်ခြင်းသည်၊ ဝိဇ္ဇမာနော ဝ – မရှိသော်လည်း ရှိသကဲ့သို့၊ ဇာတိယာ – ဖြစ်ခြင်းကြိယာ၏၊ ကတ္တာ–ကတ္တားသည်၊ ဘဝတိ–ဖြစ်၏။]

တတြ – ထိုကတ္တား အနက်၌၊ တတိယာ – တတိယာ ဝိဘတ်သက်၊ ဇိနေန – သည်၊ မဂ္ဂေါ – ကို၊ ဒေသိတော – ဟောအပ်ပြီ၊ ဗုဒ္ဓေန – သည်၊ မာရော – မာရ်ကို၊ ဇိတော – အောင်တော်မူအပ်ပြီ၊ အဟိနာ – မြွေသည်၊ နရော – လူကို၊ ဒဋ္ဌော – ကိုက်အပ်ပြီ၊ ဗုဒ္ဓေန–သည်၊ လောကော–သတ္တဝါအပေါင်းကို၊ ဗောဓိတော – သိစေတော်မူအပ်ပြီ၊ သဒ္ဓေဟိ – သဒ္ဓါရှိသူတို့သည်၊ ဝိဟာရော – ကျောင်းကို၊ ကာရိတော–ဆောက်လုပ်စေအပ်ပြီ၊ [သိမ္ဘူ၌ "ကာရိတာ ဝိဟာရော" ဟု ဗဟုဝုစ် ရှိ၏၊] အတိဟိတော - အတိ

ဗုဒ္ဓိယာ ဂဟိတတ္တာ၊ပေ၊ ဇာတိယာ— [ဋီကာ၌"ဝိဇ္ဇမာနောဝိယ"အဖွင့်ထောင်၍ "ဝိဇ္ဇမာနော ဝ"ဟု ရှိ၏ ] "သံယောဂေါ ဇာယတေ"၌ သံယောဂ အရ ယှဉ်စပ်မှုသည် (ယခုမှ ဖြစ်တုန်းဘည်း) ဖြစ်ပြီး မရှိသေး၊ ထိုသို့ မရှိသေးသော်လည်း ရှိသကဲ့သို့ စိတ်ဖြင့် ယူထားခြင်းကြောင့် ရှိသလိုင် ဖြစ်နေတော့သည်၊ ထို့ကြောင့် အမှန်အားဖြင့် မရှိသေးသော သံယောဂ ( ယှဉ်စပ်မှုသည် ) ဇနနကြိယာကို ပြီးစေနိုင်သော ကတ္တားဖြစ်နိုင်လေသည်၊ [ဤသို့လျှင် စောဒကပုဂ္ဂိုလ်က "တကယ်ရှိသော အနက်မှ သဒ္ဒါဟောသင့်သည်"ဟု အာဘော်ထား၍ "သံယောဂေါ ဇာယတေ" ဝယ် သံယောဂေါ ဟူသော ကတ္တား မဖြစ်နိုင်–ဟု စောဒနာ၏၊ ပရိဟာရ ( အဖြေ )ဆရာက သဒ္ဒါဆိုတာ စိတ်ဖြင့် မှတ်ယူထားသော အနက်ကို ( ရှိရှိ မရှိရှိ ) ဟောရသည်–ဟု အာဘော်ပြု၍ မရှိသော သံယောဂကို ရှိသလို ယူထားသောကြောင့် "သံယောဂေါ" ဟူသော ကတ္တား ဖြစ်နိုင်သည်–ဟု ဖြေသည်။

တတြ တတိယာ၊ပေ၊ ဝိဟာရော— "ကတ္တရိစ-ယောကာရေဘိ သကတ္တာ–ယောကာရေဘိ သဟေတု"သုတ်တို့၌ ပြခဲ့သော ကတ္တားကို "တတြ"ဟု ဆိုသည် "ဇိနေန၊ပေ၊ ဒဋ္ဌော နရော"တို့၌ ဇိနေန – ဗုဒ္ဓေန – အဟိနာ တို့သည် မိမိကိုယ်တိုင် ကြိယာကို ပြီးစေရသော သုဒ္ဓကတ္တား များဘည်း၊ ဗုဒ္ဓေန ဗောဓိတော၌ ဗုဒ္ဓေနသည် ( သတ္တဝါတို့ သိခြင်း ကြိယာကို ပြီးစေဖို့ရာ မြတ်စွာဘုရားက ဟောပြော ရသောကြောင့် ) သိစေတတ်သော ဟေတုကတ္တားတည်း၊ သဒ္ဓေဟိသည်း ( ကျောင်းကို ဆောက်လုပ်စေရာ၌ လက်သမားတို့က ဆောက်ခြင်းကြိယာကို ကိုယ်တိုင် ပြီးစေရ၍ သဒ္ဓါရှိသူတို့က ပြီးအောင် စေခိုင်းရသောကြောင့်) ဟေတုကတ္တားပင်တည်း၊ [ဋီကာ၌ "ကတ္တရိဘိ သုဒ္ဓကတ္တရိ"ဟု ဖွင့်သည်ကို ဆင်ခြင်, ပါဠိပျက်နေဟန်ဘူသည်။]

ဟိတကတ္တား၌၊ န ဘဝတိ-တတိယာဝိဘတ် မဖြစ်၊ ဒေဝဒတ္တော- သည်၊ ကဋံ-ကို၊ ကရောတိ-ယက်၏၊ ဝါ-တနည်း၊ ကာရေတိ-ယက်စေ၏။

ဇဋ္ဌမုဏ္ဍုဘာသ- တစုံတခု ထူးခြားချက်သို့၊ ရောက်သူကို၊ လက္ခဏော- မှတ်ကြောင်း အနက်၌၊ ( ဥဒါဟရဏံ-ကား၊ ) သာ-ထို ကာဠီမည်သော ကျွန်မသည်၊ ဘိန္နေန-ကွဲသော၊ သီသေန-ဦးခေါင်းဖြင့်၊ ပဃရန္တေန-ယိုစီးသော၊ လောဟိတေန-သွေးဖြင့်၊ ပဋိဝိသကာနံ-အိမ်နီးချင်းတို့သည်၊ ဝါ- တို့ကို၊ ဥဇ္ဈာပေတိ - ကဲ့ရဲ့စေ၏၊ ဥပနိဗန္ဓနေန - ယုတ်လျော့သော ငါးဖွဲ့ရှိသော၊ ပတ္တေန-သပိတ်ဖြင့်၊ အညံ-အခြားသော၊ နဝံပတ္တံ-သပိတ်

အဘိဟိတေ န ဘဝတိ— "ဒေဝဒတ္တော ကဋံ ကရောတိ" ၌ ဒေဝဒတ္တော ဟူသော သုဒ္ဓကတ္တား, "ယညဒတ္တော ဒေဝဒတ္တံ ကဋံ ကာရေတိ" ၌ ယညဒတ္တော ဟူသော ဟေတုကတ္တားများသည် ဝုတ္တကတ္တား ဖြစ်သောကြောင့် တတိယာ မသက်ရ, ပဌမာဝိဘတ်နှင့် နေကြရသည်၊ တတိယာ မသက်ရသော်လည်း " ယောဂကရောတိ သကတ္တာ " သုတ်ဖြင့် ကတ္တား အမည်ကား မှည့်နိုင်သည်သာ၊ [ " သုဒ္ဓါဘာဘိဿ ပစ္စာယောဂေ " ဟူသော သမ္ပဒါန်ခဏ်း၌ ဘဂဝါကို ကတ္တားမှည့်ပုံထောက်ပါ။ ]

ဇဋ္ဌမုဏ္ဍိတဿ လက္ခဏေ—၌ "ဇဋ္ဌမုဏ္ဍုဘာသ လက္ခဏေ" စသည်ကား ကတ္တရိစ သုတ်၌ စသဒ္ဒါဖြင့် သက်ရသော အနက်များ၏ ဥဒါဟရဏ်ကို ပြသော စကားတည်း၊ သူတပါးထက် ထူးခြားချက်သို့ ရောက်သူကို " ဇဋ္ဌမုဏ္ဍိတ "၊ ထို ဇဋ္ဌမုဏ္ဍိတ ဖြစ်သူကို မှတ်သားကြောင်း ဖြစ်သော ထူးခြားသော အမှတ်အသားသည် "ဇဋ္ဌမုဏ္ဍိတ လက္ခဏ" မည်၏၊ သေဋ္ဌေးကတော် တယောက်၌ ကာဠီမည်သော ကျွန်မ ရှိ၏၊ ကျွန်မသည် အလုပ်ကို မှန်ကန်စွာ လုပ်သဖြင့် သေဋ္ဌေးကတော် မပြောဆို မပြည်ရသောကြောင့် "သေဋ္ဌေးကတော် သဘောပြည့်သသည်"ဟု အရပ်ထည်း၌ နာမည်ကောင်း ထွက်နေ၏၊ ထို အကြောင်းကို ကာဠီ ကြား၍ " ငါကောင်းလို့ သူကောင်းတာလား, သူ့ကိုယ်က ကောင်းလို့ ကောင်းတာလား"ဟု စမ်းသပ်လို၍ အိပ်ရာထချိန် မထဘဲ ၃ ရက်လောက် အရွဲ့တိုက်နေရာ , ရှေ့ ၂ ရက်၌ ခတ်ထန်ထန်ပြော , နောက်ဆုံးရက်၌ ကျည်ပွေ့ဖြင့် ဦးခေါင်း ချလေသော် ဦးခေါင်းကွဲ၍ သွေးဘွေ ယိုစီးလာလေသည်၊ ကာဠီသည် ထို ကွဲသော ဦးခေါင်း ယိုစီးသော သွေးများဖြင့် အိမ်နီးချင်းတို့ကို သေဋ္ဌေးကတော်အား အထင်သေး အမြင်သေး ဖြစ်ကြလေအောင် "ကြည့်ကြပါဦး အရပ်ကတို့"ဟု အော်ပြီး ပြောလေသည်၊ ဤ၌ ဦးခေါင်းကွဲနေခြင်း သွေးတွေ ယိုစီးနေခြင်းသည် ကာဠီ၏ ပကတိ အနေထက် ထူးခြားသောကြောင့် ဇဋ္ဌတည်း၊ ထို ဇဋ္ဌသို့ ရောက်နေသော ကာဠီသည် ဇဋ္ဌမုဏ္ဍိတတည်း၊ ကွဲနေသော ဦးခေါင်း ယိုသော သွေးများကား ( " ခေါင်းကွဲကြီးနဲ့, ကာဠီ, သွေးတွေ ယိုနေတဲ့ ကာဠီ " ဟု ) ကာဠီကို မှတ်သားကြောင်း ဖြစ်သောကြောင့် ဇဋ္ဌမုဏ္ဍိတ လက္ခဏတည်း၊ ထိုဇဋ္ဌမုဏ္ဍိတ လက္ခဏ အနက်၌ ကတ္တရိစသုတ်၏ စသဒ္ဒါဖြင့် တတိယာ သက်ရသည်။

www.dhammaransi.com



သစ်ကို၊ စေတာပေယျ - တောင်းအုံ့၊ တိဒဏ္ဍကေန - အလံဖျားဝယ် ကြိုး ၃ ချောင်း အမှတ်ပါသော တောင်ဝှေးဖြင့်၊ (ဥပသင်္ကမိတံ - မှတ်သား အပ်သော၊) ပရိဗ္ဗာဇကံ - ပရိဗ္ဗိုဇ်ကို၊ အဒ္ဒက္ခိ - မြင်ပြီ၊

အာပဏ္ဏေ - အပဏ္ဏအနက်၌၊ (ဥဒါဟရဏံ-ကား၊) ဒွိဘာဝဟာနော-တရက်ချဉ်းဖြင့်သာ၊ ဗာရာဏသိယံ - ဗာရာဏသီ မြို့သို့၊ ပါယာသိ-အရောက်သွားပြီ၊ နဝဟိမာသေဟိ - ၉ လတို့ဖြင့်၊ ဝိဘာရံ- ကျောင်းကို၊

ဥ၊န ပဥ္စမန္တနေန ပဏ္ဏေန — ရဟန်းထုံးစံမှာ မြေသပိတ်၌ အက်ကြောင်း ကွဲလာလျှင် ၂လက်မလောက်နေရာ၌ စူးဖြင့် အက်ကြောင်း ၂ ဘက်ဖေါက်၍ ခဲကြိုး စသည်ဖြင့် (နောက်ထပ် မအက်အောင်)ဖွဲ့တုပ်ထားရ၏၊ ထိုသို့အက်တိုင်း ၂ လက်မ တဖွဲ့-ဖွဲ့တုပ်၍ ၅ဖွဲ့ ပြည့်သည့်အခါ သပိတ် အသစ်သို့ တောင်းဘောင်း ပြီ၊ ၅ဖွဲ့ မပြည့်သေးဘဲတောင်းလျှင်ကား ရဟန်းထုံးစံထက် ထူးခြားသောကြောင့် အာပတ်သင့်၏၊ ဤ၌ သပိတ်၏ ၅ဖွဲ့ မပြည့်သေးခြင်းသည် ဇုဏ္ဏ, ထို ဇုဏ္ဏသို့ ရောက်သူ သပိတ်ရှင် ရဟန်းသည် ဇုဏ္ဏနိမ္မိတ, ငါးဖွဲ့ မပြည့်သေးသော သပိတ်ကား ထိုရဟန်းထူးကို မှတ်ကြောင်း ဖြစ်၍ ဇုဏ္ဏနိမ္မိတလက္ခဏတည်း။

တိဒဏ္ဍကေန ပရိဗ္ဗာဇကံ — ရသေ့ ပရိဗ္ဗိုဇ်ဘို့၌ ရေခံလေ ချာအရပ်ဝယ် ရေကသား တင်ဘို့ရာ (တခုနှင့်တခု ဆက်သွယ်ထားသော) တုတ် ၃ချောင်းရှိ၏၊ ထို တုတ် ၃ချောင်းကို တိဒဏ္ဍက ဟု ခေါ်သတတ်၊ ၃ ချောင်းထောက် ခွေးခြေ ကိုပင် တိဒဏ္ဍ က ဟုလည်း ခေါ်ကြသေး၏၊ ထို ၂မျိုးလုံးပင် ပရိဗ္ဗိုဇ် အားလုံးနှင့် ဆက်ဆံ၍ ထူးခြားသော အမှတ်အသား မဟုတ်သောကြောင့် ဤနေရာ၌ လိုမည် မထင်၊ "ဝေဏုဝေန တိဒဏ္ဍေန, န တိဒဏ္ဍီဘိ ကထျတေ = ဝါးဖြင့် လုပ်အပ်သော တိဒဏ္ဍ တောင်ဝှေးဖြင့် တိဒဏ္ဍီ ဟု မဆိုအပ်"ဟူသော ယတိဓမ္မသင်္ဂဟကျမ်း၌ကား ဝါးတောင်ဝှေးဖျားဝယ် အလံသဘွယ် အဝတ်စည်း၍ ထိုအဝတ်၌ ကြိုး ၃ ခု အမှတ်အသား ပါသော တောင်ဝှေးကို တိဒဏ္ဍဟု ခေါ်၏၊ ထိုတိဒဏ္ဍမျိုးကို ရသေ့ပရိဗ္ဗိုဇ်တိုင်း မကိုင်ကြ "ဒဏ္ဍီ သွာမိ=တောင်ဝှေးဆောင်သခင်ကြီး"ခေါ်သော အချို့ရသေ့များသာ ကိုင်ကြ၏၊ ထို့ကြောင့် ဤနောက်နည်းသာ ဤ ဇုဏ္ဏနိမ္မိတ အရာနှင့် သင့်သည်၊ တောင်ဝှေးဖျား၌ ထူးခြားသော ကြိုး ၃ ချောင်း အမှတ်အသားပါသော တောင်ဝှေးကို ကိုင်ဆောင်ခြင်းသည် ဇုဏ္ဏ, ပရိဗ္ဗိုဇ်ရသေ့သည် ဇုဏ္ဏနိမ္မိတ, ကြိုး ၃ ချောင်း ပါသော တောင်ဝှေးကား "ဒဏ္ဍီ သွာမိ" ပရိဗ္ဗိုဇ် ဟု မှတ်သားကြောင်းဖြစ်၍ ဇုဏ္ဏနိမ္မိတလက္ခဏ တည်း၊ "ရွှေမျက်မှန်နဲ့ ကိုယ်တော်, သင်္ကန်းနီကြီးနဲ့ ဘုန်းကြီး" စသည်ကိုလည်း ဇုဏ္ဏနိမ္မိတလက္ခဏ ဟု ချည်းမှတ်။

အပဝဂ္ဂေ ၊ပေ၊ ပရိနိဋ္ဌာပနံ—အပ ပုဗ္ဗ ဝဇ္ဇဓာတ် ဏာပစ္စည်းဖြင့် ပြီးသော အပဝဂ္ဂ သဒ္ဒါသည် "ဒါန အနက်–မောက္ခ (နိဗ္ဗာန်) အနက်–ဖလသာဓနေ (အကျိုးပြီးစေခြင်း) အနက်-သမတ္တ (ပြီးဆုံးခြင်း) အနက်များကို ဟော၏" ဟု ထောမနိဓိ အဘိဓာန် ဆို၏၊ ထိုတွင် "ကြိယာယ ပရိနိဋ္ဌာပနံ=ကြိယာကို ပြီးစေခြင်းသည် ကြိယာဝဂ္ဂမည်၏" ဟူသော

www.dhammaransi.com



နိဋ္ဌာပေသိ-ပြီးစေပြီ၊ ယောဇနေန-တယူဇနာဖြင့် ဋ္ဌိတံ-တည်၏၊ ကြိယာ ပဝဂ္ဂေါတိ - ကြိယာအပဝဂ္ဂ ဟူသည်၊ ကြိယာယ – ကြိယာကို၊ အာသုံ-လျင်မြန်စွာ၊ ပရိနိဋ္ဌာပနံ ပြီးစေခြင်းတည်း၊

ပုဗ္ဗာဒိယောဂေ – ပုဗ္ဗ အစရှိသည်တို့နှင့် ယှဉ်ရာ၌၊ (ဥဒါဟရဏံ)၊ မာသေန-တလဖြင့်၊ ပုဗ္ဗော- ရှေးကျသူ၊ ပိတရာ - နှင့်၊ သဒိသော–ဘူသူ၊ မာတရာ – နှင့်၊ သမော – တူသူ၊ ကဟာပဏေန – တကျပ်ဖြင့်၊ ဉူနော–ယုတ်လျော့သောငွေ၊ ဓနေန – ဥစ္စာဖြင့်၊ ဝိကလော-ချို့တဲ့သူ၊ အသိနာ–

စကားသည် ဖလသာဓနေ အနက် သမတ္တ အနက်ကို ပြသော စကားတည်း၊ ထိုစကား၌ “ အာသုံ–လျင်စွာ ပြီးစေခြင်း ” ဟု အာသုံ သဒ္ဒါကို ထည့်ထားခြင်းသည် အပဝဂ္ဂ၏ အနက်ပြမဟုတ်၊ “ ဧကာဟေနဝ ပါယာသိ= (အကြာကြီး မသွားရဘဲ) နေ့ချင်းပေါက် အရောက်သွား၏ ” စသည်ကို ထောက်၍ “ မြန်မြန်ပြီးစေခြင်း ” ဟု ဖွင့်ဟန် တူသည်၊ အမှန်မှာ — ကြာသည် ဖြစ်စေ မြန်သည် ဖြစ်စေ အလုပ်၏ ပြီးစီးကြောင်းကို ပြလျှင် “ ဖလသာဓနေ ” အနက်, တနည်း– “ သမတ္တ ” အနက်ရှိသော ကြိယာပဝဂ္ဂပင်တည်း၊ ထို့ကြောင့် မောဂ္ဂလ္လာန်၌ အာသုံသဒ္ဒါ မထည့်ဘဲ “ဖလာပတ္တိယံ- အကျိုးရခြင်းသည်၊ (သတိ-ရှိသော်၊ ) ကြိယာပရိသမတ္တိ- ကြိယာ၏ ပြီးခြင်းသည်၊ အပဝဂ္ဂေါ–မည်၏”ဟု မိန့်သည်၊ ကြိယံ-အကျိုးကြိယာကို၊ အပဝဇ္ဇေတိ-ပြီးစေတတ်၏၊ ဣတိ–ကြောင့်၊ ကြိယာ ပဝဂ္ဂေါ–မည်၏။

ဧကာဟေနဝ ပါယာသိ၌ ဧကာဟေနဝသည် ကြိယာ အမြန် ပြီးစီးနိုင်ခြင်းကို ပြသော ကြိယာပဝဂ္ဂဘည်း၊ “နဝဟိမာသေဟိ”ကား“အာသုံ ပရိနိဋ္ဌာပနံ”ဟု ဖွင့်သော ရူပသိဒ္ဓိအလို လျင်စွာ ပြီးစေပုံကို ပြသော စကား ဟု ဆိုလိုဟန် တူသော်လည်း ၉ လ ကြာအောင် ဆောက်နေရလျှင် မြန်သည် ဟု မဆိုသာ, နှေးပင် နှေးသေး၏၊ ထို့ကြောင့် ဆောက်လုပ်ခြင်းကိစ္စ (ရည်ရွယ်ရင်းအကျိုး) ပြီးစေပုံကို ပြသော ကြိယာပဝဂ္ဂ ဟုမှတ်၊ “ဒွေမို တီဟိ သံဝစ္ဆရေဟိ ဝိဟာရကမ္မံ နိဋ္ဌာပေသိ=ဒွေမို လူဘို့စွမ်းနိုင်ရာကိုလူတို့ကလုပ် လူဘို့ မစွမ်းနိုင်ရာကို အရှင်ဓနဂုတ္တထေရ်က တန်ခိုးဖြင့် ပြုလုပ်ပါသော်လည်း၊ တီဟိ သံဝစ္ဆရေဟိ-၃ နှစ်တို့ဖြင့်၊ ဝါ- ၃ နှစ်တောင်ကြာမှ၊ ဝိဟာရကမ္မံ-ဓမ္မာသောကမင်း၏ ကျောင်းတော်ကြီး ဆောက်လုပ်မှုကို၊ နိဋ္ဌာပေသိ ပြီးစေပြီ” ဤ၌ ကြိယာပြီးပုံ မမြန်ရုံသာ မက, နှေးပင်နှေးသေး၏၊ သို့သော် တီဟိ သံဝစ္ဆရေဟိသည် ကြိယာပဝဂ္ဂပင်၊ ယောဇနေန ဋ္ဌိတံ၌ ယောဇနေနကား (ရည်ရွယ်အပ်သော တည်ခြင်းကြိယာ အကျိုးပြီးပုံကိုပြသော) ကြိယာ ပဝဂ္ဂဘည်း၊ ဤပုံသုက်ကိုကြည့်၍ မိမိ လိုအပ်သော အကျိုးပြီးကြောင်းကို ပြရာ၌ ကာလအနက် အဓွန့်(ခရီး) အနက်များကို ဟောသော သဒ္ဒါနောင် အပဝဂ္ဂ အနက်၌ တတိယာသက်သည်-ဟု မှတ်။

ပုဗ္ဗာဒိယောဂေ၊ပေ၊ပိတရာ တုလျော— ကစ္စာရိစသုတ်ဝယ် ကြိယာပဝဂ္ဂနောက်၌ သဒိသမှ စ၍ သခိလတ္ထာဒိ ယောဂေ တိုင်အောင် ပြအပ်သမျှ ပုဒ်စုကို ပုဗ္ဗာဒိ၌ အာဒိဖြင့်

www.dhammaransi.com



သံလျက်ဖြင့်၊ ကလဟော - ငြင်းခုံခြင်း၊ အာစာရေန - အကျင့်ဖြင့်၊ နိပုဏော - သိမ်မွေ့သူ၊ ဝါစာယ-စကားဖြင့်၊ နိပုဏော၊ ဂုဠ္ဓေန-တင်လဲနှင့်၊ မိသကံ-ရောအပ်သောအစာ၊ တိလေန-နှမ်းနှင့်၊ မိသကံ၊ ဝါစာယ-ဖြင့်၊ သခိလော- ပြေပြစ်သူ၊ မဏိနာ - ပတ္တမြားဖြင့်၊ အဋ္ဌော- အလိုရှိ၏၊ ဓနေန အဋ္ဌော၊ ပိတရာ-နှင့်၊ တုလျော-တူသူ။

ကာလဒ္ဓါနေသု - ကာလအခွန့်တို့၌၊ (ဥဒါဟရဏံ) မာသေန - ဖြင့်၊ ဘုဉ္ဇတိ-စား၏၊ယောဇနေန-တယူဇနာဖြင့်၊ ဂစ္ဆတိ-သွား၏၊ပဉ္စတ္တဧဿ-ပဉ္စမာဝိဘတ်၏အနက်၌၊(ဥဒါဟရဏံ)၊ အတ္တနာဝ-မိမိသည်ပင်၊ အတ္တာနံ-မိမိကို၊ သမ္မန္နတိ-သမုတ်၏၊....ကမ္မဧဿ-၌၊ (ဥဒါဟရဏံ)၊ တိလေဟိ-နှမ်းတို့ကို၊ ခေတ္တံ-လယ်၌၊ဝပတိ- စိုက်၏၊ပဉ္စမိယဧဿ-၌၊(ဥဒါဟရဏံ)၊ မယံ-ငါတို့သည်၊ တေန မဟာသမဏေန- ထိုရဟန်းကြီးမှ၊ သုမုတ္တာ-ကောင်းစွာ လွတ်ကြရကုန်ပြီ၊

(၂၉၆) သဟာဒိယောဂေစ ၊ ၂၈၇ ၊ သဟ၊ပေါင်မိစ္ဆဝမာဒိဟိ- သဟ , သဒ္ဓိံ , သမံ, နာနာ, ဝိနာ, အလံ, ကိံ , ဤသို့ အစရှိသော နိပါတ်

ယှဉ်၊ ပုံစံကိုလည်း ထို အစဉ်အတိုင်း"ဓနေန အဋ္ဌော"ဟု အဋ္ဌနှင့် ယှဉ်ဘက်တိုင်အောင် ထုတ်ပြီး၍ သံခိလဏ္ဍာဒိ၌ အာဒိအရ " ပိတရာ တုလျော " ဟု တုလျ၏ ယှဉ်ဘက်ကို ပြထားသည်၊ ဤ ပုံစံများဝယ် "ပိတရာ သဒိသော"စသည်ဖြင့် သဒိသ-သမ-မိဿက- တုလျတို့၏ ယှဉ်ဘက်များ၌ " နှင့် " ဟု အနက်ပေးရသောကြောင့် သဟာဒိယောဂေစ သုတ်အရာဟု မှတ်ထင်ဘွယ် ရှိ၏၊ သို့သော် သဟာဒိယောဂေစ သုတ်၌ သဟာဒိဝယ် အာဒိဖြင့် နိပါတ်များကိုသာ ယူမည်ဖြစ်သောကြောင့် ဤ ကတ္တရိစ၌ စသဒ္ဒါဖြင့် ( နှင့်— ပေးရသော်လည်း ) သဒိသ စသည်တို့၏ ယှဉ်ဘက်များကို ယူထားသည်။

ကာလဒ္ဓါနေသု—ကာလအနက်၌ ခရီးအခွန့်ဟူသော အနက်တို့၌ (အစ္စန္တသံယောဂ မဟုတ်လျှင်) ဤ ကတ္တရိစသုတ်၏ စသဒ္ဒါဖြင့် တတိယာသက်၏၊ (ဆေးတခုကိုစားရာ၌) " တလဖြင့် စားသည် " စသော အရာ, ( ခရီးသွားရာ၌ တနေ့လျှင် ) " တယူဇနာကျ သွားသည်"စသည်ဖြင့် သုံးစွဲရာ၌"မာသေန ဘုဉ္ဇတိ, ယောဇနေန ဂစ္ဆတိ"ပုံစံများဖြစ်၏။

ပဉ္စတ္တဧဿ—"အတ္တနာ-မိမိသည်"ဟု ပေးရသောကြောင့် ပဉ္စမာအနက်၌ နာဝိဘတ် သက်သည် ဟု ဆိုသည်၊ သို့သော် " ထေရော ဝိနယံ ပုစ္ဆိတဗ္ဗာယ အတ္တနာဝ အတ္တာနံ သမ္မန္နိ" ဟူသော အဋ္ဌကထာတို့၌ " ထေရော " ဟု ကတ္တားပုဒ် ပါပြီး ဖြစ်သောကြောင့် အတ္တနာ၌ နာသည် တတိယာ ဝိသေသန အနက်ဟောသာ, " အတ္တနာဝ – ကိုယ်တိုင် သာလျှင်"ဟု အနက်ပေးရမည် ဟု သီလက္ခန် ဋီကာသစ်ဖွင့်သည်၊ [ ကမ္မတ္ထ ပဉ္စမိယတ္ထ ပုံစံများ ထင်ရှားပြီ။]

www.dhammaransi.com



တို့နှင့်၊ ယောဂေ - ယှဉ်ခြင်းသည်၊ (သတိ) လိင်္ဂဖြာ တတိယာဝိဘတ္တိ ဟောသတိ၊ စသဒ္ဒေန - ဖြင့်၊ သဟာသဒ္ဒတ္ထယောဂေပိ - သဟာသဒ္ဒါ၏ အနက်နှင့် ယှဉ်ရာ၌လည်း၊ (တတိယာဝိဘတ္တိ ဟောသတိ)၊ တတ္ထ - ထို သဟအစရှိသည်တို့တွင်၊ သဟသဒ္ဒေန-နှင့်၊ ယောဂေါ-ယှဉ်ခြင်းသည်၊ ကြိယာ ဂုဏ ဒဗ္ဗ သမဝါယေ - ကြိယာ, ဂုဏ်, ဒြပ်တို့နှင့် အညီအမျှ ဖြစ်ရာ၌၊ သမ္ဘဝတိ - ဖြစ်၏၊ ယထာ - ကား၊ ပိတာပုတ္တေန သဟ ၊ ပေ ၊ လာဘော - တည်း၊ [ ပိတက်နှင့် တကွဖြစ်၏၊ သားနှင့် အတူ၊ (ပိတာ-အဘသည်၊) ဝ၏၊ အဇ္ဈေဝါသိက ဘပည့်, သဒ္ဓိဝိဟာရိက တပည့် တို့နှင့်တကွ ဆရာဥပဇ္ဈာယ်တို့၏ လာဘ်ဖြစ်၏။ ]

(၂၉၆) သဟ သဒ္ဒိ ၊ ပေ ၊ သဟတ္ထယောဂေပိ— သဒ္ဒိ သမံ၊ပေ၊ကိံတိုကား သဟာဒိ၌ အာဒိဖြင့် ယူရသော ပုဒ်တို့တည်း၊ ထို ပုဒ်အားလုံးပင် နိပါတ်ချည်း ဖြစ်သော ကြောင့်ရင်း , သဒိသ မိဿက တုလျ စသော နာမ်ပုဒ်တို့ကို ကတ္တုရိစ၌ စဖြင့် ယူခဲ့သော ကြောင့်ရင်း ဤ သဟာဒိအရ သဟနှင့် နိပါတ်ချင်း တူသော ပုဒ်များကိုသာ ယူလိုဟန် တူသည်၊ "စသဒ္ဒေန သဟတ္ထေပိ" ဟု မြန်မာမူ၌ရှိ၏၊ "သဟာသဒ္ဒဿ- သဟ သဒ္ဒါ၏၊ အတ္ထေန-"တကွ" ဟု ပေးရသော အနက်နှင့်၊ ယောဂေါ-ယှဉ်ခြင်းသည်၊ သဟ သဒ္ဒတ္ထ ယောဂေါ-မည်၏" ဟု ဋီကာ ဖွင့်သောကြောင့် " သဟာသဒ္ဒတ္ထယောဂေပိ " ဟု ရှိသော သီဟိုဠ်မူသာ မှန်သည်၊ ပုံစံ၌ ထင်ရှားလေတံ့။

သဟ သဒ္ဒေန ၊ ပေ ၊ သမ္ဘဝတိ—"သမံ-အညီအမျှ၊ ဝိသေသေန-အတူးအားဖြင့်၊ အယနံ-ဖြစ်ခြင်း" ဟူသည်နှင့် အညီ, ကြိယာ-ဂုဏ်-ဒြပ်-တို့တွင် တခုခုအားဖြင့် ညီတူ ညီမျှ ဖြစ်ခြင်းကို "သမဝါယ" ဟု ခေါ်၏၊ [ ဝိပုဗ္ဗ ဣဓာတ် ဏပစ္စည်း, ဣကို ဧဝုဒ္ဓိ, ဧကို အာယပြု၍"ဝါယ"ဟု ဖြစ်သည်၊ ] ကြိယာ သမဝါယ, ဂုဏ သမဝါယ,ဒဗ္ဗ သမဝါယ ဟု ၃ မျိုးရှိ၏၊ "နှင့်"ဟု အနက်ပေးရတိုင်း သမဝါယ မဟုတ်, သဟသဒ္ဒါပါသော အရာ၌ သာ သမဝါယ ဖြစ်သည်၊ ထို့ကြောင့် " သဟာသဒ္ဒေန ယောဂေါ ကိရိယာ ဂုဏ ဒဗ္ဗ သမဝါယေ သမ္ဘဝတိ=ကြိယာ ဂုဏ ဒဗ္ဗ သမဝါယဖြစ်ရာ၌သာ သဟသဒ္ဒါနှင့် ယှဉ်နိုင် (သဟသဒ္ဒါကို အသုံးပြုနိုင်) သည်"ဟု မိန့်သည်၊ ဤ စကားအရ-သဒ္ဓိံ-ဝိနာ စသည်တို့ ယှဉ်ရာဝယ် သမဝါယဖြစ်-မဖြစ်ကို စိစစ်ဘွယ်မလို၊"သမဝါယဖြစ်သည်လည်း ရှိ,မဖြစ် သည်လည်း ရှိ၏"ဟု ဆိုလိုသည်။

ပိတာပုတ္တေန ၊ ပေ ၊ လာဘော— ပိတာရ သော တရားစုဏ် ဖြစ်ခြင်းနှင့် ပိတက်၏ ဖြစ်ခြင်းသည် ညီဘူ,ညီမ တကွဖြစ်သောကြောင့် ဖြစ်ခြင်း ကြိယာအားဖြင့် ညီမျှရကား "ပိတာပုတ္တေန သဟ ဝဍ္ဎတိ" သည် ကြိယာသမဝါယတည်း၊ [ "ဝသည်-ပိန်သည်-လှသည်-အရုပ်ဆိုးသည်" စသည့်တို့သည် အထူးပြုသော ဝိသေသန ဂုဏ်ချည်းတည်း၊ ] အဘနှင့် သား၏ အဝဂုဏ်သည် (အဘလည်း ဝ, သားလည်း ဝ၍) တူမျှသောကြောင့်

www.dhammaransi.com



ဘဂ္ဂဝါ-သည့်၊ ဘိက္ခုသံဃေန- ရဟန်းအပေါင်းနှင့်၊ သဒ္ဓိံ-အတူ၊ နိသိန္နော-ထိုင်တော်မူပြီ၊ သဟသေနႋ- တထောင်နှင့်၊ သမံ-အမျှ၊ ပိတာ-နှင်းယှဉ်အပ်ကုန်၏၊ မေ-ငါ၏၊ သဗ္ဗေဟိ-ကုန်သော၊ ပိယေဟိ-ချစ်အပ်ကုန်သော၊ မနာပေဟိ - မြတ်နိုးအပ်သူတို့နှင့်၊ နာနာဘာဝေါ- ကိုယ်အားဖြင့် တသီးတခြား ဖြစ်ရခြင်းသည်၊ ဝါ-ရှင်ကွဲ ကွဲရခြင်းသည်၊ ဝိနာဘာဝေါ- သေခြင်းအားဖြင့် ကင်း၍ဖြစ်ရခြင်းသည်၊ ဝါ - သေကွဲ ကွဲရခြင်းသည်၊ (ဟောတိ - ဖြစ်၏၊) သံဃော - သံဃာသည်၊ ဂစ္ဆေန - ဂဋ ရဟန်းရှုးနှင့်၊ ဝိနာပိ-ကင်း၍လည်း၊ ဥပေါသထံ-ဥပုသ်ကို၊ ကရေယျ-ပြုကောင်း၏၊ တေ-သင်၏၊ ဣဓ - ဤကျောင်း၌၊ ဝါသေန - နေခြင်းဖြင့်၊ အလံ- အကျိုးမရှိ၊ ထာမဒဿိနာ-ကိုယ့်အစွမ်းကိုမြင်သေး၊ ဝါ - ကိုယ့်အစွမ်းကို မြင်ပါလျက်၊ ဧကေန-တယောက်ထည်းသည်၊ (ဟုတွာ-၍၊) တိဏ္ဏေန-သံသရာရေအယဉ်မှကူးသော၊ ပုရိသေန-ယောကျ်ားဖြင့်၊မေ-အား၊ကိံ-အဘယ်အကျိုးရှိအံ့နည်း၊ဒုမ္မေဓ-ပညာမရှိသော ဟာယ်ရသော့၊ တေ-သင်အား၊ ဝါ- သင့်၏၊ ဓဥ္ဇာဟိ - ဆံကျစ်တို့ဖြင့်၊ ကိံ - ဘာလုပ်အံ့နည်း၊ တေ-အား၊ ဝါ-၏၊ အဇိနသာဋိယာ-သစ်နက်ရေ အဝတ်ဖြင့်၊ ကိံ-ဘာလုပ်အံ့နည်း၊ သဟာသဒ္ဒယုတ္တယောဂေ- သဟာသဒ္ဒါ၏ အနက်နှင့်

ပုဗ္ဗေန သဟ ထူသော (ပိတာ) သည် ဂုဏသမဝါယ တည်း၊ [ ဆွမ်း သက်န်း စသော လာဘ်များသည် အထည်ဝတ္ထုခြင်များတည်း၊] အန္တေဝါသိက တပည့် သဒ္ဓိဝိဟာရိက တပည့်တို့မှာလည်း လာဘ်ပေါများကြ, ဆရာဥပဇ္ဈာယ်တို့ မှာလည်း လာဘ် ပေါများ ကြသဖြင့် လာဘ်ချင်း တူမျှသောကြောင့် " အန္တေဝါသိက သဒ္ဓိဝိဟာရိကေဟိ သဟ အာစရိယုပဇ္ဈာယာနံ လာဘော " သည် ဒဗ္ဗ သမဝါယတည်း၊ ဤသဟ နှင့်ယှဉ်ရာဝယ် သဟာသဒ္ဒါက ရှေ့နေမှု ပဥ္စမီ သတ္တမီ ဝိဘတ်များလည်း သက်၏၊ ပုံစံကား— "သဟ+ပရိနိဗ္ဗာနာ=ပရိနိဗ္ဗာန် စံသည်ဖြင့် တပြိုင်နက်၊ သဟ+သစ္စေ=သစ္စာပြုသည်နှင့် တပြိုင်နက်" စသည်။

နိသိန္နော ဘဂဝါ၊ပေ၊အဇိန သာဋိယာ—ဋင်းတို့ကား သဟာဒိမည်သော သဒ္ဒံအစကိံအဆုံးရှိသော ပုဒ်တို့နှင့် ယှဉ်ရာ (သဟာဒိယောဂ) ၌ တတိယာ သက်ပုံတည်း၊ ထိုပုံစံများဝယ် "အလံ တေ ဣဓ ဝါသေန" စသည်ကား " နှင့် " ဟု မပေးရ၊ " ဖြင့် " ဟု ပေးရသော ပုံစံများတည်း၊ "ဖြင့်" ဟု ဝိသေသန အနက်ပေးရသော်သည်း သဟာဒိ၌ အာဒိဖြင့် "အလံ"စသည်တို့ကို ယူထားသောကြောင့် သဟာဒိ ယောဂေစ သုတ်ဖြင့်ပင် တတိယာ သက်ရတော့သည်၊ ကိံ မေ ဧကေန တိဏ္ဏေန ပုရိသေနကို မူလဋီကာအဖွင့် မစုဋီကာက် မှီး၍ အနက်ပေးထားသည်၊ "ကိုယ့်အစွမ်းကို မြင်သော ယောကျ်ားမှန်လျှင် တယောက်ထည်း မကူးထိုက်၊ ကိုယ့်အစွမ်းကို မြင်ပါလျက် တယောက်ထည်း ကူးသော

www.dhammaransi.com



ယှဉ်ရာ၌၊ (ဥဒါဟရဏံ-ကား၊) ဒေဝဒတ္တော-သည်၊ ပဏ္ဍာသမဏောန-နောက်လိုက်ရဟန်းဖြစ်သော၊ ကောကာလိကေန-ကောကာလိကနှင့်တကွ၊ ရာဇဂဟံ-ရာဇဂြိုဟ်မြို့သို့၊ ပါဝိသိ-ဝင်ပြီ၊ ဗာလေဟိ-လူမိုက်တို့နှင့်၊ သံဝါသော-တကွနေရခြင်းသည်၊ ဒုက္ခော-ဆင်းရဲကြောင်းတည်း။

(၂၉၇) ပေ်ာတွဒ္ဓေ၊ ၂၈၉၊ [ယောဂဂ္ဂဟဏံ-ယောဂသဒ္ဒါသည်၊ ဣဟ-ဤသုတ်သို့၊ (သိဟိုဠ်မူ၌ "ဠှမ" ရှိ၏) အနုဝတ္တတေ၊ (သဟာဒိယောဂေစသုတ်မှ လိုက်သည်-ဟူလို၊)] ပေ်ာတွဒ္ဓေစ-ဟိတ် အနက်၌ ၎င်း၊ ပေ်ာတွဒ္ဓပ္ပယောဂေစ-ဟိတ်အနက်ရှိသော သဒ္ဒါတို့နှင့် ယှဉ်ရာ၌ ၎င်း၊ လိင်မှာ တတိယာဝိဘတ်ဖြစ် ဟောတိ၊ ကိံသိဒ္ဓိဖလေ-တပုံတခုသော အကျိုး၌၊ ဒိဋ္ဌသာမညံ-ယံ-မြင်အပ်သော အစွမ်းသတ္တိရှိသော၊ ကာရဏံ-အကြောင်းသည်၊ ဟေတု-ဟိတ်မည်၏၊ သောယေဝ-ထိုဟိတ်သည်ပင်၊

ယောကျ်ားမျိုးဖြင့် ငါ့မှာ ဘာအကျိုး ရှိတော့မည်လဲ" ဟု ကိုယ့်ကိုယ် ကိုပင် အခြား ယောကျ်ားကဲ့သို့ အပြစ်တင်သော စကားဖြစ်သည်။

**သဟ သဒ္ဒတ္ထယောဂေ၊ ပေ၊ သံဝါသော—** "ကောကာလိကေန, ဗာလေဟိ" တို့၌ "နှင့်" ဟူသော အနက်သည် နာဝိဘတ် ဟိ ဝိဘတ်တို့၏ အနက်တည်း၊ "ကောကာလိကေန-နှင့်+တကွ" ၌ "တကွ" ကား အပိုဆည့်ရသော သဟ၏အနက်တည်း၊ ဗာလေဟိ သံဝါသော၌ သံသည် သဟအနက်ရှိ၏၊ ထို့ကြောင့် "ကောကာလိကေန-ဗာလေဟိ" တို့၌ တတိယာသက်၍ "နှင့်" ဟု အနက်ပေးရသည်၊ [ဤ၌လည်း "သဟတ္ထေ" ဟု ရှိပြန်၏, ရှေ့နောက်ညီအောင် "သဟသဒ္ဒတ္ထယောဂေ - ဒေဝဒတ္တော" စသည်ဖြင့် ရှိသင့်သည်၊ သဒ္ဒနီတိနှင့်တကွ မြန်မာမူရူပသိဒ္ဓိ၌ "သဟတ္ထေ" ဟုချည်း ရှိသောကြောင့် ဤစာကိုအမှန်ယူလျှင် "သဟတ္ထေ-သဟသဒ္ဒ၏ အနက်၌၊ တတိယာ-သည်၊ ဟောတိ" ဟု ဆို၍ "သဟ အနက်၌ ဝိဘတ်သက်၍ မဖြစ်ရကား သဟ အနက် နှင့် ယှဉ်ရာ ကောကာလိက—ဗာလ တို့၌ တတိယာ သက်" ဟု အဓိပ္ပါယ်ယူလျှင်လည်း သင့်ဘွယ်ရှိ၏၊]

(၂၉၇) **ကိံသိဒ္ဓိဖလေ၊ ပေ၊ ဟေတု—**ဟေတု အမည်ရသော အကြောင်း၌ ကာရကာကာရကကဲ့သို့ အကြောင်းနှင့် အကျိုးတို့ သဟစရဏ (တပြိုင်နက်) မဖြစ်ကြ၊ အကျိုး၏ ရှေ့ကဖြစ်စေ နောက်မှဖြစ်စေ အကြောင်း ဖြစ်ရသည်၊ "အန္နေန ဝသတိ" ၌ နေခြင်း ကြိယာနှင့် ထမင်း ဒြဗ်တို့ တပြိုင်နက် မဖြစ်ကြ၊ ယခုနှယ်ကနေ၍ အတော်ကြာမှ ဖြစ်စေ—နောက်ရက်မှဖြစ်စေ ထမင်းရမည်၊ ထိုသို့ ထမင်းဒြဗ်ကို တိုက်ရိုက် မတွေ့ရသေးသော်လည်း ထမင်းကို မြှော်ကိုး၍ နေခြင်းဖြစ်သောကြောင့် ထမင်း၏ သတ္တိကိုကား မြင်ရလေပြီ၊ "ထမင်းရလိမ့်မည်ဟု မြှော်လင့်ချက် မရှိလျှင် မနေ, ထမင်းရလိမ့်မည် ဟု မြှော်လင့်ချက် ရှိသောကြောင့်သာ နေ၏" ဤသို့ အပြန် အလှန် (အန္ဝယ-ဗျတိရေက) အားဖြင့် စဉ်းစား ကြည့်လျှင် ထမင်း ဒြဗ်၌ နေခြင်း အကျိုးကို ပြီးစေနိုင်သော သတ္တိ

www.dhammaransi.com



အဏ္ဏော - တည်း၊ တသ္မိံ ဟေတွဋ္ဌေ - ထို ဟိတ်အနက်၌၊ ( တတိယား ဟောတိ-၏၊ ) အန္နေန- ထမင်းကြောင့်၊ ဝသတိ-နေ၏၊ ဓမ္မေန-ကြောင့်၊ ဝသတိ၊ ဝိဇ္ဇာယ-အတတ်ကြောင့်၊ ဝသတိ-နေ၏၊ ဇစ္စာ-ဇာတ်ကြောင့်၊ ဝသလော - သူယုတ်သည်၊ န ဟောတိ - မဟုတ်၊ ဇစ္စာ- ဇာတ်ကြောင့်၊ ဗြာဟ္မဏော - သည်၊ န ဟောတိ၊ ကမ္မုနာ-အလုပ်ကြောင့်၊ ဝသလော- သည်၊ ဟောတိ၊ ကမ္မုနာ - ကြောင့်၊ ဗြာဟ္မဏော - သည်၊ ဟောတိ၊ ဒါနေန-ကြောင့်၊ဘောဂဝါ-စည်းစိမ်ရှိ၏၊ အာစာရေန-အကျင့်ကြောင့်၊ ကုလီ-အမျိုးကောင်းရှိ၏၊ [ " အာစရိယေန - ဆရာ့ကြောင့်၊ ကုသလီ- ကုသိုလ်ရှိ၏"ဟု လည်း အချို့စာ ရှိ၏။]

ကေန - အဘယ့်ကြောင့်၊ ပါတိ - လက် သည်၊ ကာမဒဒေါ - အလို ရှိအပ်သော ဝတ္ထုကို ပေးနိုင်ပါသနည်း၊ ကေန ပါတိ , မရုဿဝေါ- ချိုသော အရသာကို ယိုစေနိုင်ပါသနည်း၊ တေ-အရှင်နတ်မင်း၏၊ ကေန ဗြာဟ္မစရိယေန - အဘယ်မြတ်သော အကျင့်ကြောင့်၊ ပါဏိမှိ- လက်၌၊ ပုညံ-ကောင်းမှု အကျိုးသည်၊ ဣဇ္ဈတိ- ပြီးနိုင်ပါသနည်း။

ဟေတွဋ္ဌပ္ပယောဂေ - ၌၊ ( ဥဒါဟရဏံ ) ကေန နိမိတ္တေန-အဘယ် အကြောင်းကြောင့်၊ ကေန ပယောဇနေန,ကေန ဟေတုနာ- အဘယ် အကြောင်းကြောင့်၊ ဝသတိ- နေသနည်း။

• ရှိကြောင်း ထင်ရှားသည်၊ ဤသို့လျှင် နေခြင်းကြီးသာဟူသော အကျိုးကို "ကိသ္မိံ ဝိဖလေ" ဟု ဆို၍, ထို အကျိုး၌(ထိုအကျိုးကိုထောက်၍)မြင်အပ် သိအပ်သော ထမင်း၏ သတ္တိကို "ဒိဋ္ဌသာမတ္ထိယံ"ဟု ဆို၏၊ ထိုသို့ ထမင်းဖြစ်ကား မပေါ်လာသေးဘဲ သူ၏ သတ္တိကိုသာ မြင်းရသော ထမင်းဖြစ်သည် ဟေတု မည်၏၊ ဆရာ့ထံ စာသင်ရလိမ့်မည် ဟု မြော်လင့်၍ နေသော တသည့်အတွက် "ဝိဇ္ဇာယ ဝသတိ"ပြယုဂ်, တရားရလိမ့်မည် ဟု မြော်သင့်နေသူ့ အတွက်"ဓမ္မေန ဝသတိ"ပြယုဂ်, လာဘ်လာဘ ရလိမ့်မည် ဟု မြော်သင့်နေသူ, အတွက် " သက္ကာရေန ဝသတိ " ပြယုဂ် စသည်၌လည်း နည်းတူ၊ [ "ဒိဋ္ဌသာမတ္ထိယံ-ယံ" ဟု ယံ တခု ရှိသေးသည်ကား အပို, သီဟိုဠ်မူမှာလည်း မရှိ။]

အန္နေန၊ပေ၊ပုည ပါဏိမှိ ဣဇ္ဈတိ—ဤပုံစံများ၌ "ကြောင့်" ဟု ဟိတ်အနက်ပေး ရသော အန္နေန ဓမ္မေန စသော ပုံစံများကို ဤသုတ်၏ ပုံစံချည်း ဟု မှတ်၊ "န ဇစ္စာ၊ပေ၊ ကမ္မုနာ ဟောတိ ဗြာဟ္မဏော" ကား ဂါထာတည်း၊ ကေန ပါဏိ ၊ ပေ ၊ ပုညံ ပါဏိမှိ ဣဇ္ဈတိ"လည်း ဂါထာပင်၊ ထို ဂါထာ၌"ကေန-ဗြဟ္မစရိယေန"တို့သည် ပုံစံတည်း။

ဟေတွဋ္ဌပ္ပယောဂေ၊ပေ၊ဝသတိ — ဟေတု+အဏ္ဏော ယေသံတိ ဟေတွဋ္ဌာ၊ ယေသံ-အကြင် နိမိတ္တ ကာရဏ ဟေတုစသောသဒ္ဒါတို့၏၊ ဟေတု-အကြောင်းဟူသော

www.dhammaransi.com



အတ္ထော–အနက်သည်၊ အတ္ထိ ဣတိ ဧတ ဟေတွတ္ထာ၊ အကြောင်းအနက်ဟော သဒ္ဒါစုကို ဟေတွတ္ထ ဟု ဆို၏၊ နိမိတ္တသဒ္ဒါ ဟေတု သဒ္ဒါတို့ အကြောင်း အနက် ဟောကြောင်း ထင်ရှားပြီ၊ ပယောဇနသဒ္ဒါကိုလည်း သောမနိမိတ္တ ဟောဘုအနက်ဟောဘုဖွင့်၏၊ အတ္ထမှ ဖြစ်သာသော အဋ္ဌ သဒ္ဒါလည်း ကာရဏ သဒ္ဒါ၏ ပရိယာယ်တည်း၊ ထို့ကြောင့်"ကေန ပယောဇနေန ကေနဋ္ဌေန – အဘယ် အကြောင်းကြောင့်" ဟု ပေးနိုင်၏၊ ထို ဟေတွတ္ထ ဖြစ်သော နိမိတ္တပယောဇန အဋ္ဌ ဟေတု သဒ္ဒါတို့နှင့် ယှဉ်သော ကိံ သဒ္ဒါသည် ဟေတွတ္ထ ပယောဂတည်း၊ ထို ဟေတွတ္ထပယောဂ ဖြစ်သော ကိံ သဒ္ဒါနောင် နာဝိဘတ် သက်၍ "ကေန" ဟု ဖြစ်ရသည်၊ နိမိတ္တ စသည်နောင် နာဝိဘတ်ကား ဟေတွတ္ထ၌ သက်သော ဝိဘတ်တည်း။

မှတ်ချက်။ ။ "ကေန နိမိတ္တေန" စသည်၌ နိမိတ္တေန ဟူသော ဟေတွတ္ထ သဒ္ဒါနှင့် ယှဉ်သောကြောင့်"ကေန"၌ တတိယာသက်သည်-ဟု ဆိုရာ, အကျိုးထူး မထင်လှ၊ ကေန သည် ဝိသေသန သဗ္ဗာသက်၏၊ "ကေန–အဘယ်သို့သော၊ နိမိတ္တေန-ကြောင့်" ဟု ခွဲ၍ အနက်ပေးလိုက ပေးနိုင်၏၊ ဝိသေသနတို့ ထိုးစံမှာလည်း ဝိသေသျပုဒ်၌ သက်သော သုတ်ရင်းဖြင့်ပင် ရုပ်ပြီးနိုင်ကြ၏၊ ထို့ကြောင့် "ကေန နိမိတ္တေန" စသည်၌ ကေနဝယ် ဟေတွတ္ထ ပယောဂ ဖြစ်သောကြောင့် တတိယာဝိဘတ်သက်ရသည် ဟူသော စကားကို စဉ်းစားထိုက်သည်။

အခြားကျမ်း အဆို ။ ။ ဤ ရူပသိဒ္ဓိ၌ ဟေတွတ္ထ ပယောဂ ဖြစ်သော လိင်္ဂနောင် တတိယာ သက် ဟု ဆိုထားသော်လည်း မောဂ္ဂလ္လာန်၌ကား (သတ္တတကို မှီ၍) "ဆဋ္ဌီ ဟေတွတ္ထေဟိ, သဗ္ဗာဒိတော သဗ္ဗာ" ဟု ၂ သုတ်တည်၏၊ ဟေတွတ္ထေဟိ–အကြောင်း အနက်ရှိသော သဒ္ဒါတို့နှင့်၊ ယောဂေ – ယှဉ်သော လိင်္ဂ၌၊ ဟေဘုမှိ– ဟိတ် အနက်၌၊ ဆဋ္ဌီ–ဆဋ္ဌီသက်၊ "ဥဒရဿ ဟေတု ဥဒရဿ ကာရဏာ" တည်း၊ ဤ၌ ဟေတု-ကာရဏ ဟူသော ဟေတွတ္ထသဒ္ဒါတို့၏ ယှဉ်ရာ ဥဒရနောင် ဟိတ်အနက်၌ ဆဋ္ဌီ သက်ထားသည်၊ "ဥဒရဿ ဟေတု , ဥဒရဿ ကာရဏာ – ဝမ်းဟူသော အကြောင်းကြောင့်" ဟု ပေး၊ သဗ္ဗာဒိတော–သဗ္ဗာဒိဂိုဏ်းဝင်ဖြစ်သော ယ တ ကိံ စသော သဒ္ဒါမှနောက်၌၊ ဟေတုမှိ- ဟိတ်အနက်၌၊ သဗ္ဗာ–အလုံးစုံသော ဝိဘတ်တို့သက်၊ ကောဟေတု, ကံဟေတုံ, ကေန ဟေတုနာ၊ပေ၊ကိသ္မိံ ဟေတုသ္မိံ၊ ကိံ ကာရဏံ ၊ ပေ ။ ကိသ္မိံ ကာရဏေ၊ ကိံ နိမိတ္တံ၊ပေ၊ ကိသ္မိံ နိမိတ္တေ၊ ကိံ ပယောဇနံ၊ပေ၊ ကိသ္မိံ ပယောဇနေ-"အဘယ် အကြောင်းကြောင့်" ဟု ချည်းပေး။

မှတ်ချက်။ ။ဤ ဗျာကရုဏ်း ဆရာတို့ အလိုအားဖြင့်"ကိံ ကာရဏံ"ဝယ် ကိံနှင့် ကာရဏံသည်သမာသ် မဟုတ်၊ ဟေတွတ္ထဖြစ်သော ကာရဏသဒ္ဒါ၏ ယှဉ်ရာ ကိံနောင် ဟိတ်အနက်၌ ပဌမာသက်ထားသည်၊ ထို့အတူ"ယံ+ကာရဏံ,တံ+ကာရဏံ(ပဌမာ အနက်၌ တောပစ္စည်းသက်ထားသော)ယတော+နိဒါနံ, တတော+နိဒါနံ"စသည်တို့ သမာသ်မဟုတ်ကြ,ဝါကျတို့သာတည်း၊ အဋ္ဌကထာ ဋီကာတို့၌ကား "တတောနိဒါနံ– ထိုဥစ္စာဟူသော အကြောင်းကြောင့်(ဝါကျ)ထိုဥစ္စာလျှင် အကြောင်းရှိသော(သမာသ်)" စသည်ဖြင့် သမာသ်-ဝါကျ ၂ မျိုးလုံးပင် တွေ့ရသည်။

www.dhammaransi.com



(၂၉၈) သတ္တမျေဒ္ဓေဝ ။ ၂၉၀ ။ ပေ၊ ဟောတိ၊ ဝ - ဆက်ဦးအံ့၊ ကာလဒ္ဓါနံ ဒိသာ ဒေသာဒီသု-ကာလ, အဓွန်, ဒိသာ, ဒေသ အစရှိသော အနက်တို့၌၊ အယံ - ဤ တတိယာဝိဘတ်သည်၊ (ဟောတိ)၊ တေန သမယေန-ထိုအခါ၌၊ တေန ကာလေန-၌၊ ကာလေန-သင့်လျော်သော အခါ၌၊ ဓမ္မဿဝဏံ - တရားနာခြင်း၊ သော- ထိုသုတ် အဘိဓမ္မာ ပိနည်း သည်၊ မမ ငါ၏၊ အစ္စယေန- ပရိနိဗ္ဗာန် စံလွန်တော်မူရာ အခါ၌၊ ဝေါ- သင်တို့၏၊ သတ္ထာ-ဆရာတည်း၊ မာသေန - တလ၌၊ ဘုဥ္ဇတိ - စား၏၊ ယောဇနေန-တယူဇနာ၌၊ ဓာဝတိ-ပြေး၏၊ ပုရတ္ထိမေန - အရှေ့အရပ်၌၊ ဓတရဋ္ဌော-ဓတရဋ္ဌနတ်မင်း၊ ဒက္ခိဏေန-တောင်အရပ်၌၊ ဝိရူဠှကော- ဝိရူဠှကနတ်မင်း၊ ပစ္ဆိမေန - အနောက်အရပ်၌၊ ဝိရူပက္ခော - ဝိရူပက္ခ နတ်မင်း၊ ဥတ္တရေန - မြောက်အရပ်၌၊ ကသိဂ္ဂါမော - ကသိဂ္ဂါမ မြို့ ရှိ၏၊ အပရေန - ထိုမှတပါးသောအရပ်၌၊ ဇနေသဘံ - ဇနေသဘမြို့ရှိ၏၊ ယေန- အကြင်အရပ်၌၊ ဘဂဝါ-သည်၊ (အတ္ထိ)၊ တေန-ထိုအရပ်၌၊ ဥပသင်္ကမိ- ချဉ်းကပ်ပြီ၊ ဥပသင်္ကမိတွာ-၍၊ ဣစ္စာဒိ - ဤသို့အစရှိ သည်တည်း။

(၂၉၉) ယေနင်္ဂဝိကာရော ။ ၂၉၁ ။ ဗျာဓိမတာ-အနာရှိသော၊ ယေန် အင်္ဂေန - အကြင် ကိုယ်အင်္ဂါဖြင့်၊ အင်္ဂိနော - အင်္ဂါရှိသော ကိုယ်၏၊ ဝိကာရော-ထူးခြားသောအခြင်းအရာကို၊ လက္ခီယတေ-မှတ်သားအပ်၏၊ တတ္ထ- ထို ကိုယ်အင်္ဂါအနက်၌၊ တတိယာ ဝိဘတ္တိ ဟောတိ၊ စ-ဆက်၊ ဧတ္ထ-ဤသုတ်၌၊ အသ-ထိုကိုယ်၏၊ အင်္ဂံ-အင်္ဂါသည်၊ အတ္ထိ-ရှိ၏၊ ဣတိ, အင်္ဂီ-အင်္ဂမည်၏၊ သရီရံ-ကိုယ်တည်း။ [ပုံစံများ ကစ္စည်းနှင့် တူပြီ။]

(၂၉၈) ကာလဒ္ဓါနံ၊ မေ၊ စာယံ— "ကာလစသောအနက်ကို ဟောရာ၌သာ ဤသုတ်ဖြင့် သတ္တမီအနက်၌ တတိယာသက်သည်" ဟု သတ်မှတ် ပြသော စကားတည်း၊ ဤသို့ သတ်မှတ်ခြင်းလည်း "တဒနု ပဒေရာဓေန" ဟူသော ပရိဘာသာ နှင့် အညီ ဘုရား ပါဠိတော်၌ ရှိသမျှကို ရှာဖွေ၍ သတ်မှတ်ခြင်းတည်း၊ ပုံစံများ ထင်ရှားပြီ၊ ["မာသေန ဘုဥ္ဇတိ" သည် ကစ္စာယန သုတ်၏ စသဒ္ဒါ၌လည်း ပါခဲ့ပြီ၊ " တလ၌ စား၏ " ဟု အနက် လည်း မကောင်း၊ "ယောဇနေန ဓာဝတိ" လည်း "ယောဇနေန ဂစ္ဆတိ" ဟု ဆိုခဲ့ပြီးနှင့် မထူး၊ ထို့ကြောင့် ထိုကာလအနက် အဒ္ဓါအနက်ပြ ပုံစံ ၂ ကို စဉ်းစားသင့်သည်။]

(၂၉၉) အင်္ဂမဿ၊ ပေ၊ အင်္ဂံ, သရီရံ– [ယေန ဗျာဓိမတာ-စသည်၏အဓိပ္ပါယ်ကို ကစ္စည်းဘာသာဋီကာ၌ ပြထား၏၊] အင်္ဂ သဒ္ဒါသည် မျက်စိ နား နှာ လက် ခြေ အင်္ဂါ ဟူသော ကိုယ်၏ အစိတ်အပိုင်းကို ဟောရိုး ရှိသော်လည်း သုတ်၌ပါသော "အင်္ဂ ဝိကာ

www.dhammaransi.com



(၃၀၁) ဝိသေသနေစ ။ ၂၉၂ ။ [အနေန - ဤအနက်ဖြင့်၊ ဝိသေသိတဗ္ဗံ-အထူးပြုထိုက်သော အနက်ကို၊ ဝိသေသိယတိ - အထူးပြုအပ်၏ ဣတိ-ထို့ကြောင့်၊ (တံ-ထိုအနက်သည်၊) ဝိသေသနံ-မည်၏၊ ဂေါတ္တာဒိ-အနွယ် အစရှိသည်တည်း၊ ] ဂေါတ္တ နာမ ဇာတိ သိပ္ပ ဝယော ဂုဏာ သင်္ခါတေ-အနွယ်, အမည်, ဇာတ်, အတတ်, အရွယ်, ဂုဏ်ဟု ဆိုအပ်သော၊ တသ္မိံ ဝိသေသနတ္ထေ - ထို ဝိသေသနအနက်၌ ၊ ပေ ၊ ဟောတိ၊ စသဒ္ဒေန-ဖြင့်၊ ပကတိအာဒီဟိစ - ပကတိ အစရှိသည်တို့မှ (နောက်၌) လည်း၊ (တတိယာဝိဘတ္တိ ဟောတိ)။

ရော”၌ အင်္ဂကိုကား “အင်္ဂံ အဿ အတ္ထိ”ဟု ဝိဂ္ဂဟ်ပြု၍ အဿတ္ထိ အနက်၌ ဏပစ္စည်း သက်ပြီးလျှင် ထိုအင်္ဂ အရ မျက်စိ နား နှာ လက် ခြေ အင်္ဂါရှိသူ လူတကိုယ်လုံးကို ယူပါ—ဟု ဆိုလိုသည်။ [အင်္ဂံ ယဿ အတ္ထီတိ အင်္ဂီ” ဟု ဤပစ္စည်းဖြင့် “အင်္ဂီဝိကာရော”ဟု ဆရာတို့ ပြင်ကြ၏, သာ၍ ရှင်းသည်။]

ဣတ္ထမ္ဘူတ လက္ခဏ နှင့် အင်္ဂဝိကာရလက္ခဏ ။ ။ ဣတ္ထမ္ဘူတ လက္ခဏသည် ခန္ဓာကိုယ်၏ ထူးခြားပုံကို မှတ်သည် မဟုတ်, ဥဇ္ဈာယေသိ စသော ကြိယာ-ပရိဗ္ဗာဇကံ စသော ဒြပ်ကို မှတ်သားသည်၊ “ဘိန္နေန သီသေန ဥဇ္ဈာယေသိ” ၌ လက္ခဏ ဖြစ်သော ဘိန္နသီသသည် (အက္ခိ-ဟတ္ထတို့ကဲ့သို့) အနာရှိသော ကိုယ်အင်္ဂါ ဟုတ်သော်လည်း လက္ချဖြစ်သော ဥဇ္ဈာယေသိကား အင်္ဂဝိကာရ မဟုတ်၊ ထို့ကြောင့် ဤယေနင်္ဂဝိကာရော သုတ်နှင့်မဆိုင်၊ မှတ်သားကြောင်း လက္ခဏက ကိုယ်အင်္ဂါ တခုခုဖြစ်၍ မှတ်အပ်သော လက္ချကလည်း ခန္ဓာကိုယ်ဖြစ်မှသာ ဤသုတ်နှင့် ဆိုင်သည်၊ အချုပ်မှာ—လက္ခဏသည် ကိုယ်အင်္ဂါ တခုခုဖြစ်၍ လက္ချကလည်း ခန္ဓာကိုယ် ဖြစ်ရာ၌သာ အင်္ဂဝိကာရလက္ခဏ တည်း၊ လက္ခဏသည် ဘိန္နသီကဲ့သို့ ကိုယ်အင်္ဂါ ဖြစ်စေကာမူ လက္ချက ကိုယ်ခန္ဓာ မဟုတ်ရာ၌ရင်း, လက္ခဏလက္ချ ၂ပါးလုံးပင် (“ဥဒုပဥ္စမန္ဓဒန ပတ္တေန စေတာပေယျ” ကဲ့သို့) ကိုယ်အင်္ဂါ-ကိုယ် မဟုတ်ရာ၌ရင်း ဣတ္ထမ္ဘူတ လက္ခဏတည်း ဟု မှတ်။

(၃၀၀) ဝိသေသိယတိ၊ ပေ၊ ဝိသေသနံ, ဂေါတ္တာဒိ—“အနေန” ကို ကရိဏ်း အနက်ပေးထားသောကြောင့် “ဝိသေသိယတိ” ဟူသော ကံဟော ကြိယာ၏ ကတ္တားကို ရှာလျှင် “ဝဒန္တေန-ဆိုသော ပုဂ္ဂိုလ်သည်”ဟု ပုဂ္ဂိုလ်ကတ္တား လာရမည်၊ “ဝိသေသိယတိ အနေနာတိ ဝိသေသနံ” ကိုလည်း ကရဏသာဓန ဟု မှတ်၊ တနည်း—“အနေန-ဤ အနက်သည်”ဟု ကတ္တားပေး၍ အဝုတ္တ ကတ္တုသာဓနလည်း ကြံ၊ “ဂေါတ္တာဒိ” ကား အဘိဓေယျတည်း၊ ထိုဂေါတ္တာဒိ၌ အာဒိဖြင့် နာမ-ဇာတိ-သိပ္ပ-ဝယ-ဂုဏာတို့ကို ယူ၊ ထို့ကြောင့် “တသ္မိံ ဂေါတ္တနာမ၊ပေ၊ ဂုဏာသင်္ခါတေ” ဟု ဖွင့်သည်၊ [ဝယသဒ္ဒါသည် မနောဂိုဏ်းဝင်ပုဒ် ဖြစ်သောကြောင့် “ဝယော ဂုဏာ”ဟု သမာသ်အလယ် ဩရောံလျက် သီဟိုဠ်မူရှိသည်။]

www.dhammaransi.com



နာထော - သည်၊ ဂေါတ္တေန-အနွယ်အားဖြင့်၊ ဂေါတမော ဂေါတမမည်တော်မူ၏၊ ယော-အကြင်ထေရ်သည်၊ နာမေန - အမည်အားဖြင့်၊ သာရိပုတ္တောတိ - သာရိပုတြာဟူ၍၊ ဝိဿုတော-ထင်ရှား၏၊ ပညဝါစ-ပညာရှိလည်း ဟုတ်၏၊ ["ပညဝါစ ယော"ဟု ရှိစေ။] ဇုန္ဓေါ-သည်၊ ဇာတိယာ-ဇာတ်အားဖြင့်၊ ခတ္တိယော-မင်းတည်း၊ လောကေ-၌၊ အပ္ပဋိပုဂ္ဂလော-ပြိုင်ဘက်ပုဂ္ဂိုလ်မရှိ၊ တဒဟု-ထိုနေ့၌၊ ပဗ္ဗဇိတော - ရှင်ရဟန်းအဖြစ်သို့ ရောက်သူသည်၊ သန္တော- ဖြစ်လျက်၊ ဇာတိယာ- မွေးဖွားခြင်းအားဖြင့်၊ သတ္တဝဿိကော-၇ နှစ်သာ ရှိသေးသော၊ သောပိ-ထိုသူသည်လည်း၊ မံ-ငါ့ကို၊ အနုသာသေယျ- ဆုံးမအံ့၊ မတ္ထကေ-ဦးထိပ်ဖြင့်၊ သမ္ပဋိစ္ဆာမိ-ခံယူအံ့၊ [ဤ"သောပိ မံ၊ ပေ၊ မတ္ထကေ"ဟူသော နောက် ၂ ပါဒသည် သီဟိုဠ်မူ၌ မပါ။]

သော-ထိုသူသည်၊ သီလေန-အတတ်အားဖြင့်၊ နဋ္ဋကာရော ကျူးထရံလုပ်သူတည်း၊ ဝယသာ- အယွယ်အားဖြင့်၊ ဇေဂ္ဂုနတိံသော-တရယုတ်၃၀ရှိ၏၊ ဝိဇ္ဇာယ-အတတ်အားဖြင့်၊ သာရ-ကောင်းသူတည်း၊ ပညာယ-ဖြင့်၊ သာရ-တည်း၊ တပသာ-အကျင့်အားဖြင့်၊ ဥတ္တမော-မြတ်သူတည်း၊ သုဝဏ္ဏေန-ရွှေသေအဆင်းအားဖြင့်၊ [သိ၌"ဝဏ္ဏေန-အဆင်းအားဖြင့်" ဟု ရှိ၏၊] အဘိရူပေါ-လွန်ကဲသော အဆင်းရှိသူတည်း။

**ဂေါတ္တေန ဂေါတမော နာထော** —— "ဂေါတမ" အမည်တော်သည် အမျိုးအားဖြင့် ရအပ်သော အမည်လည်း မဟုတ်၊ အရေဟံ စသော ဂုဏ်တော် အားဖြင့် ရအပ်သော အမည်လည်း မဟုတ်–ဟု အခြားသော အမည်ရခြင်း၏ အကြောင်းတို့မှ အထူးပြုတတ်သောကြောင့် "ဂေါတ္တေန"ကို ဝိသေသနဟု ဆိုရသည်၊ နာမ စသော နောံ ဝိသေသနတို့၌လည်း ဤနည်းတည်း၊ ဤတတိယာ ဝိသေသနများ၌ "အားဖြင့်, သဖြင့်, ဖြင့်"ဟု သင့်သလို အနက်ပေးကြရသည်။

**သာရိပုတ္တောတိ ၊ ပေ၊ အဘိရူပေါ**— နာမ၊ ဇာတိ စသည်တို့၏ အစဉ်အတိုင်း ပုံစံများတည်း၊ ထိုတွင် ဇာတိသည် အမျိုးဇာတိ-မွေးဖွားခြင်းဇာတိဟု ၂မျိုးရှိသောကြောင့် "ဇာတိယာ ခတ္တိယော, ဇာတိယာ သတ္တဝဿိကော" ဟု ပုံစံ ၂ မျိုး ပြထားသည်၊ "သာရိပုတ္တော ၊ ပေ၊ ပညဝါစ ယော"သည် ဂါထာ ၂ ပါဒတွဲ၊ "ဇာတိယာ ခတ္တိယော ၊ပေ၊ပုဂ္ဂလော"လည်း ဂါထာ ၂ ပါဒတွဲ၊ "တဒဟု ၊ ပေ ၊ သဿိကော"လည်း ၂ ပါဒတွဲ တည်း၊ ထိုသို့ ဂါထာပါဒများဖြစ်သောကြောင့် "ဝိဿုတော ပညဝါစ ယော, လောကေ အပ္ပဋိပုဂ္ဂလော , တဒဟု ပဗ္ဗဇိတော သန္တော "တို့ လိုရင်းပုံစံ မဟုတ်ဘဲလျက် ပါနေကြရသည်၊ မြန်မာမူ၌ "သောပိ မံ၊ပေ၊မတ္ထကေ"ဟူသော ၂ပါဒမှာ နိဿယတို့ ထည့်ပေး

www.dhammaransi.com



ပကတိ အာဒိသု- ပကတိ အစရှိသည်တို့၌၊ (ဥဒါဟရဏံ)။ ပကတိ ယာ- ပင်ကိုယ်အားဖြင့်၊ အဘိရူပေါ - တည်း၊ ယေဘုယျေန- များသော အားဖြင့်၊ မတ္တိကာ - မြေညက်ဖြစ်သော မြေ၊ သမေန - ညီညွတ်သဖြင့်၊ ဓာဝတိ - ပြေး၏၊ ဝိသမေန - မညီညွတ်သဖြင့်၊ ဓာဝတိ၊ ဒွိဒေါဏေန- ၂ စိတ်ဖြင့်၊ ဓည- စပါးကို၊ ကိဏာတိ - ဝယ်၏၊ သဟဿေန- တထောင်ဖြင့်၊ အဿကေ-မြင်းတို့ကို၊ ကိဏာတိ-ဝယ်၏၊ [ သိဒ္ဓိ "ဝိက္ကိဏာတိ- ရောင်း၏"ဟု ရှိ၏၊ ] ရှုစွာ။

(၃၀၁) ကတ္တိ အတ္ထေ, စတုတ္ထီ - သက်သနည်း။........ သမ္ပဒါနေ စတုတ္ထီ။ ၂၆၃ ။ ပေ၊ သမ္ပဒါနံ - သမ္ပဒါန်ဟူသည်၊ ကိဥ္စ-အဘယ်နည်း၊ (၃၀၂) ယဿ၊ ပေ၊ သမ္ပဒါနံ ။ ၂၇၆ ။ [ ကန္နည်းနှင့် တူပြီ ]၊ ပေ၊ အဿ - ထို ကာရကအား၊ သမ္ပာ- ကောင်းစွာ၊ ပဒီယတေ-ပေးအပ်၏၊

ရ-မှ ပဋ္ဌိတွင် ပါဝင်နေဟန် တူသည်၊ ဤနေရာနှင့် ဆိုင်သော ပုံစံလည်း မဟုတ်၊ "ကမ္မကရဏ နိမိတ္တတ္ထေသု သတ္တမီ" သုတ်၌ ထုတ်လတံ့ပုံစံ ဖြစ်သောကြောင့် သီဟိုဠ်မူ အတိုင်း ထို ၂ ပါဒ မပါခြင်းသာ စည်းကမ်းကျသည်၊ ဝိဇ္ဇာယ-ပညာယ-တပသာ- သုဝဏ္ဏေန (ဝဏ္ဏေန) တို့ကား ဂုဏဝိသေသန၏ ပုံစံများတည်း။

**ပကတိအာဒီသု၊ ပေ၊ ဝိက္ကိဏာတိ**— ဝိသေသနမည်သည် ဂေါတ္တနာမ စသည်ကဲ့သို့ အထူးပြုတတ်သော သတ္တိရှိရသည်၊ ပကတိ စသည်တို့ကား ထိုကဲ့သို့ အထူးမပြုတတ်၍ ဝိသေသန အနက် မဟုတ် ဟု အယူရှိသောကြောင့် ပကတိ စသည်တို့၌ "ဝိသေသနေစ" သုတ်၌ စသဒ္ဒါဖြင့် သက်ဘို့ရန် မိန့်လေသည်၊ သို့သော် "ပကတိယာ+အဘိရူပေါ= ပင်ကိုယ်အားဖြင့်+အဆင်းလှသူ"ဟု ဆိုလျှင်"နအဂ္ဂကာရေန+အဘိရူပေါ=တန်ဆာ အားဖြင့် + လှသူမဟုတ် " ဟု တန်ဆာ ဆင်ခြင်းမှ အထူးပြုတတ်ရကား ပကတိယာ၌ သုတ်ရင်းဖြင့်ပင် တတိယာ သက်နိုင်ဘွယ် ရှိ၏၊ "ယေဘုယျေန မတ္တိကာ - များသော အားဖြင့် မြေညက်ဖြစ်သည် , နအပ္ပကေန မတ္တိကာ=အနည်းငယ် အားဖြင့် မြေညက် မဟုတ်, သမေန ဓာဝတိ၊ န ဝိသမေန ဓာဝတိ၊ ဝိသမေန ဓာဝတိ-န သမေန ဓာဝတိ၊ ဒွိဒေါဏေန ကိဏာတိ - န ဧကဒေါဏ ဒိနာ ကိဏာတိ၊ သဟဿေန ဝိက္ကိဏာတိ၊ န သတာဒိနာ ဝိက္ကိဏာတိ "ဟု လည်း အခြားအနက်များကို တားမြစ်နိုင်သောကြောင့် ယေဘုယျေန စသည်တို့လည်း ဝိသေသန အနက် ဖြစ်သင့်သည်သာ၊ [ ဒွိဒေါဏေန၌ စပါး ၂ စိတ်ကို မယူဘဲ စပါး ၂ စိတ်၏ တန်ဘိုးကို ယူ၍"၂ စိတ်ဘိုးဖြင့်"ဟု အနက်ပေး ရသည်၊ အကယ်၍ စပါး ၂ စိတ်ကိုပင် ယူလိုလျှင် ဓညနှင့် အရတူသောကြောင့်"ဒွိဒေါဏံ ဓည"ဟု ကံဖြစ်ရလိမ့်မည်-ဟု ကြံကြသည်၊ မောဂ္ဂလ္လာန်၌ကား "ပကတိယာ အဘိရူပေါ ဘဝတိ,ဂေါတ္တေန ဂေါတမော(ဂေါတမမည်သည်)ဘဝတိ" စသည်ဖြင့် ကြိယာထည့်၍ ဤ၌ ပြသော ဝိသေသန အားလုံးကိုပင် ကရဏကာရက၌ သွင်းပြသည်။]

www.dhammaransi.com



ရှုတိ-ထိုသို့ ကောင်းစွာ ပေးအပ်ရာ၏ အဖြစ်ကြောင့်၊ ( တံ- ထိုကာရက သည် ) သမ္ပဒါနံ-မည်၏၊ ပဋိဂ္ဂါဟကော-ခံယူတတ်သူတည်း။

ပန - ဆက်၊ တံ - ထို သမ္ပဒါနံသည်၊ ဒိယျမာနဿ - ပေးအပ်သော ဝတ္ထုကို၊ အနိဝါရဏဇ္ဈောသနာ နုမတိဝသေန - မတားမြစ်ခြင်း , တိုက်တွန်းခြင်း,ခွင့်ပြုခြင်းတို့၏ အပြားအားဖြင့်၊ တိဝိဓံ၊ ယထာ-ကား၊ ဗုဒ္ဓဿ၊ ၊ ပေ ၊ ဒဒါတိ - တည်း၊ [ ဘုရား ( ဆင်းတု - စေတီတော် )အား ပန်းကို ပူဇော်၏၊ ဗောဓိပင်အား ရေကို ပေး၏၊ ] အဇ္ဈောသနေ - အဇ္ဈောသန သမ္ပဒါနံ၌၊ ( ဥဒါဟရဏံ )၊ ယာစကာနံ - သူတောင်းစားတို့အား၊ ဓနံ ဒဒါတိ၊ အနုမတိယံ- အနုမတိသမ္ပဒါနံ၌(ဥဒါဟရဏံ)၊ဘိက္ခူနံ-တို့အား၊ ဒါနံ အလှူကို၊ ဒေတိ-ပေး၏။

ယထာဟ-အာယသို့ မိန့်သနည်း၊ အနိရာကရဏော ၊ ပေ ၊ ဘိက္ခုဝေါ တိ- ဟူ၍၊ အာဟ-နိရုတ္တိမဉ္ဇူသာဆရာ မိန့်ပြီ၊ ဟိ- အကျဉ်းချုပ်ကား၊ အနိရာကရဏာရာဓနာဗ္ဘနုညာဝသေန - အနိရာကရဏ , အာရာဓန,

'(၃၀၊) သမ္မာ ပဒီယတေ၊ ပေ၊ သမ္ပဒါနံ, ပဋိဂ္ဂါဟကော— [ "ပဋိဂ္ဂါဟကော" ကား သမ္ပဒါနံ အရ ခံယူသူ ( ခံယူတတ်သော ဝတ္ထု ) ကို ရသည် ဟု အဘိဓေယျကို ပြသော စကားတည်း၊ ] သမ္ပဒါနံ၌ သံ-ပ ရှေးရှိသော ဒါဓာတ်, ယုပစ္စည်း၊ သံ ဥပသာရ သည် "သမ္မာ" အနက်ရှိသောကြောင့် "သမ္မာ" ဟု ဖွင့်သည်၊ ပူဇော်လို၍ ဖြစ်စေ ချီးမြှောက်လို၍ ဖြစ်စေ ပေးခြင်းကို "သမ္မာ—ကောင်းစွာ" ဟု ဆိုသည်၊ [ ငယ်သူ—အောက်ကျသူက ကြီးသူ အထက်တန်းလူအား ပေးရာ၌ ပူဇော်လို၍ ပေးခြင်း, ကြီးသူ-အထက်တန်းလူက ငယ်သူ အောက်ကျသူအား ပေးရာ၌ ချီးမြှောက်လို၍ ပေးခြင်းတည်း။ ] ထိုသို့ ပေးရာ၌ ခံယူသူ အပိုင်ရမှ သမ္ပဒါနံ ဖြစ်သည်-ဟု သဒ္ဒါကျမ်းတို့ ဆိုကြသည်၊ [ ကြွင်းသော မှတ်ဖွယ်ကို ကစ္စည်းဘာသာဋီကာမှာ ရှု။ ]

တံပန ၊ ပေ ၊ ဒေတိ—အနိဝါရဏ သဒ္ဒါသည် မတားမြစ်ခြင်း အနက်ကို ဟော၏၊ ဗုဒ္ဓဿအရ ဘုရား ဆင်းတုတော်ကို ယူ၊ ထို ဘုရား ဆင်းတုတော်သည် ပန်းကို တားမြစ်ခြင်း မရှိ၊ ရုက္ခဿ အရ သစ်ပင်လည်း ရေလောင်းသည့် အခါ ရေကို တားမြစ်ခြင်း မရှိ။ ထို့ကြောင့် ဗုဒ္ဓဿ ရုက္ခဿ ထို့သည် အနိဝါရဏ သမ္ပဒါနံ မည်၏၊ သူတောင်းစားတို့ သည် သီချင်း ဆိုခြင်း သနားစဖွယ် ပြောဆိုခြင်းတို့ဖြင့် ပေးချင်လာအောင် တိုက်တွန်း တောင်းပန် တတ်ကုန်၏၊ ( မလှူချင်သူကို လှူချင်လာအောင် တိုက်တွန်း တောင်းပန်ရာ၌ လည်း နည်းတူ၊ ) ဤသို့ တိုက်တွန်းသောကြောင့် ယာစကာနံသည် အဇ္ဈောသန သမ္ပဒါနံ မည်၏၊ ရဟန်းပြီပြီ နေသူတို့ကား ထိုကဲ့သို့ မတိုက်တွန်းဘဲ ဆွမ်းစသည် လောင်းလာ လှူလာလျှင် "လောင်းတော့, လှူတော့" ဟု နှုတ်မမြွက်သော်လည်း စိတ်ဖြင့် သဘောတူ ခွင့်ပြုရာရောက်သောကြောင့် အနုမတိ သမ္ပဒါနံ မည်၏။

www.dhammaransi.com



အဇ္ဈနုညာဘို့၏ အပြားအားဖြင့်၊ သမ္ပဒါန် - ကို၊ တိဝိဓာ - ၃ ပါး အပြားအားဖြင့်၊ ဝုတ္တံ - ဆိုအပ်၏၊ ရုက္ခ ယာစက ဘိက္ခုဝေါ - ရုက္ခ, ယာစက, ဘိက္ခုတို့ကား ဥဒါဟရဏ်တည်း။

ဒါတုကာမေတိ ကိံ၊ ရညော ဒဏ္ဍံ ဒဒါတိ - တို့၌ တားမြစ်ရခြင်း အကျိုးရှိ၏၊ [ မင်း၏ ဒဏ်ငွေကို ပေး၏၊ ] ရောစနာဒိသုပန-ရောစန အစ ရှိသည်တို့၌ ( ဥဒါဟရဏ် ) ကား၊ သမဏဿ - ရဟန်းအား၊ သစ္စံ-အမှန်သည်၊ ရောစတေ - နှစ်သက်၏၊ အာယသ္မန္တာနံပိ - အရှင်ဘို့ အားလည်း၊ သံဃဘေဒေါ - သံဃာကွဲပြားခြင်းသည်၊ မာရုစ္စိတ္ထ- မနှစ်သက်ပါလင့်၊ ယဿ အာယသ္မတော - အကြင် အရှင်အား၊ ခမတိ - နှစ်သက်၏၊ ယညဒတ္တော- ယညဒတ်သည်၊ ဒေဝဒတ္တဿ-အား၊ သုဝဏ္ဏ ဆတ္တံ- ရွှေထီးကို၊ ဓာရယတေ-ဆောင်း၏။

ယထာဟ၊ ပေ၊ ဘိက္ခုဝေါ—ကား နိရုတ္တိ မဉ္ဇူသာလာ သာဓကတည်း၊ ဂါထာ၌ အနိရာကရဏာသည် အနိဝါရဏာကဲ့သို့ မတားမြစ်ခြင်း အနက်ကို ဟော၏၊ အာရာမနေ-အလှူရှင်ကို နှစ်သက်စေခြင်း ဟူသည်လည်း အဖွေ့သနနှင့် အမိပ္ပါယ်တူ၏၊ အနုမတိနှင့် အဇ္ဈနုညာကား ( ခွင့်ပြုခြင်း ) အနက်ချည်းတည်း၊ ရုက္ခ ယာစက ဘိက္ခုဝေါကား ဂါထာ ဖြစ်၍ အတိုသုံးထားသော ဥဒါဟရဏ်တည်း၊ " ရုက္ခဿ, ယာစကာနံ, ဘိက္ခူနံ " ဟု ဆိုလိုရင်း ဖြစ်သည်။

ဒါတုကာမေတိ ကိံ— ရညော ဒဏ္ဍံ ဒဒါတိ" ပြယုဂ်၌ ရှင်ဘုရင်က ဒဏ်တပ်ရာ ဝယ် ပေးလိုသောစိတ် မရှိဘဲ မတတ်သာ၍ ပေးရသောကြောင့် " ဒါတုကာမ " မဟုတ် ရကား"ရညော"၌ သမ္ပဒါန် အဖြစ်ကို ဒါတုကာမေ ပဒ်ဖြင့် တားမြစ်သည်၊ ဤကား သဒ္ဒါကျမ်းတို့ အလိုသာတည်း၊ ပဋ္ဌိတော် အဋ္ဌကထာတို့ အလိုမူ ဤရညော ပုဒ်လည်း သမ္ပဒါန်ဖြစ်သည်—ဟု ကစ္စည်းဘာသာဋီကာ၌ ပြထားပြီ။

ရောစနာဒီသု၊ ပေ၊ ယညဒတ္တော — "သမဏဿ ရောစတေ သစ္စံ"၌ မြန်မာလို "ရဟန်းသည် မှန်သော စကားကို နှစ်သက်၏" ဟု ဖြစ်၏၊ ထိုသို့ နှစ်သက်သူ ကတ္တား သည်ပင် သဒ္ဒါကျမ်း ထုံးစံအားဖြင့် သမ္ပဒါန်ဖြစ်၍ နှစ်သက်အပ်သော ကံပုဒ်က ကတ္တား ဖြစ်ရသည်၊ " မာ ယသ္မန္တာနံပိ သံဃဘေဒေါ ရုစ္စိတ္ထ " ၌လည်း " အရှင်တို့သည် သံဃာ ကွဲပြားခြင်းကို မနှစ်သက်ကြပါလင့် " ဟု ဆိုလိုရင်းဖြစ်၏၊ ဤ၌ အာယသ္မန္တာနံ ပုဒ်ကို ဆဋ္ဌီကတ္တား – သံဃဘေဒေါကို ဝုတ္တကံ ကြံ၍ " အာယသ္မန္တာနမ္ပိ – တို့သည်လည်း၊ သံဃဘေဒေါ-ကို၊ မာရုစ္စိတ္ထ–မနှစ်သက်အပ်ပါလင့်"ဟု အနက်ဆုံကြသေး၏၊ သို့သော် များစွာသော သဒ္ဒါကျမ်းတို့၌ ရုစဓာတ်၏ ယှဉ်ရာဝယ် သမ္ပဒါန် ဟု ဆိုထားသောကြောင့် ရင်း, သဒ္ဒနီတိ၌ ရုစ္စိတ္ထကို ဒိဝါဒိဂဏ တွာရုပ် ဟု ဆိုသောကြောင့်ရင်း , စဉ်းစားသင့်သည်။

www.dhammaransi.com



(၃၀၃) သမ္ပဒါနန္တိ, ဝါတိစ ဝတ္တတော။

သိလာဃ၊ ပေ၊ သတ္တမျူးထွသုစ။ ၂၄၄၊ [ ရူဒံ-၍သုတ်သည်၊ စထုပဒံ-၄ပုဒ်ရှိ၏၊ ] သိလာဃ-သိသာဃခါတ် သည် ကထ္ထနေ-ချီးမွမ်းခြင်း၌၊ (ဝတ္တတိ-ဖြစ်၏၊ နောက်၌သည်း ၍နည်းအတိုင်းဆို)၊ ဘာနု-သည်၊ အပလပနေ-လိမ်လည်ခြင်း၌၊ ဌာ=ဂတိဝတ္တိမှိ-သွားခြင်း၏ ဆုဘ်နစ်ခြင်း၌၊ ဝါ-ရပ်ခြင်း၌၊ သပ=အက္ကောသေ-ဆဲရေးခြင်း၌၊ ဓရ=ဓာရဏေ-ဆောင်ခြင်း၌၊ ပိဟ=ဣစ္ဆာယံ-နှစ်သက်ခြင်း၌၊ (ဝတ္တဘိ-၏၊) ဣာဘိ-၍သို့၊ ဧတေသံ ဓာတူနံ-၍ဓာတ်တို့၏၊ ပယောဂေ-ယှဉ်ရာ၌ငင်း၊....
ကုဓ=ကောပေ-စိတ်ဆိုးခြင်း၌၊ ဒုဟ=ဇိဃံသာယံ-ဖျက်ဆီးခြင်း၌၊ ဣသ=ဣသာယံ-ငြူစူခြင်း၌၊ ဥသူယ=ဒေါသာဝိကရဏေ-အပြစ်ကို ထင်စွာပြုခြင်း၌၊ ပါ-စောင်းမြောင်း ပြောဆိုခြင်း၌၊ (ဝတ္တဘိ-၏)၊ ဣတိ, ဧတေသံ ဓာတူနံ-၍ ဓာတ်တို့၏ငင်း၊ တဒတ္ထာ၀ါစိနံ-ထိုဓာတ်တို့၏ အနက်ကိုဟောကုန်သော၊ ဓာတူနံစ-တို့၏ငင်း၊ ပယောဂေစ-၌ငင်း။....

ယဿ ယသ္မတော ခမတိ — ၍ဝါကျ၌လည်း "ဥပသမ္ပဒါ" စသည်ဖြင့် ကတ္တားပုဒ်တိုက်ရိုက်ရှိ၏၊ ခမတိကို "ခမ္မတိ" ဟု ကမ္မချပ်ကြ၍ "ယဿ အာယသ္မတော-သည်၊ ဥပသမ္ပဒါ-မြင့်မြတ်သော ပြည့်စုံခြင်းကို၊ ပါ-ရဟန်းအဖြစ်ကို၊ ခမ္မတိ-နှစ်သက်အပ်၏" ဟု အနက်ပေးကြသည်ကား ၍သမ္ပဒါန်ခဏ်းနှင့် မလျော်၊ ၍ပြယုဂ်သည် ရုစခါတ်၏ အယှဉ်မဟုတ်သော်လည်း ရုစအနက်ရှိသော ခမုဓာတ်၏ အယှဉ်ဖြစ်၍ ၍သုတ်၌ ပုံစံထုတ်နိုင်သည်၊ "ဘတ္တမဿ နစ္ဆာဒေသိ၊ အဿ-ထိုသူအား၊ ဘတ္တံ-ထမင်းသည်၊ နစ္ဆာဒေသိ-မနှစ်သက်၊ ဝါ-မဆာ" လည်း ရုစဓာတ်၏ အနက်ဖြစ်သော ဆဒဓာတ်-စုရာဒိဏေပစ္စည်း ဖြစ်၍ ၍နေရာ၌ ပုံစံပင်။ [ မောဂ္ဂလ္လာန်၌ကား ၍ သမ္ပဒါန် အားလုံးကိုပင် သမ္ဗန် ဟု ယူ၍ "ကဿ-အဘယ်သူ၏ (စိဘ်၌)" စသည်ဖြင့် အနက်ဆိုသည်။ ]
၍ရုစဓာတ်-ရုစဓာတ်နက်၏ ယှဉ်ရာ၌ သမ္ပဒါန်မဖြစ်သော ပုံစံများလည်း ရှိ၏၊ ထိုပုံစံများ၌ သမ္ပဒါန် ဖြစ်ရမည့် ပုဒ်သည် ကတ္တား, ကတ္တား ဖြစ်ရမည့် ပုဒ်သည် ကံ ဖြစ်၏၊ "ကဿဝါ တွံ ဓမ္မံ ရောစေသိ၊ အပရာဇံ မဟာရာဇ, တွံ နော ခမ ရထေသဘ" စသည် တည်း၊ "ဒေဒတ္တဿ၊ပေ၊ယညဒတ္တော" ကား "ယဿ ဓာရယတေ" အရ ဓရဓာတ်၏ ယှဉ်ရာ၌ "ဒေဒတ္တဿ" ဟု သမ္ပဒါန် ဖြစ်ပုံတည်း၊ ၍၌ "ဆောင်ခြင်း" ဟူသည် ဆောင်း ပေးခြင်း တည်း။ [ နောက်၌ "သုဝဏ္ဏံ တေ ဓာရယတေ" ဟု ဓရဓာတ်၏ ယှဉ်ရာ၌ လာဦးလတ့်။ ]

(၃၁၃) စတုပဒ မိဒံ — "အပ္ပါနိဏိ" တိုင်အောင် ၁ ပုဒ်, ဂတျတ္ထ ကမ္မနိ-၁ ပုဒ်, အာသီသတ္ထ၊ပေ၊ သတ္တမျတ္ထေသု-၁ပုဒ်, စ-၁ ပုဒ်, ၍သို့ ၄ ပုဒ်ရှိ၏၊ "သိလာဃ=ကထ္ထနေ" စသည်တို့ကား ဓာတ်နက်ပြသော စကားတည်း၊ ဂတျတ္ထကမ္မနိ၌ ကံအနက်-

www.dhammaransi.com



ရာဓ=ဟိံသာသံရာဓေသု- ညှဉ်းဆဲခြင်း, နှိပ်သက်ခြင်းတို့၌၊ ဈက္ခ=ဒဿနင်္ကေသု- ကြည့်ရှုခြင်း, အမှတ်တံဆိပ် ခပ်နှိပ်ခြင်းတို့၌၊ (ဝဏ္ဏတိ)၊ ဈာတိ, ဈာမေသံ - ဤဓာတ်တို့၏၊ ပယောဂေစ - ၎င်း၊ ပတိ အာပုဗ္ဗဿ-ပတိရှေ့, အာရှေ့ရှိသော၊ သု=သဝနေတိ ဈာမဿစ - "သု=သဝနေ" ဟူသော ဤဓာတ်၏၎င်း၊ အနုပတိပုဗ္ဗဿ - အနုရှေ့, ပတိရှေ့ရှိသော၊ ဂိ သဒ္ဒေတိ ဈာမဿစ-"ဂိ=သဒ္ဒေ"ဟူသော ဤဓာတ်၏၎င်း၊ ပုဗ္ဗကတ္တာစ-ရှေ့ဝါကျ၌ကတ္တားသည်၎င်း၊....အာရောစနတ္ထပယောဂေ-ပြောဆိုခြင်း အနက်ရှိသော ဓာတ်တို့၏ ယှဉ်ရာ၌၎င်း၊ တဒတ္ထေ-ထိုကြိယာ၏ အကျိုး၌၎င်း၊ တုမတ္ထေ - တုံပစ္စည်း၏ အနက်၌၎င်း၊ အလမတ္ထ ပယောဂေစ-အလံ အနက်ရှိသော ပုဒ်တို့၏ ယှဉ်ရာ၌၎င်း၊ မညတိပ္ပယောဂေ - မန ဓာတ်၏ယှဉ်ရာဖြစ်သော၊ အနာဒရေ-မလေးစားအပ်သော၊ အပ္ပါဏိနိစ-သတ္တာ မဟုတ်သော အနက်၌၎င်း၊ ဂတျတ္ထာနံ - ဂတိ အနက်ရှိသော ဓာတ်တို့၏၊ ကမ္မနိစ-ကံ၌၎င်း၊....

အာသိသတ္ထပယောဂေစ - တောင့်တခြင်း အနက်ရှိသော ပုဒ်တို့၏ ယှဉ်ရာ၌၎င်း၊ သမ္မုတိ ဘိယျပ္ပယောဂေသုစ-သမ္မုတိ သဒ္ဒါ, ဘိယျသဒ္ဒါ တို့၏ ယှဉ်ရာတို့၌၎င်း၊ သတ္တမျတ္ထေစ - သတ္တမီဝိဘတ်၏ အနက်၌၎င်း၊ ဈာတိ-ဤယှဉ်ရာ ဤအနက်တို့၌၊ တံ ကမ္မာဒိကာရကံ - ထို ကံအစရှိသော ကာရကသည်၊ သမ္ပဒါနံ သညံ - သမ္ပဒါန် အမည်ရှိသည်၊ ဟောတိ၊.... စသဒ္ဒဂ္ဂဟဏေန-ဖြင့်၊ ပဟိဏာတိ ၊ ၄ ၊ ပဘုတိယောဂေစ-ပဟိဏာတိ သဒ္ဒါ, ကပ္ပတိသဒ္ဒါ, ပဟောတိသဒ္ဒါ, ဥပမာသဒ္ဒါ, လက်အုပ်ချီမှုကို ပြုခြင်းကြိယာ, ဖါသုသဒ္ဒါ, အတ္ထသဒ္ဒါ, သေယျ အစရှိသော သဒ္ဒါတို့၏ ယှဉ်ရာ၌လည်း၊ ( သမ္ပဒါနသညံ ဟောတိ၊ ) ပုရေဝိယ - ရှေး၌ကဲ့သို့၊ စတုတ္ထီ-စတုတ္ထီ ဝိဘတ်သက်။

တာဝ - ရှေးဦးစွာ၊ သိလာဃာဒိပ္ပယောဂေ - သိလာဃဓာတ် အစ ရှိသည်တို့၏ ယှဉ်ရာ၌၊ ( ဥဒါဟရဏံ )၊ ဗုဒ္ဓဿ - အား၊ သိလာဃတေ-ချီးမွမ်း၏၊ ဥပဇ္ဈာယဿ-ဥပဇ္ဈာယ်ဆရာအား၊ သိလာဃတေ-၏၊ ထောမေတိ-ချီးမွမ်း၏၊ ဈာတိအတ္ထော၊ မယှမေဝ - ငါ့အားပင်လျှင်၊ ဟနုတေ-

သတ္တမျတ္ထေသုစ၌ သတ္တမီ အနက် ပါသောကြောင့် " ကမ္မာဒိကာရကံ " ဟု ဆိုသည်။ ထို ကမ္မာဒိ၌ အာဒိဖြင့် သမ္ပဒါန်အနက်နှင့် သတ္တမီ အနက်ကို ယူပါ။

www.dhammaransi.com



လိမ်၏၊ ထုယှာမေဝ - သင့်အားပင်လျှင်၊ ဟနုတေ - ၏၊ အပလပတိ-လိမ်၏၊ ရှုတိ အဓ္တော - အနက်၊....ဝဇုကိ - လက်သမားသည်၊ သကျ ပုတ္တာနံ - သာကီမင်းသား ဘုရား သားတော် တို့အား၊ ဥပဘိဋ္ဌေသျ - ဆည်းကပ်ရာ၏၊ စ - ဆက်၊ ဧတ္ထ - ဤ ပြယုဂ်၌၊ ဥပဋ္ဌာနံနာမ - ဥပဋ္ဌာန မည်သည်၊ ဥပဂမနံ - ဆည်းကပ်ခြင်းတည်း၊.... ဘုဥ္ဇမာနဿ - စားဆဲသော၊ ဘိက္ခုဿ - အား၊ ပါဏီယေနဝါ - သောက်ရေဖြင့် ၎င်း၊ ဗိဇူပနေနဝါ - ယပ်ခတ်သဖြင့် ၎င်း၊ ဥပဘိဋ္ဌေယျ - အနီး၌ တည်နေအံ့၊ ဝါ-ဆည်းကပ် လုပ်ကျွေးအံ့။

မယှံ-ငါ့အား၊ သပတေ-ယုံပါစေလိုကျိန်စာဆို၏၊ တုယှံ- သင့်အား၊ သပတေ-၏၊ စ-ဆက်၊ ဧတ္ထ-ဤပြယုဂ်၌၊ သပနံနာမ - သပနမည် သည်၊

သိလဿပ္ပယောဂ။ ။သိလာဿ ဓာတ်သည် ကတ္ထန - ချီးမွမ်းခြင်း, ဝိကတ္ထန - ကြွားဝါးခြင်းအနက်ကို ဟော၏၊ "ထောမေဘျတ္တော" ဟု အနက် ပြသောကြောင့် ချီးမွမ်းခြင်း အနက်ကိုယူ၊ ဋီကာ၌မူ "ထောမေတီတိ ကုလ ဂေါတ္တ ဂုဏာဒိနာ-အမျိုးအနွယ် ဂုဏ် အစရှိသည်ဖြင့်၊ မယှံဥဠာရယေန-ငါ့ဥဠာရယ်နှင့်၊ ကော သဒိသောတိ-ဘယ်သူ တူနိုင်အံ့နည်း ဟု၊ ဝိကတ္ထတိ-ကြွားဝါး၏" ဟု ဖွင့်ထား၏၊ ထို အဖွင့်မှာ "ထောမေတိ" ဟူသော အနက်ပြနှင့် ၎င်း " ဥဠာရယ်အား ကြွားဝါး " ဟု အဓိပ္ပါယ် မဖြစ်နိုင် သော ကြောင့်၎င်း စဉ်းစားဘွယ် သာ။

ဟနုပ္ပယောဂ။ ။ဟနုဓာတ်သည် " စောရိယေ - ခိုးသူ၏ အဖြစ် (လိမ်ခြင်း) ၌" ဟု သဒ္ဒာဟာဓာတ်ကျမ်းရှိ၏၊ "အပလပနေ" နှင့် သဘောတူ၏၊ ထို့ကြောင့် "အပလပတီတိ ဝဉ္စေတိ-လိမ်၏" ဟု ဋီကာလည်း ဖွင့်သည်၊ "မယှမေဝ ဟနုတေ-ငါ့အားပင် လိမ်သည်" ဟုရာ၌ သဒ္ဒါထုံးစံအတိုင်း "မယှံ" ဟု ဆိုထားသော်လည်း မြန်မာလို "ငါ့ကိုပင် လိမ်သည်" ဟုမှတ်။ [မောဂ္ဂလာန်၌ကား " ဟနု-အပနယနေ (ပယ်ရှားခြင်း) " ဟု ဓာတ်နက်ဆို၍ "ရညော-မင်း၏၊ ဟနုတေ-ပယ်၏" ဟု အနက်ဆိုသည်။]

ဌာပယောဂ။ ။အနီး၌ တည်နေခြင်းကို " ဆည်းကပ် ( ခစား ) " ဟု ခေါ်၏၊ "ဥပ=အနီး၌+ဌာန= တည်နေခြင်း" ဟု သဒ္ဒါနက်မှတ်၊ ထို့ကြောင့် ဘိက္ခုနီ ပါစိတ် ဝိဘင်း၌ ဥပတိဋ္ဌေယျကို "ဟတ္ထပါသေတိဋ္ဌေယျ=ဟတ္ထပါသ်(၂တောင်ထွာ)အတွင်း-အနီး၌တည်နေအံ့" ဟု ဖွင့်သည် အများပေးရိုးဖြစ်သော သင်္ကေတ အနက်အားဖြင့်ကား "ဥပတိဋ္ဌေယျ—လုပ်ကျွေးအံ့" ဟု ပေးရာ၏၊ [ပါဠိတော်ရင်း၌ "ဘိက္ခုဿ ဘုဥ္ဇန္တဿ ပါနီယေန ဝါ" စသည်ဖြင့်ရှိ၏၊ ဤဌာဓာတ်၏ ယှဉ်ရာ၌ " အဟံ ဘောတိ' ဥပဋ္ဌိဿံ—ငါသည် ရှင်မကို လုပ်ကျွေးပါမည်" ဟု ကံနှင့်လည်း ရှိသေး၏။]

သပပ္ပယောဂ။ ။ " သပ = အက္ကောသေ " ဟု ဓာတ်နက် ဆိုခဲ့သော်လည်း "ကျိန်ဆဲခြင်း အက္ကောသ" မဟုတ်၊ တစုံ တခု အမှုကိစ္စ၌ ယုံကြည်အောင် သစ္စာဆိုခြင်း

www.dhammaransi.com



သစ္စကရဏံ - သစ္စာပြုခြင်းတည်း။....ခါရယတိပ္ပယောဂေ-ခရခါတ်၏ ယှဉ်ရာ၌၊ ခနိကောယေဝ - ဥစ္စာရှင်သည်သာ၊ သမ္ပဒါနံ-သမ္ပဒါန်ဖြစ်၏၊ တေ - သင်အား၊ သုဝဏ္ဏံ - ရွှေကို၊ ခါရယတေ - ဆပ်ပေး၏၊ ဣဏံ-ကြွေးမြီကို၊ ခါရယတိ - ဆပ်ပေး၏၊ ဣတိ အစ္စော၊ တဿရညော-ထိုမင်းအား၊ မယံ - ကျွန်ုပ်တို့သည်၊ နာဂံ-ဆင်တော်ကို၊ ခါရယာမ-ဆောင်နှင်းပါကုန်၏၊ ဝါ-ဆက်သပါကုန်၏။.... ပိဟပ္ပယောဂေ - ပိဟခါတ်၏ ယှဉ်ရာ၌၊ ဣစ္ဆိတောယေဝ - အလိုရှိအပ်သော အနက်သည်သာ၊ (သမ္ပဒါနံ-သမ္ပဒါန် ဖြစ်၏၊ ) တာဒိနော - တာဒိဂုဏ် ရှိတော်မူသော၊ တဿ-ထိုပုဂ္ဂိုလ်အား၊ ဒေဝါပိ - နတ်တို့ သည်လည်း၊ ပိဟယန္တိ - လိုလားတောင့်တကြကုန်၏၊ သတိမတံ - သတိရှိတော်မူကြကုန်သော၊ တေသံ သမ္ဗုဒ္ဓါနံ-ထို ဘုရားရှင်တို့အား၊ ဒေဝါပိ - တို့သည်လည်း၊ ပိဟယန္တိ-ကုန်၏၊ ပတ္ထေန္တိ-တောင့်တကုန်၏၊ ဣတိ အစ္စော။

သာတည်း၊ ထို့ကြောင့်"သပန်နာမ သစ္စာကရဏံ"ဟု ဖွင့်သည်၊ [မောဂ္ဂလ္လာန် နိဿယ၌ "သပ=ဥပါလမ္ဘေ" ဟု ခါတ်နက်ဆို၏၊ ထို ဥပါလမ္ဘကိုလည်း "နိန္ဒာ ပုမ္ဗ ဒုဋ္ဌဝစန=ကဲ့ရဲ့ခြင်းရှေးရှိသော မကောင်းသော စကား=ကဲ့ရဲ့ ရှုတ်ချသော စကား" ဟု သက္ကတ အဘိဓာန် ဖွင့်သောကြောင့် ထို ခါတ်နက်လည်း အကျောသနှင့် သဘောတူပင်တည်း၊ ထို့ကြောင့် သပခါတ်၏ သစ္စာဆိုခြင်းခါတ်နက်ကို ခါတ်ကျမ်းတို့၌ ရှာဖွေသင့်သည်၊] ကျိန်ဆဲခြင်း အနက်ဟော သပခါတ်၏ ယှဉ်ပုံကား "ယာ ပန ဘိက္ခုနီ အတ္တာနံ ဝါ ပရံ ဝါ နိရယေန ဝါ ဗြဟ္မစရိယေန ဝါ အဘိသပေယျ - ကျိန်ဆဲအံ့ " ဟု အတ္တာနံ ပရံတို့၌ ဒုတိယာ ရှိသည်။

ခါရပ္ပယောဂ ။ ။ "ရေတိ-တည်ရှိ၏ " စသည်ဖြင့် သမ္ပဒါန် မငဲ့သော ဘူဝါဒိ ဂိုဏ်းသက်သက် ခရခါတ်လည်း ရှိသေးရကား ထိုခရခါတ်ကို တားမြစ်၍ စုရာဒိဂိုဏ်း ခရခါတ်ဖြစ်ကြောင်းပြလိုသောကြောင့် "ခါရယတိပ္ပယောဂေ"ဟုမိန့်သည်၊ ခါရယတိ၌ ခရခါတ်, စုရာဒိဏယပစ္စည်း, တိဝိဘတ်တည်း၊ ဤ အရာမျိုး၌ တိ အက္ခရာကို "ခါတု နိဒ္ဒိဋ္ဌ=လိုရာခါတ်ကို ညွှန်ပြသည်"ဟု ဆိုကြသည်၊ "သုဝဏ္ဏံတေ ခါရယတေ"၌ ကြွေး ယူပြီးနောက် ထို ကြွေးကို ပြန်ဆပ်ရာ၌ ဥစ္စာရှင် (မြီရှင်) သည် သမ္ပဒါန်ဖြစ်၏၊ "ရညော နာဂံ ခါရယာမ"၌လည်း ဆင်ကို ရသော ဥစ္စာရှင်သာ "ရညော"ဟု သမ္ပဒါန် ဖြစ်၏၊ ထို့ကြောင့် "ခနိကောယေဝ သမ္ပဒါနံ=ဥစ္စာရှင်သာ သမ္ပဒါန်ဖြစ်၏"ဟု ဖွင့်သည်။

ပိဟပ္ပယောဂ ။ ။ [လာဘ အလာဘ စသော လောကဓံတို့ကြောင့် တုန်လှုပ်ခြင်းမရှိသော ရဟန္တာကို တာဒိဂုဏ်ရှိသူ ဟု ခေါ်၏၊] ထို ပုဂ္ဂိုလ်များနှင့် ဘုရားရှင်တို့ကို နတ်တို့က တွေ့ချင်ကြ , လိုလားကြ၏၊ ထိုသို့ လိုလားအပ်၍ "ဣစ္ဆိတ" ဖြစ်သော ရဟန္တာ ဘုရားရှင်တို့သည်"တဿ တာဒိနော, တေသံ သမ္ဗုဒ္ဓါနံ"ဟု သမ္ပဒါန်ဖြစ်ကြ၏။

ကောဓံ့ဒိအတ္တာနံ - စိတ်ဆိုးခြင်းအစရှိသော အနက်ရှိသော ဓာတ်တို့၏၊ ပယောဂေ-၌၊ ယံ- အကြင်သူ့ကို၊ ပတိ-စွဲ၍၊ တနည်း, ယံ ပတိ- အကြင်သူ့အပေါ်၌၊ ကောပေါ - စိတ်ဆိုးခြင်းသည်၊ (ဟောတိ၊ သော- ထိုသူသည်၊ သမ္ပဒါနံ-သမ္ပဒါန်ဖြစ်၏၊)မဟာဝိရ-ကြီးသောလုလ္လရှိသော အရှင်ရသေ့၊ တဿ-ထိုမင်းအား၊ ကုဇ္ဈ-စိတ်ဆိုးတော်မူပါ၊ အဟံ-သည်၊ တဿ - ထိုသူ့အား၊ ယဒိကုပ္ပေယျံ - အကယ်၍ စိတ်ဆိုးအံ့၊ မေဓာ- ဝိုစင်းသည်၊ ဒိသာနံ - အရပ်မျက်နှာတို့အား ဒုဟယတိ - ဖျက်ဆီး၏၊ ယော- အကြင်သူသည်၊ မိတ္တာနံ-မိတ်ဆွေတို့အား၊ နဒူဘတိ-မပြစ်မှား၊ တံ္တ္ထိယော - တို့သည်၊ သမဏာနံ - ရဟန်းတို့အား၊ ဈာယန္တိ - ငြူစူ ကြကုန်၏၊ နဇ္ဇနာ-သူယုတ်မာတို့သည်၊ ဂုဏဝန္တာနံ-ဂုဏ်ရှိသူတို့အား၊ ဥဿူယန္တိ - အပြစ်ပြောကုန်၏၊ ဝါ - စောင်းမြောင်းကုန်၏၊ ဝိဇ္ဇာနတံ- ပညာရှိတို့အား၊ ဥဿူယာ - အပြစ်ပြောခြင်းသည်၊ ဝါ - စောင်းမြောင်း ခြင်းသည်၊ ကာ-ဘာအကျိုးရှိအံ့နည်း။

ရာဓိက္ခပ္ပယောဂေ - ရာဓဓာတ် ဣက္ခဓာတ်တို့၏ ယှဉ်ရာ၌၊ ကမ္မဝိဘျာ ပနတ္ထံ - အမှုကို ထင်ရှားစေခြင်း၌၊ ယဿ - အကြင်သူ့ကို၊ ဝိပုစ္ဆနံ-

"ပဗ္ဗေန္တိတိ အတ္ထော"ကား ပိဟယန္တိ၏အဓိပ္ပါယ်ကို ဖွင့်သောစကားတည်း၊ [ဥဒါန်း, တတိယဝဂ်, သတ္တမသုတ် အဋ္ဌကထာ၌ကား " ပိဏ္ဍပါတိကဿာတိ ပိဟယန္တိတိ ပဒံ အပေက္ခိတွာ သမ္ပဒါန ဝစနံ၊ တံ ဥပယောဂတ္ထေ ဒဋ္ဌဗ္ဗံ"ဟု မိန့်၏၊ ထိုအလို"တာဒိနော, တဿ-ထိုပုဂ္ဂိုလ်ကို၊....သမ္ပဒါန်-တို့ကို"ဟု ကံအနက်လည်း ပေးနိုင်ကြောင်းသိပါ။]

ကောဓာဒိ အတ္တာနံ ယံ ပတိကောပေါ—ကောဓာဒိ၌ အာဒိ ဖြင့် ဒုဟ-ဣဿ- ဥဿူယ ဓာတ်တို့ကိုယူ၊ ယံ ပတိ ကောပေါ=အကြင် သူ့ကို စွဲ၍စိတ်ဆိုး၏, ထိုစိတ်ဆိုး အပ်သူသည်သမ္ပဒါန်မည်၏၊"တဿ ကုဇ္ဈ"သည် ကုဓဓာတ်ရင်း၏ယှဉ်ရာ၌ပုံစံ၊"တဿ ကုပ္ပေယျံ"ကား ကုဓ အနက်ရှိသော ကုပ ဓာတ်၏ ယှဉ်ရာ၌ ပုံစံ တည်း၊ " ဒုဟယတိ ဒိသာနံ"သည် ဒုဟ ဓာတ်ရင်း၏ပုံစံ၊ [ဒု – ဟု ရဿရှိစေ] "မိတ္တာနံ နဒူဘတိ" ကား ဒုဟအနက်ရှိသော " ဒူဘ- ဇိဃံသာယံ " ဟူသော ဓာတ်၏ယှဉ်ရာပုံစံ၊ ["ဒုဗ္ဘတိ" ဟု လည်း ပါဌ်ရှိ၏။] "ယော အပ္ပဒုဋ္ဌဿ ဒုဿတိ=အကြင်သူသည် မပြစ်မှားထိုက်သူအား ပြစ်မှား၏" လည်း ဒုဟဓာတ်၏အနက်ပင်တည်း၊ ဣဿ,ဥဿူယတို့၌ ဓာတ်ရင်း ပုံစံသာ ပါသည်၊နှုတ်မမြွက်ဘဲ ငြူစူမှုကို ဣဿာ-နှုတ်မြွက်စောင်းမြောင်း ချိတ်ရိတ်၍ အပြစ်ပြောမှု ကို "ဥဿူယ"ဟု ခွဲ၊ ["ကာ ဥဿူယာ ဝိဇာနတံ"ကို မဟာဝါ ပဗ္ဗဇ္ဇာခန္ဓက အဋ္ဌကထာ၌ တမျိုးဖွင့်သေး၏, ရှုလေတော့၊ ဤဥဿူယ ဓာတ်၏ယှဉ်ရာ၌ "ဗြာဟ္မဏော ဝေဿကာရ ဗြာဟ္မဏံ ဥဿူယတိ" ဟု ဒုတိယာလည်း ရှိသည်။]

www.dhammaransi.com



အထူးထူး မေးခြင်းသည်၊ (ဟောတိ၊ သော-ထိုအမေးခံရသူသည်၊ သမ္ပဒါန်-ဖြစ်၏၊) ဝါဓိကာရတော-လိုက်လာသော ဝါသဒ္ဒါကြောင့်၊ ဒုတိယာစ-ဒုတိယာလည်းဖြစ်၏၊ ရညော-မင်းအား၊ (ရာဇာဟု ပါဌ်ပျက်၏၊) မေ-ကျွန်တော်မျိုး၏၊ အာရောစေ-နှစ်သက်ခြင်းသည်၊ (ဟောတိ-၏၊) ရညော-မင်းအား၊ အာရစ္စတိ-နှစ်သက်ပါ၏၊ ဝါ-တနည်း၊ ရာဇာနံ-ကို၊ အာရစ္စတိ-နှစ်သက်ပါ၏၊ အဟံ-တပည့်တော်မသည်၊ အယျာနံ-အရှင်တို့အား၊ ကိံ အပရစ္စာမိ- အဘယ်သို့ အပြစ်ပြုမိပါသနည်း၊ ဝါ, အဟံ,

**ရာစ ဋ္ဌက္ခခေတ် ယှဉ်ရာ။** ။"ယဿ ဝိပုစ္ဆနံ ကမ္မဝိချာနဋ္ဌံ" — ရှင်ဘုရင်စသူက မိမိကို စကားမပြောဘဲနေရာ, ဘာအပြစ်ရှိ၍ စကား မပြောပါသနည်း—ဟု မိမိ၏မှုပြစ် ထင်ရှားအောင် အကြင်မင်း စသူအား အထူးထူး ( လွဲကာဝတ်ကာ ) မေး၏၊ ထိုမင်း စသူသည် သမ္ပဒါန် ဖြစ်သည် ဟူလို၊ ဤ" ယဿ ဝိပုစ္ဆနံ ကမ္မဝိချာပနဋ္ဌံ " ဟူသော စကားနှင့် ဤအဓိပ္ပါယ်သည် ရာဓခေတ် ပုံစံချားနှင့်သာ ဆိုင်၏, ဋ္ဌက္ခခေတ်၏ ပြလတ့ံ ပုံစံများ၌ ဤအဓိပ္ပါယ်မရနိုင်၊ ထို့ကြောင့်"ယဿ ဝိပုစ္ဆနံ ကမ္မဝိချာပနဋ္ဌံ"စကားသည် "ရာမိက္ခာနံ ယဿ ဝိပစ္ဆော" ဟူသော ပါဏိနီသုတ်နှင့် ဋီကာတို့မှ ယူထားသော စကား ဖြစ်သည်အားလျော်စွာ ထိုစကားနှင့် လျော်သော ပုံစံကို ထုတ်ပြမှသာ ရာမ ဋ္ဌက္ခခေတ် ၂မျိုးလုံးနှင့် ဆိုင်သော အဓိပ္ပါယ်ကို ရနိုင်မည်၊ ထိုပုံစံများကို ကစ္စည်းဘာသာဋီကာ၌ ပြထားသည်။

**အာရာစေ မေ ရညော၊ ပေ၊ အာရစ္စတိ**—ရှင်ဘုရင်သည် ပုဏ္ဏားအား စကား မပြောဘဲနေရာ, မိမိအပြစ်ကို ထင်ရှားစေလိုသောကြောင့် "အာရာစေ မေ ရညော"ဟု သံတော်ဦးတင်၏၊ ဤ၌ တိုက်ရိုက်မမေးသော်လည်း ရှင်ဘုရင်က စကားပြန်ပြောလျှင် မိမိအပြစ်ရှိ-မရှိ သိသာမည် ဖြစ်သောကြောင့်"အာရာစေ မေ ရညော" ကိုပင် "ဝိပုစ္ဆန (အထူးထူးမေးခြင်း)"ဟု ဆိုလိုသည်၊ "ရညော အာရစ္စတိ"ဟု ရှိမှ "အာရာစေ နှင့် အသွားတူမည်၊ " ရညော အပရစ္စတိ=မင်းအား အပြစ်ပြု၏ " ဟု ဆိုလိုလျှင် တဂယ် အပြစ်ပြုရာ ရောက်သောကြောင့် ဝိပုစ္ဆနသဘော မထင်ရှား၍ ဤနေရာ၌ ပုံစံမဖြစ်နိုင်၊ "ရာဇာနံ" ကား ယဿဒါတုကာမေသုတ်မှ လိုက်လာသော ဝါသဒ္ဒါကြောင့် သမ္ပဒါန် မမြဲကြောင်းကို ပြသော ပုံစံတည်း၊ ဒုတိယာ ဝိဘတ်ကို"ကမ္မတ္ထေ ဒုတိယာ" သုတ်ဖြင့်ပင် သက်၍ အနက်ကိုလည်း "ကို" ဟု ပေး၊ နောက်၌"အာယသ္မန္တံ ကမ္မတ္ထေ ဒုတိယာ"ဟု ဋီကာဖွင့်လတ့ံ။

**ကျာဟံ အယျာနံ၊ ပေ၊ အပရစ္စာမိ ဝါ**—" မေတ္တိယ ဘူမဇက " မည်သော ဆဗ္ဗဂ္ဂိ ဂိုဏ်းဝင် ရဟန်းများသည် ရဟန္တာ အရှင်ဒဗ္ဗအပေါ်၌ မကျေနပ်ဘွယ် ကိစ္စတခု ရှိနေ ကြ၏၊ ထိုအခိုက်မှာ သူတို့ဂိုဏ်းဝင်ဖြစ်သော " မေတ္တိယာ ဘိက္ခုနီ " လာသည့်အခါ (သူတို့ စိတ်မချမ်းသာရင်း ရှိ၍ ) စကားမပြောဘဲ နေကြသည်ကို မေတ္တိယာက သူ့မှာ အပြစ်ရှိ၍ စကား မပြောလေရော့သလား ဟု အောက်မေ့၍ မိမိမှာ မှုပြစ်ရှိ မရှိ ထင်ရှား

www.dhammaransi.com



အယျော - တို့ကို၊ ကိံ အပရဇ္ဈာမိ-နည်း၊ ဥပတိဿော - ဥပတိဿသည်၊ အာယသ္မတော ဥပါလိဿ္သေရဿ - အရှင်ဥပါလိထေရ်အား၊ ဥပသမ္ပဒါ ပေက္ခော - ပဥ္စင်း အဖြစ်ကို ရှုငဲ့၏၊ အာယသ္မန္တံ ဝါ - အာယသ္မန္တံ ဟုလည်း ရှိ၏၊

ပဋ္ဌာသုဏာ အနု ပတိ ဂိဏာနံ - ပတိရှေး အာရှေးရှိသော သုခေတ်, အနုရှေးပတိရှေးရှိသော ဂိခေတ်တို့၏၊ ပုဗ္ဗကတ္တာစ-ရှေးဝါကျဉ်၌ ကတ္တား သည်လည်း၊(သမ္ပဒါနံ ဟောတိ၊)သုဏောတိဿ ဓာတုဿ-သုခေတ်၏၊ ပဋ္ဌာယောဂေ - ပတိ , အာတို့နှင့် ယှဉ်ရာ၌ငင်း၊ ဂိဏာဿ - ဂိခေတ်၏၊ အနုပတိယောဂေစ-အနု, ပတိနှင့် ယှဉ်ရာ၌ငင်း၊ ပုဗ္ဗဿ-ရှေးဖြစ်သော၊ ကမ္မုနော-ကံ၏၊ ယောကတ္တာ-အကြင်ကတ္တားသည်၊ ( အတ္ထိ )၊ သော- ထို ကတ္တားသည်၊ သမ္ပဒါနသညော-ရှိသည်၊ ဟောတိ။

စေခြင်း၄၁ " ကျာပံ အယျောနံ " စသည်ဖြင့် မေးသည်၊ ဤ၌ အမေးခံရသော ‌ဟန်း များသည်"အယျာနံ"ဟု သမ္ပဒါန်ဖြစ်၏၊ ဝါသဒ္ဒါကြောင့် သမ္ပဒါန် မမြရကား"အယျော" ဟုလည်း ဒုတိယာ ဗဟုဝုစ်ဖြင့် ရှိရပြန်သည်။

အာယသ္မတော ၊ ပေ ၊ အာယသ္မန္တံ ဝါ — ဥပသမ္ပဒါပေက္ခောကို " ဥပသမ္ပဒါ+ အပေက္ခော"ဟု ပုဒ်ဖြတ်၊ အပေက္ခော၌"အပပုဗ္ဗ ဣက္ခ"ခေတ်ဖြစ်၍ ထိုခေတ်၏ ယှဉ်ရာ၌ " အာယသ္မတော ဥပါလိဿ္သေရဿ " ဟု သမ္ပဒါန် ဖြစ်၏၊ ဝါကြောင့် ဒုတိယာဖြင့် "အာယသ္မန္တံ "ဟုလည်း ရှိရပြန်သည်၊ ဤဣက္ခခေတ် ယှဉ်ရာ၌"ဝိပုစ္ဆန"သဘော လုံးလုံး မရှိ၊ ရဟန်းခံသည့် အခါ"ဥပတိဿ" သည် ဥပါလိထေရ်အား ရဟန်းအဖြစ်ကို ရှုငဲ့သည့် ( ဥပတိဿသည် ဥပါလိထေရ်ကို ဥပဇ္ဈာယ် ပြု၍ ရဟန်းခံသည် ) ဟု ရိုးရိုးပြောသော စကားပင်တည်း၊ ထို့ကြောင့် " ယဿ ဝိပုစ္ဆနံ ကမ္မဝိက္ခါနေတ္ထံ " ကို ( ဤ ပုံစံများ အလိုအားဖြင့် )ဣက္ခခေတ် နှင့် မဆိုင်-ဟု မှတ်။

ပဋ္ဌာသုဏာ ၊ ပေ၊ သမ္ပဒါန သညော - "ပဋ္ဌာသုဏာ အနုပတိ ဂိဏာနံ ပုဗ္ဗကတ္တာစ" သည် အကျဉ်းစကားတည်း၊ "သုဏောတိဿ ၊ ပေ ၊ သမ္ပဒါန သညော ဟောတိ"ကား ထို အကျဉ်းကို ချဲ့သော အကျယ်စကားတည်း၊ ထို အကျဉ်း အကျယ် စကား ၂ ရပ်၏ အဓိပ္ပါယ်မှာ တထပ်တည်းပင် ဖြစ်၏၊ သုဏာ ဂိဏာ တို့၌ပါသော"ဏာ"အက္ခရာသည်ငင်း, သုဏောတိဿ၌ " တိ " အက္ခရာသည်ငင်း ခေတ်သို့ ညွှန်ပြသော ခေတုနိဒ္ဒေသ အက္ခရာ များတည်း၊ ညွှန်ပြပုံကား - သုခေတ်သည် " သဝတိ - ယိုစီး၏ " စသည်ဖြင့် ဘူဝါဒိ ကိယာဒိဂိုဏ်းများလည်း ရှိ၏၊ ထို ဂိုဏ်းဝင် ခေတ်များကို မယူရ, သွာဒိတော ဏုဏာ ဥဏာ စသည်ဖြင့် ဏာပစ္စည်းသက်၍ ပြီးသော သွာဒိဂိုဏ်းဝင် သုခေတ်ကို ယူပါဟု သိစေ လိုသောကြောင့် "သုဏာ, သုဏောတိဿ" ဟု ဏာ အက္ခရာဖြင့်ငင်း တိ အက္ခရာဖြင့်ငင်း ညွှန်ပြ၏၊ အသံပြုခြင်း အနက်ကို ဟောရာ၌ ဆင်တူရိုးမှား ဖြစ်သော ဂေခေတ်လည်း

www.dhammaransi.com



ယထာ-ကား၊ ဘဂဝါ-သည်၊ ဘိက္ခူ-တို့ကို၊ ဝေတံ-ဤ စကားကို၊ အဝေါစ-မိန့်တော်မူပြီ၊ ဧတ္တ-ဤ ပြယုဂ်၌၊ ဘိက္ခူတိ-ဘိက္ခူကံသည်၊ အကတ္တကမ္မံ-အကထိတကံတည်း၊ ဝေတံတိ-ဝေတံဟူသောကံသည်၊ ကထိတကမ္မံ-ကထိတကံတည်း၊ ပုဗ္ဗသ-ရှေးဖြစ်သော၊ ဝစနကမ္မသ-စကားတည်း ဟူသော ကံကို၊ ကတ္တာ-ပြုတတ်သော ကတ္တားကား၊ ဘဂဝါ-ဘဂဝါတည်း၊ တေဘိက္ခူ-(တ-ချိုးစဉ်၌ "တေ" ကျသည်) ထို ရဟန်းတို့သည်၊ ဘဂဝတော-အား၊ ပစ္စဿောသုံ-ရှေးရှု နားထောင်ကြကုန်ပြီ၊ ဘိက္ခူ-တို့သည်၊ ဗုဒ္ဓဿ-အား၊ အာသုဏန္တိ-ရိုသေစွာ နာကြကုန်၏။

ရှိသေးရာ ထိုဂေဝတ်ကို မယူဘဲ "ဂိဏာဘိ" ဟု သွာဒိဂိုဏ်းဝင်ဖြစ်သော ဂိဓာတ်ကိုယူပါ ဟု သိစေလိုသောကြောင့် "ဂိဏ" ဟု ဏ အက္ခရာဖြင့် ညွှန်ပြသည်၊ ထိုတွင် သုဓာတ်သည် ပတိ ရှေးရှိ၍ "ပစ္စဿောသုံ" ဟုရင်း အာရှေးရှိ၍ "အာသုဏန္တိ" ဟုရင်း ရှိရာ၌ ရှေးဝါကျတုန်းက ကတ္တားသည် နောက်ဝါကျ ရောက်သည့်အခါ ထို သုဓာတ်၏ သမ္ပဒါန် ဖြစ်လာရသည်၊ ဂိဓာတ်သည် အနု,ပတိရှေးရှိ၍ "အနု ဂိဏာတိ, ပတိ ဂိဏာတိ" ရှိရာ၌လည်း ရှေးဝါကျတုန်းက ကတ္တားသည် နောက်ဝါကျ ရောက်သည့်အခါ ထို ဓာတ်၏ သမ္ပဒါန် ဖြစ်လာရသည်။

**ဘဂဝါ ဘိက္ခူ ဧတဒဝေါစ၊ ပေ၊ တေ ဘိက္ခူ ဘဂဝတော ပစ္စဿောသုံ**—[ဤ၌ "ဧတ္တ ဘိက္ခူတိ" မှ စ၍ "ကတ္တာ ဘဂဝါ" တိုင်အောင် စကားသည် အမှာစကားတည်း၊ ထိုအမှာစကားချပ်ကို နောင်မှသပ်သပ် အဓိပ္ပါယ်ရေးမည်၊] "ဘဂဝါဘိက္ခူ ဧတဒဝေါစ" သည် ရှေးဝါကျ (ပဌမဝါကျ) တည်း၊ "တေ ဘိက္ခူ ဘဂဝတော ပစ္စဿောသုံ" ကား ထို ဝါကျ၏ အဆက်ဖြစ်သော နောက်ဝါကျ (ဒုတိယဝါကျ) တည်း၊ ပစ္စဿောသုံကား ပတိ ရှေးရှိသော သုဓာတ်တည်း၊ ရှေးဝါကျတုန်းက "ဘဂဝါ" ဟူသော ကတ္တားပုဒ်သည် နောင်ဝါကျ၌ ပတိရှေးရှိသော သုဓာတ်နှင့် ယှဉ်သောကြောင့် "ဘဂဝတော" ဟု သမ္ပဒါန် ဖြစ်လာရသည်။

**အာသုဏန္တိ ဗုဒ္ဓဿ ဘိက္ခူ** — ဤပုံစံ၌ ရှေးဝါကျ တိုက်ရိုက်မပါ, သိလောက် မထည့်ဟန်တူသည်၊ ထို့ကြောင့် "ဗုဒ္ဓေါ ဘိက္ခူ ဧတဒဝေါစ, တေဘိက္ခူ ဗုဒ္ဓဿ အာသုဏန္တိ" ဟု ၂ ဝါကျ ဆက်ပြရာ၏၊ ထိုတွင် ရှေးဝါကျ၌ "ဗုဒ္ဓေါ" ဟူသော ကတ္တားပုဒ်သည် နောက်ဝါကျ၌ အာပုဗ္ဗ သုဓာတ်နှင့် ယှဉ်သောကြောင့် "ဗုဒ္ဓဿ" ဟု သမ္ပဒါန် ဖြစ်လာရသည်၊ "ဘဂဝါ ဘိက္ခူ အာမန္တေသိ ဘိက္ခဝေါတိ (ရှေးဝါကျ), ဘဒန္တေတိ တေ ဘိက္ခူ ဘဂဝတော ပစ္စဿောသုံ (နောက်ဝါကျ)" ဟူသော ဇေဂ္ဂ သုတ်၌လည်း ရှေးဝါကျရှိ "ဘဂဝါ" ကတ္တားသည် နောက်ဝါကျ၌ "ဘဂဝတော" ဟု သမ္ပဒါန် ဖြစ်လာရသည်။

**ဧတ္တ ဘိက္ခူတိ၊ ပေ၊ ကထိတ ကမ္မံ**—[ကျန်ရစ်သော အမှာစကားချပ်၏ အဓိပ္ပါယ်ကို ရေးမည်။] "ဘဂဝါ ဘိက္ခူ ဧတဒဝေါစ" ၌ "ဘိက္ခူ, ဧတံ" ဟု ကံ ၂ ခုရှိရာ ဘိက္ခူသည်

www.dhammaransi.com



တထာ - ထိုမှတပါး၊ ဘိက္ခု - သည်၊ ဇနံ-လူအပေါင်းကို၊ ဓမ္မံ-ကို၊ သာဝေတိ-နာစေ၏၊ ဝါ-ဟော၏၊ တသ္မိံဘိက္ခုနော - ထို ဓမ္မကထိက ရဟန်းအား၊ ဇနော - တရားနာသူ လူအပေါင်းသည်၊ အနုဂ္ဂဏှာတိ - လျော်စွာချီး၏၊ တသ္မိံဘိက္ခုနော ဇနော ပဋိဂ္ဂဏှာတိ-ခွန်းတုံ့ ဆို၏၊ သာဓုကာရဒါနာဒိနာ - ကောင်းချီးပေးခြင်း အစရှိသည်ဖြင့်၊ တံ - ထို ဓမ္မကထိကရဟန်းကို၊ ဥဿာဟယတိ-အားတက်စေ၏၊ ဣတိအတ္ထော၊

အကထိက ( အဝေါစ ကြိယာဖြင့် မဆိုလိုအပ်သော ) ကံတည်း၊ ဓော်သည် ကထိက (အဝေါစ ကြိယာဖြင့် ဆိုလိုအပ်သော) ကံတည်း၊ အချုပ်မှာ—ဘိက္ခုသည် အပဓာန (လိုရင်းမဟုတ်သော) ကံ, ဓော်ကား ပဓာန (လိုရင်းဖြစ်သော=ဝစနကြိယာနှင့်အထူး စပ်ဆိုင်သော=သူမပါလျှင် မပြီးနိုင်သော ) ကံတည်း-ဟု ဆိုလိုသည်၊ [ယံကရောတိ ဘံ ကမ္မံ သုတ်၏ နောက်ပိုင်း၌လည်း ဤ အဓိပ္ပါယ် ပါခဲ့ပြီ။]

ပုဗ္ဗဿ ဝစနကမ္မဿ ကထ္တာ ဘဂဝါ–ပြခဲ့သည့်အတိုင်း ဝါကျ ၂ ခုဆက်ထားလျှင် "ဓော်" သည် ရှေးကံ ( ရှေးဝါကျ၌ ရှိသော ကံ )တည်း၊ "ဓော် – ဤစကားကို" ဟု ဆိုသောကြောင့် ထို ဓော်ကိုပင် "ဝစန ကမ္မ" ဟု ခေါ်ထားသည်၊ ["ဗွိသု ကမ္မေသု ယံ ပုဗ္ဗံ ကထိတကမ္မဿ" ဟု ဖွင့်သော သဒ္ဒနီတိအလိုအားဖြင့် "ပုဗ္ဗဿ ပဓာနဖြစ်သော" ဟု ပေးလိုဟန် တူသည်၊] ထိုဝါကျ၌ပါသော စကားတည်းဟူသော ကံကို ပြုလုပ်တတ် (ပြောဆိုတတ်)သော ကတ္တားပုဒ်ကား "ဘဂဝါ" တည်း၊ အချုပ်မှာ "ပစ္စာသုဏာ၊ပေ၊ ပုဗ္ဗကတ္တာ" ဟု ဆိုခဲ့သည်အားလျော်စွာ ပုဗ္ဗကတ္တားကို ရှာရလိမ့်မည်၊ ထိုပုဗ္ဗကတ္တားကား "ဘဂဝါ" ပင် ဖြစ်သည်-ဟူလို။ ["ဝစနကမ္မဿ·အဝေါစ၌ ဝစန ကြိယာ၏" ဟုလည်း အနက်ဆိုကြ၏၊ ကမ္မသဒ္ဒါ "ကြိယာ" အနက်ဟော ဟု ယူလိုဟန်တူသည်၊ သို့သော် "ဝုတ္တံ ကမ္မန္တိ" ဟု ဂါထာ၌ "ကံ" ဟုပင် လာလတ့် ဖြစ်သောကြောင့်ရင်း "ဝစနကမ္မဿာဟိ-ဓော် အဝေါစာတိ ဧတ္ထ-ဤပါဠိ၌၊ ဝုစ္စမာနဿ—ဆိုအပ်သော၊ သဝနတော— နောက်ဝါကျ၌ သဝနကြိယာမှ၊ ပုဗ္ဗဿ-သော၊ နိဗ္ဗတ္တနီယကမ္မဘူတဿ- (နိဗ္ဗတ္တိဝိကတိ ပတ္တိကံ ၃မျိုးတွင်) နိဗ္ဗတ္တနီယကံဖြစ်၍ ဖြစ်သော၊ ဝစနဿ- (ဓော်အရ) စကား၏၊" ဟု ဋီကာဖွင့်သောကြောင့်ရင်း "ဝစန ကမ္မဿ-စကားဟူသော ကံကို" ဟု ပေးသည်။]

တထာ ဘိက္ခု၊ပေ၊အနုဂ္ဂဏှာတိ — ဤကား အနုဗ္ဗ ဂဟ်ဓာတ်၏ ယှဉ်ရာ ရှေးဝါကျရှိ ကတ္တားပုဒ်က နောက်ဝါကျ၌ သမ္ပဒါန်ဖြစ်ပုံတည်း၊ "ဘိက္ခု ဇနံ ဓမ္မံ သာဝေတိ(ရှေးဝါကျ), တသ္မိံ ဘိက္ခုနော ဇနော အနုဂ္ဂဏှာတိ (နောက်ဝါကျ)" ဤ၌ ရှေးဝါကျရှိ "ဘိက္ခု" ဟူသော ကတ္တားသည် နောက်ဝါကျ၌ အနုပုဗ္ဗဂဟ်ဓာတ်နှင့် ယှဉ်သောကြောင့် "တဿ ဘိက္ခုနော" ဟု သမ္ပဒါန် ဖြစ်လာရသည်။

တဿ၊ ပေ၊ ဥဿာဟယတီတိ အတ္ထော— ဤ၌ ရှေးဝါကျ မပါ "ဘိက္ခု ဇနံ ဓမ္မံ သာဝေတိ, တဿ ဘိက္ခုနော ဇနော ပတိဂ္ဂဏှာတိ" ဟု ရှေးဝါကျထည့်ပေးပါ၊ ရှေးဝါကျ ရှိ ဘိက္ခုသည် ပတိပုဗ္ဗ ဂဟ်ဓာတ်နှင့်ယှဉ်ရာ နောက်ဝါကျ၌ "တဿ ဘိက္ခုနော" ဟု ဖြစ်လာ

www.dhammaransi.com



ယော - အကြင်သူသည်၊ ဝဒေတိ - ပြောဆိုတတ်၏၊ သ ( သော )- ထိုသူ့ကို၊ ကတ္တာဘိ-ကတ္တားဟူ၍၊ ဝုစ္စတိ-ဆိုအပ်၏၊ဝုတ္တံ-ဆိုအပ်သော စကားကို၊ ကမ္မန္တိ-ကံဟူ၍၊ ဝုစ္စတိ-၏၊ ယော - အကြင်သူသည်၊ ပဋိဂ္ဂါ ဟကော-ခံယူတတ်၏၊ တဿ-ထို ခံယူတတ်သူ၏၊ သမ္ပဒါနံ - သမ္ပဒါန် အဖြစ်ကို၊ ဝိဇာနိယာ-သိရာ၏၊ ဣတိ-ဤသို့ မှတ်သိုက်၏။

အာရောစနတ္ထပ္ပယောဂေ - ပြောဆိုခြင်း အနက်ရှိသော ဓာတ်တို့၏ ယှဉ်ရာ၌၊ ယဿ - အကြင်သူ့အား၊ အာရောစေတိ - ပြော၏၊ တံ-ထို ပြောရာသူသည်၊ သမ္ပဒါနံ - သမ္ပဒါန်သည်၊ ( ဟောတိ )၊ ဘိက္ခဝေ-တို့၊ ဝေါ-သင်တို့အား၊ အာရောစယာမိ - ပြောပြတော်မူအံ့၊ ဘိက္ခဝေ ဝေါ ပဋိဝေဒယာမိ - သိစေတော်မူအံ့၊ မဟာရာဇ - မင်းမြတ်၊ တေ - အား၊ အာမန္တယာမိ - သိစေပါ၏၊ အာမန္တ ခေါ တံ ဂစ္ဆမာတိဝါ - အာမန္တ ခေါ တံ ဂစ္ဆမ ဟုလည်း ရှိ၏၊ [ တံ - သင့်ကို၊ အာမန္တ - သိစေပြီး၍

ရသည်၊ "သာဓုကာရ ၊ ပေ ၊ ဥဿာဟယတိ" ကား အနုဂိဏာတိ ပတိဂိဏာတိတို့၏ အဓိပ္ပါယ် ဖွင့်တည်း၊ တရားနာ ပရိသတ်က " သာဓု သာဓု " ဟု သာဓုသံကို ပေးလျှင် ဓမ္မကထိက ရဟန်းသည် အားတက်လာ၏, တရားဟောမှုကိစ္စ၌ စိတ်ထက်သန်လာ၏၊ ထို့ကြောင့် " သာဓု " ခေါ်ခြင်းကိုပင် " အနုဂိဏာတိ – တရားဟောမှုအားလျော်စွာ ဆိုသည်၊ ပတိဂိဏာတိ–တရားဟောသံကို ခွန်းတုံ့ပြန်၍ ဆိုသည်"ဟု မှတ်။

ယော ဝဒေတိ ၊ ပေ ၊ ဝိဇာနိယာ—ဂါထာကား ကစ္စည်းဝုတ္တိ၌လာသော ဂါထာ တည်း၊ ထို့ကြောင့် ထိုဂါထာ၏ အဓိပ္ပါယ်ကို ကစ္စည်းဘာသာဋီကာ၌ ပြထား၏၊ ဤ ရူပ်ဋီကာ၌"ဓေတဒဝေါစာတျာဒိသု-ယောဓမ္မံဒေသေတိ, သော တဿ ကမ္မဿ ကတ္တာတိ ဝုစ္စတိ၊ တေန ဝုတ္တံ ဝစနံ ပုဗ္ဗကမ္မန္တိ"ဤတိုင်အောင် ဖွင့်ပုံကောင်း၏၊ ထို့နောက်"တဿ ဝစနဿ ဘိက္ခုသံဃော ဝါ ဇနော ဝါ ပဋိဂ္ဂါဟကော၊ တံ သမ္ပဒါနန္တိ ဝိဇာနိယာ"ဟူသော အဖွင့်ကား မကောင်း၊ မှန်၏–"ဘဂဝါ ဘိက္ခူ ဧတဒဝေါစ"ဝါကျ၌ ဘိက္ခူအရ ဘိက္ခု သံဃောဟု ဆိုထား၏၊ ထိုဘိက္ခုသံဃာသည် သမ္ပဒါန်မဖြစ်၊ ဘဂဝါသာ သမ္ပဒါန်ဖြစ်၏၊ "ဘိက္ခု ဇနံ ဓမ္မံ သာဝေတိ"ဝါကျ၌ ဇနံကို ဇနော ဟု ဆိုထား၏၊ ထိုဇနသည်း သမ္ပဒါန် မဖြစ်၊ ဘိက္ခုသာ သမ္ပဒါန်ဖြစ်၏၊ ထိုသမ္ပဒါန် ဖြစ်ကြသော "ဘဂဝါ, ဘိက္ခု" ကတ္တား ၂ခုလည်း ထိုစကားကို မခံယူ, ရှေးရှုနားထောင်ခြင်း-လျော်စွာဆိုခြင်း ကြိယာကိုသာ ခံယူ၏၊ထို့ကြောင့် ရူဋီကာအဖွင့်ကို ဆင်ခြင်ကြပါလေ၊ [သမ္ပဒါနံ၌"သမ္ပဒါနဘာဝံ"ဟု ဆိုလိုလျက် ဂါထာဖြစ်၍ ဘာဝပုဒ်ကို ချေထားသည်-ဟုကြံ၊ သို့မှ "တဿ သမ္ပဒါနံ= ထို ခံယူတတ်သော ကာရက၏+သမ္ပဒါန် အဖြစ် " ဟု အဓိပ္ပါယ်ရသည်၊ " တဿ– ထိုရှေးရှု နားထောင်ခြင်း လျော်စွာဆိုခြင်း ကြိယာကို၊ ပဋိဂ္ဂါဟကော – ခံယူတတ်၏ " ဟုလည်း ပေးကြသေး၏၊ ဆင်ခြင်ဘွယ်ပင်။]

www.dhammaransi.com



ဝါ-ခွင့်ပန်ပြီး၍၊ ဂန္တာမ-သွားကုန်တော့အံ့၊]စ-ဆက်၊ ဇ္ဈေ-ဤ အာရော စနတ္ထုပ္ပယောဂ၌၊ အာရောစနသဒ္ဒသ - အာရောစန သဒ္ဒါ၏၊ ကထန ပကာရတ္ထတ္တာ-ကထနသဒ္ဒါနှင့်တူသော အနက်ရှိသည်၏အဖြစ်ကြောင့်၊ ဒေသနတ္ထာဒိ ပယောဂေပိ - ဟောပြောခြင်း အနက်ရှိသောဓာတ် အစ ရှိသည်တို့၏ ယှဉ်ရာ၌လည်း စတုတ္ထီ စတုတ္ထီဝိဘတ်သည်၊ (ဟောတိ)၊ ဝေါ - တို့အား၊ ဓမ္မံ - ကို၊ ဒေသဿာမိ-ဟောပေအံ့၊ ဘန္တေ-မြတ်စွာ ဘုရား၊ ဘဂဝါ - သည်၊ ဘိက္ခူနံ-တို့အား ဓမ္မံ, ဒေသေတု-ဟောတော်မူပါ၊ ယထာ - အကြင် အခြင်းအရာအားဖြင့်၊ နော-ငါတို့အား၊ ဘဂဝါ-သည်၊ ဗျာကရေယျ - ဖြေရာ၏၊ တေ - သင့်အား၊ နိရုတ္တိံ - နိရုတ္တိကို၊ ပဝက္ခာမိ-ဆိုပေအံ့၊ ဣစ္စာဒိ-တည်း။

(၃၀၄) တဒတ္ထေ-ထို၏ အကျိုးဟူသောအနက်၌၊ သမ္ပဒါနသညာ- သမ္ပဒါန်အမည်သည်ရင်း၊ စတုတ္ထီစ-စတုတ္ထီဝိဘတ်သည်ရင်း၊(ဟောတိ)၊ [“အတ္ထာယ”၌ အတ္ထတည်း, ဤ “ဘိလာဗာ” စသောသုတ်ဖြင့် တဒတ္ထ သမ္ပဒါန် အမည်မှည့်, “သမ္ပဒါနေ စတုတ္ထီ” သုတ်ဖြင့် စတုတ္ထီဝိဘတ် သက်“အတ္ထ+သ”ဟု ရှိပြီးဖြစ်စေ, ဟူလို၊]

အာရောစန ၊ မေ ၊ ဂန္တာမ — အာ ပုဗ္ဗ ရုစဓာတ်သာ မက, ပြောဆိုခြင်း အနက် ရှိသော ဓာတ်ဟူသမျှ၏ ယှဉ်ရာကို ယူစေလို၍ “အာရောစနတ္ထုပ္ပယောဂေပိ” ဟု အတ္ထ သဒ္ဒါနှင့်တကွ ဆိုသည်၊ ထို့ကြောင့် “ဇ္ဈေစ ၊ ပေ ၊ ဒေသနတ္ထာဒိပယောဂေပိ” ဟု နောက်၌လည်း ဖွင့်သည်၊ ထို့ကြောင့်ပင် ပဋိဝေဒယာမိ စသည်ကို ပုံစံထုတ်နိုင်သည်၊ “သိစေခြင်း”ဟူသည် သိအောင်ပြောခြင်းပင်တည်း၊ “အာမန္တ ခေါတံ ဂန္တာမ” ကား သမ္ပဒါန် မဖြစ်ကြောင်း “တံ” ဟု ဒုတိယာလည်း ရှိကြောင်းကို ပြသော ပုံစံတည်း၊ “ဒဿမန္တယ ဝေါ” ဟု ပျက်၏၊ “အာမန္တ ခေါတံ ဂန္တာမ, ပုရာ တေ ဟောမ အပ္ပိယာ” ပါဠိ၏ မဟာဗောဓိဇာတ် အဋ္ဌကထာ၌ “အာမန္တေတွာ ဝ တံ ဂန္တာမ” ဟု ဖွင့်သည်၊ ထို့ကြောင့် “အာမန္တေတွာ” ဆိုလိုလျက် ဂါထာဖြစ်၍ “တွာ” ပစ္စည်း ချေသားရကား “အာမန္တ-ခေါ”ဟုသာ ရှိသင့်သည်၊ [“ပယောဂေပိ စတုတ္ထီ” ဟု ဆိုသော်လည်း ဤသုတ်ဖြင့် သက်ရမည် မဟုတ်၊ ဤသုတ်ဖြင့် သမ္ပဒါန်မှည့်၍ သမ္ပဒါနေ စတုတ္ထီသုတ်ဖြင့် စတုတ္ထီ သက်ပါ-ဟု ဆိုလိုသည်။]

(၃၀၅) တဒတ္ထေ—တဒတ္ထကို“တ+အတ္ထ”ဟု ခွဲ၊ တဿ+အတ္ထော, တဒတ္ထော၊ တဿ၌ တ အရ တွဲဘက်ဘခုခုကို စွဲရမည်၊ ကြိယာနှင့်တွဲလျှင် “ထို ကြိယာ၏” ဟု စွဲ၊ “ယူပါယ+ဒါရု—ယစ်တိုင်အလို့ငှါ+သစ်သား(ယစ်တိုင်ဘို့+သစ်သား)”ဟုဖြစ်နှင့် တွဲရာ၌“တဿ-ထို ယင်တိုင်၏”ဟု ဖြစ်ကို စွဲရသည်။

www.dhammaransi.com



တဒေတာတိ ဝါဘိစ ဝတ္တတေ။

အာယ စတုဗ္ဗေကဝစနသာထု ။ ၁၀၉ ။ အာဘာရဏ္ဍတော လိင်္ဂမှာ ပရသာ စဘုဗ္ဗေကဝစနသာ အာယာဒေသော ဝါ ဟောတိ၊ သရလောပါဒိ၊ ဗုဒ္ဓသာ - ၏၊ အတ္ထာယ - အကျိုး ငှါ၊ ခမ္မသာ အတ္ထာယ , သံဃသာ အတ္ထာယ , ဇီဝိတံ - အသက်ကို၊ ပရိစ္စဇာမိ - စွန့်ပါ၏၊ ဝိတ္တာပါတံ - ဆွမ်းကို၊ ဒဝါယ - မြူးဘူးပျော် ရွှင်ခြင်းငှါ၊ နေဝ ပဋိသေဝါမိ - မှီဝဲသည် မဟုတ်၊ မဒါယ - မာန်ယစ်ခြင်းငှါ၊ နပဋိသေဝါမိ၊ မဏ္ဍနာယ-အသားအရေ ပြည့်ဖြိုးစေခြင်းငှါ၊ န ပဋိသေဝါမိ၊ ဝိဘူသနာယ - အရေအဆင်းကို ကြည်လင်စေခြင်းငှါ၊ န ပဋိသေဝါမိ - မှီဝဲသည် မဟုတ်၊ ဥဋ္ဌနသာ - ယုတ်လျော့သော သက်န်း၏၊ ပါရိပူရိယာ - ပြည့်စုံခြင်းငှါ၊ အတ္ထာယ - အကျိုးငှါ၊ ဟိတာယ - စီးပွားအလို့ငှါ၊ သုခါယ-ချမ်းသာခြင်းငှါ၊ သံဝတ္တတိ-ဖြစ်၏။

တုမတ္ထေ - တုံပစ္စည်း၏ အနက်၌၊ ( သမ္ပဒါန် ဟောတိ )၊ လောကာနုကမ္ပာယ - လောကကို စောင့်ရှောက်ခြင်းငှါ၊ လောကံ - လောကကို၊ အနုကမ္ပိတုံ - စောင့်ရှောက်ခြင်းငှါ၊ ဣတိ အတ္ထော- နက်၊ တထာ-ထို့အတူ၊ ဖါသုဝိဟာရာယ-ချမ်းသာစွာနေရခြင်းငှါ။

ဗုဒ္ဓသာ အတ္ထာယ ဇီဝိတံ ပရိစ္စဇာမိ စသည် — အသက် စွန့်ခြင်းသည် ဘုရားဘို့ ဖြစ်၏၊ ထို့ကြောင့် အတ္ထာယသည် တဒင်္ဂ ( ထိုစွန့်ခြင်း ကြိယာ၏+အကျိုး ) တည်း၊ "ဓမ္မသာ အတ္ထာယ " စသည်လည်း နည်းတူ၊ "ပိဏ္ဍပါတံ ပဋိသေဝါမိ နေဝ ဒဝါယ"၌ "နေဝ"ဟူသော ပဋိသေဓ မပါလျှင်"ဆွမ်းကို မှီဝဲခြင်း ( စားခြင်း ) သည် ပျော်မြူးခြင်း အကျိုးငှါ ( ပျော်မြူးဘို့ရာ ) ဖြစ်၏" ဟု အနက်ထွက်၏၊ ထို့ကြောင့် ဒဝသည် ဆွမ်းစားခြင်း၏ အကျိုး ( တဒင်္ဂ ) တည်း၊ [ နေဝ – ဟူသော ပဋိသေဓ အတွက်ကြောင့် ဒဝ အကျိုး မရသော်လည်း တဒင်္ဂ အမည်ကား မပျက်တော့၊ ] နမဒါယ စသည်၌လည်း နည်းတူ၊ " ဥဋ္ဌနသာ ပါရိပူရိယာ " ၌"ဝတ္တနိကမ္မိတဗ္ဗံ"ဟု ပါဠိရင်းနှင့် ဆက်၊ နောင်ခါ သက်န်းချုပ်ရာ၌ ယုတ်လျော့နေလျှင် (မလောက် မင ဖြစ်နေလျှင်) ထို သက်န်းပြည့်ဘို့ရာ ယခုနှယ်က အဝတ်ကို ထားနိုင်သည်၊ ဤ၌ ယုတ်လျော့သော သက်န်း၏ ပြည့်စုံ လုံသော် ခြင်းသည် အဝတ်ကို ထားခြင်း၏ အကျိုး(တဒင်္ဂ)တည်း၊ "အတ္ထာယ၊ပေ၊သံဝတ္တတိ"၌ "ဓမ္မော" ဟု ကတ္တားထည့်၊ သတ္တဝါတို့၌ အတ္တ ဟိတ သုခကိုရခြင်းသည် တရားဖြစ်ပေါ်လာခြင်း၏အကျိုး (တဒင်္ဂ) တည်း၊ ထို တဒင်္ဂအနက်၌ အာယ စတုဗ္ဗေကဝစနသာထု သုတ်ဖြင့် သကို အာယပြု၍ "အတ္ထာယ" စသော ရုပ်များပြီးကြရသည်၊ [ ထိုသုတ်အဓိပ္ပါယ်ကို အခြေပြုမှာ ရှု။ ]

www.dhammaransi.com



တုမတ္ထေ—"တုသာ-တုံပစ္စည်း၏၊ အတ္ထော-အနက်တည်း၊ တုမတ္ထော-တုံပစ္စည်း၏ အနက်၊ ["ကိသာ" ကဲ့သို့ နိဂ္ဂဟိတ်ချေ၍ "တုသာ" ဟု ဆိုလိုက်သည်။] တုံပစ္စည်းဖြင့် ပါဋ္ဌိထားမည်ဆိုလျှင် ထားနိုင်လျက် တုံပစ္စည်းဖြင့် မထားဘဲ သ ဝိဘတ်ဖြင့် ထားလိုသည့် အခါ တုံပစ္စည်းအနက်၌ ဤသိလာဿစသော သုတ်ဖြင့် သမ္ပဒါန်မည့်ခြင်း စသည်စီရင်၍ "လောကာနုကမ္ပာယ" ဟု ဖြစ်၏၊ လောကံ အနုကမ္ပိတုံကား အနက်ဖွင့်တည်း၊ တထာ ဖါသုဝိဟာရာယ၌ တထာဖြင့် "ဖါသုဝိဟရိတုံ" ဟူသော အနက်ကို ညွှန်ပြ၏။

တဒတ္ထ တုမတ္ထအထူး။ ။"လောကာနုကမ္ပာယ ဗုဒ္ဓေါ လောကေ ဥပ္ပဇ္ဇတိ" ၌ "ဘုရား ပွင့်ခြင်းသည် အကြောင်း, လောကကို စောင့်ရှောက် နိုင်ခြင်းသည် အကျိုး (တဒတ္ထ)" ဟုငင်း, "ဖါသု ဝိဟာရာယ ဝိနယော ပညတ္တော" ၌ "ဝိနည်းပညတ်ခြင်း သည် အကြောင်း, ချမ်းသာစွာ နေရခြင်းသည် အကျိုး (တဒတ္ထ)" ဟု ငင်း ဖြစ်နိုင်၏၊ ထို့ပြင်—ဟေတု သမ္ပဒါန် အတ္ထသမ္ပဒါန်ဟု ၂မျိုးခွဲရာ၌ "အား"ဟု ပေးရသော သမ္ပဒါန် များသည် ကြိယာ၏အကြောင်းဖြစ်၍ ဟေတုသမ္ပဒါန်များတည်း၊ "ငှါ" ဟု ပေးရသော သမ္ပဒါန်များကား ကြိယာ၏ရင်း ဒြဗ်၏ရင်း အကျိုးဖြစ်၍ (တဒတ္ထ တုမတ္ထ ၂မျိုး လုံးပင်) အတ္ထသမ္ပဒါန်ချည်းဖြစ်ကြသည်၊ ထို့ကြောင့် ဤတဒတ္ထ တုမတ္ထ ၂မျိုးသည် အဘယ်သို့ ထူးသနည်း-ဟု မေးဘွယ်ရှိ၏၊ အဖြေကား—(တွာလေ ပ အပါဒါန်ကဲ့သို့) တုံ ပစ္စယန္တ ပုဒ်ဖြင့် ပါဋ္ဌိထားခွင့် ရှိရာဝယ် တုံပစ္စယန္တဖြင့် မထားဘဲ သဝိဘတ်ကို အာယ ပြုထား လျှင် တုမတ္ထ, တုံပစ္စယန္တဖြင့် ပါဋ္ဌိထားခွင့် မရှိသော အကျိုး သမ္ပဒါန် ဟူသမျှ သည် တဒတ္ထတည်း၊ ချဉ်းအံ့—လောကာ နုကမ္ပါယ၌ "လောကံ အနုကမ္ပိတုံ"ဟု ပါဋ္ဌိထားခွင့် ရှိ၏၊သို့သော် တုံပစ္စယန္တပုဒ်ဖြင့် မထားဘဲ သကို အာယပြု၍ထားသောကြောင့် တုမတ္ထ သမ္ပဒါန် ဖြစ်ရသည်၊ ဖါသုဝိဟာရာယ၌လည်း နည်းတူ၊ နောက်၌ ဘာဝ ဝါစိမ္ဟိ စတုတ္ထီ သုတ်ဝယ် "ပစိတုံ" အရာ၌ "ပါကာယ ဝဇတိ" ဟု လာဉီးလတံ့၊ ဗုဒ္ဓသ အတ္ထာယ စသည်၌ကား "အတ္ထံ+ကာတုံ" ဟု တုံပစ္စယန္တဖြင့် ပါဋ္ဌိထားလိုရိပ် မရှိ၊ ထို့ကြောင့် "အတ္ထာယ"သည် တဒတ္ထ သမ္ပဒါန်တည်း။

[အာသုဗောဓ] "တုမန္တသာ လောပေါဝါ, တက္ကမ္မဏိ စ" (သုတ်) တုမန္တသာ ဝါလောပေါ ဘဝတိ, တံ လောပေ စ တဿ ကမ္မဏိ စတုတ္ထီ ဘဝတိ, ကဋ္ဌံ အာနေတုံ ယာတိ, ကဋ္ဌာယ ယာတိ၊ (ဝုတ္တိ)။........

တုံပစ္စယန္တပုဒ်၏ ရံခါကျေခြင်းဖြစ်၏၊ ထိုတုံပစ္စယန္တပုဒ်ကျေရာဝယ် ထိုပုဒ်၏ကံ၌ စတုတ္ထီ ဖြစ်၏၊ "ကဋ္ဌံ အာနေတုံ" ဟု ပါဋ္ဌိ ထားခွင့် ရှိရာဝယ် တုံပစ္စယန္တပုဒ်ကို ချေ၍ ထိုပုဒ်၏ ကံဖြစ်သော ကဋ္ဌ၌ စတုတ္ထီသသက်, ကဋ္ဌာယ ဟု တုမတ္ထ သမ္ပဒါန် ဖြစ်သည်—ဟူလို။

တဆင့် မေးဘွယ်။ ။အဘယ်အတ္ထသမ္ပဒါန်မျိုး၌ တုံပစ္စယန္တဖြင့် ပါဋ္ဌိထားခွင့်ရှိ၍, အဘယ် အတ္ထသမ္ပဒါန်မျိုး၌ တုံပစ္စယန္တ ပုဒ်ဖြင့် ပါဋ္ဌိထားခွင့် မရှိပါသနည်း—ဟု တဆင့် မေးဘွယ်ရှိ၏၊....ဤအမေး၌ "ဂုဏ္ဍတ္ထေသု သမာနကတ္တုကေသု တဝေ တုံ ဝါ" သုတ် အသွားကို သတိထား၍ ဖြေရပေလိမ့်မည်၊ မည်သည့်အရာ၌ မဆို ပုဂ္ဂိုလ်၏အလိုဂုဏ္ဍာ များပါရ ထင်ရှားလျှင် တုံပစ္စယန္တဖြင့် ပါဋ္ဌိထားခွင့်ရှိ၏၊ ပုဂ္ဂိုလ်၏အလိုဂုဏ္ဍာ များပါရ မထင်ရှားလျှင် တုံပစ္စယန္တဖြင့် ပ ဋ္ဌိ ထားခွင့်မရှိ၊ ချဉ်းအံ့—"လောကာနုကမ္ပါယ ဗုဒ္ဓေါ

www.dhammaransi.com



လောကေ ဥပ္ပဇ္ဇတိ”၌ ဘုရားရှင်၏ လောကကို စောင့်ရှောက်လိုသော ဣစ္ဆာ မျှောပါရသည် ထင်ရှား၏၊ “ဖါသု ဗိဟာရာယ ဝိနယော ပညတ္တော” ၌လည်း ဘုရားရှင်၏ ရဟန်းတို့ ချမ်းသာ စေလိုသော အလိုဣစ္ဆာ မျှောပါရသည် ထင်ရှား၏၊ “အတ္ထာယ ဟိတာယ သုခါယ ဗုဒ္ဓေါ လောကေ ဥပ္ပဇ္ဇတိ ”ဟု ဆိုပြန်လျှင်လည်း လောက၏ အတ္ထ ဟိတ သုခကို ပြုလိုသော ဘုရားရှင်၏ အလို မျှောပါရသည် ထင်ရှား၏၊ ထို့ကြောင့် “အတ္ထံ ကာတုံ, ဟိတံ ကာတုံ, သုခံ ကာတုံ”ဟု တုံပစ္စယန္တဖြင့် ပါဌ်စီခွင့်ရှိသည်၊ “ပါကာယ ဝဇတိ”၌ သွားသူ၏ချက်လိုသော အလိုဣစ္ဆာ မျှောပါရသည် ထင်ရှား၏၊ ထို့ကြောင့် “ပစိတုံ” ဟု ထားခွင့် ရှိသည်၊ “ကဋ္ဌာယ ယာတိ” ၌လည်း သွားသူ၏ ထင်းကို ဆောင်လိုသော အလိုဣစ္ဆာ မျှောပါရသည် ထင်ရှား၏၊ ထို့ကြောင့် “ကဋ္ဌံ အာနေတုံ” ဟု ပါဌ်စီခွင့်ရှိ၏၊ “ဗုဒ္ဓဿ အတ္ထာယ ဇီဝိတံ ပရိစ္စဇာမိ” ၌ကား အသက် ငွန်းပါ၏ဟု ဝန်ခံသူ၏ ဘုရားကြည်ညို ကြောင်းသာ ထင်ရှား၏၊ ဘုရား အတွက် တစုံတခု ပြုလိုသော ဣစ္ဆာကား မထင်ရှား၊ ထို့ကြောင့် “ဗုဒ္ဓဿ အတ္ထံ ကာတုံ” ဟု ပါဌ်စီခွင့်မရှိ၊ ဤသို့ စသည်ဖြင့် နောက်နောက် ပုံစံများကိုလည်း စိစစ်ကြည့်ပါလေ၊ အချုပ်မှာ—ပုဂ္ဂိုလ်၏ အလိုဣစ္ဆာ မျှောပါရ လုံးလုံးမရှိလျှင်ငြင်း,အနည်းငယ်ရှိစေကား မူ တုံပစ္စယန္တဖြင့် ပါဌ်ထားနိုင်လောက်အောင် မျှောပါရ မထင်ရှား လျှင်ငြင်း, တဒတ္ထ သမ္ပဒါန်သာ ဖြစ်ရမည်၊ ပုဂ္ဂိုလ်၏ အလို ဣစ္ဆာ ထူးခြား ထင်ရှားရာ၌ကား တုမတ္ထသမ္ပဒါန် ဖြစ်ရမည်-ဟု ဆိုလိုသည်။

[ဆောင်] ထိုထို ပုဂ္ဂိုလ်, အလို ဣစ္ဆာ, ရှိရာ တိုင်းတည်း, တုံပစ္စည်းဖြင့်,
ပါဌ်စီသင့်လျက်, အခွင့်သင့်ငြား,အာယ ထားမူ, မှတ်သားတုမတ်၊
တဒတ္ထငယ်, မရွယ် ဣစ္ဆာ, အကျိုးသာကြောင့်, တုံပါဌ် သော်,
မခေလျော်သည်, နှစ်ဘော် အတ္ထ အထူးတည်း။

ဝါဒန္တရ။ ။ဤပြခဲ့သော ဝါဒသည် ရှေးဆရာတို့ ဝါဒပင် ဖြစ်၏၊ သို့သော် ဤသို့ ကျယ်ဝန်းစွာ စိစစ်ချက် မရှိ၍ ထိုဝါဒကို အတည် မပြုနိုင်သော ပုဂ္ဂိုလ်တို့က “အကြောင်း အကျိုး ပြန်၍ရလျှင် တဒတ္ထ,အကြောင်း အကျိုး ပြန်၍ မရလျှင် တုမတ္ထ”ဟု ငြင်း,တနည်း— “တိုက်ရိုက် အကျိုးဖြစ်လျှင် တဒတ္ထ, အဆက်ဆက် အကျိုးဖြစ်လျှင် တုမတ္ထ ”ဟု ငြင်း ခွဲခြားကြသေး၏၊ စိစစ်အံ့— တံစိရံ နိက္ခိပိတဗ္ဗံ-ဥနသ ပရိပူရိယာ၌ သက်န်း ထားခြင်းသည် အကြောင်း, ပြည့်စုံခြင်းသည် အကျိုး, ထားခြင်းကြောင့် ပြည့်စုံသည်, ပြည့်စုံလိုသောကြောင့် ထားသည်”ဟု အကြောင်း အကျိုး ပြန်၍ရသတဲ့၊ စဉ်းစားကြပါကုန်၊ ပါရိပူရိယာကိုအကြောင်း လုပ်သည့်အခါ သူ့သဒ္ဒါနက်အတိုင်း မဟုတ်တော့ဘဲ,“ပြည့်စုံလိုသောကြောင့် ” ဟု “ အလို” စကားကလေး အပို ပါနေသည်၊ ဤသို့ အပိုထည့်၍ အကြောင်း အကျိုး ပြန်တမ်း ဆိုလျှင် “ လောကာ နုကမ္ပါယ ၊ ပေ ၊ ဗုဒ္ဓေါ ဥပ္ပဇ္ဇတိ ” ၌ “ဘုရား ပွင့်ခြင်းသည် အကြောင်း, လောကကို စောင့်ရှောက် ရခြင်းကား အကျိုး”— “လောကကို စောင့်ရှောက်လိုခြင်း (ကရုဏာ)သည် အကြောင်း, ဘုရားဖြစ်ရခြင်းကား အကျိုး”ဟု အကြောင်းအကျိုးပြန်၍ရသည်သာ၊ ထို့ကြောင့် “အကြောင်းအကျိုးပြန်၍ ရလျှင် တဒတ္ထ, ပြန်၍မရလျှင် တုမတ္ထ ” ဟူသော ဝါဒကို စဉ်းစားသင့်၏၊ ထို့ပြင်— “ သက်န်းကို သိမ်းထားခြင်းတည်း ဟူသော အကြောင်းကြောင့် နောင်ခါ ယုတ်လျော့နေသော သက်န်းကို ဖြည့်ရခြင်းသည် တိုက်ရိုက် အကျိုးတည်း”တဲ့၊ သို့ဖြစ်လျှင်“ဘုရား

www.dhammaransi.com



အလံသဒ္ဒဿ - အလံသဒ္ဒါ၏၊ အတ္ထာ - အနက်တို့ဟူသည်၊ အရဟာ ပဋိက္ခေပါ - ထိုက်တန် ဟူသော အနက် , ပယ်ခြင်း အနက်တို့တည်း၊ အရဟတ္ထေ-ထိုက်တန်ဟူသော အနက်၌ ( ဥဒါဟရဏံ )၊ မေ- ငါ့အား၊ ရဇ္ဇံ - တိုင်းပြည်သည်၊ အလံ - ထိုက်တန်၏၊ ဘိက္ခု သည်၊ ပတ္တဿ - သပိတ်အား၊ အလံ - ထိုက်၏၊ အက္ခရဏ္ဍော - ကြွအံကြူးသော၊ ဝါ- ကစားသမား ဖြစ်သော၊ ပုရိသပုဂ္ဂလော - ယောကျ်ား ပုဂ္ဂိုလ်သည်၊ ဒါရဘရဏာယ - မယားမွေးမြူခြင်းငှါ၊ နအလံ - မထိုက်၊ မလ္လော - လက်ဝှေ့သည် တယောက်သည်၊ မလ္လဿ - အား၊ အလံ - ထိုက်၏၊ မလ္လော - သည်၊ မလ္လဿ - အား၊ အရဟတိ- ထိုက်၏၊ ပဋိက္ခေပေ-ပယ် မြစ်ခြင်း အနက်၌၊ ( ဥဒါဟရဏံ )၊ တေ - သင်အား၊ ဃရေ - ၍ကျောင်း၌၊ ဝါသေန-နေခြင်းဖြင့်၊ အလံ - အကျိုးမရှိ၊ မေ-အား၊ ဟိရည္ညသုဝဏ္ဏေန- ငွေရွှေဖြင့်၊ အလံ-အကျိုးမရှိ၊ မေ-အား၊ ဧကေန-တယောက်ထည်းဖြစ်၍၊ တိဋ္ဌေန - သံသရာမှ ကူးသော ယောကျ်ားဖြင့်၊ ကိံ - ဘာလုပ်အံ့နည်း၊ ဒုမ္မေဓ - ပညာမရှိသော ဟဲ့ရသေ့၊ တေ- အား၊ ဇဋာဟိ-ဆံကျစ်တို့ဖြင့်၊ ကိံ-ဘာလုပ်အံ့နည်း၊ စတုမဋ္ဌဿ-ကိုယ် , အမျိုး , အသံ, ဂုဏ်, ၄ ပါးရုံ တို့ဖြင့် ချောမောသော၊ တေ - သင်မြေခွေးအား၊ ( ဗုဒ္ဓ - ၍အံရပ်၌ )၊ ကိံ-ဘာလုပ်အံ့နည်း၊ ( "ဗိလံ ပဝိသ-တွင်းထဲဝင်နေလော"ဟူလို။)

ပွင့်ခြင်း-တည်းဟူသော အကြောင်းကြောင့် လောကကို စောင့်ရှောက် နိုင်ခြင်းလည်း တိုက်ရိုက် အကျိုးပင်၊ ဝိနည်းကို ပညတ် ခြင်းကြောင့် လဇ္ဇီရဟန်းတော်များ ချမ်းသာစွာ နေရခြင်းသည်လည်း ( အကြားဥ္စ အခြားအကြောင်းတမျိုး ခြားလျက်မရှိ ) တိုက်ရိုက် အကျိုးပင်၊ ထို့ကြောင့်"တိုက်ရိုက် အကျိုးဖြစ်လျှင် တဒတ္ထ,အဆက်ဆက်အကျိုးဖြစ်လျှင် တုမတ္ထ"ဟူသော ဝါဒလည်း စဉ်းစားဘွယ်ပင်။

**အရဟတ္ထေ**— " အလမတ္ထ " ဟု သုတ်၌ပြခဲ့ရာ, ထို အလံသဒ္ဒါ၏ အနက်ဟူသည် အရဟတိ အနက် ပဋိက္ခေပ အနက်အားဖြင့် ၂မျိုးရှိ၏၊ ထိုတွင် အရဟတိ အနက်၏ ပုံစံများ၌"အက္ခရဏ္ဍော ၊ ပေ ၊ ဒါရဘရဏာယ"သည် တုမတ္ထ သမ္ပဒါန်တွင် ပါဝင်သင့်၏၊ ထို့ကြောင့် " ဒါရဘရဏာယ " ဟု သကို အာယ ပြုသည်၊ ထိုသို့ တုမတ္ထသမ္ပဒါန် သဘောရှိသော်လည်း အလံသဒ္ဒါနှင့် ယှဉ်သောကြောင့် အလတ္ထပယောဂ၌ ထုတ်ထား ပြန်သည်၊ "တုမတ္ထလည်း သင့်, အလမတ္ထ ပယောဂလည်း သင့်သည်"ဟူလို။

**ပဋိက္ခေပေ**—မသင့်, မထိုက်, ဘာအကျိုး ရှိအံ့နည်း ( အကျိုးမရှိဘူး ) ဟူသော အနက်များကို ပဋိက္ခေပတ္ထ ဟု ဆိုသည်၊ ထိုတွင်"စတုမဋ္ဌဿာတိ သရီရေန, ဇာတိယာ သရေန, ဂုဏေနာတိ စတူဟိ မဋ္ဌဿ" ဟု စတုမဋ္ဌဇာတ် အဋ္ဌကထာ ဖွင့်သောကြောင့်

မညာတိပ္ပဋိယောဂေ - မနစေတ်၏ ယှဉ်ရာ၌၊ အနာဒရေ - မလေးစားအပ်သော၊ အပ္ပါဏိနိ - သတ္တဝါလည်း မဟုတ်သော၊ ကမ္မနိယေဝ - ကံအနက်၌သာ၊ ( သမ္ပဒါန် - သည်၊ ဟောတိ၊ ) တုဝံ - နင့်ကို၊ ကဋ္ဌသာ- ထင်းတုံးလို၊ မညေ - မှတ်ထင်၏၊ တုဝံ- နင့်ကို၊ ကလိင်္ဂရသာ-ထင်းနှိပ်ထင်းဖွဲ့လို၊ မညေ-၏ ဇိဝိတံ-အသက်ကို၊ တိဏာယပိ-မြက်မှိုက်လောက်လည်း၊ နမညမာနော - မမှတ်ထင်ဘဲ၊ အနာဒရေတိ ကိံ၊ တံ - သင့်ကို၊ သုဝဏ္ဏံ - ခွေးလို၊ မညေ - မှတ်ထင်ပါ၏၊ အပ္ပါဏိနီတိ ကိံ၊ တုဝံ-နင့်ကို၊ ဂဒြဘံ-မြည်းသတ္တဝါလို၊ မညေ-မှတ်ထင်၏။

ဧတျတ္တကမ္မနိ-ဂတိအနက်ရှိသော ဓာတ်၏ကံ၌၊(သမ္ပဒါန် ဟောတိ)၊ ဝါဓိကာရတော - ကြောင့်၊ ဒုတိယာ - ဒုတိယာလည်း ဖြစ်၏၊ အပ္ပေါ- အနည်းငယ်သောသတ္တဝါသည်၊ သဂ္ဂါယ-နတ်ပြည်သို့၊ ဂစ္ဆတိ-ရောက်၏၊ အပ္ပေါ - သည်၊ သဂ္ဂံ-သို့၊ ဂစ္ဆတိ-၏၊ နိဗ္ဗာနာယ-နိဗ္ဗာနသို့၊ ဝဇန္တိယာ- သွားသော၊ (တော-သင်ဂေါတမီအား၊ ကိံ ဝက္ခာမိ အဘယ်မှာ ပြောနိုင်

“ စတုမင္ဂသာ ” သာ ပါဠိမှန်တည်း၊ မင္ဂ သဒ္ဒါကြောင့် ချီးမွမ်းသလို ထင်ရသော်လည်း “ချီးမွမ်း ခြေကြောက်” စကားမျိုးဖြစ်၍ နှိမ့်ချသော စကား ငေါက်ငန်းသော စကား ဟု မှတ်၊ ထို့ကြောင့်“ကိံတေတ္ထ စတုမင္ဂသာ”ဟု ရှိသည်။

မညတိပ္ပယောဂေ—[ မညတိ၌ တိသည် ဒေတုနိဒ္ဒိဋ္ဌတည်း၊ အဘန်ဘန် ဖြစ်ခြင်း ပွဲဓော်ခြင်း အနက်ကို ဟောသော ဘူဝါဒိ မနဓာတ်ကို မယူသင့်, သိခြင်း မှတ်ထင်ခြင်း အနက်ဟော ဒိဝါဒိမနဓာတ်ကိုယူ ဟု သိစေလို၍ “မညတိ” ဟု ယ ပစ္စည်း တိဝိဘတ်ဖြင့် ညွှန်ပြသည်-ဟူလို၊ “ အနာဒရ အပ္ပါဏိနိ ” တို့၏ အဓိပ္ပါယ်ကို အခြေပြ၌ပင် ပြခဲ့ပြီ၊ ]
“ကဋ္ဌသ-ထင်းတုံးလို၊ ဝါ-ထင်းတုံးလောက်” ဟု အနက်ပေးသော်လည်း တုဝံနှင့် အရ တူသောကြောင့် ကံ အနက်ဟုပင် မှတ်၊ “ ထင်းကို ကဲ့သို့ ” ဟု ဆိုလိုသည်၊ “ နိရတ္ထံဝ ကဋ္ဌင်္ဂရံ-နိရုပကာရံ နိရတ္ထကံ ကဋ္ဌခဏ္ဍံ” ဟု ဓမ္မပဒ-ဖွင့်သောကြောင့် မီးဆိုက်ဘို့မျှ အသုံး မကျသော အနုပ်အဖွဲ့ဖြစ်သော ထင်းပုတ် ဆင်းဆွေးကို “ ကဋ္ဌင်္ဂရ ” ဟု ခေါ်သည်၊ တနည်း—“ကဋ္ဌင်္ဂရော ဘုသံ ဂ္လိဝေ=ကဋ္ဌင်္ဂရနှင့် ဘုသသည် ညေတ္တစ ( စပါးခွံ=ဖွဲ ) အနက်ဟော” ဟု အဓိဓာနပ္ပဒီပိကာ ဆိုသောကြောင့်“ကဋ္ဌင်္ဂရသာ-ဖွဲလောက်”ဟု အနက်ဆို၊ “နင့်လို အကောင်မျိုးကို ငါက အသုံးမကျသော ထင်းပုတ် ထင်းဆွေး-ဖွဲလောက် ထင်တယ် ” ဟူလို၊ ဇိဝိတံ တိဏာယပိ၌ တိဏာယကား ကံ အနက်၌ သကို အာယ ပြုထားသော ပုံစံတည်း၊ သုဝဏ္ဏံ တံ မညေ၌ အနာဒရ မဟုတ်, သာဒရ ( လေးလေး စားစား ချစ်ခင်နိုး ) ပြောသော စကားဖြစ်၍ သုဝဏ္ဏံ၌ သမ္ပဒါန်မဖြစ်၊ ဂဒြဘံ တုဝံ မညေ၌ကား အနာဒရ ဖြစ်သော်လည်း ပါဏီ ( သတ္တဝါအကောင် ) ဖြစ်သောကြောင့် ဂဒြဘံ၌ သမ္ပဒါန် မဖြစ်။

www.dhammaransi.com



တောဒ္ဒနည်း။) မူလာယ-အရင်းသို့၊ ပဋိကသေယျ-ငင်ရာ၏၊ မူလံ-သို့၊ ပဋိကသေယျ-ငင်ရာ၏။

အာသိသတ္တေ - တောင်းတခြင်းအနက်၌၊ အာယု ဘဒ္ဒ ကုသလာဒိ ယောဂေယေဝ-အာယု, ဘဒ္ဒ, ကုသလ အစရှိသော သဒ္ဒါတို့နှင့် ယှဉ်ရာ၌သာ၊ (သမ္ပဒါန် ဟောတိ)၊ အာယသ္မတော - အရှင်အား၊ ဒီဃာယု-ရှည်သောအသက်သည်၊ ဟောတု- ဖြစ်ပါစေ၊ [တော တိ တာ သ ဣတိ နသုတ်-သုတ်ဖြင့်၊ သဝိဘတ္တိသ-သော၊ တ္တ[ဿ-တ္တ[ပစ္စည်း၏၊ တော အာဒေသော-တောပြု၊ (ဤ'ကား-အာယသ္မတော ရုပ်ပြီးပုံပြသော အမှာ စကား။)] ဘဝတော - အရှင်အား၊ ဘဒ္ဒံ - ကောင်းခြင်းမင်္ဂလာသည်၊ ဟောတု-ဖြစ်ပါစေ၊ "ကုသလံ - အနာမရှိသူ၏အဖြစ်သည်၊ အနာမယံ- အနာမရှိသူ၏ အဖြစ်သည်၊ သုခံ - ချမ်းသာသည်၊ အတ္ထံ - အကျိုးသည်၊ ဟိတံ-စီးပွားသည်၊ သွာဂတံ - ချမ်းသာစွာ လာခြင်းသည်" ဟု ပေး၊ သဗ္ဗသတ္တာနံ – အလုံးစုံသော သတ္တဝါတို့အား၊ သောတ္ထိ – ကောင်းကျိုး ချမ်းသာ မင်္ဂလာသည်၊ ဟောတု၊ [သောတ္ထိနောက်၌ "ဘဝတော" ရှိသည်ကား အပို။]

ဂတျတ္ထ ကမ္မနိ — [အမိပ္ပါယ်ကို အခြေပြု၍ ပြခဲ့ပြီ၊] ကလာပ်၌—ဂတျတ္ထ ကမ္မနိ ဒုတိယာ စတုတ္ထိယော စေဋ္ဌာယ မနဒ္ဓနိ၊ (သုတ်)၊ ဂတျတ္ထကမ္မနိ-ဂတိ အနက်ရှိသော ဓာတ်တို့၏ ကံ၌၊ စေဋ္ဌာယံ-လှုပ်လှုပ်ရှားရှား ကိုယ်ဖြင့် သွားခြင်း ဟူသော ဗျာပါရကို၊ (ဂမျမာနာယံ-သိအပ်သော်၊) အနဒ္ဓနိ – ခရီးလမ်း မဟုတ်သော အနက်၌၊ ဒုတိယာ စတုတ္ထိယော-တို့သည်၊ ဘဝန္တိ-ဖြစ်ကုန်၏ (သုတ်နက်)၊ ဤသုတ်၌ "အနဒ္ဓနိ" ဟု ဆိုသောကြောင့် "မဂ္ဂံ ဂစ္ဆတိ, ဂါမာယ ဂစ္ဆတိ" ကဲ့သို့ လှုပ်လှုပ်ရှားရှား သွားရာ၌သာ ဒုတိယာ စတုတ္ထီ ၂ ချက်ရသည်၊ "မနသာ မေရုံ ဂစ္ဆတိ" ကဲ့သို့ စိတ်ဖြင့် သွားရာ၌ "မေရုဿ" ဟု စတုတ္ထီမဖြစ်ဟု ပြ၏၊ သို့သော် ထို "စေဋ္ဌာယံ" ဟူသော အဆိုသည် ပါဠိသွားနှင့် မထူ၊ "အပ္ပေါ သဂ္ဂါယ ဂစ္ဆတိ, မူလာယ ပဋိကသေယျ" စသော ပါဠိ ပုံစံများ၌ ကိုယ်ဖြင့် သွားမှု မဟုတ်၊ ကံအားလျော်စွာ ရောက်ခြင်း, နှုတ်ဖြင့် (ကမ္မဝါစာ ဘတ်၍) အရင်းသို့ ငင်ခြင်းများ ဖြစ်သည်၊ ထို့ကြောင့် "စေဋ္ဌာယံ" ဟူသော စကားကို ဗျာကရုဏ်းကျမ်းတို့ အလိုသာ ဟု မှတ်။

အာသီသတ္တေ—["အာသီသနတ္တေ"ဟုလည်းရှိ၏၊] သုတပါးအတွက် တောင်းတ ခြင်းသည် အာသီသန မည်၏၊ "အာယသ္မတော ဒီဃာယုကော ဟောတု" ဟု တချို့ ရှိ၏၊ "ဒီဃာယုကော-ရှည်သော အသက်ရှိသည်"ဟု အနက်ပေးရလိမ့်မည်၊ သို့ဖြစ်လျှင် "အာယသ္မာ" ဟု ပဌမာ ဝိဘတ်ချင်းလည်း တူရလိမ့်မည်၊ အာယသ္မာ ဟု ရှိပြန်လျှင် သမ္ပဒါန် ပြယုဂ် မဖြစ်နိုင်၊ ထို့ကြောင့် "ဒီဃာယု" သာ ပါဠ်မှန်၊ ဘဒ္ဒံ ကို မင်္ဂလာ

www.dhammaransi.com



သမ္ပုတိပ္ပယောဂေ - သမ္ပုတိသဒ္ဒါ၏ ယှဉ်ရာ၌၊ (သမ္ပဒါန် ဟောတိ) တဿ ဘဂဝတော-ထိုဘုရားရှင်ကို၊ ဒဿနာယ - ဖူးမြင်ခြင်းငှါ၊ မေ-တပည့်တော်အား၊ သမ္ပုတိ - သမ္ပုတ်ခြင်းသည်၊ သာဓု - ကောင်းပါ၏၊ [အဓိပ္ပါယ် လွယ်ပြီ။] ဘိယျပ္ပယောဂေ - ဘိယျသဒ္ဒါ၏ ယှဉ်ရာ၌၊ (သမ္ပဒါန် ဟောတိ) မတ္တာယ-အတိုင်းအရှည်ထက်၊ ဘိယျောသော-လွန်စွာ၊ သတ္တုမိသတ္တေ-၌၊ အာဝိကရဏာ ပါတုဘာဝနာဒိယောဂေ-အာဝိကရဏ ပါတုဘာဝန အစရှိသည်တို့၏ ယှဉ်ရာ၌၊ ( သမ္ပဒါန် ဟောတိ )၊ အဿ တုယှံစ-ထိုသင့်ထံ၌သည်း၊ အာဝိကရောမိ- ထင်စွာပြုအံ့ တဿမေ-ထို ငါ့ထံ၌၊ သကျော-သကြားသည်၊ ပါတုရဟောသိ-ထင်ရှားဖြစ်ပြီ။

အနက်ဟော ဟု ထောမနိမိ ဖွင့်၏၊ ကုသလသဒ္ဒါ ပည်း ဤနေရာ၌ အာရောဂျ အနက်ရှိ၏၊ အနာမယံကို ဘာဝပုဒ် အကြောင်းကြ၍ "အနာမရှိသူ၏ အဖြစ်" ဟုပေး၊ သောတ္ထိအ် မင်္ဂလာ အနက်ဟော ဖြစ်ကြောင်း ကိုလည်း နာမ် နိပါတ်အဖွင့်၌ ပြခဲ့ပြီ၊ [ၑင်းသဒ္ဒါ ဘို၏ ယှဉ်ရာ၌ စတုတ္ထီ အပြင် ဆဋ္ဌီသည်းသက် ဟု သက္ကဘ ဆို၏၊ "အာယသ္မတော-အရှင်၏" စသည်ပေး။]

အာယု ဘဒ္ဒဿ ကုသလံ, အနာမယံ သုခံ အတ္ထံ၊
ဟိတံစ သွာဂတံ သောတ္ထိ, အာသီသတ္ထမှိ ယောဇယေ။

ဘိယျပ္ပယောဂေ — "ဒေဝိ သော ဘိက္ခဝေ ကုက္ကုစ္စော ဘိယျောသော မတ္တာယ စဏ္ဍာ ဘာသော အဿ"....(သံဃဘေဒကက္ခန္ဓက)၊ ဤ၌ "သော ကုက္ကုစ္စော-ထိုခွေးသည်" ဟု ကတ္တားပါပြီး ဖြစ်သောကြောင့် "ဘိယျောသော"၌ "သော" သည် ကတ္တား မဟုတ်၊ "ဘိယျောသော" တပုဒ်ဟုသိသာ၏၊ ထို့ကြောင့် "သော-ထိုခွေးသည်၊ မတ္တာယ-ထက်၊ ဘိယျော-လွန်စွာ" ဟု အနက်မပေးရ၊ သဒ္ဒနီတိ၌ကား — "မတ္တာ-မတ္တံ" ဟု ဣတ္ထိလိင် နပုလ္လိင် ရှိသော်လည်း ဤနေရာ၌ မတ္တသဒ္ဒါသည် နပုလ္လိင်တည်း, အတ္တာယ ဟိတာယတို့ကဲ့သို့ စတုတ္ထီ သကို အာယပြု၍ "မတ္တာယ" ဟု ဖြစ်သည်၊ ထို သဒ္ဒါဘ်လည်း ဘိယျ ယှဉ်ရာ၌ (ထက်) ဟူသော ပဉ္စမီ ဝိဘတ္တိ အပါဒါန်အနက်၌ သက်-ဟုဆိုသည်၊ ဤ သဒ္ဒနီတိ အဆိုသည် "ဘိယျသဒ္ဒါ၏ ယှဉ်ရာ၌ သမ္ပဒါန် ဖြစ်ရမည်" ဟု ဆိုသော ကစ္စည်းကျမ်းနှင့် ထပ်မိပါပေသည်၊ သို့သော် အဋ္ဌကထာ ဖွင့်ပုံဖြင့် စဉ်းစားသင့်၏။

အဋ္ဌကထာ ။ ။ အတိုင်းအရှည် ပမာဏကို ဟောသော မတ္တာ သဒ္ဒါသည် ဣတ္ထိလိင်သာဖြစ်သင့်၏ (အဘိဓာန်ကြည့်ပါ၊) ဣတ္ထိလိင်ဖြစ်ရိုးနှန်လျှင်သည်း မတ္တာယ၌ အာယသည် ကညာယကဲ့သို့ သမ္မာဒိဘတ်၏ ကာရိယသာ ဖြစ်သင့်၏၊ "တိဏ္ဏာ ဘိယျော နမညတိ=မျက်ထက်လွန်၍ မမှတ်" ဟူရာ၌ကဲ့သို့ ဘိယျသဒ္ဒါ ဘိယျောသော သဒ္ဒါတို့လည်း ဝိဘတ္တိအပါဒါန်ကို ငဲ့သော သဒ္ဒါ များသာ ဖြစ်သင့်သည်၊ ထို့ကြောင့်လည်း "ဘိယျောသော မတ္တာယာတိ ပမာဏတော ဥတ္တရိ" ဟု ဥဒါနဋ္ဌကထာ ( သတ္တမဝဂ်

www.dhammaransi.com



စသဒ္ဒဂ္ဂဟဏေန - စသဒ္ဒါကို ယူခြင်းကြောင့်၊ ပဟိဏာဒိ ကြိယာယောဂေ-ပဟိဏ အစရှိသော ကြိယာတို့နှင့် ယှဉ်ရာ၌ရင်း၊ ဖါသုအာဒိ နာမပ္ပယောဂေစ-ဖါသုအစရှိသော နာမ်တို့နှင့် ယှဉ်ရာ၌ရင်း၊ (သမ္ပဒါန် ဟောတိ)၊ တဿ-ထိုသူအား၊ ပဟိဏေယျ-စေလွှတ်ရာ၏၊ ဝါ-ပို့ရာ၏၊ ဘိက္ခုနံ - တို့အား၊ ဒူတံ-တမန်ကို၊ ပါဟေသိ - စေလွှတ်ပြီ၊ ဝါ - ပို့ပြီ၊ သမဏာနံ-တို့အား၊ အာယောဂေါ - အာယောဂပတ်သည်၊ ကပ္ပဘိ-

ဒုဘိသသုတ်) ဖွင့်သည်၊ ["ဘိယျောသော"ကား အလွန် အကဲ အနက်ဟော နိပါတ်] "ဘိယျောသော မတ္တာယ ဘဂဝတိ အဘိပ္ပသီဒိံသုတိ" ဟူသော ဒီဃနိကာယ်ကေဝဋ္ဋသုတ်၌ ဘိယျောသောကို ဝိသေသန လုပ်၍ "ဘိယျောသော မတ္တာယာတိ အတိရေကပ္ပမာဏေန"ဟု အဋ္ဌကထာ ဖွင့်၏၊ "ဘိယျောသော-လွန်သော၊ မတ္တာယ-အတိုင်းအရှည့်ဖြင့်"ဟုပေး၊ ဤအလိုသည်း မတ္တာယ၌ အာယသည် နာဝိဘတ်၏ကာရိယ, ကတ္တိသိန်ပင်တည်း၊ ဤနည်းများ၌ ဘိယျ၏ အယှဉ်မှာ သမ္ပဒါန် မဖြစ်၊.... "ပုဗ္ဗေခေါ ဂါမဏိ သံဃော အငိတချာဂါ၊ ပေ၊ တေ ဥပသံဟရတိ ဘိယျောသော မတ္တာယ" ဟူသော သင္ဂါယတန ဂါမဏိသံယုတ်၌ကား ဌာနအားလျော်စွာ "ဘိယျောသော မတ္တာယာတိ အဓိကပ္ပမာဏေတ္တာယ"ဟု ဖွင့်၏၊ "ဘိယျောသော-လွန်ကဲသော၊ မတ္တာယ-အတိုင်းအရှည်အလို ငှါ" ဟု ပေး၊ ဤအလိုသည်း ဘိယျပ္ပယောဂ သမ္ပဒါန် မဟုတ်၊ ကတ္တိသိန် မတ္တာနောင် တဒတ္ထသမ္ပဒါန် အနက်ဟော သဝိဘတ်ကို ဃဋတာ နာဒိနံသုတ်ဖြင့် အာယ ပြုထားသည်၊ [ကတ္တိသိန်အရာ၌ တဒတ္ထ တုံတ္ထ အာယ – ယာ ပြုနိုင်ကြောင်းကိုလည်း ယာဂုယာ+တဏှုလာ=ယာဂုဘို+ဆန်တို့" စသည်ကိုထောက်၊] ဤပြခဲ့သော ပါဠိများ၌ ဘိယျပ္ပယောဂ သမ္ပဒါန်ကို မတွေ့ရကား ကစ္စည်းကျမ်းလာ ဘိယျပ္ပယောဂ သမ္ပဒါန်ကို ၎င်း – ပြခဲ့သော သဒ္ဒနီတိ အဆိုကိုရင်း အသောက်သာဓက လုံလောက်အောင် ရှာပြီးမှ လက်ခံကြပါကုန်။

သတ္တမိယတ္ထေ — သမ္ပဒါန်မှည့်၍ စတုတ္ထီ သဝိဘတ် သက်ထားသော်လည်း သတ္တမီ အနက်ပေးရမည်၊ ထို့ကြောင့် "အဿ တုယှံ-ထို သင့်၌" ဟု ပေးသည်၊ "ထို သင်၏ အထံ၌"ဟု အဓိပ္ပါယ်မှတ်၊ မောဂ္ဂလ္လာန်၌ကား ဆဋ္ဌီကြံ၍ "တဿ-ထို သိဒ်မင်း၏" ဟု ပေးလျှင် "အထံ၌" ဟု အပိုထည့်ပေးသည်၊ မဟာဿမ ဇာတ်၌မူ "ကဿ ကထေ တဗ္ဗ-ဘယ်သူ့အား ပြောထိုက်သနည်း" ဟု မေးရာ "ယုဉ္ဇဿ အာဝိကရေယျ" ဟု လာသောကြောင့် အာဝိကရ၏ ယှဉ်ရာ၌ အာချာစနဿ သမ္ပဒါန်ပင် ဖြစ်မည်ထင်၏။

စသဒ္ဒဂ္ဂဟဏေန၊ ပေ၊ ပဂ္ဂဏှာမိ — "သတ္တချာဿသုစ" ၌ ပါသော စသဒ္ဒါဖြင့် ပဟိဏေယျ စသော ကြိယာ – ဖါသု စသော နာမ်တို့၏ ယှဉ်ရာပုဒ်၌ သမ္ပဒါန်မှည့်၊ ["ဖါသုအာဒိန မပ္ပယောဂေ"ဟု သီဟိုဠ်၌ရှိ၏၊] "ပဟိဏန-စေလွှတ်ခြင်း"မည်သည် ပေးခြင်း ပို့ခြင်းသဘောပင် ဖြစ်သောကြောင့် ထိုပဟိဏကြိယာ၏ ယှဉ်ရာ၌ သမ္ပဒါန် ဟုမိန့်သည်၊ မောဂ္ဂလ္လာန်၌ကား "တဿ-ထိုသူ၏ (အထံသို့)၊ ဘိက္ခုနံ-ရဟန်းတို့၏

www.dhammaransi.com



အပ်၏၊ [ ထိုင်သည့်အခါ ဖဝတ်ဖြင့် ဒူး ၂ ဘက်ကို ပတ်ခြင်းစသည်ကို "အာယောဂ-ပတ်"ဟု ခေါ်၏၊ အာ=ထက်ဝန်းကျင်+ယောဂ=ယှဉ်စပ် ပတ်ဖွဲ့ထားခြင်း။ ] ဧကဿ-တစ်ယောက်အား၊ ဒိန္န-ပေးအပ်သော အစာ သည်၊ ဒွိန္န - ၂ ယောက်တို့အားငှင်း၊ တိဏ္ဏံ - ၃ ယောက်တို့အား ငှင်း၊ ပဟောတိ-လောက်၏၊ တေ-သင့်အား၊ ဥပမံ-ဥပမာကို၊ ကရိဿာမိ-ပြုအံ့၊ တေ - အား၊ အင်္ဂုလိံ-လက်ချောင်းကို၊ ပဂ္ဂဏှာမိ - ချီမြှောက်ပါ၏၊ တထာ-ထိုမှတပါး တဿ-ထိုသူအား၊ဖါသု-ချမ်းသာသည် ဟောတိ-၏၊ လောကဿ - လူအပေါင်းအား၊ အတ္တော - အကျိုးရှိ၏၊ မေ-အား၊ မဏိနှ-ပဒုမြားဖြင့်၊ အတ္တော-အလိုရှိ၏၊ မေ-ငါ့အား၊ အတ္တော-အကျိုး သည်၊ သဝေယျာ-မြတ်၏၊ ဣစ္စာဒိ။

(၃၀၅) စထုတ္ထီဘိ ဝတ္တတော။

နမော ယောဂါဒိသွပိစ။ ၂၉၄ ။နမောသဒ္ဒယောဂေ - နမောသဒ္ဒါနှင့် ယှဉ်ရာ၌ငှင်း၊ သောတ္ထိ သွာဂတာဒိဟိ - သောတ္ထိ သွာဂတ အစရှိသည် တို့နှင့်၊ ယောဂေစ-ယှဉ်ရာ၌ငှင်း ၊ ပေ၊ ဟောတိ၊ ဝိရ- ကြီးသောလုံ့လ ရှိတော်မူသော၊ ဗုဒ္ဓ-မြတ်စွာဘုရား၊ တေ-ရှင်တော်ဘုရားအား၊ နမော- ရှိခိုးခြင်းသည်၊ အတ္ထု - ဖြစ်ပါစေ၊ နာဂဿ - ရဟန္တာအား၊ နမော-

( အထံသို့ ) "ဟု စသည်ဖြင့် သမ္ဗန် အနက်ချည်းမိန့်သည်၊ "ဧကဿ ဒိန္နံ ဒွိန္နံ တိဏ္ဏံ ပဟောတိ" ၌ ဧကဿသည် ယဿ ဒါတုကာမော သုတ်အရ ဒါတုကာမော သုတ်၏ . သမ္ပဒါန် တည်း၊ ဒွိန္နံ တိဏ္ဏံသာ ပဟောတိ ယှဉ်ရာ သမ္ပဒါန်ဖြစ်သည်၊ [မြန်မာစာ တချို့၌"ဒိန္နံ" ကျ၏။] "အင်္ဂုလိံ ဘေ"ကဲ့သို့ အင်္ဂုလိယှဉ်ရာ၌"သံဃဿ စင်္ဂုလိံ ကတွာ(အင်္ဂသာလိနိ" အင်္ဂုလိဿ ပဏာမယိ=အင်္ဂုလိံ အဿ ပဏာမယိ ( မဟာဟံသ ဇာတ်)"စသည်ဖြင့် သမ္ပဒါန် ပေါ်များ၏။

တထာ တဿ—"တထာဂတဿ"ဟု ပါဠိပျက်လျက် ရှိ၏၊ "တထာ တဿ"ဟုသာ ရှိရမည်၊ ကြိယာယောဂ သမ္ပဒါန်ကို ပြပြီး၍ နာမယောဂ သမ္ပဒါန်ကို ပြလိုသောကြောင့် ပဉ္စက္ကရ ဇောဘက "တထာ" ဖြင့် စချီသည်၊ "သဝေယျာ မေ အတ္တော"၌ မေသည် သဝေယျာ၏ယှဉ်ရာသမ္ပဒါန်တည်း၊ အတ္တောကား"သဝေယျာ"အရကို ပြသောပုဒ်သာ၊ ဣစ္စာဒိဖြင့် ကစ္စည်းပုဒ်ဘိလာ"ပဘူ"စသည်တို့၏ ယှဉ်ရာ သမ္ပဒါန်များကို ယူလေ။

(၃၀၅) နမော ယောဂါဒိသွ ပိစ—အပိ သဒ္ဒါသည် သမ္ပဒါန စတုတ္ထီသုတ်ကို ပေါင်းသော သမ္ပိဏ္ဍနတည်း၊ သမ္ပဒါန စတုတ္ထီသုတ်သည် ကြိယာကို ပြီးစေတတ်သော သမ္ပဒါန ကာရက အနက်၌သာ စတုတ္ထီဝိဘတ် သက်၏၊ ဤသုတ်ကား နမော စသော နိပါတ် သွာဂတံစသော နာမ်ပုဒ်တို့၏ ယှဉ်ရာ၌ သမ္ပဒါနကာရက အမည်မရသော်လည်း

www.dhammaransi.com



ရှိခိုးခြင်းကို၊ ကရောဟိ-ပြုလော၊ ဗုဒ္ဓါနံ-တို့အား၊ နမော-သည်၊ အတ္ထု-စေ၊ ဗောဓိယာ-ငှါးသော မဂ်ဉာဏ်အား၊ နမောအတ္ထု၊ ပဓာနံ-သတ္တာတို့အား၊ သောတ္ထိ - ကောင်းခြင်းမင်္ဂလာ၊ မဟာရာဇ- မင်းမြတ်၊ တေ-အရှင်မင်းမြတ်အား၊ သွာဂတံ-ကောင်းသောလာခြင်းပါတည်း၊ အထော-အဒိ၊ အနု-ယခုမှ၊ တေ-အရှင်မင်းမြတ်အား၊ အာဂတံ-လာခြင်းပါတကား။

(၃၀၆) ကာလေတိ ဘဝိဿတီတိ စ ဧတ္ထေ တ၊ (ကာလေ ဝတ္တမာနာ တီတေ ဏွာဒယော, ဘဝိဿတိ ဂမာဒီဟိ ဏီ ဃိဏ်တို့၌လိုက်)။

ဘာဝဝါစိမှိ စတုတ္ထီ ။ ၆၅၃ ။ ဘာဝဝါစိမှိ - ဘာဝကို ဟောလေ့ရှိသောသဒ္ဒါ၌၊ ဘဝိဿတိကာလေ - အနာဂတ် ကာလကို၊ ဂမျမာနေ-သိအပ်သော်၊ စတုတ္ထီ ဝိဘတ္တိ ဟောတိ၊ ဘဝနံ - ဖြစ်ခြင်း၊ ဘာဝေါ-

စတုတ္ထီသက်သည်၊ ထို့ကြောင့်“ရှေ့သုတ်ဖြင့်သမ္ပဒါန ကာရကနှင့်သာစတုတ္ထီသက်သည် မဟုတ်, ဤသုတ်ဖြင့် နမော စသည်တို့ ယှဉ်ရာ၌လည်း စတုတ္ထီ သက်သည် ” ဟု အဓိသဒ္ဒါက ပေါင်းသည်၊ စ သဒ္ဒါကား ရှေ့သုတ်မှ စတုတ္ထီကို ငင်သော အနုကဍ္ဎနတည်း။

နမတ္ထု—နမတ္ထု ဗုဒ္ဓါနံစသည်ဖြင့် နမောနိပါတ်၏ ယှဉ်ရာ၌သာ စတုတ္ထီ သက်ရသည်၊ “တဿ ပါဒေ နမဿိတွာ, ဇိနံ နတွာ နိရုတ္တိယံ ” စသည်၌ကား စတုတ္ထီ မသက်ရ၊ ဒုတိယာ သာ၊ “နမတ္ထု ဗုဒ္ဓါနံ ၊ ပေ ၊ ဝိမုတ္တိယာတိ—အယံ မမ နမက္ကာရော အတီတာနံ ပစ္စုပ္ပန္နာနံ ဗုဒ္ဓါနံ အတ္ထု=တပည့်တော်၏ ဤရှိခိုးခြင်းသည် လွန်လေပြီးကုန် ပစ္စုပ္ပန် စံပြီးကုန်သော ဘုရားရှင်တို့အား ဖြစ်ပါစေ”ဟူသော ဧကက နိပါတ် ရူပါဒိဝဂ္ဂဝဏ္ဏနာ အင်္ဂုတ္တိုရ်ဋီကာအလိုအားဖြင့်ကား ဗုဒ္ဓါနံ စသည်ကို နမောနှင့်မစပ်ဘဲ အတ္ထုနှင့် စပ်ရမည် ဖြစ်သောကြောင့် နမောယောဂ သမ္ပဒါန် မဟုတ် , အာသီသတ္ထပယောဂ သမ္ပဒါန်သာ ဖြစ်သည်၊ ထို့ကြောင့် အတ္ထု မပါသော“နမော တဿ ဘဂဝတော” တို့ကို ထုတ်မှသာ သက္ကတ ပြယုဂ်များနှင့် ညီညွတ်မည်။ [ကလာပ်၌“နမော သောတ္ထိသွာဟာ သွဓာလံ ဝသယောဂေ စတုတ္ထီ”ဟု သုတ်တည်၍ “နမော ဒေဝါနံ, သောတ္ထိ ပဇာယ”စသည်ဖြင့် ကြိယာမပါသော ပုံစံများကို ထုတ်သည်။]

နမော ကရောဟိ ၊ ပေ ၊ အနုရာဂတံ— နမော၌ ပထမာဒုတိယာ ဝိဘတ် ၂ မျိုးလုံး ကြံနိုင်သောကြောင့် “ နမော–ကို၊ ကရောဟိ—လော ” ဟု ထုတ်ပြန်သည်၊ ဤ၌ကား ကရောဟိ ကြိယာ ပါသော်လည်း နမော၌သာ စပ်ရသောကြောင့် “နာဂဿ” သည် နမောယောဂ တည်း၊ “သွာဂတံ တေ မဟာရာဇ, အထော တေ အနုရာဂတံ)တေမိယဇာတ်)” တို့ကား ရောက်လာသူအား ဝမ်းမြောက်စွာ ဆည်းကြို၍ နှုတ်ဆက်သော စကားတည်း၊ တောင်းတခြင်း အာသီသ မဟုတ်၊ “ အရှင်မင်းမြတ်....ကောင်းသော လာခြင်းပါ၊ အို..ခုမှ လာခြင်းဖြစ်ပါတကား(မြော်နေရတာကြာပါပြီ)”ဟု ဆိုလိုသည်။ [မဟာဟံသဇာတ်၌ကား“အဒူတံ-ဂဍ္ဎ” ဟုဖွင့်၏။]

www.dhammaransi.com



ဖြစ်ခြင်း၊ ပစ္စိသ ေတ-ချက်လတ့်ခြင်း၊ ဝါ တနည်း၊ ပစနံ-ချက်သတ့်ခြင်း၊ ပါကော-ချက်လတ့်ခြင်း၊ ပါကာယ - ချက်လတ့်ခြင်း၌၊ ဝါ-ချက်ဘို့ရာ၊ ဝဇာဘိ- သွား၏၊ ပစိတုံ - ချက်လတ့်ခြင်း၌၊ ဂစ္ဆတိ-၏၊ ဣတိအဓ္ဓော၊ ဇေပံ-တု၊ ဘောဂါယ-ခံစားလတ့်ခြင်း၌၊ ဝါ- ခံစားဘို့ရာ၊ ဝဇတိ၊ ဣစ္စာဒိ။

(၃၀၇) ကတ္ထိ အဓ္ဓေ ပဥ္စမီ - သက်သနည်း၊ အပါဒါနေ-အပါဒါန ကာရကဥ္၊ ပဥ္စမီ -သ က်၏၊ အပါဒါန်-အပါဒါန်ဟူသည်၊ ကိံ - နည်း။

ယတော၊ ပေ ၊တဒပါဒါနံ။ ၂၇၁ ။အဝဓိတော - ပိုင်းခြားတတ်သော၊ ယသ္မာဝါ - အကြင်ကာရကမှလည်း၊ အပေတိ၊ ဘယမာဒတ္တေ ဝါ-ဘေး၏အကြောင်းဖြစ်သော၊ ယသ္မာ ဝါ,ဘယံ-ဘေးသည်၊ ဘဝတိ-၏၊

(၃၀၆) ပစ္စိသတေ ၊ပေ၊ ဂစ္ဆတိ—"ပါကာယ ဇေတိ"သာ လိုရင်းပုံစံတည်း၊ "ပစ္စိသတေပစနံဝါ ပါကော" တို့ကား ပါကဥ္စ ကပစ္စည်း၏ အနာဂတ်ကာလကိုရင်း, ဘောအနက်ကိုရင်း ဟောကြောင်းပြသော စကားတည်း၊ [" ပစ္စိသတေ " အရာဝယ် "ပစိယတေ=ပစိသတေ" ဟု ပါဠိပျက်နေတတ်၏၊ ပစိယတေ ဆိုလျှင် ပစ္စုပ္ပန် ကာလ ဖြစ်၍"ဘဝိဿတိ ကာလေ"နှင့် ဆန့်ကျင်သည်၊ ပစိသတေလည်း ကတ္တားဟော ဖြစ်၍ ဘာဝဝါစိမှ နှင့် ဆန့်ကျင်သည်၊ ထို့ကြောင့် အနာဂတ်လည်း ဖြစ် ဘောဟောလည်း ဖြစ်အောင် "ပစ္စိသတေ"ဟု ရှိစေရမည်။] "ပစိတုံ ဂစ္ဆတိ" ကား "ပါကာယ ဝဇတိ" ၏ အဖွင့်၊ "ဇေပံ ဘောဂါယ ဝဇတိ" ၌ ဇေပံဖြင့် "ဘုဉ္ဇိသတေ, ဘုဉ္ဇနံဝါ ဘောဂေါ" ဟူသော ဝိဂြိုဟ်ကိုရင်း, "ဘုဉ္ဇိတုံ ဂစ္ဆတိတိ အဓ္ဓော" ဟူသော အနက်ပြ ဝါကျကိုရင်း ညွှန်ပြသည်။ [ဤသုတ် မရှိသော်လည်း သိလာစ သုတ်ဖြင့် တုမတ္ထ သမ္ပဒါန် မှည့်၍ သမ္ပဒါနေ စတုတ္ထီဖြင့် စတုတ္ထီဝိဘတ် သက်နိုင်၏၊ သို့သော် "တုမတ္ထာ ဘာဝဝါစိနံ" ဟူသော ကလာပ်သုတ်ကိုယူ၍ အနာဂတ် ဘောအနက် ဟောသော ပစ္စည်းစုကိုပြရာ ဥဒါဟရဏ်အခန်းဝယ် ဤသုတ်ကို ထည့်ထားဟန်တူသည်၊ ကလာပ်သုတ်၌ "ပါကာယ ဝဇတိ"ကိုပင် ပုံစံထုတ်ထား၏၊ ထို့ပြင်—ကိတ်တိုင်အောင် ကစ္စည်းသုတ်ကို စီရင်သော ဆရာသည် အရှင် မဟာကစ္စည်း,ဥဒါဟရဏ်ကို စီရင်သော ဆရာကား အခြားဆရာတပါး ဖြစ်၍လည်း သိလာစ သုတ်၌ တုမတ္ထသမ္ပဒါန် ပါပြီးဖြစ်လျက်, ဥဒါဟရဏ်ကား "ဘာဝဝါစိမှ စတုတ္ထီ"သုတ် ပါလေသည်—ဟုဂ ည်း ယူသင့်၏၊ ကိတ်နှင့် ဥဒါဟရဏ်၌ အစီအရင် တူသော သုတ်ထပ်တွေ များစွာ ရှိလေသည်။]

(၃၀၇) ယသ္မာဒပါ အဝဓိတော ၊ ပေ ၊ ဝိဥ္ဇုံ—"ဝါသဒ္ဒေါ-သည်၊ အပေတျာဒိ အတ္ထဝိကပ္ပနေ-အပေတ် အရှိသောအနက်ကို ဝိကပ်ပြုခြင်း၌ဖြစ်၏" ဟူသော ဋီကာနှင့် အညီ,ဖဲရာသော်လည်းဖြစ်, သို့မဟုတ် ဘေးဖြစ်ရာသော်လည်းဖြစ်,သို့မဟုတ် ယူရာသော် လည်းဖြစ်သော ကာရကသည် အပါဒါန်မည်၏၊ ဤသို့ ဝါသဒ္ဒါသည် အပေတ် စသော ကြိယာ ၃ချက်ကို ဝိကပ်ပြု၏၊ ( ကစ္စည်း ဘာသာဋီကာ၌ တမျိုးရှိသေး၏၊ ) အဝ ဓိဗ္ဗ ဘေခါတ် ဏှပစ္စည်းသည် "ပရိစ္ဆေဒ=ပိုင်းခြားခြင်း" အနက်ကိုဟော၏၊ "ဂါမာ အပေန္တိ" ၌

www.dhammaransi.com



အကျွာတာရာ - ပြောဆိုပို့ချတတ်သော၊ ယဿွာဝါ, ဝိဇ္ဇံ - အတတ်ကို၊ အာဒဒါတိ - ယူ၏၊ တံကာရကံ အပါဒါနသညံ့ ဟောဘိ၊.... ဣတော- ဤကာရကမှ၊ အပနေတွာ - ဖဲ၍၊ အာဒဒါတိ-ယူတတ်၏၊ ဣတိ-ထိုသို့ ပဲရာ၏ အဖြစ်ကြောင့်၊ တံ-ထို ကာရကသည်၊ အပါဒါနံ-မည်၏။

ပန-ဆက်၊ တံ-ထို အပါဒါနံသည်၊ ဝိသယဘေဒေန-အရာ၏ အပြားအားဖြင့်၊ နိဒ္ဒိဋ္ဌဝိသယံ - နိဒ္ဒိဋ္ဌဝိသယ အပါဒါန်၎င်း၊ ဥပါတ္တဝိသယံ - ဥပါတ္တဝိသယ အပါဒါန်၎င်း၊ အနုမေယျဝိသယဉ္စ - အနုမေယျဝိသယ အပါဒါန်၎င်း၊ ဣတိ - သို့၊ တိဝိဓံ - ၃ ပါးအပြားရှိ၏၊ အပါဒါနသညာဝိသယဿ - အပါဒါနသညာ၏ အရာဖြစ်သော၊ ကြိယာဝိသေသဿ- ကြိယာအထူး၏၊ ဝါ - ကို၊ နိဒ္ဒိဋ္ဌတ္တာ - တိုက်ရိုက် ပြအပ်သည်၏ အဖြစ်ကြောင့်၊ နိဒ္ဒိဋ္ဌဝိသယံ-နိဒ္ဒိဋ္ဌဝိသယ အပါဒါန်မည်၏၊ ယထာ-ဥဒါဟရဏ်ကား၊ ဂါမာ၊ပေ၊ရာဇာ-တည်း ဂါမာ-ရွာမှ၊ မုနယော-ရဟန်းတို့သည်၊

ရွာမှ ဖဲခွါလာခဲ့ကြသော ရဟန်းများ၏ ဖဲခြင်းကြိယာသည် ရွာမှစ၍ ဖြစ်၏၊ ထို့ကြောင့် ရွာသည် ဖဲခြင်း ကြိယာကို (ဤနေရာမှ စ၍ဖြစ်၏ ဟု) ပိုင်းခြားတတ်သော အဝဓိတည်း၊ "စောရာ ဘယံ ဇာယတိ=ခိုးသူမှ ဘေးဖြစ်၏ " ဟူရာ၌ ခိုးသူသည် ဘေး၏ အကြောင်းတည်း၊ ["ဘယံ-ကြောက်ခြင်း" ဟု ပေးကြ၏၊ "ဇာတံ သရဏတော ဘယံ=ကိုးကွယ်ရာမှ ဘေးဖြစ်၏"ဟူရာ၌ ကြောက်ခြင်းမရှိ. ဘေးအန္တရာယ်ကား ဖြစ်သည်ပင်၊ ထို့ကြောင့် ကြောက်ခြင်းအန္တရာယ်ဖြစ်ခြင်း ၂ မျိုးလုံးနှင့်ဆက်ဆံအောင်"ဘယံ-ဘေးသည်" ဟု ပေး၊ "အကျွာတု" ဟူသည် တရားဟော-စာချ စသော ပြောဟောတတ်သူတည်း၊ ထိုသူ့ထံမှ အတတ်ပညာ အသိအလိမ္မာကို ယူသည်-ဟူလို။]

**အပနေတွာ၊ ပေ၊ အပါဒါနံ** — အပါဒါန် " အပ+အာဒါန " ဟု ခွဲ၊ အပကို "အပနေတွာ" ဟု ဖွင့်၏၊ " ဂါမာ အပေန္တိ မုနယော" ၌ "ဣတော-ဤရွာမှ၊ အပနေတွာ-ဖဲခွါ၍" ဟု ပေး၊ ဣတော၏အရ ဖဲခွါရာ ရွာသည် အပါဒါန်မည်၏၊ "အာဒဒါတိ-ယူ၏ " ဟူရာ၌ "ဘာကို ယူသနည်း" ဟု မေးဘွယ်ရှိ၏၊ ရွာမှဖဲ၍ ကျောင်းလာလျှင်"ကျောင်းကို ယူသည် " ဟု၎င်း, ဆရာ့ထံမှ အတတ်ယူလျှင် " အတတ် ပညာကို ယူသည် " ဟု၎င်း, စသည်ဖြင့် သင့်တော်သလို အာဒဒါတိ ကြိယာ၏ ကံကို ရှာရမည်။

**နိဒ္ဒိဋ္ဌ ဝိသယ ။** ။ အကြောင်းကြိယာကို အကြောင်းပြု၍ အပါဒါန် အမည်ကို ရ၏၊ အပါဒါန် အမည်ရကြောင်းဖြစ်သော ထိုကြိယာသည် ဝိသယ (အရာ) မည်၏၊ အပါဒါန်သညာ၏ အရာဖြစ်သော ကြိယာကို တိုက်ရိုက်ပြသော အပါဒါန်သည် " နိဒ္ဒိဋ္ဌ ဝိသယ အပါဒါန် " မည်၏၊ နိဒ္ဒိဋ္ဌော ဝိသယော ယဿာတိ နိဒ္ဒိဋ္ဌဝိသယော၊ " ယဿ - အကြင် အပါဒါန်၌၊ နိဒ္ဒိဋ္ဌော - တိုက်ရိုက် ပြအပ်သော၊ ဝိသယော - အပါဒါန သညာ၏ အရာ ဖြစ်သော ကြိယာအထူးသည်၊ အတ္ထိ-ရှိ၏" ဟု ပေး၊ "ဂါမာ အပေန္တိ, နဂရာ နိဂ္ဂတော"၌

www.dhammaransi.com



အပေန္တိ - ပဲသွားကုန်၏၊ နဂရာ - မြို့မှ၊ ရာဇာ - မင်းသည်၊ နိဂ္ဂတော - ထွက်၏၊ [ စ - ဆက်၊ ဧတ္ထ - ဤနိဒ္ဒိဋ္ဌဝိဘယ အပါဒါန်အရာ၌၊ ပါပါ - မကောင်းမှုမှ၊ စိတ္တံ-စိတ်ကို၊ နိဝါရယေ-တားမြစ်ရာ၏၊ ပါပါ-မကောင်းမှုမှ၊ နိဝါရေန္တိ - တားမြစ်ကုန်၏၊ ဣတိအာဒီသု - ဤသို့ အစရှိသော ပြယုဂ်တို့၌၊ ကာယသံယောဂ ပုဗ္ဗကာပဂမနံ- ကိုယ်ဖြင့် ပေါင်းစပ်ခြင်း ရှေ့သွားရှိသော ခွဲခွါခြင်းသည်၊ ယဒိပိ နတ္ထိ - အကယ်၍ကား မရှိပါပေ၊ တထာပိ - ထိုသို့ မရှိသော်လည်း၊ စိတ္တသံယောဂ ပုဗ္ဗကဿ - စိတ်ဖြင့် ပေါင်းစပ်ခြင်း ရှေ့သွားရှိသော၊ အပဂမနဿ-ခွဲခွါခြင်း၏၊ သမ္ဘဝတော၊ ဖြစ်သင့်ခြင်းကြောင့်၊ ဣမိနာဝ - ဤသုတ်ဖြင့်သာ၊ အပါဒါနသညာ - အပါဒါန် အမည်သည်၊ ဟောတိ။]

အပါဒါန သညာ၏ အရာဖြစ်သော“အပေန္တိ, နိဂ္ဂတော” ဟု ကြိယာအထူး တိုက်ရိုက်ပါသောကြောင့်“ ဂါမာ,နဂရာ ”တို့သည် နိဒ္ဒိဋ္ဌဝိသယအပါဒါန် မည်၏၊ [ရှေးဆရာတို့ကား “ အပါဒါန်၏ စပ်ရာ ကြိယာ တိုက်ရိုက်ပါသော အပါဒါန်သည် နိဒ္ဒိဋ္ဌဝိသယ မည်၏”ဟု ဝိသယ အရ “ စပ်ရာ ” ဟု အနက်အဓိပ္ပါယ် ဆိုကြ၏၊ “ အပါဒါန သညာ ဝိသယဿ”၌ အပါဒါန သညာဟူသည်“အပါဒါန်အမည်”သာတည်း၊ ထိုအမည်ကား အပေတိ စသော ကြိယာ၌ ( စာစပ်သကဲ့သို့ ) စပ်ဘွယ် မလို၊ ထို့ကြောင့်“စပ်ရာ”ဟု ဆိုသော ထိုရှေးဆရာတို့ စကားကို စဉ်စားကြပါကုန်။]

ဧတ္ထ စ ပါပါ စိတ္တံ၊ ပေ၊ အပါဒါန သညာ—ဤ၌ မြန်မာမူ အချို့စာဝယ်“ပါပါ စိတ္တံ နိဝါရယေ, ပါပါ နိဝါရေန္တီတိ အာဒီသု ယဒိပိ ကာယသံယောဂပုဗ္ဗကာပဂမနံ နတ္ထိ၊ တထာပိ စိတ္တသံယောဂပုဗ္ဗကဿ အပဂမနဿ သမ္ဘဝတော ဣမိနာဝ ” ဟူသော ပါဌ်များ မပါ၊ သီဟိုဠ်မူ၌သာ ပါ၏၊ ဋီကာလည်း မဖွင့် , ရက္ခိတတ္ထာနမိန္တိတံ သုတ်၌ “ ပါပါ စိတ္တံ နိဝါရယေ, ပါပါ နိဝါရေန္တိ ” ဟု ပြယုဂ်ထုတ်လတ့်လည်း ဖြစ်သောကြောင့် “ဧတ္ထ စ၊ ပေ၊ အပါဒါနသညာ”စကားတရင်လုံးပင် သီဟိုဠ်ဆရာတို့ နောက်မှ ထည့်သွင်းထားဟန် တူသည်၊ ထိုဆရာတို့ အလိုကား — “ ယသ္မာ ဒပေတိ ” စသော သုတ်သည် (ဂါမာ အပေန္တိ မုနယော=ရဟန်းနှင့် ရွာ ပေါင်းစပ်ပြီးမှ ခွဲခွါကြသကဲ့သို့) အချင်းချင်း ပေါင်းစပ်ပြီးမှ ခွဲခွါရာ၌ အပါဒါန် မှည့်သည်၊ “ ပါပါ စိတ္တံ နိဝါရယေ ” ၌ ရှေးဦးစွာ အဘယ်သို့ ပေါင်းစပ်မှုဖြစ်သနည်း, အကယ်၍ ပေါင်းစပ်မှုမရှိလျှင် ဤသုတ်ဖြင့် အပါဒါန် မမှည့်နိုင်ရာ-ဟု စောဒနာဘွယ် ရှိသောကြောင့်“ဧတ္ထ စ ပါပါ စိတ္တံ နိဝါရယေ”စသည်ကို မိန့်ရသည်၊ ထိုပါဌ်၏ အဓိပ္ပါယ်ကား — “ ပါပါ စိတ္တံ နိဝါရယေ ” စသည်၌ ကိုယ်ဖြင့် ရှေးဦးစွာ ပူးပေါင်းခြင်းရှိသော ခွဲခွါမှု မရှိသော်လည်း မကောင်းမှု အခါ၌ ရှေးဦးစွာ စိတ်ရောသောကြောင့် “စိတ္တသံယောဂ” ဖြစ်၏၊ ထိုနေခံ ဤမကောင်းမှုသည် အနိဋ္ဌဖလ ဒုက္ခဝေဒနာ အကျိုးကို ပေးတတ်ပါတကား - ဟု နှလုံးသွင်း၍ မကောင်းမှုမှ စိတ်ကို ခွဲခွါလိုက်သည်၊ ထိုသို့စိတ်ပေါင်းပေါင်းပြီးမှ ခွဲခွါမှု ( အပဂမ ) ဖြစ်သောကြောင့် ဤ“ယသ္မာ,

www.dhammaransi.com



ဟုပင် ခေါ်သည်၊ ထို့ကြောင့်"ယုတ်မာခြင်း"စသည်ကိုလည်း ဂုဏ်ဟု မှတ်၊] မြတ်စွာဘုရား၏ တရားတော်နှင့် တိတ္ထိတို့ တရားသည် သယံ ဝိဘတ္တ ( နဂိုရ်ကပင် ခွဲခြားပြီး )၊ ဖြစ်၏၊ ထိုသို့ ခွဲခြားပြီးသော ဘုရားတရားတည်းဟူသော အနက်ကို သာလွန်မွန်မြတ်ခြင်း ပဏီတတရဂုဏ် သာလွန် ထူးကဲခြင်း ဝိသိဋ္ဌတရဂုဏ်အားဖြင့် ထပ်မံ၍ ခွဲခြားပြခြင်းကို ဝိဘတ္တ ဟု ခေါ်၏၊ ထိုသို့ ခွဲခြားသည့်အခါ ခွဲခြားရာအခြေခံဖြစ်သော ဘုရားတရားတော်သည် " ယတော " ဟု အပါဒါန်ဖြစ်၏၊ " အတ္တဒန္တော တတော ဝရံ " ၌လည်း ဆင်အာဇာနီ မြင်းအာဇာနီ စသည်တို့၏ ယဉ်ကျေးခြင်းနှင့် မိမိကိုယ်၏ ယဉ်ကျေးခြင်းသည် နဂိုရ်ကပင် ခွဲခြားပြီးဖြစ်၏၊ ထို ခွဲခြားအပ်ပြီးသော မိမိကိုယ်၏ ယဉ်ကျေးခြင်း အနက်ကို မြတ်ခြင်းဂုဏ်အားဖြင့် ထပ်မံ ခွဲခြားသည့်အခါ ခွဲခြားရာ အခြေခံဖြစ်သော ဆင် အာဇာနီ စသည်တို့၏ ယဉ်ကျေးခြင်းသည် အပါဒါန်ဖြစ်၏၊ ဤသို့ စသည်ဖြင့် နေ့ပုံစံများကိုလည်း သိလေ၊ [ "တတော မယာ" စသော ပုံစံ၌"တတော မယာ အသုတေန ဝါ သုတံ"ဟု သီဟိုဠ်မူ ရှိသေး၏၊ ပါဠိရင်းကို ရှာဖွေကြပါကုန်။]

ဆဋ္ဌီစ — ဆန္နဝုတီနံ ပါသဏ္ဍာနံဝယ် ဝိဘတ္တ အပါဒါန် အနက်၌ သက်သော ဆဋ္ဌီဖြစ်သောကြောင့် ဤသုတ်လာ စသဒ္ဒါဖြင့် သက်ရမည်၊ ယဒိဒံကား နိပါတ်ပုဒ်တည်း၊ လိင် ၃ ပါး ဝုစ် ၂ ပါး၌ပင် ယဒိဒံချည်း ရှိသောကြောင့် သုဂတဝိနယော ဟု ပုလ္လိင်နှင့် စပ်ရသော်လည်း "ယဒိဒံ" ပင် နေသည်၊ ထို့ကြောင့်"ယဒိဒံ=ယော အယံ"ဟု ပြင်ပြင် မပြင်ပြင် မထူး ဟု မှတ်၊ [ကစ္စည်း၌မူ "သုဂတဝိနယံ" ဟု ရှိ၏၊ လိင်ဝိပလ္လာသ ဟု နိဒ္ဒေသ ကြသည်။]

အာရတိပ္ပဟာနဂေါ်နာမ-အာရတိ၏ယှဉ်ရာမည်သည်၊ ဝိရမဏာတ္ထ သဒ္ဒပ္ပယောဂေါ်-ရှောင်ကြဉ်ခြင်းအနက်ရှိသောသဒ္ဒါတို့၏ယှဉ်ရာတည်း၊ တတ္ထ ( အာရတျတ္ထ ပယောဂေ ) - ထို ရှောင်ကြဉ်ခြင်း အနက်ရှိသော သဒ္ဒါတို့၏ယှဉ်ရာ၌၊ ( အပါဒါန သညာ ဟောတိ)၊ အ သဒ္ဓမ္မာ-မသူတော် တို့၏တရားမှ၊ အာရတိ – ဝေးစွာရှောင်ကြဉ်ခြင်း၊ ပါပါ- မကောင်းမှုမှ၊ ဝိရတိ-အထူးသဖြင့်ရှောင်ကြဉ်ခြင်း၊ ပါဏာတိပါတာ-မှ၊ ဝေရမဏီ-ရှောင်ကြဉ်ကြောင်း သိက္ခာပုဒ်၊ အဒိန္နာဒါနာ- မှ ပဋိဝိရတော – ရှောင်ကြဉ်၏၊ မုသာဝါဒါ မှ၊ အပ္ပဋိဝိရတော-မရှောင်ကြဉ်။

သုဒ္ဓတ္ထပ္ပယောဂေ-စင်ကြယ်ခြင်းအနက်ရှိသော သဒ္ဒါတို့၏ယှဉ်ရာ၌၊ (အပါဒါနသညာ)၊ လောဘနီယေဟိ - လိုချင်အပ်ကုန်သော၊ ဓမ္မေဟိ-ကာမဂုဏ်တရားတို့မှ၊ သုဒ္ဓေါ-စင်ကြယ်၏၊ အသံသဋ္ဌော-မရောနှော၊ မာတိတောစ-အမိဘက်မှရင်း၊ ပိတိတောစ-အဘဘက်မှရင်း၊ သုဒ္ဓေါ-စင်ကြယ်၏၊ အနုပက္ကုဋ္ဌော-မဆဲရေးအပ်၊ အဂရဟိတော-မကဲ့ရဲ့အပ်။

ပမောစနတ္ထပ္ပယောဂေ-လွတ်မြောက်ခြင်း အနက်ရှိသော သဒ္ဒါတို့၏ ယှဉ်ရာ၌ (အပါဒါနသညာ)၊ ဒုက္ခသ္မာ-မှ၊ ပရိမုတ္တော – လွတ်မြောက်ပြီ၊

**အာရတိပ္ပယောဂေါ၊ပေ၊တတ္ထ** — သုတ်၌ စကားပြေပြစ်အောင် တိသဒ္ဒါကို ချေ၍ "အာရပ္ပယောဂေ" ဟု ရှိသော်လည်း " အာရတိပ္ပယောဂ " ဟု ဆိုလိုရင်း မှတ်၊ ဥပလက္ခဏ နည်းအားဖြင့် အာရတိကို မှတ်၍ ဆိုထားသည်၊ ရှောင်ကြဉ်ခြင်း အနက်ရှိသော ဝိရတိ–ဝေရမဏီ စသည်ကိုပါ ယူရမည်ဟု သိစေလို၍ " အာရတိပ္ပယောဂေါ နာမ ဝိရမဏတ္ထပယောဂေါ"ဟု မိန့်သည်။ [တတ္ထ၏နောက်၌"အာရတျတ္ထပ္ပယောဂေ" ဟု သီဟိုဠ်မူ မရှိ၊ ဆိုခဲ့ပြီးသော ဝိရမဏတ္ထ ပယောဂေါကို ပြန်၍ တတ္ထဖြင့် စွဲနိုင်သော ကြောင့် မရှိခြင်းသာ စည်းကမ်းကျသည်။]

**အသဒ္ဓမ္မာ အာရတိ ဝိရတိ ပါပါ** — " အသဒ္ဓမ္မာ " ပုဒ်လည်း သီဟိုဠ်မူ၌ မရှိ၊ "အာရတိ ဝိရတိ ပါပါ" ဟု မင်္ဂလသုတ်လာ ပုံစံ ဖြစ်ရကား " အသဒ္ဓမ္မာ " မရှိခြင်းက သာ၍ ကောင်းမည်-ဟု ထင်သည်၊ သို့သော် ဋီကာ၌ " အသဒ္ဓမ္မာတိ မေထုနဓမ္မာ " ဟု ဖွင့်သောကြောင့် အသဒ္ဓမ္မာနှင့် တွဲဘက် အာရတိ တပုဒ်ကျနေသည် – ဟု သော်လည်း ကြံ၊ ထိုအတိုင်း မှန်လျှင် " အာရတိ အသဒ္ဓမ္မာ, အာရတိ ဝိရတိ ပါပါ "ဟု ပါ၍ရှိရမည်။

**သုဒ္ဓတ္ထပ္ပယောဂေ**—ပုံစံ၌"သုဒ္ဓေါ"သာ တွေ့ရသောကြောင့် "သုဒ္ဓပ္ပယောဂေ"ဟု သီဟိုဠ်မူရှိ၏၊ သို့သော် သုဒ္ဓေါအပြင်"ဝိသုဒ္ဓံ လောဘနီယေဟိ,သီလေန ကိလေသတော သုဒ္ဓိ"စသည်ဖြင့် သုဒ္ဓတ္ထသဒ္ဒါတို့၏ ယှဉ်ရာ၌လည်း အပါဒါန်ဖြစ်သောကြောင့်"သုဒ္ဓတ္ထပ္ပ ယောဂေ"ဟူသော မြန်မာမူလည်း အသင့်ပင်၊ [ပမောစနတ္ထ ပုံစံများ လွယ်ပြီ။]

www.dhammaransi.com



ဏ္ဍတိ-ဤသို့၊ ဝဒါမိ-ဟောတော်မူ၏၊ မာရဗန္ဓနာ-မာရ်နတ်၏ အနှောင်အဖွဲ့မှ၊ မုတ္တော-လွတ်ပြီ၊ တေ-ထိုသူတို့သည်၊ မယ္ဖုန္နာ-သေခြင်းမှ၊ နမုစ္စန္တိ-မလွတ်ကုန်၊ အဟံ-ငါသည်၊ သဗ္ဗပါသေဟိ-အလုံးစုံသော ကျော့ကွင်းတို့မှ၊ မုတ္တော-လွတ်ပြီ။

ဟေတုဝ္ဆေ-ဟိတ်အနက်၌ဝုင်း၊ သရူပေကသေသသသ-သရူပေကသေသ်ကို၊ ဂဟိတတ္တာ-ယူအပ်သည်၏အဖြစ်ကြောင့်၊ ဟေတွတ္ထ ပ္ပယောဂေစ-ဟိတ်အနက်ရှိသော သဒ္ဒါတို့၏ ယှဉ်ရာ၌ဝုင်း၊ သဗ္ဗနာမ တော-သဗ္ဗနာမ်မှ နောက်၌၊ (ပဥ္စမီ-ပဥ္စမီဝိဘတ်သည်၊ ဟောဘိ၊) ကသ္မာ-အဘယ့်ကြောင့်၊ တုမှံ-သင်တို့၏၊ (ကုလေ-ဓမ္မပါလအမျိုး၌၊) ဒဟရာ-ငယ်ယွယ်သူတို့သည်၊ နမိယရေန္-မသေကုန်သနည်း၊ ကသ္မာ-ကြောင့်၊ ဣခေဝ-ဤအရပ်၌ပင်၊ မရဏံ-သေခြင်းသည်၊ ဘဝိဿတိ-ဖြစ်လတ့ံနည်း၊ ကသ္မာဟေတုနာ-အဘယ်အကြောင်းကြောင့်၊ ယသ္မာစ-အကြင့်ကြောင့်လည်း၊ ကမ္မာနိ-ကံတို့ကို၊ ကရောန္တိ-ပြုကုန်သေး၏၊ ဘိက္ခဝေ-တို့၊ ယသ္မာ-ကြောင့်၊ ဣဟ-ဤလောက၌၊ ဘိက္ခဝေ, တသ္မာ-ကြောင့်၊ ဣဟ-ဤသာသနာတော်၌၊ ဇေ-ဤသို့၊ သိက္ခိတဗ္ဗံ-ကျင့်ရာ၏၊ ဖြာပ္ပဏာ-ထား၊ တသ္မာ-ကြောင့်၊ ဗုဒ္ဓေါ-သည်၊ အသ္မိ-၏၊ ယသ္မာ ကာရဏာ-ကြောင့်၊ တသ္မာ ကာရဏာ-ကြောင့်၊ ကိံ ကာရဏာ-

ဟေတွတ္ထေ၊ ပေ၊ ဟေတွတ္ထပ္ပယောဂေစ—သုတ်၌“ဟေတွတ္ထ”ဟုသာ ရှိသော်လည်း “ဟေတွတ္ထောစ ဟေတွတ္ထပ္ပယောဂေါစ ဟေတွတ္ထော” ဟု ဧကသေသ်ပြု၍ ဟေတွတ္ထ-ဟေတွတ္ထပ္ပယောဂ ၂ မျိုးလုံးကိုယူ၊ ထိုတွင် “ကသ္မာ, ယသ္မာ, တသ္မာ” ချည်း သက်သက်တည်နေသော ပုဒ်တို့သည် ဟေတွတ္ထ အပါဒါန်မှည့်ရသော ပုံစံတို့တည်း၊ “ယသ္မာ ကာရဏာ တသ္မာ ကာရဏာ”ဟု ရှိရာ၌ “ကာရဏာ” သည် ဟိတ်အနက်ကို ဟောသောကြောင့် ဟေတွတ္ထတည်း၊ ယသ္မာ တသ္မာတို့ကား ထို ကာရဏာနှင့် ယှဉ်ရသောကြောင့် ဟေတွတ္ထ ပယောဂတို့ တည်း။

သဗ္ဗနာမတော—သဗ္ဗနာမ် မဟုတ်သော ပုဒ်များ၌ “ကာရဏတ္တေစ” သုတ်ဖြင့် ပဥ္စမီ ဝိဘတ် သက်လတ့ံ ဖြစ်သောကြောင့် ဤဟေတွတ္ထေ အရ၌ သဗ္ဗနာမ် ဖြစ်သော “ယ-တ-ကိံ” စသည်ကိုသာ အပါဒါန် မှည့်၍ အပါဒါနေ ပဥ္စမီ သုတ်ဖြင့် ပဥ္စမီဝိဘတ် သက်သည်၊ [“သဗ္ဗနာမတော”၏ နောက်၌ “ပဥ္စမီဝိဘတ္တိ” ဟု မြန်မာမူ၌ ရှိ၏၊ “သဗ္ဗနာမတော ပဥ္စမီတိ ယောဇနာ” ဟု ပဥ္စမီကို ထည့်၍ အနက်ပေးဘို့ရာ ဋီကာ ဖွင့်သောကြောင့် “ပဥ္စမီဝိဘတ္တိ” မပါသော သီဟိုဠ်မူသာ ရှေးပါဌ် ဖြစ်ဟန်ဘူသည်။]၊ ဤ၌“သဗ္ဗနာမတော ပဥ္စမီ”ဟု ဆိုသော်လည်း ဤဒုရန္တိကစသော သုတ်က(ကစ္စည်းကျမ်း

www.dhammaransi.com



ကြောင့်၊ ဒုတိယာ-ဒုတိယာဝိဘတ်သည့်ငှင်း၊ ဆဋ္ဌီစ - ဆဋ္ဌီဝိဘတ်သည့်ငှင်း၊ (ဟောတိ)၊ ကိံကာရဏံ-အဘယ် အကြောင်းကြောင့်၊ တံ-ထိုသို့ ဖြစ်ရခြင်းသည်၊ ကိဿဟေတု - အဘယ် အကြောင်းကြောင့်နည်း၊ ကိဿ-ကြောင့်၊ တုမှေ-သင်တို့သည်၊ ကိလမထ - ပင်ပန်းကုန်သနည်း။

"ကေန ဟေတုနာ, ကေန ကာရဏေန, ယေန မိစ္ဆာဂစ္ဆေ သတ္တာ, တေန နိမိတ္တေန, တေန ဝုတ္တ" မိစ္စာဒိသု -ကေန ဟေတုနာ ၊ ပေ ၊ တေန ဝုတ္တံအစရှိသော ပြယုဂ်တို့၌၊ ဟေတွတ္ထေစာတိ-ဟေတွတ္ထေစသုတ်ဖြင့်၊ တတိယာ - တတိယာဝိဘတ်သည်၊ ( ဟောတိ )၊ [ ကေန ဟေတုနာ-အဘယ်အကြောင်းကြောင့်" စသည်ပေး။]

ဝိဝိတ္တံနာမ - ဝိဝိတ္တမည်သည်၊ ဝိဝေစနံ - ကင်းဆိတ်ခြင်းတည်း၊ တဒတ္ထဥပယောဂေ-ထိုကင်းဆိတ်ခြင်းအနက်ရှိသောသဒ္ဒါတို့၏ ယှဉ်ရာ၌၊ (အပါဒါနသညာ ဟောတိ)၊ ပါပကာ-ယုတ်မာသော၊ ဓမ္မာ - အကုသိုလ်တရားမှ၊ ဝိဝိတ္တော - ကင်းဆိတ်၏၊ ကာမေဟိ - ကာမတို့မှ၊ ဝိဝိစ္စေဝ-

အသို ) အပါဒါန်သာ မှည့်နိုင်သောကြောင့် ဤ ဟေတွတ္ထေ အရဖြင့် ပဥ္စမီဝိဘတ် မသက်နိုင်သေး, အပါဒါန်သာ မှည့်နိုင်သေးသည်၊ ထို့ကြောင့် အကျိုးပဉ္စမီဝိဘတ်၏ အမည်ကို အကြောင်း အပါဒါန်အနက်၌ တင်စား၍ "ပဉ္စမီ" ဟု ဆိုထားသည့်၊ စင်စစ်မှာ သဗ္ဗနာမ်များ၌ ဟေတွတ္ထေ အရ အပါဒါန်မှည့်ပါ ဟု ဆိုလိုသည်။

**ကိံ ကာရဏံ ၊ ပေ ၊ ကိလမထ** —- " ကိံ ကာရဏာ " နောက်၌ " ဒုတိယာ ဆဋ္ဌီ (တတိယာ) စ" ဟု ပါ၌ရှိ၏၊ ထိုတွင် တတိယာသည် အပိုသာတည်း၊ "ကိံ ကာရဏာ (ကာရဏံ ) ကိဿ ဟေတု " တို့၌ ဤ ဒူရန္တိက သုတ်လာ စ သဒ္ဒါဖြင့် ဟိတ် အနက်၌ ဒုတိယာ သက်၍ "ကိံ" ဟုငှင်း ဟိတ် အနက်၌ ဆဋ္ဌီသက်၍ " ကိဿ " ဟုငှင်း ပြီးသည်၊ "ကိံ နှင့် ကာရဏာ, ကိဿနှင့် ဟေတုတို့ ( ဝိဘတ်မတူဘဲ ) တုလျာဓိကရဏ ဖြစ်ကြသောကြောင့် ကိံ - ကိဿတို့လည်း ကာရဏာ ဟေတုတို့ကဲ့သို့ ဟိတ် အနက် ရှိသည်- ဟု မှတ်၊ ထိုတွင် ကာရဏာ၌ ကာရဏတ္ထေစ သုတ်ဖြင့် သမ္မာ သက်၊ ကာရဏံ ဟေတုတို့၌ကား ဟိတ်အနက်၌ ပဌမာဝိဘတ်သက်သော သုတ် တိုက်ရိုက်မရှိရကား အာသပနေစ၌ စသဒ္ဒါဖြင့် ပဌမာ သက်သင့်သည်။ [ဟေတွတ္ထေစ သုတ်၌ မောဂ္ဂလ္လာန် အဆိုကို ပြခဲ့၏၊ တွဲစပ်ကြည့်ပါ။]

**ကေန ဟေတုနာ ၊ ပေ ၊ ဟေတွတ္ထေစာတိ တတိယာ**—"ကေန ဟေတုနာ ၊ ပေ ၊ တေန ဝုတ္တံ "တို့၌ကား ဤ ဒူရန္တိက သုတ်လာ စသဒ္ဒါ၏ အရာမဟုတ်, တတိယာ ဝိဘတ်ခဏ်း၌ ဆိုခဲ့ပြီးသော " ဟေတွတ္ထေစ " သုတ်ဖြင့် တတိယာ ဝိဘတ် သက်နိုင်ကြောင်းကို ပြသော စ ကားတည်း။ [ဤသို့ တတိယာဝိဘတ်သက်မည့် သုတ် သီးခြား ရှိသောကြောင့် "ဒုတိယာ ဆဋ္ဌီ တတိယာစ" ဟု ရှိရာ၌ တတိယာကို အပိုဟုမှတ်၊ သီဟိုဠ်မူ၌လည်းမပါ။]

www.dhammaransi.com



ကင်းဆိတ်၍ သာလျှင်၊ အကုသလေဟိ ဓမ္မေဟိ-အကုသိုလ်တရားတို့မှ၊ ဝိဝိစ္စ-ကင်းဆိတ်၍။

ပမာဏတ္တေ - အတိုင်းအရှည်ဟူသော အနက်၌၊ ( အပါဒါန်သညာ ဟောတိ) တတိယာစ-သက်၊ စန္ဒဘာဂါယ-စန္ဒ ဘာဂါမြစ်၏၊ ပရိမာဏံ-အတိုင်းအရှည်ကား၊အာယာမတော-အလျားအားဖြင့်ရှင်း၊ဝိတ္ထာရတော စ-အနံအားဖြင့်ရှင်း၊ ယောဇနံ-တ ယူဇနာတည်း၊ ဂမ္ဘီရတော စ-အနက် အားဖြင့်ရှင်း၊ ပုထုလတော စ - အကျယ်အားဖြင့်ရှင်း၊ ယောဇနံ - တည်း၊ မဇ္ဈိမပဒေသော - မဇ္ဈိမ အရပ်သည်၊ ပရိက္ခေပတော - အဝန်း အပိုင်း အားဖြင့်၊ နဝယောဇနသတပရိမာဏော - ယူဇနာ ၉ ရာ အတိုင်းအရှည် ရှိ၏၊ ဒီဃသော - အလျားအားဖြင့်၊ သုဂတဝိဒတ္ထိယာ - ဘုရား၌ အထွာ တော်ဖြင့်၊ နဝဝိဒတ္ထိယော - ၉ ထွာတို့ကို၊ ပမာဏိကာ - ပမာဏနှင့် ယှဉ်သည်တို့ကို၊ ကာရေတဗ္ဗာ-ပြုစေသိုက်ကုန်၏။

(၃၁၂) စ-ဆက်ဦးအံ့၊ ဧတ္ထ - ဤ " ဒီဃသော " ပြယုဂ်၌၊ [ သော အာဒေသော၌ စပ်၊ ] သ္မာဟိဘ္ယံနမိစ္စာဒိတော-သ္မာဟိဘ္ယံနံ အစရှိသော သုတ်မှ၊ ဘ္ယာတိစ - ဘ္ယာ ပုဒ်သည်ရှင်း၊ သောဝါတိစ- သောဝါ သုတ်သည် ရှင်း၊ ဝတ္တမာနေ - သော်၊....

ဒီဃောရေဟိ။ ၁၀၆ ။ဒီဃ ဩရ ဣစ္စေတေဟိ - ဒီဃ, ဩရ ဟူကုန် သော ဤသဒ္ဒါတို့မှ၊ ( ပရဿ ) သ္မာဝစနဿ, သောအာဒေသော သော အပြုသည်၊ ဝါ ဟောတိ၊ ဒီဃသော-အလျားမှ၊ ဝါ-အားဖြင့်၊ ဒီဃမှာ ဝါ- လည်း ရှိ၏၊ [ဩရသော - ဤဘက်မှ၊ ဩရမှာ ဝါ - ဩရမှာ ဟုလည်း

**ပမာဏတ္တေ, တတိယာစ**—အတိုင်းအရှည်ကို ပမာဏတ္တ ဟု ခေါ်၏၊ ထိုအတိုင်း အရှည်ကို ပြရာ၌ အာယာမ စသည်ကို အပါဒါန် မှည့်၍ ပဥ္စမီ အနက်၌ တောပစ္စည်း သက်ထားသည်၊ ပရိက္ခေပတောတိုင်အောင် တောပစ္စည်းချည်းတည်း၊ ထိုသို့ သမ္ဗဒါန် မှည့်သော်လည်း ခွဲခွါခြင်း သဘော မရှိသောကြောင့် " မှ " ဟု မပေးဘဲ "အားဖြင့်" ဟု ဝိသေသန အနက်ပေးသည်၊ [တတိယာစ၏ ပြယုဂ်ကို နောက်၌ ထုတ်လတံ့။],

**ဧတ္ထ စ၊ ပေ၊ ဒီဃသော, ဒီဃမှာဝါ**—"ဒီဃသော နဝ ဝိဒတ္ထိယော ၊ပေ၊ ကာရေ တဗ္ဗာ" ပြယုဂ်၌ ဒီဃသော ရုပ်ပြီးပုံကို ပြလို၍ " **ဧတ္ထစ** " ဟု မိန့်သည်၊ ဤ " ဒီဃသော" ပြယုဂ်၌ အပါဒါန်မှည့်၍ သ္မာဝိဘတ်သက်ပြီးနောက် ဒီဃောရေဟိသုတ်ဖြင့် သ္မာဝိဘတ်ကို " သော " ပြု၍ ပြီးသည်-ဟူလို၊ ဝါသဒ္ဒါမြစ်၍ ဒီဃောရေဟိသုတ်ဖြင့် "သော" မပြုသည့် အခါ သ္မာကို မှာပြု၍ "ဒီဃမှာ" ဟုလည်း ရုပ်တမျိုးရှိနိုင်သည်၊ [ "ဒီဃမှာ ဝါ" နောက်၌

www.dhammaransi.com



ရှိ၏။]တတိယာစ–သက်၊ သာသပရာသိ–မုံညှင်းစေ့ အစုသည်၊ အာယာမေန – အလျားအားဖြင့်၊ ယောဇနံ – တည်း၊ ဝိတ္ထာရေန – အနံအားဖြင့်၊ ယောဇနံ–တည်း၊ ဥဗ္ဗေဓေန–အမြင့်အစောက်အားဖြင့်၊ ယောဇနံ–တည်း။

ပဉ္စမတ္ထဝါစကေန–"ရှေးဦး" အနက်ကို ဟောသော၊ ပုဗ္ဗသဒ္ဒေန–ပုဗ္ဗသဒ္ဒါနှင့်၊ ယောဂေါ – ယှဉ်ခြင်းသည်၊ ပုဗ္ဗယောဂေါ – မည်၏၊ စ–သက်၊ ဧတ္ထ – ဤပုဗ္ဗယောဂ၌၊ ပုဗ္ဗဂ္ဂဟဏံ – ပုဗ္ဗသဒ္ဒါသည်၊ အဝဓိသတ္တ ဝုတ္တိနော – ဝိဓိ အနက်မှ တပါးသော ဒေသ, ကာလ အစရှိသော အနက်၌ ဖြစ်လေ့ရှိသော၊ ပုဗ္ဗာဒိဂ္ဂဟဏဿ–ပုဗ္ဗ အစရှိသော သဒ္ဒါကို၊

"ပြရသော့ ပြရမှာဝါ"ဟု တချို့စာရှိ၏၊ ဤပရိမာဏအပေါဒါန်နှင့် မဆိုင်, သိဟိုဠ်မှာ့လည်း မရှိ။]

တတိယာစ၊ ပေ၊ သာသပရာသိ — "ယောဇနံ အာယာမေန" စသည် တို့ကား မုညှင်းစေ့ အစု အပုံ၏ အတိုင်း အရှည် (ပမာဏ) ကို ပြသော စကားပင်တည်း၊ ဤ အာယာမေန စသည်၌ကား သုတ်ရင်းဖြင့် အပေါဒါန် မမှည့်တော့ဘဲ ဒုရင်္ဂက သုတ်လာ စသဒ္ဒါဖြင့် တတိယာ ဝိဘတ်သက်သည်။ [ဒိဃောရေဟိသုတ်က ကြားငင် လာသော်လည်း ဒုရင်္ဂကသုတ် အဆက်မကုန်သေး၊ ထို့ကြောင့် "တတိယာစ" ဟူရာ၌ "ပမာဏတ္တေ တတိယာစ"ဟု ပြခဲ့သော "တတိယာ" ပင် ဖြစ်သည်။]

မှတ်ချက်။ ။နိမ္မာနန္ဒ၌လည်း ဤကဲ့သို့ အတိုင်းအရှည်ပရိမာဏကို ပြခဲ့ပြီ၊ သို့သော် ထိုပရိမာဏသည် "အဒ္ဓ–ကာလ" တို့၏ ပရိမာဏတည်း၊ ဤပမာဏကား အဒ္ဓကာလ မဟုတ်ရသော ဝတ္ထု တခုခု၏ ပမာဏတည်း၊ ထို့ကြောင့် အဒ္ဓကာလနိမ္မာန ဖြစ်သော ပရိမာဏအပြင် ဤ ပမာဏတ္တကို ထပ်၍ ပြရပြန်သည်၊ အာယာမေန စသည်၌လည်း ဝိသေသနေစသုတ်ဖြင့် တတိယာသက်နိုင်ဘွယ်ရှိ၏၊ သို့သော် အတိုင်းအရှည်ကိုပြသော အရာဖြစ်၍ ထိုသုတ်ဖြင့် မသက်ဘဲ ဤစသဒ္ဒါဖြင့် သက်စေဟန်တူသည်။

ပဉ္စမတ္ထ၊ ပေ၊ ပုဗ္ဗယောဂေါ—ပုဗ္ဗသဒ္ဒါသည် "ပုဗ္ဗော ပူယဂ္ဂတော စာဒေါ, သော ဒိသာဒေါ တိလိင်္ဂကော"ဟူသော အဘိဓာန်နှင့်အညီ, ပူယ-သွေးပြည်၊ အဂ္ဂ-အဦး,ရှေး၊ အာဒိ–အစ၊ ဒိသာဒိ – အရှေ့မျက်နှာ, ရှေ့ဒေသ, ရှေ့ကာလ, ဟူသော အနက်များကို ဟော၏၊ ထိုတွင် ပူယအနက်၌ ဤအပေါဒါန်အရာနှင့်မဆိုင်, ဒိသာအနက် ဟောရာ၌ကား ဒိသာယောဂ၌ ပါပြီးဖြစ်၏၊ ထို့ကြောင့် ဤပုဗ္ဗယောဂ၌ အဂ္ဂအာဒိတို့နှင့် အနက်တူ ပဉ္စမ အနက်ဟော ပုဗ္ဗသဒ္ဒါကို ယူရမည်၊ ထိုပဉ္စမအနက် ဟူသည်လည်း "ရှေ့=ရှေး" ဟူသော အနက်တည်း၊ ထို့ကြောင့် ရှေ့ကာလ, ရှေ့ဒေသ စသည်ဖြင့် ဒေသ ကာလ စသော အနက်နှင့် တွဲဘက်၍ အနက်မှတ်ရမည်။]

ဧတ္ထ၊ ပေ၊ ပရာဒိ ယောဂေပိ — ဒေသ–ကာလ–အရာဌာန စသည်ကို ဟောနိုင်သော ပုဗ္ဗ-ပရ-အပရ-ဥတ္တရ စသော သဒ္ဒါများ ရှိရာတွင် ပုဗ္ဗ သဒ္ဒါ တခုတည်းကိုမှတ်၍ ဆိုအပ်သော ဥပလက္ခဏ သဒ္ဒါတည်း၊ ထို့ကြောင့် ပုဗ္ဗ သဒ္ဒ ဖြင့် ပရ–အပရ–ဥတ္တရ

www.dhammaransi.com



ဉပလက္ခဏံ-မှတ်သားကြောင်းသဒ္ဒါတည်း၊ ရုတိ-သို့၊ ဒဠ္ဌဗ္ဗံ-၏၊ တေန-ထို့ကြောင့်၊ပရာဒိယောဂေဝိ-ပရအစရှိသောသဒ္ဒါတို့၏ယှဉ်ရာ၌လည်း၊ (အပါဒါနသညာ ဟောတိ)၊ ယထာ - ကား၊ ဘိက္ခဝေ - တို့၊ မေ - ငါ၏၊ သမ္ဗောဓာ-သစ္စာ၄ပါးကို သိရာ အခါမှ၊ ပုဗ္ဗေဝ-ရှေး၌ပင်လျှင်၊ ရူတော-ဤအခါမှ၊ ပုဗ္ဗေ-ရှေး၌၊ နာဟောသိ-မဖြစ်ဘူးသေး၊ တတော-ထိုအရပ်မှ၊ ပရံ-ပြင်ဘက် အရပ်သည်၊ ပစ္စန္တိမာ-အစွန်အဖျားဖြစ်ကုန်သော၊ဇနပဒါ-ဇနပုဒ်တို့တည်း၊ ဓာတုလိင်္ဂေဟိ- ဓာတ် လိင် တို့မှ၊ ပရာ - နှောင်းကုန်သည်၊(ဟုတွာ-၍၊)ပစ္စယာ-ဝိဘတ်ပစ္စည်းတို့သည်၊(ဟောန္တိ)တတော-ထိုအခါမှ၊ အပရေန သမယေန - နောက်အခါ၌၊ တတော - ထို့ထက်၊ ဉတ္တရိမ္ပိ-အပိုအလွန်လည်း၊ ရူစ္စာဒိ။

ဗန္ဓနတ္ထပ္ပယောဂေ- နှောင်ဖွဲ့ခြင်းအနက်ရှိသော သဒ္ဒါတို့၏ယှဉ်ရာ၌၊ ဗန္ဓနဟေတုမှိ - နှောင်ဖွဲ့ခြင်း၏ အကြောင်းဖြစ်သော၊ ရူဏေ-ကြွေးမြီ၌၊ (ဝါ-ကြွေးမြီဟောသဒ္ဒါ၌၊) ပဉ္စမီ - ပဉ္စမီဝိဘတ်သည်၎င်း၊ တတိယာစ-တတိယာဝိဘတ်သည် ၎င်း၊ ဟောတိ-၏၊ သတသ္မာ-တရာသောကြွေးမြီကြောင့်၊ ရညာ - မင်းသည်၊ နရော-လူကို၊ ဗဒ္ဓေါ - နှောင်ဖွဲ့အပ်၏၊ ဝါ၊ သတေန-ကြောင့်၊ နရော-လူကို၊ ဗဒ္ဓေါ-နှောင်ဖွဲ့အပ်၏။

စသော သဒ္ဒါများကို ယူနိုင်သည်၊ [ဉပလက္ခဏနည်း အကြောင်းကို နည်း ၄၀ မှာ ရှု။] ထိုဗုဒ္ဓသဒ္ဒါသည် "ပုဗ္ဗာ ဒိသာ-အရှေ့အရပ်၊ပုဗ္ဗေ-ရှေးကာလ၌၊ပုဗ္ဗေ ဒေသော-ရှေ့အရပ်" စသည်ဖြင့် ဒိသာ-ကာလ-ဒေသ စသော အနက်များကို ဟောနိုင်သော်လည်း ဒိသာ အနက်မှာ ဒိသာ ယောဂ၌ ပါပြီး ဖြစ်သောကြောင့် ဤ၌ ဒိသာ အနက်မှ တပါးသော ဒေသကာလ စသော အနက် များကိုသာ ဟောသော ပုဗ္ဗသဒ္ဒါစသည်ကို ယူစေလို၍ "အဒိသတ္ထ ဝုတ္တိနော" ဟု မိန့်သည်။

ပုဗ္ဗေဝ မေ၊ ပေ၊ ဉတ္တရိမ္ပိ — ပုဗ္ဗော ပုဗ္ဗေတို့သည် ကာလ အနက်ဟောတို့တည်း၊ တတောပရံ-ဓာတုလိင်္ဂေဟိ ပရာကိုကား ဒေသအနက်ဟောတို့တည်း၊ တတော အပရေန ကား ကာလအနက်ဟောတည်း၊ တတော ဉတ္တရိ ကား ကာလ-ဒေသမဟုတ်, အရာဌာ တခုခုတည်း၊ ["သန္တံ ရတ္တရ ပရမံ သာဒိတဗ္ဗံ, တတော စ ဉတ္တရိ သာဒယေယျ" စသည်၌ သင်းပိုင် ကိုယ်ရုံထက် အပိုသက်န်းတည်းဟူသော ဝတ္ထုကို ဉတ္တရိသဒ္ဒါက ဟောသည်၊ ဉတ္တရိမ္ပိ၌ နိဂ္ဂဟိတ်ကို "မ်"ပြု၊ ထိုနိဂ္ဂဟိတ်ကား ဝါစာသိလိဋ္ဌ အကျိုးငှါ အပိုလာသည်၊ "ဉတ္တရိ" ပုဒ်ရင်းသာ၊ "တတော-ထို့ထက်" ဟု ပေးရသော်လည်း ကွဲပြီးသားကို ဂုဏ်အားဖြင့် ထပ်၍ ခွဲခြင်း မဟုတ်သောကြောင့် ဝိဘတ္တ အပါဒါန် မဟုတ်, ပုဗ္ဗ ဒိယောဂ အပါဒါန်သာ။]

www.dhammaransi.com



ဖလသာခနေဟေတုဘူတဿ-အကျိုးကို ပြီးစေတတ်သော အကြောင်း ဖြစ်၍ ဖြစ်သော၊ ဂုဏဿ - ဂုဏ်ကို၊ ဝစနံ - ဟောသော သဒ္ဒါသည်၊ ဂုဏဝစနံ-ဂုဏဝစနမည်၏၊ တသ္မိံ ဂုဏဝစနေ- ထိုဂုဏ်ကို ဟောသော သဒ္ဒါ၌၊ ပဉ္စမီ- ပဉ္စမီသက်၊ တတိယာစ- လည်းသက်၊ ရဇ္ဇာ-မင်းသည်၊ ဣဿရိယာ-အစိုးရသူ၏ အဖြစ်ကြောင့်၊ ဇနံ - လူအပေါင်းကို၊ ရက္ခတိ- စောင့်ရှောက်၏၊ ဝါ - တနည်း၊ ဣဿရိယေန-ကြောင့်၊ (ရက္ခတိ-၏) သီလတော - သီလကြောင့်၊ နံ- ထိုသူ့ကို၊ ပသံသန္တိ-ချီးမွမ်းကြကုန်၏၊ ဝါ, သီလေန- သီလကြောင့်၊ (ပသံသန္တိ - ကုန်၏) ပညာယ - ပညာကြောင့်၊ ဝိမုတ္တမနော-ကိလေသာမှ လွတ်သောစိတ်ရှိ၏၊ ဣတ္ထံဝါဒိ-တည်း။

ဇန္တုနတ္ထ၊ပေ၊ ဇဠော္ဒါ နရော—ကြွေးမဆပ်နိုင်ခြင်းကြောင့် ကြွေးယူထားသူ(မြီစား)ကို မင်းက ချုပ်နှောင်ရာ၌ ကြွေးမြီသည် ချုပ်နှောင်ခြင်း၏ အကြောင်း ဖြစ်၏၊ ထို ချုပ်နှောင်ခြင်း၏ အကြောင်းဖြစ်သော ကြွေးမြီအနက်ဟောသဒ္ဒါ၌ ပဉ္စမီဝိဘတ် သက်သည်၊ ပဉ္စမီဝိဘတ် ဆိုသော်လည်း ဤသုတ်ဖြင့် မသက်ရ,ဤသုတ်က အပါဒါန်မှည့်၍“အပါဒါနေ ပဉ္စမီ”သုတ်ဖြင့် သက်ရမည်-ဟုမှတ်၊ တတိယာဝိဘတ်ကိုကား ဤသုတ်စသဒ္ဒါဖြင့် သက်၊ [သီဟိုဠ်မူ၌“ဣဏေ တတိယာစ”ဟုသာ ရှိ၏၊ “ပဉ္စမီ....ဟေတ”တို့ မပါ။]

ဖလသာခနဟေတု၊ပေ၊တတိယာစ—ဤ၌“ဂုဏ”သဒ္ဒါသည် ဝိသေသန အပ္ပဓာန အနက်ကို ဟော၏၊ ဣဿရိယ–သီလ ပညာတို့သည် အထည်ဒြဗ် ပဓာန မဟုတ်သော အပဓာန ဝိသေသန ဂုဏ်များတည်း၊ ဣဿရိယ – သီလ ပညာတို့ကိုသာ ပုံစံ၌ ပြထားသဖြင့်လည်း အကောင်းဂုဏ်ကိုသာ ဂုဏ် ဟု မမှတ်လင့်၊ “ဇဍတ္တာ – မိုက်မဲသည်၏ အဖြစ်ကြောင့်” ဟူရာ၌ မိုက်မဲမှုလည်း မကောင်း ဂုဏ်ပင်၊ ဤသို့ ကောင်းသည် ဖြစ်စေ ဆိုးသည်ဖြစ်စေ အပ္ပဓာန အနက်ကို “ဂုဏ” ဟု ဆိုလိုသည်၊ ဣဿရဿ- အစိုးရသူ၏၊ ဘာဝေါ–ဖြစ်ကြောင်း ဖြစ်ရာ ရထူး ဌာနန္တရသည်၊ ဣဿရိယံ–မည်၏၊ ဤ ဝိဂ္ဂဟ်အရ ရထူး ဌာနန္တရသည်(ရှင်ဘုရင့်အရာသည်)ဒြဗ်ပဓာန မဟုတ်သောကြောင့် ဂုဏ်မည်၏၊ သီလ ပညာတို့ ပဓာန မဟုတ်ကြောင်း ဂုဏ်ဖြစ်ကြောင်းမှာ ထင်ရှားပြီ၊ ထို ဂုဏ်သည် ပြင် စောင့်ရှောက်ရခြင်း – အချီးမွမ်းခံရခြင်း – ကိလေသာ တို့မှ လွတ်ခြင်း၏ အကြောင်း ဖြစ်သောကြောင့် ဟိတ်လည်း မည်၏။

ထို ဟိတ်ကား ဖလသာခနဟိတ်–ပယောဇက ဟိတ် ဟု ၂ မျိုး ရှိ၏၊ ထိုတွင် ဆိုင်ရာ အကျိုးကို ပြီးစေတတ်သော အကြောင်းရိုးရိုးသည် ဖလသာခနဟိတ် မည်၏၊ သူတပါးကို စေခိုင်း တိုက်တွန်းတတ်သော ( အခြားသူ ပြုလုပ်ရခြင်း၏ အကြောင်း ဖြစ်၍ ဟေတု ကတ္တား မည်သော) ဟိတ်သည် ပယောဇက ဟိတ် မည်၏၊ ထို၂ မျိုးတွင် ဖလသာခနဟိတ်ကိုယူစေလိုသောကြောင့်“ဖလသာခနေ ဟေတုဘူတဿ”ဟု မိန့်သည်၊ဖလသာခနဟိတ်ကို “လောကိက (လောက၌ ထင်ရှားသော–အများသိ ဖြစ်သော) ဟိတ်”ဟုရင်း, ပယောဇက ဟိတ်ကို ကိတ္တိမ (မှည့်ခေါ်အပ်သော) ဟိတ်ဟုရင်း ခေါ်သေး၏။ [“တသ္မိံ

www.dhammaransi.com



ပဉ္စကထနေသု - မေခြင်း, ဖြေခြင်းတို့၌၊ ( ဥဒါဟရဏံ - ကား၊ ) ထွံ-သင်သည်၊ ကုတော - အဘယ်မှ၊ အသိ- ဖြစ်သနည်း၊ ဘဝံ-အရှင်သည်၊ ကုတော - အဘယ်မှ နည်း၊ ပါဋလိပုတ္တာ - ပါဋလိပုတ်ပြည်မှ တည်း၊ စ-ဆက်၊ ဧတ္ထ - ဤပဉ္စကထနဘ်ဓ္ဓတွင်၊ ကသနံနာမ - ကထနမည်သည်၊ ဝိသဇ္ဇနံ-ဖြေဆိုခြင်းတည်း။

ထောကဧတ္ထ၊ - အနည်းငယ်ဟူသော အနက်ရှိသော၊ အသတ္တဝစနဲ-ဖြစ်မဟုတ်သော အနက်ကို ဟောသော သဒ္ဒါ၌၊ ကရဏော - ကရိဏ်း

ဂုဏဝစနေ, တဘီယာစ " ဟူသာ သီဟိုဠ်မှု ရှိ၏၊ " ပဉ္စမီ " မပါ၊ သို့သော် မပါလျှင် ထည့်ရမည်ဖြစ်သောကြောင့် ပဉ္စမီပါသော မြန်မာမူလည်း အသင့်ပင်။ ]

ပဉ္စကထနေသု — " ကုတောသိ တုဝံ–သင်ဘယ်ကလဲ "ဟု မေးရာ၌ ကုတောကို "ကိံ"တည်၍ ဤသုတ်ဖြင့် အပါဒါန်မှည့်၊ " ကုတော+အာဂစ္ဆသိ - ဘယ်မှ+လာသနည်း"ဟု မေးလျှင်ကား ခွဲခွါခြင်းသဘော ရှိသောကြောင့်"ယသ္မာ ဒပေတိ"သုတ်ဖြင့်ပင် အပါဒါန် မှည့်နိုင်သည်–ဟု ဋီကာ မိန့်သည်၊ " ကုတော+ဘဝံ – အရှင် ဘယ်မှနည်း၊ ( အရှင်+ဘယ်ကလဲ ) " ဟုရာ၌လည်း စပ်ပုဒ်ကြိယာ တိုက်ရိုက်မပါ–ဥပါတ္တ ဝိယယ အပါဒါန်ကဲ့သို့ ထည့်စပ်ရမည်လည်း မဟုတ် , ကြိယာ မပါဘဲပင် ဆိုလိုရင်း အဓိပ္ပါယ် ပြည့်စုံသောကြောင့်"ယသ္မာဒပေတိ"သုတ်ဖြင့် အပါဒါန် မမှည့်နိုင်ရကား ဤပဉ္စ-ကထန အပါဒါန်ကို ထပ်၍ပြရသည်၊ " ပါဋလိပုတ္တာ "ကား ကထန အရ အပါဒါန်တည်း၊ မြန်မာလို "ကျွန်ုပ် ပါဋလိပုတ်ကဘဲ"ဟု ဖြေဆိုရာ၌ သုံးနှုန်းသော စကားဖြစ်သည်၊ ဤ၌ ကထန ဟူသည် စကားရိုးရိုး ပြောဆိုခြင်း မဟုတ် , ပဉ္စနှင့် တွဲဘက်၍ ပြသော အရာ ဖြစ်သောကြောင့် ဖြေခြင်းကို"ကထန"ဟု ယူစေလို၍"ဧတ္ထ ကထနံ နာမ ဝိသဇ္ဇနံ' ဟု မိန့်သည်၊ ဤပဉ္စကထန အရာဝယ် ကစ္စည်း၌ ပြယုဂ်တမျိုး ထုတ်ထားသည်၊ ထိုကို ရူပသိဒ္ဓိ ဆရာ မနှစ်သက်သောကြောင့်ရင်း သဒ္ဒတ္ထ သဒ္ဒါကျမ်း၌လည်း"ကုတော ဘဝံ, ပါဋလိပုတ္တာ"ဟု ထုတ်သောကြောင့်ရင်း ကစ္စည်းပြယုဂ်ကို မလိုက်ဘဲ တမျိုးထုတ်သည်။

**ဥပါတ္တ ဝိသယ အပါဒါန် ကြံပုံ။** ။"ကြိယာနိမိတ္တံ ကာရကံ"နှင့် အညီ ကာရက မှန်သည် ကြိယာပြီးစေရမည် ဖြစ်သောကြောင့် "ကုတော ဘဝံ, ပါဋလိပုတ္တာ"ဟူသော ဝါကျ၌ ကြိယာ လုံးဝမရှိလျှင် အပါဒါန ကာရကပင် မဖြစ်သိုက်၊ ထို့ကြောင့် " ကုတော ဘဝံ"၌ အာဂစ္ဆတိ ဟုရင်း, "ပါဋလိပုတ္တာ"၌ အာဂစ္ဆာမိ ဟုရင်း ကြိယာကို သိလောက်သောကြောင့် မထည့်ခြင်းဖြစ်သည်၊ အနက်ဆိုရာ၌ကား ထို ကြိယာများကို ထည့်စွက်၍ " အရှင် ဘယ်က လာသနည်း, ပါဋလိပုတ်ပြည်က လာသည် " ဟု အနက်ပေးရမည်၊ ထို့ကြောင့် ကုတော–ပါဋလိပုတ္တာ တို့သည် ဥပါတ္တ ဝိသယ ( ထုတ်ဆောင်အပ်သော ကြိယာရှိသော) အပါဒါန်သာ ဖြစ်သင့်သည်–ဟု ကာတန္တဝုတ္တိ ပဉ္စိကာနှင့် မောဂ္ဂလ္လာန်တို့ မိန့်ကြသည်၊ ထို ကျမ်းများအလို ဤ ပဉ္စ ကထန အပါဒါန်လည်း မလို၊ ယသ္မာဒပေတိ သုတ်ဖြင့်ပင် ပြီးနိုင်သည်။

www.dhammaransi.com



အနက်၌(အပါဒါနသညာဟောတိ၊)တတိယာဝ-လည်း သက်၊ထောကာ- အနည်းငယ်ဖြင့်၊ မုစ္စတိ-လွတ်၏၊ ဝါ, ထောကေန-ဖြင့်၊ မုစ္စတိ-၏၊ အပ္ပမတ္တကာ - နည်းသော အတိုင်းအရှည်ဖြင့်၊ မုစ္စတိ၊ ဝါ, အပ္ပမတ္တကေန- ဖြင့်၊ (မုစ္စတိ၊) ကိစ္ဆာ-ငြိုငြင်းခြင်းဖြင့်၊ မုစ္စတိ၊ ဝါ,ကိစ္ဆေန (မုစ္စတိ)။

အကတ္တရိ, အကာရကေ - ဟေတုကတ္တား မဟုတ်သော၊ ဉာပက ဟေတုမှ ဉာပကဟိတ်အနက်၌၊ (ပဉ္စမီ ဟောတိ)၊ ကမ္မသ-ကံ၏၊ ဝါ-

ထောကတ္ထေ၊ပေ၊ကရဏေ, တတိယာစ— "သတ္တ" သဒ္ဒါသည် "ဒြပ်"ဟူသော အနက်ကိုဟော၏၊ အသတ္တ-ဒြပ်မဟုတ်သော အနက်၊ "ထောက-အနည်းငယ်, အပ္ပ မတ္တ-နည်းသော အတိုင်းအရှည်, ကိစ္ဆ-ငြိုငြင်ပင်ပန်းခြင်း" ဤအနက်များသည် အထည် ကိုယ် ဒြပ်မဟုတ်၊ ဝိသေသန ဂုဏ်မျှသာ ဖြစ်ကြသည်၊ ထိုသို့"အနည်းငယ်=နဲနဲပါးပါး" ဟူသော ဂုဏ်ဝိသေသနကို ဟောရာ၌သာ အပါဒါန် မှည့်၊ အပါဒါန် မှည့်သော်လည်း "ကရဏေ" ဟု ဆိုသောကြောင့် "ဖြင့်" ဟု ကရိုဏ်းအနက်ပေးရမည်၊ "အတ္ထအပါဒါန် မဟုတ်, သဒ္ဒအပါဒါန်ဖြစ်သည်"ဟူလို၊ "တတိယာစ"ဟူသောစကားလည်း ဤသုတ်လာ စသဒ္ဒါဖြင့် သက်ရမည် ဟု မဆိုလို၊ ကရိုဏ်း အနက် ဖြစ်သောကြောင့် "ကရဏေ တတိယာ"သုတ်ဖြင့်ပင် သက်ရမည် ဟု ဆိုလိုသည်။ ["ထောကံ ဝိသံ·အနည်းငယ်သော အဆိပ်"ဟု ဒြပ်ကိုဟောရာ၌ကား ဤသုတ်နှင့်မဆိုင်၊ "ထောကေန ဝိသေန, ထောကဿ ဝိသဿ" စသည်ဖြင့် အနက်အားလျော်စွာ ပဌမာ ဒုတိယာ စသည် (လိင်တ္ထေ ပဌမာ စသော သုတ်ဖြင့်) သက်နိုင်သည်။]

ကိစ္ဆာမုစ္စတိ—ထောကာ, အပ္ပမတ္တကာတို့သည် ထောကအနက်ရှိကြ၏၊ "ကိစ္ဆာ" ကား ထောကအနက် မရှိသည့်ပြင် - အများအနက်ပင် ရှိသကဲ့သို့ ထင်ရ၏၊ ချဲ့ဦးအံ့— "ကိစ္ဆာ လဒ္ဓံ = ဆင်းရဲသဖြင့် ရအပ်သော သားကို (တေမိယဇာတ်), ကိစ္ဆေန မေ အဓိဂတံ=ဆင်းရဲသဖြင့် ငါဘုရားရအပ်သော တရားကို (မဟာဝါ,ဗြဟ္မယာစနကထာ စသည်"တို့၌ အဆင်းအရဲ အပင်ပန်း ခံရခြင်းသည် နဲနဲပါးပါး မဟုတ်—အတော်များ၏၊ ထို့ကြောင့် ထောကတ္ထ၌ "ကိစ္ဆ" သဒ္ဒါကို ထည့်သွင်း ထားခြင်းကို စဉ်းစားသင့်၏၊ ပါဏိနိ၌ "ကရဏေစ ထောကပ္ပကိစ္ဆကတိပယဿာသတ္တဝစနဿ" သုတ်၌ ထောက- အပ္ပတို့နှင့် တွဲဘက်၍ ကိစ္ဆသဒ္ဒါကိုလည်း ပြထားသောကြောင့် ဤကစ္စည်း၌ ကိစ္ဆအတွက် သီးခြား သုတ် မရှိရကား ပြယုဂ်ဆရာတို့ က ကိစ္ဆကို ထောကတ္ထ၌ သွင်းလိုက်ကြဟန် တူသည်၊ ဤအတိုင်းမှန်လျှင် ထောကတ္ထကို ဥပလက္ခဏာ ဟု မှတ်။ [အသတ္တဝစနဿ·ဒြပ် မဟုတ်သော အနက်ကို ဟောသော၊ ထောကပ္ပ၊ပေ၊ပယဿ-ထောက, အပ္ပ, ကိစ္ဆ, ကတိပယ သဒ္ဒါ၏၊ ကရဏေ-၌၊တတိယာ ပဉ္စမီယော-တို့သည်၊ ဟောန္တိ၊ (သုတ်နက်)။]

အကတ္တရိ အကာရကေ ဉာပကဟေတုမှိ—အကတ္တရိအရ "ကတ္တား မဟုတ်သော အနက်"ဟူသည် ဟိတ်အနက်ပင်တည်း၊ ချဲ့အံ့ —"ယတ္တ အာသက်ာ, တဿ ပဋိသေဓော ကာတဗ္ဗော = အကြင် အနက်၌ ယုံမှားဖွယ် ရှိ၏, ထိုအနက်၌ ( န-အ-သဒ္ဒါတို့ဖြင့်

www.dhammaransi.com



ကို၊ ကတတ္တာ- ပြုအပ်ခဲ့သည့်၏ အဖြစ်ကြောင့်၊ ဥပစိတတ္တာ-ဆည်းပူးအပ်သည့်၏ အဖြစ်ကြောင့်၊ ဥဿန္နတ္တာ-များသည့်၏အဖြစ်ကြောင့်၊ ဝိပုလတ္တာ-ပြန့်ပြောသည့်၏ အဖြစ်ကြောင့်၊ စက္ခုဝိညာဏံ-စက္ခုဝိညာဏ်သည်၊ ဥပ္ပန္နံ-ဖြစ်သည်၊ ဟောတိ-ဖြစ်၏။

"မဟုတ်"ဟု) တားမြစ်ခြင်းကို ပြုဆိုက်၏"ဟူသော ပရိဘာသာနှင့်အညီ ဟေတုကတ္တားနှင့် ဟိတ်အနက်သည် ယုံမှားဘွယ်ရှိ၏၊ (ဟေတုကတ္တားလည်း သူတပါး ပြုလုပ်ခြင်း၏အကြောင်း, ဟိတ်လည်း အကြောင်းပင် ဖြစ်၍ ဆင်တူ ရိုးမှား ဖြစ်သောကြောင့် ယုံမှားဘွယ်ရှိသည်—ဟူလို၊) ထို့ကြောင့်"အကတ္တု—ကတ္တုကာရက မဟုတ်"ဟု တားမြစ်အပ်သော အနက်သည် ဟေတုကတ္တားနှင့် ရိုးမှားဖြစ်သော ဟိတ်အနက်တည်း၊ ထို့ကြောင့် အကတ္တရိကို "အကာရကေ ဥပါကဟေတုမှိ" ဟု ဖွင့်သည်၊ ထိုတွင် အကာရကေသည် အကတ္တရိ၏ အဖွင့်တည်း၊ မှန်၏— ဟေတု ကတ္တားသည် ကာရက ၆ ပါးတွင် ကတ္တုကာရကဖြစ်၏၊ ထို့ကြောင့် အကတ္တရိနှင့် အကာရကေသည် သဘောတူပင်တည်း၊ ဥပါကဟေတုမှိ ကား ဇနက ဟိတ် သမ္ပါပကဟိတ်တို့ကို နစ်စေသော စကားတည်း၊ အကတ္တရိ အရ ဟေတုကတ္တုကာရက မဟုတ်လျှင် အများနားလည်နေသော ဟိတ်အားလုံးကို ယူသင့်သော်လည်း သမ္ပါပကဟိတ်မှာ တတိယာဝိဘတ်၏ သက်ရာသာ ဖြစ်၏၊ ဇနကဟိတ်ကား ကာရကတွေ့စ သုတ်၌ ပြလတ္တံ့ဖြစ်၏၊ ထို့ကြောင့် ဤ၌ ဥပါကဟိတ်ကိုသာ ယူရမည်ဟု ရူပသိဒ္ဓိဆိုလိုသည်။

ကမ္မဿ ၊ ပေ ၊ စက္ခုဝိညာဏံ — ကုသိုလ်ကောင်းမှု ပြုလုပ်နေပုံ စုဆောင်း နေပုံ များနေပုံ ကုသိုလ်ကောင်းမှုတွေ ပြန့်ကျယ်နေပုံကို မြင်ရလျှင် "ဤသူမှာ ဤကောင်းမှုတွေကြောင့် စက္ခုဝိညာဏ် ဝိပါက်အကျိုး နောင်ခါဖြစ်လတ္တံ့"ဟု မှန်းဆ၍ သိနိုင်ရကား ကတ—ဥပစိတ—ဥဿန္န—ဝိပုလတို့သည် စက္ခုဝိညာဏ်ဖြစ်ခြင်းကို သိစေတတ်သော ဥပါက ဟိတ်တည်း—ဟု ပြောမှတ်ပြုကြ၏၊ သို့သော် "ဥပ္ပန္နံဟောတိ" စကားသည် နောင်ဖြစ်လတ္တံ့ကိုပြသော စကားမဟုတ်, ယခုဖြစ်ဆဲကိုပြသော စကားဖြစ်သောကြောင့် ထိုအဓိပ္ပါယ်ကို စဉ်းစားသင့်၏၊ အချို့ကား — စက္ခုဝိညာဏ်ဖြစ်သည်ကို မြင်ရသဖြင့် "ရှေးက ကံပြုခဲ့သူတည်း"ဟု အကြောင်းကံကို မှန်းဆ၍ သိရသောကြောင့် ကတ-ဥပစိတ စသောကံသည် ဥပါကမည်၏—ဟု ပြောကြသေး၏၊ သာ၍မသင့် ဟုမှတ်။

ထင်ရှား စေအံ့ ——ဤ ကတ ဥပစိတ ဥဿန္န ဝိပုလ ဖြစ်သော ကံ တရားသည် (သိုဆရာတို့အလိုအားဖြင့်) စက္ခုဝိညာဏ်ဖြစ်ခြင်းကို မသိစေနိုင်, စက္ခုဝိညာဏ်ဖြစ်ပုံကို မြင်ရသဖြင့် ကတ—ဥပစိတ စသော ကံကို မှန်းဆ၍သိရသည်-ဟု ဆိုသဖြင့် သိစေတတ်သော ဥပါကကံ မဟုတ်-သိအပ်သော ဉာပျကံ (အနုမေယျကံ) သာ ဖြစ်၏၊ ထို့ကြောင့် ထိုအချို့ဆရာတို့အလိုအားဖြင့် မည်သည့်နည်းနှင့်မျှဥပါကဟိတ် မဖြစ်နိုင်၊ ဆက်ဦးအံ့— ဤပုံစံသည် ကစ္စည်းဝုတ္တိ၌ပင် ရှိနေသောကြောင့် ရူပသိဒ္ဓိဆရာလည်း ထည့်သွင်း ပြထားဟန်တူ၏၊ သို့သော် ကစ္စည်းဝုတ္တိဆရာကား (ရူပသိဒ္ဓိကဲ့သို့) အကတ္တရိအရ၌ ဥပါက ဟိတ်ကိုသာ ယူလိုသည်မဟုတ်၊ ဟေတုကတ္တားလည်းဖြစ်နိုင်-ဟိတ်လည်းဖြစ်နိုင်သော

ဤနာမရူပံ - ဤနာမ်ရုပ်တရားသည်၊ အဟေတုကံ - အကြောင်း မရှိသည်၊ န တာဝ (ဟောတိ)- မဖြစ်သင့်၊ (ကသ္မာ-အဘယ့်ကြောင့်၊ ဝိညာယတိ-သိအပ်သနည်း၊ အဟေတုကတ္တေ- အကြောင်းမရှိသည်၏ အဖြစ်သည်၊ သတိ-ဖြစ်လတ်သော်၊)သဗ္ဗတ္ထ-အလုံးစုံသောဘုံတို့၌ရင်း၊ သဗ္ဗဒါ-အခါခပ်သိမ်းရင်း၊ သဗ္ဗေသဉ္စ-အလုံးစုံသော သတ္တဝါတို့၏ရင်း၊ ဧကသဒိသဘာဝါပတ္တိတော-တသပ်တည်းတူသည်၏အဖြစ်သို့ရောက်ခြင်းကြောင့်၊ (ဝိညာယတိ-သိအပ်၏၊)

(သင်္ခါရာ-သင်္ခါရတရားတို့သည်)ဟုတွာ-ဖြစ်ပြီး၍၊ အဘာဝတော- မရှိခြင်းကြောင့်၊ အနိစ္စာ- မမြဲကုန်၊ ဥဒယဗ္ဗယ ပီဠနာ-ဖြစ်ခြင်း ပျက်ခြင်းတို့ နှိပ်စက်အပ်သည်၏ အဖြစ်ကြောင့်၊ ဒုက္ခာ - ဆင်းရဲကုန်၏၊ အဝသဝတ္တိတ္တာ - အလိုအတိုင်း မဖြစ်ကုန်သည်၏ အဖြစ်ကြောင့်၊ အနတ္တာ -

အနတ္တဝယ် ဟေတုကတ္တေးကို မဆိုလိုဘဲ ဟိတ်ကို ဆိုလိုရာ၌ မည်သည့်ဟိတ် မဆို ထို အကတ္တရိအရ၌ ယူလိုပေသည်၊ ထို့ကြောင့် ကတ္တရိအရ၌ ဥပက ဟိတ်ကိုသာ ယူသော ရူပသိဒ္ဓိဆရာ ကိုယ်တိုင်က ကစ္စည်းဝုတ္တိ၏ အဘော် မကျသောကြောင့် ဥပက ဟိတ် ဖြစ်အောင် ကြံဆောင်၍ ပြောသမျှ အဓိပ္ပါယ်သည်း ယုတ္တိမရ ဖြစ်ရသေသည်။

နတာဝိဒံ၊ပေ၊ပတ္တိတော—စိတ် စေတသိက်ဟူသော နာမ် တရားနှင့် ရုပ်တရားလည်း အကြောင်းမရှိ မဟုတ်, အဝိဇ္ဇာ တဏှာ ကံ စသော အကြောင်းရှိကြသည်၊ ဘာ့ကြောင့် အကြောင်းရှိမှန်း သိနိုင်သနည်း ဟူမူ ........ အကြောင်းမရှိဘဲ နာမ်ရုပ်တို့ ဖြစ်နိုင်လျှင် (သဗ္ဗတ္ထ- ) ကာမ ရူပ အရူပ ဘုံအားလုံးတို့၌ နာမ်ရုပ်အစု ဖြစ်သော ခန္ဓာကိုယ်သည် တမျိုးတစားထည်း ဖြစ်ရာ၏၊ ယခုသော် ကာမဘုံ၌ နာမ်ရုပ်အစု ခန္ဓာကိုယ်၏ ဖြစ်ပုံ တမျိုး-ရူပဘုံ-အရူပဘုံတို့၌လည်း တမျိုးတခြားစီဖြစ်၏၊ ကာမဘုံတွင်လည်း အပါယ်ဘုံ၌ တမျိုး-လူ့ဘုံ၌ တမျိုး စသည်ဖြင့် အမျိုးမျိုး ကွဲပြားလျက် ရှိ၏၊ (သဗ္ဗဒါ)ပဋိသန္ဓေ စုတိတို့ အခွင့်၌ အခါခပ်သိမ်း တမျိုးတစားထည်း ဖြစ်ရာ၏၊ ယခုသော် ပဋိသန္ဓေမှ စ၍ ရုပ်နာမ်အစု ဖြစ်သော ခန္ဓာကိုယ်သည် အရွယ်အလိုက် အမျိုးမျိုး ပြောင်းလွဲလျက် ရှိ၏၊ (သဗ္ဗေသံ) အကောင်း နားထိုင်းမရွေး တမျိုးထည်း ဖြစ်ရာ၏၊ ယခုသော် အကောင်း၌ စက္ခုပသာဒ မပေါ်, နားထိုင်းသူ၌ သောတပသာဒ မပေါ်၊ ထိုသို့ ဘုံ အလိုက် ကာလ အလိုက် သတ္တဝါ အလိုက် ရုပ်နာမ်တို့ တမျိုးစီ ဖြစ်ပုံကို ထောက်၍ နာမ်ရုပ်တို့မှာ အကြောင်းမဲ့ မဟုတ်, ဆိုင်ရာ အကြောင်းများ ရှိကြသည်- ဟု သိနိုင်သည်၊ ဤ၌ "ဧကသဒိသဘာဝါပတ္တိတော" ဟူသော ဟိတ်သည် နာမ်ရုပ်တရားတို့မှာ အကြောင်းရှိသည် - ဟု သိစေတတ်သော ဉာပက ဟိတ်တည်း။

ဟုတွာ၊ပေ၊တိလက္ခဏံ—["ဟုတွာ အဘာဝတော နိစ္စာ, ဥဒယဗ္ဗယ ပီဠနာ၊ ဒုက္ခာ အဝသဝတ္တိတ္တာ, အနတ္တာတိ တိလက္ခဏံ"ဟု ၄ ပါဒရှိသော ဂါထာတည်း၊] ဖြစ်ပြီး၍

www.dhammaransi.com



အတ္တလည်း မရှိကုန်၊ ဝါ – အတ္တလည်း မဟုတ်ကုန်၊ ဣတိ – ဤမမြဲခြင်း အစရှိသော အမှတ်အသားသည်၊ တိလက္ခဏံ – လက္ခဏာ ၃ ပါးတည်း။

(၃၁၃) ပဥ္စမိဘိ ဝဏ္ဏနာ။

ကာရဏာဋ္ဌေစ ။ ၂၉၆ ။ အတ္တနော – မိမိ၏၊ ဖလံ – အကျိုးကို၊ ကရောတိ – ပြုတတ်၏၊ ဣတိ, ကာရဏံ – မည်၏၊ ကာရဏဟေတု – ကာရဏ ဟိတ်ဘည်း၊ ( ဇနကဟေတု – ဇနက ဟိတ်တည်း၊ ) တသ္မိံ ကာရဏာဋ္ဌေစ – ထို ကာရဏဟိတ် အနက်၌လည်း၊ ပဥ္စမီ ဝိဘတ္တိ

မပျက်စီးဘဲ ထင်ရှားရှိနေလျှင် သင်္ခါရဘို့ကို နိစ္စ(မြဲသောတရား)ဟု ဆိုဘွယ်ရှိ၏၊ ယခုမှာ ဖြစ်ပြီးနောက် ထင်ရှားမရှိဘဲ ပျက်စီးသောကြောင့် သင်္ခါရ ဟူသမျှဘို့ အနိစ္စချည်းသာ၊ ဤ၌ ဟုတွာ အဘာဝတောသည် မမြဲကြောင်းကို သိစေတတ်သောကြောင့် ဉာပကဟိတ် တည်း၊ ဖြစ်ပြီး၍ ပျက်စီးပြီးသည့်အခါ နေ့ံထပ် မဖြစ်တော့ဘူး ဆိုလျှင် သင့်တော်ဘွယ် ရှိသေး၏၊ ယခုသော် "ယခုဖြစ်, ယခုပျက်, ယခုဖြစ်, ယခုပျက်" ဟု အဖြစ်ဒဏ် အပျက် ဒဏ်တို့ဖြင့် အမြဲ အနှိပ်စက် ခံနေရသောကြောင့် သင်္ခါရ ဟူသမျှတို့ ဒုက္ခချည်းသာ၊ ဤ၌ ဉဒယဗ္ဗယပီဠနာသည် ဒုက္ခဘရားတွေ ဟု သိစေတတ်သောကြောင့် ဉာကဟိတ်တည်း၊ တစုံတယောက်၏ အလိုသို့ မလိုက်သောကြောင့် သင်္ခါရ ဟူသမျှ အနတ္တချည်းသာ၊ ဤ၌ အဝသဝတ္တိတ္တာသည် အနတ္တ ဖြစ်ကြောင်းကို သိစေတတ်သောကြောင့် ဉာပက ဟိတ် တည်း၊ "ဣတိ တိလက္ခဏံ" ကား ဤသုတ်နှင့် မဆိုင်, ဂါထာတွဲဘက်ဖြစ်၍ ထည့်အပ်သော စကားတည်း။

ဟေတုကတ္တား ဖြစ်နိုင်ပုံ။ ။ဤ "အကတ္တရိ" အရ၌ ထုတ်ပြအပ်သော ဟိတ်သည် ဟေတုကတ္တားလည်း ဖြစ်နိုင်၏၊ ဖြစ်နိုင်ပုံကား-ကမ္မဿကတတ္တာ၊ပေ၊ဥပ္ပန္နံ ဟောတိ= ကမ္မံကတံ စက္ခုဝိညာဏံ ဥပ္ပါဒေတိ=ပြုအပ်သော ကံသည် စက္ခုဝိညာဏ်ကို ဖြစ်စေ၏၊ ဤ၌ ကမ္မံကတံသည် ဟေတုကတ္တားတည်း၊ ( ကံဟော ဝါကျလုပ်၍ "ကတေန ကမ္မေန စက္ခုဝိညာဏံ ဥပ္ပါဒိတံ ဟောတိ" ဟုလည်း ဖြစ်နိုင်၏၊) ဧကသဒိသဘာဝါပတ္တိတော ဟိတ်လည်း "ဧကသဒိသဘာဝါပတ္တိ-တထပ်ထည်း တူသည်၏ အဖြစ်သို့ ရောက်ခြင်းသည်၊ (ဤ နာမ်ရုပ်သည် အကြောင်းမရှိ မဟုတ်-ဟု ) ဉာပေတိ-သိစေ၏" ဟု ဟေတုကတ္တား ဖြစ်နိုင်၏၊ ဟုတွာ အဘာဝတော ဟိတ်သည်း "ဟုတွာ-၍၊ အဘာဝေါ-သည်၊ (သင်္ခါရတို့ မမြဲကုန်-ဟု ) ဉာပေတိ-၏" ဟု ဟေတုကတ္တား ဖြစ်နိုင်၏၊ ကံဟော ဝါကျလုပ်၍လည်း "ဧကသဒိသဘာဝါပတ္တိယာ-သည်၊.... ဉာပိတံ-သိစေအပ်၏" စသည်ဖြင့် ဖြစ်နိုင်၏၊ ဤသို့လျှင် ဟေတုကတ္တား အနက် ဟိတ်အနက် ၂မျိုးရနိုင်ရာဝယ် ဟေတုကတ္တားကို မဆို လိုဘဲ ဟိတ်အနက်ကို ဆိုလိုရာ၌ ဤ အကတ္တရိအရ အပါဒါန် မှည့်ရသည်-ဟု မှတ်။

(၃၁၃) ကရောတိ၊ ပေ၊ ကာရကဟေတု—"ကရောတိ-ပြုလုပ်တတ်"ဟူရာ၌ ဖြစ်စေတတ်ကိုပင် ဆိုလိုသည်၊ ဉပမာ-"ကျောင်းကို ပြုလုပ်သည်"ဟူရာ၌ ကျောင်းကို ဖြစ်ပေါ်လာစေခြင်းပင် ဖြစ်သကဲ့သို့ဘည်း၊ ထို့ကြောင့် "ကရောတိ အတ္တနော ဖလံ"

www.dhammaransi.com



ဟောတိ၊ အယံ- ဤပဥ္စမိသည်၊ ဝိကပ္ပေန- အားဖြင့်၊(ဟောတိ)၊ (ကသ္မာ)၊ ပေ ဟေတွဗ္ဗ - ဟိတ်အနက်၌၊ တတိယာယစ - တတိယာဇွ်လည်း၊ ဝါ- ကိုလည်း၊ ဝိဟိတတ္တာ- စီရင်အပ်သည်၏ အဖြစ်ကြောင့်တည်း၊ စတုန္နံ- ၄ ပါး ကုန်သော၊ အရိယသစ္စာနံ - အရိယာသစ္စာ တို့ကို၊ အနနုဗောဓာ- လျော်စွာ မသိခြင်းကြောင့်၊ အပ္ပဋိဝေဓာ- ထိုးထွင်း၍ မသိခြင်းကြောင့်၊ ယထာဘူတံ-ဟုတ်တိုင်းမှန်စွာ၊ အဒဿနာ- မမြင်ခြင်းကြောင့် ဇဝံဒီဃံ- ဤသို့ ရှည်လှစွာသော၊ ဣဒံ အဒ္ဓါနံ - ဤ ကာလပတ်လုံး၊ သန္ဓာဝိတံ - ပြေးသွားအပ်ပြီ၊ သံသရိတံ- ကျင်လည်အပ်ပြီ၊ အဝိဇ္ဇာပစ္စယာ- အဝိဇ္ဇာ အကြောင်းကြောင့်၊ သင်္ခါရာ-သင်္ခါရတို့သည် (သမ္ဘဝန္တိ- ဖြစ်ကုန်၏၊) သင်္ခါရပစ္စယာ-သင်္ခါရ အကြောင်းကြောင့်၊ ဝိညာဏံ-ဝိညာဏ်သည်၊ (သမ္ဘဝတိ-၏၊) တု-ပဋိလုံကား၊ အဝိဇ္ဇာယတွေ-အဝိဇ္ဇာဇွ်ပင်၊ အသေသ ဝိရာဂနိရောဓာ - အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ချုပ်ခြင်းကြောင့်၊ သင်္ခါရ နိရောဓော-သင်္ခါရတို့၏ ချုပ်ခြင်းသည်၊ (ဟောတိ-၏)၊ ပေ၊ ဝိညာဏ နိရောဓာ-ကြောင့်၊ ဣစ္စာဒိ-တည်း။

(၃၁၄) ကတ္ထိအဗ္ဗေ ဆဋ္ဌီ - သက်သနည်း၊ .... သာမိသ္မိံ - ၌၊ ဆဋ္ဌီ - သည်၊ ( ဟောတိ )။ ၃၀၁ ။သာမိ - သာမိဟူသည်၊ ကောစ - အဘယ်နည်း။ ၃၁၅ ။

ယဿ ဝါ ပရိဂ္ဂဟော, တံ သာမိ။ ၂၀၃ ။ [ ပရိဂ္ဂယှတိ - သိမ်းပိုက် အပ်၏၊ ဣတိ ပရိဂ္ဂဟော-မည်၏၊] ယော- အကြင်အနက်သည်၊ ယဿ- အကြင်အနက်၏၊ ပရိဂ္ဂဟော - သိမ်းပိုက်အပ်သော ဥစ္စာတည်း၊ အာ ယတ္တော-စပ်သောဥစ္စာတည်း၊ သမ္ဗန္ဓီ-ဆက်စပ်ခြင်းရှိသော ဥစ္စာတည်း၊ တံ-ထို သိမ်းပိုက်အပ်သော အနက်ကို၊ ပတိ - စွဲ၍၊ သောအဗ္ဗော-ထို

အရှ မိမိအကျိုးကို ပြုလုပ်တတ်သော အကြောင်းဟူသည်၊ မိမိအကျိုးကို ဖြစ်စေနိုင်သော ဇနက ဟိတ်ပင်ထည်း-ဟု သိသာ၏၊ [ ကာရကဟိတ်ဟူသည်နှင့် ဇနကဟိတ် ဟူသည်မှာ အတူပင်၊ ထို့ကြောင့် အနုဋီကာ အာဃေဂါမိတိက်ဖွင့်၌ "ဥာပကော ကာရကော သမ္ပါပကောတိ တိဝိဓော ဟေတု" ဟု ဇနကဟိတ်အစား ကာရကဟိတ်ကို ပြထား သည်၊ "ကာရကဟေတု"ကား ကာရကာ၏ အနက်ပြ (အဘိဓေယျ) တည်း၊ "ကာရက ဟေတု"ဟုပါဠိပျက်တတ်၏၊ သီဟိုဠ်မူ၌"ကာရကဟေတု"ဟု ရှိသည်၊ ကာရကဟေတု နောက်၌လည်း "ဇနကဟေတု" ဟု ပါဠ်ရှိ၏၊ သီဟိုဠ်မူ၌ မပါ၊ "ကာရကဟိတ်ဟူသည် ဇနကဟိတ်ကို ခေါ်သည်"ဟု ဆရာတို့အစိုပွါယ်ပြောရာ၌ မှတ်ထားသော မှုကို ကူးမိဟန် တူသည်။ ] ဤသုတ် နှင့်စပ်၍ မှတ် ဘွယ်ကို ကစ္စည်းဘာသာဋီကာ၌ ပြထားသည်။

www.dhammaransi.com



သိမ်းပိုက်တတ်သောအနက်သည်၊ သာမိသဒ္ဒော-သာမိ အမည်ရှိသည်၊ ဟောတိ၊ [ဝါဂ္ဂဟာဏေန-စသည့်ဖြင့် သီးခြားဖွင့်လတ့ံ ဖြစ်သောကြောင့် "ဟောတိဝါ" ဟု ဝါရှိသည်ကား မကောင်း, သိပ်ပိုင်ဋ္ဌမှုမှာလည်း မရှိ၊] ဝါဂ္ဂဟာဏေန-ဖြင့်၊ သာမိ တဗ္ဗ ရုဇာဒိယောဂေဝိ-သာမိ၏ယှဉ်ရာ, တဗ္ဗ ပစ္စည်း၏ယှဉ်ရာ, ရုဇခါတ်စသည်တို့၏ ယှဉ်ရာ၌လည်း (သာမိသဒ္ဒော ဟောတိ၊)

စ-ဆက်၊ ဧတ္ထ-ဤ သာမိအနက်၌၊ ကြိယာဘိသမ္ဗန္ဓာဘာဝါ-ကြိယာ နှင့် စပ်ခြင်း၏ မရှိခြင်းကြောင့်၊ ကာရကတာ - ကာရက၏ အဖြစ်သည်၊ ဝါ-ကာရက နာမည်သည်၊ န သမ္ဘဝတိ - မဖြစ်သင့်၊ ဟိ-မှန်၏၊ သာမိဘာဝေါ - သာမိအဖြစ်ကို၊ ကြိယာကာရကဘာဝဿ-ကြိယာကာရက တို့ ဖြစ်ခြင်း၏၊ ဖလဘာဝေန-အကျိုး၏ အဖြစ်ဖြင့်၊ ဂဟိတော-ယူအပ်၏။

(၃၁၄) ပရိဂ္ဂယှတိ၊ပေ၊သာမိသဒ္ဒော— ကိုယ်နှုတ်ဖြင့် ဖြစ်စေ စိတ်ဖြင့်ဖြစ်စေ "ငါ့ဟာ" ဟု မှတ်ယူ သိမ်းထား အပ်သော ပစ္စည်းသည် "ပရိဂ္ဂဟ"မည်၏၊ ထိုပရိဂ္ဂဟ ပစ္စည်းသည် သိမ်းပိုက် ထားသူနှင့် စပ်သွယ်နေသောကြောင့်"အာယတ္တ"လည်း မည်၏၊ သိမ်းပိုက်ထားသူနှင့် ဆက်စပ်ခြင်း ရှိသောကြောင့်"သမ္ဗန္ဓီ"လည်း မည်၏၊ ထို့ကြောင့် ပရိဂ္ဂဟောကို "အာယတ္တော, သမ္ဗန္ဓီ"ဟု ဖွင့်သည်၊ ထိုစပ်ခြင်းကိုပင် မြန်မာလို"တော်ခြင်း"ဟု သုံးနှုန်း၏၊"ဆွေမျိုးစပ်သည်,ဆွေမျိုးတော်သည်"စသည်တည်း၊ ဆက်ဥုံးအံ့– ထို စပ်မှု တော်မှုသည် သက်ရှိ သတ္တဝါချင်းသာ မဟုတ်၊ "အမ္ဗဝနဿ + အဝိဒူရေ= သရက်ဥယျာဉ်၏+အနီး"ဟူရာ၌ သက်မဲ့ဖြစ်သော အမ္ဗဝနနှင့် အဝိဒူရေကို သမိပီ+ သမီပအဖြစ်ဖြင့် စပ်တော်၏၊ ဤသို့ စပ်ရာ တော်ရာ၌ တကယ်ဥစ္စာရှင်ဖြစ်သော ရဟေ့ာ- မေတို့လို သဒ္ဒါမျိုးကို မုချသာမိ အမည်မှည့်၊ ဥစ္စာရှင်အစစ် မဖြစ်နိုင်သော "အမ္ဗဝနဿ" စသည်ကို ("အဝိဒူရေ" အရ အနီးဟူသည် ငါ့အမ္ဗဝန၏ အနီးတည်း စသည်ဖြင့်) သိမ်း ပိုက်သကဲ့သို့ ဖြစ်ရပ်း တူသောကြောင့် သဒိသူပစာရ အားဖြင့်"သာမိ" အမည်မှည့်ပါ။

ဝါဂ္ဂဟာဏေန၊ပေ၊ယောဂေဝိ—သုတ်ရင်းအတိုင်းဆိုလျှင်"ယဿဝါ ပရိဂ္ဂဟော" အရ သိမ်းပိုက်တတ်သော "ရာဇ(မင်း)အမ္ဗဝန(သရက်ဥယျာဉ်)" စသော အနက်များ ကိုသာ "သာမိ"အမည် မှည့်နိုင်၏၊ သာမိ၏ယှဉ်ရာ (သံ—ဟု ခေါ်ရသော) ဥစ္စာကား မသိမ်းပိုက်တတ်ချေ၊ ထိုသို့ မသိမ်းပိုက်တတ်လျှင် မုချအားဖြင့်ရင်း ဥပစာ အားဖြင့်ရင်း "သာမိ" အမည် မရထိုက်၊ ထို့ကြောင့် ဝါသဒ္ဒါဖြင့် ထို သာမိ၏ ယှဉ်ရာ "သံ" စသော အနက်များကို "သာမိ" မှည့်ရသည်။

ဧတ္ထစ၊ပေ၊သမ္ဘဝတိ— "ကရောတိ ကြိယံ အဘိနိပ္ဖါဒေတိ"အရ ကြိယာကို ပြီးစေ ဖြစ်စေ တတ်သော အနက်သာ ကာရက အမည်ရ၏၊ "ရညော ပုရိသော" စသည်၌ "ရညော"ဟူသော သာမိသည် ပုရိသော ဟူသော ကာရက၌သာ စပ်ရသောကြောင့်

www.dhammaransi.com



တထာပတိ - ထိုစကားကို ခွဲဦးအံ့၊ ရညော ပုရိသောတိ - ရညော ပုရိသော ဟူ၍၊ ဝုတ္တေ-ဆိုအပ်ရာ၌၊ ယသ္မာ-ကြောင့်၊ ရာဇာ-မင်းသည်၊ ဒဒါတိ - ပေး၏၊ ပုရိသောစ - ယောက်ျားသည်လည်း၊ ပတိဂ္ဂဏှာတိ - ခံယူ၏၊ တသ္မာ-ထို့ကြောင့်၊ ရာဇပုရိသောတိ-မင်းချင်းယောက်ျားဟူ၍၊ ဝိညာယတိ-သိအပ်၏၊ ဧဝံ- ဤသို့၊ ယော-အကြင်အနက်သည်၊ ယဿ-

ကြိယာကို မပြီးစေတတ်ရကား ကာရကအမည် မရ, အကာရကသာ မည်သည်-ဟူလို။ [ဤ "ကြိယာဘိသမ္ဗန္ဓာဘာဝါ"နှင့် စပ်၍ မှတ်ဘွယ်ကို နောက်၌ ပြဦးမည်။]

သာမိ ဘာဝေါဟိ ၊ပေ၊ ဂဟိတော—ဤစကားကား" ကြိယာဘိသမ္ဗန္ဓာ ဘာဝါ" အရ ကြိယာနှင့် မစပ်ပုံကို ခိုင်မြဲအောင်ပြသော ဒဠှီကရဏ စကားတည်း၊ "သာမိဘာဝ= သာမိ၏ ဖြစ်ကြောင်း " ဟူသည် သမ္ဗန္ဓတည်း၊ ခွဲဦးအံ့-မင်းသည် ယောက်ျားနှင့် မစပ် တော်သေးသမျှ သမ္ဗန် မဖြစ်သေး၊ သမ္ဗန် ဖြစ်သေးလျှင် ထိုမင်းကို ထိုယောက်ျား၏ "သာမိ"ဟု မခေါ်နိုင်သေး၊ အရှင်သခင်+မင်းခယောက်ျား အဖြစ်ဖြင့် မင်းနှင့်ယောက်ျား တို့ စပ်တော်သည့် အခါကျမှ သမ္ဗန်ပေါ်လာ၏၊ ထိုသမ္ဗန်ကြောင့် မင်းကို "သာမိ" ဟု ခေါ်နိုင်သည်၊ [ သတို့သမီးနှင့် သတို့သားတို့ လက်မထပ် သေးသမျှ " ဇနီး+မောင်နှံ " အဖြစ်ဖြင့် စပ်တော်မှု သမ္ဗန် မဖြစ်သေး၊ ထိုသမ္ဗန်မဖြစ်သေးသမျှ သတို့သားကို "သာမိ= အရှင် လင် "ဟု မခေါ်ရသေး၊ လက်ထပ်ခိုက်၌ ဇနီး + မောင်နှံ အဖြစ်ဖြင့် စပ်တော်မှု သမ္ဗန်ဖြစ်၏၊ ထိုသမ္ဗန်ကြောင့် သတို့သားကို "သာမိ"ဟု ခေါ်နိုင်သည်၊ ]ဤသို့လျှင် သာမိ ၏ ဖြစ်ကြောင်းဟူသည် သမ္ဗန်တည်း-ဟု မှတ်၊ "ထို သာမိ အဖြစ်ကို ကြိယာ ကာရကတို့ ဖြစ်ခြင်း၏ အကျိုး၏ အဖြစ်ဖြင့် ယူအပ်၏"ဟူသော စကား၏ အကျယ်ကိုကား "တထာ ပတိ"စသည်ဖြင့် ကိုယ်တိုင်ခွဲလတ္တံ့၊ "ဂဟိတော- ယူအပ်" ဟူရာ၌ကား စိတ်ဖြင့် ယူခြင်း တည်း၊ "စိတ်ဖြင့် ယူခြင်း"ဟူသည် လည်း "သိခြင်း" ပင်တည်း။

ရညောပုရိသောတိ၊ပေ၊ဝိညာယတိ—ရာဇာ ဒဒါတိ=မင်းသည် မင်းခယောက်ျား အား လစာရိက္ခာကို ပေး၏၊ ပုရိသော ပဋိဂ္ဂဏှာတိ=မင်းခယောက်ျားက ခံယူ၏၊ ဤသို့ မင်း၏ ပေးခြင်း-ယောက်ျား၏ ယူခြင်းကို မြင်ရခြင်းကြောင့် "ရာဇပုရိသောတိ-ဤသူကား မင်း၏"အစေအပါး (မင်းခစား) ယောက်ျားဖြစ်သည်"ဟု အခြားသူတို့က သိကြရသည်၊ ဤ၌ ဒဒါတိ ပတိဂ္ဂဏှာတိတို့ အရ ပေးခြင်း ယူခြင်း ကြိယာနှင့် ရာဇာ ပုရိသောတို့ အရ မင်း-မင်းချင်း ယောက်ျား ဟူသော ကာရကတို့သည် သူတို့ ၂ ဦး၏ "မင်း+အချင်း ယောက်ျား အဖြစ်ဖြင့်"ဆက်သွယ်မှု သမ္ဗန်ကို သိရခြင်း၏ အကြောင်းတည်း၊ သမ္ဗန်ကား ထိုကြိယာ ကာရက တို့ကြောင့် သိရသော အကျိုးတည်း၊ ဘာ့ကြောင့်နည်း - မင်း၏ ပေးခြင်း-ယောက်ျား၏ ယူခြင်းကို မမြင်ရလျှင် "မင်း+အချင်းယောက်ျား" အဖြစ်ဖြင့် စပ်သွယ်ခြင်း သမ္ဗန်ကို မသိနိုင်, ထို ပေးခြင်း ယူခြင်းကို မြင်ရမှ စပ်သွယ်မှု သမ္ဗန်ကို သိရ သောကြောင့်တည်း၊ ထို့ကြောင့် " သာမိဘာဝေါ ၊ ပေ ၊ ဂဟိတော " ဟု မိန့်ခဲ့သည်၊ ဤစကား အရ " ပေးခြင်း ယူခြင်း ကြိယာ-မင်း,ယောက်ျား ဟူသော ကာရကတို့သည် မင်းနှင့် ယောက်ျားတို့ အရှင်သခင် + အစေ အပါး အဖြစ်ဖြင့် တော်စပ်မှု သမ္ဗန်ကို

www.dhammaransi.com



အကြင် အနက်၏၊ သေဝကာဒိဘာဝေနပါ - မင်းခယောက်ျား အစရှိသည်၏ အဖြစ်ဖြင့်သော်၎င်း၊ ဘဏ္ဍာဘာဝေနဝါ - ဘဏ္ဍာ၏ အဖြစ်ဖြင့်သော်၎င်း၊ သမိပ ၊ ပေ ၊ ကြိယာဒိဝသေနဝါ - သမိပ အဖြစ်, သမူဟအဖြစ်, အဝယဝအဖြစ်, ဝိကာရအဖြစ်, ကာရိယအဖြစ်, အဝတ္ထာအဖြစ်, ဓာတ်အဖြစ်, ဂုဏ်အဖြစ် , ကြိယာအစရှိသည်တို့၏ အဖြစ်ဖြင့်သော်၎င်း၊ [ဝသသဒ္ဒါကို ဘာဝအနက်ဟော ကြံသည်၊] အာယတ္တော-စပ်၏၊ သမ္ဗန္ဓသာဝိ - အလုံးစုံလည်း ဖြစ်သော၊ တဿ- ထို အနက်၏၊ သမ္ဗန္ဓာဓာရဘူတော- သမ္ဗန်၏တည်ရာ ဖြစ်၍ ဖြစ်သော၊ ('သမ္ဗန္ဓဘူတော-ဟု လည်း ရှိ၏၊ ) ဝိသေသနဋ္ဌာနီအာဂမိဝသေန - ဝိသေသန , ဋ္ဌာနီ, အာဂမိတို့၏ အပြားအားဖြင့်၊ တိဝိဓော - ၃ ပါး အပြားရှိသော၊ သောအတ္ထော-ထို အနက်ကို၊ သာမိနာမာတိ-သာမိမည်၏ဟူ၍၊ ဂဟေတဗ္ဗော- ယူထိုက်၏။

ဖြစ်စေတတ်သည် မဟုတ်, သိစေတတ်သော ( ဉာပကဟိတ် )သာတည်း၊ သမ္ဗန်ကား ဉာပေတဗ္ဗဖလ (သိစေအပ်သော အကျိုး) တည်း”ဟု မှတ်။

**သမ္ဗန်၏ ဇနက အကြောင်း ။** ။ " ရာဇာ ဒဒါတိ, ပုရိသော ပတိဂ္ဂဏှာတိ " ဟူသော ကြိယာ ကာရကတို့ကို သမ္ဗန်ကို သိစေတတ်သော ဉာပက အကြောင်း ဟု ဆိုပြီး၊ သမ္ဗန်ကို ပဌမဖြစ်စေတတ်သော ဇနကအကြောင်းကား အဘယ်နည်း-ဟု မေးဘွယ်ရှိ၏၊ အဖြေကား—“ပုရိသော ယာစတိ, ရာဇာ အနုဇာနာတိ=ယောက်ျားသည်(ခစားဘို့ရန်) ခွင့်တောင်း၏, မင်းသည် ( ခစားဘို့ရန် ) ခွင့်ပြု၏ ” ဤသို့ “ ယာစတိ အနုဇာနာတိ” အရ ခွင့်တောင်းခြင်း ခွင့်ပြုခြင်း ကြိယာ , ပုရိသော ရာဇာတို့ အရ ယောက်ျား+မင်း ဟူသော ကာရကတို့ကြောင့်သာ ထိုသူ ၂ ဦးတို့၏ တော်စပ်မှုသမ္ဗန် ဖြစ်ပေါ်လာရကား မူလဖြစ်သော သမ္ဗန်ကိုလည်း ကြိယာကာရကတို့၏ အကျိုးဖလ အဖြစ်ဖြင့် ယူအပ်သိအပ်ပေသည်၊ ယောက်ျား၏ ခွင့်တောင်းမှု-မင်း၏ ခွင့်ပြုမှု ဟူသော ကြိယာ ကာရကတို့သည် ဇနကအကြောင်း—တော်စပ်မှု သမ္ဗန်ကား ဇညဖလ ( ဖြစ်စေအပ်သော အကျိုး ) ဟူလို။

**ဝေံယော ယဿ ၊ ပေ ၊ ကြိယာဒိဝသေန**— [အာယတ္တော၏ နောက်၌ “သေဝကာဒိဘာဝေနဝါ”ဟု သီဟိုဠ်မူ ရှိ၏၊ ဘဏ္ဍာ သမ္ဗန်ကို “ပဟူတံ မေ ဓနံ သက္က”ဟု ထုတ်ထားသောကြောင့် “ယော ပုရိသော”၌ ရာဇနှင့် ပုရိသသည် ဘဏ္ဍာ၏ အဖြစ်ဖြင့် စပ်သော သမ္ဗန် မဟုတ်, သေဝက ( အခစား )အဖြစ်ဖြင့် စပ်သော သမ္ဗန်တည်း၊ ထို့ကြောင့် “သေဝကာဒိ ဘာဝေနဝါ”ဟု ရှိသောမူသာ ကောင်းသည်၊] “ဧဝံ ယော ယဿ”မှ စ၍ “သာမိနာမာတိ ဂဟေတဗ္ဗော” တိုင်အောင်ကား သာမိ အပြား ၃ ပါးကို ပြလျက် နိဂုံးချုပ်သော စကားတည်း၊ ထိုတွင် “သေဝကအဖြစ်, ဘဏ္ဍာအဖြစ်” စသည်ဖြင့် စပ်ပုံကို “ဝိသေသနတော တာဝ” စသော ပုံစံ၌ ထင်ရှားလတ့ံ။

www.dhammaransi.com



စ- သာခကကား၊ ကြိယာကာရက၊ ပေ၊ တိတောတိ-ဟူ၍၊ ဝုတ္တံ- ရှေးဆရာတို့ဆိုအပ်ပြီ [ကြိယာကာရကသဥ္စာတော-ကြိယာကာရကတို့ကြောင့် ကောင်းစွာဖြစ်သော၊ အဿေဒံ ဘာဝပဟောတုကော - ဤဝတ္ထု၏ဥစ္စာ ဟု ဖြစ်သော အသိဉာဏ်သဒ္ဒါတို့၏ အကြောင်းဖြစ်သော၊ သောအတ္ထော - ထိုအနက်သည်၊ သမ္ဗန္ဓောနာမ - သမ္ဗန်မည်၏၊ တဿ-

တဿ သမ္ဗဿ ပိ၊ ပေ၊ ဂဟေတဗ္ဗော—"တဿ သမ္ဗဿ"အရ ထိုအလုံးစုံသော အနက် ဟူသည် သေဝက—ဘဏ္ဍ—သမီပ စသော အနက်များတည်း၊ သမ္ဗန္ဓဘူတော၌ "သမ္ဗန္ဓာခါရ ဘူတော" ဟု သီဟိုဠ်မူ ရှိ၏၊ ဝိသေသန ဖြစ်သော ရာဇ စသည်တို့သည် သမ္ဗန် မဟုတ်, သမ္ဗန်၏တည်ရာ သမ္ဗန္ဓီများတည်း၊ ချဲ့ဦးအံ့—"ရာဇ ပုရိသော" ဟူရာ၌ မင်းနှင့် ယောက်ျား၏ စပ်တော်မှု သမ္ဗန်သည် မင်း၌လည်း တည်, ယောက်ျား၌လည်း တည်၏၊ ထိုသို့ ၂ ဘက်လုံး၌ တည်သော်လည်း ပုရိသ စသည်ကို သေဝက စသော နာမည်ဖြင့် တဿ သမ္ဗဿ အရ၌ ယူပြီးဖြစ်သောကြောင့် ဤသာမိ အရ၌ ရာဇ စသော ရှေ့ပုဒ်ကိုသာ ယူရတော့သည်၊ ထိုရာဇ စသည်ကား သမ္ဗန် မဟုတ်, သမ္ဗန်၏ တည်ရာ တည်း၊ ထို့ကြောင့် "သမ္ဗန္ဓာခါရဘူတော" ရှိမှ သာ၍ သင့်မည်၊ ထိုသမ္ဗန်၏ တည်ရာ အနက်သည် ဝိသေသန-ဌာနီ-အာဂမိ အားဖြင့် ၃မျိုးပြား၏၊ ထို ၃မျိုးလုံးကိုပင်"ယဿ ဝါ ပရိဂ္ဂဟော, တံ သာမိ "သုတ်၌ "သာမိ"ဟု မှတ်ရမည်—ဟူလို။

ကြိယာ၊ ပေ၊ သမ္ဗန္ဓောနာမ သော အတ္ထော — သမ္ဗန်သည် မူလ ပဌမဖြစ်သော သမ္ဗန် နောင်ခါ၌ သူတပါးတို့ သိအပ်သော သမ္ဗန်ဟု (အခါကာလလိုက်၍) ၂မျိုးရှိ၏၊ "ကြိယာကာရကသဥ္စာတော" ပါဌ်ဖြင့် မူလပဌမ ဖြစ်ခဲ့သောသမ္ဗန်ကို ပြသည်၊ ထိုစကား မှန်၏—ဇနကအကြောင်း၌ ပြခဲ့သည့်အတိုင်း ခစားဘို့ရန် ခွင့်တောင်းခြင်း ကြိယာ— ခွင့်ပြုခြင်း ကြိယာတို့နှင့် ယောက်ျား-ရှင်ဘုရင်တည်းဟူသော ကာရကတို့ကြောင့် မင်းနှင့် ယောက်ျားတို့ (အရှင်သခင်+အစေအပါး မင်းခစား အဖြစ်ဖြင့်) တော်စပ်ခြင်း သမ္ဗန် ပဌမဖြစ်ခဲ့ရသည်၊........ "အဿေဒံ ဘာဝပဟောတုကော" ဖြင့် နောင်ခါ၌ သူတပါးတို့ သိအပ်သော ထိုသမ္ဗန်ကိုပင် ပြ၏၊ ချဲ့အံ့—အဿေဒံကို "အဿ+ဣဒံ" ဟု ပုဒ်ဖြတ်၊ အဿ-ထိုမင်း၏+ဣဒံ-ဥစ္စာတည်း၊ ဝါ-စပ်ခြင်းရှိသူတည်း၊ [ရညော ပုရိသော ကြည့်၍ အနက်ပေးသည်၊ အခြားသမ္ဗန်များ၌လည်း သင့်သလို ပေးရမည်။] ဘာဝ သဒ္ဒါသည် "ဘဝန္တိ ဗုဒ္ဓိသဒ္ဒါ ဧတေနာတိ ဘာဝေါ"အရ အသိဉာဏ်သဒ္ဒါဖြစ်ကြောင်းကိုဟော၏၊ " ရာဇာ ဒဒါတိ, ပုရိသော ပဋိဂ္ဂဏှာတိ " ၌ မင်း၏ ပေးခြင်းကြိယာ ယောက်ျား၏ ခံယူခြင်းကြိယာကို မြင်၍ "အဿ+ဣဒံ = ဤယောက်ျားကား ဤမင်း၏ ကျေးကျွန် တည်း" ဟူသော အသိဉာဏ်ဖြစ်ပေါ်လာ၏၊ ထိုတော်စပ်မှုကြောင့် " ရာဇ ပုရိသော— မင်းချင်းယောက်ျား" ဟူသော သဒ္ဒါလည်း ဖြစ်ပေါ်လာသည်။

ဆက်ဦးအံ့—ပေးခြင်း ယူခြင်းကြိယာကို ရှေးဦးစွာ စက္ခုဒွါရဝိထိဖြင့်သိ၏၊ ထို့နောင် ထိုမင်းနှင့် ယောက်ျားတို့ ဆက်သွယ် တော်စပ်မှု သမ္ဗန်ကို မနောဒွါရဝိထိဖြင့် သိ၏၊ ထို

www.dhammaransi.com



ထိုသမ္ဗန်အနက်၌၊ ဆဋ္ဌီ-ဆဋ္ဌီဝိဘတ်ကို၊ ဝိဓိယတေ - စီရင်အပ်၏၊ ဟိ-ဆက်၊ ပါရတန္တံ - သူတပါးနှင့် စပ်သည်၏ အဖြစ်သည်၊ သမ္ဗန္ဓော-မည်၏၊ တတ္ထ-ထိုသမ္ဗန်အနက်၌၊ ဥပါဒိဋ္ဌာနာဂမိတော-ဥပါဒိမည်သော ဝိဓေယသန, ဋ္ဌာနီ, အာဂမိဟူသော၊ တိတော-၃ ပါးသောသဒ္ဒါမှ နောင်၌၊ ဆဋ္ဌီ-သည်၊ ဘဝေ - ဖြစ်၏၊ ဝိဓေယသဒ္ဒါဒိတော - ဝိဓေယသဒ္ဒါ အစရှိသော၊ တိတော-၌၊ (ဆဋ္ဌီ-သည်) န-မဖြစ်။]

သမ္ဗန်ကို သိပြီးမှ "အဿ+ဣဒံ=ဤသူကား ဤမင်း၏ အစေအပါးတည်း"ဟု မနောဒွါရ ဝီထိတမျိုးဖြင့် သိပြန်သည်၊ ထို့ကြောင့် သမ္ဗန်သည် "အဿ+ဣဒံ" ဟု ဖြစ်သော အသိဉာဏ်၏ အကြောင်းဖြစ်သည်-ဟု ဆိုရသည်၊ ထိုသို့ အသိဉာဏ်အားလျော်စွာ "ရာဇ ပုရိသော" ဟူသော သဒ္ဒါလည်း ဖြစ်ပေါ်နိုင်ရကား အဿေဒံ ဘာဝဿ ဘာဝ အရ အသိဉာဏ်နှင့် သဒ္ဒါတို့၏ဖြစ်ကြောင်း-ဟု ဆိုသည်၊ ထိုသို့ "အဿ+ဣဒံ=ဤမင်း၏+ ဥစ္စာ" ဟူသော အသိဉာဏ် သဒ္ဒါတို့၏ ဖြစ်ကြောင်း အနက်သည် သမ္ဗန် မည်၏။ [ဤ "အဿေဒံဘာဝဟေတုကော" နှင့် အလားတူ "သမ္ဗန္ဓိ ဗုဒ္ဓိဇနကော" ဟု ဘောဒစိန္တာ၌လည်း ဆိုသည်။]

တတ္ထ ဆဋ္ဌီ ဝိဓီယတေ—ထိုသမ္ဗန်အနက်၌ ဆဋ္ဌီဝိဘတ်ကိုစီရင်အပ်(သက်စေအပ်၏)၊ ချဲ့ဦးအံ့—"ရညော+ပုရိသော" ဟူသော ဝါကျ၌ ရညောနောင် ဆဋ္ဌီဝိဘတ်သက်ထားသော်လည်း ထိုဆဋ္ဌီသည် ရာဇနှင့် ပုရိသတို့၏ တော်စပ်မှု သမ္ဗန်ကို ဟော၏၊ "ရာဇ ပုရိသော" ဟု သမာသ်ပြီးသည့်အခါ သမ္ဗန်အနက်ကို ဆဋ္ဌီ ဝိဘတ် အစား သမာသ် စပ်မှုက ဟောနိုင်သောကြောင့် ဆဋ္ဌီဝိဘတ် ဟောဘို့ရာ သမ္ဗန် အနက်မရှိ – မိမိထက် သတ္တိထက်သောသမာသ်ပုဒ်က ဟောလေပြီးဖြစ်၍ ဆဋ္ဌီဝိဘတ်မှာ ကြေပျောက်ရလေတော့သည်၊ ဤသို့ မိမိဟောဘို့ သမ္ဗန်အနက် မရှိလျှင် ကြေပျောက်ရပုံကို ထောက်၍ မိမိဟောဘို့ရာ သမ္ဗန် အနက်ရှိမှ ဆဋ္ဌီဝိဘတ် သက်သည်၊ ဝါ– "ဆဋ္ဌီဝိဘတ်က သမ္ဗန် အနက်ကို ဟော၏"ဟု သိသာသည်-ဟူလို။

ပါရတန္တျံဟိ သမ္ဗန္ဓော—ပရတန္တဿ-သူတပါး ပြဓာန်းသည်၏၊ ဘာဝေါ-အဖြစ်သည်၊ ပါရတန္တျံ-မည်၏၊ [တန္တသဒ္ဒါသည် "ပဓာန" အနက်ဟောတည်း၊] ထိုသို့ သူတပါး ပြဓာန်းသဖြင့် သူတပါးဖြစ်မှ သမ္ဗန် ဖြစ်ရသောကြောင့် ပါရတန္တျံကို "ပရာယတ္တတာ-သူတပါးနှင့်စပ်သည်၏ အဖြစ်"ဟု ဋီကာဖွင့်သည်၊ ချဲ့ဦးအံ့—ရှင်ဘုရင်သည် သူ့ချည်းသက်သက် တော်စပ်မှု သမ္ဗန် မရှိသေး၊ မင်းခစား ယောကျ်ားနှင့် တွဲမိမှသာ တော်စပ်မှု သမ္ဗန်ဖြစ်ပေါ်လေသည်၊ ပုရိသောလည်း သူ့ချည်းသက်သက် သမ္ဗန်ကိုမဖြစ်စေနိုင်, ရာဇနှင့်တွဲမှ ဖြစ်စေနိုင်သည်၊ မည်သည့်အရာမဆို တခုတည်း ဖြစ်ခိုက် သမ္ဗန် မရှိ, အခြား တခုနှင့်တွဲမှ အစပ်ရှိရိုးတည်း၊ ဤသို့လျှင် သူတပါးနှင့် ဆက်သွယ်ရသည်၏ အဖြစ် (သူတပါးနှင့် စပ်ရခြင်း) ကို သမ္ဗန်ဟု ခေါ်ရသည်။

တတ္ထ ဆဋ္ဌီ၊ ပေ၊ တိတော—ထိုသမ္ဗန်အနက်၌ ဆဋ္ဌီဝိဘတ် သက်သည့်အခါ "ဓာတု လိင်္ဂေဟိ ပရာပစ္စယာ" အရ လိင်နောင်သာ သက်ရိုးရှိ၏၊ ထိုသို့ သက်ရာ၌ တော်စပ်မှု

www.dhammaransi.com



တာ၀–ဌာနီ အာဂမိတ္ဂိမှ ရွေးဦးစွာ၊ ဝိသေသနတော– ဝိသေသနမှ နောက်၌၊ (ဥဒါဟရဏံ–ကား၊) ရညော ပုရိသောတိ–ရညော ပုရိသော ဟူသည်တည်း။ [ ရညော – မင်း၏၊ ပုရိသော – အချင်းယောက်ျား၊ ]စ– သတ်၊ ဇွေ – ဤပြယုဂ်၌၊ ရာဇာ – မင်းသည်၊ ပုရိသံ – ယောက်ျားကို၊ အညသာမိတော – အခြားသော အရှင်သခင်မှ၊ ဝိသေသေတိ–အထူးပြု၏၊ နိဝတ္တေတိ – နစ်စေ၏၊ ဣတိ – ကြောင့်၊ ဝိသေသနံ – ဝိသေသနမည်၏၊ ပုရိသော–ယောက်ျားသည်၊ တေန–ထိုမင်းသည်၊ ဝိသေသီယတိ–အထူး ပြုအပ်၏၊ ဣတိ – ကြောင့်၊ ဝိသေသိတဗ္ဗော–ဝိသေသိတဗ္ဗမည်၏၊ ဇဝံ–

သမ္ဗန်သည် မင်းနှင့်ရင်း ယောက်ျားနှင့်ရင်း ၂ မျိုးလုံး၌ တည်သော်လည်း ရှေ့ လိန်နောင် သက်မှ ၂ ဘက်စပ်မှု သမ္ဗန်ကို ထွန်းပြနိုင်သောကြောင့် ရာဇကဲ့သို့သော ရှေ့လိန်နောင်၌ သာ ဆဋ္ဌီသက်ရသည်၊ ထိုရာဇစသော ရှေ့လိုန်များသည် ဝိသေသန ခေါ် "ဥပါဒိ" သော် လည်း ဖြစ်၏, ဌာနီသော်လည်း ဖြစ်၏, အာဂမိသော်လည်း ဖြစ်၏၊ ထို့ကြောင့် "ဥပါဒိ ဌာနာဂမိတော တိတော ဆဋ္ဌီ ဘဝေ" ဟု ဆဋ္ဌီသက်ရာဌာန ဖြစ်သော သာမိ အပြားကို ၃ မျိုး ပြထားသည်၊ ["ဥပ=အစဉ်+အာဒိ=ယူအပ်သော အနက်တည်း" ဟူသည်နှင့် အညီ ဝိသေသန ဝိသေသျ ၂ မျိုးတွင် "နီလုပ္ပလံ = ညိုသော ( ဝိသေသန ) ကြာ (ဝိသေသျ)"စသည်ဖြင့် ဝိသေသန အနက်ကို ရှေးဦးစွာ ယူအပ်သောကြောင့်"ဥပါဒိ" ဟုခေါ်သည်၊ ဂါထာ၌"ဥပါဒိ ဌာနာဂမိတော"နှင့် စုဏ္ဏိယ၌"ဝိသေသန ဌာနီ အာဂမိ ဝသေန"တို့အညီ သဘောတူတည်း။]

သမ္ဗန်အနက်နှင့် သာမိ။ ။သုတ်၌ "သာမိသ္မိံ ဆဋ္ဌီ=သာမိ အနက်၌ ဆဋ္ဌီသက်" ဟု ဆို၏၊ ဂါထာ၌ကား "သမ္ဗန္ဓေ တတ္ထ ဆဋ္ဌီ ဘဝေ=သမ္ဗန် အနက်၌ ဆဋ္ဌီသက်"ဟု ဆို၏၊ ထို စကား ၂ရပ်သည် ရှေ့နောက် ဆန့်ကျင်နေသည် မဟုတ်ပါလော-ဟု မေးဘွယ် ရှိ၏၊ အဖြေကား–ဂါထာအတိုင်း သမ္ဗန်အနက်၌ ဆဋ္ဌီသက်သည်ကား အမှန်ပင်ဖြစ်၏၊ သို့သော် သမ္ဗန် အနက်၌ သက်သည့်အခါ သာမိ မည်သော လိန်၏ နောက်၌ သက်ရ သောကြောင့် သက်ရာဌာနကို လိုက်၍ " သာမိသ္မိံ ဆဋ္ဌီ " ဟု သုတ်ကို ဆိုထားသည်၊ " သမ္ဗန္ဓေ တတ္ထ " ဟူသော စကားသည် မုချစကား , သာမိသ္မိံ ဟူသော စကားကား ဌာနသာမိ၏ အမည်ကို ဌာနီ သမ္ဗန်ပေါ်၌ တင်စားထားသော ဌာနူပစာ စကားတည်း– ဟုမှတ်၊ [ ရာဇနှင့် ပုရိသတို့၏ အစပ် သမ္ဗန်သည် မင်းနှင့် ယောက်ျားဒြပ်ပေါ်၌ တည် သောကြောင့် သမ္ဗန်ကို ဌာနီ – မင်းဒြပ်ကို ဌာန ဟု ဆိုလိုသည်၊ အနက်က ဌာန ဖြစ်လျှင် ထို အနက်ကို ဟောသော ရာဇ သဒ္ဒါလည်း ဌာနပင် မည်၏။]

ဝိသေသနတော၊ ပေ၊ ဆဋ္ဌီ—"ရညော ပုရိသော=မင်း၏+အချင်းယောက်ျား" ဟူရာ၌ ယောက်ျား၏ အရှင်သခင် ဖြစ်ဆိုက်သူသည် မင်း – အမတ်–သေဌေးစသည်ဖြင့် အများရှိ၏၊ ထို့ကြောင့်"မင်း"ဟု ဆိုလိုက်လျှင်"ယောက်ျား၏ အရှင်သခင်သာမိသည် အမတ်–သေဌေးစသူ မဟုတ်"ဟု မင်းမှတပါး အခြားသူများကို သာမိ အဖြစ်မှနစ်စေ၏။

www.dhammaransi.com



၍ အတ္ထ၊ သဗ္ဗတ္ထ - အလုံးစုံသော၊ ဝိသေသိတဗ္ဗယောဂေ - ဝိသေသိ တဗ္ဗ၏ ယှဉ်ရာ၌၊ ဝိသေသနတော ၀ - ဝိသေသနမှ နောက်၌ သာလျှင်၊ ဆဋ္ဌီ-သည်၊ (ဟောတိ)။

ဘဏ္ဍေန - ဘဏ္ဍာနှင့်၊ သမ္ဗန္ဓေ - စပ်ခြင်း အနက်၌၊ (ဥဒါဟရဏံ)။ သဏ္ဍ - သကြားမင်း၊ မေ - ငါ၏၊ ဓနံ - ဥစ္စာသည်၊ ပဟူတံ - များပါ၏၊

၌သို့လျှင် "မင်း" ဟူသော အနက်သည် ယောက်ျား ဟူသော အနက်ကို အထူးပြုတတ် သောကြောင့် ဝိသေသန မည်၏၊ ထို အနက်ကို ဟောသော ရာဇ သဒ္ဒါသည်း ပုရိသ သဒ္ဒါကို အထူး ပြုတတ်သောကြောင့် ဝိသေသနပင် မည်၏၊ ယောက်ျားဟူသော အနက် ကား ထို မင်းဟူသော အနက်သည် အထူး ပြုအပ်သောကြောင့် ( အခြားသော အရှင် သခင်များ၏ ကျေးကျွန်အဖြစ်မှ နစ်စေအပ် တားမြစ်အပ်သောကြောင့် ) ဝိသေသိတဗ္ဗ (ဝိသေသျ ) မည်၏၊ ပုရိသော သဒ္ဒါသည်း ဝိသေသိတဗ္ဗပင်၊ ၌ နည်းအားဖြင့် ရာဇ ဟူသော ဝိသေသန(သာမိ)နောင် ဆဋ္ဌီဝိဘတ်သက်၍"ရညော"ဟု ဖြစ်၏၊ ထိုဆဋ္ဌီသည် ရာဇနှင့် ပုရိသတို့"အရှင်+ကျွန်တော်မျိုး"အဖြစ်ဖြင့် တော်စပ်ခြင်း သမ္ဗန္ဓကို ဟောသော ကြောင့် သမ္ဗန္ဓအနက်၌ သက်သည်-ဟု မှတ်။

ဆက်ဥုးအံ့—ပျဉ် ၂ ချပ်ကို စပ်လိုက်သည့်အခါ အလယ် အကြား၌ အစပ်ရှိ၏၊ ထို အစပ်ကို"သမ္ဗန္ဓ=သမ္ဗန်"ဟု ခေါ်၏၊ ထို အစပ်သမ္ဗန်သည် ၂ ဘက်သော ပျဉ်ချပ်ကို မှီ၍ ဖြစ်ရသကဲ့သို့ ထို့အတူ မင်း+ယောက်ျား၂ဦးတို့၏"အရှင်+ကျွန်တော်မျိုး"အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်လည်း မင်းဒြဗ်+ယောက်ျားဒြဗ် ၂ ခုကို မှီ၍ ဖြစ်ရ၏၊ ထို့ကြောင့် မင်း+ ယောက်ျား ၂ဦးလုံးကို အစပ်သမ္ဗန် ရှိသောကြောင့် "သမ္ဗန္ဓော ယဿ အတ္ထိ" ဟူသော ဝိဂ္ဂဟ်အရ"သမ္ဗန္ဓီ"မည်ကြ၏၊ ဆို သမ္ဗန္ဓီဒြဗ် ၂ခု၌ တည်သော သမ္ဗန်အနက်ကို ထွန်းပြ လိုလျှင် ရှေ့သမ္ဗန္ဓီ သဒ္ဒါနောင် ဆဋ္ဌီသက်မှ ရှေ့နောက် ၂ ရပ်၏ အစပ်သမ္ဗန်ကို ထွန်းပြနိုင်ရုံ၊ သဒ္ဒါထုံးစံရှိသောကြောင့် ရှေ့ဝိသေသနဖြစ်သော သမ္ဗန္ဓီ လိန်နောက်၌သာ ဆဋ္ဌီဝိဘတ် သက်ရည်၊ ["သခင် (၏) ကျွန်, သား (၏) အဘ" စသော မြန်မာစကားဝယ် သခင်— သား ဟူသော ရှေ့ပုဒ်နှင့် တွဲ၍ သုံးထားသော ( ၏ ) ဟူသော စကားလုံးလည်း ရှေ့ နောက် ၂ ရပ်တို့တော်စပ်မှု သမ္ဗန်ကို ပြသော ဆဋ္ဌီဝိဘတ်သံ ပင်တည်း။]

[ဘေဒစိန္တာ] ဝိသေသျဿ ဝိသေသေ ဝါ, သမ္ဗန္ဓီဒွယ ဒေါတိတံ၊
သမ္ဗန္ဓံ ဇောတိတုံ ဆဋ္ဌီ-သဒ္ဒသတ္တိ သဘာဝတော။

ဝါ-တနည်း၊ ဆဋ္ဌီ သဒ္ဒသတ္တိ သဘာဝတော–ဝိသေသန၌ သက်မှဆဋ္ဌီ ဝိဘတ်တည်း ဟူသောသဒ္ဒါ၏ သမ္ဗန်ကိုထွန်းပြနိုင်သော သတ္တိ သဘောရှိသည်၏ အဖြစ်ကြောင့်၊ သမ္ဗန္ဓီ ဒွယဇောတိတံ- သမ္ဗန္ဓီဒြဗ် ၂ ပါးသည် ထွန်းပြအပ်သော၊ ဝါ-သမ္ဗန္ဓီ ဒြဗ် ၂ ပါး ကြောင့် ထင်ရှားသော၊ သမ္ဗန္ဓံ- သမ္ဗန်ကို၊ ဇောတိတုံ - ထွန်းပြခြင်းငှါ၊ ဝိသေသျဿ— ဝိသေသျသမ္ဗန္ဓီကို၊ ဝိသေသေ-အထူးပြုတတ်သောဝိသေသန သမ္ဗန္ဓီ၌၊(ဆဋ္ဌီ-ဆဋ္ဌီဝိဘတ် သည်၊ ဇာယတိ-သက်၏)။

www.dhammaransi.com



ဧတဿ- ဤသူ၏၊ ပဋိဝိသော- အဖို့၊ ဘိက္ခုဿ-၏၊ ပတ္တစီဝရံ - သပိတ် သင်္ကန်း၊သမီပသမ္ဗန္ဓေ-သမီပ၏သမ္ဗန်၌၊(ဥဒါဟရဏံ)၊ [ဥဒါဟရဏံကို နောက်၌လည်း ထည့်။] အမ္ဗဝနဿ - သရက်ဥယျာဉ်၏၊ အဝိဒူရေ - အနီး၌၊ နိဗ္ဗာနဿေဝ- နိဗ္ဗာန်၏သာလျှင်၊ သန္တိကေ-နီး၏၊ [“နာတိဒူရေ” ကဲ့သို့ ပဥ္စမာအနက်၌ သတ္တမီသက်၍ “သန္တိကေ” ဟု ဖြစ်သည်။]

**ဘဏ္ဍေန၊ပေ၊ပတ္တစီဝရံ**—“မေ+ဓနံ”၌ ဓနံသည် ဥစ္စာဘဏ္ဍာတည်း၊ ထိုဘဏ္ဍာကို “သံ”ဟုလည်းခေါ်၏၊ မေကား ထိုဥစ္စာရှိသော “သာမိ”တည်း၊ မေနှင့် ဓနံတို့ သာမိ+သံ၊အဖြစ်ဖြင့် (ဥစ္စာရှင်+ဥစ္စာအဖြစ်ဖြင့်) တော်စပ်မှုသည် သမ္ဗန်မည်၏၊ ဤသမ္ဗန်ကို နောက်ပုဒ်၏အရဖြစ်သော ဥစ္စာ ဘဏ္ဍာကို စွဲ၍ “ဘဏ္ဍာသမ္ဗန်”ဟု၎င်း “သံသမ္ဗန်” ဟု၎င်း နာမည်တပ်ရသည်၊ ဤနည်းအတိုင်း နောက်နောက် သမ္ဗန် များ၌လည်း နောက်ပုဒ်နှင့် စပ်၍ သမ္ဗန် နာမည်တပ်ရပုံကို သိပါ၊ ဤဘဏ္ဍာသမ္ဗန်၌ မေလည်း(ဥစ္စာကို သူများ၏ဥစ္စာ အဖြစ်မှ အထူးပြုတတ် နစ်စေတတ်သောကြောင့်) ဝိသေသန ပင်တည်း၊ ထို့ကြောင့် ဝိသေသန ဌာနီ အာဂမိ ဟူသော သာမိ ၆မျိုးတွင် ဝိသေသန သာမိ-ဟု မှတ်။]

**အဘေဒဘာဝသာ ဖြစ်သော သမ္ဗန်။** ။“ရညော ပုရိသော” စသော ပြယုဂ်များ၌ “ရာဇာ ဒဒါတိ-ပုရိသော ပဋိဂ္ဂဏှာတိ”စသည်ဖြင့် ကြိယာ ကာရက တို့ကြောင့် “ရာဇ+ပုရိသ” တို့ တော်စပ်မှု သမ္ဗန် ဖြစ်ကြရသဖြင့် “ကြိယာ ကာရက ယဉ္ဇာတော, အဘေဒ ဘာဝ ဟေတုကော” ဟူသော စကားသည် သင့်ပေ၏၊ ဤ “ပဟူတံ မေ ဓနံ, ဧတဿ ပဋိဝိသော, ဘိက္ခုဿ ပတ္တစီဝရံ” စသော ပြယုဂ်များ၌ ကြိယာ ကာရကတို့ ရှေးသွား မရှိနိုင်ရကား အဘယ်သို့ မှတ်ရပါမည်နည်း-ဟု မေးဘွယ်ရှိ၏၊ အဖြေကား— “ကြိယာ ကာရက သဉ္ဇာတော” ဟူသော လက္ခဏာသည် ထိုကဲ့သို့ ကြိယာ ကာရက ရှေးသွား ရှိနိုင်သော သမ္ဗန်ကို ရည်ရွယ်၍ ပြအပ်သော လက္ခဏာတည်း၊ ဤ “ပဟူတံ မေ ဓနံ” စသည်၌ မေနှင့်ဓနံ စသည်တို့ စပ်မှုဝယ် “ကြိယာကာရက သဉ္ဇာတ” ဟူသော လက္ခဏာမရနိုင်၊ “ငါ၏+ဥစ္စာ”ဟု သိမ်းပိုက်ထားသောကြောင့် “ဤသူ၏+ဥစ္စာ” ဟု သိကြောင်းဖြစ်သော “အဘေဒဘာဝ” လက္ခဏာသာ ရနိုင်သည်၊ ထို့ကြောင့် “ဘာဝ ဟေတု မတ္တေ”ဟု သုတ်တည်၍ “အဘေဒဘာဝဟေတုမတ္တေ၊ပေ၊ဘိက္ခုနော ပဋိဝိသံ” စသည်ဖြင့် သဒ္ဒနီတိ မိန့်သည်။ [ဘာဝဟေတုမတ္တေ—ကြိယာ ကာရက သဉ္ဇာတ မရှိဘဲ ဤသူ၏ ဥစ္စာဟု သိရခြင်း၏ အကြောင်းမျှ ဖြစ်သော သမ္ဗန်အနက်၌၊ ဆဋ္ဌီ—သက်။]

**သမီပ သမ္ဗန်။** ။“အနီး” အနက်ကို “သမီပ” ဟု ခေါ်၏၊ ထိုအနီး အနက်နှင့် စပ်သော သမ္ဗန်ကို သမီပ၏ သမ္ဗန် (အနီးနှင့် စပ်ခြင်း) ဟု ခေါ်၏၊ “အမ္ဗဝန” အရ သရက် ဥယျာဉ် ရ၏၊ ထိုသရက်ဥယျာဉ်၏ အနီးအနားဂုဏ်သည် သမီပမည်၏၊ [အနီး ဟူသည် တစုံတခုဒြပ်မဟုတ်, ထို့ကြောင့် “ဂုဏ်”ဟု ဆိုလိုက်သည်၊] သရက်ဥယျာဉ်နှင့် အနီးတို့၏“သမီပီ+သမီပ”အဖြစ်ဖြင့် စပ်ခြင်းကို“သမီပ သမ္ဗန်”ဟု ခေါ်သည်၊ အနီးရှိသော အရာဝတ္ထုကို “သမီပံ ယဿ အတ္ထိ”ဟူသော ဝိဂ္ဂြိုဟ် အရ “သမီပီ” ဟု ခေါ်၏

www.dhammaransi.com



သမူဟာသမ္ဗန္ဓေ-၌၊ သုဝဏ္ဏဿ-ရွှေ၏၊ ရာသိ-အစု၊ ဘိက္ခူနံ-တို့၏၊ သမူဟော-အပေါင်း၊ အဝယဝသမ္ဗန္ဓေ-၌၊ တေ-သင်၏၊ သီသံ-ဦးခေါင်းသည်၊ မနုဿဿ-လူ၏၊ သီသံဏ္ဍဝ-ဦးခေါင်းကဲ့သို့တည်း၊ ရုက္ခဿ-သစ်ပင်၏၊ သာခါ-သစ်ခက်၊ ဝိကာရသမ္ဗန္ဓေ-၌၊ သုဝဏ္ဏဿ-ရွှေ၏၊ ဝိကတိ-အထူးပြုအပ်သောအိုးခွက်၊ ဘဇ္ဇခဉ္ဇာနံ-ထောင်းထုအပ်သော စပါးတို့၏၊ သတ္တု-မုံ့မှုန့်၊ ကာရိယသမ္ဗန္ဓေ-၌၊ ယဝဿ-မုယောစပါး၏၊ အင်္ကုရော-အညွန့်၊ မေဃဿ-မိုးသည်း၏၊ သဒ္ဒေါ-အသံ၊ တဿ-ထိုသူ၏ ပုတ္တာဝိ-သားတို့သည်သည်း၊ ဗဟာဝေါ-များးကုန်၏၊ ကမ္မာနံ-ကံတို့၏၊ ဖလံ-အကျိုးဆက်၊ ဝိပါကော-အကျိုးရင်း။

အဝတ္ထာသမ္ဗန္ဓေ-၌၊ ခန္ဓာနံ-ခန္ဓာတို့၏၊ ပါတုဘာဝေါ-ထင်ရှားဖြစ်ခြင်း၊ ခန္ဓာနံ-တို့၏၊ ဇရာ-ရင့်ရော်ခြင်း၊ ခန္ဓာနံ-တို့၏၊ ဘေဒေါ-ပျက်စီးခြင်း၊ ဇာတိသမ္ဗန္ဓေ, မနုဿဿ-၏၊ ဘာဝေါ-အဖြစ်၊ မနုဿာနံ-တို့၏၊ ဇာတိ-ဖြစ်ခြင်း၊ ဂုဏသမ္ဗန္ဓေ, သုဝဏ္ဏဿ-၏၊ ဝဏ္ဏော-အဆင်း၊ တထာ ဂတဿ-မြတ်စွာဘုရား၏၊ ဝဏ္ဏော-ဂုဏ်တော်သည်၊ နသိယော ထ-မကုန်နိုင်ရာ၊ ဗုဒ္ဓဿ-၏၊ ဂုဏဃောသော-ဂုဏ်တော်အသံ၊ ပုပ္ဖာနံ-ပန်းတို့၏၊ ဂန္ဓော-အနံ့၊ ဖလာနံ-အသီးတို့၏၊ ရသော-အရည်၊ စိတ္တဿ-

နောက်၌"သမူဟိ—အဝယဝိ" စသည်ဖြင့် ရှေ့ပုဒ်ကို နာမည် တင်လိမ့်မည်၊ ["နိဗ္ဗာန်ဟူသောပရမတ္ထဖြစ်နှင့် အနီး၏ သမီပီ+သမီပ စပ်ခြင်း"ဟု နောင်ပြယုဂ်ကိုဆို။]

သမူဟ သမ္ဗန် စသည်။ ။ရွှေတုန်းရွှေခဲကလေးများသည် အစိတ်တည်း၊ အပေါင်းရှိသောကြောင့် "သမူဟီ"လည်း မည်၏၊ (သမူဟိကလည်း-ခေါ်၏၊) ရွှေတုန်းရွှေခဲနှင့် ထိုရွှေတုန်း ရွှေခဲကလေးတွေကို စုပုံထားသော အစု၏ သမူဟီ+သမူဟ အဖြစ်ဖြင့် စပ်ခြင်းသည် သမူဟ သမ္ဗန်မည်၏၊ နောက် ပြယုဂ်လည်း ဤနည်းမှီး၊ "တေ သီသံ" ၌ တေ အရ တကိုယ်လုံး ( အပေါင်း ) ကို ရသောကြောင့် အဝယဝီတည်း၊ သီသံသည် တကိုယ်လုံး၏ အစိတ်အပိုင်းဖြစ်သောကြောင့် အဝယဝတည်း၊ တကိုယ်လုံးနှင့် ဦးခေါင်း၏ အဝယဝီ + အဝယဝ အဖြစ်ဖြင့်စပ်ခြင်းသည် အဝယဝ သမ္ဗန်မည်၏၊ [ဝိ=အထူး (တမျိုးတဖုံ)+ကာရ=ပြုလုပ်အပ်သောပစ္စည်း၊] ရွှေကို အိုးခွက်လုပ်လျှင် ရွှေအိုးသည် ရွှေ၏ ဝိကာရ( ဝိကတိ )တည်း၊ ရွှေနှင့် အိုးခွက်၏ ဝိကာရီ+ဝိကာရအဖြစ်ဖြင့် စပ်ခြင်းသည် ဝိကာရသမ္ဗန်မည်၏၊ [အကျိုးကို ကာရိယဟု ခေါ်၏၊] မုယော စပါးညွန့်သည် မုယောစပါးမှ ဖြစ်လာသောအကျိုးတည်း၊ မုယောစပါးစေ့နှင့် အညွန့်တို့၏ ကာရိယီ+ကာရိယအဖြစ်ဖြင့် စပ်ခြင်းသည် ကာရိယသမ္ဗန်မည်၏၊ ဤသမ္ဗန်၌ ကံသည်အကြောင်း, ဖလ ဝိပါကတို့သည် အကျိုးတည်း၊ သို့ဟေတု+ဖလ အဖြစ်ဖြင့် စပ်ခြင်းကို"ဟေတုဖလ သမ္ဗန်" ဟူ၍လည်း ခေါ်သည်။

www.dhammaransi.com



ဝိတ်၏၊ ဖုသနာ - တွေ့ထိခြင်း၊ သိပ္ပိကာနံ - ယောက်သွားတို့၏၊ သတံ- တရာသည့်၊ နတ္ထိ - မရှိ၊ တိလာနံ - နှမ်းတို့၏၊ မုဋ္ဌိ - တဆုပ်၊ တေသံ- ထိုတရားတို့၏၊ သမာယောဂေါ - ပေါင်းသှာဉ်ခြင်း၊ သန္ဓိနော- အစပ်၏၊ ဝိမောက္ခော - လွတ်ခြင်း၊ တထာဂတဿ- ၏၊ ပညာပါရမိံ-ပညာပါရမီကို၊ ဝါ - တနည်း၊ ပုဗ္ဗစရိယံ-ရှေးအကျင့်ကို၊ အာရဗ္ဘ-အကြောင်းပြု၍၊ တေ - သင်၏၊ သုခံ - ချမ်းသာ၊ တေ- ၏၊ ဒုက္ခံ-ဆင်းရဲ၊ စေတသော-၏၊ ပရိဝိတက္ကော - အကြံသည်၊ ဥဒပါဒိ- ထင်ရှားဖြစ်ပြီ၊ ပညာယ-ပညာ၏၊ ပဋုဘာဝေါ - ထက်မြက်သည့်၏ အဖြစ်၊ ရူပဿ - ရုပ်၏၊ လဟုတာ- ပေါ့သည့်၏ အဖြစ်၊ ရူပဿ - ၏၊ မုဒုဘာ - နူးညံ့သည့်၏ အဖြစ်၊ ရူပဿ, ဥပစယော - အစပွားဖြစ်ခြင်း၊ ကြိယာသမ္ဗန္ဓေ - ၌၊ ပါဒဿ - ခြေ၏၊ ဥက္ခေပနံ - ကြွခြင်း၊ ဝါ-တနည်း၊ ပါဒဿ-ခြေ၏၊ အဝက္ခေပနံ-ချခြင်း၊ ဟတ္ထဿ - လက်၏၊ သမဉ္ဇနံ - ကွေးခြင်း၊ ပါဒါနံ-တို့၏၊ ပသာရဏံ-

အဝတ္ထာသမ္ဗန္ဓစသည် ။ ။ အဝတ္ထာ သဒ္ဒါသည် ပိုင်းခြား ကန့်သတ်အပ်သော အခိုက်အတန့် အနက်ကို ဟော၏၊ တဘဝ ခန္ဓာအစဉ်ကို တခုထည်းထား၍ ထို ခန္ဓာ၏ ဖြစ်ခြင်းသည် ရင့်ခြင်း ပျက်ခြင်းတို့မှ ကွဲပြားသော အခိုက်အတန့် တမျိုးတည်း၊ ထို့အတူ ရင့်ခြင်း အခိုက်အတန့်ပျက် ခြင်း အခိုက်အတန့်လည်း တမျိုးစီပင်၊ ထို့ကြောင့် ခန္ဓာတို့နှင့် ဖြစ်ခြင်းတို့၏ အဝတ္ထာဝန္တ+အဝတ္ထာ အဖြစ်ဖြင့် စပ်ခြင်းသည် အဝတ္ထာသမ္ဗန္ဓ မည်၏၊ [အဝတ္ထာဝန္တ=ပိုင်းခြားခြင်းရှိသော တရား၊] "မနုဿဿဘာဝေါ"၌ ဘာဝသဒ္ဒါသည် လူဇာတ်တို့ ဟော၏၊ [ဘာဝတဒ္ဓိတ်၌ ထင်ရှားလတ့ံ၊] ထို့ကြောင့် လူနှင့် လူဇာတ်တို့၏ "ဇာတိမန္တ+ဇာတိ"အဖြစ်ဖြင့် စပ်ခြင်းသည် ဇာတိသမ္ဗန္ဓ မည်၏၊ [ဇာတိမန္တ=ဇာတိ ရှိသောဒြဗ်၊] "လှခြင်း, ကောင်းခြင်း, သာလွန်ခြင်း" စသည်ကိုသာ လောက၌ ဂုဏ်" ဟု ခေါ်လေ့ရှိသော်လည်း သဒ္ဒါကျမ်း၌ကား "အတ္တနော ဒဗ္ဗံ ဂုဏောဟိ ပကာသေတိ" ဟူသော ဝိဂ္ဂြိုဟ်အရ မိမိ၏ တည်ရာဒြဗ်ကို ထင်ရှားပြတတ်သော အနက်ကို "ဂုဏ်" ဟု ခေါ်၏။ ထို့ကြောင့် "အဆင်း အနံ့ အရသာတို့သည်ရင်း ကောင်းသောအကျင့်-ပညာ ပါရမီ-ချမ်းသာ ဆင်းရဲ-ပေါ့ပါးခြင်း နူးညံ့ခြင်း"စသည့်ရင်း"ဂုဏ်"ပင် မည်၏၊ "သတံ- တရာ, မုဋ္ဌိ-တဆုပ်"စသော အရေအတွက် သင်္ချာများလည်း သင်္ချာဂုဏ်များတည်း၊ ထို ဂုဏ်ရှိသော ဒြဗ်ကို "ဂုဏီ" ဟု ခေါ်၏၊ မြန်မာလို "ဂုဏော" ဟုသည်း ခေါ်သည်၊ ထို့ကြောင့် သုဝဏ္ဏ အရ ရွှေဒြဗ်နှင့် အဆင်းတို့၏"ဂုဏီ+ဂုဏ"အဖြစ်ဖြင့် စပ်ခြင်းသည် ဂုဏသမ္ဗန္ဓ မည်၏၊ ဤသို့ စသည်ဖြင့် သိလေ။ [ ဋီကာ၌ တေသံ + သမာယောဂေါကို "သံယောဂသမ္ဗန္ဓ" ဟုရင်း, သန္ဓိနော+ဝိမောက္ခောကို "ဝိသိလေသ ( မငြိကပ်ခြင်း အဆက်ပြေခြင်းသမ္ဗန္ဓ" ဟုရင်း, တထာဂတဿ+ပညာပါရမိံကို "ဗုဒ္ဓိသမ္ဗန္ဓ" ဟုရင်း, လဟုတာ စသည်ကို "အာကာရဝိသေသ (အခြင်းအရာ အထူးဖြစ်သောသမ္ဗန္ဓ) "ဟုရင်း နှာမည်တင်သေး၏။]

www.dhammaransi.com



ဆန့်ခြင်း၊ ဓာတူနံ - ဓာတ်တို့၏၊ ဂမနံ - သွားခြင်း၊ ဓာတူနံယေဝ - ဓာတ်တို့၏ သာလျှင်၊ ဌာနံ - ရပ်ခြင်း၊ ဝါ - တနည်း၊ နိသဇ္ဇာ - ထိုင်ခြင်း၊ သယနံ - အိပ်ခြင်း၊ တထာ - ထိုမှတပါး၊ တဿ - ထိုသူ၏၊ နာမဂေါတ္တာဒိ - နာမည်, အနွယ်စသည်၊ တဿ - ထို အကျိုး၏၊ ကာရဏံ - အကြောင်း၊ တဿ - ထိုသူ၏၊ မာတာပိတရော - မိဘတို့၊ တဿ - ၏ ပုရတော - ရှေ့၌၊ ပါတုရဟောသိ - ထင်ရှားဖြစ်ပြီ၊ တဿ - ၏၊ ပစ္ဆတော - နောက်၌၊ နဂရဿ - မြို့၏၊ ဒက္ခိဏတော - တောင်အရပ်၌၊ ဝဿာနံ - နှစ်တို့၏၊ တတိယေ မာသေ - ၃ လမြောက်၌၊ တဿ - ထို ဥပမေယျာတ္ထ၏၊ ဥပမာ - ဥပမာ သည်၊ န (သုကရာ) - မလွယ်ကူ၊ ကုဝေရဿ - ကုဝေရ နတ်မင်း၏၊ ဗလိ - ပန်းစသော ပူဇော်ဘွယ်၊ ဣစ္စာဒိ - တည်း။

ကြိယာ သမ္ဗန်။ ။"ဥက္ခေပန - ကြွခြင်း" စသည်ဘို့သည်ကြိယာတည်း၊ ထို ကြိယာ နှင့် ပါဒ စသည်တို့၏ စပ်ခြင်းကို "ကြိယာ သမ္ဗန်" ဟု ခေါ်၏၊ ဤ၌ "ခြေ၏ ကြွခြင်းတည်း, လက် စသည်တို့၏ ကြွခြင်း မဟုတ်" ဟု လက် စသည်တို့မှ အထူးပြုတတ် နစ်စေတတ် သောကြောင့် ပါဒ စသည်ကို ဝိသေသန ဟု မှတ်၊ "ဓာတူနံ ဂမနံ" စသည်၌လည်း ဓာတ်တို့၏ သွားခြင်းတည်း, သတ္တာ၏ သွားခြင်း မဟုတ် - ဟု အထူးပြုတတ် နစ်စေတတ် သောကြောင့် ဓာတုသည် ဝိသေသနတည်း၊ ထို့ကြောင့် ကြိယာ သမ္ဗန်၌ "ဝိသေသန + ဝိသေသျ" အဖြစ်ဖြင့် စပ်ခြင်းကို သမ္ဗန် ဟု မှတ်ထိုက်၏။

ကြိယာနှင့် စပ်သော်လည်း ကာရက မမည်။ ။ရှေ့၌ "ကြိယာဘိ သမ္ဗန္ဓာဘာဝါ န ကာရကတာ သမ္ဘဝတိ = ကြိယာနှင့် စပ်ခြင်းမရှိသောကြောင့် သမ္ဗန်သည် ကာရက မဖြစ်နိုင်" ဟု ဆိုခဲ့၏၊ ဤ၌ကား ကြိယာနှင့်စပ်သောသမ္ဗန်ကို ပြပြန်ရာ ရှေ့နောက်မဆန့်ကျင် ပါလော - ဟု မေးဘွယ်ရှိ၏၊ အဖြေကား — "ပါဒဿ ဥက္ခိပနံ" ၌ ကြွခြင်းကြိယာကို ခြေက ပြီးစေနိုင်သည်မဟုတ်, လူ၏ ကြွစွမ်းနိုင်သော သတ္တိကသာ ပြီးစေသည်၊ ကြိယာဘိ သမ္ဗန္ဓာဘာဝါ၌ သမ္ဗန္ဓ ကား ကြိယာကို ပြီးစေနိုင်သော သတ္တိ၏ စပ်ခြင်းကို ဆိုလို၏၊ ဤပါဒဿ စသည်၌ ကြိယာကို ပြီးစေနိုင်သော ထိုသတ္တိမရှိ၊ ဤစပ်ခြင်းမျိုးသည် ကာရက အမည် ရနိုင်သော စပ်ခြင်း မဟုတ်၊ ထို့ကြောင့် ရှေ့နောက် မဆန့်ကျင်ပေ၊ [သဒ္ဒနီတိ၌ ဤ ကြိယာ သမ္ဗန်ကို "ဘာဝသာမညယောဂသမ္ဗန်" ဟု နာမည်တပ်၏။]

တထာ တဿ နာမဂေါတ္တာဒိ၊ ပေ၊ ဣစ္စာဒိ — "ဧဝံ ယော ယဿ ပေ၊ ကြိယာဒိ ဒေသနာ" ဟူသော ဝါကျ၌ သေဝက - ဘဏ္ဍာတို့မှစ၍ ကြိယာတိုင်အောင် အစဉ်အတိုင်း ပုံစံကို ပြပြီး၍ ကြိယာဒိ၌ အာဒိအရ ပုံစံကို ပြလိုသောကြောင့် "တထာ" စသည်ကို မိန့်၊ [ "တထာဂတဿ" ဟု အချို့စာ၌ရှိသည်ကား ပါဌ်ပျက်၊ နောက်၌လည်း "တဿကာရဏံ" စသည်ဖြင့် ရှိပုံကိုထောက်၍ "တထာ, တဿ နာမဂေါတ္တာဒိ" ဟူသာ ပါဌ်မှန်ဖြစ်သင့် သည်၊ ] တဿသည် ဝိသေသန, နာမဂေါတ္တာဒိကား ဝိသေသျတည်း၊ ထို့ကြောင့်

www.dhammaransi.com



ဌာနီတော-ဌာနီမှ နောက်၌၊ ( ဆဋ္ဌီ-ဆဋ္ဌီဝိဘတ်ကား၊ ) ဒေန္တဿ-အဆုံးဧ၏၊ ယံအာဒေသော - ယံအပြု၊ အဝဿ-အဝ၏၊ ဩ-ဩအပြု၊ အာဂမိတော - အာဂမိမှနောက်၌၊ ( ဆဋ္ဌီ - ကား၊ ) ပုထဿ - ပုထ၏၊ (အဆုံး၌)၊ အာဂမော-လာသည်၊ (ဟောတိ - ဖြစ်၏၊) ဣစ္စာဒိ- တည်း၊

တဿနှင့် နာမဂေါတ္တာဒိ, တဿနှင့် ကာရဏံတို့၌ ဝိသေသန+ဝိသေသျ အဖြစ်ဖြင့် စပ်ခြင်းကို သမ္ဗန် ဟုမှတ်၊ တဿ မာတာပိတရော၌ကား ဝိသေသန ဝိသေသျ သမ္ဗန်လည်းသင့်၏၊ သားဖြစ်သည် မိဘတို့ဖြစ်စေအပ်သောကြောင့် ဇညမည်၏၊ မိဘတို့ကား ဖြစ်စေတတ်သောကြောင့် ဇနကတည်း၊ ထို့ကြောင့် တဿနှင့် မာတာပိတုတို့"ဇည+ဇနက"အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်လည်းဖြစ်သင့်၏၊ "တဿ ပုရတော"စသော နေ့ံပြုယုဂ်တို့၌ကား ဝိသေသန ဝိသေယျ သမ္ဗန်သာတည်း၊ မှန်၏—"ရဉော+ပုရိသော"မှ စ၍ "ကုဝေရဿ+ဗလိ"တိုင်အောင် "ဝိသေသန-ဌာနီ-အာဂမီ"ဟူသော သာမိ ၃မျိုးတွင် ဝိသေသနဖြစ်သောသာမိ၏ ပြယုဂ်တို့ချည်းသာတည်း၊ ထို့ကြောင့် ရှေးရှေးပုဒ်များကို " ဝိသေသန " ဟုချည်း မှတ်၊ သမိပ သမ္ဗန် စသည်၌ ရှေးရှေးပုဒ်ကို သမိပီ ဟု နာမည်တပ်ထားသော်လည်း "ဝိသေသန" ဟူသော သာမညနာမည်မှာ ရလျက်ပင်၊ အချုပ်ကား—နာမည်ထူး ရရာ၌ ရှေးရှေးပုဒ်များသည် ဝိသေသနလည်း မည်–သမိပီ စသည်လည်း မည်၏၊ နာမည်ထူး မရရာ၌ "ဝိသေသန" သာ မည်၏–ဟုမှတ်။

ဌာနိတော၊ ပေ၊ အဝဿ—ဝိသေသန, ဌာနီ, အာဂမိ ဟူသော သာမိ ၃ မျိုးတွင် ဌာနီ ဖြစ်သော သာမိကို ပြလို၍ ဌာနိတော စသည်မိန့်၊ "ဒေန္တဿ ယံ အာဒေသော"၌ ဧကို ရေးသည့်အခါ ကွက်လပ်ဌာန၌ ရေးရ၏၊ ရွတ်သည့်အခါလည်း ရွတ်ဆိုလောက်ရာ လက်ဖျောက် ၂ ချက်တီးခန့် ကာလကို ဌာနဟုပင် ခေါ်ရ၏၊ ထို့ကြောင့် ဧ ရေးဘို့ရာ ကွက်လပ်ဌာန ရွတ်ဆိုဘို့ရာကာလဌာနရှိသော "ဧ"ကို ဌာနီ ဟု ခေါ်သည်၊ ဤသမ္ဗန်၌ "ဌာနီ+ဌာန"ဟု ခွဲ၍မရ၊ ဌာနီပုဒ်နောင် ဆဋ္ဌီဝိဘတ် သက်သောကြောင့် ဌာနီသာမိကို သီးခြားပြထားသည်၊ သမ္ဗန်ကား"အာဒေသီ+အာဒေသ"အဖြစ်ဖြင့်စပ်ခြင်းသာတည်း၊ ဒေန္တဿ အရ ဧ သည့် ယ အပြု ရှိသောကြောင့် အာဒေသီ မည်၏၊ ယ အပြုကား အာဒေသ မည်သည်–ဟူလို၊ ဩ အဝဿ၌လည်း အဝ ဟူသော ဌာနီနောင် ဆဋ္ဌီသက်၍ အဝကို ဌာနီ ခေါ်ပုံကို ရှေ့နည်းမှီး၍သိ၊ အဝဿ အရ အဝနှင့် ဩတို့၏ "အာဒေသီ+အာဒေသ"အဖြစ်ဖြင့် စပ်ခြင်းသည် သမ္ဗန်မည်၏–ဟူလို။

အာဂမိတော၊ ပေ၊ အာဂမော—ပုထဿအရ ပုထသဒ္ဒါသည် လာသော အက္ခရာ ရှိသောကြောင့် အာဂမိမည်၏၊ ထို အာဂမိပုဒ်နောင် ဆဋ္ဌီဝိဘတ် သက်သောကြောင့် "အာဂမိ သာမိ"ကိုလည်း သီးခြားပြထားပြန်သည်၊ ဤသို့ ဌာနီသာမိ-အာဂမိသာမိဟု သီးခြားထုတ်ပြသော်လည်း ထိုသာမိ ၂မျိုးလုံးပင် ဝိသေသနသဘော မကင်းကြ၊ မှန်၏- "ဧ၏ ယံ အပြု"ဟူရာ၌ ဩ၏အပြုမဟုတ်—ဧ၏ အပြုသာဟုတ် စသည်ဖြင့် အခြား သရ၏ ယံအပြုကို တားမြစ်သောကြောင့် ဒေန္တဿသည် ဝိသေသနပင်တည်း၊ ဤနည်းအားဖြင့် ဝိသေသနဖြစ်နိုင်သော်လည်း ဌာနီဟူသော အမည်ထူးလည်း ရှိနိုင်သေးသောကြောင့်

www.dhammaransi.com



သာမိယောဂေ - သာမိ၏ယှဉ်ရာ၌၊ (ဥဒါဟရဏံ-ကား၊) ဒေဝါနံ - နတ်တို့၏၊ ဣန္ဒော-အရှင်၊ မိဂါနံ-သားကောင်တို့၏၊ ရာဇာ-မင်း။

တဗ္ဗရုဇာဒိယောဂေ - တဗ္ဗပစ္စည်း, ရုဇဓာတ် အစရှိသည်တို့၏ ယှဉ်ရာ၌၊ (ဥဒါဟရဏံ)၊ မဟာသေနာပတိနံ- နတ်စစ်သူကြီးတို့သည်၊ ဝါ-တို့ကို၊ ဥဇ္ဈာပေတဗ္ဗံ-အောံဘန်းထား၍ကြည့်စေရာ၏၊ ခိကန္ဒိတဗ္ဗံ-တိုင်တန်းရာ၏ ပိရဒိတဗ္ဗံ - အတူတကွ ပြောဆိုရာ၏၊ ဒေဝဒတ္တဿ-ဒေဝဒတ်၏၊ ရုဇာတိ - နာကျင်၏၊ တဿ - ထိုသူ၏၊ ရောဂေါ-နာကျင်

"ဝိသေသနသာမိ"ဟုမဆိုဘဲ"ဌာနီသာမိ"ဟု နာမည်ထူးဖြင့် ပြရသည်၊ "အာဂမိသာမိ" ၌လည်း ဤနည်းပင်၊ [ပုထနှင့် ဂ အက္ခရာတို့"အာဂမိ+အာဂမ"အဖြစ်ဖြင့် စပ်ခြင်းကို သမ္ပန်ဟု မှတ်။]

သာမိယောဂေ၊ပေ၊မိဂါနံ ရာဇာ—ရှေ့၌ပြခဲ့သော သာမိ-တဗ္ဗ-ရုဇာဒိ ယောဂေ တို့တွင် သာမိယောဂကိုပြလို၍ "ဒေဝါနံ ဣန္ဒော" စသည်မိန့်၊ ဤဣန္ဒော, ရာဇာတို့သည် "သာမိ" တို့တည်း၊ ထိုသာမိတို့၏ ယှဉ်ရာ ဒေဝ - မိဂတို့ကား "သံ" ဥစ္စာတို့တည်း၊ ထိုသာမိပုဒ်တို့၏ယှဉ်ရာ ဒေဝ-မိဂ(သံ)တို့ကို "ယဿဝါဝရိဂ္ဂဟော တံ သာမိ" သုတ်၌ ဝါသဒ္ဒါဖြင့် သာမိ မှည့်ရသည်၊ ဒေဝအရ နတ်တို့နှင့် ဣန္ဒ အရ သကြားမင်း၏ "သံ+သာမိ"အဖြစ်ဖြင့် စပ်ခြင်းကို သာမိသမ္ပန်ဟု ခေါ်သည်၊ မိဂါနံနှင့် ရာဇာလည်း နည်းတူ။

တဗ္ဗရုဇာဒိယောဂေ—"ဥဇ္ဈာပေတဗ္ဗံ" စသော တဗ္ဗ ပစ္စယန္တပုဒ်ကိုပင် "တဗ္ဗ" ဟု ခေါ်ထားသည်၊ [အစိဘ်၏ အမည်ကို အပေါင်း၌ တင်စား ထားသော ဧကဒေသူ ပစာ စကား တည်း၊ ] ဥဇ္ဈာပေတဗ္ဗ စသော တဗ္ဗပစ္စယန္တ ပုဒ်တို့၏ ယှဉ်ရာ "မဟာ သေနာပတိ" ပုဒ်ကို ဝါသဒ္ဒါဖြင့် "သာမိ" မှည့်၊ [ဥဇ္ဈာပေတဗ္ဗံ၌ ဘီလူးတို့က လူကို ဖမ်းစားထားသဖြင့် ထို ဘီလူးများကို အောက်တန်း သဘောတွေဘဲ ဟု နတ်စစ်သူကြီး များကို သိစေဘို့ရန် တိုင်တန်းရမည်-ဟူလို၊ ဋီကာ၌ ဥဇ္ဈာပေတဗ္ဗံကို အဝ+ဇာနာပေ တဗ္ဗံ"ဟု အဖွင့်တွေ့ရ၏၊ ပါဌ်ပျက်ဟန်တူသည်၊ အဝ+ဈာပေတဗ္ဗံ=အောက်တန်းစား တွေ ( အယုတ်တမာကောင်တွေ ) ဟု ကြည့်ရှုစေရာ၏" ဟု ဖွင့်သည်၊ ဈေ=ဩဒ္ဓလာ ကနေ"ဓာတ်ကျမ်း၊ ဤဋီကာ၌သာ ပါဌ်ပျက်သည် မဟုတ်၊ ဥဇ္ဈာယန္တိစသည်ကို ဖွင့်သော အဋ္ဌကထာတို့၌လည်း ပါဌ်ပျက် ရှိတတ်သည်၊] ဝိကန္ဒိတဗ္ဗံကို "မြည်တမ်း" ဟု ပေးကြ သော်လည်း အာဋာနာဋိယသုတ်ပါဠိတော် စာသွား၌ မြည်တွန်တောက်တီးပုံ မလာ၊ တိုင်တမ်းရမည့် အဓိပ္ပါယ်မျိုးသာ လာသည်၊ ဝိရဝိတဗ္ဗံကိုလည်း "တေဟိ သဒ္ဓိံ ကထေ တဗ္ဗံ"ဟု ထိုအဋ္ဌကထာ ဖွင့်သည်။

ဒေဝဒတ္တဿရုဇတိ—ရုဇတိ၌ ရုဇ်ဓာတ် ( အ ) ပစ္စည်း, တိဝိဘတ်တည်း၊ ကိတ် တိပစ္စည်း မဟုတ်၊ [သဒ္ဒနီတိ၌ "ရုဇတိယောဂေ"ဟု သုတ်တည်၍ ဤပုံစံကိုပင်ထုတ်၏၊ မောဂ္ဂလ္လာန်၌ကား "ရဉ္ဇော-မင်းအဖြစ်၏၊ သရတိ-အမှတ်ရ၏" ဟူရာ၌ မင်းအဖြစ်နှင့် စပ်သော အမှတ်ရခြင်းဖြစ်၍ "ရဉ္ဇော"၌ သမ္ပန် အနက်သာ၊ ထိုသို့ သမ္ပန် အနက်ပေး၍

www.dhammaransi.com



ခြင်းသည်၊ ဥပ္ပဇ္ဇတိ-ဖြစ်၏၊ ရဇကဿ-ကဝါသည်၏ (လက်၌)၊ ဝတ္ထံ-အဝတ်ကို၊ ဒဒါတိ - ပေး၏၊ မုသာဝါဒဿ - မုသာဝါဒ၏၊ ဩဒ္ဓပ္ပံ-ထိတ်လန့်ခြင်း၊ ရုစ္စာဒိ။

(၃၁၆) ကွစိဘိ တတိယာသဒ္ဒမိန္နစ ဝတ္တးတာ။

ဆဋ္ဌိစ ။ ၃၀၇ ။ တတိယာ ၊ ပေ၊ ဆဋ္ဌိဝိဘတ္တိ ဟောတိ၊ ယဇဿ-ယဇခါတ်၏၊ (ပယောဂေ - ယှဉ်ရာ၌၊) ကရဏေ - ကရိုဏ်း အနက်၌၊ (ဆဋ္ဌီ ဆဋ္ဌီဝိဘတ်သည်၊ ဟောတိ)၊ ပုပ္ဖဿ-ပန်းဖြင့်၊ ဗုဒ္ဓံ-ကို၊ ယဇတိ-ပူဇော်၏ ဝါ, ပုပ္ဖေန - ဖြင့်၊ (ယဇတိ-၏)၊ ဃတဿ - ထောပတ်ဖြင့်၊ အဂ္ဂိံ-မီးကို၊ ဇုဟောတိ-ပူဇော်၏။

သုဟိတတ္ထယောဂေ - တင်းတိမ်ခြင်း အနက်ရှိသော ခါတ်တို့၏ ယှဉ်ရာ၌၊ (ကရဏေ-၌၊ ဆဋ္ဌီ ဟောတိ)၊ ပတ္တံ-သပိတ်ကို၊ ဩဒနဿ-ထမင်းဖြင့်၊ ပူရေတွာ - ပြည့်စေ၍၊ ဩဒနေန - ဖြင့်၊ ဣာဘိ အဓ္ဓော- နက်၊

ကြိယာနှင့် စပ်သော်လည်း သမ္ဗန် အနက်ကို ဆိုလိုရာ၌ ကာရက မဖြစ်နိုင်၊ ကြိယာနှင့် မစပ်သောကြောင့် ကာရကမဖြစ်သည် မဟုတ်, သမ္ဗန်ဟူသမျှ ကြိယာဘိနိပ္ဖါဒန သတ္တိ မရှိသောကြောင့် ကာရကမဖြစ်-ဟုလို၊ ထိုနည်းကို မှီး၍ "ဒေဝဒတ်၏" ဟု သမ္ဗန်အနက် ပေးလိုက်သည်၊ ဗာလာဝတာရဋီကာ၌ကား "ရုဇ=ဘင်ဂ်(ချိုးဖျက်ခြင်း)" ဟု ခါတ်နက် ဆို၍ "ကမ္မေ-ဆဋ္ဌီ" ဟု ကံ အနက် ဖွင့်၏၊ ထိုသို့ ဆဋ္ဌီကံ ဆိုလိုလျှင် "ဒုတိယာ ပဉ္စမီနဉ္စ" သုတ်ဖြင့် ပြီးနိုင်သောကြောင့် ထို အဖွင့်ကို စဉ်းစားသင့်သည်။]

တဿ ရောဂေါ—ရောဂေါသည် ရုဇခါတ် ဏပစ္စည်းဖြင့် ပြီးသော ကိတ်ပုဒ်တည်း၊ ထိုသို့ ရုဇခါတ်၏ ယှဉ်ရာဖြစ်သောကြောင့် တဿ၌ ဝါသဒ္ဒါဖြင့် သာမီမှည့်၊ "တဿ ရောဂေါ" ၌ တဿသည် ရောဂါ၏ အရှင်ဖြစ်သောကြောင့် သုတ်ရင်းဖြင့်ပင်"သာမီ" မှည့်နိုင်သည်-ဟု ထင်၏၊ ဆင်ခြင်ကြပါကုန်၊ [ရဇကဿ-စသည်၌ကား ရုဇာဒိ၌ အာဒိ အရ ပုံစံများတည်း၊ အပိုင်ပေးလိုစိတ် မရှိ၍ "ရဇကဿ-ကဝါသည်အား" ဟု မပေးရဘူးတဲ့၊ ဩတ္တပ္ပသဒ္ဒါသည် ကြောက်ရွံ့ ထိတ်လန့်ခြင်း အနက်ကို ဟောသောကြောင့် "မုသာဝါဒမှ" ဟု ဘယယောဂ အပါဒါန် အနက်လည်း ပေးကြသေး၏၊ ကျမ်း၏ အာဘော် ကျမည်မထင်။]

(၃၁၆) ဤသုတ်၌ အဓိပ္ပါယ် မခက်ပါ၊ တတိယာ အနက်၌ ဆဋ္ဌီသက်လျှင်"ဖြင့်" ဟု ကရိုဏ်း အနက်သော်ငင်း "သည်" ဟု အဝုတ္တကတ္တား အနက်သော်ငင်း "နှင့်" ဟု သဟာဒိယောဂ အနက်သော်ငင်း သင့်သလို ကြည့်၍ ပေးရ၏၊ ကတ္တားအနက် ပေးရာ၌ "ဆဋ္ဌီကတ္တား" ဟု ခေါ်စမှတ် ပြုကြ၏၊ တတိယာ ကတ္တား၏ ကိုယ်စားလှယ် ကတ္တား ပင်တည်း၊ "ဆဋ္ဌီကတ္တား, ရုံခါပြားမူ, ကတ္တားတတိယာနှင့် တူမြဲ" ဟူသော နိယာမ်လည်း ဤပုံစံကို ရည်ရွယ်သော နိယာမ်တည်း၊ "သုဟိတ - ဝပြောခြင်း" ဟု အနက်ပေးရှိး

နာနပ္ပကာရသ - အသွေးထွေး အပြားပြား ရှိသော၊ အသုစိနော - မစင်မကြယ် ရွံ့စဖွယ်ဖြင့်၊ ပူရံ-ပြည့်သော၊ ဣမမေဝကာယံ-ဤကိုယ်ကိုပင်၊ ပစ္စဝေက္ခတိ - ဆင်ခြင်၏၊ ဟိချည သုဝဏ္ဏသ - ငွေ , ရွှေဖြင့်၊ ပူရံ - ပြည့်သော၊ ဗာလော - လူမိုက်သည်၊ ပါပသ-မကောင်းမှုဖြင့်၊ ပူရတိ-ပြည့်၏၊ တုလျှတ္တကိမလမာဒိယောဂေ-တုလျှ အနက်ရှိသောသဒ္ဒါ, ကိံ သဒ္ဒါ, အလံသဒ္ဒါ စသည်တို့နှင့် ယှဉ်ရာ၌၊ ( ကရဏေ ဆဋ္ဌီ ဟောတိ )၊ ပိတုသ - အဘနှင့်၊ တုလျော - တူသူ ပိတရာ တုလျောဝါ - " ပိတရာ တုလျော " လည်း ရှိ၏၊ [ ဤ " ပိတရာ ဝါ တုလျော " ကား ဤသုတ် အရာမဟုတ် , ဆဋ္ဌီ မမြဲကြောင်းကို ပြသော ပြယုဂ်တည်း၊ နောက်၌ ဤနည်းချည်း မှတ်၊ ] မာတု - အမိနှင့်၊ သဒိသော - တူသူ၊ မာတရာ သဒိသောဝါ - လည်း ရှိ၏၊ တုဠှသ - နှစ်သက်အပ်သော၊ တဿစ-ထို ဝတ္ထုဖြင့်လည်း၊ ကိံ - ဘယ်အကျိုးရှိအံ့နည်း၊ ထုဠှေန-သော၊ တေနစ-ဖြင့်လည်း၊ ကိံ-နည်း၊ ဉာတိ အတ္ထော-နက်၊ တုဠှသ- သော၊ တဿစ-ဖြင့်လည်း၊ အလံ-အကျိုးမရှိ။

ကတ္တရိ - ကတ္တားအနက်၌၊ ကိတပ္ပစ္စယယောဂေ - ကိတမည်သော ပစ္စည်းတို့နှင့် ယှဉ်ရာ၌၊ ( ဆဋ္ဌီ ဟောတိ )၊ [ ရှေးဆရာတို့က "တ-တိ" စသော ပစ္စည်းများကို"ကိတ" ပစ္စည်း ဟု နာမည်မှည့်ထား၏၊ ထို ကိတမည်သော ပစ္စည်းတို့၏ ယှဉ်ရာဟူသည် " တ " စသော ပစ္စည်းများ၏ ယှဉ်ရာပင်တည်း၊ ] ဘဝ္ဗာယနသ - ကစ္စည်းထေရ်သည်၊ ကတိ - ပြုခြင်းသည်၊ သောဘနာ - တင့်တယ်ပါပေစွ၊ ဝါ , ကစ္စာယနေန ( ကတိ သောဘနာ )၊ ရညော - မင်းသည်၊ သမ္မတော - သမုတ်အပ်၏၊ ဝါ, ရညာ-သည်၊ ( သမ္မတော ) ဇဝံ-ဤ အတူ၊ [ရညော, ရညာ-ဟု ၂ မျိုး ရှိနိုင်သည်ကို " ဇဝံ " ဟု ဆိုသည်။ ] ရညော - မင်းသည်၊ ပူဇိတော-

ရှိသော်လည်း " တိတ္တိအတ္ထော " ဋီကာဖွင့်ကို ထောက်၍"တင်းတိမ်ခြင်း"ဟု ပေးသည်၊ "တင်းတိမ်"ဟူသည် ပြည့်စုံ လုံလောက်နေ၍ နောက်ထပ် မလိုတော့ခြင်းတည်း၊ ထို့ကြောင့် တင်းတိမ်ခြင်းကိုပင် " ပြည့်ခြင်း " ဟု မှတ်၊ ထို့ကြောင့်ပင် ပုံစံများ၌ " ပူရံ " စသည်ကို ထုတ်သည်၊ ထို့ပြင်-ကိံ တဿ စ တုမင္ဟဿ"ဟု စာ၌ တွေ့ရ၏၊ သီဟိုဠ်မူ၌ရင်း နိဿယ ဟောင်း၌ရင်း"ကိံ တဿ စတုဠှဿ"ဟု ရှိ၏၊ "ကိံ တေတ္ထ စတုမင္ဟဿ"ကား သမ္မဒါန် အသမတ္ထုပယောဂ၌ ပါခဲ့ပြီ၊ ထို့ကြောင့်"တုဠှဿ"ပင် အမှန်ဖြစ်ဟန်ရှိသည်၊ပါဠိရင်းကို ရှာဖွေကြလေ၊ သတ္တမီအနက်ဝယ် ဆဋ္ဌီသက်ရသော ပုံစံများ၌လည်း အမိပ္ပါယ်ထူး မရှိ။

www.dhammaransi.com



ပူဇော်အပ်၏၊ ရညော, သက္ကတော – ကောင်းစွာ ပြုအပ်၏၊ ရညော, အပစိတော-ရိုသေအပ်၏၊ ရညော,မာနိတော- မြတ်နိုးအပ်၏၊ ဘိက္ခဝေ-တို့၊ ယေသံ-အကြင်သူဘို့သည်၊ ကာယဂတာသတိ-ကာယဂတာသတိကို၊ အပရိဘုတ္တာ–မသုံးဆောင်အပ်၊ တေသံ – ထိုသူတို့သည်၊ အမတံ-အမြိုက်ဆေးကို၊ အပရိဘုတ္တံ – မသုံးဆောင်အပ်သည်မည်၏၊ ဣစ္စာဒိ-၌သို့အစရှိသည်တည်း။

သတ္တမိယဏ္ဍေ – သတ္တမီအနက်၌၊ ကုသလာဒိယောဂေ – ကုသလသဒ္ဒါ'အစရှိသည်တို့နှင့်ယှဉ်ရာ၌၊ (ဆဋ္ဌီ ဟောတိ၊) နစ္စဂီတဿ–ကခြင်း, သီဆိုခြင်း၌၊ ကုသလာ – ကျွမ်းကျင်ကုန်သော၊ သိက္ခိတာ – သင်အပ်ပြီးသော အတတ်ရှိကုန်သော၊ စာတုရာ – တင့်တယ် စွဲယှက်ကုန်သော၊ ဣတ္ထိယော – မိန်းတို့သည်၊ တွံ–သင်သည်၊ ရထဿ – ရထား၏၊ အင်္ဂပစ္စင်္ဂါနံ-အင်္ဂါကြီးငယ်တို့၌၊ ကုသလော – ကျွမ်းကျင်သူ မဟုတ်လော၊ မဂ္ဂဿ – မှန်သောအကြောင်း၌၊ ကုသလော-ကျွမ်းကျင်၏၊ အမဂ္ဂဿ–မမှန်သောအကြောင်း၌၊ကုသလော- ၏၊ ဘန္တေ,ဘဂဝတော-၌၊ပသန္နာ-ကြည်ညိုကုန်သော၊ ဥဋ္ဌာရာ – မြတ်ကုန်သော၊ ယက္ခာ – နတ်တို့သည်၊ သန္တိဟိ – ရှိပါကုန်သည်သာ၊ ဒိဝသဿ- တနေ့၌၊ တိက္ခတ္တုံ– ၃ ကြိမ်၊ ဒိဝသေ တိက္ခတ္တုံ ဝါ-လည်းရှိ၏၊ မာသဿ-တလ၌၊ ဒွိက္ခတ္တုံ–၂ ကြိမ်၊ ဣစ္စာဒိ-တည်း။

(၃၁၈) ကွစိဘိ ဆဋ္ဌီဘိစ ဝတ္တတေ။

ဒုတိယာ ပဉ္စမီနဉ္စ ။ ၃၀၉ ။ ဒုတိယာ ၊ ပေ ၊ ဆဋ္ဌီဝိဘတ္တိ ဟောတိ၊ ဒုတိယတ္ထေ – ဒုတိယာဝိဘတ်၏ အနက်ဖြစ်သော၊ ကမ္မနိ – ကံအနက်၌၊ ကိတကယောဂေ – ကိတ်မည်သော ပစ္စည်းတို့နှင့် ယှဉ်ရာ၌၊ ( ဆဋ္ဌီ )၊ တဿ- ထိုသူကို၊ ဝတ္တာရော – ပြောဆိုသူတို့သည်၊ ဘဝန္တိ – ရှိကုန်၏၊ သဟာသာ-အဆောတလျင်၊ ( မဆင်ခြင်ဘဲ )၊ ကမ္မဿ – အမှုကို၊ ကတ္တာရော-ပြုတတ်သူတို့၊ အမတဿ– အမြိုက်နိဗ္ဗာန်ကို၊ ဒါတာ – ပေးတော်မူတတ်ပါပေ၏၊ ဘိန္နာနံ-ကွဲပြားသူတို့ကို၊ သန္ဓာတာ – စပ်ပေးတတ်၏၊ သဟိတာနံ – စေ့စပ်ပြီးသူတို့ကို၊ အနုပ္ပဒါတာ – အားပေးတတ်၏၊ ပဇာယ – သတ္တဝါအပေါင်းကို၊ ဗောဓေတာ - သိစေတော်မူတတ်၏၊ ကမ္မဿ-ကံကို၊ ကာရကော – ပြုတတ်သူသည်၄င်း၊ ဝိပါကဿ-အကျိုး

www.dhammaransi.com



ကို၊ ဝေဒကော စ - ခံစားတတ်သူသည်ငှင်း၊ နတ္ထိ - မရှိ၊ [ “ ကမ္မဿ ကာရကော နတ္ထိ, ဝိပါကဿစ ဝေဒကော ” ဟု ဂါထာ ၂ ပါဒ ရှိစေ။ ] လောကဿ - လောကကို၊, အဝိဇ္ဇာဝါဒကော - မချွတ်ယွင်းစေတတ်၊ ပါပါနံ-မကောင်းမှုတို့ကို၊ အကရဏံ-မပြုခြင်းသည်၊ သုခံ-ချမ်းသာ၏၊ စတုန္နံ-၄ ပါးကုန်သော၊ မဟာဘူတာနံ - မဟာဘုတ်တို့ကို၊ ဥပါဒါယ-စွဲ၍၊ ပသာဒေါ - ကြည်လင်ခြင်း၊ အရဇကော - ပင်းမင်းဆရာ မဟုတ်ပါဘဲ၊ (ပန်းဆိုးသမား မဟုတ်ပါဘဲ)၊ ဝဏ္ဏာနံ-အဝတ်တို့ကို၊ ရာဂေါ-ဆိုးနိုင်ခြင်းသည်၊ အစ္ဆရိယော - အံ့ဘွယ် ရှိပါစွ၊ အဂေါပါလကေန-နွားကျောင်းသား မဟုတ်ပါဘဲ၊ ဂါဝိနံ-နွားမတို့ကို၊ ဒေါဟော-နို့ ညှစ်နိုင်ခြင်းသည်၊ အစ္ဆရိယော-စွ။

တထာ-ထို့မှတပါး၊ သရိက္ခာနံ-သရခေတ်, ဣသုခေတ်တို့၏၊ ကမ္မနိ-ကာ၌၊ (ဆဋ္ဌီ ဟောတိ)၊ မာတု - အမိကို၊ သရတိ-အမှတ်ရ၏၊ “မာတရံ-ကို၊ သရတိ - ၏၊” [ ဤ“မာတရံ သရတိ ” ကား ဤသုတ် အရာဟုတ်, ဆဋ္ဌီမမြဲကြောင်းပြသော ပြယုဂ်တည်း။ ] သတ္တာနံ-သတ္တဝါတို့၏၊ ကမ္မပစ္စယာ-ကံဟူသောအကြောင်းကြောင့်၊ တေသံ - ထိုသေလေပြီးသော ပြိတ္တာတို့ကို၊ ကောစိ - မည်သည့်ဆွေမျိုးကမျှ၊ နသရတိ - အမှတ်မရ၊ [ ဂါထာဖြစ်၍ “ သတ္တာနံ ကမ္မပစ္စယာ ” ဟူသော တွဲဘက်ပါဒကို ထည့်သည်၊ ပုံစံပြလိုရင်း မဟုတ်။ ] ပုတ္တဿ- သားကို၊ ဣစ္ဆတိ - လိုချင်၏၊ ပုတ္တံ-ကို၊ ဣစ္ဆတိ-၏။

ကရောတိဿ - ကရခေတ်၏၊ [ ကရောတိ၌ တိကား ဓာတုနိဒ္ဒေသ တည်း။ ]ပတိယတနေ စ - ပြုပြင်ခြင်း အနက်၌လည်း၊ ( ဆဋ္ဌီ ဟောတိ)၊ ပတိယတနံ - ပဋိယတနဟူသည်၊ အဘိသင်္ခါရော - ပြုပြင်ခြင်းတည်း၊ ဥဒကဿ-ရေကို၊ ပတိကုရုတေ-ပြုပြင်၏၊ ဥဒကံ ပတိကုရုတေ - ဥဒကံ ပတိကုရုတေ ဟုလည်း ရှိ၏၊ ကဏ္ဍဿ - မြားကို၊ ပတိကုရုတေ - ၏၊ ကဏ္ဍံ ပတိကုရုတေ- လည်း ရှိ၏၊ [ ပြခဲ့သောအနက်များကား ဒုတိယာ အနက်ချည်းတည်း၊ ထို့ကြောင့် “ကို” ဟု ပေးရသည်။ ]

ပဉ္စမိယတ္ထေ-၌၊ ပရိဟာနိဘယတ္ထယောဂေ- ဆုတ်ယုတ်ခြင်းအနက် ရှိသော သဒ္ဒါ, ကြောက်လန့်ခြင်း အနက်ရှိသော သဒ္ဒါတို့၏ ယှဉ်ရာ၌၊ ( ဆဋ္ဌီ ဟောတိ )၊ အသာဝနတာ ( ယ )-မနာရခြင်းကြောင့်၊ ဓမ္မဿ-မှ၊ ပရိဟာယန္တိ - ဆုတ်ယုတ်ပါကုန်၏၊ အဟံ-ငါသည်၊ တဿ သုခဿ

www.dhammaransi.com



ထိုဈာန်ချမ်းသာ၌၊ ကိံ နုခေါဘာယာမိ - ဘာ့ကြောင့် ကြောက်အံ့နည်း၊ သဗ္ဗေ - သူခပ်သိမ်းတို့သည်၊ ဒဏ္ဍဿ - ဒဏ်မှ၊ တသန္တိ - ထိတ်လန့်ကြကုန်၏၊ သဗ္ဗေ မစ္စု နော-သေခြင်းမှ၊ ဘာယန္တိ၊ စဝုန္နံ- ၄ မျိုးကုန်သော၊ အာသိဝိသာနံ-အစွယ်၌ အဆိပ်ရှိသော မြွေဆိုးတို့မှ၊ ဘိတော-ကြောက်၏၊ ဣစ္စာဒိ-တည်း။

ကွစိတိ , ကိံ၊ ဂန္တိရဥ္စကထံကတ္တာ၊ ပေ၊ ပသဝေါ ဃာတကော- တို့၌ တားမြစ်ရခြင်း အကျိုး ရှိ၏၊ [ ဂန္တိရံ - လေးနက်သော၊ ကထံစ- တရားစကားကိုလည်း၊ ကတ္တာ - ပြုတတ်၏၊ ကာလေန-သင့်လျော်သော အခါ၌၊ ဓမ္မိံ ကထံ-တရားစကားကို၊ ဘာသိတာ-ပြောဟောတတ်သည်၊ ပောာတိ-၏၊ ပရေသံ - သူတပါးတို့၏၊ ပုညာနိ - ကောင်းမှုတို့ကို၊ အနုမောဒိတာ-ဝမ်းမြောက်တတ်၏၊ သဗ္ဗာနိ-သစ္စာတို့ကို၊ ဗုဇ္ဈိတာ-သိတော်မူတတ်၏၊ ကငံ-ဖျာကို၊ ကာရကော-ပြုတတ်၏၊ ပသဝေါ-သားကောင်တို့ကို၊ ဃာတကော-သတ်တတ်၏။]

တထာ-ပါး၊ နိဒ္ဒါဒိသုစ-တ, တဝန္တု စသော နိဒ္ဒ ပစ္စည်း၏ ယှဉ်ရာတို့၌လည်း၊ [ အတီတေ တ တဝန္တု တာဝီသုတ ဖြင့် သက်သောပစ္စည်းများကို " နိဒ္ဒ " ဟု နာမည် မှည့်လတ္တံ့၊ ] နှ - ဆဋ္ဌီ မဖြစ်၊ သုခကာမိ - ချမ်းသာကို အလိုရှိသူသည်၊ ဝိဟာရံ - ကျောင်းကို၊ ကတော - ပြုပြီး၊ ရထံ - ရထားကို၊ ကတဝန္တော - ပြုပြီးသူတို့၊ ရထံ - ကို၊ ကတာဝီ- ပြုပြီးသူ၊ ကဋံ-ဖျာကို၊ ကတွာ-ပြု၍၊ "ကရောန္တော, ကရာနော, ကုရုမာနော - ပြုလျက် " ဟု ပေး၊ [ " ကငံ ကတွာ " စသည်ကား နိဒ္ဒါဒိသု၌ အာဒိ အရ ပုံစံ၊ တချို့စာ၌ "ကငံ ကရာနော" ကျသည်၊ ] ဣစ္စာဒိ။

(၃၁၈) ကတ္တိ အတ္တေ သတ္တမီ - သက်သနည်း၊ ဩကာသေ- ဩကာသ အနက်၌၊ သတ္တမီ - သည်၊ ပောာတိ - ဖြစ်၏၊ [ ၎င်းနောက်၌ "ဩကာသကာရကေ သတ္တမီဝိဘတ္တိ ဟောတိ"ဟု မြန်မာမှု၌ရှိသေး၏၊ သိပ်ပိုင်မူ၌ မရှိ၊ ] ဩကာသော-ဩကာသဟူသည်၊ ကောစ-နည်း။

(၃၁၇) ဤသုတ်၌လည်း အဓိပ္ပါယ် မထုးလှ၊ တွောရော စသည်၌ တု ပစ္စည်း ကာရကော စသည်၌ ဏွု ပစ္စည်း, အကရဏာံ၌ ယုပစ္စည်းများ၏ ယှဉ်ရာ၌ ဆဋ္ဌီကံရှိတတ်၍ "ယု ဏ္ဍု တုမှိ ပစ္စည်းပြီ ဆဋ္ဌီ ကံနေစေ"ဟု နိယာမ် ဆိုကြသည်၊ ထိုနိယာမ်၏ မမြဲကြောင်းကိုလည်း "ကွစိတိကိ" စသော ပုံစံများဖြင့် သိသာပြီ၊ မှန်၏-ကတ္တာ ဘာသိတာ စသည် တို့သည် တုပစ္စည်း ဆုံးသောပုဒ်များဖြစ်လျက် ဆဋ္ဌီကံ မခံနဘဲ ဒုတိယာ ကံ ဝင် နေသည်။

www.dhammaransi.com



(၁၁၉) ယောဓာရော, တမောကာသံ၊ ၂၇၈။ [အသ္မိံ–၌ အနက်၌၊ အာဓာရိယတိ – ဆောင်အပ်၏၊ ဣတိ – ကြောင့်၊ အာဓာရော – မည်၏၊ အဓိကရဏံ-တည်ရာတည်း၊ ] ကတ္တုကမ္မသမဝေတာနံ- ကတ္တားကံနှင့် တကွ ဖြစ်ကုန်သော၊ နိသဇ္ဇာပစနာဒိကြိယာနံ – ထိုင်ခြင်း ချက်ချင်း အစရှိသော ကြိယာတို့၏၊ ပတိဋ္ဌာနဋ္ဌေန- တည်ရာ၏ အဖြစ် ဟူသော အနက် ကြောင့်၊ ယော – အကြင်ကာရကသည်၊ အာဓာရော – တည်ရာသည်၊ (ဟောတိ)၊ တံကာရကံ ဩကာသ သညံ့ ဟောတိ၊ ကဋေ-ဖျာ၌၊ ဒေဝ ဒတ္တော-သည်၊ နိသီဒတိ – ထိုင်၏၊ ထာလိယံ – ထမင်းအိုး၌၊ ဩဒနံ-ကို၊ ပစတိ – ချက်၏၊ ဟိ–ချဲ့၊ ဧတ္ထ–ဤ ပြယုဂ်တို့၌၊ ဒေဝဒတ္တ တဏ္ဍုလာနံ-

အာဓာရိယတိ၊ ပေ၊ ဩကာသသညံ— [ "ယသ္မာဒပေတိ" စသည်ကဲ့သို့ အနက် အားလျော်စွာ " ယသ္မိံ အာဓာရော" ဟု မထားဘဲ " ယောဓာရော "ဟု ထားရခြင်း၏ အကြောင်းစသည်ကို ကစ္စည်းဋီကာ၌ ဆိုအံ့။ ] မိမိအပေါ်၌ တည်သော အရာဟူမျှကို မကျအောင် ဆောင်ထားရာ ဖြစ်သောကြောင့် တည်ရာ မှီရာ ဟူသမျှကို"အာဓာရ"ဟု ခေါ်၏၊ ထို့ကြောင့်"အာဓာရိယတိအသ္မိံ"ဟုဝိဂ္ဂြိဟ်ပြု၍"အဓိကရဏံ"ဟုအဘိဓေယျကို ပြသည်၊ [ကစ္စည်းသာမ်လုပ်ရာ၌"အာဓာရယတိတိအာဓာရော "လုပ်၍, အဓိကရဏအာသော် လုပ်ရာ၌မှ "ကတ္တုကမ္မသမဝေတာ ကြိယာ အာဓာရိယတိ အသ္မိံတိ အာဓာရော" ဟု အခြားကျမ်းတို့၌ ဝိဂ္ဂြိဟ်ပြု၏၊ သီဟိုဠ်မူ၌လည်း " အာဓာရိယတိ "ဟု ကမ္မရုပ်ရှိသည်။] ကတ္တုကမ္မသမဝေတာနံ၊ပေ၊ပတိဋ္ဌာနဋ္ဌေန"၏ အဓိပ္ပါယ်ကို ဧတ္ထဟိ စသည်ဖြင့် ချဲ့လတံ့။ [သမဝေတ၌ သံ+အဝ+ဣဓာတ် တပစ္စည်း၊ သံ=အညီအမျှ(တကွ)+အဝေတ= ပေါင်း၍ဖြစ်သည်၊ ကြိယာသည် ကတ္တားနှင့်ရင်း ကံနှင့်ရင်း မှီ၍ဖြစ်သောကြောင့် ကြိယာကို "ကတ္တား ကံနှင့် တကွဖြစ်သည်"ဟု ဆိုသည်။]

ဧတ္ထဟိ၊ပေ၊ ဓာရေတိနာမ—"ကဋေ နိသီဒတိ ဒေဝဒတ္တော=ဖျာပေါ်၌ ဒေဝဒတ် ထိုင်၏ " ဟူရာ၌ ဖျာသည် ဒေဝဒတ် တည်းဟူသော ကတ္တားကိုသာ ဆောင်ထား၏၊ ထိုင်ခြင်း ကြိယာကို တိုက်ရိုက်မဆောင်နိုင်၊ "ထာလိယံ ဩဒနံ ပစတိ" ၌လည်း ထမင်း အိုးသည် ဩဒနအရ ဆန်ကိုသာ ဆောင်ထား၏,ချက်ခြင်းကြိယာကိုတိုက်ရိုက်မဆောင် နိုင်၊ ကြိယာကို မဆောင်နိုင်လျှင်"ကဋောတိ ကြိယံ အာဓာရေတိ"ဟူသော ဝိဂ္ဂြိဟ်နှင့် မညီရာ။ ကဋ – ထာလီ ( ဖျာ – ထမင်းအိုး ) တို့သည် ဩကာသ ကာရက အမည် မရနိုင်သည် မဟုတ်ပါသော-ဟု စောဒနာဘွယ် ရှိသောကြောင့်"ဧတ္ထဟိ၊ပေ၊ဓာရေတိ နာမ"ကို ဆို၏ [ဒေဝဒတ္တတဏ္ဍုလသဒ္ဒါတာနံ ကတ္တုကမ္မာနံဟု ဒေဝဒတ္တကို ကတ္တုနှင့် တဏ္ဍုလကို ကမ္မနှင့်စပ်။]

ဆက်ဦးအံ့။ ။"ကဋေ နိသီဒတိ ဒေဝဒတ္တော"ဟူရာဝယ် ဖျာပေါ်၌ ဒေဝဒတ်သည် တည်၏, ဒေဝဒတ် တည်းဟူသော ကတ္တား၌ ထိုင်ခြင်း ကြိယာသည် တည်၏၊ ဤသို့ ဖျာသည် ကြိယာကို တိုက်ရိုက် မဆောင်သော်လည်း ကြိယာ၏ မှီရာ ကတ္တားကို ဆောင်

www.dhammaransi.com



ဒေဝဒတ်, ဆန် ဟူကုန်သော၊ ကတ္တုကမ္မာနံ-ကတ္တားကံတို့ကို၊ ဓာရဏာ တော-ဆောင်ခြင်းကြောင့်၊ တံ သမဝေတံ-ထိုဒေဝဒတ်, ဆန်ဘို့နှင့် တကွ ဖြစ်သော၊ အာသန ပစနသင်္ခါတံ-ထိုင်ခြင်း ချက်ခြင်း ဟု ဆိုအပ်သော၊ ကြိယံ-ကို၊ ဓာရေဘိနာမ -ဆောင်သည် မည်၏။

လျှင် ကြိယာလည်း တပါတည်း ပါနေသောကြောင့် ကြိယာကိုလည်း ဆောင်ရာ ရောက် သည်၊ "ထာလိယံ သြဒနံ ပစတိ" ဟူရာဝယ် ထမင်းအိုး၌ ဆန်တည်၏, ဆန်ဟူသောကံ၌ ကျက်ခြင်းကြိယာ တည်၏၊ သို့ကြောင့် ထမင်းအိုးသည် ကျက်ခြင်းကြိယာကို တိုက်ရိုက် မဆောင်နိုင်သော်လည်း ကြိယာ၏မှီရာ ဆန်တည်းဟူသော ကံကို ဆောင်သောကြောင့် ကြိယာကိုလည်း ဆောင်ရာရောက်သည်၊ ဥပမာ—ကိုယ်ဝန်ဆောင် မိန်းမကို ဆောင်ယူ လာသူသည် ထို မိန်းမ၌ တည်နေသော ကိုယ်ဝန် သူငယ်ကိုလည်း ဆောင်ယူလာသည် မည်သကဲ့သို့တည်း။

ဓာရေတိနာမ။ ။"ဝုစ္စတိ ဝုတ္တံ,နာမံ ပရိယာယ, ရှိလတ်ကမ္မ,ဥပစာ"ဟူသည်နှင့် အညီ"ဓာရေတိ နာမ"၌နာမသဒ္ဒါဖြင့် ဩကာသ အမည်၏ ဥပစာ နာမည်ဖြစ်ကြောင်း ကိုပြ၏၊ ချဲ့ဦးအံ့—ကဋ ထာလီ တို့သည် ကြိယာ၏ တိုက်ရိုက် တည်ရာ မဟုတ်သော ကြောင့် ကြိယာကို တိုက်ရိုက် မပြီးစေနိုင်ကြရကား မုချအားဖြင့် "ဩကာသ ကာရက" အမည် မရနိုင်ကြ၊ ကြိယာ သည် ကတ္တား ကံ ပေါ်၌ တည်၏, ကတ္တား ကံ သည် ကဋ ထာလီ တို့အပေါ်၌ တည်၏၊ ဤသို့ အဆက်ဆက်အားဖြင့်ကြိယာ၏ တည်ရာဖြစ်သော ကြောင့် ပရမ္ပရူပစာရအားဖြင့်သာ ဩကာသကာရက အမည်ကို ရကြသည်၊ [ ပရမ္ပရ= အဆက်ဆက်အားဖြင့်+ဥပစာရ=တင်စား၍ ခေါ်ဝေါ်အပ်သော နာမည်၊ ဤပရမ္ပရူ ပစာရဟူသည်လည်း မိမိအပေါ်၌တည်သော ဌာနီကတ္တားကံဘို့ ရသိုက်သည့်ဩကာသ နာမည်ကို ဌာနအာဓာရပေါ် တင်စားထားသော ဌာန္ယူပစာပင်တည်း-ဟု ကြံသင့်၏။ ]၊ ဤသို့လျှင် ကတ္တား ကံတို့သည်ကြိယာ၏တည်ရာဖြစ်သောကြောင့် "ဩကာသကာရက" ဟူသော အမည်ကို ခံယူသင့်သော်လည်း"ကတ္တား"ဟူသော နာမည်ထူး "ကံ"ဟူသော နာမည်ထူးကို ရပြီးဖြစ်သောကြောင့် ကတ္တားနှင့်ဆက်ဆံ ကံနှင့်လည်းဆက်ဆံ၍ သာမန် ဖြစ်နေသော ဩကာသ နာမည်ကို မခံယူကြတော့ချေ၊ ဥပမာ — " ရဟန်း သံဃာ " ဟူသော နာမည်ထူး ရနေသော ပုဂ္ဂိုလ်များက (လူ့ဇာတ်ပင် ဖြစ်သော်လည်း) "လူ" ဟူသော သာမညနာမည်ကို မခံလိုသကဲ့သို့တည်း။

"ကြိယာ နိဿယ ဘူတာနိ, ကတ္တုကမ္မာနိ တိဋ္ဌရေ၊
ယတ္ထောကာသောတိ သောယေဝ, ပရမ္ပရူပစာရတော။
လဒ္ဓနာမ ဝိသေသတ္တာ, နေသံ နောကာသတာ သိယာ၊
သာမညဿ ဝိသေသောဝ,ဗာဓကော တိ ဟိ ဝုစ္စတေ"–(ဘေဒစိန္တာ။)။

ယတ္ထ-အကြင် ကာရကာ၌၊ ကြိယာ နိဿယ ဘူတာနိ-ကြိယာ၏မှီရာ ဖြစ်၍ ဖြစ်ကုန် သော၊ ကတ္တုကမ္မာနိ—ကတ္တား ကံတို့သည်၊ တိဋ္ဌရေ – တည်ကုန်၏၊ သောယေဝ—ထို ကာရကကိုပင်၊ ပရမ္ပရူပစာရတော-အဆက်ဆက် တင်စားသောအားဖြင့်၊ ဩကာသော

www.dhammaransi.com



ပန-ဆက်ဦးအံ့၊ သော အာသံ ဩကာသော - ထိုဩကာသသည်၊ ဗျာပကော-ဗျာပကရင်း၊ ဩပသိလေသိကော-ရင်း၊ သာမိဝိကော-ရင်း၊ ဝေသယိကော-ရင်း၊ ဣတိ-သို့၊ စတုဗ္ဗိဓော-ရှိ၏၊ တတ္ထ-တွင်၊ ယတ္ထ-အကြင်ဩကာသ၌၊ သကလောပိ - အလုံးစုံလည်းဖြစ်သော၊ အာခါရဘူတော-တည်ရာဖြစ်၍ဖြစ်သော၊ အတ္တော-အနက်သည်၊ အဓေယျော-အာခေယ်သည်၊ ပတ္တဒွော - ပြန့်နှံ့အပ်သည်၊ ဟောတိ-၏၊ ယထ္ထိ ့စ-အကြင် ဩကာသ၌လည်း၊ အာဓေယျဘူတံ- အာခေယ် ဖြစ်၍ဖြစ်သော အနက်သည်၊ ကိဉ္စိ-တချို့ကို၊ ဗျာပေတွာ - ပြန့်နှံ့၍၊ တိဋ္ဌတိ - တည်၏၊ (သော-ထိုဩကာသသည်၊) ဗျာပကောနာမ-ဗျာပက ဩကာသ မည်၏၊ တံ - ထို ဥဒါဟရဏ်သည်၊ ယထာ - နည်း၊ တိလေသု ၊ ပေ၊ သပ္ပိဘိ-

ဟိ-ဩကာသ ဟူ၍၊ ဝုတ္တော-ဆိုအပ်၏၊.... နေသံ-ထို ကတ္တားကံတို့၏၊ လဒ္ဒနာမ ဝိသေသတ္တာ-ရအပ်ပြီးသော နာမည်ထူး ရှိကုန်သည်၏ အဖြစ်ကြောင့်၊ ဩကာသတာ-ဩကာသ၏ အဖြစ်သည်၊ ဝါ-ဩကာသ နာမည်သည်၊ နသိယာ-မဖြစ်တော့ရာ၊ ဟိ-မှန်၏၊ သာမညာ-သာမညအစီအရင်ကို၊ ဝိသေသော၀-ဝိသေသအစီအရင်က သာ၊ ဗာဓကော-တားမြစ်နိုင်၏၊ ဣတိ-ဤသို့၊ ဝုစ္စတေ-ဆိုအပ်၏။

ဗျာပကော နာမ၊ပေ၊သပ္ပိ—ဤစကားဖြင့် ဩကာသ ၄ မျိုးတွင် ဗျာပကဩကာသ ကိုပြ၏၊ ထိုဗျာပက ဩကာသသည်၊ သကလ ဗျာပက-ဧကဒေသ ဗျာပကဟု ၂မျိုးရှိရာ "ယတ္ထ သကလောပိ ၊ပေ ၊ ပတ္တဒွော ဟောတိ"ဖြင့် သကလ ဗျာပကကို ပြ၏၊ "ယသ္မိံ ့စ ၊ပေ၊ တိဋ္ဌတိ" ဖြင့် ဧကဒေသ ဗျာပကကို ပြ၏၊ [ဋီကာ၌ " တေသု—ဤဩကာသ၏၊ အာခါရဗျာပကံ—အာခါရ၌ နှံ့တတ်သော၊ အာဓေယျဝတ္ထု— အာခေယ်ဝတ္ထုသည်၊ အတ္ထိ-ရှိ၏၊ ဣတိ ဗျာပကော-မည်၏ "ဟု ရှိ၏၊ ဋီကာအတိုင်း "ဗျာပတိ-ပြန့်နှံ့တတ်၏၊ ဣတိ,ဗျာပကံ"ဟု ပြု၍ 'ဗျာပက"အရ နှံ့တတ်သော အာခေယ်ဝတ္ထုကို ယူပြီးလျှင် ဆိုဝတ္ထု ရှိသော ဩကာသကို " ဗျာပကံ ယဿ အတ္ထီတိ ဗျာပကော " ဟု ဝိဂ္ဂြိုဟ်ပြု၊ သဒ္ဒတ္တတ၌ "အတိ ဗျာပကော" ဟု ရှိ၏၊ ဗျာပိကော ပါဌ်ကိုပင် အတည်ယူလိုမူ "ဗျာပနံ-အာခေယ် ဝတ္ထု၏ ပျံ့နှံ့ခြင်း၊ ဗျာပေါ-ခြင်း၊ ဗျာပေါ ယဿ အတ္ထီတိ ဗျာပိကော—အာခေယ်ဝတ္ထု၏ နှံ့ခြင်းရှိရာ ဖြစ်သော ဩကာသ"ဟုမှတ်။[ဋီကာ၌ အာခေယျကို"ခါရေတဗ္ဗ"ဟုဖွင့် ၏၊ အာပုဗ္ဗ ခါခတ်, ဏျာပစ္စည်းကို ခါတွန်နှင့်တကွ ယေျ ပြု၍ " အာခေယျ " ဟု ဖြစ်၏၊ ထို အာခေယျကိုပင်"အာခေယ်"ဟု ခေါ်၏၊ ထေရကို "ထေရ်" ဟု ပြန်သကဲ့သို့တည်း၊ အာဓိယတေ—(အာခါရသည်)ဆောင်ထားအပ်၏၊ ဣတိ, အာခေယျော-၏။]

ယတ္ထသကလောပိ၊ပေ၊ပတ္တဒွော —— " သကလောပိ အာခါရဘူတော " ၌ သအလ အရ တည်ရာ ဩကာသကို ရသဖြင့် ဗျာပကနှင့် အရတူရကား "သကလော— အလုံးစုံသော (ဝါ—အကြွင်းအစင် ဖြစ်သော)၊ ဗျာပကော—ပြန့်နှံ့ရာ ဩကာသသည်၊

www.dhammaransi.com



တိလေသု၊ပေ၊သပ္ပိ ဟူသည်တည်း၊ [ နှမ်းတို့၌ ဆီရှိ၏၊ နို့ရည်ဘို့၌ ရေ ရှိ၏၊ နို့ခဲမ်း၌ ထောပတ် ရှိ၏။ ]

ပဝွေကသိဋ္ဌါနံ-အသီးအသီး ထင်ရှားကုန်သော၊ ဘာဝါနံ-ဝတ္ထုတို့၏၊ ယတ္ထ – အကြင်ဩကာသ၌၊ ဥပသိလေသန – အချင်းချင်းစပ် သဖြင့်၊ ဥပဂမော – ကပ်ရောက်ခြင်းသည်၊ ဟောတိ – ဖြစ်၏၊ ယသ္မိံ စ-အကြင် ဩကာသ၌လည်း၊ အာဓေယျော – အာဓေယ်သည်၊ ဥပသိလိဿတိ-ငြိကပ်တတ်၏၊ အလ္လီယိတွာ-ငြိကပ်၍၊ တိဋ္ဌတိ- တည်တတ်၏၊ ( သော-ထိုဩကာသသည်၊ ) ဩပသိလေသိကာနာမ – မည်၏၊ တံ ယသာ၊ သကလ ဗျာပကာ – မည်၏၊ တိလေ သုတေလံ " တည်း၊ တိလ အရ နှမ်းဖြဲ့ဖြစ်သည် အားလုံး၌ပင် ( နှမ်းတလုံးလုံး၌ပင် ) ဆီ ပြန့်နှံ့၍ တည်သောကြောင့် သကလ ဗျာပက ဩကာသတည်း၊ တေလံကား နှမ်း၌တည်သော အာဓေယ်ဝတ္ထုတည်း၊ [ "နှမ်းဟူသမျှ၌ ဆီ တည်သောကြောင့် သကလ ဗျာပက " ဟုလည်း ဆိုကြသေးသည်၊ ထို စကားကို "အာဓာရဿ တိလဿ သဗ္ဗဒေသဘာဂံ အဘိဗျာပိတွာ တိဋ္ဌတိ= တည်ရာ ဖြစ်သော နှမ်း၏ အလုံးစုံသော အရပ်အဘို့ကို ပြန့်နှံ့၍ တည်၏"ဟူသော ကဝိသာရဋီကာစကားဖြင့် စဉ်းစားကြပါကုန်၊ ] " ဒဓိမှိ သပ္ပိ "၌လည်း နို့ခဲမ်းတခုလုံး၌ ထောပတ် ပါဝင် တည်ရှိသောကြောင့် သကလ ဗျာပကပင်တည်း၊ ထို့ကြောင့် ဋီကာ၌ " တိလေသု တေလံ " ကို ဖွင့်ပြီးနောက် "ဧဝံ ဒဓိမှိ သမဝေတံ သပ္ပိ"ဟု ဖွင့်သည်။

ယသ္မိံ စ၊ပေ၊ဗျာပေတွာတိဋ္ဌတိ– "ကိဉ္စိ ဗျာပေတွာ–တချို့ကိုနှံ့စေ၍"ဟုဆိုသဖြင့် တချို့သာ ပြန့်နှံ့ရာ အာဓာရဖြစ်ကြောင်း သိသာ၏၊ ထို့ကြောင့် " ဧကဒေသော–တချို့သော၊ ဗျာပကော-ပြန့်နှံ့ရာဩကာသသည်၊ ဧကဒေသ ဗျာပကော-မည်၏"ဟုဆို၊ " ခီရေသု ဇလံ " နို့ရည် ထည်း၌ ရေရောသည့် အခါ နို့မှုန့်ကလေးများ၏ အတွင်း ရေခံအောင် ထွင်းဖေါက်၍ ရေမတည်နိုင်၊ ထို နို့မှုန့်ကလေးများ၏ နံဘေးပတ်ပတ်လည် ၌သာ ရေတည်သောကြောင့် နို့ရည်သည် ဧကဒေသ ဗျာပကမည်၏၊ ထို့ကြောင့် ဋီကာ ၌ " ခီရေသု ပန ပက္ခိတ္တာ ဇလံ သံယောဂဝသေန ဧကဒေသမေဝ ပဋ္ဋရိတွာ တိဋ္ဌတိ " ဟု ဖွင့်သည်၊ ဤ၌လည်း "နို့ရည်ဟူသမျှ၌ ရေမတည်-ရောထားသော နို့ရည်အချို့၌သာ ရေတည်သောကြောင့် ဧကဒေသ ဗျာပက မည်၏ " ဟု ဆိုကြသေး၏၊ ထို အဓိပ္ပါယ် ကိုလည်း"ခီရေသု ပန" စသော ဋီကာစကားဖြင့် စဉ်းစားပါကုန်၊ [ ကစ္စည်းဝုတ္တိ၌ကား "ဇလေသု ခီရံ"ဟု ပြောင်းပြန် ပြယုဂ်ကို တွေ့ရ၏။ ]

ဥပသိလေသောနာမ၊ပေ၊တိဋ္ဌတိ— "ဥပသိလေနံ-စပ်ယှဉ်ခြင်း၊ ဥပသိလေသော-စပ်ခြင်း၊ ဥပသိလေသော ယတ္ထ အတ္ထီတိ ဩပသိလေသိကော = စပ်ယှဉ်ခြင်းရှိသော ဩကာသတည်း၊ အာသနေ နိသိန္နော သံဃော၌ သံဃာနှင့် နေရာသည် နဂိုရ်က စပ်ယှဉ် ခြင်း မရှိကြ၊ ထိုသို့ စပ်ယှဉ်ခြင်း မရှိဘဲ အသီး အသီး ( ကိုယ့်နေရာနှင့် ကိုယ် ) ထင်ရှား ကုန်သော အရာဝတ္ထု ၂ ခုတို့၏ စပ်ယှဉ်ခြင်းကို ဥပသိလေသဟု ခေါ်၏၊ ဘိုသို့ စပ်ယှဉ်ခြင်း

www.dhammaransi.com



အာသနေ'ပေ၊ သမိပေဌိတော၁တိ-အာသနေ၊ ပေ၊ ဌိတော၁ ဟူသည်ဘည်း။ [နေရာ၌ သံဃာသည် ထိုင်နေ၏၊ ထမင်းအိုး၌ ထမင်းကို ချက်၏၊ အိုးဘို့၌ ရေသည် ရှိ၏၊ အဝေး၌ တည်၏၊ အနီး၌ တည်၏။]

ယတ္ထ-အကြင်ဩကာသ၌၊ သမိပေ-အနီးဝတ္ထု၌၊ သမိပိဝေါဟာရံ-သမိပိဝတ္ထု၏ နာမည်ကို၊ ကတွာ- ပြု၍၊ ဝါ - တင်စား၍၊ တဒါယတ္တဝုတ္တိဘာဒီပနတ္ထံ- ထိုသမိပိ၁တ္ထု၌ စပ်သောဖြစ်ခြင်းရှိသည်၏ အဖြစ်ကို ပြခြင်းအကျိုး၄ါ၊ အာဓာရဘာဝေါ - အာဓာရ အဖြစ်ကို၊ ဝိဘာပို့ယဘိ-

ရှိသော တည်ရာ အာဓာရကို ဩ၊သိလေသိက ဩကာသ ဟု ခေါ်၏၊ "ယတ္ထ ဥပသိလေသေန ဥပဂမော ဟောတိ" ဖြင့် အနုလ္လီယန ဩပသိလေသိကကို ပြ၏၊ ]၊ အနုလ္လီယန- ငြိကပ်ခြင်း မရှိသော ဩ၊သိလေသိက၊ ] ဥပသိလေသနကို "အညမညံ သံယောဂဝသေန" ဟုမိန့်ကာဖွင့်၏၊ ထို့ကြောင့် အာဓာရဝတ္ထုနှင့် အာဓေယ်ဝတ္ထု ၂ ခုတို့ အချင်းချင်း (မငြိကပ်ဘဲ) စပ်ယှဉ်ရုံမျှ ကပ်မိကြရာဖြစ်သော ဩကာသသည် အနုလ္လီယန ဩ၊သိလေသိက မည်၏၊ "အာသနေ နိသိန္နော သံဃော" တည်း၊ ဤ အာသနေအရ ညောင်စောင်း အင်းပျဉ်စသော နေရာအာဓာရနှင့် သံဃာဟူသော အာဓေယ်ဝတ္ထုတို့ ငြိကပ်ခြင်းမရှိဘဲ- ယှဉ်စပ်ရုံမျှ ကပ်မိသောကြောင့် အာသနေသည် အနုလ္လီယန ဩ၊သိလေသိက မည်၏၊ ဒူရေ ဌိတော – သမိပေ ဌိတော၁တို့၌ ဒူရေ – သမိပေတို့လည်း နည်းတူ၊ "ယသ္မိံ၊ ပေ၊ အလ္လီယိတွာ တိဋ္ဌတိ" ဖြင့် အလ္လီယန ဩပသိလေသိကကို ပြ၏၊ "ထာလိယံ ဩဒနံ ပစတိ" တည်း၊ ထမင်းအိုး တည်းဟူသော အာဓာရ၌ ထမင်း တည်းဟူသော အာဓေယ်သည် ယှဉ်စပ်ပုံမျှ မက၊ ခွါ၍ ယူရလောက်အောင် ငြိကပ်နေ၏၊ ဃဋေ သု ဥဒကံလည်း ရေသည် အိုးနှင့် ယှဉ်စပ်ရုံမျှ မက၊ ငြိကပ်နေသည်သာ၊ ထို့ကြောင့် ထာလိယံ ဃဋေသုတို့သည် အလ္လီယန ဩပသိလေသိကတို့တည်း။

သာမီပိကော နာမ၊ ပေ၊ ဝိကပ္ပိယတိ—"သမိပေ နိယုတ္တော" ဟူသော ဝိဂြိုဟ်အရ အနီး၌ ယှဉ်သော အရပ်သည် "သာမီပိက" မည်၏၊ "ဂင်္ဂါယံ ဃောသော ဝသတိ" ၌ နွားခြံ၏ တည်ရာ မြစ်ကမ်း အရပ်သည် ဂင်္ဂါမြစ်၏ အနီးဝတ္ထု ဖြစ်သောကြောင့် သမီပဝတ္ထုတည်း၊ ဂင်္ဂါမြစ်ကား ထို သမီပဝတ္ထု၌ ယှဉ်စပ်နေသောကြောင့် သာမီပိက မည်၏၊ သမီပီဖြစ်သော ဂင်္ဂါမြစ်၏ "ဂင်္ဂါ" ဟူသော နာမည်ကို ကမ်းနားအရပ်၌ တင်စား၍ ကမ်းနားအရပ်ကိုပင် "ဂင်္ဂါ" ဟု ကြံကြံဖန်ဖန် ပြောဆိုထားသောကြောင့် "ဂင်္ဂါယံ" ဩကာသသည် သာမီပိက ဩကာသ မည်၏၊ "အရပ်က သမီပ (အနီးဝတ္ထု) ဖြစ်သော်လည်း သာမီပိက နာမည်ဖြင့် ထင်ရှားသော ဩကာသ ဖြစ်သည်" ဟုလို။

တဒါယတ္တဝုတ္တိတာဒီပနတ္ထံ ။ ။ "ဂင်္ဂါယ တီရေ- ဂင်္ဂါမြစ်၏ ကမ်း၌" စသည်ဖြင့် တိုက်ရိုက်မဆိုဘဲ အဘယ်အကျိုး၄ါ ကြံကြံဖန်ဖန် တင်စားအပ်သနည်း – ဟု မေးဘွယ် ရှိသောကြောင့် "တဒါယတ္တ ဝုတ္တိတာ ဒီပနတ္ထံ" ဟု မိန့်၊ ထို ဂင်္ဂါမြစ်နှင့် နွားခြံတည်ရာ ကမ်းနားအရပ်တို့ ဆက်သွယ်လျက် ဖြစ်ကြောင်း ( စပ်နေကြောင်း ) ကို ပြခြင်းအကျိုး၄ါ

www.dhammaransi.com



ကြံ့အပ်၏(သော - ၀ှ်သြကာသသည်၊) သာမိဝိဘော နာမ-သာမိပိက သြကာသမည်၏၊ တံ ယထာ၊ ဂင်္ဂါယံ ဃောသော ၀သတိ - စသည် တည်း၊[ဂင်္ဂါမြစ်အနီး၌ နွားခြံသည် တည်နေ၏၊ ဂင်္ဂါယ-၏၊ သမီပေ-အနီး၌၊ ဃောသော-နွားခြံသည်၊ ၀သတိ-၏၊ ရှုတိ အပ္ပော၊ ဘဂဝါ-သည်၊ သာဝတ္ထိယံ - သာဝတ္ထိပြည်၏ အနီး၌၊ -ဇေတဝနေ-၌ ဝိဟရတိ - နေတော်မူ၏၊ သာဝတ္ထိယာ-၏၊ သမီပေ-၌၊ ရှုတိ အပ္ပော။]

ယတ္ထ-အကြင်သြကာသ၌၊ အညတ္ထာဘာဝဝသေန - အခြားအရပ်၌ မဖြစ်ခြင်း၏ အစွမ်းဖြင့်သော်၎င်း၊ ဒေသန္တရာဂမနှောဒဝသေနဝါ- ဒေသတပါးကို ပေယ့်ရှား ဖြတ်တောက်ခြင်း၏ အစွမ်းဖြင့်သော်၎င်း၊ အာခေရ

"ဂင်္ဂါယ တီရေ" စသည်ဖြင့် တိုက်ရိုက်မဆိုဘဲ ကြံကြံဖန်ဖန် တင်စား၍ ဆိုအပ်သည်-ဟူလို၊ [တ=ထို သမီပ ဝတ္ထု၌+အာယတ္တဝုတ္တိ=စပ်သော ဖြစ်ခြင်းရှိသည်၏+တ=အဖြစ်။] ထင်ရှားစေအံ့-"ဂင်္ဂါယ တီရေ"ဟု ဆိုလျှင် စာနေကျယ်၏၊ ဂင်္ဂါယံဟု ဆိုလျှင် စာနေ ကျဉ်း၏၊ "ဃောသော ၀သတိ" ဟု ဆိုသဖြင့် နွားခြံသည် ဂင်္ဂါမြစ် ထဲ၌ တည်လို့ မဖြစ် ဟု သိသာသဖြင့် ဂင်္ဂါယံ အရ ဂင်္ဂါမြစ် မဟုတ်-ဂင်္ဂါမြစ်နှင့် စပ်နေသော ကမ်းနားခြံဖြစ်ကြောင်း ထင်ရှား၏၊ ထို့ကြောင့် "ဂင်္ဂါယ တီရေ"ဟု စကားမရှည်စေဘဲ "ဂင်္ဂါယံ"ဟု တိုတို ကျဉ်းကျဉ်းဖြင့် ကြံကြံဖန်ဖန် တင်စား၍ ဆိုထားသည်။

ဂင်္ဂါယံ၊ဝေပ၊၀သတိ တျပ္ပော—ဂင်္ဂါယံကို"ဂင်္ဂါမြစ်၌"ဟု အနက်မပေးဘဲ"ဂင်္ဂါမြစ် အနီး၌"ဟု အနက်ပေးစေလိုသောကြောင့် "ဂင်္ဂါယ သမီပေ" ဟု ဖွင့်သည်၊ ဤပုဒ်ဝယ် "အနီး၌"ဟုသော အနက်သည် ဂင်္ဂါသဒ္ဒါ၏ အနက်မဟုတ်, သတ္တမီဝိဘတ်၏ သာမိပိက သြကာသခေါ် အနက်တည်း၊ "သာဝတ္ထိယံ-သာဝတ္ထိပြည်၏ အနီး၌" လည်း နည်းတူ၊ "သာဝတ္ထိပြည်ထဲ၌ ဘုရားနေတော်မူသည် မဟုတ်, သာဝတ္ထိပြည်၏ အနီးဖြစ်သော ဇေတဝန်ကျောင်း၌ နေတော်မူ၏" ဟူလို၊ [သိဒ္ဓန္တကောမုဒီ စသော တချို့သဒ္ဒါကျမ်း၌ သာမိပိက သြကာသကို မပြကြ၊ဂင်္ဂါယံစသည်ကို ဝေသယိက သြကာသ၌ သွင်းကြသည်၊ ထိုအလို "ဂင်္ဂါယံ ဃောသော ၀သတိ"၌ ဂင်္ဂါသဒ္ဒါသည် သာမိပိဖြစ်သော ဂင်္ဂါမြစ်၏ နားနည်ကို သမီပ ဖြစ်သော ကမ်းနား၌ တင်စားဘားခေါ် သမီပျူပစာရ သဒ္ဒါတည်း၊ မြန်မာလိုလည်း "ဂင်္ဂါမြစ်၌"ဟုသာပြန်၊ ဥပစာသဒ္ဒါကို မြန်မာပြန် (အနက်ပေး)ရာ၌ သဒ္ဒါနှို့တိုင်းပင် ပြန်ရိုးရှိ၏၊ သာဝတ္ထိယံလည်း နည်းတူ၊ အချုပ်မှာ- ဂင်္ဂါယံ ဃောသော ဝယ် "ဂင်္ဂါမြစ်၌"ဟု ပေးလျှင် သမီပျူပစာရ ဟုမှတ်၊ဤအလို သာမိပိကာဓာရလည်းမရှိ၊ "ဂင်္ဂါမြစ် အနီး၌" ဟု ပေးလျှင် သာမိပိကာဓာရ- ဟုမှတ်၊ ဤသို့ သာမိပိက သြကာသ ရှိ မရှိ ၂၀ါဒ ကွဲသော်လည်း "သမီပတ္ထေ ဘုမ္မာစနံ=သမီပအနက်၌ သတ္တမီဝိဘတ်"ဟု အဋ္ဌကထာများ၌ ဖွင့်လေ့ရှိရကား သမီပိက သြကာသရှိခြင်းကို မုခ္ခဗောဓ-ကစ္စည်းဝုတ္တိနှင့် ရူပသိဒ္ဓိဆရာတို့ အလိုရှိကြသောကြောင့် သြကာသ ၄ မျိုးပြကြသည်၊ သြကာသ ၆ မျိုး ၀ါဒကို ကစ္စည်းဘာသာဋီကာမှာ ရှုလေဉ်း။

www.dhammaransi.com



ဘာဝ ပရိကပ္ပေါ - အာဓာရ အဖြစ်ကိုကြံစီခြင်းသည်၊ (ဟောတိ-၏၊) (ဘာဝေါ-ရှိသည်ကား မကောင်း၊)သော-ထိုသြကာသသည်၊ ဝေသယိကောနာမ - မည်၏၊ တံ ယထာ၊ အာကာသေ၊ ပေ၊ ဝိတရိ နိပုဏော-အာကာသေ၊ ပေ၊ နိပုဏော ဟူသည်ကား၊ [ ကောင်းကင်၌ ငှက်တို့သည်၊ ပက္ခန္တိ-ပျံသွားကုန်၏၊ မြေတို့၌ လူတို့သည် လှည့်လည်ကုန်၏၊ (ဋီကာ၌ စရန္တိ မပါ " ဇာယန္တိ - ဖြစ်ကုန်၏ " ဟု ပါသည်။) ရေတို့၌ ငါးတို့သည်၊ (စရန္တိ)၊ ခြေဘို့၌၊ ပတိဋ္ဌိတာ- ပျဉ်ဝပ်ရှိနိုး၏၊ မကောင်းမှု၌ စိတ်သည် မွေ့လျော်၏၊ ဘုရားသာသနာတော်၌ ကြည်ညို၏၊ ပညာ၌ ကောင်းသည်၊ (ဘဝတိ-ဖြစ်၏၊) ဝိနည်း၌ သိမ်မွေ့သူ (ဘဝတိ)၊ အဘိ၌ သာရ (ဘဝတိ၊ ဝိတရိ-၌၊ နိပုဏော (ဘဝတိ)] ဤစသည်။

**ဝေသယိကော နာမ၊ ပေ၊ ပရိကပ္ပေါ** — ဝိသယ သဒ္ဒါသည် " နယ် " ဟူသော အနက်ကို ဟော၏၊ ထို 'နယ်"ဟူသည်လည်း အရပ်-ကာလ-အာရုံ-စသည်ဖြင့် များ၏၊ ထိုနယ်ကိုပင် "အရာ"ဟုလည်း မြန်မာပြန်ကြ၏၊ "ဝိသယော ဃေဝ ဝေသယိကော"ဟု သွတ္ထတဒ္ဓိတ် ဝိဂ္ဂြိုဟ်ပြု၊ ထိုဝေသယိကသြကာသည် အညတ္ထာဘာဝဝိသယ-ဒေသန္တရာဝစ္ဆေဒဝိသယ ဟု ၂မျိုးပြား၏၊ ထို့ကြောင့်"အညတ္ထာဘာဝ ဝသေန,ဒေသန္တရာဝစ္ဆေဒ ဝသေနဝါ" ဟု မိန့်သည်၊ ထို ၂မျိုးသော ဝိသယသည် တချို့အရာ၌ လောကမျက်မြင် ထင်ရှားသော " တည်ရာ " မဟုတ်ရကား တည်ရာ အဖြစ်ဖြင့် ကြံစီ ပြောဆိုအပ်သော အနက်များဖြစ်၍ "အာဓာရဘာဝပရိကပ္ပေါ" ဟု မိန့်သည်။

**အညတ္ထာဘာဝ ဝိသယ။** ။ [အညတ္ထ=အခြားအရပ်၌+အဘာဝ=မဖြစ်နိုင်ခြင်း။] အညတ္ထာဘာဝ ဝသေန-အခြားအရပ်၌ မဖြစ်နိုင်သည်၏ အဖြစ်(ဤအရပ်၌သာ ဖြစ်နိုင်သည်၏အဖြစ်)ဖြင့်၊ ဝိသယော-အရာ(နယ်)သည်၊ အညတ္ထာဘာဝဝိသယော-မည်၏၊ ငှက်တို့၏ အတောင် ဖြန့်လျက် ပျံသန်းရာ အရပ်သည် ကောင်းကင်မှ တပါး အခြားအရပ်၌ မဖြစ်နိုင်၊ လူတို့၏ ခြေဖြင့် လှည့်လည်ရာ အရပ်သည် မြေပြင်မှတပါး အခြားအရပ်၌ မဖြစ်နိုင်၊ ငါးတို့၏လှည့်လည်ရာအရပ်သည် ရေမှတပါး အခြားအရပ်၌မဖြစ်နိုင်၊ ထို့ကြောင့် အာကာသေ ဘူမိသု ဇလေသု တို့သည် အညတ္ထာဘာဝဝိသယ မည်၏၊ [စက္ခုဝိညာဏ်သည် ရူပါရုံမှတပါး အခြားအာရုံ၌ မဖြစ်နိုင်၊ ထို့ကြောင့် ရူပါရုံသည် စက္ခုဝိညာဏ်၏ အညတ္ထာဘာဝ ဝိသယတည်း - စသည်ဖြင့်ရှင်း, စုတ်နှင့် ဘဝင်တို့၏ အကြား ကာလသည် ပဋိသန္ဓေစိတ်၏ အညတ္ထာဘာဝ ဝိသယတည်း - စသည်ဖြင့်ရှင်း သိလေ၊ မဟာဋီကာ "အနညတ္ထဘာဝ" အဖွင့်၌ကား "ဘာဝ" ကို အလိုဆန္ဒ ဟု ဖွင့်၏၊ အနညတ္ထဘာဝ-အခြားအရပ်၌ အလိုဆန္ဒမရှိ (ဤအရပ်၌သာ အလိုဆန္ဒရှိရာ ဖြစ်သော ဝိသယ သည် အနညတ္ထဘာဝ ဝိသယ မည်၏-ဟူလို။]

**ဒေသန္တရာဝစ္ဆေဒဝိသယ။** ။ [ဒေသ+အန္တရ = အခေါ်တပါးကို+အဝစ္ဆေဒ= ဖြတ်တောက် ပယ်ရှားသောအားဖြင့် + ဝိသယ = အရာဖြစ်သော အာဓာရ။ ] ဤ၌

www.dhammaransi.com



စ–ဆက်ဦးအံ့၊ သဗ္ဗောဝိ-အားလုံးရုံလည်း ဖြစ်သော ( ဗျာပကစသော ၄ မျိုးလုံးလည်း ဖြစ်သော- ဟူလို )၊ အယံ အာခါရော – ဤ အားခါရကို၊ [ ဝုတ္တော – ဝေဒိတဗ္ဗောတို့၌ စပ်၊ ] ဝါ – ဤ အာခါရသည်၊ [ ပတိဋ္ဌာဘဝတ်၌ စပ်၊ ] ပဓာနဝသေန – မုချ၏ အစွမ်းဖြင့်သော်၎င်း၊ ပရိကပ္ပဝသေနဝါ(ကပ္ပိတ–ဟု တချို့ခေါ်ရှိ၏)-ကြံစီခြင်း၏ အစွမ်းဖြင့်သော်၎င်း၊ ကြိယာယ – ကြိယာ၏၊ ပတိဋ္ဌာ – တည်ရာသည်၊ ဘဝတိ – ၏၊ ဣတိ–

"အဝဓ္ဓေဒက"ဟူသည့် အလားတူဖြစ်၍ ယုံမှားဘွယ်ရှိသော အခြားအနက်ကို တားမြစ် ဗျင္ဓေဒက ဝိသေသန" မျိုးပင်တည်း၊ ထို့ကြောင့် ဝင်၍ ရှိခိုးရာ၌"ရှေးနားမှာ ခေါင်းအုံးထားပြီးလျှင် ထိုခေါင်းအုံး၌ လက်တင်သော အားဖြင့် ၁ပဲသလော , ရှိခိုးခံရသူက ထိုင်နေလျှင်ထိုသူ၏ ပေါင်ပေါ်၌ လက်တင်သောအားဖြင့် ဝပ်သလော" စသည်ဖြင့် အမျိုးမျိုး တွေးတောဘွယ် ရှိသောကြောင့် " ပါဒေသု " ဟု မိန့်သည်၊ ထို့ကြောင့် "ပါဒေသု"သည် " ဗိမ္ဗောဟနမှိ-ဥ႑ုသ " စသော ဒေသတပါးကို ပယ်ရှား၏၊ [ အချို့ကား"ဟတ္ထေသု, ကောဇခေသု(လက်တို့၌, ကော်ဇောတို့၌)"စသော ဒေသ တပါးကို ပယ်ရှားသည်-ဟု ဆို၏, ထို အနက်များကား ရှိခိုးရာဝယ် တည်ရာဒေသ ဖြစ်လေသလား ဟု ယုံမှားဘွယ် ရှိမည် မထင်၊ ] " ပါပေသို " စိတ်သည် ကောင်းမှု၌ ပျော်လေသလား ဟု ယုံမှားဘွယ်ရှိသောကြောင့် ပါပေသို သည် ဂလျာဏေသို ဟူသော ဒေသ တပါးကို ပယ်ရှား၏၊ [ ဤ၌ အာရုံကိုပင် ဝိသယ ဖြစ်သောကြောင့် "ဒေသန္တရ" ဟု သုံးနှုန်းထားသည်၊ ] " ဗုဒ္ဓသာသနေ " – ဗုဒ္ဓသာသနာမှတပါး တိတ္ထိတို့သာသနာ၌ မွေ့လျော်လေသလား–ဟု ယုံမှားဘွယ်ရှိသောကြောင့် " ဗုဒ္ဓသာသနေ " သည် " တိတ္ထိယသာသနေ" သော ဒေသတပါးကို ပယ်ရှား၏၊ ဤသို့ စသည်ဖြင့် နောက်နောက် ပြယုဂ်တို့၌လည်း အဓိပ္ပါယ်ဆို၊ [ "ပညာယ သာခု"စသည်၌ ကြိယာကို ပြီးစေတတ်မှ ဩကာသ ကာရက အမည် ရနိုင်သောကြောင့် ပညာယ၏ စပ်ဘို့ရာ "ဘဝတိ"ဟူသော ကြိယာကို ထည့်ရသည်၊ ဥပါဒ္ဓဝိသယ အပါဒါန်ကဲ့သို့ ဥပါဒ္ဓဝိသယ ဩကာသ ဟု မှတ်၊ ] ဗျာပက – ဩပသိလေသိက-သာမီပိက ၃ မျိုးတွင် မပါဝင်သော ဩကာသ ဟူသမျှသည် ဤ ဝေသယိက ဩကာသ တမျိုး၌ ပါဝင်ရသည်။

သဗ္ဗောပိ ၊ ပေ ၊ ဩကာသော တွေဝ ဝုတ္တော — ပြခဲ့ပြီးသော အာခါရတွေကို အဘယ့်ကြောင့် "ယော ခါရော, တမောကာသံ" သုတ်၌ ဩကာသ ဟု အရှင်ကစ္စည်း ထေရ် မိန့်အပ်ပါသနည်း-ဟု မေးဘွယ်ရှိသောကြောင့် "သဗ္ဗောပိ" စသည်ကို မိန့်၊ တိလ စသည်သည် မုချအားဖြင့် တည်ရာဖြစ်နိုင်၏၊ ဂင်္ဂါ-အာကာသစသည်ကား ဂင်္ဂါ၏အနီးဖြစ်သော ကမ်းနားဒြပ်ကို ဂင်္ဂါဟု၎င်း တည်ရာဌာနမဟုတ်သော ကောင်းကင်ကို တည်ရာဌာန အဖြစ်ဖြင့်၎င်း ကြံစီပြုလုပ်အပ်၏၊ ထို့ကြောင့် တိလေသု စသည်သည် မုချအာခါရ တည်း၊ ဂင်္ဂါယံ အာကာသေ စသည်တို့ကား ပရိကပ္ပါခါရ တည်း၊ ထိုအာခါရတို့ဝယ် ကတ္တားကံ၌ မှီသော ကြိယာတည်သောကြောင့် "အဝကာသန္တိ ပတိဋ္ဌဟန္တိ ကြိယာယော ဧတ္ထ"ဟူသော ဝိဂ္ဂြိုဟ်အရ အာခါရကိုပင် "ဩကာသ " ဟု အရှင်မဟာ ကစ္စည်းထေရ်

www.dhammaransi.com



ထို့ကြောင့်၊ ဩဂကာသေ ဝွေဂ - ဩကာသဟူ၍သာ၊ ဝုတ္တော- အရှင်မဟာကစ္စည်း ဆိုအပ်ပြီ၊ ဣတိ-သို့၊ ဝေဒိတဗ္ဗော-၏၊ စ-သနေက ကား၊ ကိရိယာကတ္တုကမ္မာနံ ၊ ပေ ၊ ဝိသယော မတောဘိ - ဟူ၍၊ ဝုတ္တံ - ရှေးဆရာတို့ ဆိုအပ်ပြီ။

ယတ္ထ - အကြင် ကာရကနှ၌၊ ကတ္တုကမ္မာနံ - တို့၏၊ ကိရိယာ - ကိရိယာသည်၊ (ကြိယာယ-နှင့်လျှင် ပါဌ်ပျက်၊) ပတိဋ္ဌိတာ- တည်သည်၊ ပဟောတိ-၏၊ သော-ထို ကာရကကို၊ ဩကာသောတိ- ဩကာသဟူ၍၊ ပဝုတ္တော - ဆိုအပ်ပြီ၊ သော - ထို ဩကာသသည်၊ ဗျာပကာဒိတော - ဗျာပက အစရှိသောအားဖြင့်၊ စတုဓာ-၄-ပါးပြား၏၊ ဗျာပကော-ဗျာပက ဩကာသဟူသည်၊ တိလ ခီရာဒိ-နှမ်း, နို့ရည်အစရှိသော ဝတ္ထုတည်း၊ ဩပသိလေသိကော - ဩပသိလေသိက ဩကာသဟူသည်၊ ကဋော-ဖျာတည်း၊ သာမီပိကော တု - သာမီပိက ဩကာသသည်ကား၊ ဂင်္ဂါဒိ- ဂင်္ဂါမြစ် အစရှိသော ဝတ္ထုတည်း၊ အာကာသော - ကောင်းကင်ကို၊ ဝိသယော-ဝေသယိက ဩကာသဟူ၍၊ မတော-သိအပ်၏။]

(၃၂၀) ဆဋ္ဌီတိ သတ္တမိတိစ အဓိကာရော၊ [ "အနာဒရေစ" သုတ်တိုင်အောင် ဆက်၍ လိုက်သောကြောင့်"အဓိကာရော"ဟု ဆိုသည်။]

မှိန့်တော် မှုသည်၊ [ ရှေးအကျယ်စကား၌ " အာဓာရဘာဝေါ ဝိကပ္ပိယတိ " ဟုရှင်း "အာဓာရဘာဝ ဝိကပ္ပေါ"ဟုရှင်း ပြခဲ့သော အာဓာရတို့သည် ပရိကပ္ပါဓာရတို့တည်း၊ " ပရိကပ္ပိတဝသေန " ဟု ပါဌ်ရှိသော်လည်း ဋီကာ၌ " ပရိကပ္ပဝသေနာတိ " စသော အဖွင့်ကို ထောက်၍ 'ပရိကပ္ပဝသေန"ဟု ရေးသည်။]

ဝုတ္တဥ္စ၊ပေ၊မတောတိ—ကား သာကေဂါထာတည်း၊ "ကြိယာယ..ပတိဋ္ဌိတော"ဟု မြန်မာမှုရှိ၏၊ " ကြိယာယ – ၏၊ ပတိဋ္ဌိတော-တည်ခြင်းသည်" ဟု ပေးနိုင်သော်လည်း အဆင်မပြေလှ၊ "ပတိဋ္ဌိတော-တည်သည်" ဟု ပေးဘို့ရာလည်း ကြိယာယ ဟု ရှိခဲ့သော ကြောင့်"ကြိယာ၏-တည်သည်"ဟု သဒ္ဒါသွား မဖြောင့်၊ ထို့ကြောင့် "ကိရိယာ ကတ္တုကမ္မာနံ ၊ ပေ ၊ ပတိဋ္ဌိတာ "ဟု ရှိသော သီဟိုဠ်မူသာ စာသွားဖြောင့်သည့်ပြင်- "နိသဇ္ဇပစနာဒိကြိယာ ယတ္ထ အာသနထာလိအာဒိမှိ ပတိဋ္ဌိတာ ဟောတိ " ဟူသော ဋီကာနှင့်လည်း ညီညွတ်သည်၊ "ဗျာပကော တိလ ခီရာဒိ"စသည်၌ နှမ်း နို့ရည်တို့သည် ဗျာပက ဩကာသဖြစ်၏၊ ထို့ကြောင့် " တိလေသု - ခီရေသု " ဟု ပြခဲ့ရသည်-ဟု ဆိုလိုသည်၊ "ကဋော ဩပသိလေသိကော"ကား"ကဋေ နိသီဒတိ ဓေဝဒတ္တော"ပုံစံကိုရည်ရွယ်သော စကားတည်း၊ ကဋေသည် အာသနေကဲ့သို့ အနုလ္လီနန ဩပသိလေသိက ပင်တည်း။

www.dhammaransi.com



သာဓမိဿရာ ဓိပတိ၊ ပေ၊ ကုသလေပတိ၊၊၂၀၃၊ သာဓမိ၊ပေ၊ကုသလ ဗှရွေတေပတိ-သာဓမိ၊ပေ၊ကုသလပတူကုန်သော ဤသဒ္ဒါတို့နှင့် သော၀ေ- ယှဉ်ရာ၌ ဆဋ္ဌီဝိဘတ္တိ - ဆဋ္ဌီဝိဘတ် သည်ရင်း၊ သတ္တမီစ - သည်ရင်း၊ ဟောတိ၊ ၀စနံ - ဤသုတ်သည်၊ ဥဘယတ္တံ - ဆဋ္ဌီ သတ္တမီ ၂ မျိုးရဲ့ သက်ရခြင်းအကျိုးရှိ၏၊ ဂဝံ-နွားတို့၏၊ သာဓမိ-အရှင်တည်း၊ ဂေါသု- နွားတို့၌၊ သာဓမိ-တည်း၊ [ ဂဝံ, ဂေါသု-ရွှေအဘိုင်းပေး ] ဣဿရော- အစိုးရသူတည်း၊ အဓိပတိ-အကြီးအကဲတည်း၊ ဒါယာဒေါ-အမွေခံတည်း၊ ဝါ-ဆွေမျိုးတည်း၊ သက္ခိ မျက်မြင်ဖြစ်သူတည်း၊ ဝါ-သက်သေတည်း၊ ပတိဘူ-တာဝန်ခံတည်း၊ ပသုတော - မွေးဖွားသူတည်း၊ ကုသလော- ကျွမ်းကျင်သူတည်း။

(၃၂၀) ဥဘယတ္တံ ဝစနံ — [ဝစနသဒ္ဒါသည် သုတ္တသဒ္ဒါ၏ ပရိယာယ်တည်း၊] "ဂဝံသာဓမိ"၌ သာဓမိသို့ ဆဋ္ဌီသုတ်ဖြင့် ဆဋ္ဌီသက်၍, "ဂေါသု သာဓမိ" ၌ ဩကာသေ သတ္တမီသုတ်ဖြင့် သတ္တမီသက်လျှင် ပြီးကောင်းပါလျက် ဤသုတ်ကို ဆိုခြင်းသည် အဘယ် အကျိုးရှိသနည်း ဟု မေးဘွယ်ရှိ၍ "ဥဘယတ္တံ ဝစနံ" ကို မိန့်သည်၊ ဤသုတ် မရှိလျှင် သာဓမိ စသည်တို့၏ ယှဉ်ရာဝယ် ဂဝံသာဓမိ စသည်ဖြင့် ဆဋ္ဌီဝိဘတ်တမျိုးသာ သက်ရာ၏ ဟု– ထင်မှားဘွယ် ရှိ၏၊ ဤသုတ်ကို ဆိုခြင်းကား သာဓမိ စသည်တို့ ယှဉ်ရာဝယ် ဆဋ္ဌီ သတ္တမီ ၂မျိုး သက်နိုင်ကြောင်းကို ပြရခြင်း အကျိုးရှိသည်။

ပတိ ယှဉ်ရာ၌ ဆဋ္ဌီသာ ။ ။ သာဓမိ–ဣဿရ–အဓိပတိ ၃ မျိုးသည် အနက်သံ မြန်မာဖြန် ကွဲသော်လည်း အရကောက် အားဖြင့် အရှင်သခင်ကိုချည်း ဟော၏, ဤသို့ အနက်တူပါလျက် သဒ္ဒါ ၃ မျိုးကို ထုတ်၍ ဆိုထားခြင်းကြောင့် ဤသဒ္ဒါ ၃ မျိုးမှ တပါး "အရှင် သခင်" အနက်ဟော ပတိစသော သဒ္ဒါများ၏ယှဉ်ရာ၌ ဆဋ္ဌီ သတ္တမီ ၂ မျိုးလုံး မသက်ရ, "ဂဝံ ပတိ" စသည်ဖြင့် ဆဋ္ဌီဝိဘတ် တမျိုးသာ သက်ရမည်–ဟု သိစေသည်။ " သာဓမိဿရာဓိပတိန မေကတ္တဂ္ဂဟဏံ ဘေဒေါ၊ဒါနံ ( ခွဲခြား၍ ယူခြင်းသည် ) ပရိယာယန္တရ နိဝတ္တနတ္ထံ ( ပတိ စသော အခြား ပရိယာယ် ပုဒ်များကို တားမြစ်ရခြင်း အကျိုးရှိ၏)"—ဗိနိစ္ဆယဋီကာသ။]

ဒါယာဒေါ။ ။"ဒါတဗ္ဗောတိ ဒါယော ( ဒါဓာတ် ဏပစ္စည်း ) ပေးအပ်သော အမွေ၊ ဒါယံ အာဒဒါတီတိ ဒါယာဒေါ=ပေးအပ်သော အမွေကို ယူတတ်သူ (အမွေခံ) တည်း၊အမွေခံ ဟူသည် ဆွေမျိုးပင်တည်း၊ထို့ကြောင့်"ဒါယာဒေါ ဉာတိ ဥဂ္ဂဇ္ဇော"ဟု မုဂ္ဂလ္လာနဋီကာဖွင့်သည်။ [နိဒ္ဒေသ၌"ဒါယံ"အရ နွားတို့က ပေးအပ်သော နို့ရည်ကိုယူ၍ "ဒါယာဒေါ-နွားတို့ပေးအပ်သော နို့ရည် ကို ယူတတ်သူ"ဟု တနည်းဖွင့်သေး၏။]

သက္ခိ။ ။"သဟ+အက္ခိ"၊ သဟကို သပြု၊ သဟ အက္ခိ ယဿာတိ သက္ခိ၊ ယဿ- အကြင်သူ၏၊ သဟ–မြင်အပ်သော အာရုံနှင့် တကွ ဖြစ်သော၊ အက္ခိ–မျက်လုံးသည်၊

www.dhammaransi.com



(၃၂၁) နိဒ္ဒါရဏောစ၊ ၃၀၄၊ နိဟရိတွာ-ထုတ်၍၊ ဓာရဏံ-ဆောင်ခြင်းသည်၊ နိဒ္ဒါရဏံ-မည်၏၊ ဇာတိဂုဏကြိယာနာမေဟိ-ဇာတ်, ဂုဏ်, ကြိယာ, နာမည်တို့ဖြင့်၊ သမုဒါယတော - အပေါင်းမှ၊ ဧကဒေသဿ-တစိတ်ကို၊ ပုထက္ကရဏံ - သီးခြား ပြုခြင်းတည်း၊ တသ္မိံ နိဒ္ဒါရဏေ-ထိုအပေါင်းမှ ထုတ်ဆောင်ခြင်းအနက်ကို၊ ဂမျမာနေ - သိအပ်သော်၊ တတော သမုဒါယဝါစိလိင်္ဂမှာ-ထိုအပေါင်းကိုဟောသောလိန်မှ နေ၁်၌၊

အတ္ထိ-ရှိ၏၊ ဇုတိ,သက္ခိ-မည်၏၊ အကြင်သူ၏ မျက်လုံးသည် မြင်အပ်သော အာရုံနှင့် တကွဖြစ်၏၊ ထိုမျက်လုံးရှင်ကို "မျက်မြင်ဖြစ်သူ" ဟုငင်း "သက်သေ" ဟုငင်း ခေါ်သည်၊ ထို့ကြောင့် ထောမနိမိ၌ "သဟ အက္ခိ ယဿ" ဟု ဝိဂ္ဂြိုဟ်ပြု၍ "သက္ခိ ဒိဋ္ဌရိ=မျက်မှောက်မြင်သူ၌" ဟု အနက်ဆိုသည်။

ပတိဘု,ပသုတော။ ။"ပတိ=အတူ,ဝါ-အစား+ဘူ=ဖြစ်သူ" အခြားတယောက်ကြွေးယူရာ၌ အာမခံ(တာဝန်ခံ)လူသည် အလားတူ ဖြစ်သူ-ကိုယ်စား ဖြစ်သူတည်း၊ ဤ၌ နွားတို့၏ တာဝန်ခံ အာမခံ လူကို "ပတိဘူ" ဟု ခေါ်သည်၊ ထို့ကြောင့် ဋီကာ၌ "ပတိဘူနာမ ပါဠိဘောဂေါပုရိသော(တာဝန်ခံယောကျ်ား)" ဟု ဖွင့်သည်၊ "ဂါဝါဝေ အနုဘဝိတုံ ဇာတော=နွားတို့ကို ခံစားခြင်းငှါ မွေးဖွားသူ" ဟု သဒ္ဒနိကာယမုဒ် ဖွင့်သည့်အတိုင်း နွားမှဖြစ်သော အရသာကို ခံစားဘို့ရာ မွေးဖွားသူကို "ဂေါသု ပသုတော" ဟုဆိုသည်။

ကုသလ။ ။နွားနှင့် ဆိုင်ရာဝယ် ကျွမ်းကျင်သူသည် ကုသလမည်၏၊ ဤကုသလယှဉ်ရာ၌ "ဂေါဏာနံ ဂေါဏေသု" ဟု ဝိဘတ် ၂ မျိုးထားနိုင်သော်လည်း "ကုသလာ နစ္စ ဂီတဿ" အဖွင့်မှုလဋီကာ၌ "သာမိဝစနံ ဘုမ္မတ္ထေ=သာမိဝိဘတ်ကို သတ္တမီအနက်၌ သက်(နစ္စ ဂီတဿ-ကခြင်းသီဆိုခြင်း၌)" ဟုငင်း၊ "နစ္စဂီတဿ ဝိသေသေသူတိဝါ=ကခြင်း သီဆိုခြင်း၏ အထူးအဆန်းတို့၌" ဟုငင်း ဖွင့်၏၊ ထိုအဖွင့် ၂ရပ်လုံးပင် ကုသလသဒ္ဒါ၏ သတ္တမီအနက်ကို ငဲ့ကြောင်းကိုသာပြ၏၊ ထိုအလို "ဂေါဏာနံ-နွားတို့၌၊ဝါ-နွားတို့၏(သင်ပြခြင်း,ဆေးကုခြင်း စသော) ဆိုင်ရာအမှု၌" ဟုပေးရလိမ့်မည်။ [ကုသလနှင့်စပ်၍ အာယုတ္တ(အားထုတ်သူ)နိပုဏ (ကျွမ်းကျင်သူ) သာဓု (ကောင်းသူ) စသောမုဒ္ဒမောဇ္ဇူပြထားသော သဒ္ဒါများကိုငင်း သဒ္ဒနီတိ၌လာသော "ကောဝိဒ" သဒ္ဒါကိုငင်း ကုသလေဟိစ၌ စသဒ္ဒါဖြင့် ဆည်းယူသင့်သည်။]

(၃၂၁) နိဟရိတွာ၊ပေ၊ပုထက္ကရဏံ-"နိ+ဓာရဏ" ဟုခွဲ၊ နိကို "နိဟရိတွာ" ဟုဖွင့်သည်၊ "နိဒ္ဒါရဏ-ထုတ်ဆောင်" ဟူသည် အပေါင်းအနက်စုမှ တစိတ် (တချို့) ကို သီးခြား ပြုခြင်းတည်း-ဟု သိစေလို၍ "သမုဒါယတော ဧကဒေသဿ ပုထက္ကရဏံ" ဟု အဓိပ္ပါယတ္ထကို ဖွင့်သည်၊ "ပုထက္ကရဏ" ဟူသည် ဇာတ် ဂုဏ် ကြိယာ နာမည်တို့တွင် တခုခုအားဖြင့် သီးခြားပြုခြင်းတည်း ဟု သိစေလို၍ "ဇာတိ၊ပေ၊နာမေဟိ" ဟု ဖွင့်သည်။

တသ္မိံ၊ပေ၊သတ္တမီစ—"နိဒ္ဒါရဏ" ဟူသည် သမ္ပန်ကဲ့သို့ အရာဝတ္ထုထင်ရှား မရှိ၊ အပေါင်းနှင့်အစိတ် ၂ခု ပေါင်းမိမှ (သီးခြားထုတ်ခြင်းကြိယာ) နိဒ္ဒါရဏ ပေါ်လာ၏၊

www.dhammaransi.com



ဆဋ္ဌီဝိဘတ္တိ ဟောတိ သတ္တမီစ၊ မနုဿာနံ - လူတို့တွင်၊ ခတ္တိယော-မင်းသည်၊ သူရတမော-အလွန်ရဲရင့်၏၊ မနုဿေသု-တို့တွင်၊ ခတ္တိယော သူရတမော၊ ဂါဝီနံ - နွားမတို့တွင်၊ ကဏှာ - နွားနက်မသည်၊ သမ္ပန္နခီရတမာ-အလွန်ပြည့်စုံသော နို့ရည်ရှိ၏၊ ဝါ အလွန်များသော နို့ရည်ရှိ၏၊ (" အလွန်ချိုသော နို့ရည်ရှိ၏ " ဟု လည်း ပေးရိုးရှိ၏၊ ) ဂါဝီသု-တို့တွင် ၊ ပေ ၊ အဒ္ဓိကာနံ-ခရီးသွားသူတို့တွင်၊ ဓာဝန္တော-ပြေးသူသည်၊ သီဃတမော - အလွန်မြန်၏၊ အဒ္ဓိကေသု ၊ ပေ ၊ အခုဟာတံ - ရဟန္တာတို့တွင်၊ အာယသ္မာအာနန္ဒော - အရှင်အာနန္ဒာသည်၊ အညတရော-တပါးသည်၊ အဟောသိ-ဖြစ်ပြီ ဝါ, အခုဟန္တေသု-တို့တွင်၊ ဣစ္စာဒိ။

[(သမ္ပန်အနက်၌ ဝိဘတ်သက်သည့် အခါ ရွေးသပ္ပန္တိနောင် သက်ရသကဲ့သို့) ဤနိဒ္ဒါရဏ အနက်၌ ဝိဘတ်သက်သည့် အခါလည်း ရွေးဖြစ်သော နိဒ္ဒါရဏ သမုဒါယ လိန်နောင် သက်ရ၏၊ ထိုသို့ သက်မှလည်း " နိဒ္ဒါရဏ သမုဒါယ+နိဒ္ဒါရဏီယ " အဖြစ်ဖြင့်ဆက်သွယ်ပုံကို ပြနိုင်သောကြောင့် " တသ္မိံ နိဒ္ဒါရဏေ ဂမျမာနေ တဒတ္ထ သမုဒါယဝါစိလိင်မှာ"ဟု မိန့်သည်၊ ဤ၌"သမုဒါယဝါစိလိင်"ဟူသည် နိဒ္ဒါရဏသမုဒါယ ပင်တည်း။ [နိဒ္ဒါရဏ သမုဒါယ-စသော ၄ ပါးကို အခြေပြု၌ ပြထားပြီ။]

**မနုဿာနံ ၊ ပေ ၊ သူရတမော** — ဤကား ခတ္တိယဇာတ်ကို အကြောင်းပြု၍ ထုတ်ခြင်းကြောင့်ဇာတိနိဒ္ဒါရဏတည်း၊နိဒ္ဒါရဏဟေတု(ထုတ်ခြင်း၏အကြောင်း)ကိုရှာရာ၌ "သူရတမော" စသည်ကို ကြည့်၍ မရှာရ၊ ထို သူရတမော စသည်ကို ကြည့်၍ ရှာလျှင် နိဒ္ဒါရဏ အားလုံး " ရဲခြင်း ဂုဏ် , ချိုမြိန်သော နို့ရည်ရှိခြင်း ဂုဏ် , လျင်မြန်ခြင်း ဂုဏ်" စသည်ဖြင့် ဂုဏ နိဒ္ဒါရဏချည်း ဖြစ်လိမ့်မည်၊ ထို့ကြောင့် ထုတ်အပ်သော အစိတ်ကို ကြည့်၍ "နိဒ္ဒါရဏဟေတု" ကို ရှာရမည်၊ သို့မှ—ထုတ်အပ်သော အစိတ်က ဇာတိသဒ္ဒါ ဖြစ်လျှင် ဇာတိ နိဒ္ဒါရဏ – ဂုဏ သဒ္ဒါ ဖြစ်လျှင် ဂုဏ နိဒ္ဒါရဏ စသည်ဖြင့် နိဒ္ဒါရဏချင်း ကွဲပြားပုံ ထင်ရှားမည်။

**ကဏှာ ၊ ပေ ၊ အညတရော အဟောသိ** — "ကဏှာ ဂါဝီနံ" ဖြူ-နီ-ကြောင်-ကျားအနက်-စသော ဝိသေသနများကို သဒ္ဒါကျမ်း၌ "ဂုဏ်"ဟု ခေါ်၏၊ ထို့ကြောင့် "ဖြူ-နီ-နက်-ကြောင်"များခြားသော နွားတို့မှ နက်သောဂုဏ်ကို အကြောင်းပြု၍ နွားနက်မကို ထုတ်ခြင်းသည် ဂုဏ နိဒ္ဒါရဏတည်း၊ "အဒ္ဓိကာနံ ဓာဝန္တော" ဖြေးဖြေးသွားသူ-မှန်မှန်သွားသူ – အပြေးသွားသူ ဟု ခရီးသွားသူ အများထဲမှ အပြေးသွားသူကို ထုတ်ခြင်းသည် ပြေးခြင်းကြိယာကိုစွဲ၍ ထုတ်သောကြောင့် ကြိယာ နိဒ္ဒါရဏတည်း၊ " အာယသ္မာ အာနန္ဒော အရဟတံ"အရှင်သာရိပုတြာ-အရှင်မဟာမောဂ္ဂလ္လာန-အရှင်မဟာကဿပ စသော နာမည်အမျိုးမျိုးရှိ ရဟန္တာအများမှ အရှင်အာနန္ဒာကို သီးခြားထုတ်ခြင်းသည် "အာနန္ဒာ" ဟူသော နာမည်ကိုစွဲ၍ ထုတ်ခြင်း ဖြစ်သောကြောင့် နာမနိဒ္ဒါရဏတည်း၊ ဤသို့ ရူပသိဒ္ဓိ၌ နိဒ္ဒါရဏ ၄ မျိုး ပြသည်၊ အခြား သဒ္ဒါကျမ်းတို့၌ကား " ယောဓာနံ

www.dhammaransi.com



(၃၂၂) အနာဒရေစ။ ၃၀၅ ။ အနာဒရေစ-မလေးစားခြင်း ကြိယာကိုလည်း၊ [ သိမှုဒ္ဓ စ ပါ၍ ] ဂမျမာနေ - သော် ဘာဝဝတာ-အနာဒရကြိယာရှိသော၊ လိင်မှာ ဆဋ္ဌီဝိဘတ္တိ ပောဘိ သတ္တမိစ၊ အဘာဝမကာနံ-မှုပြန်းပြုခြင်းကို အသိ မရှိကုန်သော၊ မာတာပိတူနံ - မိဘတို့သည်၊ ရုဒန္တာနံ-ငိုကုန်စဉ်၊ ("ပေါမိသတ္တော-ဘုရားအလောင်းတော်သည်"ဟု ထည့်)၊ ပဗ္ဗဇိ-ရဟန်းပြုပြီ၊ မာတာပိတူသု-ဘို့သည် ရုဒန္တေသု-ငိုကုန်စဉ်၊

ယောဓေသုဝါ ဝမ္မိကော သူရတမော = သူရဲကောင်းတို့တွင် ချပ်မိန်ညိုဝတ်သော သူရဲကောင်းသည် သာ၍ ရဲရင့်၏ " ဤ၌ ချပ်မိန်ညို ဟူသည် စစ်အဝတ်အစား ဖြစ်တည်း၊ ထို့ကြောင့် သူရဲကောင်း အများထည်းမှ ချပ်မိန့်ညိုဝတ် သူရဲကောင်းကို ထုတ်ခြင်းသည် ဒဗ္ဗ နိဒ္ဓါရဏ မည်၏-ဟုရင်း, "ဘိက္ခူနံ ဘိက္ခုသုဝါ ဒွေတယော သမ္မနိတဗ္ဗာ=ရဟန်းတို့တွင် ၂ ပါး ၃ ပါး တို့ကို သမုတ်အပ်ကုန်၏ " ဟူရာ၌ ၂-၃ ဟူသော သင်္ချာကို စွဲ၍ ထုတ်သောကြောင့် သင်္ချာ နိဒ္ဓါရဏ ဟု ရင်း ဆိုကြသေး၏။

ဇာတိယာ ဂုဏကြိယာဟိ, နာမ ဒဗ္ဗေဟိ သင်္ချယာ၊
သမူဟတော ဝယဝဿ, နိဒ္ဓါရဏံ ဆဓာ ဘဝေ။

ဝိဘတ္တဝိဘဇန-အဝိဘတ္တ ဝိဘဇန။ ။ဒုရန္တိ သုတ်လာ ဝိဘတ္တ အပါဒါန်သည် ပင်ကိုယ်က ကွဲပြီးသော အနက်ကို ဂုဏ်အားဖြင့် ထပ်၍ ခွဲသောကြောင့် ဝိဘတ္တ ဝိဘဇန မည်၏၊ [ဝိဘတ္တ=ဝေဘန်အပ် ခွဲအပ်ပြီးသော အနက်ကို+ဝိဘဇနံ=ထပ်၍ခွဲခြင်း၊] ဤနိဒ္ဓါရဏကား ပင်ကိုယ် မကွဲသေးသော အနက်ကို ဇာတ် စသည် စွဲ၍ ခွဲထုတ်ခြင်း ဖြစ်သောကြောင့် အဝိဘတ္တ ဝိဘဇနမည်၏၊ [ အဝိဘတ္တ=မဝေဘန်အပ် မခွဲအင်သေးသည်ကို+ဝိဘဇနံ=ခွဲထုတ်ခြင်း။]

ကေဝုစ်နိဒ္ဓါရဏ။ ။အများ အပေါင်းထည်းမှ အစိတ် တခုခုကို သီခြား ထုတ်ရသောကြောင့် နိဒ္ဓါရဏ ပြယုဂ်များ၌ ဗဟုဝုစ်သာ များ၏၊ သို့သော် တရံတခါ(ဇာတ်ကို ငဲ့သော ဇာတျာပေက္ခနည်းအားဖြင့် ) ဧကဝုစ်လည်း ရှိနိုင်သည်၊ ပုံစံကား – " အမိပတိ ပ္ပစ္စယေ- အမိပတိ ပစ္စည်းတွင်၊ သဟဇာတာဓိပတိနာမ-သဟဇာတာဓိပတိ မည်သည်၊ ဓမ္မေကဒေသော–တရား တစိတ်တည်း၊ " ပဟီနေ ဥဒ္ဒစ္စကုက္ကုစ္စေတိ နိဒ္ဓါရဏေ ဘုမ္မံ " ဟူသော သံယုဂ်ဋီကာ၌"ဥဒ္ဒစ္စ ကုက္ကုစ္စေ"လည်း ဧကဝုစ်ပင်။

(၃၂၂) အနာဒနေစ၊ ပေ၊ သတ္တမိ—အာပုဗ္ဗ ဒရဓာတ်သည်"ရိုသေ လေးစားခြင်း"အနက်ကို ဟော၏၊ န အာဒရော အနာဒရော=မလေးစားခြင်း၊ " ဂမျမာနေ-သိအပ်သော် "ဟူရာ၌ " ကြားနာသူတို့ သိဘို့လိုလျှင် " ဟူလို၊ ဘာဝဝတာ၌ အနာဒရကြိယာကို " ဘာဝ " ဟုရင်း, အနာဒရိယ ကြိယာကို"ဘာဝ ဝန္တု "ဟုရင်း ခေါ်သည်၊ အနာဒရ ကြိယာကို သိဘို့လိုလျှင် အနာဒရိယ ကြိယာဖြစ်သော လိန်နောင် ဆဋ္ဌီ သတ္တမီ သက်၊ [ မလေးစားအပ်သော ကြိယာကို " န အာဒရိယတေ-မလေးစားအပ် " ဟူသော ဝစနတ္ထကြောင့် " အနာဒရိယ " မည်၏၊ ထို အနာဒရိယသည် ကြိယာ ဖြစ်သော်လည်း ကိတ် ကြိယာ ကိတ်နာမ် ဖြစ်သောကြောင့်"လိင်"လည်း မည်သည်။]

www.dhammaransi.com



ပဗ္ဗဇိ၊ သိဝိရာဇာသာ-ဝေဿန္တရာမင်းသည်၊ ပေက္ခတော - ကြည့်ရှုစဉ်၊ သော-ထိုဇူဇကာပုန်ဏားသည်၊ အာကောဋယန္တော - ရိုက်နှက်လျက်၊ တော-ထိုသားတော်သွီးတော်တို့ကို၊ နေတိ-ဆောင်သွား၏၊ မဟာဇနေ-လူအများသည်၊ပေက္ခမာနေ-ကြည့်နေစဉ် မစ္ဆု-သေမင်းသည်၊အာဒါယ-ယူ၍၊ ဂစ္ဆတိ-သွား၏။

**အကာမကာနံ၊ပေ၊ပဗ္ဗဇိ**—မိဘတို့က ရဟန်း မပြုစေလိုသောကြောင့် ငိုနေကြစဉ် သားဖြစ်သူက ရဟန်းပြုသွားရာ၌ ပဗ္ဗဇိအရ ရဟန်းပြုခြင်း ကြိယာသည် မိဘတို့ ငိုခြင်း ကိုပင် အလေးမပြု အမှုမထား မလေးစားရာရောက်၏၊ ရဟန်းပြုသူ၏ မလေးစားမှု စိတ်ကို ရဟန်းပြုခြင်း ကြိယာ၌ တင်စား၍ ရဟန်းပြုခြင်း ကြိယာကို အနာဒရဟု ခေါ်ထားသည်၊ [ အကြောင်းစိတ်၏ မလေးစားမှုကို အကျိုး ကြိယာ၌ တင်စားသော ကာရဏူပစာရ တည်း၊ ] ထိုပဗ္ဗဇိဟူသော အနာဒရကြိယာဖြင့် မလေးမစားပြုအပ်သောကြောင့် ရုဒန္တာနံ အရ ငိုခြင်း ကြိယာသည် အနာဒရိယ မည်၏၊ ထိုအနာဒရိယဖြစ်သော ရုဒန္တနောင် ဆဋ္ဌီ သတ္တမီ သက်၍ "ရုဒန္တာနံ ရုဒန္တေသု"ဟု ဖြစ်သည်၊ အကာမက-မာတာပိတုတို့၌ကား ရုဒန္တနှင့် အရတူ တုလျာဓိကရဏ ဖြစ်သောကြောင့် ဤအနာဒရေစ သုတ်ဖြင့်ပင် ဆဋ္ဌီ သတ္တမီ သက်သည်၊ ဥပမာ—မဟန္တော ပုရိသော ဂစ္ဆတိဝယ် ပုရိသနောင် လိင်တွေ့ ပဌမာသုတ်ဖြင့် သက်လျှင် မဟန္တောနောက်၌လည်း သက်နိုင်သကဲ့သို့တည်း၊ "ရုဒတော ဒါရကဿ ပဗ္ဗဇိ ပိတာ=ကလေးငိုစဉ် အဘ ရဟန်းပြုပြီ" ၌လည်း နည်းတူ၊ "ဂဏာဝတိ ဂစ္ဆတိ" ကဲ့သို့ "ရုဒတိ ဒါရကေ" လည်း ရှိသည်။ [ "ငိုစဉ်"ဟူရာ၌ "ငိုတုန်း-ငိုခိုက်-ငို၍ မပြီးသေး"ဟု ဆိုလိုသည်၊ ထို့ကြောင့် ပစ္စုပ္ပန် ကာလကို ဟောသော မာန အန္တပစ္စည်းဖြင့် "ရုဒန္တာနံ, ပေက္ခတော (ပေက္ခန္တဿ) ပေက္ခမာနေ"ဟု ရှိရသည်၊ ဤစကားအရ "အနာဒရိယ ကြိယာများသည် ပစ္စုပ္ပန်ချည်းတည်း"ဟု ကောက်ချက်ချပါ။ ]

**အာကောဋယန္တော၊ပေ၊ပေက္ခတော**— [ ဝေဿန္တရာဇာတ်၌ "တတော သော ရဇ္ဇုမာဒါယ, ဒဏ္ဍဉ္စာဒါယ ဗြာဟ္မဏော, အာကောဋယန္တော တေ နေတိ, သိဝိရာဇဿ ပေက္ခတော"ဟု ရှိသောကြောင့် "တေ နေတိ"ဟု ပြင်မှန်ရှိစေ၊ "သော ဗြာဟ္မဏော"ဟု ရှေ့ပါဌ်မှ ယူ၍ ကတ္တားထည့်၊ ] ဤ၌ ဝေဿန်မင်း၏ ကြည့်နေခြင်းကို အလေးမပြုဘဲ ဆောင်သွားသောကြောင့် ဇူဇကာ၏ စိတ်သည် မုချ အနာဒရ တည်း၊ ထိုစိတ်ကြောင့် ဖြစ်သော "နေတိ" ကြိယာလည်း ( ကာရဏူပစာရ အားဖြင့် ) အနာဒရပင် မည်၏၊ ပေက္ခတော အရ ဝေဿန်မင်း၏ ကြည့်ခြင်း ကြိယာကား မလေးစားအပ် သောကြောင့် အနာဒရိယ၊ [ ဤ၌လည်း ဝေဿန်မင်းသာ အနာဒရိယ အစစ်, ထိုမင်း၏ ကြည့်ခြင်း ကြိယာကား ဌာနမင်း၏ အမည်ကို ဌာနီ ကြည့်ခြင်း၌ တင်စား၍ ဌာနူပစာရ အားဖြင့် အနာဒရိယ မည်သည်-ဟု ကြံ၊ ရှေ့နောက် အနာဒရိယ များ၌လည်း ဤနည်းချည်း။ ] သိဝိရာဇဿကား ပေက္ခတောနှင့် တုလျာဓိကရဏ ဖြစ်သောကြောင့် ဤသုတ်ဖြင့် ဆဋ္ဌီ သက်သည်။ [ "မစ္စု၊ပေ၊မဟာဇနေ" ၌လည်း လူအများ၏ ကြည့်ခြင်းကို မလေးစားဘဲ ယူသွားသောကြောင့် ဂစ္ဆတိအရ ယူသွားခြင်းကြိယာသည် အနာဒရ, ပေက္ခမာန အရ ကြည့်ခြင်း ကြိယာသည် အနာဒရိယ-ဟု ခွဲ။ ]

www.dhammaransi.com



**ကြိယာ ပြိုင်ရုံလော, မလေးစားမှုလော။** ။ဤ အနာဒရ – အနာဒရိယ အစွဲ၌ "လေးစားခြင်း ရှိသည်ဖြစ်စေ, မရှိသည်ဖြစ်စေ – ကြိယာ ၂ ခုပြိုင်ရာ၌ ရှေ့ကြိယာဖြင့် နောက်ကြိယာကို မှတ်လျှင် နောက်ကြိယာသည် အနာဒရ, ရှေ့ကြိယာသည် အနာဒရိယ မည်၏" ဟူရင်း "ကြိယာ ၂ ခုပြိုင်၍ ရှေ့ကြိယာဖြင့် နောက်ကြိယာကို မှတ်ရုံမျှဖြင့် အနာဒရ မဖြစ်နိုင်, တကယ့်ကိုယ် မလေးစားခြင်းသဘောပါမှ အနာဒရ-အနာဒရိယ ဖြစ်သည်" ဟူရင်း ၂ ဝါဒ ကွဲ၏၊ ထိုတွင် နောက်ဝါဒသည် သဒ္ဒတနှင့် မောဂ္ဂလ္လာန်တို့ကို မှီသော ဝါဒတည်း၊ ရှေးဝါဒကား ပါဠိဋီကာများကို မှီသော ဝါဒတည်း၊ ထိုဝါဒကို ချဲ့ပြမည်။

**ဋီကာများ၊** ။တဿ ပဿန္တဿေဝါတိ-အနာဒရေ သာမိဝစနံ၊ တသ္မိံ ပဿန္တေယေဝါတိ အတ္ထော၊ "တိဿ မင်းသားသည် ကြည်ညိုစိတ်ဖြင့် ကြည့်နေစဉ်ပင် မဟာ ဓမ္မရက္ခိတထေရ်သည် တန်ခိုးဖြင့် ကောင်းကင်ကြွ၍ အသောကာရုံ ရေကန်ပေါ်ဝယ် ကောင်းကင်၌ သက်နန်းထား၍ ရေချိုးဘိုရာအား ထုဘဲ၏" ဟူသော ပါရာဇိကကဏ်ဒါန်း၌ မထေရ်မှာ မင်းသားကြည့်ခြင်း၌ အနာဒရစိတ် မရှိဘဲ, သာ၍ ကြည်ညိုစေလိုသော သာဒရစိတ်သာရှိ၏၊ သို့ပါလျက် "အနာဒရေ သာမိဝစနံ" ဟုသာရတ္ထဖွင့်၏၊ သာမညဖလသုတ် သီလက္ခန်ဋီကာသစ်၌လည်း "သန္တေနွ ဿတိ – ဝိဇ္ဇာ ကရောန္တဿေဝ ဘိဇ္ဇတိ၊ အနာဒရလက္ခဏေစေတံ သာမိဝစနံ၊ ကြိယန္တရပဝတ္တနက္ခဏေယေဝ ကြိယန္တရ ပဝတ္တနံဟိ အနာဒရလက္ခဏံ" ဟု ဖွင့်၏၊ ဤအလို မလေးစားမှု ပါသည်ဖြစ်စေ မပါသည် ဖြစ်စေ၊ဆိုင်ရာ(ပုဂ္ဂိုလ်၏ မျက်မြင်အားဖြင့်)ကြိယာ ၂ ခု ပြိုင်နေရာဝယ် အနာဒရ–အနာဒရိယရနိုင်သည်–ဟု ဆိုလိုသည်၊ ဤဋီကာများ အလိုအားဖြင့် "အာယသ္မာ ဖဂ္ဂုနော အစိရပက္ကန္တဿ ဘဂဝတော (ဘုရားရှင် ဖဲသွား၍ မကြာခင်) ကာလမကာသိ" စသည် ၌လည်း အနာဒရ ဟုပင် ဆိုရပေလိမ့်မည်။

**သဒ္ဒါကျမ်းများ။** ။"ဆဋ္ဌီစာနာဒရေ" (ပါဏိနိသုတ်) အနာဒရာဓိကေ—အနာဒရ အနက် အပိုရှိသော၊ ဘာဝလက္ခဏေ – ဘာဝလက္ခဏ အနက်၌၊ ဆဋ္ဌီ သတ္တမိယော ဟောန္တိ(သုတ်နက်)၊ လိန်အနက်ပေါ်တွင် အာလုပ်အနက်ပို ပါဝင်ရာ၌ "အာလပနတ္ထ" ခေါ်သကဲ့သို့ နောက်၌ပြမည့် ဘာဝလက္ခဏအနက်ပေါ်တွင် မလေးစားခြင်း အနာဒရ အနက် အပိုပါလာလျှင် "အနာဒရ" ခေါ်သည်-ဟု ဆိုလိုသည်၊ မာတာ ပိတူနံ ရုဒန္တာနံ ပဗ္ဗဇိ၌ "ငိုနေကြတုန်း+ရဟန်းပြုသည်" ဟု ဆိုသဖြင့် ငိုခြင်း ကြိယာသည် ရဟန်းပြုခြင်း ကြိယာကို မှတ်သားကြောင်း ဖြစ်သောကြောင့် ဘာဝ လက္ခဏလည်း ဟုတ်၏၊ ငိုနေသည်ကို ဂရုမစိုက်-မလေးစားသောကြောင့် ရဟန်းပြုခြင်း ကြိယာသည် အနာဒရလည်း ဟုတ်သည်၊ အခြားပုံစံများ၌ ဤနည်းအတိုင်း လက္ခဏ-အနာဒရ ၂ မျိုးရပုံကို သင်ပြပါ။ [အနာဒရ, အနာဒရဝန္တ စသော အနက် ၄ ပါးခွဲခြားချက်ကို အခြေပြု၌ ပြခဲ့ပြီ။]

**မှတ်ချက်။** ။သဒ္ဒါကျမ်းများ၌ ကြိယာ တပါးဖြင့် ကြိယာ တပါးကို မှတ်သားရုံမျှ ဖြစ်လျှင် ဘာဝလက္ခဏဟု ဆို၍, ထိုဘာဝလက္ခဏ အပေါ်တွင် မလေးစားမှု အပိုပါဝင်မှ "အနာဒရ" ဟု ဆိုပြီးလျှင် "ဘာဝလက္ခဏ သက်သက်၌ သတ္တမီ တမျိုးသာ သက်၍ အနာဒရအပိုဝင်လာရာ၌ ဆဋ္ဌီ သတ္တမီ ၂ မျိုး သက်နိုင်၏" ဟု ဆိုကြသောကြောင့် "တဿ ပဿန္တဿေဝ, သန္တေန္တဿ တို့၌ (အနာဒရ သဘော မပါဘဲလျက်) ဆဋ္ဌီ သက်ထား

www.dhammaransi.com



(၃၂၃) ကမ္မ၊ ပေ၊ သတ္တမီ။ ၃၁၀။ ပေ၊ ကမ္မတ္ထေ- ကံ အနက်၌၊ (ဥဒါဟရဏံ)၊ ဘိက္ခူ=သု-တို့ကို၊ အဘိဝါဒေန္တိ- ရှိခိုးကြကုန်၏၊ မုဒ္ဓနိ- ဦးထိပ်ကို၊ ရမ္ဘိတွာ - ရပ်၍၊ ပုရိသဿ - ယောကျ်ား၏၊ ဗာဟာသု - လက်မောင်းတို့ကို၊ ဂဟေတွာ – ကိုင်၍၊ ကရဏတ္ထေ၊ ( ဥဒါဟရဏံ )။ ဟတ္ထေသု- လက်တို့ဖြင့်၊ ဝိဏ္ဏာယ - ဆွမ်းအလို့ငှါ၊ စရန္တိ- လှည့်လည်ကုန်၏၊ ပတ္တေသု–သပိတ်တို့ဖြင့်၊ ဝိဏ္ဏာယစရန္တိ၊ ပထေသု- လမ်းတို့ဖြင့်၊ ဂစ္ဆန္တိ၊ သောဝဝိ – ထို ၇ နှစ်အရွယ် ရှင်ငယ်သော်မှလည်း၊ မံ – ငါ့ကို၊ အနုသာသေယျ- ဆုံးမအံ့၊ မတ္ထကေ–ဦးထိပ်ဖြင့်၊ သမ္ပဋိစ္ဆာမိ-ခံယူပါအံ့၊ [ဤ၌“မတ္ထကေ”သာ ပုံစံတည်း၊ သောဝဝိ–စသည့်ကား တွဲဘက် ဂါထာ ပါဒဖြစ်၍ ထည့်သည်၊] နိမိတ္တတ္ထေ (ဥဒါဟရဏံ)၊ ဒီပိ-သစ်ကို၊ စမ္မသု-

သော ပါဠိပုံစံကို တွေ့ပြန်ရကား ပဋိ ဋီကာ ဆရာတို့သည် “ ကြိယာ တပါးဖြင့် ကြိယာ တပါးကို မှတ်သားရုံ (ကြိယာ ပြိုင်ရုံ) ဖြင့်လည်း အနာဒရဖြစ်၏” ဟု ယူဆ၍ ပဿန္တဿ သန္တေဿဿတို့၌ အနာဒရဆဋ္ဌီဟု ဆိုကြလေအည်၊ ထိုသို့ မဆိုဘဲ“ဘာဝလက္ခဏ အနက် သက်သက်၌လည်း ( အနာဒရ၌ကဲ့သို့ ) ဆဋ္ဌီ သတ္တမီ ၂ မျိုးသက်”ဟု ဆိုရလျှင် ပါဠိများ နှင့် သင့်မည်ထင်သည်။

(၃၂၃) ကမ္မတ္ထေ ၊ပေ၊ ဂဟေတွာ—“ဘိက္ခူ=သု-ရဟန်းတို့ကို”ဟု ပေးရသော ကြောင့် ဤသတ္တမီဝိဘတ်သည် ကံ အနက်၌ သက်သော သတ္တမီတည်း၊ မုဒ္ဓနိ·ဗာဟာသု တို့၌လည်း နည်းတူ၊ ဤသို့သတ္တမီဝိဘတ်၏ ကံ အနက်၌ သက်နိုင်သောကြောင့်“ပါဒေသု ဂဟေတွာတိ–ဥပယောဂတ္ထေ ဘုမ္မဝစနံ”ဟု သုဒိန္နကဏ္ဍဋ္ဌကထာ ဖွင့်သည်၊ ဤသို့ ဂဟာ ဓာတ်၏ ရှေ့၌ ပါဒေသုကဲ့သို့ သတ္တမီ ဝိဘတ် တွေ့လျှင် သတ္တမီကို ကံနက်၌ သက်ရသော နည်းလည်း ရှိ၏၊ [ဤနည်း၌“သုဒိန္နံ ပါဒေသု ဂဟေတွာ”ဟု ရှိးစကာမှု“သုဒိန္နံ–သုဒိန် ၏”ဟု ဒုတိယာကို ဆဋ္ဌီ အနက်သက်ရမည်၊ သုဒိန္နဿ-ဟု ရှိလျှင်ကား အထူးပြောဘွယ် မလို၊] သတ္တမီဝိဘတ်က အာဓာရအနက်၌ပင် သက်ရိုး သက်စဉ် သက်၍ ထို ရှေ့က ဆဋ္ဌီ ဝိဘတ်ကို ကံ အနက်၌ သက်ရသော နည်းလည်း ရှိ၏၊ ထို့ကြောင့်“သုဒိန္နဿ ပါဒေသု ဂဟေတွာ”၌“ပါဒေသု ဝါတံ (ထို သုဒိန်ကို)”ဟု တနည်း ဖွင့်သည်၊ ဤ အဖွင့် အလို “သုဒိန္နဿ–သုဒိန်ကို၊ ပါဒေသု-တို့၌”ဟု ပေးရမည်။

[ဆောင်] ၁။ ဂဟာရှေ့မှ, အာဓာရကို, ဘုမ္မတ္ထပင်, ဆိုလိုချင်မူ, ထို့ပြင်ရှေ့မှာ, ဆဋ္ဌီပါက, ကံမှာသက် ဟု, မိန့်မြွက်ဆရာတဦး အလိုတည်း။
၂။ ဂဟာရှေ့မှ, အာဓာရကို, ကံဆိုလိုမူ ထိုရှေ့ ပုဒ်မှာ, ဒုတိယာကို, ဆဋ္ဌီမှာသက်, ဤ အချက်သည်း, မိန့်မြွက်ဆရာ တဦးအလိုတည်း။

ကရဏတ္ထေ ၊ပေ၊ မတ္ထကေ—“ဟတ္ထေသု ပတ္တေသု ပထေသု”တို့ကို မောဂ္ဂလ္လာန်၌ အာဓာရအနက်ဆို၍“ဟတ္ထေသု·လက်တို့၌”စသည်ပေး၏၊ ကမ္မတ္ထ၌ ပြခဲ့သော ဘိက္ခူ=သု-

www.dhammaransi.com



အာရေတွိကြောင်း၊ [“စမ္မနိ-အာရေကြောင်း” ဟု အချို့စာရှိ၏] ဟညတေ-သတ်အပ်၏၊ ကုဉ္စရော-ဆင်ကို၊ ဒန္တေသု-အစွယ်တို့ကြောင့်၊ ဟညတေ၊ အကာမံသတ္တသု - အနုမြူ အတိုင်းအရှည် ရှိကုန်သော၊ ဝဠေသု - အဖြစ်တို့ကြောင့်၊ ဘယဒဿဝိ-ဘေး ဟု ရှုလေ့ရှိ၏၊ သမ္ဗဇာနမုသာဝါဒေ-သမ္ဗဇာနမုသာဝါဒကြောင့်၊ ပါစိတ္တိယံ - ပါစိတ်အာပတ်သင့်၏၊ မုသာဝါဒနိမိတ္တံ-မုသာဝါဒ ဟူသော အကြောင်းကြောင့်၊ မုသာဝါဒပစ္စယာ-မုသာဝါဒ ဟူသော အကြောင်းကြောင့်၊ ဣတိ အတ္ထော။

မုဒ္ဒနိတို့၌လည်း အာရေအနက်ပင် ဆိုသည်၊ “ဟတ္ထေသု ပိဏ္ဍာယ စရတိတိပါဠိပဒဿ ဟတ္ထေသု လဘိတဗ္ဗပိဏ္ဍတ္ထာယ ရတိတိ အတ္ထော ဒဋ္ဌဗ္ဗော” ဟူသော(မဟာဝဂ္ဂခန္ဓက) သာရတ္ထဋီကာ အလိုလည်း“လက်တို့၌”ဟုပင် ပေးရမည်။

နိမိတ္တတ္ထေ၊ပေ၊ ပါစိတ္တိယံ—“သစ်ကို ဘာ့ကြောင့် သတ်သနည်း”-သူ၏ အရေက အသုံးကျသဖြင့် အရေကြောင့် (အရေကို သုံးစွဲလိုသောကြောင့်) သတ်သည်၊ ဤသို့လျှင် အရေသည် သတ်ခြင်း၏ အကြောင်းဖြစ်ရကား စမ္မေသု၌ သုဝိဘတ်ကို နိမိတ်အနက်၌ သက်သော သတ္တမီ ဟု ဆိုသည်၊ သမ္ဗဇာ မုသာဝါဒေ တိုင်အောင် ဤနည်းချည်းတည်း သတ္တတ၌ကား နိမိတ် (အကြောင်း) ဖြစ်ရုံ သက်သက်၌ နိမိတ္တသတ္တမီကို မဆိုဘဲ၊ ကမ္မသံယောဂ ဖြစ်သော နိမိတ်၌သာ သတ္တမီဝိဘတ်ကို ဆို၏၊ “ နိမိတ္တာ ကမ္မသံယောဂေ” ( ပါဏိနိသုတ် ) .... ကမ္မသံယောဂေ—ကံနှင့် နိမိတ်တ် အဘူတကူ ယှဉ်စပ်နေရာ၌၊ နိမိတ္တာ—နိမိတ်မှ နောက်၌၊ သတ္တမီ-သတ္တမီဝိဘတ်သက် (သုတ်နက်)၊ ချဲ့ဉ။အံ့—“ဒီဝိ စမ္မေသု ဟညတေ”၌ ဒီပိသည် ကံပုဒ်တည်း၊ ထို ကံဖြစ်သော သစ်ကောင်ကြီးနှင့် အရေသည် နဂိုရ်ကပင် မကွေမကွာ ယှဉ်စပ်လျက် သံယောဂဖြစ်နေ၏၊ ဤသို့ ကံနှင့် သံယောဂ ဖြစ်နေသော နိမိတ် အနက်၌သာ သတ္တမီသက်ရမည်, အကယ်၍ နိမိတ် (အကြောင်း) သက်သက်ဖြစ်၍ ကံနှင့် သံယောဂ မဖြစ်လျှင် “ဇဋ္ဋတ္တာ ဗဒ္ဓေါ=ဖျင်းအသည်၏ အဖြစ်ကြောင့် နှောင်ဖွဲ့အပ်၏” ဟူသော ပဉ္စမီဟိတ် ( ဗန္ဓ ပယောဂ၌ ပြခဲ့သော ဟိတ် ) နှင့် ရှုပ်ထွေးသဖြင့် ပဉ္စမီသက်ရမည်လော, သတ္တမီသက်ရမည်လော — ဟု တွေးတောဘွယ် ရှိသည်—ဟုလို၊ ဤသို့ ကမ္မသံယောဂ အကြောင်းကိုသာ “နိမိတ်” ဟု သဒ္ဒတ ဆိုသော်လည်း ပါဠိ၌မူ ကမ္မသံယောဂ မဘက် နိမိတ်သက်သက်၌ပင်“သမ္ဗဇာန မုသာဝါဒေ”ဟု သတ္တမီသက်လျက်ရှိသည်။

ဟိတ် ၃ မျိုး။ ။နိမိတ်ဟူသည် ဟိတ်တမျိုးပင်တည်း၊ ထို့ကြောင့် တတိယာဟိတ်, ပဉ္စမီဟိတ်, သတ္တမီဟိတ် ဟု ၃ မျိုးရှိ၏၊ ထိုတွင်“အန္နေန ဝသတိ”ဟူသော တတိယာ ဟိတ်၌ နေခြင်း ကြိယာ ဟူသော အကျိုးသည် ရှေးဦးစွာဖြစ်၏၊ နေပြီးနောက်မှ ထမင်းစားသောကြောင့် ထမင်းတည်း ဟူသော အကြောင်းသည် နောက်မှ ဖြစ်၏၊ ဤသို့ အကျိုး၍, အကြောင်းနောက် ဖြစ်သော ဟိတ်သည် တတိယာ ဟိတ် တည်း၊ “ စတုန္နံ အရိယသစ္စာနံ အနနုဗောဓာ၊ ပေ၊ သန္ဓာဝိတံ သံသရိတံ ” ၌ သစ္စာ ၄ ပါးကို မသိခြင်း

www.dhammaransi.com



(၃၂၄) သတ္တမီဘိ အဓိကာရော (ကာရကကုန်အောင် လိုက်)။

သမ္ပဒါနေစ။ ၃၁၁ ။ ပေ၊သံဃေ-သံဃာအား၊ ဒိန္နံ-ပေးလှူကြောင်း စေတနာသည်၊ မဟပ္ဖလံ - များသောအကျိုးရှိ၏၊ ဂေါတမိ- ဂေါတမီ၊ သံဃေ-အား၊ ဒေဟိ-လှူလော၊ သံဃေ-အား၊ တေ-သင်သည်၊ ဒိန္နေ-လှူအပ်သော်၊ အဟဉ္စေဝ - ငါဘုရားသည်လည်း၊ ပူဇိတော - ပူဇော်အပ်သည်၊ ဘဝိဿာမိ ဖြစ်လိမ့်အံ့၊ ["သံဃေ တေ ဒိန္နေ"ဟု ဒက္ခိဏာ ဝိဘင်္ဂသုတ်၌ ရှိသည်၊] ယာနာဒိ-အကြင် သတို့သို့းသည်၊ ပလာသမယံ- ပေါက်ရိုးဖြင့်ပြုအပ်သော၊ မာလံ ပန်းကို၊ စေတိယေ-စေတီတော် အား၊ ဒတွာန - ပေးလှူပူဇော်ခြင်းကြောင့်၊ ကဉ္စနမယံ - ရွှေဖြင့်ပြုအပ်သော၊ မာလံ- ပန်းကို၊ အလတ္တ ရပြီ၊ သာ- ထိုသတို့သို့းသည်၊ ဗောဇ္ဈင်္ဂကဥ္စ- ဗောဇ္ဈင်ပန်းကိုလည်း၊ (အလတ္တ-ရပြီ)။

ဟူသော အကြောင်းသည် ရှေ့ဖြစ်၏၊ ထို မသိခြင်းကြောင့် သံသရာ၌ ကျင်လည်ရခြင်း အကျိုးကား နောက်ဖြစ်သည်၊ဤသို့ အကြောင်းရှေ့ အကျိုးနောက်ဖြစ်သော ဟိတ်သည် ပဌမဟိတ်တည်း၊ " ဒိပိ စမ္မေသု ဟညတေ " ကဲ့သို့ အကြောင်း အကျိုး တကွဖြစ်သော များသောအားဖြင့် ( သစ်ကောင် သေရ သကဲ့သို့ ) နိမိတ္တဝန်ပျက်သော ဟိတ်သည် သတ္တမီဟိတ် မည်၏၊ ဤသို့ ဆရာအစဉ်အဆက် ခွဲထားကြသည်။

စိစစ်ချက်။ ။"ကမ္ဗုနာ ဝသလော, ဒါနေန ဘောဂဝါ, ပုညေန ဒိဗ္ဗော"စသော ဟေတွတ္ထစသုတ်ဆိုင်ရာ တတိယာဟိတ်တို့၌ (အကျိုးရှေ့-အကြောင်းနောက် မဟုတ်) အကြောင်းရှေ့ အကျိုးနောက်ဘည်း၊ "အဝိဇ္ဇာပစ္စယာ သင်္ခါရာ" ဟူသော ပဌမဟိတ်၌ အဝိဇ္ဇာနှင့် အကုသိုလ် သင်္ခါရတို့သည် အတူတကွ (သဟစရဏ)ဖြစ်ကြ၏၊ "သမ္ပဇာန မုသာ ဘာသေ ပါစိတ္တိယံ" ဟူသော သတ္တမီ ဟိတ်၌ကား အကြောင်းနှင့် အကျိုးသို့ အတူ တကွ မဖြစ်ကြ၊ " နိပ္ဖါဒေတဗ္ဗပယောဇနေ ဘုမ္မံ " ဟူသော ကုသလပဒဘာဇနီ မူလ ဋီကာ၏ကို ဖွင့်သော အနုဋီကာ၌လည်း " စမ္မသ္မိံ ဒိပိနံ ဟန္တိတိ ဝိယ " ဟု မိန့်၏၊ ထို၌ အဓိပ္ပါယ်ကား—"သစ်ကိုသတ်ခြင်းသည် အကြောင်း, အရေးရခြင်းကားအကျိုးတည်း၊ ထိုအကျိုးသည်ပင် သတ်ခြင်း၏ အကြောင်းဖြစ်၍ နိမိတ္တလည်း မည်သကဲ့သို့ "စေတ သော အဂ္ဂုပသမေ" ၌လည်း အကျိုးပယောဇဉ် ဖြစ်သော နိမိတ်အနက်၌ သတ္တမီ သက် ထားသည်-ဟူလို၊ "ဘဂဝတော—၏၊ ပရိနိဗ္ဗာနေ—ပရိနိဗ္ဗာန် စံခြင်းကြောင့်၊ သန္နိပတိ တာနံ-စည်းဝေးလာကုန်သော"၌လည်း အကြောင်းနှင့်အကျိုးတကွမဖြစ်၊ ထို့ကြောင့် "ဟိတ် ၃မျိုးအထူး"ဟု ပြောစမှတ်ပြုကြသော ထိုစကားကို စဉ်းစားကြပါလေ။

(၃၂၅) သံဃေ၊ပေ၊ဗောဇ္ဈင်္ဂကဥ္စသာ — "ယဿ ဒါတုကာမော ရောစတေ" စသော သုတ်နှင့် အညီ ဒါခာတ်သည် သမ္ပဒါန်ကို အမြဲ ငဲ့ရကား "သံဃေ"၌ သတ္တမီ ဝိဘတ်ပင် ဖြစ်သော်လည်း သမ္ပဒါန်(အား—ဟူသော) အနက်၌ သက်ရမည်ဟု ကစ္စည်း

www.dhammaransi.com



(၃၂၅) ပဥ္စမျနေ္တစ၊ ၃၁၂၊ ပေ၊ ကဒလိသု - ငှက်ပျောပင်တို့မှ၊ ဂစ္ဆေ-ဆင်တို့ကို၊ ရက္ခန္တိ-စောင့်ရှောက်ကုန်၏။

(၃၂၆) ကာလဘာဝေသုစ၊ ၃၁၃၊ [ကာလောနာမ- ကာလမည်သည်၊ နိမေသ ခဏ လယ မုဟုတ္တ ပုဗ္ဗဏှာဒိကော-မျက်စိဟမှိတ်,ခဏ, လယ, မုဟုတ်, နံနက်အစရှိသော အခါတည်း၊ ဘာဝေါနာမ - ဘာဝ မည်သည်၊ ကြိယာ-ကြိယာတည်း၊ သာစ-ထိုကြိယာကိုလည်း၊ ဧတ္ထ-ဤသုတ်၌၊ ကြိယာနုရူပလက္ခဏာဝ-ကြိယာတပါးကို မှတ်သားကြောင်းဖြစ်သော ကြိယာကိုသာ၊ အဓိပ္ပေတာ - အလိုရှိအပ်၏၊] တသ္မိံ ကာလ

ကျမ်းက ဆိုသည်၊ မောဂ္ဂလ္လာန်၌ကား "ဘုရားရှင်၏ ရွှေနှုတ်တော်ထွက် ဝိဘတ်သည် ကပြောင်းကပြန်အနက်ကိုမပြ, သတ္တမိဆိုလျှင် ထုံးစံဖြစ်သော အာဓာရပြဓာနသအနက်ကိုသာ ပြသင့်သည်"ဟု နှလုံးပိုက်၍"သံဃေ-သံဃာ၌"ဟုပင် အနက်ဆိုသည်၊ "သံဃာတော်သည် ပေးခြင်း ကြိယာ၏ တည်ရာ အဓာရလည်း ဖြစ်သင့်သည်" ဟူလို၊ "ယာ ပလာလမယံ"စသော ဂါထာ၌ "ဒဇ္ဇာန စေတိယေ"သာ ပုံစံထုတ်လိုရင်းတည်း။

(၃၂၅) ကဒလီသု ဂဇေ ရက္ခန္တိ——"ရက္ခဏတ္ထာန မိန္တိတံ" သုတ်နှင့် အညီ ရက္ခဓာတ်သည် အပါဒါန် အနက်ကို အမြဲ ဟောသင့်၏-ဟု နှလုံးပိုက်၍ သတ္တမိဝိဘတ်သည် ပဥ္စမိ(အပါဒါန်)အနက်၌ သက်သည်—ဟု ကစ္စည်းကျမ်း ဆိုသည်၊ မောဂ္ဂလ္လာန်၌ကား အာဓာရအနက်သာဟု ယူ၍ "ကဒလီသု-ငှက်ပျောပင်တို့၌"ဟု ဆိုသည်။

(၃၂၆) ကာလော နာမ နိမေသ၊ ပေ၊ ပုဗ္ဗဏှာဒိကော——["ကာလော နာမ နိမေသနာဒိကော"စသည်ဖြင့် ဋီကာဖွင့်သောကြောင့် "ကာလော နာမေသ"ဟု ရှိလျှင် ပါဌ်ပျက်၊ "ကာလော နာမ နိမေသ" စသည် ရှိရမည်။] နိမေသ—ခဏ စသည်တို့သည် ကာလ အတိုအရှည်လိုက်၍ ရအပ်သော နာမည်ထူးတို့တည်း၊ ထိုတွင် မျက်စိတမှိတ်ခန့် (လက်ဖျောက်တချက်တီးခန့်)အချိန်သည် နိမေသမည်၏၊" ခဏော ဒသစ္ဆရကာလော, ခဏာ ဒသ လယော ဘဝေ, လယာ ဒသ ခဏလယော, မုဟုတ္တော တေ သိယာ ဒသ" ဟူသော အဘိဓာန်နှင့် အညီ လက်ဖျောက် ဆယ်ချက်ခန့် တီးရာအခါသည် တခဏ, ဆယ်ခဏသည် တလယ, ဆယ်လယသည် ခဏလယတခု, ခဏလယပေါင်းဆယ်ခုသည် တမုဟုတ်၊ မွန်းမတည့်မီ နံနက်ပိုင်းသည် ပုဗ္ဗဏှ, ဤသို့ စသည်ဖြင့် ကမ္ဘာ များစွာတိုင်အောင်သော အချိန်အခါကို ဤသုတ်၌"ကာလ"ဟု ဆိုသည်။

ဘာဝေါနာမ၊ပေ၊အဓိပ္ပေတာ—ကြိယာသည် မထင်ရှားသော ကြိယာ ထင်ရှားသော ကြိယာ ဟု ၂ မျိုး ရှိ၏၊ မထင်ရှားသော ကြိယာကို ထင်ရှားသော ကြိယာဖြင့် မှတ်သား၍ ပြောလျှင် ကြားရသူတို့ နားလည်လွယ်၏၊ ထို့ကြောင့် ထင်ရှားသောကြိယာသည် မှတ်သားကြောင်း လက္ခဏကြိယာတည်း၊ မထင်ရှားသော ကြိယာကား မှတ်သားအပ်သော လက္ခကြိယာတည်း၊ ဥပမာ—တောင်ဘက်အိမ်၌ နွားမများကို အချိန်မှန်မှန် နို့ညှစ်လေ့ရှိ၏၊ ထို့ကြောင့် တောင်ဘက်အိမ်က နွားနို့ညှစ်ခြင်း ကြိယာသည် ထင်ရှား

www.dhammaransi.com



ဌေဗ္ဗစ - ထို ကာလအနက်၌ပုင်း၊ ဘာဝလက္ခဏော - ကြိယာတပါးကို မှတ်သားကြောင်း ဖြစ်သော၊ (တသ္မိံ) ဘာဝ(ဌေဗ္ဗ)စ-ထို ကြိယာအနက်၌ပုင်း၊ လိင်္ဂမှာ ၊ ပေ ၊ ဟောဘိ။

ကာလေ - အခါဟူသော အနက်၌၊ ( ဥဒါဟရဏံ ) ပုဗ္ဗဏှေ သမယေ- နံနက်အခါ၌၊ ဂတော - သွား၏၊ သာယန္ဟသမယေ - ညချမ်း အခါ၌၊ အာဂတော-ပြန်လာ၏၊ တဿ-ထို မတရားမင်း၏ (နိုင်ငံ၌)၊ အကာလေ- မရွာချိန်၌၊ ဝဿတိ-မိုးရွာ၏၊ တဿ-၏ (နိုင်ငံ၌)၊ ကာလေ-ရွာချိန်၌၊ နဝဿတိ-မိုးမရွာ၊ ဖုဿမာသမှာ - ပြာသိုလမှ၊ တိဿမာသေသု-

၏၊ မြောက်ဘက်အိမ်က ယောကျ်ားတယော ခရီးသွား၍ ပြန်လာရာ၌ သွားခြင်းပြန်ခြင်း ကြိယာကား မထင်ရှား၊ ထို့ကြောင့် ထိုသူ၏ သွားခြင်း ပြန်ခြင်း ကြိယာကို နားလည် အောင် ပြောပြလိုလျှင် ထင်ရှားပြီးဖြစ်သော နို့ညှစ်ခြင်း ကြိယာဖြင့် မှတ်သား၍ "ဂေါသု ဒုယှမာနာသု ဂတော,ဒုဒ္ဓါသု အာဂတော=နွားမများကို နို့ညှစ်အပ်ကုန်သည် ရှိသော် (နို့ညှစ်ချိန်၌) သွားသည်၊ နို့ညှစ်အပ်ကုန်ပြီးသော် (နို့ညှစ်ပြီးချိန်၌) ပြန်လာသည်" ဟု ပြောရလိမ့်မည်၊ထင်ရှားသော နို့ညှစ်ခြင်း ကြိယာသည် လက္ခဏတည်း၊မထင်ရှားသော သွားခြင်း ပြန်လာခြင်းကြိယာကား မှတ်သားအပ်သော လက္ချတည်း၊ ဤသို့ ကြိယာ၌ရ လက္ချခေါ်သောကြိယာတပါးကို+ဥပလက္ခဏ=မှတ်သားကြောင်းဖြစ်သော "လက္ခဏ" ဟု ခေါ်သော ကြိယာကို ဤသုတ်၌ " ဘာဝ " ဟု ဆိုသည်၊ ထို လက္ခဏ ဘာဝ အနက် (ဝါ-ဘာဝ သက္ခဏ)အနက်၌ သတ္တမီသက်၍ "ဒုယှမာနာသု, ဒုဒ္ဓါသု" ဟု ဖြစ်ရသည်။

[တက္ကဗောဓိနီ] နိဋ္ဌာယကာလာဟိကြိယာ အနိဋ္ဌာယ ကာလာယ ကြိယာယ ကာလ ပရိစ္ဆေဒကတ္တာ လက္ခဏံ၊.... ဆုံးဖြတ်အပ်ပြီးသော ကာလ ရှိသော ( ထင်ရှားသော ကာလရှိသော ) ကြိယာသည် မဆုံးဖြတ်အပ် (မထင်ရှား) သော ကာလရှိသော ကြိယာ၏ ကာလကို ပိုင်းခြား သတ်မှတ်တတ်သည့် အဖြစ်ကြောင့် လက္ခဏ မည်သည်။

လက္ခဏာဝန္တ၌လည်း ဤသုတ်ဖြင့် သက် ။ ။ ဒုယှမာနာသု ဟူသော လက္ခဏာ၌ ဤသုတ်ဖြင့် သတ္တမီသက်လျှင် ဂေါသု စသော လက္ခဏဝန္တတို့၌လည်း ဒုယှမာနာသုနှင့် အရတူ တုလျာဓိကရဏ ဖြစ်သောကြောင့် ဤသုတ်ဖြင့်ပင် သတ္တမီဝိဘတ် သက်ရမည်၊ ထို့ကြောင့် "သမာနာဓိကရဏတ္တာ ဥဘယတြ ( ဂေါသု, ဒုယှမာနာသု-၂ ပုဒ်လုံး၌ ) သတ္တမီ" ဟု ကာတန္တ ဋီကာမိန့်သည်၊ [ ပဓာန-အပ္ပဓာန ၂ မျိုးတွင် ပဓာန ဖြစ်သော ဝိသေသျ(ဤ၌ လက္ခဏ)ကို ယူလိုက်သည့်အခါ အပဓာန (ဤ၌ လက္ခဏာဝန္တ) ကိုလည်း ယူပြီး ဖြစ်တော့၏၊ ဥပမာ-လယ်ထွန်ရာသယ် ထွန်နေခံသို့ ရေလိုက်သွားသကဲ့သို့ ပဓာန နောက်သို့ အပဓာနလည်း လိုက်သွားတော့သည်-ဟူလို၊]

ပဓာန မပ္ပဓာနေသု, ပဓာန ဂဟိတေ သတိ၊
ပဟတံ အပ္ပဓာနံ ပိ, နဂ်လာနုဒကံ ယထာ။

www.dhammaransi.com



၃ လဘ်ရှိ၍၊ ဝေသာခမာသော - ကဆုန်လရှိ၏၊ ဇူတော - ၏ ကမ္ဘာမှ သတသဟဿမိုကပ္ပေ-ကမ္ဘာတသိန်း၌၊ စက္ခုမာ-မြတ်စွာဘုရားသည် ဥပ္ပဇ္ဇိ-ပွင့်တော်မူပြီ။

ဘာဝေန ဘာဝလက္ခဏော - ဘာဝေန ဘာဝလက္ခဏ အနက်၌၊ (ဥဒါဟရဏံ)၊ ဘိက္ခုသံဃေသု - ရဟန်းသံဃာတို့ကို၊ ဘောဇီယမာနေသု- ဆွမ်းကျွေးအပ်ကုန်သော်၊ ဂတော-သွား၏၊ ဘုတ္တေသု-ဆွမ်းစားကုန်ပြီးသော်၊ အာဂတော - ပြန်လာ၏၊ ဂါဝီသု - နွားမတို့ကို၊ ဒုယှမာနာသု- နို့ညှစ်အပ်ကုန်သော်၊ ဂတော-သွား၏၊ ဒုဒ္ဓါသု- နို့ညှစ်အပ်ကုန်ပြီးသော်၊ အာဂတော - ပြန်လာ၏၊ သာရိပုတ္တ - သာရိပုတြာ၊ ဗောဓိသတ္တေ-ဘုရားလောင်းသည်၊ဇာယမာနေ-ဖွားတော်မူလတ်သော်၊ အယံ ဒသသဟဿီ လောကဓာတု-၏ တသောင်းသော လောကဓာတ်သည်၊ သင်္ကမ္ပိ-အရှေ့ အနောက်၌ ပြင်းစွာတုန်လှုပ်ပြီ၊ သမ္ပကမ္ပိ-တောင်မြောက်၌ ပြင်းစွာအပြားအားဖြင့် တုန်လှုပ်ပြီ၊ သမ္ပဝေဓိ-အလယ်, အစွန်အဖျား၌ ပြင်းစွာအပြားအားဖြင့် တုန်လှုပ်ပြီ၊ လောကနာယကေ-မြတ်စွာ

ကာလေ, ပုဗ္ဗဏှ သမယေ ၊ ပေ ၊ စက္ခုမာ— [“အဟ=နေ့၏+ပုဗ္ဗ=ရှေ့ (နေ့၏ရှေ့ပိုင်း, နံနက်)၊ အဟကို သုတ်ကြီးဖြင့် “ အဏှ ” ပြု၍ “ ပုဗ္ဗဏှ ” ဟု ဖြစ်၏၊] ပုဗ္ဗဏှသမယေမှစ၍ သတသဟဿမို ကပ္ပေ တိုင်အောင် ဤသုတ်ဖြင့် ကာလအနက်၌ သတ္တမီသက်သည်၊ [မောဂ္ဂလ္လာန် စသော သဒ္ဒါကျမ်း အချို့ကား ဤ ကာလ သတ္တမီကို ဝိသယသတ္တမီ (ဝိသယာဓာရ၌“ဩကာသေ သတ္တမီ”သုတ်ဖြင့် ပြီး၏) ဟု ယူ၍ ဤသုတ်မျိုးဝယ် ကာလ အနက်ကို မဆိုကြ။ ဘာဝ တနက်သာ ဆိုကြသည်၊ ဤသုတ်၌ ‘ကာလ”အနက်ကိုလည်း ယူလိုကြသော ကလာပ်ကျမ်း၏ ဋီကာတို့၌မူ “အကာလေ တဿ ဝဿတိ= မရွာသင့်သော အခါ၌”ဟု အာဓာရ ထားသော်လည်း“အာဓာရ”ကို ဆိုလိုရင်းမဟုတ်, မိုးရွာချိန်ကို အထူးပြုသော ဝိသေသနကိုသာ ဆိုလိုသည်၊ ထိုကဲ့သို့သော ဝိသေသနမျိုး၌ တတိယာဝိဘတ် မသက်ရ – သတ္တမီသာ သက်ရမည်– ဟု သိစေလိုသောကြောင့် ဤသုတ်၌ ကာလအနက်ကို ပြသည်-ဟု ဖွင့်ကြသည်။]

ဘာဝေန ဘာဝလက္ခဏော ၊ ပေ ၊ ဟောတိ—သုတ်၌“ဘာဝ”ကို“လက္ခဏ ဘာဝ (မှတ်သားကြောင်း ကြိယာ)” ဟု ဆိုခဲ့ပြီ၊ ထို လက္ခဏဘာဝကိုပင် “ ဘာဝေန ဘာဝ လက္ခဏ ” ဟု လည်း ကျမ်းဂန်တို့၌ သုံးနှုန်း၏၊ ဘာဝေန–ထင်ရှားသော ကြိယာဖြင့်၊ ဘာဝလက္ခဏံ-မထင်ရှားသောကြိယာကို မှတ်သားခြင်းသည်၊ ဘာဝေန ဘာဝလက္ခဏံ-မည်၏၊ [၊ ဘာဝေန၌ နာဝိဘတ် မကြေသော အလုတ္တတပ္ပုရိသ် သမာသ် တည်း၊ ]၊ “ဘာဝလက္ခဏ” ဟု လည်း သုံးစွဲလေ့ရှိသည်၊ [ ကြွင်းသော မှတ်ဖွယ်များကို ကစ္စည်းဋီကာမှာ ရှု။]

www.dhammaransi.com



ဘုရားသည်၊ ဂစ္ဆန္တေ- ကြွတော်မူလတ်သော်၊ ပါသာဏာ - ကြော်ခဲတို့သည်ရင်း၊ သက္ခရာစေဝ - ကြောက်စရစ်တို့ သည်ရင်း၊ ကထလာ- အိုးခြမ်းတို့ သည်ရင်း၊ ခါဏုကဏ္ဍကာ - သစ်ငုတ် ဆူးတို့သည် ရင်း၊ သဗ္ဗေ - အလုံးစုံတို့သည်၊ မဂ္ဂါ-လမ်းမှ၊ ဝိဝဇ္ဇေန္တိ-ရှောင်လွှဲကြကုန်၏၊ ဣမသ္မိံ-ဤအကြောင်းသည်၊ သတိ-ရှိလတ်သော်၊ ဣဒံ-ဤအကျိုးသည်၊ ဟောတိ၊ ဣစ္စာဒိ။

**ဟိတ်ဝင်သော လက္ခဏ ။** ။ လက္ချနှင့် လက္ခဏကို ပေါင်းစပ်၍ ကြည့်သည့်အခါ လက္ချက အကျိုး, လက္ခဏက အကြောင်းဖြစ်လျှင် လက္ခဏပုဒ်၌ ဟိတ် အနက်လည်း ဝင်၏၊ ပုံစံကား— "ဣမသ္မိံ သတိ ဣဒံ ဟောတိ" တည်း၊ ဤ၌ အဝိဇ္ဇာကြောင့် သင်္ခါရ ဖြစ်ရကား "ဣမသ္မိံသတိ" အရ အဝိဇ္ဇာသည် အကြောင်း,ဣဒံဟောတိ အရ သင်္ခါရသည် အကျိုး၊ ဤသို့ အကြောင်း အကျိုး ပြန်၍ရသောကြောင့် "ဣမသ္မိံ-ဤ အဝိဇ္ဇာ စသော အကြောင်းသည်၊သတိ-ရှိသော်(လက္ခဏ)၊ ဣမသ္မိံ-ဤအဝိဇ္ဇာစသော အကြောင်း၏၊ သတိ-ရှိခြင်းကြောင့် (ဟိတ်)၊ ဤသို့ ဟိတ်အနက်ဝင်လျက် ရှိသည်၊ ဇာယမာနေ ခေါ စသော ပါဠိ,ပါသာဏာ သက္ခရာ စသော ဂါထာတို့၌လည်း လက္ခဏပုဒ်ဝယ် "ဖွားတော်မူခြင်းကြောင့်+လှုပ်၏၊ကြွတော်မူခြင်းကြောင့်+ရှောင်လွှဲကြရကုန်၏" ဟု ဟိတ်အနက်ဝင်ပုံကိုသိပါ၊ ဤသို့အကြောင်းအကျိုး ပြန်၍ရသော လက္ခဏကိုပင် ရည်ရွယ်၍ "လက္ခဏပုဒ်, ထုတ်၍အရာ, ရှိသည်မှာ,များစွာဟိတ်လည်း ဝင်သတည်း" ဟု မိန့်တော်မူကြသည်။

**ဟိတ်မဝင်သော လက္ခဏ ။** ။ လက္ခဏနှင့် လက္ချတို့ အကြောင်း အကျိုး ပြန်၍ မရလျှင် ဟိတ် အနက် မဝင်နိုင်၊ ထိုကဲ့သို့ ဟိတ်အနက် မဝင်နိုင်သော လက္ခဏ၌ကား ကာလာဓာရ (အခါကာလဖြစ်သော အာဓာရ) သဘော သက်ဝင်သည်၊ ပုံစံကား— "ဘိက္ခုသံဃေသု ဘောဇိယမာနေသု ဂတော ပုရိသော" တည်း၊ ဤပုံစံ၌ ရဟန်းတို့ကို ဆွမ်းကပ်ခြင်းကြောင့် သွားသည် မဟုတ်, သူ့ကိစ္စကြောင့် သွားသည်၊ သို့သော် ဆွမ်းကပ်ချိန် အခါ၌ သွားသောကြောင့် ဘောဇိယမာနေသုဝယ် အာဓာရ သဘောလည်း ပါဝင်သည်၊ "ဘိက္ခု-တို့ကို၊ ဘောဇိယမာနေသု - ဆွမ်းကျွေးအပ်ကုန်သော်၊ ဝါ— ဆွမ်းကျွေးချိန်၌" ဟု ပေး၊ "ဘုတ္တေသု-ဒုယှမာနာသု-ဒုဒ္ဓါသု" တို့၌လည်း နည်းတူ၊ ဤ ဘောဇိယမာနေသု စသည်၌ မာန ပစ္စည်းသည် ပစ္စုပ္ပန် အနက်ဟောတည်း၊ ထို့ကြောင့် "ဘောဇိယမာနေသု-ဆွမ်းကျွေးအပ်စဉ်, ဆွမ်းကျွေးအပ်ခိုက်, ဆွမ်းကျွေးအင်တုန်း" ဟုလည်းအနက်ဆိုနိုင်သည်၊ ဒုယှမာနာသုလည်း နည်းတူ၊ဘုတ္တာသု စသည်၌ တပစ္စည်းကား အတိတ် ကတ္တားဟောတည်း၊ ထို့ကြောင့် "ဘုတ္တေသု-ဆွမ်းစားကုန်ပြီးသော်" ဟူသော ဆိုနိုင်သည်။

[ဆောင်] ၁။ လက္ချနှင့်ပေါင်း, ကျိုးကြောင်းပြန်ရ, လက္ခဏ, မုချ ဟိတ်လည်းဝင်။
၂။ ကျိုးကြောင်း၂တန်, မပြန်နိုင်က, လက္ခဏ, အာဓာရ သဘောပင်။
၃။ ပစ္စုပ္ပန်နက်, ပစ္စည်းတွက်မူ, လက္ခဏထုံး, စဉ်-ခိုက်-တုန်း, သုံးလေ အနက်တွင်။

www.dhammaransi.com



(၃၂၇) ဥပါချာမိ ကိဿရငစေနု၊ ၃၁၄ ။ [ရုဒ် - ဤသုတ်သည်၊ ဒွိပဒ် - ၂ပုဒ် ရှိ၏၊] အဓိကစ္စေ - အပိုအလွန် ဟူသော အနက်၌ရင်၊ ကိဿရစ္စေစ - အစိုးရရှိသူဟူသော အနက်၌ရင်း၊ ဝတ္တမာနေဟိ - ဖြစ်ကုန်သော၊ ဥပအဓိကိုစွေတေဟိ - ဥပ , အမိဟူသော ဤသဒ္ဒါတို့နှင့်၊ ယောဂေ-ယှဉ်ခြင်းသည်၊ (သတိ-သော်) အဓိကိဿရဝစနေ-အဓိက အနက် ကိဿရ အနက်ကို ဟောသောသဒ္ဒါကို၊ဂမျမာနေ-သိအပ်သော်၊ လိင်္ဂမှာ၊ ပေ၊ ဟောဘိ။

အဓိကငစနေ - အပိုအလွန်အနက်ကို ဟောရာ၌၊ (ဥဒါဟရဏံ)၊ ခါရိယံ-တတ္ခုထက်၊ဥပ-ပိုလွန်သော၊ဒေါဏော- တစိတ်၊ခါရိယာ-ထက်၊ ဒေါဏော-တစိတ်သည်၊ အဓိကော-ပိုလွန်၏၊ ဣတိ အတ္ထော၊ တထာ- ထို့အတူ၊ နိက္ခေ-တနိက္ခထက်၊ ဥပ-ပိုလွန်သော၊ ကဟာပဏံ-တကျပ်၊

ပဋ္ဌမာစသော ဝိဘတ်ဖြင့်နေနိုင်ပုံ။ ။မာန အန္တပစ္စည်းတို့သည် သူတို့ကိုယ်တိုင် လက္ခဏအနက်ကို ဟောနိုင်ကြ၏၊ ["အန္တော ကတ္တရိ မာနောတု,ဘာဝေကမ္မနိကတ္တရိ၊ ပစ္စုပ္ပန္နေ လက္ခဏေစ , ဟေတွတ္ထေစ ဘဝန္တိတေ"(ဘေဒစိန္တာ)။] ထို့ကြောင့် မာနအန္တ ပစ္စည်းနှင့် တွဲဘက်၍ ပဌမာ စသော ဝိဘတ်များသက်ရာ၌ လက္ခဏအနက်ကို ဝိဘတ်က ဟောသည်မဟုတ်, မာန အန္တ ပစ္စည်းက ဟော၏၊ ပဌမာစသော ဝိဘတ်တို့မှာ ထုံးစံ အတိုင်း လိန်အနက်စသည်၌ ဖြစ်ကြရသည်၊ ဤသုတ်ဖြင့် သတ္တမီသက်ရာ၌ကား ဝိဘတ် ကလည်း လက္ခဏအနက်ကိုဟောသည်၊ ဤစကားအရ "ဧဝံ ဝုတ္တေ-ဤသို့ဆိုအပ်သော်" ဟု လက္ခဏ အနက်ပေးရာ၌ သတ္တမီဝိဘတ်နက်ဟု မှတ်၊ "ဧဝံ ဝုတ္တော" ဟု ရှိရာ၌ကား တပစ္စည်း-သိဝိဘတ် ၂ မျိုးလုံးပင် လက္ခဏအနက်ကို မဟောနိုင်သောကြောင့် "ဧဝံ ဝုတ္တော-ဤသို့ဆိုအပ်သည်ရှိသော်"ဟု အနက်မပေးနိုင်၊ လက္ခဏ အနက်ပေးခွင့် ရောက် လျှင် "ဧဝံ-ဤသို့၊ ဝုတ္တော-ဆိုအပ်သည်၊ (သမာနော-ဖြစ်လတ်သော်၊) ဟု မာနပစ္စယန္တ ပုဒ်ဖြင့်ကူစွက်မှ လက္ခဏအနက်ထွက်၏၊- "ဂစ္ဆန္တော(သွားလတ်သော်)ဘာရ ဒွါဇဟံ သော,အဒ္ဒသ အစ္စုတံ ဣသိ"၌လည်း ဂစ္ဆန္တော၌ယ်အန္တပစ္စည်းအတွက် လက္ခဏအနက် ပေးနိုင်သည်။

(၃၂၇) ဒွိပဒ မိဒံ—"ဥပါဓိ+အဓိကိဿရဝစနေ" ဟု ပုဒ်ဖြတ်၍ ၂ ပုဒ်ရှိသော သုတ်ဟု မှတ်၊ "ဥပါဓိဟိ"ဟု ဆိုလိုလျက် သုတ်ကြီးဖြင့် ဟိဝိဘတ်ကို ချေထားသည်-ဟု ပြလို၍ "ဥပအဓိန္ဒေစ္စေတေဟိ" ဟု ဝုတ္တိ၌ရင်း "ဟိသဒ္ဒေါ လုတ္တန်ဒွိဓာ"ဟု နိကာယ၌ရင်း ဖွင့်သည်၊ "အဓိကစ္စေ၊ပေ၊ယောဂေ" ၌ အဓိကစ္စေ ကိဿရစ္စေတို့သည် သုတ်၌ပါသော "အဓိကိဿရဝစနေ" ၏ အဖွင့် မဟုတ် ဥပ အဓိတို့ အဓိက အနက် ကိဿရ အနက် ဟောကြောင်းကို ပြသော ပက္ခိပ္ပနစုဏ္ဏိ တည်း၊ထိုတွင် ဥပသည် အဓိကအနက်ကို ဟော၍ အဓိသဒ္ဒါကား (ရှုပါဒွိအလို) အဓိကကိဿရ ၂ နက်ဟောဟု မှတ်၊ အခြားကျမ်းများ၌ကား ကိဿရတနက်သာ ဖွင့်သည်။

www.dhammaransi.com



**ဒွေငေသု - နှစ်ထွေ့ထက်၊ အခိ - သာ:လွန်သော၊ ဗုဒ္ဓေါ-ဘုရား၊ သမ္ပတိ ဥပပတ္တိ ဝိသုဒ္ဓိဒေဝသင်္ခါတေဟိ - သမ္မုတိနတ်, ဥပပတ္တိနတ်, ဝိသုဒ္ဓိနတ်**

**အဓိကိဿရ ဝစနေ ဂမ္ဘာရနေ** — ဤအဖွင့်သည် ထုတ်နှုတ်ပါသော အဓိကိဿရ ဝစနေ၏ အဖွင့်တည်း၊ ထိုတွင် အဓိကဝစနေဖြင့် အလွန်အကဲ အနက်ကို ဟောသော ဒေါဏ-ကဟာပဏ- ဗုဒ္ဓတို့ကို ယူ၊ ဣဿရဝစနေဖြင့် အစိုးရရှိသူ ဟူသော အနက်ဟော ပဋ္ဌလာကို ယူ၊ ဒေါဏ စသော သဒ္ဒါတို့က အဓိကအနက် ဣဿရ အနက်ကို ဟောသော သဒ္ဒါများဖြစ်လျှင် ခါရီ စသော လိင်မှနေ၍ သတ္တမီဝိဘတ် သက်-ဟူလို၊ [ဂမ္ဘာရနေ-ဟူလာသမျှ ထိုဂမ္ဘာရနေဖြင့် ပြအပ်သော ပဒ်ဝယ် ဝိဘတ်သက်လေ့ မရှိ, အခြားတွဲဘက် ပုဒ်၌သာ သက်လေ့ရှိသည်၊ အန္တာရေစ-စသော သုတ်များကို ပြန်ကြည့်ပါ၊ "အန္တာရေ ဂမ္ဘာရနေ" ဆို၍ အန္တာရိယ လိင်နေ၍ ဝိဘတ်သက် ပုံစသည်ကို တွေ့ရလိမ့်မည်၊ ] ဤ ပြခဲ့သော အဓိပ္ပါယ်သည် "အဓိကဒ္ဒေါ ဣဿရဒ္ဒေါစ" ဟု ဥပ-အဓိတို့၏ အနက်ကို ထည့်၍ ဖွင့်ပြသော ရူပသိဒ္ဓိ အဆိုအတိုင်းတည်း၊ မှန်၏- "အဓိကဒ္ဒေါ ဣဿရဒ္ဒေါစ" ဟု ဥပအဓိ တို့၏ အနက်ကို [ပြီးဖြစ်သောကြောင့် အဓိကိဿရဝစနေဖြင့် ထိုဥပအဓိတို့၏ အနက်ကို ပြသည်-ဟု မဆိုနိုင်တော့ရကား ဒေါဏ – ကဟာပဏ စသည်ကိုပင် ပြသည် ဟု ဆိုရ တော့သည်၊ ကစ္စည်းဝုတ္တိ၌ကား ဖွင့်ပုံတမျိုး ဖြစ်သောကြောင့် အဓိပ္ပါယ်တမျိုး ယူရမည်။

**ဥပခါရိယံ ဒေါဏော** — ဥပသဒ္ဒါသည် "အဓိက" အနက်ဟော, ခါရိယံ၌ သတ္တမီ ဝိဘတ်ကား "ထက်" ပေးရသော ဝိဘတ္တအပါဒါန် အနက်ဟော ဟု သိစေလိုသော ကြောင့်"ခါရိယာ ဒေါဏော အဓိကော တျတ္ထော" ဟု ဖွင့်သည်၊ ဤ၌"ခါရီ၏ အပိုအလွန် ဖြစ်သော ဒေါဏ" ဟုရင်း "ခါရီ၌ ပိုလွန်နေသော ဒေါဏ" ဟုရင်း မဆိုဘဲ"ခါရီထက် ပိုလွန်သော ဒေါဏ" ဟု ဝိဘတ္တ အပါဒါန်ဖြင့် ဆိုသောကြောင့်"ခါရီ တခြား ဒေါဏ တခြား"ဟု သိသာ၏၊ ဥပမာ –၂"သုတထက် သီလသည် သာ၏" ဟု ဆိုခဲ့ရာ၌ သုတ တခြား သီလတခြားဖြစ်သကဲ့သို့တည်း၊ သို့ဖြစ်လျှင်" ခါရီထက် ဒေါဏသည် ဘယ်လို ပိုသနည်း, ဘာအားဖြင့် ပိုသနည်း"ဟု မေးဘွယ် ရှိ၏၊ တခါရီ (တတင်း) ဟူသည် ၄တင်း ရှိ၏၊ ဒေါဏ(တစိတ်)ကား ၄ပြည်ရှိ၏၊ စပါး၄တင်းကို ချင့်သည့်အခါ တင်းကြီးဖြင့်ချင့်လျှင် တတင်းသာ ရှိ၏၊ စိတ်တောင်းဖြင့် ချင့်လျှင်ကား ၁၆ စိတ် ရှိသည်၊ ဤ၌ တိုင်းချာသည် ၁-ဖြစ်၍ စိတ်သင်္ချာကား ၁၆ ရှိသောကြောင့် "သင်္ချာအားဖြင့် ခါရီထက် ဒေါဏက ပိုသည်"ဟု ဆိုလိုသည်၊ ထို့ကြောင့် ဋီကာ၌ "ဒေါဏဂ္ဂဟဏဂ္ဂဟဏပရိမာဏာယ – ဒေါဏ ရှစ်ခု နှစ်လီ(ဒေါဏ ၁၆)အတိုင်းအရှည် ရှိသော၊ ခါရိယာ– ခါရီထက်၊ အဓိကော– ပိုလွန်သော၊ (ဒေါဏော–စိတ်)"ဟု ဖွင့်ပြလေသည်၊ ဤကား ရူပသိဒ္ဓိ စာသွားနှင့် ဋီကာကိုမှီသော ဆရာတို့ အဓိပ္ပါယ်တည်း။

**မောဂ္ဂလ္လာန် ဝါဒ ။** ။ သက္ကတသဒ္ဒါကို များစွာမှီသော မောဂ္ဂလ္လာန် နိဿယ သစ်၌ တမျိုး အဓိပ္ပါယ်ကို ပြ၏၊ အဓိက ဟူသည် "အဇ္ဈာရူဠ=တင်ထား အပ်သော,

www.dhammaransi.com



ဟု ဆိုအပ်ကုန်သော၊ တိပိဋကဟိ-၃မျိုး အပြားရှိသည်လည်း ဖြစ်ကုန်သော၊ ဒေဝေဟိ-နတ်တို့ထက်၊ သမ္ဗုဒ္ဓဗုဒ္ဓေါ ၀-သမ္ဗုဒ္ဓတ ဘုရားရှင်သည်သာ၊ အဓိဂေါ - သာလွန်၏၊ ဇာတိ အသွေး၊ ဗြုဿရဝစနံ-အပိုးရရှိသူကို ဟောရာ၌ (ဥဒါဟရဏံ)၊ ပဥ္စာလာ-ပဥ္စာလ တိုင်းသား

ရှိလျှံသော ဝတ္ထု"တည်း၊ ထို့ကြောင့်"ဒေါဏော-ကစိတ်သည်၊ ခါရိယံ-တို့၌၊ ဥပ-ပိုလွန်၏"ဟုရင်း " ခါရိယံ- တို့၏၊ ဥပ-ပိုလွန်သော၊ ဒေါဏော-တစိတ် " ဟုရင်း အနက်ဆို၊ ဤအနက်အလို သင်္ချာအရေအတွက် ပိုလွန်ခြင်းမဟုတ်၊ "ဤ စပါး ဘယ်လောက်ရှိသလဲ"ဟု မေးလျှင်"တစိတ်သည် တတို့၌ လွန်သည်,၀ါ-တတို့နှင့် တစိတ်ရှိသည်"ဟု ဖြေရသော စကားမျိုးတည်း၊ ဤဝါဒသာ ပုံစံ၏ အဓိပ္ပါယ်မှန် ဖြစ်မည် ထင်သည်၊ဆင်ခြင်ကြပါကုန်၊ [တချို့က အဓိကကို " အဇ္ဈာရုဠှ = တင်ထားအပ်သော ဝတ္ထု "ဟု ဖွင့်ပုံကို ကြည့်၍ ၄ တင်းရှိ တို့ကြီး၌ စပါး အပြည့် ထည့်ပြီးလျှင် ထိုတို့ပေါ်၌ တစိတ်ဝင် တောင်းကလေး တင်ထားသည်ကို"ခါရိယံ-တို့၌၊ ဥပ-ပိုလွန်သော၊၀ါ-တင်ထားအပ်သော၊ဒေါဏော-တစိတ်"ဟု အနက် အဓိပ္ပါယ် ဆိုကြသေး၏၊ ဤဝါဒမှာ အဇ္ဈာရုဠှ အဖွင့်၏ အာဘော် ကျမည်မထင်။]

**ဥပ နိက္ခေ ကဟာ ပဏံ** — တပိဿာကို ( ကျပ်တရာကို ) တနိက္ခ ဟု ခေါ်၏၊ ["စတ္တာရော ဝီဟယော ဂုဉ္ဇာ၊ ပေါနိက္ခံ တွ နိက္ခ ပဉ္စတော"ဟူသော(၄၇၀)အဘိဓာန်ကို ကြည့်၊ ရူပသိဒ္ဓိဋီကာ၌ "ပဉ္စဒသ ပရိမာဏ သုဝဏ္ဏတော အဓိကံ"ဟု ဖွင့်သောကြောင့် "တနိက္ခသည် ၁၅ သုဝဏ်ရှိ၏"ဟု ဆိုလို၏၊] တနိက္ခကို ကဟာပဏဖြင့် ရေတွက်သည့်အခါ ကျပ်တရာ ဖြစ်သောကြောင့် နိက္ခ ( ပိဿာ ) အရေအတွက် အားဖြင့် ၁-ဖြစ်၍ ကဟာပဏ(ကျပ်)အရေအတွက်အားဖြင့် ၁၀၀ ဖြစ်၏၊ ဤသို့ သင်္ချာအရေအတွက် သာသည်ကို "ဥပနိက္ခေ ကဟာပဏံ=နိက္ခထက် ပိုလွန်သော ကဟာပဏ"ဟု ရူပသိဒ္ဓိ အလို အဓိပ္ပါယ်ဆို၊ မောဂ္ဂလ္လာန်စသည်တို့အလိုမှု"ကဟာပဏံ-တကျပ်သည်၊ နိက္ခေ-တနိက္ခ၌၊ ဥပ-ပိုလွန်၏၊(တနည်း )နိက္ခေ-တနိက္ခ၏၊ ဥပ-အပိုအလွန် ဖြစ်သော၊ ကဟာပဏံ-တကျပ်"ဟု ပေး၊ "တပိဿာ၌ တကျပ်ပိုသော (၀ါ-တပိဿာနှင့် တကျပ်သားရှိသော) ဝတ္ထု"ဟု အဓိပ္ပါယ် မှတ်၊ ["တပိဿာရှိ နိက္ခပေါ်၌ တကျပ် တင်ထားသည်"ဟူသော အချို့အယူမှာ အာဘော်ကျမည် မဟုတ်။]

**အဓိ ဒေဝေသု ဗုဒ္ဓေါ** — မင်း မိဖုရားနှင့် မင်း၏ သားတော် သမီးတော်များကို "ဒေဝ"ဟု သမုတ်ထားအပ်သောကြောင့်"သမ္မုတိနတ်"ဟုရင်း,စာတုမဟာရာဇ်စသော နတ်ပြဟ္မာများကို နတ် ပဋိသန္ဓေ ရနေရသောကြောင့် " ဥပပတ္တိနတ် " ဟုရင်း, ရဟန္တာများကို နတ်တို့ကဲ့သို့ မိမိတို့ ဈာန်-ဖလသမာပတ်ဖြင့် ထွန်းလင်း တော်ပနိုင်သောကြောင့် "ဒိဗ္ဗန္တိတိ ဒေဝါ"အရ ဒေဝ အမည်ရ၍ ကိလေသာတို့မှ စင်ကြယ်သောကြောင့်"ဝိသုဒ္ဓိ

www.dhammaransi.com



တို့သည်၊ ဗြဟ္မဒတ္တော – ဗြဟ္မဒတ်မင်း၏၊ အဓိ – ကျေးကျွန်တို့တည်း၊ ပဉ္စာလာ–တို့သည်၊ ဗြဟ္မဒတ္တံသဃရာ-ဗြဟ္မဒတ်မင်းဟူသော အစိုးရသူ ရှိကုန်၏၊ ဣတိ အဋ္ဌော။

ဒေဝ”ဟုရင်း ခေါ်သည်၊ ဗုဒ္ဓသည် ထိုနတ်၃မျိုးထက် ဂုဏ်အားဖြင့်သာလွန်သောကြောင့် “အဓိ ဒေဝေသု ဗုဒ္ဓေါ”ဟု ဆိုသည်၊ ဤပုံစံ၌ အဓိသဒ္ဒါသည် “အဓိက” အနက်ပင် ရှိ၏၊ အခြားသဒ္ဒါကျမ်းတို့၌ကား “ဗုဒ္ဓေါ-ဘုရားသည်၊ ဒေဝေသု-နတ်တို့၌၊ အဓိ-အစိုးရ၏”ဟု အနက်ဆို၍ အဓိသဒ္ဒါကိုလည်း ဣဿရအနက်ရှိ၏–ဟု ဆိုသည်၊ ထိုအဆိုသည် ဥပ၏ အဓိကတ္ထ–အဓိ၏ ဣဿရတ္ထ ဟု အစဉ်ကျသောကြောင့် သာ၍ သင့်မြတ်ဟန်ရှိသည်။

*မှတ်ချက်။ ။“သမ္ဗုတိ၊ ပေ၊ တိဒိဓေဟိ ဒေဝေဟိ သဗ္ဗညုဗုဒ္ဓေါ၀ အဓိကော” ဟု ဖွင့်သော ရူပသိဒ္ဓိ အလိုအားဖြင့်“အဓိဒေဝေသု ဗုဒ္ဓေါ”၌ ဗုဒ္ဓနှင့် ဒေဝတို့သည် ကွဲပြားပြီး (ဝိဘတ္တ)ဖြစ်ကြ၏၊ “ဗုဒ္ဓသည် ဒေဝတို့ထက် (ဘာအားဖြင့်) သာလွန်သနည်း”မေးလျှင် “ ဂုဏ်အားဖြင့် သာလွန်သည် ” ဟု ဖြေရသကဲ့သို့, ထို့အတူ “ခါရိထက် ဒေါဏသည် လွန်၏, နိက္ခထက် ကဟာပဏသည် လွန်၏” ဟူရာ၌လည်း “သင်္ချာအားဖြင့် လွန်သည်” ဟူသော အဖြေသည် ( အခြားကျမ်းတို့ အလို မကျခဲ့ကာမူ ) ရူပသိဒ္ဓိ အလိုကျသော အဖြေပင် ဖြစ်သင့်သည်။

အဓိ ဗြဟ္မဒတ္တေ ပဉ္စာလာ — ဤ၌ အဓိနှင့် ပဉ္စာလာတို့သည် အရတူ၏၊ ပဉ္စာလ တိုင်းသားတို့သည် ဣဿရ ( အစိုးရသူ ) မဟုတ်၊ အစိုးရရှိသော ကျေးကျွန်များသာ ဖြစ်ကြသည်၊ ထို့ကြောင့်ဤပုံစံနှင့်တဲ့အောင် “ဣဿရဝစနေ”၌ ဣဿရအရ အစိုးရရှိသူ (ကျေးကျွန်) ကို ယူခဲ့ရသည်၊ “ဗြဟ္မဒတ္တံသဃရာ ပဉ္စာလာ=ပဉ္စာလ တိုင်းသားတို့သည် ဗြဟ္မဒတ်မင်း ဟူသော အစိုးရသူ ရှိကုန်၏” ဟူသော အနက်ဖွင့်၌လည်း “ဗြဟ္မဒတ်မင်း ဟူသော အစိုးရသူရှိလျှင်,ဗြဟ္မဒတ်မင်း၏ကျေးကျွန် (ဗြဟ္မဒတ်မင်း၏တိုင်းသူပြည်သား) များ ဖြစ်ကြောင်း ထင်ရှားသည်၊ ဤကား ဣဿရ အနက်၌ ပုံစံ တခုကိုသာ ပြသော ရူပသိဒ္ဓိအလိုတည်း။

အခြားကျမ်းများ အလို။ ။“ အဓိ ဗြဟ္မဒတ္တေ ပဉ္စာလာ ” အပြင် “ အဓိ နစ္စေသု ဂေါတမိ, အဓိဒေဝေသု ဗုဒ္ဓေါ”ကိုလည်း ဣဿရတ္ထ အဘွက် ပုံစံထုတ်သော သဒ္ဒါကျမ်း များအလိုအားဖြင့် ဣဿရဝစနေ၌ “ဣဿရ–ဣဿရဝန္တ” ၂ မျိုးကို ဧကသေသ်လုပ်၍ ဣဿရဟု ဆိုထားသည်၊ [ဣဿရ=အစိုးရသူ,အရှင်သခင်၊ ဣဿရဝန္တ=အစိုးရရှိသူ, အုပ်စိုးခံရသူ (ကျေးတော် ကျွန်တော်)၊ ] ဂေါတမိ-ဂေါတမိသည်၊ နစ္စေသု-ကခြေသည်တို့၌၊ဝါ-တို့၏၊အဓိ-အစိုးရသူတည်း၊ဝါ-အရှင်သခင်တည်း၊ဗုဒ္ဓေါ-မြတ်စွာဘုရားသည်၊ ဒေဝေသု-နတ်တို့၌၊ ဝါ–တို့၏၊ အဓိ–အစိုးရသော အရှင်မြတ်တည်း၊ ဤ ပုံစံများ၌ အဓိသဒ္ဒါသည် ဣဿရ အနက်ဟောတည်း၊ အဓိ ဗြဟ္မဒတ္တေ၌ အဓိကား ဣဿရဝန္တ အနက်ဟောတည်း။

www.dhammaransi.com



(၃၂၈) မဏ္ဍိတုဿုက္ကေသု တတိယာစ။ ၃၂၈။ မဏ္ဍိတ ဥဿုက္ကေသူတိ - ကြည်လင်သူ, အားထုတ်သူ၏ အဖြစ်ဟူ ဆိုနိုင်သော၊ ဧတေသု အဋ္ဌသု - ဤအနက်တို့ကို၊ ဂမျမာနေသု-ဆိုနိုင်သော်၊ လိင်မှာ တတိယာ ဝိဘတ္တိ ဟောတိ, သတ္တမီစ - သတ္တမီဝိဘတ်သည်လည်း၊ (ဟောတိ)၊ ပန - ဆက်၊ ဧတ္ထ - ဤမဏ္ဍိတ ဥဿုက္ကသဒ္ဒါတို့တွင်၊ မဏ္ဍိတသဒ္ဒေါ- မဏ္ဍိတ သဒ္ဒါသည် ပသန္နတ္တ ဝါစကော - ကြည်လင်သူ ဟူသော အနက်ကိုဟော၏၊ ဥဿုက္ကသဒ္ဒေါ- သည်၊ သဉ္ဇာတဉ္ဆော- အားထုတ်ခြင်းရှိသူ ဟူသော အနက်ရှိ၏၊ သပ္ပုရိသော - သူတော်ကောင်းသည်၊ ဉာဏေန-ဉာဏ်ဖြင့်၊ ပသန္နော-ကြည်လင်၏၊ ဉာဏသ္မိံ-၌၊ ပသန္နော-၏၊ ဉာဏေန, ဥဿုက္ကော-အားထုတ်၏၊ ဉာဏသ္မိံ-၌၊ ဥဿုက္ကော-၏။

သမာသ်မဟုတ်, ဝါကျသာ။ ။ "ဥပခါရိယံ၊ပေ၊အဓိ ဗြဟ္မဒတ္တေ" တို့၌ ဥပနှင့် ခါရိ စသည်တို့သည် သမာသ်လော-ဝါကျလော ဟု တွေးတောဘွယ် ရှိ၏၊ အဓိ ဗြဟ္မ ဒတ္တေ၌ "ဗြဟ္မဒတ္တိဿရာ" ဟု ရူပသိဒ္ဓိဖွင့်သောကြောင့်လည်း "အဓိဗြဟ္မဒတ္တေ" သည် သမာသ်ပုဒ်လေလား-ဟု သာ၍ ယုံမှားဘွယ်ရှိသည်၊ အဖြေကား—အကယ်၍ သမာသ် ဖြစ်လျှင် "အဓိဗြဟ္မဒတ္တေ-အစိုးရသော ဗြဟ္မဒတ်မင်း၌၊ ပဉ္စာလာ—ပဉ္စာလ တိုင်းသား တို့" ဟုရင်း "အဓိ ဗြဟ္မဒတ္တ-အစိုးရသော ဗြဟ္မဒတ်မင်း ဟူကုန်သော၊ ပဉ္စလာ-တို့" ဟုရင်း အဓိပ္ပါယ် မရှိသောအနက်ကို ပေးရလိမ့်မည်၊ ထို့ကြောင့် အဓိဗြဟ္မဒတ္တသည် သမာသ်မဟုတ်, ဝါကျသာ၊ ကာရကခဏ်းဝယ် ယုတ္တ - ယောဂ ပုဒ်တို့ဖြင့် ဖွင့်သမျှ သမာသ် မဟုတ် ဝါကျများသာ ဖြစ်၏၊ ဥပမာ—သဟာဒိယောဂ ဆိုလျှင် "သဟ နှင့် ဂစ္ဆေန"တို့ သမာသ် မဟုတ်၊ ဓာတု ယောဂဆိုလျှင် ဟိမဝတာနှင့် ပဘဝန္တိ တို့ သမာသ် မဟုတ် စသည်တည်း၊ ထို့ကြောင့် "ခါရိသု-တို့၌+ဥပ-ပိုလွန်သော" ဟု ခွဲ၍ပေးပေး "ဥပခါရိယံ-တို့၌ ပိုလွန်သော" ဟု ပေါင်း၍ ပေးပေး "ဥပ+ခါရိ" စသည်တို့ သမာသ် မဟုတ်, ဝါကျပုဒ်များသာ-ဟုမှတ်၊ အဓိဗြဟ္မဒတ္တေကို ဗြဟ္မဒတ္တိဿရာ"ဟု ရူပသိဒ္ဓိဖွင့် ခြင်းမှာလည်း အဓိပ္ပါယ် ထင်ရှားအောင် ဖွင့်ခြင်းသာ၊ [ ဤဥပ+အဓိသဒ္ဒါပုဒ်သည် "ဓာတွတ္ထံ ဥပစ္စ သဒ္ဒေန္တိ" နှင့်ညီအောင် ဓာတ်နက်ကို မပြင်ဆင် နိုင်သောကြောင့် ဥပသာရ အမည် မရကြ, ကမ္မပ္ပဝစနီယတို့သာ မည်၏၊ ကစ္စည်းကျမ်းလာ ကမ္မပ္ပစနီယ ယုတ္တေသုတ်နှင့် မဆိုင်သော ကမ္မပ္ပဝစနီယတွေ သက္ကတ၌ များစွာရှိလေသည်၊ "အပ+ သာလာယ, ပတိ သာရိပုတ္တော" တို့၌ အပ-ပတိတို့လည်း ကမ္မပ္ပဝစနီယပင်။]

(၃၂၈) မဏ္ဍိတုဿုက္ကေသု တတိယာစ — မဏ္ဍာသဒ္ဒါ "အကြည်" အနက် ဟောတည်း၊ "မဏ္ဍာ ယဿ အတ္ထီတိ" ဟူသော ဝိဂြိုဟ်အရ ကြည်လင်ခြင်း ရှိသူကို "မဏ္ဍိတ" ဟု ခေါ်၏၊ ["ပဏ္ဍိတ—ပညာရှိသူ" ဟူသကဲ့သို့တည်း၊] ဥဿုကဿ— အားထုတ်သူ၏၊ ဘာဝေါ-ဖြစ်ကြောင်းသည်၊ ဥဿုက္ကံ-မည်၏၊ "ဥဿုက္က-အားထုတ်

www.dhammaransi.com



ကာရကံ-ကာရကသည်၊ သညာဝသာ-သညာ၏ အပြားအားဖြင့်၊ ဆဗ္ဗိဓံ - ၆ ပါး အပြားရှိ၏၊ ပဘေဒါ - အပြားအားဖြင့်၊ ဆဗ္ဗီသတိ ဝိဓံ-၂၆ပါးအပြားရှိ၏၊ ကမ္မံ-ကမ္မကာရကသည်၊ သတ္တဓာ - ၇ ပါး ပြား၏၊ ကတ္တာ-ကတ္တုကာရကသည်၊ ပဉ္စဝိဓော - ၅ပါးအပြားရှိသည့် ဘာဝေ-ဖြစ်၏၊ ကရဏံ-ကရဏ ကာရကသည်၊ ဒွိဝိဓံ - ၂ ပါး အပြားရှိသည်၊ ဟောတိ၊ သမ္ပဒါနံ-သမ္ပဒါန ကာရကကို၊ တိဓာ - ၃ ပါး အပြားအားဖြင့်၊ မတံ - သိအပ်၏၊ အပါဒါနံ - အပါဒါန ကာရကသည်၊ ပဉ္စဝိဓံ - ၅ ပါး အပြားရှိ၏၊ အာဓာရော တု-အာဓာရကာရကသည်ကား၊ ပါ-သြကာသ ကာရကသည်ကား၊ စတုဗ္ဗိဓော - ၄ ပါး အပြားရှိ၏။

ခြင်းရှိသူ၏ အဖြစ် ” ဟူသည် အားထုတ်ခြင်း ကြီယာပင်တည်း၊ သို့သော် “ ဉာဏေန ဉဿုက္ကော ” နှင့် “ သပ္ပဒိုသော ” ဟု ပုဂ္ဂိုလ်ကို ပြထားသောကြောင့်“ဉဿုက္ကံ ယဿ အတ္ထီတိ ဉဿုက္ကော ” ဟု ဝိဂြိုဟ်ပြု၍ “အားထုတ်ခြင်းရှိသူ” ကို “ဉဿုက္က”ခေါ်သည် ဟု မှတ်၊ ဤသို့ မဏ္ဍိတအနက် ဉဿုက္ကအနက်ကို ဝါကျတခုအတွင်း၌ သိအပ်လို့ရှိလျှင် ထို မဏ္ဍိတ ဉဿုက္ကတို့နှင့် တွဲဘက်လိန်နေသော တတိယာဝိဘတ်သက်, တတိယာစဉ့် စသဒ္ဒါဖြင့် သတ္တမီကို ပေါင်း၍ သတ္တမီလည်း သက်။

ဉာဏေန၊ ပေ၊ သပ္ပဒိုသော—ပုံစံများ၌“သူတော်ကောင်းဖြစ်သူသည် ဉာဏ်နှင့် ဆိုင်ရာ၌ အားထုတ်၏, ဟူလို၊ “ ဉာဏေန-ကြောင့် ” ဟု ဟိတ် အနက်, “ဉာဏသ္မိံ-ကြောင့်”ဟု နိမိတ်အနက်လည်း ပေးကြသေး၏၊ ဟိတ်-နိမိတ်အနက်များကို အလိုရှိလျှင် အထူးဆိုသင့်၏၊ အထူး မဆိုပုံကို ထောက်သဖြင့် ကျမ်းဆရာတို့ကိုယ်တိုင် ရိုးရာ ကရိုဏ်း အနက်-အာဓာရ အနက်၌သာ တတိယာ သတ္တမီ သက်စေလိုကြောင်း ထင်ရှားသည်။

ကာရကံ၊ ပေ၊ သတ္တဓာ ကမ္မံ — ကာရကသည် နာမည်အားဖြင့် ၆ ပါး ရှိ၏၊ ဤ ၆ ပါးကို ရသင့်သမျှ ပြားလိုက်လျှင် ၂၆ ပါး ရှိ၏၊ [သီဟိုဠ်မူ၌“ဆဗ္ဗီသတိ ဝိဓံ”ဟု ရှိ၏၊ မြန်မာမူ၌“ကေူနတိံသဓာ=တခုယုတ် ၃၀ ပြား၏” ဟု ရှိသည်၊] “သတ္တဓာ ကမ္မံ”ဟု သီဟိုဠ်မူရှိရာ၌လည်း“ဒသဓာ ကမ္မံ”ဟု မြန်မာမူရှိ၏၊ သို့သော် ပြခဲ့သော ကံများကို ပြန်၍ ကြည့်သည့်အခါ“နိဗ္ဗတ္တနီယ, ဝိကရဏီယ, ပါပဏီယ, ကထိတ, အကထိတ, အဘိဟိတ, အနဘိဟိတ”ဟု ၇ ပါးသာ တွေ့ရ၏၊ [ဋီကာ၌လည်း ၇ ပါးပင်ဖွင့်သည်၊ ဋီကာ၌ ဣစ္ဆိတ, အနိစ္ဆိတကို မပြဘဲ “ အဘိဟိတ, အနဘိဟိတ ” ကို ပြထား၏၊ ] ရှေးဆရာတို့ကား ဣစ္ဆိတ အနိစ္ဆိတ (သုံးစွဲရိုးဖြစ်သော) နေဝိစ္ဆိတ နာနိစ္ဆိတ ၃ ပါးကိုလည်း ထည့်၍ ကံ ဆယ်ပါး-ဟု ရေတွက်ဟန်ဘူသည်၊ ဤသို့လျှင် ဋီကာအလို ကံ ၇ ပါးသာ ရသောကြောင့် ”သတ္တဓာ ကမ္မံ ” သာ ပါဠိမှန်ဖြစ်၏၊ သတ္တဓာ အမှန်ဖြစ်လျှင် “ ဆဗ္ဗီသတိဝိဓံ=ကေူနတိံသဓာ”ဟူသော ပါဌ် ၂ ထွေတွင် ကေူနတိံသ၌ သံချာ ၃ ခု ပိုနေသောကြောင့် “ဆဗ္ဗီသတိဝိဓံ”ပင် ပါဌ်မှန် ဖြစ်သည်။]

www.dhammaransi.com



ဝိဘတ္တိယော ပန - ဝိဘတ်တို့သည်ကား၊ ပစ္စတ္တဝစနာဒိဝသေန - ပဌမာဝိဘတ် အစရှိသည်တို့၏ အပြားအားဖြင့်၊ အဋ္ဌဝိဓာ-ရှစ်ပါးအပြား ရှိကုန်သည်၊ ဘဝန္တိ - ကုန်၏၊ ယထာဟ - အဘယ်ကဲ့သို့ မိန့်သနည်း၊ ပစ္စတ္တ မုပယောဂဋ္ဌ ၊ ပေ ၊ ဘုမ္မာလပနမဋ္ဌမ န္တိ-ပစ္စတ္တ ၊ ပေ ၊ မဋ္ဌမံဟူ၍၊ အာဟ-မဟာနိရုတ္တိ၌ မိန့်ပြီ၊ [ ပစ္စတ္တံ- ပဌမာဝိဘတ်ဂုင်း၊ ဥပယောဂဋ္ဌ- ဒုတိယာဝိဘတ် ဂုင်း၊ ကရဏံ - ကရိုဏ်းဝိဘတ် ဂုင်း၊ ဝါ - တတိယာ ဝိဘတ်ဂုင်း၊ သမ္ပဒါနိယံ - သမ္ပဒါန်အနက်၌ ယှဉ်သော စတုတ္ထီဝိဘတ်

ကတ္တာ ပဉ္စဝိဓော ၊ ပေ ၊ အာဓာရော စတုဗ္ဗိဓော— သဏ္ဍဓာကမ္မံမှစ၍ "စတုဗ္ဗိဓော" တိုင်အောင်သည် ဆဗ္ဗိသတိအရ အကျယ်ရေတွက်ပြသော စကားတည်း၊ ထို "သဏ္ဍဓာ-ပဉ္စဝိဓော" စသည်တို့ အရကိုလည်း ထိုထို ဝိဘတ်ခဏ်း၌ ရူပသိဒ္ဓိကိုယ်တိုင် ပြခဲ့သော နာမည်များကို ပြန်ကြည့်၍ ရေတွက်ရမည်၊ ထို့ကြောင့် "သဏ္ဍဓာ ကမ္မံ" အရ ပြခဲ့သော အကျယ်ကြည့်၍ ရေတွက်ခဲ့ပြီ၊ "ကတ္တာ ပဉ္စဝိဓော" သုဒ္ဓကတ္တား-ဟေတု- ကမ္မ-အဘိဟိတကတ္တား အနဘိဟိတကတ္တား" တည်း၊ "ကရဏံ ဒုဝိဓံ" အဇ္ဈတ္တိက- ဗာဟိရကရိုဏ်းတည်း၊ "သမ္ပဒါနံ တိဓာ" အနိရာကရဏ-အဇ္ဈေသန-အနုမတိ တည်း၊ "အပါဒါနံ ပဉ္စဝိဓံ" နိဒ္ဒိဋ္ဌဝိသယ-ဥပါတ္တဝိသယ-အနုမေယျဝိသယ-စလ-အစလတည်း၊ "အာဓာရော စတုဗ္ဗိဓော" ဗျာပကာဓာရစသော ၄ ပါးတည်း၊ ဤသို့လျှင် ကံ ၇ ပါး စသည်ဖြင့် ရေတွက်သော် ကာရကအပြား ၂၆ ပါး ရှိသတည်း။

ပစ္စတ္တ ၊ ပေ ၊ ဋ္ဌမံ—ဤ ဂါထာကား ဝိဘတ် ၇ သွယ်ကို အကျဉ်းချုပ်ပြသော ဂါထာ တည်း၊ "ပစ္စတ္တံ" -လိင်္ဂတ္ထေ ပဌမာသုတ်၌ "သလိင်္ဂ, သသင်္ချ, သပရိမာဏ, လိင်္ဂါဒိ ဝိမုတ္တ အတ္ထမတ္တ" ဟု လိင်္ဂတ္ထများစွာကို ပြခဲ့၏၊ ထိုလိင်္ဂတ္ထတို့၏ လိင်နှင့်တကွဖြစ်ခြင်း-သင်္ချာနှင့် တကွဖြစ်ခြင်း စသော အသီးသီး သဘောကို "ပစ္စတ္တ" ဟု ခေါ်၏၊ "ပစ္စတ္တဿ ပရိဒီပကံ ဝစနံ ပစ္စတ္တဝစနံ" ဟု ဆိုလိုလျက် ဝစနံ ဟူသော နောက်ပုဒ်ကို ချေ၍ (ဥတ္တရ ပဒ လောပ တပ္ပုရိသ်အနေအားဖြင့်)ပစ္စတ္တံဟု ဆိုထားသည်၊ ပစ္စတ္တံ-သ လိင်္ဂစသော အသီးသီးသော သဘောကို၊ ပရိဒီပကံ - ပြတတ်သော၊ ဝစနံ - သဒ္ဒါသည်၊ ဝါ - ပဌမာ ဝိဘတ်သည်၊ ပစ္စတ္တံ-မည်၏။

ဥပယောဂံ - "ဥပယုဇ္ဇတေဗ္ဗာ-ကြိယာနှင့် ယှဉ်စပ်, ကပ်ထားအပ်၏၊ ဣတိ-ကြောင့်၊ ဥပယောဂံ-မည်၏၊ ကံ အနက်ကို ကြိယာနှင့် (ကပ်ထားသလို, အပ်ထားသလို)ယှဉ်စပ် အပ်သောကြောင့် "ဥပယောဂ" ဟု ခေါ်၏၊ ဥပယောဂ-ကြိယာနှင့် ယှဉ်စပ်ကပ်အပ် သော ကံအနက်၌၊ ပဝတ္တံ-ဖြစ်သော၊ ဝစနံ-သည်၊ ဝါ-ဒုတိယာဝိဘတ်သည်၊ ဥပယောဂံ- မည်၏၊ [ "ဥပယောဂ ဝစနံ" ဟု ဆိုလိုလျက် "ဝစနံ" ကြေသည်၊ ] ဤကား သီသက္ကန် ဋီကာသစ် နည်းတည်း၊ ရူပသိဒ္ဓိ ဋီကာ၌ကား "ဥပယုဇ္ဇတေ-ခါနံ-နိဗ္ဗတ္တနီယ စသော ကံနှင့် ယှဉ်စပ်အပ်သော၊ ဝစနံ-ဒုတိယာ ဝိဘတ်သည်၊ ဥပယောဂံ-မည်၏" ဟု ဖွင့်သည်။

www.dhammaransi.com



ရင်း၊ နိဿက္ကံ - ပဉ္စမီဝိဘတ် ရင်း၊ သာမိဝစနံ - သာမိဝိဘတ်ရင်း၊ ဝါ-ဆဋ္ဌီဝိဘတ်ရင်း၊ ဘုမ္မံ- သတ္တမီဝိဘတ်ရင်း၊ အဋ္ဌမံ-ရှစ်ခုမြောက်သော၊ အာလပနံ – အာလုပ်ဝိဘတ်ရင်းတည်း။]

ဣတိ – ဤကား၊ ရူပသိဒ္ဓိယံ-၌၊ ဆဋ္ဌော- ၆ ခုမြောက်သော၊ ကာရက-ကဏ္ဍော- ကာရက အခဏ်းတည်း၊

**ကရဏံ၊ပေ၊သာမိဝစနံ** — "ကရဏံဝစနံ-ကရိဏ်းအနက်ကိုဟောသော တတိယာဝိဘတ်"ဟု ဆိုလိုလျက် ဝစနံကိုချေ၍"ကရဏံ"ဟု ဆိုသည်၊သမ္ပဒါနေ-သမ္ပဒါန်အနက်၌ နိယုတ္တံ-ယှဉ်သော ဝိဘတ်သည်၊ သမ္ပဒါနိယံ-မည်၏၊ "နိဿရတိ ဧတသ္မာတိ နိဿက္ကံ" ဧတသ္မာ—ဤအနက်မှ၊ နိဿရတိ- ဖဲခွါတတ်၏၊ ဣတိ–ဤသို့ ဖဲခွါရာ၏ အဖြစ်ကြောင့်၊ နိဿက္ကံ-အပါဒါန်မည်၏၊ နိဿက္ကဿ-အပါဒါန်အနက်ကို၊ ပရိဒီပကံ-ပြသော၊ ဝစနံ-ပဉ္စမီဝိဘတ်သည်၊ နိဿက္ကံ-မည်၏၊ ["ဝစနံ"ပုဒ်ကြေ၊] "သာမိ"ခေါ်ပုံမှာ"ယဿဝါ ပရိဂ္ဂဟော တံသာမိ" သုတ် အတိုင်းတည်း၊ "သာမိနော-သာမိအနက်ကို၊ ပရိဒီပကံ-သော၊ ဝစနံ-ဆဋ္ဌီဝိဘတ်သည်၊ သာမိဝစနံ-မည်၏၊ [မိဒ္ဓ"ဤ"ကို ရသပြု။]

**ဘုမ္မာ လပနံ**—"ဘဝန္တိ ဧတ္ထာတိ ဘုမ္မံ" (သီလက္ခန်ဋီကာသစ် ဝိဂြိုဟ်)၊ ဘူဓာတ်, မ ပစ္စည်း၊ ဧတ္ထ-ဤတည်ရာအရပ်၌၊ ဘဝန္တိ-ဖြစ်ကုန်၏၊ ဣတိ–ထိုသို့ဖြစ်ရာတည်ရာ၏ အဖြစ်ကြောင့်၊ ဘုမ္မံ-မည်၏၊ ဩကာသအနက် တည်း၊ ဘုမ္မဿ-ကို၊ ပရိဒီပကံ ဝစနံ "ဘုမ္မဝစနံ"ဟု ဆိုလိုလျက် "ဝစနံ"ပုဒ်ကြေ၊ ရူပသိဒ္ဓိ ဋီကာ၌ကား "ဘူမိယံ-မြေကြီးနှင့် တူသော တည်ရာဩကာသ အနက်၌၊ဘဝံ-ဖြစ်သော ဝိဘတ်သည်၊ဘုမ္မံ-မည်၏"ဟု ဝိဂြိုဟ်ပြုသည်၊ အာလပနံ၌ အာလုပ် အနက်ကို ပြခဲ့ပြီ၊ "အာလပနဿ ပရိဒီပကံ ဝစနံ အာလပန ဝစနံ"ဟု ဆိုလိုလျက် ဝစနပုဒ်ကြေသည်၊ ဤ အာလုပ်ဝိဘတ်သည် ရှစ်ခုမြောက်ဖြစ်သော ဝိဘတ်ဖြစ်၍ "အဋ္ဌမံ"ဟု မိန့်သည်။

**ကာရကကဏ္ဍောဆဋ္ဌော**—နာမကပ္ပ၌ လာသော ရှေ ၅ ခဏ်းကို ထောင်၍ "ဆဋ္ဌ" ဟု ဆိုခြင်းတည်း၊ ဤ ကာရကကဏ္ဍကိုလည်း နာမကပ္ပ၌ သွင်းထားကြောင်းကို "နာမာနန္တရံ သမာသော ဝုစ္စတိ" ဟု သမာသ် အစ၌ ပြထားသော စကားဖြင့် သိသာ၏၊ ထို့ကြောင့် "ဣတိ ရူပသိဒ္ဓိယံ နာမကပ္ပေ ကာရကကဏ္ဍော ဆဋ္ဌော"ဟု ရှိမှ သင့်မည်။

ဤကား ကာရက ရူပသိဒ္ဓိ
ဘာသာဋီကာ

www.dhammaransi.com

## သမာသ် ဘာသာဋီကာ

(၃၂၉) အထ - ကာရက ကဏ္ဍ၏ အခြားမဲ့၌၊ အညမညသမ္ဗန္ဓိနံ- အချင်းချင်း ဆက်သွယ်ခြင်းရှိကုန်သော၊ နာမာနမေဝ - နာမ်ပုဒ်တို့၏ပင်၊ သမာသော-သမာသ်ဖြစ်၏၊ ဣတိ-ဤသို့၊ နာမနိသိတတ္တာ-နာမ်ပုဒ်တို့၌ မှီသည်၏ အဖြစ်ကြောင့်ရင်း၊ သယံ-မိမိကိုယ်တိုင်၊ (သမာသ်ကိုယ်တိုင်)၊ နာမိကတ္တာစ - နာမ်ဝိဘတ်နှင့် ယှဉ်သည်၏ အဖြစ်ကြောင့်ရင်း၊ နာမာနန္တရံ-နာမ်၏ အခြားမဲ့၌၊ သမာသော-သမာသ်ကို၊ ဝုစ္စတိ-(အရှင်မဟာကစ္စည်းထေရ်)ဆိုအပ်၏၊ [သိမှု၌ "ဝုစ္စတိ" ဟု ရှိ၏။] သောစ-ထိုသမာသ်သည်လည်း၊ သညာဝသေန-နာမည်၏အပြားအားဖြင့်၊ အဗျယီဘာဝေါ- အဗျယီဘော သမာသ်ရင်း၊ ပေ၊ ဒွန္ဒောစ-ရင်း၊ ဣတိ ဆဗ္ဗိဓော။

တတြ-ထို ၆ ပါးတို့တွင်၊ ပဌမံ-စွာ၊ အဗျယီဘာဝသမာသော - ကို၊ ဝုစ္စတေ - ဆိုအပ်၏၊ သောစ-ထိုအဗျယီဘော သမာသ်သည်လည်း၊ နိစ္စ

(၃၂၉) အထ၊ ပေ၊ ဝုစ္စတိ — ကာရက ကဏ္ဍကို ဖွင့်ပြပြီး၍ သမာသ ကဏ္ဍကို ဖွင့်ပြလိုသောကြောင့် "အထ၊ ပေ၊ ဝုစ္စတိ" ဟု မိန့်၊ ထို၌ "နာမာနမေဝ၊ ပေ၊ နာမနိသိတတ္တာ" "သယဉ္စ နာမိကတ္တာ" ဟူသော ဟိတ် ၂ ရပ်ဖြင့် ကာရက ကဏ္ဍ၏ အခြားမဲ့၌ သမာသကဏ္ဍကို (အရှင်ကစ္စည်း ထေရ်) ဆိုရခြင်း၏ အကြောင်းကို ပြ၏၊ နာမာနမေဝ၊ ပေ၊ နာမနိသိတတ္တာ—အချင်းချင်းအနက်အဓိပ္ပါယ် ဆက်သွယ်နေသော နာမ်ပုဒ်တို့ကိုပင် သမာသ် စပ်ရသည့်အတွက် သမာသ် ဟူသည် နာမ်ပုဒ်များကို မှီရသောကြောင့် နာမကဏ္ဍ၏ အခြားမဲ့၌ သမာသကဏ္ဍကို မိန့်ခဲ့ရလေသည်၊ ထို့ပြင်— သမာသ် ကိုယ်တိုင်က "ရာဇပုရိသော, ရာဇပုရိသာ, ရာဇပုရိသံ" စသည်ဖြင့် နာမ်ဝိဘတ် သက်ရာ နာမ်ပုဒ် ဖြစ်သောကြောင့်လည်း နာမကဏ္ဍ၏ အခြားမဲ့၌ သမာသကဏ္ဍကို မိန့်ခဲ့လေသည်-ဟူသို၊ ["ကာရက" ဟူသည် နာမ်ဝိဘတ်၏ အနက်တွေကို ပြသောကြောင့် နာမကပ္ပ (နာမ်ကျမ်း) ၏ ဆဋ္ဌကဏ္ဍ ဖြစ်ရကား ကာရက ကဏ္ဍကိုပင် နာမကဏ္ဍအဖြစ်ဖြင့် ဆိုသားသည်၊ အညမညသမ္ဗန္ဓိနံ၏ အဓိပ္ပါယ်သည် နာမာနံ သမာသော ယုတ္တတ္ထောသုတ်ဝယ် ယုတ္တတ္ထော ပုဒ်အဖွင့်၌ တိုက်ရိုက် လာလိမ့်မည်။]

တတြ၊ ပေ၊ ဝုစ္စတေ — သမာသ် ၆ ပါး နာမည်မှည့်သော သုတ်တို့တွင် အဗျယီဘော မှည့်သော သုတ်ကို အရှင် ကစ္စည်းဆရာ ရှေးဦးစွာ ပြထားသောကြောင့် ရင်း, အဗျယီဘော သမာသ်၏ ရှေ့ပုဒ်အနက် ပြဓာန်းသောကြောင့် ရင်း, ဗုဒ္ဓပ္ပိယဆရာ ငါ သည်လည်း အဗျယီဘော သမာသ်ကို ရှေးဦးစွာ ဆိုမည်။ [ ဝုစ္စတေ၏ ကတ္တားကို "မယာ - ငါ ဗုဒ္ဓပ္ပိယဆရာသည်" ဟု ထည့်၊ ဤသို့ မိမိအတွက် ပြအပ်သော ကြိယာ ဖြစ်၍ "ဝုစ္စတေ" ဟု အတ္တနောပုဒ် ဝိဘတ်ဖြင့် ထားသည်၊ "သမာသော ဝုစ္စတိ" ၌ကား

www.dhammaransi.com



သမာသော-နိစ္စသမာသ် တည်း၊ ဣတိ-ထို့ကြောင့်၊ အသပဒဝိဂ္ဂဟော-အသပဒ ဝိဂြိုဟ်သည်၊ ( ဟောတိ-၏၊ ) ဥပနဂရံဣတိ - "ဥပ+နဂရံ" ဟူသော၊ ဣဓ-ဤရုပ်၌၊ ဥပသဒ္ဒတော - ဥပသဒ္ဒါမှ နောက်၌၊ ပဉ္စမေကဝစနံ - ပဉ္စမာ ဧကဝုစ် ဖြစ်သော၊ သိ - သိ ဝိဘတ်သက်၊ တဿ - ထို သိ ဝိဘတ်၏၊ ဥပသဂ္ဂပရတ္တာ - ဥပသာရမှ နောက်၏ အဖြစ်ကြောင့်၊ သဗ္ဗာသ မာဝုသောပသဂ္ဂ နိပါတာဒီဟိစာတိ - သုတ်ဖြင့်၊ လောပေါ-ကြေခြင်းသည်၊ ဟောတိ၊ နဂရသဒ္ဒတော-မှ နောက်၌၊ ဆဋ္ဌေကဝစနံ-သော၊ သ-ဝိဘတ်သက်၊ "နဂရဿ- မြို့၏၊ သ မီပံ-အနီးတည်း၊" ဣတိ-ဤသို့၊ အညပဒေန-အခြားပုဒ်ဖြင့်၊ ဝိဂ္ဂဟော-ဝိဂြိုဟ်သည်၊ (သတိ-သော်၊

အရှင်ကစ္စည်းတည်း ဟူသော သူတပါးအတွက် ဆိုရသော ကြိယာဖြစ်၍ "ဝုစ္စတိ" ဟု ပရဿပုဒ် ဝိဘတ်ဖြင့် ထားသည် ဟု ဤနေရာ၌ အထူးကြံသင့်သည်။]

သော၈၊ ပေ၊ အသပဒဝိဂ္ဂဟော— [နိစ္စ-အမြဲ+သမာသော-စပ်နေသောပုဒ်၊] သူ့ဝိဘတ်နှင့် သူ တပုဒ်စီ ခွဲ၍ မရလောက်အောင် အမြဲ စပ်နေသော ပုဒ် ၂ ခုကို "နိစ္စသမာသ်" ဟု ခေါ်၏၊ ချဲ့ဦးအံ့ — "ဥပနဂရံ" ၌ ဥပသဒ္ဒါသည် သူ့ချည်း သက်သက် "ဥပေါ၊ ဥပါ၊ ဥပံ" စသည်ဖြင့် ခွဲ၍ မနေနိုင်၊ ဥပသာရ ထုံးစံအတိုင်း ဓာတ်နှင့် ဖြစ်စေ နာမ်ပုဒ်နှင့်ဖြစ်စေ တွဲနေရမှ အနက်ကို ဟောနိုင်သည်၊ ထို့ကြောင့် နဂရနှင့် တွဲမိသော ဥပသဒ္ဒါသည် ခွဲ၍ မရ, အမြဲ ကပ်၍ စပ်နေတော့သည်၊ ဤ စကားစဉ်အရ ဥပနဂရံကို နိစ္စသမာသ် ဟု ဆိုရာ၌ နဂရကြောင့် နိစ္စသမာသ် ဖြစ်ရသည် မဟုတ်, ဥပသဒ္ဒါကြောင့် နိစ္စသမာသ် ဖြစ်ရသည်ဟု မှတ်၊ ထိုသို့ နိစ္စသမာသ် ဖြစ်သည့်အတွက် ခွဲခွါ၍ မရသောကြောင့် "နဂရဿ+ဥပ"ဟု မိမိ(ဥပ)ပုဒ်ဖြင့် ဝိဂြိုဟ်ပြု၍ မဖြစ်၊ အနက် ထင်ရှားအောင် ဝိဂြိုဟ် ပြုလိုပါသေးသည် ဟု ဆိုလျှင် ဥပ၏ ပရိယာယ် ဖြစ်သော သမီပ ပုဒ်ဖြင့်သာ "နဂရဿ+သမီပံ" ဟု ဝိဂြိုဟ် ပြုရသည်။

[နိယာမ်] အဗျယီဘာဝ, သမာသမှာ, နိစ္စကေန်, စင်စစ်မှန်၍, ပြုရန်ဝိဂြိုဟ်, မရှိဆို၏၊ ဝိဂြိုဟ် ဝါကျ, ပြုလိုကမူ, တပါးကပုဒ်, ဆောင်ကာ ထုတ်၍, လုပ်လေ ဝိဂြိုဟ် ဝါကျတည်း။

ချုပ်ချက် ။ ။ "အဗျယီဘော သမာသ်၌ အသပဒဝိဂြိုဟ် ပြုရမည်" ဆိုသော စကားသည် များရာ လိုက်၍ ယေဘုယျ နည်းအားဖြင့် ဆိုအပ်သော စကား တည်း၊ အန္တော, ဗဟိ, ဥပရိ, ဟေဋ္ဌာ စသော နိပါတ်ပုဒ်များ ရှေးရှိရာ၌ ထို ပုဒ်တို့က သူတို့ ချည်း သက်သက် ခွဲ၍ "အတွင်း, အပ, အထက်, အောက်" စသော အနက်ကို ပြနိုင်သောကြောင့် "ပါသာဒဿ+အန္တော - အန္တောပါသာဒံ၊ ပါသာဒဿ+ဟေဋ္ဌာ-ဟေဋ္ဌာပါသာဒံ" စသည်ဖြင့် သပဒဝိဂ္ဂဟလည်း ပြုနိုင်သည်၊ [သ=မိမိ၏+ပဒ=ပုဒ်၊ အန္တော ပါသာဒံ စသည်၌ အန္တောကဲ့သို့ မိမိ ပုဒ်ရင်းဖြင့် ပြုအပ်သော ဝိဂြိုဟ်၊ ထိုသို့

www.dhammaransi.com



သမိပ်ပုဒ်ဖြင့် အသပဒ ဝိဂြိုဟ်ပြုပြီးသော် - ဟူလို )၊ နာမာနံ သမာသော ယုတ္တတ္ထောတိ - သုတ်သည်၊ သမာသဝိဓာနေ - သမာသ်ကို စီရင်ရာ ဖြစ်သော၊ သဗ္ဗတ္ထ-အလုံးစုံသော သုတ်၌၊ ဝတ္တတေ။

ဥပသဂ္ဂ ၊ ပေ ၊ အဗျယီဘာဝေါ။ ၃၁၉။ ဥပသဂ္ဂပုဗ္ဗကော-ဥပသာရ ပုဒ် ရှေးရှိသည်လည်း ဖြစ်သော၊ နိပါတပုဗ္ဗကောစ - နိပါတ်ပုဒ် ရှေးရှိ သည်လည်း ဖြစ်သော၊ ယုတ္တတ္ထော - ပေါင်းအပ် စပ်အပ်သော အနက် ရှိသော၊ နာမိကော-နာမ်ဝိဘတ်နှင့်ယှဉ်သော သဒ္ဒါကို၊ အတ္တပုဗ္ဗကေဟိ- မိမိ၏ ရှေ့ဖြစ်ကုန်သော၊ တေဟေဝဥပသဂ္ဂနိပါတေဟိ-ထို ဥပသာရပုဒ် နိပါတ်ပုဒ်တို့နှင့်ပင်၊ သဟ-တကွ၊ နိစ္စံ-အမြဲ၊ သမသိယတေ-စပ်အပ်၏၊

မိမိ ပုဒ်ရင်းအတိုင်း ဝိဂြိုဟ်ပြု၍ မဖြစ်သော ဥပ၏ ပရိယာယ် သမိပ်ပုဒ်ဖြင့် ပြုလုပ်ရသော ဝိဂြိုဟ်သည် အသပဒဝိဂ္ဂဟ မည်၏၊ “ သောစ ခေါ ယေဘုယျ ဝသေနေဝ – အသပဒ ဝိဂ္ဂဟ ပြုမည် ဟူသော စကားကိုလည်း ယေဘုယျ၏ အစွမ်းဖြင့်သာ ဆိုအပ်၏၊ ဘာ့ကြောင့်နည်း - နိပါတ ပုဗ္ဗကေသု အန္တောဝါသာဒါဒီသုပန သကာဒေနာပိ ဝုတ္တိ ဝိဂ္ဂဟဝါကျ သမ္ဘဝတော”- ဋီကာ။ ]

[ နိယာမ် ] ရှေ့နိပါတ, နောက်နာမနှင့်, ဗျယီဘာဝ, တချို့မျှ, သပဒ ဝိဂြိုဟ်ပြု။

**နိစ္စသမာသ်ဖြစ်လျက် ခွဲပြရပုံ။** ။“ဥပနဂရံသည် တပုဒ်နှင့်တပုဒ် ခွဲ၍မရသော နိစ္စသမာသ်” ဟု ဆိုခဲ့ပါလျက် ရုပ်တွက်သည့် အခါ၌ကား “ ဥပနောင် သိ+နဂရနောင် သဝိဘတ် ” သက်၍ ပုဒ်ခွဲ ပြနေသောကြောင့် ရှေ့နောက် မဆန့်ကျင်ပါလော – ဟု မေးဘွယ်ရှိ၏၊ အဖြေကား – သဒ္ဒါဟူသည် နှုတ်ဖြင့် ရွတ်အပ်သော အသံသာလျှင် သဒ္ဒါစစ်တည်း၊ စာ၌ ရေးပြအပ် ရုပ်တွက်အပ်သော သဒ္ဒါတို့ကား ထို အစစ်သဒ္ဒါကို ( အနက် အဓိပ္ပါယ် ) နားလည်စေဘို့ရာ အရုပ် ( အတု ) လုပ်ပြအပ်သော သဒ္ဒါတု တည်း၊ နိစ္စ သမာသ် ဟူသော စကားသည် အစစ်သဒ္ဒါကို ရည်ရွယ်သော စကားဖြစ်၍ သဒ္ဒါအတု လုပ်ပြရာ ( ရုပ်တွက်ရာ ) ၌ကား ဥပနှင့် နဂရကို ခွဲ၍ သိဝိဘတ်‘သဝိဘတ် သက်ပြနိုင်သည်၊ ထိုသို့ ပြမှလည်း ဥပ၌ လိင်္ဂတ္ထ အနက်ရှိကြောင်း နဂရ၌ သာမိအနက် ရှိကြောင်း သိသာလေသည်။

နာမာနံ ၊ ပေ ၊ သဗ္ဗတ္ထဝတ္တတေ—“အဗျယီဘာဝ သမာသ်”စသည်ဖြင့် သမာသ်ကို စီရင်သော သုတ်များကား ဥပသဂ္ဂနိပါတပုဗ္ဗကော အဗျယီဘာဝေါ, ဒွိပဒေ တုလျာဓိကရဏေ ကမ္မဓာရယော, အမာဒယော ပရပဒေဘိ, အညပဒတ္ထေသု ဗဟုဗ္ဗီဟိ, နာမာနံ သမုစ္စယော ဒွန္ဒော”တို့တည်း၊ ထိုသမာသ်စီရင်ရာသုတ်အားလုံးသို့ နာမာနံ သမာသော ယုတ္တတ္ထောသုတ် လိုက်သည်၊ [ သင်္ချာပုဗ္ဗောဒိဂု , ဥဘေ တပ္ပုရိသာ သုတ်တို့သို့ကား ကမ္မဓာရည်း သမာသ် စီရင်သော သုတ်၏ နောက်လိုက် သုတ်များ ဖြစ်သောကြောင့် လိုက်ဘွယ် မလို။ ]

www.dhammaransi.com



**သောသမာသော-သည်၊ အဇ္ဈယီဘာဝသညောစ-အဇ္ဈယီဘော အမည်ရှိသည်လည်း၊ ဟောတိ၊ ဝါ-တနည်း၊ ဣဓ-ဤ သမာသ်ခဏ်း၌၊ အဇ္ဈယီဘာဂါဒိ သညာဝိဓာယကသုတ္တာနေဝ-အဇ္ဈယီဘော အစရှိသော အမည်ကို စီရင်သော သုတ်တို့ကိုပင်၊ သညာဝိဓာန မုခေန-သညာ စီရင်ခြင်းကို အဦးပဓာန ပြုသဖြင့်၊ သမာသ ဝိဓာယကာနီတိ - သမာသ်ကို စီရင်နိုင်ကုန်၏ ဟူ၍၊ ဒဋ္ဌဗ္ဗာနိ-မှတ်အပ်ကုန်၏။**

ဥပသဂ္ဂ၊ ပေ၊ သညောစ—ဥပသဂ္ဂပုဗ္ဗကော၊ပေ၊ သမသီယတေ"သည် တဝါကျ၊ ရှေသာ သမာသော အဇ္ဈယီဘာဝသညောစ" သည် တဝါကျ၊ ထိုတွင် ပဌမဝါကျဖြင့် သမာသ်စပ်ဘို့ရန် အစီအရင်ကိုပြ၏၊ ထိုသို့ပြသဖြင့် ဥပ+နဂရဿတို့ တသမာသ်ထည်း ဖြစ်သွားပြီ (သမာသ် ဘု နာမည်ကား မမှည့်ရသေး၊ ထိုနာမည်ကို နာမာနံ သမာသော ယုတ္တတ္ထော သုတ်ကျမှ မှည့်လိမ့်မည်၊) ဒုတိယ ဝါကျဖြင့် ထို သမာသ်ကို အဇ္ဈယီဘော ဟု နာမည်မှည့်သည်၊ ဤစကားစဉ်အရ ဤသုတ်ကို သမာသ် စီရင်သောကြောင့် ဝိဓိ သုတ်လည်း ဟုတ်, သညာသုတ်လည်း ဟုတ်၏-ဟု မှတ်၊ ထို့ကြောင့် ရုပ်တွက်သည့် အခါ "ဤသုတ်ဖြင့် ဥပနှင့် နဂရဿကို သမာသ်စပ်၍ အဇ္ဈယီဘော အမည်မှည့်"ဟု ဆိုရသည်။

ဝုတ္တိဖွင့်ပုံ ။ ။ ဥပသဂ္ဂပုဗ္ဗကော နိပါတပုဗ္ဗကော တို့သည် သုတ္တဝုတ္တိ, နာမိကော ယုတ္တတ္ထော တို့သည် အနုဝတ္တနဝုတ္တိ၊ [နာမာနံ သမာသောသုတ်မှ နာမာနံ ပုဒ်သည်ပင် အနည်းငယ် ပြင်၍ "နာမိကော" ဟု လိုက်သည်၊ ထို နာမိကော အရ နဂရဿကဲ့သို့ နောက်ပုဒ်များကို ယူ၊ ဥပကဲ့သို့ ရှေ့ပုဒ်များကိုကား "အတ္တပုဗ္ဗကေဟိ တေဟေဝ ဥပသဂ္ဂ နိပါတေဟိ" အရ၌ ယူရသည်၊ ] ဤပုဒ်များကား ပက္ခိပနဝုတ္တိတည်း၊ တေဟေဝ၌ တသဒ္ဒါဖြင့် ဥပသဂ္ဂနိပါတပုဗ္ဗကော၌ ဥပသာရ နိပါတ်ပုဒ်တို့ကို ညွှန်ပြ၍, တခြား ဥပသာရ နိပါတ် မဟုတ်, ဤသုတ်၌ ပြခဲ့ပြီးသော ဥပသာရနိပါတ်များပင် ဟု ခိုင်မြဲစေဘို့ရာ "ဧဝ" ဟု သန္နိဋ္ဌာနာဝဓာရဏဖြင့် ပြသည်၊ နိစ္စံ သမသီယတေတို့သည်း ပက္ခိပနပင်၊ နိစ္စသမာသ် ဖြစ်ကြောင်း သိစေလို၍ နိစ္စံ ဟု ထည့်ရသည်။

ဣဓ အဇ္ဈယီ၊ ပေ၊ ဒဋ္ဌဗ္ဗာနိ—ချာသနည်းကို ပြလို၍ "ဣဓ"စသည်ကို မိန့်၊ ချာသ၌ နာမာနံ သမာသော ယုတ္တတ္ထောသုတ်မှ ယုတ္တတ္ထသဒ္ဒါကို မလိုက်စေဘဲ "သမာသော" ကိုသာ လိုက်စေ၍ ( ၂ ဝါကျသည်း မခွဲဘဲ ) တဝါကျထည်း ဖွင့်၏၊ ထို ချာသ အလို အားဖြင့် ဤသုတ်သည် အဇ္ဈယီဘော အမည်ကိုသာ မှည့်သော သညာ သုတ်တည်း၊ သမာသ်စပ်ပေးမှုကိုကား တိုက်ရိုက် မစီရင်တော့ချေ၊ သို့သော် အမည်သညာကို လိုရင်း ပဓာနပြု၍စီရင်လိုက်လျှင်သမာသ်ကိုလည်း အညတ္ထာနုပပတ္တိအစွမ်းဖြင့် စီရင်ပြီးဖြစ်တော့ သည်-ဟု ဆိုလိုသည်၊ [ဥပနှင့် နဂရဿကို"အဇ္ဈယီဘော"ဟု နာမည် မှည့်လိုက်လျှင် ထိုအဇ္ဈယီဘော အမည်ရသော ဥပနဂရဿသည် ဝါကျ မဖြစ်သင့်—သမာသ်သာဖြစ် သင့်၏၊ ဤသို့ အခြားတမျိုး မဖြစ်သင့်ခြင်းကိုပင် " အညထာ နုပပတ္တိ " ဟု ခေါ်သည်၊ ဤနည်းကို ချာသ၌ ဤသုတ်မှာ မဖွင့် , နောက်သုတ်များ၌ ဖွင့်သည်၊ [ "အညထာ

www.dhammaransi.com



တဒ္ဓ-ထိုအဗျယီဘာဝေါဟူသောပုဒ်၌၊ အဗျယမိတိ-အဗျယံဟူသော အမည်သည်၊ ဥပသဂ္ဂနိပါတာနံ-ဥပသာရပုဒ် နိပါတ်ပုဒ်တို့၏၊ သညာ-အမည်တည်း၊ ( ကသ္မာ - အဘယ့်ကြောင့်နည်း၊ ) လိင် ဝစနဘေဒေပိ-လိန်, ဝုစ် ကွဲပြားပါ သော်သည်း၊ ဗျယရဟိတတ္တာ - ပျက်ပြား ခြင်းမှ ကင်းကုန်သည့်၏ အဖြစ်ကြောင့် တည်း၊ အဗျယာနံ - အဗျယ မည်သော ဥပသာရပုဒ် နိပါတ်ပုဒ်တို့၏၊ အတ္ထံ - အနက်ကို၊ ဝိဘာဝယတိ-ထင်ရှား စေတတ်၏၊ ဣတိ-ထို့ကြောင့်၊ အဗျယီဘာဝေါ-အဗျယီဘော သမာသ်

သမာသဝိဓာယကသာ•ဘာဝ ဣဒမ္ပိ သညာ ဝိဓာနမုခေန သမာသဝိဓာယကန္တိ ဒဋ္ဌဗ္ဗံ"- ဒိပဒေ တုလျာဓိကရဏေသုတ် ချာသ။ ] ဤ ချာသအဖွင့်သည် "ဥပသဂ္ဂနိပါတ ပုဗ္ဗကော သမာသော အဗျယီဘာဝသညော ဟောတိ" ဟု ဖွင့်သော ကစ္စည်းဝုတ္တိနှင့် လျော်၏၊ ရူပသိဒ္ဓိ ဆရာကား ကစ္စည်းဝုတ္တိ ဖွင့်ပုံကို မလိုက်ဘဲ မိမိ သဘောကျ ဖြစ်သင့် သလို ဖွင့်ပြသည်။

အဗျယန္တိ ၊ ပေ ၊ ဗျယရဟိတတ္တာ— [မြန်မာမှု၌ "ဘေဒေပိ" ဟု ရှိသော်သည်း "ဝစနာဒိဘေဒေပိ နဗျယတိ နဘိဇ္ဇတီတိ အဗျယံ" ဟု ဖွင့်ခဲ့သော နာမ်အဆုံး ဋီကာကို ထောက်၍ "ဘေဒေပိ" ဟု ရှိသော သီဟိုဠ်မူသာ ကောင်းသည်၊ ] လိန် ၃ ပါး ဝိဘတ် ၇သွယ်တို့ကြောင့် ရုပ်အနေ မပျက်ရကား "ဝစနာဒိဘေဒေပိ-ဝုစ် စသည် (ဝုစ်-လိန်) ကွဲပြားပါသော်လည်း၊ နဗျယတိ-မပျက်စီးတတ်" ဟူသော ဝိဂ္ဂြိုဟ်နှင့်အညီ ဥပသာရပုဒ် နိပါတ်ပုဒ်များကို "အဗျယ"ဟု ခေါ်၏၊ [နာမ်အဆုံး၌ အကျယ်ဖွင့်ခဲ့ပြီ။] "လိင်ဝစန ဘေဒေပိ ဗျယရဟိတတ္တာ" ဟူသော ဟိတ်သည် အဗျယမည်ခြင်း၏ အကြောင်းပြဖြစ် သောကြောင့် "အဗျယန္တိ ၊ ပေ ၊ သညာ" ဟူသော ရှေ့ဝါကျ၏ ဟိတ်တည်း။

အဗျယာနံ ၊ ပေ ၊ ပုဗ္ဗင်္ဂမတ္တာ — "အဗျယတ္ထပုဗ္ဗင်္ဂမတ္တာ" ဟူသော ဟိတ်သည် "အဗျယာနံ အတ္ထံ ဝိဘာဝယတိ" ဟူသော ဝိဂ္ဂြိုဟ်၏ဟိတ်တည်း။ [ "အဗျယဘူတပဒတ္ထ ပဓာနတ္တာ အသသမာသဿ အဗျယတ္ထံ ဝိဘာဝယတီတိ ဝုတ္တံ"—ဋီကာ။ ] "ဥပနဂရံ-မြို့အနီး" ဟူရာ၌ နဂရ အနက်သည် ပဓာန မဟုတ်, ဥပ အနက်သာ ပဓာန ဖြစ်၏၊ "ဥပနဂရံ" အရ မြို့ကို မရဘဲ မြို့၏အနီးအပါးကို ရသည်-ဟူလို၊ ဤသို့ အဗျယဖြစ်သော ဥပပုဒ်၏ အနက်က ပဓာန ဖြစ်သောကြောင့် ဥပနဂရံ ဟူသော သမာသ်သည် အဗျယ ပုဒ်၏ အနက်ကို ထင်ရှား ပြတတ်၏၊ "ထင်ရှား ပြတတ်" ဟူရာ၌ "အဗျယ ပုဒ်၏ အနက်ကို ဟောတတ်သည် - သိစေတတ်သည်" ဟု ဆိုလိုသည်။ [ အဗျယီဘာဝ၌ အဗျယသဒ္ဒါပုဗ္ဗပဒ ဘူ ဓာတ်, ကာရိတ် ဏေပစ္စည်း, ဏပစ္စည်း၊ ဏ်အနုဗန် ၂ ခုကိုချေ, ဥကို ဩဝုဒ္ဓိ, ဩကို အာဝပြု, ကာရိတ် (ဧ) ကို သုတ်ကြီးဖြင့် ချေ (အဗျယ ဘာဝ), ယဒနုပ ပန္နာ၊ နိပါတနာ သိဇ္ဈန္တိသုတ်ဖြင့် ဤပစ္စည်းသက်, အဗျယီဘာဝ ဟု ဖြစ်၏၊ "အဗျယတ္ထံ ဝိဘာဝယတိ"ဟူသော ဋီကာကို ထောက်၍ "အဗျယတ္ထီဘာဝ"ဟု ဆိုလိုလျက် "အတ္ထ" ပုဒ် ကြေသည်-ဟုလည်း ကြံ။ ]

www.dhammaransi.com



မည်၏၊ (ကာရဏ-အာဘယ့်ကြောင့်နည်း၊) အဗျာသတ္တပုဗ္ဗဂ်မတ္တာ - အဗျာသ အနက် ပြဋ္ဌာန်း သည့်၏ အဖြစ်ကြောင့်တည်း၊ ဝါ-တနည်း၊ အနဗျယံ- အဗျယမဟုတ်သော ပုဒ်အပေါင်းသည်၊ အဗျယံ ဘဝတိ- အဗျာသဖြစ်၏၊ ဣတိ, အဗျယီဘာဝေါ-မည်၏၊ ဟိ-မှန်၏၊ အဗျယီဘာဝေ-အဗျယီဘော သမာသ်သည်၊ ပုဗ္ဗပဒတ္ထ ပဓာနော-ပြဋ္ဌာန်းသော ရှေးပုဒ် အနက်ရှိ၏၊ စ-ဆက်၊ ဧတ္တ- ဤသမာသ်၌၊ ဥပသဂ္ဂနိပါတပုဗ္ဗကောတိ-ဟူ၍၊ ဝုတ္တတ္တာ- သုတ်၌ ဆိုအပ်သည့်၏ အဖြစ်ကြောင့်၊ ဥပသဂ္ဂနိပါတာနမေဝ-ဥပသာရ ပုဒ် နိပါတ်ပုဒ်တို့၏သာ၊ ပုဗ္ဗနိပါတော-ရှေး၌ ကျခြင်းသည်၊ (ဟောတိ)။

အနဗျယံ ၊ ပေ ၊ ပုဗ္ဗပဒတ္ထ ၊ ပေ ၊ ဘာဝေါ — "ဥပနဂရံ" ၌ နဂရသည် အဗျယ မဟုတ်—ရိုးရိုး နာမ်ပုဒ်ပင် ဖြစ်၏၊ သို့သော် ဥပ ဟူသော အဗျာသပုဒ်၏ အနက်က ပဓာန ဖြစ်သောကြောင့် နဂရသည် ဥပ၏ဝိသေသန အပဓာနသာ ဖြစ်၏၊ အပဓာနပုဒ်မှန်လျှင် ပဓာနပုဒ်၏ သဘောသို့ လိုက်ရောရမြဲ ဖြစ်၏၊ ဤသို့လျှင် ၂ ပုဒ်လုံး အဗျာသ မဟုတ်ဘဲ ရှေ့တပုဒ်သာ အဗျယ ဖြစ်သော ပုဒ်အပေါင်းသည် အဗျယ အနက်က ပြဋ္ဌာန်းလျက် ရှိသောကြောင့် အဗျယချည်း ဖြစ်ရလေတော့သည်။ ["ပုဗ္ဗပဒံ အဗျယံ,ပရပဒံ အနဗျယံ၊ တဗ္ဗသေန (ထို အဗျယပုဒ်၏ အစွမ်းဖြင့်) ပဒသမုဒါယော (ပုဒ်အပေါင်းသည်၊ ဝါ- ၂ ပုဒ်လုံးသည်) အနဗျယော အဗျယော ဘဝတီတိ အဗျယီဘာဝေါ" — ကာတန္တ ပဉ္စိကာ။]

မှတ်ချက်။ ။"အနဗျယံ အဗျယံ ဘဝတိ"ဟု ဝိဂ္ဂြိုဟ်ပြုရာ၌ အဘူတတဗ္ဘာဝအနက် ထင်ရှားအောင် ပြုခြင်း-ဟု မှတ်၊ ထင်ရှားစေအံ့ — အဗျယီ၌ ဤ ပစ္စည်း (သို့မဟုတ် စအနုဗန်ရှိသော စီ ပစ္စည်း) မျိုးသည် များသောအားဖြင့် အဘူတတဗ္ဘာဝ အနက်၌ သက်၏၊ ဤ၌ တပုဒ်က အဗျယ မဖြစ်သည်ကို "အဘူတ=အဗျယ မဟုတ" ဟုရင်း, ထိုသို့ အဗျယ မဟုတ်သော်လည်း အဗျယ ပုဒ်နက် ပြဋ္ဌာန်းလျက်ရှိသောကြောင့် ၂ ပုဒ် လုံးပင် အဗျယ ဖြစ်ခြင်းကို "တဗ္ဘာဝ=ထိုအဗျယ အဖြစ်ဖြင့် ဖြစ်ခြင်း" ဟုရင်း ဆိုသည်၊ ထို့ကြောင့် ဝိဂ္ဂြိုဟ်၌ အဘူတသဘော ထင်ရှားအောင် "အနဗျယံ" ဟု ဆို၍, တဗ္ဘာဝ သဘော ထင်ရှားအောင် "အဗျယံ ဘဝတိ" ဟု ဆိုသည်၊ ရုပ်ပြီးမှာ- "အဗျယသဒ္ဒူပ ပဒ ဘူဓာတ်, ဏ ပစ္စည်း သက်၍ ယခင် သုတ်ကြီးဖြင့် (ဤ) ပစ္စည်း,သို့မဟုတ် "အဘူတ တဗ္ဘာဝေ ကရာသဘူယောဂေ ဝိကာရာစီ" ဟူသော မောဂ္ဂလ္လာန် သုတ်ဖြင့် စီ ပစ္စည်း သက်၍ ပြီးသည်၊ ဤ ဒုတိယဝိဂ္ဂြိုဟ်အလို ကာရိတ် ဏေ ပစ္စည်း မပါစေရ။

ဧတ္ထ ၊ ပေ ၊ နိပါတာနမေဝ ပုဗ္ဗနိပါတော — "ဥပသဂ္ဂ နိပါတပုဗ္ဗကော"ဟု သုတ်၌ ဆိုသောကြောင့် ဤသမာသ်ဝယ် ဥပသာရပုဒ် နိပါတ်ပုဒ်များ ရှေ့၌ နေကြရမည်၊ ရှေ့၌ နေရုံသာ မက , ထို ဥပသာရ နိပါတ်တို့၏ အနက်က ပဓာနလည်း ဖြစ်ရမည်၊ ဤ အဓိပ္ပါယ်အတိုင်း "ပုဗ္ဗကော" ဝယ် ကုလူပဂေါမှ ဂကို က ပြုသကဲ့သို့ ပုဗ္ဗဂေါမှ ဂကိုလည်း က ပြု၍ ပြီးသော ပုဗ္ဗကောတပုဒ်ကို ချေထားသည် (သို့မဟုတ် ကေသေသ်

www.dhammaransi.com



(၃၃၀) နာမာနံ၊ ပေ၊ ယုတ္တတ္ထော။ ၃၁၆။ ပယုဇ္ဇမာန ပဒတ္ထာနံ-ယှဉ်စပ်သိုက်သော ပုဒ်နက်ရှိကုန်သော၊ တေသံနာမာနံ-ထိုနာမ်ပုဒ်တို့၏၊ ယုတ္တတ္ထော-ပေါင်းအပ်,စပ်အပ်သော အနက်ရှိသော၊ ယော-အကြင်ပုဒ်အပေါင်းသည်၊ (အတ္ထိ)၊ သော-ထိုပုဒ်အပေါင်းသည်၊ သမာသသညော-သမာသ် အမည်ရှိသည်၊ ဟောတိ၊ တဒည-ထို သမာသ်မှ တပါးသော ပုဒ်အပေါင်းသည်၊ဝါကျ-ဝါကျမည်၏၊ ဣဘိ-ဤသို့ ရှင့်-တက်ရေ၏၊

လုပ်ထားသည် ) ဟု ဋီကာ တနည်း ကြံသည်၊ " ဥပသင်္ဂေါစ နိပါတောစ ပုဗ္ဗကော ပုဗ္ဗဂေါ ယဿာတိ ဥပသဂ္ဂနိပါတ ပုဗ္ဗကော " ယဿ- အကြင် သမာသ်၏၊ ပုဗ္ဗကော-ရှေးသည်း ကျသော၊ ပုဗ္ဗဂေါ- ပြဋ္ဌာန်လည်း ပြဋ္ဌာန်းသော၊ ဥပသင်္ဂေါစ - သည်ငှင်း၊ နိပါတောစ-သည်ငှင်း၊ အတ္ထိ၊ ဤ ဝိဂ္ဂြိုဟ်အရ " ၁-ဥပသာရပုဒ် နိပါတ်ပုဒ် ရှေးရှိခြင်း, ၂-ထို ပုဒ်တို့၏ အနက်က ပြဋ္ဌာန်းခြင်း" ဤ လက္ခဏာ ၂ ပါး ညီညွှတ်မှ အဗျယီဘော သမာသ်မည်သည်၊ သုဂန္ဓော, အသမော စသည်၌ ဥပသာရနိပါတ် ရှေးရှိသော်လည်း ထို ပုဒ်တို့၏ အနက်က ပဓာန မဟုတ်သောကြောင့် အဗျယီဘော မမည်-ဟု မှတ်။

(၃၃၀) တေသံနာမာနံ ပယုဇ္ဇမာနပဒတ္ထာနံ— ရညောပုဒ် ပုရိသောပုဒ်တို့ကို ပဒ, ထို ပုဒ်တို့၏ မင်းဒြဗ်-ယောကျ်ားဒြဗ် တည်းဟူသော အနက်တို့ကို ပဒတ္ထ ဟု ခေါ်၏၊ ထိုမင်း+ယောကျ်ားအနက် ၂ရပ်သည် ဝိသေသန ဝိသေသျအဖြစ်ဖြင့် တွဲဘက်၍ ပါဠိလို "ရညော+ပုရိသော" မြန်မာလို "မင်း၏+ယောကျ်ား " ဟု ပြောဆို သုံးစွဲနိုင်၏၊ ထိုသို့ တွဲဘက်ယှဉ်စပ်၍ သုံးစွဲအပ်ခြင်းကို "ပယုဇ္ဇမာန" ဟု ခေါ်၏၊ ထိုသို့ တွဲဘက် ယှဉ်စပ်၍ သုံးစွဲရိုး အနက်ရှိသော " ရညော+ပုရိသော " စသော ပုဒ်များကို "ပယုဇ္ဇမာနပဒတ္ထ" ဟု ခေါ်သည်၊ ထိုပယုဇ္ဇမာနပဒတ္ထ ရှိသော နာမ်ပုဒ် အပေါင်းသည် သမာသ် မည်၏၊ ဤ စကားအရ ဤသုတ်သည် သမာသ် အမည်မှည့်သော သုတ်တည်း-ဟု ဆိုလိုသည်။

ပယုဇ္ဇမာနပဒတ္ထနှင့် ယုတ္တတ္ထ အထူး။ ။ပယုဇ္ဇမာနပဒတ္ထာနံ နာမာနံ အရလည်း ယှဉ်စပ် အပ်သော ပုဒ်နက် ရှိသော ပုဒ်အပေါင်း ရ၍ ယုတ္တတ္ထော အရလည်း ပေါင်းစပ် အပ်သောအနက်ရှိသော ပုဒ်အပေါင်းပင် ရသောကြောင့် ပယုဇ္ဇမာနပဒတ္ထာန် နာမာနံ ဟူသော သမ္ဗန်နှင့် ယုတ္တတ္ထော ဟူသော သမ္ဗန္ဓီ ပုဒ်တို့သည် အရ မပြားသည် မဟုတ် ပါလော ဟု စောဒနာဘွယ် ရှိ၏၊ အဖြေကား - ပယုဇ္ဇမာနာပဒတ္ထာနံ အရ၌ တကယ် ယှဉ်စပ်နေသော "ရာဇပုရိသော"ပုဒ်မျိုးကို မရသေး, ယှဉ်စပ်အပ် ယှဉ်စင်နိုင် ယှဉ်စပ်လျှင် သင့်တော်မည့်"ရညော+ပုရိသော" ဟူသော ဝါကျမျိုးကိုသာ ရ၏၊ ယုတ္တတ္ထော အရ၌ကား တသယ်ကိုယ် ယှဉ်စပ်အပ် ယှဉ်စပ်နေသော "ရာဇပုရိသော " ဟူသော ပုဒ်မျိုးကို ရသည်၊ ထို့ကြောင့် ပယုဇ္ဇမာန ပဒတ္ထာနံဟူသော သမ္ဗန်နှင့် ယုတ္တတ္ထော ဟူသော သမ္ဗန္ဓီ ပုဒ်တို့သည် အနက် အရ မတူကြချေ၊ ["ပယုဇ္ဇမာန ပဒတ္ထာနန္တိ- ၊ ပေ ၊ ရညောပုရိသော တျာဒိဝါကျေ အဘိန္နတ္ထာနံ နာမာနံ ယော ယုတ္တတ္ထဘူတော ရာဇပုရိသော တျာဒိကော ပဒသမုဒါယော"-ဋီကာ။]

www.dhammaransi.com



ဝါ-ထင်ရှား၏၊ နာမာနိ-နာမ်တို့ ဟူသည်၊ သျာဒိဝိဘတျန္တာနိ-သိ အစ ရှိသော ဝိဘတ်ကျန့်ပုဒ်တို့တည်း၊ ယော-အကြင် ပုဒ်အပေါင်းကို၊ သမသိ ယတိ-ချုံးချဉ်းအပ်၏၊ ဣတိ,သော သည်၊ သမာသော- သမာသ်မည်၏၊ သင်္ခိပိယတိ-ချုံးချဉ်းအပ်၏၊ ဣတိ အနက်၊ ဟိ-သာဓကကား၊ သမာ

တဒ ဝါကျန္တိ ရုဇ္ဇ — " ရာဇပုရိသော " စသည်ကဲ့သို့ သမာသ် မဟုတ်သော "ရညော+ပုသော" စသော ပုဒ်အပေါင်းကား " ဝါကျ " ဖြစ်ကြောင်း ထင်ရှားပြီ ဟူလို၊ ဤ ဝါကျမျိုးကား " ပုရိသော မဂ္ဂံ ဂစ္ဆတိ "စသော ကျမ်းဂန်တို့၌ သုံးစွဲသော ဝါကျမျိုး မဟုတ်, သမာသ်ပုဒ်၏ အနက်ကို ပြသော သမာသ်ဝါကျ တမျိုးဖြစ်သည်။ [ အတ္ထံ- သမာသ်ပုဒ်အနက်ကို၊ ဝစတိ-ဟောပြောတတ်၏၊ ဣတိ - ထို့ကြောင့်၊ ဝါကျံ-ဝါကျ မည်၏၊ ] ထိုဝိဂ္ဂဟဝါကျသည် လောကိကဝါကျ အလောကိကဝါကျ ဟု ၂ မျိုး ရှိ၏၊ ထိုတွင် ပြယုဂ် ထုတ်ထိုက်သော ရုပ်ပြီးပြီးသော ဝါကျသည် လောကိက ဝါကျ မည်၏၊ [ လောက၌ ထင်ရှားသော ( အများသိပြီး ဖြစ်သော ) ဝါကျ - ဟူလို၊ ] ပုံစံကား- "ရညော+ပုရိသော" တည်း၊ ပြယုဂ် ထုတ်ရာ၌ အသုံး မပြုရသော ရုပ် မပြီးသေးသော ဝါကျသည် အလောကိက ဝါကျ မည်၏၊ ပုံစံကား "ရာဇ-သ+ပုရိသ-သိ" စသည်တည်း၊ သမာသ် အမည်ကား ဤ အလောကိက ဝါကျ အခိုက်၌ မှည့်ရသည်၊ [ တံ ဝါကျံ ဒွိဓာ လောကိကမလောကိယဉ္စ၊ အာဒိမံ ပယောဂါရဟံ ပရိနိဋ္ဌိတံ သာဓု၊ ယထာ-"ရညော+ပုရိသော" တိ၊ ဒုတိယံ အပရိနိဋ္ဌိတံ ပယောဂါနာရဟံ သာဓု၊ ယထာ - " ရာဇ- သ+ပုရိသ-သိ" ဣတိ၊ သမာသသညာဒိကံ စ တသ္မိံယေဝ ပဝတ္တတိ၊-လဃုဘာသ။ ]

(၃၃၆) သမိဒ္ဓိယံ-ပြည့်စုံခြင်း အနက်၌၊ ဘိက္ခာယ-ထမင်း၏၊ သမိဒ္ဓိ- ပြည့်စုံခြင်း၊ ဣတိ အတ္ထေ - ၌၊ သမာသေ-ကိုဧင်း၊ နပုံသကလိင်္ဂတ္တေစ- ကိုဧင်း၊ ကတေ-သော်၊ သမာသဿာတိ အနုဝတ္တာဘိစ ဝတ္တတေ၊ "ဝတ္တ မာနေ" ဟု သိမှုရှိ၏၊ "ဝတ္တမာနေ - သော် အယံဝိဓိ-ဤ အစီအရင်ကို၊ ဝုစ္စတိ-၏"ဟု စပ်ပုဒ်ထည့်၍ ဖွင့်သော ဋီကာနှင့် ညီပေသည်။]

မရိယာဒါဘိဝိဓိသု—[မရိယာဒါ, အဘိဝိဓိတို့ အဓိပ္ပါယ်ကို ကာရကာ၌ ရေးခဲ့ပြီ၊ "အာ+ပါဏာသ" ဟု ရှိသည်ကား ပါဌ်ပျက်၊ ] "အာ+ပါဏကောဋိ" ဟု တည်၊ အာ နေ၁င် သိ ချေ၊ ဧတုနာမာန စသော သုတ်ဖြင့် ပါဏကောဋိကို အပါဒါန် မှည့် အပါဒါနေ ပဥ္စမီဖြင့် သွာသက်, "အာ+ပါဏကောဋိယာ" ဟု ဝါကျ ပြီ စေ၊ ဆိုင်ရာ စီရင်၍"အာပါဏကောဋိ"ဟု ပြီးသည့်အခါ ကွစိသမာသန္တ စသော သုတ်ဖြင့် ကပစ္စည်း သက်၍ , သိ အံပြု၊ " အာပါဏကောဋိကံ သရဏံ ဂတ" စသည်၌ ( လူသေလျှင် သရဏဂုံပျက်သည်–ဟု နားလည်နှင့်ပါ)သရဏဂုံသည် အသက်ဆုံးရာစုဘိ၏ ဘင်ခဏ၌ မတည်တော့သဖြင့် အသက်အဆုံးသည် သရဏဂုံ၏ အပိုင်းအခြား ဖြစ်သော မရိယာဒ အနက်ကို ဟောရာရောက်၏၊ ဤ မရိယာဒ အနက်၌ အာနှင့် ပါဏကောဋိတို့ သမာသ် ဖြစ်ကြသည်၊ ကစ္စည်းထေရ်၏ကျော်စောခြင်းကား ကလေးသူငယ်လူမမယ်တို့တိုင်အောင် ပြန့်နှံ့သောကြောင့် အဘိဝိဓိ အနက်၌ အာနှင့် ကုမာရတို့ သမာသ် ဖြစ်ကြသည်၊ ဤ၌ "အာ+ကုမာရေဟိ ( ဝါကျ ) အာကုမာရံ" သမာသ်သာ လိုရင်းတည်း၊ "ယသော ကစ္စာယနဿ "ကား တွဲဘက်ဖြစ်၍ ထည့်အပ်သော ပါဌ်တည်း၊ [သို့ဟုတ်၍မူ "အာ+ ကုမာရေဟိ ယသော အာကုမာရံ,ယသောကစ္စာယနဿ"ဟု ရ၏၊ မကောင်းလှ၊]

(၃၃၆) သမိဒ္ဓိယံ၊ ပေ၊ ကတေ—သမိဒ္ဓိသည် အတ္တဘော(ခန္ဓာကိုယ်)၏ လှ တင့်တယ်ခြင်း ဟူသော အတ္တဘာဝသမိဒ္ဓိ , စပါး စသော ဥစ္စာ၏ ပြည့်စုံခြင်း ဟူသော ဓညာသမိဒ္ဓိဟု ၂ မျိုးရှိ၏၊ ဆို သမိဒ္ဓိကို သမ္ပတ္တိ ( ပြည့်စုံခြင်း ) ဟုလည်း ခေါ်၏၊ ထိုတွင် ဓညာဒိသမိဒ္ဓိ အနက်၌ သုနှင့် ဘိက္ခာတို့ သမာသ်ဖြစ်ကြ၏၊ "သု+ဘိက္ခာယ" ဟု ဝါကျပြီးပြီးနောက် သမာသ်စပ်-အဗျယီဘာဝမှည့်, သမာသ်မှည့်, သုဟုရင်း ဘိက္ခာ ဟု အာကာရန္တအတိုင်းရင်း ပကတိပြု , နာမ်ငှဲ , သောနပုံသကလိင်္ဂေါသုတ်ဖြင့် နပုံလိင် အဖြစ်ကို စီရင်(သုဘိက္ခာ)၊ ဤ အားလုံးကို ရှေ့၌ပြခဲ့သည့်အတိုင်း စီရင်ရမည်ဖြစ်သော် လည်း အစ သမာသ်စပ်မှုနှင့် အဆုံး နပုံးစီရင်မှုကို ပြ၍ အလယ် အစီ အရင် များကို "ကာကောလောကန"နည်းအရ သိလေဒ်သောကြောင့် "သမာသေ နပုံသကလိင်္ဂတ္တေစ ကတေ"ဟု ဆိုထားသည်၊ [နပုံးဖြစ်ပြီးနောက် ဤသုတ်ဖြင့် ရဿပြု၍ သုဘိက္ခံဟု ဖြစ်၏၊ ထို့ကြောင့် သက်သောဝိဘတ်များကို ဥပနာရံကဲ့သို့ အံ ပြု၊]

www.dhammaransi.com



သရော ရဿော နပုံသကေ။ ။နပုံသကေ-၌၊ ဝတ္တမာနဿ သမာသဿ အန္တဿ(အဆုံးဖြစ်သော)သရော ရဿော ဟောတိ၊ စ-ဆက်၊ ဧတ္ထ-ဤသုတ်၌၊ အဗျယီဘာဝဂ္ဂဟဏံ-အဗျယီဘာဝသဒ္ဒါကို၊နာနုဝတ္တေတဗ္ဗံ-မလိုက်စေထိုက်၊တေန-ထို့ကြောင့်၊ ဒိဂုမှိ ဗဟုဗ္ဗီဟိသုပိ-ဒိဂု,ဒွန်,ဗဟုဗ္ဗီဟိသမာသ်တို့၌လည်း၊ နပုံသကေ ဝတ္တမာနဿ,သမာသန္တဿ-သမာသ်၏ အဆုံး သရ၏၊ ရဿတ္တံ - သည်၊ သိဒ္ဓံ - ပြီးသည်၊ ဟောတိ၊ အံ ဝိဘတ္တိနံ မိစ္စာဒိနာ- အံ ဝိဘတ္တိန မကာရန္တာ ဗျယီဘာဝါ သုတ်ဖြင့်၊ အမာဒေသော၊ သုဘိက္ခံ - ထမင်းပြည့်စုံခြင်း၊ ဂင်္ဂါယ - ၏၊ သမီပေ-၌၊ ပဝတ္တတိ-၏၊ ဣတိ, ဥပဂင်္ဂံ-မည်၏၊ ပဏ္ဏိကာယ-ဒိုးစရည်း၏၊ သမီပံ-တည်း၊ ဥပမဏိကံ-ဒိုးစရည်း အနီး၊

ဧတ္ထ စ၊ ပေ၊ သိဒ္ဓံ ဟောတိ — အံ ဝိဘတ္တိန မကာရန္တာ အဗျယီဘာဝါ သုတ်မှ အဗျယီဘာဝ သဒ္ဒါကို ဤသုတ်သို့ လိုက်စေလျှင် ဤသုတ်သည် အဗျယီဘော အရာ၌သာ ရဿ ပြုနိုင်လိမ့်မည်၊ ရဿ ပြုဘို့ ကိစ္စကား ဒိဂု ဒွန် ဗဟုဗ္ဗီဟိ အရာ၌လည်း ရှိသေး၏၊ ထို့ကြောင့် အဗျယီဘာဝ သဒ္ဒါကို ဤသုတ်သို့ မလိုက်စေသင့်၊ ထိုသို့ အဗျယီဘာဝသဒ္ဒါ မလိုက်လာလျှင်"နပုံသကေ ဝတ္တမာနဿ သမာသန္တဿ"ဟု သမာသ် သာမညကို ယူရသောကြောင့် ဒိဂု စသည်၌လည်း ရဿ အဖြစ် ပြီးနိုင်ခြင်း အကျိုးကို ရသည် - ဟူလို၊ ဤကား ရူပသိဒ္ဓိ စာကိုယ် ဝါဒတည်း။ [ ကစ္စည်းဝုတ္တိ၌ အဗျယီဘာဝသဒ္ဒါ လိုက်စေပုံကို (ရှုဋီကာ ဖွင့်ပုံနှင့် တကွ) ကစ္စည်းတာသာဋီကာ၌ ပြထားသည်၊ ]

ဂင်္ဂါယ ၊ ပေ ၊ ဥပဂင်္ဂံ — " ဂင်္ဂါယ သမီပေ ပဝတ္တတိ " ဟူရာ၌ ပဝတ္တတိကား သမီပေ ဟူသော အာဓာရ၏ အာဓေယျ တွဲဘက်ဖြစ်၍ ထည့်အပ်သော ကြိယာတည်း၊ ဝိဂ္ဂြိုဟ် လုပ်ရာ၌ "သမီပေ" ဟု အာဓာရဖြင့် ထားရမည်လည်း မဟုတ်၊ "ဗာရာဏသီ ဥပဂင်္ဂံ ပဝတ္တတိ" ဟု ပါဠိရှိရာ၌ "ဗာရာဏသီ ဂင်္ဂါယ သမီပေ ဝတ္တတိ" ဟုသည်း ရှိနိုင်သောကြောင့် ဂင်္ဂါယ သမီပေ သည် ထိုကဲ့သို့ ဝါကျမျိုး၌ ပါသော ဥပဂင်္ဂံ၏ အဖွင့်သာ ဖြစ်သည်၊ [ ဗာရာဏသီ—သည်၊ ဥပဂင်္ဂံ (ဂင်္ဂါယ သမီပေ) -ဂင်္ဂါမြစ်၏ အနီး၌၊ ပဝတ္တတိ-ဖြစ်၏။ ] သမာသ် ဝိဂ္ဂြိုဟ် အစစ်ကား ဥပနုဂရံကဲ့သို့"ဂင်္ဂါယံ+သမီပံ" ဟူသာ ဖြစ်သင့်သည်။ [ "ဥပ+ဂင်္ဂါ" ဟု တည်, "ဥပ+ဂင်္ဂါယ " ဟု ဝါကျ ဖြစ်စေ၊ "ဥပ+ဂင်္ဂါ" ဟု ပကတိ ဖြစ်သည့် အခါ ဤသုတ်ဖြင့် ရဿ ပြု ( ဥပဂင် )၊ ဝိဘတ် အားလုံးကိုပင် အံ ပြု၍ "ဥပဂင်္ဂံ" ဟု ပြီး၏၊ ] ဥပမဏိကံလည်း နည်းတူ၊ မဏိကာ တို့ကား "ဥဒကစာဋိ-ရေအိုးစရည်း" ဟု ဋီကာဖွင့်၏၊ သို့သော်"အလိဉ္ဇရ(အရဉ္ဇရ)| အိုးစရည်း" အနက်ဟော "မဏိက" ကို နပုံလိင် ဟု ဓာတ်မနိမိ အဘိဓာန် ဖွင့်သော ကြောင့်ရင်း , ဤ၌ "ပဏ္ဏိကာယ" ဟု ဣတ္ထိလိင် ရှိသောကြောင့်ရင်း , ထို အဖွင့်ကို မနှစ်သက်၍ မဏိနောင် အမည်သညာ အနက်၌ က ပစ္စည်း သက်သော ဝါစပ္ပတိ

www.dhammaransi.com



(၃၃၇) ရုက္ခဋ္ဌိသု - မိန်းမတို့၌၊ အဝိကိစ္စ- စွဲမှီ၍၊ (ပဝတ္တာ - ဖြစ်၏။) ဋ္ဌတိအဓေ္တ-၍အနက်၌၊ သမာသ နပုံသကတ္တရသတ္တာဒိသု-သမာသ်, နပုံလိန် အဖြစ်, ရဿ အဖြစ် အစရှိသည်ကို၊ ကတေသု - ပြုအပ်ကုန် ပြီးသော်၊ (လောပေါ ဟောတိဌစပ်၊ ) အဗျယီဘာဝါတိ ဝိဘတ္တိနဉ္စ ဝတ္တတေ။

အညသ္မာ လောပေါစ။ ။အကာရန္တာတော - အကာရန္တ အဗျယီဘော သမာသ်မှ၊ အညသ္မာ- အခြားသော၊ အဗျယီဘာဝ သမာသာ-မှ၊ ပရာသံ ဝိဘတ္တိနံ, လောပေါ ဟောတိ၊ [“လောပေါစ”ဟု ရှိ၏၊ သဒ္ဒဟိုင်မှု၌ “ စ ” မပါ။] အဓိတ္ထိ-မိန်းမ ဘို့၌ စွဲ၍ဖြစ်သော စကား၊ ရုက္ခဋ္ဌိသု - တို့၌၊

အဘိဓာန်ကို ထောက်၍ “ မဏိကာယ – မဏိကာ မည်သော မိန်းမ၏”ဟု သပြေကန် နိသျ အနက်ပေးသည်။

ဆက်ဦးအံ့—ဥပ သဒ္ဒါသည် သမီပ (အနီးဂုဏ်) အနက်–သမိပိ ( အနီး ဖြစ်သော ဂုဏ်ဒြဗ် ) အနက် ၂ မျိုးကို ဟော၏၊ ထိုတွင် အနီးအနက် ဟောရာ၌ အဗျယီဘော သမာသ် ဖြစ်၏၊ အနီးရှိသော ဒြဗ်ကို ဟောရာ၌ ဗဟုဗ္ဗီဟိ သမာသ် ဖြစ်၏-ဟု သဒ္ဒတ္ထဋီကာတို့ ဖွင့်ကြ၏၊ ထို့ကြောင့် “ဥပဂင်္ဂ–ဂင်္ဂါမြစ်၏ အနီး၌ ဖြစ်သော စကားဒြဗ်”ကို ဟောလိုရာ၌”ဂင်္ဂါယ သမီပေ ပဝတ္တတိ ယာကထာတိ, ဥပဂင်္ဂါ, ယံ ဝတ္ထုတိ ဥပဂင်္ဂံ, ယောရုက္ခောတိ ဥပဂင်္ဂေါ ” ဟု လိန် ၃ ပါး အားလျော်စွာ ပဋ္ဌမာ ဗဟုဗ္ဗီဟိ သမာသ် ဖြစ်ရာ၏၊ ဤ အဗျယီဘော၌ကား ဥပနဂရံ – ဥပမဏိကံတို့ကဲ့သို့ “ ဂင်္ဂါယ + သမီပံ ဥပဂင်္ဂံ”ဟုသာ ဖြစ်သင့်သည်၊ [ “ ဥပသဒ္ဒေါ သမီပေ သာမိပိနိစ ဝတ္တတေ၊ အာဒိမေ အဗျယီဘာဝေါ၊ ဒုတိယေတု ဗဟုဗ္ဗီဟီတိ ဝိဝေကော(အထူးတည်း)၊-တတ္တဗောဓိနီ။ ],

’ဤ ဝိနိစ္ဆယ သင့်မြတ်ပုံ ။ ။ ဥပသုတိတိ သုတိသမီပံ၊ ယတ္ထ ဌတွာ သက္ကာ ဟောတိ တေသံ ဝစနံ သောတုံ, တတ္ထာတိ အတ္ထော၊ - ဥပသုတိ သဴက္ခာပဒဋ္ဌကထာ၊ “ သုတိ+သမီပံ ” ဖြင့် “ သုတိယာ+သမီပံ ဥပသုတိ ” ဟု ဝိဂ္ဂဟကို ပြ၏၊ “ ဂင်္ဂါယ+ သမီပံ–ဥပဂင်္ဂံ ” နှင့် တူ၏၊ ဥပသုတိအရ “အသံ၏ အနီး”ဂုဏ်ကိုသာ ရသော်လည်း “ထို အသံ ကြားလောက်ရာ အရပ်=ဂုဏ်ဋ္ဌာနဒြဗ်” တိုင်အောင် ယူပါဟုရင်း, ဥပသုတိ၌ သတ္တမီဝိဘတ် ကြေသည်ဟု ရင်းပြလို၍ “ ယတ္ထ ဌတွာ ၊ ပေ ၊ တတ္ထာတိ အတ္ထော ” ဟု အဓိပ္ပါယ်နက် ဖွင့်ပြသည်၊ သာရတ္ထဋီကာ၌ကား ဥပသုတိအရ ဋ္ဌာနဒြဗ်ကို တိုက်ရိုက် ရအောင် “ အထဝါ – ဥပေစ္စ သုယျတိ ဧတ္ထာတိ ဥပသုတိ=ကပ်၍ နားထောင်အပ်ရာ အရပ်”ဟု တနည်းဖွင့်သေး၏၊ ထို အဖွင့်လည်း နိဒါနသံယုတ် ဂဟပတိဝဂ် အဋ္ဌကထာ နည်းပင်၊ ဤနည်းအလို အဗျယီဘောလည်း မဟုတ်၊ ဥပ+သုဓာတ် , တိပစ္စည်းတည်း။

(၃၃၇) အဓိတ္ထိ—အဓိ+ဣတ္ထိ၊ အဇ္ဈတ္တံပုဒ်၌ အဓိသဒ္ဒါကဲ့သို့ ဤအဓိသဒ္ဒါလည်း သမာသ်အရာ၌ အဓိကာရ+ပဝတ္တိ ၂ နက်ကို ဟောသည်ဟု ယူ၍ “ ရုက္ခဋ္ဌိသု အဓိကိစ္စ

www.dhammaransi.com



**အဓိကိစ္စ-၌၊ ကထာ-စကားသည်၊ ပဝတ္တတိ-၏၊ ဣတိ အတ္ထော-နက်၊ အဓိတ္ထိ-မိန်းမတို့၌စွဲ၍ဖြစ်သော စကားကို၊ ပဿ-ရှုလော၊ ဆဓိတ္ထိ-သည်၊ ကတံ-ပြုအပ်၏၊ ဣတ္ထာဒိ-တည်း၊ ဧဝံ - ဤအတူ၊ အဓိကုမာရိ-သတ္တိုဘို့း**

ကထာ ပဝတ္တတိ " ဟု ဖွင့်ဟန် တူသည်၊ ဤအဓိတ္ထိအရလည်း မိန်းမတို့၌ စွဲ၍ဖြစ်သော (မိန်းမတို့နှင့် စပ်သော) စကားကို ယူစေလို၍ "အဓိတ္ထိ ပဿ=မိန်းမတို့၌ စွဲ၍ဖြစ်သော စကားကို ကြည့်လော" စသည်ဖြင့် မိန့်လေသည်၊ ဤအဖွင့်သည် " ယထာ သောကေ ဣတ္ထီသု ကထာ ပဝတ္တာ အဓိတ္ထီတိ ဝုစ္စတိ၊ ဧဝံ အတ္တာနံ အဓိကိစ္စ ပဝတ္တာ အဇ္ဈတ္တံ" ဟူသော ဇေကိုတ္တရ – ဘေမ္မဝင်္ဂဋီကာ နှင့် ညီသကဲ့သို့ ရှိ၏၊ ထိုဋီကာ၌ အဓိတ္ထိ အရ စကားကိုပင် ရအောင်ဖွင့်၏၊ ဥဒါဟရဏဝါကျ၌ အဓိကိစ္စမပါသော်လည်း ဥဒါဟရဏဝါကျ၌ ပါ၏၊ သို့သော် အဓိကိစ္စ ပါရာ၌ " အတ္တာနံ " ဟု ဒုတိယန္တဖြင့် ထားသကဲ့သို့ ဤ၌ "ဣတ္ထီသု" ဟု ( ဒုတိယန္တ မထားဘဲ ) သတ္တမျန္တဖြင့် ထားခြင်းကား ထိုဋီကာနှင့် မတူ တတ်ပေ၊ [ဝိသုဒ္ဓိမဂ် တေဇောဓာတုနိဒ္ဒေသ၌လည်း (အနည်းငယ် စာသွားကွဲသော) အလားတူ သာဓကရှိသည်။] "အဓိ+ဣတ္ထိ"တည်၊ အဓိနောင် သိချေ၊ "အဓိ+ဣတ္ထီသု" ဟု ဝါကျဖြစ်စေ၍ သမာသ် စသည် စီရင်၊ နပုံ,ရဿစီရင်၍ ထုံးစံအတိုင်း ရုပ်တွက်ပါ၊ သာရတ္ထ၌လည်း "ဣတ္ထိ အဓိကိစ္စ ဘဝတိ"ဟု ဝိဂြိုဟ်ကို၍ပင်း, ဋီကာ၌ "အဓိဥပသဂ္ဂေါ အဓိကိစ္စ ဣတျတ္ထဝါစကော" .... "သတ္တသွပိ ဝိဘတ္တီသု သဗ္ဗဝစနေသု အဓိတ္ထိ (တ္ထိ)၊ ဤဒိသမေဝ ရူပံ"ဟုပင်း မိန့်ကြ၏၊ အဘိဓေယျကိုကား "ဂေဟကာရိယံ-အိမ်နှုပြုဘွယ် ကိစ္စ"ဟု ပြသည်၊ "မိန်းမကို စွဲ၍ဖြစ်သော အိမ်ကိစ္စ–မိန်းမ အုပ်ချုပ်ရသော အိမ် ကိစ္စ" ဟူလို။

သက္ကတ။ ။ဤပြခဲ့သော စကားစဉ်အရ အဓိတ္ထိကို အဓိကိစ္စတ္ထ (တနည်း အဓိကိစ္စ ပဝတျတ္ထ) အဗျယီဘော ဟု ဆိုသင့်၏၊ အခြား သက္ကတဗျာကရုဏ်းတို့၌ကား ဝိဘတျတ္ထ ( သတ္တမီ-ဒုတိယာဝိဘတ်နက်ကို ဟောသော ) အဗျယီဘော ဟု ဆိုလိုကြ၏၊ ထိုအလို "ဣတ္ထိယံတိ အဓိတ္ထိ (မိန်းမ၌), ဣတ္ထီသူတိ အဓိတ္ထိ ( မိန်းမတို့၌ ) ဣတ္ထိံတိ အဓိတ္ထိ (မိန်းမကို)"ဟု ဝိဂြိုဟ်ပြု၊ အဓိသဒ္ဒါသည် သတ္တမီ ဒုတိယာ အနက်ကို ဟောသောကြောင့် ဝိဂြိုဟ်ပြုရာ၌ မထည့်ရတော့၊ ဤနည်း၌ " ကထာ ပဝတ္တာ " တို့သည် အဓိတ္ထိ၏ အနက် မဟုတ်၊ "အဓိတ္ထိ-မိန်းမတို့၌" ဟူသော အာဓာရ၏ အဓေယျကို အပိုထည့်ခြင်းတည်း၊ [ "ဣတ္ထီသူတိ တဒုပဒဝါကျံ ဝုတ္တံ၊ ကထာ ပဝတ္တာတိ တွာဓေယျပဒဿနံ"–ပဉ္စိကာ ဋီကာ။] ဒုတိယတ္ထဖြင့် "အဓိတ္ထိ (မိန်းမကို) အဓိကိစ္စ ကထာ ပဝတ္တာ " ဟု ရှိပြန်လျှင်လည်း အဓိကိစ္စသည် အဓိတ္ထိ ဟူသော ကံပုဒ်၏ စပ်ရာကြိယာကို အပိုထည့်ပြခြင်းသာ တည်း-ဟု ကြံပါ၊ ဤနည်းအရ ရုပ်တွက်ရာ၌လည်း "အဓိ+ဣတ္ထိ"ဟုပင်တည်၊ ၂ ပုဒ်လုံး နောင် သတ္တမျတ္ထ ဖြစ်လျှင် သတ္တမီချည်းသက်၊ ဒုတိယတ္ထ ဖြစ်လျှင် ဒုတိယာချည်းသက်၊ [အဓိသဒ္ဒါ သို့၊ တဿ လောပေါ၊ အဓိသဒ္ဒေန တုလျာဓိကရဏ တ္တာ ဣတ္ထိသဒ္ဒါပိ သို့ (မာလာဝတာရ)။] ဤအလို "အဓိ+ဣတ္ထိယံ, အဓိ+ဣတ္ထီသု, အဓိ+ဣတ္ထိံ" ဟု ဝါကျ ရှင်များ ဖြစ်စေ၍ ဆိုင်ရာ စီရင်လေ၊ အဓိကုမာရိ၌လည်း နည်းတူ။

www.dhammaransi.com



တ္တိဒ္ဓိစွဲ၍ဖြစ်သော စကား၊ ဝရုယာ-ချွေးမ၏၊ သမိပံ-တည်း၊ ဥပဝရု-နီး၊ ဂုန္နံ-နွားတို့၏၊ သမိပံ- တည်း၊ ဥပဂု- နီး၊ ဩကာရဿ- ဩအက္ခရာ၏၊ ( ရဿတ္တံ-ရဿအဖြစ် ဟူသော၊ တချို့စာ၌ ပါသည်၊) ဥကာရော-ဥပြု၊ ဧဝံ-ဤသို့လျှင်၊ ဥပသင်္ဂပုဗ္ဗကော-ဥပသာရပုဒ် ရှေ့ရှိသော အဗျယီဘော သမာသ်သည်၊ (ဟောတိ)။

တထာ-ထိုမှတပါး၊ နိပါတပုဗ္ဗကော-နိပါတ်ပုဒ် ရှေ့ရှိသော အဗျယီဘောသမာသ်သည်၊ ယထာ-နည်း၊ ဝုဍ္ဎာနံ- ကြီးသူတို့၏၊ ပဋိပါဋိ- အစဉ်တည်း၊ယထာဝုဍ္ဎံ-စဉ်၊ ဝါ- ကြီးငယ်စဉ်လိုက်၊ ယေယေ-အကြင်အကြင်သူတို့သည်၊ ဝုဍ္ဎာ- ကြီးကုန်၏၊ ယထာဝုဍ္ဎံ- ကြီးသူ ကြီးသူတို့၊ ပဒတ္ထာနတိက္ကမေ- ပုဒ်အနက်ကို မလွန်ခြင်း အနက်၌၊ ယထက္ကမံ-အစဉ်ကို မလွန်မူ၍၊ ယထာသတ္တိ-သတ္တိကို မလွန်မူ၍၊ယထာ ဗလံ-အစွမ်းကိုမလွန်မူ၍၊ ကရောတိ-ပြု၏၊ ဗလံ-အစွမ်းကို၊ အနတိက္ကမိတွာ-မလွန်မူ၍၊ကရောတိ-

ဝရုယာ၊ ပေ၊ ဧဝံဥပသဂ္ဂပုဗ္ဗကော—ဥပဝရုလွယ်ပြီ၊ ဥပဂု၌ "ဥပ+ဂေါ" တည်း၊ "ဥပ+ဂုန္နံ"ဟု ဝါကျဖြစ်ပြီးနောက် သမာသ်စသည် စီရင်၍ "ဥပ+ဂေါ" ဟု ပကတိပြု၊ သရော ရဿော နပုံသကေဖြင့် ရဿ ပြုရာ၌ ဩ၏ ရဿ ဟူသည် "ဥ" ပင်တည်း၊ ထို့ကြောင့် "ဩကာရဿ ရဿတ္တ မုကာရော ( ရဿတ္တံ ဥကာရော )" ဟု သီဟိုဠ်မူ ရှိသည်၊ မြန်မာမူ၌ကား"ဩကာရဿ ရဿော"ဟုသာရှိ၏၊ [တမ္ဗိပရိတ္တပဒေမျှဥနေစ သုတ်၌ ဒီဃမှ ပြောင်းပြန် ရဿဖြစ်ခြင်းကို "ဝိပရိတ်" ဟုရင်း, ဩ၏ ဝိပရိတ် ဟူသည် လည်း ဥပင်တည်း—ဟုရင်း ဆိုခဲ့သည်၊] "ဧဝံ ဥပသဂ္ဂပုဗ္ဗကော" ကား ဥပသဂ္ဂပုဗ္ဗက အဗျယီဘောအတွက် ပြီးဆုံးကြောင်းကို ပြသော နိဂုံးစကားတည်း။

နိပါတ၊ ပေ၊ ယထာဝုဍ္ဎံ—နိပါတ ပုဗ္ဗကော၏ ရှေ့၌ "တထာ" ဟု ပါသည်ကား အပို၊ "ဝုဍ္ဎာနံ+ပဋိပါဋိ ယထာဝုဍ္ဎံ"သည် အနုဇေဝ္ဝ တုန်းကကဲ့သို့ အာနုပုဗ္ဗီ အဗျယီ ဘောတည်း၊ အာနုပုဗ္ဗီနှင့် အနုက္ကမသည် အနက် တူသောကြောင့် အနုက္ကမတ္ထ အဗျယီ ဘောလည်း မည်သင့်၏၊ ဤနည်း၌ ယထာသဒ္ဒါ အာနုပုဗ္ဗီ-အနုက္ကမ-ပဋိပါဋိ အနက် ဟောတည်း၊ "ယေယေ+ဝုဍ္ဎာ, ယထာဝုဍ္ဎံ" ကား ဝိစ္ဆာတ္ထ အဗျယီဘော၊ ယထာ သဒ္ဒါလည်း ဝိစ္ဆာ အနက်ဟော၊ "ယထာ+ဝုဍ္ဎ" တည်, ယထာနောင် ပဌမနည်း၌ သိချေ, ဒုတိယနည်း၌ ယော ချေ၊ ဝုဍ္ဎာနံ-ဝုဍ္ဎာဖြစ်အောင်လည်း နံဝိဘတ် ယောဝိဘတ် ဆက်၍ ရှေးနည်းအတိုင်း တွက်လေ။

ပဒတ္ထာ·နတိက္ကမေ — ယထာနှင့် တွဲဘက် ဖြစ်သော ကမ—သတ္တိ—ဗလ ပုဒ်တို့၏ အနက်ကို "ပဒတ္ထ" ဟု ဆို၊ "အစဉ်အတိုင်း" ဟူရာ၌ "အစဉ်ကို မလွန်" ဟုရင်း "သတ္တိ ရှိတိုင်း" ဟူရာ၌ "သတ္တိ ရှိသလောက်မှ မလျော့" ဟုရင်း အဓိပ္ပါယ် ရ၏၊ ထိုသို့ သတ္တိ

www.dhammaransi.com



၏၊ ဣတ္ထိအတ္ထော၊ ဗိဝသ-အသက်၏၊ ယတ္တကော- အကြင်မျှလောက် အတိုင်းအရှည် ရှိသော၊ ပရိစ္ဆေဒေါ- အပိုင်းအခြားတည်း၊ ယာဝဇီဝံ- အသက် အပိုင်းအခြား ရှိသလောက်၊ ဝါ- အသက် ရှည်သမျှ၊ ယာဝတာ ယုကံ- (နည်းတူပေး၊) ကပ္ပစ္စယော၊ ယတ္တကေန-အကြင်မျှလောက်ဖြင့်၊ အတ္ထော - အလိုသည်၊ ( အတ္ထိ - ရှိ၏၊ ) ယာဝဒတ္ထံ- အလိုရှိသလောက်၊

ရှိသမျှမှ မယုတ် မလျော့ခြင်း အစဉ် မပျက်ခြင်းသည် ပုဒ် အနက်ကို မလွန်ခြင်းတည်း၊ ထို့ကြောင့်"အနတိက္ကမ-မလွန်"ဟုရော၌ ထိုပုဒ်နက်၏ မပျက်ခြင်း မပြောင်းခြင်းတည်း- ဟုမှတ်၊ ယထာ သဒ္ဒါလည်း ပဒတ္ထာနတိက္ကမ အနက်ကို ဟောသည်၊ ထို့ကြောင့် " ကမံ အနတိက္ကမိတွာ , သတ္တိံ အနတိက္ကမိတွာ " စသည်ဖြင့် ဝိဂ္ဂိုဟ်ပြု၊ ဤနည်း၌ " ယထာက္ကမံ-အစဉ် အတိုင်း၊ ယထာသတ္တိ – သတ္တိရှိတိုင်း " ဟု အနက်ပေးနိုင်သည်၊ တနည်း-"ယထာ သဒ္ဒါသည် ယောဂ္ဂတာ (သင့်လျော်သည့်၏ အဖြစ်)အနက်ကိုလည်း ဟော၏ " ဟု ရူပသိဒ္ဓိနည်းမှ တနည်း ကြံသင့်၏၊ ယောဂ္ဂတာ ဟူသည်လည်း အနုရူပ အနက်ပင်တည်း၊ ထို့ကြောင့်"ကမဿ+အနုရူပံ, ယထာက္ကမံ"စသည်ဖြင့် ယောဂျတာ အတ္ထ အဗျယီဘောလည်း ဖြစ်သင့်သည်သာ။

ထို့ကြောင့်ပင် "သောအဟံ ဝါယမိဿာမိ , ယထာသတ္တိ ယထာဗလံ "ဟူသော မဟာဇနက ဇာတ်၌ " အတ္တနော သတ္တိယာစ ဗလဿစ+အနုရူပံ "ဟု အဋ္ဌကထာ ဖွင့်သည်၊ "ယထာသတ္တိ-သတ္တိအားလျော်စွာ" စသည်ပေး၊ ရှပ်တွက်ရာ၌ကား ပဒတ္ထာန တိက္ကမ အနက်၌ " ယထာ + က , ယထာ+သတ္တိ " ဟု နောက်ပုဒ်၌ အံ ဝိဘတ်ဖြင့် ဝါကျရှိစေ၊ ယောဂ္ဂတာ အနက်၌ကား"ယထာ+ကမဿ"ဟု သ ဝိဘတ်ဖြင့် ဝါကျရှိစေ၊ ယထာ၌ကား သိ ဝိဘတ် ကြေသည်၊ " ယထာကမ " စသည် ပကတိ ဖြစ်သည့် အခါ၌ ဝိဘတ်အားလုံးကို အံ ပြု , သတ္တိနောင်ကား ချေ၊ ကမ၌ ကကိုလည်း ဒွေဘော်ပြု၊ [ အံ အပြု မခြံ သောကြောင့် " ယထာက္ကမေန " ဟု လည်း တွေ့ရတတ်၏၊ ] ယထာဗလံ ကရောတိ၌ ကဒေ်တိကား စပ်ပုဒ်အတွက် အပိုထည့်အပ်သော ပုဒ်တည်း။

**ယထာ၏ အနက်များ။** ။ယထာ သဒ္ဒါ၏ အနက်များသည် ယောဂျတာ,ဝိစ္ဆာ, ပဒတ္ထာနတိဝတ္တိ , အနုပုဗ္ဗိယ , သဒိသ စသော အားဖြင့်များ၏၊ ယောဂျတာကို ယောဂ္ဂတာဟု တချို့ဆို၏၊ အနုရူပံနှင့် သဘောတူ၏၊ အာနုပုဗ္ဗိယကို အနုက္ကမဟုလည်း ခေါ်၏၊ ရှေ့၌ ပုံစံများကို ပြန်ကြည့်ပါ၊ သဒိသ (တူသည်၏ အဖြစ်=ဥပမာဇောတက) အနက်ကား သမာသ်၌ မဖြစ်၊ "ယထာ ဒေဝဒတ္တော, တထာ ယညဒတ္တော=ဒေဝဒတ် ကဲ့သို့ ထို့အတူ ယညဒတ်"စသော ဝါကျများ၌သာ ဖြစ်၏၊ " ယထာ-အကြင် အခြင်း အရာအားဖြင့်"ဟူသော အဌကထာ၌ အနက်လည်း ဝါကျ၌သာ ဖြစ်သည်၊

**ဇီဝံသ၊ပေ၊ယာဝဒတ္ထံ**—ဤသမာသ်တို့ကား အဝဓာရဏတ္ထ အဗျယီဘောတို့တည်း၊ ယတ္တကော ပရိစ္ဆေဒေါတို့ကား ယာဝ၏ အဝဓာရဏအနက်ကို ဖွင့်ပြသော ပုဒ်တို့တည်း၊

www.dhammaransi.com



ပဗ္ဗတဿ-တောင်၏၊ တိရော ပရဘာဂေါ-တဘက်အဖို့တည်း၊ တိရော ပဗ္ဗတံ-တောင့်တဘက်၊ တိရောပါကာရံ-တံတိုင်းတဘက်၊ တိရောကုဍ္ဍံ-နံရံတဘက်၊ ပါသာဒဿ-၏၊ အန္တော-အတွင်းတည်း၊ အန္တောပါသာဒံ-ပြာသာဒ်တွင်း၊ အန္တောနဂရံ-မြို့တွင်း၊ အန္တောဝဿံ-မိုးလ်းတွင်း၊ နဂရဿ, ဗဟိ-ပြင်ပတည်း၊ ဗဟိနဂရံ-မြို့ပ၊ ပါသာဒဿ, ဥပရိ-အထက်တည်း၊ ဥပရိပါသာဒံ-ပြာသာဒ်ထက်၊ ဥပရိမဉ္စံ-ညောင်စောင်းထက်၊ မဉ္စဿ ဟေဋ္ဌာ, ဟေဋ္ဌာမဉ္စံ-ညောင်စောင်းအောက်၊ ဟေဋ္ဌာပါသာဒံ၊ ဘတ္တဿ-ထမင်း၏၊ ပုရေ-ရှေ့တည်း၊ ပုရေဘတ္တံ-ထမင်း၏ရှေ့၊

"ယတ္ထကော ပရိစ္ဆေဒေါ ( အကြင်မျှလောက်သော အပိုင်းအခြား )"ဟူရာ၌"အသက်ရှည်သမျှ အသက်ထက်ဆုံး"ဟု ဆိုလိုသည်၊ "ယာဝ-သိ, ဇီဝ-သ" ဟု ဝိဘတ်သက်၍ ရုပ်တွက်လေ၊ ယာဝတာယုကံ၌ ယာဝတာလည်း အဝဓာရဏအနက်ရှိ၍ အာယုဿ+ယတ္တကော ပရိစ္ဆေဒေါ" ဟုပင် ဝိဂ္ဂြိုဟ်ပြု၊ ယာဝတာသည် နိပါတ်ပုဒ်တည်း၊ ထို့ကြောင့် "ယာဝတာ - သိ+အာယု - သ" ဟု ဝိဘတ်သက်၍ ရုပ်တွက်၊ "ယာဝတာယု" ဟု ဖြစ်သည့်အခါ ကွစိ သမာသန္တ စသော သုတ်ဖြင့် ကပစ္စည်းသက်၊ ယာဝဒတ္ထံ၌ ယတ္တကေနသည် ယာဝ၏ အဖွင့်တည်း၊ ယတ္တကေနကို ထောက်၍"ယာဝ"နောင် နာဝိဘတ် သက်, သဗ္ဗာသမာဝုသော သုတ်ဖြင့် ချေ၊ အတ္ထနောင် သိသက်၊ "ယာဝ+အတ္ထော"ဟု ဝါကျရုပ် ဖြစ်၏၊ [ဤ၌ ယာဝနောင် နာဝိဘတ်သက်ရသောကြောင့်"ရှေ့ပဋ္ဌမာ, နောက်ပုဒ်မှာ, သတ္တာ ဝိလောပေါ" ၏ မမြဲကြောင်း သိသာသည်၊ ] "ယာဝ+အတ္ထ" ဟု ဖြစ်အည့် အခါ"ယဝမဒန"သုတ်ဖြင့်"ဒ်"လာ၊ "ယာဝဒတ္ထံ-အလိုရှိဘိုင်း၊ ဝါ-စားချင်သလောက်၊ ဘုဥ္စတိ - စား၏ " စသည်၌ ယာဝဒတ္ထံဖြင့် စားခြင်းကြိယာကို ပိုင်းခြားသတ်မှတ်သောကြောင့် အဝဓာရဏတ္ထသမာသ်ပင် ဖြစ်သည်။

**ပဗ္ဗတဿ ၊ ပေ ၊ ဟေဋ္ဌာပါသာဒံ**—ပရဘာဂေါသည် တိရော၏ အနက်ဖွင့်တည်း၊ ပရဘာဂအနက်၌ တိရောနိပါတ်နှင့် ပဗ္ဗတစသည်တို့ သမာသ်ဖြစ်ကြသည်၊ "တိရော-သိ + ပဗ္ဗတ - သ " ဟု ဝိဘတ်သက်၊ "ပါသာဒဿ+အန္တော, အန္တောပါသာဒံ" စသည်၌ မိမိပုဒ်ရင်းဖြင့် ဝိဂ္ဂြိုဟ်လုပ်သောကြောင့်"အသပဒ ဝိဂ္ဂဟော"ဟူသောစကား၏ မမြဲကြောင်းကို ဆိုခဲ့ရသည်၊ "နဂရဿ+အန္တော,ဝဿာနံ( မိုးလ်းလဘို့၏)+အန္တော" စသည်ဖြင့် နောက်ပုဒ်များ၌လည်း ဝိဂ္ဂြိုဟ်ပြု၊ ဤ"အန္တော"ကား နာမ် အန္တော မဟုတ်, "အန္တော"နိပါတ်ပုဒ်တည်း၊ သို့မှ"ဥပသဂ္ဂနိပါတပုဗ္ဗကော"အရ နိပါတပုဗ္ဗက ဖြစ်မည်၊ အန္တောနောင် သိဝိဘတ် ချေ။

**ဘတ္တဿ ပုရေ**—ဘတ္တအရ ထမင်းကို ရသော်လည်း ဤ၌ ထမင်းစားရာ ကာလကို ဌာနျူပစာ ( သဟစရဏနည်း ) အားဖြင့်ယူ၊ " ထမင်းစားရာကာလ၏ ရှေ့ " ဟူသည် ထမင်းမစားမီ အချိန်တည်း၊ ပစ္ဆာဘတ္တံသည်း ထမင်းစားရာကာလ၏ နောက်ဖြစ်သော ထမင်းစားပြီး အချိန်တည်း၊ ပုရေလည်း အန္တောကဲ့သို့ နိပါတ်ပင်၊ ပုရေနောင် သိချေ။

www.dhammaransi.com



ဝေ-၏အတူ၊ ပဒ္ဓသဘတ္တံ - ထမင်း၏ နောက်၊ သာကလ္လဓ္ဓေ-အလုံးစုံ၏ အဖြစ်ဟူသော အနက်၌၊ ( "သကလဓ္ဓေ" ဟု ရှိသည်ကား မကောင်း )၊ မက္ခိကာယ - ယင်ကောင်နှင့်၊ သဟ - တကွဘည်း၊ သမက္ခိကံ - ယင်ကောင်နှင့်တကွ၊ ဘုဉ္ဇတိ-စား၏၊ ကိဉ္စိ-ဘာကိုမျှ၊ နပရိဝဇ္ဇေတိ-မရှောင်၊ ဣတိအဓ္ဓေ၊ တေသုဝုဒ္ဓိတျာဒိနာ-ဖြင့်၊ သဟသဒ္ဒဿ-၏၊ သာဒေသော-သပြီ၊ [" သဟသဒ္ဒဿ သော " ဟု သိဟိုဠ်မူရှိ၏၊] ဂင်္ဂါယ-၏၊ ဩရံ-ဤဘက်ကမ်းတည်း၊ ဩရဂင်္ဂံ - ဂင်္ဂါမြစ်၏ ဤဘက်ကမ်း၊.... အဗျယီဘာဝသမာသော-သည်၊ နိဋ္ဌိတော။

သာကလ္လဓ္ဓေ— သကလဿ– အလုံးစုံ၏၊ ဘာဝေါ– သည်၊ သာကလ္လံ -မည်၏၊ ဘာမျှ မချန်ဘဲ အားလုံးကုန်ခြင်းကို"သာကလ္လ" ဟု ခေါ်သည်၊ "သဟ မက္ခိကာယ— ယင်ကောင်နှင့် တကွ " ဟူရာ၌ ယင်ကောင်တွေကိုပါ မချန်ဘဲ ( ယင်ကောင်နှင့် ရော နေသော မုန့်ကို ) စား၏–ဟု အဓိပ္ပါယ်ရ၏၊ "သဟ-တကွ "ဟု မြန်မာပြန်သော်လည်း "ယင်ကောင်နှင့် တကွ စားသည်, ယင်ကောင်ရော စားသည်, ယင်ကောင်ပါ အကုန် စားသည်"–ဟုဆိုလိုသည်၊ ထို့ကြောင့် သဟသဒ္ဒါကို သာကလ္လအနက်ရှိ၏ဟု ဆိုသည်၊ "သဟ–သိ+မက္ခိကာ–နာ" ဟု ဝိဘတ်သက်, "သဟ+မက္ခိကာယ" ဟု ဝါကျရင်း, "သဟ+မက္ခိကာ"ဟု ပကတိရင်း ဖြစ်စေ၊ သဟကို သ, သရော ရှသော် နပုံသကဖြင့် အာကို ရဿပြု (သမက္ခိက)၊ "ယင်ကောင်နှင့်တကွ စား၏" ဟူရာ၌ ကြိယာဝိသေသန အနက် ဖြစ်သောကြောင့်"မုဒုံ ပစတိ"ကဲ့သို့, ဒုတိယာ အံသက်, ထိုအံကိုပင် အံဝိဘတ္တီနံ မကာရန္တာဖြင့် အံ ထပ်ပြု၊ သမက္ခိကံ ဖြစ်၏။

ဩရဂင်္ဂံ—ဩရံသည် နိဂ္ဂဟိတန္တ နိပါတ်တည်း၊ ထို့ကြောင့် "ဩရံ–သိ+ဂင်္ဂါ– သ"ဟု ဝိဘတ်သက်၊"ဩရံ+ဂင်္ဂါယ"ဟု ဝါကျဖြစ်၏၊"ဩရံဂင်္ဂါ"ဟုပကတိပြု၊ဗျဥ္ဇနေစ သုတ်ဖြင့် နိဂ္ဂဟိတ်ချေ၊ သရော ရဿော သုတ်ဖြင့် အာကို ရဿပြု (ဩရဂင်္ဂ) သိ သက် စသည်၊ "ဂင်္ဂါယ ပါရံ ပါရဂင်္ဂံ–ဂင်္ဂါ၏ ဟိုဘက်ကမ်း" ဟုလည်း ရှိနိုင်၏၊ [ဓာညပုဒ် အနက်ရသဖြင့် အဗျယီဘော သမာသ်၌ သွင်းအပ်သော "တိဋ္ဌဂု" စသော ရုပ်များ ကိုကား ပိဋကတ်၌ အသုံးမတွေ့ရသဖြင့် ရူပသိဒ္ဓိဆရာ လျစ်လျူရှုဟန် တူသည်၊ အလိုရှိက ချာသ–မောဂ္ဂလ္လာန် စသော ကျမ်းတို့၌ ရှုကြပါလေ။]

www.dhammaransi.com



## ကမ္မဓာရ် သမာသ်

(၃၃၈) အထ - အဗျယီဘော သမာသ်၏ အခြားမဲ့၌၊ ကမ္မဓာရယ သမာသော ဝုစ္စတေ၊ ဆောစ-ထို ကမ္မဓာရ် သမာသ်သည်လည်း၊ ဝိသေ သန ပုဗ္ဗပဒေါ-ဝိသေသန ပုဗ္ဗပဒ ကမ္မဓာရ်ဂင်း၊ ပေါ်က္ကတိ-သို့၊ နဝဝိဓော-၉မျိုး အပြားရှိ၏၊ တတ္ထ-ထို ၉မျိုးတို့တွင်၊ တာဝ-ရှေးဦးစွာ ဝိသေသန ပုဗ္ဗပဒေါ - ဝိသေသန ပုဗ္ဗပဒ ကမ္မဓာရ်ကို၊ ( ဒဿီယတိ - ပြအပ်၏၊ ) "မဟန္တ+ပုရိသ" ပ္ပကတိ-ဟူသော၊ ပ္ပစ-ဤရုပ်၌၊ ဥဘယတ္တ - ၂ ပါးရုံ၌၊ ပဌမေက ဝစနံ-သော၊ သိ-သိသတ်၊ တုလျာဓိကရဏ ဘာဝပ္ပသိဒ္ဓတ္တံ-တုလျာဓိကရဏ အဖြစ်၏ ထင်ရှားခြင်းအကျိုးငှါ၊ စသဒ္ဒ တသဒ္ဒ ပယော

(၃၃၈) ဝိသေသန ပုဗ္ဗပဒေါ တာဝ — "ဝိသေသနူ ပုဗ္ဗပဒေ တာဝ" ဟု မြန်မာမှု ရှိ၏၊ "ဝိသေသန် ပုဗ္ဗပဒေါ ကမ္မဓာရယ သမာသော ပဌမံ တာဝ ဒဿီယတိ" ဟူသော ဋီကာကို ထောက်၍ "ပုဗ္ဗပဒေါ" ဟု သီဟိုဠ်မှု အတိုင်း ရှိစေ၊ ဒဿီယတိ-ဟုလည်း ထည့်၍စပ်၊ မဟာပုရိသော ပြယုဂ်၌ ပုရိသသဒ္ဒါသည် မြတ်သောယောကျ်ား-ယုတ်သော ယောကျ်ား ၂ မျိုးလုံးကို ဟောနိုင်သောကြောင့် သာမညသဒ္ဒါ ( ၂ မျိုး လုံးနှင့် ဆက်ဆံသော သဒ္ဒါ) အထူးပြုဆိုက်သော ဝိသေသျသဒ္ဒါဖြစ်၏၊ မဟန္တောကား ယုတ်သော ယောကျ်ားမှ ထူးခြားအောင် အထူးပြုတတ်သောကြောင့် ဝိသေသန သဒ္ဒါ တည်း၊ ဤသို့ ဝိသေသန ရှေးရှိသော သမာသ်သည် "ဝိသေသနံ ပုဗ္ဗပဒံ အဿာတိ ဝိသေသန် ပုဗ္ဗပဒေါ (ဝိသေသန် ရှေ့ပုဒ်ရှိသော သမာသ်)" မည်၏။

တုလျာဓိကရဏ၊ ပေ၊ ပယောဂေါ—မဟာပုရိသော၌"မဟန္တော+ပုရိသော" ဟူသာ ဝိဂ္ဂြိုဟ်ပြုသင့်သော်လည်း မဟန္တနှင့် ပုရိသတို့ တုလျာဓိကရဏ ဖြစ်ကြောင်း ထင်ရှားစေဘို့ရာ စသဒ္ဒါ တသဒ္ဒါတို့၏ ယှဉ်ရခြင်း (စ-တတို့ကို ထည့်၍ ဝိဂ္ဂြိုဟ်ပြုရခြင်း) ဖြစ်သည်၊ မှန်၏ — စ တ သဒ္ဒါ မပါဘဲ " မဟန္တော + ပုရိသော " ဟူသာ ဝိဂ္ဂဟ ပြုလျှင် "မဟန္တော-မြတ်သူ+ပုရိသော-ယောကျ်ား"ဟု အနက်ပေး၍ မြတ်သူ တခြား ယောကျ်ား တခြားဟု ၂မျိုး ကွဲပြားသကဲ့သို့ ထင်ရာ၏၊ "မဟန္တောစ သော ပုရိသောစ= ထိုသူသည် မြတ်သူလည်း ဟုတ်, ယောကျ်ားလည်း ဟုတ်၏" ဟု ဆိုရာ၌ကား မဟန္တ အရနှင့် ပုရိသ အရ ယောကျ်ား တယောက်ထည်း ကိုသာ ရကြောင်း ထင်ရှားသည်။ [ "ဘေဒ္ဓဗုဒ္ဓတနာယ စကာရ တကာရသဒ္ဒေါစ အာနီယတေ" ဟူသော သာရတ္ထ ဋီကာ၌လည်း ဤအဓိပ္ပါယ်ကိုပင် ပြ၏။]

ရှေးဆရာတို့ဝါဒ ။ ။ ယောကျ်ားတယောက်၌ မဟန္တ နာမည်-ပုရိသ နာမည် အားဖြင့် အမည်သညာ ၂ မျိုး ကွဲပြားကြောင်းကိုပင်း, (မဟန္တ သဒ္ဒါသည် မြတ်သော ဂုဏ်ကို အကြောင်းပြု၍ ဖြစ်သောကြောင့် မဟန္တ၏ သဘာဝ=ဓိမိ မူလ်အနက်ဖြစ်သော

www.dhammaransi.com



ဂေါ-စသဒ္ဒါ တသဒ္ဒါတို့၏ ယှဉ်ခြင်းသည်၊ (ဟောတိ-၏၊) မဟန္တော်စ- မြတ်သူလည်း ဟုတ်၏၊ သော – ထို မြတ်သူ ဟူသည်၊ ပုရိသောစ – ယောက်ျားလည်း ဟုတ်၏၊ ဣတိ-ဤသို့၊ ဝိဂ္ဂဟော-ကို၊ ( ကတေ-သော်၊) [ သမသျန္တေ, ကမ္မဓာရယသညော စ ဟောတိ တို့၌ စပ်။ ] ဣတော – ဤသုတ်မှ၊ [ "အဗျယီဘာဝ သမာသတော ဥဒ္ဓံ" ဟု ဋီကာဖွင့်ကို ဆင်ခြင်၊ ]

သဒ္ဒပဝတ္တိ နိမိတ် ကား အမြတ်ဂုဏ် တည်း , ပုရိသ၏ သဘတ္ထ ဖြစ်သော သဒ္ဒပဝတ္တိ နိမိတ်ကား ယောက်ျား ဇာတ်တည်း – ဟု ) မဟန္တနှင့် ပုရိသတို့ သကတ် နိမိတ်ချင်း ကွဲပြားကြောင်းကိုရင်း , စသဒ္ဒါဖြင့် ပြသည်၊ သကတ်ကိုပင် အန္တတ္ထ (အတွင်းနက်) ဟူ ခေါ်၍ ယောက်ျား ဒြဗ်တည်းဟူသော အနက်ကိုကား ဗာဟျတ္ထ ( အပြင်နက် ) ဟု ခေါ်သည်၊ ထို့ကြောင့် စသဒ္ဒါဖြင့် မဟန္တနှင့် ပုရိသတို့ အန္တတ္ထချင်း ကွဲပြားကြောင်း ကိုလည်း ပြသည်၊ ဤသို့ သညာနာမ , နိမိတ်, အန္တတ္ထ ပြားသော်လည်း သညာရှိသော (သညီ) နာမ ရှိသော (နာမီ) ဗာဟျတ္ထ ဒြဗ်ကား ( ယောက်ျားတယောက်ထည်း ဖြစ်၍ မပြားကြောင်း=တုလျာဓိကရဏ ဖြစ်ကြောင်း ) ကို တသဒ္ဒါဖြင့် ပြသည် – ဟု မိန့်ကြ သေး၏၊ သို့သော် ဝိဂ္ဂဟ်ဝါကျတွင်း၌ ပါသော စ တ သဒ္ဒါတို့၏ အနက်ကို သမာသ်က အမွေခံ၍ဟောရာ၌ တုလျာဓိကရဏ ဖြစ်ကြောင်းကိုသာ အမွေခံနိုင် (သမာသ် စသည် ပြားကြောင်းကို အမွေခံ၍ မဟောနိုင်) သောကြောင့် စသဒ္ဒါက သကတ်ပြားကြောင်း စသည်ကို ပြ၏-ဟူသော စကားကို စဉ်းစားကြပါကုန်။

တ သဒ္ဒါ လိန်လိုက်ပုံ ။ ။ မဟာပုရိသော ကဲ့သို့ ရှေ့ပုဒ် နောက်ပုဒ်တို့ လိန်ဝုစ် တူရာ၌ တ သဒ္ဒါ၏ လိန်ဝုစ်ကို အထူး ဝိစင်ဘွယ် မလို၊ " အဝိဇ္ဇာပစ္စယော " ကဲ့သို့ ရှေ့နောက်ပုဒ်တို့ လိန်မတူရာ၌ ဝိဂ္ဂဟ်ပြုသည့်အခါ " အဝိဇ္ဇာစ ( သာ ) ပစ္စယောစ " ဟု ရှေ့ပုဒ်၏ လိန်နှင့်တူစွာ တ သဒ္ဒါကို ထားရ၏၊ " ဝိသတိစိတ္တာနိ " ဟု သမာသ် တွဲပြန် လျှင်လည်း ဝိသတိပုဒ်က နိစ္စဣတ္ထိလိန် ဧကဝုစ် ဖြစ်သောကြောင့် " ဝိသတိစ ( သာ ) စိတ္တာနိစ " ဟု ရှေ့ပုဒ်၏ ဝုစ်သို့လည်း တ သဒ္ဒါ လိုက်ရသည်၊ ဝိဂ္ဂဟ်ဝါကျ မဟုတ်သော ဗုဒ္ဓိယဝါကျ ရိုးရိုး၌ကား နောက်ပုဒ်၏ လိန်ဝုစ်သို့ လိုက်ရမည်-ဟု ပြောစမှတ်ပြုကြ၏၊ ပုံစံကား — " ဝိသတိ တာနိ စိတ္တာနိ ဟောန္တိ " တည်း၊ ဤ အဓိပ္ပါယ်ကို ရည်ရွယ်၍ " သမာသ်၌ တ , ရှေ့လိုက်ရ, ဝါကျ နောက်လိုက်မြဲ " ဟု နိယာမ် ဆိုရသည်၊ " နောက် ပုဒ်၏ လိန်ဝုစ်လိုက် " ဟူသော စကားသည်း တဝါကျသည်းကို ရည်ရွယ်သည်၊ ဝါကျ ကွဲသွားလျှင်ကား ရှေးဝါကျရှိ ( တ၏ စွဲရာ ) ပုဒ်၏ လိန်ဝုစ်သို့သာ လိုက်ရသည်။ [ "တတြ ဧတ္ထတာဝ သမာနာ ဓိကရဏျံ၊ တဒ္ဓ ၊ ပေ ၊ ဧာသို့ အတ္ထေ ဝုတ္တိ၊ သာစ ဝိသေသန ဝိသေသျမေဝ ဘဝတိ" – မုဒ္ဓဗောဓဋီကာ (ရှေ့ဝါကျရှိ ပုဒ်၏ လိန်လိုက်ပုံ)။]

ဣတော ပရံ၊ ပေ၊ ဝတ္တတေ – ဝိဘာသာ ရုက္ခတိဏ ပသုဓနစသော သုတ်မှ ဝိဘာသာ သဒ္ဒါသည် " ဒွိပဒေ တုလျာဓိကရဏေ ကမ္မဓာရယော " သုတ်မှ နေ၍ " အမာဒယော ပရပဒေဘိ " စသော သမာသ်ပြုပ်မှုကို ဝိရင်သောသုတ်များ၌ လိုက်သည်၊ သမာသ်စပ်မှု

www.dhammaransi.com



ပရံ-နောက်၌၊ ဝိဘာသာ ရုက္ခတိဏာ ဇုစ္ဆာဒိတော-ဝိဘာသာ ရုက္ခတိဏာ အစရှိသော သုတ်မှ၊ ဝိဘာသာ တိ-ဝိဘာသာပုဒ်သည်၊ သမာသဝိဓာနေ-သမာသ်ကို စီရင်ရာဖြစ်သော၊ သဗ္ဗတ္ထ-အလုံးစုံသောသုတ်၌၊ ဝေဒိတဗ္ဗာ-ဖြစ်၏။

ဒွိပဒေ၊ပေ၊ကမ္မဓာရယော။ ။နာမိကာနံ-နာမ်ဝိဘတ်နှင့် ယှဉ်ကုန်သော၊ (နာမ်ဝိဘတ် အဆုံးရှိကုန်သော-ဟူလို၊) တုလျာဓိကရဏာနံ-တူသောတည်ရာ အနက်ရှိကုန်သော၊ ဒွေပဒါနံ-၂ပုဒ်တို့ကို၊ အညမညေန-အချင်းချင်းနှင့်၊ သဟ-တတ္ထ၊ ဝိဘာသာ-ဝိကပ်အားဖြင့်၊ သမသျန္တေ-သမာသ်စပ်အပ်ကုန်၏၊ တသ္မိံ ဒွိပဒေ-ထို၂ပုဒ်သည်၊ တုလျာဓိကရဏေ-သည်၊ သတိ-သော်၊ သောသမာသော-သည်၊ ကမ္မဓာရယ သညော စ-ကမ္မဓာရယ အမည်ရှိသည်လည်း၊ ဟောတိ၊ ဒွေ-၂ပါးကုန်သော၊ ပဒါနိ-ပုဒ်တို့တည်း၊ ဒွိပဒံ-၂ပုဒ်၊ ယသသပဒဒွယဿ-အကြင်ပုဒ်၂ပါးအပေါင်း၏၊ တုလျံ သမာနံ-တူသော၊ အဓိကရဏံ အတ္ထော-တည်ရာအနက်သည်၊ (အတ္ထိ-၏၊ ဣတိ-ကြောင့်၊)တံ-ထိုပုဒ်၂ပါးအပေါင်းသည်၊ တုလျာဓိကရဏံ-မည်၏၊ တသ္မိံ ဒွိပဒေ-ထို၂ပုဒ်သည်၊ တုလျာဓိကရဏေ-တူသော တည်ရာ အနက် ရှိသည်၊ (သတိ-သော်၊) [ သုတ်၌ပါသော ကမ္မဓာရယော၌ စပ်။ ]

မပါဘဲ အမည်မှည့်ရုံသာ ဖြစ်သော ဥဘောတပ္ပုရိသာ, သင်္ချာပုဗ္ဗော ဒိဂု သုတ်များသို့ရင်း မဟုတ်၊ မဟာ တုလျာဓိကရဏေ စသော(သမာသ်စပ်မှု အစီအရင်မှတပါး အခြား အစီအရင်ပြသော )သုတ်များသို့ရင်း လိုက်မည် မဟုတ်-ဟူလို။

ဒွေ ပဒါနိ ၊ ပေ ၊ ကမ္မဓာရယသညော စ — သုတ်၌"ဒွိပဒေတုလျာဓိကရဏေ"ကို ဝိဘတ် ပြိုင်၍ " ဒွေ ပဒါနိ တုလျာဓိကရဏာနိ " ဟု သမသျန္တေ၏ ကံကို ထည့်သည်၊ "ဒွေပဒါနိ ၊ ပေ ၊ သမသျန္တေ"ဝါကျဖြင့် "မဟန္တော+ပုရိသော" ဟူသော နာမ်ဝိဘတ်ဆုံးသည့် ပုဒ် ၂ ခုကို သမာသ်စပ်-ဟု စီရင်၍"တသ္မိံ ဒွိပဒေ၊ပေ၊ကမ္မဓာရယသညော စ" ဖြင့် ထိုသမာသ်ကို ကမ္မဓာရည်း မည်၏-ဟု အမည်မှည့်သည်၊"တသ္မိံ ၊ ပေ ၊ သတိ"ဖြင့် သုတ်၌ ပါသော " ဒွိပဒေ တုလျာဓိကရဏေ " ကို လက္ခဏာအနက် ပေးရမည်-ဟု သိစေသည်၊ " ဒွေ ပဒါနိ ၊ ပေ ၊ တုလျာဓိကရဏော " ကား ဝိဂ္ဂဟတွင်သံဝဏ္ဏနာတည်း၊ နောက်ဒိဗြိုဟ်၌ သမာနံဖြင့် တုလျံပုဒ်၏ အနက်ကို ပြ၏၊ အတ္ထောဖြင့် အဓိကရဏံပုဒ်၏ အနက်ကို ပြ၏၊ သဒ္ဒါသည် အနက်၌ တည်သောကြောင့် "အဓိကရဏ" အရ တည်ရာဟူသည် အနက်ပင်တည်း-ဟူလို။

www.dhammaransi.com



ဘိန္နပဝတ္တိနိမိတ္တာနံ-ပြားသော ပဝတ္တိ နိမိတ် ရှိကုန်သော ပုဒ်တို့၏၊ [တချို့စာ၌ "ဘိန္နပဒါနံ" ဟု ပါသေး၏၊] ဝိသေသနဝိသေသိတဗ္ဗဘာဝေန-ဝိသေသန ဝိသေသိတဗ္ဗ အဖြစ်ဖြင့်၊ ဧကတ္ထိ အတ္ထ-တခုသော အနက်၌၊ ဂါ(ဝ)တ္တိ-ဖြစ်ခြင်းသည်၊ တုလျာဓိကရဏတာ - တုလျာဓိကရဏ အဖြစ် မည်၏။

ဇ မ္မဓိဝ - ကံကဲ့သို့၊ ဒွယံ - အမည် ၂ မျိုးကို၊ ဓာရယတိ - ဆောင်တတ်၏၊ ဣတိ - ထို့ကြောင့်၊ ကမ္မဓာရယော - ကမ္မဓာရဲ မည်၏၊ ဟိ-ချဲ့ဦးအံ့၊ [ "ယထာ ဟိ" ဟု ရှိသင့်၏၊ ] ကမ္မေ- ကံသည်၊ သတိ-သော်၊ ကြိယာယ - ကြိယာ၏ရင်း၊ ပယောဇနသင်္ခာ - အကျိုး၏ရင်း၊ သမ္ဘဝ တော - ဖြစ်သင့်ခြင်းကြောင့်၊ [ ဟိဘ်ကို အတွင်း သွင်း၍ ရှေးဦးစွာ အနက်ပေးသည်၊ ကမ္မံ-ကံသည်၊ ကြိယဉ္စ - ကြိယာကိုရင်း၊ ပယောဇနဥ္စ-

ဘိန္နပဝတ္တိ ၊ပေ၊ ကရဏတာ — ဤစကားဖြင့် တုလျာဓိကရဏ၏ သရုပ်ကို ပြသည်၊ သဒ္ဒါဖြစ်ခြင်း၏ အကြောင်းကို "ပဝတ္တိ နိမိတ္တ" ဟု ခေါ်၏၊ [ ပဝတ္တိယာ—သဒ္ဒါဖြစ်ခြင်း၏+နိမိတ္တံ - အကြောင်း၊ ] မဟန္တသဒ္ဒါဖြစ်ခြင်း၏ အကြောင်းသည် အမြတ်ဂုဏ်, ပုရိသ သဒ္ဒါ ဖြစ်ခြင်း၏ အကြောင်းကား ယောကျ်ားဇာတ်၊ ဤသို့ ပဝတ္တိနိမိတ် ကွဲပြားသော်လည်း မဟန္တောသည် ပုရိသောနှင့်တွဲသည့်အခါ အမြတ်ဂုဏ်ဘွင်မရဘဲ မြတ်သော ယောကျ်ားဒြဗ်ကို ဟော၏၊ ပုရိသောလည်း ယောကျ်ားဇာတ်ကို မဟောဘဲ မြတ်သော ယောကျ်ားဒြဗ်ကိုပင် ဟော၏၊ ဤသို့ သဒ္ဒပဝတ္တိ နိမိတ် ကွဲပြားနေသော ပုဒ်တို့၏ ဝိသေသန+ဝိသေသျ အဖြစ်ဖြင့် "မြတ်သော ယောကျ်ားဒြဗ်" တည်း ဟူသော အနက် တခုထည်း၌ ဖြစ်ကြခြင်းသည် တုလျာဓိကရဏတာ ( တူသော အနက် ရှိခြင်း ) မည်၏၊ "အကြောင်းရင်းကွဲသော်လည်း အပြီးသတ်ဟောနက်မှာ ထပ်တူဖြစ်နေသော ပုဒ်များကို တုလျာဓိကရဏ ခေါ်သည်" ဟူလို၊ [ တသဒ္ဒါ လိန်လိုက်ပုံ၌ပြသော မုဒ္ဓဗောဓိဋီကာလည်း ဤ အဓိပ္ပါယ်ကိုပင် ပြသည်၊ ] နဂိုရ်ကပင် ပဝတ္တိနိမိတ် မကွဲသော "ရုက္ခော မဟီရုဟော ပါဒပေါ" စသည့်တို့ကား သစ်ပင်ဇာတ်ကိုချည်း အကြောင်းပြု၍ ဖြစ်လာသော သဒ္ဒါများ ဖြစ်၍ ဘိန္နပဝတ္တိနိမိတ္တ မဟုတ်ကြ၊ ထိုကဲ့သို့ ပုဒ်များကို "ရုက္ခော စ + သော + မဟီ ရုဟော စာတိ ရုက္ခမဟီရုဟော" ဟု ကမ္မဓာရဲ မတွဲနိုင်။

ကမ္မမိဝ ၊ပေ၊ သမ္ဘဝတော — ဤပါဌ်ဖြင့် "ဒွေရယတီတိ ဓာရယော" ဟူသော ကိတ် ငဂ္ဂြိဟ်ကိုရင်း, "ကမ္မံဣဝ ဓာရယော ကမ္မဓာရယော" ဟူသော သမ္ဘာဝနာ ကမ္မ ဓာရည်းကိုရင်း ပြ၏၊ ကမ္မံဣဝ-ကံကဲ့သို့၊ ဓာရယော-ဆောင်တတ်သော သမာသ်သည်၊ ကမ္မဓာရယော – မည်၏၊ [ ဓာရယော၌ ရေဓာတ် စုရာဒိ ဏယပစ္စည်းနှင့် အ ပစ္စည်း သက်၊ ] " ကဋံ ကရောတိ=ဖျာကို ပြု၏ " ဟူရာ၌ ကဋံဟူသော ကံ ရှိသည့် အတွက် ၁-"ကရောတိ" ဟူသော ကြိယာ ဖြစ်ပေါ်လာ၏၊ ၂-ဖျာ ဖြစ်ပေါ်လာသည့် အတွက်

www.dhammaransi.com



အကျိုးကိုရင်း၊ ဒွယံ - ၂ ပါးစုံကို၊ ဓာရယတိ ဟ‌ေထာ - ဆောင်သကဲ့သို့၊ တထာ-ထို့အတူ၊အယံ သမာသော-ဤသမာသ်သည်၊ဧကဿအတ္ထဿ-တနက်၏၊ ဒွေနာမာနိ - ၂ မည်တို့ကို၊ ဓာရယတိ- ၏၊ ( ကသ္မာ-နည်း၊ ) အသ္မိံသမာသေ - ဤ သမာသ်သည်၊ သတိ - ဖြစ်သတ်သော်၊ ဧကတ္ထဇောတကဿ-တနက်ကို ထွန်းပြတတ်သော၊နာမဒွယဿ-အမည် ၂ပါး အပေါင်း၏၊သမ္ဘဝတော-ဖြစ်သင့်ခြင်းကြောင့် ဘည်း၊(ဟိတ်ကိုသူ့နေရာအတိုင်း နောက်မှ ပေးသည်။]

ပုရေဝိယ - သို့၊ သမာသသညာ ဝိဘတ္တိလောပ ပကတိဘာဝါ-သမာသ်မှည့်ခြင်း, ဝိဘတ်ကြေခြင်း, ပကတိ အဖြစ်တို့သည်၊ (ဟောန္တိ)၊ သမာသေနေဝ-သမာသ်သည်ပင်၊တုလျာဓိကရဏဘာဝဿ-တုလျာဓိကရဏ အဖြစ်၏၊ ဝါ-ကို၊ ဝုတ္တတ္တာ - ဟောအပ်သည်၏ အဖြစ်ကြောင့်၊ ဝုတ္တတ္ထာနမပ္ပယောဂေါတိ - ဟူသော ပရိဘာသာကြောင့်၊ စသဒ္ဒ တသဒ္ဒါနံ-တို့ကို၊ အပ္ပယောဂေါ-မယှဉ်စေရခြင်းသည်၊ (ဟောတိ)။

မလိုရာ အကျိုးမဲ့ကို ကာကွယ်ရခြင်း-ခင်းမှု ထိုင်မှု စသော လိုအပ်သော အကျိုးကို ရခြင်း ဟူသော အကျိုး တမျိုးမျိုးလည်း ဖြစ်ပေါ်ရ၏၊ ( တနည်း-ဖျာရှိသည့်အတွက် ထို ဖျာဖြင့် ပြီးစေရ ပြုလုပ်ရမည့် အကျိုး တမျိုးမျိုးလည်း ဖြင်ပေါ်လာရ၏၊ ) ဤသို့လျှင် ဖ‌ျာ ဟူသော ကံသည် ကြိယာနှင့် အကျိုး ထို ၂ မျိုးကို ဆောင်တတ်သကဲ့သို့ “ မဟာ ပုရိသော”စသော သမာသ်လည်း ယောကျ်ား ဖြစ်တည်းဟူသော တနက်ထည်း အတွက် “မဟာ”ဟူသော နာမည် “ ပုရိသော ” ဟူသော နာမည် ဤ ၂ မည်ကို ဆောင်တတ် ရကား ၂ ခုကို ဆောင်ခြင်း အားဖြင့် ကံနှင့် အလား တူသောကြောင့်“ကမ္မဓာရယ”ဟု အမည်ရလေသည်။

ပုရေဝိယ ၊ ပေ ၊ ဘာဝါ— [“သမာသ်စပ်၍ ကမ္မဓာရည်း မှည့်မှုကို ရှေး၌ ပြခဲ့ပြီ။] အဖျယီဘော သမာသ်တုန်းက ကဲ့သို့ မဟန္တောနှင့် ပုရိသောကို နာမာနံ သမာသော သုတ်ဖြင့် သမာသ် အမည်လည်း မှည့်၊ ဝိဘတ်ချေ, မဟန္တ ပုရိသ ဟု ပကတိပြု၊“မဟန္တ ပုရိသ”ဟု သမာသ်ဖြစ်သည့်အခါ ထို ၂ ပုဒ်တို့၏၊ အနက် အရတူ (တုလျာဓိကရဏ) ဖြစ်ကြောင်းကို “ မဟန္တပုရိသ ” သမာသ်ကပင် သိစေနိုင် သောကြောင့် “ ဝုတ္တတ္ထာန မပ္ပယောဂေါ”ဟူသော ပရိဘာသာအရ စ-တသဒ္ဒါများကို ချေပစ်ရတော့၏၊ [ဝုတ္တော အတ္ထော ယေသံဘိ ဝုတ္တတ္ထာ၊ ယေသံ — အကြင် စ—တတို့၏၊ အတ္ထော-တုလျာဓိကရဏ ဖြစ်ကြောင်းပြနိုင်သော အနက်ကို၊ ဝုတ္တော-သမာသ်သည် ဟောအပ်၏၊ ဣတိ-ကြောင့်၊ ဝုတ္တတ္ထာ — တို့ မည်၏၊ ဤသို့ တုလျာဓိကရဏ ဖြစ်ကြောင်းကို သမာသ်ပုဒ်က ဟောနိုင် သဖြင့် စ-တ တို့ အပို ဖြစ်တော့ရကား စ-တသဒ္ဒါများ အလိုက်သိစွာ ကြေပျောက်ကြရ

www.dhammaransi.com



(၃၃၃) မဟာတံ၊ပေ၊ကရဏော ပဒေ။ ။ပရေ တုလျာဓိကရဏော ဥတ္တရပဒေ ( နောက် ပုဒ်ကြောင့် ) မဟန္တသဒ္ဒဿ မဟာ ဟောတိ၊ မဟာတံဘိ ဗဟုဝစနဂ္ဂဟဏေန - မဟာတံ ဟူသော ဗဟုဝုစ် သဒ္ဒါဖြင့်၊ က္ွစိ, မဟာအာဒေသောစ - မဟာလည်း ပြု၊ စ-ဆက်၊ ဧတ္ထ- ဤကမ္မဓာရဲ သမာသ်၌၊ဝိသေသနဿ-ဝိသေသနပုဒ်၏၊ပုဗ္ဗနိပါတော-ရှေ့၌ကျခြင်းကို၊ ဝိသေသနဘူတဿ - ဝိသေသန ဖြစ်၍ဖြစ်သော၊ ပုဗ္ဗပဒဿ - ရှေ့ပုဒ်၏၊ မဟာဒေသဝိဓာနတော၀ - မဟာ အပြုကို စီရင်ခြင်းကြောင့်ပင်၊ ဝိညာယတိ - သိအပ်၏။

တော့သည် - ဟူလို။ ] ဤ၌ တုလျာဓိကရဏ အဖြစ်ကိုသာ အႏွမ္ခံ၍ သမာသ်ပုဒ်က ဟောသည် ဟု ဆိုထားသောကြောင့် ရှေ့၌ "စသဒ္ဒါက သကတ် စသည် ပြားကြောင်းကို ပြ၏" ဟူသော ဝါဒကို စဉ်းစားဘို့ရန် မှတ်ချက်ချခဲ့ရသည်။

တိပဒကမ္မဓာရဲ။ ။"ဒွန်နှင့် ဗဟုဗ္ဗီဟိမှ တပါး အခြားသမာသ်များ၌ ၂ ပုဒ်သာ သမာသ်တွဲရိုးရှိ၏၊ ထို့ကြောင့် "ဒွိပဒေ တုလျာဓိကရဏေ" ဟု မိန့်ကြောင်းကို ညွှန်ပြ၍ "တိပဒ ကမ္မဓာရဲမရှိ"ဟု ဆိုကြ၏။ [ဒွန္ဒသမာသဥ္စ ဗဟုဗ္ဗီဟိသမာသဥ္စ ဌပေတွာ ပဒ ဗဟုတ္တေ သမာသော နဘဝတိ-သံဓိတ္တသာရဋီကာ။] သို့သော် မုဒ္ဓဗောဓ၌ ထိုဝါဒကို လက်မခံလိုသောကြောင့်"သံစ-မြသည်း မြ၏၊ သော-ထိုမြ၏ ဟူသည်၊စိတ္တ-တကိုယ်လုံး ဉာဏ်တုံးလည်း ဟုတ်၏၊ သော-ထိုဉာဏ်တုံးဟူသည်၊ အာနန္ဒောစ-ချမ်းသာတုံးလည်း ဟုတ်၏၊ ဣတိသစ္စိဒါနန္ဒော"ဟု တိပဒကမ္မဓာရဲပုဒ်ကို ပြလေသည်၊ ပါဠိ၌လည်း "စိတ္တ သံသဋ္ဌာစ+တေ+စိတ္တသမုဋ္ဌာနာစ+စိတ္တသဟဘုနော စေတိ စိတ္တသံသဋ္ဌ သမုဋ္ဌာန သဟဘုနော"ဟု အဋ္ဌသာလိနီဝိဂ္ဂဟ ပြုသည်၊ "ဆန္ဒိဘာ+ပတိဘာ+ဥဿာပါ-ဆန္ဒိဘ ပတိဘ ဥဿာပါ"ဟူသော ဝဇိရဗုဒ္ဓိ ဋီကာလည်း တိပဒကမ္မဓာရဲ ပြပင်။

(၃၃၄) ဧတ္ထစ၊ ဓပ၊ ဝိညာယတိ—ဤ"မဟာပုရိသော" ဟူသော ကမ္မဓာရဲ သမာသ်၌ ဝိသေသနဖြစ်သော ရှေ့မဟန္တပုဒ်ကို မဟာပြုပုံ ထောက်၍ အခြား ကမ္မဓာရဲ သမာသ်များ၌လည်း ဝိသေသနပုဒ်တို့ရှေ့၌ ကျရောက်ကြောင်း (ရှေ့ကနေရကြောင်း ) ကို သိနိုင်သည်။ [များရာလိုက်၍ ယေဘုယျနည်းအားဖြင့် ဝိသေသန ရှေ့နေရကြောင်းကို ဆိုသည်၊ ဝိသေသနုတ္တရပဒ ကမ္မဓာရည်း အနည်းငယ်၌ကား ဝိသေသနပုဒ်တို့ နောက် နေဦးလတံ့။] ဆက်ဦးအံ့ — ဂုဏ်ဟောနှင့် ဒြဗ်ဟောပုဒ် ၂ ခု စပ်လျှင် ဂုဏ်ဟော သဒ္ဒါသည် ရှေ့နေ၏၊ ဘာကြောင့်နည်း— ဂုဏ်သည် အပ္ပဓာန ဝိသေသန ဖြစ်၍ ဒြဗ်သာ ပဓာန ဖြစ်သောကြောင့်တည်း၊ ဂုဏ်ဟောချင်း တွဲမူ ရှေ့နောက် အနေ မမြဲ၊ ခဉ္ဇကုဏ္ဍော – ခွင်လည်း ခွင်, ကုန်းလည်း ကုန်းသူ၊ ကုဏ္ဍခဉ္ဇောဝါ၊ ကဏှသုက္ကော– နက်လည်း နက်, ဖြူလည်း ဖြူသော သတ္တဝါ၊ သုက္ကကဏှောဝါ၊ ကြိယာဟောချင်း တွဲရာ ၌လည်း နည်းတူ၊ ပါစက ပါဌကော – ချက်လည်း ချက်, စာလည်း ဖတ်သူ၊ ပါဌက ပါစကောဝါ၊ ဂုဏ်နှင့် ကြိယာဟော တွဲရာ၌လည်း နည်းတူ၊ ခဉ္ဇပါစကော, ပါစက

www.dhammaransi.com



(၃၄၀) ကမ္ဗလာရယောဘိ ဒိဂုဘိစ ဝတ္တတေ။

ဥဒဘေ တပ္ပုရိသာ ။ ။ ဥဒဘေ၊ ပေ၊ ဟောန္တိ၊ တဿ -ထို မင်း၏၊ ပုရိသော-အချင်းယောကျ်ားတည်း၊ တပ္ပုရိသော-ထို အချင်းယောကျ်ား၊ တပ္ပုရိသ သဒ္ဒိသတ္တာ– တပ္ပုရိသ သဒ္ဒါနှင့် တူ သည်၏-အဖြစ်ကြောင့်၊ အယံသမာသောပိ-ကိုသည်း၊ အန္ဝတ္ထ သညာယ - အန္ဝတ္ထ သညာဖြင့်၊ တပ္ပုရိသောတိ -ဟူ၍၊ ဝုစ္စတေ၊ ဟိ – ချဲ့၊ တပ္ပုရိသ သဒ္ဒေါ-တပ္ပုရိသ သဒ္ဒါသည်၊ ဂုဏံ-ဝိသေသနဂုဏ်ကို၊ အဘိဝတ္တော ယထာ-လွန်သကဲ့သို့၊ တထာ-တူ၊ အယံသမာသောပိ–သည်လည်း၊ ဂုဏံ အတိဝတ္တော၊ ဟိ–မှန်၏၊ တပ္ပုရိသော -တပ္ပုရိသ် သမာသ်သည်၊ ဥတ္တရပဒတ္ထ ပဓာနော– ပြဓာန်းသော နောက်ပုဒ် အနက်ရှိ၏၊ ဣတိ–ဤသို့ မှတ်အပ်၏။

ခဋ္ဌောဝါ၊ ဒြိဂုဟော ၂ ခု တွဲရာမှ သာမည သဒ္ဒါသည် နောက်နေ၏၊ သိံ သပရုက္ခော– ယင်းတိုက်ပင်, စသည်တည်း။

[ဆောင်] ဂုဏ်ဒြိဂုဟော, သမာသ် နှောမူ, ဂုဏ်ဟော ရှေ့က, နေ့ရှိး ကျ၏၊ ဂုဏ်အချင်းချင်း, ကြိယာချင်းနှင့်, ယင်းတို့ ၂ ပါး, တွဲကုန်ညားသော်, ရှေ့သွား နောက်နေ , မမြဲပဘူး၊ တထွေ ဒြိဂ်, ၂ ခု စပ်လျှင် , သာမဉ် သဒ္ဒါ, နောက်နေရာသည်, မှတ်ပါ ပုံစံ အရှိတည်း။

(၃၄၈) တဿပုရိသော၊ ပေ၊ အယံသမာသောပိ — " တဿ + ပုရိသော တပ္ပုရိသော=ထိုမင်း၏ အချင်းယောကျ်ား " ဟူရာ၌ တ–ဟူသော ရှေ့ပုဒ်၏ အနက် ဖြစ်သော မင်းကို မရ, ပုရိသ ဟူသော နောက်ပုဒ်၏ အနက်ဖြစ်သော အချင်းယောကျ်ား ရ၏၊ ဤ"မဟာပုရိသော" သမာသ်၌လည်း မဟာအရ "အမြတ်" ဟူသော အနက်မရ, "ပုရိသော" ဟူသော နောက်ပုဒ်၏အနက် (ယောကျ်ားဖြစ်) ရသည်၊ ဤသို့လျှင် တပ္ပုရိသ သဒ္ဒါသည် နောက်ပုဒ် အနက်ကို ပဓာန ဟောသကဲ့သို့ ဤ ကမ္မဓာရည်းသမာသ်သည်း နောက်ပဒ် အနက်ကို ပဓာန အားဖြင့် ဟောသောကြောင့် " တပ္ပုရိသော ဝိယာတိ တပ္ပုရိသော"နှင့် အညီ အန္ဝတ္ထသညာ (ဝိဂြိုဟ်နက်သို့ လိုက်သော နာမည်) အားဖြင့် "တပ္ပုရိသ" ဟု နာမည်တမျိုး ထပ်၍ ဆိုအပ်ပြန်သည်။

ဥတ္တရ၊ ပေ၊ တပ္ပုရိသောတိ–"ဂုဏမဘိဝတ္တော"၌ ဂုဏဟူသည် ဝိသေသနတည်း၊ ဝိသေသန ဖြစ်သော မဟာပုဒ်၏ အနက်တွင် မရဘဲ "မြတ်သော+ယောကျ်ား" ဟု ပုရိသ ဟူသော ဝိသေသျ ပုဒ်အနက် ထိအောင် ဟောခြင်းကို " ဂုဏမတိဝတ္တော " ဟု ဆိုသည်၊ ထို " ဂုဏမတိဝတ္တော " ဟူသော စကားကို ခိုင်မြဲစေလိုရကား " ဥတ္တရပဒတ္ထ ပဓာနော ဟိ တပ္ပုရိသော"ဟု ဒင်္ဂီဝါကျ တက်ရပြန်သည်၊ တပ္ပုရိသ်သမာသ် မှန်လျှင် ဝိသေသျဖြစ်သော နောက်ပုဒ် အနက်ကို ပဓာနအားဖြင့် ဟော၏၊ ထို့ကြောင့် "ဂုဏ မဘိဝတ္တော " ဟူသော စကား မှန်သည်–ဟူလို။

www.dhammaransi.com



တဘော-ထို တပ္ပုရိသ် မှည့်ပြီးသည်မှ နောက်၌၊ နာမဗျာဒေသော-နာမ်ငဲ့ခြင်းသည့်ရင်း၊ သျှာချုပ္ပတ္တိ-သိ အစရှိသော ဝိဘတ်တို့၏ ဖြစ်ခြင်းသည်ရင်း။(ဟောတိ)၊ပန-ဆက်၊အယံဘပ္ပုရိသော-ဤတပ္ပုရိသ်သမာသ်သည်၊ အဘိဓေယျာစနော-ဟောအပ်သော အနက်၏ ဝစ်နှင့် တူသော ဝစ်ရှိ၏၊ ပရလိင်္ဂါစ - နောက်ပုဒ်၏ လိင်နှင့် တူသော လိင်သည်း ရှိ၏၊ မဟာပုရိသော-မြတ်သော ယောကျ်ား၊ မဟာပုရိသာ-တို့၊ ဣစ္စာဒိ-ဤသို့ အစရှိသော ရုပ်စဉ်သည်၊ ပုရိသသဒ္ဒသမံ-ပုရိသသဒ္ဒါနှင့်တူ၏၊ ဇေ-တူ၊ မဟာဝီရော-ကြီးသော လုလ္လရှိသူ၊ မဟာမုနိ-မြတ်သောမုနိ။

မဟန္တ္ထဥ္စ-ကြီးသည်လည်း ဟုတ်၏၊ တံ-ထိုကြီးသောအရာဟူသည်၊ ဗလဥ္စ-အားသည်း ဟုတ်၏၊ ဣတိ, မဟာဗ္ဗလံ-မည်၏၊ မဟာဘ္ဘယံ-ကြီးသောဘေး၊ မဟာဒေသော-မဟာပြု။ [ "မဟတံ" ဟူသော ဗဟုဝစ် သဒ္ဒါလွန်ဖြင့် ပြု၊ ] သန္တောစ-သူတော်ကောင်းလည်း ဟုတ်၏၊ သော-သည်၊ ပုရိသောစ-၏၊ ဣတိ, သပ္ပုရိသော-မည်၏၊ သန္တသဒ္ဒဿ ဘော, ဗောစန္တေတိ ဧတ္ထ-၌၊ စသဒ္ဒေန - ဖြင့်၊ သန္တသဒ္ဒဿ - ၏၊ သမာသေ - သမာသ်အရာ၌၊ အဘာကာရေဝိ - ဘ အက္ခရာ မနှောင်းသော်လည်း၊ သာဒေသော-သပြု၊ တထာ-ထို့အတူ၊ ပုဗ္ဗ ပုရိသော-ရှေး ယောကျ်ား၊ ပရပုရိသော - နောက် ယောကျ်ား၊ ပဌမ ပုရိသော - ပဌမ ပုရိသ်၊ မဇ္ဈိမပုရိသော - ရိသ်၊ ဥတ္တမ ပုရိသော - ရိသ်၊ ပရမ ပုရိသော-မြတ်သော ယောကျ်ား၊ ဝီရပုရိသော - ရဲရင့်သော ယောကျ်ား၊ သေတဟတ္ထိ - ဖြူသော ဆင်၊ ကဏှသပ္ပေါ - မည်းနက်သော မြွေ၊ နီလုပ္ပလံ-ညိုသော ကြာ၊ လောဟိတစန္ဒနံ - နီသော စန္ဒကူး။ ["ပုဗ္ဗောစ+သော+ပုရိသောစာတိ" စသည်ဖြင့် ဝိဂြိုဟ်ပြု။]

**အယံပန၊ပေ၊ပရလိင်္ဂေါစ**—"အဘိဓိယတေ-ဟောအပ်၏၊ ဣတိ, အဘိဓေယျော" မဟာပုရိသော သဒ္ဒါသည့် ဘုရားစသော ယောကျ်ားမြတ်ကို ဟော၏၊ ထို ယောကျ်ားမြတ်သည် တပါးထည်းဖြစ်အံ့, ဧကဝုစ် ရှိ၏၊ ၂ပါး ၃ပါး စသည် ဖြစ်အံ့, ဗဟုဝုစ် ရှိ၏၊ မဟာပုရိသ ဟူသော သမာသ်လည်း ထို အဘိဓေယျ၏ ဝုစ်နှင့် တူစွာ ဧကဝုစ်-ဗဟုဝုစ် ထိုက်သလို ရှိရသည်၊ ထို့ကြောင့် "အဘိဓေယျဿ ဝိယ ဝစနံ အဿ" ဟူသော ဝိဂြိုဟ် အရ "အဘိဓေယျဝစနော" ဟု မိန့်သည်။ [အဿ-ထိုသမာသ်၏၊ အဘိဓေယျဿ-ဟောအပ်သော အနက်၏၊ ဝစနံဝိယ-ဝုစ်ကဲ့သို့သော၊ ဝစနံ-ဝုစ်သည်၊ အတ္ထိ-ရှိ၏။] မဟာပုရိသော၌ ပုရိသော ဟူသော နောက်ပုဒ်သည် ပုလ္လိင် ရှိ၏၊ ထို နောက်ပုဒ်၏ လိင်နှင့် တူစွာ "မဟာပုရိသော" ဟူသော ပုဒ်အပေါင်းလည်း ပုလ္လိင်ပင် ရှိရသည်။

www.dhammaransi.com



ကွစိ-၌၊ ဝိဘာသာဝိဘာဂရတော-ဝိဘာသာ သဒ္ဒါလိုက်ခြင်းကြောင့်၊ နဘဝတိ-သမာသ် မဖြစ်၊ ယထာ-ဥဒါဟရဏ်ကား၊ပုဉ္ဉော၊ပေ၊ဒေဝရာဇာတိ-ဟူသည့်တည်း၊မန္တာနီပုဇ္ဇော-မန္တာနီပုန်ထားမ၏သားဖြစ်သော၊ ပုဉ္ဉော-အရှင်ပုဏ္ဏ၊ စိတ္တော-စိတ္တမည်သော၊ ဂဟပတိ-သူကြွယ်၊ ဒေဝရာဇာ-နတ်မင်းဖြစ်သော၊ သက္ကော-သကြား။

(၃၄၁) ပုမာစ - အမိုလည်း ဟုတ်၏၊ သော - ထို အမို ဟူသည်၊ ကောကိလောစ - ဥဩလည်း ဟုတ်၏၊ ဣတိအတ္ထေ-ဤအနက်၌၊ သမာသေ-ကို၊ ကတေ-ပြုအပ်ပြီးသော်။ [ပုမာနှင့် ကောကိလောကို သမာသ်စပ်, ကမ္မဓာရဲမှည့်, သမာသ်မှည့်, စ·တ ချေ, ပုမကောကိလ-ဟု ပကတိပြု, တပ္ပုရိသ်မှည့်, ဤအားလုံး အစီအစဉ်ကိုပင် " သမာသေ ကတေ " ဟု မိန့်သည်၊ ဤ " ကတေ " ကိုလည်း " လောပ မာပဇ္ဇတေ " ၌ စပ်။] လောပန္တိ ဝတ္တတေ။

**ပုမဿ လိင်္ဂါဒိသု သမာသေသု။** ။သမာသေသု - သမာသ်တို့၌၊ လိင်္ဂါဒိသု - လိင် အစရှိကုန်သော၊ ပရပဒေသု-နောက်ပုဒ်တို့ကြောင့်၊ ပုမဣစ္စေတဿ-ပုမ ဟူသော ဤသဒ္ဒါ၏၊ အန္တော - အဆုံးဖြစ်သော၊

နောက်ပုဒ်က " ဒေဝီ " ကဲ့သို့ ဣတ္ထိလိင် ရှိရာ၌လည်း " မဟာဒေဝီ " ဟူသော ပုဒ်အပေါင်းသည် ဣတ္ထိလိင် ရှိရမည်၊ မဟဗ္ဗလံ စသည်၌လည်း နပုံလိင် ရှိရပုံကို သိလေ၊ ထို့ကြောင့်"ပရဿ လိင်္ဂံ ဝိယ လိင်္ဂံ အဿ"ဟူသော ဝိဂ္ဂဟ်နှင့် အညီ"ပရလိင်္ဂေါ စ"ဟု မိန့်သည်၊ မဟာရိသော စသည်ကို ဆိုင်ရာ နာမ်ဂိုဏ်း သွင်း၍ နာမ်ရုပ် စဉ်လေ။

ကွစိဝိဘာသာ၊ ပေ၊ ဒေဝရာဇာတိ— " ဝိဘာသာ ရုက္ခတိဏ " စသော သုတ်မှ ဝိဘာသာ သဒ္ဒါသည် သမာသ် ဝိရင်ရာ သုတ်တိုင်း၌ လိုက်လာသောကြောင့် ပုဏ္ဏနှင့် မန္တာနီပုတ္တသည် တုလျာဓိကရဏဖြစ်ပါလျက် "ပုဏ္ဏောစ+သော+မန္တာနီပုတ္တောစ" ဟု ဝိဂ္ဂဟ်ပြု၍ " ပုဏ္ဏမန္တာနီပုတ္တော " ဟု ကမ္မဓာရည်း သမာသ် မစပ်ရ၊ "ပုဏ္ဏော+မန္တာနီပုတ္တော"ဟု ဝါကျသာ ရှိရသည်၊ ထို့အတူ "စိတ္တဂဟပတိ, သက္ကဒေဝရာဇာ"ဟု ကမ္မဓာရည်း သမာသ် မဖြစ်ပုံကိုလည်း သိလေ၊ ဤသို့ ကမ္မဓာရည်း သမာသ် မဖြစ်လျှင် ကမ္မဓာရည်း နေခံလိုက် တပ္ပုရိသ် မမည်ပုံမှာ ဆိုဘွယ်ရာ မရှိပြီ၊ ထို့ကြောင့် "ကွစိ၊ပေ၊ နဘဝတိ" ဟူသော စကားကို " ဒွိပဒေ တုလျာဓိကရဏေ " သုတ်ကို တားမြစ်သော စကား ဟု မှတ်။

(၃၄၁) ပုမာဣစ္စေတဿ၊ပေ၊သမာသေသု—လိင်္ဂါဒိသုဖြင့်"ဣတ္ထိပုမနပုံသကံ" ကဲ့သို့ လိင် စသည် မနှောင်းဘဲ နပုံသကသဒ္ဒါ နှောင်းရာ၌ ပုမ၏ အ ကို မချေရ–ဟု သိစေသည်၊ " သမာသေသု " ဟု ဗဟုဝုစ်ဖြင့် ဆိုခြင်းကား "ပုမဿ+လိင်္ဂံ–ပုလ္လိင်္ဂံ"

www.dhammaransi.com



အာကာရော-သည်၊ သောပံ အာပန္နော၊ အံမော နိဂ္ဂဟီတံ ဈလပေဟိ ဘိ-သုတ်ဖြင့်၊ မကာရဿ-၏၊ နိဂ္ဂဟီတံ-ပြု၊ ပုကောကိလော-အမှိဖြစ်သော ဥဩ၊ ဇဝံ တူ၊ ပုန္နာဂေါ-ဆင်ထိး၊ ဝါ-ပုန်းညက်ပင်။

(၃၄၂) ခတ္တိယာဝစ-မင်းမျိုးမလည်းဟုတ်၏၊သာ-ဟူသည်၊ကညာစ-သတို့သမီးသည်း ဟုတ်၏၊ ဉာတိ-သို့၊ ဝိဂ္ဂယှ-ဝိဂြိုဟ်ပြု၍၊ ( ဝိဂ္ဂဟရှိသည့် ကားပါဌ်ပျက် )သမာသေ-ကို၊ ကတေ-သော်၊ [''ပုဗ္ဗပဒေဣတ္ထိပစ္စယဿ နိဝတ္တိ''ဌ်စပ် ]တုလျာဓိကရဏေတိ,ပဒေတိ,ဣတ္ထိယံတိ,ဘာသိတပုမာတိ ပုမာဝါတိ, စေတိစ ဝတ္တတေ ( ''မဟတံ မဟာ တုလျာဓိကရဏေပဒေ-ဣတ္ထိယံ ဘာသိတ ပုမိတ္ထီ ပုမာဝစေ''သုတ်ဘို့မှ ၇ ပုဒ်လိုက်)။

ကမ္မဓာရယသညာ၈။ ။ကမ္မဓာရယသညာစ သမာသေ-ကမ္မဓာရယ အမည်ရှိသော သမာသ်၌လည်း၊ [ စဖြင့် မိမိရှေက ''ဣတ္ထိယံ ဘာသိတ ပုမိတ္ထီ''သုတ်လာဗဟုဗ္ဗီဟိသမာသ်ကိုပေါင်းသည် ] ဣတ္ထိယံ-ဣတ္ထိလိင်၌၊ ဝတ္တမာနေ-သော၊ တုလျာဓိကရဏေ-သော၊ ပရေ-နောက်ဖြစ်သော၊ ဥတ္တရပဒေ - နောက်ပုဒ်ကြောင့်၊ ပုဗ္ဗဘူတော-ရှေ့ဖြစ်၍ ဖြစ်သော၊ ဣတ္ထိဝါစကော - ဣတ္ထိလိင်ကို ဟောသော၊ သဒ္ဒေါ-သဒ္ဒါသည်၊ ပုဗ္ဗေ-ရှေ့၌၊ ဘာသိတပုမာ - ဟောအပ်ဘူးသော ပုလ္လိင် ရှိသည်၊ စေ ( ဟောတိ ) - အကယ်၍ဖြစ်အံ့၊ သော-ထိုဣတ္ထိလိင်ဟောသဒ္ဒါကို၊ ပုမာဝ-ပုလ္လိင်ကဲ့သို့၊ ဒဋ္ဌဗ္ဗော-၏၊ ဉာတိ-ဤသုတ်ဖြင့်၊ ပုဗ္ဗပဒေ-ရှေ့ပုဒ်၌၊ဣတ္ထိပစ္စယဿ-ဣတ္ထိပစ္စည်း၏၊ နိဝတ္တိ-နစ်ခြင်းသည်၊ ဟောတိ-ဖြစ်၏၊ ခတ္တိယကညာ-မင်းမျိုး သတို့သမီး၊ ခတ္တိယကညာယော-တို့၊ ဣစ္စာဒိ-တည်း၊ ဇဝံ-ဘူ၊ ရတ္တလတာ-နီသော နွယ်၊ ဒုတိယာဘိက္ခာ-၂ ခုမြောက် ထမင်း။

ပုမဿ+ဘာဝေါ ပုမ္မာဝေါ''စသော တပ္ပုရိသ်သမာသ် – ဤ၌ ပြအပ်သော ကမ္မဓာရယ သမာသ် စသည်ဖြင့် သမာသ် များကြောင်းကို ပြရခြင်းအကျိုးရှိ၏၊ ''ဇဝံ ပုန္နာဂေါ''ဖြင့် ''ပုမာစ သော နာဂေါစာတိ ပုန္နာဂေါ''ဟု ဝိဂြိုဟ်ပြု၍ ဆင်ထိးကို မှချရ၏၊ ထို ဆင်ထိး ကဲ့သို့ မြတ်သော ကြာဖြူပင် – ဇာတိပွိုလ်ပင် – ပုန်းညက်ပင်များကိုကား '' ပုန္နာဂေါ ဝိယာတိ ပုန္နာဂေါ''ဟု ဝိဂြိုဟ်ပြုရမည်။ [ထောမနိဓိ။]

(၃၄၂) ကမ္မဓာရယသညာ၈၊ စေ၊ ဒဋ္ဌဗ္ဗော — [''ကမ္မဓာရယေစ''ဟု ဆိုလျှင် ပြီးကောင်းလျက် '' ကမ္မဓာရယသညာ၈ '' ဟု သညာသဒ္ဒါ ထည့်ခြင်းမှာ '' ကမ္မဓာရ မည်သော သမာသ်''ဟု သိသာစေခြင်း အကျိုးရှိ၏၊ '' သညဂ္ဂဟဏ် သုခဗောဓတ္ထံ''— ဋီကာ၊ ] သမာသ်ဆိုင်ရာ စိရှင်၍ ပကတိပြုသည့် အခါ''ခတ္တိယာကညာ''ဟု အာကာရန္တ

www.dhammaransi.com



ဗြာဟ္မဏီစ - ပုဏ္ဏားမလည်း ဟုတ်၏၊ သာ , ဒါရိကာစ-သူငယ်မလည်း ဟုတ်၏၊ ဣတိ, ဗြာဟ္မဏဒါရိကာ - မည်၏၊ နာဂမာဏဝိကာ-နဂါးပျိုမ၊ [ "နာဂီစ သာ မာဏဝိကာ စ" ဟု ပြု၊] ပုဗ္ဗပဒသော၀-ရှေးပုဒ်၏သာ၊ အယံဝုတ္တ္တာဝါ တိဒေသသော-၍ ပုလ္လိင်အဖြစ်ကို ငဲ့ညွှန်းခြင်းသည်၊ (ဟောတိ) တေန - ထို့ကြောင့်၊ ခတ္တိယကုမာရီ - မင်းမျိုး သတို့သမီး၊ ကုမာရသမဏီ-သာမဏေမ ရဟန်းမ၊ [ သိဟိုဠ်မူ၌ " တရုဏဗြာဟ္မဏီ-နုပျိုသော ပုဏ္ဏားမ" ဟု ရှိသေး၏ ] ဣတိ အာဒိသု-၌သို့ အစရှိသော ပြယုဂ်တို့၌၊ ဥတ္တရပဒေသု-နောက်ပုဒ်တို့၌၊ ဣတ္ထိ ပစ္စယသသ-၏ နိဝတ္တိ-နစ်ခြင်းသည်၊ နဟောတိ။

ပကတိ အတိုင်း ဖြစ်၏၊ ကညာသည် ဣတ္ထိလိင်၌လည်း ဖြစ်၏၊ ခတ္တိယာနှင့် တုလျာဓိကရဏဖြစ်သော နောက်ပုဒ်လည်း ဟုတ်၏၊ "ကညာ" ပုဒ်မျိုးကို ရည်ရွယ်၍ "ဣတ္ထိယံ ဝတ္တမာနေ တုလျာဓိကရဏေ ဥတ္တရပဒေ" ဟု မိန့်သည်၊ "ခတ္တိယာ" ကား ကညာကို ထောက်၍ ( ပုဗ္ဗဘူတ ) ရှေ့ဖြစ်၏၊ မင်းမျိုးမ—ဟု ဣတ္ထိလိင်ဟော သဒ္ဒါလည်း ဟုတ်၏၊ ဤ သမာသ်သို့ မရောက်မီ ရှေးက "ခတ္တိယော ကုမာရော" စသည်ဖြင့် ပုလ္လိင်ကိုလည်း ဟောဘူးသည်၊ "ခတ္တိယာ" ပုဒ်မျိုးကို ရည်ရွယ်၍ "ပုဗ္ဗဘူတော ဣတ္ထိဝါစကော သဒ္ဒေါ ပုဗ္ဗေ ဘာသိတပုမာ" ဟု မိန့်သည်၊ ဤသို့ ရှေးရှေးက ပုလ္လိင်ကို ဟောခဲ့ဘူး၍ ယခု သမာသ်တွင်း၌ ဣတ္ထိလိင်ကို ဟောနေဆဲ ဖြစ်သော ခတ္တိယာကဲ့သို့သော သဒ္ဒါကို ပုလ္လိင်ကဲ့သို့မှတ်—ဟု ငဲ့ညွှန်းသော လိင်္ဂါတိဒေသသုတ်တည်း၊ [ဘာသိတော ပုမာ ယေနာတိ ဘာသိတပုမာ၊ ယေန – အကြင် ခတ္တိယာကဲ့သို့သော သဒ္ဒါသည်၊ ပုမာ—ပုလ္လိင်ကို၊ ဘာသိတော-ရှေး၌ ဟောအပ်ဘူးပြီ၊ ဣတိ, ဘာသိတပုမာ—မည်၏။]

ဣတိ ဣတ္ထိပစ္စယဿ၊ ပေ၊ ဒုတိယဘိက္ခာ—"ခတ္တိယာ" ကို ပုလ္လိင်ဟုညွှန်ပြလိုက်သည့်အခါ ဣတ္ထိဇောတက အာပစ္စည်း အလိုလို ပျောက်၍ "ခတ္တိယ" ဟု ဖြစ်၏၊ "ရတ္တာစ သာ လတာစ"၌ "ရတ္တာ လတာ" ဟု ပကတိပြု၊ ရတ္တာပုဒ်သည် "ရတ္တော+ဩဘာသော—နီသောအရောင်" စသည်ဖြင့် ပုလိင်ကို ဟောခဲ့ဘူး၏၊ "ဒုတိယာစ သာ ဘိက္ခာစ" ၌ "ဒုတိယာ ဘိက္ခာ" ဟု ပကတိပြု ဒုတိယာသဒ္ဒါသည် "ဒုတိယော ကပ္ပော" စသည်၌ ပုလ္လိင်ကို ဟောခဲ့ဘူး၏၊ ဤသို့ စသည်ဖြင့် သိလေ၊ [ "ပဌမာဝိဘတ္တိ-ဒုတိယာဝိဘတ္တိ" စသည်၌ကား ပဌမာ ဒုတိယာတို့က နာမည်ဟော ( သညာသဒ္ဒါ ) ဖြစ်သောကြောင့် မူလနာမည်ပျက်၍ "ပဌမဝိဘတ္တိ-ဒုတိယဝိဘတ္တိ" စသည် ဖြစ်မည်စိုးသောကြောင့် ပုလ္လိင်မငဲ့ရ၊ "ပဌမာ ဒုတိယာ" အတိုင်းပင် ရှိရသည်—"ဧဝံ ဒုတိယာဝိဘတ္တိ၊ ဧတ္ထစ ပုဗ္ဗဿ (ဒုတိယာဟူသော ရှေ့ပုဒ်၏) သညာသဒ္ဒတ္တာ ပုမ္ဘာဝါတိဒေသော နဟောတိ"-ဋီကာ။]

ဗြာဟ္မဏီ၊ ပေ၊ နနိဝတ္တိ ဟောတိ — ဤသုတ်ဖြင့် ပုလ္လိင် ငဲ့ရာ၌ ရှေ့ပုဒ်ကိုသာ ငဲ့ရမည်၊ ကညာ ဒါရိကာ စသော နောက်ပုဒ်ကို မငဲ့ရ၊ ထို့ကြောင့် "ခတ္တိယာစ သာ ကုမာရီ စာတိ ခတ္တိယကုမာရီ" ၌ ခတ္တိယာဟူသော ရှေ့ပုဒ်၌သာ အာပစ္စည်း ပျောက်၍

www.dhammaransi.com



ဓုတ္ထိယံဓုတ္တေဝ-ရှေ့သုတ်မှ လိုက်သော "ဓုတ္ထိယံ"သဒ္ဒါသည်၊ ကိံ-အဘယ်အကျိုး ရှိသနည်း၊ ကုမာရိရတနံ, သမဏိပဒုမံ - တို့၌ တားမြစ်ရခြင်းအကျိုးရှိ၏။ [ကုမာရိရတနံ - ရတနာနှင့် တူသော အပျို၊ သမဏိ ပဒုမံ-ပဒုမ္မာနှင့်တူသော ရဟန်းမ။] ဘာသိတ ပုမာတိ-သည်၊ ကိံ-နည်း၊ ဂင်္ဂါနဒီ, တဏှာ နဒီ, ပထဝီဓာတု - တို့၌ တားမြစ်ရခြင်း အကျိုး ရှိ၏၊ [ဂင်္ဂါနဒီ-ဂင်္ဂါမြစ်၊ တဏှာနဒီ- တဏှာမြစ်၊ ပထဝီဓာတု-ပထဝီဓာတ်။] နန္ဒာပေါက္ခရဏီ နန္ဒာဒေဝီ တျာဒီသုပန - အစရှိသည်တို့၌ကား၊ သညာ သဒ္ဒတ္တာ-နာမည်ဟော သဒ္ဒါ၏ အဖြစ်ကြောင့်၊ နဟောတိ - ပုလ္လိင်ကဲ့သို့ မဖြစ်။ [နန္ဒာပေါက္ခရဏီ-နန္ဒာရေကန်၊ နန္ဒာဒေဝီ-နန္ဒာ မိဖုရား။]

ကုမာရိ ဟူသော နောက်ပုဒ်၌ (ဤ) ပစ္စည်း မပျောက်ဘဲ ရှိရသည်၊ "ကုမာရိစ သာ ဗြာဟ္မဏီစာတိ ကုမာရ ဗြာဟ္မဏီ, တရုဏီစ သာ ဗြာဟ္မဏီစာတိ တရုဏ ဗြာဟ္မဏီ" တို့၌လည်း နည်းတူ။

မှတ်ချက်။ ။"ယဒိ ဟိ ချာသေ ဝုတ္တနယေန ဥတ္တရပဒဿာပိ ပုမ္ဘာဝါတိဒေသော သိယာ၊ တဒါ ခတ္တိယကုမာရီ တျာဒီသု ခတ္တိယကုမာရော ၊ ပေ ၊ ဧဝံ အနိဋ္ဌရူပပသင်္ဂေါ သိယာ"ဋီကာ၊ ဤဋီကာ၌ ဥတ္တရပဒဿာပိဝယ် အပိဖြင့် ပုဗ္ဗပဒကို ဆည်း၏၊ ထို့ကြောင့် ချာသ၌ ရှေ့ပုဒ် နောက်ပုဒ် ၂ ပုဒ်လုံးကိုပင် ပုလ္လိင် ငဲ့သည်-ဟု ဋီကာ ဆိုလိုသည်၊ ပုဗ္ဗ ပဒဿေဝ၌ ဧဝဖြင့် ချာသကဲ့သို့ ၂ပုဒ်လုံးကို မငဲ့ရ၊ ရှေ့ပုဒ်ကိုသာ ငဲ့ပါ-ဟု ဆိုလိုသည်၊ ဤသို့ ဋီကာ ဖွင့်သော်လည်း ချာသ ရုပ်တွက်ပုံကို ကြည့်ရသောအခါ ကမ္ဘာခရဲ သမာသ် အရာဝယ် နောက်ပုဒ်၌ ပုလ္လိင်ငဲ့ကြောင်း သိသိသာသာ မတွေ့ရ၊ ရှေ့ပုဒ်၌ ငဲ့ကြောင်း ကိုကား သိသာစွာ တွေ့ရသည်၊ သန္ဓိနိဂ္ဂဟိတဍ္ဍ သုတ်၌ "ပုရိမ ဇာတိ" ရုပ်တွက်ပုံကို ကြည့်ပါ၊ ထို့ကြောင့် ဓုတ္ထိယံ ဘာသိတပုမိတ္ထီ ပုမာဝစေ သုတ်၌ ဒီဃဇဿော ရုပ်ဝယ် ရှေ့နောက် ၂ ပုဒ်လုံး ငဲ့ထားသောမှုကိုသာ တွေ့ရသဖြင့် ဤသုတ်လည်း ချာသအလို ရှေ့နောက် ၂ပုဒ်လုံး ငဲ့သည်ဟုပင် ရူပသိဒ္ဓိ စာကိုယ် ဋီကာတို့ စွဲစွဲလိုဟန် တူသော်လည်း ကမ္ဘာခရဲ၌ ၂ ပုဒ်လုံး ငဲ့ထားသည်ကို ယခု ချာသ စာအုပ်များဝယ် မတွေ့ရချေ။

ဓုတ္ထိယမိစ္စေဝ ကိံ—ရှေ့သုတ်မှ "ဓုတ္ထိယံ" သဒ္ဒါ ဤသုတ်သို့ လိုက်လာခြင်းသည် ဘယ်အကျိုးငှါနည်း-ဟု မေး၊ "ဓုတ္ထိယံ တုလျာဓိကရဏေ ပဒေ" အရ ဓုတ္ထိလိင်လည်း ဖြစ် တုလျာဓိကရဏလည်း ဖြစ်သော နောက်ပုဒ် နှောင်းမှ ရှေ့ပုဒ်ကို ပုလ္လိင် ငဲ့ရသည်၊ ကုမာရိရတနံဝယ် ကုမာရိ၌ ဓုတ္ထိလိင်သဒ္ဒါမနှောင်း (ရတနံဟု နပုလ္လိင်သဒ္ဒါနှောင်း) သောကြောင့် ပုလ္လိင် မငဲ့ရခြင်း ("ကုမာရ" ဟု မဖြစ်ရခြင်း) အကျိုးရှိသည်၊ သမဏိ ပဒုမံလည်း နည်းတူ။

ဘာသိတ ပုမာတိ ကိံ — ရှေ့သုတ်မှ ဘာသိတပုမာ သဒ္ဒါ လိုက်လာခြင်းသည် ဘယ်အကျိုးငှါနည်း—ဟု မေး၊ ဂင်္ဂါ-တဏှာ-ပထဝီတို့သည် ပုလ္လိင်ကို ဟောဘူးသော "ဘာသိတပုမ" သဒ္ဒါများ မဟုတ်ကြ၊ နိယတ ဓုတ္ထိလိင်ဟော သဒ္ဒါများ တည်း၊

www.dhammaransi.com



တထာ-ထို့အတူပါး၊ ပုရတ္ထိမောစ-ရှေ့ပိုင်း၌ဖြစ်သည်လည်းဟုတ်၏၊ သော, ကာယောစ - ကိုယ်လည်း ဟုတ်၏ ဣတိ ပုရတ္ထိမကာယော၊ စ- ဆက်၊ ဧတ္ထ - ဤပြယုဂ်၌၊ ကာယေကဒေသေ-ကိုယ် တစိတ်၌၊ ကာယ သဒ္ဒေါ-သည်၊ (ဟောတိ)၊ ဧဝံ-တူ၊ ပစ္ဆိမကာယော-နောက်ပိုင်းကိုယ်၊ ဟေဋ္ဌိမကာယော- အောက်ပိုင်းကိုယ်၊ ဥပရိမကာယော-အထက်ပိုင်းကိုယ်၊ သဗ္ဗကာယော-အလုံးစုံကိုယ်(တကိုယ်လုံး)၊ ပုရာဏဝိဟာရော-ဟောင်း သောကျောင်း၊ နဝါဝါသော(နဝ+အာဝါသော)-အသစ်နေရာ(နေရာသစ်)၊ ကတရနိကာယော, ကတမနိကာယော-အဘယ် နိကာယ်နည်း၊ ဟေတု ပစ္စယော-ဟေတုပစ္စည်း၊ အဗဟုလံ-မများဘဲ ဗဟုလံ - များသကဲ့သို့၊

ထို့ကြောင့် ဣတ္ထိလိင်လည်း ဖြစ်-တုလျာဓိကရဏလည်း ဖြစ်သော နဒီသဒ္ဒါ ဓာတုသဒ္ဒါ နောင်းလျက် ရှိသော်လည်း ဂင်္ဂါ စသည်တို့က ဘာသိတပုမ မဟုတ်သေးကြောင့် ဂင်္ဂါ စသည့်ကို ပုလ္လိင် မငဲ့ရ၊ အာပစ္စည်း- ဤပစ္စည်း ကြေ၍ " ဂင် – တဏှ – ပထဝ " ဟူ မဖြစ်ခြင်း အကျိုးရှိသည်—ဟူလို။

နန္ဒာပေါက္ခရဏီ ၊ ပေ၊ နဟောတိ—ခတ္တိယကဲ့သို့ ဇာတိသဒ္ဒါ—မဟန္တကဲ့သို့ ဂုဏ သဒ္ဒါ—ပါစကကဲ့သို့ ကြိယာသဒ္ဒါ— ဝဏ္ဏကဲ့သို့—အဝတ္ထုသဒ္ဒါ တို့သာ ဝိသေသျှာ၏ လိင်အားလျော်စွာ ( ခတ္တိယော-ခတ္တိယာ-ခတ္တိယံ, မဟန္တော-မဟန္တီ-မဟန္တံ စသည်ဖြင့်) ပုဒ်နေ ပြောင်းလေ့ရှိကြ၏၊ နာမည်ဟော သညာသဒ္ဒါတို့ကား ထိုကဲ့သို့ လိင်ပြောင်းလျှင် မူလနာမည် ပျက်သွားဘွယ်ရှိ၏၊ " နန္ဒာ " ဟူသော အမည်က "နန္ဒ"ဟု ဖြစ်လျှင် မူလ နာမည် ပျက်သည်—ဟူလို၊ ထို့ကြောင့် " နန္ဒော ကုမာရော " စသည်၌ နန္ဒ သဒ္ဒါသည် ပုလ္လိင်ကို မဟာဘူး၍ ယခု နန္ဒာပေါက္ခရဏီဝယ် ဣတ္ထိလိင်လည်း ဖြစ် တုလျာဓိကရဏ ဖြစ်သော ပေါက္ခရဏီသဒ္ဒါလည်း နောင်းစေကာမူ သညာသဒ္ဒါဖြစ်သောကြောင့် နန္ဒာ၌ ပုလ္လိင်မငဲ့ရ၊ နန္ဒာဒေဝီ၌လည်း နည်းတူ။

တထာ ပုရတ္ထိမောစ ၊ ပေ ၊ သဗ္ဗကာယော—[ ဤ " တထာ "မှ စ၍ ကမ္မဓာရယ သညေစ သုတ်၏ ဆိုင်ရာ မဟုတ်၊ အခြား ဝိသေသန ပုဗ္ဗပဒ ကမ္မဓာရယ်နည်း များကို ပြလို၍ "တထာ"ဟု မိန့်သည်။ ] သတ္တတန္ဓ အင္ဂ ( ရှေ့ ) အနက်ဟော "ပုရတ္ထာတ်" နိပါတ် ပုဒ်သည် ပဌမာ၌ " ပုရတ္ထ " ဟု ဖြစ်လာ၏၊ ထို့ကြောင့် "ပုရတ္ထ-ရှေ့၌၊ ဘဝေါ-တည်း၊ ပုရတ္ထိမော-ရှေ့၌ ဖြစ်သည် "ဟု ဆို၊ ဤ" ပုရတ္ထိမကာယော " အရ တကိုယ်လုံးကို မရ— ကိုယ်၏ ရှေ့ပိုင်းတစိတ်ကိုသာ ရသောကြောင့် ဤကာယသဒ္ဒါသည် အပေါင်း တကိုယ် လုံး၏ ကာယအမည်ကို ကိုယ် တစိတ်တပိုင်း၌ တင်စားထားသော ဧကဒေသူပစာရ သဒ္ဒါတည်း-ဟု ပြလို၍ "ဧတ္ထ၊ ပေ၊ ကာယသဒ္ဒေါ"ဟု အမှာစကားချပ်ညှပ်သည်၊ ဥပရိမ ကာယောတိုင်အောင် ဤနည်းချည်းတည်း၊ သဗ္ဗကာယော၌ ကာယကား တကိုယ်လုံးကို ဟောသော မုချသဒ္ဒါပင်၊ "ပစ္ဆိမောစ , ဟေဋ္ဌိမောစ , ဥပရိမောစ သဗ္ဗောစ သော ကာယောစာတိ" ဟု ဝိဂ္ဂဟပြု။

72

ကတံ-ပြုအပ်၏၊ ရုတ္တိ - ကြောင့်၊ ဗဟုလီကတံ - မည်၏၊ ဇိဝိတပ္ပမာဏံ-ဇိဝိတရုပ် ပမာဏရှိသော၊ နဝကံ-နဝကတည်း၊ ဇိဝိတနဝကံ-က၊ ရူပဿဒိ။

ဝိသေသနတ္တရပဒေ-ဝိသေသနုတ္တရပဒကမ္မဓာရယ၌၊ဖိနဝဝစနာနုပဒေ ရောတော - ဘုရားပါဠိတော်နှင့် မဆန့်ကျင်သော အားဖြင့်၊ ထေရာစရိယ ပဏ္ဍိတာဒိဝိသေသနံ-ထေရ, အာစရိယ, ပဏ္ဍိတ အစရှိသော ဝိသေသန သည်၊ ပရတ္ထ-နောက်ကျသည်လည်း၊ ဘဝတိ၊ ယထာ-ကား၊သာရိပုတ္တော စ၊ ပေ၊ ဝတ္တုံ ဝိသေသော - ဟူသည်တည်း၊ သာရိပုတ္တော စ၊ ပေ၊ ရုတ္တိ သာရိပုတ္တ ထေရော၊ ဧဝံ မဟာမောဂ္ဂလ္လာနထေရော, မဟာကဿပထေ ရော၊ဗုဒ္ဓဃောသာစရိယော-ဗုဒ္ဓဃောသ ဆရာတော် ဓမ္မပါလာစရိယော-တော်၊ အာစရိယဂုတ္တိလောပါ - အာစရိယဂုတ္တိလော ဟု လည်း ရှိ၏၊ (ဆရာဂုတ္တိလ)၊ မဟောသဓော စ-မဟောသဓာလည်း ဟုတ်၏၊ သော, ပဏ္ဍိတော စ - သုခမိန်လည်း ဟုတ်၏၊ [ ပညာရှိသူကို " သုခမိန် " ဟု ခေါ်သည်၊ ] ရုတ္တိ မဟောသဓပဏ္ဍိတော၊ ဧဝံ ဝိဓုရ ပဏ္ဍိတော-ဝိဓုရ သုခမိန်၊ ဝတ္တုံ ဝိသေသော-နေရာအထူး။

**အဗဟုလံ၊ ပေ၊ ဇီဝိတနဝကံ** — "ဗဟုလီကတံ" ၌"အဗဟုလံ ဗဟုလံ ကတံ"ဟု ဝိဂ္ဂြိုဟ် ပြုသော်လည်း အဗဟုလံမှာ အပိုထည့်အပ်သော ပုဒ်သာ၊ ရုပ်တွက်သည့် အခါ "ဗဟုလ+ကတ" တည်, သိ အံပြု၊ "ဗဟုလံ+ကတံ" ပြီး၊ "ဗဟုလကတ"ပကတိပြု၊ ပစ္စယာဒန္တိဉ္စာ စသော သုတ်ကြီးဖြင့် ( မောဂ္ဂလ္လာန်၌ "အဘူတတဗ္ဘာဝေ" စသော သုတ်ဖြင့် )ဗဟုလနောင် (ဤ) ပစ္စည်းသက် ( ဗဟုလီကတ ) နာမ်ငဲ့ စသည် စီရင်၊ ဤပစ္စည်းမျိုးကို အဘူတတဗ္ဘာဝအနက်၌ သက်သည်-ဟု ဆို၏၊ နဂိုရ်က အများမဟုတ်သည်ကို "အဘူတ - ရှေး၌ မဖြစ်" ဟု ဆို၏၊ ယခုအခါ၌ များသကဲ့သို့ ဖြစ်ခြင်းကို "တဗ္ဘာဝ-ထို များသည်၏ အဖြစ်ဖြင့် ဖြစ်ခြင်း" ဟု ဆိုသည်၊ ဤသို့ အဘူတအနက် ထင်ရှားအောင် "အဗဟုလံ" ဟုရင်း တဗ္ဘာဝအနက် ထင်ရှားအောင် "ဗဟုလံကတံ" ဟုရင်း ဝိဂ္ဂြိုဟ်လုပ်ကြရသည်၊ ဇီဝိတနဝကံ၌ "ဇီဝိတံ+ပမာဏံ ယဿ" ဟု ရှေးဦးစွာ ဗဟုဗ္ဗိဟ်ဝိဂ္ဂြိုဟ်ပြု၊ ဇီဝိတရုပ် ပမာဏရှိသော ရုပ်အပေါင်းရစေ၊ ထို နောင်"ဇီဝိတပ္ပမာဏံ+နဝကံ, ဇီဝိတပ္ပမာဏနဝကံ"ဟု ဖြစ်သင့်လျက်အလယ် ပမာဏပုဒ်ကို"ဝုတ္တတ္ထာနမပ္ပယောဂေါ"အရ ချေ၍ "ဇီဝိတနဝကံ" ဟု ဖြစ်သည်၊ [ သာကေန-ပိုက်ဆံလျှော်ချည်ဖြင့်၊ ကတာ-ပြုအပ်သော၊ သင္ဂိကာ-အင်္ကျီသည်၊ ("သာဏကတသင္ဂိကာ" ဟု ဖြစ်သင့်လျက် ကတပုဒ် ချေ၍) သာဏသာဋိကာ မည်သကဲ့သို့တည်း-ဟု ဋီကာဖွင့်သည်။]

**ဝိသေသနုတ္တရပဒ ကမ္မဓာရယ ။** ။ [ ဥတ္တရပဒ-နောက်ပုဒ်၊ ] ဝိသေသန ပုဒ်က (မဟာနွှေကဲ့သို့ ရှေ့မနေဘဲ) နောက်နေလျှင် ဝိသေသျဖြစ်သော ရှေ့ပုဒ်အနက်က ပဓာန ဖြစ်သောကြောင့် ရှေ့ပုဒ်အနက် ပြဋ္ဌာန်းလျက်ရှိ၏၊ ကမ္မဓာရယမှန်လျှင် တပ္ပုရိသ်လည်း

ဝိသေသနောဘယပဒေါ-သည်၊ယထာ-နည်း၊တံ ထိုဘောဇဉ်သည်၊ သိတဥ္စ-ဖွေးလည်း ဖွေး၏၊ ဥဏှဉ္စ - ပူသည်း ပူ၏ ဣတိ, သိဘုဏှံ-သိဘုဏှ မည်၏၊ သော-ထို ပဲသည်၊ သိန္နဥ္စ - ညက်ညောသည်လည်း ဟုတ်၏၊ ဥဇ္ဇောစ- ပူ သည့်လည်း ဟုတ်၏၊ ဣတိ သိန္နုဇ္ဇော၊ မာသော-ပဲကြီး တည်း၊ သော-ထိုသူသည်၊ခဉ္ဇောစ ခွင်သည်းခွင်၏၊ခုဇ္ဇောစ-ကုန်းလည်း ကုန်း၏၊ ဣတိ, ခဉ္ဇခုဇ္ဇော-မည်၏၊ ဇိဝံ-ဘူ၊ အန္တမခိရော-ကာဏ်းလည်း ကာဏ်း နားလည်း ထိုင်းသူ ကတာကတံ-ပြုအပ်ပြီး မပြုအပ်သေးသော ဝတ္ထု၊ [အတော်များစွာ ပြုပြီးဖြစ်၍ ပြီးလုနေသော အနည်းငယ် မပြုအပ် သေးဘဲ ကျန်သော ပန်းချီ ဆေးရေးမှု စသည်၊] သိဒ္ဓါဝသိဒ္ဓံ-အပေါက် ကြီးလည်းရှိ အပေါက်ငယ်လည်း ရှိသော ဝတ္ထု၊ ဥစ္စာဝစံ-အမြဘ်လည်း ပါ အယုတ်လည်း ပါသော ကိစ္စ၊ [အကောင်းလည်း ပါ အဆိုးလည်း ပါသော - ကောင်းကောင်း ဆိုးဆိုး အမျိုးမျိုးသော ကိစ္စ၊] ဆိန္နဘိန္နံ- ဖြတ်လည်း ဖြတ်အပ် ခွဲသည်း ခွဲအပ်သော ဝတ္ထု၊ သိတ္တသမ္မဋ္ဌံ-ရေလည်း ဖြန်းအပ် ထံမြက်လည်း လှည်းအပ်သော နေရာ၊ ရေဖြန်းပြီးမှ ထံမြက် လှည်းအပ်သော နေရာ၊ ဂတပစ္စာဂတံ - အသွားသည်း ဆောင်အပ် အပြန်လည်း ဆောင်အပ်သော ကမ္မဋ္ဌာန်း၊ "ဂဘဥ္စ တံ ပစ္စာဂတဥ္စ"ဟု ဝိဂြိုဟ် ပြု၊

မည်၏ဟု ဆိုခဲ့ပြီ၊ တပ္ပုရိသ် သမာသ်၌ကား နောက်ပုဒ် အနက်သာ ပြဋ္ဌာန်းရိုးတည်း၊ ထို့ကြောင့် "သာရိပုတ္တတ္ထေရော" စသော သမာသ်သည် အဘယ်မှာ "ဥဘော တပ္ပုရိသာ" သုတ်အရ တပ္ပုရိသ်မည်နိုင်အံ့နည်း-ဟုမေးဘွယ်ရှိ၏၊ အဖြေကား- အမာဒိ တပ္ပုရိသ်၌ "အစ္စန္တံ" သော ရှေ့ပုဒ် အနက် ပြဋ္ဌာန်းသော ပုဒ်များကိုပင် တပ္ပုရိသ် အဖြစ်ဖြင့် သီးခြား ပြသကဲ့သို့, ဤ သာရိပုတ္တတ္ထေရော စသည်တို့လည်း နောက်ပုဒ်အနက် မပြဋ္ဌာန်းသဖြင့် မုချ တပ္ပုရိသ်အမည် မရနိုင်စေကာမူ မဟာပုရိသော စသော တပ္ပုရိသ်များနှင့် (ရှေ့ပုဒ်နောက်ပုဒ်ဝယ် ပဌမာကျေခြင်းအားဖြင့်)တူသောကြောင့် သဒိသူပစာ တပ္ပုရိသ် အမည်ကား ရနိုင်ပေသည်သာ၊ [နောက်ဝိသေသနောဘယပဒ ကမ္မဓာရည်းများလည်း ဤနည်းအတိုင်း တပ္ပုရိသ် အမည်ရကြပုံကို သိပါ၊]

ဝိသေသနောဘယပဒ၊ ဝိသေသန ၂ ပုဒ်ရှိသော (၂ ပုဒ်လုံး ဝိသေသနချည်း ဖြစ်သော) ကမ္မဓာရဲဘည်း၊ ဘောဇဉ် တမျိုးသည် အလိုရှိသလော် မပူဘဲ နွေးနေအံ့၊ ထိုဘောဇဉ်ကို "သီတုဏှ — နွေး အေး တော်တော် ပူသော ဘောဇဉ်" ဟု ခေါ်၏၊ ဤ၌ သီတ ဥဏှ ၂ ပုဒ်လုံးပင် ဘောဇဉ်ကို အထူးပြုသော ဝိသေသန ချည်း ဖြစ်၏၊ ထို ၂ ပုဒ်လုံး အနက် ဘောဇဉ်ကိုချည်း ရသောကြောင့် တုလျာဓိကရဏသည်း ဖြစ်ကြ၏၊ ထို့ကြောင့် ဝိသေသနောဘယပဒ ကမ္မဓာရဲ ဖြစ်ကြရသည်၊ မှဒ္ဒးဗျာဓ ဋီကာ၌ကား

www.dhammaransi.com



ဥပမာနုတ္တရပဒေ - ၌၊ အဘိဓာနာ နုရောစတေး - ပြယုဂ်အားလျော်သော အားဖြင့်၊ ဥပမာနဘူတံ-ဥပမာဖြစ်၍ ဖြစ်သော၊ ဝိသေသနံ-ဝိသေသနပုဒ် သည်၊ ပရံ-နောက်၌၊ ဘဝတိ-၏၊ ယထာ-ကား၊ သီဟောဝိယ-ခြင်္သေ့နှင့်တူတော်မူ၏၊ ဣတိ-ကြောင့်၊ သီဟော-သီဟ မည်တော်မူ၏၊ မုနိစ-ဘုရားရှင်လည်း ဟုတ်၏၊ သော - သည်၊ သီဟောစ - ခြင်္သေ့နှင့် တူတော်မူ သည်လည်း ဟုတ်၏၊ ဣတိ, မုနိသီဟော-၏၊ ဧဝံ - တူ၊ မုနိ ဝသဘော-ဥသဘနှင့် တူတော်မူသော ဘုရား၊ မုနိပုင်္ဂဝေါ-နွားလားနှင့် တူတော်မူသောဘုရား၊ ဗုဒ္ဓနာဂေါ-ဆင်ပြောင်နှင့်တူတော်မူသောဘုရား၊ ဗုဒ္ဓါဒိစ္စော(ဗုဒ္ဓ အာဒိစ္စော)-နေမင်းနှင့် တူတော်မူသော ဘုရား၊ ရံသိဝိယ-အရောင်နှင့်တူတော်မူ၏၊ ဣတိ,ရံသိ-မည်၏၊သဒ္ဓမ္မောစ-သူတော်ကောင်း တရားလည်း ဟုတ်၏၊ သော,ရံသိစ-အရောင်နှင့်တူ သည်လည်းဟုတ်၏၊ ဣတိ, သဒ္ဓမ္မရံသိ ၏၊ ဧဝံ-ဝိနယသာဂရော- သမုဒ္ဒရာနှင့်တူသော ဝိနည်း၊ ပုဏ္ဍရီကမိဝ-ကြာပုဏ္ဍရိက်နှင့်တူ၏၊ ဣတိ, ပုဏ္ဍရီကော-၏၊ သမဏော စ-ရဟန်းလည်းဟုတ်၏၊သော,ပုဏ္ဍရီကောစ-ကြာပုဏ္ဍရိက်နှင့်တူသည် လည်း ဟုတ်၏၊ ဣတိ,သမဏပုဏ္ဍရီကော-၏၊ သမဏပဒုမော - ပဒုမ္မာကြာနှင့်တူသော ရဟန်း၊ စန္ဒောဝိယ - လနှင့်တူ၏၊ ဣတိ, စန္ဒော၊ မုခဥ္စ-မျက်နှာလည်းဟုတ်၏၊ တံ,စန္ဒောစ-လနှင့်တူသည်လည်းဟုတ်၏၊ ဣတိ, မုခစန္ဒော-၏၊ မုခပဒုမံ-ပဒုမ္မာကြာနှင့် တူသော မျက်နှာ၊ ဣစ္စာဒိ-တည်း။

" ဝိသေသန + ဝိသေသျ " ဟူသည် ဝဒန္တုပုဂ္ဂိုလ်၏ ဆိုသလို ဖြစ်နိုင် သောကြောင့် တပုဒ်က ဝိသေသန အဖြစ်ဖြင့် ဆိုလိုလျှင် နောက်တပုဒ်သည် ဝိသေသျပင် ဖြစ်နိုင်၏-ဟု ဆို၏၊ ထိုအလိုအားဖြင့် ဝိသေသနော ဘယပဒ ကမ္မဓာရဲ မရှိတော့ပြီ၊ သီတုဏှံ၌ သီတ သည် ဝိသေသန, ဥဏှသည် ဝိသေသျ တည်း၊ "နဲနဲ သော ပူသော အစာ" ဟုလို၊ ထို့အတူ နောက်နောက် "သိနိဒ္ဓုဏှော" စသည်၌လည်း မှတ်။

ဥပမာနုတ္တရပဒ ။ ။ " ဥပမာနံ ဥတ္တရံ ပဒံ ယဿ " ဥပမာနပုဒ် နောက်ရှိသော ကမ္မဓာရဲ တည်း၊ ဤ၌ ဥပမာနပုဒ်များသည် ပြောရိုးဆိုစဉ် အားလျော်စွာ နောက်နေကြရသည်၊ [မုနိသီဟော၌ သီဟသဒ္ဒါသည် ဥပမာနတဒ္ဓိတ်ပုဒ် ဖြစ်ကြောင်းကို ပြလို၍ "သီဟောဝိယာတိ သီဟော"ဟု တဒ္ဓိတ်ဝိဂ္ဂြိုဟ်သွင်းပြထားသည်၊ "ရံသိ ဝိယာတိ ရံသိ- ပုဏ္ဍရီကမိဝါတိ ပုဏ္ဍရီကော-စန္ဒောဝိယာတိ စန္ဒော" တို့လည်း နည်းတူ၊ ထို့ကြောင့် သမာသ်ရုပ်တွက်ရာ၌ ထိုဝိဂ္ဂြိုဟ် ထို ပုဒ်များကို အသုံးပြုဘွယ် မလို။ [ " အဘိဓာနာ နုရောစတော " ၌ အဘိဓာန၏ အနက်ကို နောက် ဒုတိယာ တပ္ပုရိသ်ခဏ်း၌ ပြအံ့။]

www.dhammaransi.com



သင်္ခါ၀နာဝုဗ္ဗပဒေါ ယထာ၊ ဓမ္မော ဉာတိ-တရားဟု ဖြစ်သော၊ ဗုဒ္ဓိ-အသိဉာဏ်တည်း၊ ဓမ္မဗုဒ္ဓိ-ဓမ္မဟု ဖြစ်သော အသိဉာဏ်၊ ဇေ၀ံ,ဓမ္မသညာ-တရားဟု ဖြစ်သော သညာ၊ ဓမ္မသင်္ကေတာ-တရားဟု ဆိုအပ်၏၊ ဓမ္မသမ္မတော-တရားဟု သမုတ်အပ်၏၊ ပါဏသညိတာ-သတ္တဝါဟု အမှတ်ရှိသူ၏အဖြစ်, အသုဘသညာ-အသုဘဟု ဖြစ်သော သညာ၊ အနိစ္စသညာ-အနိစ္စ ဟု ဖြစ်သော သညာ၊ အနတ္တသညာ-အနတ္တဟု ဖြစ်သော သညာ၊ ဓာတုသညာ-ဓာတ်ဟု ဖြစ်သော သညာ၊ ဇိဝှသညာ-သွီးဟု ဖြစ်သော သညာ၊ အတ္တသညာ-အတ္တဟု ဖြစ်သော သညာ၊ အဿဒ္ဓိ သညာ-ရှိ၏ဟု ဖြစ်သော သညာ၊ အတ္တဒိဋ္ဌိ-အတ္တဟု ဖြစ်သော အယူ၊ ဣစ္စာဒိ။

ဥပမာန ပုဗ္ဗပဒ ကမ္မဓာရယ်။ ။သတ္တိ၀-ဒါးနှင့်တူ၏၊ ဣတိ,သတ္တိ-မည်၏၊ သတ္တိစ-ဒါးနှင့် တူသူလည်း ဟုတ်၏၊ သာ-သည်၊ သာမာစ-ရွှေအဆင်းရှိသော မိန်းမလည်း ဟုတ်၏၊ ဣတိ, သတ္တိသမာ-မည်၏၊ ဤ၌ ဥပမာန ဖြစ်သော ဝိသေသန ပုဒ်သည် ရှေ့၌ ဖြစ်၏၊ ထို့ကြောင့် ကလာပ ဝုတ္တိ၌ "ကွစိ ဥပမာနဘူတံ ဝိသေသနံ – သတ္တိ၀ သာမာ, သတ္တိသာမာ" ဟု မိန့်ပြီ။

သမ္ဘာဝနာ ပုဗ္ဗပဒ ကမ္မဓာရယ်။ ။ ["သမ္ဘာဝနာဒီဂကံ–သမ္ဘာဝနာ အနက်ကို ပြတတ်သော၊ဣတိသဒ္ဒသဟိတံ-ဣတိသဒ္ဒါနှင့် တကွ ဖြစ်သော၊ ပုဗ္ဗပဒံ ယထာ အတ္တိတိ သမ္ဘာဝနာ ပုဗ္ဗပဒေါ" ဋီကာ။] ဤ၌ သမ္ဘာဝနာ အနက် ဟူသည် ချီးငှ မြှောက်မြှင့်ခြင်း အနက်တည်း၊ "ချီးမွမ်း"ဟုလည်း ခေါ်ကြ၏၊ သို့သော် "ဘော်ပါသေးသည်" စသော ချီးမွမ်းခြင်းမျိုးကား မဟုတ်, အထက်မြင့်အောင် ချီးငှ မြှောက်မြှင့်ခြင်းသာ၊ ထို သမ္ဘာဝနာအနက်ကို "ဣတိ"သဒ္ဒါက ပြ၏၊ ထိုဣတိသဒ္ဒါနှင့်တကွဖြစ်သော "ဓမ္မော ဣတိ" ပုဒ်မျိုးကို ဤနေရာ၌ "သမ္ဘာဝနာပုဒ်" ဟု ခေါ်သည်၊ "ဓမ္မော ဣတိ+ဗုဒ္ဓိ" ၌ ဓမ္မော အရ တရားရ၏၊ ဗုဒ္ဓိ အရကား အသိဉာဏ် ရ၏၊ ဤသို့ ဓမ္မနှင့် ဗုဒ္ဓတို့ အနက်အရချင်း မတူကြ၍ တုလျာဓိကရဏ မဖြစ်သောကြောင့် ဓမ္မအနက်က ဗုဒ္ဓိအနက်ကို မခိုဘဲ နိမ့်ကျ သကဲ့သို့ ရှိနေ၏၊ ထိုသို့ဖြစ်ရာ၌ ဣတိသဒ္ဒါက ဓမ္မအနက်ကို မြှောက်ပင့်ပေးလိုက်မှ ဗုဒ္ဓိနှင့် အနက်ချင်း ညီမျှ၍ တုလျာဓိကရဏ ဖြစ်ကာ ကမ္မဓာရယ်သမာသ်အရာ ရောက်သည်။

မှန်၏—"ဓမ္မော ဣတိ-တရားဟု ဖြစ်သော "ဟု ဆိုလျှင် "တရား"မရ, တရားကို အာရုံပြုသော အသိဉာဏ် ရသဖြင့် ဗုဒ္ဓိနှင့် အရတူကြတော့သည်၊ ဓမ္မသညာ စသည့်၌ နည်းတူ၊ ရုပ်တွက်ရာ၌လည်း "ဓမ္မ+ဣတိ+ဗုဒ္ဓိ" တည်, သိ ၃ လုံးသက်, ၂ လုံးချေ, ဆိုင်ရာ သမာသ် စီရင်၊ "ဓမ္မ+ဣတိ+ဗုဒ္ဓိ"ဟု ပကတိပြု၊ "ဝုတ္တတ္ထာနမပ္ပယောဂေါ" ပရိဘာသာဖြင့် ဣတိကိုချေ နာမ်ငဲ့ စသည်၊ နောက်၌ "ဓမ္မော ဣတိ + သင်္ကေတာ, ဓမ္မော ဣတိ+သမ္မတော" ဟု ပြု၊ ပါဏသညိတာ၌ "ပါဏော ဣတိ + သညာ ပါဏ သညာ" ဤမျှသာ ကမ္မဓာရယ်သမာသ်တည်း၊ ထို့နောက် "ပါဏသညာ ယဿ အတ္ထိတိ ပါဏသညီ(အဿတ္ထိတဒ္ဓိတ်), ပါဏသညိနော+ဘာဝေါ, ပါဏသညိဘာ (ဘာဝ

www.dhammaransi.com



အဝဓာရဏပုဗ္ဗပဒေါ ယထာ၊ ဂုဏောဝ - ဂုဏ် သည်သာ၊ ဓနံ-ဥစ္စာတည်း၊ ဂုဏဓနံ-ဂုဏ်သည်သာဥစ္စာ၊ ဓေါံ,သဒ္ဓါဓနံ-သဒ္ဓါသည်သာဥစ္စာ၊ သီလဓနံ ပညာဓနံ၊ စက္ခုဝေ-စက္ခုသည်သာ၊ ဣန္ဒြိယံ-ဣန္ဒြေတည်း၊

တဒ္ဓိတ် ) တို့သာတည်း၊ နောက်၌ " အသုဘံ ဇာတိ သညာ " စသည်ဖြင့် ဝိဂ္ဂြဟ် ပြု၍သို့လျှင် ဇာတိသဒ္ဒါကြေရာ၌သာ သမ္ဘာဝနာ ကမ္မဓာရဲ ဟု ရူပသိဒ္ဓိစာကိုယ်နှင့် ဋီကာတို့ မိန့်ကြသည်။

ရှေးဆရာတို့ဝါဒ။ ။မြန်မာဆရာတော်တို့ကမူ–"ဟုတ္တွာ သင်္ခါတ, ဘူတ တတ္တေ, ဓဝ-ဇာတိ, သဒ္ဒါရှိက, မှတ်သိ ကမ္မဓာရယာ, ၉ ပါးမှာ, သမ္ဘာဝနာပေ" ဟု၎င်း, ..., " ဘူတပုဒ်သာ , ရှိလေရာ , ဟုတ္တာပုဒ် ကြေမြဲတည်း , .... ဟုတ္တာ ကြေ , ထို ပုဒ်ပေ, သမ္ဘာဝနာ နေမြဲတည်း"ဟု၎င်း မိန့်တော်မူကြသည်၊ ထို ဆရာတို့အလို"ဓဟေတု ဟုတ္တွာ ပစ္စယော ဟေတုပစ္စယော , အသောဘ သင်္ခါတံ ကုသလမူလံ အလောဘကုသလမူလံ,, ဉာဏဘူတံ ဒဿနံ ဉာဏဒဿနံ , ရူပမေဝ အာယတနံ ရူပါယတနံ " တို့သည်၎င်း "စက္ခု ဟုတ္တွာ ဘူတော စက္ခုဘူတော"သည်၎င်း သမ္ဘာဝနာ ကမ္မဓာရည်းသမာသ် ဟူ ဆိုလိုသတတ်၊ သို့သော် သမ္ဘာဝနာ ဟူသည် အနက်အရ မတူရာဝယ် မြှောက် မြှင့်ပေးမှသာ သမ္ဘာဝနာသဘော သက်၏၊ ဟေတုပစ္စယော၌ကား ဟေတုနှင့် ပစ္စယော သည် နဂိုရ်ကပင် အရတူလျက် ရှိ၏၊ အလောဘနှင့် အကုသလမူလ–ဉာဏနှင့် ဒဿန တို့လည်း အရ တူလျက်ပင်၊ ထို့ကြောင့် ထို သမာသ်တို့သည် ရိုးရိုး ဝိသေသန ပုဗ္ဗပဒ ကမ္မဓာရဲတို့သာ ဖြစ်သင့်၏ ဟု ထင်သည်။

စဉ်းစားဘွယ် ။ ။ ဟေတု ဟုတ္တာ၌ ဟုတ္တွာ ထည့်ရသည်မှာ ဟေတုအရ ဟိတ် ၆ ပါး၏ သတ္တိကို ယူစေလို၍ ထည့်ခြင်းဖြစ်၏၊ ထို ဟုတ္တာကို ဝုတ္တတ္တာန မပ္ပယောဂေါဖြင့် ချေပစ်ရမည်၊ အသောဘသင်္ခါတံ၌ အသောဘသဒ္ဒါက ပုလ္လိင် – ကုသလမူလ သဒ္ဒါက နပုလ္လိင် ဖြစ်၍ လိင် မတူသောကြောင့် သင်္ခါတသဒ္ဒါကူရသည်၊ "အလောဘောစသော ကုသလမူလ၌"ဟုလည်း ဝိဂ္ဂြဟ်ပြုနိုင်သည်သာ၊ ဉာဏဘူတံ၌ကား ဒဿန အရ မျက်စိ အမြင်မျိုးကို တားမြစ်လို၍ " ဉာဏဘူတ " ဟု လေးနက်အောင် ဆိုခြင်းဖြစ်သည်၊ [ " ဉာဏ်ဖြစ်၍ ဖြစ်သော အမြင် " ဟူလို။ ] ဤသို့လျှင်"ဟုတ္တွာ"စသည် ထည့်၍ ဝိဂ္ဂြဟ် ပြုရာ၌ မြှောက် မြှင့်ရသော သမ္ဘာဝနာ သဘော မပါဘဲ နဂိုရ်အတိုင်း အရတူနေသော ကြောင့် ဟုတ္တာ စသည် ပါရာ၌ သမ္ဘာဝနာ ကမ္မဓာရဲဆိုသော ရှေးဝါဒကို စဉ်းစားကြ ပါကုန်၊ ရုပ်တွက်ရာ၌ " အလောဘသင်္ခါတ " ဝယ် သင်္ခါတပုဒ်, " ဉာဏဘူတ" ဝယ် ဘူတပုဒ်တို့ကို ဝုတ္တတ္တာန မပ္ပယောဂေါ အရ ချေ။

အဝဓာရဏပုဗ္ဗပဒ။ ။အဝဓာရဏသဒ္ဒါသည်"ဤမျှသာ အတိုင်းအရှည်ရှိ၏"ဟု ပိုင်းခြားခြင်း ပရိစ္ဆေဒ အနက်, " ဤ ဟာသာ, ဟိုဟာ မဟုတ်"ဟု ပိုင်းခြား သတ်မှတ် ဆုံးဖြတ်ခြင်း အနက်၌ ဖြစ်၏-ဟု ဝေဝမနိမိ အဘိဓာန်ဆို၏၊ ဆိုအဝဓာရဏ အနက်ကို ဧဝသဒ္ဒါက ပြနိုင်၏၊ ထို့ကြောင့် အဝဓာရဏ အနက်ဓဟာ ဧဝသဒ္ဒါနှင့်တကွ ဖြစ်သော "ဂုဏောဧဝ"စသော ပုဒ်ကို (သဟစရဏနည်းအားဖြင့်) "အဝဓာရဏပုဒ်"ဟု ခေါ်၏

www.dhammaransi.com



စက္ခုန္ဒြိယံ-စက္ခုသည်သာ ဣန္ဒြေ၊ ဖြံ, စက္ခာတယနံ, စက္ခုဓာတု, စက္ခုန္ဒြိ ရံ၊ ရူပါရမဏံ - အဆင်းသည်သာ အာရုံ၊ ဣစ္စာဒိ-တည်း၊ [ဤ၌"သာ" ဟု အနက်သည့် ဋီကာဖွင့် အတိုင်းတည်း၊ ဤဘာသာဋီကာ အလိုမှာ "စက္ခုဝေ" စသည်၌"ပင်"ဟု ပေး၍"ဂုဏောဝေ"စသည်၌"သာ"ဟု ပေးစေလိုသည်။]

ထိုအဝဓာရဏာပုဒ် ရှေ့ရှိသော ကမ္မဓာရယသည် အဝဓာရဏ ပုဗ္ဗပဒ ကမ္မဓာရယ မည်၏။ [အဝဓာရိယ မာနတ္ထဒီပကံ ( "ဂုဏ်သာ, အခြားဟာ မဟုတ်" စသည်ဖြင့် ပိုင်းခြား သတ်မှတ်ဆုံးဖြတ်အပ်သောအနက်ကို ပြတတ်သော)ဝေသဒ္ဒသဟိတံ ပုဗ္ဗပဒံ အဿာတိ အဝဓာရဏ ပုဗ္ဗပဒေါ (ဋီကာ)။]

"ဂုဏောဝ ဓနံ"၌ ဂုဏ်၏အရှင်ဖြစ်သူ ဘဝပြောင်းသွားသော်လည်း ဂုဏ်မှာမပျက် စီးဘဲ ကျန်ရစ်သောကြောင့် "ဂုဏ်သာ ဥစ္စာအစစ် ဖြစ်၏, ဂုဏ်မှတပါး ရွှေငွေ စသော ရိုးရာဥစ္စာများကား သူတပါး ခံစားရစ်မည်ဖြစ်၍ ကိုယ့်ဥစ္စာ အစစ် မဟုတ်"ဟူလို၊ ဤသို့ ဝေသဒ္ဒဖြင့် "ဂုဏ်သာ ဥစ္စာ, ရွှေငွေ စသည်ကား ဥစ္စာမဟုတ်"ဟု ပိုင်းခြားသတ်မှတ် ဆုံးဖြတ်သည်၊ "သဒ္ဓါဝ ဓနံ"၌လည်း သဒ္ဓါသာ ဥစ္စာအစစ်, သဒ္ဓါဥစ္စာသာ အခြား ကုသိုလ်များကို တိုးပွားစေနိုင်သည်၊ ရွှေငွေ စသည်ကား ဥစ္စာမဟုတ်-ဟု ပိုင်းခြား၏၊ "သီလံဝ+ဓနံ, ပညာဝ+ဓနံ" တို့၌လည်း နည်းတူ၊ "စက္ခုဝ+ဣန္ဒြိယံ"၌လည်း စက္ခုပသာဒသာ ဣန္ဒြေ ဖြစ်သည်, အတ္တဇီဝ စသည်ကား ဣန္ဒြေမဟုတ်-ဟု ပိုင်းခြား၏၊ "စက္ခုဝ+အာယတနံ-ဓာတု-ဒွါရံ" တို့၌၎င်း "ရူပမေဝ+အာရမဏံ"၌၎င်း နည်းတူ၊ ဤကား ရူပသိဒ္ဓိ စာကိုယ်ဋီကာနှင့် အခြားကျမ်းများ၏ အာဘော်ကျ အဓိပ္ပါယ်တည်း။ [ရုပ်တွက်ရာ၌"ဂုဏ+ဝေ+ဓန"တည့်, သိ ၃ လုံးသက်, နောင် သိချေ စသည်ဖြင့် သမ္ဘာဝနာ-ကမ္မဓာရည်းကဲ့သို့ တွက်လေ။]

**ယခုခေတ် ပြောရိုး။** ။အဝဓာရဏ အနက်သည် သန္နိဋ္ဌာနာဝဓာရဏ အနက်- နိဝတ္တာပနာဝဓာရဏ အနက် ဟု ၂ မျိုးရှိ၏၊ ထိုတွင် အခြားအနက်ကို တားမြစ်ဘွယ် မရှိရာ၌၎င်း တားမြစ်ဘွယ် ရှိစေကာမူ ဒေသက ပုဂ္ဂိုလ်က တားမြစ်လိုခြင်း မရှိရာ၌၎င်း, မိမိ အနက်ကိုသာ ခိုင်မြဲအောင် ဆုံးဖြတ်သော အဝဓာရဏသည် သန္နိဋ္ဌာနာဝဓာရဏ မည်၏၊ [ သန္နိဋ္ဌာန-ပိုင်းခြား သတ်မှတ် ဆုံးဖြတ်တတ်သော+အဝဓာရဏ။] အခြား အနက်ကို တားမြစ်သော အဝဓာရဏသည် နိဝတ္တာပနာဝဓာရဏ မည်၏၊ [ နိဝတ္တာပန=အခြား အနက်ကို နစ်စေသော(တားမြစ်သော)+အဝဓာရဏ၊] "ရူပမေဝ+ အာယတနံ ရူပါယတနံ"၌ ဧဖြင့် "အဆင်းသာ+အာယတန မည်သည်, အဆင်းမှ တပါး အသံ စသည်တို့ အာယတန မမည်" ဟု တားမြစ်၍ မဖြစ်၊ အသံ စသည်လည်း အာယတန မည်သည်သာ၊ ထို့ကြောင့် ဤ ဝေသည် အဆင်း၏ အာယတနမည်ကြောင်း ခိုင်မြဲစေသော သန္နိဋ္ဌာနာဝဓာရဏတည်း၊ အနက်ပေးရာ၌ "ရူပမေဝ - အဆင်းသည် ပင်လျှင်" ဟု ဝေ အတွက် (ပင်-ပင်လျှင်) ဟု အနက်ထွက်စေရမည်၊ ဂုဏောဝေ၌ကား "ဂုဏ်သာ ဥစ္စာ-ရွှေငွေ သည်ကား ဥစ္စာ အစစ် မဟုတ်" ဟု တားမြစ်သောကြောင့်

www.dhammaransi.com



(၃၄၃) န နိပါတပုဗ္ဗပဒေါ - သည်၊ ယထာ-နည်း၊ ဖြာဟွဲထော-ပုန်ထားစစ်သည်၊ န - မဟုတ်၊ ဣတိအစ္ဆေ ၌၊ ကမ္မဓာရယသမာသေ-ကိုဂုဏ်၊ ဝိဘတ္တိလောပါဒိမှိစ - ကိုဂုဏ်၊ ကတေ - သော်၊ ဥဘောတင်ဂုရို သာတိ- သုတ်ဖြင့်၊ တပ္ပုရိသသညာ-တပ္ပုရိသ် အမည်သည်၊ ဟောတိ။

အဏ္ဏံ နသာ တပ္ပုရိသော။ ။တပ္ပုရိသေ-၌၊ ပရေ-သော၊ ဥတ္တရပဒေ-နောက်ပုဒ်ကြောင့်၊ သဗ္ဗသော၀ - သော၊ နသ နိပါတပဒဿ- န နိပါတ် ပုဒ်၏၊ အဏ္ဏံ ဟောတိ၊ တပ္ပုရိသေကဒေသတ္တာ - တပ္ပုရိသ် တစိတ်၏ အဖြစ်ကြောင့်၊တပ္ပုရိသော-တပ္ပုရိသ်မည်၏၊အဖြဲ့ဟွဲထော-ပုန်ထား စစ် မဟုတ်။

နိဝတ္တာပနာဓာရဏတည်း၊ အနက်ပေးရာ၌ " ဂုဏောဇေ၀ - ဂုဏ်သည်သာလျှင် " ဟု ဧ၀ အတွက် ( သာ - သာလျှင် ) ဟု အနက် ထွက်စေရမည်၊ ထိုတွင် သန္နိဋ္ဌာနာ၀ဓာရဏသည် သမ္ဘာဝနာ ကမ္မဓာရဲ၌ ဝင်ခဲ့၏၊ နိဝတ္တာပနာ၀ဓာရဏသာ အဝဓာရဏ ကမ္မဓာရဲ၌ ဝင်သည်-ဟု ပြောဆိုရိုး ရှိကြသည်။

မှတ်ချက် ။ ။ ထိုပြောဆိုရိုးစကား၌ " ရူပမေ၀ အာယတနံ " စသော သန္နိဋ္ဌာနာ၀ဓာရဏတို့ သမ္ဘာဝနာ ကမ္မဓာရဲ၌ ဝင်သည် ဟူသော စကားသည် - ရူပသိဒ္ဓိနှင့် မညီ၊ ဘာ့ကြောင့်နည်း....ရူပမေ၀နှင့် အလားတူ " စက္ခုမေ၀ ဣန္ဒြိယံ စက္ခုန္ဒြိယံ " စသည်တို့ကို အဝဓာရဏ ကမ္မဓာရဲ ဟု ဆိုထားသောကြောင့်ရင်း ဧ၀ သဒ္ဒါ၏ အနက် ရှိပါလျက် သမ္ဘာဝနာ ဆိုခြင်း၏ အလျဉ်း မသင့်သောကြောင့်ရင်း တည်း၊ ထို့ပြင် စက္ခုမေ၀၌ ဧ၀ဖြင့် အတ္တဇီ၀ကို တားမြစ်သည်-ဟု ဋီကာဖွင့်၏၊ သို့ဖြစ်လျှင် ရူပမေ၀၌ ဧ၀လည်း အတ္တဇီ၀ကိုပင် တားမြစ်သည်-ဟု ဆိုရလိမ့်မည်၊ သို့သော် ထိုပုဒ်များနှင့် အလားတူ " ဓမ္မောဧ၀ အာရမဏံ " ၌ ဧ၀ဖြင့် အတ္တဇီ၀ကို မတားမြစ်နိုင် - အတ္တဇီ၀တို့လည်း ဓမ္မာရုံပင် ဖြစ်သောကြောင့် ဋီကာဖွင့်ပုံကို ဆင်ခြင်ထိုက်၏၊ အချုပ်မှာ- ဧ၀ သဒ္ဒါဖြင့် ဝိဂ္ဂဟပြုရသမျှကို အဝဓာရဏ ကမ္မဓာရဲ ဟု ချည်း ဆိုသင့်၏၊ ထိုတွင် အခြား အနက်ကို တားမြစ် စရာလည်း မရှိ - တားလည်း မတားလိုလျှင် သန္နိဋ္ဌာနာ၀ဓာရဏ တည်း၊ အနက်ကို "ပင်-ပင်လျှင်" ဟု ပေး၊ တားမြစ်စရာ ရှိ၍ တားလည်း တားလိုက်လျှင် နိဝတ္တာပနာ၀ဓာရဏတည်း၊ "သာ-သာလျှင်" ဟု အနက်ပေးရမည်-ဟု ( များသောအားဖြင့် ) မှတ်၊ သန္နိဋ္ဌာနာ၀ဓာရဏ အနက်မှာပင် " သာ-သာလျှင် " ဟု ပေးမှ ချောမောသော အချို့အရာလည်း ရှိ၏၊ ထိုအရာ၌ " သာ - သာလျှင် " ဟု ပေးသော်လည်း အခြား အနက်ကို ကန့်ကွက်လိုခြင်းမရှိ ဟု မှတ်၊ [ ဂဟေတဗ္ဗတ္ထ စသော ၃ မျိုးကို နာမ် နိပါတ် ခဏ်း၌ ပြခဲ့ပြီ။ ]

(၃၄၃) တပ္ပုရိသေကဒေသတ္တာ တပ္ပုရိသော— တပ္ပုရိသ်သည် ( နောက်၌ ပြမည့် ) အမာဒိ တပ္ပုရိသ်ခေါ် သုဒ္ဓ တပ္ပုရိသ် , ဤကမ္မဓာရဲနှင့် ရောသော မိဿက တပ္ပုရိသ်ဟု ၂ မျိုးရှိ၏၊ "တပ္ပုရိသ" ဟူသော နာမည်သည် ထို ၂ မျိုးလုံး၏ နာမည်တည်း၊

www.dhammaransi.com



သတော-ထင်ရှားရှိသော၀တ္ထုကို၊ ဒေသာ ဒိနိယမံ-ဒေသအစရှိသော အမှတ် အသားကို၊ ဝိနာ - ကြဉ်၍၊ နိသေဓော - တားမြစ် ခြင်းသည်၊ နယုဇ္ဇော- မသင့်၊ အသတော-ထင်ရှားမရှိသော၀တ္ထုကို၊ နိသေဓောစ- တားမြစ်ခြင်းသည်လည်း၊ အဖလော - အကျိုးမရှိ၊ တသ္မာ- ထို့ကြောင့်၊ အဖြာပဟ္မဏောတိ-အဖြာပဟ္မဏောဟူ၍၊ (သမာသော-သမာသ်သည်၊) ကထံ-အဘယ်မှာ ဖြစ်နိုင်ပါအံ့နည်း၊ ဣတိစေ- ဤသို့ စောဒနာပြားအံ့၊

နိသေဓဿာနုဝါဒေန - တားမြစ်ထိုက်သော အနက်ကို အတုလိုက်၍ ပြောဆိုခြင်းကြောင့်၊ ကွစိ - အချို့အရာ၌၊ ပဋိသေဓဝိဓိ - (န) ဟူသော ပဋိသေဓ အစီအရင်သည်၊ ပရဿ - ပြောဆိုနေသူ အခြားလူ၏၊ မိစ္ဆာ ဉာဏဿာချာပနာယ - မှားယွင်းသော အသိဉာဏ်၏ အဖြစ်ကို ထင်ရှားစေခြင်းငှါ၊ ဥပပဇ္ဇတေ-သင့်မြတ်၏။ (ဥပယုဇ္ဇတေ-လည်း ရှိ၏။)

သို့သော် ဤ"အတ္တံ နဿ တပ္ပုရိသေ"သုတ်လာ "တပ္ပုရိသ"အရကား ထို ၂ မျိုးလုံးကို မရ, မိဿက တပ္ပုရိသ် ဟူသော တပ္ပုရိသ် တစိတ်တပိုင်းကိုသာ ရ၏၊ "သမုဒ္ဒေါ မယာ ဒိဋ္ဌော-ငါသမုဒြာကို မြင်အင်ပြီ"ဟုရာ၌ သမုဒြာ တစင်းလုံးကို ဆိုလိုသည် မဟုတ်၊ မိမိ မြင်ခဲ့ရာ သမုဒြာ တစိတ်တပိုင်းကိုပင် "သမုဒ္ဒေါ" ဟု ဧကဒေသူပစာအားဖြင့် ပြောဆို သကဲ့သို့ကည်း။

**နနိသေဓော၊ ပေ၊ အဖြာဟ္မဏောတိစေ**— ဤဂါထာဖြင့်"န နိပါတ်နှင့် သမာသ် မစပ်သင့်" ဟု စောဒနာသည်၊ ထင်ရှားစေအံ့—ဝတ္ထုသည် အမှန်ရှိနေသော ဝတ္ထု, မရှိသော ဝတ္ထု ဟု ၂ မျိုးရှိ၏၊ ရှိနေသော ဝတ္ထုကို ( ဥပမာ— "သူခိုး" ဟူသော ဝတ္ထု ဖြစ်သည် လောက၌ အမှန်ရှိနေ၏၊ ထိုရှိနေသော ဝတ္ထုကို ) တားမြစ်လိုရာဝယ် "ဣဓ စောရော နတ္ထိ-ဤအရပ်၌ ခိုးသူမရှိ"ဟု အရပ်ဒေသကိုသော်လည်း မှတ်သား၍ တားမြစ် ရ၏၊ သို့မဟုတ် "ဣဒါနိ စောရော နတ္ထိ-ဤ အချိန်၌ ခိုးသူမရှိ"ဟု ကာလကိုသော်လည်း မှတ်သား၍ တားမြစ်ရသည်၊ သို့မဟုတ် "နာယံ စောရော-ဤလိုလူကား ခိုးသူမဟုတ်"ဟု သူ၏ သွားလာနေထိုင် ပြုလုပ်ပုံ အခြင်းအရာကိုသော်လည်း မှတ်သား၍ တားမြစ်ရသည်၊ ဤသို့ ဒေသစသော ( အဒိဖြင့် ကာလ အာကာရကို ယူ ) အမှတ်အသား မပါဘဲ ထင်ရှားရှိနေသော ခိုးသူကို "အစောရော-ခိုးသူ မဟုတ်"ဟု တားမြစ်ခြင်းသည် မသင့် သကဲ့သို့, တကယ် ပုဏ္ဏားအစစ် ဖြစ်နေသူကို "အဗြာဟ္မဏော—ပုဏ္ဏား မဟုတ်" ဟု တားမြစ်ခြင်းသည် မသင့်၊ လောက၌ ထင်ရှားမရှိသော "ယုန်ချို, လိပ်မွေး" စသည်ကို "ယုန်ချို မဟုတ်" ဟု တားမြစ်ခြင်းမျိုးလည်း အကျိုး မရှိချေ၊ ထို့ကြောင့် နနှင့် ဗြာဟ္မဏကို စပ်၍"အဗြာဟ္မဏော"ဟူသော သမာသ်သည် အဘယ်မှာ ဖြစ်သင့်ပါတော့ အံ့နည်း၊ "မဖြစ်သင့်တော့ပြီ" ဟူလို။

**နိသေဓဿ၊ ပေ၊ ဥပပဇ္ဇတေ**— [နိသေဓဿ-တားမြစ်ထိုက်သော အစစ်အမှန် အနက်ကို+အနုဝါဒေန-အတုလိုက်၍ပြောနေခြင်းကြောင့်"ပဋိသေဓဝိဓိ"၌စပ်၊ ချာပနာ၌

www.dhammaransi.com



စ- ဆက်၊ အဿ- ထို န နိပါတ်၏၊ အဘွော-အနက်သည်၊ ပသဇ္ဇ၊ ပေ၊ ဝသေန — ပဇ္ဇ ပဋိသေဓ ပရိယုဒါသ ပဋိသေဓတို့၏ အပြားအားဖြင့်၊ နုဝိဓော - ၏၊ တဗ္ဗ - ထို ၂ ပါးတို့တွင်၊ ယော-အကြင် န နိပါတ်သည်၊ အသူရိယပဿာ-နေကို မကြည့်ကုန်သော၊ ရာဇဒါရာ-မိဖုရားတို့၊ ဗ္ဗတျာ ဒိသုဝိယ- ဤသို့ အစရှိသော ပြယုဂ်တို့၌ ကဲ့သို့၊ ဥတ္တရပဒတ္ထဿ-နောင်ပုဒ် အနက်၏၊ သဇ္ဇထာ- ခပ်သိမ်းသော အပြားအားဖြင့်၊ အဘာဝံ- မရှိခြင်းကို၊

ချာဓာတ် ဏာဒပစ္စည်း ယုပစ္စည်း၊ ချာဓာတ်သည် ဤနေရာ၌ "ထင်ရှားခြင်း" အနက် ဟောတည်း၊ "ချာပနာယောပယုဇ္ဇတေ"ဟု မြန်မာမူ ရှိ၏၊ "ချာပနာယ+ဥပယုဇ္ဇတေ" ဟု ပုဒ်ဖြတ်၊ ဋီကာတို့၌ "ယုဇ္ဇတိ" ပါ၍ တွေ့ရ၍ "ဥပယုဇ္ဇတေ" ဟု ပြင်ဟန်တူသည်၊ အမှန်မှာ—ဥပ ရှေ့ရှိသော ပဒဓာတ်ဖြင့် "ဥပပဇ္ဇတေ" ကို "ယုဇ္ဇတေ" ဖွင့်သကဲ့သို့ "ဥပပဇ္ဇတေ" ကိုလည်း "ယုဇ္ဇတိ" ဟု ဖွင့်ခြင်း ဖြစ်သည်၊ ထို့ကြောင့် "ချာပနာယော ပပဇ္ဇတေ" ရှိသော သီဟိုဠ်မူသာ မူရင်းဖြစ်ရာ၏။ ] ဤဂါထာဖြင့် "န" ဟူသော ပဋိ သေဓကို စီရင်သင့်ကြောင်း (န နိပါတ်နှင့် သမာသ် ဖြစ်သင့်ကြောင်း) ကို ဖြေသည်။

ထိုဂါထာ၏ အဓိပ္ပါယ်ကား — အတုအယောင်ကို (မသိသူက မိစ္ဆာဉာဏ်ဖြင့်) အစစ်အမှန် ထင်မှတ်၍ ပြောဆိုနေခြင်းကြောင့် သူ၏ အသိလွဲနေကြောင်း ထင်ရှားစေ ဘို့ရာ "န" ဟူသော ပဋိသေဓကို စီရင်ခြင်းသည် သင့်မြတ်၏၊ ထို့ကြောင့် "အဗြာဟ္မ ဏော" ဟူသော သမာသ်လည်း သင့်မြတ်သည်သာ – ဟူလို၊ ခွဲဥုံးအံ့ — စလွယ်ကြိုး စသည်ဆင်၍ ပုဏ္ဏားအသွင်ရှိသော ချစ်တီးကို မြင်ရာ၌ ချစ်တီးကို မသိဘူးဘဲ ပုဏ္ဏား ကိုသာ သိနေသူမှာ ထို ချစ်တီးကိုပင် ပုဏ္ဏားဟု အထင်မှားနေ၏၊ ( မိစ္ဆာဉာဏ် ဖြစ်နေသည်– ဟူလို)၊ ထို မိစ္ဆာဉာဏ်အားလျော်စွာ "ဗြာဟ္မဏော – ဗြာဟ္မဏော" ဟုလည်း ပြောနေပြန်၏၊ [ ထိုမိစ္ဆာဉာဏ်ဖြင့် ပြောအပ်သော ဗြာဟ္မဏ သဒ္ဒါသည် ပုဏ္ဏားစစ်ကို မဟော-ပုဏ္ဏားတုချစ်တီးကို ဟောသော သဒ္ဒါဖြစ်သည်ကို သတိပြုပါ၊ ] ဤနေရာ၌ ဗြာဟ္မဏ အစစ်ကား တားမြစ် ထိုက်သော ( မဟုတ်ဟု တားမြစ် ရမည့် ဖြစ်သော) အနက်တည်း၊ ဤသို့ တားမြစ် ထိုက်သော ဗြာဟ္မဏ အစစ်အမှန်ကို အတု လိုက်၍ "ဗြာဟ္မဏော ဗြာဟ္မဏော" ဟု ပြောနေခြင်းကြောင့် ထိုသူ၏ ( အသိမှားနေ ကြောင်းထင်ရှားစေဘို့ရာ "န+ဗြာဟ္မဏော=(သင်ထင်သလို) ပုဏ္ဏားအစစ်မဟုတ်" ဟု ပဋိသေဓကို စီရင်ခြင်း(န သဒ္ဒါဖြင့် တားမြစ်ခြင်း) သည် ဒေသစသော အမှတ်အသား မပါဘဲပင် လောက၌ ပြောရိုးဆိုစဉ် ဖြစ်သောကြောင့် သင့်လျော်သည်သာ၊ ထို့ကြောင့် "န သဒ္ဒါဖြင့် အဗြာဟ္မဏော ဟု သမာသ်ဖြစ်နိုင်သည်" ဟူလို။

ဒုဝိဓော စသော၊ ပေ၊ ဝသေန — "န+ဗြာဟ္မဏော" နှင့် စပ်၍ ပဋိသေဓ ၂ မျိုး ရှိကြောင်းကို ပြလိုသောကြောင့် ဒုဝိဓော စသည်ကို မိန့်၊ ပသဇ္ဇ ပဋိသေဓ၌ "ပသဇ္ဇ" ကို "ပတွာ" ဟု ဖွင့်၏၊ ပပုဗ္ဗ သဇဓာတ် တွာပစ္စည်းသည် "ရောက်၍" ဟူသော အနက်ကို ဟောသည်–ဟူလို၊ "ရောက်" ဟူသည် တားမြစ်အပ်သော အနက်နှင့်တူသော ဝတ္ထုကို

www.dhammaransi.com



ဒီပေတိ - ပြ၏၊ သော - ထို န နိပါတ်သည်၊ ပသဇ္ဇပဋိသေဓဝါစီ နာမ- ပသဇ္ဇ ပဋိသေဓကို ဟောသည် မည်၏၊ ပန - ကား၊ သော - အကြင် န နိပါတ်သည်၊ အပြာပဠဏံ-ပုန်ကားမဟုတ်သူကို၊ အာနယ-ခေါ်ခဲ့လော၊ ဣတျာဒိသုဝိယံ - သို့၊ ဥတ္တရပဒတ္ထံ - ကို၊ ပရိယုဒသိတွာ - တားမြစ်၍၊ တံသဒိသေ-ထို နောက်ပုဒ်အနက်နှင့်တူသော၊ ဝတ္ထုမှိ-ဝတ္ထု၌၊ ကာရိယံ- ပြုစီရင်ဘွယ်ကို၊ ပဋိပါဒယတိ - ပြီးစေ၏၊ သော - ထို န နိပါတ်သည်၊ ပရိယုဒါသဝါစီ နာမ-ပရိယုဒါသကိုဟောသည်မည်၏၊ စ-သာခကကား၊

မငဲ့တော့ဘဲ တားမြစ်အပ်သော အနက်သို့ ထိထိမိမိ ရောက်ခြင်းတည်း၊ ထိုသို့ ထိထိမိမိ ရောက်၍ တားမြစ်ခြင်းသည် ပသဇ္ဇ ပဋိသေဓ မည်၏၊ [ ပသဇ္ဇ – တားမြစ် အပ်သော အနက်သို့ ထိရောက်၍+ပဋိသေဓော – တားမြစ်ခြင်းသည်၊ ဝါ – တားမြစ်တတ်သော န နိပါတ်သည်၊ ပသဇ္ဇ ပဋိသေဓော – မည်၏၊ ] ပရိယုဒါသ၌ ပရိ+ဥ+အသဓာတ်, ဏပစ္စည်း၊ ပရိကို "ပရိတုလိတံ-အလားတူဝတ္ထုကို" ဟုရင်း, ဥကို "ဥဂ္ဂယှ – မြှောက်ယူ၍" ဟုရင်း "အသနံ-ခေပါ-တားမြစ် ပစ်ပယ်ခြင်း" ဟုရင်း ဖွင့်၏၊ ထို့ကြောင့် အပြာဟ္မဏော၌ ဗြာဟ္မဏော ဟူသော နောက်ပုဒ်အရ ပုန်ကားတုဟူသော အနက်ကို မြှောက်ယူ၍ ထိုနောက်ပုဒ်အနက်ကိုပင် တားမြစ်ခြင်းသည် (ဝါ-တားမြစ်သော နပဋိသေဓသည်) ပရိယုဒါသမည်၏၊ "ပရိဘုလိတံ ဥဂ္ဂယှ (ဥတ္တရပဒတ္ထံ) အသနံ ပရိယုဒါသော" ဟု ဝိဂြိုဟ်ပြု။ [အသဓာတ် ဖြစ်၍ "ပရိယုဒသိတွာ" ၌ ဝုဒ္ဓိမပြုဘဲ ရှိရမည်။]

**တတ္ထ ယော၊ ပေ၊ ပသဇ္ဇပဋိသေဓဝါစီနာမ** — "သူရိယံ — နေကို၊ နပဿန္တိ— မကြည့်တတ်ကုန်၊ ဣတိ, အသူရိယပဿာ—တို့မည်၏။" [ "ဒါရေ ဇာယာ ကလတ္တာနိ" ဟု အဘိဓာန်၌ "ဒါရေ"ဟု ပုလ္လိင်ရှိသောကြောင့် "ရာဇဒါရာ" ကို ဗဟုဝုစ်ဟု ယူဆ၍ "နပဿန္တိ"ဟု ဗဟုဝုစ် ဝိဂြိုဟ် ဆိုလိုက်သည်၊ ဋီကာ၌ ဧကဝုစ်တွေ့ရ၏။] ဤ "အသူရိယ ပဿာ" ၌ န နိပါတ်သည် နောက် "ပဿာ" အရ မြင်ခြင်း ကြိယာသို့ ထိရောက်၍ မြင်ခြင်း ကြိယာ၏ မရှိခြင်းကို တားမြစ်သောကြောင့် ပသဇ္ဇပဋိသေဓ မည်၏၊ အချုပ်မှာ- (အလားတူ ဝတ္ထုကို သွယ်ဝိုက်၍ တားမြစ်ခြင်း မဟုတ်ဘဲ) မသွယ် မဝိုက် တိုက်ရိုက် ထိမိစွာ တားမြစ်လျှင် ပသဇ္ဇပဋိသေဓ မည်၏၊ ထို့ကြောင့် "အကတွာ·မပြုမူ၍" စသည်ဖြင့် ပြုခြင်း ကြိယာကို တိုက်ရိုက် တားမြစ်ရာ၌ "ပသဇ္ဇ ပဋိသေဓ" ဟု ပြသတံ့။

**ယောပန၊ ပေ၊ ပရိယုဒါသဝါစီနာမ** – [ "အပြာဟ္မဏမာနယတျာဒိသု" ဟု သီဟိုဠ်မူနှင့်တကွ အခြား သဒ္ဒါကျမ်းများ၌လည်း ရှိသည်။ ] "အပြာဟ္မဏ ခေါ်ခဲ့စမ်း" ဟု အထက်လူကြီးက စေခိုင်းသော စကားမျိုးဝယ် အပြာဟ္မဏ၌ အ သဒ္ဒါသည် ဗြာဟ္မဏ ဟူသော နောက်ပုဒ်၏ ပုန်ဏားစစ် ဟူသော အနက်ကို တားမြစ်၍ "ပုန်ဏားတု" ဟူသော အနက် ( ချစ်တီး ဟူသောဝတ္ထု ) ၌ ခေါ်ဆောင်ခြင်းကြိယာ ဟူသော ပြုစီရင် ဘွယ်ကို ပြီးစေ၏၊ ဆိုလိုရင်းကား "ပုန်ဏားစစ်ကို တားမြစ်၍ ပုန်ဏားတု အနက်ကို န သဒ္ဒါကဟောသောကြောင့် ပုန်ဏားတုကိုပင် ခေါ်ဆောင်သွားရမည်" ဟု ဆိုလိုသည်။

www.dhammaransi.com



ဝတ္ထုနတ္ထိဘာဝ - ဝတ္ထု၏ မရှိသည်၏ အဖြစ်သည်၊ ပသဇ္ဇ ပဋိသေဓဿ- ပသဇ္ဇ ပဋိသေဓ၏၊ လက္ခဏံ -အမှတ်အသားတည်း၊ ဝတ္ထုတော-တား မြစ်အပ်သော ဝတ္ထုမှ၊ အညတြ - အခြား ဝတ္ထု၌ ဝုတ္တိ - ဖြစ်ခြင်းသည်၊ ပရိယုဒါသ လက္ခဏံ - ပရိယုဒါသ ပဋိသေဓ၏ အမှတ်အသားတည်း၊ ဣတိ-သို့၊ ဝုတ္တံ-ရှေးဆရာတို့ ဆိုအပ်ပြီ၊

နနု - စောဒနာပါဦးအံ့၊ ဇဝံ သန္တေပိ - ဤသို့ ဖြစ်ပါသော်လည်း၊ အဗြာဟ္မဏောတျာဒီသု-တို့၌ ဥတ္တရပဒတ္ထ ပဓာနတာ- နောက်ပုဒ်အနက် ပဓာန၏ အဖြစ်သည်၊ ကထံသိယာ-အဘယ်သို့ ဖြစ်နိုင်ပါသနည်း၊ ဣတိ-

ထို့ကြောင့် နဗြာဟ္မဏော၌ နသည် ပရိယုဒါသ ပဋိသေဓမည်၏၊ အချုပ်မှာ- "နသဒ္ဒါ၏ ( ပြလတ့ံသော ) သဒိသ , အည , ဝိရုဒ္ဓ , အဘာဝ , အနက် ၄ မျိုးတွင် တားမြစ် အပ်သော ဝတ္ထုနှင့်တူသော သဒိသ အနက်, တားမြစ်အပ်သော ဝတ္ထုမှတခြားဖြစ်သော အည အနက် , တားမြစ်အပ်သော ဝတ္ထု၏ ဆန့်ကျင်ဘက် ဖြစ်သော ဝိရုဒ္ဓ အနက်ကို ဟောရာ၌ ပရိယုဒါသ ပဋိသေဓ မည်၏၊ တားမြစ်အပ်သော ဝတ္ထု၏ မရှိခြင်း အဘာဝ အနက်ကို ဟောရာ၌ ပသဇ္ဇပဋိသေဓ မည်၏" ဟု မှတ်၊ ထို့ကြောင့် "အဗျာကတာ- အကုသလာ"စသည်တို့ကိုလည်း "ပရိယုဒါသ"ဟု ပြလတ့ံ။

ဝုတ္တဉ္စ၊ ပေ၊ လက္ခဏန္တိ — [ "ဝတ္ထုတော အညတြ ဝုတ္တိ" ၌ "ဝတ္ထုတော• ညတြ ယာဝုတ္တိ" ဟု သီဟိုဠ်မူ ရှိ၏၊ တတိယပါဒ၌ ( ယ ) ဂိုဏ်း ရအောင် ပြင်ဟန် တူသည်၊ ဝတ္ထုတော - မှ၊ အညတြ-၌၊ ယာဝုတ္တိ-အကြင် ဖြစ်ခြင်းသည်၊ ( အတ္ထိ-ရှိ၏၊ သာ-ထို ဖြစ်ခြင်းသည် ) " ဟု ပေး၊ ] ဤကား ပြခဲ့သော ပဋိသေဓ ၂ မျိုး၏ အမှတ် အသား လက္ခဏာကိုပြသော သာဓကတည်း၊ ဝတ္ထုနတ္ထိတာ၌ ဝတ္ထုဟူသည်"အသုရိယ ပဿာ"၌ကဲ့သို့ မြင်ခြင်းစသော ကြိယာတည်း၊ နသဒ္ဒါဖြင့် တားမြစ်လိုက်သည့် အတွက် ထို တားမြစ်အပ်သော ဝတ္ထု ( ကြိယာ ) ၏ လုံးဝ မရှိတော့ခြင်း ( အဘာဝ ) သည် ပသဇ္ဇ ပဋိသေဓဖြစ်ကြောင်း အထိမ်းအမှတ် လက္ခဏာတည်း၊ တားမြစ်အပ်သော ဝတ္ထုမှ တမျိုးဘခြား အလားတူ ဝတ္ထု , အခြားဝတ္ထု , ဆန့်ကျင်ဘက် ဝတ္ထုများ၌ န သဒ္ဒါက ဟောနေသေးလျှင် ပရိယုဒါသ ပဋိသေဓ၏ အထိမ်းအမှတ် လက္ခဏာတည်း။

[ဆောင်] ပသဇ္ဇမှာ , ကြိယာကို , သေချာ မြစ်ချ, အဘာဝ ဟု, အမှတ်ပြုလော၊
ပရိယု ကား , ဒြဗ်များကို, မြစ်တား ပြီးဘိ, တံသဒိတို့, စသည့် ဆက်ပြ,
အနက်ရသည်, မွက်ဟ ငြိကာ အလိုတည်း။

နန္ဝေဝံ သန္တေပိ ၊ ပေ ၊ သိယာတိ—ဇဝံ သန္တေပိ၌ ဇဝံကား ပရိယုဒါသ ပဋိသေဓ၌ ပြခဲ့သော "နနိပါတ်၏ ဗြာဟ္မဏ ဟူသော နောက်ပုဒ်အနက်ကို တားမြစ်၍ အလားတူ အနက်၌ ခေါ်ဆောင်ခြင်း ကြိယာကို ပြီးစေ၏" ဟူသော စကားကို ပြန်၍ ညွှန်ပြသည်၊ အဗြာဟ္မဏော၌ နနိပါတ်သည် နောက်ဗြာဟ္မဏပုဒ်ကို တားမြစ်၍ အလားတူ ပုန်ဏားတူ အနက်၌ဖြစ်လျှင် "အဗြာဟ္မဏော"ဟု ပဋိသေဓ ပြုသိုက်-သမာသ်လည်း ဖြစ်ထိုက်ပါ

www.dhammaransi.com



၌ကား စောဒနာတည်း၊ ဝုစ္စတေ - အဖြေကို ဆိုအပ်၏၊ မြာဟ္မဏာဒိ သဒ္ဒါနံ-ဗြာဟ္မဏ အစရှိသော သဒ္ဒါတို့၏၊ ဗြာဟ္မဏာဒိ အတ္တသော-ပုဏ္ဏားအစရှိသောအနက်ကို(ဟောသကဲ့သို့)၊ တံသဒိသာဒိအတ္တသဝိ-ထိုပုဏ္ဏားနှင့် တူသူ အစရှိသော အနက်ကိုလည်း၊ ဝါစကတ္တာ-ဟော တတ်ကုန်သည်၏ အဖြစ်ကြောင့်၊(အဗြာဟ္မဏောတျာဒိသု-ဘို့၌၊ ဥတ္တရ ပဒတ္ထပ္ပဓာနတာ - သည်၊ သိယာ-ဖြစ်နိုင်၏၊ ) ဟိ-ချဲ့ဦးအံ့၊ ကေဝလာ-နနှင့် မဘက် သက် သက်ကုန်သော၊ဗြာဟ္မဏာဒိ သဒ္ဒါ-တို့သည်၊ ဗြာဟ္မ ဏာဒိသဒ္ဒါနံ - တို့၏၊ အတ္တေသွဝ-ပုဏ္ဏား စသော အနက်တို့၌သာ၊ ပါကဋာ-ထင်ရှားကုန်၏၊ ဘူ သဒ္ဒေါ-ဘူ သဒ္ဒါသည်၊ သတ္တာယံ-ထင်ရှား ရှိသည်၏ အဖြစ်ဟူသော အနက်၌၊ ( ပါကဋေဝါဘိယ - ထင်ရှားသကဲ့သို့ တည်း၊ ) ယဒါပန-အကြင်အခါ၌ကား၊ တေ- ထို ဗြာဟ္မဏ အစရှိသော သဒ္ဒါတို့သည်၊ အညေန - အခြားသော၊ သဒိသာဒိဝါစကေန - သဒိသ အစရှိသော အနက်ကို ဟောသော၊ [ "တံ သဒိသ" ဟု မြန်မာမှု၌"တံ" ပါသည်ကား အပို၊ န-သက်သက်က "သဒိသ, အညာ" စသော အနက် ကိုသာ ဟော၏၊ ] န ဣတိ နိပါတေန - န ဟူသော နိပါတ်နှင့်၊ ယုဇ္ဇန္တိ-ယှဉ်ကုန်၏၊ တဒါ-ထိုအခါ၌၊ တံသဒိသတဒညတဗ္ဗိရုဒ္ဓတဒဘာဝေသုဝိ-ထိုနှင့် တူသူ, ထိုမှ တခြား, ထို၏ ဆန့်ကျင်ဘက်, ထို၏ မရှိခြင်းဟူသော

ပေပြီ, " ဇဝံ သန္တေပိ-ဤသို့ ပဋိသေပြုဆိုက် , သမာသ်လည်း ပြုဆိုက်ပါသော်လည်း" ဟူလို၊ [ သန္တေသု-ဟု ရှိသည်ကား ပါဌ်ပျက်၊ ] အဗြာဟ္မဏောသည် ကမ္မဓာရယမိဿက တပ္ပုရိသ် သမာသ်ဖြစ်၏၊ တပ္ပုရိသ် ရိုးရာမှာလည်း နောက်ပုဒ် အနက် ပဓာန ဖြစ်ရ၏၊ ဤ၌ နဲ နိပါတ်က နောက်ပုဒ် အနက်ကို တားမြစ်၍ အလားဘူ အနက်၌ ဖြစ်နေလျှင် နနိပါတ်ဖြစ်သော ရှေ့ပုဒ်၏ အနက်ကပင် ပြဋ္ဌာန်းသလို ဖြစ်နေရကား ဤ "အဗြာဟ္မ ဏော"သည် အဘယ်နည်းဖြင့် ဥတ္တရပဒတ္ထပဓာန ဖြစ်နိုင်ပါသနည်း-ဟု စောဒနာသည်။

ဝုစ္စတေ၊ ပေ၊ နဒေါသော — ဤစကားကား ထို စောဒနာ၏ အဖြေတည်း၊ ထို စကား၌"ဝုစ္စတေ"သည် ဖြေဘို့ရာ စချီသော ပဋိညာဉ်တည်း၊ "ဗြာဟ္မဏာဒိသဒ္ဒါနံ ၊ ပေ ၊ ဝါစကတ္တာ " တို့ကား အကျဉ်း အဖြေ၊ "ဗြာဟ္မဏာဒိသဒ္ဒါ" စသည်တို့ကား အကျယ် အဖြေတည်း၊ ဗြာဟ္မဏာဒိ၌ အာဒိအရ နောက်၌ ပြမည့် မနုဿ – သမဏ– ဗျာကတ စသော သဒ္ဒါများကို ယူ၊ ဗြာဟ္မဏာဒိ သဒ္ဒါနံ ၊ ပေ ၊ ဝါစကတ္တာ-ဗြာဟ္မဏ သဒ္ဒါသည် ပုဏ္ဏားအစစ်ကို ဟောသကဲ့သို့ ပုဏ္ဏားအတုကိုလည်း ( တချို့နေရာ၌ ) ဟောနိုင်၏၊ ထို့ကြောင့် အဗြာဟ္မဏော ဟူသော သမာသ်၌ ဥတ္တရ ပဒတ္ထ ပဓာန ဖြစ်နိုင်သည်၊ [ဗြာဟ္မဏာဒိ၌ အာဒိ၏ ပုံစံများ နောက်၌ လာသတ့်ဖြစ်၍ ဤ၌ အာဒိ၏ အဓိပ္ပါယ်ကို မပြဘဲ ချန်ထားဦးမည်။]

www.dhammaransi.com



အနက်ဘို့ရှိသည်း၊ ဝတ္တန္တိ-ဖြစ်ကုန်၏၊ ဘူ သဒ္ဒေါ-သည်၊ အနုဘဝါဒိ ယောဂေ-အနုအဘိစသည်တို့နှင့်ယှဉ်ရာအခါ၌၊ အနုဘာဝ အဘိဘဝနာဒိသု-ခံစားခြင်း လွှမ်းမိုးခြင်း အစရှိသော အနက်ဘို့၌၊ (ဝတ္တတိ)ဝိယ-ဖြစ်သကဲ့သို့တည်း၊ တသ္မာ, ထွေ-၏အဖြာဖြာသော ဆဲစရှိသောပြယုဂ်ဘို့၌၊ နရာဘိနံ့ပါတော- သည်၊ ဥတ္တရပဒတ္ထ ဓောတကောသော - နောက်ပုဒ်အနက် ကို ထွန်းပြရုံသာတည်း၊ ဣတိ-ထို့ကြောင့်၊ ဒေါသော- ဥတ္တရ ပဒတ္ထ ပဓာန မဖြစ်ခြင်းဟူသော အပြစ်သည်၊ န-မရှိ၊ တေန-ထို့ကြောင့်၊ အဖြပ္ပတောပတိ-အဖြာဖြာတော ဟူသောပုဒ်၌၊ ဖြာဖြာ သဒ္ဒါသော-ပုန်အားနှင့်ဘူသူ ဣတိ-၏အနက်သည်၊ ဝုတ္တံ-ဆိုအပ်သည်၊ ဝါ-ဆိုလို သည်၊ဟောတိ-၏၊ဇဝံ-တူ၊ အမနုဿော-လူမဟုတ်၊ ဝါ-လူနှင့်ဘူသော ဘီလူး၊ ဝါ-နတ်၊ အဿမဏော - ရဟန်းစစ်မဟုတ်၊ ဝါ-ရဟန်းတု၊

ဖြပ္ပဏော ဒိ သဒ္ဒါ ပတိ ၊ ပေ ၊ န ဒေါသော—ခေတ်ကျမ်း၌ "ဘူ=သတ္တာယံ"ဟု ဓာတ်နက် ရှိ၏၊ ထိုဘူဓာတ်သည် အနုစသည်နှင့် မဘက် သူ့ချည်းသက်သက်ဖြစ်လျှင် "သတ္တာ"အနက်ကိုသာ ဟော၏၊ အနုအဘိ စသည်တို့နှင့် တွဲဘက်သော အခါ၌ကား "အနုဘဝတိ–ခံစား၏၊ အဘိဘဝတိ–လွှမ်းမိုး၏" စသည်ဖြင့် ခံစားခြင်း လွှမ်းမိုးခြင်း အနက်ကိုလည်း ဟောနိုင်ပြန်၏၊ ထိုသို့ ဟောရာ၌ "အနု–အဘိတို့က ဟောသည်" ဟု မမှတ်နှင့်၊ အနု အဘိတို့သည် ရှိရင်းအနက်ကို ထင်ရှားအောင် ထွန်းပြရုံသာ ထွန်းပြ နိုင်ကြ၏၊ အမှန်မှာ–ဘူဓာတ်ရင်းသည်ပင် ခံစားခြင်း လွှမ်းမိုးခြင်းအနက်ကိုဟောသည်၊ ထို့အတူ ဖြပ္ပဏသဒ္ဒါလည်း န(အ)နှင့် မဘက် သူ့ချည်းသက်သက်ဖြစ်လျှင် ပုန်အား အစစ်တနက်ကိုသာ ဟော၏၊ န ( အ )နှင့် တွဲဘက်ရသည့် အခါ၌ကား တံ သဒိသ ( ပုန်အားတု )အနက်ကိုလည်း ဟောနိုင်၏။ [တဒည စသော အနက်များ၌ ဖြစ်ပုံမှာ နောက်ပုံစံများဝယ် ထင်ရှားလတ္တံ့။ ] ထိုသို့ ဟောရာ၌ နနိပါတ်ကြောင့် ဟော်နိုင် သည် ဟု မမှတ်လင့်၊ နနိပါတ်မှာ ဖြပ္ပဏပုဒ်၏ သဒိသ အနက်ကို ထွန်းပြရုံသာ ထွန်းပြနိုင်သည်၊ ဖြပ္ပဏပုဒ်ရင်းကပင် တံ သဒိသ အနက်ကို ဟောနိုင်သည် ဟု မှတ်၊ ဤသို့ ဖြပ္ပဏ ဟူသော နောက်ပုဒ်သည် တံသဒိသ (ထိုပုန်အားတု) အနက်ကို ဟော၍ နနိပါတ်က ထိုအနက်ကို ထွန်းပြရုံသာ ဖြစ်လျှင် ဖြပ္ပဏ ဟူသော နောက်ပုဒ်၏ "ပုန်အားတု" ဟူသော အနက်သည် ပဓာနဖြစ်လျက် ရှိသောကြောင့် "ကထံ ဥတ္တရ ပဒတ္ထပဓာနတာ သိယာ– အဘယ်မှာ ဥတ္တရပဒတ္ထပဓာန ဖြစ်အံ့နည်း" ဟု စောဒနာ တင်အပ်သော အပြစ် မရှိနိုင်တော့ပြီ၊ တေန ၊ ပေ ၊ ဝုတ္တံ ဟောတိ — ထို့ကြောင့် "အဖြာပ္ပဏော–( "ပုန်အားမဟုတ် ဟု အနက်ပေးရသော်လည်း ပုန်အား မဟုတ်ရုံ မျှကို မဆိုလို) ပုန်အားစစ် မဟုတ်သော ပုန်အားနှင့်တူသူ"ဟု ဆိုလိုသည်။

ဧဝံ ၊ ပေ၊ အဿမဏော။ ။မနုဿသဒ္ဒါသည် သူ့ချည်းသက်သက် လူအစစ်ကို ဟော၏၊ နနှင့်တွဲသည့်အခါ လူနှင့်တူသော ( လူကဲ့သို့ ခြေလက်အင်္ဂါ ဖြစ်ပုံရှိသော )

www.dhammaransi.com



အညတ္ထေ-အညအနက်၌၊ (ဥဒါဟရဏံ-ကား၊) ဗျာကတာ-ကုသိုလ် အကုသိုလ် အဖြစ်ဖြင့် ဟောအပ်သော တရားတို့သည်၊ န-မဟုတ်ကုန်၊ အဗျာကတာ-ကုသိုလ် အကုသိုလ် အဖြစ်ဖြင့် ဟောအပ်သော တရားတို့ မဟုတ်ကုန်၊ အသံကိလိဋ္ဌာ-သံကိလိဋ္ဌတရားမဟုတ်ကုန်၊ အပရိယာပန္နာ-ပရိယာပန္နတရား မဟုတ်ကုန်၊ ဝိရုဒ္ဓတ္ထေ-ဝိရုဒ္ဓ အနက်၌၊ (ဥဒါဟရဏံ၊) ကုသလာ-ကုသိုလ်တို့သည်၊ န-မဟုတ်ကုန်၊ အကုသလာ-အကုသိုလ် မဟုတ်ကုန်၊ ကုသလပဋိပက္ခာ-ကုသိုလ်တို့၏ ဆန့်ကျင်ဘက် တရားတို့တည်း၊ ဣတိအတ္ထော-နက်၊ ဧဝံ အလောဘော-လောဘမဟုတ်သော တရား၊ ဝါ-လောဘ၏ ဆန့်ကျင်ဘက်တရား၊ အမိတ္တော-မိတ်ဆွေ မဟုတ်သူ၊ ဝါ-မိတ်ဆွေ၏ ဆန့်ကျင်ဘက် ရန်သူ၊ ပသဇ္ဇပဋိသေဓေ-ပသဇ္ဇပဋိသေဓအနက်၌၊ (ဥဒါဟရဏံ၊) န+ကတွာ-န-မပြုမူ၍၊ အကတွာ အကာတုန-မပြုမူ၍၊ ပုညံ-ကောင်းမှုကို၊ အကရောန္တော-မပြုဘဲ။

ဘီလူးကိုရင်း နတ်ကိုရင်း ဟော၏၊ "အမနုဿော-(လူမဟုတ်သော၊ လူနှင့်တူသော) ဘီလူး၊ ဝါ-နတ်၊ အဿမဏော၌ သမဏသဒ္ဒါသည် ရဟန်းစစ်ကို ဟောသော်လည်း နှင့် တွဲသည့်အခါ တံသဒိသ(ထိုရဟန်းစစ်နှင့် သဏ္ဍာန်တူသော) ရဟန်းတုကို ဟော၏၊ အဿမဏော-(ရဟန်းစစ်နှင့်တူသော) ရဟန်းတု၊ ဝါ-ရဟန်းယောင်၊ ရှင်ယောင်၊ [သမဏ၌ သသည် သဏ္ဍာန် ရှိဆဲ့နှင့် ရှိ၏၊ ပါဠိ၌ ရပျောံသောကြောင့် ရှေ့ပုဒ်နှင့် တွဲသည့်အခါ ရ အစား ဒွေဘော်လာ၍ "အဿမဏ" ဟု ရှိရသည်။]

အညတ္ထေ။ ။"ယဒါ တေ ပန ဉေန သဒိသာဒိဝါစကေန န ဣတိ နိပါတေန ယုဇ္ဇန္တိ၊ တဒါ တံသဒိသ တဒည" စသည်ဖြင့် ပြခဲ့သည်အားလျော်စွာ နသဒ္ဒါ၏ အညအနက်ကို ပြလိုသောကြောင့် "အညတ္ထေ"ဟု မိန့်သည်၊ "န+ဗျာကတာ" ၌ ဗျာကတသဒ္ဒါသည် (ဝိ+အာပုဗ္ဗ ကရဓာတ်ဖြင့် ပြီးရကား "ဗျာကာသိ ဗျာဒိတ်စကား ပြောဆိုပြီ" စသည် ကဲ့သို့) ဟောပြောခြင်းအနက်ကို ဟော၏၊ "ကုသလာ ဓမ္မာ၊ အကုသလာ ဓမ္မာ" ၏ နောက်၌ "အဗျာကတာဓမ္မာ"ဟု ဟောတော်မူ၏၊ ထို့ကြောင့်"ဗျာကတာ-ဟောအပ် ပြီးသော ကုသိုလ် အကုသိုလ် တရားတို့သည်+န-မဟုတ်ကုန်" ဟု ဆိုရာ၌ ကုသိုလ် အကုသိုလ် မဟုတ်ရုံမျှမက၊ ကုသိုလ် အကုသိုလ်မှတပါး တခြား (ဝိပါက်စသော) တရားများကို ရသောကြောင့် နသဒ္ဒါသည် အညအနက်ဟောတည်း-ဟု သိနိုင်သည်၊ ၊[အဗျာကတာ၌ အ-လည်း အညအနက်ပင်တည်း။] အသံကိလိဋ္ဌာ၊ အပရိယာပန္နာ တို့၌လည်း နည်းတူ၊ "န+သံကိလိဋ္ဌာ၊ န+ပရိယာပန္နာ" ဟု ဝိဂ္ဂြိုဟ်ပြု။

ဝိရုဒ္ဓတ္ထေ။ ။အညအနက်ကို ပြပြီး၍ ဝိရုဒ္ဓ (တွဲဘက်အနက်၏ ဆန့်ကျင်ဘက်) အနက်ကို ပြလိုသောကြောင့် ဝိရုဒ္ဓတ္ထေ ဟု မိန့်သည်၊ အကုသလာ၌ ကုသိုလ် မဟုတ် ရုံမျှ မက၊ ကုသိုလ်၏ ဆန့်ကျင်ဘက် အကုသိုလ်ကိုရ၏၊ န+လောဘော အလောဘော

www.dhammaransi.com



(၃၄၄) နသဿာတိ, တပ္ပုရိသေတိစ ဝတ္တတေ။

သရေအနို။ ။တပ္ပုရိသေ-၌၊ ဥတ္တရပဒေ-နောက်ပုဒ်၌၊ ပရေ သရေ၊ န ဣတိ-န ဟူသော၊ ဧတဿ ပဒဿ-ဤပုဒ်၏၊ အန်ဟောတိ၊ အဿော-မြင်း အစစ်သည်၊ န - မဟုတ်၊ အနဿော- မြင်းစစ် မဟုတ်၊ အရိယော-အရိယာသည်၊ န , အနရိယော၊ ဧဝံ , အနိဿရော-အစိုးရသူ မဟုတ်၊ အနိဋ္ဌော - ရွှင်ရုံ မဟုတ်၊ အနာသဝေါ - အာသဝေါ မဟုတ်၊ အနုပဝါဒေါ-မစွပ်စွဲအပ်၊ န အာဒါယ-မယူမူ၍၊ အနာဒါယ-၍၊ အနောလောကေတွာ-မကြည့်မူ၍၊ ဣစ္စာဒိ။

(၃၄၅) ကုပုဗ္ဗပဒေါ - သည်၊ ယထာ - နည်း၊ ကုစ္ဆိတံ - စက်ဆုပ်အပ်သော၊ အန္နံ-အစာတည်း၊ ဣတိ-သို့၊ နိစ္စသမာသတ္တာ-ကြောင့်၊ အညပဒေန-ကုစ္ဆိတံ ဟူသော အခြားပုဒ်ဖြင့်၊ ဝိဂ္ဂဟော-သည်၊ ( ဟောတိ )၊ ကမ္မဓာရယသမာသေ-ကို၊ ကတေ-သော်၊ [ "ကဒ် ဟောတိ" ၌ စပ်၊ ] တပ္ပုရိသေတိ သရေတိစ ဝတ္တတေ။

၌လည်း လောဘ မဟုတ်ရုံမျှမက, လောဘ၏ ဆန့်ကျင်ဘက် အလောဘကို ရ၏၊ န+ မိတ္တော, အမိတ္တော၌လည်း မိတ်ဆွေ မဟုတ်ရုံမျှမက,မိတ်ဆွေ၏ ဆန့်ကျင်ဘက် ရန်သူကို ရ၏၊ ထို့ကြောင့် ဤပြယုဂ်တို့၌ န-အ တို့သည် ဝိရုဒ္ဓ အနက်ဟောများ ဖြစ်ကြရသည်။ [ရုပ်တွက်ရာ၌ကား "န+ဗျာကတ"ယော ၂ လုံးသက်, ရှေ့ယော ချေ, နောက် ယော အာပြု, "န+ဗျာကတာ" ဟု ဝါကျဖြစ်စေ၊ အကတွာ စသည်၌လည်း "န+ကတွာ" သိ ၂ လုံးသက် , သဗ္ဗာသ မာဝုသောဖြင့် ချေ၊ သမာသ်စသည် စီရင်၍ "န+ကတွာ" ပကတိပြု, အတ္တံ နဿ တပ္ပုရိသေ သုတ်ဖြင့် နကို (အ) ပြု၊ နမ်ငဲ့ သိသက်, သဗ္ဗာသ မာဝုသောဖြင့် ချေ၊ အကာတုနလည်း နည်းတူ၊ အကရေ၌ "န+ကရေ" တည်, စသည် လွယ်ပြီ။]

(၃၄၄) "န+အဿ" အဿပုဒ်၌(အ)ရှိသောကြောင့်"ဥတ္တရပဒေ သရေပရေ"ဟု ဆိုသည်၊ ထိုသို့ ကပ်ဘိုရာ သရ ရှိသောကြောင့်ပင် ရှေ့ (န) ကို "အန်" ပြုရသည်၊ "အနဿော - မြင်း မဟုတ်" ဟူရာ၌ "မြင်းနှင့် တူသော မြည်းသတ္တဝါ"ဟု ဆိုလိုသည်၊ န သည် သဒိသ အနက်ကို ထွန်းပြ၏၊ အနရိယော-အရိယာ မဟုတ်=အရိယာမှ တခြား ပုထုဇန်၊ အနိဿရော – အစိုးရသူမှ တခြားသော လက်အောက်ခံ ငယ်သား၊ အနာသဝေါ – အာသဝေါမှ တခြားသော တရားစု၊ ဤပုဒ်တို့၌ န သည် အည အနက်ကို ထွန်းပြ၏၊ အားလုံး ပရိယုဒါသပဋိသေဓချည်း တည်း၊ အနုပဝါဒေါ စသည်၌ကား ပသဇ္ဇပဋိသေဓတည်း။

(၃၄၅) ကုနိပါတ ပုဗ္ဗပဒ။ ။ကဒန္နံ စသည်တို့ နိစ္စသမာသ်ဖြစ်၍"ကု+အန္နံ" ဟူ ခွဲ၍မရ၊ ထို့ကြောင့် ကု၏ ပရိယာယ် "ကုစ္ဆိတ" ဟူသော အခြားပုဒ်ဖြင့် ဝိဂြိုဟ်ပြုရ

www.dhammaransi.com



**ကဒ်ကုသ ။** ။ တပ္ပုရိသေ ဥတ္တရပဒေ ပရေ သရေ, ကုစ္ဆိတ-ကု ဟူသော၊ ဧတသ္မိ နိပါတသ္မိ - ၏၊ ကဒ်-ကဒ် ဧပြုသည်၊ ဟောတိ၊ [ သီဟိုဠ်မူ၌ "ကဒံ ကုသ"ဟု သုတ်ရှိ၍ "ကဒံ ဟောတိ"ဟု ဝုတ္တိရှိ၏။] သရလောပေါ - ရှေ့သရကို ချေ၊ ကဒန္နံ - စက်ဆုပ်အပ်သော အစာ၊ ဝိံ, ကဒသနံ- စက်ဆုပ်အပ်သော အစာ၊ သရေတိ, ကိံ၊ ကုဒါရာ၊ ပေ၊ ကုဒိဋ္ဌိ-တို့၌ တားမြစ်ရခြင်းအကျိုးရှိ၏။ [ကုဒါရာ-စက်ဆုပ်အပ်ကုန်သော မယားတို့၊ ကုပုတ္တာ-စက်ဆုပ်အပ်ကုန်သောသားတို့၊ ကုဒါသာ-စက်ဆုပ်အပ်ကုန်သော ကျွန်တို့၊ ကုဒိဋ္ဌိ-စက်ဆုပ်အပ်သော အယူ။]

(၃၄၈) ကုသာဒိ ဝတ္တတေ။

**ကာပ္ပတ္ထေသုစ။** ။တပ္ပုရိသေ - ၌၊ ပရေ, ဥတ္တရပဒေ - ကြောင့်၊ အပ္ပတ္ထေ - အနီးငယ်ဟူသော အနက်၌၊ ဝတ္တမာနဿ - သော၊ ကုစ္ဆိတဿ-ကု ဟူသော ၏နိပါတ်၏၊ ကာ,ဟောတိ၊ ဗဟုဝစနနိဒ္ဒေသာဂဟဏတော- ဗဟုဝုစ်ကို ဆိုခြင်းကြောင့်၊ ကုစ္ဆိတတ္ထေစ - ကုစ္ဆိတ အနက်၌လည်း၊ ကွစိ-၌၊ ပုရိသေ-ပုရိသ သဒ္ဒါကြောင့်၊ ( ကာ-ကာ ဧပြုသည်၊ ဟောတိ၊) အပ္ပကံ - အနည်းငယ်သော၊ လဝဏံ - ဆားတည်း၊ ကာလဝဏံ၊ ဝိံ

သည် ဟု သိစေလို၍ " ကုစ္ဆိတ မန္နန္တိ၊ ပေ၊ ဝိဂ္ဂဟော" ဟု မိန့်၊ သမာသ်စသည် စီရင်၍ "ကုအန္န"ဟု ပကတိဖြစ်သည့်အခါ ဤသုတ်ဖြင့် ကုကို ကဒပြု ( ကဒ အန္န ) သရာသရေ လောပံသုတ်ဖြင့် ဒ၏ အကို ချေ, ဒ်ကို နောက် ( အ )သို့ကပ် (ကဒန္န) စသည် ဖြစ်၏၊ ကုစ္ဆိတံ+အသနံ- အစာတည်း၊ ကဒသနံ၊ ကုဒါရာ စသည်ငယ် နောက်ပုဒ်၌ သရ မရှိသောကြောင့် ဤသုတ်ဖြင့် ကဒ မပြုရ၊ "ကုစ္ဆိတာ+ဒါရာ, ကုစ္ဆိတာ+ပုတ္တာ, ဒါသာ, ကုစ္ဆိတာ+ဒိဋ္ဌိ"ဟု ဝိဂ္ဂြဟ်ပြု။

**မှတ်ချက်။** ။သီဟိုဠ်မူ၌ " ကဒံကုသ " ဟု သုတ်ရှိခြင်းသည် " သရလောပေါ" ဟူသောစကားနှင့် ညီ၏၊ " ကဒ်ကုသ "ဟု ရှိသော မြန်မာမူ၌ကား "သရလောပေါ" ပါဘွယ်မလို၊ သို့သော် ကလာပ်၌ " ကုကဒ် " ဟု သုတ်တည်၍ "ကဒ္ဒဝတိ"ဟု ဝုတ္တိ၌ ဒဝယ် သရမပါဘဲ "ကဒ်"ပြု၏၊ ထို့ကြောင့် "သရလောပေါ"လည်း မပါဘဲ "ကဒ်ကုသ" ဟု ရှိသော မြန်မာမူသာ နောက်သရ နှောင်းရကျိုးလည်း နပ် , ကလာပ်နှင့်လည်း ညီသောကြောင့် သာ၍ကောင်းမည် ထင်သည်။

( ၃၄၆ ) ဗဟုဝစနနိဒ္ဒေသာဂဟဏတော— [အပ္ပကံ+ပုပ္ဖံ, ကာပုပ္ဖံ၊] အပ္ပအနက်သည် တနက်ထည်း ဖြစ်သောကြောင့် "ကာပ္ပတ္ထေစ"ဟု ဧကဝုစ် သိဖြင့် ဆိုသင့်လျက် မဆိုဘဲ "ကာပ္ပတ္ထေသုစ" ဟု ဗဟုဝုစ် သုဝိဘတ်ဖြင့် ဆိုခြင်းသည် သဒ္ဒါပို၏၊ ထို ဗဟုဝုစ် သဒ္ဒါ

www.dhammaransi.com



ကာပုပ္ဖံ-အနည်းငယ်သော ပန်း၊ ကုစ္ဆိတော-သော၊ ပုရိသော-တည်း၊ ကာပုရိသော၊ ကုပုရိသောဝါ-ကုပုရိသော ဟူလည်း ရှိ၏။

ပါဒိပုဗ္ဗပဒေါစ-သည်လည်း၊နိစ္စသမာသော ဝ-နိစ္စသမာသ်ပင်တည်း၊ ပဌာနံ-ပြဋ္ဌာန်းသော၊ ဝစနံ-ဘုရား စကားတော်တည်း၊ ပါဝစနံ ပြဋ္ဌာန်းသော ဘုရားစကားတော်၊ ဗုသံ-အလွန်၊ ဝဒ္ဓံ-ကြီးသည်တည်း၊ ပဝဒ္ဓံ-အလွန်ကြီးသည်၊ သရီရံ-ကိုယ်တည်း၊ သမံ-အညီအမျှ၊ ဝါ, သမ္မာ-ကောင်းစွာ၊ အာဓာနံ-ထားခြင်းတည်း၊ သမာဓာနံ-အညီအမျှ ထားခြင်း၊ ဝါ-ကောင်းစွာထားခြင်း၊ ဝိဝိဓာ-အထူးထူးအပြားပြားသော၊မတိ-သိခြင်းတည်း၊ဝိမတိ-အထူးထူးအပြားပြား သိခြင်း၊ ဝါ-တွေးတောခြင်း၊ ဝိဝိဓော-သော၊ ကပ္ပေါ-ပြုစီရင်ခြင်းတည်း၊ဝိကပ္ပေါ-ခြင်း၊ဝါ-တနည်း, ဝိသိဋ္ဌော-တမျိုးတဖုံ ထူးခြားသော၊ ကပ္ပေါ-တည်း၊ ဝိကပ္ပေါ-ခြင်း၊ အဓိကော-လွန်ကဲသော၊ ဒေဝေါ-နတ်တည်း၊အတိဒေဝေါ-လွန်ကဲသော နတ်၊ ဇိနံ-တျူ၊ အဓိဒေဝေါ-လွန်ကဲသောနတ် (အချို့မပါ၊) အဓိသီလံ-လွန်ကဲသောသီလ၊ သုန္ဒရော-ကောင်းသော၊ဂန္ဓော-အနံ့တည်း၊သုဂန္ဓော၊ ကုစ္ဆိတော ဂန္ဓော ဒုဂ္ဂန္ဓော-စက်ဆုပ် အပ်သော အနံ့၊ သောဘနံ-တင့်တယ်စွာ၊ ကတံ-ပြုအပ်သောအမှုတည်း၊ သုကတံ-မှု၊ အသောဘနံ-မတင့်တယ်စွာ၊ ကတံ-တည်း၊ ဒုက္ကဋံ-မတင့်မတယ် ပြုအပ်သော အမှု၊ ဣစ္စာဒိ၊

ဆိုကြောင့် အပ္ပအနက် အပြင် ကုစ္ဆိတ အနက်၌လည်း ပုရိသ သဒ္ဒါ နှောင်းရာ၌ အချို့ ကုကို ကာပြုခြင်း အကျိုးရှိသည်၊ ထို့ကြောင့် "ကာပုရိသော" ဟု ဖြစ်၏၊ ကာ မပြု ဘဲလည်း ဝိကပ်ရပ် ရှိ၏၊ ထို့ကြောင့် "ကုပုရိသော" အတိုင်းလည်း ရှိသည်။

ပါဒိပုဗ္ဗပဒ ။ ။ ပ စသော ဥပသာရပုဒ် ရှေးရှိသော သမာသ်သည် ပါဒိပုဗ္ဗပဒ သမာသ် မည်၏၊ ဤပါဒိပုဗ္ဗပဒ ကမ္မဓာရဲလည်း ကုပုဗ္ဗပဒကဲ့သို့ နိစ္စသမာသ်ပင်တည်း၊ ထို့ကြောင့် ပ၏ ပရိယာယ် ဖြစ်သော "ပဌာနံ" စသော ပုဒ်တပါးဖြင့် ဝိဂြိုဟ်ပြုရသည်၊ ရုပ်တွက်ရာ၌ကား "ပ+ဝစန"တည်၍ သိ ၂ လုံးသက်၊ "ပ+ဝစန" ဟု ပကတိ ဖြစ်သည့် အခါ ကွစာဒိ မဇ္ဈေဒိဃရနံ စသော သုတ်ဖြင့် ပ ၏ အ ကို ဒီဃပြု၊ (ပါဝစန)၊ "ပကဋ္ဌံ ဝစနံ ပါဝစနံ" ဟုလည်း ဝိဂြိုဟ်ပြုသေး၏၊ "ပကဋ္ဌ-မြတ်သော" ဟုပေး၊ "ဗုသံ+ဝဒ္ဓံ"၌ ဗုသံကား ပ၏ ကိုယ်စားတည်း။ [ ဗဒ္ဓ-ဟု ရှိသည်ကား ပင်္ဂပျက်။] "ပဝဒ္ဓ" အရ "ကိုယ်ကို ရသည်"ဟု အဘိဓေယျ ပြင်ပ၍ "သရီရံ" ဟု အပိုထည့်သည်၊ သမာဓာနံ၌ "သံ+အာဓာနံ"ဟုခွဲ၊ သံဥပသာရအတွက် "သမံ" ဟုရင်း "သမ္မာ" ဟုရင်း ပြသည်၊ "သမံ+အာဓာနံ, သမ္မာ ဝါ အာဓာနံ သမာဓာနံ" ဟု ဝိဂြိုဟ် ၂ မျိုးပြုပါ-ဟူလို၊

www.dhammaransi.com



ဋ္ဌာန-ဤကစ္စည်းကျမ်း၌၊ အဝိဟိတလက္ခဏာ မစီရင်အပ်သောသုတ် ရှိကုန်သော၊ ယေ နာမနိပါတောပသဂ္ဂါ-အကြင်နာမ်, နိပါတ်, ဥပသာရ ပုဒ်တို့သည်၊ (သန္တိ၊)တေသံ-ထိုနာမ် နိပါတ် ဥပသာရပုဒ်တို့၏၊ နာမာနံ- သမာသောတိ ယောဂဝိဘာဂေန-"နာမနံ သမာသော" ဟူသော ယောဂဝိဘာဂဖြင့်၊ သမာသော-သမာသ်ကို၊ ဒဋ္ဌဗ္ဗော-၍၊ ယထာ-ကား၊ အပုနဂေယျာ-တဘန်မသိဆိုအပ်သော၊ ဂါထာ-ဂါထာ၊ အစန္ဒမုဿကာ ကာနိ-လကို မော်မကြည့်ကုန်သော၊ မုခါနိ-မျက်နှာတို့၊ အသဒ္ဓဘောဇီ- ကုန္တီးထမင်းကို မစားသူ၊ အလဝဏဘောဇီ ဆားကို မစားသူ၊ ဣစ္စေဝ မာဒီသု-ဤသို့ အစရှိသော ပြယုဂ်တို့၌၊ အယုတ္တတ္ထတ္တာ-ယုတ္တတ္ထ မဟုတ် ကုန်သည်၏ အဖြစ်ကြောင့်၊ အညေန-ယောဂဝိဘာဂမှတပါး အခြား သုတ်ဖြင့်၊ န သမာသော-သမာသ် မဖြစ်။

"ဝိမတိ – အထူးထူး အပြားပြား သိခြင်း" ဟူရာ၌ ဉာဏ်သိ မဟုတ်, စိတ်သိတည်း၊ တမျိုးထည်း ဆုံးဖြတ်ချက် မချဘဲ "ဟိုလို သိလိုက်, သည်လို သိလိုက်"နှင့် တွေးတော ယုံမှားနေခြင်းကို "ဝိမတိ" ဟု ခေါ်သည်။

ဝိကပ္ပေါ်၌ ဝိအတွက် ဝိဝိဓ–ဝိသိဋ္ဌ ၂ နက်ကို ပြသည်၊ ထိုတွင် "ဝိဝိဓ ကပ္ပ" ဖြင့် ယေနဝါ ကယိရတေ သုတ်လာ ဝါသဒ္ဒါ၏ "ယေနဝါ ပဿတိ–ယေနဝါ သုဏာတိ" စသည်ဖြင့် အမျိုးမျိုး စီရင်နိုင်ခြင်း အနက်မျိုးကို ပြ၏၊ "ဝိသိဋ္ဌ ကပ္ပ" ဖြင့် "ဝါဏပစ္စေ" သုတ်လာ ဝါသဒ္ဒါကဲ့သို့"ဤ အစီအရင်သည် တမျိုးတဖုံ စီရင်ခြင်းသာတည်း"ဟု ပြ၏၊ ထိုသို့ ပြသဖြင့် အခြား အစီအရင်လည်း ရှိသေးသည်-ဟု သိသာသည်၊ ဤ"ဝိသိဋ္ဌ ကပ္ပ" အနက်ရှိသော ဝါသဒ္ဒါကို "ဝါ–ဝိကပ်အားဖြင့်"ဟု အနက်ပေးရသည်။ [သီသကွန် ဋီကာသစ်၌ကား "ဝိဝိဓော ကပ္ပေါ ဝိသုံဝါ ကပ္ပေါ" ဟု ဖွင့်၏။] "အဓိကော ဒေဝေါ အတိဒေဝေါ, ဧဝံ အဓိဒေဝေါ အဓိသီလံ"ဟု သီဟိုဠ်မူ၌ရှိ၏၊ "သောဘန်-တင့်တယ်စွာ" ဟု ပေးရသော်လည်း ပဌမာ သိ ဝိဘတ်ပင် သက်၊ ပဌမာ ကြိယာ ဝိဓသသန ဟု ကြံ၍ ဒုက္ကဋ၌ "ဒု+ကတ" ဟု ပကတိ ဖြစ်ပြီးနောက် ဒွေဘော်လာ, တ ကိုလည်း ဒေါ် ဝေဿစ၌ စ ဖြင့် ဋ ပြု။

ယေဋ္ဌစ၊ ပေ၊ နာညေနသမာသော—"အပုနဂေယျာ" စသော သမာသ်တို့ကို စီရင်ဘို့ရာ ဤကစ္စည်းကျမ်း၌ တိုက်ရိုက် သုတ် မရှိချေ၊ ခွဲဥုံးအံ့ — "အပုနဂေယျာ– တဘန်+မသိဆိုအပ်သော ဂါထာ" ဟူရာ၌ နသည် ပုနှင့် သဒ္ဒါချင်းကပ်နေသော်လည်း အနက်အားဖြင့်မူ "မ+သိဆိုအပ်"ဟု ဂေယျနှင့် စပ်လျက် ရှိ၏၊ ထို့ကြောင့် နနှင့် ပုန သည့်ရင်း, ပုနနှင့် ဂေယျသည့်ရင်း, ယုတ္တတ္ထ (ပေါင်းစပ်အပ်သော အနက်) မရှိ၊ ဤသို့ ယုတ္တတ္ထ မဖြစ်လျှင်"နာမာနံ သမာသော ယုတ္တတ္ထော"သုတ်က ယုတ္တတ္ထဖြစ်မှ သမာသ် မှည့်နိုင်သောကြောင့် ထိုသုတ်ဖြင့် သမာသ်အမည်မရချေ၊ ယုတ္တတ္ထသဒ္ဒါ လိုက်နေသော-

www.dhammaransi.com



နောက်နောက်သုတ်များဖြင့် သမာသ်မစီရင်နိုင်ပုံမှာ ဆိုဘွယ်ရာမရှိပြီ၊ ဤသို့ ယုတ္တတ္တ မဖြစ်သင့်သောကြောင့် ယုတ္တတ္တောပုဒ်ကို ဖြုတ်၍"နာမာနံ သမာသော"ဟူသော ဒွိဓေ ကရဏယောဂဝိဘာဂမှ တပါး တခြားသုတ်ဖြင့် မစီရင်နိုင်ရကား ထို ယောဂဝိဘာဂ ဖြင့်သာ"အ ပုနဂေယျော"စသည်ကို သမာသ်အမည် မှည့်ရတော့သည်။

ပုန-တဖန်၊ နဂိယတိ- မသီဆိုအပ်၊ ဣတိ-ကြောင့်၊ ပုနဂေယျာ- မည်၏၊ [ ဂါထာ ကား – အဘိဓေယျ အနက်ပြတည်း၊ ] ရုပ်ဘက်ရာ၌ " န + ပုန+ဂေယျာ " တည်၊ သိ ၃ လုံးချေ၊ ပုန–တဖန်၊ နဂိယတိ မသီဆိုအပ်၊ ဣတိအတ္တေ–ဤ အနက်၌"နာမာနံ သမာသော ယောဂဝိဘာဂဖြင့် သမာသ်အမည်မှည့်၊ (၂၄ပုဒ်အရ မတူသဖြင့် ကမ္မဓာရဲ တပ္ပုရိသ် လက္ခဏာ မရှိရကား " အတ္တံ နဲ့သ တပ္ပုရိသေ " သုတ်ရင်းဖြင့် အ–မပြုဘဲ) "အတ္တံ နသ " ဟူသော ယောဂဝိဘာဂဖြင့် န ကို အပြု၊ ( အ ပုနဂေယျာ ) နာမ်ငဲ့, သိသက်, ချေ၊ ကည ဒိဂိုဏ်းရုပ် ဖြစ်၏၊ စန္ဒ-လကို၊ နဉလ္လောကေန္တိ-မော်မကြည့်ကုန်၊ ဣတိ, အစန္ဒ မုလ္လောကိကာနိ– တို့မည်၏၊ " န+စန္ဒ+ဉလ္လောကိက " တည်, န နောင် သိသက်, ချေ, စန္ဒနောင် အံသက်, ဉလ္လောကိကနောင် ယောသက်, နိပ္ပြု၊ သမာသ်မှည့်, တေသံ ဝိဘတ္တိဝေယာလောပါစဖြင့် အံ-ယောဝိဘတ်တို့ကိုချေ၊ ရှေးအတိုင်း သမာသ်မှည့်၊ " နစန္ဒ ဉလ္လောကိက " ပကတိပြု၊ ရှေးနည်းအတိုင်း န ကို အ ပြု၊ နိဂ္ဂဟိတဉ္စ သုတ်ဖြင့် ဝါစာသိလိင်္ဂ အကျိုးငှါ စန္ဒနောင် နိဂ္ဂဟိတ်လာ, ( မ် ) ပြု၊ နာမ်ငဲ့ စသည် စီရင်၊ သဒ္ဒ သဒ္ဒါသည် ရာဇမတ္တက် စသော လေးကျိမ်း၌ စီရင်အပ်သော အစီအရင် အတိုင်း သေလွန်လေပြီးသော မိဘတို့ကို ရည်စူး၍ သူသေအနီးအပါး၌ ထားအပ်သောထမင်းကို ဟော၏၊ ထိုထမင်းကို"ကုန္တီးထမင်း"ဟု ရှေးက ခေါ်စမှတ်ပြု၏၊ သဒ္ဒံ-ကုန္တီးထမင်းကို၊ နဘုဥ္စတိ–မစား၊ ဣတိ, အသဒ္ဒဘောဇီ၊ ထို ထမင်းကို မစားနိုင်သောကြောင့် သူသေကို "အသဒ္ဒဘောဇီ"ဟု ခေါ်သည်။ [ " ကုန္တီးထမင်း, ကိုယ့်ထံရင်း၌, ခင်းကျင်း မပျက်, ထားပါလျက်ကို , နှစ်သက်သိုရာ, ယူကာဆတ်ဆတ်, မစားတတ်သည့်, အသဒ္ဒဘောဇီ, မည်ရှိ ခေါ်ငြား, သူသေလားသို့ " –မဃဒေဝ ( ၄၃၀ ) လင်္ကာ။ ] လဝဏံ နဘုဥ္စတိတိ အလဝဏဘောဇီ၊ အစန္ဒမုလ္လောကိကကဲ့သို့ သဒ္ဒ လဝဏနောင် အံသက်၍ ရုပ်တွက်။

သူရိယံ နပဿန္တီတိ အသူရိယပဿာနိ-နေကိုမကြည့်ကုန်သော၊(မုခါနိ-မျက်နှာတို့၊) [နိဂ္ဂဟိတ်သာ၍ " အသူရိယမ္ပဿာနိ " ဟုလည်း ရှိ၏၊ ဩကာသံ – အခွင့်ကို၊ နကာ ရေတွာ-မပြုစေမူ၍"ဟူသော အနက်၌"အနောကာသံကာရေတွာ"ဟု ဖြစ်၏၊ ဤ၌ကား ကာရေတွာ တိုင်အောင် သမာသ် မဟုတ်၊ " အနောကာသံ " သာ သမာသ်တည်း၊ "န+ဩကာသ"တည်၊ "န-သိ+ဩကာသ–အံ"ဟု ဝိဘတ်သက်၊ "န+ဩကာသံ"ဟု ဝါကျ ဖြစ်စေ၊ သမာသ်မှည့်၊ အံ ဝိဘတ်ချေ၊ ပကတိ ပြု၊ " သရေ အန် " ဟူသော ဝိနာမိကာရ ( တပ္ပုရိသေ အလိုက် ကြံဥ်သော ) ယောဂဝိဘာဂဖြင့် န ကို "အန်" ပြု ( အနောကာသ ) နာမ်ငဲ့, အံ သက် , အနောကာသံ ပြီး၏၊ အတ္တံ နကာမေန္တီတိ အနတ္တကာမာ-အကျိုးကို မလိုလားသူတို့၊ အသဗ္ဗဂုဏ ဒါယဘောဇာ-အလုံးစုံသောဂုဏ်ကို မပေးတတ်၊ အကတညူ–ပြုအပ်သော, သူ့ကျေးဇူးကို မသိတတ်သူ၊ အမူလာမူလံဂန္တွာ– မူလ တခုမှ မူလ တခုသို့ မသွားမူ၍။ [ မူလာ၌ အာကား ကွစာဒိမဇ္ဈေတ္တရာနံဖြင့် ဒီဃ

www.dhammaransi.com



တထာ-ထို့အတူ၊(ယောဂဝိဘာဂဖြင့် သမာသ်မှည့်ရချင်း တူသည်-ဟူလို) တထာဂတံ - မြတ်စွာဘုရားကို၊ ပုဗ္ဗံ -ရှေး၌၊ ဒိဋ္ဌော-ဖူးမြင်ဘူး၏၊ ဣတိ,ဒိဋ္ဌပုဗ္ဗော-မည်၏၊ ဧဝံ,ဓမ္မံ-တရားကို၊ သုတပုဗ္ဗော-ရှေး၌နာဘူးသူ၊ မဂ္ဂံ-လမ်းကို၊ ဂတပုဗ္ဗော-ရှေး၌သွားဘူးသူ၊ ကမ္မနိ-ကံအနက်၌၊ တေန-ထိုသူသည်၊ ဒေဝါ-နတ်ဘို့ကို၊ ပုဗ္ဗံ -ရှေး၌၊ဒိဋ္ဌာ-မြင်အပ်ဘူးကုန်ပြီ၊ ဣတိ-ထို့ကြောင့်၊ ဒိဋ္ဌပုဗ္ဗာ-ဒိဋ္ဌပုဗ္ဗဘို့မည်၏၊ ဧဝံ,သုတပုဗ္ဗာ-ရှေး၌ ကြားအပ်ဘူးကုန်သော တရားဘို့၊ ဂတပုဗ္ဗာ - ရှေး၌ ရောက်အပ်ဘူးသော၊ ဒိသာ-

တည်း၊ ] ဤသို့ စသည်ဖြင့် အယုတ္တတ္ထ သမာသ်တွေ ပေါများလေသည်၊ " နဝံ ပန ဘိက္ခုနာ စိဝရသာဘေန " ၌ကား " ပန ဘိက္ခုနာ " သဒ္ဒါ ၂ ခု ခြားနေသော်လည်း အနက်ချင်း စပ်သဖြင့် " နဝံ စီဝရသာဘေန " ဟု သမာသ်ဖြစ်၏၊ နဝံစ တံ စီဝရဉ္စာတိ "နဝံ စိဝရံ" [ ရှေ့ပုဒ်၌ နိဂ္ဂဟိတ်မကျေသော အလုတ္တ အယုတ္တတ္ထ သမာသ်၊ ] ထို့နောက် "နဝံ စိဝရံ+လာဘော, နဝစီဝရသာဘော"ဟု ယုတ္တတ္ထ သမာသ် ပြုပြီ၊

တထာ ဒိဋ္ဌော ပုဗ္ဗံ ၊ ဧပ ၊ ဂတပုဗ္ဗာ ဒိသာ — " ဒိဋ္ဌ ပုဗ္ဗော " စသည်၌ ရှေ့ပုဒ် နောက်ပုဒ် အရမတူ (တုလျာဓိကရဏ မဖြစ်သောကြောင့်) ကမ္မဓာရယသမာသ် မဖြစ်နိုင်၊ ရှေ့ပုဒ်၌ အမာဒိဝိဘတ်ချေ မဟုတ်-ဒိဋ္ဌောဒိဋ္ဌာ စသည်ဖြင့် ပဌမာဧကဝစနန္တ ဗဟုဝစနန္တ ဖြစ်သောကြောင့် အမာဒိ တပ္ပုရိသ်သည်း မဟုတ်၊ အခြားသမာသ်များကား လျှော်ပါးဘွယ်ပင် မရှိ၊ ထို့ကြောင့် " နာမာနံ သမာသော " ယောဂဝိဘာဂဖြင့် သမာသ်မှည့်သည်-ဟုဆိုလိုသည်၊ " ဒိဋ္ဌော "၌ ဒိသဓာတ်, တ ပစ္စည်းကား အတိတ်ကတ္တားဟော တည်း၊ ထို့ကြောင့် "ဒိဋ္ဌော-ဖူးမြင်ဘူးပြီ" ဟု ပေး၊ ဒိဋ္ဌော၏ ကတ္တားဟောဖြစ်ကြောင်း ထင်ရှားဘို့ရာ "တတာဂတံ"ဟု အဝုတ္တကံကိုထည့်ပြသည်၊ "သုတော ပုဗ္ဗံတိ သုတပုဗ္ဗော, ဂတော ပုဗ္ဗံတိ ဂတပုဗ္ဗော " တို့လည်း နည်းတူ၊ ကမ္မနိ "ဒိဋ္ဌာ ပုဗ္ဗံ ဘိ ဒိဋ္ဌပုဗ္ဗာ"ဟု ရှိစေ၊ ဒိဋ္ဌာ၌ တပစ္စည်းသည် ကံဟောတည်း၊ တေန ( ကတ္တား ) ဒေဝါ ( ဝုတ္တကံ )တို့ကား ဒိဋ္ဌာ၏ ကံဟော ဖြစ်ကြောင်း ထင်ရှားစေသော ကတ္တားကံတို့တည်း၊ " သုတာ ပုဗ္ဗံ , ဂတာ ပုဗ္ဗံ " ဟု နောက်ပုဒ်များ၌လည်း ဝိဂ္ဂြိုဟ်ပြု၊ ပုဗ္ဗံ၌ အံဝိဘတ်ကို ( " ဣမိနာ ဒြုတိ -ဤည့်၌"ကဲ့သို့) သတ္တမီအနက်၌ သက်၊ "ဒိဋ္ဌ+ပုဗ္ဗ"တည်, သိ-အံသက်"ဒိဋ္ဌော+ပုဗ္ဗံ" ဟု ဝါကျဖြစ်စေ၊ ( ပုဗ္ဗံ-ရှေ့၌၊ ဒိဋ္ဌော-ပြီ၊ ဣတိအဓ္ဓ-၌၊ ) "နာမာနံ သမာသော" ဟူသော ယောဂဝိဘာဂဖြင့် သမာသ်မှည့်, ဝိဘတ်ချေ၊ " ဒိဋ္ဌပုဗ္ဗ " ပကတိပြု၊ နာမ်ငဲ့ သိ-ဩပြု၊ ကံဟော၌ ယော သက်ရုံသာ ထူးသည်။

မှတ်ချက် ။ ။ ကုဋ္ဌဒန္တသုတ် သီလက္ခန်ဋီကာ၌ " ပုဗ္ဗေ + ဘူတံ, ဘူပုဗ္ဗံ၊ ယထာ ဒိဋ္ဌပုဗ္ဗံ"ဟု ဖွင့်၏၊ ပါရာဇိကဏ်ယောဇနာ၌လည်း"ဒိဋ္ဌာ+ပုဗ္ဗေ+ယေဘိ တေ ဒိဋ္ဌပုဗ္ဗာ" ဟုဖွင့်၏၊ ထို ဋီကာယောဇနာတို့၌ " ပုဗ္ဗေ"ဟု သတ္တမီဝိဘတ်ဖြင့် ဖွင့်ပုံကိုထောက်၍ ဤ "ပုဗ္ဗံ" ကိုလည်း သတ္တမီအနက်၌ ဒုတိယာသက်သည် - ဟု ကြံလိုက်သည်၊ ဤ ကမ္မဓာရယခဏ်း၌ ပြသော ရူပသိဒ္ဓိအလိုမူ " ပုဗ္ဗံ "၌ ပဌမာဝိဘတ် ကြံလိုဟန်တူ၏၊ ဘာ့ကြောင့်နည်း....

www.dhammaransi.com



အရပ်၊....ပဟာရော-ပုတ်ခတ်ခြင်း၊ပရေဘဝေါ-ပျက်စီးခြင်း၊ ဝိဟာရော-ကျောင်း၊ အာဟာရော-ရှေးရှုဆောင်ခြင်း၊ ဥပဟာရော - ပူဇော်ခြင်း၊ ဣစ္စာဒိ၊....ကမ္မဓာရယော (နိဋ္ဌိတော)။

(၃၄၇) အသ-ကမ္မဓာရဲ သမာသ်၏အခြားမဲ့၌၊ ဒိဂုသမာသော ဝုစ္စတေ၊ တယော - ၃ ပါးကုန်သော၊ လောကာ - လောကတို့ကို၊ သမာဟဋာ (စိတ္တေန သမ္ပိဏ္ဍိတာ)-စိတ်ဖြင့် ပေါင်းအပ်ကုန်၏၊ ဣတိအတ္ထေ ၊-၌ရင်း၊ တိဏ္ဏံ လောကာနံ-တို့၏၊ သမာဟာရော-အပေါင်းသည်း၊ ဣတိအတ္ထေ ၊-ရင်း၊ [ကမ္မဓာရယသမာသော၌စပ်။] နာမာနံ သမာသော ယုတ္တတ္ထောတိ-သုတ်သည်၊ ဝတ္တမာနေ - သော်၊ ဒွိပဒေတုလျာဓိကရဏ - ဒွိပဒေ အစရှိသော သုတ်ဖြင့်၊ ကမ္မဓာရယ သမာသော - မည်၏၊ တတော - ထိုမှ နောက်၌၊

အကယ်၍ ဒုတိယာဝိဘတ် မှန်လျှင် “အနုံ့ အတိဣနုံ့ အစ္စနုံ့” စသည်ကဲ့သို့ တပ္ပုရိသ် ခဏ်း ရှုပ်အဆန်းတွင် ပြသင့်သောကြောင့် တည်း၊ [ သဒ္ဒနီတိ၌ ကား ဤ “ ဒိဋ္ဌပုဗ္ဗ ” စသည်ကို တပ္ပုရိသ်ဟုပင် ဆို၏၊ “ပုဗ္ဗေ ဒိဋ္ဌော” စသည်ဖြင့် ဝိဂ္ဂြဟ်ပြု၍ “ပုဗ္ဗဒိဋ္ဌ” ဟု ပြီးပြီးမှ ရှေ့နောက်ပြန်၍ “ဒိဋ္ဌပုဗ္ဗ”ဟု ပြီးစေ၏၊ ဤအလို သမာသ် ၆ ပါးတွင် တပ္ပုရိသ်၌ တိုက်ရိုက် ပါဝင်နိုင်သောကြောင့် သာ၍ ကောင်းသကဲ့သို့ ထင်သည်။]

ပဟာရော ၊ပေ၊ ဥပဟာရော—ပဥပသာရစသည်နှင့် ဟာရစသော ကိတ်နာမ်ကို သမာသ် စပ်ထားသော သမာသ်ပုဒ်များပင်တည်း၊ ပပုဗ္ဗ ဟရဓာတ် ဖြစ်၍ “ပ+ဟရ” တည်၊ ပနောင် သိ သက်, ဟရနောင် ဘာဝေဝစသုတ်ဖြင့် ဏပစ္စည်းသက်, ကာရိတ်မည့်, ဏအနုဗန်ချေ, ဟ၌ ဝုဒ္ဓိပြု၊ နာမ်ငဲ့, သိ ဩပြု၊ သဗ္ဗာသမာပုသောဖြင့် ပ နောင်.သိချေ၊ (ပ+ဟာရော) ပဟရဏံ-ပုတ်ခတ်ခြင်း၊ ဣတိအတ္ထေ-၌၊ “နာမာနံသမာသော”ဟူသော ယောဂဝိဘာဂဖြင့် သမာသ် မှည့်, ဝိဘတ်ချေ, နာမ် ထပ်၍ ငဲ့, သိ ဩပြု၊ ပရာဘဝေါ စသည်တို့လည်း နည်းတူ။

မှတ်ချက်။ ။ဤ သမာသ်များ၌ “ ဒိဋ္ဌပုဗ္ဗာတျာဒိသုပိ ကမ္မဓာရယာဒို့ လက္ခဏာ ဘာဝါ ယောဂဝိဘာဂေန သမာသော” ဟူသော ဋီကာကို မှီး၍ “နာမာနံ သမာသော” ယောဂဝိဘာဂဖြင့် သမာသ် အမည် မှည့်ခဲ့သည်၊ သို့သော် “ဒိဋ္ဌနှင့်ပုဗ္ဗ” စသည်တို့သည် ကမ္မဓာရဲစသော လက္ခဏာမရှိသော်လည်း (ယုတ္တတ္ထ) ပေါင်းစပ်အပ်သော အနက်ကား ရှိကြ၏၊ ပနှင့် ဟာရစသည်တို့လည်း ယုတ္တတ္ထ ဖြစ်ရုံမက—၂ ပုဒ်လုံးပင် “ပုတ်ခတ်ခြင်း” စသောအနက်ကို ဟောကြ၏၊ ထို့ကြောင့် “ဒိဋ္ဌပုဗ္ဗော” စသည်၌ “နာမာနံ သမာသော ယုတ္တတ္ထော” တသုတ်လုံးဖြင့်ပင် သမာသ် မှည့်နိုင်၍ ပဟာရော စသည်၌ မူ “ပါဒိပုဗ္ဗာဒ” ကမ္မဓာရဲ ရှိးရိုးပင်ဟု ထင်သည်၊ စဉ်းစားကြပါကုန်။]

www.dhammaransi.com



သမာသ သညာယံ-ကိုရင်း၊ ဝိဘတ္တိလောပေ-ကိုရင်း၊ ကတေ - သော်၊ ["ဒိဂုသညော ဟောတိ" ၌ စပ်။] ဂ.မ္မဓာရယောတိ, ဝတ္တတေ။

သင်္ချာ ပုဗ္ဗော ဒိဂု။ ။သင်္ချာပုဗ္ဗော၊ ပေ၊ ဟောတိ၊ ဒွေ-၂ ကောင်ကုန်သော၊ ဂါဝေါ-တို့တည်း၊ ဒိဂု-၂ကောင်သော နွား၊ ဒိဂုသဒိသတ္တာ-ဒိဂု သဒ္ဒါနှင့် တူသည်၏ အဖြစ်ကြောင့်၊ အယမ္ပိ သမာသော-ကိုလည်း၊ ဒိဂုတိ-ဟူ၍၊ ဝုစ္စတိ-၏၊ အသဝါ-ကား၊ သင်္ချာပုဗ္ဗတ္တ နပုံသကေ·ကတ္တ သင်္ဂါဟေဟိ - သ ချ်ာ ရှေးရှိသည်၏အဖြစ်, နပုံလိင် ဧကဝုစ်၏ အဖြစ် ဟုဆိုအပ်ကုန်သော၊ ဒွိဟိ- ၂ ပါးကုန်သော၊ လက္ခဏေဟိ- လက္ခဏာ

## ဒိဂုသမာသ်

(၃၄၇) တယော၊ ပေ၊ အတ္ထေ— သမာဟာရ, အသမာဟာရ ဒိဂု ၂ မျိုးတွင် သမာဟာရ ဒိဂုဖြစ်ကြောင်းကို သိစေလို၍ "သမာဟဋာ"ဟု ထည့်သည်၊ ပေါင်းခြင်း ဟူသည်လည်း လက်ဖြင့် ယူ၍ ပေါင်းခြင်း မဟုတ်, စိတ်ဖြင့် ပေါင်းခြင်း ဟု သိစေလို၍ သမာဟဋာကို "စိတ္တေန သမ္ပိဏ္ဍိတာ "ဟု ထပ်၍ဖွင့်သည်၊ ဝိဂ္ဂဟ ဟူသည် မူလပုဒ်၏ ဆိုလိုရင်း အနက်ကို နားလည်အောင် ဖွင့်ပြသော ဝါကျ တမျိုး တည်း၊ ထို့ကြောင့် "တယော+လောကာ သမာဟဋာ"ဟုရင်း, "တိဏ္ဏံလောကာနံ သမ ဟာရော"ဟုရင်း ၂ နည်း ဝိဂ္ဂဟ်ပြသည်၊ ကြွင်းအဓိပ္ပါယ်များကို အခြေပြု သဒ္ဒါနှင့်ပင် ပြထားပြီ။

နာမာနံ၊ ပေ၊ ပကတိဘာဝေစ ကတေ—ရှင်တွက်သည့်အခါ" တိ+လောက" တည်း၊ [သမာဟဋာ ထည့်၍ ရုပ်တည်ရိုး မရှိကြ။] "တယော+လောကာ" ဝါကျဟု ဖြစ်၏၊ ဝိဂ္ဂဟ်နက်ဆို၊ ဣတ်အတ္တေ-၌၊ ဒွိပဒေ စသော သုတ်ဖြင့် သမာသ်စပ် ကမ္မဓာရဲ အမည်မှည့်၊ သမာသ် အမည်မှည့်, ဝိဘတ်ချေ, "တိ+လောက "ဟု ပကတိပြု၍ ဤ တိုင်အောင် ရုပ်တွက်ပုံအစဉ်ကို ပြလို၍ "နာမာနံ ၊ ပေ၊ ကတေ" ဟု မိန့်သည်။

ဒွေဂါဝေါ၊ ပေ၊ဒိဂူတိ ဝုစ္စတေ—"ဒွေ+ဂါဝေါ, ဒိဂု"ဖြင့် ဒိဂုသမာသ်ကို မပြသေး၊ ဒိဂုသဒ္ဒါကိုသာ ပြသည်၊ ထိုဒိဂုသဒ္ဒါ၌ "ဒွိ+ဂေါ" ဟု တည်၊ ယော ၂ လုံးသက်၍ "ဒွေ+ဂါဝေါ" ဟု သမာသ်ဝါကျဖြစ်၏၊ သမာသ်စပ်၍ ကမ္မဓာရဲမှည့်, သမာသ်မှည့် (သင်္ချာ ရှေးရှိသောကြောင့်)ဒိဂုလည်းမှည့်, သမာသ်ဝိဘတ်ချေ၊ "ဒွိဂေါ"ဟု ပကတိပြု၊ ( ဒိဂုဏ်ပုဒ်ကဲ့သို့ ဝိသတိ ဒသေသု ဗာဒွိဿတုဉ္စ တု သဒ္ဒါဖြင့် ) ဒွိကို ဒိ ပြု၍ သရော ရဿော နပုံသကေသုတ်ဖြင့် ဂေါ၌ ဩကို ဥရဿပြု ( ဒိဂု )၊ နာမ်ငဲ့ သိချေ ဤဒိဂု သဒ္ဒါသည် ဒွိဟူသော သင်္ချာလည်း ရှေးရှိ, ဒွိနှင့် ဂေါတို့ အနက် အရတူသော ကမ္မဓာရဲ လည်း ဖြစ်၏၊ ထိုကဲ့သို့ သင်္ချာလည်း ရှေးရှိ – အနက် အရလည်း တူသော ကမ္မဓာရဲ ဟူသ မျှလည်း ဒိဂုသဒ္ဒါနှင့် တူရကား "ဒိဂု ဝိယာတိ ဒိဂု" ဟု ဥပမာတဒ္ဓိတ်ပြု၍ ဒိဂု အမည် ရသည်။

www.dhammaransi.com



တို့ဖြင့်၊ ဂတော(အ၀ဂတော)-သိအပ်၏၊ ဣတိ,ဒိဂုတိ-ဟူ၍၊ ဝုစ္စတိ-ဆို၏။ ဝါ-တနည်း၊ ဒွိဟိလက္ခဏေဟိ - တို့ဖြင့်၊ ဂစ္ဆတိ ပဝတ္တတိ-ဖြစ်ဘတ်၏၊ ဣတိ,ဒိဂု-မည်၏၊ စ-ဆက်၊ဧတ္တ-ဤသုတ်၌၊[တနည်း၊ဧတ္တ-ဤသမာသ်၌၊] သင်္ချာပုဗ္ဗတာတိ - ဟူ၍၊ ဝုတ္တတ္တာ - ကြောင့်၊ သင်္ချာ သဒ္ဒသော၀-သင်္ချာ သဒ္ဒါ၏သာ၊ ပုဗ္ဗနိပါတော - ရှေ့၌ ကျခြင်းသည်၊ ( ဟောတိ၊ ) ဥဘော တပ္ပုရိသာတိ-သုတ်ဖြင့်၊ တပ္ပုရိသသညာ-သည်၊ (ဟောတိ)။

(၃၄၈) နပုံသက လိင်္ဂေါတိ ဧတ္တတော။

ဒိဂုသောကစ္စ္နံ ။ ။ဒိဂုဿ ၁ သမာသဿ၊ ပေ၊ ဟောတိ၊ ဧတံ-ဤ သုတ်သည်၊ [ သိဒ္ဓ “ဣဒံ” ဟု ရှိ၏၊ ] သမာဟာရဒိဂုဿ-ကို၊ ဂဟဏံ-ယူကြောင်းသုတ်တည်း၊ တတ္ထ - ထို သမာဟာရဒိဂု၌၊ သ ဗ္ဗတ္ထ - အလုံး

အထဝါ, သင်္ချာပုဗ္ဗတ္တ၊ ပေ၊ ဒိဂုတိ ဝုစ္စတိ—ဤနည်း၌ ဒိဂုသမာသ်ကိုပင် ဒိဂု ဟူ တိုက်ရိုက် အမည်ပြုသည်၊ ဒွိသဒ္ဒူပဒ ဂမုခတ် , ပါရာဒိဂမိမှာရှု သုတ်ဖြင့် ရုပစ္စည်း, ရမိုရ်ဧ္ဆော်ရာဒိနော သုတ်ဖြင့် ရ်အနုဗန်နှင့်တကွ ခတွန် ( မ် ) ကို ချေ, ဂ် ခွင်း, ချေ, ကပ် ( ဒိဂု ) ဒိဂု ဟူသော ဤ နိပါတနဖြင့် ဥက် ရသပြု , ( ပဋ္ဌမနည်းအတိုင်း ) ဒွိကို ဒိ ပြု , နာမ်ငဲ့ စသည် စီရင်၍ “ ဒိဂု ” ဟု ကိတ်ပုဒ် ဖြစ်၏၊ ဒွိဟိ - ( သင်္ချာ ရှေးရှိခြင်း လက္ခဏာ, နပုန်းကေတ် ဖြစ်ခြင်း လက္ခဏာ ဟူသော ) ၂ ပါးသော လက္ခဏာတို့ဖြင့်၊ ဂမိယတိ ( အ၀ဂမိယတိ ) – သိအပ်၏၊ ဝါ - မှတ်အပ်၏၊ ဣတိ-ကြောင့်၊ ဒိဂု-မည်၏၊ လက္ခဏာ ၂ ပါးဖြင့် သိအပ် မှတ်သားအပ်သောကြောင့်’ ဒိဂု’’မည်သည်-ဟုလို။

ဒွိဟိဝါ၊ ပေ၊ ဒိဂု — ဤ တတိယ နည်းကား ဒုတိယနည်းနှင့် ပုဒ်ပြီးပုံ မထူးပြီ၊ ဒုတိယ နည်း၌ ဂမုခတ်သည် သိခြင်း အနက်ဟောတည်း၊ ဤနည်း၌ ဂမုခတ်ကား ဖြစ်ခြင်းအနက်ဟောတည်း၊ ”ယေ ဂတျတ္ထာ, တေဗုဒ္ဓျတ္ထာ, ပဝတ္တိပါပုဏတ္ထကာ=အကြင် ခတ်တို့သည် ဂတိအနက် ရှိကုန်၏၊ ထိုခတ်တို့သည် သိခြင်းအနက်လည်း ရှိကုန်၏၊ ဖြစ်ခြင်း– ရောက်ခြင်း အနက်လည်း ရှိကုန်၏ ’’နှင့် အညီ ဒိဂု၌ ဂမုခတ်ကို ဗုဒ္ဓိ–ပဝတ္တိ ၂ နက် ခွဲ၍ ၂ နဲ ပြခြင်း ဖြစ်သည်၊ ထိုစကား မှန်၏ — ဒုတိယ နည်းဝယ် ဂတောကို “အ၀ဂတော”ဟု ဖွင့်ရာ၌”အ၀ဂတော-သိအပ်၏”ဟု ဗုဒ္ဓိ အနက်ပေးရသည်၊ တတိယ နည်းဝယ် ဂစ္ဆတိကို”ပဝတ္တတိ”ဟု ဖွင့်ရာ၌လည်း ဂမုခတ်၏ ပဝတ္တိအနက် ဖြစ်ကြောင်း ထင်ရှားသည်၊ [ ဤ ဒုတိယ တတိယ နည်း၌ ပြအပ်သော ဒိဂု အမည်သည် ( နပုံး ကေတ် လက္ခဏာက အသမာဟာရ ဒိဂု၌ မရှိသောကြောင့် )ယေဘုယျနည်းအားဖြင့် ရအပ်သော အမည်တည်း-ဟု မှတ်။]

(၃၄၈) သမာဟာရ၊ပေ၊ဒေသာဒိ—ဤ သုတ်သည် သည် သမာဟာရ ဒိဂုကို ယူကြောင်း ( စီရင်ကြောင်း )ဝိဓိသုတ်တည်း၊ ထို့ကြောင့် တိလောကကို ဤသုတ်ဖြင့် နပုံလိင် ကေတ္တကို စီရင်၊ ဤသုတ်သည် နပုံလိင် ကေဝုစ် အဖြစ်ကို ငဲ့ညွှန်းသော အတိ

ရုံသော ဝိဘတ်တို့၌၊ ကောင်စနမေဝ ဟောတိ၊ အညတြပြဲပနှ-အခြားသော အသမာသာရနိဂုံ၌ ကား၊ ဗဟုဝစနန္တိ - ဗဟုဝုစ်လည်း ရှိ၏၊ [ အပိဖြင့် ကေဝုစ်ရှိကြောင်းကို ပေါင်းသည်။ ] နာမ ဗျာဒေသ သျာချုပ္ပတ္တိ အာမာ ဒေသာဒိ - နာမ်ငံ့ခြင်း, သိ အစရှိသော ဝိဘတ်သက်ခြင်း, အံ အပြု အစ ရှိသော အစီအရင်သည်၊ (ဟောတိ)၊ တိလောကံ - ၃ ပါးသော လောက၊ ဟောတိလောက - ဒိဋ္ဌ ၃ ပါးသောလောကပေါင်းတိလောကသို့-၌။

ဇင့်- တူ၊ တယော - ၃ ချောင်း ကုန်သော၊ ဒဏ္ဍာ - ဒုတ်တို့တည်း၊ တိဒဏ္ဍံ-ဒုတ်၊ တိဏ္ဏိ - ၃ ခုကုန်သော၊ မလာနိ-အညစ်အကြေး တို့ကို၊ သမာဟဋာနိ - ကုန်၏၊ ပါ, တိဏ္ဏံမလာနံ သမာဟာရော- တည်း၊ ဣတိ, တိမလံ၊ တိလက္ခဏံ - ၃ ပါးသော လက္ခဏာ၊ စတုသစ္စံ- ၄ ပါးသော သစ္စာ၊ [ သဒ္ဒါ နွေဘော် ]၊ စတသော ဒိသာ, စတုဒ္ဒိသံ-၄ ပါးသောအရပ်၊ သရေရသော နပုံသကေတိ- သုတ်ဖြင့်၊ ရဿ တ္တံ၊ ပဉ္စသိက္ခာပဒံ- ၅ ပါး သောသိက္ခာပုဒ်၊သဠာယတနံ-၆ပါးသော အာယတန၊သတ္တာဟံ-၇ ရက်၊

ဒေသသုတ်ဟုရင်း, အတိဒေသ ၆ မျိုးတွင်းလည်း နပုံလိန် ကေဝုစ် အရာ၌ စီရင်သကဲ့သို့ စီရင်ဘို့ရန် ညွှန်ပြသော ကာရိယာတိဒေသသုတ် ဟုရင်း ဆိုကြသေး၏၊ ထိုတွင် နပုံလိန် ဖြစ်အောင် ငဲ့ညွှန်းသော သုတ် ဟု မည်သည့် ကျမ်းကမျှ မဆို၊ အများ အားကိုးသော နိဒ္ဒေသနိဿယ်မှလည်း “ ကေတ္တမိဝ ဟောတိ, နပုံသကလိင်္ဂဥ္စ ဟောတိ ” ဟု ကေတ် အဖြစ်ကိုသာ ငဲ့ညွှန်းပုံကို (ဗုဝသဒ္ဒါဖြင့်) ပြ၍ နပုံလိန်အဖြစ်၌ကား ငဲ့ညွှန်းပုံကို မပြချေ၊ ထို ကေတ်အဖြစ်လည်း ငဲ့ညွှန်းနေဘွယ်မလို၊ ဝဒန္တုပုဂ္ဂိုလ်က လောက ၃ ပါးကို တပေါင်း တစု (သမာဟာရ) ပြု၍ ရွတ်ဆိုလိုလျှင် “ ဧကမှိ ဝတ္တဗ္ဗေ ကေဝစနံ ” ဟု ပြခဲ့သော ပရိဘာသာနှင့် အညီ ဒေန္တ ပုဂ္ဂိုလ်၏ အလိုအား လျော်စွာ ဧကတ္တ ဖြစ်ရတော့သည်၊ ထို့ကြောင့် ဤသုတ်သည် ဧကတ္တ နပုံသကတ္တကို စီရင်သော ဝိဓိသုတ်သာဖြစ်သင့်သည်၊ [“ဒိဂု ဧကဝစနံ ” – ပါဏိနိသုတ်၊ “ဒိဂုသမာသော ကေဝစနံ ဘဝတိ၊ ပေ၊ တဒနေန ပကာရေန ဧဝတ္တဿ ဧကတ္တဘာဝေါ ဝိဓီယတေ ” – ကာသိကာဝုတ္တိ၊ ဤသို့ “ ဧကတ္တ ဘာဝေါ ဝိဓီယတေ ” ဟု ဝိဓိသုတ် ဖြစ်ကြောင်း ထင်ရှားသော စကားလုံးကို ပြထား ပါလျက် ထိုဝုတ္တိ၏ဋီကာ၌မူ အတိဒေသသုတ်ဖြစ်အောင် ဆွဲငင် ဖွင့်ပြသွားလေသည်။ ]

ဝံ၊ ပေ ၊သတ ယောဇနံ— ဧဝံဖြင့် “တယော ဒဏ္ဍာ သမာဟဋာ (တိဏ္ဏံ ဒဏ္ဍာနံ သမာဟာရော )”စသော ဝိဂြိုဟ်, သမာသ် စပ်ပုံစသော အစီအစဉ်, နပုံလိန်နှင့် ဧဝုတ် အားလုံးပင် ကေဝုစ် ရုပ်ချည်း ရှိရပုံများကို ညွှန်ပြသည်၊ တိမလံ၌ကား “ တိဏ္ဏိ ” စသည်ဖြင့် နပုံလိန် ဝိဂြိုဟ် ပြုရ၍ အနည်းငယ် ထူးသောကြောင့် ထင်၍ ဝိဂြိုဟ် ပြုသည်၊ တိလက္ခဏံ စတုသစ္စံတို့၌လည်း နပုံလိန်ဝိဂြိုဟ်ပြု၊စတုဒ္ဒိသံ၌ကား ဒိသာပုဒ်က ဣတ္ထိလိန် ဖြစ်၍ ဝိဂြိုဟ် တမျိုးပြုရပြန်သည်။ “ စတု+ဒိသာ ” ဟု ပကတိ ပြုပြီးသည့်အခါ၌သာ

www.dhammaransi.com



အဋ္ဌသိလံ-၈ ပါးသီလ၊ နဝ လောကုတ္တရံ - ၉ ပါးသော လောကုတ္တရာ၊ ဒသသီလံ - ဆယ်ပါးသီလ၊ သတယောဇနံ-တရာသော ယူဇနာ။

တထော-ထိုမှ တပါး၊ ဒွေ-သော၊ ရတ္တိယော - တို့၊ ဒွိရတ္တံ-၂ ညဥ့်၊ တိသော ရတ္တိယော, တိရတ္တံ-၃ညဥ့်၊ ဒွေအင်္ဂုလိယော,ဒွင်္ဂုလံ-၂ခုသော လက်ချောင်း၊ ဝါ- လက် ၂ သစ်၊ [သိဒ္ဓိ၌ "တိဝင်္ဂုလံ-၃ လက်သစ်" ဟု လည်း ရှိ၏၊] သတ္တ-၇ စင်းကုန်သော၊ ဂေါဒါဝရိယော-ဂေါဒါဝရီမြစ်တို့၊ ဝါ, တာသံ-ထို ၇ စင်းသော ဂေါဒါဝရီမြစ်တို့၏၊ သမာဟာရော-တည်း၊ ဣတိ, သတ္တဂေါဒါဝရံ-မည်၏။

(၃၄၉) စ-ဆက်၊ ဧတ္ထ-ဤ ဒွိရတ္တံ စသော ပြယုဂ်တို့၌၊ ရတ္တိအင်္ဂုလိ ဂေါဒါဝရီနံ - ရတ္တိ, အင်္ဂုလိ, ဂေါဒါဝရီ သဒ္ဒါတို့၏၊ အန္တဿ - အဆုံး သရ၏၊ [ "အကာရော ဟောတိ " ၌ စပ်။ ]

ကွစိ သမာသန္တဂတာန မကာရန္တော။ ။ဌာတံ ( သိဒ္ဓိ "ဣဒံ" )-ဤ သုတ်သည်၊ ရာဇာဒိဂဏာဿ - ရာဇာဒိ ဂိုဏ်းကို၊ ဂဟဏံ-ယူကြောင်း သုတ်တည်း၊ တေန - ထို့ကြောင့်၊ သမာသန္တဂတာနံ - သမာသ် ပုဒ်၏ အဆုံး၌ တည်ကုန်သော၊ ရာဇာဒီနံ-ရာဇ အစရှိကုန်သော၊ နာမာနံ-နာမ်

ရသပြု၊ ["စတု ဆနှင့်,သန္တက်ပြု, သဗျည်းစုနေခံ,ဒွေဘော်ရောက်၏ ၊"] "ပဉ္စသိက္ခာဒံ" စသည်၌ သချာအစဉ်အတိုင်း (အနည်းသချာမှ အများသချာတက်၍) ပုံစံပြထားသည်၊ "ပဉ္စ+သိက္ခာပဒါနိ၊ပေ၊နဝ+လောကုတ္တရာ. ဒသ+သီလာနိ, သတံ+ယောဇနာနိ" ဟု ဝိဂြိုဟ်ပြု၊ ["ဆ+အာယတန"ဟု ဖြစ်သည့်အခါ " သ ဆဿဝါ " သုတ်ဖြင့် ဆကို သ ပြု, ယဝမဒနဖြင့် (ဠ) လာ, သဠာယတန–ဟု ဖြစ်၏။]

တထာ ဒွေရတ္တိယော၊ ပေ၊ ဧတ္ထစ — ဒွိရတ္တံ စသော ပြယုဂ်တို့၌ ရုပ်ပြီးပုံမှာ "တိလောကံ" တို့နှင့် မတူတတ်၍ " တထာ- ထိုမှ တပါး " ဟု ဆိုပြီးလျှင် ထိုမတူခြင်း မှာလည်း " ဒွိရတ္တိ " စသည်ဖြင့် ပကတိ ပြုပြီးသောအခါ ရတ္တိ–အင်္ဂုလိ–ဂေါဒါဝရီမှ " ရတ္တ–အင်္ဂုလ–ဂေါဒါဝရ " ဖြစ်အောင် စီရင်ရခြင်းပင် ဖြစ်၏၊ ထို့ကြောင့် ထိုကဲ့သို့ စီရင်ရပုံကို ပြလိုရကား "ဧတ္ထစ" စသည်ကို မိန့်သည်။

(၃၄၉) ရာဇာဒိဂဏဿေတံ ဂဟဏံ—သမာသန္တဂတနာမ် ဟူရာဝယ် (တွေ့ရာ မြင်ရာ နာမ်အားလုံးကို ယူရမည် မဟုတ်) ရာဇာဒိဂိုဏ်းဝင် နာမ်များကိုသာ ယူရမည်-ဟု သိစေလိုသောကြောင့် "ရာဇာဒိဂဏဿေတံ ဂဟဏံ"ဟု မိန့်သည်၊ ထို့ကြောင့် "ဧတံ- ဤသုတ်သည်" ဟူရာ၌ ဤသုတ်၌ ပါဝင်သော "သမာသန္တဂတာနံ"ကို ဆိုသည်ဟု-မှတ်၊ ရာဇာဒိဂိုဏ်း ဟူသည်လည်း နာမ် ၁၃ ဂိုဏ်းတွင် ပါဝင်သော ရာဇာဒိဂိုဏ်း မဟုတ်၊ ကာလာပ်ကျမ်း၌ " သမာသန္တဂတာနံ ရာဇာဒီနမဒန္တတာ "ဟု တခွဲတ်ခဏ်းဝယ် သုတ်

www.dhammaransi.com



တို့၏၊ အန္တော-အဆုံးသရသည်၊ ကွစိ-၌၊ အကာရော-အ အပြုသည်၊ ဟောတိ၊ ဣတိအဓွော- ဤအနက်သည်၊ (ဟောတိ,၊ ကာရဂ္ဂဟဏေန-ဖြင့်၊ ဗဟုဗ္ဗီဟာဒိမှိ-ဗဟုဗ္ဗီဟိ အစရှိသော သမာသ်၌၊ သမာသန္တေ-သမာသ်အဆုံး၌၊ ကွစိ-၌၊ ကပစ္စယော စ-က ပစ္စည်းသည်ငှင်း၊ [ သိဒ္ဓိ၌ "ဟောတိ"မပါ "ကပစ္စယော စ"ဟုသာ ရှိသည်၊ ] သုရဘိ သုဒ္ဓ ပုတိဟိ-သုရဘိ, သု, ဒု, ပုဘိ သဒ္ဒါတို့မှ နောက်၌၊ ဂန္ဓန္တဿ-ဂန္ဓ သဒ္ဒါ၏ အဆုံး သရ၏၊ ဣ ကာရော စ-ဣ အပြုသည်ငှင်း၊ (ဟောတိ)။

အထ၀ါ-ကား၊ အစ-အလည်း၊ ကော စ-ကလည်း၊ အ,ကာ-အ,ကတို့၊ ရကာရော-ရ အက္ခရာသည်၊ ပဒသန္ဓိကရော- ပုဒ်စပ်ခြင်းကို ပြုတတ်၏၊ တေန-ထို့ကြောင့်၊ ကွစိ, သမာသန္တဂတာနံ-သမာသ်ပုဒ်အဆုံး၌ တည်သော နာမ်တို့၏၊ အန္တော - အဆုံးသည်၊ ဟုတွာ-ဖြစ်၍၊ အ က ဣတိ-အ,က ဟူကုန်သော၊ ဧတေ ပစ္စယာ - ဟောန္တိ, ဣတိအဓွော၊ တေန-ထို့ကြောင့်၊ ပဉ္စ-ကုန်သော၊ ဂါဝေါ-တို့ကို၊ သမာဟဋာ - အပ်ကုန်၏၊ ဣတိအဓွေ-၌၊ သမာသာဒိ°-သမာသ် အစရှိသည်ကို ကတွာ-ပြုပြီး၍၊

တည်၍ သုတ်ငယ် (၅၉) သုတ်ကို ပြထား၏၊ ထိုသုတ်များ၌ ရာဇ-အဟ-သခ စသည်တို့ အပြင် "အင်္ဂုလိ-ရတ္တိ-ဘူမိ-ဂိရိ-နဒီ-ဂေါဒါဝရီ-ပုဏ္ဏမာသီ" စသော ဣတ္ထိလိင် သဒ္ဒါများကိုလည်း ရာဇာဒိဂဏ၌ပြထား၏၊ ဘာ့ကြောင့် ထိုသဒ္ဒါများကို ရာဇာဒိဂဏ၌ ပြထားသနည်း-ဟူမူ၊ သမာသ်ပုဒ် ဖြစ်သည့်အခါ "အင်္ဂုလံ-ဒွိရတ္တံ-တိဘူမံ-ပဉ္စနဒံ-သတ္တဂေါဒါဝရံ [ ဥပဂိရံ-ဥပပုဏ္ဏမာသံ ဤ ၂ ပုဒ်ကား အမျိုးယိဘောတည်း၊ ] "ဝိသာလက္ခော [ဗဟုဗ္ဗီဟိ]-ပဉ္စဂဝံ" စသည်ဖြင့် သမာသန္တဂတ နာမ်၏ အဆုံးသရကို (အ) ပြု၍ဖြစ်စေ-အ ပစ္စည်းသက်၍ဖြစ်စေ ရုပ်ပြီးပုံ အခြင်းအရာအားဖြင့် ရာဇနှင့် တူသောကြောင့် ရာဇာဒိဂဏ၌ သွင်းပြရသည်၊ ထို့ကြောင့် ဋီကာ၌လည်း "ရာဇာဒိဂဏာဿ အာကတိဂဏတ္တာ (ရုပ်ပြီးပုံ အခြင်းအရာအားဖြင့် တူသော သဒ္ဒါအပေါင်း၏ အဖြစ်ကြောင့်) ဒိရတ္တာဒီသုပိ အပစ္စယော" ဟု မိန့်သည်၊ ဤ ရာဇာဒိဂဏ ဖြစ်သည့်အခါ နာမ် ၁၃ ဂိုဏ်းတွင်ကား ပုလ္လိင်ဖြစ်လျှင် ပုရိသာဒိ-နပုလ္လိင် ဖြစ်လျှင် စိတ္တာဒိ၌ ပါ၀င်ကြရမည်။

**တေန၊ ပေ၊ အကာရော၊ ပေ၊ ဂန္ဓဿိကာရော စ** — ဤနည်း၌ သမာသန္တဂတ နာမ်တို့၏ အဆုံးသရကို (ရတ္တိ-အင်္ဂုလိ-ဂေါဒါဝရီတို့၏ ဣ ဤကို) အပြု၊ "ဂတာနမကာရ ရန္တော"၌ ကာရ သဒ္ဒါ မထည့်ဘဲ "ဂတာနမန္တော" ဟု သုတ်တည်လျှင် ပြီးသင့်လျက် ကာရ သဒ္ဒါပိုခြင်း၏ အနက်ပိုကို ပြလိုသောကြောင့် "ကာရဂ္ဂဟဏေန" စသည် မိန့်၊ ကာရ သဒ္ဒါပိုဖြင့် ဗဟုဗ္ဗီဟိ သမာသ် စသည်၌ သမာသ် အဆုံး၀ယ် တချို့က ပစ္စည်း သက်ရခြင်း, သုရဘိ စသည်နောင် ဂန္ဓသဒ္ဒါ ရှိ၏၊ ထို ဂန္ဓသဒ္ဒါ၏ အဆုံး (၊ အ ) ကို ဣ ပြုရခြင်း အကျိုးရှိသည်-ဟူလို။

www.dhammaransi.com



သမာသန္တေ - သမာသ်အဆုံး၌၊ အာပစ္စယေ-အာပစ္စည်းကိုရင်း၊ ဩ သရေ စာတိ - ဩသရေစသုတ်ဖြင့်၊ အဝါဒေသေ-အဝ အပြုကိုရင်း၊ ကတေ-သော်၊ ပဉ္စဂဝံဘျာဒိစ - ပဉ္စဂဝံ အစရှိသော ရုပ်သည်လည်း၊ သိဇ္ဈတိ-ပြီး၏၊ ဒွိရတ္တံတျာဒိသု ပန - ဒွိရတ္တံ အစရှိသည်တို့၌ကား၊ အာပစ္စယေ-ကို၊ ကတေ-သော်၊ ပုဗ္ဗသရဿ-၏၊ သရလောပေါတျာဒိနာ-ဖြင့်၊ လောပေါ (ဟောတိ)။

အသမာဟာရဒိဂု-သည်၊ ယထာ-နည်း၊ ဧကောစ-တယောက်သည်း ပုဂ္ဂလောစ - ပုဂ္ဂိုလ်သည်း ဟုဘ်၏၊ ဧကပုဂ္ဂလော၊ ဧဝံ, ဧကဓမ္မော-တပါးသောတရား၊ ဧကပုတ္တော-တယောက်

အထဝါ, အစ၊ ပေ၊ ဟောန္တိ တျာဒေ အတ္တာ—ရှေးနည်း၌ အကာရန္တော ကို "အကာရော+အန္တော" ဟု ပုဒ်ဖြတ်ခဲ့၏၊ ဤနည်း၌ကား ဤသို့ ပုဒ်မဖြတ်ဘဲ "အကာ+အန္တော" ဟု ပုဒ်ဖြတ်၍ "ရ အက္ခရာမှာ ယဝမဒနဖြင့် လာသော အာဂမသန္ဓိဘည်း" ဟု ကြံသည်၊ အကာကို "အစ+ကောစ, အကာ" ဟု ဒွန္ဒသမာသ်တွဲ၍ "အ+က" ပစ္စည်း ၂ ခု ဟု မှတ်၊ ဤနည်းအလို "သမာသန္တဂတာနံ-သမာသ်ပုဒ်၏ အဆုံး၌ တည်သော (ရာဇ-ရတ္တိ အစရှိသော) နာမ်တို့၏၊ အန္တော-အဆုံးဖြစ်၍၊ အကာ-အပစ္စည်း, က ပစ္စည်းတို့သည်၊ ဟောန္တိ" ဟု သုတ်နက်ဆို။

တေန ပဉ္စ+ဂါဝေါ၊ ပေ၊ တျာဒိစ သိဇ္ဈတိ — ဤ စကားဘား "အထဝါ" စသော ဒုတိယ တနည်းကြံရခြင်း၏ လဒ္ဓဂုဏ်(အကျိုးရ)ကို ပြသော စကားတည်း၊ အကာ၌ "အပစ္စည်း, ကပစ္စည်း" ဟု တနည်းကြံရခြင်းကြောင့် "ပဉ္စဂဝံ" စသော ရုပ်များ ပြီးနိုင်ခြင်းအကျိုးကို ရသည်-ဟူလို၊ ထင်ရှားစေအံ့-"ပဉ္စဂါဝေါ သမာဟဋာ" ဟူသော အနက်၌ "ပဉ္စ+ဂါဝေါ" ကို သမာသ်စသည်စီရင် "ကွစိသမာသန္တဂတာနမကာရန္တော" သုတ်ဖြင့် နောက်နည်း အတိုင်း အပစ္စည်းသက်၊ ဩသရေစ သုတ်ဖြင့် ဂေါ၏ ဩကို "အဝ" ပြု၍, ဝိဘင်း, ချေ, ကပ်, နာမ်ငဲ့, သိ အံပြုလျှင် "ပဉ္စဂဝံ" ပြီး၏၊ အပစ္စည်း မသက်ဘဲ ပဌမ နည်းအတိုင်း သမာသန္တဂတ ဂေါ၏ အဆုံး ဩကို (အ) ပြုလျှင်ကား "ပဉ္စဂ" ဟုသာ ပြီးလိမ့်မည်-ဟူလို၊ ဤသို့ ပဉ္စဂဝံစသော ရုပ်များ ပဌမနည်းဖြင့် မပြီးနိုင်သောကြောင့် "အထဝါ" စသည်တက်၍ တနည်း မိန့်မြွက်ရသည်၊ "ဒွေ+ဘူမိယော ဿဿ" ဟူသော ဗဟုဗ္ဗီဟိ၌လည်း ဒွိဘူမိနောင် ဤသုတ်ဖြင့် အပစ္စည်း သက်မှ "ဒွိဘူမော-ဘုံ ၂ ဆင့်ရှိသော ပြာသာဒ်" ဟု ပြီးနိုင်သည်။

ဒွိရတ္တံ တျာဒိသု၊ ပေ၊ လောပေါ—[တိရတ္တံ တျာဒိသု ဟု ရှိသည်ကား မကောင်း၊ ဒွိရတ္တံ တိရတ္တံ ဟု ၂ မျိုး ပြခဲ့သောကြောင့် ဒွိရတ္တံ တျာဒိသု ဟု ရှိရမည်] ဒွိရတ္တံ စသည်၌လည်း ဒုတိယနည်းအလို အ ပစ္စည်းသက်, ရှေ့ဣသရချေ, နောက်(အ)သို့ ကပ်လျှင် "ဒွိရတ္တ" နာမ်ငဲ့ စသည် ဖြစ်နိုင်၏၊ ဝိဘတိဒသေသု သုတ်၌ တု ဖြင့် ဒွိ ကို ဒိ ပြုလျှင် ဒိရတ္တံ ဟု လည်း ဖြစ်၏။

www.dhammaransi.com



ထည်းသော သား၊ တသော-ကုန်သော၊ ဘာ-ဘာတို့၊ တိဘာ-၃ပါးသော ဘဝတို့၊ [ဤ၌ သမာဟာရဒိဂု မဟုတ်သောကြောင့် "သမာဘဝ" ဟု မထည့်ရ၊] စတသော ဒိသာ, စတုဒ္ဒိသာ—၄ ပါးသော အရပ်တို့၊ ဒသ သဟဿ စက္ကဝါဠာနိ-တသောင်းသော စကြာဝဠာတို့၊ ဇုမ္ပါဒိ။

မှတ်ချက်။ ။ဒုတိယနည်းအလို "ပဉ္စဂဝံ" စသော ရုပ်များပြီးနိုင်ရုံ မက, နဒိမှာစ သုတ်၌ "ကပဉ္စယော ဝတ္တဘေ" အရ ကပစ္စည်းလည်း ဖြောင့်မတ်စွာ လိုက်နိုင်တော့ သည်၊ ပဌမနည်း အလို ဆိုလျှင် သုတ်ရင်းက ကပစ္စည်း မသက်သောကြောင့် ကပစ္စည်း လိုက်ဘို့ ခက်လျက်ရှိ၏၊ ဤ ဒုတိယနည်း အလိုအားဖြင့် ဂန္ထသဒ္ဒါ၏ ( အ ) ကိုကား ဆုမပြုနိုင်ချေ၊ ထို့ကြောင့် ဒုတိယနည်းကို အတည်ပြုလျှင် သုတ်ကြီးဖြင့် ဂန္ထ၏ ( အ ) ကို ဆုပြုရလိမ့်မည်၊ (ဋီကာအဆို)။

ပစ္စည်း ဆုံးသော်လည်း သမာသ်ပင်။ ။ဒွိရတ္တိ စသော ရုပ်များ၌ အ ပစ္စည်း သက်၍ ရုပ်ပြီးရလျှင် (ဒွိရတ္တိပုဒ်နှင့် အပစ္စည်း စပ်သောကြောင့်) တဒ္ဓိတ်ပုဒ် ဟု မဆိုသင့် ပါလောဟု မေးဘွယ် ရှိ၏၊ အဖြေကား — "ဒွိရတ္တ" ဟု သမာသ်ပြီး ပြီးမှ အ ပစ္စည်း သက်ရသော်လည်း သစ်ပင်မှ ထွက်သော အညွန့်သည် သစ်ပင်၏ အစိတ်အပိုင်း ဖြစ် သကဲ့သို့ သမာသ်မှထွက်သော အ ပစ္စည်းလည်း သမာသ်၏ အစိတ်အပိုင်း(သမာသ်တွင် ပါဝင်သော ) ပစ္စည်းသာ ဖြစ်ရမည်၊ [ ပလ္လဝိတဿ ရုက္ခဿ ပလ္လဝါန မဝယဝတ္တံဝိယ သမာသတော ဥတ္တရကာလံ ဝိဓိယမာနဿ အကာရဿ သမာသာဝယဝတ္တံ နဝိရုဇ္ဈတိ၊ (မောဂ္ဂလ္လာန် ပဉ္စိကာဋီကာ)။ ]

သမာသ်တွင်း သွင်းရကျိုး ။ ။ "သမာသ်တွင်း သွင်းထားသဖြင့် ဘာ အကျိုး ရှိသနည်း" ဟူမူ .... အကယ်၍ တဒ္ဓိတ်ဆိုလျှင် ဒွိရတ္တံ စသည်၌ တဒ္ဓိတ် ထုံးစံအတိုင်း လိန် ၃ ပါး ဝုစ် ၂ ပါး ဖြစ်ရလိမ့်မည်၊ ဒွိရတ္တံ စသည်၌ကား ထိုကဲ့သို့ လိန် ၃ ပါး ဝုစ် ၂ ပါး မရှိနိုင်၊ သမာသ်တွင်းသို့ အ ပစ္စည်းကို သွင်းထားခြင်းကြောင့်ကား ဒွိရတ္တံ စသည်တို့ ဒိဂုသမာသ် ထုံးစံအတိုင်း ပါဠိတော်နှင့် ညီစွာ နပုလ္လိန် ဧကဝုစ်သာ ရှိရခြင်း အကျိုးရှိသည်။

[ဆောင်] သမာသ် အပြီးတွင်, ပစ္စည်းဝင်လည်း, သစ်ပင်မှဆက်, ရွက်ညွန့် ထွက်သို့, မပျက်သမာသ်, ခေါ်ဆိုအပ်, မှတ်သေတဒ္ဓိတ် မဆိုနှင့်။

အသမာဟာရဒိဂုယထာ— ဤ အသမာဟာရဒိဂုကား သင်္ချာရှေးရှိခြင်းသာ ထူး၏၊ ကြွင်းသော အစီအရင်မှာ ကမ္မဓာရ ရိုးရိုးပင်တည်း၊ ထို့ကြောင့် နောက်ပုဒ်၏ လိန်ဝုစ် အားလျော်စွာ ဧကဝုစ် ဗဟုဝုစ် ၂ မျိုး—ဒွတ္တိလိန်စသော လိန် ၃ မျိုးလုံးပင် ရှိနိုင်သည်။ [ "စတုဒ္ဒိသ" ပုဒ်သည် သမာဟာရဒိဂု၌လည်း ပါခဲ့၏၊ တိဘဝ ပုဒ်လည်း ကစ္စည်း၌ "တိဘဝံ" ဟု ရှုလာနမိယုဝါ သရေဝါသုတ်ဝယ် သမာဟာရ အဖြစ်ဖြင့် ဧကဝုစ်ပုံစံကို ထုတ်သား၏၊ ထို့ကြောင့် တချို့ပုဒ်များ၌ (ဝဒန္တပုဂ္ဂိုလ်၏ အလိုအတိုင်း) သမာဟာရ

www.dhammaransi.com



(၃၅၀) အသ–ဒိဂု သမာသ်၏ အခြားမဲ့၌၊ တပ္ပုရိသ သမာသော ဝုတ္တတော၊ သေသပန–ထိုတပ္ပုရိသ် သမာသ်သည်ကား၊ ဒုတိယာဒိသု–အစရှိကုန်သော၊ ဆသု, ဝိဘတ္တိသု–ဝိဘတ်အနက်တို့၌၊ ဘာဝတော–ဖြစ်ခြင်းကြောင့်၊ ဆဗ္ဗိဓော၊ တတ္ထ–ထွင်၊ ဒုတိယာ တပ္ပုရိသော–ဒုတိယာ တပ္ပုရိသ်သည်၊ ဂတ၊ ပေ၊ ပန္နာဒိဟိ–ဂတ, နိဿိတ, အတိတ, အတိက္ကန္တ, ပတ္တ, အာပန္န အစရှိသော သဒ္ဒါတို့နှင့်တကွ၊ ဘဝတိ–ဖြစ်၏။....သရဏံ–ကိုးကွယ်ခြင်းသို့+ဂတော–ရောက်သူတည်း၊ ဣတိ–သို့၊ ဝိဂ္ဂဟော–သည်၊ (သတိ) [''သမာသျေန္တ, တပ္ပုရိသ သဒ္ဒော'' တို့၌စပ်။] တပ္ပုရိသောတိ ဝုတ္တတော၊

အသမာဟာရ ၂ မျိုးပင် ဖြစ်နိုင်ဟန်တူသည်။] ကောဂုဏ္ဍလော စသော ကောဝုစ် ရုပ်များ၌ ဆိုင်ရာဂိုဏ်းသွင်း၍ ကောဝုစ် ရုပ်ချည်းစဉ်၊ တိဘာဝါ စသည်၌ ဗဟုဝုစ်ချည်းစဉ်၊ "ဒသ သဟဿံ စ – တသောင်းလည်း ဟုတ်၏၊ တံ, စက္ကဝါဠာနိ စ – စကြာဝဠာ တို့လည်း ဟုတ်၏" ဟု ဝိဂ္ဂြိုဟ်ပြု။

## တပ္ပုရိသ် သမာသ်

(၃၅၀) အထ၊ ပေ၊ ဆဗ္ဗိဓော— ဤတပ္ပုရိသ်သည် ကမ္မဓာရယသင်္ချာနှင့် မရောသောကြောင့် "သုဒ္ဓတပ္ပုရိသ်" တည်း၊ "အမာဒိတပ္ပုရိသ်" ဟုလည်း ခေါ်၏၊ "ဘူမိ ဂတော=မြေသို့သွားသူ"ဟူရာဝယ် "သို့" ဟူသော ဒုတိယာဝိဘတ်၏ အနက်၌ ဘူမိနှင့် ဂတကို စပ်ထားသောကြောင့် "ဘူမိဂတော" ကို ဒုတိယာတပ္ပုရိသ်သမာသ်ဟု ခေါ်၏၊ ဤနည်းအားဖြင့် အံစသော ဝိဘတ် ( ကောဝုစ် ဗဟုဝုစ် ) ၆ စုံတို့၏ အနက်၌ ဖြစ်ရကား သုဒ္ဓတပ္ပုရိသ် သမာသ် သည် "ဒုတိယာတပ္ပုရိသ်, တတိယာ, စတုတ္ထီ, ပဉ္စမီ, ဆဋ္ဌီ, သတ္တမီ တပ္ပုရိသ်" အားဖြင့် ၆ ပါးပြားသည်။ ["ဆသု ဝိဘတ္တိသု"ဟု ဆိုသော်သည်း ဝိဘတ်၌ စပ်သည် မဟုတ်, ဝိဘတ်နက်၌ စပ်သောကြောင့် 'ဝိဘတ္တိသု–ဝိဘတ် အနက်တို့၌'' ဟု ပေးသည်၊ ပဌမာဝိဘတ်အနက်၌ ဖြစ်သော တပ္ပုရိသ်ကား တုလျာဓိကရဏ ဖြစ်သောကြောင့် ကမ္မဓာရယ–ဒိဂု အမည်နှင့် ရောသော " မိဿက တပ္ပုရိသ် " ဟု ထင်ရှားခဲ့ပြီ။]

တတ္ထဒုတိယာ၊ ပေ၊ ဝိဂ္ဂဟော — ဒုတိယာ တပ္ပုရိသ်သည် ဂတစသော နောက်ပုဒ်များနှင့် တကွ သမာသ်ဖြစ်၏၊ "သရဏာဂတော"ဟူသော သမာသ်၌ "သရဏ+ဂတ" တည်၊ သရဏနောင် အံ, ဂတနောင် သိသက်၍ "သရဏံ+ဂတော"ဟု ဝါကျဖြစ်၏၊ အမာဒယော ပရာဒေဘိ သုတ်ဖြင့် သရဏံနှင့် ဂတောကို သမာသ် စပ်၍ တပ္ပုရိသ် အမည်လည်း မှည့်။

အမာဒယော ပရပဒေဘိ။ ။အမာဒိ ဝိဘတျန္တာနိ- အံ အစရှိသော ဝိဘတ်အဆုံးရှိကုန်သော၊ ယုတ္တတ္ထာနိ-ကုန်သော၊ ပုဗ္ဗပဒါနိ-ရှေ့ပုဒ်တို့ကို၊ နာမေဟိ-နာမ်ဖြစ်ကုန်သော၊ ပရပဒေဟိ-နောက်ပုဒ်တို့နှင့်၊ သဟ- တကွ၊ ဝိဘာသာ-ဝိကပ်၊ သမသျန္တေ - ကုန်၏၊ သော သမာသော တပ္ပုရိသ သညော စ ဟောတိ၊ အယဉ္စ တပ္ပုရိသော - သည်လည်း၊ အဘိဓေယျ ဝစနလိင်္ဂေါ - ဟောအပ်သော အနက်၏ ဝုစ် လိင်နှင့် တူသော ဝုစ် လိင် ရှိ၏၊ ဂတာဒိသဒ္ဒါ-ဂတ အစရှိသော သဒ္ဒါတို့သည်၊ ကိတန္တတ္တာ-ကိတ် ပစ္စည်း အဆုံးရှိကုန်သည်၏ အဖြစ်ကြောင့်၊ တိလိင်္ဂါ-၃ လိင် ရှိကုန်၏၊ ဝိဘတ္တိလောပါဒိ-သော၊ သဗ္ဗံ-အလုံးစုံသော အစီအရင်သည်၊ ပုဗ္ဗသမ- ရှေးနှင့်တူ၏၊ သော - ထိုသူသည်၊ သရဏဂတော - ကိုးကွယ်ခြင်းသို့ ရောက်သူတည်း၊ တေ-ထိုသူတို့သည်၊ သရဏဂတာ-တို့တည်း၊ သာ-

အမာဒိ ဝိဘတျန္တာနိ ၊ ပေ ၊ တပ္ပုရိသ သညော စ—သုတ်၌ “အမာဒယော” ကို “အံ အာဒိ ယေသံတိ အမာဒယော” ဟု ဝိဂြိုဟ်ပြု၍ အံ အစရှိသော ဝိဘတ်များသာ ရ၏၊ သို့သော် ထိုဝိဘတ်များသည် “တတော စ ဝိဘတ္တိယော” နှင့် အညီ လိန် နောင် ဆက်ကြရသောကြောင့် ထို ဝိဘတ် ဆုံးသော ပုဒ်များကို ဤ အမာဒယောအရ အဝိနာ ဘာဝ နည်းအားဖြင့် ယူရမည်၊ ထို့ကြောင့် အမာဒယောကို “အမာဒိဝိဘတျန္တာနိ ယုတ္တတ္ထာနိ ပုဗ္ဗပဒါနိ” ဟု ဖွင့်သည်၊ တတိယာ , စတုတ္ထီ စသည်ဖြင့် လာရာ၌လည်း တတိယာဝိဘတျန္တပုဒ် စသည်ကို ယူပါ၊ ထို ဝုတ္တိ၌ “အမာဒယော၊ ပေ၊ သမသျန္တေ” ဟူသော ရှေ့ဝါကျဖြင့် သမာသ်စပ်ပုံ အစီအရင်ကိုပြ၍ “သော၊ ပေ၊ တပ္ပုရိသ သညော စ” ဟူသော နောက်ဝါကျဖြင့် တပ္ပုရိသ် အမည် မှည့်ဘို့ရာ ပြသည်။

အယဉ္စ ၊ ပေ ၊ လိင်္ဂေါ — အဘိဓေယျ ဝစန ဖြစ်ပုံကို “ဥဘော တပ္ပုရိသာ” သုတ်၌ ပြခဲ့ပြီ၊ အဘိဓေယျလိင် ဖြစ်ပုံကား သရဏဂတ၌ ဟောအပ်သော အနက်သည် ပုရိသော ဖြစ်အံ့, ထို ဟောနက်၏ ပုလ္လိင်နှင့် တူစွာ “သရဏဂတော” ဟု ပုလ္လိင် ရှိရသည်၊ ဟောနက်သည် ကညာ ဖြစ်အံ့, ထိုဟောနက်၏ ဣတ္ထိလိင်နှင့် တူစွာ “သရဏဂတာ” ဟု ကညာဒိဂိုဏ်းဝင် ဣတ္ထိလိင် ရှိရသည်၊ ဟောနက်သည် “ကုလ” ဖြစ်အံ့, ထို ကုလံ၏ နပုလ္လိင်နှင့်တူစွာ “သရဏဂတံ” ဟု စိတ္တာဒိဂိုဏ်းဝင် နပုံလ်န် ဖြစ်ရသည်၊ ဤသို့လျှင် တပ္ပုရိသ်သမာသ်ဟူသမျှ အဘိဓေယျ၏ လိင်ဝုစ်နှင့် တူသော လိင်ဝုစ် ရှိရသည်။

ဂတာဒိ ၊ ပေ ၊ ပုဗ္ဗသမံ —— ဂတ,နိဿိတ အတီတ စသော ပြခဲ့ပြီး သဒ္ဒါတို့သည် ကိတ်ပစ္စည်းဆုံးသော ကိတ်နာမ်များ ဖြစ်ကြ၏၊ ကိတန္တ သဒ္ဒါများလည်း “ကိတကာ အဘိဓေယျလိင်္ဂါ” နှင့် အညီ အဘိဓေယျ (ဟောအပ်သော) အနက်အားလျော်စွာ လိင် ၃ ပါးပင် ရှိကြသည်၊ ထို့ကြောင့် “သရဏဂတော , သရဏဂတာ , သရဏဂတံ” ဟု ၃ လိင်စုံအောင် ပုံစံပြမည်-ဟူလို၊ ထိုပုံ၌ “သော—တေ- သာ—တာ—တံ- တာနိ”

www.dhammaransi.com



ထို သူမသည်၊ သရဏာဂတာ-ကိုးကွယ်ခြင်းသို့ ရောက်သူမတည်း၊ တာ-ထိုသူမတို့သည်၊ သရဏာဂတာယော - တို့တည်း၊ တံ ကုလံ-ထို အမျိုးသည်၊ သရဏာဂတံ-ကိုးကွယ်ခြင်းသို့ ရောက်သော အမျိုးတည်း၊ တာနိ ကုလာနိ-ထို အမျိုးတို့သည်၊ သရဏာဂတာနိ-တို့တည်း၊ ဣစ္စာဒိ။

ဧဝံ - တျ၊ အရညဂတော - တောသို့ သွားသူ၊ ဘူမိဂတော - မြေသို့ သွားသူ၊ ဓမ္မံ - တရားကို၊ နိဿိတော - မှီသူတည်း၊ ဓမ္မနိဿိတော - သူ၊ [ မြန်မာမှု၌ "ဓမ္မံ+နိဿိတော" ဟု ဝါကျမပါ၊ ဂတပြီး၍ နိဿိတကို ပြပြန်သောကြောင့် ပါကျပါသော သီဟိုဠ်မူသာ ကောင်းသည်၊ ] အတ္ထနိဿိတော - အနက်ကို မှီသူ၊ ဘဝံ- ဘဝကို၊ အတီတော- လွန်သူတည်း၊ ဘဝါတီတော-သူ၊ ကာလာတီတော-အခါကို လွန်သူ၊ ပမာဏံ-အတိုင်းအရှည်ကို၊ အတိက္ကန္တံ-လွန်သော ဝတ္ထုတည်း၊ ပမာဏာတိက္ကန္တံ-ဝတ္ထု၊ [နပုံလိင်ဖြစ်၍ "သူ" ဟု မဆိုဘဲ "ဝတ္ထု" ဟု ဆိုလိုက်သည်၊ ] လောကာတိက္ကန္တံ - လောကကို လွန်သော ဝတ္ထု၊ သုခံ - ချမ်းသာသို့၊ ပတ္တော - ရောက်သူတည်း၊ သုခပ္ပတ္တော-သူ၊ [ ပတ္တ၌ ပဒ္ဓ အပဒေသ်, တပစ္စည်း ဖြစ်၍၊ ဥပသာရနှ၌ ဒွေဘော်၊ ] ဒုက္ခပ္ပတ္တော - ဆင်းရဲသို့ ရောက်သူ၊ သောတံ-(အရိယာမဂ်တည်း ဟူသော)ရေအယဉ်သို့၊ အာပန္နော-ရောက်သူတည်း၊ သောတာပန္နော-သူ၊ နိရောဓသမာပန္နော-နိရောဓသို့ရောက်သူ၊ မဂ္ဂပ္ပဋိပန္နော- လမ်း (ခရီး) ကို သွားသူ၊ (၎င်းပုံစံ သီဟိုဠ်၌သာ ပါသည်၊) ရထံ- ရထားကို၊ အာရူဠှော- တက်စီးသူတည်း၊ ရထာရူဠှော- သူ၊ သဗ္ဗရတ္တိံ-အလုံးစုံသော ညဉ့်ပတ်လုံး၊ သောဘနော-တင့်တယ်တော်မူသော ဘုရားတည်း၊ သဗ္ဗရတ္တိသောဘနော - ဘုရား၊ မုဟုတ္တသုခံ - တခဏမျှ ချမ်းသာခြင်း။

တို့သည် လိင် ၃ ပါးနှင့် ဧကဝုစ် ဗဟုဝုစ် ထင်ရှားအောင် အပိုထည့်အပ်သော ပုဒ်များတည်း၊ [ သဒ္ဒနီတိ၌ "သရဏာဂတော" ကို ဒုတိယာတပ္ပုရိသ် ဟု မဆိုလို၊ "သရဏံ ဣတိ-ကိုးကွယ်ရာ ဟူ၍၊ ဂတော- ဆည်းကပ်သူတည်း၊ သရဏာဂတော-ကိုးကွယ်ရာဟူ၍ ဆည်းကပ်သူ" ဟု ဣတိ သဒ္ဒါကြောင့် သရဏ၌ ပဌမာဝိဘတ် သက်ရောက်သော ပဌမာတပ္ပုရိသ်လည်း ရှိ၏-ဟု ကြံလေသည်။]

ဧဝံ၊ ပေ၊ မုဟုတ္တသုခံ — "ဓမ္မနိဿိတော" စသည်ကား "ဂတ နိဿိတာတီတာ တိက္ကန္တ ပတ္တာပန္န" ဟု ပြခဲ့သော အစဉ်အတိုင်း ပုံစံများတည်း၊ နိရောဓသမာပန္နော — စသည်ကား "ပန္နာဒိဟိ" ၌ အာဒိအရ ပုံစံများတည်း "သဗ္ဗရတ္တိံ" ၌ အစ္စန္တသံယောဂ

www.dhammaransi.com



ဥပပဒ သမာသေ ပန - ဥပပဒ သမာသ်၌ ကား၊ ဝုတ္တိယေဝ -အမြဲ သမာသ်သာတည်း၊ ( ကသ္မာ - နည်း၊ ) တသ - ထို ဥပပဒ သမာသ်၏၊ နိစ္စတ္တာ-နိစ္စသမာသ်၏ အဖြစ်ကြောင့်တည်း၊ ယထာ-ကား၊ ကမ္မံ-အမှုကို၊ ကရောတိ-ပြုလုပ်တတ်၏၊ ဣတိ, ကမ္မကာရော-မည်၏၊ ကုမ္ဘကာရော- အိုးလုပ်သူ၊ အတ္ထံ - အကျိုးကို၊ ကာမေတိ- လိုလားတတ်၏၊ ဣတိ, အတ္ထ ကာမော၊ ဓမ္မကာမော-တရားကို လိုလားသူ၊ ဓမ္မံ-ကို၊ ဓာရေတိ-ဆောင် တတ်၏၊ ဣတိ,ဓမ္မဓရော၊ ဝိနယဓရော-ဝိနည်းကိုဆောင်သူ၊ဝါ-ဝိနည်းမိုရ်၊ အဿ - ထိုသူ၏၊ သစ္စံ - မှန်သောစကားကို၊ ဝဒိတုံ - ပြောဆိုခြင်းငှါ၊ သီလံ-အလေ့သည်၊ (အတ္ထိ)၊ ဣတိ, သစ္စဝါဒီ- မည်၏၊ ဤစ္စာဒိ၊

တဝန္တုမာနန္တာဒိ ကိတန္တေဟိ- တဝန္တု, မာန, အန္တ အစရှိသော ကိတ်ပစ္စည်း အဆုံးရှိသော ပုဒ်တို့နှင့် ( တကွ )၊ ဝါကျမေဝ- ဝါကျသာ တည်း၊ ( ကသ္မာ - နည်း၊ ) ဝဝတ္ထိတ ဝိဘာသာဓိကာရတော-ဝဝတ္ထိတ အနက်ရှိသော ဝိဘာသာသဒ္ဒါ လိုက်လာသောကြောင့်တည်း၊ ယထာ- ကား၊ ဩဒနံ-ထမင်းကို၊ဘုတ္တဝါ-စားပြီးသည်၊ ဓမ္မံ,သုဏမာနော-နာစဉ်၊ ဓမ္မံ, သုဏန္တော - စဉ်၊ ကဋံ - ဖျာကို၊ ကရောနော-ပြုဥ္မည် ဖြစ်၍၊ ဝါ-

ဒုတိယာတည်း၊ မုဟုတ္တသုခံ၌လည်း"မုဟုတ္တံ+သုခံ"ဟု ဝိဂ္ဂြိုဟ်ပြု၊ "မုဟုတ္တံ-တမုဟုတ် မျှ (ပဝတ္တံ-ဖြစ်သော)"ဟု ထည့်သင့်၏၊ မုဟုတ္တံကိုလည်း ကြိယာဝိသေသန ဒုတိယာဟု ဆိုသင့်၏။

ဥပပဒသမာသေပန — ကမ္မကာရော၌ ကမ္မသည် ကရဓာတ်၏ အနီး၌ ရှာ်ဆိုအပ် သောကြောင့်"ဥပဥစ္စာရိတံ-အနီး၌ ရှာ်ဆိုအပ်သော၊ ပဒံ-ပုဒ်တည်း"ဟူသော ဝိဂ္ဂြိုဟ် အရ ဥပပဒ မည်၏၊ ထို ဥပပဒနှင့် စပ်ရသောကြောင့် " ကမ္မကာရော " စသည်ကို " ဥပပဒ သမာသ် "ဟု ခေါ်သည်၊ ဥပပဒနှင့်တွဲဘက်မှ ကိတ်ပစ္စည်း သက်နိုင်သော သမာသ်ဖြစ်သောကြောင့် "ကိတန္တတပ္ပုရိသ် (ကိတ်ပစ္စည်းအဆုံးရှိသော တပ္ပုရိသ်)" ဟု လည်း ခေါ်စမှတ် ပြု၏၊ ဤ ဥပပဒ သမာသ် ပုဒ်များ၏ ရုပ်ပြီးပုံကို " ပဘင်္ကရော " ဟူသော အလုတ္တ တပ္ပုရိသ်၌ ငင်း ကိတ်ခဏ်း၌ ငင်း ပြထားသည်၊ ဤ ဥပပဒ သမာသ် တို့သည် (အမြဲစပ်နေသော)နိစ္စသမာသ်ဖြစ်၍"ကုမ္ဘံ+ကာရော"ဟု ၂ ပုဒ်မခွဲနိုင်ရကား မိမိပုဒ်ရင်းဖြင့် ဝိဂ္ဂြိုဟ်မပြုနိုင်၊ ထို့ကြောင့် ကာရော၏ ကိုယ်စား " ကရောတိ " ဟူသော ပုဒ်ဖြင့် ဝိဂ္ဂြိုဟ်ပြုရသည်။

တဝန္တုပေ၊ကဋံကရာနော—တဝန္တု,မာန,အန္တ ( အာဒိဖြင့် ယူရသော ) အနေ, ပစ္စည်းဆုံးသော ကိတ်ပုဒ်တို့နှင့် ကား သမာသ်,မဖြစ်, ဝါကျ အတိုင်းသာ ရှိရသည်၊ အဘယ့်ကြောင့်နည်း...., ဝိဘာသာ ရုက္ခတိဏ-စသော သုတ်မှ လိုက်လာသော ဝိဘာသာ သဒ္ဒါသည် ပြယုဂ်အားလျော်စွာ အချို့အရာ၌ (ဤ တဝန္တုစသည် ဆုံးသော ပုဒ်များနှင့်

www.dhammaransi.com



တနည်း၊ အနဘိဓာနတော-သမာသ်ဖြစ်သည့်အခါ ထိုဝါကျ၏အနက်ကို မဟောနိုင်ခြင်းကြောင့်၊ (ဝါကျမေဝ – ဝါကျသာ တည်း၊) ဟိ – မှန်၏၊ တဒ္ဓိတ သမာသ ကိတကာ- တဒ္ဓိတ် သမာသ် ကိတ်တို့သည်၊ အဘိဓေန လက္ခဏာ- ဝါကျ၏ အနက်ကို ဟောနိုင်ခြင်း ဟူသော အမှတ်လက္ခဏာ ရှိကုန်၏၊ ဣတိ- အပြီးတည်း၊ ဒုတိယာတပ္ပုရိသ နိဋ္ဌိတော။

တွဲဘက်ရာ စသည်၌ ) သမာသ် မဖြစ် ဟု သုတ်အစီအရင်ကို ဖြစ်စေနိုင်သော အနက် ရှိသောကြောင့်တည်း၊ ထို့ကြောင့် " ဩဒနံ+ဘုတ္တဝါ " စသည်ဖြင့် ဝါကျ ပြယုဂ်ချည်း ထုတ်ပြလေသည်။

**အနဘိဓာနတောဝါ**—"ဝဝတ္ထိတဝိဘာသာဓိကာရတော" ဟူသော အကြောင်းမှ တမျိုး ပြပြန်လို၍ " အနဘိဓာနတောဝါ " ဟု မိန့်သည်၊ သမာသ်ပြီးသောအခါ ဝိဂ္ဂဟ် ဝါကျ အခိုက်တုန်းက အနက်ကို မဟောပြနိုင်သောကြောင့် တဝန္တု ပစ္စယန္တ စသော နောက်ပုဒ်များနှင့် သမာသ် မဖြစ်-ဟူလို၊ အဘိဓာနသဒ္ဒါသည် ဟောပြောခြင်း ( ကထန ) အနက်ရှိ၏၊ ထို ဟောပြောခြင်း ဟူသည်လည်း သိစေခြင်း ( စာကြည့်ရှု ကြားနာသူ တို့ကို နားလည်စေခြင်း ) တည်း၊ သမာသ် တဒ္ဓိတ် ကိတ်တို့သည် ဝိဂ္ဂဟ်ဝါကျတုန်းက အနက်ကို သိစေနိုင်သော သတ္တိ ရှိစေရမည်၊ ထိုသို့ မသိစေနိုင်လျှင် သမာသ်လည်း မတွဲရ, တဒ္ဓိတ်ပစ္စည်း ကိတ်ပစ္စည်းလည်း မသက်ရချေ၊ ထို့ကြောင့် "အဘိဓာနလက္ခဏာ ဟိ" စသည်ကို မိန့်သည်။

အခြား ဗျာကရုဏ်းကျမ်းတို့၌ " အဘိဓာနလက္ခဏာ ဟိ တဒ္ဓိတာဒိ သမာသာ " ဟူသော စကားလည်း ဤအဓိပ္ပါယ်ပင်တည်း၊ မှန်၏—"ဩဒန ဘုတ္တဝါ"ဟု သမာသ် တွဲလိုက်လျှင် " ဩဒနံ + ဘုတ္တဝါ = ထမင်းကို စားပြီးသူ " ဟူသော ဝါကျအနက်ကို မသိရဘဲ " စားအင်ပြီးသော ထမင်းရှိသူ " ဟု မလိုရာ အနက်ကိုသာ သိစေနိုင်သည်၊ ဓမ္မသုဏာနန္ဒာဒေသည်၌လည်းနည်းတူ။ [ အဘိဓာနံ (ကထနံ) + လက္ခဏံ (သဘာဝေါ) ယေသံတိ အဘိဓာနလက္ခဏာ၊ ယေသံ-အကြင် တဒ္ဓိတ၊ သမာသ၊ ကိတ်တို့၏၊ အဘိဓာနံ-ဝါကျအနက်ကို ဟောနိုင်ခြင်း ဟူသော၊ လက္ခဏံ- သည်၊ ဝါ-ထိုးစံသဘောသည်၊ အတ္ထိ-ရှိ၏၊ ဣတိ, အဘိဓာနလက္ခဏာ။]

မှတ်ချက်။ ။"မာန အန္တ, တုံ တုန, တွာန နှင့် တွာ, နောက်ပုဒ်ပါမူ, ဝါကျသာ မှတ်, သမာသ် မဖြစ်, ဆိုတုံလှစ်၏" ဟု နိယာမ်ရှိ၏၊ " တဝန္တုမာနန္တာဒိ ကိတန္တေဟိ ဝါကျမေဝ"ကို ထောင်လျှင် နောက်ပုဒ်၌ တဝန္တုပစ္စည်း (ငါ့ကား၌ "ဩဒန ဘုတ္တာဝီ " ဟု မရှိနိုင်ပုံကို ပြသောကြောင့်) တာဝီ ပစ္စည်းများ ရှိလျှင်လည်း သမာသ် မဖြစ်၊ ထို ပုဒ် အားလုံးပင် န သဒ္ဒါနှင့် တွဲရာ၌ကား အဘုတ္တဝါ, အဘုတ္တာဝီ, အကုရုမာနော, အ ဂစ္ဆန္တော, အကရောနော, အကာတုံ အကာတုန, အကတွာ, (တဝေ, တုယေ ပစ္စည်း တို့ပါ " အကာတဝေ, အပေတုယေ " ) ဟု န နိပါတ ပုဗ္ဗပဒ ကမ္မဓာရဲ သမာသ် ဖြစ်သေး၏၊ န နိပါတ်မှတပါး အခြားသော ရှေ့ပုဒ်များနှင့်ကား သမာသ် မဖြစ်-ဟု

www.dhammaransi.com



တဘိယာ-တတိယန္တ ရှေ့ပုဒ်ကို၊ ကိတက ၊ပေ၊ သခိသာဒိဟိ-ကိတ် ပစ္စယန္တပုဒ်, ပုဗ္ဗပုဒ်, သဒိသပုဒ်, သမပုဒ်, ဥန အနက်ရှိသေးပုဒ်, ကလဟ ပုဒ်, နိပုဏပုဒ်, မိဿကပုဒ်, သခိလပုဒ် အစရှိသည့်ဘို့နှင့်၊(သမသျဘော- စပ်အပ်၏၊) ဗုဒ္ဓေန-သည်၊ ဘာသိတော-ဟောအပ်သော တရားတည်း၊ ဗုဒ္ဓဘာသိတော-သော၊ ဓမ္မော-တရား၊ ဇဝံ, ဇိနဘာသိတော၊ သတ္ထာရော- သည်၊ ဝဏ္ဏိတော-ချီးမွမ်းအပ်သူတည်း၊ သတ္ထု ဝဏ္ဏိတော-သူ၊ ဝိညူဟိ- တို့သည်၊ ဂရဟိတော - ကဲ့ရဲ့အပ်သူဘည်း၊ ဝိညုဂရဟိတော၊ ["ဝိညူ

ခွဲခြားမှက်သားသင့်၏၊ ထိုပုဒ်အချို့သည် မိမိတို့က ရှေ့နေရမှ "လဗ္ဘမာန ဝိသေသော, ဓမ္မဇ္ဇလန္တရုစိ, ဥပါဒါရူပံ(ဥပါဒါယရူပံ-ဟု ဆိုလိုလျက် တွာပစ္စည်း၏ကာရိယဖြစ်သော ယ ကြေသည်) " စသည်ဖြင့် သမာသ် ဖြစ်သေး၏-ဟု မှတ်။

[ဆောင်] တဝန္တု-တာဝိ, တလီမာန, အန္တ-အာနာ, တုံ-တွာ-တုန, တွာနသဒ္ဒါ, နောက်ပုဒ်ပါမူ န သဒ္ဒါမှ, ကြွင်းပဒနှင့်, ဝါကျ သာမှတ်, သမာသ် မဖြစ်, ဆိုတုံလစ်၏။

သဒ္ဒနီတိ။ ။နပဒါနံ ဝိပ္ပကာဘတေန ဥတ္တရပဒေန သမာသော (၄)=ပုဒ်တို့၏မပြီး သေးသော အနက်ဟော နောက်ပုဒ်နှင့် သမာသ်မဖြစ်၊ "မဂ္ဂံ ဂစ္ဆန္တော-လမ်းကိုသွားစဉ်" ၌ ဂစ္ဆန္တောသည် သွားခြင်းကိစ္စ မပြီးဆုံးသေးသော ဝိပ္ပကတပုဒ်တည်း၊ "သွားစဉ်+ မြင်၏"စသည်ဖြင့် ပုဒ်တပါးကို ငဲ့နေသောကြောင့် "မဂ္ဂ ဂစ္ဆန္တော "ဟု သမာသ် မဖြစ်၊ ဝိကပ္ပကတ မဟုတ်လျှင်ကား အန္တပစ္စည်း ဆုံးသော်လည်း "ဂုဏမဟန္တော-ဂုဏ်အားဖြင့် မြတ်သူ"ဟု သမာသ်ဖြစ်၏၊ "တွာပစ္စယန္တာဒီဟိစ (၅) " တွာ-တွာန-တုံ စသော ပစ္စယန္တပုဒ် နှောင်းရာ၌လည်း (ထိုဘွာ ပစ္စယန္တပုဒ်များက နောက် ပဓာန ကြိယာကို ငဲ့လျက်ရှိသောကြောင့်) သမာသ် မဖြစ်။ [နသဒ္ဒါရှေ့ ရှိရာ၌မူ သမာသ်ဖြစ်၏ ဟုသည်း ချွင်းချက် မှတ်။] "အာန တတဝန္တု တာဝိဟိစ (၆) " အနာဒိ ပစ္စယန္တပုဒ်ဘို့နှင့် လည်း "ရထံ+ကုဗ္ဗမာနော, ဩဒန+ဘုတ္တော" စသည်ဖြင့် သမာသ် မဖြစ်။ [ "ဩဒန ဘုတ္တော " ဟု သမာသ်စပ်လိုက်လျှင် "စားအပ်သော ထမင်း " စသည်ဖြင့် မသိရာ အနက်ကို ယူမှားဘွယ်ရှိသောကြောင့် သမာသ် မဖြစ် — ဟု ကြံ။] "အသုခစ္စာရဏော အဒိတတ္တေစ ဝါကျေဝ (၇) " သမာသ်စပ်သည့် အတွက် အရှက် အဘတ် ခက်ရာ ၌ရင်း အနက်မှန်ကို မသိနိုင်လောက်ရာ၌ရင်း သမာသ် မစပ်ရ, ဝါကျသာ ရှိစေရသည်။ ကာကေဟိ+ပါတဗ္ဗာ — ကျီးတို့+သောက်ဆိုက်သော မြစ်၊ ဒဿနေန+ပဟာတဗ္ဗာ ပုဗ္ဗော+မန္တာနီပုဗ္ဗော။

တတီယာ၊ ပေ၊ သခိလာဒီဟိ — ကိတက အရ ကိတပစ္စည်း ကိစ္စပစ္စည်း ၂ မျိုးလုံး ဆုံးလျက်ရှိသော ပုဒ်များကို ယူ၊ ထိုဘွင် "ဗုဒ္ဓဘာသိတော " မှစ၍ "ဂုဏဝဍ္ဎော" တိုင်အောင် ကိတ ပစ္စယန္တနှင့် သမာသ်ဖြစ်ပုံကို ပြ၏၊ "စဘုဂ္ဂ ကရဏီယံ၊ပေ၊ကာက

www.dhammaransi.com



ဂရဟိတ ” ဟု ပကတိဖြစ်သောအခါ “ကွစာဒိ မဏ္ဍူကဂ္ဂုရာနံ” သုတ်ဖြင့် ဥုကို ရသပြု၊ နောက်ပုဒ်လည်း နည်းတူ၊ ] ဝိဒ္ဓုပ္ပံ သဏ္ဍော - ပညာရှိတို့ ချီးမွမ်းအပ်သူ၊ ဣသရကတံ - အစိုးရသူ ပြုအပ်သော အမှု၊ သယံကတံ - ကိုယ်တိုင်ပြုအပ်သောအမှု [ “ သယံ ” သည် တတိယန္တနိပါတ်၊ သယံ နေ:င် နာသက်, ချေ။ ] သုကေဟိ-ကျေးငှက်တို့သည်၊ အာဟဋံ - ဆောင်ယူအပ်သောစပါးတည်း၊ သုကာ ဟဋံ၊ ရညာ-သည်၊ ဟဘော - သတ်အပ်သူတည်း၊ ရာဇ ဟတော၊ ရောဂပီဠိတော - ရောဂါနှိပ်စက်အပ်သူ၊ အဂ္ဂိဒဍ္ဎော - မီးလောင်အပ်သော ပစ္စည်း၊ [ သိဒ္ဓ “သပ္ပဒဋ္ဌော - မြွေကိုက်အပ်သူ” ဟုလည်း ရှိ၏၊ ] သလ္လေဟိ - မြှားတို့ဖြင့်၊ ဝိဒ္ဓေါ - ပစ်ဖေါက်အပ်သူတည်း၊ သလ္လဝိဒ္ဓေါ၊ ဣစ္ဆာယ - အလိုဆိုးသည်၊ အပကတော - ( မူသသဘောမှ ) ကင်းအောင်ပြုအပ်သူ တည်း၊ ဝါ - နှိပ်စက်အပ်သူ တည်း၊ ဣစ္ဆာပကတော၊ သီလေန နှင့်၊ သမ္ပန္နော - ပြည့်စုံသူတည်း၊ သီလသမ္ပန္နော၊ ဧဝံ, သုခသဟဂတံ-သုခနှင့်တကွဖြစ်သော စိတ်၊ ဉာဏသမ္ပယုတ္တံ-ဉာဏ်နှင့် ယှဉ်သောစိတ်၊ မိတ္တသံသဂ္ဂေါ - မိတ်ဆွေနှင့် ရောနှောသူ၊ ပိယဝိပ္ပယောဂေါ-ချစ်အပ်သူနှင့် ကွေကွင်းခြင်း၊ ဇာတိထဒ္ဓေါ-ဇာတ်အားဖြင့်ခက်ထန်သူ၊ ဂုဏဟီနော-ဂုဏ်အားဖြင့် ယုတ်ညံ့သူ၊ ဂုဏဝုဍ္ဎော-ဂုဏ်အားဖြင့် ကြီးမြင့်သူ၊ စတုဝဂ္ဂ ကရဏီယံ - စတုဝဂ်ပြုအပ်သော ကံ၊ စတုဝဂ္ဂါဒိ ကတ္တဗ္ဗံ - စတုဝဂ် အစရှိသောသံဃာ ပြုအပ်သော ကံ၊ ကာကေဟိ - ကျီးတို့သည်၊ ပေယျာ - သောက်အပ်သောမြစ်တည်း၊ ကာကပေယျာ - သော၊ နဒီ - မြစ်။

ပေယျာ ” တို့ဖြင့် ကိစ္စ ပစ္စယန္တနှင့် သမာသ်ဖြစ်ပုံကို ပြ၏၊ “ စတုဝဂ္ဂေန – ၄ ယောက် အစုရှိသော သံဃာသည်၊ ကရဏီယံ – ပြုအပ်သောကံတည်း၊ စတုဝဂ္ဂါဒိနာ—စတုဝဂ္ဂ အစရှိသော သံဃာသည်၊ ကတ္တဗ္ဗံ – ပြုအပ်သောကံတည်း ” ဟု ဖြုတ်ပြု၊ [ ပေယျာ၌ ပါဠိတော် ကျပ်စွဲ။ ] သို့ပြင် — “ ပိယဝိပ္ပယောဂေါ ” ၏ နောင်၌ ” ဇာတိအန္ဓော ” ဟု မြန်မာမူ ရှိ၏, မကောင်း၊ ဘာ့ကြောင့်နည်း .... အန္ဓ သဒ္ဒါသည် ကိတ ပစ္စယန္တ မဟုတ်— “ခါဒါ ဂမာနံ ခန္ဓန္ဓဂန္ဓာ” ဟူသော ဥဏာဒိသုတ်ဖြင့် ပစ္စည်းသက်၍ပြီးသော ဥဏာဒိပစ္စယန္တပုဒ် ဖြစ်သောကြောင့်ရင်း, နောက်၌ “ဇာတိယာ အန္ဓော” ဟု ပြဦးလတ့် ဖြစ်သောကြောင့်ရင်း တည်း၊ ထို့ကြောင့် “ ဇာတိယာ ထဒ္ဓေါ ” ဟု ဖြုတ်ပြု၍ “ဇာတိ ထဒ္ဓေါ ” ဟု ရှိသော သီဟိုဠ်မူသာ ကောင်း၏၊ ထဒ္ဓေါ်အား ထမ္ဘဓာတ် ကိတ် ( တ ) ပစ္စည်းတည်း။ ]

www.dhammaransi.com



ကွစိ - အချို့အရာ၌၊ ဝုတ္တိယေဝ - အမြဲသမာသ်သာတည်း၊ ဥရေန- ရင်ဖြင့်၊ ဂစ္ဆတိ - သွားတတ်၏၊ ဣတိ, ဥရဂေါ၊ ပါဒေန-ခြေဖြင့်၊ ပိဝတိ- ရေသောက် တတ်၏၊ ဣတိ, ပါဒပေါ၊ [ အမြစ် တည်းဟူသော ခြေဖြင့် ရေသောက်တတ်သော သစ်ပင် ] ကွစိ-၌၊ ဝါကျမေဝ-ဝါကျသာတည်း၊ ပရသုနာ-ပုဆိန်ဖြင့်၊ဆိန္နဝါ-ဖြတ်ပြီ၊ ကာကေဟိ-ကျီးတို့သည်၊ပါတဗ္ဗာ- သောက်သိုက်သောမြစ်၊ဒဿနေန-သောတာပတ္တိမဂ်သည်၊ပဟာတဗ္ဗာ- ပယ်သိုက်သောတရားတို့။

ပုဗ္ဗာဒိယောဂေ-ပုဗ္ဗ အစရှိ သည်တို့နှင့်ယှဉ်ရာ၌၊(ဥဒါဟရဏံ-ကား)၊ မာသေန- လဖြင့်၊ ပုဗ္ဗော-ရှေးကျသူတည်း၊ မာသပုဗ္ဗော၊ ဧဝံ, မာတု သဒိသော-အမိနှင့် တူသူ၊ ပိတုသမော- အဘနှင့် တူသူ၊ ဧကူနဝီသတိ- တခုဖြင့် ယုတ်လျော့သော ၂၀၊ သီလဝိကလော - သီလဖြင့် ချို့တဲ့သူ၊ အသိကလဟော-သန်လျက်ဖြင့် ငြင်းခုန်ခြင်း၊ ဝါစာနိပုဏော-စကားဖြင့် နူးညံ့သူ၊ ယာဝကာလိကသမ္ဘဝံ - ယာဝကာလိက ဝတ္ထုနှင့် ရောနှော

ကွစိ ဝုတ္တိမေဝ၊ ပေ၊ ပါဒပေါ— ဥရဂေါ, ပါဒပေါတို့သည် နိစ္စသမာသ် ဖြစ်၍ "ဥရေန+ဂစ္ဆတိ, ပါဒေန+ပိဝတိ" ဟု ဂေါ-ပေါတို့၏ ကိုယ်စား "ဂစ္ဆတိ-ပိဝတိ" ပုဒ်များဖြင့် ဝိဂြိုဟ်ပြုရသည်၊ ဤရုပ်များ ပြီးပုံမှာ ကိတ်"သဗ္ဗတောဏွုတွာဝီဝါ, ခေတွန္တ ဃလောပါ ကွိမှိ"သုတ်၌ ထင်ရှားလတ့်။

ကွစိ ဝါကျမေဝ—"ပရသု"ဟု သက္ကတ၌ရှိ၏၊ပရံ-သူတပါးကို၊ သုဏာတိဟိံသတ်- ညှဉ်းဆဲ တတ်၏၊ ဣတိ ပရသု၊ "ပရဆိန်= ပေါက်ဆိန်" ဟု ပေးရိုး ရှိသော်လည်း ကုဒါလေန" ဟူသော အဖွင့်ကိုထောက်လျှင် "ပေါက်တူး"ဟု ပေးသင့်၏၊ "ပရသုနာ ဆိန္န, ပရသုဆိန္နဝါ "ဟု မြန်မာမူရှိ၏၊ "ကွစိဝါကျမေဝ "ဟု ဧဝဖြင့် ဝါကျအဖြစ်ကို မြဲစပြီးဖြစ်၍ "ပရသုဆိန္နဝါ"ဟု သမာသ်ကိုပြခြင်းမှာ သင့်ဘွယ်ရာမရှိ၊ "ပရသုနာ+ ဆိန္န လည်း "ကွစိ တာနံ့ တဗ္ဗာဗ္ဗယေဟိ ယောဂေ အနဘိဓာနတော ဝါကျမေဝ, နဝုတ္တိတျမိပ္ပါယော " ဟူသော ဋီကာနှင့် မညီ၊ ဋီကာအလို "တဝန္တု"ပစ္စည်းဖြင့် ရုပ်ရှိ ရမည်၊ ထို့ကြောင့်"ပရသုနာ+ဆိန္နဝါ"ဟု သိဟိုင်္ဂမူအတိုင်းကောင်းသည်၊ "ကာကေဟိ ပါတဗ္ဗာ,ဒဿနေန ပဟာတဗ္ဗာ"တို့ကား တဗ္ဗပစ္စယန္တပုဒ်ဖြင့် သမာသ်မဖြစ်-ဝါကျသာ ရှိရပုံတည်း၊ [ ဆိဒိ, တဝန္တု၊ ဘိဒါဒိတော ဣန္နအန္နဤဏာဝါ သုတ်ဖြင့် တ ပစ္စည်းကို ဣန္န ခေတွန် (ဒ်) ကို ချေ၍"ဆိန္နဝါ"ပြီး၏။]

ပုဗ္ဗာဒိယောဂေ၊ ပေ၊ မေဓာဝီ ဣစ္စာဒိ — တတိယာ "ကိဘာက ပုဗ္ဗသဒိသ" စသည်ဖြင့် ပြခဲ့သော အစဉ့်တွင် "ကိတက" အတွက်သာ ပြီးသေး၏၊ ယခုအခါ၌ ပုဗ္ဗ သဒိသ စသည်တို့နှင့် တွဲပုံကိုပြသိုရကား"ပုဗ္ဗာဒိယောဂေ"စသည်ကို မိန့်၊ "ပုဗ္ဗ,သဒိသ"

www.dhammaransi.com



အပ်သော အစာ၊ ဝါစာ သမိဒ္ဓသော-စကားဖြင့် ပြေပြစ်သူ၊ [ဝါစာသည် အာကာရန္တပုဒ်ရင်းဖြစ်၍ "ဝါစာ" ဟု ပကတိဖြစ်၏၊] သဗ္ဗာစာရာ-မြတ်စွာ ဘုရားနှင့်၊ သမိဒ္ဓသော - တူသူဘည်း၊ သဗ္ဗညုကာ ပွေါ - ဘုရားနှင့် တူသူ၊ ပုညေန - ကောင်းမှုဖြင့်၊ အဒ္ဓကော - အလိုရှိသူတည်း၊ ပုညဒ္ဓကော၊ ဂုဏာဓိကော-ဂုဏ်အားဖြင့်လွန်ကဲသူ၊ ဂုဠေန-တင်လဲနှင့်၊ သံသဋ္ဌော-၊ ရောနှောအပ်သော၊ ဩဒနော-ထမင်းတည်း၊ ဂုဠောဒနော၊ ခီရောဒနော-နို့ရည်နှင့် ရောနှောအပ်သော ထမင်း၊ အဿေန - မြင်းနှင့်၊ ယုတ္တော-ကပ်ယှဉ်အပ်သော၊ ရထော-ရထားတည်း၊ အဿရထော-(မြင်းရထား)၊ မဂ္ဂစိတ္တံ - မဂ်နှင့်ယှဉ်သောစိတ်၊ ဇမ္ဗုယာ - သပြေပင်ဖြင့်၊ သညာတော (လက္ခိတော) - မှတ်သားအပ်သော၊ ဒီပေါ - ကျွန်တည်း၊ ဇမ္ဗုဒီပေါ-(ဇမ္ဗုဒ္ဒိပ်) ["ဇမ္ဗု" ဟု ဥကာရန္တဖြစ်ရကား "ဇမ္ဗု" ဟု ပကတိပြု၊ ကွစာဒိမဇ္ဈုတ္တရာနံဖြင့် ဥကို ဥရသပြု] ဧကေန-တခုဖြင့်၊ အဓိကာ-ပိုလွန်ကုန်သော၊ ဒသ-တဆယ်ဘို့တည်း၊ ဧကာဒသ - တခုဖြင့် ပိုလွန်သော တဆယ်တို့၊ ဝါ - တဆဲ့တခုဘို့၊ ဇာတိယာ - ပဋိသန္ဓေအားဖြင့်၊ အန္ဓော - ကာဏ်းသူဘည်း၊ ဇစ္စန္ဓော၊ ပကတိယာ - ပင်ကိုယ် အားဖြင့်၊ မေဓာဝီ - ပညာရှိသူတည်း၊ ပကတိမေဓာဝီ၊ ရုက္ခာဒိ တတိယာ တပ္ပုရိသော (နိဋ္ဌိတော)၊

စသော အစဉ်အတိုင်း ပုံစံထုတ်ထားသည်၊ "မာတရာ+သဒိသော, ပိတရာ+သမော" ဟု ဝိဂ္ဂြိုဟ်ပြု၊ "ဧကေန+ဥနာ, ဧကူနာ" (ဤမျှသာ တပ္ပုရိသ်ဘည်း "ဧကူနာစ သာဝိသာဘိစာတိ ဧကူနဝိသတိ" ကား ကမ္မဓာရဲဘည်း၊) "သီလဝိကလော" ၌ "ဝိကလော-ချို့တဲ့သူ" ဟူသည့် သီလမှ ယုတ်လျော့ခြင်း ဥန အနက်ပင်တည်း၊ ထို့ကြောင့် ဥန အဘွက် ဥန တဒ္ဒိသာမကဘဲ ဥန အနက်ရှိသော ပုဒ်များကိုပါ ယူစေလို၍ သဒ္ဒနီတ်၌ "သမ+ဥနတ္ထ" ဟု အတ္ထနှင့် ဆိုထားသည်၊ "သီလေန + ဝိကလော" စသည် ဝိဂ္ဂြိုဟ်ပြု။

"သဗ္ဗာစာရာ+သဒိသော,သဗ္ဗညုကပ္ပေါ"မှ စ၍ သမိလာဒိဟိ၌ အာဒိအရ ပုံစံများကို ပြသည်၊ ထိုဘွင် "သဗ္ဗာစာရာ+သဒိသော"သည် ဝိဂ္ဂြိုဟ်ပြလိုရင်း မဟုတ်, သဗ္ဗညုကပ္ပေါ၌ "ကပ္ပသဒ္ဒါသည် သဒိသ အနက်ဟောတည်း" ဟု သဗ္ဗညုကပ္ပေါ၏ အနက်ကို ဖွင့်ပြခြင်းသာ ဖြစ်သည်၊ "သဗ္ဗညုနာ-နှင့်+ကပ္ပေါ-တူသူတည်း" ဟု ဝိဂ္ဂြိုဟ်ပြု။ [သီဟိုဠ်မူ၌ "သဗ္ဗာစာရာ+သဒိသော, သဗ္ဗညုသဒိသော" ဟု ရှိ၏၊ ရှေ့၌ သဒိသနှင့် တွဲ၍ "မာတု သဒိသော" ဟု ပုဒ္ဓ. သဒိသ အစဉ်အတိုင်း ပြခဲ့ပြီးဖြစ်သောကြောင့် ဤ၌ ထပ်၍ ပြဘွယ် မလိုရကား သီဟိုဠ်မူ မကောင်း။]

www.dhammaransi.com



စတုတ္ထီ-စတုတ္ထီ ဝိဘတ်တျန္တပုဒ်ကို၊ တဒတ္ထ အတ္ထပဟိတဒေယျာဒိဟိ-ထို၏ ဥစ္စာဖြစ်သော အနက်, အတ္ထသဒ္ဒါ, ဟိတသဒ္ဒါ, ဒေယျအစရှိသော သဒ္ဒါတို့နှင့်၊ (သမသတေ-စပ်အပ်၏၊) တဒတ္ထေ-တဒတ္ထပုဒ်နှင့် စပ်ရာ၌၊ (ဥဒါဟရဏံ၊) ကထိနဿ-ကထိန်သင်္ကန်းအကျိုးငှါ၊ ဒုဿံ-အဝတ်တည်း၊ ကထိနဒုဿံ - ကထိန်သင်္ကန်းဘို့ အဝတ်၊ ကထိနစီဝရတ္ထာယ - ကထိန်သင်္ကန်းအကျိုးငှါ၊ ဈတီအတ္ထော-နက်၊ ဧဝံ-တူ၊ စီဝရဒုဿံ-သင်္ကန်းဘို့ အဝတ်၊ စီဝရမူလျံ-သင်္ကန်းဘို့ အဘိုး၊ ယာဂုယာ-ယာဂု၏၊ အတ္ထာယ-အဘို့ငှါ၊ တဏ္ဍုလာ-ဆန်တို့ဘည်း၊ ယာဂုတဏ္ဍုလာ-ယာဂုဘို့ဆန်တို့၊ ဘတ္တတဏ္ဍုလာ-ထမင်းဘို့ဆန်တို့၊ သံဃဿ - သံဃာ၏၊ အတ္ထာယ-အကျိုးငှါ၊ ဘတ္တံ-ဆွမ်းတည်း၊ သံဃဘတ္တံ-သံဃာဘို့ ဆွမ်း၊ အာဂန္တုကာနံ - ဧည့်သည်တို့၏၊ အတ္ထာယ - အကျိုးငှါ၊ ဘတ္တံ - ထမင်းတည်း၊ အာဂန္တုကဘတ္တံ-ဧည့်သည်တို့ဘို့ ထမင်း၊ ဧဝံ-တူ၊ ဂမိကဘတ္တံ-ခရီးသွားသူတို့ဘို့ ထမင်း၊ ပါသာဒါယ-ပြာသာဒ် အကျိုးငှါ၊ ဒဗ္ဗံ-သစ်သားတည်း၊ ပါသာဒဒဗ္ဗံ-ပြာသာဒ်ဘို့ သစ်သား။

"ဂုဏေန+အဓိကော, ဒိရေန+သံသဋ္ဌော+ဩဒနော, မဓုနာ+ယုတ္တံ+စိတ္တံ" ဟု ဖွင့်ပြီ၊ "ဉဋ္ဌောဒနော" စသည်၌ သံသဋ္ဌစသော အလယ်ပုဒ် ကြေသောကြောင့် "မဇ္ဈေလောပီ တပ္ပုရိသ် သမာသ်"ဟု ခေါ်စမှတ် ပြုသည်။ [မဇ္ဈေ-အလယ်၌၊ လောပီ-ကြေခြင်းရှိသော သမာသ်၊] "ဂုဠ+သံသဋ္ဌ+ဩဒန"ဟု တည်၊ "ဂုဠေန+သံသဋ္ဌော+ဩဒနော" ဟု ဝါကျ ဖြစ်၏၊ သမာသ်စပ်, တပ္ပုရိသ် မှည့်, ဝိဘတ်ချေ၊ "ဝုတ္တတ္ထာန မပ္ပယောဂေါ" ဟူသော ပရိဘာသာဖြင့် သံသဋ္ဌပုဒ်ကိုချေ၊ "ဂုဠ ဩဒန" ဟု ပကတိပြု၊ နာမ်ငဲ့ စသည် စီရင်၊ နောက် မဇ္ဈေလောပီ သမာသ်များ၌ ဤနည်းအတိုင်း အလယ်ပုဒ်ကိုချေ၊ "ဇမ္ဗုယာ+သညာတော+ဒီပေါ" သာ ဝါကျလိုရင်းတည်း၊ လက္ခိတောကား သညာတော၏ အဖွင့်သာ။ [သညာတော၌ "ပညာတော-ထင်ရှားသော" ဟု သိဟိုဠ်မူ ရှိ၏၊ လက္ခိတော ဖွင့်ပုံကို ထောက်လျှင် "သညာတော - သိမှတ်အပ်သော, နာမည်မှည့်အပ်သော"ဟု ရှိသော ပါဌ်က သာ၍ကောင်း၏၊] "ဇာတိအန္ဓ"ဟု ပကတိ ဖြစ်သည့် အခါ ဗုဝဏ္ဏောယံနဝါဖြင့် ဇကို ယပြု၊ ယဝတံဖြင့် တျကို စပြု, ဋ္ဌဘောလား၊ ကွစာဒိ မဇ္ဈေ၌ တွရာနံဖြင့် ဇာဦး ရှည်ပြု၍ "ဇစ္စန္ဓ" ပြီးသည်။

## စတုတ္ထီ တပ္ပုရိသ်

စတုတ္ထီ တဒတ္ထ၊ ပေ၊ ပါသာဒ ဒဗ္ဗံ— "ဣဒံ-ဤအဝတ် စသည်သည်+တဿ-ထိုကထိန်သင်္ကန်း စသည်၏ ဥစ္စာတည်း၊ တဒတ္ထံ - ထိုကထိန်သင်္ကန်း စသည်၏ ဥစ္စာ" ဟူသော အရ အဝတ်သည် ကထိန်သင်္ကန်း ချုပ်ဘို့ရာ ဥစ္စာဖြစ်၍ "တဒတ္ထ" မည်၏၊ ထို

www.dhammaransi.com



တဒတ္ထကို ဟောသော ဒုသဿဒ္ဓါလည်း ( အနက်ကို အကြောင်းပြု၍ ကရဏော စာရ အားဖြင့် ) တဒတ္ထပင် မည်၏၊ ထိုတဒတ္ထ နောက်ပုဒ်နှင့် သမာသ်တွဲရာ၌ ဥဒါဟရုဏ်ကို ပြလို၍ " တဒတ္ထေ " ဟု မိန့်သည်၊ တနည်း " ၄ါ " ပေးရသော တဒတ္ထသမ္ပဒါန် အနက်၌ သမာသ်ဖြစ်သောကြောင့် " တဒတ္ထေ " ဟု မိန့်သည်၊ ဤနည်းအလို "တဒတ္ထ ဖြစ်သော နောက်ပုဒ်နှင့် တွဲရသောကြောင့် တဒတ္ထခေါ်သည် မဟုတ်, တဒတ္ထအနက်၌ သမာသ် တွဲရသောကြောင့် တဒတ္ထခေါ်သည်-ဟု မှတ်။

" ကထိနဿ " ၌ သဝိဘတ်သည် တဒတ္ထသမ္ပဒါန် အနက်၌ သက်၏၊ ထို့ကြောင့် ကထိနဿကို "ကထိနစီဝရတ္ထာယ တျွေော" ဟု အနက်ဖွင့်သည်၊ " ကထိနဿ-ကထိန် သက်န်းအလို့ငှါ" ဟု အနက်ပေး၊ "အလို့ငှါ" ဟူသည် "အကျိုးငှါ" နှင့် အနက်တူတည်း၊ ထို " အလို့ငှါ " ကိုပင် "ဘို့" ဟုလည်း သုံးစွဲနိုင်၏၊ သို့ကြောင့် " ကထိန်ဘို့ အဝတ် " စသည်ဖြင့် ပြန်လိုက်သည်၊ [ အချို့က " ကထိနဿ-၄ါ၊ အာဘတံ-ဆောင်အပ်သော၊ တနည်း, ပဋိယတ္တံ - စီရင်အပ်သော၊ ဒုဿံ - တည်း " ဟု " အာဘတံ " ကို ဖြစ်စေ, "ပဋိယတ္တံ"ကို ဖြစ်စေ ထည့်၍ အနက်ပေးကြ၏၊ ထို အနက်မှာ အဓိပ္ပါယ် ထင်ရှားရုံသာ ပေးအပ်သော အနက် ဟု မှတ်၊ သဒ္ဒနီတိ၌လည်း အဓိပ္ပါယ်နက် ဖြစ်ကြောင်းကို "ကထိန စီဝရတ္ထာယ ပဋိယတ္တံ အာဘတံဝါ ဒုဿန္တိ အဓိပ္ပါယော " ဟု အဓိပ္ပါယ သဒ္ဒါဖြင့် ဖွင့်သည်၊ "စီဝရဿ+ဒုဿံ, စီဝရဿ+မူလံ"ဟု နောက်ပုဒ် ၂ ခုကို ဝိဂ္ဂဟပြု။

ယာဂုယာ အတ္ထာယ တဏ္ဍုလာ။ ။ဤ၌"ယာဂုယာ-ယာဂုအလို့ငှါ+တဏ္ဍုလာ-ဆန်တို့တည်း"ဟု ဝိဂြိုဟ် ပြုစေလိုရင်းတည်း၊ သို့သော်"ယာဂုယာ+တဏ္ဍုလာ"ဟု သာ ဝိဂြိုဟ်ပြုလျှင် တဒတ္ထအနက်မထင်ရှားမည်စိုး၍ တဒတ္ထအနက်ထင်ရှားအောင်"ယာဂုယာ အတ္ထာယ+တဏ္ဍုလာ " ဟု ဝိဂြိုဟ်ပြုသည်၊ ယာဂုယာ၌ ဆဋ္ဌီ, အတ္ထာယ၌ကား စတုတ္ထီ တည်း၊ "ယာဂုယာ-၏၊ အတ္ထာယ-အကျိုးငှါ" ဟူရာ၌ " ယာဂုအကျိုးငှါ"ဟု အနက် ထွက်၏၊ " အကျိုးငှါ " ဟူသော အနက်လည်း"ယာဂုယာ"၌ တဒတ္ထသမ္ပဒါန် အနက် ရှိသော စတုတ္ထီ သဝိဘတ်၏ အနက်ပင် ဖြစ်သည်၊ ထို့ကြောင့်"ယာဂုယာ အတ္ထာယ" သည် တဒတ္ထသမ္ပဒါန် အနက် ထင်ရှားရုံမျှ ပြသော စကားဖြစ်၏၊ ဝိဂြိုဟ်ရင်းမှာ"ယာဂု ယာ+တဏ္ဍုလာ"သာတည်းဟု မှတ်၊ ရုပ်တွက်သည့် အခါလည်း"ယာဂု+တဏ္ဍုလ" ဟူသာ တည်၊ "သ-ယော"ဝိဘတ်သက်၍ တွက်လေ။

[သဒ္ဒနီတိ] ယထာဟိ အာဂန္တုကာနံ + ဘတ္တံ , အာဂန္တုက ဘတ္တံ၊
ယာဂုယာ+တတ္တံ , ယာဂုဘတ္တန္တိ စတုတ္ထီဝသေနေဝ အတ္ထော၊
ဧဝံ အာဂန္တုကာနံ ( ဆဋ္ဌီ ) အတ္ထာယ ( စတုတ္ထီ ) ဘတ္တံ ,
အာဂန္တုက ဘတ္တံ , ယာဂုယာ အတ္ထာယ + တဏ္ဍုလာ, ယာဂု
တဏ္ဍုလာတိ ယထာက္ကမံ ဆဋ္ဌီ စတုတ္ထီဝသေနဝ ဧကေကဿ
သမာသပဒဿ အတ္ထော ဘဝတီတိ ဒဋ္ဌဗ္ဗော။

"ဘတ္တဿ+တဏ္ဍုလာ, ဘတ္တတဏ္ဍုလာ"ဟု ဝိဂြိုဟ် ပြုလိုရင်းတည်း၊ " ဘတ္တဿ အတ္ထာယ+တဏ္ဍုလာ,ဘတ္တတဏ္ဍုလာ"ဟု အနက်မှတ်၊ "ဘတ္တဿ-ထမင်းအလို့ငှါ"

www.dhammaransi.com



အတ္ထေ - အတ္ထ သဒ္ဒါနှင့် သမာသ်တွဲရာ၌၊ (ဥဒါဟရဏံ)၊ အယံ-ဤ နေရာသည်၊တိက္ခုသံဃာသ-ရဟန်းသံဃာ၏ဥစ္စာဖြစ်သော၊ဝိဟာရော- ကျောင်းတည်း၊တိက္ခုသံဃာတ္ထော-ရဟန်းသံဃာတို့ဖြစ်သော၊ဝိဟာရော- ကျောင်း၊ တိက္ခုသံဃတ္ထာ-ရဟန်း သံဃာတို့ဖြစ်သော၊ ယာဂု-ယာဂု၊ တိက္ခုသံဃတ္ထံ - ရဟန်း သံဃာတို့ ဖြစ်သော၊ စီဝရံ-သင်္ကန်း၊ အယံ- ဤဟာသည်၊ ယဿ - အကြောင်းအရာ၏ ဥစ္စာတည်း၊ ယဒတ္ထော - အကြောင်း အရာတို့ ဖြစ်သော ဝိဟာရစသည်၊ ယဒတ္ထာ- အကြောင်းအရာတို့ ဖြစ်သော ယာဂု စသည်၊ ယဒတ္ထံ-အကြောင်းအရာတို့ ဖြစ်သော သင်္ကန်း စသည်။

ဟု အနက်ပေး၊ " ဂမိကဿ+ဘတ္တံ" ဟု ဝိဂ္ဂဟ် ပြုလိုရင်း၊ " ဂမိကဿ အတ္ထာယ"ဟု အနက် မှတ်၊ "ဂမိကဿ- ခရီးသွားသည့်သူ အလို့ငှါ"ဟု အနက်ပေး၊ "ပါသာဒါယ+ ဒဗ္ဗံ"၌ကား စတုတ္ထီသကို အာယ ပြုထားသဖြင့် ( အကျိုးငှါ-ဟူသော ) တဒတ္ထ အနက် ထင်ရှားသောကြောင့် " ပါသာဒဿ အတ္ထာယ " ဟု အနက် မပြတော့ပြီ၊ ထိုသို့ " ပါသာဒါယ " ဟု တခါထည်း ဝိဂ္ဂဟ် ပြုခြင်းမှာလည်း သဒ္ဒတ ကျမ်းရင်းများ၌ပင် "ယူပါယ+ဒါရု ယူပဒါရု=ယဇ်တိုင်အလို့ငှါ+သစ်သား"ဟု တိုက်ရိုက် ဝိဂ္ဂဟ်ပြုထား သည်ကို နည်းမှီးခြင်းကြောင့်တည်း။

အတ္ထေ ၊ ပေ ၊ ဝိမုတ္တတ္ထာယ — အတ္ထသဒ္ဒါနှင့် တွဲစပ်ပုံကို သဒ္ဒနီတိ၌ မပြ၊ ထိုသို့ မပြခြင်းမှာ ပိဋကတော်၌ ထိုပြယုဂ်များသည် စတုတ္ထီသမာသ် မဟုတ်, ဆဋ္ဌီတပ္ပုရိသ်- ကမ္မဓာရဲ - ဗဟုဗ္ဗီဟိ သမာသ်များသာ ( ထိုက်သလို ) ဖြစ်ကြသောကြောင့် တည်း၊ သဒ္ဒတသဒ္ဒါ ကျမ်းတို့၌ကား အတ္ထသဒ္ဒါနှင့် စတုတ္ထီတပ္ပုရိသ်ကို ပြကြ၏၊ [ တဒတ္ထေ အတ္ထ ဗလိ ဟိတ သုခ ရက္ခိတ ရှေ့တော်ဟိ သဟ စတုတ္ထျန္တ သမဿတေ = တဒတ္ထ သမ္ပဒါန် အနက်နှင့်ရင်း, အတ္ထစသော သဒ္ဒါတို့နှင့် တကွရင်း စတုတ္ထီဝိဘတ် အဆုံးရှိသော ရှေ့ပုဒ်ကို သမာသ်စပ်အပ်၏—ကာသိကာ၊ ] ထိုတွင် တဒတ္ထ၌ သမာသ်ဖြစ်ပုံကို ပြခဲ့ပြီ၊ ဤ၌ အတ္ထသဒ္ဒါနှင့် သမာသ် ဖြစ်ပုံကို ပြလိုသောကြောင့် " အတ္ထေ " စသည်ကို မိန့်၊ ဤ အတ္ထသဒ္ဒါနှင့် သမာသ်ဖြစ်ရာ၌ နိစ္စသမာသ်ဖြစ်၍ မိမိ အတ္ထပုဒ်ရင်းဖြင့် ဝိဂ္ဂဟ်မပြုရ၊ အတ္ထ၏ အနက်ကို ဟောနိုင်သော အခြားပုဒ်နှင့်သာ ဝိဂ္ဂဟ် ပြုရမည်၊ အတ္ထသဒ္ဒါသည် နဝိုရိက ပုလ္လိင်ဖြစ်သော်လည်း "ငါစိတြဘိ သမာသဝုတ္တိ—သမာသ် ဖြစ်ပုံသည် ( ရှုံးရှိုး ဝါကျထက် ) ဆန်းကြယ်၏" ဟူသော ပရိဘာသာနှင့် အညီ အဘိဓေယျ (ဟောနက်)၏ လိင်သို့ လိုက်၍ ၃ လိင်ပင် ဖြစ်ထိုက်သည်-ဟု သဒ္ဒတဆရာတို့ ဆိုကြ၏၊ [ "အတ္ထေန နိစ္စသမာသော, ဝိသေသျလိင်္ဂတာစေတိ ဝတ္တဗ္ဗံ" .... (ဝါတ္တိကသုတ်)၊ " ဒွိဇဿ+အယံ ဒွိဇတ္ထော-သူပေါ၊ ဒွိဇတ္ထာ ယာဂု, ဒွိဇတ္ထံ ပယော".... ( သိဒ္ဓန္တကောမုဒီ )၊ အယံ- ဤဟာသည်၊ ဒွိဇဿ - ပုဏ္ဏား၏ ဥစ္စာတည်း, အတွက်တည်း၊၊ ဒွိဇတ္ထော - ပုဏ္ဏားတို့ သူပေါ-ဟင်းချို၊ ယာဂု-ယာဂု၊ ပယော ( နပုလ္လိင်, မနောဂိုဏ်း ) နို့ရည်၊ ] ဤ ရှုပသ်ဒွိ သိဟိုဠ်မှုလည်း " အတ္ထေ " ဟု မြန်မာမှုလို မရှိဘဲ"အတ္ထေန နိစ္စသမာသော သဗ္ဗလိင်္ဂ

www.dhammaransi.com



၉၆-တုံ၊ တဒဋ္ဌော-ထိုအရာဘို့ဖြစ်သော ကျောင်းစသည်၊ တဒဋ္ဌာ, တဒဋ္ဌံ (ယဒဋ္ဌာ ယဒဋ္ဌံ နည်းမှီး၍ ပေး)၊ ဘောဒဋ္ဌော - ဤ အရာဘို့ ဖြစ်သော၊ ဝါယာမော - အားထုတ်ခြင်း၊ တောဒဋ္ဌာ - သော၊ ကထာ- စကား၊ တေဒဋ္ဌံ-သော၊ သေးတာဝဓာနံ - နားထောင်ခြင်း၊ ကိမဋ္ဌံ-

တာဝ" ဟု ရှိ၏၊ ထို့ကြောင့် သက္ကတနှင့် သီဟိုဠ်မှု ကိုမှီး၍ အဋ္ဌသဒ္ဒါနှင့် သမာသ်တွဲ ပြယုဂ်များကို အမိပ္ပါယ် ရေးရလိမ့်မည်။

"ဘိက္ခုသံဃဿ+အယံ ဝိဟာရော ဘိက္ခုသံဃဋ္ဌော ဝိဟာရော"ဟု ပါဠိမှန်ရှိစေ၊ ဤပြယုဂ်သည် "ဒွိဇဿ + အယံ, ဒွိဇဋ္ဌော သူပေါ" ကို နည်းမှီး၍ ထုတ်အပ်သော ပြယုဂ်သည်း၊ အဋ္ဌနှင့်သမာသ်တွဲရာ၌ နိစ္စသမာသ်ဖြစ်သောကြောင့် အဋ္ဌ၏ပရိယာယ် "အယံ" ပုဒ်ဖြင့် ဝိဂြိုဟ်လုပ်သည်၊ အဘိဓာန်လာ အဋ္ဌသဒ္ဒါ၏ အနက်များစွာတွင် ဥစ္စာ ဟူသော အနက်ကိုယူ၍ ဒွိဇဿ၌ သ ဝိဘတ်သည် စတုတ္ထီ မဟုတ်, ဆဋ္ဌီ တည်း၊ ဘာ့ကြောင့်နည်း,....သက္ကတ၌ စတုတ္ထီမှန်လျှင် "အာယ" အမြဲပြုသောကြောင့်တည်း၊ ထို့ကြောင့် "ဒွိဇဿ+အယံ" ဝိဂြိုဟ်သည် "ဒွိဇဋ္ဌော" ဟူသော နိစ္စ သမာသ်ကို အနက်ထင်ရှားပြသော ဝိဂြိုဟ်တည်းဟု မှတ်၊ မှန်၏ — "ဒွိဇဿ+အယံ-ပုဏ္ဏား၏+ ဥစ္စာ"ဟု ဆိုလျှင် "ပုဏ္ဏားအကျိုးငှါ=ပုဏ္ဏားဘို့" ဟူသော အနက်သည် ထင်ရှား၏၊ "ဘိက္ခုသံဃဿ+အယံ" လည်း နည်းတူပင်။ [ရှစ်ဘွက်သည့်အခါ၌ကား ဥပနဂရံ တုန်းကကဲ့သို့ မူလ ပုဒ်ရင်းအတိုင်း "ဘိက္ခုသံဃ+အဋ္ဌ" တည်၊ ဘိက္ခုသံဃ နောင် စတုတ္ထီ သ သက်, အဋ္ဌနောင် သိသက်။] "ဘိက္ခုသံဃဋ္ဌာ-ဘိက္ခုသံဃဋ္ဌံ" တို့ကား "ယာဂု-ပနယာ" ဟူသော ဝိသေသျ (အဘိဓေယျ) လိန်လိုက်ကြောင်း ထင်ရှားအောင် ပြသော ဣတ္ထိလိန် နပုလ္လိန် ပြယုဂ်များတည်း။

ဆက်ဦးအံ့ — ဤပြခဲ့သော ဝိနိစ္ဆယကို သဘောဘူပါလျှင် "ဘိက္ခု သံဃဿ အဋ္ဌာယ" ဟူသော မြန်မာမူရှိ ပါဠိသည် "နိစ္စ သမာသ်ဖြစ်၍ အခြားပုဒ်နှင့် ဝိဂြိုဟ် ပြုရမည်" ဟူသော စကားကို ဆန့်ကျင်စေ၍ "အဋ္ဌ" ဟူသော မိမိ ပုဒ်ဖြင့်ပင် ဝိဂြိုဟ် လုပ်ထားသောကြောင့် ၎င်း, "နောက်ပုဒ်၌ ငှာ ကြေရမည်" ဟူသော တပ္ပုရိသ် ထုံးစံကို လွန်ဆန်လျက် ရှိသောကြောင့်၎င်း, ပါဠိပျက် ဟု မှတ်၊ "ယဿ+အဋ္ဌာယ" လည်း ပါဠိပျက်ပင်၊ "ယဿ + အယံ" ဟု ဝိဂြိုဟ် ရှိစေ၊ "ယဒဋ္ဌော, ယဒဋ္ဌာ, ယဒဋ္ဌံ"ကား ၃လိန် ရှိကြောင်း ပြယုဂ်များတည်း၊ တဒဋ္ဌာ စသည်လည်း နည်းတူ၊ "တဿ+အယံ"ဟု ဝိဂြိုဟ်ပြု၊ တေဒဋ္ဌော၌ ဝါယာမော (ပုလ္လိန်) ကထာ (ဣတ္ထိလိန်) သောတာဝဓာနံ (နပုံလိန်) တို့ကား အဘိဓေယျ (ဟောနက်) ပြတည်း၊ "ဧတဿ+ အယံ"ဟု ဝိဂြိုဟ်ပြု၊ နပုလ္လိန်အတွက်မူ "ယဿ+ဣဒံ" စသည်ဖြင့် ဝိဂြိုဟ်ပြု၊ ရုပ်တွက် ရာ၌ "ယ+အဋ္ဌ"ဟု ပကတိပြု ပြီးသည့်အခါ ယ ၀ မဒန သုတ်ဖြင့် (ဒ်)လာ။

မှတ်ချက်။ ။ဘိက္ခုသံဃဋ္ဌော စသော သမာသ်များသည် "ဒွိဇဋ္ဌော" ဟူသော သက္ကတ ပြယုဂ်အလိုအားဖြင့်သာ စတုတ္ထီ သမာသ် ဖြစ်ရသည်၊ ပဋ္ဌိအတိုင်းမူ "ဘိက္ခု

www.dhammaransi.com



အဘယ်ဘို့နည်း၊ အတ္တတ္ထံ - မိမိဘို့၊ ပရတ္ထံ - သူတပါးဘို့၊ သံဝရဿ- စောင့်ရှောက်ခြင်း၏ (ဥစ္စာဖြစ်သော၊) အယံ-ဤတရားသည်၊ ဝိနယော- ဝိနည်းတည်း၊ သံဝရတ္ထော-စောင့်ရှောက်ဘို့ဖြစ်သော၊ ဝိနယော-ဝိနည်း၊ သုခံ-သုခသည်၊ သမာဓတ္ထာယ-သမာဓိဘို့ အကျိုးငှါ၊ (ဟောတိ-၏) နိဗ္ဗိဒါ - ငြီးငွေ့ခြင်းသည်၊ ဝိရာဂတ္ထာယ - အရိယာမဂ်ဘို့ အကျိုးငှါ၊ (ဟောတိ-၏၊) ဝိရာဂေါ-အရိယာမဂ်သည်၊ ဝိမုတ္တတ္ထာယ-အရိယာဖိုလ် အကျိုးငှါ (ဟောတိ-၏)။

သံဃဿ-၏၊ အတ္ထော-ဥစ္စာဖြစ်သော ကျောင်းသည်၊ ဘိက္ခုသံဃတ္ထော-မည်၏”ဟု (နိစ္စသမာသ်သည်း မဟုတ်သော) ဆဋ္ဌီ တပ္ပုရိသ်သာ ဖြစ်၏၊ ၃လိန်လည်း မရှိ အတ္ထ သဒ္ဒါ၏ မူလ ပုလ္လိန် အတိုင်းသာ ရှိရမည်၊ အကယ်၍ ၃ လိန် ရှိစေလိုလျှင် “ ဘိက္ခုသံဃဿ အတ္ထော ယဿာတိ ဘိက္ခုသံဃတ္ထော, တ္ထာ, တ္ထံ - ရဟန်းသံဃာ၏ အကျိုး ရှိသော ကျောင်း, ယာဂု, သင်္ကန်း ” ဟု ဗဟုဗ္ဗိဟိ သမာသ် ဖြစ်ရမည်၊ ယဒတ္ထော, တဒတ္ထော, ဧတဒတ္ထော စသည်၌လည်း ၃ လိန် အလိုရှိမှ “ယံ အတ္ထော(ပယောဇနံ), ယဿာတိ”ဟု ဗဟုဗ္ဗိဟိ၂င် ပြုရမည်၊ ထို့ကြောင့်ပင် မောဂ္ဂလ္လာန်၌ ‘ကထံ-ဧတဒတ္ထော, ဧတဒတ္ထာ, ဧတဒတ္ထံတိ၊ အညပဒတ္ထေ ဘဝိဿတိ – အညပုဒ်အနက်ရှိသော ဗဟုဗ္ဗိဟိ သမာသ်၌ ဖြစ်လတ့်”ဟုရင်း, ပါရာဇိကကဏ် ယောဇနာ (ဗာဟိရ နိဒါန်း အဆုံးနား)၌ “ဧတံ အနုပါဒါပရိနိဗ္ဗာနံ+အတ္ထော=ပယောဇနံ ဧတိဿာတိ ဧတဒတ္ထာ (ကထာ)” ဟုရင်း မိန့်ကြသည်၊ ပါစိတျာဒိ (ပရိဝါ) ယောဇနာ၌လည်း ဤအတိုင်းပင်၊ “ဧတိဿာ-ဤဝိနည်းစကားကို ပြောဆိုခြင်း၏၊ ဧတံ -ဤ အနုပါဒါပရိနိဗ္ဗာန် ဟူသော၊ အတ္ထော-အကျိုးသည်၊ အတ္ထိ-ရှိ၏” ဟု ဆိုလိုသည်။

ကိမတ္ထံ အတ္တတ္ထံ ပရတ္ထံ — ကိဿ+ဣဒံ ကိမတ္ထံ=အဘယ်ဘို့နည်း၊ အတ္တနော+ဣဒံ အတ္တတ္ထံ=မိမိဘို့၊ ပရတ္ထံ=သူတပါးဘို့၊ “ကိံ+အတ္ထ” ဟု ဖြစ်သည့်အခါ သိ ကို အံပြုလေ၊ “ အာလပနေတိ ကိမတ္ထံ ” စသည်၌ “ အာလပနေတိ – အာလပနေပုဒ်ကို ကိမတ္ထံ-အဘယ်အကျိုးငှါ၊ ဝုတ္တံ-ဆိုအပ်သနည်း ” ဟု ပေးလျှင် “ကိဿ+အတ္ထော, ကိမတ္ထော”ဟု ဆဋ္ဌီတပ္ပုရိသ်ဖြစ်စေ “ကော-အဘယ်သို့သော၊ အတ္ထော-အကျိုးနည်း၊ ကိမတ္ထော-အဘယ်သို့သော အကျိုးနည်း”ဟု ကမ္မဓာရဲဖြစ်စေ တွဲပြီးနောက် သိဝိဘတ် နေရာဝယ် စတုတ္ထီသဝိဘတ်သက်၍ အာယစတုတ္ထေကဝစနဿတု၌ တုသဒ္ဒါဖြင့် သ ကို အံပြုလျှင် “ကိမတ္ထံ-အဘယ်အကျိုးငှါ”ဟု ဖြစ်၏၊ သမာသ်မတွဲဘဲ ကိံနောင် စတုတ္ထီ သ ကို ထုံပြုလျှင်လည်း ဤအနက်ဖြစ်၏၊ “အာလပနေတိ-ပုဒ်သည်၊ ကိမတ္ထံ-အဘယ် အကျိုးရှိသနည်း”ဟု ပေးမူကား “ ကော အတ္ထော (ပယောဇနံ) ယဿ ” ဟု ဗဟုဗ္ဗိဟိ ဝိဂြိုဟ်ပြု၍ သိကို အံပြုရသည်၊ “အတ္တတ္ထံ-မိမိအကျိုးငှါ, မိမိအကျိုးရှိ၏၊ ပရတ္ထံ-ငှါ, ရှိ၏” ဟူရာ၌လည်း တပ္ပုရိသ် ဗဟုဗ္ဗိဟိ သမာသ် ၂ မျိုး ဟု မှတ်။

www.dhammaransi.com



တထာ - ထိုမှာအပါး၊ လောကဿ - လောက အလို့ငှါ၊ ဟိတော- စီးပွားတည်း၊ လောကဟိတော- လောကဘို့စီးပွား၊ ဗုဒ္ဓဿ-ဘုရားအား၊ ဒေယျံ-လှူထိုက်သောပန်းတည်း၊ ဗုဒ္ဓဒေယျံ-ဘုရားအား လှူထိုက်သော၊ ပုပ္ဖံ-ပန်း၊ သံဃဒေယျံ-သံဃာအားလှူထိုက်သော၊ စီဝရံ-သင်္ကန်း၊ ဣဓ-

"သံဝရဿ+အယံ ဝိနယော, သံဝရတ္ထော ဝိနယော" ဟု ပါဠိမှန်ရှိစေ၊ "ဘိက္ခုသံဃဿ+အယံ" ကဲ့သို့မှတ်၊ "သုခံ သမာဓတ္ထာယ၊ ပေ၊ ဝိမုတ္တတ္ထာယ" တို့၌ "သမာဓတ္ထ- ဝိရာဂတ္ထ – ဝိမုတ္တတ္ထ" တို့သာ လိုရင်းဘည်း၊ "သမာဓိဿ+ဣဒံ သမာဓတ္ထံ – သုခံ, ဝိရာဂဿ+အယံ ဝိရာဂတ္ထော – နိဗ္ဗိဒါ, ဝိမုတ္တိယာ+အယံ ဝိမုတ္တတ္ထော – ဝိရာဂေါ" ဟု လိုန်အားလျော်စွာပြု၊ ဣဒံ-ဤဟာသည်၊ သမာဓိဿ – သမာဓိ၏ဥစ္စာတည်း၊ သမာဓတ္ထံ- သမာဓိဘို့ ဖြစ်သော၊ သုခံ–သုခ၊ ဤသို့စသည်ဖြင့် အနက်ပေး၊ "သမာဓိ+အတ္ထ" တည်း, ဆိုင်ရာစီရင်၍ "သမာဓိအတ္ထ" ဟု ပကတိဖြစ်သောအခါ မိ ၌ ဣ ချေ, ကိုအ သို့ကပ်၍ နာမ်ငဲ့, စတုတ္ထီ သ သက်၍ အာယပြုလျှင် "သမာဓတ္ထာယ" ဟု ပြီး၏၊ ဤသို့လျှင် "သမာ ဓတ္ထံ" စသည်သာ လိုရင်းဖြစ်သော်လည်း "ဝိနယော သံဝရတ္ထာယ ၊ ပေ ၊ သုခံ သမာ ဓတ္ထာယ ၊ ပေ ၊ နိဗ္ဗိဒါ ဝိရာဂတ္ထာယ , ဝိရာဂေါ ဝိမုတ္တတ္ထာယ, ဝိမုတ္တိ ဝိမုတ္တိဉာဏဒဿ နတ္ထာယ , ဝိမုတ္တိဉာဏဒဿနံ အနုပါဒါပရိနိဗ္ဗာနတ္ထာယ , ဧတဒတ္ထာ ကထာ ၊ ပေ ၊ ဧတဒတ္ထံ သောတာဝဓာနံ၊ ယဒိဒံ အနုပါဒါ စိတ္တဿ ဝိမောက္ခောတိ" ဟူသော ပရိဝါ ပါဠိတော်( စူဠသင်္ဂါမ ) အတိုင်း "သမာဓတ္ထာယ" စသည်ဖြင့် ပုံစံထုတ်ထားသည်၊ ထိုပါဠိတွင်လည်း နပုလ္လိန် ( သုခံ ) ဣတ္ထိလိင် ( နိဗ္ဗိဒါ ) ပုလ္လိန် ( ဝိရာဂေါ ) စုံရှိမှုကိုသာ ထုတ်ပြထားသည်။

မှတ်ချက်။ ။သံဝရတ္ထာယ စသည်၌ "သံဝရဿ+အယံ" စသည်ဖြင့် ဝိဂြိုဟ်ပြု ခြင်းမှာ သဏ္ဌာနနည်းကို မှီးသော ရူပသိဒ္ဓိ အလိုသာ၊ တခြား နေရာ၌ ဝိဂြိုဟ် ပြုနိုးမှာ "သံဝရဿ+အတ္ထော=စောင့်ရှောက်ခြင်း၏ အကျိုး" ဟု ဆဋ္ဌီတပ္ပုရိသ်ဖြစ်စေ "သံဝ ရောစ+သော+အတ္ထောစ=စောင့်ရှောက်ခြင်းဟူသော အကျိုး" ဟု ကမ္မဓာရဲ ဖြစ်စေ ပြုရိုးတည်း၊ ထိုတွင် တပ္ပုရိသ် ပြုရာ၌ သံဝရနှင့် အတ္ထသည် မကွဲပြားဘဲလျက် ကွဲပြား သကဲ့သို့ ဆိုသောကြောင့် အဘေဒ ဘေဒူပစာရ ဟု ကြံ၊ ဝိရာဂတ္ထ-ဝိမုတ္တတ္ထ တို့၌လည်း နည်းတူ၊ ဤမျှလောက်သော စကားစဉ်ဖြင့် အတ္ထသဒ္ဒါနှင့် သမာသ်ဘွဲ့ရာ၌ ဖြစ်သင့်သော အဓိပ္ပါယ်များ ပြီးပြီ၊ ရူပသိဒ္ဓိ နိဿယဟောင်း၌ကား "ဘိက္ခုသံဃဿ-အား၊ အတ္ထာယ (အတ္ထံကာတုံ) - ငှါ၊ ဝိဟာရော - ကျောင်းတည်း" စသည်ဖြင့် အနက်ဆို၏, စဉ်းစား ကြပါလေ။

တထာ လောကဿ ၊ ပေ ၊ ဣစ္စာဒိ — "တဒတ္ထ အတ္ထ ဟိတ ဒေယျာဒိဟိ" ဟု ပြခဲ့သည်အားလျော်စွာ အတ္ထနှင့် တွဲပုံကို ပြပြီး၍ ဟိတနှင့် တွဲပုံကို ပြလိုသောကြောင့် "တထာ လောကဿ ဟိတော လောကဟိတော" ဟု မိန့်သည်၊ ဤ ဟိတ သဒ္ဒါနှင့် စတုတ္ထီ တပ္ပုရိသ် တွဲခြင်းသည်း "ဂေါဟိတံ–နွားဘို့ စီးပွား" ဟူသော သဏ္ဌာ ပြယုဂ်ကို မှီးခြင်းသာတည်း၊ ပါဠိဝယ် ဟိတနှင့် တွဲရာ၌ ဆဋ္ဌီသာ အသုံးတွေ့ရသည်၊ ပုံစံကား-

www.dhammaransi.com



၍ ဆိုအပ်လတ္တံ့သောပြယုဂ်ဘို့၌၊ နဘာဘိ - သမာသ်မဖြစ်၊ သံဃသ- အား၊ ဒါတဗ္ဗံ-လှူထိုက်သော ဝတ္ထု၊ သံဃသ-အား၊ ဒါတုံ-လှူခြင်းငှါ၊ ရုက္ခာဒိ။.... စတုတ္ထီဘပ္ပုရိသော-သည်၊ (နိဋ္ဌိတော)။

## ပဉ္စမီတပ္ပုရိသ်

ပဉ္စမီ-ပဉ္စမီဝိဘတ်ကျသော်ပုဒ်ကို၊ အပဂမန ဘယ ဝိရတိ မောစနတ္ထာဒီဟိ-ခွဲခွါခြင်း အနက် ရှိသော ပုဒ်, ကြောက်ခြင်း အနက် ရှိသော ပုဒ်, ရှောင်ကြဉ်ခြင်း အနက်ရှိသော ပုဒ်, လွတ်ခြင်း အနက်ရှိသော ပုဒ် အစရှိသည်တို့နှင့်၊ (သမသတေ-စပ်အပ်၏၊) မေထုနသ္မာ-မေထုန်မှ၊ အပေတော-ကင်းသူတည်း၊ မေထုနာပေတော-သူ၊ ဇိ၀ံ, ပလာပါပဂတော- ဖွဲ့အဖျင်းတို့မှ ကင်းသော စပါး၊ နဂရနိဂ္ဂတော-မြို့မှ ထွက်သော မင်း၊ ပိဏ္ဍပါတပဋိက္ကန္တော-ဆွမ်းခံရာ အရပ်မှ ဖဲခဲ့သော ရဟန်း၊ ဝါ-ဆွမ်းစားရာ အရပ်မှ ဖဲခဲ့သော ရဟန်း၊ ဂါမတော-ရွာမှ၊ နိက္ခန္တံ-ထွက်သော တောတည်း၊ ဂါမနိက္ခန္တံ-တော၊ ရုက္ခဂ္ဂါ-သစ်ပင်ဖျားမှ၊ ပတိတော-ကျသူတည်း၊ ရုက္ခဂ္ဂပတိတော-သူ၊ သာသနစုတော-သာသနာမှ ရွေ့လျောသူ၊ အာပတ္တိဝုဋ္ဌာနံ-အာပတ်မှ ထခြင်း၊ ဓရဏိတလုဂ္ဂတော-မြေအပြင်မှ ခက်သူ၊ [ဓရဏိတလတော-မြေအပြင်မှ+ဥဂ္ဂတော-တက်သူ၊] သဗ္ဗဘဝေဟိ-အလုံးစုံသော ဘဝတို့မှ၊ နိဿဋော-ထွက်မြောက်သော ရဟန္တာ တည်း၊ သဗ္ဗဘဝနိဿဋော-န္တာ။

"ဓော၀မနုဿာနံ-(တို့၏)အတ္ထာယ ဟိဘာယ သုခါယ ဗုဒ္ဓေါလောကေ ဥပ္ပဇ္ဇတိ"တည်း၊ ၍သို့ စုဏ္ဏိယ၌ ဆဋ္ဌီရှိလျှင်သမာသ်ဘွဲ့ရာ၌လည်း"လောကဟိတော-လောက၏စီးပွား" ဟု ဆဋ္ဌီ သမာသ်ပင် ဖြစ်သင့်သည်၊ ဟိတနှင့် တွဲပုံကို ပြပြီး၍ ဒေယျနှင့် တွဲပုံကို ပြလိုသောကြောင့် " ဗုဒ္ဓဿ ၊ ပေ ၊ သံဃဒေယျံ စီဝရံ " ဟု မိန့်၊ ဒေယျာဒိဟိ၌ အာဒိဖြင့် သင်္ကေတ၌ လာသော သုခ, ဗလိ, ရက္ခိတပုဒ်တို့နှင့် တွဲရသော " ဂေါသုခံ - နွားတို့ သုခ, ကုဝေရဗလိ-ကုဝေရ နတ်ဘို့ ပူဇော်ဘွယ်၊ ဂေါရက္ခိတံ - နွားတို့စောင့်ရှောက်အပ်၏" ဟူသော ပုံစံများကို ယူစေလိုဟန် တူသည်၊ သို့သော် ပါဠိ၌ ထိုပုံစံများလည်း စတုတ္ထီ သမာသ် မဟုတ်ကြ၊ ဆဋ္ဌီသမာသ်နှင့် (ဂေါရက္ခိတံဝယ်) တတိယာ သမာသ်များသာ ဖြစ်ထိုက်သည်၊ တဗ္ဗ ပစ္စည်း တုံ ပစ္စည်း ဆုံ သော ပုဒ်များနှင့်ကား သမာသ် မဖြစ်၊ " သံဃဿ ဒါတဗ္ဗံ, သံဃဿ ဒါတုံ " ဟု ဝါကျသာ ရှိသည်၊ ဘာ့ကြောင့်နည်း..., " အနုဘိဓာနတော-သံဃဒါတဗ္ဗံ ဟု သမာသ်ဖြစ်လျှင် ထို သမာသ်က "သံဃာအား+ပေးအပ်"ဟူသော အနက်ကို မဟောနိုင်သောကြောင့်တည်း။

www.dhammaransi.com



ဘယဋ္ဌ ယောဂါဒိ - ဘယ အနက် ရှိသော ပုဒ်တို့နှင့် ယှဉ်သော သမာသ်စသည်ကား၊ [သိဒ္ဓိ "ဘယဋ္ဌာဒိ ယောဂေ-ဘယဋ္ဌ အစရှိသော ပုဒ်တို့နှင့် ယှဉ်ရာ၌" ဟု ရှိ၏၊] ရာဇတော-မင်းမှ၊ ဘယံ - ဘေးတည်း၊ ရာဇဘယံ-မင်းဘေး၊ [သဒ္ဒနီတိ၌ "ရာဇတော-မင်းကြောင့်" ဟု ဟိတ်အနက်ပေး၍ "ဥပ္ပန္နံ-ဖြစ်သော" ဟုသည်း ထည့်သည်၊] စောရေဟိ-ခိုးသူတို့မှ၊ ဘယံ-တည်း၊ စောရဘယံ-ခိုးသူဘေး၊ အမနုဿေဟိ-ဘီလူးတို့မှ၊ ဘယံ - တည်း၊ အမနုဿဘယံ - ဘီလူးဘေး အဂ္ဂိတော ဘယံ, အဂ္ဂိဘယံ-မီးဘေး၊ ပါပတော-မကောင်းမှုမှ၊ ဘီတော-ကြောက်သူတည်း၊ ပါပဘီတော-သူ၊ ပါပဘီရုကော - မကောင်းမှုမှ ကြောက်သည်။

[ဒုင်းနောက်၌ ဝိရမဏဋ္ဌ ပုဒ်နှင့်တွဲပုံကိုပြသည်၊] အကတ္တဗ္ဗတော-မပြုသင့်သော အမှုမှ၊ ဝိရတိ- ရှောင်ခြင်းတည်း၊ အကတ္တဗ္ဗဝိရတိ-ခြင်း၊ ဧဝံ,ကာယဒုစ္စရိတဝိရတိ-ကာယဒုစရိတ်မှရှောင်ခြင်း၊ ဝစီဒုစ္စရိတဝိရတိ-ခြင်း [ဒုင်းနောင်၌ မောစနဋ္ဌ ပုဒ်တို့နှင့် တွဲပုံကိုပြသည်၊] ဗန္ဓနာ-အညှာမှ၊ မုတ္တော - လွတ်သော ထန်းသီး တည်း၊ ဗန္ဓနမုတ္တော - သီး၊ ဝနမုတ္တော-တောမှလွတ်သူ၊ ဗန္ဓနမောက္ခော- အနှောင်အဖွဲ့မှ လွတ်ခြင်း၊

[ဒုင်းနောက်၌ "အာဒိ" အရ ပြပြန်သည်] ကမ္မတော- ကံကြောင့်၊ သမုဋ္ဌိတံ-ဖြစ်သောရုပ်တည်း၊ ကမ္မသမုဋ္ဌိတံ-ရုပ်၊ ဥက္ကဋ္ဌတော - ဥက္ကဋ္ဌထက်၊ ဥက္ကဋ္ဌ-လွန်သေးစိတ်တည်း၊ ဥက္ကဋ္ဌုက္ကဋ္ဌံ-စိတ်၊ ဩမကတော မကံ-ဩမကစိတ်အောက် ယုတ်လျော့သော စိတ် ကွစိ-အချို့အရာ၌ ဝုတ္တိ ... သော-အမြဲ သမာသ်သတည်း၊ ကမ္မတော-ကံကြောင့်၊ ဇာတံ - ဖြစ် ...ရုပ်တည်း၊ ကမ္မဇံ - ရုပ်၊ ဧဝံ, စိတ္တဇံ - စိတ်ကြောင့်ဖြစ်သော ရုပ်၊ ဥတုဇံ-ဥတုကြောင့်ဖြစ်သော ရုပ်၊ အာဟာရဇံ-အာဟာရကြောင့်ဖြစ်သော ရုပ်၊ ဣခ-ဤသို့ အပ်လတ်သော ပြယုဂ်၌၊ နဘဝတိ-သမာသ်မဖြစ်၊ ဟီသ ဒါ-ပြာသဒ်မှ၊ ပတိတော-ကျသူ ပဉ္စမီ တပ္ပုရိသော နိဋ္ဌိတော။

ပဉ္စမီ ။ ။ ဤပဉ္စမီ တပ္ပုရိသ်၌ အခက်အခဲ မရှိ၊ တိုက်ရိုက် မပါသော ဝိဂြိုဟ်များကိုလည်း နောင်ခါ သိပါလိမ့်မည်၊ ကမ္မဇံ စသော နိစ္စသမာသ်၌ "ကမ္မ+ဇန" တည်၍ ရုပ်တွက်ရပုံကို ကိတ်(ခဘ္ဘဋ္ဌသ မလ. ၁၁ ကွိ၃) သုတ်၌ သိရလတ့်။

[စာအုပ်ကိုင် လွယ်ဘို့ရာ
ဤနေရာမှာ ပဉ္စာအုပ် ရပ်လိုက်ပါသည်။]

www.dhammaransi.com